www.burmeseclassic.com


လာဘ်မိုးစွေ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

(၆၁)ကြိမ်မြောက်
ဝိဇ္ဇာမိုရ် ဘိုးတော်အောင်မင်းခေါင်
ထွက်ပွဲ အထိမ်းအမှတ်



Graphic:
Soe Win Htun

- ရွှေတိဂုံစေတီတော်နှင့် ဝိဇ္ဇာမိုရ်များ
- ဝိဇ္ဇာလောက
- ဝိဇ္ဇာအဖြစ် ဖိုလ်ဝင်နည်း
- ဝိဇ္ဇာမ,ပါလိမ့်မည်
- ဝိဇ္ဇာမိုရ်နှင့် လောကီပညာ
- မြေလျှိုးမိုးပျံ လောကီစျာန်
- သူယောင်ပျိုနှင့် ဝိဇ္ဇာမိုရ်
- ပုဂ္ဂိုလ်ထူးဆရာတော်
- ကိုယ်တွေ့ ပုဂ္ဂိုလ်ထူး
- အနာဂါမ်ဆရာသက်ကြီးနှင့် သူ၏ဓမ္မများ
- ဝိဇ္ဇာမိုရ်အောင်မင်းခေါင်၏ ဖြစ်စဉ်ထူးနှင့် ကျင့်စဉ်ထူး
- ဆိုင်းဘာဘာ အတ္တုပ္ပတ္တိနှင့် ဘဝတစ်ကွေ့

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

26 AUG 2013

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္တလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်(၂၃၇)

BURMESE CLASSIC

(❀) မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။ (❀)

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင် အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - ကျော်ဦး၊ ကျော်ဝင်းမောင်၊ စကြူ၊ နေခြည်၊ ဖိုးအောင်၊ ပညတ်၊ ငှက်ပျောသီးဇော်ဝင်း တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ် (၂၃၇)

## မာတိကာ

### ရောင်ပြန် ကဗျာ

မှူးအိမ်စိုး၊ ကျော်ဆွေဝင်း(ရွှေအင်း)၊ ရဲမြင့်နောင်၊
ဟန်သာသူ(မင်္ဂလာဒုံ)၊ ရွှေညာခိုင်စိုး၊
ကိုကိုလှ(ကမာမြေ)၊ မောင်နီချို၊ ဖြိုးထိန်။

BURMESE CLASSIC .com

### ရောင်ပြန် အခန်းဆက်ရသ

လူထဲကဘဝ ဘဝထဲကလူ(၆၂)
လင်းရောင်တင် ---------- ၂၀၂
ဘိုးတော်ကင်း(ဂ)
ကျော်မြသန်း ---------- ၂၆၀
ဝင့်ကြွေး(ဂ)
ယိုး ---------- ၂၈၂

## ရွှေတိဂုံစေတီတော်ကြီးအား စောင့်ရှောက်နေကြသော သူတော်စင်များ

ညွှန့်မောင်ဦး



ရှင်အရဟံတန်ဆောင်း အတွင်းရှိ ဆုတောင်းပြည့် မျက်ရှင်တော်ဘုရား

စာ-၅၀

## ရွှေတိဂုံစေတီတော်ကြီးအားစောင့်ရှောက်နေသော ဝိဇ္ဇာဓိုရ်များ

■ ညွှန့်မောင်ဦး

စာ-၆၂



ဝိဇ္ဇာတန်ဆောင်းအတွင်းရှိ ဆရာတော်ဦးဝရမ္မာဘာသရုပ်တုတော်

## ဆိုင်းဗာဗာ

အောင်သန်းချစ်

စာ-၉၈



www.burmeseclassic.com

www.burmeseclassic.com


## ရောင်ပြန် ရသ

နေ့စံ၏ ညခံရသူများ
ကျော်မင်းနိုင် ---- ၂၁၀

ပြတိုက်ထဲမှာ
မနုဿကျော်ဝင်း ---- ၂၅၀


ဂန္ဓီရနလုံးသားများနှင့် ချစ်ခြင်းဖွဲ့သီ
လေးသူစံ ---- ၂၇၆



မေတ္တာမြဟွာစိုရဲ သာသနာ့ဦးသျှောင်

# ဘိုးပိုက်ဆံ

ဂ - ၃၀၃ ● လေးသူစံ



[illegible] 'ဘိုးပိုက်ဆံ (၁)' [illegible]



## ရောင်ပြန် လှိုင်ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---- ၁၀၄

ပူနာကူရတနာအရှုပ်တော်ပုံ(၆)
အောင်သန်းချစ် ---- ၁၉၃

စတုတ္ထဂျာမဏီနိုင်ငံနှင့် နာဇီမျိုးဆက်သစ်များ
လှမိုး(ပညာရေး) ---- ၂၉၅



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွှေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅



အနာဂါမ်ဆရာသက်ကြီး
နှင့်
ဘူး၏ ဓမ္မတာရား

ကိုဟောင်းသန့်ဝင်း



ဂ - ၁၃၈



## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ---- ၃၄၀

## ရောင်ပြန်ဗေဒင်

သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---- ၃၂၉

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---- ၃၃၀



ကိုးတော်ကန်း
ကျော်မြသန်း

ဂ - ၂၆၀



www.burmeseclassic.com

## ထိုင်းလ်ထူးဆရာတော်

မောင်ဘတင့်(ကသာ)



## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------------------------- ၄၂
ဆိုင်းဘာဘာ
အောင်သန်းချစ် ---------------------------- ၉၈
ဆိုင်းဘာဘာ(သို့)ဆွာမိ
နီနီအုန်းခင် ---------------------------- ၁၁၁
တရုတ်နက္ခတ္တဗေဒင်ပညာ
ကေတီ-အောင်သိန်း ---------------------------- ၁၄၃
ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---------------------------- ၁၄၆
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------------------------- ၁၄၃
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------------------------- ၁၅၀
သည်လဖွားအတွက် ကံကြမ္မာ
ဆရာမိုးဟန်ကြွယ် ---------------------------- ၁၅၁
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------------------------- ၁၅၂
သည်တ လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------------------------- ၁၅၄
ကျွန်ုပ်နှင့် ကုလားသုံးယောက် မျက်စိခြောက်လုံး
ဆံမြိတ်နွယ်-နတ်မှူးစံ ---------------------------- ၁၅၅
ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ၏
၂၀၁၃-ခု၊ မြွေနှစ်အဟော(စက်တင်ဘာလ)
ဦးတိုး(တက္ကသိုလ်) ---------------------------- ၁၆၁
ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာ
နျူမာန်(မိုးတား) ---------------------------- ၁၆၃
ရုပ်ခန္ဓာကို ပရမတ်ဖြင့် ရှုမှတ်ခြင်း
မဟာထွန်း ---------------------------- ၁၇၀
ငါးပါးသီလနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး
မာမကာ ---------------------------- ၁၇၄
ကပိလဝတ်ပြည်
ဆင်ဖြူကျွန်းအောင်သိန်း ---------------------------- ၁၈၈
မြတ်ဆရာကို ပူဇော်ကြပါစို့
ရှယ်လီသိန်းမောင် ---------------------------- ၁၉၁
ရေစက်ချ၍ အမျှဝေပါသည်
သမီးဇဂျီအောင်စိုး ---------------------------- ၁၉၈
ဘဝအမောလွှာနွှာချမလား လှတောရွာဟာသများ
ဦးကောင်းထူး ---------------------------- ၂၁၇
အလှူပန်းများ အံ့မခန်းဝေဖြာသောနေ့
တက္ကသိုလ်သခ် ---------------------------- ၂၂၀
ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ကျ[illegible]တြာများ(၂၉)
ဘုန်းပြည့်တေဇာဟိန်း ---------------------------- ၂၂၃
ရှင်ပြု နားသမင်္ဂလာပွဲ
အောင်ချိန်ဘွား ---------------------------- ၂၄၀
ခုလမတဲလ ဗုဒ္ဓဘုရားကျောင်းတော်
ခိုင်ခင်အင်ကြင်း ---------------------------- ၂၄၄
စန္ဒီနှင့် မီဒီယာ
မောင်ကောင်းမြင့် ---------------------------- ၂၅၆
တစ်လအတွင်းကောင်းခြင်းမင်္ဂလာဒိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---------------------------- ၂၆၈
ဒီးဒုတ်ဂျာနယ်မှ သည်းထိတ်ရင်ဖိုဝတ္ထုဆောင်းပါးအချို့
တင်နိုင်တိုး ---------------------------- ၂၉၁
သတဘိသျှနက္ခတ်ဖွားများအတွက်ဟောကိန်း
ကာလီဒါ့ခ်ျ(မြန်မာပြည်) ---------------------------- ၂၉၃
ယောမြို့က ပြန်ခဲ့တယ်
မြမျက်ရှင် ---------------------------- ၂၈၈
ပဋ္ဌာန်းတန်ခိုး အကျိုးအနန္တ(၁၀)
သူတော်စင်မင်းအောင် ---------------------------- ၃၀၀
မဟာစံနှင့်အတူ
အဂ္ဂမျိုး ---------------------------- ၃၁၄
ထူးထူးခြားခြားပုံပြင်များ(လူ့နှတစ်ယောက်)
စိုးဝင်းထွဏ်း(တာမွေ) ---------------------------- ၃၁[illegible]
မွေးနေ့ သောကြာ၊ တနင်္လာ ကေသာဆံမြိတ် ရောင်ကြည်အပ်
သင်းသန္တာဆွေ(တပ်ကုန်း) ---------------------------- ၃၁၈
ဘာမထိ ဂမ္ဘီရအဆောင်အစီအမံများ
မော်တင်သိန်းဇော်ဇ ---------------------------- ၃၁၉

www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးမင်းခေါင်အတ္ထုပ္ပတ္တိ နှင့် ဖြစ်စဉ်ထူး၊ ကျင့်စဉ်ထူး

စာ - ၁၁၃

ကိုမောင်သန်းဝင်း



## မြန်မာ့ရေးရာ


ဗုဒ္ဓသာသနာပြု အရှင်အာစိဏ္ဏ(စမဘုန်းဘုန်း) ---------- ၇
ကညင်ငူရွာမှာ သီတင်းသုံးတော်မူသည့် အဂ္ဂသီရိမြတ်မုနိ
ဇေယျာထက် ---------- ၁၇
ယောနယ် ရွှေကျင်သာသနာအစ အင်းတင်တ
အရှင်တိက္ခာနန္ဒ(ကန်တောရ) ---------- ၂၁
သာသနာရောင်ထွန်းပြောင်ဝင့်ထည် မြို့ပျော်ဘွယ်မှ
အံ့ဖွယ်ထူးစွမ်းရာပ မဟာစေတီတော်
မင်းသုခ ---------- ၂၅
ပန်းတနော်မြို့ သာသနာ့ဟိတာရာမ ပုခန်းကျောင်းတိုက်
ပဓာန နာယက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်
မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိမဟာထေရ်
ထူးအောင်(ပန်းတနော်) ---------- ၃၁
ဗုဒ္ဓသာသနာတော်ကြီး နှစ်ပေါင်းကုဋေကုဋာ
ကမ္ဘာအဆက်ဆက်တည်စေသော် ---------- ၃၆
ပထမံဆရာလှိုင်
ဖိုးခေါင်သား ---------- ၄၃
မနောမဟိဒ္ဓိ ဝိဇ္ဇာမိုရ်ရိုဂိုဏ်း
ကျော်သန်း(တိုင်းရင်းဆေး) ---------- ၄၆
ရွှေတိဂုံစေတီတော်ကြီးအား စောင့်ရှောက်နေကြသော
သူတော်စင်များ
ညွှန့်မောင်ဦး ---------- ၅၀
ဗန်းမော်ဆရာတော် "ဒေါက်တာအရှင်ကုမာရာဘိဝံသ"
ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော် ---------- ၅၆
ပထမထွင့်ခေါင်ဆရာတော်ကြီး၏
ကမ္မဋ္ဌာန်းသံပေါက်လင်္ကာများနှင့် ထေရုပ္ပတ္တိ
ကျော်ဇောဟိန်း(နံ့သာ) ---------- ၅၉
ရွှေတိဂုံစေတီတော်ကြီးအား စောင့်ရှောက်နေသောဝိဇ္ဇာမိုရ်များ
ညွှန့်မောင်ဦး ---------- ၆၂
ဝိဇ္ဇာလောက တစ်စွန်းတစ်စ
မဗေဒါ(ရောဝတီ) ---------- ၆၇
ဝိဇ္ဇာမှတ်တမ်း
လင်းရောင်တင် ---------- ၇၁
ဝိဇ္ဇာမိုရ်များ၏ လျှို့ဝှက်ပညာအဖြာဖြာနှင့်
သူ့ဌေးဆရာတော်ဘုရားကြီး
အမိန့်ရှိတော်မူသော ဝိဇ္ဇာအဖြစ် ဖိုလ်ဝင်နည်း
ပထမံဆရာကြီး ဦးအောင်သူ ---------- ၇၄
ရှစ်သောင်းကျော် ဝိဇ္ဇာမ,ပါလိမ့်
မောင်နီချို ---------- ၈၀
ဝိဇ္ဇာမိုရ်ရှိသလား၊ လောကီပညာစွမ်းသလား
ကျော်မင်းစျာန်(ပုသိမ်) ---------- ၈၃
ဆံတော်ရှင်၊ ဓာတ်တော်ရှင်၊ ပြဒါးရှင် ရုပ်ပွားတော်များနှင့်
ထူးခြားပုဂ္ဂိုလ်များ၏ ကောင်းမှုတော်များ
သုတေသီသဏ်းဝင်း ---------- ၈၆
သူတော်ကောင်းများ သီတင်းသုံးရာတောင်မြတ်များ
ရေကျော်စိုးအောင် ---------- ၈၉




www.burmeseclassic.com

www.burmeseclassic.com




# ဂဠုန်ရှုလုံးသားများ

နှင့်

# ချစ်ခြင်းဖွဲ့သီ

■ လေးသူစုံ

စာ - ၂၇၆


## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


အဘဘိုးမင်းခေါင်အတ္ထုပ္ပတ္တိနှင့် ဖြစ်စဉ်ထူး ကျင့်စဉ်ထူး

ကိုမောင်သန်းဝင်း ---------- ၁၁၃

ပုဂ္ဂိုလ်ထူးဆရာတော်

မောင်ဘတင့်(ကသာ) ---------- ၁၂၇

ဝိဇ္ဇာထိပ်ခေါင်အောင်မင်းခေါင်ကြီးကို သိပါသလား

လင်းရောင်တင် ---------- ၁၃၁


BURMESE CLASSIC .com

## မြန်မာ့ရေးရာ


မြေလျှိုးမိုးပျံလောကီစျာန်

ကြည်ဝင်းကို ---------- ၉၁

သူယောင်ပျိုနှင့် ဝိဇ္ဇာမိုရ်

ဆရာသီဟစကြာစိုးမြင့် ---------- ၉၅

ကိုယ်တွေ့ပုဂ္ဂိုလ်ထူး

သိန်းလွင် ---------- ၁၃၅

အနာဂါမ်ဆရာသက်ကြီးနှင့် သူ၏ဓမ္မတရား

ကိုမောင်သန်းဝင်း ---------- ၁၃၈

မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ပူဇော်ရခြင်းကြောင့်

သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ

ဖိုးသန်းကျော်(ရေကြည်သား) ---------- ၁၇၈

ရဟန္တာကြီးများ စောင့်ရှောက်တဲ့ ဗုဒ္ဓသာသနာတော်

ဆရာဝင်း(သာကီနွယ်) ---------- ၂၂၆

ရှင်အဇ္ဇဂေါဏနှင့် သမုဒ္ဒရာဇ်မင်းတို့၏ ပညာစခန်း

သီဟစကြာစိုးမြင့်(ပွဲကျောင်း) ---------- ၂၃၄

အခြားစကြဝဠာများတွင်ဗုဒ္ဓဘာသာကိုးကွယ်တဲ့လူတွေရှိနေပြီလား

ဆရာဝင်း(သာကီနွယ်) ---------- ၂၃၇

မေတ္တာမြပဟ္မစိုရ်ရ် သာသနာ့ဦးသျှောင် ဘိုးပိုက်ဆံ(၁)

လေးသူစုံ ---------- ၃၀၃

ခရမ်းတောင်နှင့် ဦးယိုးဒယား


မောင်ကြည်မော်-စကု ---------- ၃၀၈





www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသာသနာပြု အရှင်အာစိဏ္ဏ([illegible]ဘုန်းဘုန်း)

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓသာသနာပြု
# အရှင်အာစိဏ္ဏ(စမဘုန်းဘုန်း)၏
# ဩဝါဒ

BURMESE CLASSIC .com

အမြတ်ဆုံး ရတနာကား

**"ဘုရား တရား သံဃာ"**

အတိုဆုံးဂါထာကား

**"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

"တရားအစဉ်အတိုင်းလုပ်ကြ၊ ဒါန သီလ သမထ ဝိပဿနာ
အမြဲမပြတ် ပွားများအားထုတ်ကြ ...၊
သရဏဂုံ ကိုယ်လုံးခြုံ အကုန်သိဒ္ဓိပေါက်"
ဟူ၍ မကြာခဏ မိန့်ကြားလေ့ရှိ၏။

**မေတ္တာပို့**

"သဗ္ဗေသတ္တာ အဝေရာစ အညမည့် ပီယံဘဝ၊
သဗ္ဗေသတ္တာ အဝေရာစ အညမည့် သုခံဘဝ"

**အနက်**


သဗ္ဗေ – ခပ်သိမ်းကုန်သော၊ သတ္တာ – သတ္တဝါဟူသမျှတို့သည်၊
အဝေရာ – ရန်မရှိကြကုန်သည်ဖြစ်၍၊ အညမည့် – အချင်းချင်း
ချစ်ခင်ညီညွတ်ကြသော၊ ပီယံ – ချစ်ခင်ခြင်းသို့၊ ဘဝတု – ရောက်ကြပါစေကုန်သတည်း။
သဗ္ဗေ – ခပ်သိမ်းကုန်သော၊ သတ္တာ – အချင်းချင်း ချစ်ခင်ညီညွတ်ကြကာ၊
သုခံ – ချမ်းသာခြင်းသို့၊ ဘဝတု – ရောက်ကြပါစေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

◆ "လွမ်းစရာရှိရင် နာစရာနဲ့ဖြေ"
ရှေးပဝေ အတိတ်တောက
သူတို့တွေ ပြောစကား
နာကြားဖူးခဲ့။

◆ သို့ပေမယ့် အကျွန်ုပ်မှာတော့
နာစရာရှိပါလျက်
နာစရာမတွက်ခဲ့သရွေ့
မေ့ဖို့ခက်ရဲ့။ ။




BURMESE CLASSIC .com

မျိုးအိမ်စိုး

# လွမ်းနာ

www.burmeseclassic.com

www.burmeseclassic.com

◆ ဝီရိယန္နီးစက်တွေနဲ့
အရှက်မလင်းခင် လင်းခဲ့ရအာရုံတွေလှိုင်းထ
သမ္ဗန်ဆိပ်ဆီ ပုရွက်ဆိတ်အုံကြွ
လှုပ်လှုပ်ရွရွ။ ။

◆ တစ်ညလုံးတက်ထားတဲ့ ဒီရေတွေလို
ကမ်းပြည့်ကမ်းလျှံခွန်အားများနဲ့
လောကဓံမြစ်ကိုဖြတ်ကျော်
စင်ရော်တွေလို ပျံဝဲစိတ်တွေက
ပစ္စုပ္ပန်သမ္ဗန်နဲ့ နီးလိုက်ဝေးလိုက်
အသိုက်အမြုံမဟုတ်သော်လည်း ရေကြည်မြက်နုရှိရာ
ဟိုမှာဘက်ကမ်းက မြို့တော်ဆီ
ကမ်းဆိပ်အတက် လုယက်တိုးထွက်လို့
တံဆိပ်မပါတဲ့ အတောင်ပံတွေ မြို့ချုပ်ရိုးအနှံ့။ ။



◆ ဆည်းဆာအိုတိမ်ညိုပြီဆိုမှ
အိတ်ထဲဝင်လာတဲ့ ရရှိမှုလေးတွေ
လျှောထွက်မသွားအောင်ဆုပ်ကိုင်
ခပ်ငိုင်ငိုင်အပြန်လမ်းမှာ
ဒီရေနဲ့အတူ လျော့ကျသွားတဲ့ခွန်အားတွေ
လတာပြင်ပေါ် အမောပြန့်နှံ့နေ
တစ်ဖက်ကမ်းက မီးရောင်တွေ ပြိုးပြိုးပြက်ပြက်လင်းသလို
ကိုယ့်မီးဖိုချောင်မှာ မီးလက်ရဲ့လား
သက်ပြင်းရှည်များနဲ့ ပစ္စက္ခ
'ဒလ'မှာနေပြီး ဒလရဲ့နေရောင်နဲ့
ဝေးရတာလွမ်းစရာကောင်းလည်း
ရန်ကုန်နဲ့ချစ်ကြိုက်ပြီး
ရန်ကုန်နဲ့ အိပ်စက်ခွင့်မရသေးသူတွေအတွက်တော့
'ဒလ'ဟာ အကောင်းဆုံးဝပ်ကျင်းတစ်ခုပေါ့။ ။

ကျော်ဆွေဝင်း(ရွှေအင်း)

**အခုန်ငှက်များ**

www.burmeseclassic.com

www.burmeseclassic.com

# သဒါရမျက်လှည့်

ရဲမြင့်နောင်



◆ ထွက်သွားမလား၊ လက်တားမထား
သွားလိုရာသာ၊ သွားနိုင်ပါရဲ့ ...
ငါနဲ့မဆိုင်၊ ငါမပိုင်လို့
မင်းကိုယ်မင်းပဲ ပိုင်ပါတယ် ...။ ။

◆ ပညာလိုတာ၊ ငါမငိုပါ
မျက်နှာများတဲ့၊ မင်းအားတွယ်ငြိ
ချစ်မိကတည်းက၊ အသည်းကွဲမယ်
စိတ်ဝယ်သိထား၊ သတိများက
ငါ့အား မတုန်လှုပ်စေပြီ ...။ ။

◆ ဖြစ်ဆဲပျက်မြဲ၊ ဂယက်ဝဲက
မခွဲနိုင်သရွေ့၊ သည်နေ့ချစ်ဦး
နက်ဖြန်မုန်းတဲ့၊ လောကထုံးအား
ခံစားရမိ၊ ငါလျှင်သိပြီ
သည်သောအခါ၊ နာကြည်းစွာနဲ့
ဘာများရင်နာရမှာလဲ ...။ ။

www.burmeseclassic.com

www.burmeseclassic.com

◆ လူတွေအကြောင်းကို
မပြောချင်ဘူး။
လူတွေအကြောင်းကို
သိထားလို့။

◆ စိတ်တွေအကြောင်းကို
မပြောချင်ဘူး။
စိတ်တွေအကြောင်းကို
သိထားလို့။

◆ အတိတ်ကြောင်းကိုလည်း
မပြောနိုင်ဘူး။
အတိတ်အကြောင်းကို
သိထားလို့။

◆ ပစ္စုပ္ပန်အကြောင်းကိုလည်း
မပြောချင်ဘူး။
ပစ္စုပ္ပန်အကြောင်းကို
သိထားလို့။

◆ အနာဂတ်အကြောင်းကိုလည်း
မပြောချင်ဘူး။
အနာဂတ်အကြောင်းကို
သိထားလို့။

◆ တကယ်တော့
သီလ, သမာဓိ အပြည့်ရှိရင်
ပြီးတော့ . . .
နှလုံးသန္တာန်အပြည့်ဖြူရင်
ဗေဒင်ဆရာ 'အစစ်'
ဖြစ်ပါတယ်။ ။
(ဆရာကြီးမင်းသိခ် . . . သို့ ဂါရဝတရားဖြင့်)

# ဗေဒင်ဆရာအစစ်

ဟန်သာသူ



www.burmeseclassic.com

www.burmeseclassic.com

# ရှိုင်းပါဘီ

ရွှေညာခိုင်စိုး



◆ အကြင်နာပန်း မပွင့်လိုက်ပုံက
ကချင်မှ ယမ်းနှင့်တဓေဝေ ...။

◆ ရခိုင်ပြည် မီးတောက်လျှမ်း
ကျွမ်းခဲ့ပြန်ပေ ...။

ချိုးငှက်သံဘယ်မှာဇွေ
သံလွင်ခက်ကြွေပြီလား ...။

◆ ကိုင်း ... အဲဒါကြည့်
မှိုင်းဆရာရှိရင်လ
''ရှိုင်းပါဘီ'' ခေါင်းစဉ်ပေး
လေးချိုးတွေ ရေးရော့ထင့်
တွေးချင့်မိသား ...။ ။

www.burmeseclassic.com

www.burmeseclassic.com

◆ အတ္တလောင်ကျွမ်း၊ မငြိမ်းချမ်းနိုင်
တစ်ဝမ်းတစ်ခါး၊ တစ်လမ်းသွားတိုင်း
အလှိုင်းတစ်ကြီး၊ 'ငါ'ဖိစီးကြ
ဒါမှ ကျေနပ်နှစ်သက်၏ . . .။

◆ တစ်လုတ်ထမင်း၊ တစ်လုတ်ဟင်းကို
လျှာရင်းမြက်စွာ၊ အရသာခံ
ဖန်ဖန်ကြည်နူး၊ ရီဝေမူးစဉ်
တစ်ဦးသူတွေ မျက်ရည်ဝေ . . .။

◆ အပူသောက၊ ဗျာပါဒ . . . တဲ့
ငါ့အိမ်ငါ့ယာ၊ ငါသာကောင်းစား
လောင်မီးများစွာ၊ ဖိစီးကာမှ
နောင်တရပေါ့ . . .
ခဏထိုစဉ်၊ ပတ်ဝန်းကျင်
နေဝင်သွားခဲ့ပြီပဲကို။ ။



ကိုကိုလှ(ကမာမြေ)

# အတ္တခရီးသည်

www.burmeseclassic.com

www.burmeseclassic.com

# ကမ်း

မောင်နီချို



◆ အယူသမားဟာ အယူသမားပဲ
အယူသမားဟာ အလျှိုသမားမဟုတ် ...။

◆ အဆူသမားဟာ အဆူသမားပဲ
အဆူသမားဟာ ပဒူပျားမဟုတ် ...။

◆ ချိုမျှားဟာ ချိုမျှားပဲ
ချိုမျှားဟာ ခေါင်းလောင်းမဟုတ် ...။

◆ အဖြူတရားဟာ အဖြူတရားပဲ
အဖြူတရားဟာ မြူမျှားအဟုတ် ...။


◆ လက်တွေ့ခမ္မ
ခါတစ်ရံကျ
မဟုတ်ခြင်းတွေက ဟုတ်နေကြသလို
ဟုတ်ခြင်းတွေက မဟုတ်ခြင်းဖြစ်
ဘဝမြစ်ထဲ
တဝဲလည်လည် ရေဆန်လှော်ခတ်
သက္ကရာဇ်တွေလည်း တောင်လိုထပ်
ခုထိ ...
ကမ်းမကပ်နိုင်သေးပါလားကွယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ညသည်ရယ်သွမ်းသွေးနေ၏

ဖြိုးထိန်



◆ ဂေါ်ကီရေးဖူး
လွမ်းခဲ့ဖူးတဲ့
ဆောင်းဦးညဝတ္ထု
သမုဒယပုံပြင်
ရင်ခုန်ရင်းဖတ်
ဖတ်ရင်းရင်ခုန် ...။

◆ အဲလိုညစိမ်း
ကြယ်စိမ်းလစိမ်း
လေစိမ်းခက်ထန်
နှင်းကျသံစွက်
သမ္မန်ထက်မှာ
ဂန်ဘားနဲ့ ပျံလွှား
နှစ်ယောက်သား တွေ့ကြရာက
ညော့်သည်မလာတဲ့ည
မင်းက ငါ့ရဲ့ထာဝရလင်တဲ့
အကြင်ရဲ့တီးတိုးသံ
မှုန်ဆန်သောည အချစ်ည ...။

◆ လောကဇမ္ဗူမှာ
လူဖြူတွေက
သူတို့ရဲ့ ချစ်မြင်းမေတ္တာကို
တယောပေါ်တင်ကြတယ်။
လူမည်းတွေကတော့
သူတို့ရဲ့ချစ်ခြင်း မေတ္တာကို
ဗုံပေါ်တင်ကြတယ်
ငါတို့ကလည်း
ငါတို့ရဲ့ချစ်ခြင်း မေတ္တာကို
သမ္မန်ပေါ်မှာ တင်ကြတယ် ...။

◆ ဗိုလ်တထောင်ကမ်းနားမှာ
ဆိုက်ကပ်ထားသော
မြစ်လယ်မှာ ကျောက်ချထားသော
သင်္ဘောများဆီ
ကူးချည်သန်းချည်
ကပ်ချည်ခွာချည်နဲ့
ခရီးသည်အကြိုအပို့မှာ
အကြင်တို့လည်းပါ
မြစ်ယံမှာ လှိုင်းပုတ်
ဝမ်းသမုဒ္ဒရာအတွက်
ပြည့်ထဲရေးထက်
လွမ်းရေးထက်
ဝမ်းရေးခက်ရဲ့
ညော့်သည်လာတဲ့ည
'တာ့တာ .. တာ့တာ' တဲ့
ညသည် ရယ်သွမ်းသွေးနေ၏ ...။

◆ ဒီလိုနဲ့
မှုန်းတည့်အမှောင်
လရောင်ကငို
ကြယ်ရောင်လည်းငို
ဘယ်လိုညလဲ
အသည်းထိတ်အောင်
ငါ့ထိပ်ခေါင်တင်ကို
အရိပ်အယောင်ပင်မတွေ့
ပတ္တရောင်နဲ့ တွေ့သွားပြီလား
သတ်ပုံမှားတဲ့ည
နှင်းခါးရိုက်တဲ့ည ...။

◆ ဩော် ... နှင်းတွေဝေတိုင်း
စိတ်ရိုင်းတေလေ
လွမ်းငွေ့တဝေဝေနဲ့
အကြင်ရေ ...
မင်းဘယ်မှာလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# ကညင်ငူရွာမှာ သီတင်းသုံးတော်မူသည့်

# အဂ္ဂသီရိ မြတ်မုနိ

ဧယျာထက်




အဂ္ဂသီရိ မြတ်မုနိ ကညင်ငူ ငါးထပ်ကြီးဘုရားကြီး

လွန်ခဲ့သည့် အပတ်အတွင်းက ဧရာဝတီတိုင်းဒေသကြီးသို့ ရောက်သွားဖြစ်ခဲ့ပါသည်။ ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်ကွေ့အနီး နေထိုင်သည့် မိတ်ဆွေရင်းတစ်ဦးဖြစ်သော ကိုဝင်းမောင်က မဖြစ်မနေလိုက်ခဲ့ပါရန် ခေါ်သဖြင့် လိုက်သွားဖြစ်ခဲ့ခြင်းပင်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းရှိ ကညင်ငူရွာသို့ အရောက်သွားကာ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ပြန်လည်မွမ်းမံတည်ထားကာ ဗုဒ္ဓဘိသေကပူဇာမင်္ဂလာနှင့် ၃၇ ပါးသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဒါန၊ လှူဖွယ်ဝတ္ထုအစုစုကို ရေစက်သွန်းချ အမျှဝေမည့် ကုသိုလ်တော်ပွဲခင်းလေး ကျင်းပရန်အတွက်ပင် ဖြစ်သည်။ မကြာခဏဆိုသလို အင်္ဂပူမြို့သို့ ရောက်ဖြစ်ခဲ့သော်လည်း ယခုမှ အင်္ဂပူကို ဖြတ်ကျော်သွားရမည့် ခရီးစဉ်ဖြစ်နေလေရာ ပုသိမ–မုံရွာလမ်းမကြီးပေါ် ရောက်ကတည်းက ဧရာဝတီတိုင်းဒေသကြီး၏ စိမ်းစိမ်းစိုစိုရှုခင်းများအပေါ် အာရုံစိုက်ထားဖြစ်သည်။

အင်္ဂပူမြို့နယ်အတွင်း ဖြတ်သန်းနေစဉ်အတွင်းမှာပင် ကိုဝင်းမောင်က ကညင်ငူရွာအကြောင်း သူပြုပြင်မွမ်းမံကာ ဗုဒ္ဓဘိသေကပူဇာမင်္ဂလာ ကျင်းပပေးမည့် ရုပ်ပွားတော်မြတ်ကြီးများအကြောင်း အသေးစိတ်ပြောပြတော့သည်။ ကြည်လင်သန့်ရှင်းသည့် ရေများစီးဆင်းနေသည့်အတွက် သဉ္ဇာလီဟု အမည်တွင်နေသည့် ယခုအခါ ထူအင်းဟု[illegible]သည့် သဉ္ဇာလီမြစ်၏ အနောက်ဘက်ကမ်းတွင် ရှေးဟောင်းရွာကြီးတစ်ရွာ ယနေ့ထက်တိုင် ထင်ရှားစွာဖြင့် တည်ရှိနေသည့်ရွာကြီးမှာ ကညင်ငူရွာကြီးပင် ဖြစ်ပါသည်။ သဉ္ဇာလီမြစ်ကမ်းစွန်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူ သီတင်းသုံးတော်မူလျက် ရှိသည်။ မြတ်ဗုဒ္ဓကိုယ်စား သီတင်းသုံးနေတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ အနှစ် [illegible] တိုင် ကညင်ငူရွာအတွင်းရှိ ကညင်ငူကျောင်းတိုက်ဝင်းအတွင်း သီတင်းသုံးတော်မူနေခဲ့သည့် ရုပ်ပွားတော်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးသိတင်းသုံးတော်မူသည့် ကျောင်းတော်ကြီး


ပင် ဖြစ်သည်။

ကညင်ငူရွာကြီးသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက အထင်အရှားတည်ရှိခဲ့သော ထူးခြားသည့်ရွာကြီးတစ်ရွာပင်ဖြစ်သည်။ ကညင်ငူရွာကြီးကို သဒ္ဒါလီသိုက်သမိုင်းများအရ "ဘုရားဂူငူစွန်းနှင့် ကုန်း၊ ကျွန်း၊ အင်း၊ ကန်နှင့် ချောင်းချောင်ထည့်သွင်း ကိုးခုမြောက်ကွင်း"ဟူသောသင်္ကေတ ဒွေးချိုးနှင့်အညီ သဒ္ဒါလီမြစ်ဟောင်းဖြစ်သော ထူကန်တော်ကြီး၏ အနီးဝန်းကျင်၌ ဘုရားကိုးဆူ၊ ဂူကိုးဂူ၊ ငူကိုးငူ၊ ကုန်းကိုးကုန်း၊ ကျွန်းကိုးကျွန်း၊ အင်းကိုးအင်း၊ ကန်ကိုးကန်၊ ချောင်းကိုးချောင်း၊ ကွင်းကိုးကွင်းဟု သိုက်သမိုင်းမှတ်တမ်းများ ရှိခဲ့သည်။ ဘုရားကိုးဆူသည် အငူတစ်ငူတွင် ဘုရားတစ်ဆူ သီတင်းသုံးတော်မူလျက်ရှိလေရာ ဘုရားငူ၊ ကညင်ငူ၊ သဲငူ၊ နတ်စင်ငူ၊ အလယ်ငူ၊ ညောင်ငူ၊ တုန်းငူ၊ ကျီးငူ၊ ဓွေးတောက်ငူ(ပုံသိုက်) စသော ငူကိုးငူတွင် တစ်ဆူစီ သီတင်းသုံးတော်မူလျက်ရှိသည်။

ကျွန်သော နဝင်းကိုက် ကုန်း၊ ကျွန်း၊ အင်း၊ ကန်၊ ချောင်းတို့ကို သူ့အမည်နှင့်သူ ရှိနေခဲ့သော်လည်း ဂူကိုးဂူကိုကား မသိနိုင်ကြ၊ မတွေ့နိုင်ကြဘဲ ဖြစ်နေရသည်။

ဂူကိုးဂူရှိသည့်အနက် ကညင်ငူတွင် ကညင်ငူဟုခေါ်တွင်စေသည့် ကညင်ပင်ကြီးတစ်ပင် သဒ္ဒါလီမြစ်ကမ်း အငူစွန်းတွင် ထင်ရှားစွာပေါက်လျက် ရှိနေသောကြောင့် ကညင်ငူဟု တွင်ခဲ့ခြင်းပင်ဖြစ်သည်။ ကညင်ငူနေရာသည် ရှေးအခါက တွံတေးမြို့မှ စဉ့်အိုးလှေများ၊ ဖောင်များ လာရောက်ရောင်းချလေ့ရှိခဲ့ရာ လှေဆိပ်အဖြစ်လည်း ထင်ရှားခဲ့သည်။ ရှေးရှေးကတည်းက အခြေတည်ခဲ့သော ကညင်ငူရွာကြီး၏ အရှေ့တောင်ဘက်တွင် ရွာမြေနှင့် ဆက်စပ်လျက်ရှိသော ကုန်းမြေမြင့်တစ်ခု ရှိသည်။ ထိုကုန်းမှတော်ဘက်တွင် နှစ်ပေါင်းမည်မျှလောက်ကတည်းက တည်ထားခဲ့ကာ နှစ်မည်မျှလောက်ကတည်းက ပျက်စီးယိုယွင်းနေမှန်း မသိရသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ သီတင်းသုံးတော်မူလျက် ရှိနေသည်။

ယခုအခါ ညောင်ဗုဒ္ဓဟောပင် ပေါက်ရောက်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဝိုင်းရံ၍ ဂန္ဓကုဋိကျောင်းတော်သဏ္ဍာန် အရပ်လေးမျက်နှာ သွယ်တန်းဝိုင်းပတ်လျက် ရှိနေသဖြင့် ညောင်တန်းဘုရားများဟု ခေါ်ဝေါ်အစွဲပြုလျက် ရှိကြသည်။ ပျက်စီးယိုယွင်းလျက်ရှိနေသည့် ဇေယျာသိဒ္ဓိ(ညောင်တန်း) ဘုရားကုန်းမြေပေါ်၌ တည်ထားတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဘုရားဒါယကာဒါယိကာမဖြစ်ကြသည့် ဦးဝင်းမောင်၊ ဒေါ်သန်းသန်းနွဲ့တို့က ပြုပြင်မွမ်းမံကာ ဗုဒ္ဓဘိသေက




ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာ ဆင်ယင်ကျင်းပတော့မည်ပင် ဖြစ်သည်။

ဦးဝင်းမောင် ပြောဆိုရှင်းပြသမျှ နားထောင်ရင်း လိုက်ပါလာခဲ့ရာ ..ဘွဲ့ခန် ကားရပ်သွားတော့မှ ကညင်ငူရွာသို့ရောက် ပြီဆိုသည်ကို သတိပြုလိုက်ဖြစ်သည်။ ကုသိုလ်တော်ပွဲခင်းလေးကို ကညင်ငူရွာရှိ ဝေဠုဝန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ် ရာ ရွာကိုဖြတ်သန်းရင်း ဝေဠုဝန်ကျောင်း တိုက်ဝင်းဆီသို့ လျှောက်ခဲ့ကြသည်။ ကုသိုလ်တော်ပွဲခင်းလေးကို ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၅ ရက်၊ ၂၇-၃-၂၀၁၂ အင်္ဂါနေ့ နံက် ၇ နာရီအချိန်တွင် စတင် ကျင်းပဖြစ်ရာ သာဓုခေါ်ဆိုသံများ ညံမစဲ အောင်ရှိနေခဲ့သည်။ ကုသိုလ်တော်ပွဲခင်း လေးတွင် ကညင်ငူထူမှ ပရိယတ္တိစာသင် တိုက်၏ ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝန္တသ(ဓမ္မာစရိယ) ကအလှူတော် တွင် တရားချီးမြှင့်တော်မူပြီး ကညင်ငူ အင်ပင် ဝေဠုဝန်ကျောင်းတိုက်၏ ဦးစီး နာယကဆရာတော်ဦးမုနိန္ဒ ကရေစက်ချ တရား ဟောကြားတော်မူခဲ့သည်။



ပြန်လည်ပြုပြင်တည်ထားသည့် ရှေးဟောင်းဆင်းတုတော်

ဦးဝင်းမောင်တို့မိသားစု ပြုပြင်မွမ်း မံတည်ထားခဲ့သည့် ရုပ်ပွားတော်မြတ်မှာ လွန်စွာကြည်ညိုဖွယ် ကောင်းလွန်းလှ သည်။ မပြုပြင်မီ ပျက်စီးယိုယွင်းကာ ညောင်ပင်များဖုံးအုပ်နေသော အနေ အထားကို ရိုက်ကူးမှတ်တမ်းတင်ထား သော ဓာတ်ပုံအချို့ကို ဦးဝင်းမောင် ထုတ် ပြသဖြင့် မြင်တွေ့ခွင့်ရခဲ့ရာ လွန်စွာ အံ့အားသင့်သွားမိရသည်။ လွန်စွာရှုပ် ထွေးနေသော တောအုပ်တစ်ခုကဲ့သို့ ရှိ နေသော မြင်ကွင်းကြောင့်ပင် ဖြစ်သည်။

ဝေဠုဝန်ကျောင်းတော်ကြီးသည် သဉ္ဇာလီကမ်းစပ်တွင်တည်ရှိသော ကညင် ငူရွာကြီး၏ မြောက်ဘက်အစပ်ရှိ ကွင်း ကိုးကွင်းတွင် တစ်ကွင်းအပါအဝင်ဖြစ် သည့် ကာစစ်ကွင်း(ယခုအခါ ကာစီး ကွင်း)ရွာ၏ တောင်ဘက်အနီးတွင် အထင်အရှား တည်ရှိပါသည်။ အုတ်ဖို ဆရာတော်ဘုရားကြီး အရှင်ဥက္ကံဝံသ မာလာ၏ နမတော်အရင်းဖြစ်သော ဘုရားအစ်မကြီးဒေါ်ဖော့မှ ဟသ်တမြို့ တစ်ဖက်ကမ်း ရောဝတီမြစ်အရှေ့ဘက် ခြမ်း သာရဝေါ်ရွာအနီး နန်းတော်ကျွန်းရွာ တွင် ၁၂၁၄ ခုနှစ် ဆရာတော်ဦးသြဘာသ လောင်းလျာကို ဖွားမြင်ခဲ့သည်။ ဆရာ တော်ဦးသြဘာသ အရှင်သူမြတ် ကညင် ငူရွာကြီးသို့ ကြွရောက်သာသနာပြုတော် မူရာ ကျောင်းတိုက်တည်မည့်နေရာသည် သဉ္ဇာလီမြစ်ကမ်းလည်းဖြစ်၊ သွားရေးလာ ရေး လွယ်ကူသော လှေဆိပ်လည်းဖြစ် သောကြောင့် အင်းအိုင်အငူတွေ၊ ကျွန်း တွေဝိုင်းရံနေသဖြင့် "အင်း၊ ငူ၊ ဝိုင်းပြီး ကျောင်းတိုက်တည်" ဟု လက်စစ်ဆို




ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီတော်



www.burmeseclassic.com

www.burmeseclassic.com





ဘုရားဒကာ ဦးဝင်းမောင်နှင့်ဇနီး ရေစက်ချနေစဉ်

တော်မူပြီး ၁၂၄၅ ခုနှစ်တွင် ကျောင်းတိုက်ကြီးကို အသစ်တစ်ဖန် ပြန်လည်စတင်၍ ကညင်ငူကျောင်းတော်ကြီးကို တည်ထောင်သည်။

ဒုတိယမြောက် ကညင်ငူဆရာတော်ဖြစ်တော်မူလာသော အရှင်ကေလာသမထေရ်မြတ်သည် သက်တော် ၃၅ သိက္ခာတော် ၁၆ ဝါရချိန်တွင် ကညင်ငူကျောင်း မြောက်အရပ်တွင်းရှိ ဦးဆန်းဒေါ်အူတို့၏ ထန်းဥယျဉ်တွင်အဂ္ဂသီရိမြတ်မုနိရုပ်ပွားတော်မြတ်ကြီးကို တည်ထားတော်မူခဲ့သည်။ "အဂ္ဂသီရိ မြတ်မုနိတည်ႏၥည့်နှစ်ကောဇာ"လင်္ကာစပ်ဆိုတော်မူ၊ က ၁၂၆၈ ခုနှစ်တွင် ဉာဏ်တော် ၃၂တောင်၂မိုက်ရှိတော်မူသော ရုပ်ပွားတော်မြတ်ကြီးကို တည်ထားခဲ့သည်။ ဘွဲ့တော်ကိုမူ အဂ္ဂသီရိမြတ်မုနိ မြတ်စွာဘုရားကြီးဟု ဘွဲ့တော်တွင်စေခဲ့သည်။ ရုပ်ပွားတော်မြတ်ကြီးအား ဦးဖိုးကျား+ဒေါ်ငွေမြ ဦးဖိုးဆိုင်+ဒေါ်ဖွားမိ ဦးအုန်းမောင်+ဒေါ်အုန်းညွန့် သားစဉ်မြေးဆက်ဖြစ်သော ယခုသက်ရှိထင်ရှား ဦးမောင်လှ+ဒေါ်ခင်မယ်တို့မှ ကိုးဘွားဘီဘင် ရွာသူရွာသားများ စုပေါင်းလှူဒါန်းကာ တည်ထားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ရုပ်ပွားတော်မြတ်ကြီး တည်ထားပြီးစီး၍ သုံးနှစ်တာ လွန်မြောက်လာသည်တွင် ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးတော်မူရန် ဂန္ဓာကုဋိကျောင်းတော်ကြီးကို တည်ဆောက်ရာတွင် ဒုတိယမြောက် ကညင်ငူဆရာတော် ဦးကေလာသမထေရ်သည် အင်ဂျင်နီယာများကို မခေါ်ဘဲ ဆရာတော်ကိုယ်တိုင် နှီးထိုးရန်စိတ်ထားသော နှီးဝါးလောင်းများဖြင့် ပုံစံထူ၍ သင်္ကန်းစများချည်ပြီး ဤပုံစံနမူနာအတိုင်း ဆောက်ရမည်ဟု ပုံစံပြကာ တိုင်တစ်ရာ ၁၀၀ ရှိသော တန်ဆောင်းတော်ကြီးကို ဘုံဆင့်ပြာသာဒ်ငါးဆင့်ဖြင့် တည်ဆောက်တော်မူစေခဲ့သည်။

နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ပြီး စတုတ္ထမြောက် ကညင်ငူဆရာတော်လက်ထက်တော်သို့ ရောက်လာသည်တွင် တန်ဆောင်းတော်ကြီးမှာ အိုမင်းယိုယွင်းလာသဖြင့် ပြန်လည်မွမ်းမံ ပြုပြင်ပေးခဲ့ရသည်။ ဘုံဆင့်ပြာသာဒ်ငါးဆင့်အနက်မှ ဘုံဆင့်ပြာသာဒ်နှစ်ဆင့်ကို ဖြုတ်ပစ်ကာ ပြာသာဒ်ဘုံဆင့် သုံးဆင့်ဖြင့်သာပြန်လည်တည်ဆောက်ခဲ့သည်။ ဆွေးမြည့်လာသော သစ်သားတိုင်များနေရာတွင် ကျောက်တိုင်များဖြင့် အစားထိုးပြုပြင်ခဲ့သည်။ တိုင်များစိပ်၍နေသဖြင့် ဖြုတ်သင့် ပယ်သင့်သော တိုင်များကို ဖြုတ်ပယ်ကာ တိုင် ၁၀၀ အစား တိုင် ၉၀ သာထားပြီး အသစ်တစ်ဖန် တည်ဆောက်ခဲ့သည်။ ၁၂၆၈ ခုနှစ်ကတည်းက တည်ထားခဲ့သည့် အဂ္ဂသီရိမြတ်မုနိဘုရားကြီး(ဝါ)ငါးထပ်ကြီး ဆုတောင်းပြည့်ဘုရားကြီး သီတင်းသုံးတော်မူနေခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော် နေခဲ့ပြီပင်ဖြစ်ပါသည်။

ဇေယျာသိဒ္ဓိ(ညောင်တန်း) ဘုရားကုန်းမြေပေါ်၌ တည်ထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ဘုရားတို့အား ပြန်လည်မွမ်းမံကာ ဗုဒ္ဓဘိသေကမင်္ဂလာ ကုသိုလ်တော်ပွဲခင်းလေးမှ အပြန်လမ်းတွင်ကား ကုသိုလ်ရှင်လိုအပ်နေသေးသော ဗုဒ္ဓရုပ်ပွားတော် အပျက်အပေါင်းများနှင့် နှစ်ပေါင်း ၁၀၀ ကျော်တိုင် သီတင်းသုံးနေတော်မူသည့် အဂ္ဂသီရိမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးတို့၏ ပုံရိပ်သွင်တို့က ရင်ထဲဝယ် စွဲငြိနေရာယူထားလျက် ရှိနေခဲ့ပြီဖြစ်သည်။ ဦးဝင်းမောင်တို့မိသားစုကတော့ သူကိုးပြုခဲ့သည့် ကုသိုလ်တော်ပွဲခင်းလေးနှင့်ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်နေမိကြပုံများကို ပြောဆိုလျက်ရှိနေသည်။ ဦးဝင်းမောင်၏ မျက်နှာပြင်ဝယ် ထင်ဟပ်ပေါ်လွင်နေသည့် ပီတိရိပ်တို့မှာ အနှိုင်းမဲ့ပီတိရိပ်များပင် ဖြစ်သည်ကိုမူ ဦးဝင်းမောင် သိကောင်းသိနေမည်လား မပြောတတ်တော့ပါ။

*မုဒိတာပွားများနိုင်ကြပါစေ။*


■ **ဇေယျာထက်**



www.burmeseclassic.com

# ယောနယ်ရွှေကျင်သာသနာအစ
# အင်းတင်ကြ

အရှင်တိက္ခာနန္ဒ(ကန်တောရ)



ကလေးမြို့နယ်၊ အင်းတင်ရွာဦးထိပ် တောင်ကုန်းပေါ်က ကလေးသုံးမြို့သာသနာပြုဆရာတော်ဘုရားကြီး ဦးဂန္ဓမာ၏ အရိုးအိုးစေတီ



ယောနယ် ကန်တောရကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့သော ဆရာတော်ဘုရားကြီး ဦးဇယန္တ၏ အရိုးအိုးစေတီတော်

www.burmeseclassic.com

ကလေးသုံးမြို့ သာသနာပြုဆရာတော်ဘုရားကြီး (အရှင်ဂန္ဓမာမဟာထေရ်၊ မန္တလေးတောင်မြောက်ဘက် မဟာမြို့ကာရာမ ရွှေကျင်တိုက်မ၏ စတုတ္ထဆရာတော်) သီတင်းသုံးသာသနာပြုရာ ကလေးမြို့နယ်။ အင်းတင်ရွာသို့ ရောက်ခဲ့ပါသည်။ အင်းတင်ရွာ သာသနာမှ အမွှန်အစပြုရာ ကန်တောရကျောင်းတိုက်သည် ၁၃၆၆ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီဖြစ်ရာ ကန်တောရသာသနာ၊ ယောနယ်ရွှေကျင်သာသနာ စတင်ရှင်သန်ထွန်းကား ပြန့်ပွားရာ အင်းတင်ရွာသို့ ကန်တောရသာသနာဆိုင်ရာ အချက်အလက်များ ရှာဖွေရန် နတ်ချောင်းရွာစာရေးဆရာ ဦးဝင်းသူ(ကလေး–ဝင်းသူ) ထံ ရောက်ခဲ့သည်။ ရန်ကင်းကျောင်း၌ ဆွမ်းစား၊ ကလေးမြို့သို့ ခေတ္တသွားပြီး ဦးဝင်းသူ၏အကြောင်းကြားချက်အရ အင်းတင်ရွာတောင်ကျောင်း နန္ဒာရာမ ကျောင်းတိုက် ကျောင်းထိုင်ဘုန်းကြီးလေး ဦးသုမနနှင့် ဥက္ကဋ္ဌတို့က နတ်ချောင်းအထိ လာကြိုသဖြင့် ကလေးဦးဝင်းသူနှင့်အတူ မြစ်သာမြစ်အရှေ့ဘက် အင်းတင်ရွာသို့ လိုက်ပါသွားခဲ့ကြသည်။ ကျောင်းတိုက်မှ ပါလာခဲ့သော ကားကိုတော့ မြစ်ရေများပြီး ကားမကူးနိုင်သဖြင့် မြစ်ဆိပ် မြစ်ကမ်းနဖူးရှိ နတ်နန်းရွာကျောင်းတွင် ထားခဲ့ရသည်။ မြစ်ဆိပ်မှ လှည်းယာဉ်စီး၍ အင်းတင်ရွာသို့ ခရီးဆက်ခဲ့ကြပါ၏။

အင်းတင်ရွာသို့ ရောက်လျှင်ပင် ပထမဆုံး သတိရသည်က ကန်တောရဆရာတော်တပည့် အင်းတင်ရွာ ပုဗ္ဗာရုံကျောင်းဆရာတော် စကားရွာ ဦးက္ကန္ဒာစာရကိုပင် ဖြစ်ပါ၏။ ဦးက္ကန္ဒာစာရသည် စာရေးကောင်း၏။ ဂါထာစီကောင်း၏။ ထန်ဘုရားရှိခိုးကိုကြည့်လျှင် ပဋိဘာန်မည်မျှကောင်းသည်ကို သိနိုင်သည်။ ထန်ဘုရားရှိခိုးကို ရေးပေးတော်မူပါဟု တောင်းပန်သူတွေကတော့ အင်းတင်ရွာသူ လုပျိုပြုလေးယောက် ဖြစ်ပါသည်။ ဦးက္ကန္ဒာစာရက ထန်ဘုရားရှိခိုး နိဒါန်းကို ဂါထာဖြင့် ဤသို့ ရေးထားပါ၏။ ဂါထာနှင့် အနက်မြန်မာပြုထားပုံမှာ လွန်စွာပင် သာယာညက်ညောလှချေသည်။

**မအေးမေ** ပုန လေခါမိ၊ **မစံထယ်**
အဘိယာစိတော။

**မနန်းမြို့**တိ ယုဝတီဟိ၊ **မအုန်းစိန်** စ ရလိုကြသူ။

ရလိုကြသူ=ထန်ဗုဒ္ဓဝန္ဒနာ ဂါထာကို၊ တစ်ဖန်တစ်ခါရလိုကြကုန်သော၊ **မအေးမေစ**=အနုအဆီ၊ တုမမှီ၊ ယုဝတီ **မအေးမေ**လည်းကောင်း၊ **မစံထယ်စ**= အနုအဆီ၊ တုမမှီ–ယုဝတီ **မစံထယ်**လည်းကောင်း၊ **မနန်းမြို့စ**=အနုအဆီ၊ တုမမှီ၊ ယုဝတီ၊ **မနန်းမြို့**လည်းကောင်း၊ **မအုန်းစိန်စ**=အနုအဆီ၊ တုမမှီ၊ ယုဝတီ **မအုန်းစိန်**လည်းကောင်း၊ ကြ္ကတိ ကြ္ကမာဟိ–ယုဝတီဟိ=ဤယုဝတီလေးယောက်တို့သည်၊ အဘိယာစိတော=ရှေးရှုသွတ်ပြောင်း တောင်းပန်အပ်ရကား၊ ဝါ=





▲ ဂန့်ဂေါနယ် ကန်ရွာရှိ ကန်တောရစာသင်တိုက် ရဟန်းသာမဏေများ

◀ ယောနယ် ရွှေကျင်သာသနာကို စတင်တည်ထောင်ပေးတော်မူခဲ့သော ကလေးမြို့ သာသနာပြုဆရာတော်ဘုရားကြီး ဦးဂန္ဓမာ



www.burmeseclassic.com

www.burmeseclassic.com



အင်းတင်ရွာ သာသနာအကြောင်း နန္ဒရာမကျောင်းတိုက်ဆရာတော်ဦးနန္ဒ၏ညီ ဦးဘိုလေးက စာရေးသူ ဤအရှင်အား ရှင်းပြနေစဉ်

တောင်းပန်အပ်သော၊ အဟံ=မရေးသား မစီကုံးဖို့ တီ–တီလုံးနှင့်၊ သုံးခါကျအောင် ပယ်လှန်ခဲ့သော ငါသည်၊ ပုန=ယခင် တုန်းအခါက၊ အရှင်ဘုန်း သမထာ၊ ကိုယ်တော် သုံးပါးတို့ စီကုံးထားကြသည့် ဂါထာများ ရှိလင့်ကစား မတင်းတိမ်၊ အားမရကြသေးတဲ့အတွက် နောက်ထပ်တစ်ခါဆိုသလို၊ လေခါမိ=မပယ်မဖျက်ပါနှင့်ဟု၊ သွယ်ဆက်တဲ့ မျက်နှာလေးတွေကြောင့် ဆက်ကာမသွေ ရေးရပြန်ပေ၏။ ပုန–လေခါမိ=အလိုရှိကြတဲ့ ယုဝတီများအတွက် သည်တစ်ခါဖြင့် တားလို့မဖြစ်ပါဘဲ သုံးလူချစ်ထန်ဘဂဝါကို၊ ဝန္ဒနာဆုယူတောင်းကြစေဖို့ ထပ်လောင်းဖြစ်ပေါ်ကာ လာရပြန်ပေသတည်း။

**ထန်ဘုရား**သည်၊ ထန်တောင်၏ မတ်စောက်သော တောင်ကမ်းပါးယံ လိုဏ်ခေါင်းတွင်ရှိသည်။ အင်းတင်ရွာနှင့် ထန်ဘုရားကို ခွဲထား၍မရစကောင်းပါ။ ထန်ဘုရားသည် အင်းတင်ရွာ၏ ကျက်သရေ၊ အင်းတင်ရွာ၏ သာသနာ့အောင်လံ၊ အင်းတင်ရွာ သာသနာပွင့်လင်းပုံ၏ သာကေဖြစ်ရာ အင်းတင်ရွာသားတိုင်း ထန်ဘုရားဖူး ရောက်ကြသည်။ ထန်ဘုရားရှိခိုးကြသည်။ ထန်ဘုရားနှင့်ဆိုင်ရာ ဘုရားရှိခိုးဖြင့် အားပါးတရ ကြည်နူးဆွဆွ ရှိခိုးလိုကြပြန်ရာ "ထန်ဘုရားရှိခိုး အသစ်ရေးပေးပါ"ဟု တောင်းပန်ကြသော အင်းတင်ရွာ ယုဝတီကညာတွေကို အစထား၊ အားလုံးအတွက် အရှင်ကုဏ္ဍာစာရက ထန်းဘုရားရှိခိုးကို ရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့ပါ၏။ ထိုနည်းတူပင် ဒုလ္လဘ ဒီပနီကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့ပါ၏။

သို့သော် ဦးကုဏ္ဍာစာရကို စိတ်ကသာ သတိရပြီး၊ စိတ်ကသာ သူ၏ ဂီတိဂါထာကို တီးတိုးဆိုမိနေ၏။ သူ၏ အကြောင်းကိုတော့ မစပ်စုမိခဲ့ပါ။

အင်းတင်ရွာသည် သာသနာပြုဆရာတော်ကြီး သီတင်းသုံးသာသနာပြုစဉ်ကတော့ စော်ဘွားမောင်ဖားကြီး စိုးစံခဲ့သော ကျေးရွာကြီးဖြစ်ခဲ့သည်။ အိမ်ခြေများသည်။ ရောင်းဝယ်ဖောက်ကား ကုန်သွယ်မှုများဖြင့် စည်ကားသည်။ ချမ်းသာသူပေါသည်။ ထိုခေတ် ထိုအချိန်က 'ယော–မန္တလေး'ဟု တင်စားခေါ်ဆိုခံရသော ယဉ်ကျေးပျူငှာသော ကျေးရွာကြီးတစ်ခု ဖြစ်ခဲ့သည်။ သို့သော် ယနေ့အခါမှာတော့ မြစ်သာမြစ်က အင်းတင်ရွာ၏ စည်ကားသာယာမှုကို ဖျက်ဆီးခဲ့သဖြင့် အင်းတင်ရွာမှ ဖဲ့ခွာ၍ နတ်ချောင်းရွာ၊ နတ်မြောင်းရွာ၊ နတ်နန်းရွာ၊ အင်းစိန်ရွာဟု ရွာအသီးသီး ရွာသစ်ထူထောင်ခဲ့



ကျောင်းကန်ဘုရားအလီလီတို့ဖြင့် ယနေ့တိုင်သာသနာစည်ကားနေသော အင်းတင်ရွာ



www.burmeseclassic.com

www.burmeseclassic.com

ကြရသည်။ မဖဲမခွာ ရွာကို တွယ်တာသူ တို့သာ အရှေ့တောင်ခြေသို့ ရွာကိုပြောင်း ရွှေ့ကာ အင်းတင်တောင်ရွာ အင်းတင် မြောက်ရွာဟု နှစ်ရွာခွဲ၍ ဆက်လက်နေ ထိုင်ကြလေသည်။

အင်းတင်စော်ဘွားကြီး ဦးဖားကြီး မဟာဒေဝီ ဒေါ်နန်းပော် ပင့်၍ အင်းတင် သို့ ကြွလာသာသနာပြုသော သာသနာ ပြု ဆရာတော်ကြီး၏ ကျောင်းတော်ရာ ကို တွေ့ရသည်။ ၁၂၆၂(၆၄)ခုနှစ်က သာသနာပြုဆရာတော်ကြီး စိုက်ပျိုးခဲ့ သော သက်တမ်းရာကျော် ဗုဒ္ဓဂယာမျိုး ဗောဓိပင်ကြီးကိုလည်း ဝဲလင်းတဖြာ ကြီး မားအုပ်ဆိုင်းစွာ ကြည်ညိုဖူးတွေ့ခဲ့ရ သည်။ အုတ်ပလ္လင်ခုံမရှိသဖြင့် ကန်တော ရ သံဃာတော်များက ဆရာ့ဆရာ အာ စရိယပါစရိယ ကန်တောရ ဆရာတော် ကြီးတို့၏ ကျေးဇူးတော်ရှင် ဆရာမြတ်ကို ပူဇော်သောအားဖြင့် အုတ်ပလ္လင်ခုံပြုလုပ် ရန် ကျောင်းတိုက်သို့ ပြန်ရောက်သော အခါ နဝကမ္မ ကျပ်ငွေတစ်သိန်းကို ကလေးဝင်းသူမှတစ်ဆင့် ကျေးရွာ ဥက္ကဋ္ဌ ဦးအဲချိုသို့ လှူဒါန်းပေးပို့ခဲ့ပါသည်။ ကျောင်းဒကာကြီး ဦးလေးကို တည်ထား သော ဘုရားကိုလည်း သစ်ပင်ချုံနွယ်တို့ ဖြင့် လွှမ်းဖုံးပျက်စီးနေသည်ကို တွေ့ခဲ့ရ သည်။ ပြုပြင်ကုသိုလ်ယူမည့် ဒကာပေါ် ပါစေဟု ဆန္ဒပြုမိပါ၏။

အင်းတင်တောင်ကျောင်းသို့ ရောက် က တံခွန်တိုင်၌ ရေးထိုးထားသော ကျောင်းထိုင်အစဉ်အဆက် မှတ်တမ်းကို ဖတ်ရှုလေ့လာကြသည်။ ကျောင်းထိုင် ဆရာစဉ်ဆက်မှာ –

၁။ ပထမဆရာတော် ဦးဂန္ဓာမ၊ ၂။ ဆရာတော် ဦးဝဏ္ဏ၊ ၃။ ဆရာတော် ဦးဝိသုဒ္ဓ၊ ၄။ ဆရာတော် ဦးနာဂိန္ဒ၊ ၅။ ဆရာတော် ဦးဇောတ၊ ၆။ ဂိုဏ်းထောက် ဦးနန္ဒဝံသ၊ ၇။ တွဲဘက် ဂိုဏ်းထောက် ဦးကေသရ၊ ၈။ ဝိနည်းမိုရ်ဆရာတော် ဦးဝိဇယ၊ ၉။ ဆရာတော် ဦးနန္ဒ၊ ၁၀။ ဦးနန္ဒောဘာသ၊ ၁၁။ ဦးသုမနဟူ၍ ဖြစ် သည်။

ဦးသုမနမှာ ယခုလက်ရှိ ကျောင်း ထိုင်ဘုန်းကြီးလေး ဖြစ်၏။ ခဏတာနား ပြီး သာသနာပြုဆရာတော်ကြီး တည် ထားသော ဂန္ဓမာဒန တောင်ပေါ်ရှိ စေတီ ကို သွားရောက်ဖူးမြော်ကြသည်။ ဆရာ တော်ကြီးသည် ယင်းစေတီ၏ မြောက် ဘက်ရှိ နွားပင်တောကျောင်းတွင် သီတင်း သုံးစဉ် စေတီတည်ထားခြင်းဖြစ်သည်ဟု ဆိုပါ၏။ နောင်တွင် မန္တလေးမြို့တွင် သာ သနာပြုဆရာတော်ကြီး ပျံလွန်သောအခါ အရိုးတော်များကိုယူ၍ ထိုစေတီတော်၌ ဌာပနာကာ ခေါ်ဆေးက ပြုပြင်တည် ထားသည်ဟု စေတီအတွင်းမှရသော ငွေ ပေလွှာမှတ်တမ်းအရသိရကြောင်း ကလေး ဦးဝင်းသူနှင့် ရွာလူကြီးတို့က ပြောကြ သည်။ ဆရာတော်ဦးနန္ဒ၏ ညီဦးဘိုလေး က အင်းတင်ရွာနှင့် ပတ်သက်၍ ပြည့်စုံ စွာ ပြောပြပါသည်။

သက်တမ်းရာကျော်ပြီဖြစ်သော ဗောဓိပင်ကြီး စိုက်ပျိုးခုနှစ်နှင့် ပတ်သက် ၍မူ ဗောဓိပင် အုတ်ဂူစာတန်းက ၁၂၆၄ ခုနှစ်ဟု မှတ်တမ်းပြုထားသော်လည်း ဦးဘိုလေးကမူ ၁၂၆၂ ခုနှစ်ဟု အခိုင် အမာပြော၏။ ကန်ရွာအနောက်ကျောင်း ဗောဓိပင်သည် သာသနာပြုဆရာတော် ကြီးက တပည့်ကြီး ဦးကေတုအား စိုက် ပျိုးပူဇော်ရန်ပေးသော ဗောဓိပင်ဖြစ်သည်။ ကန်အနောက်ကျောင်း ဗောဓိပင်ကို ယင်း ဗောဓိပင် ကျောက်စာအရ ၁၂၆၃ ခုနှစ် စိုက်ပျိုးပေကြောင်း သိရှိမှတ်သားရပေရာ အင်းတင်ဗောဓိပင်မှာ ကန်ဗောဓိပင်ထက် စိုက်ပျိုးမှု စောသင့်၊ ပထမဖြစ်သင့်သဖြင့် ၁၂၆၂ ခုနှစ်ဆိုသည်ကို စိုက်ပျိုးနှစ်အဖြစ် မှတ်ယူလိုပေသည်။ အကြောင်းမှာ သာ သနာပြုဆရာတော်ကြီး ဗောဓိပင်စေ့ယူခဲ့ ၍ အပင်ပျိုးရာ ၁၃ ပင် ပေါက်သည်။ ၁၃ ပင်အနက် တစ်ပင်ကို အင်းတင်မှာ စိုက်၍ ကျန်အပင်များကို ဖြန့်ဝေပေးကမ်း ၍ စိုက်ပျိုးစေခဲ့သည်ဟု ကန်ရွာအနောက် ကျောင်း ဗောဓိပင်ကျောက်စာ၌ကျောက် စာ၌ တွေ့ရသောကြောင့်တည်း။

အင်းတင်ကျောင်းထိပ်၌ ဆရာ တော် ဦးဇယန္တ၏ အရိုးစေတီကိုလည်း တွေ့ရှိဖူးမြော်ခဲ့ရသည်။ ဆရာတော် ဦးဝိ ဇယ၏ အရိုးစေတီနှင့် ဗောဓိပင်ကိုလည်း ဖူးခဲ့ရသည်။ အင်းတင်ကျောင်းနှင့် တော ကျောင်းသည် ကန်တောရ ပထမ၊ ဒုတိယ ဆရာတော်ကြီးနှစ်ပါးတို့ သာသ နာပြုဆရာတော်ကြီးထံတော်၌ ဓုည်းခံ ဝတ်တွား ပညာသင်ကြားရာ ဌာနဖြစ်ခဲ့ သည့်အပြင် ဒုတိယဆရာတော်ဘုရား ကိုယ်တော်တိုင်ပင် လာရောက်၍ တစ်ဝါ သီတင်းသုံးတော်မူသော ဌာနလည်းဖြစ်ပါ သည်။ အင်းတင်ဆရာတော်ကြီးထံ၌ ပိဋ ကတ်ကျမ်းစာများကို သင်ကြားတတ် မြောက်ပြီးနောက် ကန်တောရကျောင်း တိုက် တည်ထောင်၍ သာသနာပြုရာ ဆရာဖြစ်သော သာသနာပြုဆရာတော် ကြီးထက် ပို၍ပင် အောင်မြင်ကျယ်ပြန့်ခဲ့ လေသည်။

''ကန်တောရ သာသနာအစ အင်းတင်က၊ ယောနယ်ရွှေကျင်အစ အင်းတင်က''ဟု ဥဒါန်းထားရအောင် သာသနာအောင်မြေဖြစ်ခဲ့ရာ အင်းတင် သာသနာမြေသို့ အောင်မြေနင်းရန်နှင့် ဆရာ့ဆရာ ဖြစ်တော်မူသော သာသနာ ပြုဆရာတော်ဘုရား ၂၏ သိက္ခာသုံးလီ ဂုဏ်ရည်တော်တို့ကို ပူဇော်ရန်အပြင် ရာ ကျော်အင်းတင်သာသနာကို လေ့လာရန် အင်းတင်သို့ လေ့လာရေးခရီး ရောက်ရှိ ခဲ့ပုံကို မှတ်တမ်းပြု ဖော်ပြလိုက်ပါ၏။

အရှင်တိက္ခာနန္ဒ(ကန်တောရ)



www.burmeseclassic.com

www.burmeseclassic.com



# သာသနာရောင် ထွန်းပြောင်ဝင့်ထည် မြို့ပျော်ဘွယ်မှ အံ့မှုယ်ထူးစွ မင်းရာမ မဟာစေတီတော်

မင်းသုခ

စာရေးသူသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့သို့ ကုမ္ပဏီလုပ်ငန်းတာဝန်ဖြင့် ၁၃၇၃ ခုနှစ်၊ နှစ်ဦးပိုင်းက ရောက်ရှိခဲ့သည်။ မိမိ၏လုပ်ငန်းတာဝန် ပြီးဆုံးသည်နှင့် ဓမ္မမိတ်ဆွေဖြစ်သူ "မိဘဂုဏ်စတိုး"ပိုင်ရှင် ဦးဖြူ+ဒေါ်ခင်မြင့်တို့ မိသားစုမှ မောင်ကဲကဲ၏ မော်တော်ဆိုင်ကယ်ဖြင့် ကုသိုလ်ယူပို့ဆောင်ပေးမှုကြောင့် အဆိုပါမြို့၏ ရှမ်းပွဲရပ်အရှေ့ပိုင်းတွင် တည်ငြိမ်သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူသော ရှေးဟောင်းသမိုင်းဝင် "မင်းရာမ မဟာစေတီတော်"နှင့် "မင်းရာမ ရုပ်ပွားတော်မြတ်"ကို သဒ္ဓါကြည်နူး မြော်ဖူးပူဇော်ကာ ကုသိုလ်တော်ယူခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com




## သာသနာဝင့်ထည် မြို့ပျော်ဘွယ်


မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့သည် ရန်ကုန်-မန္တလေး ကားလမ်း၊ ရထားလမ်းပေါ်နှင့် တောင်ကြီး-နတ်မောက်-မကွေးလမ်းပေါ်တွင် တည်ရှိသည်။

ရန်ကုန်မြို့နှင့် ၃၁၁ မိုင်၊ မန္တလေးမြို့နှင့် ၁၁၇ မိုင်၊ မိတ္ထီလာမြို့နှင့် ၂၇ မိုင်၊ တောင်ကြီးမြို့နှင့် ၉၇ မိုင်၊ နတ်မောက်မြို့နှင့် ၆၂ မိုင် အသီးသီးကွာဝေးပြီး ကားလမ်း၊ ရထားလမ်းဆုံရာ ဒေသဖြစ်၍ စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့ ဖြစ်သည်။

"ကိုယ့်မြို့ကိုယ့်ရွာ၊ ကိုယ့်သာသနာ၊ ကိုယ်သာမြှင့်မှ၊ မြင့်မည်ပ"ဟူသော ဆောင်ပုဒ်အရ ဒေသခံ သာသနာ့အာဇာနည် သူရဲကောင်းဆရာတော်၊ သံဃာတော် မဟာထေရ်မြတ်များ သာသနာတော်သုံးရပ်အတွက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်တော်မူကြခြင်း၊ ဘာသာရေးအလွန်ကိုင်းရှိုင်းကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ဘာသာသာသနာအကျိုးအတွက် သဒ္ဓါတရားထက်သန်စွာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်း အစရှိသည်တို့ကြောင့် တစ်မြို့နယ်လုံး၌ ဘုရားစေတီ မွေသရီနှင့် တန်ဆောင်းပြာသာဒ်၊ ကျောင်းဇရပ်တို့ စဉ်ဆက်မပြတ် အထပ်ထပ်တိုးတက်လာသလို ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိဘာဝနာ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် ဓမ္မရိပ်သာများပါ တံ့တံ့တည်တည်နှင့် ခန့်ခန့်ထည်ထည် တည်ရှိနေပါသည်။

ဤသို့ ဆရာဒကာ ညီညာစွာဖြင့် သာသနာစည်ပင်သာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှု အစရှိသည်တို့ကြောင့် ပျော်ဘွယ်မြို့နယ်မှာ သာသနာ့ဂုဏ်ရောင် ထွန်းပြောင်ထိန်လင်း၊ ဂုဏ်သတင်းမွှေးလျက်ရှိပြီး ရန်ဘယာဘေးမသန်းဘဲ အေးချမ်းစွာ တည်ရှိနေသည်ကို ဝမ်းမြောက်ဝမ်းသာစွာ မျက်ဝါးထင်ထင် ရှုမြင်ခဲ့ရသည်။

၎င်းအပြင် ပျော်ဘွယ်မြို့၏ ကြက်ပုံမကျ အလွန်စည်ကားလှသည့် ပွဲတော်မှာ မြို့နယ်လုံးကျွတ် ဘုံကထိန်ပွဲတော်ကြီးဖြစ်ပြီး ယမန်နှစ် ၁၃၇၃ ခုနှစ်က ရာပြည့်ပွဲ ဆင်နွှဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။






www.burmeseclassic.com

www.burmeseclassic.com

## “(မ)လေးလုံး (ရ)လေးလုံးမြို့”

ပျော်ဘွယ်မြို့ ၈-ရပ်ကွက်ကို “မ”လေးလုံး “ရ”လေးလုံး အမည်ဖြင့် မှည့်ခေါ်ထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းသည်။ “မ”လေးလုံးမှာ (၁) မြို့မရပ်ကွက်၊ (၂) မြင်းဘက်ရပ်ကွက်၊ (၃) မြို့သစ်ရပ်ကွက်နှင့် (၄) မန္တလေးရပ်ကွက် စသည်တို့ ဖြစ်ပြီး၊ “ရ”လေးလုံးမှာ (၁) ရန်အောင်ရပ်ကွက်၊ (၂) ရွှေပြည်ရန်လုံရပ်ကွက်၊ (၃) ရွှေပြည်ရန်နိုင်ရပ်ကွက်နှင့် (၄) ရှမ်းပွဲရပ်ကွက် စသည်တို့ဖြစ်ကြောင်း သိရှိမှတ်သားရသည်၊


## “နာမတွင်ကျယ် မြို့ပျော်ဘွယ်”

ကောဇာသက္ကရာဇ် ၁၁၈၆ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၂၅ ခုနှစ်) ဘကြီးတော်ဘုရားလက်ထက်တွင် ညောင်ရမ်းမင်းသားလေးသည် နယ်ပုံတော်သတ်မှတ်ရန်အတွက် ညောင်ရမ်းနယ်စွန်ရှိ ရမည်းသင်းငါးမြို့နယ်နှင့် စပ်ဆက်လျက်ရှိသော နေရာ (ယခု ပျော်ဘွယ်မြို့နေရာ)သို့ ရောက်လာသောအခါ



ဝါးတီး(ဝရီး)မြို့နှင့် ဘတ္တ(ဘဒ္ဒ)မြို့ နယ်စပ်မြို့ဝန် ဦးမှုံ(သီရိဝတ္တဗလအမတ်)ကို ခေါ်ပြီး စိမ့်စမ်းရေတံခွန်၊ သစ်ပင်ပန်းမန်တို့ဖြင့် ပျော်ရွှင်ဖွယ်ရာ အလွန်ကောင်းသော အခိုပါနေရာ၌ မြို့သစ်တည်ရန် အမိန့်တော်ချမှတ်ခဲ့သည်။

ထို့နောက် မြို့ဝန်ဦးမှုံသည် မြို့သစ်ကိုတည်ပြီး သာယာပျော်ရွှင်ဖွယ်ကောင်းသည့် နိမိတ်အရ မြို့အမည်ကို “ပျော်ဘွယ်မြို့”ဟု သမုတ်ခဲ့သည်။ မြို့တည်နှစ်ကို “ဥညြရာသီ၊ ပျော်ဘွယ်တည်၊ လူမည် ဦးမှုံမှတ်”ဟူသော လင်္ကာဖြင့် မှတ်သားခဲ့သည်။ (ဥညြရာသီ = ၁၁၈၆)



## “သမိုင်းအစ မင်းရာမ”

မင်းရာမ မဟာစေတီတော်ကို ကောဇာသက္ကရာဇ် ၇၂၀ ပြည့်နှစ်က ဝိဒေဟရာဇ်မင်းကြီး စတင်တည်ထားခဲ့ပြီး၊ ယခုအခါ နှစ်ပေါင်း ငါးရာကျော်ခဲ့ပြီ ဖြစ်သည်။ ၎င်းနောက် တောင်ငူဘုရင် မင်းကြီးညို (၈၄၇-၈၉၂)က ပြန်လည်ပြုပြင်တည်ထားခဲ့ကြောင်း စွယ်စုံကျမ်း အတွဲ(၇)၊ စာ(၉၇)အရ သိရှိမှတ်သားရသည်။ (အခြားမှုကွဲတစ်ခုမှာ တောင်ငူဘုရင် မင်းကြီးညိုက ကောဇာသက္ကရာဇ် ၉၀၀ ပြည့်နှစ်တွင် ပြန်လည်ပြုပြင်သည်ဟု တွေ့ရှိရသည်။) ထို့နောက် ကောဇာသက္ကရာဇ် ၉၄၅ ခုနှစ်မှ စတင်ပြီး ဝိရာဂမင်းလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



အထိ မင်းအဆက်ဆက်တို့ ဆက်လက်မွမ်းမံပြင်ဆင်ခဲ့ကြကြောင်း သိရှိရသည်။

တစ်ဖန် သက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် နာဂတိုင်းရင်းသား "ရာဂဝိဒေဟရာဇ်မင်းနှင့် မိရာမမင်းသမီး"တို့ ထပ်မံပြုပြင်ခဲ့ကြရာ ကျီ ၉ ကျီ၊ ထုတ် ၉ ထုတ်၊ ကျွဲ ၉ ရှဉ်း၊ ဆင် ၉ ကောင်၊ မြေ ၉ ကေနှင့် လက်ဝတ်ရတနာများပါ လှူဒါန်းခဲ့ကြောင်း မှတ်သားရသည်။

ကောဇာသက္ကရာဇ် ၁၁၈၆ ခုနှစ်၊ ဘကြီးတော်မင်းလက်ထက် ညောင်ရမ်းမင်းသား (အခြားမှုကွဲတစ်ခုမှာ ၁၂၄၅ ခုနှစ် သီပေါမင်းလက်ထက် ညောင်ရမ်းမင်းသားဟု ဖော်ပြထားသည်) တောကစားထွက်ခဲ့စဉ်က ပျော်ရွှင်ဖွယ်ရာကောင်းသယ့်ဂ္ဂ ဤနေရာ (ယခု ပျော်ဘွယ်မြို့တည်နေရာ)၌ မြို့ဝန်ဦးမွှံဒ၊ား မြို့သစ်တည်ရန် အမိန့်တော်ချမှတ်ခဲ့ကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဤသို့ မြို့ဝန်ဦးမွှံသည် မြို့တည်ရန်အတွက် လိုက်လံကြည့်ရှုပြီး အနားယူအပန်းဖြေနေစဉ် ခေါင်းလောင်းသံကြား၍ သွားကြည့်ရာ စေတီတော်ဟောင်းတစ်ဆူ (ယခု မင်းရာမ မဟာစေတီ)၏ လိုဏ်ဂူအတွင်း၌ စံပယ်တော်မူသော ရုပ်ပွားတော်မြတ်တစ်ဆူ (ယခု မင်းရာမရုပ်ပွားတော်မြတ်)ကို အမှတ်မထင် ဖူးမြော်တွေ့ရှိခဲ့သည်။

၎င်းရုပ်ပွားတော်မြတ်၏ ဝဲဘက်လက်ညှိုးတော်မှာ နှစ်ချောင်းပါရှိ၍ စုစုပေါင်း လက်ချောင်းတော် ခြောက်ချောင်းပါရှိနေသည်ကို ထူးဆန်းစွာ တွေ့ရှိရသည်။

## "မင်းရာမှတ် (သို့မဟုတ်) မင်းရာမ"

ညောင်ရမ်းမင်း၊ ဘတ္တမင်း(ဘဒ္ဒမင်း)၊ ဝါးတီး(ဝရီး)မင်းနှင့် မြို့လှမင်းတို့ မင်းလေးပါး ဆုံစည်းကြသည့်နေရာ သတ်မှတ်ခြင်းကို အစွဲပြု၍ ထိုစေတီတော်၏ ဘွဲ့နာမတော်ကို "မင်းရာမှတ်"ဟု ခေါ်တွင်လာခဲ့ကြရာမှ ကာလရွေ့လျောလာသည့်အခါ "မင်းရာမ"ဟု ခေါ်တွင်ကြပြန်သည်။

၎င်းအပြင် နာဂတိုင်းရင်းသား ရာဂဝိဒေဟရာဇ်မင်းနှင့် မိရာမမင်းသမီးလေးကို အစွဲပြု၍ "မင်းရာမ"ဟု ခေါ်တွင်ကြောင်းလည်း မှတ်သားရသည်။

## "ကြည်ညိုဖွယ်ရာ စေတီအတိုင်းအတာ"

စေတီတော်မြတ်ကြီး၏ ပထမပစ္စယံမှ ငှက်ပျောဖူးအထိ ဉာဏ်တော်အမြင့်မှာ ၅၈ ပေ၊ ၆ လက်မ ရှိသည်။ မုခ်နှစ်မုခ်၊ ဖောင်းလုံးပေ ၁၀၀၊ ထီးတော်အချင်း ၄ တောင့်ထွာ ရှိပြီး ရွှေထီးတော်ကို ရွှေသင်္ကန်းကပ်လှူပူဇော်ထား၍ ကြည်ညိုဖွယ်ကောင်းလှသည်။ အရံစေတီ၏ ဉာဏ်တော်မှာ အမြင့် ၉ ပေ ရှိသည်။

## "လေ့လာကြည်ညိုစရာ အဖြာဖြာ"

၄ ကေခန့် ကျယ်ဝန်းပြီး သန့်ရှင်းသာယာအေးမြလှသည့် ဘုရားဝတ္တကမြေအတွင်း၌ နောင်တော်ကြီးဘုရား၊ ခြေတော်ရာဘုရား၊ နဂါးရုံဘုရား၊ မင်းသုခရုပ်တော်မူဘုရား၊ ဗုဒ္ဓရုပ်ပွားတော်မြတ် ၄ ဆူ၊ မဟာဗောဓိပင်မှ ကြိုဟ်ရှစ်ခွင်ဘုရားများ စသည်တို့နှင့် ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ရုပ်ပွားတော်မြတ်တို့ သီတင်းသုံး စံပျော်တော်မူလျက်ရှိ၍ လှည့်လည်ကာ ကြည်ညိုပူဇော်နိုင်ပါသည်။ ယခုအခါ

www.burmeseclassic.com

လျှောင်းတော်မူဘုရားတစ်ဆူ နှစ်ပေါင်း ၁၀၀ ကျော် ကျွန်းသားဖြင့် ၉ ပေ ဉာဏ်တော်မြင့်သော မတ်တတ်ရပ်ပွားတော်မြတ်နှစ်ဆူနှင့် ပဉ္စဝဂ္ဂီငါးပါးရုပ်ပွားတော်တို့ကို ထုလုပ်ပူဇော်ပြီးဖြစ်ကြောင်း သိရှိရသည်။

ဤသို့ ဘုရားစေတီ မွေသရီများကို လှည့်လည်ဖူးမြော်ပူဇော်ကာ အဓိဋ္ဌာန်ပြုဆုတောင်းနိုင်ကြသလို၊ လက်ရာမြောက်လှသည့် နတ်လမ်းစောင်းတန်း၊ ဓမ္မာရုံမုခ်ဦး၊ မင်္ဂလာကန်တော်နှင့် ပန်းခြံ စသည်တို့၌လည်း စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ပါသည်။ အထူးသဖြင့် ကြံစည်တိုင်း အောင်နိုင်ရန်အတွက် "မဟာအောင်မြေ"ကိုနင်းကာ သစ္စာဆိုအဓိဋ္ဌာန်ပြုနိုင်ပါသည်။

## "ပုဒ္ဓပူနေ့ ထူးဘိပွဲတော်"

မင်းရာမ မဟာစေတီတော်၌ နှစ်စဉ် မြန်မာနှစ်ဆန်း ၁-ရက်နေ့တိုင်း "နှစ်ဦးတရားပွဲ"ကိုလည်းကောင်း၊ နှစ်စဉ်ကဆုန်လဆန်း ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်နေ့များတွင် ငါးရက်တိုင်တိုင် အသံမစဲ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲနှင့် ကဆုန်လပြည့်နေ့တွင် မြို့လုံးကျွတ် ညောင်ရေသွန်းပွဲတော်ကိုလည်းကောင်း၊ ဝါတွင်းကာလ ၁၃ ပတ်၌ ဥပုသ်သီတင်းနေ့တိုင်း ဓမ္မသဘင်ပွဲ ဆင်နွှဲကျင်းပခြင်းနှင့် နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့မှ လပြည့်ကျော် ၃ ရက်နေ့အထိ ဝက်ပါပွဲတော်နှင့် ဆီမီးငါးထောင်၊ ပန်းငါးထောင် ပူဇော်ပွဲကိုလည်းကောင်း ကျင်းပပြုလုပ်မြဲ ဖြစ်ကြောင်း သိရသည်။

## "ထူးခြားအံ့ဖွယ် တန်ခိုးတော်အသွယ်သွယ်"

မင်းရာမ မဟာစေတီတော်နှင့် မင်းရာမရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ဘုရားပရိဝုဏ်အတွင်း၌ ထူးခြားအံ့ဖွယ် တန်ခိုးတော်အသွယ်သွယ်ကို စိတ်ဝင်စားဖွယ်ရာ ကြားနာသိရှိခဲ့ရသည်။

၎င်းတို့မှာ (၁) ၁-၅-၁၉၉၅ ရက်နေ့က မင်းရာမ မဟာစေတီတော်မြတ်ကြီးအား ကြိုးကြာငှက်များ ထူးဆန်းစွာ လာရောက်ဖူးမြော်ခဲ့ခြင်း။


(၂) နွေရာသီကာလ ၉-၃-၂၀၀၇ ရက်နေ့၌ စေတီတော်တောင်ဘက်ရှိ သရက်ပင်ကြီး၏ ပင်စည်အလယ်ပိုင်းရှိ အခေါင်းပိတ်နေရာမှ သုံးမတ်ပိုက်လုံးအရွယ်ရှိ ရေပန်းများ အဆက်မပြတ် ပန်းထွက်နေသည်ကို ထူးဆန်းအံ့သြဖွယ်ရာ တွေ့မြင်ကြရခြင်း။ (ဓာတ်ပုံတွင် စက်ဝိုင်းဝိုင်းပြီး ပြထားသည်။)

(၃) မင်းရာမရုပ်ပွားတော်မြတ်၏ ဝဲဘက်လက်တွင် လက်ညှိုးတော်နှစ်ချောင်း ပါရှိ၍ စုစုပေါင်း လက်ချောင်းတော် ခြောက်ချောင်း ထူးခြားစွာပါရှိခြင်း။

(၄) မင်းရာမရုပ်ပွားတော်မြတ်၏ လက်မောင်းတော်၌ အပေါက်ဖြစ်နေ၍ လာရောက်ဖာထေးပြုပြင်ပေးရန် ဂေါပကအဖွဲ့ နာယကကြီးတစ်ဦးအား အိပ်မက်ပေးချက်အရ သွားရောက်ကြည့်ရှုရာ အမှန်တကယ် အိပ်မက်ထဲကအတိုင်း ဘုရား၏လက်မောင်းတော်၌ အပေါက်တစ်ပေါက် တွေ့ပြီး ၎င်းအပေါက်ထဲရှိ ဓာတ်တော်မွေတော်များမှ ရောင်ခြည်တော် ကွန့်မြူးနေသည်ကို အံ့သြစွာ ဖူးမြော်ရခြင်း။

(၅) ရှေးယခင်က ဘုရားပွဲတော်၌ ပျော်ပွဲရွှင်ပွဲ၊ ဇာတ်ပွဲများထည့်တိုင်း ရုတ်တရက် မိုးကြီးလေကြီးကျပြီး ပွဲပျက်ခြင်း၊ ပွဲမစည်ကားခြင်း။ (နောက်ပိုင်း ၁၉၉၅ ခုနှစ်မှ စပြီး ဘုရားပွဲတော်၌ ပျော်ပွဲရွှင်ပွဲများ မထည့်တော့ဘဲ ဓမ္မသဘင်ပွဲနှင့် ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပွဲများဖြင့်သာ ဓမ္မအနှစ်သာရရှိရှိ ကျင်းပပြုလုပ်လာကြသည်။)

(၆) တစ်ခါက ၆ နှစ်အရွယ် ကလေးငယ်တစ်ယောက် နဂါးရုံဘုရား သီတင်းသုံးတော်မူရာ ၉ ပေခန့်နက်သည့် ရေကန်အတွင်းသို့ ကျသွားပြီး ၄၅ မိနစ်ခန့်ကြာမှ သိရကြောင်း၊ ထိုသို့သိသိချင်း ရေကန်အတွင်းသို့ ဆင်းဆယ်ရာ ရေတွင်မနစ်ဘဲ လူသေကောင်ကဲ့သို့ ပေါလောပေါ်နေ





www.burmeseclassic.com

www.burmeseclassic.com

သော ကလေးငယ်မှာ မသေဘဲ ကောင်းစွာ အသက်ရှင်နေသည်ကို အံ့သြစွာ တွေ့ရကြောင်း။

(၇) မင်းရာမ မဟာစေတီနှင့် မင်းရာမရုပ်ပွားတော်မြတ်အား ယုံကြည်သဒ္ဓါ ထက်သန်စွာဖြင့် ဖူးမြော်ကြည်ညို ပြီး၊ အဓိဋ္ဌာန်ပြုဆုတောင်းပါက တောင်းသောဆုနှင့် ပြည့်စုံခြင်း၊ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းစေနိုင်ခြင်း အစရှိသည့် ထူးခြားအံ့ဖွယ် တန်ခိုးတော်အသွယ်သွယ်ရှိကြောင်း သိရသည်။ ထို့ကြောင့် ဆီမီး၊ ရေချမ်း၊ ပန်းများဖြင့် လာရောက်လှူဒါန်းပူဇော်ကာ အဓိဋ္ဌာန်ပြုဆုတောင်းသူများဖြင့် စည်ကားလျက်ရှိသည်။

## "သဒ္ဓါကြည်ဖြူ ပေးလှူလိုလျှင်"

ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ လမ်းညွှန်မှုကို ခံယူလျက်ရှိကြသည့် နာယကဦးအိထွေး(အလှူငွေအား+ စေတနာလုပ်အားဖြင့် သာသနာပြုသူ)နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၁၃၆၈ ခုနှစ်က ကျပ်ငွေသိန်းပေါင်း ၁၀၀၀ ကျော်(သိန်းပေါင်းတစ်ထောင်ကျော်)ဖြင့် စေတီတော်ဘက်စုံလုပ်ငန်းများကို ပြန်လည်မွမ်းမံခဲ့ကြသည်။ ၎င်းအပြင် မင်းရာမ မဟာစေတီတော်ကိုလည်း လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြ၍ စေတီတော်မှာ နေရောင်အောက်မှာ ရွှေတောင်ပေါက်သည့်ပမာ ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်ကြည်နူး၊ မြော်ဖူး၍မဝနိုင်အောင် ကြည်ညိုဖွယ်ကောင်းလှသည်။ သို့ဖြစ်၍ ပျော်ဘွယ်မြို့သို့ တစ်ခါတစ်ခေါက် ရောက်လာပါက သန္တိသုခအေးမြလှသည့် "မင်းရာမ မဟာစေတီတော်"၏ ခြေတော်ရင်း၌ ဝပ်စင်းကော်ရော် ဖူးမြော်ပူဇော်ရင်း ပုတီးစိပ်အဓိဋ္ဌာန်ပြုကာ မြတ်ဘာဝနာကမ္မဋ္ဌာန်းကို ထပ်အခါခါစီးဖြန်းအားထုတ်နိုင်ကြပါကြောင်း ဂေါပကအဖွဲ့၏ကိုယ်စား လေးစားစွာ တိုက်တွန်းနှိုးဆော်ဖိတ်ခေါ်အပ်ပါသည်။

ယခုအခါ ကမ္ဘာတည်ငွေပဒေသာပင် အလှူငွေ၏ အတိုးအပွားနှင့် သဒ္ဓါကြည်လင်ပါရမီရှင် သူတော်စင်အပေါင်း လာရောက်လှူဒါန်းကြသည့် အလှူတော်ငွေများဖြင့် စေတီတော်၏ ဘက်စုံလုပ်ငန်းများကို နာယကအဖွဲ့၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌအပါအဝင် ဒု-ဥက္ကဋ္ဌဦးမြင့်ဇော်ဦးနှင့် အဖွဲ့ဝင်များက စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ပါရမီရှင်သူတော်စင်များ သဒ္ဓါကြည်ဖြူပေးလှူလိုပါက မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့ "မင်းရာမ မဟာစေတီတော်" ဂေါပကအဖွဲ့ရုံးဖုန်း ၀၆၄-၄၉၆၄၀၊ ဦးလင်းနိုင်ဌေး (အတွင်းရေးမှူး) ဖုန်း ၀၉၄၀၂၆၄၃၅၇၂၊ ဦးတရုတ်ကြီး(အဖွဲ့ဝင်) ဖုန်း ၀၉၄၃၀၁၇၆၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(နိဗ္ဗာနသဿ ပစ္စယော ဟောတု)

**■ မင်းသုခ**

**ဝန်ခံချက်** ॥ ॥ သမိုင်းအချက်အလက်များ ကွဲပြားလွဲမှားမှု ဖြစ်ပါက စာရေးသူ၏ အမှတ်မှားခြင်းသာ ဖြစ်ပါသည်။

**ကျေးဇူးတင်လွှာ** ॥ ॥ ဂေါပကအဖွဲ့ဝင် ဦးတရုတ်ကြီး၊ ဦးထွန်းရီ၊ ဦးတင်လှိုင်၊ မိဘဂုဏ်စတိုးမိသားစုနှင့် ဓမ္မမိတ်ဆွေ ဦးအောင်မြင့်တို့အား ကျေးဇူးအထူးတင်ရှိပါသည်။

**ညွှန်း**

(၁) မင်းရာမ မဟာစေတီတော် ကျောက်စာနှင့် သမိုင်းလက်ကမ်းစာစောင်။

(၂) ပျော်ဘွယ်မြို့ မြို့ကန်ဦးပရိယတ္တိစာသင်တိုက်၊ ဓမ္မလင်းရောင်ခြည်စာစောင်၊ ၁၃၆၇ ခုနှစ်။

(၃) MRTV(4) ထုတ်လွှင့်ချက်။


(၄) ကိုယ်တိုင်သွားရောက်လေ့လာမှတ်သားချက်များ။





www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော်မြို့ သာသနာ့ဟိတာရာမပုခန်းကျောင်းတိုက်

ပဓာန နာယက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်

# မဟာသဒ္ဓမ္မဇောတိကဓဇ
# ဘဒ္ဒန္တပညာသာမိ မဟာထေရ်

■ ထွန်းအောင်(ပန်းတနော်)

www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော်မြို့ ပုခန်းကျောင်းတိုက်ဆရာတော်
မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိ

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်၊ သာသနာ့ဟိတာရာမ ပုခန်းကျောင်းတိုက်ကြီး၏ ပဓာန နာယက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ ဆရာတော်သည် တစ်မြို့နယ်လုံးရှိ ရဟန်းရှင်လူအများ၏ ကြည်ညိုလေးစားမှုကို ခံယူတော်မူရပေသည်။ အသက်အရွယ် ကြီးရင့်ပြီဖြစ်သော်လည်း သာသနာချစ်စိတ်ဓာတ်နှင့် သာသနာပြုအားမာန်တို့ကို လုံးဝလျှော့ချခြင်းမရှိ‌ေချ။ သာသနာရေးနှင့် ပတ်သက်လာလျှင် အသက်ကိုပင် မငဲ့ကွက်၊ ဥတုရာသီမရွေး၊ နေရာဒေသမရွေး ကြွရောက်ဆောင်ရွက်လျက်ရှိသည်။ သို့ပါသောကြောင့် လင်္ကာပေသလထေရ၊ သိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံသဖြင့် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအား ရေးသားချီးကျူးပူဇော်လိုက်ရပါသည်။


××× ×××



ပုခန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



## သာသနာ့သောဘဏီသိမ်တော်ကြီး

**ဖွားမြင်တော်မူခြင်း**

ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကန်စွန်းအင်းကျေးရွာ ခမည်းတော် ဦးမောင်စိန်၊ မယ်တော် ဒေါ်လုံမေတို့မှ ၁၃၀၁ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားတော်မူခဲ့ပါသည်။ ငယ်မည်မှာ မောင်အောင်မြင့်ဖြစ်၍ မွေးချင်း လေးယောက်အနက် စတုတ္ထမြောက် သားရတနာဖြစ်ပါသည်။

××× ×××

**ရှင်ရဟန်းပြုခြင်းနှင့် စာပေသင်ကြားခြင်း**

၁၃၁၆ ခုနှစ်၊ ၁၅ နှစ်အရွယ်တွင် ဓနုဖြူမြို့နယ်၊ ကန်စွန်းအင်းကျေးရွာ၊ ရွာလယ်ကျောင်းဆရာတော် ဦးနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ အမိအဖတို့၏ ပစ္စယာနုဂ္ဂဟာဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ရှင်သာမဏေဘွဲ့အမည်မှာ ရှင်ပညာသာမိ ဖြစ်ပါသည်။ ထို့နောက် ၁၃၂၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့တွင် ဓနုဖြူမြို့ ခင်မကန်ကျောင်းဆရာတော် ဘဒ္ဒန္တသုတကို ဥပဇ္ဈာယ်ပြု၍ ယင်းကျောင်းခဏ္ဍသိမ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ရဟန်းဒါယကာ၊ ဒါယိကာမများမှာ ဓနုဖြူမြို့မှ ဦးအောင်မြတ်+ဒေါ်သန်းညွန့်မိသားစုတို့ ဖြစ်ပါသည်။

ဆရာတော်သည် ဓနုဖြူမြို့ ရွှေဂူကျောင်းဆရာတော် ဦးသောဘိတထံတွင် အခြေခံပရိယတ္တိစာပေများကို သင်ယူပြီး ရဟန်းဖြစ်တော်မူလျှင် မန္တလေးမြို့ သင်္ဂဇာတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကဝံသ၊ မြင်းဝန်တိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တနှင့် စာချအကျော် ဆရာတော်များထံတွင် ကျမ်းရိုးပေါက်သင်ယူခဲ့ပြီး မူလဓမ္မာစရိယအောင်မြင်တော်မူခဲ့ပါသည်။

www.burmeseclassic.com

**သီတင်းသုံးဖို့ ပန်းတနော်သို့**

၁၃၂၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့ နံနက် ၈ နာရီ ၃၀ မိနစ်တွင် ပန်းတနော်မြို့ ရွှေမြင်း-ရွှေစွန်ညီ ဆေးလိပ်ခုံပိုင်ရှင် ဘုရားဒါယကာ ဦးချင်း၊ ဒေါ်ကျင်မေနှင့် ဦးဖိုးတက်၊ ဦးအောင်ရွှေ၊ ဓနုဖြူမြို့မှ မူလ တန်းကျောင်းအုပ်ဆရာကြီး ဦးထွန်းတင်တို့မှ ဆရာတော် သီတင်းသုံးရာ ဓနုဖြူမြို့ ရွှေဂူကျောင်းတိုက်သို့ ရောက်ရှိပြီး ပန်းတနော်မြို့ သာသနာ့ဟိတရာမ ပခန်းကျောင်းတိုက်ရှိ ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပေး ရန် လျှောက်ထားခဲ့ပါသည်။ ကျေးဇူးရှင် ရွှေဂူဆရာတော် ဦးသောဘိတမှ ခွင့်ပြုသဖြင့် ပန်းတနော်မြို့ ပခန်းကျောင်း တိုက်သို့ ကြွရောက်ခဲ့ပါသည်။

၁၃၂၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့တွင် ပန်းတနော်မြို့ပေါ်ရှိ ကျောင်းထိုင်သံဃာတော် များအား ပင့်၍ နေ့ဆွမ်းဆက်ကပ်၊ စည်းဝေးကာ ပခန်း ကျောင်းတိုက်ကြီး၏ တတိယဆရာတော် ဦးအာလောကမ စာချဆရာတော် ဦးပညာသာမိအား တိုက်အုပ်ဆရာတော် အဖြစ် တာဝန်ပေးခဲ့ပါသည်။ တံတားဦးကျောင်းတိုက်၊ ဂိုဏ်း ချုပ်ဆရာတော်မှလည်း သဘောတူညီခဲ့ပါသည်။

၁၃၃၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ သောကြာနေ့တွင် တတိယပခန်းဆရာတော် ဦးအာလောက ပျံလွန်တော်မူခဲ့၍ ကျောင်းတိုက်တွင်ကျန်ရှိသော သံဃာ ၂၃ ပါးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ တံတားဦးကျောင်း တိုက် ဂိုဏ်းချုပ်ဆရာတော်ကြီးတို့မှ တိုက်အုပ်ဆရာတော် ဦးပညာသာမိအား ပခန်းကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်အဖြစ် တင်မြှောက်ကြသဖြင့် ယနေ့အချိန်ထိ ပခန်း ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိပါသည်။

××× ×××

**သာသနာရေး ဆောင်ရွက်ပေး**

၁၂၆၆ ခုနှစ်၊ ပခန်းကျောင်းတိုက်၏ ပထမဆရာတော် ဦးပရမဇေနှင့် လယ်တီဆရာတော်၊ သံယုတ်ဆရာတော်တို့ ဦးဆောင်သမုတ်ခဲ့သည့် "သာသဏသောဘဏီ" သိမ်တော် ကြီးအား ၁၃၃၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့ တွင် ပြန်လည်ပြုပြင်ခဲ့ပါသည်။ ထို့နောက် သိမ်တော်ကြီး၏ ခေါင်းရင်းတွင် ယိုယွင်းပျက်စီးပြီး ချုံနွယ်များ ဖုံးအုပ်နေသည့် စေတီတစ်ဆူရှိရာ မည်သည့်စေတီအမျိုးအစား ဖြစ်သည်ကို ခွဲခြားသိနိုင်ရန်အတွက် ရန်ကုန်မြို့ အလုံအောင်မင်္ဂလာ ကျောင်းတိုက် ပဓာန နာယက၊ ပခန်းကျောင်းတိုက် ပထမ ဆရာတော်ကြီး၏ တပည့်ဖြစ်ခဲ့သည့် ဘဒ္ဒန္တတေဇိန္ဒထံ မေး လျှောက်ခဲ့ရာ ပခန်းကျောင်းတိုက် ပထမဆရာတော်ကြီးကိုယ် တိုင် ကြည်ညိုဦးခိုက်ခဲ့သည့် ဓာတ်တော်စေတီဖြစ်ကြောင်း သိခဲ့ရပါသည်။

သို့ဖြစ်ပါသောကြောင့် ၁၃၃၇ ခုနှစ်တွင် ပန္နက်ရိုက် ပြုပြင်ခဲ့ရာ ၁၃၄၂ ခုနှစ်တွင် ပြီးစီးအောင်မြင်ပြီး "လောက မာန်အောင် ဆုတောင်းပြည့်စေတီ" ဟု ဘွဲ့အမည်သမုတ်ခဲ့ ကာ နှစ်စဉ် နတ်တော်လတွင် ဗုဒ္ဓပူဇနီယဘုရားပွဲကို ကျင်းပ ခဲ့ပါသည်။

ဆရာတော်သည် ကျောင်းတိုက်အတွင်း၌ "မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၁၅၉)" ကို ဦးစီးတည်ထောင်၍ ဝါတွင်းတစ် ကြိမ်၊ သင်္ကြန်ရက်များတွင် တစ်ကြိမ်၊ ဒီဇင်ဘာလတွင်တစ် ကြိမ် ၇ ရက်၊ ၁၀ ရက် တရားစခန်းပွဲများ ပြုလုပ်၍ ယောဂီသူတော်စင် ၃၀၀ ကျော်ဖြင့် ဝိပဿနာအလုပ်ပေး တရားများ ပြသခဲ့ရာ ယခုအခါ ၇၉ ကြိမ်အထိ ရှိခဲ့ပါသည်။

ဆရာတော်ကြီးသည် ရဟန်းသာမဏေ ၉၀ ကျော် အား လက်ခံ၍ ငယ်၊ လတ်၊ ကြီး အတန်းအသီးသီးမှ ပရိယတ္တိစာပေများကို ကိုယ်တိုင်ပို့ချခြင်း၊ စာချကိုယ်တော် များမှ ပို့ချခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် မိဘမဲ့ ရှင်မပြုနိုင်သော ကလေးများကိုလည်း သာမဏေအဖြစ် ဆောင်ရွက်ပေးပြီး အခြားဘာသာဝင် ၁၀၀ ကျော်ကိုလည်း ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်လာစေရန် ဟောပြောစည်းရုံး ခဲ့ပါသည်။ မြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များကိုလည်း နှစ်စဉ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ပြုလုပ်ပို့ချခဲ့ပါသည်။ ပန်းတနော်မြို့နယ်၊ ရေပေါ်ရေလဲကျေးရွာ၊ သုခိတာရုံ ညောင် ပင်ကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ဩဝါဒစရိယဆရာတော်အဖြစ် ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သော စာရေးခုံ၊ ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဖောင်တိန်၊ အဝတ်အထည်နှင့် အခြား အသုံးအဆောင်ပစ္စည်းများကို နှစ်စဉ်မပြတ် ထောက်ပံ့လှူဒါန်း ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် မြို့နယ်အတွင်းရှိ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သဖြင့် ၁၃၄၂ မှ ၁၃၄၄ ခုနှစ်အထိ ရပ်/ကျေး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ၁၃၄၄ မှ ၁၃၄၆ ခုနှစ်အထိ မြို့နယ်သံဃနာယကအဖွဲ့ အမှုဆောင်၊ ၁၃၄၆ မှ ၁၃၅၁ ခုနှစ်အထိ မြို့နယ်သံဃနာယကအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ ၁၃၅၁ မှ ၁၃၆၉ ခုနှစ်အထိ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ၁၃၇၀ ခုနှစ်မှ ယနေ့ထိ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်အဖြစ် သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်အတွင်းရှိ ရဟန်းသံဃာတော်များမှ ရွေးချယ်တာဝန်ပေးခြင်း ခံခဲ့ရပါသည်။

မြို့နယ်အတွင်း သာသနာဖွံ့ဖြိုးတိုးတက်ရေးများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သဖြင့် မဟာထေရ ပရိယတ္တိ ဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမဂုဏ်တို့ဖြင့် ပြည့်စုံတော်မူခဲ့သဖြင့် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ "မဟာသဒ္ဓမ္မ ဇောတိကဓဇ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူခြင်း ခံခဲ့ရပါသည်။

ဆရာတော် ဦးပညာသာမိသည် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖြစ် တာဝန်ပေးခံရပြီးနောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးတွင် ဝါတွင်းလေးလ နှစ်ကြိမ်ခန့် နိုင်ငံတော်ဗဟိုသံဃနာယက ကိုယ်စား သွားရောက်သီတင်းသုံးပြီး သာသနာရေးကိစ္စများကို ဆောင်ရွက်ပေးခဲ့ရပါသည်။

ဆရာတော်ဦးပညာသာမိသည် သာသဏသောဘဏီ သိမ်တော်ကြီး၏ ခြေရင်းဘက်တွင် မုဥ္စလိန္ဒာအိုင်နှင့် နဂါးလိမ်ဘုရားတစ်ဆူအားလည်း ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်တွင် ပန္နက်ရိုက်၍ တည်ထားခဲ့ရာ ၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်၊ သောကြာနေ့တွင် ပြီးစီးအောင်မြင်ပြီး ယနေ့တိုင် ဖူးမြော်ကြည်ညိုနိုင်ခဲ့ပါသည်။

ဆရာတော်ဦးပညာသာမိသည် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာသို့လည်း တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပို့ဆောင်မှုဖြင့် သုံးကြိမ်ကြွရောက်ဖူးမြော်နိုင်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ ဧရာဝတီတိုင်း နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသောကြောင့် မြောင်းမြ၊ လပွတ္တာ၊ ဘိုကလေးမြို့နယ်များသို့ ခုနစ်ကြိမ် သွားရောက်၍ ဆန်အိတ်၊ စောင်၊ ခြင်ထောင်၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာ စုစုပေါင်း ၅၂ သိန်းတန်ဖိုးကို သွားရောက်လှူဒါန်းနိုင်ခဲ့ပါသည်။

ဆရာတော်ကြီးသည် သုံးပါးအသိ၊ လေးပါးအသိ မြင်အောင်ကြည့်၊ ယောဂီများသိမှတ်ဖွယ်ရာ၊ လောကမာန်အောင်ဆုတောင်းပြည့်စေတီသမိုင်း၊ ဗုဒ္ဓဘာသာ အခြေခံသိမှတ်စရာ၊ တန်ဖိုးရှိမှ ချမ်းသာရ၊ ကပိုင်ဆရာတော်၏ ဩဝါဒကထာ၊ ရွှေဂူဆရာတော်၏ ဂုဏပူဇာထေရုပ္ပတ္တိအထား၊ သုဓမ္မာနိကာယ စည်းမျဉ်းဥပဒေ၊ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်၊ ဒုလ္လဘငါး လူကြိုက်များ တရားတော်၊ သာသနာ့ဝိသောဓနီကျမ်း စသည့် စာအုပ်များကိုလည်း ပြုစုရေးသား ထုတ်ဝေခဲ့ပါသည်။

ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက်၊ သာသနာ့ဟိတာရာမ ပခန်းကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ သီလ၊ သမာဓိ၊ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံတော်မူသော နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိမဟာထေရ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန် စေတနာရှေ့ထား၍ ရေးသားပူဇော်လိုက်ရပါသည်။

××× ×××

**ဆရာတော်ဦးပညာသာမိ၏ ဩဝါဒ**

၁။ ကြည့်ကောင်းအောင်သွား၊ ကြားကောင်းအောင်ပြော၊
စားကောင်းအောင်လုပ်၊ ရုပ်နဲ့နာမ်အကဲခတ်
ဘယ်တော့မှ ထမင်းမငတ်၊ ဘယ်တော့မှ အပါယ်မကျ။

၂။ ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။
အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။
လေးစားထိုက်သူဖြစ်အောင် စင်ကြယ်ရမယ်။

ထူးအောင်(ပန်းတနော်)




www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဃာသနာတော်ကြီး နှစ်ပေါင်းကုဋေကုဋာ ကမ္ဘာအဆက်ဆက်တည်စေသော်

မင်းရွှေမင်း(တောင်ကုတ်)




အိန္ဒိယနိုင်ငံ
ကုသိနာရုံဆရာတော်
ဒေါက်တာဘဒ္ဒန္တဉာဏိဿရ
(အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာ သဒ္ဓမ္မ
ဇောတိကဓဇ)



www.burmeseclassic.com


www.burmeseclassic.com



ကြေးပိဋကတ်ပြုလုပ်လှူဒါန်းရေး ဦးဆောင်
ဆရာတော် ဘဒ္ဒန္တဉာဏ
(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝါတော် ၄၅ ဝါ (၄၅ နှစ်တာကာလ)ကြာအောင် မနားမနေ ဝေနေယျသတ္တဝါအပေါင်းတို့အား ကြီးမားလှစွာသော မဟာကရုဏာတော်ဖြင့် တရားဓမ္မများ ဟောကြားညွှန်ပြတော်မူခဲ့သည်။ ထိုတရားဓမ္မပေါင်း မြောက်မြားစွာတို့၏ အနှစ်ချုပ်ဖြစ်သော သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်ဟူ၍ ပိဋကတ်သုံးပုံ ဖြစ်ပေါ်လာခဲ့သည်။ အဆိုပါ ပိဋကတ်သုံးပုံ မကွယ်မပျောက် မမေ့မပိန်ရစေရန်နှင့် ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့စေရန် ရည်ရွယ်ချက်ဖြင့် ခေတ်အဆက်ဆက် သင်္ဂါယနာခြောက်တန် တင်လှူထိန်းသိမ်းလာခဲ့ကြရာ ပထမဆုံးသော သင်္ဂါယနာတင်လှူပွဲကြီးကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး သုံးလအကြာ၊ သာသနာသက္ကရာဇ် (၁)ခုနှစ်၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းလက်ထက်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာတို့က ရဟန်းသံဃာအပေါင်း ၅၀၀ တို့ဖြင့် ခုနစ်ရက်တိုင်တိုင် အာဂုံရွတ်ဆို၍ **'ပထမသင်္ဂါယနာ'**တင်လှူကာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ထို့နောက် သာသနာသက္ကရာဇ် ၁၀၀ (နှစ်ပေါင်းတစ်ရာကြာသည့်အခါ) ဝေသာလီပြည့်ရှင် အသောကမင်းလက်ထက်၌ ရဟန္တာအရှင်ယသမထေရ်မြတ်နှင့် ရဟန်းသံဃာ ၇၀၀ တို့ဖြင့် **'ဒုတိယသင်္ဂါယနာ'**ကို ရှစ်လကြာ အာဂုံရွတ်ဆို၍ တင်လှူတော်မူခဲ့ကြသည်။ ထို့နောက် နှစ်ပေါင်း ၂၃၅ နှစ်ကြာသောအခါ ပါဋလိပုတ်ပြည့်ရှင် ဘုရင်သီရိဓမ္မာသောကမင်းကြီးလက်ထက် ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က **'တတိယသင်္ဂါယနာ'**ကို ရဟန်းသံဃာ ၁၀၀၀ တို့ဖြင့် ကိုးလတိုင်တိုင် ကြာသည်အထိ ပိဋကတ်သုံးပုံ အာဂုံရွတ်ဆို၍ ထိန်းသိမ်းတင်လှူတော်မူခဲ့ကြသည်။

ထိုထိုသော သံဃာပေါင်းမြောက်မြားစွာတို့၏ ဝီရိယစွမ်းအား၊ စေတနာသဒ္ဓါတရား ထက်မြက်မှု ကျေးဇူးတော်များကြောင့် ဗုဒ္ဓသာသနာတော်သည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံမြန်းတော်မူပြီး နှစ်ပေါင်း ၄၅၀ အထိ တည်တံ့ထွန်းလင်းရှင်သန်လျက်ရှိနေခဲ့ပါသည်။ သို့သော် အဆိုပါသင်္ဂါယနာတင် နှုတ်တိုက်အာဂုံရွတ်ဆိုတော်မူခဲ့ကြသော သံဃာတော်အရှင်သူမြတ်များ ကွယ်လွန်ပျောက်ကွယ်သွားခဲ့ကြပြီး နောက်ပိုင်းကာလများတွင်



ပိဋကတ်များကို ကြေးသွန်းထားသော
ကြေးပြားချပ်များထည့်သည့် ကြေးသေတ္တာ

www.burmeseclassic.com

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာ မှေးမှိန်ပျောက်ကွယ်ခဲ့ရကာ ဗုဒ္ဓသာသနာကို မယုံကြည် မကြည်ညိုသော ဘုရင်မင်းမြတ်တို့က ဗုဒ္ဓဘာသာဝင် သံဃာတော်များကို နှိပ်ကွပ်နှိမ်နင်းလာကြသဖြင့် ဗုဒ္ဓရဟန်းရှင်အမြောက်အမြား သီဟိုဠ်နိုင်ငံသို့ ထွက်ပြေးပြောင်းရွှေ့ သီတင်းသုံးနေထိုင်တော်မူကြရသည်။

ထို့ကြောင့် ဗုဒ္ဓသံဃာတော်အများအပြားစုဝေးရာ သီဟိုဠ်နိုင်ငံ၌ ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပ စည်ပင်ထွန်းကားလာခဲ့ရပေသည်။ သီဟိုဠ်ဘုရင် ဝဋ္ဋဂါမဏိမင်းလက်ထက် အရှင်မဟာဓမ္မရက္ခိတမထေရ်မြတ် အမှူးပြု၍ ပိဋကတ်ကျွမ်းကျင် နှုတ်တိုက်အာဂုံရွတ်ဆိုနိုင်သော သံဃာတော် ၅၀၀ တို့ဖြင့် ၁၂ လတိုင် ကြာမြင့်သည့်အထိ **'စတုတ္ထ သင်္ဂါယနာ'** တင်လျှောက်မူခဲ့ကြသည်။ ထိုစတုတ္ထအကြိမ် သင်္ဂါယနာတင်လျှပွဲ၏ ထူးခြားချက်မှာ ယခင်က သင်္ဂါယနာသုံးကြိမ်ကို အိန္ဒိယနိုင်ငံ၌ တင်လျှုခဲ့စဉ်က မှတ်တမ်းတင်ထားခြင်းမရှိဘဲ အာဂုံနှုတ်တိုက် ရွတ်ဆိုခဲ့ကြသဖြင့် မှတ်တမ်းမကျန်သော ဗုဒ္ဓသာသနာမှာ အာဂုံနှုတ်တိုက်ရွတ်ဆိုနိုင်သော ရဟန်းသံဃာတို့ ကွယ်ပျောက်သွားပြီးသည့်နောက်ပိုင်းတွင် ဗုဒ္ဓသာသနာတော်သည်လည်း တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားခဲ့ရသည်ကို နမူနာသင်ခန်းစာယူ၍ ယခု သီဟိုဠ်နိုင်ငံ၌ တင်လျှုသော (စတုတ္ထ)သင်္ဂါယနာတင် ပိဋကတ်သုံးပုံကို ပေရွက်ပေါ်၌ အက္ခရာရေးမှတ်၍ (ပေထက်အက္ခရာ) တင်လျှုတော်မူနိုင်ခဲ့ကြသဖြင့် ဗုဒ္ဓသာသနာမကွယ်ပျောက်ဘဲ အစဉ်ထွန်းလင်းစည်ပင်နေခဲ့ပေသည်။

သို့နောက်တစ်ဖန် သာသနာသက္ကရာဇ် ၂၄၁၅ ခုနှစ်၊ ခရစ်နှစ် ၁၈၇၁ ခု၊ မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် (သီဟိုဠ်နိုင်ငံ၌ ပေထက်အက္ခရာ စတုတ္ထသင်္ဂါယနာ တင်တော်မူပြီး နှစ်ပေါင်း ၁၉၆၅ နှစ်ကြာသောအခါ မြန်မာနိုင်ငံရတနာပုံမြို့တည်နန်းတည် ဘဝရှင်မင်းတုန်းမင်းတရားကြီး လက်ထက်တော်၌ ဗုဒ္ဓဘာသာကို ကြည်ညိုလေးမြတ်သော စိတ်ဓာတ်ဖြင့် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့စေရန် ရည်သန်လျက် သီဟိုဠ်နိုင်ငံက ပေပိဋကတ်တော်များကို အဆင့်ဆင့်ကူးယူကာ မူကွဲပေါ်ပေါက်လာခြင်းကို အကြောင်းပြု၍ ပိဋကတ်ကျွမ်းကျင် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များအား ပင့်ဖိတ်၍ အရှင်ဇာဂရာဘိဝံသ(တိပိဋကဓရ မဟာဓမ္မရာဇာဂုရု) ဘွဲ့တံဆိပ်တော်ရ နန်းမတော်ဆရာတော် ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော်ကြီးကို အမှူးထားလျက် ကျမ်းတတ်စာတတ် ရဟန်းသံဃာအပါး ၂၄၀၀ တို့က ၇ နှစ်၊ ၆ လ၊ ၁၄ ရက်တိုင်တိုင် ကြာသည်အထိ **'ပဉ္စမသင်္ဂါယနာ'** တင်လျှုတော်မူခဲ့ကြသည်။

အဆိုပါ **'ပဉ္စမသင်္ဂါယနာ'**၏ ထူးခြားချက်မှာ သီဟိုဠ်နိုင်ငံ စတုတ္ထသင်္ဂါယနာတင်သကဲ့သို့ ပေထက်အက္ခရာမဟုတ်ဘဲ ဗုဒ္ဓသာသနာအဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်လျက် ကျောက်သလင်းဖြင့် ထုထွင်းရေးမှတ်၍ ကျောက်ပိဋကတ်တော်ကြီးအဖြစ် ကျောက်ထက်အက္ခရာတင်လျှုတော်မူခဲ့သည်။ အဆိုပါ ကျောက်ထက်အက္ခရာတွင် ကျောက်ဘာအချပ်ပေါင်း ၇၂၉ ချပ်နှင့် ပိဋကတ်မော်ကွန်းကျောက်စာတစ်ချပ် အပါအဝင် ကျောက်စာပြားအချပ်ပေါင်း ၇၃၀ ကို စိုက်ထူတင်လျှုတော်မူခဲ့သဖြင့် ဗုဒ္ဓသာသနာသည် ယနေ့တိုင် ထွန်းလင်းတောက်ပနေဆဲ ဖြစ်သည်။


ထို့နောက်တစ်ဖန် အဆိုပါ ပဉ္စမသင်္ဂါယနာတင်လျှု၍ ကျောက်ထက်အက္ခရာဖြင့် တင်လျှုတော်မူပြီးနောက် နှစ်ပေါင်း ၈၂ အကြာ သာသနာသက္ကရာဇ် ၂၄၉၈၊ မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ခရစ်နှစ် ၁၉၅၄ ခုနှစ်၊ မြန်မာ့လွတ်လပ်ရေးရပြီးခါစ ဖဆပလအစိုးရလက်ထက် သူ့ကျွန်ဘဝဖြင့် နှစ်ပေါင်းတစ်ရာမျှ သာသနာရောင်ဝါ ညှိုးနွမ်းမှေးမှိန်နေရခြင်းကို ပြန်လည်ထွန်းတောက်လာစေရန် ရည်ရွယ်လျက် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ် နိုင်ငံတော်သြဝါဒစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ (ညောင်ရမ်းဆရာတော်)ဦးဆောင်၍ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ မင်းကွန်းဆရာတော် တိပိဋကဓရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ်တို့က မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနိုင်ငံများမှ ရဟန်းသံဃာတော်များ အပါအဝင် သံဃာတော်အပါး ၂၅၀၀ တို့က ပိဋကတ်သုံးပုံကို နှုတ်မြွက်မေးဖြေတော်မူကြပြီး စက္ကူစာရွက်ပေါ်၌ အက္ခရာတင် ရေးမှတ်၍ **'ဆဋ္ဌသင်္ဂါယနာတော်'**ကို တင်လျှုတော်မူခဲ့ကြသည်။

ထိုသို့ ဆဋ္ဌသင်္ဂါယနာ တင်လျှုပြီး ဗုဒ္ဓပိဋကတ်တော်ကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပြန့်ပွားထွန်းကားနိုင်စေရန် ဝိနည်းသုတ္တန်၊ အဘိဓမ္မာ စသည့် ကျမ်းပေါင်း ၅၂ ကျမ်းပါရှိသော ပိဋကတ်သုံးပုံကို စက္ကူစာရွက်ပေါ်၌ ခံ့ညားသေသပ် လှပစွာ ပုံနှိပ်စာလုံးဖြင့် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ရာ ပိဋကတ်သုံးပုံတွင် စာအုပ်ပေါင်း ၄၀ ထွက်ပေါ်လာ၍ အဆိုပါ စာအုပ် ၄၀ ကို ထပ်ဆင့်ပြန့်ပွားရိုက်နှိပ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖြန့်ချိနိုင်ခဲ့သဖြင့် ယနေ့ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်သည် နေလိုလလို ထွန်းလင်းတောက်ပလျက်ရှိနေပေသည်။ ထိုသို့ ပိဋကတ်



www.burmeseclassic.com

www.burmeseclassic.com





သုံးပုံ စာအုပ်ကြီးများရှိနေသရွေ့ ကာလပတ်လုံး ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည်လည်း မညှိုးမနွမ်းဘဲ အဓွန့်ရှည်တည်တံ့ ထွန်းလင်းတောက်ပနေမည်ပင် ဖြစ်ပေသည်။

ခေတ်အဆက်ဆက်ကပင် ဗုဒ္ဓဘာသာ မကွယ်မပျောက်စေရန် နည်းအမျိုးမျိုး၊ စနစ်ပုံစံအသွယ်သွယ်ဖြင့် အပင်ပန်း၊ အနစ်နာခံလျက် ဗုဒ္ဓသာသနာ ကမ္ဘာကို လွှမ်းစေရမည်ဟူသော ရည်ရွယ်ချက်ဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ကျေးဇူးရှင်ရဟန်းသံဃာတော်၊ လူပုဂ္ဂိုလ်ထူးများအား အထူးပင် ကြည်ညိုလေးစားကျေးဇူးတရားသိစွာဖြင့် အစဥ်ထာဝရ သတိတရ မှတ်မှတ်ရရ သာသနာ့ကျေးဇူးတော်ရှင်ကြီးများအဖြစ် ဂုဏ်ပြုဂါရဝ ရှိခိုးဦးချလိုက်ရပေသည်။

ထို့နောက်တွင်လည်း ဗုဒ္ဓဘာသာ ရဟန်းသံဃာမြောက်မြားစွာတို့က နည်းအမျိုးမျိုး၊ ပုံစံအသွယ်သွယ်တို့ဖြင့် ဗုဒ္ဓဘာသာအဓွန့်ရှည်တည်တံ့ ပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်တော်မူခဲ့ကြသည်။ နိုင်ငံအသီးသီး၌ အခက်အခဲအနစ်နာခံကာ ဗုဒ္ဓသာသနာကြီး တိုးတက်စည်ပင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြသည်။

၎င်းတို့အထဲမှ အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်သည်လည်း ကြည်ညိုလေးစားကျေးဇူးတင်ထိုက်သော ဆရာတော်ကြီးတစ်ပါးပင် ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ရခိုင်ပြည်နယ်၊ မင်းပြားနွယ်ဖွား ဆရာတော်တစ်ပါးဖြစ်ပြီး ၁၉၆၃ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ ကုသိနာရုံကျောင်း၌ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူပြီး ဟိန္ဒီ၊ သက္ကတနှင့် အထက်တန်းပညာရပ်များကို ဆည်းပူးပြီး ဂေါရစ်ပူရ်တက္ကသိုလ်မှ B.A ဘွဲ့၊ သမိုင်းဘွဲ့၊ M.A ပါဠိဘွဲ့၊ ပြယာဂ်တက္ကသိုလ်မှ ပါဠိဆာဟိတျရတနာဘွဲ့၊ တိဗက်ဘာသာဒီပလိုမာ၊ ဥပဒေ LL.B ဘွဲ့၊ အိန္ဒိယတိုင်းရင်းဆေးပညာ BAMs ဘွဲ့များ ထူးချွန်စွာ ရရှိခဲ့သည်။ အာရှတိုက်နိုင်ငံအနှံ့အပြား တရားဟောတရားပေးခြင်း၊ ဗုဒ္ဓဘာသာဝင်ဖြစ်လာအောင်၊ သရဏဂုံတည်သူ ပေါများလာအောင် တရားဓမ္မများ ဟောပြောခြင်းဖြင့် ဘာသာမဲ့နှင့် နိုင်ငံခြားဘာသာဝင်များ မြောက်မြားစွာတို့ကို ဗုဒ္ဓဘာသာဝင်များဖြစ်လာအောင် စည်းရုံးဟောပြောခဲ့မှုကြောင့် ဘာသာခြားများ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာကြကာ ဗုဒ္ဓဘာသာခံယူပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံ ပြည်နယ်ပေါင်း ကိုးပြည်နယ်မှ လူပုဂ္ဂိုလ်ပေါင်း သိန်း ၈၀ ကျော်ကို ဗုဒ္ဓဘာသာခံယူပွဲ ကျင်းပသိမ်းသွင်းနိုင်ခဲ့သည်။ ဟိန္ဒူဆာဒူး ၃၀၀၀ ကျော်ကို ရှင်ရဟန်းအဖြစ်


ပိဋကတ်သုံးပုံ

www.burmeseclassic.com

www.burmeseclassic.com

သိမ်းသွင်းနိုင်ခဲ့သည်။ အကြီးမားဆုံးသော ဗုဒ္ဓဘာသာခံယူပွဲများကိုလည်း ၁၉၅၂၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် လူပေါင်း ၂၅ သိန်း၊ ၁၉၈၉ တွင် လူပေါင်း ၅ သိန်း၊ ၁၉၉၃ ဖေဖော်ဝါရီတွင် လူပေါင်း တစ်သိန်းကျော်၊ ရှင်သာမဏေ ၂၆၀ နှင့် ရဟန်း ၃၃ ပါး၊ ၁၉၉၃ ဒီဇင်ဘာလတွင် လူပေါင်း သုံးသိန်း ဗုဒ္ဓဘာသာသို့ သိမ်းသွင်းနိုင်ခဲ့သည်။ နှစ်စဉ် အောက်တိုဘာ ၁၄ ရက်ကို ဗုဒ္ဓဘာသာခံယူပွဲနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ယနေ့ထိ ဘာသာခြားလူပုဂ္ဂိုလ်ပေါင်း သိန်း ၈၀ ကျော်ကို ဗုဒ္ဓဘာသာသို့ သိမ်းသွင်းနိုင်ခဲ့သည့်အထိ သာသနာရေးလုပ်ငန်းများကို တက်ကြွစွာ ထမ်းဆောင်လျက်ရှိနေပေသည်။

ထို့အပြင် မြန်မာဗုဒ္ဓဘာသာ သံဃာတော်အရှင်သူမြတ်တစ်ပါးအနေဖြင့် အာရှတိုက်နိုင်ငံအနှံ့အပြား၌ အိန္ဒိယ၊ နီပေါ၊ လာအို၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ စင်္ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် အစရှိသဖြင့် နိုင်ငံပေါင်းများစွာတို့၌ ဗုဒ္ဓဓမ္မတရားတော်များကို ဟိန္ဒူဘာသာ၊ ဟိန္ဒီဘာသာ၊ နေပါလီဘာသာ၊ အင်္ဂလိပ်ဘာသာ စာ/စကားတို့ဖြင့် ရေးသားဟောကြားတော်မူနိုင်ခဲ့သဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ကူးပြောင်းလာသူ သိန်းပေါင်းများစွာ ရှိခဲ့ပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ မဂ္ဂဇင်းစာစောင်များစွာတို့၌လည်း အယ်ဒီတာအဖြစ် တာဝန်ယူ၍ ဗုဒ္ဓဘာသာတရားဓမ္မများကို သက်ဆိုင်ရာဘာသာစုံဖြင့် ရေးသားရင်း သာသနာပြုနေသည့် ဆရာတော်အရှင်သူမြတ် ဖြစ်သည်။

ထို့နောက် မြန်မာပြည်သား ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်တစ်ပါးအနေဖြင့် အခြားနိုင်ငံများ၌ ထင်ပေါ်ကျော်ကြား ကြည်ညိုပူဇော်ခံနေရသည်မှာ မြန်မာဗုဒ္ဓဘာသာဝင်တို့ ဂုဏ်ယူစရာလည်း ဖြစ်ပေသည်။ မြန်မာ့ဂုဏ်ဆောင် သံဃာတော်တစ်ပါးလည်း ဖြစ်သည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံ ဘိက္ခုသံဃာအသင်းကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့ချုပ်၊ သံဃမဟာနာယကလည်း ဖြစ်ပေသည်။ ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်များသို့လည်း အကြိမ်ပေါင်းများစွာ တက်ရောက်၍ တရားဟောကြားခဲ့ရသည်။ အိန္ဒိယနိုင်ငံအစိုးရ၏ ကြည်ညိုအလေးစားခံနေရသော မြန်မာဘုန်းတော်ကြီးတစ်ပါးလည်း ဖြစ်သည်။

ထိုသို့ မြန်မာဗုဒ္ဓဘာသာရဟန်းသံဃာတစ်ပါးအနေဖြင့် အခြားနိုင်ငံအသီးသီးတို့၌ ဗုဒ္ဓသာသနာပြုလုပ်ငန်းဖြင့် ကမ္ဘာ့နိုင်ငံများ၏ အသိအမှတ်ပြု၊ ကြည်ညိုလေးစားအားထားခံနေရသော မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာ သံဃာတော်တစ်ပါးအဖြစ် ထင်ရှားစွာ ပေါ်ထွန်းနေသဖြင့် ဗုဒ္ဓဘာသာ မတိမ်ကော မပပျောက်ဘဲ နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပလျက်ရှိနေသည်မှာ ဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်၏ ကျေးဇူးတော်ဂုဏ်ရှိန်ကြောင့်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ကျေးဇူးတော်ရှင်ဆရာတော် အရှင်သူမြတ်အား ကြည်ညိုဝပ်တွား သဒ္ဓါများစွာ ဆယ်ဖြာလက်မိုး ရှိခိုးလိုက်ပါ၏ အရှင်ဘုရား . . .။

ထိုသို့ ဗုဒ္ဓဘာသာ သာသနာတော်ကြီး မတိမ်ကော မပပျောက် မှေးမှိန်မသွားရလေအောင် ခေတ်အဆက်ဆက်မှ ရဟန်းသံဃာ လူပုဂ္ဂိုလ်များစွာတို့က စဉ်ဆက်မပြတ် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်၍ ဘာသာသာသနာတိုးတက်စည်ပြာဝေဆာနေစေဖို့ နည်းလမ်းအစုံစုံတို့ဖြင့် ထိန်းသိမ်းထားနိုင်ခဲ့ကြသဖြင့် ယနေ့မျက်မှောက်ကာလတွင် ဗုဒ္ဓဘာသာ ကမ္ဘာတို့တိုင် လွှမ်းမိုးထွန်းတောက် ရောက်ရှိနေပြီဖြစ်၍ ကျေးဇူးတင်ဝမ်းသာ ပီတိဖြစ်နေခဲ့ရပေသည်။

ထိုနည်းတူစွာ ဗုဒ္ဓဘာသာ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲနေဖို့နှင့် ထွန်းတောက်စည်ပင်နေဖို့အတွက် နည်းအမျိုးမျိုးဖြင့် တီထွင်စောင့်ရှောက်နေကြသည့်အထဲတွင် ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကြားတောရရပ်ကွက်၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ မင်္ဂလာတိုက်ကျောင်းဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏ အရှင်သူမြတ်တစ်ပါးလည်း အပါအဝင် ဖြစ်သည်။ ဆရာတော်သည်လည်း ရခိုင်ပြည်နယ်၊ မင်းပြားနယ်ဖွား သာသနာပြုဆရာတော်တစ်ပါး ဖြစ်သည်။ ဆရာတော်သည် မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော တရားအစုံ၊ အကြောင်းအရာစုံတို့ကို စုစည်းမှတ်တမ်းတင် ထိန်းသိမ်းထားကြသော မြတ်ဗုဒ္ဓသာသနာ သင်္ဂါယနာခြောက်တန်မှ အတည်ပြုထိန်းသိမ်းခဲ့ကြသော တရားပေါင်းချုပ် ပိဋကတ်သုံးပုံ (ပေစာ၊ ကျောက်စာ၊ စက္ကူဖြင့် မှတ်တမ်းတင်ထားသော စာအုပ် ၄၀၊ ကျမ်းအားဖြင့် ၅၂ ကျမ်းတို့ကို မပျက်မစီး မပပျောက်စေဘဲ ကမ္ဘာတည်သရွေ့ နှစ်သန်းပေါင်းများစွာအထိ အဓွန့်ရှည်တည်တံ့ ပြန့်ပွားထွန်းကား တောက်ပနေစေရန် ဆန္ဒမွန်ဖြင့် ပိဋကတ်သုံးပုံအစား ကြေးပြားကြေးချပ်၌ ကွန်ပျူတာစာလုံးထွင်းလျက် ပြုစုစီမံဆောင်ရွက်နေခဲ့သည်မှာ ၁၃၆၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၀၃ ခုနှစ်၊ မတ်လ ၃ ရက်၊ တနင်္လာနေ့မှစ၍ မြတ်ဗုဒ္ဓ၏ ထေရဝါဒ ပိဋကတ်ကျမ်းတော်မြတ်ကို (ဆဋ္ဌသင်္ဂါယနာတင်မူအတိုင်း)



www.burmeseclassic.com

www.burmeseclassic.com

ကြေးပြားတွင် ပိဋကတ်စာလုံးရေးသွင်းထည့်သွင်းပြီး ကြေးပိဋကတ်တော်တစ်ဆူ ရေးသွင်းအားထုတ်ကြိုးစားဆောင်ရွက်ခဲ့ရာ ၁၃၇၀ ပြည့်နှစ် (၃၁. ၅. ၂၀၀၉)အထိ ခုနစ်နှစ်တာကာလအတွင်း ကြေးပိဋကတ်(ပါဠိ)စာအုပ် ၄၀၊ ကျမ်းပေါင်း ၅၂ ကျမ်းကို ကုန်စင်အောင် ရေးသွင်းပြီးစီးအောင်မြင်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ ကြေးပိဋကတ်သုံးပုံ ပြီးစီးခဲ့မှုအခြေအနေမှာ အလှူရှင်ပေါင်း ၅၆၃၈ ဦး၊ ကြေးပြားချပ် ၉၆၂၈၊ တန်ဖိုးငွေစုစုပေါင်း ၂၂၈,၃၆၂,၀၀၀ ကျပ် ကုန်ကျခဲ့ပြီး ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ခုနစ်နှစ်အတွင်း အောင်မြင်ပြီးစီးခဲ့ပြီး အလှူရှင်များကိုယ်တိုင် ၃၁. ၅. ၂၀၀၉ နေ့က မင်္ဂလာတိုက်ကျောင်း၌ ရေစက်သွန်းချလှူဒါန်းကြကာ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့အောင် တည်ထားနိုင်ခဲ့ကြပြီ ဖြစ်ပေသည်။

ထိုသို့ ဆရာတော် ဘဒ္ဒန္တဉာဏအရှင်သူမြတ်သည် ပါဠိဘာသာဖြင့် ပြုလုပ်တည်ဆောက်ခဲ့သော ကြေးပိဋကတ်တော် ဓမ္မစေတီတော်တစ်ဆူ တည်ထားကိုးကွယ်မှု အောင်မြင်ခဲ့ပြီးသည့်နောက်တွင် ဆရာတော်၏ စိတ်ဆန္ဒတွင် ဖြစ်ပေါ်လာသည်က ဤကဲ့သို့ ပါဠိဘာသာဖြင့် ရေးသွင်းတည်ဆောက်ထားသော ပိဋကတ်ဓမ္မစေတီတော်အား ပါဠိဘာသာမတတ်ကျွမ်း၊ မဖတ်တတ်သူများ လွယ်ကူစွာဖတ်တတ်သိမြင်ပြီး ခြင်္သေ့ဆီသည့် သိင်္ဂီရွှေခွက်၌သာ တည်သလို၊ မြတ်ဗုဒ္ဓ၏ ပိဋကတ်တရားတော် အဆီအနှစ် 'ဝိမုတ္တိ'ရသသည်လည်း ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ နှလုံးသားတွင်သာ တည်တံ့ခွင့်ရရှိနိုင်ကြရမည်ဖြစ်သည်။ ထို့ပြင်မက လူ့သဘာဝစရိုက်ဆိုးများ၊ လောဘထုပြောမှု၊ ဒေါသမှု၊ အယူအဆမမှန်မှုများ ပပျောက်စေ၍ လူ့သဘာဝစရိုက်ကောင်းများ၊ စိတ်ကောင်းထား၊ မေတ္တာပွား၊ ဘာဝနာတရားနှင့်တကွ ကိုယ်ကျင့်တရားကောင်းမွန်လာအောင် ဖော်ဆောင်နိုင်လိမ့်မည့်အပြင် ခေတ်နှင့်လျော်အောင် နေတတ်၊ ထိုင်တတ်၊ စားတတ်၊ သောက်တတ်၊ လုပ်ကိုင်တတ်ပြီး ဘဝလွတ်မြောက်ကြောင်း အကျင့်ကောင်းများကိုပါ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်မည့် ဗဟုသုတမျိုးကိုလည်း ရရှိနိုင်ကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်စွာဖြင့် ဤမြန်မာပြည် ကြေးပိဋကတ်ဓမ္မစေတီတော်မြတ်ကြီးကို ကြိုးစားတည်ဆောက်ထားခဲ့ခြင်းပင် ဖြစ်ပေသည်။

ထိုသို့သော မြန်မာပြန်ပိဋကတ်တော်အဖြစ် ၈ လက်မ x ၁၆ လက်မ ကြေးပိဋကတ်တစ်ချပ်လျှင် စာနှစ်မျက်နှာရေးသွင်းလျက် ၂၀၀၉ ခုနှစ်၊ ဇွန်လမှ စ၍ မြန်မာပြန်ပိဋကတ်အဖြစ် ဆောင်ရွက်သွန်းလုပ် ရေးသွင်းလျက်ရှိရာ ပိဋကတ်သုံးပုံ၊ ကျမ်း ၅၂ ကျမ်းအား စာအုပ် ၄၀ အတွက် ကြေးပြားချပ်ရေပေါင်း များစွာတွင် မြန်မာပြန်ပိဋကတ် ဓမ္မစေတီတော်ကြီးတစ်ဆူကို အောင်မြင်စွာ တည်ထားပေါ်ထွန်းနိုင်ပြီးဖြစ်သည့်အပြင် **'အဋ္ဌကထာကြေးပိဋကတ်တော်'**တစ်ဆူကိုလည်း ဆက်လက်စီမံဆောင်ရွက်လျက်ရှိရာ အလှူရှင်များနှင့်တကွ ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းအပေါင်းက သောင်းသောင်းဖြဖြ ပီတိသောမနဿဖြင့် ဝမ်းမြောက်စွာ သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ခဲ့ကြပြီ ဖြစ်ပေသည်။

ထို့ကြောင့် ခေတ်အဆက်ဆက် ဆရာတော်၊ သံဃာတော်၊ လူပုဂ္ဂိုလ်အပေါင်းတို့၏ ကြိုးစားအားထုတ် ကြိုးပမ်းမှုတို့နှင့် ကျောင်းတော်ရာ ရွှေကျင်တိုက်၊ မင်္ဂလာတိုက်ကျောင်းဆရာတော် (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တဉာဏ အရှင်သူမြတ်၏ အားထုတ်ကြိုးပမ်းမှုအဟုန် ကျေးဇူးတရားအရှိန်တော်ကြောင့် စာရေးသူအပါအဝင် နိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူကမ္ဘာသား ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ သောင်းသောင်းဖြဖြ မျှော်လင့်တောင့်တ ဆန္ဒပြင်းပြနေသော ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာအဆက်ဆက် နှစ်ပေါင်းကုဋေကုဋာ အဓွန့်ရှည်တည်တံ့ထွန်းလင်းတောက်ပနေမည်ဖြစ်၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဝမ်းသာပီတိ ဂွမ်းဆီထိပမာ ရွှင်လန်းအားရ သာဓုအနုမောဒနာ အကြိမ်ကြိမ်ခေါ်ဆိုလိုက်ရပေတော့သည်။

(ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု)

**မင်းရွှေမင်း(တောင်ကုတ်)**





www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၅ ခုနှစ်၊ တော်သလင်းလ - သီတင်းကျွတ်လ

## 2013 OCTOBER

| | | |
|---|---|---|
| အင်္ဂါ Tuesday | 1 ၁၂ | |
| ဗုဒ္ဓဟူး Wednesday | 2 ၁၃ | |
| ကြာသပတေး Thursday | 3 ၁၄ ရက်ရာဇာ | |
| သောကြာ Friday | 4 ၁၅ တော်သလင်းလကွယ် | 18 ၁၄ |
| စနေ Saturday | 5 ၁ | 19 ၁၅ အဘိဓမ္မာနေ့ သီတင်းကျွတ်လပြည့် |
| တနင်္ဂနွေ Sunday | 6 ၂ မဟာရက်ကြမ်း | 20 ၁ |
| တနင်္လာ Monday | 7 ၃ အမြိတ္တစုတ်ရက် | 21 ၂ မဟာရက်ကြမ်း |
| အင်္ဂါ Tuesday | 8 ၄ ရက်ရာဇာ | 22 ၃ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 9 ၅ | 23 ၄ |
| ကြာသပတေး Thursday | 10 ၆ ရက်ရာဇာ | 24 ၅ ရက်ရာဇာ |
| သောကြာ Friday | 11 ၇ | 25 ၆ |
| စနေ Saturday | 12 ၈ | 26 ၇ |
| တနင်္ဂနွေ Sunday | 13 ၉ | 27 ၈ အမြိတ္တစုတ်ရက် |
| တနင်္လာ Monday | 14 ၁၀ | 28 ၉ |
| အင်္ဂါ Tuesday | 15 ၁၁ ရက်ရာဇာ | 29 ၁၀ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 16 ၁၂ ရက်ယုတ်မာ | 30 ၁၁ |
| ကြာသပတေး Thursday | 17 ၁၃ ရက်ရာဇာ | 31 ၁၂ ရက်ရာဇာ၊ ရက်ယုတ်မာ |



၁. ၁၀. ၂၀၁၃ စန်းပြောင်းရက်စွဲ ၁၇. ၁၀. ၂၀၁၃

၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၁၀. ၂၀၁၃ ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီ ၃၈ မိနစ် ၆ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၅. ၁၀. ၂၀၁၃ စနေနေ့ ည ၈ နာရီ ၆ မိနစ် ၂၈ စက္ကန့်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂. ၁၀. ၂၀၁၃ ဗုဒ္ဓဟူးနေ့ ညနေ ၃နာရီ ၃၅ မိနစ် ၂၆ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

သောကြာသည် - ၃၀. ၁၀. ၂၀၁၃ ဗုဒ္ဓဟူးနေ့ ညနေ၃နာရီ ၃ မိနစ် ၁၃ စက္ကန့်တွင် ဓနုရာသီသို့ ပြောင်းသည်။

(၇. ၁၀. ၂၀၁၃)ရက်နှင့် (၂၇. ၁၀. ၂၀၁၃)ရက်တို့သည် အမြိတ္တစုတ် ကျ၍ *အကောင်းဆုံးရက်များ* ဖြစ်ကြသည်။

အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# ပထမံဆရာကြိုင်

ဖိုးဒေါင်းသား



**ဟသ်ာတသို့**

စာရေးသူသည် ဇလွန်နယ်တွင် မွေးဖွားခဲ့သည်မို့ ဟသ်ာတခရိုင်သားတစ်ဦး ဖြစ်ပါသည်။ အဖျောက်ကျောင်းတွင် နဝမတန်းထိ အထက်တန်းပညာကို သင်ခဲ့ရာ စာမေးပွဲကိစ္စ၊ အားကစားကိစ္စ၊ လေ့လာရေးကိစ္စ၊ သင်တန်းကိစ္စများဖြင့် ဟသ်ာတကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါသည်။ စာရေးသူ ကျောင်းသားဘဝက ရောက်ခဲ့ဖူးသော ဟသ်ာတကို အနှစ် ၃၀ ကျော် မရောက်ဖြစ်ခဲ့တော့ဘဲ အခုတစ်ခေါက် ဘာသာရေးကိစ္စဖြင့် ရောက်ရတော့မည်ဖြစ်သဖြင့် မသွားမီကပင် လေ့လာရမည့်နေရာများ၊ မေးမြန်းရမည့်သူများ၊ စုဆောင်းရမည့် အကြောင်းအရာများ၊ ရိုက်ကူးရမည့် ဓာတ်ပုံများအတွက် ကြိုတင်ပြင်ဆင်ထားခဲ့မိပါသည်။

စာရေးသူသည် ဝိဇ္ဇာမိုရ်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်နှင့် သူတော်စင်ပုဂ္ဂိုလ်ထူးများစာအုပ်ကို လွှန်ခဲ့သော ၁၅ နှစ်ကျော်ကပင် စတင်၍ပြုစုရေးသားနေခဲ့ရာမှ ဟသ်ာတနယ်၏ ထူးခြားလှသောအချက်ကို သတိပြုမိသည်။ ဟသ်ာတနယ်သည် ပုဂ္ဂိုလ်ထူးများ မြောက်မြားစွာ ထွက်ပေါ်ခဲ့သည်။ ဟသ်ာတအနောက်မြောက် ပိန္နဲကုန်းမှ

www.burmeseclassic.com

မပုပ်မသိုးသော ရဟန်းပုဂ္ဂိုလ်ထူးများဖြစ်သည့် ဦးကလျာဏ၊ ဦးဝါယမ၊ ဦးစန္ဒ၊ ဟသ်ာတမြောက်က နှောကုန်းဆရာတော် ဦးသီရိနန္ဒ၊ အင်္ဂပူကွင်းကောက်က ဆရာတော်ဦးဇောတိက၊ ဇလွန်ကော့ကပ်ကြီး နဲ့ကြိုးဆရာတော် ဦးစာရိတ္တာဘိဝံသတို့အပြင် ... ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်မှာ ဟသ်ာတနယ်၊ မရမ်းရွာသားဟုဆိုသည်။ ဟသ်ာတ အနောက်မြောက်ခြမ်း ရိုးမတောင်ခြေက နန်ကာသူ၊ ဘုရားကိုင်းကိုင်း မြင်းစိုင်းစိုင်း စသည်တို့သည် ဝိဇ္ဇာခရ ဂမ္ဘီရနယ်မြေထူးများ ဖြစ်သည်။

## ကမ္ပည်းကျောက်စာ

ဟသ်ာတအနားက နတ်မှော်မှာ ဘုရားထီးတင်မည့်အဖွဲ့နှင့် လိုက်ပါခဲ့ပြီး အားလပ်သောအချိန်များတွင် ဟသ်ာတမှ ဘုရားစေတီများကို လှည့်လည်ဖူးမြော်ခဲ့ပါသည်။ ဟသ်ာတမြို့ ပြည်လုံးကပ်ကျော် စေတီတော်ရင်ပြင်၊ စေတီ၏ အရှေ့တောင်ဘက်၌တည်ထားသော လေးကျွန်းမဏ္ဍိုင်ကမ္ဘာ့ခေတ်တိုင် မဟာစေတီ၊ မြောက်မျက်နှာစာ၌ ဦးဇောတိက(ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသ၊ ယွန်းကျောင်းဆရာတော်) ၁၃၁၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့၊ ည ၉ နာရီအချိန်၌ အထက်အရှင်မြတ်ကြီးများ မစတော်မူသည်ဖြစ်၍ ထွက်ရပ်ပေါက်မြောက် အောင်မြင်တော်မူပါသောကြောင့် ထွက်ရပ်စခန်းသို့ ကြွမြန်းစံပယ်တော်မူသတည်းဟု ကမ္ပည်းကျောက်စာ ရေးထိုးထားသည်ကို တွေ့ရရာ သည့်တစ်ခေါက် အရောက်တွင် ကွင်းကောက်ဆရာတော် ဦးဇောတိကအကြောင်းကို လေ့လာစူးစမ်း မှတ်တမ်းတင်ခဲ့ပါသည်။

ကွင်းကောက်ဆရာတော် ဦးဇောတိကသည် ပထမံဆရာလှိုင်ဟူသော အမည်ဖြင့် ထင်ရှားသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်။ အဂ္ဂိရတ်ပညာ၊ ပြဒါးဖမ်းအတတ် ကျွမ်းလှသဖြင့် ရခိုင်ရိုးမတောင်တန်းက ရသေ့ကြီး ဦးအောင်ဘန်း၊ သတ္တဝါအများ ကယ်ဆယ်သနားခဲ့သူဖြစ်သဖြင့် အနောက်တောင်ညိုညိုက တစ်ကောင်ဗိုလ်၊ အလှူပွဲလုပ်တိုင်း အသပြာအစ လှူဖွယ်အဆုံး အလိုလို ကောက်ရတတ်သဖြင့် သူဌေးကြီး ဦးကောက်ရ၊ ငယ်နာမည်စိန်ကိုညွှန်း၍ ဝိဇ္ဇာစိန်၊ ဘုန်းကြီးရွှေကိုယ်တော်၊ ဦးရွှေလေး၊ သေခဲလှဆရာ စသည့် နာမဒေးမျိုးမျိုးအပြင် ဝိဇ္ဇာဖြစ်သွားသောအခါ ဝိဇ္ဇာကျော်အောင်ဗလဟု တွင်ခဲ့သည်။

## ကောက်ကြောင်း

ပထမံဆရာလှိုင်ကို အဖဦးမြတ်ထွန်း၊ ကွင်းကောက်မြောက်ဘက်ကမ်း၌ ၁၂၆၉၊ သီတင်းကျွတ်လဆန်း(၂)ရက်၊ အင်္ဂါနေ့တွင် မွေးဖွားခဲ့သည်။ ငယ်အမည် မောင်စိန်ဖေဖြစ်ကာ အစ်မကြီးဒေါ်ဖီ၊ အစ်မလတ်၊ ဒေါ်ချစ်၊ မောင်နှမသုံးယောက်တွင် အငယ်ဆုံးဖြစ်သည်။ ၁၂၈၄ ခုနှစ်၊ ၁၅ နှစ်သားအရွယ်တွင် ကွင်းကောက်မြောက်ဘက်ကမ်း ရွှေကျောင်း၌ သာမဏေဝတ်သည်။ ရှင်သာမဏေဘဝဖြင့် မန္တလေး၊ မြင်းခြံ၊ ပခုက္ကူစသော မြို့များသို့ သွားရောက်ကာ စာပေပရိယတ္တိများ သင်ယူခဲ့သည်။

အသက် ၁၉ နှစ်ကျော်တွင် မြင့်မြတ်လှသော ရဟန်းဘဝတက်လှမ်းသည်။ ဝိနည်းဒေသနာ ပရိယတ္တိစာပေများ ကြိုးစားအားထုတ်ပြီး သက်တော် ၃၂ နှစ်၊ ဝါတော် ၁၃ ဝါရလျှင် ကောက်ယွန်းကျောင်း၌ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ဆရာတော်သီတင်းသုံးရာ ယွန်းကျောင်းသည် နန္ဒာမုနိ၊ နန္ဒာလှ၊ နန္ဒာသီရိစေတီတော်သုံးဆူ တည်ရှိရာ အနောက်ရိုးမတောင်ခြေတွင်ရှိသည်။ ကွင်းကောက်ဒေသ၊ ရိုးမတောင်ခြေ၊ နန်ကာသူလိုဏ်ဂူ စသည်တို့သည် တရားဘာဝနာ ကျင့်ကြံအားထုတ်သူ၊ ထွက်ရပ်လမ်းလိုက်သူ ပုဂ္ဂိုလ်များအတွက် ဘူမိနက်သန်နေရာမှန်များ ဖြစ်ပါသည်။

## ဝိဇ္ဇာလမ်းကြောင်း

ပထမဆရာလှိုင်ခေါ် ယွန်းကျောင်းဆရာတော် ဦးဇောတိကသည် မိခင်ဝမ်းထဲ ပဋိသန္ဓေနေစဉ်ကပင် ထိန်ထိန်သာသာ လပြည့်ဂန်း၊ အိမ်ခေါင်မိုးကို ဖောက်၍ အိမ်တွင်းဝင်လာသော အိမ်

မာနမကြီးနဲ့။ ခပ်ခပ်နားနား မနေချင်နဲ့။ သူတစ်ပါးအပြစ်ကို မရှုနဲ့။
ကိုယ့်လမ်းကို ဖြောင့်ဖြောင့်ထွင်။ ကိုယ့်လမ်းကို ဖြောင့်ဖြောင့်သွား။
ဝန်တိုမိစ္ဆာ မရှိကြနဲ့။ ကိုယ့်အပြစ်ကိုယ်သိ။ ကိုယ်ချင်းစာတရားထားကြ။



www.burmeseclassic.com

www.burmeseclassic.com

မက်ဆန်းမျိုး မက်ခဲ့ကြောင်း၊ ဆရာတော်ငယ်စဉ်က ဝတ်ဖြူစင်ကြယ်ရှင့် သူတော်စင်တစ်ပါး ညစဉ်လာရောက် စောင့်ရှောက်လေ့ရှိကြောင်း အဆိုရှိ၏။ ဆရာတော် ယွန်းကျောင်း၌ သီတင်းသုံးစဉ် ညညအခါများ၌ အထက်ဆရာတော်ကြီးများ၊ ဝိဇ္ဇာကြီးများ ကြွရောက်၍ လောကီလောကုတ္တရာနှင့် ဝိဇ္ဇာလမ်းဆိုင်ရာများ သင်ကြားပေးသည်။ အင်း၊ ဆေး၊ မန္တန်၊ ဓာတ်၊ ဗေဒင်၊ နက္ခတ်၊ ဆေးဝါးများသာမက ကျမ်းစာ၊ ပေစာကျမ်းဂန်များအထိ နှံ့နှံ့စပ်စပ် သိရှိတတ်ကျွမ်းခဲ့ပါသည်။ ဆရာတော်၏ တပည့်ယောဂီများက ဆရာတော်ဦးဇောတိကသည် ဝိဇ္ဇာဖြစ်သည်ဟု ယုံကြည်အသိအမှတ်ပြုကြသည်။ ၁၃၁၄ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့ ည(၉) နာရီအချိန်တွင် ဝိဇ္ဇာအဖြစ် ရောက်ခဲ့သည်ဟု အဆိုရှိ၏။ အထက်ဆရာတော်ကြီးများဖြစ်ကြသော အရှင်ပညာသာမိ အမှူးရှိသည့် ဦးကောသလ္လ၊ ဦးသိရိန္ဒ၊ ဦးဥတ္တမ၊ ဦးကုစရိယ စသည့် အရှင်မြတ်ကြီးငါးပါးက ဝိဇ္ဇာပညာများ ဖိဖိစီးစီး သင်ကြားပေးပြီးသကာလ အားလုံးသောပစ္စည်းများကို မစတော်မူခဲ့သည်ဆို၏။

ဝိဇ္ဇာအဖြစ်ရောက်ရှိပြီးသောအခါ အားလုံးသော ပစ္စည်းများကို စွန့်လွှတ်လျက် လောဘ၊ မောဟ၊ ဒေါသ မကင်းသူများကို မဆက်ဆံလို၍ အထက်ဆရာတော်ကြီးများ၏ စေခိုင်းချက်ကို ငြင်းဆန်ခဲ့သည်ဟု သိရသည်။ ငြင်းဆန်မရသည့်အဆုံး ၂၀ နှစ်ကြာအောင် ဓာတ်နန်းတည်ကာ သတ္တဝါကယ်သည့်လုပ်ငန်းများ၊ ဓာတ်ကြေ့နဝင်းကြေ သိဒ္ဓိပြုပ်ပူဇော်ပွဲများ၊ စေတီတည်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ တစ်ခါက ဆရာလှိုင်၏ လုပ်ရပ်ကို မယုံကြည်သူတစ်စုက ဆရာလှိုင်နှင့် ယောဂီတပည့်များကို ရန်ပြုကြသဖြင့် ကွင်းကောက်တောင်ကမ်းယွန်းကျောင်းမှ ကွင်းကောက်မြောက်ကမ်း ရွှေကျောင်းသို့ ပြောင်းရွှေ့အခြေစိုက်ခဲ့လေသည်။ (ကွင်းကောက်ရွာကို နန်ကသူချောင်းက ဖြတ်သန်းစီးဆင်း၏။)

## ထူးခြားအချို့

ဆရာလှိုင်သည် အနယ်နယ်အရပ်ရပ်က သူ့ထံ နေ့စဉ်နှင့်အမျှ လာရောက်ကြသူများထဲမှ ရှေ့တွင်ရောက်လာသူများကို နာမည်တပ်အပ် ဖွင့်ဟခေါ်သည်များရှိပြီး ထိုသူလာခဲ့သည့်အကြောင်းရင်းကိုပါ ထုတ်ဖော်ပြောပြနိုင်စွမ်း ရှိခဲ့သည်များကြောင့်လည်း ထင်ပေါ်ကျော်ကြားလာခဲ့သည်။

ဟင်္သာတမြို့က ဘာသာခြား သာဝကတစ်ဦး၊ ရုပ်ရှင်ရုံပိုင်တပည့်တစ်ဦးတို့ လာရောက်စဉ် ဆရာလှိုင်က "နင်တို့ရှာဖွေထားတဲ့ ပစ္စည်းများ အလကားဖြစ်လိမ့်မယ်။ ရုပ်ရှင်ရုံဖျက်ထားပါတော့လား" စသည်ဖြင့် ကြိုတင်သိရှိနေသောအသိများကို မြွက်ကြားခဲ့သည်။ မယုံကြည်၍ ဆရာလှိုင်ကြိုတင်ခိုင်းစေချက်ကို မလုပ်ခဲ့သောကပည့်များ ရုပ်ရှင်ရုံနှင့် လုပ်ငန်းများ ဆုံးရှုံးနစ်နာခဲ့ရသည်များ ရှိခဲ့သည်။

ဆရာလှိုင်သည် ကွင်းကောက်ရွာအောင်ချမ်းသာရပ်ကွက်တွင် လေးကျွန်းမဏ္ဍိုင်ကျောက်စာတိုင်နှင့် ရွှေစေတီတစ်ဆူကို တည်သည်။ ရွှေစေတီမှာ မုခ်(၄)မုခ်ပါခဲ့ပြီး၊ မုခ်လေးမုခ်အနက် နှစ်ခုက ရွှေစေတီ၊ ကျန်နှစ်ခုက လွမ်းစေတီဟု ဆိုခဲ့သည်။ ဆရာလှိုင်က "ငါ့ကိုမီတဲ့သူက ရွှေစေတီဖူးရသလို၊ မမီတဲ့သူဟာ လွမ်းစေတီဖူးရသလို ဖြစ်မည်"ဟု အဆိုရှိခဲ့၏။ ကွင်းကောက်တောင်ဘက် ကမ်းယွန်းကျောင်းဝင်းတွင်လည်း လေးကျွန်းမဏ္ဍိုင်ကျောက်စာတိုင်တစ်ခု စိုက်ထူခဲ့သည်။

## ထွက်ရပ်စခန်း

ဆရာလှိုင်သည် ရွှေစေတီတည်ပြီးမကြာမီ ၁၃၃၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ အင်္ဂါနေ့ည သန်းခေါင်ကျော်တွင် ရုပ်ဟောင်းကိုစွန့်လျက် ထွက်ရပ်စခန်း မြန်းကြွခဲ့သည်။ ကွင်းကောက်ဆရာတော်၊ ဆရာအရှင်မြတ်၊ အဖေကြီး စသည်ဖြင့် ရိုသေကြည်ညိုစွာ ခေါ်ကြသည့် ကွင်းကောက်ယောဂီများသည် ဆရာလှိုင်ထွက်သွားပြီးသည့်တိုင် ဆရာလှိုင်၏ တရား၊ ဆရာလှိုင်၏ စကား၊ ဆရာလှိုင်၏ မိန့်မှာချက်များကို လေးစားလိုက်နာ ကြိုးစားအားထုတ်ကြစမြဲ ဖြစ်သည်ကို တွေ့ရသည်။

ဆရာလှိုင့်အား ရည်မှန်းထား၍ နှစ်စဉ်ပူဇော်ပွဲများ မပျက်မကွက် ကျင်းပပြုလုပ်ကြသည်။ သီတင်းကျွတ်လတွင် ထွက်တော်မူပွဲ ကျင်းပသည်။ တပေါင်းလတွင် ပူဇော်ပွဲကို သောင်းသောင်းဖျဖျ ကျင်းပကြသည်။ တပေါင်းလဆန်း ၁၃ ရက်၊ ၁၄ ရက်နှင့် လပြည့်နေ့များတွင် သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ကြသည်။ ကွင်းကောက်ဆရာတော် ဦးဇောတိက (ပထမံဆရာလှိုင်)၏ တိုရှင်းလိုရင်း မိန့်မှာချက်များမှာ အောက်ပါတို့ ဖြစ်၏။

မာန်မကြီးနဲ့။
ခမ်းခမ်းနားနား မနေချင်နဲ့။
သူတစ်ပါး အပြစ်ကို မရှုနဲ့။
ကိုယ့်လမ်းကို ဖြောင့်ဖြောင့်ထွင်။
ကိုယ့်လမ်းကို ဖြောင့်ဖြောင့်သွား။
ဝန်တိုမိစ္ဆာ မရှိကြနဲ့။
ကိုယ့်အပြစ်ကိုယ်သိ။
ကိုယ်ချင်းစာတရားထားကြ။

■ ဖိုးဒေါင်းသား



www.burmeseclassic.com

www.burmeseclassic.com



၄၆ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

# မနောမယိဒ္ဓိ ဝိဇ္ဇာဓိုရ်ဂိုဏ်း

ကျော်သန်း(တိုင်းရင်းဆေး)

မနောမယိဒ္ဓိ ပြည်လုံးချမ်းသာ ဆရာကျော်ကြီးသည် ဂန္ဓဗ္ဗရဗဟုသုတပညာများကို ဆည်းပူးလိုလားသဖြင့် ဝိဇ္ဇာမိုရ်များလမ်းဖြစ်သော အင်းလမ်း၊ ဆေးလမ်း လုပ်ရပ်လမ်းများနှင့်တကွ မှော်အတတ်ပညာ အပါအဝင် အမျိုးမျိုးသော လမ်းတို့ကို ရှာဖွေသင်ကြား စုံစမ်းလေ့လာလိုက်စားခဲ့သည်။

သို့သော်လည်း လုံလောက်သော အခြေခံဓာတ်စီး၊ ဓာတ်နှောင်မရရှိခဲ့ပေ။ သင့်လျော်ရုံမျှလောက်သော အောက်ဓာတ်၊ အလယ်ဓာတ်များကိုသာ တွေ့ရှိခဲ့ရသည်။

ထိုသို့လမ်းဆုံးတိုင်အောင် ပေါက်ရောက်ရန်ခဲယဉ်းသဖြင့် ဆရာကြီးသည် "ဓမ္မောဟဝေရက္ခတိတိ ဓမ္မစာရိ" ဟူသော ပါဠိတော်နှင့်အညီ အကျင့်သိက္ခာကို တစ်ဖန်စေတနာဆင့်သဒ္ဓါမြှင့်၍ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့လေသည်။

ထိုအခါ ဝိဇ္ဇာမိုရ်ဆရာကောင်းတို့နှင့်တကွ အထက်သမာဓိကောင်း နတ်အပေါင်းတို့သည် ဆရာဇီဝက အား တက္ကသိုလ်ဆရာကြီး၏ နှုတ်ဖျားဥ သိကြားမင်းစီး၍ သင်ကြားဘိသကဲ့သို့ အမျိုးမျိုးသော အတတ်ပညာများကို သင်ကြား ပြသလေသည်။

ထိုအခါ အမျိုးဘာသာ သာသနာ ပညာတိုးပွားရန် ရည်သန်၍စီမံအပ်သော "မနောမယိဒ္ဓိ ဝိဇ္ဇာမိုရ်ဂိုဏ်း" အတတ်ပညာကိုများ ထိုထိုပုဂ္ဂိုလ်အပေါင်းတို့သည် တတ်မြောက်လိုကြပါက ပြည်လုံးချမ်းသာဆရာကျော်ကြီးထံ၌ဖြစ်စေ၊ ဆရာကြီး၏ တပည့်များထံ၌ ဖြစ်စေနည်းခံ၍ ယူနိုင်ကြပါသည်။

ထိုမနောမယိဒ္ဓိ ပညာခံယူရရှိပြီးပါက ဝိဇ္ဇာမိုရ် ပညာအရ ဓာတ်စီး၊ ဓာတ်နှောင်နှင့်တကွ အပ်ပေးနိုင်သည်။

သို့ပါ၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဖွံ့ဖွံ့ဖြိုးဖြိုး တန်ခိုးကြီးစွာဂုဏ်တောတာနှင့် ရောင်တော်ပြန်ပွဲနွဲ့ ရမည်ဖြစ်ပါကြောင်း သောင်းစကြာဝဠာများ ဝေနေယျတို့အား ကရုဏာ တရားရှေ့ထား၍ ကျမ်းပထမ အဖြစ် တင်ပြလိုက်ရပါသည်။

သိဒ္ဓိ (၁၃)ပါး

ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဗလသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ မနောမယသိဒ္ဓိ ဟူ၍ သိဒ္ဓိ (၁၃)ပါး ရှိကြသည်။

ထိုသိဒ္ဓိ(၁၃)ပါးအနက် မနောမယိဒ္ဓိသည် မနော၊ မယ၊ ဣဒ္ဓိ ဝိဂြိုဟ်ပြုပါက မနော၊ စိတ်မယပြီးခြင်း၊ ဣဒ္ဓိ၊ တန်ခိုးဖြစ်သည်။ ထိုအခါ စိတ်တန်ခိုးနှင့်ပြီးသည်ဟူ၍ အနက်အဓိပ္ပါယ်ဖြစ်သည်၊

ပဥ္စသီလသည်းကာပ်းချက်

(၁) ပါဏောပါဏာသညိတာ ဝဓကစိတ္တံ၊
ဥပက္ကမေဝ တေန မရဏံ။

ပါဏော၊ သတ္တဝါလည်းဖြစ်စေ ပါဏသညိတာ၊ သတ္တဝါဟုအမှတ်ရှိသည် လည်းဖြစ်စေ၊ ဝဓကစိတ္တံ၊ သေစေလိုသောစိတ်ရှိသည်ဖြစ်စေ၊ ဥပက္ကမော၊ ကိုယ်နှုတ်ဖြင့် လုံ့လပြု၍ သတ်သည်လည်း ဖြစ်စေ၊ တေနမရဏံ၊ ထို ကိုယ်နှုတ်နှစ်ပါးဖြင့် လုံ့လပြု၍ သတ္တဝါသေသည်လည်းဖြစ်စေ။

ထိုပါဏာတိပါတ ကံ၌ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံက ကမ္မပထမြောက် သီလကျိုးပေါက်ပြီဟု မှတ်ရမည်။

(၂) ပရ ပရိဂ္ဂဟိတံ ပရပရိဂ္ဂတိတသညီ
တေယျစိတ္တံ ဥပက္ကမော တေနဟရဏံ

ပရပရိဂ္ဂဟိတံ၊ သူတစ်ပါး သိမ်းဆည်းစောင့်ရှောက်သော ဥစ္စာလည်း

www.burmeseclassic.com

ဖြစ်စေ ပရပရိဂ္ဂဟိတသည်၊ သူတစ်ပါး သိမ်းဆည်း စောင့်ရှောက်အပ်သောဥစ္စာဟု အမှတ်ရှိသည်လည်းဖြစ်စေ၊ ထေယျစိတ္တ်၊ ခိုးလို သောစိတ်ရှိသည်ဖြစ်စေ၊ ဥပက္ကမော၊ ခိုးယူခြင်းတာ ကိုယ်နှုတ် နှစ်ပါးတို့တွင် တစ်ပါးပါးဖြင့်လုံ့လပြုသည်လည်းဖြစ်စေ၊ တေနဟရဏံ၊ ထို ကိုယ်နှုတ် နှစ်ပါးတို့တွင် တစ်ပါးပါးသော လုံ့လဖြင့် ခိုးယူသည်ဖြစ်စေ။

ထိုအဒိန္နကံ၌ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံက ကမ္မပထမြောက်၍ သီလကျိုးပေါက်လေပြီဟု မှတ်ရမည်။

**(၃) အဂမနီယဝတ္ထု တသ္မိံ သေဝနစိတ္တံသေဝနပယောဂေါမ ဂ္ဂေန မဂ္ဂပဋိပတ္တိ အဓိဝါသနံ။**

အဂမနီယဝတ္ထု၊ မသွားလာအပ်သောအရာလည်းဖြစ်စေ၊ တသ္မိံ ယေဝနစိတ္တံ၊ ထိုမသွားလာအပ်သော အရာ၌ မှီဝဲလိုသော လုံ့လရှိသည်လည်းဖြစ်စေ မဂ္ဂေန၊ မဂ္ဂပဋိပတ္တိ အဓိဝါသန၊ မဂ်တစ်ပါး၌ မဂ်တစ်ပါးဖြင့် ကျင့်ခြင်းကိုသာယာသည် လည်းဖြစ်စေ။ ထိုကာမေသု မိစ္ဆာစာရကံ၌ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံက ကမ္မပထမြောက်၌ သီလအကျိုး ပေါက်ပြီဟုမှတ်ရမည်။

**(၄) အဘူတဝတ္ထု ဝိသံဝါဒနစိတ္တံ တဇ္ဇော ဝါယမော ပရဿ တဒတ္ထဝိဇာနနံ။**

အဘူတဝတ္ထု၊ မဟုတ်မမှန်သော ဝတ္ထုလည်း ဖြစ်စေ၊ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်း ခစေလိုသော စိတ်ရှိသည်လည်းဖြစ်စေ၊ ငါဇ္ဇောဝါယမော၊ ထိုချွတ်ယွင်းခြင်း အားလျော်သော လုံ့လပြုသည်လည်းဖြစ်စေ ပရဿတ ဒတ္ထဝိဇာနနံ၊ ချွတ်ယွင်းစေသည်၏ အစွမ်းဖြင့် သိစေအပ်သော တစ်ပါးသောသူသည်ထိုစကား၏ အနက်အဓိပ္ပါယ်ကို သိသည်လည်းဖြစ်စေ။ ထိုမုသာဝါဒကံ၌ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံက ကမ္မပထမြောက်၍ သီလကျိုးပေါက်ပြီဟု မှတ်ရမည်။

**(၅) မဇ္ဇဘာဝေါ ပါတုကမျတာစိတ္တံ တဇ္ဇော ဝါယမော အဇ္ဈော ဟရဏံ။**

မဇ္ဇဘာဝေါ၊ ယစ်မျိုးလည်းဖြစ်စေ ပါတုက မျတာစိတ္တံ၊ သောက်လိုသော စိတ်ရှိသည်ဖြစ်စေ တဇ္ဇောဝါယမော၊ ထိုသောက်လိုသောစိတ်ဖြင့် ဖြစ်စေသော လုံ့လရှိသည်လည်းဖြစ်စေ၊ အဇ္ဈော ဟရဏံ၊ သောက်သောကာလ လည်မျိုတစ်ဖက်သို့ ကျအောင်မျိုသည်လည်းဖြစ်စေ။

ထိုသုရာမေရယကံ၌ ဤအင်္ဂါလေးပါးနှင့်ပြည့်စုံက ကမ္မပထမြောက်၍ သီလကျိုးပေါက်လေပြီဟု မှတ်ရမည်။ ဂိုဏ်းချုပ်ပြည့်လုံးချမ်းသာ ဆရာကျော်ကြီး စီမံရေးသားသော "မနောမယိဒ္ဓိ"ပညာ ခွင်သားများသည်ဘုရားဟောတော်မူသည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်။

အကယ်၍ ယောကျ်ားကို ပညာ ပေးအပ်ပါက "ပရဒါရကံ" ကိုသစ္စာပြုရမည်။ မိန်းမကိုပညာ ပေးအပ်ပါက မိမိ၌ ကာမပိုင်လင်ယောကျ်ား ရှိလျက်ဖြင့် မည်သည့်ယောကျ်ားနှင့်မျှ မပြစ်မှား မကျူးလွန်ပါဟု သစ္စာပြုရမည်။ ဤ မနောမယိဒ္ဓိ ဝိဇ္ဇာမိုရ်ဂိုဏ်းသည် မြန်မာ သက္ကရာဇ် ၁၂၈၄ ခုနှစ်မှစ၍ ဆရာကြီး၏ ပါရမီအရ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မြန်မာသက္ကရာဇ် ၁၂၈၈ ခုနှစ်ရောက်မှ အပြီးတိုင် သေသေချာချာ စိတ်ချရလောက်သော အခြေအနေသို့ ရောက်ရှိခဲ့လေသည်။

**မနောမယိဒ္ဓိဂိုဏ်းစည်းကမ်း**

၁။ ဓမ္မစကြာတရားတော်ကို အမြဲရွတ်ဖတ်ရမည်။ မြတ်စွာ ဘုရားဟောကြားတော်မူသော ဂါထာများနှင့် မေတ္တာကမ္မဋ္ဌာန်းများကို တတ်အားသရွေ့ ရွတ်ဖတ် သရဇ္ဈာယ်ရမည်။ နဝင်္ဂသီလ (၉)ရက် (၂၇)ရက် (၄၉)ရက် စသည်ဖြင့် ဆောက်တည်ရမည်။

၂။ မနောမယိဒ္ဓိ ပညာအစစ်ကို အပ်လိုသောအခါ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ဟောကြားရမည်။ ပွဲပြင်သောအခါ ၃ ပါးသော သီလကို ထိန်းခဲ့ပါလျှင် ၃ပွဲပြင်ရမည်။ သစ်သီး ၃ မျိုးပါရမည်။ ဆွမ်း ၃ ပွဲ ပါရမည်။ ဘုရားပွဲ၊ တရားပွဲ၊ သံဃာပွဲပါရမည်။ ၅ ပါး ထိန်းခဲ့ပါလျှင် ငါးပွဲပြင်ရမည်။ ဖယောင်းတိုင်မှာ တစ်ပွဲလျှင် အချောင်း(၂၀)ထည့်ရမည်၊ နေရာထိုင်မှာ တစ်ပွဲလျှင် ပိတ် ၅ တောင်ပါရမည်။ ငှက်ပျောသီး ၃ ဖီး၊ အုန်းသီး တစ်လုံးပါရမည်။ ကွမ်းဆေးလက်ဖက် ပန်းပါရမည်။

၃။ အမျိုးဘာသာ သာသနာကြီးပွားရန် မနောမယိဒ္ဓိပညာအပ်လိုသော် တစ်ဖွဲ့နှင့် ပြီးနိုင်ပါသည်။ ဂိုဏ်းသားအဖြစ်သို့ ရောက်ရှိသော သူကိုပထမ ဆရာကခွင့်မပြုဘဲနှင့် နောက်ဆရာက ပညာအပ်ခြင်းမပြုလုပ်ရ။

၄။ ပညာအပ်သည့်အခါ ပညာယူမည့်သူကို သေသေချာချာ စစ်ဆေးရမည်။ ဆေးကုသောပွဲမှာ ငွေမတင်ရ။ ဇီဝိတဒါန မပြုနိုင်လျှင် ဆေးကုခတောင်း၍ ထိုက်သင့်သော ကုသခယူနိုင်သည်။

၅။ ပညာခွင်သို့ဝင်ပြီးသောမိန်းကလေးများသည် မိမိ၌ကာမပိုင် လင်ယောကျ်ား ရှိခဲ့လျှင် မိမိ၏ လင်ယောကျ်ားနှင့်



www.burmeseclassic.com

www.burmeseclassic.com

မကျွာရှင်း သေးသော်လည်း သူသည် မတရားသောစိတ်ထားဖြင့် အခြားသော မိန်းမကိုယူ၍ပစ်ထားခဲ့ပါလျှင် မိမိက လည်းအခြားသောယောက်ျားကို ယူနိုင်ခွင့်ဆရာပြု၏။ ဆိုခဲ့ပြီးသော ကံမှအပ ဖြစ်စေရမည်။

ဤကဲ့သို့ သစ္စာဆိုပြီးသော တပည့်များသည် ရန်သူမျိုးငါးပါးနှင့် တွေ့ကြုံ၍ သစ္စာဖေါက်ဖျက်ပါလျှင် မိမိတို့ ပထမ ပညာပေးသော ဆရာ့ထံ၌ဖြစ်စေ၊ ဂိုဏ်းချုပ် ဆရာကြီးထံ၌ဖြစ်စေ သစ္စာဖေါက်ကြောင်းကို မှန်ကန်စွာဝန်ချတောင်းပန်ပါလျှင် နှစ်ကြိမ်အများကို သည်းခံ၍ ပြန်လည်ထပ်မံသစ္စာဆိုနိုင်သည်။ အခြားသော ဆရာထံမှာ နည်းခံ၍ ပထမ ဆရာကို ကာပြန်ခြင်း၊ တော်လှန်ခြင်း၊ ဂိုဏ်းကို ရုပ်ချခြင်းပြုလုပ်ပါလျှင် ထိုတပည့်သည် ဂိုဏ်းမှအပ ဖြစ်စေရမည် (ဝါ)ဂိုဏ်းမှ ပယ်လိုက်သည်ဟု တစ်ချက်လွှတ်အမိန့်တော် ချမှတ်ထားသည်။

## စိန္တာမုနိဂါထာတော်ကြီး

သမရွှံ၊ ဟြိဟြိ၊ ပတ္တပက်ဇံ၊ ပိဋကဟြိဟြိ၊
တဟိန္ဒြိ၊ မာဟိန္ဒြိ၊ ဘုရာစန္ဒြိ၊ ဗေဒါ ပါလာ
ဂြဟာ၊ သျှူရေသျှုရာ၊ ဂဇတြာ စိန္တာမုနိကော
မရွှံ မရွှံ၊ တွံတြာ၊ အြုံအြုံလက်ဇံ
အဋ္ဌတ္တိက တဟိရေသု ဂြဗ္ဗံ ဒေဝ္ဌာ မေ တေ။

အထက်ပါ စိန္တာမုနိဂါထာတော်ကြီးကို မိမိအတွက် (မေ)ဟူ၍ ရွတ်ဖတ်ပါလေ။ သူတစ်ပါးအတွက်ဆိုပါက (တေ) ဟု ရွတ်ရမည်။ ထိုဂါထာ၌ ပိဋကတ်သုံးပုံဆောင် မယ်တော်သူရဿတီ၊ စန္ဒီပရမီသွာ၊မဟာဝိန္ဒု၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ လနတ်သား၊ နေနတ်သား၊ ဂြိုဟ်နတ်အပေါင်း ပါဝင်နေသဖြင့် လောကီအကျိုး၊ လောကုတ္တရာ အကျိုးအတွက် ဂိုဏ်းသားများ ရွတ်ဖတ်ကြသည်။

ခရစ်နှစ် ၁၉၅၃ ခုနှစ်တွင် ပြည်လုံးချမ်းသာ ဆရာကျော်ကြီးသည် မန္တလေးအဆန် စာပို့သင်္ဘောစီး၍ ရေနံချောင်းသို့သွားရာ၌ အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်ဆရာတော်ကြီးနှင့် ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတကန်တွင် ဆရာတော်ကြီးတို့ သင်္ဘောပေါ်တွင် တွေ့ကြုံစဉ်က မနောမယိဒ္ဓိပညာကို ဆရာတော်ကြီးများ သိရှိခွင့်ရကြ၍ အောက်ပါဂါထာကို တထိုင်တည်းရေးသားပြီး ဂိုဏ်းချုပ်ပြည်လုံးချမ်းသာ ဆရာကျော်ကြီးအား ချီးမြှင့်ခဲ့ပါသည်။

"သကလ မြမ္မရဋ္ဌမှိ၊ ဇနာန်သုခ မေဃ
ကောပတ္ထဋော ဇေရကိတ္တိတိ၊
ပနောမယိဒ္ဓိနာယကော။
အနောသမ မန္တဇပ္ပိ၊
ဝိဇယော ဟောတုသောသုခီ"

"သကလမြမ္မရဋ္ဌမှိ၊ အထက်ပိုင်း၊ အောက်ပိုင်း ဝိဇ္ဇာမိုရ်ဂိုဏ်းကြီးတည်သည့် မြန်မာပြည်တဝှမ်းလုံး၌ ဇနာန်၊ ရဟန်းရှင်လူများ ပြည်သူတို့၏ သုခမေသကော၊ ပဉ္စသီမဏ္ဍိုင်ကို ခိုင်ခိုင်ကြီး ပန္နက်ချ၍ ပိုင်ပိုင်ကြီး မပျက်ကြရအောင် ဓမ္မစက္ကဒေသနာနှင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ သစ္စာလစ်မကွာ တည်သုံးလျက် တပြည်လုံးချမ်းသာစေမည်ဟုမှန်းပတ္ထနာ ဝေရည်နှလုံးကြောင့် ပြည်လုံးချမ်းသာ ဟူသော အမည်ရှိထသော အာစေရ ကိတ္တိတိ၊ ဆရာကျော်ကြီးဟူ၍ ပတ္ထဋော၊ နိုင်ငံအဝှမ်း အံ့ကြီးအံ့လောက်အောင် ပျံ့နှံ့ကျော်စောထသော မနောမယိဒ္ဓိနာယကော၊ မနောမယိဒ္ဓိဝိဇ္ဇာမိုရ်ဂိုဏ်းကြီး၏ ဦးစီးနာယက အာသဘာသမုတ် ဂိုဏ်းချုပ်ဆရာကြီး ဖြစ်ထသော အနောသမေန္တဇပ္ပိ၊ ယုတ်မော်မသွင်း အင်း အိုင်မထား၊ ဆေးဝါးမဆောင် ပြောင်၊ ဥုံမခံ မန္တန်မန္တရား စခန်းသွားအလေ့ပ်ဖြင့် မန်းမှုတ် ရွတ်ဖတ်ရခြင်း မရှိထသော ယောတာဒိသော၊ ထိုသို့ပြခဲ့ပြီး ဂုဏ်အသီးသီးတို့နှင့် ပိုပြီးကုံလုံ ပြည့်စုံလှစွာသော မနောမယိဒ္ဓိဝိဇ္ဇာမိုရ်ဂိုဏ်းချုပ် ပြည်လုံးချမ်းသာ ဆရာကျော်ကြီးသည် သုခီ၊ တပည့်အများဂိုဏ်းသား ဂိုဏ်းဝင်ရှင် လူ ရဟန်းတို့နှင့်တကွ ကိုယ်စိတ်ရွှင်လန်းချမ်း ချမ်းသာသာ ဝိဇယော၊ ထူးထူးခြားခြား တိုးပွားများမြောင် ဥဒါန်းပြောင်လျက် ကြံတိုင်းအောင်ခေါင်စွဲသည့် အောင်ပွဲရ ပုဂ္ဂိုလ်ထူးသည် ဟောတု၊ မချွတ်ကေန် အမှန်စင်စစ် ဖြစ်ပါစေသတည်း(ဝါ)ဖြစ်ပါစေသော်ဝ်"

ဟူ၍အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးနှစ်ပါးသည် မန္တလေးအညာဆန် စာပို့သင်္ဘောကြီးပေါ်၌ ဂိုဏ်းချုပ်ဆရာကျော်ကြီးအား တထိုင်တည်းဖြင့် ချီးမြှင့်ပေးခဲ့သော ဂါထာဖြစ်ပါသတည်း။

ကျော်သန်း(တိုင်းရင်းဆေး)

ကျမ်းကိုး
- မနောမယိဒ္ဓိဝိဇ္ဇာမိုရ်လမ်းညွှန်



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်ကြီးအား

## စောင့်ရှောက်နေကြသော သူတော်စင်များ

ညွန့်မောင်ဦး




ရှင်အရပ်ာတန်ဆောင်း
အတွင်းရှိ ဆုတောင်းပြည့်
မျက်ရှင်တော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေထောင့်အနောက်ဘက်ရှိ ရှင်မထီးတန်ဆောင်း
အတွင်းမှ "ရှင်မထီးဘုရား"

ရွှေတိဂုံစေတီတော်မြတ်ကြီးကို အထက်ပုဂ္ဂိုလ်များ၊ သူတော်စင်များနှင့် အောက်ပုဂ္ဂိုလ်များ စောင့်ရှောက်နေကြသည်ဟု ဆိုကြသည်ကို ကျွန်တော်ယုံကြည်သည်။ ထိုပုဂ္ဂိုလ်များ ပိုင်းဝန်းစောင့်ရှောက်နေကြသောကြောင့်လည်း စေတီတော်မြတ်ကြီး သက်တမ်းမှာ နှစ်ပေါင်း ၂၀၀၀ ကျော် မပျက်မစီး တည်တံ့ခိုင်မြဲနေသည်မှာ လူတိုင်းသိကြပါသည်။ ရွှေတိဂုံစေတီတော်ကြီးကို မပျက်စီးအောင် နတ်ကောင်းနတ်မြတ်များ၊ သူတော်စင်များနှင့် မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်များ စောင့်ရှောက်နေကြသည်ကို လူတိုင်းသိကြသော်လည်း ကျွန်တော်အပါအဝင် ထိုပုဂ္ဂိုလ်များကို ကိုယ်တိုင်မြင်ဖူးသူ ရှားပါသည်။ သို့သော် ထိုပုဂ္ဂိုလ်များ၏ ရုပ်တုအတော်များများကို ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှာ တွေ့ရပါသည်။ ရုပ်တုများမှာ သိကြားရုပ်၊ ဗြဟ္မာရုပ်၊ နတ်ရုပ်များနှင့် ဝိဇ္ဇာဓိုရ်ရုပ်များ၊ နဂါး၊ ဂဠုန်ရုပ်များ မနုဿီဟရုပ်များနှင့် ယက္ခရုပ်များ ပြုလုပ်ထားသည်ကို တွေ့ရပါသည်။ ထိုရုပ်တုများမှာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား စောင့်ရှောက်နေကြသော ပုဂ္ဂိုလ်များ၏ ရုပ်တုများဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်များကို ကျွန်တော်တို့ကိုယ်တိုင် မတွေ့ဖူး၊ မမြင်ဖူးသောကြောင့် ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များကို မတွေ့မမြင်ဖူးသော်လည်း ထိုပုဂ္ဂိုလ်များနှင့် ပတ်သက်သော အဖြစ်အပျက်များကို ကျွန်တော် မြင်ဖူး၊ ကြားဖူးရှိပါသည်။

ပထမ ကျွန်တော် မြင်ဖူး၊ ကြားဖူးသည်မှာ ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့် အနောက်ဘက်မှာရှိသော ဘိုးမင်းခေါင်ရုပ်တု ဖြစ်ပါသည်။ ထိုရုပ်တုမှာ ၁၉၇၅ ခုနှစ်လောက်က နောင်တော်ကြီးစေတီခြေရင်း အရှေ့ဘက်နားမှာရှိသော်လည်း ထိုအချိန်က တာဝန်ကျဂေါပကတစ်ဦးမှာ ဘိုးမင်းခေါင်ရုပ်တုကို ရင်ပြင်တော်မှာ ထားသည်ကို သဘောမကျနိုင်သောကြောင့် ရုပ်တုကြီးကို အောက်ဖက်ရှိ အလယ်ပစ္စယံကို ပစ်ချခိုင်းလိုက်ပါသည်။ အထက်ပစ္စယံနှင့် အလယ်ပစ္စယံမှာ ပေ ၂၀ ခန့်မြင့်သော်လည်း ရုပ်တုမှာ မကျိုးမပဲ့ဘဲ အကောင်းအတိုင်းဖြစ်နေပါသည်။ ထိုအချိန်မှာ တော်လှန်ရေးကောင်စီအစိုးရလက်ထက်ဖြစ်၍ တော်လှန်ရေးကောင်စီအဖွဲ့ဝင်တစ်ဦး၏ ဇနီးဖြစ်သူက ထိုရုပ်တုကြီး ပစ်ချလိုက်သည်ကို ကြားရသောအခါ ဂေါပကအဖွဲ့ကိုပြော၍ ဂေါပကအဖွဲ့မှ ထိုရုပ်တုကြီးကို ပြန်တင်ပြီး ထိုနေရာအနီးမှာပင် အဆောင်များပြုလုပ်ပြီး ပြန်ထားပေးပါသည်။ ဘိုးမင်းခေါင်ရုပ်တုမှာ ရင်ပြင်တော်ပေါ်မှာ ထူးထူးခြားခြား ရုပ်တုတစ်ခုသာရှိပြီး ယခုအခါ ထိုရုပ်တုရှေ့မှာ ကန်တော့ပွဲများတင်၍ လူများလာရောက် ပူဇော်၊ အဓိဋ္ဌာန်ပြုနေသူများ များပြားနေသည်ကို တွေ့ရပါသ်။ နောက်တစ်ခု ထူးခြားသည်မှာ နယ်မြို့များမှ ဘိုးမင်းခေါင်ကိုးကွယ်သူများမှာ မိမိတို့ကိုးကွယ်မည့် ဘိုးမင်းခေါင်ရုပ်တုများကို သယ်ဆောင်လာကြပြီး ထိုရုပ်တုရှေ့မှာ နာမ်ကိန်းသည့်အနေဖြင့် လာရောက်ပြီး တစ်ရက်နှစ်ရက်ထား၍ နာမ်ကိန်း၊ လိပ်ပြာသိပ်ကြသည်ကို တွေ့ရပါသည်။ ဘိုးမင်းခေါင်ရုပ်တုမှာ ဆုတောင်းပြည့်သည်ဟု ဆိုကြပါသည်။ ဘိုးမင်းခေါင်မှာ ရွှေတိဂုံစေတီတော်ကြီးကို စောင့်ရှောက်နေသော သူတော်စင်တစ်ဦးလည်း ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်ကြီးကို နောက်စောင့်ရှောက်နေသူတစ်ဦးမှာ အရှူးမောင်ဉာဏ် ဖြစ်ပါသည်။ အရှူးမောင်ဉာဏ်ကို ရှေး ၁၉၅၀ ခုနှစ်မှ ၁၉၆၄ ခုနှစ်လောက်အထိ ရွှေတိဂုံဘုရားကို အမြဲလာဖူးနေသူများနှင့် ရှေးဘုရားဝန်ထမ်းကြီးများ ကောင်းကောင်းသိကြပါသည်။ ထိုအချိန်က ကျွန်တော်မှာ ကျောင်းသားအရွယ်သာ ဖြစ်ပါသည်။ ကျွန်တော်သည် ဘုရားအနောက်မုခ်

www.burmeseclassic.com

www.burmeseclassic.com

အနီးရှိ ကပ္ပလီကွက်သစ်ခေါ် ဦးဝိစာရကွက်သစ်မှာ နေထိုင်ပြီး မိဘများမှာ ရွှေတိဂုံစေတီ တောင်ဘက်စောင်းတန်းမှာမှ ဆိုင် ဖွင့်ကာနေကြသောကြောင့် ကျွန်တော် ဘုရားမှာ ကျောင်းအား သောရက်မှာ အမြဲလိုလိုရှိနေပါသည်။ ကျွန်တော်တို့သူငယ်ချင်း တစ်စုမှာ အမြဲတမ်း ကုန်းတော်ပေါ်ကိုတက်ပြီး အရူးမောင်ဉာဏ် ကို စကြ၊ နောက်ကြပါသည်။ အရူးမောင်ဉာဏ်မှာ ထိုအချိန်က အသက် ၄၀ ကျော်လောက်ရှိပြီး ဝဝခန့်ခန့်ကြီးနှင့် သန်မာ၍ အပြေးသန်သည်။ မောင်ဉာဏ်မှာ အကဝါသနာပါပြီး တစ် ယောက်တည်းနေလျှင် နိုင်ငံရေးစကားပြောနေတတ်သည်။

မောင်ဉာဏ်မှာ နေ့ခင်းဘက်တွေမှာ တောင်ဘက်စောင်း တန်းမှာနေ၍ ဈေးသည်များနိုင်းသည်ကို လုပ်ပေးပြီး အမှိုက် များ၊ အညစ်အကြေးများကို သန့်ရှင်းရေးလုပ်ပေး၍ စောင်းတန်း အောက်နားမှာ ဆိုင်ထွက်နေကြသော ထမင်းဆိုင်တွေမှာ ကူလုပ်ပေးသည်။ ထိုထမင်းဆိုင်များမှာ မောင်ဉာဏ်ကို ထမင်း ကျွေးသည်။ ဘုရားဖူးလာသူများကလည်း သနားကြ၍ ငွေ အကြွေ ငါးမူး,တစ်မတ် ပေးကြပါသည်။ မောင်ဉာဏ်က ထိုငွေ များကို ခါးပိုက်ထဲမှာ စုထားပြီး ကုန်းပေါ်ရှိ တခြားအရူးများကို မုန့်များဝယ်ကျွေးသည်။ တခြားအရူးများကလည်း မောင်ဉာဏ်ကို ကြောက်ကြရသည်။ ကုန်းတော်ပေါ်နှင့် အနီးအနား ရပ်ကွက် များမှ အလှူအတန်းများရှိလျှင် မောင်ဉာဏ်က အရူးများကို ဦးဆောင်ခေါ်လာပြီး ကျွေးသည်။ တစ်ခုရှိသည်က အလှူပွဲမှာ အတီးအမှုတ်များပါလျှင် မောင်ဉာဏ်မပြန်တော့ဘဲ က,နေတတ် သည်။ ကလေးများက မြင်၍ စကြပြောင်ကြလျှင် မောင်ဉာဏ် ဘာမှပြန်မပြောပါ။ တခြားအချိန်တွေမှာ စလျှင် ကလေးများကို မိအောင်လိုက်ဖမ်းသည်။ သို့သော် လူကြီးများက အမြင်မတော် ၍ အော်လိုက်လျှင် မောင်ဉာဏ် ကလေးများကို ပြန်လွှတ်ပေး သည်။ မောင်ဉာဏ်ကိုတွေ့လျှင် ကလေးများက –

"ဟေ့ . . . သောက်ပေါကြီး၊ အရူးကြီး . . . ရွှေခွာတယ်"

"သည်ကောင်လေးတွေ ရွှေခွာတယ်ဟေ့။ လိုက်ကြ၊ ဖမ်းကြဟေ့ . . ."

ကလေးများက မခံချင်အောင် စလိုက်ကြသည်နှင့် မောင်ဉာဏ်က ပြန်ပြောပြီး ကလေးများနောက်ကို ပြေးလိုက် သည်။ ထိုအချိန်မှာ ဇရပ်အနားမှာရှိနေသော မောင်ဉာဏ်တပည့် အရူးတစ်ယောက်က ထွက်လာပြီးဖမ်းလိုက်ရာ ကလေးကို မိသွားပါသည်။ ဖမ်းမိသွားသော ကလေးကို မောင်ဉာဏ်ချုပ် ထားစဉ်မှာ ကျန်ကလေးများက မောင်ဉာဏ်ကို ဝိုင်း၍ ထိုးကြ၊ ရိုက်ကြ လုပ်နေစဉ်မှာ လူကြီးတစ်ယောက်ယောက်က အော် လိုက်လျှင် မောင်ဉာဏ်က လွှတ်ပေးသည်။ ထိုအချိန်က ရွှေတိ ဂုံစေတီတော် အနောက်ဘက်မုခ် စောင်းတန်းကြီးမှာ တိုင်ကြီး များရှိ၍ ထိုတိုင်ကြီးများကို ရွှေစစ်များ ချထားပါသည်။ ထိုရွှေ ချထားသော တိုင်များမှ ရွှေများကို ညဘက်မှာ သူခိုးများက လာရောက် ခိုးပွတ်ယူကြပါသည်။ ရွှေကိုပွတ်ယူသည်မှာ တိုင်မှ ရွှေများကို ဖယောင်းဖြင့်ပွတ်ယူသွားခြင်း ဖြစ်သည်။ ယခင်အခါ ကလည်း ဘုရားလုံခြုံရေးမှာ များများမရှိဘဲ ၁၅ ယောက် လောက်သာ ရှိ၍ သူခိုးကို မဖမ်းနိုင်ကြပါ။ မောင်ဉာဏ်မှာ ကုန်းတော်ပေါ်မှာ ဘုရားလုံခြုံရေးများနှင့်အတူ အိပ်၍ ရွှေခွာ သော သူခိုးကို ဖမ်းရာမှာလည်း အတူလိုက်ပါသည်။ ရွှေခွာ သော သူခိုးများမှာ မီးလုံးများ ကြိုတင်ခွဲထားပြီး ညဉ့်နက်ချိန် မှ လာခိုးပါသည်။ ခိုးရာမှာလည်း သုံးလေးယောက် လာခိုးပြီး လေးခွများ၊ ဓားများလည်း ပါသည်။ ဘုရားလုံခြုံရေးများ ဆင်း လာလျှင် လေးခွနှင့် ပစ်သည်။ သည်လိုနှင့် တစ်ည မောင်ဉာဏ် နှင့် လုံခြုံရေးနှစ်ယောက် သူခိုးများကို လာချောင်းကြရာမှ သူခိုးများက လေးခွနှင့်ပစ်လိုက်ရာ မောင်ဉာဏ်ခေါင်းပေါက် သွားသည်။ လုံခြုံရေးများက မောင်ဉာဏ်ကို ပြန်ခေါ်လာပြီး ပြုစုပေးကြရာ မောင်ဉာဏ် ဘာစကားမှမပြောဘဲ ငြိမ်ခံနေပါ သည်။ ထူးခြားသည်က ထိုညကစပြီး မောင်ဉာဏ် လုံခြုံရေး များနှင့် လာမအိပ်ဘဲ ပျောက်နေပါသည်။ ဘယ်နေရာမှာ သွား အိပ်မှန်းလည်း မသိကြပါ။ သည်လိုနှင့် တစ်ပတ်ခန့်ကြာသော အခါ စောင်းတန်းအောက်ခြေမှာ ဆူဆူညံညံ အော်ဟစ်သံများ ကြား၍ လုံခြုံရေးများ ဆင်းကြည့်သောအခါ လူတစ်ယောက် လဲနေပြီး အနားမှာ မောင်ဉာဏ် တုတ်ကြီးကိုင်၍ ရပ်နေသည် ကို တွေ့ရသည်။

"ဘယ်လိုဖြစ်တာလဲ မောင်ဉာဏ်၊ သူသေသွားပြီလား"

"ရွှေခွာနေလို့ ရိုက်လိုက်တာလေ။ တစ်ချက်တည်းရိုက် တာ မသေနိုင်ပါဘူး"

"ရွှေခွာတာ သူတစ်ယောက်တည်းလား"

"မနေ့ညက (၃)ယောက်လာတယ်။ ခုညတော့ (၂) ယောက်ပဲ။ ဟိုတစ်ယောက်လည်း ဒဏ်ရာရပြီး ပြေးသွားတယ်။ ဝေးဝေးကမဟုတ်ဘူး။ 'သံပုံချိုင့်' ထဲ[illegible] တွပါ"

"မောင်ဉာဏ်သတ္တိကတော့ ရှားတယ်။ မနက်ကျမှ သူ့ ကို စစ်ဆေးရင် ဘယ်သူတွေပါတယ်ဆိုတာ ပေါ်လာမှာပဲ"

"ဒါနဲ့ မောင်ဉာဏ် . . . သူတို့ကို မင်းဘယ်အချိန်ကစပြီး ချောင်းနေတာလဲ"

"ကျွန်တော့်ကို လေးခွထိပြီးတဲ့ နောက်တစ်နေ့ကစပြီး ဒီစောင်းတန်းဘေးမှာ လာခိုးအိပ်ခဲ့တာ သည်ညအထိပဲ"

"မင်း တော်တော်ဒုက္ခခံပြီး စောင့်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"တော်လှန်ရေးလုပ်ခဲ့ဖူးတာပဲ။ သည်ဒုက္ခက မပြောပလောက်ပါဘူး"

မောင်ဉာဏ်စကားကို ကြားသောအခါ လုံခြုံရေးများ အံ့သြသွားကြပြီး လေးလည်း လေးစားသွားကြသည်။ မောင်ဉာဏ်မှာ အရူးဖြစ်သော်လည်း သူတော်ကောင်းစိတ်ရှိ၍ နံနက်တိုင်း ရင်ပြင်တော်ပေါ်မှာ တံမြက်စည်းလှည်းသည်။ ရင်ပြင်တော်ပေါ်မှာ ရွှေစများနှင့် ရွှေဆွဲလည်းတွေ့လျှင်လည်း ဂေါပကအဖွဲ့ကို အပ်သည်။ မှတ်မှတ်ရရ မောင်ဉာဏ်မှာ ထီးတော်ပေါ်မှကျသော ရွှေဆွဲလည်း(၂)လုံး အပ်ဖူးသည်ဟု လုံခြုံရေးများက ပြောပါသည်။ မောင်ဉာဏ်မှာ ရွှေတိဂုံကုန်းတော်ပေါ်မှာ ၅ နှစ်လောက်နေပါသည်။ မောင်ဉာဏ်ကုန်းတော်ပေါ်မှ ပျောက်သွားသည်ကို ဘယ်ကိုထွက်သွားမှန်း ဘယ်သူမှ မသိကြပါ။ တချို့က ဆေးရုံပေးမှာ သေသွားသည်ဟု ပြောကြသော်လည်း နောင်သုံးလေးနှစ်ကြာသောအခါ ဘုရားလုံခြုံရေးတစ်ယောက်က မောင်ဉာဏ်ကို မိမိ ပဲခူးမြို့ရှိ 'ကျိုက်ပွန်'ဘုရားနားက ဘုန်းတော်ကြီးကျောင်းမှာ ရဟန်းဝတ်နှင့် တွေ့ခဲ့သည်ဟု ပြောပါသည်။ အရူးမောင်ဉာဏ်မှာလည်း ရွှေတိဂုံစေတီတော်ကြီးကို စောင့်ရှောက်ခဲ့ပါသည်။

စေတီတော်ကြီးကို စောင့်ရှောက်နေကြသော ပုဂ္ဂိုလ်များတွင် ပုတီးသမား 'ဦးသက်ပန်'လည်းပါသည်။ ဦးသက်ပန်ကို ယခင်က ရွှေတိဂုံရင်ပြင်ပေါ်မှာ နေသူများနှင့် စေတီတော်မှာ အမြဲအဓိဋ္ဌာန်ဝင် ပုတီးလာစိပ်နေသူများလည်း သိကြပါသည်။ အထူးသဖြင့် ဦးသက်ပန်နေထိုင်သော ကြည့်မြင်တိုင်၊ ပဒင်းတန်းရပ်ကွက်မှာ နေသူများလည်း သိကြပါသည်။ ကျွန်တော် ယခုလို ဦးသက်ပန်အကြောင်း ဖော်ပြနေသည်မှာ ဦးသက်ပန်မှာ နောင်တော်ကြီးစေတီပေါ်မှာ အမြဲတမ်း ပုတီးစိပ်နေပြီး ကိုယ့်ကိုယ်ကို မီးရှို့ပြီး သေသွားသူဖြစ်သောကြောင့် တင်ပြနေခြင်းဖြစ်သည်။ ကျွန်တော် နောင်တော်ကြီးစေတီအကြောင်းကိုလည်း ရေးသားခဲ့ပြီး ဖြစ်ပါသည်။ နောင်တော်ကြီးစေတီမှာ ရွှေတိဂုံရင်ပြင်တော်ပေါ်မှာရှိကြသော ဘုရားများတွင် တစ်ဘာသာထူးခြားသည်။ တစ်နည်းပြောရလျှင် ဂမ္ဘီရဆန်သည်ဟု ပြော၍ရပါသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၇၅ ခုနှစ် နောက်ပိုင်း ဦးသက်ပန် မီးရှို့သေပြီးနောက်ပိုင်းမှာ နောင်တော်ကြီးစေတီအနီးတစ်ဝိုက်တွင် ကိုယ့်ကိုယ်ကို မီး ရှို့သူများ၊ ကိုယ့်လည်ပင်းကို ဓားနှင့်လှီးသူများနှင့် စေတီတော်အနီးရှိ ရေစင်ကြီးပေါ်မှ ခုန်ချ၍သေသူများကို မြင်ရကြားရသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်သည် စောင်းတန်းထဲမှာ အမြဲလိုရှိနေတတ်သည်။ ကုန်းတော်ပေါ်မှာ ကိုယ့်ကိုယ်ကို မီးရှို့၊ လည်ပင်းကို ဓားနှင့်လှီးသည်ဟူသော သတင်းကြားရ၍ သွားကြည့်ပါက နောင်တော်ကြီးစေတီအနားမှာ ဖြစ်နေပါသည်။

ဦးသက်ပန်အကြောင်းကို ပြောရလျှင် ဦးသက်ပန်မှာ ပုတီးမစိပ်ခင်မှာ ကုန်းတော်တစ်ဝိုက်မှာ သန့်ရှင်းရေးလုပ်၊ အညစ်အကြေး၊ ခွေးချေးများ လိုက်ကျုံးပါသည်။ ဦးသက်ပန် ခွေးချေးကျုံးသည်မှာ သူ့မိတ်ဆွေ ဦးအုန်းဖေပြုလုပ်နေသည်ကို မြင်၍ လိုက်ကျုံးခြင်းဖြစ်သည်။ ဦးအုန်းဖေမှာ ရင်ပြင်တော်ပေါ်မှာ ရှိသော သု–က–ကာရီအသင်း ဥက္ကဋ္ဌဖြစ်ပါသည်။ နေ့စဉ်နံနက်တိုင်း တာမွေမှနေ၍ ခြေလျင်လာပြီး ရွှေတိဂုံရင်ပြင်တော်ပေါ်ရှိ ဘုရားများ၊ စေတီများကြားမှ ခွေးချေးများကို လိုက်ကျုံးပါသည်။ ထိုအချိန်က ရင်ပြင်တော်ပေါ်မှာ ခွေးများရှိသည်။ နောက်ပိုင်းမှသာ ခွေးများ စောင်းတန်းများမှာသာရှိသည်။ စောင်းတန်းထဲမှ ခွေးများမှာ ဘုရားဖူးလာသူများကို ကိုက်၍ သိုက်ဆိုင်ရာမှ မကြာခဏ ရှင်းရသည်။ ဘုရားပေါ်မှာ တံမြက်စည်းအမြဲလှည်း၍ ခွေးချေးကျုံးသူများမှာ အကျိုးပေးကောင်းကြသည်ကိုလည်း တွေ့ဖူးပါသည်။ ဦးအုန်းဖေမှာ ခွေးချေးကို စနစ်တကျကျုံးရန် အိမ်က စက္ကူဖြတ်စများကို အိတ်တစ်လုံးနှင့်ယူလာပြီး အိတ်အလွတ်တစ်လုံးကိုလည်း ယူလာပါသည်။ ခွေးချေးပုံကို တွေ့လျှင် အပေါ်မှ စက္ကူစနှင့်အုပ်၍ ကျုံးယူလိုက်ပြီး အိတ်အလွတ်ထဲထည့်သည်။ နောက် စင်အောင် စက္ကူစနှင့်ပွတ်ပါသည်။ ထိုသို့ခွေးချေးများ လိုက်ကျုံးပြီးနောက်မှာ အညစ်အကြေးများကို သွားစွန့်လိုက်ပြီး လက်များကို စင်အောင်ဆေးပြီးမှ ဘုရားရှိခိုးပါသည်။ ဦးအုန်းဖေမရှိသည့်နောက်မှာ ကိုသံချောင်းက ဦးအုန်းဖေပြုလုပ်သည့်အတိုင်း ခွေးချေးကျုံးပါသည်။ ကိုသံချောင်းမှာ ဘုရားရင်ပြင်တော်ပေါ်မှာရှိသော ဝတ်များ၊ တန်ဆောင်းများမှာ ပန်းချီရေးပါသည်။ သို့သော် မိသားစုများ၍ ဆင်းရဲပါသည်။ ၁၉၉၁ ခုနှစ်လောက်က အိမ်ရာမရှိ၍ ဘုန်းတော်ကြီးကျောင်းများမှာနေသူများကို အစိုးရက အေးမြသာယာမြို့သစ်ကို ပို့ပေးရာမှာ ကိုသံချောင်းအိမ်ထောင်စုလည်း ပါသွားသည်။ သို့သော် အေးမြသာယာမှာ တစ်နှစ်ခန့်သာနေခဲ့ရပြီး ကိုသံချောင်းကို ဘုရားအမြဲလာဖူးသူတစ်ယောက်က ကူညီ၍ မိသားစုလိုက် ရန်ကုန်ကိုပြန်ရောက်လာပါသည်။ ရင်ပြင်တော်ပေါ်မှာလည်း ခွေးချေးပြန်ကျုံးနေပါသည်။

ဦးသက်ပန်အကြောင်း ရေးရလျှင် ဦးသက်ပန်မှာ နေ့စဉ်ပင် ဘုရားကုန်းတော်ပေါ်ကိုလာ၍ သန့်ရှင်းရေးများလုပ်ပြီး ပုတီးစိပ်နေရာမှ တစ်နှစ်–နှစ်နှစ် ကြာလာသောအခါ အသိမိတ်ဆွေများ ရှိလာပါသည်။ တချို့မိတ်ဆွေများက ဦးသက်ပန်ကို ဆရာတင်၍ မသိသည်များကို မေးသည်။ ဦးသက်ပန်ကလည်း သိ



www.burmeseclassic.com

www.burmeseclassic.com

သမ္မုပြောပြပါသည်။ သည်လိုနှင့် ကြာလာသောအခါ ဦးသက်ပန် ဆရာဖြစ်လာပါသည်။

"ဆရာ . . . နိဗ္ဗာန်ကို အမြန်ဆုံးရောက်သည့်နည်းရှိရင် ပြော်ပါ။ ကျွန်တော်သွားချင်လို့ပါ"

"ဟုတ်တယ်။ ဆရာလည်း ယခုနေရသည့် သံသရာက ရှည်လွန်းလို့ မြန်မြန်နှင့် နိဗ္ဗာန်ရောက်သည့်နည်းကို ကျင့်ကြံရှာဖွေနေပါတယ်။ တွေ့ရင်လည်း ပြောပြပါ့မယ်"

"ဟုတ်တယ် ဆရာ။ နိဗ္ဗာန်ကိုဖြတ်လမ်းသွားလို့ မရဘူး။ သွားတဲ့နည်းလည်း မရှိဘူး"

"ကျင့်ကြံအားထုတ်ရင် တစ်နေ့တွေ့ရမယ်လို့ ကျွန်တော်ထင်တယ်။ တွေ့အောင်လည်းရှာမယ်။ ခင်ဗျားတို့လည်း ကြိုးစားရှာကြပါ"

ဦးသက်ပန်မှာ တပည့်များနှင့် မိတ်ဆွေများကို ထိုစကားပြောပြီးနောက် နောင်တော်ကြီးစေတီပေါ်မှာ ညအိပ်အစိဋ္ဌာန် ဝင်နေလိုက်ပါသည်။ သည်လိုနှင့် ၃ ရက်မျှကြာသောအခါ ဘယ်လိုစိတ်ကူးရသွားသည်မသိဘဲ အနီးအနားမှာရှိသော ဗဟန်းဈေးမှ ရေနံဆီတစ်ပုံးနှင့် ပိတ်ဖြူအတောင် ၂၀ ဝယ်၍ နောင်တော်ကြီးစေတီအောက်နားမှာရှိသော ထန်းပင်ခြေရင်းမှာ ထားလိုက်ပြီး တစ်ညလုံး နောင်တော်ကြီးစေတီမှာ ပုတီးစိပ်နေပါသည်။ ပုတီးစိပ်နေ၍ နံနက် ၄ နာရီလောက်မှာ ပုတီးစိပ်နေရာမှ ထသွားပြီး မိမိကိုယ်မှာ ပိတ်ဖြူကိုပတ်၊ ရေနံဆီများဆွတ်၍ ပတ်ထားပြီး မီးရှို့လိုက်ရာ မီးလောင်၍ သေသွားပါသည်။ ဦးသက်ပန်သေဆုံးပြီးနောက်မှာ နောင်တော်ကြီးစေတီမှာ ညဘက် ပုတီးစိပ်လျှင် ပုတီးကို လူမမြင်ရဘဲ လာဆွဲသည်ဟူသော သတင်းများထွက်လာသည်။ တချို့လူများက နောင်တော်ကြီးစေတီမှာ အစောင့်အရှောက်ကြမ်းသည်ဟု ပြောကြသည်။ ကျွန်တော်ကိုယ်တိုင် ယခင် နောင်တော်ကြီးစေတီမှာ ပုတီးစိပ်ဖူးသည်။ နောက်ပိုင်းမှာလည်း သူငယ်ချင်းတစ်ယောက်နှင့် တိုင်ပင်၍ ညဘက် ပုတီးသွားစိပ်ရာ ဘာထူးခြားမှုမှ မရှိပါ။ နောက်ပိုင်းမှာ နောင်တော်ကြီးစေတီကို ညဘက်တက်ခွင့်မပြုတော့သည့်အပြင် နေ့ဘက်မှာလည်း မှတ်ပုံတင်ပါမှ တက်ခွင့်ပြုပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို အမြဲစောင့်ရှောက်နေသူများဟု လူများအသိအမှတ်ပြုထားကြသည်မှာ ကုန်းတော်ပေါ်မှာ ရုပ်တုများလည်း ပြုလုပ်ထားသော ဘိုးတော်သိကြားမင်း၊ ရွှေတိဂုံဘိုးဘိုးကြီး၊ ရန်ကုန်ဘိုးဘိုးကြီး၊ လောကပါလ (ယက္ခမယ်တော်ကြီး) တောင်ဘက်စောင်းတန်းမုခ်ဦးမှ ယက္ခညီနောင် ရင်ပြင်တော်အဂ်ါထောင့် ဗောဓိညောင်ပင်ကြီးအောက်နားမှ ဘိုးတော်နှင့် နောင်တော်ကြီးစေတီတောင်ဘက် ခြေရင်းအနီးမှာရှိသော ယက္ခညီနောင် (ခရေပင်ကြီးအောက်မှာ) ရုပ်တုရှိပါသည်။ ကျွန်တော်သည် ကုန်းတော်ပေါ်မှ အနေကြာ၍ တချို့အစောင့်အရှောက်များအကြောင်း ဆောင်းပါးများရေးသားခဲ့ပြီး



ရှင်အရဟံတန်ဆောင်းအတွင်းရှိ ရှေးရုပ်ပွားတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ ရေးသားခဲ့ရာမှာလည်း တချို့ကို ကျွန်တော့်အမြင်၊ တချို့ကို ကျွန်တော့်အကြား၊ တစ်ဆင့်ပြောစကားများနှင့် ရေးခဲ့ပါသည်။ ထိုသို့ခွဲခြားရေးသားခဲ့သည်မှာ တချို့အဖြစ်အပျက်များမှာ နှစ်အတော်ကြာကြာမှ ဖြစ်ပျက်ခဲ့ပြီး အချို့မှာ နှစ် ၅၀ လောက်၊ တချို့လည်း နှစ်ပေါင်း ၂၀ လောက်မှာ ဖြစ်ပျက်ခဲ့သည်ကိုသာ တင်ပြခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်ဆောင်းပါးလည်း ရှည်သွားပြီးဖြစ်၍ ယခု ကျွန်တော်မတင်ပြဖူးသေးသော နောင်တော်ကြီးစေတီ ခရေပင်ကြီးအောက်မှာရှိသော ယက္ခညီနောင်အကြောင်းကို ဖော်ပြပါမည်။ ထိုယက္ခညီနောင်မှာ နောင်တော်ကြီးစေတီအစောင့်ဟု သိရပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ဗိုလ်မှူးကြီးဟောင်းတစ်ယောက်မှာ ရွှေတိဂုံစေတီဂေါပကအဖြစ် တာဝန်ထမ်းဆောင်ရန် ရောက်လာပါသည်။ ထိုဂေါပကမှာ လုပ်ငန်းဌာနမှာ တာဝန်ယူလုပ်ကိုင်ရပြီး စိတ်ကြမ်း၊ လူကြမ်းနှင့် အလုပ်များကို မနားတမ်း လုပ်ကိုင်ပါသည်။ သည်လိုနှင့် တစ်နေ့မှာ သူလျှောက်ကြည့်ရင်း လူသွားလမ်းနားမှာရှိနေသော ယက္ခညီနောင်ရုပ်တုနှင့် ခရေပင်အုပ်ကြီးကို မြင်ရသောအခါ မိမိတပည့်များကို ဖျက်ရန်၊ ခုတ်ရန် အမိန့်ပေးပါသည်။

"ဟေ့ . . . သည်ခရေကိုင်းတွေကို ခုတ်လိုက်၊ သည်ရုပ်တုတွေကိုလည်း ရှင်းရမယ်"

ဂေါပကမှာ ထိုသို့ပြောပြီး အရှေ့ကိုလမ်းလျှောက်သွားရာမှာ သုံးလေးလှမ်းသွားပြီးသည်နှင့် အကြောများဆွဲ၍ မသွားနိုင်တော့ပါ။ ထိုအခါ တပည့်များက ပိုင်းတွဲပြီး ဂေါပကရုံးကို ပို့လိုက်ပါသည်။ ဂေါပကများက ချက်ချင်းပင် ကျောက်မြောင်းမှာရှိသော အနှိပ်ဆရာထံကို ပို့ပေးကြရာ တစ်ခါတည်း လေဖြတ်ပြီး အကြောဆွဲသွားပါသည်။ ကြားရ၊ မြင်ရသော လူများကလည်း ထိုယက္ခညီနောင်ကို ကြောက်သွားကြပါသည်။ ယခုနောက်ပိုင်းမှာ သိသူများက ပွဲများတင်မြှောက်ပသ၍ ဆုများလာတောင်းနေကြပါသည်။ လေဖြတ်သွားသော ဂေါပကမှာလည်း နောက်ပိုင်းမှာ ပွဲများတင်၍ လာတောင်းပန်သည်ဟု ကြားရပါသည်။ နောက်ပိုင်းမှာ ထိုဂေါပက ကောင်းကောင်းမပျောက်သော်လည်း လေငန်းဆွဲနေပြီး အလုပ်ဆက်လုပ်ပါသည်။ ထိုဂေါပကမှာ ကျွန်တော်နှင့် ခင်မင်ပါသည်။ နောက်တစ်ခါ စနေထောင့် အောက်ပစ္စယာ ရန်ကုန်ဘိုးဘိုးကြီးအနီးမှာရှိသော စေတီဟောင်းကလေးကို ကျွန်တော်တို့ တောင်ဘက်စောင်းတန်းအဖွဲ့က ပြုပြင်၍ ဈေးအဖွဲ့အတွင်းရေးမှူးဖြစ်သော ကျွန်တော်ကပင် ဦးဆောင်၍ပြုပြင်ရပါသည်။ ထိုအချိန်မှာ လေဖြတ်နေသော ဂေါပကမှာ သူ့တပည့်များနှင့် ရောက်လာပြီး ကျွန်တော်ပြုပြင်နေသော စေတီကလေးအောက်နားမှ နတ်စင်ကလေးတစ်ခုကို မြင်သောအခါ သူ့တပည့်များကို ဖျက်ခိုင်းလိုက်ပါသည်။ သူဖျက်လိုက်သည်ကို ကျွန်တော်ဘာမှမပြောပါ။ သည်လိုနှင့် နောက်တစ်နေ့နံနက် စောစောမှာ ထိုဂေါပကခေါ်၍ ကျွန်တော်သွားတွေ့ရာမှာ ဂေါပကက ကျွန်တော့်ကို အောက်ပါအတိုင်း ပြောပါသည်။

"ကျွန်တော်ညက အိပ်မက်တွေ မကောင်းဘူး။ မြွေတွေအိပ်မက်တယ်။ အဲဒါ ရန်ကုန်ဘိုးဘိုးကြီးကို ခင်ဗျားပွဲတစ်ပွဲပြင်ပြီး တောင်းပန်ပေးပါ"

"ဒါဖြင့် မနေ့က အဘ စေတီလေးအောက်နားက နတ်စင်လေးကို ဖျက်ခိုင်းလိုက်တယ်ဆို"

"ဖျက်ခိုင်းလိုက်တယ်။ စေတီလေးနားမှာ ရှုပ်နေလို့။ အဲဒါ ဘာဖြစ်လဲ"

"အဲဒါ သိုက်ချုပ်နတ်စင်လေ။ အရင်လူတွေ လုပ်ထားခဲ့တာ"

"ဟုတ်လား၊ ဒါဆိုရင် ဘာလုပ်ရမှာလဲ"

"စင်အစားပြန်လုပ်ပေးပြီး တောင်းပန်ရမှာပေါ့"

"ဒါဖြင့် ခင်ဗျား လက်သမားအဖွဲ့ကို ခေါ်သွားပြီး ပြန်ဆောက်ပေးလိုက်ပါ။ ကျွန်တော့်မိန်းမ ဆေးရုံကပြန်ဆင်းလာတာ မကြာသေးဘူး။ ညက ရှင်ပါဂူကို ပို့လိုက်ရတယ်"

"အဘ . . . စိတ်ချပါ။ ကျွန်တော်နတ်ကွန်းပြန်ဆောက်ပေးလိုက်ပြီး . သေသေချာချာတောင်းပန်ပေးလိုက်ပါ့မယ်"

သို့သော် တစ်ပတ်ခန့်အကြာမှာ ထိုဂေါပက၏ဇနီး ကွယ်လွန်သွားပါသည်။ ထိုအဖြစ်အပျက်မှာ ကျွန်တော်ကိုယ်တိုင်ပါဝင်သော အဖြစ်အပျက်အမှန်ပင် ဖြစ်သည်။ ကျွန်တော်ပြောလိုသည်မှာ ရွှေတိဂုံကုန်းတော်ပေါ်မှာ ရှိနေကြသော သူတော်စင်အစောင့်အရှောက်များနှင့် ဝိဇ္ဇာဇော်ဂျီများနှင့် မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်အစောင့်အရှောက်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို အမြဲစောင့်ရှောက်နေကြပါသည်ဟု ထင်ပါသည်။ ၎င်းပုဂ္ဂိုလ်များ စောင့်ရှောက်နေကြသောကြောင့်လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ နှစ်ပေါင်း ၂၀၀၀ ကျော် တည်ရှိနေသည်ဟု ကျွန်တော်ထင်နေပါသည်။ နောင်လည်း နှစ်ပေါင်းများစွာ တည်ရှိနေဦးမည်သာ ဖြစ်ပါသည်။

ညွှန့်မောင်ဦး




www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်

# ဗန်းမော်ဆရာတော် "ဒေါက်တာအရှင်ကုမာရာဘိဝံသ" ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော်

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ခရစ်နှစ် ၂၀၀၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်မှာရုံ၊ တရားပွဲ အလှူရှင် မိဘနှစ်ပါး ဦးထိပ်ထားလျက် မောင်ဇော်မိုး(ခေတ္တ-ဂျပန်) ၆၈၊ အိမ်နံပါတ် အေ-၆၊ ဝေဠုဝန်လမ်းကျယ်၊ စမ်းချောင်းမြို့နယ်တွင် ဟောကြားခဲ့သော တရားတော်။



ဒီနေ့ ဈာနပစ္စည်း၊ ဒီနေ့ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ ၄ ပစ္စည်းတော့ မှန်းထားပါတယ်။ ဝေထားတဲ့ စာရွက်လေး ကြည့်လိုက်ပါဦး။ ဘုန်းဘုန်း တစ်ခေါက်ဖတ်ပြမယ်။

**အရဟံ ဗဟိအန္တဇယံ သုဂတံ၊**

**အမိတံ ဝိရဇံ လလိတံ။**

**အတုလံ စရဏံ တိဘဝူပသမံ ယမကံ။**

**သုခဒံ သရဏံ ပဏာမာမိ ဇိနံ။**

ကဲ...ဖြည်းဖြည်းဆိုစမ်းပါ။

(သံပြိုင်) အရဟံ (ပ) ဇိနံ၊

*အရဟံ - ပူဇော်အထူးကို ခံယူထိုက်သော မြတ်စွာဘုရားကို၊ ပဏာမာမိ - ရှိခိုးပါ၏။*

*ဗဟိအန္တဇယံ-အတွင်းအပရန်ကို အောင်တော်မူသော*

*သုဂတံ-ကောင်းသောစကားကို ဟောပြောတတ်သော*

ဆိုလိုက်ကြစမ်းပါဦး။

(သံပြိုင်) *အရဟံ (ပ)...ဟောပြောတတ်သော မြတ်စွာဘုရားကို၊ ပဏာမာမိ၊ ရှိခိုးပါ၏။*

*အမိတံ-မနှိုင်းယှဉ်နိုင်သည့် တန်ခိုးပြာဋိဟာ ရှိတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ ရှိခိုးပါ၏။*

*ဝိရဇံ-ကိလေသာကင်းတော်မူသော*

*လလိတံ-တင့်တယ်သပ္ပာယ်တော်မူသော*

*အတုလံ-အတုမရှိသော*

ကဲ ဆိုလိုက်စမ်းပါဦး။

(သံပြိုင်) *အမိတံ (ပ)...မြတ်စွာဘုရားကို၊ ပဏာမာမိ၊ ရှိခိုးပါ၏။*

*- ဂုဏ်တော် ၇ ပါး ရှိသွားပြီနော်။*

*- စရဏံ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ပဏာမာမိ ရှိခိုးပါ၏။*

*- တိဘဝူပသမံ-ဘုံ ၃ ပါး၌ ကိလေသာငြိမ်းအေးသော မြတ်စွာဘုရားကို၊ ပဏာမာမိ ရှိခိုးပါ၏။*

*- တိ က-၃၊ ဘဝ က-ဘဝ၊ ဥပသမ က-ကိလေသာငြိမ်းတာ ယမကံ-ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာနဲ့ ပြည့်စုံသော မြတ်စွာဘုရားကို၊ ပဏာမာမိ၊ ရှိခိုးပါ၏။*

ကဲ ဆိုလိုက်ပါဦး။

(သံပြိုင်)။ *စရဏံ (ပ) ရှိခိုးပါ၏။*

*သုခဒံ - ချမ်းသာကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။*

*သုခဆိုတာ ချမ်းသာ၊ ဒံ-ပေးစွမ်းနိုင်တယ်၊ သုခံ ဒဒါတီတိ သုခဒေါ။*

*သရဏံ - ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားကို၊ ပဏာမာမိ-ရှိခိုးပါ၏။*



www.burmeseclassic.com

www.burmeseclassic.com

ဇိနံ - မာရ်ငါးပါးကို အောင်မြင်သော
ကဲ ဆိုလိုက်ကြ။
သုခဒံ (ပ) ပဏာမာမိ၊ ရှိခိုးပါ၏။

အေး…ဒီဂါထာလေးကို မန္တလေး ရသေ့ကြီးဦးခန္တီက အမြဲရွတ်ဆိုနေသတဲ့။ ရသေ့ကြီး ဦးခန္တီ ဆိုတာ အစက ဦးဖင်လေးပေါ့။ ရမည်းသင်းမြို့နား ရွာတစ်ရွာက ရမည်းသင်းမြို့ အရှေ့ဘက် ရှမ်းတောင်ကြီးပေါ်တက် တရားတွေကျင့်၊ နောက်ပိုင်း တရားတွေ ပေါက်ရောက်တယ် ဆိုပါတယ်။ တရားတွေ ပေါက်ရောက်တော့ ငါ သာသနာပြုမယ်။ ဒါပေမဲ့ ဘုန်းကြီးဘဝနဲ့ဆို ပိုက်ဆံတွေ ဘာတွေ ကိုင်ရတာ မတော်ဘူး။ ရသေ့ဝတ်မယ် ဆိုပြီးတော့ ရသေ့ဝတ်၊ ရသေ့ဝတ်ပြီး မန္တလေး လာသတဲ့။

အဲဒီခေတ်က သာသနာပိုင်က တောင်ခွင်သာသနာပိုင်တဲ့။ တောင်ခွင်ကျောင်းတိုက်က၊ အဲဒီဆရာတော်ကြီးဆီသွား။ ဆရာတော်ဘုရား။ တပည့်တော် ရသေ့ ဦးခန္တီပါဘုရား။ တပည့်တော် သာသနာပြုမလို့ပါ။ ဘုရားတွေ တည်မယ်၊ ကျောင်းတွေ ဆောက်မယ်၊ ဘုရားအို ကျောင်းအိုတွေ ပြင်မယ်ဘုရား။ စောင်းတန်းတွေ ဆောက်ပါ့မယ်၊ မန္တလေးတောင်ခြေမှာ နေရာလေး တစ်နေရာ ပေးပါလို့ လျှောက်တယ်။ ဦးခန္တီ ခင်ဗျားလည်း ကျုပ် အခုမှ မြင်ဖူးတာ၊ ခင်ဗျား ဘယ်လောက်အစွမ်းသတ္တိရှိလို့ သာသနာပြုနိုင်မယ်၊ မပြုနိုင်မယ် မသိရဘူး။ အဲဒီတော့ ခင်ဗျား အစွမ်းသတ္တိလေး ကျုပ် မြင်ရအောင် နည်းနည်းပြစမ်းပါ။ ဆရာတော် ဘာကြည့်ချင်တုံး မေးသတဲ့။ ကဲ နက်ဖြန် သံဃာ ၅၀၀ ဆွမ်းကပ်ချင်တယ်၊ ကျွေးနိုင်ပါ့မလား၊ ကျွေးနိုင်ပါတယ် ဘုရား။ ၅၀၀ လည်း ကျွေးနိုင်တယ်၊ ၁၀၀၀ လည်း ကျွေးနိုင်ပါတယ် ဘုရား။ ကဲ ဒီလိုဆို သံဃာ ၅၀၀ ပင့်ထားလိုက်မယ်။ ကျွေးပေတော့ ဦးဇင်းတွေ ကိုရင်တွေ သံဃာ ၅၀၀ စာရေးပြီး ပင့်ပေါ့။ ပင့်ပြီးတော့ တပည့်တော် အိပ်ဖို့နေရာလေးတစ်ခု ပေးပါဘုရားဆိုပြီး အခန်းတစ်ခန်းတောင်း။ တောင်းပြီးတော့ သူ့ပစ္စည်းလေးတွေထား၊ ပုတီးစိပ်နေတယ်တဲ့။

ညနေလည်း ဆွမ်းချက်မယ့်သူ တစ်ယောက်မှ မလာသေးဘူးတဲ့။ ၉ နာရီ၊ ၁၀ နာရီလည်း မလာ၊ ၁ ချက်၊ ၂ ချက်လည်း မလာ။ တစ်ယောက်မှ မလာဘူးတဲ့။ ဒီတော့ ဆရာတော်ကြီးက ဦးခန္တီတော့ တို့လိမ်ပြီနဲ့တူတယ်၊ ဦးဇင်းတွေ ကိုရင်တွေလည်း ပင့်ထားပြီးဖြစ်၊ ကဲ ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ဒီတိုင်းထားတယ်။ မနက် ၄ နာရီလောက်ကျတော့ သူက ကြေးစည်လေး ဒူဝေဝေနဲ့တီး အမှုဝေသတဲ့။ အဲဒီကျမှ ဒကာ၊ ဒကာမတွေ ဆွမ်းအုပ်တွေ၊ တစ်ချို့က ရွက်ပြီးလာသတဲ့။ ဆွမ်းအုပ်တွေလာပြီ ဆိုပြီး ဦးဇင်း ကိုရင်တွေက လုယ်သတဲ့။ ဆွမ်းအုပ်ပေါင်း ၁၀၀၀ ကျော်သတဲ့။ ပင့်ထားတာက ၅၀၀၊ ပိုတောင်နေသေးတယ်။ အဲဒီတော့မှ သာသနာပိုင် ဆရာတော်ကြီးက ဦးခန္တီ ခင်ဗျား စွမ်းသဗျာဆိုပြီး မန္တလေးတောင်ခြေမှာ နေရာ တစ်နေရာ ပေးလိုက်သတဲ့။

အဲဒီလိုနဲ့ ဦးခန္တီက ဘုရားတွေတည်တယ်။ ကျောင်းတွေဆောက်တယ်။ မန္တလေးတောင် ရောက်ဖူးကြတယ် မဟုတ်လား။ စောင်းတန်းကြီးတွေ၊ သံစောင်းတန်းကြီးတွေနော်။ ရန်ကင်းတောင်၊ မန်းစက်တော်တောင်၊ တစ်နိုင်ငံလုံး လျှောက်လုပ်တယ်။ နိုင်ငံခြားကုမ္ပဏီတွေကတောင် ဦးခန္တီ လိုချင်ရင် သွပ်တွေ၊ သံတွေ၊ ဘိလပ်မြေတွေ အကြွေးပေးတယ်။ အဲဒါနဲ့ တစ်ခါတော့ ပစ်စာ လေးတစ်စောင် ထောက်လှမ်းရေးဆီ ပစ်လိုက်သတဲ့။ ဦးခန္တီ ရွှေတု၊ ငွေတု လုပ်နေပါတယ်။ ရွှေတု၊ ငွေတု လုပ်ရင် လူသတ်မှု များလို ထောင်တစ်သက် ချနိုင်တယ်နော်။ အဲဒီတော့ ဦးခန္တီ ဖမ်းဖို့ ပြင်ဆင်နေကြတယ်။ ဦးခန္တီ ရွှေအတုတွေ လုပ်တယ်၊ တကယ်အစစ် မဟုတ်ဘဲနဲ့ အတုလုပ်တယ်ဆိုပြီး ပစ်စာပစ်တော့ ဖမ်းဖို့ရာ ပြင်ရော။

ဦးခန္တီ ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက သွားပြောတယ်။ ဦးခန္တီ ခင်ဗျားကို ဖမ်းဖို့လုပ်နေပြီ။ ထောက်လှမ်းရေးက ပြင်နေပြီ၊ ဘာဖြစ်လို့တုံး။ ခင်ဗျား ရွှေတွေ ငွေတွေ အတုလုပ်တယ်လို့ သတင်းပို့တယ်။ ဟာ ငါ ရွှေတွေ ငွေတွေ မလုပ်ပါဘူးကွ။ ရွှေတွေ ငွေတွေ ဖြစ်တာ၊ ဖြစ်တာနဲ့ လုပ်တာ ဘာထူးတုံး။ ထူးတာပေါ့ကွ။ နက်ဖြန် မင်းတို့ကို ပြမယ်၊ ထောက်လှမ်းရေးတွေလည်း ဖိတ်လိုက်၊ မဏ္ဍပ်တွေထိုး။ ဘေးမှာ စာလေး ရေးထားသတဲ့။ ရသေ့ကြီး ဦးခန္တီ ရောက်နေပါတယ်။ ဘုရားတွေ ကျောင်းတွေ ဆောက်ဖို့ ကုသိုလ်ပါဝင်နိုင်ပါတယ်ဆိုပြီး စားပွဲပေါ်မယ် ငွေဖလားကြီး ၃ ခွက်လည်း တင်ထားသတဲ့။ အဲဒီမှာ လှူချင်တဲ့ ပုဂ္ဂိုလ်က လှူသွားတာပေါ့။ လူတွေက အများကြီး။ ဦးခန္တီ ကြွလာသတဲ့ ဆိုတော့ တစ်ချို့က ပိုက်ဆံမပါဘူး။ မပါတော့ လက်ကောက်တွေ ချွတ်လှူလိုက်၊ ခြေချင်းတွေ ချွတ်လှူလိုက်၊ နားကပ်တွေ ချွတ်လှူလိုက်နဲ့ ငွေဖလားကြီးတစ်လုံး မကြာခင် ပြည့်သွားတာတဲ့။ ပိုက်ဆံပါတဲ့သူကတော့ ပိုက်ဆံတွေ၊ ဒင်္ဂါးတွေ ဂျောင်းဂျောင်းနဲ့ ထည့်သွားကြတာတဲ့။ မကြာမီ အဲဒီတစ်လုံးကပြည့်၊ တစ်ချို့ငွေစက္ကူပါတဲ့သူတွေက ငွေစက္ကူတွေထည့် အကုန်လုံး ပြည့်သွားတာတဲ့။ ဖလားကြီး ၃ လုံးလုံး ပြည့်တယ်။ ပြည့်မောက်နေတော့မှ ထောက်လှမ်းရေးတွေ ပြလိုက်တယ်။ ကဲ ကျုပ် ငွေလည်းဖြစ်တယ်၊ ရွှေလည်းဖြစ်တယ်၊ ရွှေတု ငွေတု မလုပ်ပါဘူး။ အဲဒီတော့မှ အထက်ဘုရင်ခံဆီ စာတင်လိုက်တော့ ဦးခန္တီက ရွှေဖြစ်တာ၊ ငွေဖြစ်တာ၊ လုပ်တာမဟုတ်ဘူး။ အတုမဟုတ်ဘူး။ အစစ်တွေ၊ အဲဒါနဲ့ သူ့မဖမ်းတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

နောက် စစ်ကိုင်းတောင်ရိုးက ဝါးချက်မင်းကျောင်းဆိုတဲ့ ဆရာတော်ကြီး တစ်ပါးရှိတယ်။ ဝါးချက်ဆိုတာ ဝတ်ချက်၊ ဆွမ်းဝတ် အမြဲချက်ရတယ်။ မင်းတုန်းမင်းကြီး၏ ငယ်ငယ်ကတည်းက သူ့ဆရာတော်၊ မန္တလေးပင့်ပြီး ကိုးကွယ်ထား၊ ဆရာတော်ကြီး အသက်ကြီးတော့ ငါ အသက်ကြီးပြီကွာ၊ စာသင်တာရော၊ စာချတာရော များပြီကွာ၊ ကဲ တရားအားထုတ်တော့မယ်ဆိုပြီး စစ်ကိုင်းတောင်ရိုးသွား၊ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက် တရားအားထုတ်နေတာ။ ဆွမ်းခံတရားအားထုတ်၊ ကျောင်းလည်း မရှိဘူး။ သစ်ပင်အောက်နေ၊ တစ်ခါတော့ မင်းတုန်းမင်းကြီးက သူ့ဆရာ သတိရလို့သွားတော့ မရှိဘူး။ ဆရာတော်ကြီးက ဘယ်ကြွသွားတုံး၊ စစ်ကိုင်းတောင်ရိုး တရားအားထုတ်သွားတယ်ဆိုတော့ လိုက်သွား။ ဟာ ဆရာတော်ကြီးကျောင်းလည်း မရှိဘူး။ သစ်ပင်အောက်နေ၊ ဆွမ်းကလည်းခံစားရ၊ အဲဒီနားက ရွာလေးကို ကဲ မင်းတို့ရွာကထွက်တဲ့ မြေခွန်တော်၊ လယ်ခွန်တော်၊ ယာခွန်တော်တွေ ငါ့ဆီမပေးနဲ့၊ သူကြီးကယူပြီး ဟောဒီ ဆရာတော်ကြီးအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းချက်။ ဆွမ်းဝတ်ချက်ရလို့ ဝတ်ချက်ရွာလို့ ခေါ်သတဲ့။ ကြာတော့ ကာလရွေ့လျောပြီး ဝါးချက်ရွာလို့ ခေါ်ကြတယ်။ ဝါးတွေ ချက် စားတဲ့ အဓိပ္ပာယ်၊ အဲလို မဟုတ်ဘူး။ ဘာဖြစ်လို့တုံး၊ ဆွမ်းဝတ် ချက်လို့။ ဝတ်ချက်မင်းကျောင်း၊ ဘုရင်ကြီးက ကျောင်းဆောက် လှူလို့ မင်းကျောင်းခေါ်တယ်။ ဝတ်ချက်မင်းကျောင်း။

ဦးခန္တီက အဲဒီကျောင်းသွားသတဲ့။ ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီးက ဦးခန္တီ ကြွလာတယ်ဟေ့။ လက်ဖက်ရည်တို့ အမြည်းတို့ လုပ်ကြပါဆိုပြီး ဒကာ၊ ဒကာမတွေ ခိုင်းပြီး ကျွေးမွေးဧည့်ခံတယ်။ ပြီးတော့ ဆရာတော်ကြီးက ဦးခန္တီ ခင်ဗျားနာမည်ကျော်တယ်ဗျာ၊ တစ်နိုင်ငံလုံးကျော်တယ်၊ တန်ခိုးရှိတယ်၊ စွမ်းတယ်ဆိုတာ ကျုပ် နားနဲ့တော့ ကြားပြီ၊ မျက်လုံးနဲ့ မြင်ရအောင် ကျုပ် ပြစမ်းပါ။ ကြည့်ရအောင်။ ဒီလိုဆို တစ်နာရီဆိုင်းပါဘုရားတဲ့။ တစ်နာရီ ဘာကြာမှတ်လို့ ဆိုင်းမယ်ဗျာ။ ဒါနဲ့ ဦးခန္တီက ဘုရားရှေ့ နေကထိုင်လေးခင်းပြီး ပုတီးစိပ်သတဲ့။ ၄၅ မိနစ်ရှိတော့ တပည့်တော် ပုတီးစိပ်ခဲ့ပါပြီဘုရား။ ခင်ဗျား ပုတီးစိပ်လည်း ဘာမှမထူးပါဘူး။ ခုနလည်း ဒါပဲ။ ခုလည်း ဒါ။ ဘာထူးလဲ၊ ခင်ဗျားအစွမ်း မပေါ်ဘူး။ ဆရာတော် တပည့်တော် တစ်နာရီ ဆိုင်းပါလို့ ပြောတယ်လေ။ တစ်နာရီမှ မရှိသေးဘဲ။ ၄၅ မိနစ်ပဲ ရှိသေးတယ်။ ၁၅ မိနစ် လိုပါသေးတယ်။ ၁၅ မိနစ်တော့ ဆိုင်းပါဦးလို့ ပြောသတဲ့။

ကဲ ဆိုင်းပ့ါ ဆိုင်းပ့ါ။ ၁၅ မိနစ်လောက်ကြာတော့ လူတစ်ယောက် ခေါင်းပေါင်းစနဲ့ တောင်ရှည်ပုဆိုးနဲ့ တိုက်ပုံအင်္ကျီနဲ့ တကယ့်မင်းညီမင်းသား ကျနေတာပဲ။ လာသတဲ့။ ရသေ့ကြီး ဦးခန္တီ လှူချင်လို့ပါဘုရား။ ဟောဒါ ရသေ့ကြီး ဦးခန္တီပါပဲဗျား။ ဒါနဲ့ အထုပ်တစ်ထုပ် လှူသွားသတဲ့။ အထုပ်ဖြည်ကြည့်လိုက်တဲ့ အခါ ရွှေဒင်္ဂါး ၁၀၈ ပြား ပါသတဲ့နော်။ ဦးခန္တီက လျှောက်သတဲ့။ ကဲ တပည့်တော်အစွမ်း၊ မြင်ပြီမဟုတ်လားဘုရား။ တပည့်တော် သာသနာပြုနေတာ တစ်ခါတလေ ပိုက်ဆံတစ်ပြားမှ မရှိပါဘူး ဘုရား။ ပုတီးစိပ်လိုက်ရင် လိုချင်တာ အကုန်ရပါဘုရား။ ဒါနဲ့ သာသနာပြုတာပါလို့ ပြောသတဲ့။

ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီးက ဦးခန္တီ ခင်ဗျား လက်တွေ့ပြသလို ကျုပ်လည်း လက်တွေ့ပြဦးမယ်ဆိုပြီး ပုတီးသွားစိပ်သတဲ့။ ခင်ဗျားလိုပဲ တစ်နာရီဆိုင်းဗျို့လို့ ပြောသတဲ့။ ၄၅ မိနစ်ပြည့်တော့ သူကလည်း ထလာ။ ခဏလောက်ကြာတော့ လူနှစ်ယောက် တစ်ဖက်သာသာ နှစ်ဖက်လောက်ရှိတဲ့ အထုပ်ကြီးတစ်ထုပ် ထမ်းချလာတာ။ ရှေ့ကတစ်ယောက်၊ နောက်က တစ်ယောက်။ အလယ်ခေါင် အထုပ်ကြီး ထမ်းဝင်ချလာတာ။ ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး လှူချင်လို့ပါဘုရားဆိုပြီး အဲဒီအထုပ်ကြီး လှူသတဲ့။ ဖွင့်ကြည့်လိုက်တော့···

သက်န်းအစုံ ၁၀၈ စုံတဲ့နော်။

ကဲ ခင်ဗျားလိုပဲ ကျုပ်လည်း သာသနာပြုနေတာပါလို့ ပြောသတဲ့။ ဒါနဲ့ ခင်ဗျား ပုတီးစိပ်တာ ဘာစိပ်တာတုံး။

ဘာစိပ်တာလဲဆိုရင် ခု ဝေထားတဲ့စာရွက် -

**"အရဟံ ဗဟိအန္တဇယံ (ပ) ပဏာမာမိ ဇိနံ"**

ပုတီး တစ်လုံးချလိုက်တာပေ့ါ။ အဲဒီလို ၁၀၈ လုံး ချလိုက်၊ ၄၅ မိနစ်လောက် ကြာတယ်။ အဲဒါ စိပ်ပါတယ်ဆိုတော့ ဟာ ကျုပ်ကလည်း အဲဒါစိပ်တာ။ သူတို့နှစ်ယောက် စိပ်တာချင်း တူနေကြတယ်။ အဲဒီတော့ တစ်ချို့ပုဂ္ဂိုလ်တွေက ဓနသိဒ္ဓိပေါက်တယ်၊ လိုချင်တာ ရတယ်လို့ ဆိုပါတယ်။ အဲဒါလေးလည်း စိပ်ကြပါဗျာနော်။ ကဲ တစ်ခေါက်လောက် ဆိုစမ်းပါဦး။

(သံပြိုင်) အရဟံ···(ပ)···ပဏာမာမိ ဇိနံ။

အဲဒါ **"ဓနသိဒ္ဓိဂါထာ"** တဲ့။

ရသေ့ကြီး ဦးခန္တီတို့ ဝါးချက်မင်းကျောင်းဆရာတော်တို့ တစ်သက်လုံး စိပ်သွားတဲ့ ဂါထာလေးပေ့ါဗျာ။ နော်။ ရှေ့ရှေ့ ဆရာတော်တွေလည်း ရေးသွားကြတယ်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေထဲတော့ ဒီဂါထာလေး မတွေ့မိဘူးနော်။ မတွေ့လည်း အစွမ်းသတ္တိရှိရင် ပြီးတာပဲ။ အစွမ်းသတ္တိ လိုရင်းပါပဲ။

*(ကံမြင့်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့နှင့် အလှူရှင်များက ဓမ္မဒါနပြုသည်ကို ပြန်လည်ဖော်ပြထားခြင်း ဖြစ်သည်)*



www.burmeseclassic.com

www.burmeseclassic.com

# ပထမ ထွင့်ခေါင်ဆရာတော်ကြီး

၏

# ကမ္မဋ္ဌာန်းသံပေါက်လင်္ကာများနှင့် ထေရုပ္ပတ္တိ

**ကျော်အောဟိန်း (နို့သာ)**



ပထမထွင့်ခေါင်ဆရာတော်ကြီး၏ ရုပ်တုတော်

**သဗ္ဗေသတ္တာဝေနေယျာ၊ သံသာရှည်လုပြီ**

အတည်ကျကျ ဘယ်ဘဝ ရကြမရှိပြီ၊ ရအံ့ နီးနီး လောဘမျိုး အကျိုးယုတ်လုပြီ။ သုံးပါးညီညီ လောင်မီးကြီး ဗိစီးလုလေပြီ၊ လောင်မှန်းမသိ မောဟဖိ မိုက်မိလုလေပြီ၊ ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းလုပြီ၊ ကာမဂုဏ်မွဲ သည် မိုက်ခဲ မခွဲနိုင်ကြပြီ။ မခွဲနိုင်ကြ လူ့ဗာလ မိုက်စသိမ်းသင့်ပြီ၊ ဂဂ်ါသဲတူ ပွင့်တော်မူ ဆူဆူများလုပြီ၊ များအသချေ်ရှင်စောထွေ ရှောင်သွေလွဲခဲ့ပြီ၊ တစ်ဆူမသင့်၊ တစ်ဆူသင့် ဖူးခွင့်တွေ့ တိုက်ပြီ၊ မတော်မတရား ကျင့်ဖေါက်ပြား မိုက်အားကြီးလုပြီ။

အလိုမလိုက်သည် အမိုက်ပယ် ထိုက်သင့်လုပြီ။ မပယ်မချိုး ဆင်ကန်းတိုး ဟုတ်နိုးထင်လုပြီ၊ ဟုတ်နိုးသမှုထင်တင်ပြု၊ ယခုတိုင်ခဲ့ပြီ။

**တရားလက်လွှတ် ငှက်တောင်ကျွတ်ဝင့်မကင်းပြီ**

မနုဿတ္တဒုလ္လဘမရများလေပြီ၊ အရဘော်စွသည်ဘဝ လုလုကျင့်ထိုက်ပြီ၊ ကြံ့ကြိုက်တော်စွာ သာသနာရောင်ဝါထွန်း လုပြီ၊ သတိရရ မြတ်ပုည ပြုရကောင်းသင့်ပြီ။ တစ်နေ့ တစ်နေ့နက်ဖြန်ရွှေ့ မမေ့ကောင်းသင့်ပြီ၊ ငါ့ကိုယ်ငါ့သား ငါ့မယား ထင်မှားလုလေပြီ၊ ထင်မှားတတ်စွာ သက္ကာယာမိစ္ဆာ ကင်းသင့်ပြီ၊ ငါးခုခန္ဓာရုပ်နာမ်မှာ မှန်စွာမှတ်သင့်ပြီ၊ သမ္မာသန ဉာဏ်အစ ထင်လုသင့်ကြပြီ၊ နှင့်ဖြင့် နှင့်ကိုယ်၊ ဆုံးမဆို၊ နှင့်ကိုယ်အမှုသည်၊ နှင့်မဆုံးမနှင့်တာပ ဘယ်ကခံလိမ့်မည်၊ နှလုံးဖုံဖုံ ထုံတုံတုံ နှင့်ပုံကြောင့်ကြမ်းသည်၊ နှင်နှင့်နှင်ကံ စီရဖန် အမှန်ဖြစ်တော့သည်။ ယခုနှင့်ကိုယ် နှင့်အလို ဘယ်ကိုပြည့်စုံ သည်၊ နှင့်ကိုယ်နှင်နှစ် နှင့်အပြစ်ခံရမည်၊ နှင့်ကိုနှင့်အား နှင်မသနား နှင်မှားရှာတော့မည်။

**ဒါန သီလ ဘာဝနာ နှင်သာပြုသင့်သည်**

ဇာတိဇရာမရဏာ၊ မကြာနှင်တွေ့မည်၊ မျက်တောင် တစ်ယှက် လျှပ်တစ်ပြက်၊ နှင့်သက်သေလိမ့်မည်၊ ဘယ်နှစ် ဘယ်လရောက်ခါမှ ကာလမရွေးပြီ၊ ကြီးငယ်မဟူ ကိုယ်ရွယ် တူ ခုမှုသေလုပြီ၊ အမှန်သေရိုး ထိုလူမျိုး ကြောက်ရွံ့သင့်ပြီ၊ မသွင်းနှလုံးအထင်ရှုံး ပျက်ပြုန်းလုလေပြီ၊ ခန္ဓာကြွေလျော် ရှိပြန်သော် ပူဇော်ကောင်းလုပြီ၊ သွားကျိုးဆံဖြူရှိပါမူ ဘယ်သူ မကြောက်ပြီ၊ ဤသည့်မယား၊ ဤသည့်သား မီးပွားမှန်တော့ သည်၊ ခယဝယ ဘိဇ္ဇန ပျက်ကြလုလေပြီ၊ အပွိယေယ်



www.burmeseclassic.com

www.burmeseclassic.com

ဝိယေပဟိဒုက္ခိကြုံလေပြီ၊ ဒုက္ခထွေထွေ တပေပေ ခံနေရလေပြီ၊ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင် ရောက်အောင်ပြုသင့်ပြီ၊ မပြုပါဘဲ နင်ရှောင်လွှဲ နင်ပဲမိုက်လှသည်၊ ယုတ္တိယုတ္တာ နင်ဆင်ကာ ဟန်သာနင်များသည်၊ ဘုရားသွားသွားကျောင်းသွားသွား စိတ်ထားနင်မကြည်။

ဒါန သီလ နင်ပြုကာ စေတနာဇောမကြည်

သို့ပင်ပြုလို နင့်ကုသိုလ် ဘယ်ကိုသွားလိမ့်မည်၊ လောကုတ္တရာမြိုက်သြဇာ နင်သာဝေးလှသည်၊ ဇောစိတ်သန်သန် ကုသိုလ်မှန် နင်ကြံပြုရမည်၊ သို့မှသာသည်ခေမာ နင်သာနီးရမည်၊ ဤသို့စုံစေ့ ပြန်လှန်၍ စေ့စေ့နှလုံးတည်၊ အနမတဂ္ဂသံသာရ ကြာလှလေကုန်ပြီ၊ ဂင်္ဂါဝါဠုပမာပြု သဲစုမကာပြီ၊ တဏှာ၏နောက်၊ တကောက်ကောက်လိုက်ထောက်မသင့်ပြီ၊ တဏှာမြစ်မ၊ ပင်လယ်ဝနစ်ကြလေကုန်ပြီ၊ တဏှာလည်းပွားဒုက္ခပွား သွား၍မဆုံးပြီ၊ တဏှာပို့တင် ပယ်လေးခွင် လျှင်စွာရောက်လေပြီ၊ သေမင်းနိုင်ငံ အဖန်ဖန် လိုက်ပြန်ရလေပြီ၊ ဝေဘူတောင်မျှ ပမာပြ အရိုးမကာပြီ၊ နစ်တုံပေါ်တုံ သုံးပါးဘုံကြုံကြရလေပြီ၊ ချမ်းသာမငွေ့, ဆင်းရဲငွေ့, ငြီးငွေ့သင့်လှပြီ၊ အဝိဇ္ဇန္ဓသည်မောဟ ညှဉ်းဆဲလှပေပြီ။

နိဝရဏ ဆီးတားကြ လမ်းစမဆုံးပြီ

ဂတိငါးပါး ဆုံလည်နွား သွား၍မဆုံးပြီ၊ ဘဝတိုင်းသေသံချိုင်းမြေ ပွားစေလှလေပြီ၊ လမ်းကောက်လည်းသွား လူအများ အမှားကြိုက်ခဲ့ပြီ၊ လမ်းကြောင်းမမှန် မြတ်နိဗ္ဗာန်ကောန်လွှဲခဲ့ပြီ၊ ဘဝမဆုံး ဒုက္ခတုံး လုံးလုံးခံရပြီ၊ လောကမျက်ရှုသဗ္ဗညု ယခုရှိရဲမင်း၊ ဘုရားဖြစ်ခါ သာသနာ ရောင်ဝါတဝင်းဝင်း၊ မနုဿတ္တဒုလ္လဘ ရအောင်ခဲကြမင်း၊ ဖြဟ္မာပြည်က အပ်ကိုချ မြေကအပ်တစ်စင်း၊ အပ်သွားချင်းသာထိဖွယ်ရာပမာမှတ်ကြမင်း၊ နိယျာနိက မြတ်ဓမ္မ ကြားရခဲ၏မင်း၊ သဒ္ဓါဗလဝဒုလ္လဘ ရအောင်ခဲကြမင်း၊ အရတော်ခိုက် လူတစ်ပိုက်ခဲလိုက်ကြကုန်မင်း၊ ကိုယ့်ဖို့မရသည်နောင်တ ဖြစ်တတ်ကြ၏မင်း၊ ဤသို့ဘဝဖြစ်သမျှ ရမည်ခဲ၏မင်း၊ ထူးမြတ်စွာလှလူ့ဘဝ နှမြောကြကုန်မင်း။

မြတ်သည်ကိုမှ မသိကြ ဗာလနှလုံးသွင်း

ဗာလဖြစ်က လူ့ပါပ ကြာကြကုန်ပြီမင်း၊ လူဖြစ်ကျိုးမှမခံ ရှုံးလှချေ၏မင်း၊ ဘဝတိုင်းရှုံး လူ့ကျောက်တုံး စုန်းစုန်းမြုပ်၏မင်း၊ စုန်းစုန်းမြုပ်ခါ မပေါ်လာ ကြမ္မာမှောက်၏မင်း၊ နိဗ္ဗာန်လမ်းစ ဤသို့ပြ မှတ်ကြနှလုံးသွင်း၊ ကလျာဏမိတ္တပဏ္ဍိတ ပေါင်းဖော်ရ၏မင်း၊ ထိုကလျာဏဆိုဆုံးမ လိုက်နာရ၏မင်း၊ ယောနိသောမနု၊ သိက္ခာရ နှေ့ညနှလုံးသွင်း၊ သီလစုတင်ဆောက်တည်လျှင် သည်တွင်အစမင်း၊ အလောဘ၊ အဒေါသ၊ အမောဟ နိက္ခမ၊ ဝိဝေက၊ နိဿရဏ၊ ဤခြောက်ဝ အလိုရှိကြမင်း၊ ရွှေပြည်သနစ်သာသည့် ခေတ်၊ စိစစ်ကြကုန်မင်း၊ ရွှေပြည်ချမ်းသာစံချင်ရာ ဆိတ်ငြိမ်ရာသို့ချဉ်း၏၊ အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်၊ ထင်အောင် နှလုံးသွင်း၊ အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံးလုံး လုံးနှလုံးသွင်း၊ ဤသို့ထင်မှ မဂ်လမ်းစ ရမည်မှတ်စင်းစင်း၊ မဂ္ဂင်ဖောင်ကြီး တက်၍စီးမှ ပြည်ကြီးအမတ၊ နိရောဝ ရမည် မှတ်ကြမင်း၊ ယခုဘဝမိသကြမှူ၊ အမတမည်ခေါ် ရွှေပြည်တော်၊ အစော်မနံလျှင်း။

ပထမ-ထွင့်ခေါင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း

ထွင့်ခေါင်ဆရာတော်၏ ဘာဝနာတရားများကို စဉ်းစားတွေးကြံလက်ခံနှစ်သက်သူများတွင် မြန်မာများသာမက ထိုခေတ်ကရှိသော ဥရောပတိုက်သားများလည်းပါဝင်သည်။ ထိုအထဲတွင် ဂျာမနီလူမျိုး ဆရာဝန်ကြီး မာဘိကား ရှေ့တန်းမှပါဝင်၏။ မင်းတုန်းမင်းကြီးလက်ထက်တွင်သူအိုသူနာရုံ(ဆေးရုံ)များဆောက်လုပ်ကာ လခကြေးငွေများထုတ်ပေး၍ ကျန်းမာရေးကိုအားပေးခဲ့ပါသည်။ စင်စစ်ဆရာဝန်ကြီး မာဘိ ကားခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာအဖြစ်ကူးပြောင်းကာဥပါသကာဖြစ်ရုံမျှမက ဓမ္မိကချောင်၌ပင် ကျောင်းတစ်ကျောင်းဆောက်လှူ၍ ကျောင်းဒကာအဖြစ်သို့ပင် ရောက်ခဲ့သူဖြစ်၏။

ဘုန်းကံကြီးမားလာဘ်ပေါ်များ

ဆရာတော်သည် ငယ်စဉ်ကစ၍ ဘုန်းကံကြီးမားလာဘ်ပေါ်များသူဖြစ်သည်။ အထူးသဖြင့် မန္တလေးခေတ်တွင်သူမတူအောင် ဘုန်းကံကြီးမားလာဘ်များကြောင်း သိပီခဲ့သူမန္တလေးအနောက်ပြင် ငါးဆူဆရာတော်ကြီးက မိန့်ကြားခဲ့ပါသည်။ ဆရာတော်ထံ၌ ဦးရွှေရင်းခေါ် ကပ္ပိယ ဒကာတစ်ဦးလည်းရှိသည်။ သူကားဆရာတော်ကြီးနှင့်အတူ နန်းတော်သို့ရောက်၍ အတွင်းတော်က ဝင်စေ ထွက်စေ အခွင့်ရထားသူဖြစ်၏။ "ဟဲ့ ဒီကျေးတောသား လူရိုင်းကြီးဟာ ရွှေနန်းတော်



www.burmeseclassic.com

www.burmeseclassic.com

ကို မမြင်ဖူးရှာပါဘူးဟယ် ဝင်ပါ ထွက်ပါစေ"ဟု ဆရာတော်ကြီးက ချီးမြှောက်၍ အနောက်ဆောင်သော မြောက်ဆောင်သော တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ရထား၏။ အခါတစ်ပါး ဆရာတော်ကြီးက နေ့ဝင်ခါနီးမှ -

"ဟဲ့ ရွှေရင်း ငါနက်ဖြန်နံနက် သံဃာအပါးသုံးရာကို သပိတ်စုံ၊ အိတ်အစုံ အုန်းငှက်ပျောအစုံနဲ့ ဆွမ်းလောင်းလှူ ချင်သကွယ်ဖြစ်ပါ့မလား" ဟု မေးတော်မူရာ ညကြီးမင်းကြီးစီစဉ်ရန် ခက်မှန်းသိသော်လည်း အလိုတော်ပြည့်စေရန် ပါရမီဖြည့်သောအားဖြင့် "မှန်ပါဖြစ်နိုင်ပါတယ်ဘုရား" ဟု လျှောက်ရသည်။ ဦးရွှေရင်းသည် ချက်ချင်းစီစဉ်ကာ ဓမ္မကချောင်မှထွက်၍ ခိုတောင် ကျူးတို့ဆိပ်လေ့တော်များကို ဆရာတော်အမိန့်ဖြင့် ဆင့်ဆိုစီးနင်း၍ ရွှေမြို့တော်အတွင်းသို့သွားရ၏။ မြို့တော်တွင်း အိမ်တစ်အိမ်သို့ရောက်သွားရာ စာရေးတော်ကြီး အိမ်ဖြစ်နေသည်။ စာရေးတော်ကြီးက အကျိုးအကြောင်းမေးမြန်း၍ ပြောဆိုသောအခါ စာရေးတော်ကြီးမှာ ဝမ်းသာအားရဖြစ်ကာ၊

သံဃာတော်အပါး သုံးရာမက ငါးရာပင်လောင်းလှူနိုင်

"ကောင်းပါပြီ၊ သူမျှားကိုအသိမပေးပါနှင့်၊ ကျွန်တော်ပဲ ကုသိုလ်ယူပါရစေ၊ သံဃာတော်အပါး သုံးရာမက ငါးရာပင် လောင်းလှူပါ့မယ်" ဟု ပြောလိုက်လေသည်။ ချက်ချင်းစီစဉ် လှူသူစုဆောင်း၍ စစ်ကိုင်းသို့ကူးကြရာ ညဉ့်သန်းခေါင်ကျော်မှ ရောက်ကြ၏။ ရောက်လျှင်ရောက်ချင်း ချက်ပြုတ်၍ နံနက်တွင် သံဃာအပါးငါးရာပင်လောင်းလှူနိုင်ကြသည်။ ဆရာတော်မှာ ဆွမ်းလောင်းလှူရာ၌ကိုယ်တော်တိုင်ကြပ်မတ်၍အနီးမှကြည့်ညို့ဝမ်းမြောက်နေကြည့်ရှုတော်မူ၏။ ရှင်သာမဏေငယ်ကလေးများ အလှည့်ရောက်လျှင် "ထည့်ပါဦးဟဲ့" ဟု ဆိုကာ မဆံ့မပြလောင်းလှူစေသည်။ စာရေးတော်ကြီးလည်း ထိုနေ့အတွက် ညီလာခံမဝင်နိုင်ဘဲရှိရာ နောက်တစ်နေ့တွင်မင်းတရားကြီးကအကျိုးအကြောင်း မေးမြန်းသဖြင့် အကြောင်းစုံ သံတော်ဦးတင်ရာ "မောင်မင်း ကံကောင်းလိုက်ပါဘိ၊ ငါကိုယ်တော်မြတ်ထံ ဆရာတော်က အလှူမခံဘူးကွယ့်၊ မောင်မင်းတယ် ကံကောင်းပါပေတယ်၊ အိမ်း..ငါ ကိုယ်တော်မြတ်ကလည်း သံဃာအပါးသုံးရာအတွက် ကုသိုလ်တော် ပါဝင်ပါရစေကွဲ့"ဟုမိန့်တော်မူကာ ငွေတော်သုံးရာ ဆုချလိုက်လေသည်။

"ပုညဝန္တာနံ ဒေဝတာ ပရိပါစေန္တိ = ဘုန်းကံရှိသူတို့အတွက် နတ်တို့သည်၊ အစာကိုကျက်စေကြကုန်၏ (သမ္မော အဋ္ဌကထာ) ဟုလာသည့်အတိုင်း သံဃာငါးရာအတွက် သပိတ်စုံ အုန်းငှက်ပျောစုံဖြင့်ချက်ချင်းဖြစ်ပေါ်လာသောဆွမ်းသည် သာမန်သီလ၊ သာမန်လူတို့အစွမ်းမျှလောက်နှင့် ဖြစ်သည်ဟုကား မထင်မှတ်ပါချေ။ ထို့ကြောင့် ရုပ်ရှင်လူလူပစ္စည်းလေးပါး ပေါ်များလိုသောသူသည် "သီလကိုသာ ကြိုးစားဖြည့်"ဟု "မင်္ဂလာမအာကင်္ခေယျသုတ်နှင့် ဣတိဝုတ်-သုခပတ္ထာသုတ်"တို့၌ တိုက်ရိုက်ကြီး ဟောတော်မူခဲ့ပြီ။ ထွင့်ခေါင်ဆရာတော်ကြီး၏ သီလ သမာဓိ ပညာကို ခန့်မှန်းကြရာ၏၊ တစ်စုံတစ်ခုသော ဒိဋ္ဌဓမ္မသုခဝိဟာရ (လက်တွေ့ချမ်းသာစွာနေနိုင်ခြင်း)မရှိလျှင်လည်း နှစ်ပေါင်းသုံးဆယ်ခန့်တစ်ကိုယ်တော် တောကြီးမျက်မည်း၌ ဆင်းရဲပေါင်းများစွာကို တမင်အောင့်အည်းသည်းခံရန် လွယ်ကူလှသည်မဟုတ်ပါပေ (လာဘ်လာဘများပြားသည့်အရှယ်၌ အတိုင်းမသိ များပြားခြင်းခေါင်းပါးသည့်အချိန်၌ ဖြစ်သလိုတားသောက်နေထိုင် ရခြင်းဟူသော) အစွန်းနှစ်ဖက်လုံး၌ ချိန်ချက်ကျကာ မဇ္ဈိမပဋိပဒါ "တာဒိဂုဏ်"နှင့် လျော်စွာ၊ ဘဝတစ်သက်တာကို လွန်စေနိုင်သည်မှာလည်း အရိယာသူတော်ကောင်းကြီးတို့၏ အလေ့ပင်ဖြစ်ပါ၏။

ယင်းသို့လျှင် နှစ်ပေါင်းများစွာ မိမိကိုယ်ကို ဦးစွာအန္တတာခံ၍ သတ္တဝါအများ၏ အကျိုးကိုသယ်ပိုးရာ၌ အတိုင်းမိသအင်အားကြီးမားလှသော ပဋိပတ်လုပ်ငန်းဖြင့် အမျိုးဘာသာ သာသနာပြုတော်မူခဲ့သော ထွင့်ခေါင်ဆရာတော်ကြီးသည် ၁၂၄၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက် နံနက်မြန်မာနာရီ ၁ ချက်တီးအချိန်တွင် သက်တော် ဂ၁၊ သိက္ခာတော် ၆၁ ဝါအရ ဓမ္မကချောင်ရှိ ဂူာမနီဆရာတော်ကြီး လှူဒါန်းထားသောကျောင်း၌ပင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူလေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးမကြာမီ ထိုကျောင်းလည်း မီးခပျက်စီးလေ၏။ အရိုးဓာတ်စေတီကိုမူ ဓမ္မကချောင်၏အရှေ့ တာလေးရာအကွာ မြေညီရာတည်ထားကိုးကွယ်သည်။ ဓမ္မကချောင်၌ ဆရာတော်သီတင်းသုံးသွားသော ဂူနှင့်ဆရာတော်နှင့်တူလှသည်ဟု သိမီသူတို့ အံ့ဩရသော သစ်သားပုံတူ ရုပ်တုတော်ကိုလည်း ဖူးမြော်နိုင်ကြပါသည်။

ကိုးကား-ဓမ္မာစရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ။

သတ္တဝါမှန်သမျှ ဘေးမခ အေးမြ ရွှင်လန်းချမ်းမြေ့ပါစေ . . .

ကျော်ဇောဟိန်း (နံ့သာ)



www.burmeseclassic.com


www.burmeseclassic.com

# ရွှေတိဂုံစေတီတော်ကြီးအားစောင့်ရှောက်နေသော

# ဝိဇ္ဇာဓိုရ်များ

■ ညွန့်မောင်ဦး

၂၀၁၃ ခုနှစ်ဦးမှာထုတ်သော ရောင်ပြန်မဂ္ဂဇင်းသည် အထူးထုတ်မဟုတ်သော်လည်း ထူးထူးခြားခြားဝတ္ထုများ ဆောင်းပါးများ မျိုးစုံပါဝင်သည်ကို တွေ့ရပါသည်။ ဆောင်းပါးများတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့် ကုန်းတော်တစ်ဝိုက်မှာ စေတီတော်မြတ်ကြီးကို စောင့်ရှောက်နေကြသော သိကြားဗြဟ္မာနှင့် နတ်မင်းကြီးများ၊ ဝိဇ္ဇာဓိုရ်များ၊ ဇော်ဂျီများ၊ သူတော်စင်များအကြောင်း စုံစုံလင်လင် အထူးရေးသားထားသည်ကို တွေ့ရပါသည်။ ဖတ်ရသည်မှာလည်း ကျေနပ်လှပါသည်။ ထိုစာရေးဆရာများကိုလည်း ကျေးဇူးတင်မိပါသည်။ ထိုလထုတ် ရွှေတိဂုံစေတီဆောင်းပါးများတွင် ကျွန်တော်၏ ဆောင်းပါးလည်းပါ၍ စာမူခနှင့် စာအုပ်သွားထုတ်ရာမှာ ရောင်ပြန်မဂ္ဂဇင်း ထုတ်လုပ်မှုအယ်ဒီတာ 'ဆရာသန့်'နှင့် ဆုံပါသည်။ ဆရာသန့်က ကျွန်တော့်ကို ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ စောင့်ရှောက်နေကြသော ဝိဇ္ဇာဓိုရ်များအကြောင်းနှင့် သူတော်စင်များအကြောင်း ဆောင်းပါးတစ်ပုဒ်စီ ဆောင်းပါးနှစ်ပုဒ်ကို ဓာတ်ပုံများနှင့် ရေးခဲ့ပါဟု ပြောသည်။ ထိုအခါ ကျွန်တော်မငြင်းသာတော့ဘဲ လက်ခံလိုက်ရပါသည်။ ကျွန်တော်လက်ခံလိုက်ပြီးနောက် ယခုလထုတ် ရောင်ပြန်မဂ္ဂဇင်းကိုဖတ်ကြည့်ရာ ကျွန်တော်သိဖူးကြားဖူးသော ဝိဇ္ဇာဓိုရ်နှင့် သူတော်စင်များအကြောင်းကို စာရေးဆရာအတော်များများ ရေးသားထားကြသည်ကို တွေ့ရပါသည်။ ထိုအခါ ထိုဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များထဲမှ ကျွန်တော်မြင်ဖူးသော၊ ကြုံဖူးသော ''စစ်ကွင်းဆရာတော်အကြောင်းကို တင်ပြလိုက်ပါသည်။ စစ်ကွင်းဆရာတော်မှာ ဦးစန္ဒောဘာသဟု ဘွဲ့တော်ခေါ်တွင်ပြီး ယခု ဘုရားဖူးများ




ဝိဇ္ဇာတန်ဆောင်းအတွင်းရှိ
ဆရာတော်ဦးစန္ဒောဘာသရုပ်တုတော်



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်ပေါ်ရှိ ဝိဇ္ဇာတန်ဆောင်း

မြင်တွေ့နေကြရသော မြောက်ဘက်မုခ်သို့သွားရာ လမ်းဘေး ရင်ပြင်တော်ပေါ်ရှိ ဝိဇ္ဇာတန်ဆောင်းမှာပင် နှစ်တော်တော်ကြာ သီတင်းသုံးနေထိုင်နေပြီး မိမိနေရပ်ဖြစ်သော စစ်ကွင်းမြို့မှာပင် ပျံလွန်တော်မူပါသည်။

ဝိဇ္ဇာတန်ဆောင်းမှာ ယခင်က ယခုလို တန်ဆောင်း အတွင်းဘက်မှာ ရုပ်ပွားတော်များ ပြည့်မနေဘဲ အတွင်းဘက်မှာ ရုပ်ပွားတော်ကြီး (၅)ဆူသာရှိပြီး ထိုရုပ်ပွားတော်(၅)ဆူအနက် အလယ်ဗဟိုရှိ ရုပ်ပွားတော်ကြီး၏ နဖူးသင်းကျစ်တော်တွင် ဘုရားရှင်၏ ဆံတော်(၅)ဆူနှင့် ဝမ်းဗိုက်တော်တွင် ဓာတ်ရှင်တော်တစ်ဆူ ကိန်းဝပ်လျက်ရှိသည်ဟု မှတ်သားရပါသည်။ ထိုတန်ဆောင်းမှာ ဝိဇ္ဇာဓိုရ်များ စုဝေးရာ နေရာဖြစ်၍ 'ဝိဇ္ဇာ တန်ဆောင်း'ဟု စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသက အမည် ပေးခဲ့ပါသည်။ ဦးစန္ဒောဘာသကိုလည်း ဝိဇ္ဇာဓိုရ်ဖြစ်သည်ဟု ကျွန်းတော်တစ်ပိုက်မှာ နေထိုင်ကြသူများက ပြောနေကြပါသည်။ ဆရာတော်ဦးစန္ဒောဘာသာမှာ 'အင်း'ပညာကို လိုက်စား၍ အညွှန်များကို အင်းပညာဖြင့် မစခဲ့ပါသည်။ ထိုအချိန်က ရွှေတိဂုံ စေတီရင်ပြင်တော်မှာ ဘိုးတော်များခေတ်စားနေချိန်ဖြစ်ပါသည်။ ကျွန်တော်မှတ်မိသမျှ ပြောရလျှင် (၁) ဘိုးတော်ဘဝင်း ဆံတော် တွင်းတန်ဆောင်းမှာနေသည် (ဘိုးတော်ဘဝင်းအကြောင်း ကျွန် တော်ရေးသားပြီး ဖြစ်ပါသည်)၊ (၂) ဘိုးတော်တင်အေး စနေ ထောင့်မှာနေသည်။ နောင်ခါ 'နေလ'ဘုရားတည် ဘိုးတော် တင်အေးမှာ နေလကသိုဏ်းရှုပါသည်။ ဘိုးတော်သန်းအောင် တနင်္ဂနွေထောင့် ခေါင်းလေးကြိုးနားမှာနေသည်။ ဗေဒင်တွက်ပေး တတ်သည်။ ထိုဘိုးတော်များအပြင် တခြားဘိုးတော်၊ မယ်တော် များလည်း ရှိကြပါသည်။ ထိုအချိန်က ရွှေတိဂုံကုန်းတော်ပေါ်မှာ နေခွင့်၊ အိပ်ခွင့်ရ၍ အလှူခံခွင့်ပါရကြ၍ ဘိုးတော်၊ မယ်တော် များ သူ့ပရိသတ်နှင့်သူ နေထိုင်နေကြပါသည်။

စစ်ကွင်းဆရာတော်နှင့် ဘိုးတော်ဘဝင်းမှာ နေထိုင်ကျ သော နေရာချင်းနီးကြ၍ မကြာခဏ စကားပြောနေကြသည်ဟု ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ပြောပါသည်။ ကျွန်တော် သည် ဆရာတော်နှင့်သိ၍ ဝင်ဖူးထွက်ဖူးရှိသော်လည်း အင်း ပညာကို စိတ်မဝင်စား၍ မသင်ယူခဲ့ပါ။ သို့သော် ဆရာတော်၏ လက်ရင်းတပည့်နှစ်ဦးဖြစ်သော ဦးပဥ္စင်းနှစ်ပါးနှင့် ခင်မင်ပါသည်။ ထိုဦးပဥ္စင်းနှစ်ပါးအနက် တစ်ပါးမှာ လူဝတ်လဲ၍ ယခုစမ်းချောင်း မှာနေပါသည်။ ထိုပုဂ္ဂိုလ်မှာ အင်းပညာကို ကောင်းကောင်း



ရင်ပြင်တော်မြောက်ဘက်ရှိ ဝိဇ္ဇာတန်ဆောင်းအတွင်းမှ
"ဝိဇ္ဇာဆုတောင်းပြည့်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com


တက်ကျွမ်းပါသည်။ ဆရာတော်ကြီး၏အကြောင်းကိုလည်း ကောင်းကောင်းပြောပြနိုင်ပါသည်။ ကျွန်တော့်ကို မကြာခဏ ဂမ္ဘီရဖြစ်ရပ်ဆန်းများစာအုပ်ရေးသားသော 'ဟာဝိုင်ရီစိုးဝင်း'က သူသိလိုသည်များကို လာမေးလေ့ရှိရာ အင်းပညာအကြောင်း မေးလာသောအခါ ကျွန်တော် စမ်းချောင်းမှ လူပျံတော်ဆရာ ကြီးထံ လွှတ်လိုက်ပါသည်။

စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ၏ အင်းပညာ လက် တွေ့စမ်းသပ်မှုတစ်ခုကို ကျွန်တော်မြင်ဖူးသည်ကို ပြောပြရပါ လျှင် ၁၉၈၂ ခုနှစ်လောက် ရသေ့တစ်ပါးမှာ ဆံတော်တွင်း တန်ဆောင်းမှာနေပြီး ဘုရားဖူးလာသူများထံမှာ အလှူခံနေပါ သည်။ ထိုရသေ့မှာ အမြဲတမ်း နဂါးခေါင်းပြုလုပ်ထားသော တောင်ဝှေးကို ကိုင်ထားသဖြင့် ဘုရားပေါ်မှာ တာဝန်ကျနေ သော ဘုရားရဲများက အမြင်ကတ်၍ ရသေ့ကို မခံချင်အောင်စ ကြပါသည်။ ထိုအခါ ရသေ့က မိမိအကျင့်မှန်ကြောင်း သက်သေ ပြသမည်၊ မိမိကိုခေါ်သွားပြီး ရန်ကုန်မြစ်ထဲပစ်ချပါဟု စိန်ခေါ်ပါသည်။ ရသေ့စိန်ခေါ်သည်ကို မခံချင်သော ဘုရားရဲ တစ်စုက တစ်ညနေ (၅)နာရီအချိန်လောက်မှာ ရသေ့ကို ကား နှင့်ခေါ်သွားပြီး စဥ့်အိုးတန်းဘောတံတားဆိပ်မှနေ၍ ရေထဲကို ပစ်ချရာ ပြောသည့်အတိုင်း ရေပေါ်မှာပေါ်နေပါသည်။ ထိုအခါ ကျမှ ဘုရားရဲများက ရသေ့ကိုတောင်းပန်၍ ပြန်ခေါ်လာကြပါ သည်။ ထိုအချိန်ကစပြီး ရသေ့လည်း ရွှေတိဂုံကုန်းတော်ပေါ်မှ ပျောက်သွားပါသည်။ နောက်မှ စုံစမ်းကြည့်ကြရာ ရသေ့မှာ စစ်ကွင်းဆရာတော်၏ တပည့်ဖြစ်ကြောင်း သိရပါသည်။

နောက်အဖြစ်ပျက်တစ်ခုမှာ ဆရာတော်၏ တပည့်နှစ်ဦး ဖြစ်သော ရဟန်းနှစ်ပါးထဲမှ လူဝတ်မလဲသော ဦးပဥ္စင်းဦးဇာဂရ မှာ ဆရာတော်ပျံလွန်တော်မူပြီးနောက်မှာလည်း ကုန်းတော်ပေါ် မှာပင် သီတင်းသုံးနေပါသည်။ ခေတ်အဆက်ဆက်ပြောင်းခဲ့ သလို ဂေါပကများလည်း အဆက်ဆက်ပြောင်းခဲ့သည်။ နောက် ဂေါပကအဖွဲ့က ဦးဇာဂရကို ဝိဇ္ဇာတန်ဆောင်မှာ နေခွင့်မပြု၍ ဦးဇာဂရ တနင်္ဂနွေထောင့် ခေါင်းလောင်းကြီးအနီးရှိ တန်ဆောင်း မှာ ပြောင်း၍သီတင်းသုံးနေပါသည်။ ဦးဇာဂရမှာ စစ်ကွင်းဆရာ တော်တပည့်ရင်းဖြစ်သော်လည်း အင်းပညာထက် ဝိပဿနာ ပညာကို လိုက်စား၍ အချိန်ပြည့်လိုလို တရားထိုင်နေပါသည်။ ဂေါပကတစ်ဦးမှာ မိမိက ကုန်းတော်ပေါ်မှာ မနေရဟု အမိန့် ထုတ်ထားသည်ကို မလိုက်နာဘဲ ဦးဇာဂရ ဇရပ်တစ်လုံးပေါ်မှာ



ဝိဇ္ဇာဇော်ဂျီဘုရားဂူအတွင်းမှ ဝိဇ္ဇာဇော်ဂျီဘုရား




စနေထောင့်ရှိ ဝိဇ္ဇာဇော်ဂျီ ဆုတောင်းပြည့်စေတီ



www.burmeseclassic.com

www.burmeseclassic.com



အင်းပန်းပေါင်းဘုရားပူဇော်ထားသော
ကလျာဏပါရမီတန်ဆောင်း



ရင်ပြင်တော်ပေါ်ရှိ ကလျာဏပါရမီတန်ဆောင်းအတွင်းမှ
"အင်းပန်းပေါင်းဘုရား"

---

သီတင်းသုံးနေသည်ကို သိရသောအခါ ထိုဇရပ်ကို တံခါးသွား ပိတ်ခိုင်းလိုက်သည့်အပြင် ချိပ်ပါ ပိတ်ခိုင်းလိုက်သည်။ ဦးဇာဂရမှာ တရားထိုင်နေရင်း အတွင်းမှာ ပိတ်မိနေပါသည်။ ကုန်းတော်ပေါ်မှာ ရှိနေသူများမှာ ဦးဇာဂရကို သနားကြသော်လည်း မကယ်ရဲကြပါ။ ထိုအကြောင်းကို စမ်းချောင်းမှာနေသော လူပုံတော် သိသွားသောအခါ မိမိတတ်ထားသော ဆရာတော်ကြီး၏ အင်းပညာကို အသုံးပြု၍ ကယ်ပါသည်။ ဆရာတော်ဦးဇာဂရကလည်း အထဲမှာ တရားထိုင်မြဲ ထိုင်နေပါသည်။ သည်လိုနှင့် တစ်ရက်ကျော်ကျော်အချိန်မှာ ဦးဇာဂရကို တံခါးဖွင့်ပေးပါသည်။ ဦးဇာဂရအပြင်ဘက်ရောက်ပြီး နောက်တစ်နေ့မှာပင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် စောင်းတန်းများကို ဘက်စုံပြုပြီးနေရှိမှဖြစ်၍ အတွင်းရေးမှူး(၁) ရင်ပြင်တော်ပေါ်ကို တက်လာခဲ့သည်။ ထိုအခါ ဦးဇာဂရကို ခင်မင်သူများက အတွင်းရေးမှူး(၁) ကို သွားတွေ့ပြီး နေစရာကျောင်းတောင်းရန် ပိုင်းပြောကြ၍ ဦးဇာဂရ သွားတွေ့ပါသည်။

"အရှင်ဘုရား ... ဘာများလိုအပ်ပါလဲဘုရား"

"ဦးပဉ္စင်းမှာ နေစရာကျောင်းမရှိဘူး ဖြစ်နေပါတယ်"

"အရင်က ဘယ်ကျောင်းမှာ သီတင်းသုံးတာလဲ"

"သည်ကုန်းတော်ပေါ်မှာ သီတင်းသုံးနေတာ နှစ် ၂၀ ကျော်ပါပြီ။ ယခု နေခွင့်မရှိလို့ နေစရာကျောင်း မရှိဘူးဖြစ်နေပါတယ်"

"နေပါဦး၊ သည်နားက သိမ်တော်ကြီးကျောင်းမှာ ဘုန်းကြီးမရှိဘူးမဟုတ်လား။ သည်ဆရာတော်ကို ထားလိုက်ပါ"

သည်လိုနှင့် ဆရာတော်ဦးဇာဂရမှာ ရဟန္တာသိမ်တော်ကြီးကျောင်းမှာ သီတင်းသုံးခွင့်ရသွားပါသည်။ ယခုအခါ ဦးဇာဂရမှာ သက်တော်(၈၀)ကျော်ပြီး သိမ်တော်ကြီးကျောင်းမှာ တစ်ပါးတည်းသီတင်းသုံး၍ တရားများအားထုတ်နေပါသည်။ ဆရာတော်ကြီးနှင့် ရဟန်းဘဝမှာအတူနေခဲ့သော လူပုံတော်ကြီးကိုလည်း တစ်ခါတစ်ရံမှာ တွေ့နိုင်ပါသည်။ ကျွန်တော် ယခုတင်ပြခဲ့သော စစ်ကွင်းဆရာတော်ကြီးအကြောင်းကိုလည်း ဆရာတော်ဦးဇာဂရနှင့် လူပုံတော်ဆရာကြီးထံမေးနိုင်ပါကြောင်း တင်ပြရင်း စစ်ကွင်းဆရာတော်အကြောင်း အဆုံးသတ်လိုက်ပါသည်။

ဝိဇ္ဇာမိုရ်များ တည်ထားသည်ဟု ရှေးလူများပြောခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သော ဘုရားရုပ်ပွားတော်တစ်ဆူမှာ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ် အဂ္ဂိထောင့်ရှိ ကလျာဏပါရမီအသင်း တန်ဆောင်းအတွင်းမှာရှိသော 'အင်းပန်းပေါင်း'ရုပ်ပွားတော်ကြီးမှာလည်း ဝိဇ္ဇာမိုရ်များ တည်ခဲ့သော ရုပ်ပွားတော်ဖြစ်သည်ဟု မှတ်သားရပါသည်။ ထိုရုပ်ပွားတော်ကြီးမှာ တန်ဆောင်းအတွင်းမှာ ရုပ်ပွားတော် (၅)ဆူ တစ်တန်းတည်းရှိနေသည့်အနက် အလယ်မှ ရုပ်ပွားတော်ကြီးမှာ 'အင်းပန်းပေါင်းရုပ်ပွားတော်'ဖြစ်ပါသည်။ အင်းပန်းပေါင်းရုပ်ပွားတော်ဟု ခေါ်ကြခြင်းမှာ ပန်းပေါင်းစုံကို သရိုးများပြုလုပ်ပြီး၊ ထိုသရိုးပေါ်မှာ အင်းကွက်များချ၍ ရုပ်ပွားတော်ပြုလုပ်ထား၍ 'အင်းပန်းပေါင်းဘုရား'ဟု ခေါ်ခြင်းဖြစ်သည်။ ရုပ်ပွားတော်ကြီး၏ မျက်နှာတော်၊ သက်န်းတော်များမှာ ရှေးပုဂံမှာရှိသော ရုပ်ပွားတော်များနှင့်တူပါသည်။ ကျွန်တော်လေ့လာမိသလောက် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင် အင်းပန်းပေါင်းဘုရားရုပ်ပွားတော်ကြီးနှင့် မျက်နှာတော်တူသော ရုပ်ပွားတော်နောက်ထပ်(၂)ဆူရှိပါသည်။ တစ်ဆူမှာ တနင်္ဂနွေထောင့် နောင်တော်ကြီးစေတီ အရှေ့ဘက်နားရှိ ရှင်အရဟံတန်ဆောင်းအတွင်းမှာ ရှိပါသည်။ ရှင်အရဟံတန်ဆောင်းမှာ ဘုရားရုပ်ပွားတော်များ များပါသည်။ အင်းပန်းပေါင်းဘုရားနှင့် မျက်နှာတော်တူသော ရုပ်ပွားတော်ကြီးမှာ တန်ဆောင်းအတွင်းဘက်မှာရှိသော ရုပ်ပွားတော်များ အလယ်တည့်တည့်မှာ ရှိပါသည်။ ထိုရုပ်ပွားတော်ကြီးရှိသော အတွင်းလမ်းဘက်မှာ လမ်းကျဉ်း၍ လူတစ်ယောက်သာ ထိုင်နိုင်ပါသည်။ ရုပ်ပွားတော်ကြီးရှေ့မှာ လူတစ်ယောက်ထိုင်ပြီး ပုတီးစိပ်နေလျှင် နောက်လူထိုင်မရတော့ပါ။ သို့သော် နံနက်စောစောပိုင်းမှာ ပုတီးစိပ် အဓိဋ္ဌာန်ဝင်သူများ တစ်ဦးပြီးတစ်ပြီး တစ်လှည့်စီလာရောက်အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေကြပါသည်။ တစ်ဖန် ထိုရုပ်ပွားတော်ကြီးနှင့် တစ်တန်းတည်း အတွင်းဘက်ထောင့်မှာ မျက်ရှင်တော် ဆုတောင်းပြည့်ရုပ်ပွားတော်တစ်ဆူ ရှိပါသည်။ ထိုမျက်ရှင်တော်ဆုတောင်းပြည့်ဘုရားမှာလည်း တစ်ဦးပြီးတစ်ပြီး လာရောက်ဆုတောင်းနေကြပါသည်။ ရှင်အရဟံ တန်ဆောင်းမှာ အတွင်းပိုင်းမှာရှိနေ၍ ထိုဆုတောင်းပြည့်ဘုရား(၂)ဆူရှိနေကြောင်းကို ဘုရားဖူးများမသိကြပါ။

ဝိဇ္ဇာဇော်ဂျီများ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှာ တည်ခဲ့သော ဘုရားများတွင် ရင်ပြင်တော် စနေထောင့်ရှိ ဝိဇ္ဇာဇော်ဂျီဘုရားမှာလည်း လူသိများ၍ အံ့ဖွယ်စာရင်းဝင် ဘုရားတစ်ဆူလည်း ဖြစ်ပါသည်။ ဝိဇ္ဇာဇော်ဂျီဘုရားဂူအတွင်းမှာရှိသော ရုပ်ပွားတော်ကြီးမှာ အဓိဋ္ဌာန်ဝင်သူ၊ ပုတီးစိပ်သူများကိုလည်း တွေ့ရပါသည်။ တစ်ခု ထူးခြားသည်က ထိုဂူတွင်းရှိ ရုပ်ပွားတော်ကြီးမှာ ယခင်က ကောင်းမှုရှင်မရှိခဲ့သော်လည်း လွန်ခဲ့သော နှစ်နှစ်လောက်ကစပြီး လူကြီးတစ်ယောက်က ရုပ်ပွားတော်ကြီးရှေ့မှာ မိမိ၏ မိသားစုကောင်းမှု ကမ္ပည်းရေးထိုးထားပြီး ရုပ်ပွားတော်ကြီးရှေ့မှာရှိသော ပန်းအိုးကြီး(၅)လုံးမှာ ပန်းများမပြတ်အောင် လှူဒါန်းထားသည်ကို တွေ့ရပါသည်။ ပန်းများမပြတ်အောင် တပည့်တစ်ယောက်ကို ထိုးခိုင်းထားပါသည်။ ကိုယ်တိုင်လာသည်ကိုတော့ ကျွန်တော်မတွေ့ဖူးပါ။ တခြားလူကြီးများ မကြာခဏ လာရောက်၍ ပွဲများတိုး၍ ပုတီးစိပ်ကြသည်ကိုတော့ တွေ့ဖူးပါသည်။ ၎င်းတို့ လာကြသည်မှာ နံနက်စောစောလာကြပြီး တချို့လူကြီးများမှာ ညဘက်မှာ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ဘုရားမှာ ပုတီးစိပ်ဓိဋ္ဌာန်ပြုကြပါသည်။ မှတ်မှတ်ရရ လူကြီးတစ်ဦးမှာ အပတ်စဉ် တနင်္လာနေ့ အာရုံတက်ချိန်မှာ မိမိဇနီးနှင့်အတူလာ၍ မိမိက အထက်ပစ္စယံ ပတ္တမြားမျက်ရှင်မှာ ဘုရားဝတ်ပြုပြီး ဇနီးဖြစ်သူက ရင်ပြင်တော်ပေါ် တနင်္လာထောင့်မှာ ဆွမ်းကပ်၊ အမွှေးတိုင်၊ ဖယောင်းတိုင်များပူဇော်၍ ဘုရားရှိခိုး ပုတီးစိပ်ပါသည်။ ခြုံ၍ပြောရလျှင် လူကြီးအတော်များများမှာ ဘာသာရေးကိုင်းရှိုင်းကြပါသည်။'

ရွှေတိဂုံကုန်းတော်ပေါ်မှာ ဝိဇ္ဇာများ၊ ဇော်ဂျီများ တည်ခဲ့ကြသည်မှာ အတော်များများ ရှိကြကြောင်းနှင့် ဝိဇ္ဇာဇော်ဂျီရုပ်တုများ ပြုလုပ်ထားကြသည်ကိုလည်း တွေ့ရပါသည်။ အထူးသဖြင့် ရင်ပြင်တော် စနေထောင့်ရှိ စေတီများနှင့် ဂူများပေါ်မှာ ဝိဇ္ဇာဇော်ဂျီရုပ်တုများ ပြုလုပ်ထားသည်ကို တွေ့ရပါသည်။ ထိုရုပ်တုများကို စာရေးဆရာတစ်ယောက်က ဖော်ပြထားပြီးဖြစ်၍ ကျွန်တော် မဖော်ပြတော့ပါ။ ဝိဇ္ဇာများတည်ခဲ့သော ဘုရားများတွင် ဘိုးဘိုးအောင်ဂူဘုရားနှင့် ဘိုးဘိုးအောင်ဘုရားနှစ်ဆူလည်း ပါပါသည်။ အဘယ်ကြောင့်ဆိုသော် ဘိုးဘိုးအောင်မှာလည်း လူအများက ဝိဇ္ဇာဖြစ်သည်ဟု ယုံကြည်ထားကြသောကြောင့် ဖြစ်ပါသည်။ ဘိုးဘိုးအောင်မှာ ရွှေတိဂုံရင်ပြင်တော်ပေါ်မှာ ဘုရားနှစ်ဆူတည်ခဲ့သည့်အပြင် စေတီတော်ကြီး၏ ထီးတော်မှာလည်း သံသေခေါင်းလောင်းတစ်လုံး လှူဒါန်းထားပါသည်။

ဘိုးဘိုးအောင် ရွှေတိဂုံစေတီမှာ လှူဒါန်းခဲ့သောဘုရားများတွင် အထက်ပစ္စယံပေါ်မှာရှိသော ပတ္တမြားမျက်ရှင်ဘုရားလည်း ပါသည်။ ရှေးလူများပြောခဲ့ကြသည်ကို မှတ်သားဖူးပါသည်။ ပတ္တမြားမျက်ရှင်ဘုရား အထက်ပစ္စယံပေါ်ရောက်သွားရခြင်းမှာ အင်္ဂလိပ်စစ်တပ်များ ကုန်းတော်ပေါ်မှာ တပ်စွဲထားစဉ်က စေတီတော်ကြီးကို လိုဏ်ခေါင်းဖောက်ခဲ့ရာမှ ထိုအပေါက်ကြီးကိုပိတ်လိုက်ရာ ပတ္တမြားမျက်ရှင်ဘုရား ဖြစ်လာသည်ဟု ဆိုပါသည်။ ထိုအချိန်က ကုန်းတော်ပေါ်မှာ ပျက်စီးနေသော ဘုရားစေတီများကို ပြုပြင်သူမှာ ဆရာတော် 'ဦးပြား'ဖြစ်ပါသည်။

ညွန့်မောင်ဦး




www.burmeseclassic.com

www.burmeseclassic.com

# ပီကွာဖလောကာ တစ်ခွန်းတစ်စ

## မဖေဒီ(ကျောက်တော်)



ဒီဆောင်းပါးကို ရေးဖြစ်ဖို့ ဖန်လာတာကတော့ မနှစ်က နှစ်ဦးပိုင်း လောက်ကပါပဲ။ ကျွန်မရဲ့ဖခင်ကြီးကို ဆေးကုပြီး ပြန်ခါနီးမှာ ရောင်ပြန် မဂ္ဂဇင်းတိုက်ကို ခေတ္တဝင်ပြီး စာမူပေးခဲ့ပါတယ်။ အယ်ဒီတာချုပ် ဦးမောင် မောင်မြင့်အေးနှင့် တွေ့ဆုံစကားပြောခွင့်ရခဲ့ပါတယ်။ အယ်ဒီတာချုပ်ရဲ့ စားပွဲရှေ့မှာထိုင်ရင်း ကျွန်မကိုယ် ကျွန်မမိတ်ဆက်ပေးတဲ့အခါမှာ ဖော်ရွေ ပျူငှာတဲ့အပြုံး၊ တည်ငြိမ်တက်ကြွတဲ့ မျက်လုံးနဲ့ အားရပါးရနှုတ်ဆက်တဲ့ အယ်ဒီတာချုပ်ရဲ့ စကားတွေဟာ သူ့ရဲ့ပင်ကို အရည်အချင်းတွေကို ဖော်ပြ နေပါတယ်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ ...။ အစ်မကြီးရဲ့စာတွေကို ကျွန်တော်တို့ဖတ်ဖူးပါတယ်။ ကိုယ်တွေ့ဖြစ်ရပ်တွေကို စာဖတ်သူ စိတ်ဝင် စားအောင် ရေးပြနိုင်ပါတယ်။ ဒီလို ကိုယ်တွေ့တွေရှိနိုင်ပေမဲ့ စာတစ် စောင်ဖြစ်လာအောင် ရေးသားဖို့ မလွယ်ဘူးခင်ဗျ"

လို့ နှုတ်ဆက်ရင်း ဆိုပါတယ်။ သူ့တွင် ကြိုတင်ပြင်ဆင်ချိန်၊ ဟန်ဆောင်ထားချိန်မရှိဘဲ ပကတိပွင့်လင်းရိုးသားတဲ့ သူ့သဘောတွေဟာ အကောင်းမြင်ဝါဒနဲ့ အပြုသဘောဆောင်နေတာတွေ့ရလို့ ကျွန်မကျေနပ်မိ ပါတယ်။ အခုအချိန်မှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ မဂ္ဂဇင်း အယ်ဒီတာချုပ်ကို ကျွန်မထပ်ဆင့်ပြီး မွှန်းစရာ၊ ညွှန်းစရာ မလိုတော့ပါ။ သူ့ရဲ့ ကံ့ဉာဏ်ဝီရိယစွမ်းအားတွေက သက်သေပြနေပြီပဲ မဟုတ်ပါလားရှင်။

ပြီးတော့မှ သူက ဆက်ပြောပါတယ်။

"ကျွန်တော် ခုတလော ပုဂ္ဂိုလ်ထူးကြီးတွေဆီကို အာရုံရောက် နေပါတယ်ခင်ဗျ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အစ်မကြီးထံက ပုဂ္ဂိုလ်ထူးတွေနဲ့ ပတ်သက်တဲ့ စာမူကိုရတော့ ကျွန်တော်ဝမ်းသာသွားပါတယ်"

လို့ ပြောပြန်ပါတယ်။ သူသည် ဘာသာတရား လေးစားအားထား သူ၊ အလှူရေစက် လက်နှင့်မကွာ ပါရမီဖြည့်ဆည်းသူ ဖြစ်ရုံမျှမက အကျင့် သီလမွန်မြတ်လှစွာသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် သူတော်စင်ကြီးများ အပေါ်တွင် ယုံကြည်လေးစား တန်းဖိုးထားသူ ဖြစ်မှန်းသိရသောအခါတွင် ကျွန်မ သူ့အပေါ်အထင်ကြီးလေးစားမှု ဖြစ်လာရပါသည်။

သူက ကျွန်မ၏ ဝတ်စားဆင်ယင်မှုကို အနည်းငယ် အကဲခတ် လိုက်ပြီးမှ –



www.burmeseclassic.com

www.burmeseclassic.com

''အစ်မကြီးတို့လို ဂန္ထဝင်လမ်းလိုက်စားနေကြသူတွေဟာ အများအားဖြင့် အဝါဝတ်၊ အညိုဝတ်တွေအဖြစ် သီးသီးသန့်သန့် ထူးထူးခြားခြား နေတတ်တာတွေလည်း ရှိနေတာ တွေ့ရပါတယ်။ အစ်မကြီးကတော့ သာမန်ပဲ အများနှင့်ရောပြီး ဝတ်စားနေထိုင်တယ်။ ဒါကိုလည်း ကျွန်တော်နားလည်သဘောပေါက်ပါတယ်''

လို့ ဆိုပါတယ်။

သူ့စကားကို ကျွန်မလည်း နားလည် သဘောပေါက်ပါတယ်။ သူသည် လောကီဝိဇ္ဇာလမ်းတွင် သမဏလိုင်းနှင့် ဗြဟ္မဏလိုင်းတို့၏ ကွဲပြားခြားနားမှုကို ကောင်းစွာ နားလည်ထားသူဖြစ်၍ ထိုအမြင်၊ ထိုအယူအဆကို ပြောပြနိုင်ခြင်းပင် ဖြစ်ပါတယ်။ ထိုစဉ်ကာလက ကျွန်မမှာ အစိမ်းရောင်လက်ဝတ်ရတနာတစ်ဆင်စာ ဝတ်ဆင်ထားခဲ့ဖြစ်၍ သူ့အမြင်ကို ဝေဖန်ခြင်းဖြစ်ပါလိမ့်မယ်။ ထိုစဉ်ကပင် တစ်နေ့မှာတော့ ဦးမောင်မောင်မြင့်အေးအပါအဝင် ကျွန်မ၏စာဖတ်ပရိသတ်အတွက် ဗဟုသုတလေးတစ်ခု ရေးဦးမည်ဟု တေးမှတ်ထားခဲ့ပါသည်။

'ကိုယ့်ကိုယ်ကိုဖော် မသူတော်' ဆိုတဲ့စကားကို နားထဲစွဲနေတာမို့ ကိုယ့်အကြောင်းကို ဖော်ထုတ်ခြင်းမပြုဘဲ တိမ်မြှုပ်ထားခဲ့ပါသည်။ အရာရာမှာလည်း မသိနားမလည်ဟန်ဆောင်ပြီး ရိုးရိုးကုပ်ကုပ်ပဲ နေခဲ့ပါတယ်။ ဒီလိုနေတာ ကောင်းတာရှိသလို၊ မကောင်းတာလည်း ရှိပါသည်။

ငှက်မသိတော့ ဆက်ရက် ချိုးထင်တာလည်း ရှိတတ်ပါတယ်။ ထင်ရုံထင်တာ အကြောင်းမဟုတ်ပေမဲ့ စော်ကားမော်ကား ပြုပြများလာရင်း ပြုသူတွေပဲ အကုသိုလ်ကြီးပြီး အပြစ်ကျမှာစိုးလို့ နဂါးမှန်းသိအောင် အမောက်ထောင်ပြရပါတယ်။ ပြီးတော့ ပြန်ငုံ့နေရပါတယ်။ နဂါးတို့မျက်စောင်း အကြောင်းသုံးပါး မရွေးတာမို့ လူနှင့်ဝေးရာမှာပဲ ရှောင်ရှားပြီးနေလို့ မရပါဘူး။ ဒါက လောကီဥပမာ ပြောရတာပါ။

ကျွန်မတို့ရဲ့ ကျေးဇူးရှင် ဆရာသခင်တွေ ဆုံးမခဲ့ဖူးတဲ့ နက်ရှိုင်းတဲ့ အတွေးအခေါ်နှင့် ဝိဇ္ဇာစကားတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်မတို့ဟာ ကျေးဇူးရှင် ဆရာသခင်များထံမှာ ဝိဇ္ဇာသင်တန်းတက်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီပဲလေ။

''တို့အလုပ်က ဖုံးလို့လည်းမတော်၊ ဖော်လို့လည်းမကောင်း''

လို့ အချိန်မရောက်ဘဲ အလုပ်လုပ်၍မရကြောင်း သည်းခံစောင့်ဆိုင်းရမည့်အကြောင်း ဆုံးမခဲ့ဖူးပါတယ်။

''တို့က ရုပ်ကိုမသုံးဘူး၊ နာမ်ကိုပဲသုံးတယ်။ အကာကိုပစ်ပြီး၊ အနှစ်ကိုရှာတယ်။ လူကိုမကြည့်ဘူး၊ မူကိုပဲကြည့်တယ်။ သရုပ်ကိုမကြည့်ဘူး၊ အလုပ်ကို မြင်အောင်ကြည့်တယ်''

လို့ ဆုံးမတတ်ပါတယ်။

''တို့အမျိုးတွေက ရေကိုလားသော် နဂါးဆောင်သတဲ့၊ ကုန်းကိုလားသော် သိကြားဆောင်သတဲ့။ ငါမသေဘူး ရေကူးတတ်တယ်ဆိုသလိုပေါ့''

ဟူ၍ မကြာမကြာ ပြောပြတတ်ပါသေးတယ်။

''သာသနာပြုတယ်ဆိုတာ တစ်ယောက်ကောင်းလုပ်လို့ မရဘူးဗျ။ ခုနစ်ရက်သားသမီး သတ္တဝါများပါ ပါဝင်စေရမယ်၊ အကျိုးပွားစေရမယ်၊ ကယ်တင်စေရမယ်။ တို့အလုပ်က ပရိသတ်နှင့်သွားရမယ့်အလုပ်ဗျ။ လောကတ္ထစရိယအကျင့်မြတ်ကို ဆောက်တည်နေကြတာလေဗျာ''

ဟူ၍လည်း ဆုံးမတတ်ပါတယ်။

''ဝါဝါမြင်တိုင်း ရွှေမဟုတ်ဘူးဗျ။ လောကမှာ အတုတစ်ထောင် အယောင်တစ်သိန်း အပလိန်းအနန္တတဲ့ဗျ။ ပညာမျက်စိဖြင့် မြင်အောင်ကြည့်ဗျ။ သတိနှင့် မကွာစေနှင့်ဗျ''

လို့လည်း သတိပေးဖူးပါတယ်။

''ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေ၊ သံဃာဖက်တော့ အခက်ဝေသတဲ့ဗျာ။ ရတနာစစ် ရတနာမှန်သုံးပါး အမြဲဦးထိပ်ထား။ သရဏဂုံ သီလ မပျက်စေနှင့်။ ငါးပါးသီလ လုံခြုံအောင်ထိန်းထား။ တို့များက အာစရိယဂိုဏ်းဝင် ဆရာသခင်တွေဗျ။ ပါရမီရှင်တပည့်၊ သား၊ သာဝကတွေနှင့် ခုနစ်ရက်သားသမီးတွေအပေါ်မှာ ဆရာတာဝန်ရော၊ မိဘတာဝန်ရော ကျေပွန်အောင် ထမ်းဆောင်ရမှာပါဗျ''

လို့လည်း ဆိုပါတယ်။

''ဝိဇ္ဇာတပည့်သားလုပ်ချင်ရင် စမ်းသပ်ခံနိုင်ရတယ်ဗျ။ မြှောက်ကြည့်မယ်၊ ချော့ကြည့်မယ်၊ ခြောက်ကြည့်မယ်၊ နှိမ့်ချကြည့်မယ်၊ အပြစ်ပေးကြည့်မယ်ဗျ။ ဘယ်လိုမှ မပြောင်းလဲဘဲ ခိုင်ခံ့မြဲမြံတဲ့စိတ်နဲ့ တည်ကြည်နေမှ ပစ်တိုင်းထောင်ဖြစ်မှာဗျ။ ကျုပ်တို့က ပစ်တိုင်းထောင်ဗျ။ ကျုပ်တပည့်တွေကိုလည်း ပစ်တိုင်းထောင်ဖြစ်မှ ဆက်ပြီးသုံးမှာဗျ''

လို့လည်း မှာကြားပါတယ်။

''ဒီမှာငုံ့လိုက်၊ ဟိုမှာပေါ်လိုက်၊ ဒီရုပ်ပြောင်းလိုက်၊ ဟိုရုပ်ပြောင်းလိုက်နှင့် မြွေလို အရေခွံလဲသွားနေတာ ဘယ်သူရှာလို့ တွေ့နိုင်မှာလဲဗျ။ ဝိဇ္ဇာမှာ လိပ်စာမရှိဘူး။ မရှာနှင့်ဗျ။ ဝိဇ္ဇာတွေက သူ့သား၊ သူ့မြေးတွေ ရှိရာကို အချိန်တန်ရင် ရောက်လာမှာပါဗျ။ သားမြေးများဘက်ကသာ သူတော်ကောင်းအကျင့်ကို ကျင့်ကြဗျ။ စိတ်သာချ ဝိဇ္ဇာမမှာဗျ''

လို့လည်း မှာကြားဆုံးမပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အနှစ်နှစ်ဆယ်ကျော်လောက် လေ့လာထားခဲ့တဲ့ ဗဟုသုတတွေဟာ ပြောလို့လည်းမကုန်၊ ရေးလို့လည်းမကုန်နိုင်ပါဘူး။ အားလုံးကိုလည်း ပြောခွင့်၊ ရေးခွင့် မရှိပါဘူး။ ဒါ အမြွက်သဘောမျှ ပြောရတာပါ။

ကျွန်မက အသက် ၁၈ နှစ်သမီးကတည်းက အိပ်မက်ခန်းတွေနှင့်အတူ အဘအောင်၏ ဝိဇ္ဇာပညာ သင်ကြားပေးခံရသူပါ။ အသက်သုံးဆယ်အရွယ်မှ အတိတ်ဘဝက ပဋ္ဌာန်းဆက် ဆရာသခင်နှင့် တွေ့ဆုံခဲ့ပါသည်။ အမှန်တော့ ကျွန်မဟာ ဝိဇ္ဇာများကျွေးမွေးပြုစု မစစောင့်ရှောက်ခြင်းခံရသူပါ။

ကျွန်မဟာ ငယ်စဉ်ကတည်းက စာပေဝါသနာပါခဲ့သူ၊ ဗဟုသုတ လေ့လာလိုက်စားသူ၊ အထူးအားဖြင့် ရှေးဟောင်းရာဇဝင် မဟာဝန်ဖြစ်စဉ်များကို လေ့လာပြီး ဘာသာတရား အထူးအားထားသူဖြစ်ခဲ့ပါတယ်။ တစ်ကိုယ်တည်းဘဝဖြင့် မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးသူဖြစ်လို့ အိမ်ထောင်မှုသောက ကင်းဝေးခဲ့ပါတယ်။

ဝါသနာအရ မထင်မရှားနှင့် စာတိုပေစလေးတွေရေးခဲ့ပေမဲ့ ဝိဇ္ဇာလောကအကြောင်း ရေးခွင့်မရခဲ့ပါဘူး။ အခုရေးခွင့်ရခဲ့တာ ကိုးနှစ်လောက်ပဲ ရှိဦးမှာပါ။

ကျွန်မ အဘခေါင်ထံမှာ ခွင့်တောင်းပြီး ကိုယ်တွေ့အဖြစ်အပျက်များကို စရေးခဲ့တာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာပါ။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးကျော်မိုးသိန်းဟာ ကျွန်မအပေါ်မှာ အစ်မကြီးတစ်ယောက်လို လေးစားခင်မင်ပြီး ရိုးသားပွင့်လင်းသော အယူအဆတွေနှင့် အတွေ့အကြုံတွေကို ကြိုကြိုက်ဆွေးနွေးခဲ့ကြတာပါ။ ကျွန်မ ဒီကလောင်တစ်ချောင်းဖြစ်လာအောင် မြေတောင်မြှောက်ပေးခဲ့တာဟာ ဦးကျော်မိုးသိန်းရဲ့ ကျေးဇူးတရားတွေကြောင့်ပါ။

ကျွန်မကလည်း သူ့အပေါ်မှာ မောင်ငယ်လေးအရင်းအချာလို သွန်သင်ဆုံးမ စေတနာထားပြီး ခင်မင်လေးစားခဲ့တာပါ။ ယနေ့တိုင် ကျွန်မအပေါ် ကျေးဇူးရှိခဲ့တဲ့သူကို မေတ္တာပို့ဆုတောင်းပေးနေတုန်းပါပဲ။

ခက်တာက စာရေးဖို့ဝါသနာပါပေမဲ့ ရေးချင်စိတ်မရှိတဲ့အခါ၊ မအားလပ်တဲ့အခါ မရေးဖြစ်ပါဘူး။ ရေးချင်စိတ်ရှိလို့ အချိန်ရရင်လည်း ရေးတာကိုရပ်ထားလို့ မရပါဘူး။ သူ့သဘောသူဆောင်နေတာပဲ ဖြစ်ပါလိမ့်မယ်။

ဒီ(၃၁)ဘုံလောကအတွင်းမှာ ဝိဇ္ဇာတွေရှိကြပါတယ်၊ ဘုရားရှင်ပွင့်ထွန်းတော်မမူခင်ကပင် သမထကျင့်စဉ်တွေဖြင့် အမြင့်အကြားပေါက် ခရီးရောက်နေကြတဲ့ လောကီဝိဇ္ဇာကြီးများ အထင်အရှား ရှိပြီးသားပါ၊ ဘုရားရှင်ပွင့်တော်မူလာတဲ့ အခါမှာ လောကီဈာန်အဘိညာဉ်တန်ခိုး ရှိကြတဲ့ ဝိဇ္ဇာကြီးတွေ အများအပြားလည်း သစ္စာလေးပါး တရားတော်မြတ်ကို နာကြားရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ကြပါတယ်။ အဲဒီ ဝိဇ္ဇာကြီးများကို အရိယာဝိဇ္ဇာများလို့ ခေါ်ပါတယ်။

သစ္စာအမြင်မဆိုက်သေးဘူး၊ နိဗ္ဗာန်မျက်မှောက်မပြုရသေးတဲ့ အကျင့်စခန်းက ဝိဇ္ဇာများကိုတော့ လောကီဝိဇ္ဇာများလို့ ခေါ်ကြပါတယ်။

ဝိဇ္ဇာတွေဟာ သမထသိဒ္ဓိစွမ်းအားတွေဖြင့် ခရီးပေါက်ပြီးပြီဆိုလျှင် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ မနေမဟိဒ္ဓိတန်ခိုးသတ္တိတွေ ရရှိလာကြတာမို့ နတ်တို့၏ ဣဒ္ဓိပါတ်ကိုပင် ရရှိခဲ့ကြပါတယ်။ ဒါကြောင့် နတ်ဝိဇ္ဇာကြီးများလို့လည်း တင်စားခေါ်ဝေါ်ကြပါတယ်။

နတ်ဝိဇ္ဇာကြီးတွေအဖြစ် အပတ်တကုတ် ဘဝများစွာ ကြိုးပမ်းအားထုတ်ကြသူ ဝိဇ္ဇာများစွာတို့မှာ ယေဘုယျတူညီချက် ရှိကြပါတယ်။ ဆုပန်ချက်တွေ တူညီကြပါတယ်။ အချို့က ခန္ဓာဘဝ မရွှေ့ပြောင်းတော့ဘဲ လူဝိဇ္ဇာဘဝ၊ နတ်ဝိဇ္ဇာဖြင့်ပင် ဂေါတမရှင်တော်ဘုရား၏ သာသနာတော် အနှစ် ၅၀၀၀ ရောင်တော်ပြန်ပွဲမှာ ကျွတ်တမ်းဝင်ဖို့ ကြိုးပမ်းတာချင်း ဆုတောင်းကြတာချင်း တူညီကြပါတယ်။

အချို့ကလည်း သံသရာခရီးရှည်ကြီးအတွက် ဆုကြီးပန်ကြီးများအဖြစ်လည်းကောင်း၊ ဆုကြီးပန်ပုဂ္ဂိုလ်များ၏ သာဝကများအဖြစ်လည်းကောင်း ဆုတောင်းဆုယူ တူညီကြပြီးလျှင် ခန္ဓာမပြောင်း၊ ဘဝမပြောင်းဘဲ ပါရမီကုသိုလ်များ ပြုနိုင်ကြရန် ရည်သန်မှုချင်း တူညီကြပါတယ်။

ဝိဇ္ဇာဆိုတာ ပညာရပ်တစ်ခုကို အပြီးတိုင် ပေါက်ရောက်အောင်မြင်ပြီးသူ၊ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ပြီးသူကို ဆိုလိုတာပါ။ ပညာရပ်တစ်ခုဟာ အပြီးတိုင် ခရီးပေါက်ပြီဆိုလျှင် သိဒ္ဓိမြောက်လာပါတယ်။ အစွမ်းထက်လာပါတယ်။ စေလိုရာစေနိုင်ပါတယ်။ ပညာရပ်တွေကတော့ အများကြီးပါပဲ၊ ကြိုက်ရာလမ်းကို လိုက်နိုင်ပါတယ်။ ပြဒါးလမ်း၊ သံလမ်း၊ အင်းလမ်း၊ ဆေးလမ်း၊ မန္တန်လမ်းတွေ အများကြီးပါပဲ၊ ဝိဇ္ဇာဖြစ်ဖို့ရာ ဘဝပါရမီဓာတ်ခံ အလွန်အရေးကြီးပါတယ်၊ ဉာဏ်ထက်ဖို့၊ ကံထူးဖို့၊ ဝီရိယမြဲမြံဖို့ အလွန်အရေးကြီးပါတယ်။

ဝိဇ္ဇာဖြစ်ပြီးသူတွေလည်း အမြောက်အများမို့ ကိုယ်လည်း ဝိဇ္ဇာဖြစ်ချင်တယ်ဆိုရင်တော့ ကံ၊ ဉာဏ်၊ ဝီရိယမှာ ထူးကဲတဲ့ အရည်အချင်းတွေအပြင် ဆရာကောင်း၊ နည်းကောင်း၊ အမည်ကောင်းကိုလည်း ရဖို့လိုပါတယ်။

သာသနာပြုဓမ္မဝိဇ္ဇာအရှင်မြတ်များဟာ သူတော်ကောင်းကြီးများ၊ ပညာရှင်ကြီးများ ပီသစွာဖြင့် သာသနာတော်အား ပူဇော်ခြင်း၊ ထိန်းသိမ်းကာကွယ်



www.burmeseclassic.com

www.burmeseclassic.com

စောင့်ရှောက်ခြင်း၊ ဝေနေယျ**များအား** သာသနာပြုခွင့်ရအောင် **မစစောင့်ရှောက်**ခြင်း၊ နတ်ရွာသုဂတိသို့ လားစေခြင်း စသည်ဖြင့် လောကီကောင်းကျိုး၊ ဓမ္မကောင်းကျိုးကို သယ်ပိုးလျက်ရှိကြပါတယ်။

ဝိဇ္ဇာအကျင့်များကို ကျင့်သုံးကြရာမှာ အချို့က ဗြဟ္မဏအကျင့်ဖြင့် ကျင့်သုံးကြပါတယ်။ အချို့ သမဏအကျင့်ဖြင့် ကျင့်သုံးကြပါတယ်။ သမဏအကျင့်မှာ ဖလ်ရည်စွန်းသော သင်္ကန်းဝတ်ဖြင့်လည်းကောင်း၊ အညိုရောင်ယောဂီဝတ်ဖြင့်လည်းကောင်း၊ အဖြူရောင်ဝတ်ဆင်၍လည်းကောင်း၊ (၈)(၉)(၁၀)ပါး သီလတို့ကိုလည်းကောင်း၊ ရဟန်းသီလတို့ကိုလည်းကောင်း အစဉ်လုံခြုံအောင် စောင့်ထိန်း၍ လူတို့နှင့် ကင်းနိုင်သမျှ ကင်းကွာအောင် နေထိုင်ပြီးလျှင် တောတောင်အတွင်းလှည့်လည်၍ သမထ၊ ဝိပဿနာ၊ စရဏ အကျင့်များ ကျင့်သုံးအပ်သော ကျင့်စဉ်ကို ဆိုလိုပါသည်။

ဗြဟ္မဏကျင့်စဉ်ကတော့ လူတို့နယ်ပယ်တွင်ပင် လူဝတ်ကြောင်ဝတ်ဆင်၍ စီးပွားရေး၊ ကြီးပွားရေးတို့ကို ဆောင်ရွက်ရင်း ငါးပါးသီလ အစဉ်လုံခြုံ၍ အပြဟ္မာစရိယအကျင့်မြတ်ကို ထိန်းသိမ်း၍ (၈)(၉)(၁၀)ပါး သီလအဓိဋ္ဌာန်များကို မကြာခဏ ဆောက်တည်ကာ သမထ၊ ဝိပဿနာများကို အားထုတ်ကြိုးပမ်းအပ်သော ကျင့်စဉ်ကို ဆိုပါတယ်။

ကျွန်မဟာ ဆရာသခင်တို့၏ သွန်သင်မှုဖြင့် ပဋ္ဌာန်းဆက်အချို့ကို သိမြင်လာခြင်း၊ ဆောင်ရွက်ခဲ့ဖူးသော သာသနာ့ပန္နက်ဟောင်းတို့တွင် ဆက်လက်သာသနာပြုခွင့်ရခြင်း၊ ပေးအပ်လာသော သာသနာပြုတာဝန်များနှင့် ကျင့်ဝတ်သိက္ခာ၊ စည်းသစ္စာတို့ကို လေးနက်တည်ကြည်စွာ စောင့်ထိန်းလိုက်နာရခြင်း၊ သဘောပေါက်၊ မနောပေါက်နှင့် ဓာတ်**ဆက်သွယ်ပေါင်းကူး**မှု ရရှိလာခြင်း၊ ခန္ဓာငါးပါးတို့ကို ဘုရားရှင်ထံ အပ်လှူပူဇော်၍ ဝိပဿနာတရားများ အားထုတ်ရခြင်း၊ ဘုရားတည်၊ ကျောင်းဆောက်သော မဟာကုသိုလ်ကြီးများကိုလည်း စည်းပူးအားထုတ်ရခြင်း၊ မြင်အပ် မမြင်အပ် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်အသီးသီးတို့၏ သဘောသဘာဝအနေအထားတို့ကို နားလည်သဘောပေါက်မှု ရှိလာခြင်းတို့ဖြင့် အကျိုးထူးတရားများ ရရှိလာခဲ့ပါတယ်။

ဆရာသခင်တို့၏ ပညာပေးမှုကို ပေးကားပေး၏ ရ၏ ကျွေးကားကျွေး၏ ဝ၏ ဖြစ်စေရန် ကြိုးပမ်းရပါဦးမည်။ သိစရာ၊ တတ်စရာ၊ သင်စရာတွေလည်း မကုန်မခန်းနိုင်သေးပါ။ အခုမှ သိစ၊ တတ်စ၊ သင်စပင် ဖြစ်နေသေးကြောင်း ခံယူထားပါသည်။ ဝိဇ္ဇာလှည့်၊ နတ်လှည့်၊ ဓာတ်လှည့်တို့ကိုလည်း သဘောပေါက်အောင် အားထုတ်ရပါဦးမည်၊ ဝိဇ္ဇာစကားဖောက်ထိုးပြောလျှင် ခေါက်ချိုးနားလည်ထားရန်နှင့် ယုံတောင်ပြေး၍ ခွေးမြောက်လိုက်တတ်စေရန် ပရိယာယ်နားလည်ထားရပါဦးမည်။ မိန်းမမာယာ သဲကိုးဖြာ၊ ဝိဇ္ဇာမာယာ အနန္တဟု ဆိုထားသဖြင့် မာယာတောမှာ နစ်မျောမသွားနိုင်အောင်လည်း ဝိပဿနာအကျင့်မြတ်ဖြင့် ထိန်းချုပ်ရပါသေးတယ်။ အတိတ်ကံပါလာခဲ့သည့်အတိုင်း ဆောင်ရွက်နေရခြင်းဖြစ်၍ သမထနှင့် ဝိပဿနာကိုတွဲ၍ ကျင့်နေရပါတယ်။ ကျွန်မကဲ့သို့သော ဘဝတူများစွာ ရှိပါလိမ့်မယ်။ အချင်းချင်းစာနာ၍ နားလည်နိုင်ပါလိမ့်မယ်။

လောကီစိတ်သက်သက်ဖြင့် ပြောရလျှင် ကျွန်မသည် ငယ်စဉ်ကတည်းက အစိမ်းရောင်အမျိုးမျိုးကို အလွန်နှစ်သက်ခဲ့သူ၊ ဝတ်ဆင်ခဲ့သူ၊ ရွေးချယ်သုံးစွဲခဲ့သူ ဖြစ်ပါသည်။ ထိုဝါသနာကို မစွန့်နိုင်သေးပါ။ တိုက်ဆိုင်လှစွာပင် ယခုကျွန်မ သာသနာပြုရာဒေသသည်လည်း မြောင်းမြမြို့ မြစိမ်းတောင်သာသနာပြုစခန်းပင် ဖြစ်ပါ၏။ အနောက်ရိုးမ မြစိမ်းတောင်ညိုစခန်းပင် ဖြစ်ပါ၏။ ထိုဒေသများသည် ကျွန်မ၏ ပဋ္ဌာန်းဆက်အောင်မြေများ ဖြစ်ကြသကဲ့သို့ မြန်မာပြည်တစ်ဝှမ်းမှာရှိကြကုန်သော ပါရမီရှင်အပေါင်းတို့၏ ပဋ္ဌာန်းဆက်အောင်မြေလည်း ဖြစ်နိုင်ကြပါကုန်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားအဆူဆူထံတွင် ကျွတ်ဆုလွှဲခဲ့ရသော ကျွန်မတို့အားလုံးသည် ဘုရားတစ်ဆူဆူထံမှာတော့ အတူတွဲ၍ သာသနာပြုခဲ့ကြသူများ၊ ပြုကြရဦးမည့်သူများ၊ ဆွေဟောင်းမျိုးဟောင်း၊ မိဟောင်းဖဟောင်းများသာ ဖြစ်နေခဲ့ကြသောကြောင့်ပါတည်း။

အတိတ်ဆိုသည်မှာ အရိပ်မျှပင်ဖြစ်သော်လည်း ထိုအရိပ်ကို ပျောက်အောင်လုပ်၍မရနိုင်သေးပါ။ ဘဝတွေချုပ်ငြိမ်း၊ ရုပ်သိမ်းသွားမှသာ၊ နိဗ္ဗာန်ရောက်မှသာ အရိပ်တွေပျောက်သွားပေလိမ့်မည်။

ထိုအရိပ်တို့သည် မှန်သားပြင်မှာကြည်လင်စွာပေါ်တတ်ပါ၏။ ဆိုလိုသည်မှာ အမှန်ကိုမြင်သော၊ အမှန်ကိုရှာတတ်သောသူ၏ ထံမှသာ အရိပ်တို့သည် ပေါ်လွင်ထင်ရှားကြကုန်၏။ ထို့ကြောင့် ကိုယ့်မှန်ကိုယ်ကြည့်၍ ကိုယ့်အရိပ်ကိုယ်သိနေပါလျှင် ကိုယ်ပြုရမည့် သာသနာ့တာဝန်များကို ရှောင်လွှဲ၍ မရနိုင်တော့ပါပြီတကား။

*သူတော်ကောင်းဓာတ်၊ ကမ္ဘာရပ်၊ လွှမ်းပတ်ခြုံ၍ လုံစေသော် ..။*

---

မဗေဒါ(ရောဝတီ)

---



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာမှတ်တမ်း

လင်းရောင်တင်

လွန်ခဲ့တဲ့လက ဆရာကြီးဦးအုန်းမောင်(ရေကျော်ရာမအဖွဲ့က ရာမဦးအုန်းမောင်) လင်းရောင်တင်တို့အိမ်ကို ရောက်လာခဲ့တယ်။ ဆရာကြီးဟာ အသက်ရှစ်ဆယ်ကျော်ပြီဖြစ်လို့ တိုက်ခန်းကို တက်လာတဲ့အခါ တူတွေ၊ တူမတွေ အကူအညီနဲ့ ဖြည်းဖြည်းချင်းတက်ရရှာတယ်။ နံနက်စာကျွေးပြီး နိုင်သလောက် လှူဖြစ်ပါတယ်။ ဆရာကြီးက ရောက်တုန်းရောက်ခိုက် စကားစမြည်ပြောတုန်း . . .

"လင်းရောင်တင် . . . နေလဂျာနယ်သွားရေးလိုက်တဲ့ ဝိဇ္ဇာစာရင်းကို ဖတ်ရလို့ ကူးထားတယ်။ တော်တော်လေးပြည့်စုံပါတယ်။ ဒီစာရင်းတွေကို ခါတိုင်းမတွေ့ခဲ့ဖူးဘူး။ လင်းရောင်တင် တော်တော်ရှာထားတာပဲ"

လို့ ချီးကျူးစကားပြောပါတယ်။

"ဟုတ်ကဲ့ အဘ။ စာအုပ်စာပေတွေထဲကကော၊ လူကြီးသူမတွေဆီကကော မှတ်ထားသမျှလေးတွေ ပြုစုပေးလိုက်တာပါ"

"ကိုယ်လည်း ဒီစာရင်းကို သုံးစရာနေရာရှိတယ်။ ပြန်ပြီးသုံးရမယ်"

"ကောင်းပါတယ်အဘ။ ကျယ်ကျယ်ပြန့်ပြန့်သိလေ၊ ပိုကောင်းလေပေါ့"

ဆရာကြီးရာမဦးအုန်းမောင်နဲ့ အချီအချပြောခဲ့ပြီး ရက်အတော်ကြာတော့ ပြန်စဉ်းစားမိတဲ့အခါ နေလမှာရေးခဲ့တဲ့ ဝိဇ္ဇာစာရင်းဟာ ပုဂံခေတ် နောက်ပိုင်းထွက်တဲ့ စာရင်းပဲ ရှိသေးတာပဲ၊ ကမ္ဘာဦးအစက ဝိဇ္ဇာများစာရင်း မပါသေးဘူးလို့ တွေးမိတယ်။ ကမ္ဘာတည်စ ဘုရားလေးဆူ တစ်ဆူပြီးတစ်ဆူ ပွင့်သွားတဲ့ထဲမှာ ဝိဇ္ဇာတွေ အမြောက်အမြားရှိခဲ့တာပဲ။ လူအများစု သိထားကြတာက 'ဝိဇ္ဇာရှစ်သောင်း ဆရာကောင်း'ဆိုပြီး ဝိဇ္ဇာကို ရှစ်သောင်းကျော်ပဲ ထင်ကြတာပါ။

အမှန်က . . . ကမ္ဘာနဲ့ချီရင် ဝိဇ္ဇာစာရင်းက သိန်းချီပါတယ်၊ ရှစ်သောင်းဆိုတာက ဘုရားတစ်ဆူပွင့်ချိန်မှာ ဝိဇ္ဇာရှစ်သောင်း ထွက်ရပ်ပေါက်ကြတာကို ပြောတာပါ။ ဝိဇ္ဇာဆိုတဲ့နေရာမှာ (၁) ပြဒါးဝိဇ္ဇာ၊ (၂) သံဝိဇ္ဇာ၊ (၃) ဆေးဝိဇ္ဇာ၊ (၄) အင်းဝိဇ္ဇာ၊ (၅) မန္တန်ဝိဇ္ဇာဆိုတဲ့ ဝိဇ္ဇာဓိုရ်ငါးမျိုး အခြေခံပြီး ဝိဇ္ဇာတွေ ဖြစ်ခဲ့ကြတာပါ။

ဝိဇ္ဇာပညာရပ်နှင့်အတူ ဇရာနဲ့ ဗျာဓိဆိုတဲ့ အိုခြင်း၊ နာခြင်းတွေကို အလွယ်တကူ ရောက်မလာနိုင်အောင် ဟန့်တားဆောင်ရွက်နိုင်ကြသူတွေကို ဆိုလိုပါတယ်။ ဝိဇ္ဇာအမည်ခံပေမဲ့ ငယ်ငယ်ရွယ်ရွယ် သက်တမ်းကုန်တယ်ဆိုရင်တော့ စဉ်းစားစရာပါပဲ။ အဲဒီ အိုခြင်း၊ နာခြင်းနဲ့ သဘာဝရာသီတွေကို ပြုပြင်ပြီး ဝိဇ္ဇာလမ်းစဉ် အောင်မြင်ပေါက်ရောက်ကြသူတွေကို မှတ်တမ်းတင်ရမယ်ဆိုရင်တော့ . . .

ဒီဘဒ္ဒကမ္ဘာမှာ ကကုသန်မြတ်စွာဘုရားရဲ့ သာသနာတော်အတွင်း သာသနာတော်အပမှာ ဖြစ်ကြတဲ့ လောကီယဝိဇ္ဇာဓိုရ်တွေဟာ ရှစ်သောင်းရှိခဲ့ပါတယ်။

အဲဒီနောက် ကောဏာဂုံမြတ်စွာဘုရားရဲ့ သာသနာတော်တွင်း သာသနာပမှာ ဖြစ်ကြတဲ့ လောကီယဝိဇ္ဇာဓိုရ်တွေဟာလည်း ရှစ်သောင်းရှိခဲ့ပါတယ်။ အဲဒီနောက် ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားပွင့်ပြီးချိန်အထိ လောကီယဝိဇ္ဇာဓိုရ်တွေ ရှစ်သောင်းရှိခဲ့ကြပါတယ်။

အရိမေတ္တေယျဘုရားပွင့်ထွန်းမယ့်ကာလကျတော့ သက်တမ်းတွေ ပိုရှည်ကြမယ့်အတွက် ဝိဇ္ဇာဓိုရ်တွေလည်း ဦးရေပိုများလာလိမ့်မယ်။ ဝိဇ္ဇာဓိုရ်ပေါင်း ရသေ့ကောင်းတွေ သုံးသိန်းနှစ်သောင်း(၃၂၀၀၀၀) တောင်မှ ရှိကြလိမ့်မယ်ဆိုပါတယ်။ ပွင့်ပြီးခဲ့တဲ့ ဘုရားရှင်လေးဆူလက်ထက်မှာ တစ်ဆူကို ရှစ်သောင်းစီထွက်ခဲ့ကြတယ်ဆိုတော့ စုစုပေါင်း ဘုရားလေးဆူ လက်ထက်မှာလည်း သုံးသိန်းနှစ်သောင်း ရှိခဲ့ကြပါတယ်။

ဒါကြောင့် ဒီဘဒ္ဒကမ္ဘာမှာ ဝိဇ္ဇာဓိုရ်ခြောက်သိန်းလေးသောင်း ပွင့်ထွန်းပေါ်ပေါက်လာကြမယ့် သဘောရှိပါတယ်။ ဂေါတမသာသနာလက်ထက်တော်မှာ ထွက်ရပ်ပေါက်ခဲ့ဖူးကြတဲ့ ဝိဇ္ဇာဓိုရ်စာရင်းကို ဆက်ပြီးဖော်ပြရမယ်ဆိုရင် ပုဗ္ဗဝိဒေဟာ

www.burmeseclassic.com

ကျွန်းကနေ ကွယ်လွန်ခဲ့ပြီ။ ကာသိက ရာဇ်တိုင်းမှာ 'သုတေဝ္ဟာသရ'လို့ခေါ်တဲ့၊ ပုဏ္ဏားမျိုးကဖြစ်တဲ့၊ ပြဒါးဝိဇ္ဇာပေါင်း (၆၄) ယောက် ထွက်ခဲ့ပါတယ်။

အဲဒီနောက် စတုမဟာရာဇ်ဘုံက နေ ဝိရူပက္ခနတ်မင်းကြီးရဲ့သားဟာ ကွယ် လွန်ခဲ့ပြီး တောင်ကျွန်းအင်္ဂပူရတိုင်း၊ ကိဋ္ဌ ဘူမန္တအမည်ရှိတဲ့ ပုဏ္ဏားမျိုးကနေဖြစ်တဲ့ ပြဒါးဝိဇ္ဇာပေါင်း (၁၉၅)ယောက်၊ အဲဒီ နောက် 'အပရဂေါယာန'ကျွန်းကနေ ကွယ်လွန်ခဲ့ပြီး ကောသလတိုင်း အမျု တေဇ္ဇာသရအမည်ရှိတဲ့ ပုဏ္ဏားမျိုးကဖြစ် တဲ့ သံဝိဇ္ဇာပေါင်း (၄၉၃)ယောက်။ အဲဒီ နောက် မြောက်ကျွန်းကနေ ကွယ်လွန်ခဲ့ ပြီး ကုရုတိုင်း၊ သဇ္ဇာကာရ ဗြဟ္မဏ အမည်ရှိတဲ့ ပုဏ္ဏားမျိုးကဖြစ်တဲ့ ဆေးဝိဇ္ဇာ ပေါင်း (၆၅၈)ယောက်တို့ အထင်အရှား ထွက်ခဲ့ဖူးပါပြီ။

အဲဒီနောက် ရာဇဂြိုဟ်သည် ဇော တိကသူဋ္ဌေးရဲ့ ဖခင်ဖြစ်တဲ့ ပြဒါးဝိဇ္ဇာ၊ သုဝဏ္ဏဘုမ္မိမြို့က နာဂဝိဇယမင်းရဲ့ ဖခမည်းတော် ဆေးဝိဇ္ဇာ။ သထုံပြည်မှာ သထုံသူပုမ္ဗမာလာနဲ့ ကြုတ်တွင်းမှာ ဝင် ရောက် ပေါင်းသင်းဖူးတဲ့ အင်းဝိဇ္ဇာ။

ကဝိလမိုင်းဇာတ်မှာ တက္ကသိုလ် ပြည် ဒိသာပါမောက္ခဆရာကြီးဆီမှာ ပညာသင်ကြားတတ်မြောက်ခဲ့တဲ့ သာဂရ မင်းကြီးရဲ့သားတော် နန္ဒကုမာရမင်းသား လေးနဲ့ ပါမောက္ခဆရာကြီးရဲ့ မြေး'ပဥ္စရူပ' မင်းသမီးတို့ လက်ထပ်ပြီး ကြုတ်အတွင်း ဝင်လို့ရအောင် အဲဒီကြုတ်ကို ဆေးသုတ် လို့ မြေးတော်ကို ထည့်ပြီးမှ မင်းသား လက်ကို အပ်လိုက်တာ။ ပြီးတော့ ခရီး လမ်းဆုံးမရောက်မချင်း မဖွင့်နှင့်၊ ကိုယ့် တိုင်းပြည်ပြန်ရောက်မှ ဖွင့်ပါလို့ ဆရာကြီး က မှာလိုက်ပေမဲ့ နန္ဒကုမာရမင်းသား လေးက မနေနိုင်ဘူး။ တောလမ်းခရီးမှာ ချစ်မြတ်နိုးတဲ့စိတ်နဲ့ ပဥ္စရူပမင်းသမီးလေး ကို ကြုတ်ဖွင့်ပြီး ကြည့်ရှုမိတော့ 'ပရသိဒ္ဓိ' လို့ခေါ်တဲ့ ဆေးဝိဇ္ဇာဟာ ကောင်းကင်က ပျံသွားရင်း မင်းသမီးကိုမြင်တော့ မနေနိုင် ဘဲ ကြုတ်တွင်းကိုဝင်ပြီး ပေါင်းသင်းဆက် ဆံဖူးတဲ့ ဖြစ်ရပ်။

ပြီးတော့ ရတနာပူရအင်းဝမြို့ကို တည်ထောင်တဲ့ သတိုးမင်းဖျားလက် ထက်၊ 'မဓုသခ်ရာဇာ'အမည်ရတဲ့ ရဟန်း ဟာ သုဝဏ္ဏကိရိတောင်ထိပ်မှာ သရုံပြဒါး ကို ဖမ်းပြီးစီရင်တဲ့အခါ အဆုံးတိုင် ပေါက် မြောက်တဲ့အတွက် ရွှေဖြစ်ငွေဖြစ်ရခဲ့ တယ်။ သတိုးမင်းဖျားရဲ့ ဆင်ဝန် 'ဘိုးယာ ဆက်'ရဲ့သား 'ငပေခေါင်'လို့အမည်ရတဲ့ တပည့်ကို သူ့နေရာ လွှဲအပ်ပြီး သုဝဏ္ဏ ကိရိတောင်ထိပ်မှာ ဥမင်(၃၀)ကိုတူးပြီး လှူ ခဲ့တယ်။ အဲဒီနောက် တပည့် ငပေခေါင် ဟာ ရဟန်းကြီး မဓုသခ်ရာဇာရဲ့ ပြဒါး ခတ်လုံးကို ခိုးယူပြီး ထွက်ပြေးသွားခဲ့ ပေမဲ့ မဓုသခ်ရာဇာဟာ အလျှော့မပေးဘဲ အဲဒီ သရုံပြဒါးကို နောက်ထပ်ပြုလုပ်ကြံ စည်ရာ အောင်မြင်ထွက်မြောက်သွားခဲ့ပါ တယ်။

အဲဒီနောက် မြင်စိုင်းမြို့ ဇေယျာ သကြံန် လက်ထက် ပညာသီရိကျော်သူ အမည်ရှိတဲ့ အမတ်ကြီးတစ်ဦးဟာ နောက် လိုက်နောက်ပါ (၃၆)ယောက်နဲ့ သဘော တူ ကြံစည်လုပ်ကိုင်ကြပြီး၊ နောက်လာ နောက်သားတို့ စဉ်ဆက်မပျက် ဆက် လက်ပြီး လှူဒါန်းလုပ်ကိုင်စားသောက် နိုင်ကြဖို့ မြင်စိုင်းမြို့ရဲ့ အရှေ့တောင် တာ ငါးရာခန့်က နိမ္မိတကုန်းမှာ ရွှေတစ်ခွက် ကို အချိန်(၃၆)ကျပ်၊ ငွေတစ်ခွက်ကို အချိန်(၃၆)ကျပ်ကျနဲ့၊ ရွှေခွက် ငွေခွက် ပေါင်း (၃၆၀၀)ကို အဲဒီကုန်းမှာ မြှုပ်ထား ပြီးမှ အပေါ်က စေတီတည်ထားခဲ့တယ်။ အဲဒီ ဆေးဝိဇ္ဇာ(၃၆)ယောက်တို့ဟာ စေတီ ရဲ့ အရှေ့ဘက် စမ်းအိုင်ကြီးနှစ်ခုအကြား မှာ ရုပ်ပြောင်းမီးဆင်းပြီး ထင်လင်းစွာ ထွက်သွားခဲ့ဖူးပြန်ပါတယ်။

အဲဒီအပြင် ပုဂံမြို့ ကျစွာမင်းလက် ထက် အရှင်ဉာဏဝံသအမည်ရှိတဲ့ ရဟန်း ဟာ ဝိဇ္ဇာမယစိန္တာလို့ခေါ်တဲ့ 'အင်း'ကို အကြိမ်ကြိမ်ကစားပါများတဲ့အခါ 'စိန္တာ မယအင်း'ဟာ ကြီးပွားပေါက်ရောက် အထမြောက်သွားတဲ့ အင်းဝိဇ္ဇာတစ်ပါး။ အဲဒီအပြင် အရိမဒ္ဒနအမည်ရှိတဲ့ ပေါက္ကံ မြို့ကြီး(ပုဂံမြို့)မှာ အဇ္ဇဂေါဏအမည်ရှိတဲ့ ပြဒါဝိဇ္ဇာတစ်ပါး။ ဒွါရာဝတီမြို့က အရှင် ကဝိန္ဒသာရမည်တဲ့ ရေတိမ်ရွာသား ဘုန်း တော်ကြီးတစ်ပါးဟာလည်း ပြဒါးကို စီရင် ပြီးမြောက်လို့ ပေါက်ရောက် ထွက်သွားဖူး တဲ့ ပြဒါးဝိဇ္ဇာတစ်ပါး။ အဲဒီအပြင် အင်းဝ မြို့၊ ဘိုးတော်ဘုရားလက်ထက်၊ သရေ ခေတ္တရာပြည် မယားမင်ရွာသား 'ဆရာ အောင်'လို့ခေါ်တဲ့ ရသေ့တစ်ဦးဟာ သလဲ ပြဒါးကို စီရင်ပြီး ထွက်ရပ်ရောက်ဖူးခဲ့ပြန် ပါတယ်။ အဲဒီနောက် အင်းဝမြို့၊ နောင် တော်မင်းတရား လက်ထက်အောင်ချမ်း သာရွာ ရွာဟောင်းတောရကျောင်းနေရာ အရှင်ကုန္ဒာစရိယ အမည်ရှိတဲ့ ပြဒါးဝိဇ္ဇာ တစ်ပါး။

အဲဒီအပြင် အမရပူရမြို့မှာ နောင် တော်ကြီးမင်းပြုနေတဲ့အချိန်၊ အဲဒီမြို့ရဲ့ အရှေ့တောင်အစွန်းနား တောင်သမန်ရွာ ရဲ့အနီး နွားနို့စုရွာကြီးမှာ အရှင်နာဂိန္ဒ သာရအမည်ရှိတဲ့ ရဟန်းဟာ 'စတီရန လောဟ'အမည်ရှိတဲ့ 'သံ'ကိုစီမံပြီး ပေါက် မြောက်လို့ ရွှေငွေလုပ်ကိုင်ဖြစ်ခဲ့တယ်။ အမရပူရ ဆင်ဖြူဝန်မင်းရဲ့အဖေကို အဲဒီ ရွှေငွေတွေ အပ်နှင်းပြီး တောင်သမန်အင်း ရဲ့ အနောက်ဘက်ကမ်းထိပ်မှာ နောင် သားနောင်လာ လူတော်စွာတို့ ငါသို့ တမူ အကြံတူလျှင် သုံးစေဆိုပြီး မိုးကြိုးပုရပိုက် ကို ကြေးအုတ်နဲ့ ထည့်လိုက်တယ်။ ပြီး တော့ အရှင်နာဂိန္ဒသာရ တည်ထားတဲ့ ရုပ်ပွားတော်ကြီးနားက 'တေဘုရားပင် ကြီး'အောက်မှာ မြှုပ်နှံထားခဲ့တယ်။

ပါရမီမှန်ခဲ့ရင် အဲဒီတေဘုရားပင် ကြီးအောက်မှာ နှစ်လသုံးလ၊ လေးလ



www.burmeseclassic.com

www.burmeseclassic.com

စသည်ဖြင့် သီလဆောက်တည် ကျင့်ကြံနေထိုင်ခဲ့ပါက ဩသဓိ ဒေဝနတ်တို့က လွယ်လင့်တကူ ယူဆောင်ပေးလာပါစေလို့ မိဋ္ဌာန်ခဲ့တယ်။ (ဝါသနာရှင်တို့ ရှာဖွေလေ့လာလုပ်ဆောင်သင့်ပါတယ်။) တကယ်လို့ အဲဒီကြေးပုရပိုက်ကို ရရှိခဲ့ရင် အရှင်နာဂိန္ဒသာရအမည်ရှိတဲ့ သံဝဇ္ဇာကြီးနဲ့ အတူ နေထိုင်ရပြီး နောင်အရိမေတ္တေယျဘုရားပွင့်ချိန်မှာ ပူဇော်ခွင့် ရနိုင်တဲ့ ဝိဇ္ဇာကြီးကလည်း အကြောင်းတစ်ရပ်ပါပဲ။

အဲဒီနောက် သံသုမာရဂိရိမည်တဲ့ တောင်ထိပ်မှာ နောင်အရိမေတ္တေယျမြတ်စွာဘုရား ဝါကပ်ပြီး ရပ်တော်မူမှာကိုသိတဲ့အတွက် 'သံဝရမာလာ'အမည်ရတဲ့ ရသေ့ကြီးဟာ အလျားအတောင် (၂၅၀)၊ အနံအတောင် (၂၀၀)၊ ထု(၄၀)ရှိတဲ့ 'သေလုဝါရ'လို့ခေါ်တဲ့ သံကျောက်ဖျာကြီးကို ဂန္ဓမာဒနတောင်က ဆောင်ယူလာခဲ့ပြီး သံသုမာဂိရိတောင်ထိပ်မှာ ကျောင်းအဖြစ် ခင်းထားလှူကပ်လာတယ်လို့ 'လောကီပဝတ္တသရီ'ကျမ်းတွေမှာလာရှိတဲ့ အဲဒီကျောက်ဖျာကြီး ဒကာတော် မဟာသံဝရမာလာ သံဝဇ္ဇာကြီးအကြောင်းလည်း မှတ်တမ်းတစ်ရပ် ရှိပါတယ်။

ကာသိကရာဇ်တိုင်း၊ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်မှာ (၆၄) ယောက်ရှိတဲ့ သုတေဇ္ဇာသရအမည်ရတဲ့ သရဲပြဒါးဝိဇ္ဇာကလည်း မှတ်တမ်းတစ်ရပ်ပါပဲ။ အဲဒီနောက် ဝင်္ကတိုင်း၊ စမ္ပာနဂိုရ်ပြည် ဝါသုဒတ္တမင်းလက်ထက်မှာ ရသေဇ္ဇာသရ ပြဒါးဝိဇ္ဇာမိုရ်(၆၅)ယောက်။ အဲဒီနောက် သက္ကတိုင်း ကပ္ပိလဝတ်ပြည် သုဒ္ဓေါဒနမင်းလက်ထက် ပါရဒေဇ္ဇာသရ အမည်ရှိတဲ့ (၉၉)ယောက်သော ပြဒါးဝိဇ္ဇာတွေ၊ မင်္ဂတိုင်း၊ ကောလိယပြည် သကျရာဇာမင်းလက်ထက် သုဝဏ္ဏေဇ္ဇာသရ အမည်ရှိတဲ့ (၅၅၀)သော ပြဒါးဝိဇ္ဇာ။ အင်္ဂပူရတိုင်း၊ မဓုရပြည်၊ သဗ္ဗိယမင်း လက်ထက် (ကိဋ္ဌဘူဗျန္တ) အမည်ရှိတဲ့ (၁၉၅)ယောက် ပြဒါးဝိဇ္ဇာတွေ။ စေတိယတိုင်း၊ ကောသမ္ဗီပြည် ဥတေနမင်း လက်ထက် ယောဟာပါရဒအဇ္ဇာသရအမည်ရှိတဲ့ (၂၈၀)သော ပြဒါးဝိဇ္ဇာ။

အသကတိုင်း၊ ကာလိင်္ဂပြည် ဓမ္မဒိန္နမင်း လက်ထက် စတီရနေဇ္ဇာသရ အမည်ရှိတဲ့ (၃၈၉)ယောက်သော သံဝိဇ္ဇာတွေ။ ပြီးတော့ ကောသလတိုင်း၊ သာဝတ္ထိပြည် ပသေနဒီ ကောသလမင်း လက်ထက် 'အမြုတေဇ္ဇာသရ'အမည်ရှိတဲ့ (၄၉၉)ယောက်သော သံဝိဇ္ဇာတွေ။ အဝန္တိတိုင်း၊ ပဏ္ဍုသမင်းလက်ထက်(ရုက္ခဇာသရ) အမည်ရှိတဲ့ (၅၈၅)ယောက်သော သံဝိဇ္ဇာတွေ။ ကုရုတိုင်း၊ သင်္ကဿနဂိုရ်ပြည် ရာဇာနိန္ဒာမင်းလက်ထက် 'ဝမ္မိကာရ' အမည်ရတဲ့ (၆၅၈)ယောက်သော သံဝိဇ္ဇာတွေ၊ ပဥ္စာလရာဇ်တိုင်း၊ စေတုတ္တရာပြည်၊ ဇနိန္ဒာမင်းလက်ထက် 'ပါဏိသင်္ခေဇ္ဇာသရ'အမည်ရတဲ့ (၇၈၅)ယောက်သော သံဝိဇ္ဇာတွေ။

ဝိဒေဟရာဇ်တိုင်း၊ မိတ္ထိလာပြည် ဇနိသမင်းလက်ထက် မုတ္တကန္တအမည်ရတဲ့ (၈၆၄)ယောက်သော သံဝိဇ္ဇာတွေ။ ပါစိတိုင်း၊ ပါဋလိပုတ်ပြည်၊ မုဏ္ဍရိမင်း လက်ထက် 'သရဘူဗျာဒက'အမည်ရတဲ့ (၉၉၄)ယောက်သော သံဝိဇ္ဇာတွေ။ သူရတိုင်း၊ ပါဝါပြည်၊ သူရိန္ဒမင်းလက်ထက် 'ဒီဃမူလကက္ကဋ္ဌ'အမည်ရတဲ့ (၁၃၅၀) သော သံဝိဇ္ဇာတွေ။ ဝဇ္ဇီတိုင်း၊ ဝေသာလီ ပြည်၊ ပုက္ကုံသာဒီမင်းလက်ထက် 'မဟာပရနိမ္မိမဟိဒ္ဓိ'အမည်ရှိတဲ့ (၁၃၉)ယောက်သော ဆေးဝိဇ္ဇာတွေ။ မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဗိမ္ဗိသာရမင်းလက်ထက် 'စိန္တာမယပြဟ္မဏ'အမည်ရှိတဲ့ (၂၆၀)သော အင်းဝိဇ္ဇာတွေ စုစုပေါင်းအားလုံး (၇၇၃၀) ပါး ထွက်ရပ်ပေါက်ပြီးသွားခဲ့ကြပါပြီ။

ဂေါတမဘုရားလက်ထက်တော် အတွင်းမှာ ဖြစ်ကြမယ့် ဝိဇ္ဇာရှစ်သောင်း ဟာ အခုစာရင်းအရဆိုရင် (၇၇၃၀)ပဲ ရှိသေးတော့ ဖြစ်လာမည့် ဝိဇ္ဇာပေါင်း (၇၂၂၇၀)ကျန်ပါသေးတယ်။ နောက်ပိုင်း မြန်မာပြည်မှာ ပေါ်ထွန်းလာခဲ့တဲ့ ဝိဇ္ဇာတွေ၊ ကမ္ဘာပေါ်မှာ ဆက်လက်ထွက်ပေါ်လာခဲ့တဲ့ ဝိဇ္ဇာတွေ ဘယ်လောက်ရှိနေပြီလဲတော့ မပြောတတ်ပါဘူး။ ဒါကြောင့် 'ဝိဇ္ဇာ'ဆိုတာ ကမ္ဘာမှာ စာရင်းနဲ့တကွရှိပါတယ်။ ဝိဇ္ဇာလုပ်ရပ်လမ်းတွေကို ဉာဏ်မီတဲ့လူတွေ လေ့လာလုပ်ဆောင် နိုင်ကြပါတယ်။ "နည်းမှန်ရင် ကံမရွေးပါဘူး" ဆိုတဲ့ စကားရှိပါတယ်။ ဆင်းရဲချမ်းသာ မျိုးရိုး အနိမ့်အမြင့်နဲ့ မဆိုင်ဘဲ၊ နည်းလမ်းမှန်ပြီး ဝီရိယရှိကြမယ်ဆိုရင် ဝိဇ္ဇာလမ်းကို လျှောက်လှမ်းနိုင်ကြမှာပါ။

'ဝိဇ္ဇာမှာ လိပ်စာမရှိ' 'ဝိဇ္ဇာစကား ပြိတ္တာ နားမလည်'ဆိုတဲ့ စကားတွေအရ ဝိဇ္ဇာပုဂ္ဂိုလ်ထူးများနေတဲ့နေရာကို ရှာဖွေသွားဖို့ ခက်ပါတယ်။ ဝိဇ္ဇာနဲ့ ရင်ဆိုင်တွေ့ပြီဆိုရင်တောင်မှ ဝိဇ္ဇာကို ဝိဇ္ဇာမှန်း မသိကြသူတွေများနေတဲ့အတွက် အကျိုးရလဒ်နည်းတတ်ပါတယ်။ ပြီးတော့ ဝိဇ္ဇာပုဂ္ဂိုလ်တွေကို ရှာလည်ပြီး ရှာစရာမလိုပါဘူး။ ပဋ္ဌာန်းဆက်မှန်ရင် ကိုယ့်ဆီကို သူက အလိုလိုရောက်လာပါလိမ့်မည်။

ဘုရားတရားမြဲ စိတ်ကောင်းထား၊ သီလလုံခြုံသူများအဖို့ ဝိဇ္ဇာက ကိုယ်နေတဲ့ လိပ်စာကို လိုက်ရှာပြီးလာမှာပါ။ စောင့်ရှောက်စောင်မမှာပါ။ ဂေါတမဗုဒ္ဓ သာသနာ ရှစ်သောင်းသော ဝိဇ္ဇာတွေနဲ့ အဆွေအမျိုးတော်ခဲ့တာ ရှိနိုင်သလို ကိုယ်တိုင်လည်း ဝိဇ္ဇာစာရင်းထဲမှာ ပါနေနိုင်တယ်ဆိုတာကိုတော့ နားလည်လက်ခံဖို့ ကြိုးစားကြရပါလိမ့်မယ်။

မာယာအလှဲ့မှာ ဆရာမရှာပါနဲ့။
တပည့်က အဆင်သင့်ဖြစ်တဲ့အခါ
ဆရာက ရှာပြီးလာပါလိမ့်မယ်။
ဇေယျတုသဗ္ဗမင်္ဂလာ

**လင်းရောင်တင်**



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဓိုရ်များ၏ လျှို့ဝှက်ပညာအဖြာဖြာနှင့် သူဌေးဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူသော ဝိဇ္ဇာအဖြစ်ဖိုလ်ဝင်နည်း

## ပထမံဆရာကြီး ဦးအောင်သူ

ဝိဇ္ဇာပညာသည် တိမ်မရောင်နှင့်နက်၊ လွှယ်မရောင်နှင့်ခက်ဟူသော ဆိုရိုးစကားရှိသည်။ သို့သော် တကယ်ကျင့်လျှင် တကယ်ရရှိနိုင်သည်ဟု ရှေးဆရာကြီးများ အမှာရှိသည်။ ကျွန်ုပ်သည် ယခုတင်ပြမည့် ပညာရပ်များကို ဗဟုသုတအနေဖြင့် ဖြစ်စေ၊ မိမိတို့ကိုယ်တိုင် အားထုတ်ကျင့်ကြံနိုင်ပါလျှင် အလွန်ကောင်းကြောင်း သိစေလိုပါ၏။ ဝိဇ္ဇာတို့၏ လျှို့ဝှက်ကျင့်စဉ်နှင့် ထွက်ရပ်ပေါက်သွားသော ဝိဇ္ဇာဓိုရ်များ၏ အကြောင်းများကို ဖော်ပြရေးသားသွား ပါမည်။ ပထမဦးဆုံး အင်းပညာရပ်အကြောင်းကို ရေးပါမည်။

### အင်းပညာကိုပြဆိုခြင်း

ညီစွာဓလေးထောင့်ဖြောင့်ဖြောင့်လည်းသား၊ မျဉ်းကားကွက်ရေ ဆယ့်ခြောက်နေတည့်၊ ကွက်စိအကုန်မကျန်တုန်လည်း၊ တစ်ကွက်တည်းကျန်အမှန်မကျ၊ ဒုတိယအင်းကွက်ရင်း ခြောက်ဆယ်စွန်းကယ်လေးခု ကျမှုစွာပြီး ဝိဇ္ဇာမဖြစ်၊ အစစ်သိကြ တတိယအင်း မျဉ်းကျလျှင်လည်းအချည်းနှီးသာ၊ ဝိဇ္ဇာမဖက် အထက်ကိုပြ၊ စတုတ္ထခြင်းအင်းအကျမှာ ဝိဇ္ဇာသာတည်း။ ဤနည်းတူစွာ ဗားမှာငါးချက်ဆရာဆက်တွင် အရှင်ဗားမဲ့တပည့်သုံးယောက် ပွားမြောက်အမော် တဖော်မောင်သိန်းရှိန်းနှင့်လည်းသွား၊ ယောသားမောင်ပုံ ဖြစ်ရုံဖြစ်ခဲ့၊ ဆရာမှဲ့၏ တပည့်ကိုရင် ရှင်ဓမ္မညီနောင်ကျအောင် ဆောင်ယူတက်ငြမ်း၊ ဗားမဲ့လမ်းကား၊ မမှားကိုးကွက် ဗျည်းသွင်းလျက်ပင် တစ်ခွင်တွင် ဗျည်းငါးလုံးတည်းသာ သွင်းကုန်ပါမှ မှတ်ကြမေးဘက် လယ်ချက်ဗဟိုအလိုဒုပ်စိုး ကိုးတစ်မျိုးထည့် စမလှည့်လျက် တစ်သက်အလယ် ဗျည်းဝယ်သွင်းထား ကုလားမသား ကောက်၍ထားလည်း ဗျည်းအများတွင် ယှဉ်သည်တစ်လုံး လမ်းမဆုံးက သုံးစွဲရဘိ သိဒ္ဓိအလွယ်အင်းဝယ် ရှစ်အင်း၊ ပွားခြင်းရှစ်ဆယ်၊ စွန်းကယ်ရှစ်အင်း၊ ဝိဇ္ဇာမင်းမှာ သူ့ထက်သာလို၊ ဘယ်ခါမဆို၊ မရှိလိုဘိ၊ ပကတိကိုယ်၊ အပိုမထား၊ ရှိန်းနှင့်သွားလိမ့်၊ မှတ်စိမ့်နောင်လား၊ အင်းဝိဇ္ဇာသည်၊ ဆယ်ဖြာသိဒ္ဓိဖောက်ထုံးတည့်။

ဗျည်းအင်းတွင် ပထမဗျည်းအင်း၌ ကွက်ရေ ၃၃ ကွက်၊ ပဆစ်အိမ်မျဉ်းကလေးသွားနှင့် ချ၊ မျဉ်းသွား မျဉ်းသေ၊ မျဉ်းကိုက် သုံးပါးအလုံးစုံ ညီညွတ်၍ အ-အလယ် သေပစေ့ကျအောင်မချနိုင်၊ နှစ်ကွက်ကျန်လိမ့်မည်။ ကံကောင်း ဉာဏ်ကောင်း၊ ပါရမီကောင်းခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကွက်တည်းကျန်လျှင် ဝိဇ္ဇာခိုရ်လာရောက်တတ်သည်။ တစ်ကွက်မှ မကျန်မူ၍ အလုံးစုံကျလျှင်ဝိဇ္ဇာခိုရ်အစစ် တကယ်ဖြစ်မည်။ ၁၂၉၂ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ စနေနေ့ ကစ၍ ယခု ၁၃၁၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့အထိ နှစ်ပေါင်း နှစ်ဆယ့် လေးနှစ်၊ သုံးလ၊ နှစ်ဆယ့် တစ်ရက်တိုင်တိုင် ပျက်သောရက်များစွာနှင့်ချပါသော်လည်း မကျခဲ့။ နှစ်ကွက်ကျန်ခဲ့၏။ ကျန်သော်လည်း ကြိုးစားချခဲ့၍ နောက်ဆုံးတွင် တက်လမ်းတက်စဉ်တို့ကိုကောင်း ကောင်းကြီး သိရ၍ ကြံဆမိသည်မှာ ကိုရင်ငယ်ကလေးများ သဒ္ဒါယုဂ်ကို ကြေအောင် ကျက်စေခြင်းအကျိုးငှာ ဘောတိယုဂ်ကို ကျက်သော ကိုရင်ငယ်၏ ပီယသိဒ္ဓိပေါက်ရောက်ပုံကိုဟောပြ၍ ကိုရင်ငယ်ကလေးများကို ဖြားယောင်းသကဲ့သို့ ထိုနည်းတူစွာ နည်းအင်းတွင် အထက်သို့တက်သော တက်စဉ်ကို သိရှိနားလည်စိမ့်သောငှာ ပထမဗျည်းအင်းကို ကျေပွန်အောင် ချစေလို၍ သိဒ္ဓိတင်ခဲ့ဟန်တူသည်ဟု ကြံဆမိပေ၏။

ဒုတိယအင်း အကွက်ရေတစ်ရာ့သုံးဆယ့်နှစ်ကွက် မျဉ်းသွား မျဉ်းသေ မျဉ်းကိုက် သုံးပါ။ အလုံးစုံကျသည့် နည်းပေါင်း ခြောက်ဆယ့်ခြောက်နည်းရှိသည်။ တစ်နည်း တစ်နည်းလျှင် အင်းဆံအကွက် သုံးဆယ့်သုံးနည်းမှာ ပြန်ခြင်းကြောင့် ချနည်းပေါင်း နှစ်ထောင့် တစ်ရာ့ခုနှစ်ဆယ့်နှစ်နည်းရှိသည်။ ဤနည်းအတိုင်း မှန်ကန်စွာချ၍ သောက်ပါလေ။ ဝိဇ္ဇာခိုရ်မဖြစ်သေးသော်လည်း အထက်သို့တက်သော လမ်းစဉ်အလွန် ဖြောင့်ပါ၏။

တတိယပဆစ်အင်းတွင် အင်းပုံစံ နှစ်မျိုးရှိသည်။ တစ်မျိုးက ကွက်ရေ ငါးရာ့နှစ်ဆယ့်ရှစ်ကွက်၊ တစ်မျိုးက တစ်ထောင့်ကိုးဆယ့်ရှစ်ကွက်၊ ထိုနှစ်မျိုးတွင် နောက်တစ်မျိုးက ပထမံသိဒ္ဓိဝင် ဦးအောင်ဝိဇ္ဇာဖြစ်သော အင်းစမပင်တည်းလို့ ဆိုသော်လည်း အလွန်ချနိုင်ခဲ၏။ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက် သုံးပါးအလုံးစုံကျသည်။ ကျသော်လည်း ဝိဇ္ဇာမဖြစ်သေးသည်တို့ကို တွေ့ရသည်။

စတုတ္ထပဆစ်အင်းတွင်လည်း . . တတိယပဆစ်အင်းကဲ့သို့ အင်းပုံစံနှစ်မျိုးပင်ရှိသည်။ ရှေ့တစ်မျိုးက ကွက်ရေနှစ်ထောင့်နှစ်ရာလေးဆယ်လေးကွက်၊ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက် သုံးပါးအလုံးစုံကျသည်။ ဝိဇ္ဇာခိုရ်လည်း အမှန်ဖြစ်တတ်၏။ ဖြစ်သော်လည်း အလွန်တန်ခိုးမကြီးတတ်။ ပဉ္စမပဆစ်အင်းတွင် အင်းပုံတစ်မျိုးတည်းသာရှိသည်။ ကွက်ရေ ရှစ်ထောင့်လေးရာလေးဆယ့်ရှစ်ကွက်ရှိသည်။ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက်သုံးပါးအလုံးစုံကျသည်။ ဝိဇ္ဇာခိုရ်လည်း အမှန်ဖြစ်သည် ဖြစ်သော်လည်း တန်ခိုးအလွန်အမင်းမကြီးတတ်။

ဆဋ္ဌမပဆစ်အင်းတွင်လည်း အင်းပုံ တစ်မျိုးတည်းသာရှိသည်။ ကွက်ရေ သုံးသောင်းသုံးထောင်ရှစ်ရာကိုးဆယ်နှစ်ကွက် ရှိသည်။ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက် သုံးပါးအလုံးစုံကျသည့် တန်ခိုးကြီးသော ဝိဇ္ဇာခိုရ်ဖြစ်သည်။

သတ္တမပဆစ်အင်းတွင်လည်း အင်း တစ်မျိုးတည်းသာရှိသည့်ကွက်ရေတစ်သိန်း သုံးသောင်းငါးထောင်တစ်ရာ ခြောက်ဆယ့်ရှစ်ကွက်ရှိသည်။ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက် သုံးပါးအလုံးစုံကျသည်။ တန်ခိုးအလွန်အမင်းကြီးသော ဝိဇ္ဇာခိုရ်ဖြစ်သည်။ ဤသည်ကား ပဆစ်အင်း ခုနစ်အင်း အတွက် အဓိပ္ပာယ်ဖြစ်သည့် ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီးဟူသော ဂုဏ်ထူးဝိသေသရှိသော ရဟန်းတော် ဦးဩဘာသ လူမည် ဦးကွန်း ထွက်ရပ်ပေါက်သော စမအထိန်းအသိမ်းအဝင်အထွက် ဓာတ်အင်းတို့တွင် ပထမဓာတ်အင်း၌ ကွက်ရေ တစ်ဆယ့်ခြောက်ကွက်၊ မျဉ်းသေနှင့် မျဉ်းသွား၊မျဉ်းကိုက်သုံးပါး အလုံးစုံကျခဲ့ပါလျှင် ဝိဇ္ဇာခိုရ်ဖြစ်ရ၏။ တစ်ကွက်ကျန်တတ်သည်။ ကျန်သော်လည်း စိတ်မပျက်မူ၍ အင်းတစ်သောင်းပြည့်အောင်ချ၍သောက် အထက်သို့ ဖြောင့်မတ်စွာ ရောက်အောင်တက်နိုင်မည်။

ဒုတိယဓာတ်အင်းလည်း ကွက်ရေ သုံးဆယ့်နှစ်ကွက်ရှိသော ဒုတိယဓာတ်အင်း ကွက်ရေ သုံးဆယ့်ခြောက်ကွက် ရှိသော အနန္တဒုတိယဓာတ်အင်းဟူ၍ နှစ်မျိုးနှစ် စားရှိသည်။ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက်သုံးပါးအလုံးစုံကျသည်။ ကျသော်လည်း ဝိဇ္ဇာခိုရ်မဖြစ်။ မဖြစ်သော်လည်း အင်းတစ်သောင်းပြည့်အောင်ချ၍ သောက်မှသာလျှင် အထက်သို့ရောက်အောင် တက်နိုင်သည်ဟုမှတ်။

တတိယဓာတ်အင်း၌ ကွက်ရေ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ရာ့ငါးဆယ်ခြောက်ကွက်၊ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက်သုံးပါးအလုံးစုံကျသည်။ ကျသော်လည်း ဝိဇ္ဇာဓိုရ်မဖြစ်သေး။ မဖြစ်သေးသော်လည်း အင်းတစ်သောင်းပြည့်အောင်သောက်။အကယ်၍ အောက်က အင်းကို တစ်သောင်းပြည့်အောင် မသောက်မူ၍ အထက်အင်းကို သောက်ခဲ့သည်ရှိသော် အလွန်ရှုးတတ်ပါသည်။

စတုတ္ထအင်းကွက်၌ ကွက်ရေ တစ်ထောင့်နှစ်ဆယ့်ခလေးကွက်၊ မျဉ်းသွား၊ မျဉ်းသေ၊ မျဉ်းကိုက် သုံးပါးအလုံးစုံကျပါသည်။ ဝိဇ္ဇာဓိုရ်လည်း အမှန်ဖြစ်နိုင်ပါသည်။

## ဗားမဲ့ဆရာတော်ဘုရားကြီး ပြီးစီးအောင်မြင်သော နဝင်းအင်းအကြောင်း

ဗားမဲ့ဆရာတော်ဘုရားကြီး ပြီးစီးအောင်မြင်တော်မူသော နဝင်းအင်း အကြောင်း သိကောင်းစရာများမှာ တစ်ရက်တစ်ရက်လျှင် ရှစ်အင်း ရှစ်အင်း၊ နေ့စဉ်ရက်ဆက်မပျက်မကွက် သောက်ရသည်။ ထိုရှစ်အင်းတို့တွင်လည်းတစ်အင်းနှင့် တစ်အင်းချသင်းမတူစေရ။ ပထမအင်း အ-သ-ရ၊ ဒုတိယအင်း အာ-သာ-ရ၊ တတိယအင်း အိ-သ-ရ၊ စတုတ္ထအင်း အေ-သ-ရ၊ ပဉ္စမအင်း အု-သ-ရ၊ ဆဋ္ဌမအင်း အူ-သ-ရ၊ သတ္တမအင်း အေ-သ-ရ၊ အဋ္ဌမအင်း အော-သ-ရ။ ဤစဉ်သောနည်းဖြင့် သရနှင့် ဗျည်းတွဲ၍ ရှစ်အင်း ရှစ်အင်းစီ (စ)မူသောအခန်း၌ ရှစ်ဆယ့်ရှစ်အင်း၊ ချပုံအနည်းငယ် သရုပ်ထုတ်လိုက်ပါက (စ) အလယ်သေ၊ (စာ)အလယ်သေ၊ (စိ) အလယ်သေ၊ (စီ)အလယ်သေ၊ (စု) အလယ်သေ၊ (စေ)အလယ်သေ၊ (စော) အလယ်သေမူသော ရှစ်အင်းတို့ကို တစ်ရက်သောက်ရန်ဖြစ်သည်။

ထို့နောက် (ဠ) အလယ်သေအစရှိသော ရှစ်အင်းတို့ကို တစ်ရက်သောက်၊ ထို့နောက် (ဒ)၊ (ဘ)၊ သ၊ ဂ၊ ဈ၊ ဏ၊ မ၊ ရ အ စသည်တို့ကို တစ်နေ့တစ်အင်းကို တစ်ရက်သောက်ရမည်။ ထိုသို့ ချ၍ သောက်သဖြင့် ဗားမဲ့လမ်းတွင် ဝိဇ္ဇာဓိုရ်ဖြစ်သော သူတို့သည် ရက်ပေါင်း လေးဆယ့်လေးရက်၊ အင်းပေါင်း သုံးရာငါးဆယ့်နှစ်အင်း ပြည့်စုံအောင်ချ၍ သောက်ပါလျှင် ဝိဇ္ဇာဓိုရ်အမှန်ဖြစ်ပါသည်။

အကယ်၍ လေးဆယ့်လေးရက်၊ အင်းပေါင်း သုံးရာ့ငါးဆယ့်နှစ်အင်းနှင့် မဖြစ်ခဲ့သော် လေးဆယ့်လေးရက်ခုနစ်လီထက် မလုပ်ရပါ။ အထူးကြိုးစားအားထုတ်ရန်မှာ အင်းအလုပ်ကို လုပ်ကုန်သော လူ၊ ရှင်၊ ရဟန်းတို့တွင် လူများအင်းအလုပ်ကို လုပ်လျှင် ငါးပါးသီလကို ကောင်းမွန်စွာ လုံခြုံစေအပ်ပါသည်။

ထိုငါးပါးသီလထဲက ကာမေသုမိစ္ဆာစာရနှင့် သုရာမေရိယကို ကျူးလွန်လျှင် အင်းစောင့်နတ်က သည်းမခံ၊ ရှင်သာမဏေများ အင်းအလုပ်ကိုလုပ်လျှင် လိင်ဆယ်ပါးကို တစ်ရံတစ်ခါမှ မကျိုးမပေါက် မပျောက်မကြားရအောင် ကြိုးစား၍ စောင့်တိန်းရသည်။ ထိုလိင်ဆယ်ပါးထဲက အဖြဟ္မာစရိယနှင့် သုရာမေရိယတို့ကို မတော်တဆ သတိချွတ်ယွင်း၍ ကျူးလွန်မိရုံနှင့်ပင် ဝိဇ္ဇာဓိုရ်လမ်းပျက်သည်။ ရဟန်းတော်များ အင်းလုပ်ငန်းလုပ်လျှင် ပါရာဇိက သံဃာဒိသိသ်တို့တွင် သုက္ကဝိသဋ္ဌိကို အထူးသတိပြု၍ ထိန်းရသည်။ အကယ်၍ အိပ်မက်မက်၍ သုက္ကဝိသဋ္ဌိဖြစ်ငြားအံ့၊ ရှေးကသောက်ပြီးသော အင်းအကုန်ပျက်စီး၏။

## ဆေးဝိဇ္ဇာလမ်းနှင့် ဆေးပင်များအကြောင်း

ဆေးဝိဇ္ဇာလမ်း၌ ဝိဇ္ဇာဓိုရ်အဖြစ်ကို ပြီးမြောက်အောင်မြင်စေတတ်သော ဆေးအမျိုးမျိုးအဖုံဖုံ ရှာဖွေ၍ မကုန်မခန်းနိုင်လောက်အောင် အလွန်များပြားလှသော်လည်း တကယ်ရလွယ်၍ အကျိုးများလောက်သော ဆေးပင်များ လောက်သာလျှင် ဖော်ထုတ်ရေးသားရသော် ဆေးဝိဇ္ဇာဓိုရ်အဖြစ်ကို အလိုရှိသောသူသည် အင်းကောင်းဂါထာကောင်းရှိရသည်။ ထိုအင်းကောင်း ဂါထာကောင်းတို့ဖြင့် စီရင်ဆောင်ရွက်၍ ဆေးပင်ကို ရှာသည်ရှိသော် ရနိုင်ပါ၏။ ဝိဇ္ဇာဓိုရ်အဖြစ်ကို ပြီးမြောက်အောင်မြင်စေတတ်သော ဆေးများမှာ -

(၁) ဆေးဘုရင်နှင့် ဆေးမိဖုရားဆေးပင်၊

(၂) ဆေးမင်းဧကရာဇ်ဆေးပင်၊

(၃) ဆေးမင်းစက္ကဝတ္တိဆေးပင်ဟူ၍ ဝိဇ္ဇာဓိုရ်အဖြစ်ကို ပြီးမြောက်အောင်မြင်စေတတ်သော ဆေးပင်မျိုး သုံးမျိုးသုံးစားရှိသည်။

ထိုသုံးမျိုးသုံးစားတို့တွင် ဆေးဘုရင်နှင့် ဆေးမိဖုရားသစ်ပင်တို့သည် စုံတွဲလျက် ပေါက်တတ်သည်။ အခြားတစ်ပ



www.burmeseclassic.com

www.burmeseclassic.com

သော သစ်ပင်များနှင့် ရောလည်းမပေါက်၊ အပင်၊ အရွက်၊ အခက်တို့၏ သဏ္ဍာန်မှာ အလယ်မှာ လယ်တွင်း ကန်တွင်း၌ပေါက်သော ညက်ပင်နှင့်တူ၏။ အရပ်အမြင့်ဆုံး နှစ်တောင်ခန့်လောက်မျှသာ ရှိ၏။ ဆေးဘုရင်က တစ်ပွင့်၊ ဆေးမိဖုရားပင်က တစ်ပွင့်အားဖြင့် နှစ်ပင်မှ နှစ်ပွင့်သာ ပွင့်တတ်၏။ အပွင့်ဝါ၏။ တောင်ကုန်းမြင့်မောက်ရာအရပ် လူသူလေးပါး အညစ်အကြေး မစွန့်ဖူးသော အရပ်တို့သာလျှင် ပေါက်တတ်၏။ ပေါက်သော်လည်း တန်ဆောင်မုန်းလတစ်လသာလျှင် အမှန်တွေ့ရတတ်သည်။ နတ်ဝှက်တတ်သော ဆေးပင်ဖြစ်သည်။ ထိုဆေးပင်ကို ရလျှင် လက်ဖျားတစ်ဆစ်ခန့်လောက် အတောင့်ပြု၍ တစ်နေ့လျှင် နှစ်ပင်စလုံးအကုန်ယူ၍ ပဥ္စငါးပါးအကုန်ထောင်း၊ ညက်စွာကြိတ်ပြီးလျှင် တစ်တောင့်ကျ နေ့စဉ်နေ့တိုင်းစား၊ ဆေးတောင့်ကုန်လျှင် ဝိဇ္ဇာဓိုရ်အဖြစ်ကို ပြီးမြောက်အောင်မြင်သည်ဟုဆို၏။

ဆေးမင်းဧကရာဇ်ဆေးပင်၌ အရွက်သုံးရွက်မျှသာလျှင် ရှိသည်။ အရွက်၏ ဝမ်းဘက်တွင် ပတ္တမြားအဆင်း၊ အောရုံအဆင်း၊ ဟင်္သာပြဒါးအဆင်းကဲ့သို့ နီမြန်းသော အဆင်းအရောင်ရှိ၏။ ကျောဘက်က ရွှေလရောင်၊ ဘော်ရောင်၊ ငွေရောင်ကဲ့သို့ ဖြူဖွေးသော အဆင်းရှိသည်။ အရွက်တွင် ကျောဘက်က ရွက်ကျောငယ်ကလေးများလည်း အလွန်ဆန်းကြယ်စွာ ရေးတတ်သော ပန်းချီဆရာရေးထားဘိသကဲ့သို့ အလွန်လှပတင့်တယ်သည်။ ဟင်္သာပြဒါးချိပ်ရေအစရှိသည်တို့ဖြင့် သုတ်လိမ်း၍ ထားဘိသကဲ့သို့ ပင်စည်အရိုးက နီးမြန်းပါသည်။ အပင်၏ အရပ်လက်လေးသစ်ခန့်မျှလောက်သာရှိသည့် အညစ်အကြေးတို့ဖြင့်၊ အထူးကင်းစင်သော တောင်ထိပ်ဘုရားကုန်းတော်တို့၌သာလျှင် ပေါက်တတ်သည်။ ကပေါင်းလပြည့် မွန်းမတ်မတ်တည့်သောအချိန်တစ်ချိန်၌သာလျှင် ထိုဆေးပင်ကို တွေ့တတ်သည်။ အင်းကောင်းဂါထာကောင်းရှိသော သူတို့သည် အခါခပ်သိမ်းတွေ့တတ်သေး၏။ တွေ့ခဲ့သော် ညက်စွာထောင်းထု၍ ညက်စွာကြိတ်ပြီးလျှင် ရွှေးလေးစေ့လောက်လုံး၍ မြဲမြံသော ရှစ်ပါးသီလကို ထိန်းလျက်တစ်လုံးစား၊ ဝိဇ္ဇာအဖြစ်ကို ပြီးစီးအောင် မြင်စေနိုင်သည်။

ဆေးမင်းစက္ကဝတ္တိဆေးပင်သည် ဆေးမင်းဧကရာဇ်၏ ဆေးပင်နှင့် အပင်သဏ္ဍာန်ကစ၍ အလုံးစုံတူသည့် ပေါက်ရာအရပ်ဌာနတစ်ခုလောက်သော ကွဲလွဲသည်။ ဆေးမင်းဧကရာဇ်ဆေးပင်သည် မြေမှာပေါက်သကဲ့သို့ ဆေးမင်းစက္ကဝတ္တိဆေးပင်က မြေမှာမပေါက်၊ အလွန်သန့်ရှင်းစင်ကြယ်သော တောင်ကုန်းမြင့်မောက်ရာအရပ်၌ ပေါက်ရောက်သော သစ်ပင်ကြီးတို့၏ ထိပ်ခေါင်အကိုင်းအခက်ပေါ်၌ ပေါက်တတ်သည်။ လေးနှစ်မှ တစ်ကြိမ်လောက်သာ တပေါင်းလပြည့်နေ့မှ မွန်းမတ်မတ်တည့်သောအချိန်တစ်ချိန်လောက်သာ တွေ့တတ်သည်။ သို့ပါ၍ အင်းကောင်း ဂါထာကောင်းရှိပါစေ၊ တွေ့သောအခါ ညက်စွာ ထောင်းထု၍ ညက်စွာ ကြိတ်ပြီးလျှင် ရွှေးစေ့အငယ်စေ့လောက် လုံးလျက် အဋ္ဌသီလ(ရှစ်ပါးသီလ)ကို နေ့စဉ်ထိန်း၍ တစ်နေ့တစ်လုံးစားပါက ဝိဇ္ဇာဓိုရ်အဖြစ်ကို အမှန်ပေးစွမ်းနိုင်ပါကြောင်း သိစေအပ်ပါသည်။

### ပြဒါးဓာတ်တို့အကြောင်းသိကောင်းစရာများ

ပြဒါးဓာတ်တို့ကြောင့်ဖြစ်သော ဂန္ဓာရီဝိဇ္ဇာဓိုရ်ကို ပြုလိုရာတွင် အခြားတစ်ပါးဖြစ်ကုန်သော ဝိဇ္ဇာဓိုရ်ဆရာပညာရှိကြီးတို့သည် အသီးသီးပြဆိုအပ်ပြီးသော လုပ်နည်းလုပ်ထုံးတွေများစွာရှိပါသောကြောင့် အကြံညက်လောက်မျှဖြင့် ပြည့်စွက်လိုသည်ဖြစ်ပါ၍ မိမိတို့ကိုယ်တိုင်ထိုးသော ဓာတ်လုံးကို တစ်နေ့ဖြင့် အစိုင်အခဲမိအောင်ပြဒါးကို ဖမ်းပါ။ နောက်တစ်ရက် မိပြီးသော အစိုင်အခဲကို တစ်နေ့တည်းနှင့် လုံးခံအောင်ထိုးပါ။ နောက်တစ်ရက် တစ်နေ့တည်းဖြင့် သေအောင်ထိုးပါ။ နောက်တစ်ရက် တစ်နေ့နှင့်ပင် အလေးတူကျွေး၍ အလေးတူစား အောင်အထူးသတိပြုရန် ဓာတ်သေကိုသာ ကျွေးရသည်ကိုလည်း သတိပြုပါ။ ဓာတ်လုံးတည်သောရက်ကစ၍ အစာစားသောရက် အထိခြောက်ရက်နှင့်ကိစ္စပြီးမြောက်အောင် လုပ်အပ်ပါသည်။ အစာကျွေးရသော ရက်ကား အပိုင်းအခြားမရှိ၊ မဝလျှင် ဝအောင်ကျွေး၊ များများစားလေ၊ ပြာအန်သောအခါ၌ များများပြာအန်လေဟု မှတ်ပါ။ များများပြာအံလေ အကျိုးများလေ ဖြစ်သည်။ ထိုပြာအန်သောအခါ ကျွေးထားသည့်အတိုင်း အကုန်အန်သည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ကျွေးစဉ်အခါကမှတ်၍ကျွေး၊ ပြာအန်သောအခါမှာလည်း မည်မျှရှိပြီဟု မှတ်၍ထား။ စားသောအခါမှာလည်း တစ်နေ့ ကွမ်းရိုးတစ်တို့ကစ၍စား၊ ကိုးရက်ခေ့လျှင် ကွမ်းရိုးနှစ်တို့ကစ၍ ကိုးရက်စား၊ ထိုကဲ့သို့ ကိုးရက်ဆယ့်နှစ်လီစေအောင် ပထမကိုးရက်တွင် ရက်တိုင်း ရက်တိုင်း ကွမ်းရိုးတစ်တို့၊ နောက်ကိုးရက်တို့ကိုလည်း တဖြည်းဖြည်းပေါက်ပြီး ပြာကိုလည်း ပထမရက်တစ်ပဲသား၊ ဒုတိယရက်တစ်မူး သား၊ တတိယရက် တစ်မတ်သားစသည်ဖြင့် တက်၍ စားပါလေ။ ပြာစားများလေ ဝိဇ္ဇာဓိုရ်တန်ခိုးကြီးလေဟု မှတ်ပါ။ ထိုပြာအန်ရာ၌ ပြာအန်သည်၊ ပြာစွန့်သည်ဟူ၍ နှစ်မျိုးရှိသည်။ အန်သောပြာထက် စွန့်သောပြာက သာ၍ကောင်းသည်ချိန်ဆ ပြုသင့်၏။

## ဝိဇ္ဇာဗိုလ်ဝင်ခြင်းအကြောင်း

ရှေးသရောအခါ စစ်ကိုင်းမြို့မှ အလွန်အမင်းချမ်းသာကြွယ်ဝသော သူဌေးသားတစ်ယောက်၊ အင်းဝမြို့မှ အလွန်ချမ်းသာသော သူဌေးတစ်ယောက်၊ ထိုဌေးသားနှစ်ယောက်တို့သည် အချင်းချင်း အလွန်ချစ်ခင်ကြသော သူငယ်ချင်းများ ဖြစ်ကြလေသည်။ ကျောင်းနေစဉ်အခါကလည်းဆရာတူ၊ အိပ်ရာတူ၊ နေရာတူနှင့် နှစ်ပေါင်းများစွာ ပညာသင်ပြီး၍ ကျောင်းမှထွက်သောအခါ မခွဲမခွာချင်သော်လည်း ခွဲခွာခဲ့ရသည်။ သို့နှင့် ခွဲခွာလုဆဲဆဲတွင် မြဲမြံစွာ ကတိကဝတ်ကို ပြုကြသည်မှာ "သူငယ်ချင်း၊ အိမ်ထောင်များပြုကြသောအခါ မင်းကသားမွေး၍ မင်းက သမီးမွေးလျှင် ငါ့သမီးနှင့် မင်းသားပေးစားရမည်။ မင်းကသမီးမွေး၍ ငါကသားမွေးလျှင် ငါ့သားနှင့် မင်းသမီးပေးစားရမည်"ဟူ၍ သမီးယူသားပေး၊ သားပေးသမီးယူ ကတိကဝတ်ကို မြဲမြံစွာ ပြုကြပြီးမှ ခွဲခွာခဲ့ရာ နောင်အခါကာလ၌ သူငယ်ချင်းနှစ်ယောက်တို့သည် အရွယ်ရောက်ကြသဖြင့် ကိုယ့်အိမ်ထောင်နှင့်ကိုယ့်ကြီးပွားချမ်းသာကြရာတွင် စစ်ကိုင်းသူဌေးသားမှ စစ်ကိုင်းမြို့၌ ချမ်းသာကြွယ်ဝသော ဂဟပတိသာလသူဌေးကြီးဖြစ်ရလေသည်။ အင်းဝသူဌေးသားမှာ အင်းဝမြို့၌ပင် အလွန်ချမ်းသာကြွယ်ဝသော ဂဟပတိ ဘွဲ့တံဆိပ်တော်ရ မဟာသာလသူဌေးကြီးဖြစ်ရလေသည်။

ထိုသူဌေးကြီးနှစ်ဦးတို့တွင် အင်းဝသူဌေးကြီး၌ သမီးကောင်းရတနာလေးဖွားမြင်၍ အလွန်အမင်းလှပတင့်တယ် ရှုချင်စဖွယ်ရာ ပြေပြစ်ချောမောခြင်းနှင့် တကွ နေထွက်စအချိန်တွင် ဖွားမြင်ခြင်းကြောင့် "မိစော"ဟူသော အမည်ကို မှည့်ခေါ်ကြကုန်၏။ စစ်ကိုင်းသူဌေးကြီး၌ သားကောင်းရတနာလေးဖွားမြင်၍ ယောကျ်ားအင်္ဂါလက္ခဏာနှင့် အလွန်ပြည့်စုံနေခြင်းကြောင့် "မောင်မြတ်"ဟူသော အမည်ကို မှည့်ခေါ်ကြ၏။ ထိုသို့ မောင်မြတ်၊ မိစောတို့သည် အရွယ်ရောက်ကြသဖြင့် ဖခင်သူဌေးကြီးနှစ်ဦးတို့၏ ရှေးကထားခဲ့သော ကတိကဝတ်အတိုင်း မောင်မြတ်နှင့် မိစောတို့ကို ရွှေစင်နှစ်ထပ်ကိုဂဟောစပ်သကဲ့သို့ လက်ထပ်ထိမ်းမြားကြခြင်းမင်္ဂလာကိုပြုလုပ်လိုက်ကြသဖြင့် မိစောအမည်ရှိသော မိန်းမချောကလေးသည် မောင်မြတ်ရှိရာ စစ်ကိုင်းမြို့သို့ လိုက်ပါသွားရတော့သည်။

ယောကျ်ားအိမ်သို့ ရောက်သောအခါ မိစောမှာ ကိုယ်ရေးကိုယ်တာထက် ယောကျ်ားအရေးကိုသာ အထူးအလေးပြုတတ်သော မိန်းမလိမ္မာကလေးဖြစ်သည်နှင့်လျော်ညီစွာ "လင်"၌ ပြုအပ်သော ဝတ္တရားကို မမြဲမပြတ်ပြုစုရာတွင် လင်က အဂ္ဂိရတ်လုပ်ငန်းနှင့် ထွက်ရပ်လမ်းကို ကြိုးစားသူဖြစ်၍ မယားမိစောမှာလည်း လင် မောင်မြတ်နှင့်အတူ နှစ်ယောက်သားပြိုင်ဆိုင်၍ အဂ္ဂိရတ်ထိုးကြရာတွင် မောင်မြတ်၏ ဖခင်သူဌေးကြီးသည် မည်မျှပင်ချမ်းသာသော်ငြားလည်း လူမွဲကြီးဘဝသို့ ခဏမကြာ ဆိုက်ရောက်သွားရလေတော့သည်။ ထိုအခါ မောင်မြတ်၊ မိစောတို့မှာ ထိုးစရာကိုမဆိုထားနှင့် စားစရာတောင် မရှိကြသဖြင့် မိစော၏အဘ အင်းဝသူဌေးကြီးထံသို့ ရွှေ့ပြောင်းလာကြရာတွင် အင်းဝသူဌေးကြီးသည်လည်း စစ်ကိုင်းသူဌေးကြီးကဲ့သို့ အမွဲကြီးမွဲ၍ စားစရာမရှိလောက်အောင်ဖြစ်ရ၏။

ထိုသို့ သားသမီးဖြုန်း ပစ္စည်းပြုန်းသဖြင့် လုံးလုံးကြီး သူဆင်းရဲဘဝသို့ ရောက်ရရှာလေသော စစ်ကိုင်းသူဌေးကြီးနှင့် အင်းဝသူဌေးမွဲကြီးတို့သည် အလုပ်မရှိ၊ ပစ္စည်းမရှာ၊ ငွေကိုသာ ဖြုန်း၊ အသုံးမဝင် လူမြင်အရှုံးအထူးရှက်စရာ အစုတ်စုတ်အမြွာမြွာ ဗလချာ ဖျင်ပိုင်းစုတ်လက်သုတ်ပဝါလောက်မှမကောင်းသော အဝတ်အစားကို ဝတ်ဆင်လျက် နေ့မပျ



www.burmeseclassic.com

www.burmeseclassic.com

ညမအား လုပ်ရပ်အတတ်နှင့် ပျော်ပါး၍ နေကြရှာသော သမီး၊ သားတို့အား မြို့နားရပ်နားမှ မသိမကပ်ရလေအောင် ဝေးခေါင်ဒေသ (နဂါးဂျစ်တောင်) "မ" သို့အရောက် မောင်းနှင်ပို့သနှင်ထုတ်ကြလေကုန်သဖြင့် မောင်မြတ်နှင့်မိစောတို့သည် နဂါးဂျစ်တောင်မသို့ ရောက်ရှိသွားတော့သည်။ ယခုအခါ မန္တလေးတောင်ဟု ခေါ်ဆိုသော တောင်ကို ရှေးအခါက နဂါးဂျစ်တောင်ဟုခေါ်ဆိုကြသည်။ ထို့ထက် ရှေးကျသောမြတ်စွာဘုရားလက်ထက်တော်အခါတွင် စန္ဒမုခီဘီလူးမကြီးစိုးမိုး၍ နေသော တောင်ကြီးဖြစ်ခြင်းကြောင့် ဘီလူးမတောင်ဟူ၍လည်း ခေါ်သည်။ ထိုစဉ်အခါ မောင်မြတ်၊ မိစောတို့သည် နဂါးဂျစ်တောင်၏အနီး ကြီးစွာသော တဝဂူကြီးမှာနေ၍ မောင်မြတ်ထင်းခွေ၍ ရောင်း ရသမျှငွေနှင့် ခတ်လုံးကိုကျွေး၊ မိစောက မောင်းအငှားထောင်း၊ ဟင်းရွက်ခူး၍ ရောင်းရသမျှပစ္စည်းကို ခတ်ဖိုးလုပ်၊ စားရသောအစာကလည်း ဟင်းရွက်ပြုတ်ကို စားသောက်လျက် လင်မယားနှစ်ယောက်စလုံး တစ်ဆယ့်နှစ်နှစ်လုံးလုံး အဂ္ဂိရတ်ထိုးကြရာတွင် ခတ်လုံးက ပြာ ရှုန်၍ အားရပါးရစားသုံးကြရလေသဖြင့် တန်ခိုးအလွန်ကြီးလှစွာသော ဇော်ဂျီ မောင်နှံဖြစ်ကြရလေသည်။

**မောင်မြတ်+မိစောတို့ မီးဖိုလ်ဝင်ခြင်း**

ထိုသို့ ဇော်ဂျီမောင်နှံဖြစ်ကြသော မိစော၊ မောင်မြတ်တို့သည် ဇော်ဂျီအဖြစ်ထက် ဝိဇ္ဇာအဖြစ်က ဆထက်လွန်ကျူး အထူးအကျိုးထူးတို့ကို မြင်၍ မီးဖိုလ်ဝင်ရန် ကိစ္စအတွက် မရေမတွက်နိုင်သော ထင်းတို့ကို စုဆောင်း၍ တောင်နှင့်အမျှ ကြီးလှစွာသော ထင်းပုံကြီးကိုပုံပြီးလျှင် ဘေးပတ်ဝန်းကျင်မှ မီးရှို့လျက် မီးတောက် မီးခဲကြီးကျယ်သောအခါ မီးတောက်အလယ်သို့ ခုန်ဆင်းမည်အပြုတွင် အနီးအပါးရှိ ရပ်ရွာများက အိမ်ရှိလူကုန်လာ ရောက်ကြည့်ရှုကြစဉ် မောင်မြတ်၊ မိစော လင်မယားနှစ်ယောက်သည် တစ်ယောက်ပြီး တစ်ယောက် ရှေ့နောက်အစဉ်အတိုင်း မဆိုင်းမတွ မီးပုံအလယ်သို့ ကျရောက်အောင် ခုန်ချကြလေသည်။ ထိုသို့ မီးပုံထဲ ခုန်ချသော မောင်မြတ်၊ မိစောတို့ကို မြင်ရကုန်သော လူရှင်အပေါင်းတို့သည် မငိုဘဲ မနေနိုင် ယိမ်းယိုင်၍ လဲကျသွားလောက်အောင် ငိုကြွေးမြည်တမ်းလျက် နေ့မစဲ ညမစဲငိုပွဲဆင်နွှဲကြကုန်သော သတင်းကျော်စောခြင်းတို့သည် အင်းဝမြို့၊ စစ်ကိုင်းမြို့တိုင်အောင် သတင်းတစ်ခဏပင် ကျော်စောခြင်းသို့ ရောက်လေသည်။

ထိုအခါ မိတ်ဆွေများပါ လာရောက်ကြလေသည်။ ထိုစဉ် မီးတောင်ပြတ်စဲ မီးကျီခဲရဲရဲတောက် ငြိမ်းချမ်းပျောက် ပြာမှုံသီတဂူဇာတ် အအေးခတ်အဝင်တွင် ပြာပုံအတိမှ ပကတိ ရွှေပုံကြီးဖြစ်လျက် မောင်မြတ်၊ မိစောတို့သည်လည်း ဇော်ဂျီအဖြစ်မှ ရုပ်ပြောင်း၍ ဝိဇ္ဇာဓိုရ်အဖြစ်သို့ ရောက်ပြီးလျှင် သန်လျက်ကိုယ်စီကိုင်၍ ကောင်းကင်သို့ တက်သဖြင့် ထန်းခုနစ်ဆင့်လောက်တွင်နေလျက် အဇ္ဈတ္တရိုးက ရတနာရွှေမိုး ငွေမိုးရွာစေ၍ လူရှင်အများတို့အား ပြဒါးပြာကျွေးလိုသေးမရှိအောင် ဖေးမပြီးလျှင် မိခင်၊ ဖခင်ကျေးဇူးရှင်တို့အား ရှိသေစွာ ရှိခိုးလျက် ကောင်းကင်မှ ဆင်း၍ မြေထက်မှာတည်စဉ် မိခင်၊ ဖခင်တို့က အိမ်သို့လိုက်ပါရန် ခေါ်သော်လည်း မလိုက်ကြဘဲ ဝိဇ္ဇာဓိုရ်အဖြစ်နှင့် မိခင်ဖခင်တို့အား မစပြီး တောမြိုင်အတွင်းသို့ ပျံတက်သွားလေတော့သတည်း။

(ဤကား ကျေးဇူးတော်ရှင် သူဌေးဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူသော မီးဖိုဝင်နည်းဖြစ်ပါသည်။)

ကျမ်းကိုး

- သာသနာ့ဝိဇ္ဇာပါရဂူကျမ်း၊

ပခန်းကြီး(ဦးနရိန္ဒာဘိ) ရေးသားသော ကျမ်းမှ ထုတ်နုတ်ရေးသားပါကြောင်းဝန်ခံပါ၏။

စာမူခွင့်ပြုချက်- ၆၀၀၀၄၄၀၁၁၂

ရှစ်သောင်းလေးထောင်ဝိဇ္ဇာဘောင်သို့ ရောက်အောင်ကူးမြောက်ပြီးမှ တရားအားထုတ်လျက်အလုပ်လုပ်ပါလျှင် မဂ်ဖိုလ်ကိုပင် ရနိုင်ကြောင်းကိုပြဆိုသော ကျမ်းပြုဆရာအရှင်ပခန်းကြီး(ဦးနရိန္ဒာဘိ) အား ဦးညွှတ်လျက် . .

စာဖတ်သူများ အကြောင်းအရာ ပြည့်ပြည့်စုံစုံလေ့လာလိုပါက အဆိုပါကျမ်းအား ဝယ်ယူဖတ်ရှုသင့်ကြောင်း အကြံပြုအပ်ပါသည်။

**ပထမံဆရာကြီး ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com



# ရှစ်သောင်းကျော် ဝိဇ္ဇာမှ ပါလေစွ

မောင်နီချို

စာရေးသူတို့ မြန်မာနိုင်ငံတော်သည် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသည့် ကျွန်းဟု မြန်မာလူမျိုး ဗုဒ္ဓဘာသာတို့က ယုံကြည်လက်ခံသတ်မှတ်ထားကြသည်။ ယုံကြည်လက်ခံရအောင်လည်း စာရေးသူတို့ လူ့ဘဝသို့မရောက်မီ ဘိုးဘေးဘီဘင်များ လက်ထက်မှစတင်၍ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘင်ဝါများ ထွန်းကားခဲ့ကြောင်း ယုံကြည်လက်ခံကြကြောင်း၊ အစဉ်အဆက် ဗုဒ္ဓစာပေကျမ်းဂန်များ၊ စာပေမှတ်တမ်းများ၌လည်း အတိအလင်းဆိုထားပါသည်။ လောကီဝိဇ္ဇာဓရ ဂမ္ဘီရကျမ်းမြွတ် ပညာမြွတ်များ၊ ဗေဒ၊ အင်းအိုင် ခါးလှည့်ကျမ်းများ၊ လှို့ဝှက်ကျင့်စဉ်များ၊ တတ်စခန်း၊ တတ်လမ်းများနှင့် ဆေးကျမ်းအသွယ်သွယ်တို့မှာပါ မလွတ်ကင်းကြောင်း စာပေမှတ်တမ်းများ၌ရော၊ အသိဉာဏ်ပညာအရာ၌ ရင့်သန်ကြီးမားကြပါသော ပုဂ္ဂိုလ်ထူးများနှင့် အာစရိယ ဝါဒများတွင်လည်း နာယူမှတ်သားခဲ့ရပါသည်။ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းဖြစ်သည်နှင့်အညီ ရှေးအစဉ်အဆက်မှ ထွန်းကားခဲ့ကြပါသော နိမိတ်၊ တဘောင် အမျိုးမျိုးတို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံး အကျုံးဝင်သလို တိကျမှန်ကန်သည့် နိမိတ်၊ စနည်း၊ တဘောင်များ ဖြစ်သည်ကို မိမိတို့ ပါရမီဉာဏ်အရ စေ့စေ့တွေးပါက ရေးရေးပေါ်ပါသည်။ ငြင်းကွယ်စရာ မရှိပါ။ အရိယာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြွတ်ကြီးများ ပေါ်ပေါက်ထွန်းလင်းမည်ကိုလည်း ရှေးမဆွက နိမိတ်၊ တဘောင်များ ဦးသန်းထွက်ပေါ်ကြရစမြဲပင် ဖြစ်ပါသည်။ ပေါ်ထွန်းပေါ်ထွက်ခဲ့ကြ၊ ပေါ်ထွက်ဆဲပင် ဖြစ်ပါသည်။ ထို့အတူပင် လောကီထွက်ရပ်စခန်းလမ်းသို့ ပြီးမြောက်ကူးမြောက်သွားခဲ့တော်မူကြသော ရှေးဂန္ဓာရီသူမြွတ်များမှစ၍ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ထူးကြီးများ၊ ဝိဇ္ဇာရှစ်သောင်း၊ ရသေ့ရှစ်သောင်း ဆရာအပေါင်းတို့မှလည်း အကြောင်းအကျိုးညီညွတ်ပါက သာသနာ့အကျိုး၊ ဘာသာ့အကျိုး၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ရည်မျှော်ကာ အခွင့်အခါကြုံလျှင် နိမိတ်စကား၊ တဘောင်များ ဆိုမိန့်သွန်သင် ဆုံးခဲ့ကြပါသည်။ ထိုသို့ ဆိုမိန့်ရာ၌လည်း "မသိသူကျော်သွား၊ သိသူဖော်စား" ဟူ၍ မိမိတို့၏ ဘဝပါရမီအထုံအဆက်၊ အထူအပါး၊ အဝေးအနီးပေါ်မူတည်လျက် ပညာဉာဏ်အတိမ်အနက်ပေါ် မူတည်၍ လမ်းညွှန်ဆုံးမ

www.burmeseclassic.com

နည်းပြသွားခြင်းများ ဖြစ်ပါသည်။ မည်သို့ဆိုစေ ဆုကြီး၊ ဆုထူး ပန်ခဲ့ကြပါသော ဝိဇ္ဇာဉာဏ်ရင့်သန်ကြီးမားမြင့်မြတ်ကြသူများ ပီပီ စကားတစ်ခွန်းကို လွယ်ကူပေါ့တန်စွာ မဆိုကြပါ။ ပုဂ္ဂိုလ်ထူးများသည် အတ္တ၊ ပရ၊ လောကဓမ္မအကျိုးမထင်၊ အကြောင်းမမြင်ပါလျှင် အပိုအလုပ်ဖြင့် အလုပ်ပိုမခံပါ။ အဘဘိုးမင်းခေါင်ဘဘုရားကြီးကိုယ်တိုင် ''ကြိုက်ရင်ဆွဲမယ်၊ မိုက်ရင်လွဲမယ်''ဟု ဆိုမိန့်သည်ဟု ကြားနာရဖူးပါသည်။ ရှောင်ပြန်မဂ္ဂဇင်း၊ ဘုန်းရောင်ဂျာနယ်၏ ဦးစီးဦးဆောင် ပွဲကိုင်အယ်ဒီတာချုပ် ဆရာ(ဦး)မောင်မောင်မြင့်အေး ကိုယ်တိုင်လည်း ''အဘဘိုးတော်အောင်မင်းခေါင်က သိပ်စကားမပြောဘူး။ လိုအပ်မှ ပြောတယ်။ ပြောရင်လည်း တဘောင်လိုလို၊ ကဗျာလင်္ကာစာချိုးတွေလိုလို ရွတ်တတ်တယ်။ တချို့တွေက ဘယ်နားလည်နိုင်ကြပါ့မလဲ။ ပုဂ္ဂိုလ်ထူးတွေက အဲသလိုပဲကွ . . .''ဟု စာရေးသူအား ပြောဖူးသည်။ စာရေးသူသည် အဘဘိုးမင်းခေါင်အား ကြည်ညိုရိုသေသူပီပီ ယုံကြည်လက်ခံပါသည်။ ကိုယ်တွေ့များစွာလည်း ကြုံဖူးပါသည်။ သူတော်ကောင်းပုဂ္ဂိုလ်ထူးကြီးများသည် သူတစ်ပါးအကျိုးမဲ့၊ သတ္တဝါဝေနေယျအကျိုးမဲ့၊ လောကဓမ္မအကျိုးမဲ့ စကားများကို ဆိုလေ့ဆိုထမရှိပါချေ။ (ဆိုခဲ့ပါလျှင်လည်း ဗုဒ္ဓလမ်းစဉ်၊ သူတော်ကောင်းလမ်းစဉ်ဖြင့် သွေဖီလွဲချော်နေ၍ စာရေးသူ မယုံကြည်ပါ။ စကားချပ်)

အဘအောင်မင်းခေါင်အရှင်သည် အခါအခွင့်သင့်ပါက အတ္တပရ၊ လောကဓမ္မ အကျိုးစီးပွားကို ရည်မျှော်လျက် တဘောင်၊ လင်္ကာစာချိုးများ ရွတ်ဆိုသုံးမ သွန်သင်ပြသခဲ့ပါသည်။ စာရေးသူ လက်လှမ်းမီသရွေ့ စာပေမှတ်တမ်းအချို့မှလည်းကောင်း၊ ဂန္ဓာရီ ရဟန်းရှင်လူပုဂ္ဂိုလ်ထူးကြီးများထံမှလည်းကောင်း၊ နှစ်စဉ်မပျက် ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသော အဘအောင်မင်းခေါင်၏ အောင်ပွဲ၊ ထွက်ပွဲများမှလည်းကောင်း အဘကိုယ်တိုင် ရွတ်ဆိုရေးဖွဲ့ခဲ့သည်ဟုဆိုသော တဘောင်တော်ကြီးများအား စုစည်းတင်ပြလိုက်ရပါသည်။ အဘ၏ သွေးဆက်သားသမီး၊ အဘ၏ သီလ၊သမာဓိ၊ပညာ ဂုဏ်အပေါင်းအား ယုံကြည်သူ၊ ကြည်ညိုသူတစ်ဦးသာလျှင် ဖြစ်ပါသည်။ ဦးစွာပထမ အဘအောင်မင်းခေါင်အရှင် ပုပ္ပါးတောင်မြတ်၌ တောင်ကတုံးအား သျှောင်ထုံးနေစဉ်ကာလ ၁၃၁၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့၌ ပုပ္ပားတောင်ကလပ်မှ ဝါတော်စီး၍ ဆင်းသက်လာစဉ် ကိုယ်တိုင်ရွတ်ဆိုခဲ့သော ဗောဓိဆုပန် ပုဂ္ဂိုလ်ကြီးတစ်ဦးအကြောင်း ဖွင့်ဟဝန်ခံရွတ်ဆိုခဲ့သော ရှစ်လုံးဖွဲ့ကဗျာမြတ်ကြီးအား တင်ပြလိုက်ရပါသည်။ ရိုးသားစွာ ဝန်ခံလိုသည်မှာ ယင်းတဘောင်များမှာ ဂန္ဓာရီ ရဟန်းရှင်လူပုဂ္ဂိုလ်ကြီးများ ပြောပြဆိုမိန့်ခဲ့သည်များ၊ စာပေမှတ်တမ်းများနှင့် စာရေးသူ လက်လှမ်းမီသလောက် မေးမြန်းရှာဖွေ စုဆောင်းထားသည်များမှ ပြန်လည်၍ ပဌာန်းဆက် ဝေနေယျ ခုနစ်ရက်သားသမီးများအတွက် မေတ္တာအရင်းခံလျက် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မောက်လွတ်တိမ်ငွေ့၊ ပတ်၍ဝေ့သား
ပျော်မွေ့ဖွယ်ရာ၊ တောင်သေလာကား
တောမာပိုက်ဝင့်၊ ပအင်ချင်းဆင့်၍
ဖူးပွင့်အာငုံ၊ တောမှော်ရုံသည်
သင်းထုံပန်းရနံ့၊ ရှစ်ခွင်နံ့လျက်
နူးညံ့လွေ့လွေ့၊ လေနှင့်ရွှေ့သော်
ကြုံတွေ့လိုင်စွာ၊ ပန်းဝတ်လွှာလည်း
နတ်ရွာပန်းနှင့်၊ ပြိုင်ကာတင့်သို့
ဂနိုင်သရေ၊ တက်ပြိုးဝေလျက်
ထွေထွေရပ်ရပ်၊ ကျောက်ထပ်ထပ်နှင့်
ကလပ်ပုပ္ပား၊ တောင်တော်ဖျားမှာ
ပန်းများဘုရင်၊ တော်ဝင်နန်းဆက်
သဇင်ခက်သို့၊ ညို့ညို့မှိုင်းမှိုင်း
မြင့်ပင်တိုင်းတွင်၊ ရိုးညှာမြန့်ငြိုး
ပုလဲဆိုင်းသွင်၊ မြင်တိုင်းမျှော်လွမ်း
ရှုမဝပန်းတည့်၊ စိမ်းစမ်းတံခွန်
ကျောက်သလွန်မှ၊ သွန်းသွန်းဖျန်းဝေ
ကျောက်စက်ရေသို့၊ စီးထွေပတ်ဝန်း
ပျော်ဖွယ်ထွန်း၍၊ ကျွန်းကျွန်းသရေ
တို့အောင်မြေဝယ်၊ သမ္မောဓတ္တိ
နွယ်တော်ရှိလျက်၊ သီရိဘုန်းမော်
ကမ္ဘာကျော်သား၊ တေဇော်ထန်ပြင်း
သိဒ္ဓိဝင်းလျက်၊ ရွှယ်တော်ရှိလျက်
လူမင်းနတ်တို့၊ ဦးခိုက်ကျို့၍
နှစ်မြို့မွေ့မွေ့၊ လွန်ကြွေ့သဒ္ဓါ
စေတနာနှင့်၊ ပူဇာသက်နှင်း
(မင်းမင်းဦးသျှောင်၊ ဘမင်းခေါင်)ကို
သိန်းထောင်တိုင်းရွာ၊ လူများစွာတို့
ရောက်လာသဲသဲ၊ ရှုမစဲဘဲ
အောင်ပွဲသဘင်၊ ညီလာဝင်ရှင့်
သွန်သင်သိပ္ပ၊ များသီသကို
ဝေငှပေးအင်၊ ဂုဏ်ထူးတင်သည်
မြတ်ရှင်ဇိန အလောင်းတော်။



www.burmeseclassic.com

www.burmeseclassic.com

(အဘအောင်မင်းခေါင်အရှင်သည် ဆုကြီးပန် အရိယာ ဓမ္မဝိဇ္ဇာဓိုရ်ကြီးတစ်ဦးဖြစ်ကြောင်း၊ ထွက်ရပ်ပေါက် အတ္တုပ္ပတ္တိကျမ်းများ၊ စာပေမှတ်တမ်းများ၊ ဂန္ဓာရီရဟန်းရှင်လူပုဂ္ဂိုလ်ကြီးများမှလည်း မကြာခဏဆိုမိန့်ဖူးပါသည်။ ဆုကြီးပန်ဖြစ်ကြောင်း ပါရမီအဖြာဖြာတို့အား ဝိဇ္ဇာထွက်ရပ်လမ်းဖြင့် ဖြည့်ကျင့်နေကြောင်း ကဗျာ၊ တဘောင်များအား ဖတ်ရှုခဲ့ရဖူးပါသည်။ အများအားဖြင့် အဘအောင်မင်းခေါင်အရှင်၏ နှုတ်ထွက်ဆိုရွတ်သည်များမှာ သာသနာ့နိမိတ်၊ ဓမ္မနိမိတ်များ၊ ဂမ္ဘီရဆန်ဆန်၊ လျှို့ဝှက်စွာ၊ နက်နဲစွာ တည်ရှိနေပါသည်။ ဓမ္မဖြင့် မည်သည့်အခါမှ လွတ်ကင်းသည်ဟု မတွေ့ရပါ။ ဤသည်မှာ စာရေးသူ၏ ယုံကြည်မှုသာလျှင် ဖြစ်ပါသည်။ (စကားချပ်)

✦ မြတ်ဝိဇ္ဇာ သာသနာပြုရမည်လို့
ကမ္ဘာထု ဝသုန်မဟီ ...
ပဉ္စာစု ဂုဏ်ရည်ကို
ယုံကြည်စွာ ညွတ်တွား
ဒါနနှင့်သီလ နှစ်ဖြာဝယ်
ဘာဝနာ မေတ္တာဓာတ်ပွား ...။
အန္တရာယ်ကင်းလို့
ဘေးရှင်းကွာတယ်
အေးခြင်းလက္ခဏာ တစ်ပါး။

✦ အထက်ပြဟ္မာ သိကြားနှင့် နတ်များဝိုင်းအုံ
ရှစ်သောင်းကျော် ဝိဇ္ဇာမ,ပါလိမ့်
စိတ်သာချ လုံးဝဥသုံ
နတ်နှင့် သီလဂုဏ်ကို
ညီမျှရုံ မပြတ်မှီးကြတော့
ပရမတ်နည်းဖြင့် ဓာတ်နည်းစုံစွာ
ပေါက်ကြတော့မည်သာ
ကျန်တစ်ဝက် သာသနာမှ
ဒါယကာ ပေါ်လူ့ပေါ်လေး
မြတ်ဘုရားသာသနာ ထွန်းတောက်လိမ့် မဝေး။

[မည်သူမဆို ဒါန၊ သီလ၊ ဘာဝနာ ပွားများပြီး သာသနာတော်မြတ်ကြီးအား ကြည်ညိုပွားရအောင် မနောရည်သန်၍ ရွတ်ဆိုခဲ့သည့် တဘောင်ဟု သိရပါသည်။]

✦ မဟာဘူတ နိယာမနိက္ခံ
အတွင်းဖိုထိုး ဓာတ်မျိုးစီးဝင်
သိဒ္ဓိခေါင်ထိပ် အောင်နိမိတ်ကျင့်စဉ်
အင်းဆေးမပါ ဥုမ်ခံခဲ့
ပညာတ်ဓာတ်သက် ဝိဇ္ဇာပန္နက်ဖြင့်
ထင်တိုင်းပေါက်အောင် အကျင့်တူမှ
ဘ,မျိုးဘိုးတူ၊ မွေ့ခံထိုက်စေ ...။

[ဓာတ်လမ်း၊ ဓာတ်စခန်းများနှင့် အင်း,ဆေးမပါ၊ ဥုမ်ခံပါဘဲ ဗုဒ္ဓ၏ ဓမ္မလမ်းဖြင့်သာ သိဒ္ဓိအရာ၌ အခေါင်အထိပ်ဖြစ်ကာ ထင်တိုင်းပေါက်ရောက် အောင်မြင်ခဲ့ကြောင်း၊ ထိုသို့အကျင့်တူမှသာလျှင် အမွေခံထိုက်ကြောင်း ဖွင့်ဟသည့် တဘောင်]

✦ လတပေါင်း
အကြောင်းစုံ
အကုန်ပြမည်
တောကယောက်ျား။

[ဝိဇ္ဇာလောကတွင် ပေါ်ထွက်လာသော အဘအောင်မင်းခေါင်၏ ရဲရဲတောက် ကြွေးကြော်သံဟုလည်း သိကြပါသည်။]

✦ ဓမ္မတဲ့သာလာ။
အောင်သဘင် ဆင်တဲ့ပွဲ
နွှဲကြသူငါ။

✦ မြတ်ဘိုးတော် ဂုဏ်အဟိတ်ကြောင့်
တစ်သိတ် ဘေးမသန်း။
စီးပွား ရွှေငွေနှင့်အထွေ ရေလိုပေးခဲ့မည်
အေးမြရွှင်လန်း။

ကြည်ညိုရှိသေလေးစားသူ ပဌာန်းဆက် ဆွေတော်မျိုးတော် အပေါင်းတို့အား သာသနာတော်ကြီးအား ထောက်ပံ့လှူဒါန်းကြရာတွင် စီးပွားဉစ္စာ ရွှေငွေအများ ရေအလားပေါ်ကြွယ်အောင် ဓနသိဒ္ဓိမျိုးစုံ ဖွင့်ပေးသည့်တဘောင်ကြီးဟု ဆိုကြပါသည်။

မောင်နီချို

<u>မှီငြမ်းပြုစာကိုး</u>

- ဓာတ်ပေါင်းစုဦးသျှောင် အောင်မင်းခေါင် (လက်ကမ်း)
- ၅၅ နှစ်မြောက် ပြည်တော်ဝင်အောင်ပွဲ (လက်ကမ်း)
- အာစရိယဝါဒများနှင့် မှတ်တမ်းမှတ်ရာများ။



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဓိုရ်ရှိသလား လောကီပညာစွမ်းသလား



ကျော်မင်းစျာန် (ပုသိမ်)

ယခုအခါတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ပြန့်ပွားရေးကို မြန်မာတစ်နိုင်ငံလုံးတွင် အင်အားကောင်းစွာဖြင့် လုပ်ဆောင်လာကြသည်ကို တွေ့မြင်နေရပါသည်။ ယခင်က ဘုရားပွဲတော်များ ကျင်းပကြသောအခါ ပျော်ပွဲ ရွှင်ပွဲများ၊ ကာရာအိုကေ အဆိုပြိုင်ပွဲများပြုလုပ်ကြသော်လည်း ယခုအခါ မြို့၊ ရွာအတော်များများ၌ ပျော်ပွဲ၊ ရွှင်ပွဲအစား တရားပွဲများကို အစားထိုးကျင်းပလာကြပါသည်။ ဝမ်းမြောက်စရာကောင်းပါသည်။ ထေရဝါဒစစ်စစ်ဟူသော ခေါင်းစဉ်အောက်မှ ဟောကြားကြသောအခါ အများစုသော ဆရာတော်များက ထေရဝါဒ ဗုဒ္ဓလမ်းစဉ်ကိုသာ ဟောပြောကြပါသည်။ အခြားသော ယုံကြည်မှုများကို ထည့်သွင်းပြောဆိုခြင်း မပြုကြပါ။ အချို့သော (အနည်းငယ်မျှ)တရားဟောဆရာတော်တို့ကမူ အခြားယုံကြည်မှုများကို လုံးဝမရှိဟု ရဲရဲတောက် ဟောကြားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာ၊ ဓော်ကီ့တို့ကို မရှိ ရှိလျှင်လည်း ငရဲကျမည့်ကောင်များဟု တာနောယကွ ပုံဝတ္ထုကို ရည်ညွှန်းဆိုပါသည်။ လက်လှမ်းမမီသော ပုံဝတ္ထုတို့ကို အပထား၍ လက်လှမ်းမှီနိုင်သော အချက်အလက်တို့ဖြင့်သာ လေ့လာကြည့်ပါမည်။

ထေရဝါဒသည် ရတနာသုံးပါးမှ တစ်ပါး အခြားကိုးကွယ်ရာ မရှိပါ။ မှန်ပါသည်။ ကောင်းပါသည်။ သို့သော်လည်း လောကီလူ့ဘောင်တွင် အကြောင်းကိစ္စရှိလာပါက အသိပညာရှင်၊ အတတ်ပညာရှင်တို့ကို အားကိုးကြရပါသည်။ ယုတ်စွအဆုံး ခေတ်ပညာဘယ်လောက်ပဲတတ်တတ်၊ လောကီပညာရှင်များကို အားကိုးကြပါသည်။ မကင်းနိုင်ကြပါ။ ထို့ကြောင့် လောကီပညာရှင်များ တကယ်စွမ်းသလား၊ ဝိဇ္ဇာဓိုရ်များ ရှိသလား ဆန်းစစ်ကြည့်ရပါမည်။ လက်လှမ်းမမီနိုင်သော ရှေးပုဝေသဏီကို လှန်မကြည့်တော့ဘဲ လက်လှမ်းမီသော ခေတ်မှာပင် လေ့လာကြည့်ပါစို့။ (လောကီသိဒ္ဓိရှင်များကို ကိုးကွယ်ဆည်းကပ်ရန်တင်ပြနေခြင်း မဟုတ်ပါ။)သို့သော်လည်း ထိုပုဂ္ဂိုလ်များသည် သူ့ဘာသာ သီလ၊ သမာဓိဖြင့် ရပ်တည်နေကြသည်ကိုလည်းကောင်း၊ သူတော်ကောင်းတရားဖြည့်ဆည်း၍သာ အောင်မြင်ပေါက်မြောက်နေခြင်းကို လေ့လာကြည့်ရန်သာ ဖြစ်ပါသည်။

မြန်မာပြည်တွင် ကျော်ကြားသော တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ (ရေဆူသော)ပရိတ်တော်အစတွင် "အို - ဝိဇ္ဇာ၊ ဇော်ဂျီအစရှိသော သူတော်ကောင်းအပေါင်းတို့၊ တရားနာလာကြကုန်လော့ . . "ဟု ဖိတ်ကြားသည်ကို စာဖတ်သူတို့ နာကြားရပါလိမ့်မည်။ ထိုဆရာတော်ဘုရားကြီးသည် မရှိတာကို အရှိလုပ်ပြီး တရားနာဖိတ်ကြားနေလိမ့်မည်မဟုတ်။

သာသနာတော်တွင် နေလို၊ လလို ထင်ရှားသော ရွှေဟင်္သာဆရာတော်ကြီး၏ ငယ်အမည်မှာ မောင်သန်းဖြစ်သည်။ မောင်သန်း ရဟန်းမဖြစ်မီက မိကျောင်းရဲကျောင်းသို့ သက်တော် ၅၀ ခန့်ရှိသော အင်္ဂရတ်ဘုန်းကြီးတစ်ပါး ရောက်လာသည်။ မိကျောင်းရဲဆရာတော်ကား ထိုအာဂန္တု အင်္ဂရတ်ဘုန်းကြီးထံသို့ မည်သည့်အခါမှ မသွား။ အင်္ဂရတ်ဘုန်းကြီးက ခိုင်းစရာရှိလျှင် မောင်သန်းကို ခေါ်ခိုင်းတတ်သည်။ မောင်သန်းက ဖိုကျူဆွဲပေးရသည်။ အင်္ဂရတ်ဘုန်းကြီးက -

"မောင်သန်းရေ၊ မင်း ကျေးဇူးတွေ အများကြီးရှိတယ်။ ဟောဒီဓာတ်လုံးလေးကို လက်စွပ်ကွင်းပေးရဦးမယ်"

ဟု ပြောသည်။

"တပည့်တော် နယုန်လကျရင် ကိုရင်ဝတ်တော့မှာဘုရား"

ဟု မောင်သန်းက လျှောက်သည်။

"အင်း ဒီလိုဆိုလည်း လက်စွပ်ကွင်းပေးလို့ မဖြစ်ဘူး။ လက်မောင်းထဲဓာတ်လုံးမြှုပ်ပေးခဲ့မယ်"

ဟု ဆို၏။ မောင်သန်း၏ လက်မောင်း၌ဓာတ်လုံးသွင်းပေးပြီးနောက် အင်္ဂရတ်ဘုန်းကြီးလည်း ပျောက်သွားသည်။ မည်သူမှ မသိလိုက်ကြ။ မောင်သန်းသည် လက်မောင်းတွင်မြှုပ်ထားသော ဓာတ်လုံးကို မေ့ပျောက်လုလုဖြစ်နေ၏။ မောင်သန်းသည် ဗေဒင်ဟောတတ်သည်ဖြစ်၍ အရပ်ထဲမှ သမီးပျိုများက ခင်မင်ကြသည်။ လဆန်းစတစ်ညသ၌ မောင်သန်းသည် ဗေဒင်ဟောပြီးနောက် မစောမြတို့အိမ်မှ တစ်ယောက်တည်း ထွက်လာခဲ့သည်။ မစောမြတို့အိမ်ရှေ့၌ အုန်းပင်ကြီးတစ်ပင်ရှိသည်။ အုန်းပင်အောက်အရောက်၌ မောင်သန်း၏ ဇက်ပိုးကို တုတ်စုံတစ်ခုက လာရောက်ထိမှန်ပြီး ဘုတ်ခနဲ ခပ်ပြင်းပြင်းမြေပေါ်ကျသွားသည်။ အုန်းသီးကျွေကျသည်ထင်ပြီး လှည့်ကြည့်ရာ အုန်းသီးကို မတွေ့ရချေ။

နှစ်ရက်၊ သုံးရက်လွန်သောအခါမှ အဖြစ်မှန်ကိုသိရသည်။ ဘုတ်ကနဲကျသွားသောအသံမှာ အုန်းသီးကျွေကျသံ မဟုတ်။ မစောမြကို တစ်ဖက်သတ်ကြိုက်ကာ ပိုးပန်းနေသူ လူငယ်တစ်ဦးက အိမ်နှစ်အိမ်ကြားမှ ပုန်းကွယ်ချောင်းမြောင်းကာ အမိအရတွယ်လိုက်ခြင်းဖြစ်သည်။ မြန်မာအုတ်ခဲထက်ပိုင်းကျိုးဖြင့် မောင်သန်း၏ နောက်ဆက်ကို လှမ်းထုသည်။ ဇက်ပိုးကို တည့်တည့်ကြီးထိမှန်ခဲ့လေသည်။ မောင်သန်းမှာ မည်သို့မျှမရှိဘဲ ထိမှန်းသိရုံသာသိလိုက်သည်။ အဖြစ်မှန်ကို ကြားရသောအခါ မောင်သန်းသည် မယုံနိုင်လောက်အောင် ဖြစ်သွားပြီး အံ့ဩတုန်လှုပ်သွားမိသည်။ မိမိလက်မောင်းတွင် မြှုပ်နှံထားသော ရွှေရောင်ဓာတ်လုံးလေးကို ရုတ်တရက်သတိရမိလေသည်။

မောင်သန်းသည် ရဟန်းဝတ်ပြီးနောက် ၆ ဝါအရတွင် လက်မောင်းမှ ဓာတ်လုံးကိုထုတ်ပြီး ဘုန်းကြီးတစ်ပါးအား ပေးလိုက်သည်။ ညာဖက်လက်မောင်းတွင် ဖြစ်၍ သက်န်းယမ်းလျှင်ပေါ်နေ၍ ဖြစ်သည်။ လူမြင်လျှင် ရှက်စရာဟု ယူဆသည်။

သာသနာတော်တွင် ရဟန္တာဟု ကျော်ကြားသောဝိပဿနာဂုဏ်ထူးဆောင်



www.burmeseclassic.com

www.burmeseclassic.com

တော်ကူးဆရာတော်ဘုရားကြီး ဦးနန္ဒိယသည် လူဝတ်ကြောင်(ဦးထွန်းရီ) ဘဝက အင်္ဂရုတ်ထိုးခဲ့သည်။ ဖိုထိုးခြင်းမှ အရည်အသွေးကောင်းသော ခတ်လုံးသုံးပါးရခဲ့သည်။ တစ်လုံးကို ရဟန်းတစ်ပါးအား ပေးလှူခဲ့သည်။ တစ်လုံးမှာပျောက်သွားပြီး၊ ကျန်တစ်လုံးကိုတော်ကူးဆရာတော် ဆောင်ထားခဲ့သည်။

ဇင်းခတ်လုံးစွမ်းရည်နှင့် ပတ်သက်၍ ဆရာတော်ကိုယ်တိုင်မိန့်ဆိုဖူးသည်မှာ "တစ်ခါတုန်းက ဘုန်းကြီးနေမကောင်းလို့ မော်လမြိုင်ဆေးရုံးမှာ ဆေးတက်ကုရတယ်။ သူနာပြုဆရာမက ဘုန်းကြီးကို ဆေးထိုးတယ်။ သူ့အပ်ကို ဘုန်းကြီးအသားထဲ ထိုးထည့်လို့မရဘူး။ သူနာပြုဆရာမက ဘယ်နှယ်မဝင်ရတာတုန်းဆိုပြီး အတင်းဖိထိုးတယ်။ "ထစ်"ဆို အပ်ပြုတ်သွားရော။ ဒီတော့ ဘုန်းကြီးစဉ်းစားကြည့်တယ်။ ဪ် . . ငါ့ခါးပန်းကြိုးအောက်မှာ ခတ်လုံးဆောင်ထားတာကိုး၊ ခတ်လုံးကို ဖယ်ရှားလိုက်တယ်။ နောက်တစ်ကြိမ် ဆရာမဆေးထိုးတော့ ဘုန်းကြီးရဲ့အသားပွပွထဲကို အပ်က လွယ်လွယ်ကူကူ ဝင်သွားပါတယ်"

ဆရာတော်သည် သက်တော် ၇၀ ပြည့်မြောက်၍ မော်လမြိုင်မြို့၊ သတိပဋ္ဌာန်ကျောင်းတော်သို့ ဝိပဿနာတရားရှုမှတ်ရန် ကြွသောအခါ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးပဏ္ဍဝက ကတိဝန်ခံချက်တောင်းဆိုသဖြင့် ဆေးလိပ်သောက်ခြင်း၊ ဆေးကုခြင်း၊ အင်္ဂရုတ်ထိုးခြင်းတို့ကို လုံးဝစွန့်ပယ်လိုက်လေသည်။

တော်ကူးဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ နှစ်ရက်သာလိုသော ညဉ့်၌ ဝိဇ္ဇာရဟန်းတို့က ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်ကို ဆရာတော်ကြီးကိုယ်တိုင် မိန့်တော်မူခဲ့သည်။ ထိုညက ဦးနာဂိန္ဒသည် ဆရာတော်အား နှိပ်နယ်ပေးနေသည်။ ရဟန်းတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး၍ ကျောင်းပေါ်မှဆင်းသွားကြသည့်အခါ ဆရာတော်အား ညဉ့်ဘက်စောင့်ရှောက်ရန် ဦးပါလေး၊ ဦးရွှေသိန်းနှင့် ဦးတင်တို့ ရောက်လာကြသည်။ မိနစ်အနည်းငယ်ကြာသောအခါ ဆရာတော်သည် မေးနေရာမှ စကားဆိုလိုက်၏။

"အောင်မယ် . . သိကြားနဲ့ နတ်တွေ လာပြီး ရွတ်ဖတ်သရဇ္ဈာယ်ကြတယ် ကွယ့်။ သူတို့ ပြန်သွားတော့ ဝိဇ္ဇာရဟန်းတွေ လာပြီး အသံကျယ်လောင် ကျယ်လောင်နဲ့ ပရိတ်ရွတ်ကြတယ်။ ဦးပဥ္ဇင်းတို့ ကိုရင်တို့ ကြားကြရဲ့လား"

"မကြားရဘူးဘုရား"

"နားထောင်နေကြတဲ့ ပရိသတ်ကလည်း တို့ကျောင်းအပြည့်ပဲဟေ့။ ဝတ်စားထားတာတွေကလည်း လှလှပပ၊ သစ်သစ်လွင်လွင်နဲ့၊ ရုပ်ရည်တွေကလည်း ဘယ်လှတာပဲ"

"ဘယ်မှာလဲ ဘုရား၊ တပည့်တော်တို့ မြင်ရအောင် ပြပေးပါဦးဘုရား"

ဟု ကိုရင်သီဟက မြင်လိုဇောနှင့် လျှောက်ထားလိုက်၏။

"ပြလို့မရဘူး ကိုရင်၊ ကဲ - အိပ်တော့"

ဟု ဆရာတော်က မိန့်သည်။

တော်ကူးဆရာတော်ဘုရားကြီး ဦးနန္ဒိယသည် ၁၈. ၄. ၁၉၈၇ တွင် ခန္ဓာဝန်ချတော်မူသည်။ ပျံလွန်တော်မူသည့် ညဉ့်၌ ကျောင်းဝန်းအတွင်း တရားရှုမှတ်နေသော ယောဂီများ အလွန်ထူးခြားသည့် အမွှေးနံ့ကိုရရှိကြသည်။ ရုပ်ကလာပ်တော်သည် ပေါ့ပါးပျောင်းအိနေသည်။ အနံ့ဆိုး၊ အပုပ်နံ့ထွက်ခြင်းမရှိ၊ ဆရာတော် ပျံလွန်တော်မမူမီက ရိတ်သိမ်းထားသော ဆံစကလေးများသည် ပုလင်းအတွင်း၌ လိမ်ယှက်ပြီး စေတီအသွင်၊ ခြင်းလုံးအသွင်ဖြင့် ခတ်တော်ပုံဆောင်လာကြသည်။ ရဟန္တာဟု ကျော်ကြား၏။

ဤသည်ကို ထောက်ရှုပြီး သီလ၊ သမာဓိနှင့် စင်ကြယ်လျှင် လောကီအတတ်တို့သည် အစွမ်းရှိကြောင်း စာရှုသူတို့သဘောပေါက်ကြပါလိမ့်မည်။ ဗုဒ္ဓ၏လမ်းစဉ်အမှန်ကို လျှောက်လှမ်း၍ ဝိပဿနာစခန်းဖြင့် ရဟန္တာဟု ကျော်ကြားတော်မူခဲ့သော ဆရာတော်ဘုရားကြီးများသည် မရှိသည်ကို ရှိသည်ဟု မိန့်တော်မူလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ဆရာတော်ကြီးများ၏ နှုတ်ထွက်စကားကို ထောက်ရှုပြီး ဝိဇ္ဇာခိုရ်တကယ်ရှိ၊ မရှိ စဉ်းစားချင့်ချိန်နိုင်ကြပါစေသော်။

ကျော်မင်းစျာန်(ပုသိမ်)

ရည်ညွှန်း

၁။ ရွှေဟင်္သာဆရာတော် (ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)အရှင်နန္ဒမာလာပြုစုသည်။

၂။ တော်ကူးဆရာတော်၊ ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား - ဒေါက်တာမင်းတင်မွန်-ရေး။



www.burmeseclassic.com

www.burmeseclassic.com

# ဆံတော်ရှင်၊ မာတ်တော်ရှင်၊ ပြဒါးရှင်ရုပ်ပွားတော်များ

နှင့်

# ထူးခြားပုဂ္ဂိုလ်များ၏ ကောင်းမှုတော်

## သုတေသီသကြားဝင်း

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်နေရာသည် စာရေးသူနေအိမ်နှင့် သိပ်ဝေးလံမှုမရှိသည်မို့ အကြိမ်များစွာ သွားရောက်ဖူးသည်။ ဖူးမဝ၊ ကြည်ညိုမဝ ရှိနေသေးသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ ရောက်တိုင်း မိမိနှင့် ဆိုင်ရာဂြိုဟ်တိုင်တွင် ရှိခိုးပူဇော်ပြီး ဆုတောင်းဆုယူပြုသည်။ ထို့နောက် ရွှေတိဂုံရင်ပြင်မှ လက်ျာရစ်ပတ်ပူဇော်ပြီး ထူးခြားဖြစ်စဉ်များကို ရှာဖွေလေ့လာကြည့်ရှုလေ့ရှိသည်။

လေ့လာကြည့်ရှုပေါင်းလည်း များလှသည်။ ရွှေတိဂုံနှင့်ဆက်သွယ်သော စာအုပ်၊ စာပေများကိုလည်း ဖတ်မှတ်လေ့လာပါသည်။ သိမီသူတို့အားလည်း မေးမြန်းသည်။ လေ့လာ၍ကုန်အံ့မထင်။

လေ့လာမိသလောက်ထဲက ရွှေတိဂုံရင်ပြင်ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိနေသော ဂေါတမဗုဒ္ဓမြတ်စွာရှင် တော်မြတ်ကြီး၏ ဆံတော်ရှင်များနှင့် ဓာတ်တော်ရှင်များကို ထည့်သွင်းပူဇော်ထားသည့် ရုပ်ပွားတော်ကြီးများအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ပြပါမည်။ ယင်းသို့သော ရုပ်ပွားတော်ကြီးများနှင့် ဆံတော်ရှင်၊ ဓာတ်တော်ရှင်တို့၏ ကောင်းမှုတော်ရှင်ကြီးများသည်ကား ထူးခြားသော အံ့ဖွယ်ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါသည်။ ကြည်ညိုနိုင်ဖွယ်ရာ တင်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**သိကြားမင်း၏ ကောင်းမှုတော်**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်ဦးတန်ဆောင်းတစ်ဝဂ္ဂအတွင်းရှိ ပွင့်တော်မူပြီးကြကုန်သော ကကုသန်မြတ်စွာဘုရား ရုပ်ပွားတော်၊ ကဿပဘုရားရုပ်ပွားတော်၊ ကောဏာဂုံဘုရားရုပ်ပွားတော်၊ ဂေါတမဘုရားရုပ်ပွားတော်မြတ်ကြီးတို့၏ ရင်ညွန့်တော်တွင် ဓာတ်တော်ရှင်နှစ်ဆူစီ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ ဘိုးတော်မာဃ သိကြားမင်း၏ ကောင်းမှုတော်ဖြစ်သည်။

**ပဥ္စဝဂ္ဂီရဟန္တာမထေရ်အရှင်မြတ်တို့၏ ကောင်းမှုတော်**

ရွှေတိဂုံစေတီမြောက်ဘက် ဆံတော်တွင်း အပေါက်ဝ၊ အရှေ့ဘက်သို့ မျက်နှာမူလျက်ရှိသော ရုပ်ပွားတော်၏ ဥဏ္ဏလုံ မွေရှင်တော်တွင် ဆံတော်ရှင် (၅)ဆူနှင့် ဝမ်းဗိုက်တော်တည့်တည့်တွင် ဓာတ်တော်ရှင်တစ်ဆူတို့သည် ပဥ္စဝဂ္ဂီရဟန္တာမထေရ်မြတ်ကြီးငါးပါး၏ ကောင်းမှုတော်အဖြစ် ကိန်းဝပ်တော်မူလျက်ရှိသည်။ 'အောင်ရတနာရှင်တော်မြတ် ရုပ်ပွားတော်'ဟု အမည်တွင်သည်။

**ဘိုးတော်အောင်မင်းခေါင်၏ ကောင်းမှုတော်**

ရွှေတိဂုံစေတီအထက် ပစ္စယံတစ်ဝဂ္ဂအတွင်းမှ ပတ္တမြားမျက်ရှင်ဘုရား ရုပ်ပွားတော်၏ မဏိတော်တွင် ဆံတော်ရှင်နှစ်ဆူနှင့် လက်ယာဘက်ပခုံးတော်တွင် ဓာတ်တော်ရှင်တော်တစ်ဆူတို့ ကိန်းဝပ်တော်မူလျက်ရှိသည်။ ဘိုးတော်အောင်မင်းခေါင် ရသေ့ဝိဇ္ဇာဓိုရ်ကြီး၏ ကောင်းမှုတော်ဖြစ်ပြီး 'အရဟံသိဒ္ဓိရုပ်ပွားတော်'ဟု အမည်ရသည်။

**ဝိဇ္ဇာပေါင်းစုံတို့၏ ကောင်းမှုတော်**

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် တန်ဆောင်းကြီးအတွင်း ရုပ်ပွားတော်လေးဆူရှိသည့်အနက် လက်ယာဘက်အစွန်းမှ ရုပ်ပွားတော်၏ လက်ဝဲနှင့် လက်ယာမျက်လုံးတော်တို့တွင် ဆံတော်ရှင်တစ်ဆူစီ ကိန်းဝပ်တော်မူလျက်ရှိသည်။ ဝိဇ္ဇာပေါင်းစုံတို့၏ ကောင်းမှုတော်ဖြစ်ပြီး 'မဏိအောင်စေဘုရား'ဟု အမည်ရသည်။

**ပထမံဘိုးဘိုးအောင်ကောင်းမှုတော်**

ရွှေတိဂုံစေတီဂေါပကရုံး အရှေ့အာရုံခံတန်ဆောင်းနှင့် ကပ်လျက်ရှိသော စေတီတော်နှစ်ဆူအနက် တစ်ဝဂ္ဂရှိသော ရုပ်ပွားတော်၏ လက်ဝဲနှင့် လက်ယာမဏိတော်တွင် ဆံတော်ရှင်တစ်ဆူစီ၊ လက်ဝဲ လက်ယာ ပခုံးတော်များတွင် ဓာတ်တော်ရှင်တစ်ဆူစီ၊ လက်ဝဲလက်ယာ ဗိုက်တော်တွင် ဓာတ်တော်ရှင်တစ်ဆူစီနှင့် ရင်ညွန့်တော်တွင် ဓာတ်တော်ရှင်တစ်ဆူရှိပြီး၊ လက်ဝဲလက်ယာ ဖဝါးတော်တို့တွင် ဗုဒ္ဓစမများ ကိန်းဝပ်လျက်ရှိသည်။ ပထမံဘိုးဘိုးအောင် ဝိဇ္ဇာဓိုရ်ကြီး၏ ကောင်းမှုတော်ဖြစ်သည်။ 'တြိရတန (တြိရတဝ) အောင်စေဘုရား'ဟု အနွတ္တသညာပြုထားသည်။

**ရှင်စောပုဘုရင်မကြီး ကောင်းမှုတော်**

ရွှေတိဂုံစေတီတော်၏ ရာဟုထောင့် သံတန်ဆောင်းကြီးအနီးကပ်လျက်ရှိသော ရှင်စောပုဘုရားရုပ်ပွားတော်မြတ်၏ ရင်ညွန့်တော်တွင် ဆံတော်ရှင်တစ်ဆူသည် ရှင်စောပုဘုရင်မကြီး၏ ကောင်းမှုတော်ဖြစ်ပြီး ဘုရားဘွဲ့တော်မှာ 'ရတနာသီဂီဘုရား'ဟု အမည်ရသည်။

**ဓမ္မစေတီမင်းကောင်းမှုတော်**

ရွှေတိဂုံစေတီတော်၏ တနင်္လာထောင့်တန်ဆောင်းအတွင်း ရုပ်ပွားတော်ကြီးနှစ်ဆူရှိသည့်အနက် အရှေ့ဘက်ရုပ်ပွားတော်၏ လက်ဝဲ၊ လက်ယာ မျက်လုံးတော်များတွင် ဆံတော်ရှင်တစ်ဆူစီ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ ဓမ္မစေတီမင်း၏ ကောင်းမှုတော်ဖြစ်ပြီး 'အောင်ရတနာရုပ်ပွားတော်'ဟု အမည်ရသည်။

**ဝသိဏ္ဍာဘိုးတော်နှင့် ဝိဇ္ဇာရသေ့ဆရာတော်ကောင်းမှုတော်**

ရွှေတိဂုံစေတီမြောက်ဘက် ဝိဇ္ဇာတန်ဆောင်းနှင့် မျက်နှာချင်းဆိုင် ရခိုင်တန်ဆောင်း အလယ်ဗဟိုတည့်တည့်ရှိ ရုပ်ပွားတော်ကြီး၏ လက်ဝဲဘက်ကပ်လျက်ရှိနေသော ရုပ်တော်မူရုပ်ပွားတော်ကြီး၏ လက်ဝဲလက်ယာ မျက်လုံးတော်တို့တွင် ဆံတော်ရှင်တစ်ဆူစီ ကိန်းဝပ်တော်မူလျက်ရှိသည်။ ဝသိဏ္ဍာဘိုးတော်နှင့် ဝိဇ္ဇာရသေ့ဆရာတော်တို့၏ ကောင်းမှုတော်ဖြစ်သည်။ 'အောင်မည်ရ ကိုယ်တော်ရုပ်ပွားတော်'ဟု ဆိုသည်။

**ထွက်ရပ်ပေါက်သိဒ္ဓိရှင်များ၏ ကောင်းမှုတော်**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပတ်လည်အရံ စေတီများတွင် ဆံတော်ရှင်(၅၀၀၀)နှင့် ဓာတ်တော်ရှင်(၃၀၀၀)တို့ ကိန်းဝပ်စံပယ်လျက်ရှိသည်။ ထွက်ရပ်



www.burmeseclassic.com

www.burmeseclassic.com

ပေါက် သိဒ္ဓိရှင်ပေါင်း (၉၅၀၀)တို့၏ ကောင်းမှုတော် ဖြစ်ကြသည်။

**ဝိဇ္ဇာရသေ့ဆရာတော်ဘိုးတော်ဖြူ ကောင်းမှုတော်**

ရွှေတိဂုံစေတီမြောက်ဘက် ဝိဇ္ဇာ တန်ဆောင်းနှင့် မျက်နှာချင်းဆိုင် ရခိုင် တန်ဆောင်း၏ အလယ်ဗဟိုတည့်တည့် ရုပ်ပွားတော်ကြီးများ၏ လက်ယာဘက် ကပ်လျက်ရှိသော ရပ်တော်မူရုပ်ပွားတော် ကြီး၏ နဖူးသင်းကျစ်တော်တွင် ဆံတော် ရှင်နှစ်ဆူနှင့် လက်ဝဲ၊ လက်ယာမျက်လုံး တော်တို့တွင် ဓာတ်တော်ရှင်တစ်ဆူစီ ကိန်းဝပ်တော်မူလျက်ရှိသည်။ ဝိဇ္ဇာရသေ့ ဆရာတော်ဘိုးတော်ဖြူ၏ ကောင်းမှု တော်ဖြစ်သည်။ 'အောင်ဖြူတော်ရုပ်ပွား တော်'ဟု အမည်ရသည်။

**ဝိဇ္ဇာ၊ ဝိဇ္ဇာဓိုရ်ကြီးများကောင်းမှုတော်**

ရွှေတိဂုံစေတီမြောက်ဘက် ဝိဇ္ဇာ တန်ဆောင်းကြီး၏ အလယ်ဗဟိုတည့် တည့်ရှိ ရုပ်ပွားတော်ကြီး၏ နဖူးသင်းကျစ် တော်တွင် ဆံတော်ရှင်(၅)ဆူနှင့် ဝမ်းဗိုက် တော်တွင် ဓာတ်တော်ရှင် တစ်ဆူ ကိန်း ဝပ်တော်မူလျက်ရှိသည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာဓိုရ် ကြီးများ၏ ကောင်းမှုတော်ဖြစ်ပြီး 'နဝင်း သိဒ္ဓိအောင်စေဘုရား'ဟု အမည်တွင် သည်။

**ဘိုးတော်စန္ဒြောနက္ခဆံရှည်ဆရာ တော်ကြီးကောင်းမှုတော်**

ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှင် မထီးတန်ဆောင်းသစ်အနီး တန်ဆောင်း ဟောင်းအတွင်း လက်ယာဘက်အတွင်း ထောင့်တည့်တည့် ရုပ်ပွားတော်မြတ်၏ မဏိတော်တွင် ဆံတော်ရှင်(၃)ဆူနှင့် လက်ဝဲ၊ လက်ယာ မျက်လုံးတော်တို့တွင် ဓာတ်တော်ရှင်နှစ်ဆူစီ ကိန်းဝပ်တော်မူ လျက်ရှိသည်။ ဘိုးတော် စန္ဒြောနက္ခဆံ ရှည်ဆရာတော် ဝိဇ္ဇာဓိုရ်ကြီး၏ ကောင်း မှုတော်ဖြစ်ပြီး 'နမောသိဒ္ဓိရုပ်ပွားတော် ဘုရား'ဟု အမည်တွင်သည်။

**ရှင်မထီးဆရာတော်ကောင်းမှုတော်**

ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှင် မထီးတန်ဆောင်းသစ်အနီး တန်ဆောင်း ဟောင်းအတွင်း လက်ယာဘက်အတွင်း ထောင့်တည့်တည့် ရုပ်ပွားတော်မြတ်၏ မဏိတော်တွင် ဆံတော်ရှင်(၃)ဆူနှင့် လက်ဝဲ၊ လက်ယာမျက်လုံးတော်တို့တွင် ဓာတ်တော်ရှင်တစ်ဆူစီ ကိန်းဝပ်တော် မူလျက်ရှိသည်။ ရှင်အဇ္ဈဂေါဏာခေါ် ရှင်မ ထီးဆရာတော် ဝိဇ္ဇာဓိုရ်ကြီး၏ ကောင်းမှု တော်ဖြစ်သည်။ ဘုရား၏ ဘွဲ့တော်မှာ 'ရန်အောင်မြင်ရုပ်ပွားတော်ဘုရား'ဖြစ် သည်။

**ပြဒါးဝိဇ္ဇာဘိုးမောင်ပုကောင်းမှု**

ရွှေတိဂုံစေတီအဂ္ဂိထောင့် တန် ဆောင်းကြား လမ်းထောင့်တွင် တည်ရှိ သော ကြေးဆင်းတုရုပ်ပွားတော်၏ နဖူး သင်းကျစ်တော် အလယ်တည့်တည့်တွင် ပြဒါးရှင်လုံးရှိသည်။ ပြဒါးဝိဇ္ဇာဘိုးမောင်ပု ၏ ကောင်းမှုတော်အဖြစ် ကိန်းဝပ်စံပယ် တော်လျက်ရှိသည်။ 'ဇေယျာအောင်စေ ရုပ်ပွားတော်'ဟု အမည်တွင်သည်။

**ဝသိဏ္ဏာဘိုးတော်နှင့် ဘိုးတော်ဖြူ ကောင်းမှုတော်**

ရွှေတိဂုံစေတီမြောက်ဘက် ဝိဇ္ဇာ တန်ဆောင်းနှင့် မျက်နှာချင်းဆိုင် ရခိုင် တန်ဆောင်း အလယ်ဗဟိုတည့်တည့်ရှိ ရုပ်ပွားတော်ကြီး၏ ဝမ်းဗိုက်တော်အလယ် တည့်တည့်တွင် ပြဒါးရှင်လုံး ကိန်းဝပ် လျက်ရှိသည်။ ဝသိဏ္ဏာဘိုးတော်နှင့် ဘိုး တော်ဖြူတို့နှစ်ဦး၏ ကောင်းမှုတော်ဖြစ်ပြီး 'ပြဒါးရှင်ကိုယ်တော်မြတ်ကြီးဘုရား'ဟု အမည်ရသည်။

ဖော်ပြပါ ထူးခြားမြင့်မြတ်သည့် ပုဂ္ဂိုလ်ထူးကြီးများ၏ ကောင်းမှုတော် အဖြစ် ဆံတော်ရှင်များ၊ ဓာတ်တော်ရှင် များ၊ ပြဒါးရှင်များ ထည့်သွင်းဌာပနာပြု ထားသည့် ဆင်းတုတော်၊ ရုပ်ပွားတော် များရှေ့တွင် အဓိဋ္ဌာန်ပြုသူ၊ တရားထိုင် သူ၊ ပုတီးစိတ်နေကြသူများ မပြတ်မလပ် ရှိနေကြသည်။ တစ်စုံတစ်ရာထူးခြား၍ဟု ဆိုနိုင်သည်။ လိုရာဆန္ဒပြည့်ကြသည်ဟု လည်း ဆိုကြသည်။


ဤသို့ဆိုလျှင် ...။

**သုတေသီသဏ္ဍ်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



# သူတော်ကောင်းများသီတင်းသုံးရာ

# တောင်မြတ်များ

**ရေကျော်စိုးအောင်**

သူတော်ကောင်း၊ သူမြတ်လောင်းများနှင့် ဝိဇ္ဇာဓိုရ် ထွက် ရပ်ပေါက်လမ်းလိုက်ကြသူများမှာ အေးချမ်းသာယာလှသည့် တိတ်ဆိတ်သော တောတောင်အသီးသီးတွင် သီတင်းသုံးနေထိုင်ကြသည်။

ဦးစွာပထမ သီတင်းသုံးရာ တောင်တော်မြတ်သည် ပုပ္ပါးတောင်ကလပ်ပင်ဖြစ်သည်။ ထိုတောင်တွင် ဆေးဝါးမန္တရားစီရင်ခြင်း၊ ဆေးစားခြင်း၊ ဆေးစုခြင်း၊ ဆေးတာက်ခြင်းများ ပြုကြ၏။

ဂန္ဓာလံတောင် ။ မရိုးစည်ထောင်ထားသည့် သဏ္ဍာန်ရှိ၏။ သာမန်လူများရောက်ရန်ခဲယဉ်းသည်။

ဝိဇ္ဇာဂူဟာတောင် ။ ဝိဇ္ဇာဓိုရ် ယောဂီများများ အစဉ်အမြဲနေထိုင်တတ်ကြသည့်တောင်ဖြစ်၏။

ကာဠတောင် ။ ပန်း၊ သစ်သီးမျိုးစုံနှင့် ဂမုန်းတို့ ပေါက်ရောက်သည်။ တောင်ကလပ်အပြင်တွင် မြကျောက်၊ ဖလ်ကျောက်တို့ဖြင့်ပြီးသော လိုဏ်ဂူနှစ်ဂူ တည်ရှိသည်ဟု လေ့လာတွေ့ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com

မြကျောက်ဖြင့်ပြီးသော လိုဏ်ဂူ ။ အလျားအနံ အကျယ် သုံးဂါဝုတ်ရှိပြီး အပေါက် ၂၄ ပေါက်ရှိသည်ဟု ဆို၏။

**ဖလ်ကျောက်ဖြင့်ပြီးသော လိုဏ်ဂူ** ။ အလျားအနံ အကျယ် တစ်ယူဇနာရှိပြီး လိုဏ်ဂူအပေါက်ပေါင်း ၂၄ ပေါက်ရှိသည်ဟု သိရှိရပါသည်။

ထိုလိုဏ်ဂူနှစ်ခုသည် **'လောကဖလိကဂူ'**ဟု အမည်တွင်ပြီး **သံဝိဇ္ဇာ**အပေါင်းတို့ နေထိုင်ရာလည်း ဖြစ်သည်။

**သုဒဿနတောင်** ။ ရွှေအတိပြီး၏။ အရပ်၊ အစောက် ယူဇနာတစ်ရာငါးဆယ် ရှိ၏။ တောင်ထိပ်တွင် လျှပ်စစ်၊ လျှပ်နွယ်အဆင်းကဲ့သို့ တောက်ပသည့် ရွှေလိုဏ်ဂူနှစ်ဂူ ရှိပြီး၊ ဂူအတွင်း အလျားအနံအကျယ် တစ်ယူဇနာခွဲရှိသည်။ နတ်သား၊ နတ်သမီးတို့ ပွဲသဘင်ပြုလုပ်ရာ ဖြစ်၏။ လိုဏ်ဂူအပေါက်ပေါင်း နှစ်ဆယ်ရှိသည်ဟု ဖော်ပြပါရှိသည်။

လိုဏ်ဂူသည် ကျေးငှက်အသံများနှင့် သစ်ပွင့်သစ်သီး အညှာအရွက်တို့မှာ လေချို လေခတ်သောအခါ စောင်းငြင်းခတ်သံ၊ တူရိယာအသံ ထွက်ပေါ်သည်ဟုလည်း ဆိုကြသည်။ ယင်းဂူနှစ်ခုတွင် နရကဒလီ သူယောင်မယ်အပေါင်းတို့သည် ကွေးညွတ်ပျောင်းနွဲ့ ရှုမငြီးဖွယ်ရာ ကသောဟန်ဖြင့် အဆန်းတကြယ် ဖြစ်ကုန်ပြီး 'ယန္တာမန္တ'ဝိဇ္ဇာများ နေထိုင်ရာ ဖြစ်သည်။

**စိတြတောင်** ။ မျက်ရှင်ကျောက်များဖြင့်ပြီးသော လိုဏ်ဂူနှစ်ခုရှိ၍ အလျားအနံအကျယ် သုံးဂါဝုတ်စီရှိပြီး၊ လိုဏ်ဂူအပေါက် နှစ်ဆယ့်လေးပေါက်ရှိပြီး၊ စိန်စီသံလျက်ကိုင်သော ဝိဇ္ဇာမိုရ်အပေါင်း နေထိုင်ကြကာ 'ဝိဇ္ဇာယက္ခ'ဟုလည်း အမည်တွင်သည်။

**တဏှာဝမုနတောင်** ။ သင်းပျံ့မွှေးကြိုင်သော ရနံ့များ ဖုံးအုပ်နေသော တစ်ဆယ့်လေးနှစ်အရွယ်ရှိ သူယောင်မယ်များက တေးတစာစာ ဟစ်ကြွေးနေကြ၏။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ အူသည်းပြတ်မျှ ကိလေသာတဏှာ ဝင်စားကြ၍ သမာဓိကင်းလွတ်သော တောင်လည်းဖြစ်သည်ဟု ဆိုကြ၏။

**အဂ္ဂိဝဥ္စာတောင်** ။ ယင်းတောင်တွင် သေနတ်၊ မီးပေါက်များထဲတွင် အိပ်နိုင်သော၊ ကာယသိဒ္ဓိပြီးမြောက်စေနိုင်သော ဆေးဂမုန်းအပင်များ ရှိသည်ဟု သိရပေသည်။

**သောခကတောင်** ။ ရေပေါ်သွားလာနိုင်သော ဆေးဂမုန်းများ ပေါက်သည်။

**ဂုမ္ဗာရက္ခတောင်** ။ ဒိဗ္ဗစက္ခုဆေးဂမုန်းများ ပေါက်၏။

**ဒုရ-အဒုရဂဏ္ဍာတောင်** ။ အနီးအဝေးရှိ ရွှေငွေရတနာများကို ယူနိုင်သည့် 'ဆေးဂမုန်း'ပင်များ ပေါက်သည်။

**သီဃတကတောင်** ။ တစ်မှုဟုတ်ချင်း ယူဇနာတစ်ရာကို ရောက်ရှိနိုင်သည့် ဆေးဂမုန်းပင်များ ရှိသည်။

**မဟာဗလတောင်** ။ ခွန်အားကြီးမားစေနိုင်သော ဆေးဂမုန်းပင်များ ပေါက်သည်ဟု တွေ့ရှိရ၏။

**အာကာခံတောင်** ။ လူအများအလိုရှိရာ တမ်းတသည့်အခါ ခဏချင်း ရစေနိုင်သည့် ဆေးဂမုန်းပင်များ ရှိသည်ဟု သိရ၏။

**ဒေဝဂဟတောင်** ။ ကျား/မတို့ အသက်အရွယ် နုပျိုစေနိုင်သော ဆေးဂမုန်းပင်များ ပေါက်သည်ဟု ဖော်ပြထားသည်။

**သာရကလျာဏီတောင်** ။ ကာယသိဒ္ဓိပြီးမြောက်၍ ရန်သူမမြင်နိုင်သော ဆေးဂမုန်းပင်များ ပေါက်သည်။

**အာယုဒီဃတောင်** ။ သရက်ပင်သဏ္ဌာန် ဆေးဂမုန်းပင်များရှိပြီး၊ သုံးဆောင်သည့်အခါ အသက်တမ်း အဆ၊ အရာ၊ အထောင် နေနိုင်သည့် ဆေးစွမ်းကောင်း ဂမုန်းပင်များ ပေါက်သည်။

**ကေလာသတောင်** ။ ပန်း၊ သစ်သီးမျိုးစုံတို့ ပေါက်သည်။ တောင်ထိပ်အပြင်တွင် ငွေသားဖြင့်ပြီးသော လိုဏ်ဂူရှိသည်။ အလျားအနံအကျယ် သုံးယူဇနာရှိပြီး ဂူအတွင်းတွင် ပုလဲအရောင်အလျှံကဲ့သို့ ဖြူစင်သော အရောင်များ တောက်ပနေကုန်၏။ ရသေ့၊ သူတော်၊ သူမြတ်များနှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ နေထိုင်ကြပြီး (ကြာသိဂူဟ)ဟု အမည်ရသည်ဟု သိရှိမှတ်သားရပါသည်။

ဖော်ပြပါ တောင်ထူးတောင်မြတ်တို့မှာ လူသာမန်တို့ ရောက်ရှိရန် အလွန်ခက်ခဲသည်။ ထွက်ရပ်ပေါက်လမ်း လိုက်စားကြသည့် ရသေ့၊ သူတော်စင်၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ၊ ဝိဇ္ဇာမိုရ်များသည် သိဒ္ဓိ၊ မဟိဒ္ဓိ အမျိုးမျိုးစီရင်နိုင်သောတောင်များ ဖြစ်သည်ဟု မှတ်သားရမိပါတော့သည်။

**ရေကျော်စိုးအောင်**

**ကျမ်းကိုး။**

စမဝိဇ္ဇာ ထွက်ရပ်ပေါက်ကျင့်စဉ်မှ။



www.burmeseclassic.com

www.burmeseclassic.com



# မြေလျှိုးမိုးပျံ့ လောကီချာန်

**ကြည်ဝင်းကို**

အားလပ်ရက်တစ်ရက်တွင် တောင်စဉ်ရေမရ တွေးတောနေမိခဲ့၏။ ထိုအတွေးများထဲတွင် ဖတ်ဖူးသော စာပေဟောင်းများ၊ ကြည့်ဖူးသော ရုပ်ရှင်များလည်း ပါဝင်၏။ အထူးသဖြင့် အိုးဝေဂျာနယ်တွင် (ဝန်ကြီးချုပ်ဟောင်း) ဦးကျော်ငြိမ်းရေးသားသော ပဋိက္ခရားမင်းသားအကြောင်းလည်း ပါ၏။ စူပါမင်း (Super Man) ရုပ်ရှင်လည်းပါ၏။ ထိုသို့ အတွေးဖြစ်ရာမှ အစပြုပြီး မြန်မာမှုနယ်ပယ်မှ မြေလျှိုးမိုးပျံခြင်းအကြောင်း စဉ်းစားမိကာ ဤစာအား ရေးသားဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတော်တွင် သာသနာပေါ်ထွန်းသော ပျူနိုင်ငံ၊ ဟန်လင်းခေတ်မှာပင် ဈာန်ရ၊ အဘိညာဉ်ရ ရဟန္တာများရှိခဲ့ကြောင်း ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က သူ၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်တွင် အထောက်အထား ခိုင်လုံစွာဖြင့် ဖော်ပြထားသည်ကို ဖတ်ရဖူးပါသည်။

သရေခေတ္တရာ (ခေါ်) ရှေးသရေခေတ္တရာပြည်တွင် ရဟန္တာ ၅၀၀ ရှိခဲ့ဖူး၏။ သထုံသာသနာဝင်တွင်လည်း ဈာန်အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်တွေ အလွန်အများအပြားရှိ၏။ ဈာန်အဘိညာဉ်ရ ရဟန္တာဖြစ်ခြင်းကြောင့် ကောင်းကင်ခရီး သွားနိုင်ခြင်း (ခေါ်) မိုးပျံနိုင်ခြင်းစွမ်းရည် ရှိကြပါသည်။

၁၉၉၀ ပြည့်နှစ်ဝန်းကျင်က ရန်ကင်းမြို့နယ်၊ မိုးကောင်းစေတီ ဓမ္မာရုံကြီးတွင် တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ရေစုပရိတ်တရားပွဲကြီးတွင် ဆရာတော်ကြီးက သမထအကြောင်း ပြောဆိုရာတွင် သမထအားကောင်းသော ရဟန္တာများသည် ဈာန်ပျံရဟန္တာများဖြစ်ကြပြီး၊ သမထအားနည်းသော ရဟန္တာများမှာကား မြေလျှောက်ရဟန္တာများ ဖြစ်ကြသည်ဟု ဟောကြားတော်မူသည်ကို နာကြားရဖူးပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သမာဓိသက်သက် မထူထောင်ဘဲ ဝိပဿနာထဲပါသည့် သမာဓိနှင့် နိဗ္ဗာန်ရရှိနိုင်ပုံ (ပစ္စုပ္ပန်ခန္ဓာဖြစ်စဉ်ရှုရန်) တရားတွင် -

"သမာဓိလမ်းမပါဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားဖူးတယ်။ ဝိပဿနာရှေ့သွားရှိလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရမှာပဲ။ အရဏ်တက်ခြင်းဟာ နေထွက်ခြင်းကြောင်း မဟုတ်လား။

ခန္ဓာကို ရှုတဲ့အခါမှာ ဖြစ်ပျက်ရှုလျှင် သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါးနဲ့ ရှေ့သွားရှုလိုက်လျှင် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာဓိဆိုတဲ့ သမာဓိမဂ္ဂင် သုံးပါးက အလိုလိုပါလာတယ်။ ခန္ဓာရဲ့ ဖြစ်ပျက်ကို ဒီငါးပါးနဲ့ ရှုလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရနိုင်တယ်။

သမာဓိက အတင်းဝင်ပြီးပါနေတာ။ သမာဓိကို အထူးတလည် မူတည်မနေပါနဲ့တော့လို့သာ ပြောလိုက်ပါရစေ။ မလုပ်ကောင်းဘူးလားဆိုတော့ လုပ်ကောင်းပါရဲ့။ သာသနာတွင်း သက်တမ်းကတိုတဲ့အတွက် သက်တမ်းနဲ့ မကိုက်ဘူး။ မြန်မြန်ဖြစ်ပျက်မြင်၊ မြန်မြန်ဖြစ်ပျက်ဆုံးတဲ့ မဂ်ဉာဏ်ပေါ်မှာပဲ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်။ ဝိပဿနာကနေ ရဟန္တာဖြစ်တာ။ ဒီအခိုက်အတန့်မှာတော့ ကောင်းကင်ပျံ၊ မြေလျှိုး၊ အဘိညာဉ်ရဆိုတာတော့ မရနိုင်ဘူး။ ဒါပေမဲ့ ရဟန္တာဖြစ်ပြီးမှ ဒါပြန်ကျင့်ရင် ရနိုင်တယ်။ နောက်မှထပ်ပြီး သမထလမ်း ပြန်သွားမယ်ဆိုလျှင် သာတောင်လွယ်သေး။ ဒါက အလွယ်လမ်းကိုး"

ဟူ၍ ဟောပြောဆုံးမခဲ့ဖူးပါသည်။

ပဲခူးမြို့ ကလျာဏီကျောက်စာပါ ပြဏ္ဏဒဿီမထေရ်၏ လောကီဈာန် အဘိညာဉ်အကြောင်းမှာ စိတ်ဝင်စားဖွယ်နှင့် ယှဉ်သော ထင်ရှားသည့် သက်သေတစ်ခု ဖြစ်ပါသည်။

ပြဏ္ဏဒဿီမထေရ်သည် သာသနာတော်တွင် သထုံမြို့၌ ဈာန်သမာပတ်ရသော မနောမဒဿီမထေရ် အုပ်ချုပ်သည့် တပည့် ၅၀၀ ထဲမှ ထင်ရှားသော တပည့်တစ်ဦးဖြစ်၏။

ပြဏ္ဏဒဿီမထေရ်သည် လောကီဈာန်အဘိညာဉ်ရ မထေရ်ဖြစ်၏။ နေ့စဉ် သထုံပြည်မှ နံနက်စောစော မဂဓတိုင်း မဟာဗောဓိရင်ပြင်သို့ တံမြက်လှည်းကြတော်မူ၏။ ပြီးလျှင် သထုံပြည်၌ ပြန်ပြီး ဆွမ်းခံသည်။ နေ့စဉ် တံမြက်ဝတ်၊ ဆွမ်းခံဝတ်တို့ကို ကောင်းကင်ခရီးဖြင့် မပျက်မကွက် ပြုမြဲဖြစ်၏။

တစ်နေ့တွင် ဥရုဝေလာနိဂုံးနေ မဂဓတိုင်းသား ကုန်သည်များ သထုံပြည်သို့ ကုန်ရောင်းကုန်ဝယ်လာစဉ် ပြဏ္ဏဒဿီမထေရ် မဟာဗောဓိရင်ပြင်၌ နေ့စဉ် တံမြက်စည်းလှည်းသည်ကို ဖူးတွေ့ရကြောင်း သထုံသားတို့အား ပြောကြားရာ သထုံသားတို့ကလည်း ထိုအရှင်သည် သထုံပြည်၌ နေ့စဉ် ဆွမ်းခံလျက်ရှိကြောင်း ပြောဆိုကြရာမှ လောကီဈာန် အဘိညာဉ်သမာပတ်ရကြောင်း နားလည်ကြလေတော့သည်။

ဆေးဝိဇ္ဇာမိုရ်မှာ သုံးနှစ်တိုင်အောင် တွင်းအောင်း၍ ဆေးစားရသည်။
သုံးနှစ်စေ့လျှင် အဆွေအမျိုးတို့ တွင်းကဖောက်၍ မွေးကျွေးရသည်။
ပိုးဟပ်အရေလဲသကဲ့သို့ လှပ်လှပ်သာရှိသည်။
အမွေးအကျွေးကောင်းလှမှ အသက်ရှင်သည်။ ကျန်းမာလျှင်
ဆေးအာနုဘော်ကြောင့် ကောင်းကင်ပျံနိုင်လေတော့သည်။

www.burmeseclassic.com

ရှင်ဒိဗ္ဗစက်ရဟန္တာထွေး အကြောင်းမှာလည်း ကောင်းကင်ပျံခြင်းကိစ္စအတွက် ထင်ရှားသော သမိုင်းသက်သေတစ်ခု ဖြစ်ခဲ့ပါသည်။

သာသနာညှိုးမှိန်လာသော ပုဂံပျက်ပြီး ပန်းရ(ပင်းယ)မြို့တည်ခေတ်တွင် မြန်မာပြည်၏ ကံကြမ္မာ၊ သာသနာတော်၏ တန်ခိုးကြောင့်ပေးလာသော ပုဂ္ဂိုလ်ထူးရှင်ဒိဗ္ဗစက်ရဟန္တာထွေးသည် အဘိညာဉ်ရဟန္တာမထေရ် ဖြစ်တော်မူခဲ့သည်။

သာသနာပြုကြွလာသော ထိုရဟန္တာမထေရ်သည် သီဟိုဠ်(သီရိလင်္ကာ)သို့ကြွ၍ ဓာတ်တော်ရုပ်ဆူပင့်ကာ ပုဂံသို့ရောက်၏။ ထို့နောက် အင်းဝမြို့တည်ရာအရပ်သို့ ကြွရောက်လာစဉ် ပင်လယ်မှလာသော သီဟသူဘုရင်နှင့် စစ်သည်တော်တို့သည် ကောင်းကင်၌ ရပ်တည်၍ ရာဇဝါဒ သုတ္တန်ကို ဟောကြားတော်မူခြင်းကို ကြားနာရခြင်း၊ ကောင်းကင်၌ရပ်တည်နေသည်ကို ဖူးတွေ့ရခြင်း အကြောင်းများကို ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်၏ ပင်းယခေတ် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများကဏ္ဍတွင် အတိအကျ ခိုင်လုံစွာ ဖော်ပြထားပါသည်။

အထက်ပါ သာဓကများကိုလည်း ဆရာတော်ဘုရားကြီးတို့၏ အဆိုအမိန့်ရသည်းကောင်း မြန်မာနိုင်ငံ သာသနာတော်တွင် ရဟန္တာများ ကောင်းကင်ပျံ၊ အဘိညာဉ်ရ မိုးပျံခြင်းဆိုသည်မှာ ခိုင်လုံယုံကြည်နိုင်သော ကိစ္စပင် ဖြစ်ပါသည်။

• • •

အင်းဝခေတ် မတစ်လုံးကျေ တောင်တွင်းဆရာတော် ခင်ကြီးဖျော်သည် ကျမ်းပြုအကျော် ဆရာတော်ဖြစ်ရုံမက ဘုရင်ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော ဆရာတော်တစ်ပါး၏ ဧယျာပူရ ဒုတိယမြို့တည် အလောင်းမင်းတရားကြီး၏ သားတော်ကြီး နောင်တော်မင်းတရားကြီးလက်ထက် ဉာဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော မင်းစံတံဆိပ်တော်အလှူခံရသဖြင့် အတုလ နာမသံဃနာယက သံဃရာဇာဖြစ်သော ဆရာတော်ဖြစ်၏။ ဆရာတော်က သူ၏ အင်္ဂဝိဇ္ဇာဋီကာကြီးတွင် ဖော်ပြရာ၌ -

"ပြအပ်သော အကျယ်ပရိတ်အနန္တတို့ကို တစ်စမကျန် ကျေပွန်တတ်မြောက်သော ပုဂ္ဂိုလ်အစစ် ဖြစ်ခဲ့ပြီတကား။ အတ္တ၊ မဇ္ဈတ္တ၊ သဟာယ၊ ဝေရီပုဂ္ဂိုလ်တို့၌ မေတ္တာမျှသဖြင့် အပ္ပနာသို့သက်သော လောကီစျာန်ရှင်တို့ကဲ့သို့ ဝိဇ္ဇာမယအတတ်၌ ကျေပွန်သောသူသည် ခဏချင်းပင် လောကီစျာန်ကို ရဘိ၏သို့ ကောင်းကင်ပျံခြင်း၊ မြေလျှိုးခြင်း၊ မအိုမသေနေရခြင်းတို့နှင့် ပြည့်စုံသော အာယုဝဍ္ဍန အပြီးသို့ ရောက်၏။

ဟူသောရေးသားချက်အရ ရဟန္တာမဟုတ်သော ပုဂ္ဂိုလ်အထူးများသည်လည်း ကောင်းကင်ပျံခြင်း၊ မြေလျှိုးခြင်း စသောအရာများကို ဝိဇ္ဇာမယအတတ်၌ ကျေပွန်သော ပုဂ္ဂိုလ်များတွင် ရနိုင်သော အစွမ်းအဖြစ်ဖြင့် သူ၏ ကျမ်းနိဂုံးပိုင်းတွင် ရေးသားဖော်ပြထားခဲ့ပါသည်။

ဆရာတော်သည် သူ၏ ကျမ်းထဲတွင် "အညမည၊ စိတ်ဝေဖန်၊ ဝိဇ္ဇာမယ၊ ဇော်ဂျီပျံ၊ ရသေ့ရှင်မွန်၊ လောကီစျာန်၊ ခေမာအမတ၊ ပြည်နိဗ္ဗာန်၊ ရောက်လိမ့်ကေန်၊ မဂ်အလွန်၊ ဖိုလ်မွန်ရလွယ်ကျိုး၊ တိုး၍သာ ကြံကြလေစေကုန်"ဟူသော စကားအရ ကြံစည်ကြိုးစားလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုပင် ရောက်နိုင်သည်ဖြစ်၍ ကြိုးစားအားထုတ်သော ဝိဇ္ဇာမယအတတ်ကြောင့် လောကီစျာန်ရသူများ၊ မြေလျှိုးမိုးပျံသူများတွင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ ရသေ့များ ပါဝင်ကြောင်း ထင်ရှားလှပါသည်။

ကျွန်တော်လေ့လာဖူးသော ရှေးဟောင်းကျမ်းတစ်စောင်၏ နိဒါန်းတွင်မူ

"ကမ္ဘာဦးဝယ် အထူးထူးသော စျာန်ပျံရသေ့တို့သည် လောကလူသားမှတ်သားကြစေရန် စကြဝဠာတံတိုင်းတွင် ထားအပ်သော ဆေးကျမ်းများကို ကူးယူထားအပ်သော ဆေးကျမ်းများကို ကူးယူခဲ့ကြရာတွင် အရှင်မုနိန္ဒမည်သော စျာန်ပျံရသေ့သည် အဘိုးအနဂ္ဃထိုက်တန်လှသော အထွေထွေသော ဣန္ဒြမထဆေးကျမ်းများတွင် လူတို့အတွက် ကူးယူထားခဲ့သည့် ဆေးကျမ်းကြီး"

ဟု ဖော်ပြချက်များအရ သာသနာမပေါ်မီကပင် မိုးပျံခြင်း၊ စျာန်ပျံခြင်း၊ မြေလျှိုးခြင်းများ ပေါ်ပေါက်နေသလောဟု ယူဆရန် ရှိလာပါသည်၊ အတိအကျပြောရန်မူကား ခက်လှ၏။

သာသနာတော်တွင် ဆိုရိုးစကားတစ်ရပ် ပေါ်ပေါက်ခဲ့ဖူးပါသည်။ "စပါးပင်နေလုန်းမရ၊ ရဟန်းဟူလျှင် ပုထုဇဉ်ပင်ရုံခါမရှိ"ဟူသော သီဟိုကျွန်း (သီရိလင်္ကာကျွန်း) ပဋိပတ္တိသာသနာဝင်ပြ ပရိတ္တနဒါန်းနှင့် ဝိဘင်္ဂ အဋ္ဌကထာ စကားကဲ့သို့ပင် ထိုအခါက မြန်မာပြည်လည်း ဤနည်းအတိုင်း ရှိပေလိမ့်မည်ဟု မှန်းဆရကြောင်း ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က သုံးသပ်ခဲ့ဖူးသည်။

သာသနာလင်္ကာရ စာတမ်းတွင်မူ အထက်ပါစကားကိုပင် "စျာန်၊ အဘိညာဉ် တန်ခိုးရှိသော ရဟန်းမွန်၊ ရဟန်းမြတ်တို့ လူးလာခေါက်ပြန်၊ ကောင်းကင်ပျံ အသွားများသောကြောင့် အစဉ်အစိုက်



www.burmeseclassic.com

www.burmeseclassic.com

နေရောင်နေရှိန်မရ၍ စပါးလှန်းသည်မှ မတွေ့တတ်ခဲ့ရကား စပါးထောင်းမိန်းမတို့ အောင့်အဲကြရအောင် သာသနာတော် စည်ပင်ထွန်းလင်းသည်"ဟူ၍ ရေးသား ထားသည်ကို တွေ့ရှိရ၏။

ကျွန်တော်၏ အထက်ဖော်ပြပါ အချက်များအရ "မြေလျှိုးမိုးပျံ"ဟူသော စကားတွင် မိုးပျံခြင်းမည်သော "ကောင်း ကင်ခရီးသွားခြင်း၊ ချာန်ပျံခြင်းအဖြစ် အပျက်၊ ပုဂ္ဂိုလ်များကို အထင်အရှား တွေ့ မြင်ခဲ့ရပါ၏။

"မြေလျှိုး"ဟူသော ဖြစ်ရပ်သက် သေကိုမူ ကျွန်တော့်တွင်ရှိသော ဗဟု သုတအင်အားအရ မတွေ့ရှိရသေးချေ။ တတ်သိနားလည်သော ပညာရှင်သုတေ သီများက သက်သေသာဓက ဖော်ထုတ် ပေးကြလျှင် ကောင်းလေစွဟု တောင့်တ မျှော်လင့်မိပါသည်။

ဤနေရာ၌ မြေလျှိုးခြင်းဟူသော စကားရပ်နှင့် ပတ်သက်ပြီး အမှန်တရား နှင့်တကွ အဝေးခန့်မှန်းရန် ခက်လှသော ကျွန်တော်၏ ယူဆတွေးထင်ချက်ကို လည်း အရဲစွန့်ပြီး တင်ပြချင်ပါသည်။

မြေလျှိုးခြင်းကိစ္စသည် သိဒ္ဓိတစ်ရပ် မဟုတ်ဘဲ သမာဓိကျင့်စဉ်တစ်ရပ် ဖြစ် လေမည်ဟု သံသယဖြစ်ခဲ့မိပါသည်။ ဆရာကြီး ဦးသုခ၏ မှတ်စုတွင် သိဒ္ဓိ (၁၀)ပါးကို ဖော်ပြရာ၌ ဥဒကသိဒ္ဓိခေါ် ရေပေါ်တွင် ကြာရိယာပုတ်လေးပါးဖြင့် ပြု လုပ်နေထိုင်နိုင်ခြင်း၊ အာကာသသိဒ္ဓိခေါ် ကောင်းကင်း၌ သွားလာနိုင်ခြင်းတို့ကို ဖော်ပြထားသောကြောင့် မြေလျှိုးခြင်းနှင့် ပတ်သက်ပြီး သိဒ္ဓိတစ်ရပ်အနေဖြင့် ဖော် ပြမထားချေ။

အရှင်ဩဘာသာဘိဝံသ မထေရ် မြတ် စီစဉ်ရေးပြုတော်မူသော သုတေသန သရုပ်ပြအဘိဓာန်တွင်မူ သိဒ္ဓိ(၁၀)ပါးကို ဖော်ပြရာ၌ မြေလျှိုးခြင်းကို ပထဝီသိဒ္ဓိ အဖြစ် ဖော်ပြထားလေသည်။

ထို့ကြောင့် မြေလျှိုးခြင်းဟူသော ကိစ္စအား သိဒ္ဓိတစ်ရပ်ဖြစ်ခြင်း၊ မဖြစ်ခြင်း ကို အပထား၍ မြေလျှိုးခြင်းအပေါ် ကျွန်တော့်တွေးဆချက်ကိုသာ ဖော်ပြလို ပါသည်။

ကျွန်တော်၏ အယူအဆကို ဖော် ပြရမည်ဆိုလျှင် ကွယ်လွန်သူ ဆရာကြီး ဦးသိန်းဖေမြင့်၏ အကြောင်းမှပင် စတင် ရမည်ဖြစ်၏။

ဆရာကြီးက လူတွေ နေ့စဉ်အသက် ရှူသွင်းမှုပြုရာတွင် အိန္ဒိယဖက်ကီကြီး များ၊ ဆာဓူကြီးများ၏ အသက်ရှူမှုပုံစံကို သဘောကျနှစ်သက်ပြီး ထိုသို့ရှူရန် တိုက် တွန်းလေ့ရှိပါသည်။

ထိုနည်းသည် ခေါင်းဖျားမှ ခြေဖျား တိုင်ရောက်အောင် ဂရုတစိုက် ကြာမြင့် စွာ အသက်ရှူသွင်းနည်း ဖြစ်၏။ အားရ ပါးရ ဝဝလင်လင် ရှူသွင်းနည်းဖြစ်၏။ ထိုရှူသွင်းနည်းသည် အသက်ရှင်သည်ဟု ဆိုပါသည်။ ဟိမဝန္တာဘက်မှ ဖက်ကီကြီး များ၊ ဆာဓူကြီးများမှာ ထိုသို့ အသက် တဝရှူသွင်းပြီးနောက် ခန္ဓာကိုယ်ကို မြေ ထဲ မြှုပ်နှံဖုံးအုပ်ပြီး နှစ်နှင့်ချီ နေထိုင်ကြ၊ အသက်ရှင်နေကြသည်ကို အံ့ဩစွာ တွေ့ ရှိရခြင်းပင်။

ရန်ကုန်မြို့ပေါ်မှာပင် သိမ်ဖြူကုန်း (ခေါ်) စတော့ဂိတ်ကုန်းအနီးတွင် သူတော် စင်ဘာဘာကြီးများ ခန္ဓာကိုယ် မြေမြှုပ် နေထိုင်ခဲ့ကြကြောင်း ကြားဖူးခဲ့ပါသည်။

ရေးဟောင်း သိဒ္ဓိပေါက်ကျင့်စဉ် စာအုပ်ဟောင်းတစ်အုပ်တွင် မြေအောင်း ခြင်းနှင့် ပတ်သက်ပြီး ဖော်ပြချက်တစ်ခု ကို အောက်ပါအတိုင်း တွေ့ရှိခဲ့ရ၏။

"ဆေးဝိဇ္ဇာဓိုရ်မှာ သုံးနှစ်တိုင်အောင် တွင်းအောင်း၍ ဆေးစားရသည်။ သုံးနှစ် စေ့လျှင် အဆွေအမျိုးတို့ တွင်းကဖောက် ၍ မွေးကျွေးရသည်။ ပိုးဟပ်အရေလဲ သကဲ့သို့ လုပ်လုပ်သာ ရှိသည်။

အမွေးအကျွေးကောင်းလှမှ အသက် ရှင်သည်။ ကျန်းမာလျှင် ဆေးအာနုဘော် ကြောင့် ကောင်းကင်ပျံနိုင်လေတော့ သည်။

ဟံသာဝတီ ဆင်ဖြူရှင်မင်းလက် ထက် ဟံသာဝတီမြို့ ကျုံးတူးသော ကာလ မြေထဲ၌ အောင်းနေသော မြေ အောင်းနေသော မြေအောင်းဆေးစား ဇော်ဂျီဝိဇ္ဇာဓိုရ်တစ်ယောက်ကိုတွေ့သည်။ ဖော်၍ထားပြီးလျှင် အမွေးအကျွေးမကောင်း ၍ မကြာခင် သေလေသည်"ဟု ဖော်ပြ ထားပါသည်။

ထို့ကြောင့် ကျွန်တော်၏ ယူဆ တွေးထင်ချက်မှာ "မြေလျှိုး၊ မိုးပျံ"ဟူ သော စွမ်းရည်စကားနှစ်ခုတွင် မြေလျှိုး ခြင်းဟူသည်မှာ အထက်ဖော်ပြပါ ဟိမ ဝန္တာနှင့် အိန္ဒိယတောတောင်များရှိ ဖက်ကီ ကြီးများ၊ ဆာဓူကြီးများ၊ ဟံသာဝတီခေတ် ဆင်ဖြူရှင်မင်းလက်ထက် မြို့ကျုံးတူးစဉ် မြေထဲ၌အောင်းပြီး မြေအောင်းဆေးစား နေသော ဇော်ဂျီဝိဇ္ဇာများ၏ နှစ်ကာလ နှစ်ချီကြာအောင် မြေထဲ၌ နေထိုင်ခြင်း စွမ်းရည်ကိုပင် ခေါ်ဆိုခြင်းဖြစ်နိုင်သလော ဟု တွေးဆတင်ပြအပ်ပါသည်။

## ကြည်ဝင်းကို

ကျမ်းကိုး

(၁) ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

(၂) သိဒ္ဓိပေါက်ကျင့်စဉ်နှင့် ဂါထာထူးများ



www.burmeseclassic.com

www.burmeseclassic.com

# ဘူဝယောင်ပျို နှင့် ဝိဇ္ဇာဓိုရ်

ပုပ္ပားတောင်မကြီး၏ အရှေ့တောင်လျှော်တောရွာ၏မြောက်ဘက် ခရီးသုံးမတ်ခန့်အကွာတွင် ဥမင်တစ်ခုရှိသည်။ ရှင်မေဓနီယရသေ့သည် ထိုဥမင်တွင် အမြဲသီတင်းသုံးလျက် တောင်ကလပ်နှင့် ကူးသန်းကာ ထွက်ရပ်လမ်းကို ကြိုးပမ်းအားထုတ်၍ အောင်မြင်ပြီးမြောက်ခဲ့သည်။ ဟိမဝန္တာတောင်မှ ယူဆောင်လာသော အနက်မျိုးစုံအပင်များကို သီတင်းသုံးရာ ဥမင်အနီးတွင် စိုက်ပျိုးထားခဲ့လေသည်။ ရှင်မေဓနီယရသေ့ စိုက်ပျိုးခဲ့သော အနက်မျိုးစုံတို့မှာ (ဗဟန်းနက်၊ ကန့်ကူဆံနက်၊ စလင်းနက်၊ အဖြူက်နက်၊ သန္တာနက်၊ နနွင်းနက်၊ ဆပ်ချိုနက်၊ စပါးလင်နက်၊ ကျွန်းနက်၊ နေကြာနက်၊ စကားနက်၊ သဇင်နက်၊ တာလဗီဇကျောက်ချဉ်နက်၊ ပယင်းနက်၊ လဒျေးနက်၊ မဟူရာနက်၊ ဟုန်းနက်၊ ဒေါ်ရင်းနက်၊ သက်ရင်းနက်၊ နေဇာနက်၊ ပြိန်းနက်၊ ဂမုန်းနက်၊ ဒန့်ဒကူးနက်တို့ ဖြစ်ပေသည်။

ယင်းအနက်တို့ကို အလိုရှိပါက ဤ ပုပ္ပားတောင်တွင် သုံးလ၊ လေးလ၊ ငါးလ စသည် ဘာဝနာကမ္မဋ္ဌာန်း မဂ်ဖိုလ်ငြိမ်းဟု ဆိုအပ်သော ဥပုသ်သီတင်းစောင့်ထိန်းကျင့်သုံး၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် အဓိဋ္ဌာန်နှင့် နေစေပြီးလျှင် အရှင်မေဓနီယရသေ့အား ပင့်ခေါ်ခွင့်ပန်က ရရှိနိုင်ကြောင်း ဆိုလေသည်။

ထွက်ရပ်လမ်းကျင့်စဉ်များသည် လောကီဘက်ဆိုင်ရာ နယ်ပယ်များတွင် လွန်စွာ ဖြစ်နိုင်ခဲသော လမ်းကြီးဖြစ်ပေသည်။ ထိုထွက်ရပ်ပိုင်းဆိုင်ရာ ကျင့်စဉ်တို့သည်လည်း လွန်စွာအားထုတ်နိုင်ခဲ၏။ ယင်းကျင့်စဉ်နှင့် ထွက်ရပ်ဆိုင်ရာ ရေးသားထားသော စာပေတို့သည်လည်း ဝက်ဝှက်လက်ာခေါ် အကောက်နည်းဖြင့် ရေးသားထားသည်ကိုသာ တွေ့ရပေသည်။

သို့ကြောင့် ဖြစ်နိုင်ရန် ခဲယဉ်းပေစွဟု ညည်းတွားကြပေသည်။ လောကီယ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ ဂမ္ဘီရနယ်မှ ဂန္ဓာရီလျှောက်ကြသူများ နည်းမှန်လမ်းမှန် ကျင့်ကြံနိုင်ကြမှ၊ အောင်မြင်နိုင်ကြပါမှ ထွက်လမ်းတက်လမ်းကို ရကြပေမည်။ တချို့မှာ ရရှိပင်ရရှိငြားသော်လည်း တလွဲ


ဆရာသိဟစကြာစိုးမြင့် (ပွဲကျောင်း)



www.burmeseclassic.com

www.burmeseclassic.com





ဆံပင်ကောင်းမှုကြောင့် လမ်းတစ်ဝက် တွင်ပင် အဖျက်ဝင်၍ ပျက်စီးကြရသည်။ ဆုံးရှုံးတတ်ကြပေသည်။ ကျင့်နိုင်ခဲသော၊ ရနိုင်ခဲသော ဝိဇ္ဇာလမ်းအား ရရှိခဲ့သူများ အလွယ်တကူ ပျောက်ဆုံးသွားရခြင်းမှာ ကျင့်ကြံမှုနည်းနည်းဖြင့် ကျင့်၍ ရယူလာသောကြောင့် ဖြစ်သည်။ အထိုက် အလျောက် ပေါက်မြောက်တန်ခိုးသတ္တိ ရောက်လာသောအခါတွင်လည်း ငွေနှင့် ပျက်စီးကြ၊ ဝိသဘာဂကုတ္တိယနှင့် ပျက်စီးရသည်ကိုသာ တွေ့မြင်ကြရပေသည်။

သိုက်ဝင်သိုက်ဆေး၊ သမိုင်းဝင်ဆေး၊ အနက်မျိုးစုံ ဆေးဖုံတို့ကို ကံအားလျော်စွာ စားသုံးရသော ဝိဇ္ဇာဖော်ကြီးတို့သည် ဖော်ပြလတ္တံ့ဖြစ်သော သူယောင်တောသို့ သွားရောက်ပျော်ပါး မိန်းမောကြသည်ဟု ဆိုကြသည်။ တောင်သမုဒ္ဒရာ၏ တောင်ဘက်ရှိသီတာခုနစ်တန်၊ တောခုနစ်တောတို့တွင် တစ်တောအဖြစ် ပါဝင်သော နာရီဝနခေါ် သူယောင်တောသို့ ရောက်သည်။

ထိုတောရှိ အပင်များ၏ သဏ္ဍာန်မှာ ငှက်ပျောပင်နှင့်တူ၏။ ယောက်ျား၊ မိန်းမ အမူအရာဟန်ပန် အင်္ဂါစုံပါဝင်သော လူနှင့်တူသော လူသီးကို သီးသည်။ ငှက်ပျောပင်၏ လုံးပတ်မှာ (၉၉) တောင်ရှိ၍ အတောင်(၉၀၀)မြင့်သည်။ အရွက်မြအဆင်း၊ အခက်သန္တာရောင်၊ အပင်မှာ ငွေရောင်၊ ဝတ်ဆံညှာတံတို့သည် နီလာကျောက်နှင့် တူသည်။ အသီးကား ၁၂ နှစ်အရွယ် သူငယ်မ သဏ္ဍာန်ဟန်ပန်အမူအရာဖြင့် လွန်စွာတူလှသည်။ မျက်ခုံး ငါးရက်လနှင့်တူသည်။ မျက်တောင်ကော့သည်။ မျက်လုံး သော ကြာကြွယ်နှင့်တူသည်။ ဆံပင် ပိတုန်းရောင်ကဲ့သို့ နက်သည်။ သုံးတောင့်ထွာ ရှည်သည်။ နှုတ်ခမ်းမှာ ပတ္တမြားရောင်၊ သန္တာရောင်ကဲ့သို့ နီသည်။ ရွှဲလုံးစီသကဲ့သို့ ညီညာသော သွားတို့သည် ငွေရောင်၊ စိန်ရောင်၊ ပုလဲရောင်ကဲ့သို့ တောက်ပြောင်ဖြူဖွေးသည်။

တစ်ကိုယ်လုံး ဆင်မြန်းထားသော အဆင်တန်ဆာတို့မှာ စိန်တုံး၊ ရွှေတုံး ရွှေခဲဖြစ်သည်။ အသီးကို လေခတ်က တဖျပ်ဖျပ်လှုပ်ရှား၍ လူများ ကသကဲ့သို့ ထင်ရသည်။ ယောက်ျားတို့၏ လိပ်ပြာကို သည်မှာ နားလှည့်ပါ ခေါ်သကဲ့သို့ ကန့်ကလျ ကုတ္တိယအာရုံ ယဉ်မျိုးစုံကို အစွမ်းကုန်ထုတ်၍ ပြနေသလိုရှိသည်။ ထိုတော သို့ရောက်က အာသဝေါကုန်ခန်းပြီး ပုဂ္ဂိုလ်များသော်မှ ပြုံးမိကြသည်။ ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com

တို့မှာမူကား သူယောင်သီးကို မြင်ရုံမျှဖြင့် ရင်ခုန်ကြသည်။ ရေတော်သကဲ့သို့ ဖတ်ဖတ်မော၍ ဇောချွေးကျရသည်။ အပြောများ၍ စကားမပီ၊ ရင်ဆီခွဲဆိုက် အကြိုက်နှင့်တွေ့၊ သွားကြိတ်ထိတ်လန့်၊ ဒူးနှန့်လက်လှုပ် ရွှေဖော့ရုပ်သူယောင်မယ်လေးကို ဆွတ်ခြွေကာ ပန်းမွှေ့ရာသတင်းဝယ် အသက်သွင်းကြသည်။ လိပ်ပြာနှစ်ကောင် အတောင်ယှက်တင်၊ ဘဝင်မွေးမှိုတ်၊ အချစ်စိတ်နှင့် အိပ်မောကျသူများမှာ လေးလကြာမှ နိုးပေသည်။

လောကီဈာန်နှင့် ပျော်မွေ့နေကြသော ရသေ့တို့သည်လည်း သူယောင်မယ်ကြောင့် ဈာန်လျှောရသည်။ ဖန်သလင်းသို့ သက်ဆင်း၍ ပျော်ပါးကြသည်။ တရားလက်လွတ် ငှက်တောင်ကျွတ်သကဲ့သို့ ဖြစ်ကြသည်။

ဒလက်များ၊ ချားရဟတ်များကဲ့သို့ ချာချာလည်၍ ရေစွဲကျသော အပ်ကဲ့သို့ ရှာဖွေမရ ဖြစ်တတ်သည်။ သင်းပျံ့မွှေးကြိုင် တလှိုင်လှိုင်ထုံလှသော သီလရနံ့ တန်ခိုးတို့သည် ငါးပိအိုးထဲရောက်သကဲ့သို့ ဖြစ်တတ်သည်။ ပိုးဖလံ မီးပုံတိုးသကဲ့သို့ အကျိုးမှန်သမျှ ဆုတ်ယုတ်ပျက်ပြားတတ်သည်။ ဆားလေ့မှောက်သကဲ့သို့ မိမိ၏ ကိုယ်ကျင့်တရားတို့သည်လည်း ကောက်မရနိုင့် ယောင်ချာချာ ဖြစ်နေတတ်သည်။

ဆံကျစ်များ၊ လျှော်တေသင်္ကန်းများ၊ သစ်နက်ရေများ ဗရုတ်သုတ်ခ သုံးမရအောင် ဖြစ်လေသည်။ လေးလလွန်၍ အိပ်ရာမှနိုးထသောအခါမှ ပျော်မွေ့ကြည်နူး အရှုံးကြီးရှုံး၍ မြူးခဲ့ကြသော သူယောင်သီး သမီးပျိုမှာ ပုပ်ပွနံစော် လူသေကောင်ကဲ့သို့ ပုပ်နံ့တဟောင်ဟောင်ဖြင့် မရှုသာမရှုက်သာ ဖြစ်တော့မှ သတိရ၍ သံဝေဂဖြစ်ပြီးလျှင် ယခင်က အားထုတ်နေကျဖြစ်သော တရားများကို ဆက်လက်အားထုတ်ကျင့်သုံးပြီးမှ လိုရာခရီးသို့ ဈာန်ခရီးဖြင့် ကြွနိုင်ကြပေသည်။

ယင်းကဲ့သို့ လောကီအာရုံ ကာမဂုဏ်ချမ်းသာ၌ ကိန်းအောင်းသောစိတ်ဓာတ်နှင့် ပူးကပ်ယှဉ်တွဲအားကြီးက ပွားစီးလတ္တံ့သော စည်းစိမ်မှ လျော့ပါးဆုတ်ယုတ်တတ်ကြလေသည်။



ပုံ(၂)

**(စကားချပ်)**

အထက်ပါပုံသည် ကြံဖန်၍ ပြုလုပ်ထားခြင်းဖြစ်သည်။ အင်တာနက်မှ ရသည်ဆို၍ ရိုက်ရောင်းနေကြသည်။ နံပါတ်(၂)ပုံသည်လည်း မဟုတ်ပါ။ နှစ်ပေါင်းတစ်ရာမှ တစ်ခါသာဥသော အသက်ရှည်ဆေးပင်ဥ ဖြစ်ပါသည်။ မြန်မာ–တရုတ်နယ်စပ်တောင်တန်းတွင် ရှိသည်။ စာရေးသူအနေဖြင့် ပုပ္ပားတောင်သမားတော်ကြီး ဦးသာတင်၏ မှတ်တမ်း၊ လောကီအင်္ဂုတ္တိုလ်ကျမ်း၊ သမန္တာစက္ခုကျမ်းများမှ ရှာဖွေသိရှိရသည်မှာ ငှက်ပျောပင်ကြီးကြီးမှာ ငှက်ပျောဖူးနေရာတွင် သူယောင်မယ်သီးသည်သဘောပင် ယူဆမိပါသည်။



**ဆရာသီဟစကြာစိုးမြင့်**

**(ပွဲကျောင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်းဘာဘာ

အောင်သန်းချစ်



၁၈၃၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့က ဂန်နာဘာဘာဇာဂျာနဲ့ ဒီဗာဂီရိ အမ်မာတို့ရဲ့သားလေး ဆိုင်းဘာဘာ လူ့ပြည်ကို စတင်ရောက်ခဲ့တယ်။ ၎င်းဇနီးမောင်နှံက ဘာသာရေးအလွန်ကိုင်းရှိုင်းကြည်ညိုကြတယ်။ ရွာရိုးတစ်လျှောက်မှာ ကူးတို့သယ်ပို့ခတ်နေရတဲ့ ခင်ပွန်းသည် မရှိနိုက် ဒီဗာဂီရိအမ်မာထံ သျှီဝနဲ့ ပါဗာတီ ကြွလာကြပြီး သူမဝမ်းမှာ သျှီဝကိုယ်တိုင် ပဋိသန္ဓေနေပြီး လူသားအဖြစ်နဲ့ လူ့ပြည်ကိုကြွမယ်လို့ ကြိုတင်ပြောပြခဲ့တယ်။ အခုတော့ တောတန်းတစ်ခုထဲမှာ သားလေးကို သူမ မွေးဖွားခဲ့ပါပြီ။

ခင်ပွန်းသည်က သူမပြောတာကို မယုံကြည်လို့ အိမ်ကိုကျောခိုင်းပြီး သျှီဝကို လိုက်ရှာတယ်။ ကိုယ်ဝန်အရင့်အမာနဲ့ ခင်ပွန်းသည်နောက်က လိုက်ပါရင်း အခုလို တောထဲက ညောင်ပင်ရင်းမှာ မီးဖွားခဲ့ရတာပါ။

တောတန်းကိုဖြတ်နေတဲ့ ဆူဖီဖကီးနဲ့ သူ့ဇနီးတို့ ကလေးငိုသံကြားရလို့ ညောင်ပင်ရင်းကို ရောက်လာချိန်မှာ ကလေးတစ်ဦးတည်းကိုသာ တွေ့ကြရတယ်။ သားသမီးမထွန်းကားတဲ့ သူတို့ဇနီးမောင်နှံက ဝမ်းနည်းတသာနဲ့ ကလေးကို မွေးစားခဲ့ကြတယ်။ အလ္လာသခင်က ပေးသနားတာလို့ သူတို့ယုံကြည်ခဲ့ကြတယ်။ ကလေးကို မာဂျီဒါလို့ အမည်ပေးခဲ့ကြတယ်။ နှစ်အတန်ကြာတော့ ဖကီးကြီး ကွယ်လွန်သွားလို့ ဇနီးသည် မုဆိုးမကပဲ ကလေးကို ကြီးပြင်းအောင်မွေးခဲ့ရတယ်။

ကလေးက ကြီးပြင်းလာတော့ ထူးထူးခြားခြား အပြုအမူတွေ လုပ်လာတယ်။ ဘုရားရှိခိုးကျောင်းတစ်ခုထဲ ဝင်သွား...ရာမက ဘုရားသခင်၊ သျှီဝက အလ္လာအရှင်မြတ်လို့ သူ... ရုတ်တရက် အော်ဟစ်တော့တယ်။ ဟိန္ဒူကော မူစလင်ကပါ သူ... ဆုံးမရိုက်ထုတ်လေ့ရှိခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ တားမြစ်တာကို မနာခံလို့ မုဆိုးမကြီးလည်း သားလေးကို ဗင်ကူဆာဆိုတဲ့ ဆီလူးရွာက ဆာဒူးထံ အပ်နှံလိုက်တော့တယ်။ ဆာဒူးက လူငယ်လေးကို အတတ်ပညာအမျိုးမျိုး သင်ကြားပေးတယ်။ လူငယ်လေးကလည်း ငယ်ပေမဲ့ သင်ပေးသမျှ အကုန်အစင်ကို တတ်မြောက်ခဲ့တယ်။ တခြားရွာတွေဆီ ဆာဒူးကြီးက လူငယ်လေးကို အတူခေါ်သွားလေ့ရှိတယ်။ ၁၈၄၂ ခုနှစ် နွေရာသီမှာ ရှာဒီရွာကို သူတို့ရောက်သွားကြတယ်။ အဲဒီရွာမှာ (၇)ရက်ကြာ နေထိုင်ခဲ့ကြတယ်။ ဘိုင်ဂျာဘိုင်အိမ်မှာ စားသောက်ကြပြီး ရွာရဲ့ဘုရားရှိခိုးကျောင်းငယ်လေးမှာ သူတို့အိပ်စက်ကြတယ်။ ဒါကြောင့် ၁၈၄၂ ခုနှစ်မှာ ဆိုင်းဘာဘာ ရှာဒီရွာကို စတင်ကြွခဲ့တယ်လို့ ဆိုကြတယ်။ ၎င်းရွာမှာနေစဉ် အစားအစာ လာပို့တဲ့ ဘိုင်ဂျာဘိုင်က သူ့နှမ နာနာဘာလီကိုပါ ဘုရားရှိခိုးကျောင်းငယ်လေးဆီ ခေါ်လာလေ့ရှိတာကြောင့် ၎င်းရဲ့နှမကိုလည်း ဘာဘာမြင်တွေ့ခဲ့ရတယ်။

ဆာဒူးကြီး ဗင်ကူဆာက ဟိန္ဒူဖြစ်ပေမဲ့ ဟိန္ဒူကော မူစလင် နှစ်ဘာသာလုံးက လေးစားတဲ့ သူတော်စင် ဆာမာဒစ်အထိမ်းအမှတ် စိုက်ထူထားတဲ့နေရာဆီ လူငယ်လေးကို ခေါ်သွားပြီး ဩဝါဒတွေနဲ့ သိဝရီတွေကို ပို့ချရှင်းပြခဲ့တယ်။

လူလားမြောက်လာတော့ သို့ဝင်အားတဲ့ လူငယ်က လက်တွေ့ကော ဒဿနိကပိုင်းမှာအပြင် နယ်ပယ်အသီးသီးကို ကျင်အံ့တတ်မြောက်ခဲ့တယ်။ အသက်၊ ဉာဉ်၊ စိတ်နဲ့ မာနတို့ရဲ့ မမြဲတဲ့ အနိစ္စသဘောကို သူသတိပြုမိခဲ့တယ်။ ၎င်းတို့ အညမည ဆက်သွယ်နေတာကိုလည်း သူသိလာခဲ့တယ်။ လောဘရမ္မက်တွေကို ဘယ်လိုပတ်သက်ထိန်းချုပ်ပြီး အေးချမ်းစေနိုင်တယ်ဆိုတာကို သူသဘောပေါက်ခဲ့တယ်။ ဒါကြောင့် သူ့အပြောအဆို၊ အနေအထိုင်တွေက တည်ကြည်လေးနက်နေတော့တယ်။

ဆာဒူးကြီးကတော့ နေ့ရောညပါ သူ့ကို ပြုစုစောင့်ရှောက်ခဲ့တယ်။ ရေချိုးအဝတ်လဲ၊ အစားစားတာမကျန် အိပ်တဲ့အထိ ပြုစုခဲ့တယ်။ ဗင်ကူဆာကတော့ ဘာဘာရဲ့ ဂုရု၊ ကာကွယ်စောင့်ရှောက်သူတာဝန်နဲ့ မိဘအဖြစ်ပါ အလုပ်အကျွေးပြုခဲ့တယ်။ ဘာဘာကိုသာ အချိန်ပြည့် ဆာဒူးကြီးက ပြုစုနေတာကြောင့် ရွာသူရွာသားတွေအတွက် ဆုတောင်းရွတ်ဖတ်ပေးရမယ့်တာဝန်ကိုတောင် ပျက်ကွက်နေပြီလို့ ဝေဖန်ပြောဆိုလာကြတယ်။

လူငယ်လေး အသက် ၁၆ နှစ်ပြည့်ချိန်မှာတော့ ၎င်းတို့ ခွဲခွာရချိန် နီးလာပြီဆိုတာကို ဆာဒူးကြီးသိတာကြောင့် သူသိထားသမျှ၊ တတ်ထားသမျှ အလုံးစုံကို အိတ်သွန်ဖာမှောက် သင်ကြားပေးတော့တယ်၊ တစ်ညမှာ ဘာဘာအိပ်ပျော်နေခိုက် ရွာသားတစ်ယောက်ရောက်လာပြီး အုတ်ခဲတစ်ခဲနဲ့ ဘာဘာ့ခေါင်းကို ပစ်ပေါက်လိုက်တာကို ဆာဒူးကြီးမြင်သွားပြီး ဘာဘာ့ခေါင်းအစား ၎င်းက ဝင်ခံပေးခဲ့တယ်။ ဒါကြောင့် ဆာဒူးကြီး ထိပ်ကွဲပြီး သွေးတွေ ယိုစီးခဲ့ရတယ်။ ထိန်းမနိုင်သိမ်းမရ ဒေါသထွက်တာကြောင့် ဆာဒူးကြီးက ကျိန်ဆဲလိုက်တယ်။ ချက်ချင်းပဲ ခဲပေါက်သူ လဲကျသွားတော့တယ်။

မကြာမီ သတိပြန်ဝင်လာတဲ့ ဆာဒူးကြီးရဲ့ ညွှန်ကြားချက်နဲ့ ဘာဘာက ဆာဒူးကြီးရဲ့ ညာခြေမကို ဆေးပေးတဲ့ရေနဲ့ လဲကျနေသူအပေါ် ပက်ဖြန်းပေးလိုက်တော့ ပြန်ပြီးထလာခဲ့တယ်။ တစ်ခါ ဆာဒူးကြီးက သူတို့နှစ်ဦး ခွဲခွာရမယ့်ကာလရောက်ပြီဖြစ်ကြောင်း ထုတ်ပြောခဲ့တယ်။ တန်ဖိုးရှိတဲ့ ပစ္စည်းအားလုံး ဘာဘာကိုပေးပေမဲ့ ဘာဘာက ဆာဒူးကြီးဦးခေါင်းကိုထုခဲ့တဲ့ အုတ်ခဲကိုသာ တောင်းဆိုယူငင်ခဲ့တယ်၊ ဒါ့အပြင် ဆာဒူးကြီးက သူ့သွေးတွေ စွန်းထင်းနေတဲ့ အဝတ်နဲ့ ဘာဘာ့နဖူးကို စည်းပေးပြီး ဒီအဝတ်စရှိနေသမျှ ဘာဘာ့မှာ အန္တရာယ်ကင်းနေလိမ့်မယ်လို့ ပြောကြားခဲ့တယ်။

ဘာဘာတစ်ဦးတည်း ဂိုဒါဗာရီမြစ်ရိုးတစ်လျှောက် ခြေလျင်ထွက်ခဲ့တယ်။ အချိန်ကတော့ ၁၈၅၄ ခုနှစ်၊ ဗာဂါရှိရာလဖြစ်တယ်။ ရှာဒီရွာကိုရောက်တော့ ဘာဘာက သစ်ပင်ကြီးတစ်ပင်အောက်မှာ ရပ်နားနေခဲ့တယ်။


အနီးက တောထဲမှာ လှည့်လည်ရင်း သစ်သီးသစ်ဖုတွေကိုသာ စားပြီး အချိန်အတန်ကြာ နေထိုင်ခဲ့တယ်၊ ဆိုးဝါးလှတဲ့ ရာသီမှာတောင် သစ်ပင်ကြီးအောက်မှာ တရားထိုင်နေတဲ့ လူငယ်ကို ရွာသူရွာသားတွေက သတိပြုမိလာကြတယ်။ အချို့က ၎င်းတရားထိုင်နေတာကို အနှောင့်အယှက်ပေးတဲ့အနေနဲ့ မေးခွန်းတွေ သွားမေးကြတယ်၊ အချို့ကလည်း လူငယ်ကို လူကြောင်အဖြစ် ပြက်ရယ်ပြုကြတယ်။

တစ်နေ့မှာတော့ မျက်မမြင်ဒုက္ခိတတစ်ဦး သစ်ပင်ကြီးအောက် ရောက်လာတယ်။ လူငယ်က ဒုက္ခိတကို သနားတာကြောင့် သူ့လက်တွေနဲ့ ကွယ်နေတဲ့ မျက်လုံးတွေကို အသေအချာ ပွတ်သပ်ပေးတယ်။ ဒုက္ခိတခမျာ မျက်လုံးတွေ သိပ်ပူလာတာကြောင့် ကျယ်ကျယ်လောင်လောင် အော်ဟစ်ရင်း အသံပါတိမ်ဝင်ပျောက်ကွယ်သွားတော့တယ်။ အော်သံကြားလို့ ရွာသူရွာသားတွေ သစ်ပင်ကြီးအောက် ရောက်လာကြတယ်၊ ခဏကြာတော့ ဒုက္ခိတကြီး သတိပြန်လည်လာပြီး မျက်စိနှစ်ကွင်း အလင်းရနေတာကို တအံ့တဩ ကြုံရတော့တယ်။ အဲဒီနေ့ကစပြီး ရှာဒီတင်မက အနီးအနားရွာတွေက ဝေဒနာသည်တွေပါ လာရောက်ပြီး ဘာဘာရဲ့ ကုသမှုကို တစ်နှစ်ကြာမျှ ခံယူခဲ့ကြတယ်၊ ပျောက်စေဆေးရာအဖြစ်နဲ့ အခုလိုသာ နေ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘာဘာပုံ

စဉ် ဆေးကုနေရရင် ၎င်းရဲ့ တရားထိုင်တာကို ဆက်လက်မလုပ်ဘဲ ရပ်နားထားရတာကြောင့် တစ်ညမှာ ရှာဒီရွာက တိတ်တဆိတ် ထွက်ခဲ့တယ်။ ထရီအမ်ဘိတ်ဆွာကို ရောက်တော့ တရားထိုင်ဖို့ သင့်တော်တဲ့ တောင်မြင့်ကြီးတွေမှာ တစ်နှစ်ကြာနေထိုင်ခဲ့တယ်။

တောင်တန်းပေါ်မှာ တစ်နှစ်ကြာ တရားထိုင်ပြီးလာရာလမ်းအတိုင်း မြစ်ရိုးတစ်လျှောက်ကနေပြီး ဂုရုဗင်ကူဆာနဲ့ ခွဲခွာတဲ့နေရာဆီ ပြန်လာခဲ့တယ်။ အဲဒီနေရာမှာ သူက ဂုရုကြီးကို သတိတရဖြစ်လာပြီး သူ့ကို လမ်းညွှန်ဖို့ မေတ္တာပြုလိုက်တယ်။ ဗင်ကူဆာက ကိုယ်ထင်ပြပြီး သင်လည်း ငါ့လိုပဲ ဂုရုတစ်ပါးအဖြစ်နဲ့ လူသားတွေကို အလုပ်အကျွေးပြုပါတော့လို့ ညွှန်ကြားခဲ့တယ်။ အဲဒီဒေသမှာ လူငယ်လေး (၂)နှစ်ကြာ နေထိုင်ခဲ့တယ်။

၁၈၅၈ ခုနှစ် မာဂါရှိရာလပြည့်နေ့မှာ ဗင်ကူဆာရဲ့ ညွှန်ကြားချက်ကြောင့် ရှာဒီရွာဆီ ဘာဘာပြန်ခဲ့တယ်။ အဲဒီမှာ သူ(၂)နှစ်ကြာ ထပ်နေခဲ့တယ်။ အဲဒီအချိန်တုန်းက ရှာဒီရွာမှာ အခြားသူတော်စင်နှစ်ပါးဖြစ်ကြတဲ့ ဒေဗီဒတ်စ်နဲ့ ဂျာနကီဒတ်စ်တို့လည်း ရှိနေခဲ့တယ်။ ၎င်းတို့က ဘာဘာကို ထူးခြားတဲ့ တန်ခိုးတော်ရှင်အဖြစ် အသိအမှတ်ပြုကြတယ်။ ရှာဒီရွာသူရွာသားတွေကတော့ သစ်ပင်အောက်မှာနေပြီး ဝေဒနာမျိုးစုံကို ကုသပေးခဲ့တဲ့ ပျောက်စေဆရာကြီးအဖြစ် ဘာဘာကို အသိအမှတ်ပြုထားကြတယ်။ ဒါကြောင့် ဘာဘာပြန်ရောက်လာတော့ ဝေဒနာသည်ပေါင်းစုံလည်း သူ့ရှေ့မှောက် အပြေးအလွှား လာရောက်ကြတော့တယ်။

ဘာဘာကြောင့် ရှာဒီရွာလေးလည်း ဟိုးလေးတကျော် ဖြစ်ခဲ့ရတယ်။ ၎င်းရဲ့ ဘာပစ္စည်းကိုမှ မမက်မောတဲ့ လောဘမရှိမှုစိတ်ဓာတ်နဲ့ ဆင်းရဲချမ်းသာ မခွဲခြားဘဲ ကုသမှုကြောင့် အားလုံးသော ပရိသတ်ကြီးက ဘာဘာကို ပိုပြီးလေးစားကြည်ညိုခဲ့တယ်။ ဒါ့အပြင် ဒီရွာနဲ့ ဝေးကွာတဲ့အရပ်တွေမှာ ဘာဖြစ်ပျက်နေတယ်ဆိုတာကိုတောင် ဘာဘာက သိနေတာကြောင့် ရွာသူရွာသားတွေက အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်အဖြစ် သူ့ကို သိနေကြတယ်။

ဘာဘာက အားလုံးသော ဘာသာဝင်တွေ ညီအစ်ကိုလို ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ငြိမ်းချမ်းစွာ အတူနေထိုင်ကြဖို့ ဆော်သြတယ်။ ဘာဘာက သူ့ကိုယ်သူ လူသားတွေရဲ့ ကျေးကျွန်အဖြစ် သတ်မှတ်ပြီး လူသားတွေရဲ့ အကြွေး သူ့အပေါ် တင်ရှိနေတာကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ပေးဆပ်နေသူအဖြစ် ပြောပြခဲ့တယ်။

## ကွယ်လွန်ခြင်းနဲ့ ပြန်ရှင်ခြင်း

ဒီအဖြစ်အပျက်က ၁၈၈၆ ခုနှစ်က မာဂါစီရာလပြည့်နေ့မှာ ဖြစ်ပွားခဲ့တာပါ။ ည(၁၀)နာရီလောက်မှာ ဘာဘာနဲ့ မာဟာလဆောပတီးတို့ ဆွေးနွေးနေခဲ့ကြတယ်။ ဘာဘာက သူပန်းနာရင်ကျပ်ခံစားနေရတယ်လို့ မာဟာလဆောပတီးကို ပြောပြတယ်။ ''လောလောဆယ် ကျွန်တော့်ခန္ဓာကိုယ်ကို ကျွန်တော် စွန့်ခွာသွားမယ်။ သုံးရက်မြောက်တဲ့နေ့မှာ ဒီခန္ဓာထဲ ကျွန်တော် ပြန်လာမယ်။ အဲဒီသုံးရက်လုံး ကျွန်တော့်ခန္ဓာကိုယ်ကို ခင်ဗျားကာကွယ်စောင့်ရှောက်ပေးထားပါ။ အကယ်၍ သုံးရက်မြောက်လို့မှ ကျွန်တော်ပြန်မရောက်လာခဲ့ရင် ဒီဗလီရဲ့ မျက်နှာချင်းဆိုင်မှာ မြှုပ်နှံပေးပါ။ အပေါ်မှာ အလံနှစ်လက် စိုက်ထူပေးထားပါ''

ပြောနေရင်းပဲ ဘာဘာက မာဟာလဆောပတီးရဲ့ ပေါင်ပေါ်မှာ ခေါင်းတင်ပြီး ခန္ဓာကိုယ်က ခွာသွားတော့တယ်။ ရွာဒီတစ်ရွာလုံး ဘာဘာပြောခဲ့တဲ့စကားတွေ မာဟာလဆောပတီးကတစ်ဆင့် ပျံ့သွားခဲ့တယ်။ တခြားလူတွေက ဒီစကားကိုမယုံဘဲ ဘာဘာကွယ်လွန်သွားပြီလို့သာ ကောက်ချက်ချခဲ့ကြတယ်။ ရွာလူကြီး ဘတ်တီးက အဲဒီရွာသားတွေရဲ့ကောက်ချက်ကို အခွင့်ကောင်းယူပြီး ဒီလောက် တန်ခိုးအစွမ်းတွေနဲ့ ပြည့်စုံနေသူဆိုရင် အခုလို သေသွားစရာမရှိပါဘူးလို့ ဝေဖန်ထောက်ပြခဲ့တယ်။

ဒါပေမဲ့ ရှာဒီရွာသားအများစုကတော့ ဗလီရှေ့မှာ တစ်နေကုန် စုဝေးနေကြတယ်။ ဘတ်တီးနဲ့ သူ့နောက်လိုက်တွေက ဘာဘာ့အလောင်းကို တခြားနေရာဆီ ရွှေ့ပစ်ဖို့ ကြိုးစားကြတယ်။ မာဟာလဆောပတီးကတော့ ဘာဘာကြိုတင်ပြောထားခဲ့တဲ့ သုံးရက်မစေ့မချင်း အလောင်းကို မတို့မထိကြဖို့ အပြင်းအထန် ကန့်ကွက်ပြောဆိုတယ်။ ရွာသူရွာသားတွေကပါ မာဟာလဆောပတီးကို ထောက်ခံတာကြောင့် ဘတ်တီးလက်လျှော့လိုက်ရတယ်။ ဒါပေမဲ့ သေသွားတဲ့လူတစ်ယောက် ဘယ်လိုမှ ပြန်ရှင်လာစရာလမ်းမရှိတာကြောင့် ဘာဘာအသက်ပျောက်မပျောက် ဆရာဝန်တစ်ဦးဦးနဲ့ စစ်ဆေးမယ်လို့ တင်းခံပြန်တယ်။ ဒါကြောင့် သုံးရက်မြောက်တဲ့နေ့မှာ ဆရာဝန်တစ်ဦး ရှာဒီရွာကို ရောက်လာတယ်။ ဆရာဝန်က အသေအချာစစ်ဆေးပြီး ကွယ်လွန်ခဲ့တာ သုံးရက်တောင်ရှိနေပြီလို့ အတည်ပြုပေးတဲ့အပြင် ရှာဒီရွာအနီးတစ်ဝိုက်မှာ ပလိပ်ရောဂါ ဖြစ်ပွားနေတာကြောင့် အလောင်းကို ဂရုစိုက်ကြဖို့နဲ့ ကြာရှည်မထားကြဖို့ သတိပေးတယ်။

ဒါကြောင့် သုံးရက်တင်းတင်းပြည့်ချိန်ရောက်လို့မှ ဘာဘာပြန်မရောက်ခဲ့ရင် နောက်ဆုံးပူဇော်ပွဲကျင်းပပြီး မြှုပ်နှံပစ်ဖို့ ဆုံးဖြတ်ကြတယ်။ ဒါပေမဲ့ စတုတ္ထနေ့ဝင်စစောစောမှာ အလောင်းက လှုပ်လာပြီး အသက်ရှူစပြုလာတယ်။ မိနစ်အနည်းငယ်အကြာမှာ ဘာဘာထထိုင်တယ်။ မာဟာလဆောပတီးက ဝမ်းသာကြည်နူးသံကြီးနဲ့ အော်ဟစ်တော့တယ်။ ရွာသူရွာသားတွေကတော့ ဆိုင်းဘာဘာ ခြေအစုံကို ဦးခိုက်ပြီး ကန်တော့ကြတယ်။ ဘာဘာပြန်လည် အသက်ဝင်လာတာကို မျက်မြင်ကြုံရတဲ့ ဘတ်တီးလည်း တအံ့တသြနဲ့ လက်ခံလိုက်ရတယ်။ အဲဒီအချိန်ကစပြီး ဘတ်တီးက ဆိုင်းဘာဘာကို ယုံယုံကြည်ကြည် ဆည်းကပ်တော့တယ်။

## အုဒီရဲ့ သရုပ်သကန်

အုဒီဆိုတာ ဒူနီထံက အထွက်အမြွက်အထိမ်းအမှတ် ဖြစ်တယ်။ ၎င်းအုဒီကို အဆောင်အဖြစ် နောက်လိုက်တွေကိုပေးပြီး ဘာဘာက ''ဒီကမ္ဘာမှာ ရှိရှိသမျှအားလုံး အဆုံးမှာ ပြာဖြစ်ကုန်ကြတာချည်းပါ။ ကျွန်ုပ်တို့ခန္ဓာကိုယ်ကြီး အသက်ပျောက်သွားတဲ့အခါ မီးသင်္ဂြိုဟ်လိုက်တော့ ပြာဖြစ်သွားရတယ်။ ဒီလောက်တိုတောင်းလှတဲ့ အသက်ရှင်နေရခိုက်မှာ ဘာကြောင့်လောဘတွေ၊ လိမ်လည်လှည့်ဖြားတာတွေ၊ အကုသိုလ်တွေ၊ လိုအင်ဆန္ဒတွေနဲ့ စိတ်အလိုကိုလိုက်နေကြပါသလဲ''လို့ ပရိသတ်ကို မိန့်ကြားခဲ့တယ်။

ဖန်ဆင်းထားတဲ့အရာအားလုံးဟာ အနိစ္စ(ဝါ)မမြဲတဲ့တရား ဖြစ်တယ်။ ခန္ဓာကိုယ်ကြီးလည်း နောက်ဆုံးမှာ ပြာဖြစ်သွားရတယ်ဆိုတာကို ၎င်းရဲ့တပည့်တွေ သဘောပေါက်လာအောင် ဘာဘာက ပြာတွေပေးခဲ့တယ်။ သူချီးမြှင့်ခဲ့တဲ့ပြာတွေက ဘာတွေလုပ်ဆောင်ခဲ့သလဲဆိုတာကို ကြည့်ကြပါစို့။

၁။ နာရာယာနာရောင်းက နာဆစ်ဇာတိဖြစ်တယ်။ အင်နန်အက်ချ်ရမ်ဟိုတယ်ပိုင်ရှင်ဖြစ်တယ်။ တစ်ခါတော့ သူ့မိတ်ဆွေတစ်ယောက် ကင်းကိုက်ခံရတယ်။ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲလာတာကြောင့် ဘာဘာရဲ့ပြာကို ရှာပေမဲ့ မတွေ့ဖြစ်နေတာကြောင့် ချက်ချင်းပဲ ဘာဘာကို ရှိခိုးပြီး အမွှေးတိုင်ကကျလာတဲ့ ပြာတွေနဲ့ သူ့မိတ်ဆွေရဲ့ ကင်းကိုက်ခံထားရတဲ့ ဒဏ်ရာပေါ် ဖိသိပ်ပေးတယ်။ အံ့သြလောက်အောင်ပဲ ကင်းကိုက်နာ ချက်ချင်းပျောက်ကင်းသွားခဲ့တယ်။

၂။ ဘင်ဒရာမှာနေတဲ့ ဘာဘာကို ရိုသေကိုင်းရှိုင်းသူတစ်ဦးရဲ့သမီးက တခြားရွာကို သွားလည်တယ်။ အဲဒီရွာမှာ သူမ ပလိပ်ရောဂါ ကူးစက်ခံရတော့တယ်။ ဘာဘာကို ဆည်းကပ်နေသူ နာနာချန်ဒေါ်ကာဆီ အကြောင်းကြားပြီး သူ့ဆီကို



www.burmeseclassic.com

www.burmeseclassic.com

ဘာဘာ့ပြာပို့ပေးဖို့ မေတ္တာရပ်တယ်။ အဲဒီအချိန်မှာ နာနာက သူ့ဇနီးနဲ့အတူ ခရီးထွက်ဖို့ သိမ်းရထားဘူတာရုံမှာ ရောက်နေတယ်။ သူ့မှာ ဘာဘာ့ပြာပါမလာခဲ့ပါ။ ဒါကြောင့် သူက ဆိုင်းဘာဘာကို ရှိခိုးအာရုံပြုပြီး ဘာဘာ့ကို ရာနှုန်းပြည့် ယုံကြည်ကိုင်းရှိုင်းနေသူရဲ့ သမီးလေးအဖြစ်ကျွန်တော့်ဇနီးရဲ့နဖူးမှာ မြေမှုန့်ကို ဘာဘာ့ပြာအဖြစ်သုတ်ပေးပါတယ်။ ကလေးမလေးကို သနားကြင်နာသောအားဖြင့် ပလီပ်ရောဂါမှ ဘာဘာကယ်တင်ပေးပါလို့ လျှောက်ထားခဲ့တယ်။ နာနာထံ ဘာဘာပြာလာယူတဲ့လူက ဒီအဖြစ်ကို အစအဆုံး ကြည့်နေခဲ့တယ်။ ၎င်းလူ ရွာကို ပြန်ရောက်တော့ ကလေးမလေး အဖျားကျပြီး လူကောင်းဖြစ်နေတာကို တအံ့တသြ တွေ့ရတယ်။ ဒ့ါအပြင် နာနာက သူ့ဇနီးနဖူးမှာ မြေမှုန့်တွေပွတ်ပြီး ဘာဘာထံ တိုင်တည်လိုက်ချိန်နဲ့ ကလေးမလေး အဖျားကျသွားချိန် တစ်ထပ်တည်းဖြစ်နေတာကိုပါ တွေ့ရသေးတယ်။

၃။ မာလီဂါဝန်မှာနေတဲ့ ဆရာဝန်ရဲ့တူမှာ ကုလို့မရတဲ့ အရိုးမှာပြည်တည်နေပြီဖြစ်တဲ့ အဖုလေးတွေ ပေါက်နေတယ်။ ဘယ်ဆေးနဲ့မှ မတိုးတာကြောင့် ဘာဘာ့ထံ ရောက်လာတယ်။ ပေးလိုက်တဲ့ပြာတွေထည့်ပေးလို့ တစ်ပတ်ကြာရင် ရောဂါပျောက်ကင်းသွားလိမ့်မယ်လို့ ဘာဘာက မိန့်တယ်။ ဒီနေရာကို ရောက်လာသူတိုင်း စိတ်ချမ်းသာပြီး အခက်အခဲတွေက လွတ်မြောက်ကြရလိမ့်မယ်လို့ ဘာဘာ မြွက်ကြားခဲ့တယ်။ စကားပြောနေရင်း ဘာဘာက အဖုတွေကို လက်နဲ့ဖြည်းဖြည်းချင်း နှိပ်ပေးတယ်။ ဘာဘာ့ပြာတွေ ထည့်ပေးတာကြောင့် တစ်ပတ်အကြာမှာ အဖုတွေ လုံးဝပျောက်သွားတော့တယ်။

၄။ ဘင်ဒရာက လူကြီးလူကောင်းတစ်ယောက်ကတော့ သူအိပ်ဖို့ပြင်လိုက်တာနဲ့ ကွယ်လွန်သွားတဲ့ သူ့ဖခင်ကို အိပ်မက်ထဲမှာ တွေ့ရပြီး သူ့ကို ဆဲရေးတိုင်းထွာ မာန်မဲတော့တယ်။ ဒါကြောင့် သူ့ခမျာ ညတိုင်းအိပ်ရေးပျက်ခဲ့ရတယ်။ ကြာလာတော့ အိပ်မပျော်တဲ့ရောဂါကို ခံစားနေရရှာတယ်။ သူ့မိတ်ဆွေတွေက ညအိပ်ခါနီးတိုင်း ဘာဘာ့ပြာကို နဖူးမှာ ပွတ်နိုင်းတယ်။ ဘာဘာ့ပြာကို နဖူးမှာပွတ်ပြီး အိပ်တော့မှပဲ အိပ်မက်ဆိုးမမက်တော့ဘဲ အိပ်စက်ရတော့တယ်။

၅။ ခါခါမဟာဂျန်ရဲ့ မိတ်ဆွေက ရုပ်တုကိုးကွယ်တာကို ဆန့်ကျင်သူဖြစ်တယ်။ ဘာဘာ့အစွမ်းကို စမ်းကြည့်ဖို့ ရှာဒီရွာကို သူသွားခဲ့တယ်။ ခရီးမထွက်မီ



ဆိုင်းဘာဘာပုံ



www.burmeseclassic.com

www.burmeseclassic.com

မှာ ဘာဘာကို သူမကန်တော့ဘူးလို့ ကြေညာခဲ့တယ်။ ရှာဒီရွာကို သူတို့ရောက်ကြတော့ ဘာဘာက ပျူပျူငှာငှာ ကြိုဆိုတယ်။ ထူးခြားတာကတော့ ဘာဘာ့လေသံက ကွယ်လွန်သွားပြီဖြစ်တဲ့ သူ့ဖခင်လေသံနဲ့ တူနေတယ်။ ခဏအတွင်းမှာပဲ ဘာဘာက သူ့ဖခင်ရုပ်သဏ္ဌာန်ပြောင်းသွားတယ်။ သူ့ဖခင်အစစ်ကို သူပြန်မြင်ရပြီလို့ အော်ဟစ်ရင်း ဘာဘာ့ခြေကို ဦးခိုက်ရှိခိုးတော့တယ်။ မိနစ်အနည်းငယ်ကြာတော့ ဘာဘာ့ရုပ်ကိုပဲ သူတွေ့ရပြီး သူ့ဖခင်သဏ္ဌာန်ပျောက်သွားတယ်။ သူ့ကို ဘာဘာက "မင်းက မကန်တော့ချင်ဘူးလေ။ ဒါကြောင့် ကန်တော့ရမယ်လို့ မင်းကို မပြောပါဘူး။ တို့ကြားထဲမှာ ရှိနေတဲ့ လိုက်ကာကို ဖယ်လိုက်စမ်းပါ။ တို့တစ်ဦးနဲ့တစ်ဦး ရှင်းရှင်းလင်းလင်းမြင်လာပြီး ဝမ်းသာရလိမ့်မယ်။ တို့က တစ်ဦးနဲ့တစ်ဦး အတူတူတွေပါ။ ငါက မင်းထဲမှာ ရှိနေသလို၊ မင်းကလည်း ငါ့ထဲမှာ ရှိနေတယ်"

၆။ ရှာဒီရွာပြင်မှာ အလုပ်လုပ်နေခိုက် ရှားမားရဲ့ ခြေသန်းလေးကို အဆိပ်ရှိတဲ့ မြွေက ကိုက်သွားတယ်။ သူ့တစ်ကိုယ်လုံးဆီ မြွေဆိပ်တွေ ပျံ့လာတယ်။ သူ့သူငယ်ချင်းတွေက မြွေကိုက်ရင် ကုပေးနေတဲ့ ဗွိတိုဘာဘုရားရှိခိုးကျောင်းကြီးဆီ သူ့ကို ပို့ချင်ကြတယ်။ လူနာရှားမားကိုယ်တိုင်က ဘာဘာ့ဆီ ပို့ခိုင်းတယ်။ ရှားမားကို မြင်ရတော့ ဘာဘာက ...

"အပေါ်မတက်နဲ့၊ မင်းဒီလိုလုပ်ရင် ငါအာပြန်လုပ်မယ်ဆိုတာ မြင်ရမယ်"

ဒီစကားကိုကြားရတဲ့ ရှားမားကတော့ သူ့ကို ဗလီအပေါ်ထပ်ကို မတက်စေဘဲ အပြင်ထွက်ခိုင်းတယ်ထင်ပြီး ဝမ်းနည်းနေတယ်။ တကယ်တော့ ဘာဘာက ရှားမားကိုယ်ထဲမှာရောက်နေတဲ့ အဆိပ်တွေကို ပြောခဲ့တာဖြစ်တယ်။ ရှားမားကိုမဟုတ်ပါ။ ဗလီထဲဆီ ရှားမားကို သယ်လာပြီးပြသတော့ ဘာဘာက အားလုံးသိပြီးနေတာကြောင့် ရှားမားခန္ဓာထဲက အဆိပ်တွေ ထွက်သွားဖို့ အမိန့်ပေးခဲ့တယ်။ ပြီးတော့ ရှားမားအနီးကပ်ပြီး–

"မကြောက်နဲ့။ ဒီဖကီးက မင်းကို အမှန်တကယ် ကယ်ဆယ်လိမ့်မယ်။ ဟိုဟိုသည်သည် လျှောက်မသွားနဲ့၊ အိမ်ပြန်ပြီးအနားယူပါ။ အိပ်တော့ မအိပ်လိုက်နဲ့"

မိနစ်အနည်းငယ်အတွင်းမှာ ရှားမား ဝေဒနာကင်းစင်သွားခဲ့တယ်။ မန္တန်တွေထက် ဘာဘာ့စကားက ပိုပြီးအစွမ်းထက်တာကို တွေ့ကြရလိမ့်မယ်။ ဘာဘာ့စကားတွေကိုယ်တိုင်က မဟာမန္တန်တွေ ဖြစ်နေတယ်။ ဒါကြောင့် မန္တန်နဲ့ကုသခံချင်တဲ့ ပရိသတ်တွေ မည်သည့်နက္ခတ်ဗေဒင်ဆရာဆီကိုမှ သွားဖို့မလိုတော့ပါ။ ဗေဒင်ဆရာတွေက ကြုံရမယ့် ဘေးအန္တရာယ်တွေကို ဟောရုံသာ ဟောနိုင်ကြမယ်။ ဘာဘာ့လို ဘေးအန္တရာယ်တွေကို မောင်းထုတ်ပြီး ချမ်းသာပျော်ရွှင်အောင် မစွမ်းဆောင်နိုင်ကြပါ။

၇။ ၁၉၀၃ ခုနှစ်က ဒူလီယာတရားရုံးမှာ လူတစ်ဦးကို ခိုးမှုနဲ့ စစ်ဆေးတယ်။ တရားခံက ရုံးတော်မှာ တင်ပြထားတဲ့ သက်သေခံပစ္စည်းတွေကို ဆိုင်းဘာဘာက ပေးခဲ့တာလို့ ထွက်ဆိုတယ်။ ဒါကြောင့် တရားရုံးတော်က ဆိုင်းဘာဘာကို သမ္မန်စာဆင့်ပြီး ခေါ်တော့တယ်။ နာနာချန်ဒေါ်ကာရဲ့ အကြံပြုချက်အရ ဆိုင်းဘာဘာကို ရိုသေကိုင်းရှိုင်းသူတွေက တရားသူကြီးထံ လျှောက်လဲချက်ပေးခဲ့တယ်။ ဆိုင်းဘာဘာလို တန်ခိုးအစွမ်းနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မျိုးကို တရားရုံးတော်မှာ လာရောက်ထွက်ဆိုခိုင်းတာ မသင့်လျော်ကြောင်း တင်ပြကြတယ်။ ဒါကြောင့် သက်သေခံပစ္စည်းတွေက အရေးပါနေတာကြောင့် ဆိုင်းဘာဘာရှိတဲ့ ရှာဒီရွာဆီ တရားသူကြီးတစ်ယောက် စေလွှတ်ခဲ့တယ်၊ တစ်ရွာလုံးကတော့ တရားသူကြီးရောက်နေတာကို မသိခဲ့ကြပါ။ ဒါပေမဲ့ ဘာဘာကကြိုသိနေပြီး စားပွဲတွေ ကုလားထိုင်တွေနဲ့ ရုံးခန်းတစ်ခုလို စီစဉ်ပေးထားခဲ့တယ်။ ရွာကို တရားသူကြီးရောက်လာတော့ အမေးအဖြေလုပ်ကြတယ်။

တရားသူကြီး ။ ခင်ဗျားနာမည်။

ဆိုင်းဘာဘာ ။ အားလုံးက ကျုပ်ကို ဆိုင်းဘာဘာလို့ ခေါ်ကြတယ်။

တရားသူကြီး ။ ဖအေနာမည်။

ဆိုင်းဘာဘာ ။ သူ့နာမည်လည်း ဆိုင်းဘာဘာပါပဲ။

တရားသူကြီး ။ ခင်ဗျားဂုရုအမည်။

ဆိုင်းဘာဘာ ။ ဗင်ကူဆာ။

တရားသူကြီး ။ ခင်ဗျားကိုးကွယ်တဲ့ ဘာသာ။

ဆိုင်းဘာဘာ ။ ကမ္ဘာ့ဘာသာ။

တရားသူကြီး ။ အသက်။

ဆိုင်းဘာဘာ ။ နှစ်သန်းပေါင်းများစွာ။

တရားသူကြီး ။ အမှန်ကိုပဲ ထွက်ဆိုမှာဖြစ်ကြောင်း ကျမ်းကျိန်ပါ။

ဆိုင်းဘာဘာ ။ ကျုပ်ဘယ်တော့မှ မုသားမပြောဘူး။ အရင်ကလည်း မပြောခဲ့ဘူး။ အနာဂတ်မှာလည်း ပြောမှာ မဟုတ်ဘူး။

တရားသူကြီး ။ တရားခံကို သိသလား။

ဆိုင်းဘာဘာ ။ ကျုပ်မသိတဲ့သူ မရှိပါ။

တရားသူကြီး ။ တရားခံက ပြောပြတယ်။ သူက ခင်ဗျားရဲ့တပည့်ဖြစ်ပြီး သူက ခင်ဗျားကိုသိတယ်တဲ့။

ဆိုင်းဘာဘာ ။ ကျုပ်က အားလုံးနဲ့အတူဖြစ်ပြီး အားလုံးကလည်း ကျုပ်ပဲ။

တရားသူကြီး ။ တရားခံကို ဒီပစ္စည်းတွေ ခင်ဗျားက ပေးခဲ့သလား။

ဆိုင်းဘာဘာ ။ ဒီလောကကမ္ဘာမှာ ဘယ်သူက ဘာကိုလိုချင်လိုချင် ကျုပ်က ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

တရားသူကြီး ။ ဒီပစ္စည်းတွေ တရားခံကို ပေးနိုင်ခွင့် ခင်ဗျားမှာ ရှိပါသလား။

ဆိုင်းဘာဘာ ။ ဒီကမ္ဘာမှာ ရှိရှိသမျှပစ္စည်းတွေကို ကျုပ်ပိုင်တယ်။ ကျုပ်မပိုင်တာ ဘာတစ်ခုမှမရှိဘူး။

တရားသူကြီး ။ အခုကိစ္စက ခိုးမှုနဲ့ ပတ်သက်နေတာကြောင့် သိပ်အရေးကြီးတယ်၊ ဒီသက်သေခံပစ္စည်းတွေကို ခင်ဗျားက ပေးခဲ့တာပါလို့ တရားခံက ထွက်ဆိုနေတယ်။

ဆိုင်းဘာဘာ ။ ဘာတွေရေးကြီးခွင်ကျယ်လုပ်နေတာလဲ။ ဒီခိုးမှုနဲ့ ကျုပ်လုံးဝမပတ်သက်ဘူး။

ပထမအမေးတွေကို ဆိုင်းဘာဘာ ဖြေခဲ့စဉ်က တရားသူကြီး တအံ့တသြဖြစ်ခဲ့ရတယ်။ နောက်ဆုံးအမေးကို ပြန်ဖြေလိုက်ချိန်မှာ တရားသူကြီး ဆုံးဖြတ်ရခက်သွားတယ်။ အချိန်အတန်ကြာ တွေးတောပြီးမှ နေ့စဉ်မှတ်တမ်းကို တရားသူကြီး ဖတ်ရှုစစ်ဆေးတယ်။ ရှာဒီရွာကို တစ်ကြိမ်မှ တရားခံမလာခဲ့တာကော၊ ဆိုင်းဘာဘာလည်း ဒီရွာကနေပြီး အပြင်မထွက်ခဲ့တာကိုပါ တွေ့ရတယ်။ ဒါကြောင့် တရားခံထွက်ဆိုခဲ့တဲ့ ဆိုင်းဘာဘာကပေးတဲ့ ပစ္စည်းတွေဆိုတာ မဟုတ်မှန်ကြောင်း ရုံးတော်ကို အစီရင်ခံလိုက်တာကြောင့် တရားခံတစ်ဦးတည်းကို အပြစ်ဒဏ်ချမှတ်ခဲ့တယ်။

## ဘာဘာအထွတ်အမြတ်ထားတဲ့ ဘာသာရေးကျမ်းများ

တပည့်တချို့က သူတို့မဖတ်ခင် ဘာသာရေးကျမ်းစာအုပ်တွေ ဘာဘာကို ပေးလေ့ရှိတယ်။ ဘာဘာက ကျမ်းထဲက စာမျက်နှာအချို့ကို လှန်လှောပြီးတာနဲ့ တပည့်တွေကို ပြန်ပေးလေ့ရှိတယ်။ တပည့်အားလုံးက ဘာဘာလက်နဲ့ထိပြီးရင် ဘာသာရေးကျမ်းထဲက ခက်ခက်ခဲခဲတွေကို တောင် သူတို့ လွယ်လွယ်ကူကူ နားလည်သဘောပေါက်ကြလိမ့်မယ်လို့ ယုံကြည်ခဲ့ကြတယ်။

တစ်ခါကတော့ အီနတ်ဘာဂဝမ်ကျမ်းကို ကာကာမဟာဂျန်က ရှာဒီရွာဆီ ယူလာတယ်။ ရှားမားက အဲဒီကျမ်းကို ဖတ်ချင်နေတယ်။ ဒါကြောင့် စာအုပ်ကို ဘာဘာက ကိုင်ကြည့်ပြီးတာနဲ့ ရှားမားကိုလှမ်းပေးတယ်။ ရှားမားကလည်း ပိုင်ရှင်ကာကာကိုသာ ပြန်ပေးဖို့ ပြောတယ်။ ဒါပေမဲ့ ဘာဘာက ငါကမင်းကိုပေးတာလို့ ဖြေတယ်။ ဒီကျမ်းထဲက အကြောင်းအရာတွေကို ကာကာကောင်းကောင်း သဘောပေါက်နေပြီးဖြစ်တာကို ဘာဘာက သိနေတယ်။ ကာကာကိုယ်တိုင် အခုလို ဘာဘာက ရှားမားကိုပေးလိုက်ရင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားမှာကိုတောင် ကြိုသိနေတယ်။ ရှားမားက ပညာမဲ့ပြီး မျက်စိမှိတ်ယုံကြည်သူ ဖြစ်တယ်။ ဘာသာရေးကျမ်းတွေ လေ့လာလေ့မရှိပါ။ ဒါကြောင့် ဘာဘာက ရှားမားကို ပေးခဲ့တာ ဖြစ်တယ်။

ရမ်ဒတ်စ်ဆိုတဲ့ ဘာသာရေးကိုင်းရှိုင်းသူတစ်ဦး ရှာဒီရွာကို ရောက်လာခဲ့တယ်။ နေ့စဉ် ဗလီရှေ့မှာထိုင်ပြီး VISHNU SAHASRANAMAM နဲ့ AADYATMIKA RAMAXANA ကျမ်းတွေကို ဖတ်တယ်။ တစ်နေ့မှာ စာဖတ်နေတုန်း ဘာဘာက အပြင်ဆီ တောက်တိုမည်ရရှိုင်းလိုက်တယ်။ ဒတ်စ်အပြင်ထွက်သွားခိုက်မှာ စာအုပ်ကို ရှားမားလက်ထဲ ထည့်ပြီး "ရှားမားရေ ... ဒီစာအုပ်က သိပ်တန်ဖိုးရှိတယ်။ မင်းကို ဒီစာအုပ် ငါက လက်ဆောင်ပေးတယ်။ ဒီစာအုပ်ကို အသေအချာဖတ်ရှုလေ့လာ" လို့ ဩဝါဒပေးခဲ့တယ်။

ဒါ့အပြင် ဘာဘာက ငါ့နှလုံးခုန် သိပ်မြန်နေပြီ။ အသက်ကိုတောင် ရန်ရှာမှာ စိုးရိမ်နေရချိန်မှာ ဒီစာအုပ်ကို ငါဖတ်ခဲ့တယ်။ ဒီစာအုပ်က စိတ်သက်သာရာရစေနိုင်တယ်။ အလ္လာအရှင်မြတ်ကိုယ်တော်တိုင် ကြွလာပြီး ငါ့ကို ကူသပေးခဲ့တယ်လို့တောင် ထင်ခဲ့မိတယ်။ ဒီလောက်အစွမ်းထက်တဲ့ ကျမ်းမို့ မင်းကိုငါ ချီးမြှင့်တာပါ။ တစ်နေ့ကို စာတစ်ပုဒ်ပဲ ဖတ်တာတောင် မင်းကိုအများကြီးအကျိုးပြုလိမ့်မယ်လို့ ထပ်ပြီးရှင်းပြခဲ့တယ်။

ဒါပေမဲ့ ရန်လိုတဲ့ ရန်ဒတ်စ်စိတ်ထားကို သိတာကြောင့် ရှားမားက လက်ခံချင်ဟန်သာဆောင်ခဲ့တယ်။ ဒီအကြောင်း ရန်ဒတ်စ်ကို ရှင်းပြတော့ ရန်ဒတ်စ်က ရှားမားကို ရန်စောင်တော့တယ်။ အဲဒီအခါမှာ ဘာဘာက ရန်ဒတ်စ်ကို ခေါ်ပြီး

"ရန်ဒတ်စ်ရယ် ဘာကြောင့်များ ရှားမားကို ရန်စောင်နေရတာလဲ။ ဒီကိစ္စမှာ ရှားမားလုံးဝအပြစ်မရှိပါဘူး။ ရှားမားက ငါတို့ထဲက မိတ်ရင်းဆွေရင်းတစ်ဦးမဟုတ်ပါလား။ ဘာကြောင့် သူနဲ့ ခိုက်ရန်ဖြစ်ချင်ရတာလဲ။ ဘုရားစာအုပ်တွေ မင်းနေ့စဉ်ဖတ်နေပေမဲ့ ခုထိ မင်းစိတ်က မစင်ကြယ်သေးပါလား။ တကယ်က စာတွေ့ထက် လက်တွေ့ကျင့်ကြံအားထုတ်မှ လွတ်မြောက်လိမ့်မယ်။ ဒီစာအုပ်တွေကို သံယောဇဉ်တွယ်နေဖို့ မလိုဘူး။ စာအုပ်ဆိုတာ ဝယ်လို့ရတယ်။ လူကိုတော့မရဘူး။ ငါပြောတာကို အလေးအနက်တွေးတောဆင်ခြင်ပြီး လိမ်လိမ်မာမာလုပ်ဆောင်ပါ။ ဒီစာအုပ်ထဲမှာပါတာတွေကို မင်းက အလွတ်တောင်ရနေလောက်ပါပြီ။ ရှားမားကို ပေးဖတ်ပြီး အကျိုးများအောင် လုပ်ဆောင်ပါ။ အကယ်၍ အစားလိုချင်ရင် ရှားမားမှာရှိနေတဲ့ ကျမ်းတွေထဲက မင်းကြိုက်တာ ရွေးပြီးယူပါ"

ဒီတော့မှ ရန်ဒတ်စ် ကျေနပ်သွားပြီး ရှားမားရဲ့ PANCHAJANYA GITA စာအုပ်ကို အစားယူသွားခဲ့တယ်။ တစ်ခါကလည်း ဘာဘူစဟတ်ဂျော့ချ်ကတီ

www.burmeseclassic.com

လက်စ်ရေးတဲ့ GITA RAHAS YAM (SECRET OF BHAGWAT GITA) ကျမ်းကို ဘာဘာ့ထံယူလာတယ်။ ဘာဘာက စာအုပ်ထဲက စာမျက်နှာအချို့ကို လှန်ကြည့်ပြီးတာနဲ့ ဂျော့ချ်ထံ ပြန်ပေးရင်း ဒီကျမ်းကို ထဲထဲဝင်ဝင် လေ့လာရင် ကောင်းတာတွေ အများကြီးရလိမ့်မယ်လို့ ဩဝါဒပေးခဲ့တယ်။

## ရှိခိုးနည်း(၉)မျိုး

ပူးနားကအနန်တာရောင်းပက်တန်ကာက ဝိဒစ်ပညာရှင်ဖြစ်တယ်။ ဝိဒက်စ်၊ ဥပါနိုဆဒေါနဲ့ ပုရမ်ကာ (၁၈)ကျမ်းကို လေ့လာခဲ့ပြီးပေမဲ့ သူ့စိတ်မငြိမ်းချမ်းခဲ့ပါ။ ဒါကြောင့် ရှာဒီရွာကို ရောက်လာပြီး ဘာဘာနဲ့တွေ့တယ်။ ဘာဘာကိုမြင်ရတာနဲ့ သူ့တစ်သက်မှာ တစ်ကြိမ်မှ မငြိမ်းချမ်းဘူးခဲ့တဲ့ ငြိမ်းချမ်းခြင်းမျိုးကို ခံစားခဲ့ရတယ်။

ဒါကြောင့် ဘာဘာ့ခြေထောက်ရင်းမှာ ဝပ်တွားရင်း သူ့ကို ကောင်းချီးပေးပါလို့ လျှောက်ထားတယ်။ ဘာဘာက –

"တစ်ခါက ကုန်သည်တစ်ယောက် ကျုပ်ဆီရောက်လာတယ်။ မေးခွန်းတချို့မေးချင်လို့ ကျုပ်ဆီသူရောက်လာခဲ့ပေမဲ့ သူဘာမှမမေးနိုင်ဖြစ်ခဲ့ရတယ်။ ကျုပ်ကို သူက တည့်တည့်ကြည့်တယ်။ မကြာခင်မှာ သူ့ရှေ့က ခွေးခြေခုံတွေက ဘောလုံး (၉)လုံးပုံသဏ္ဍာန်နဲ့ ဖြစ်သွားတယ်။ ကုန်သည်က ဘောလုံး(၉)လုံးကို သူ့အပေါ် အဝတ်စမှာ ထည့်လိုက်ပြီး သူ့စိတ်ကို တည်ငြိမ်စေကာ ငြိမ်းအေးမှုရသွားတယ်"

ဒါပေမဲ့ ဒီအဆိုအမိန့်ကို ပက်တန်ကာ သဘောမပေါက်ဖြစ်နေတာကြောင့် ဘာဘာရဲ့တပည့် ဒါဒါက ရှင်းပြခဲ့တယ်။ ဘုရားသခင်ကို ယုံကြည်သူဆိုရင် စိတ်ကို သမာဓိတည်အောင် ကျင့်ကြံအားထုတ်ပြီး ဂုရုကြီးကို ရိုးသားဖြောင့်မတ်စွာ အလုပ်အကျွေးပြုခဲ့ရင် ဘုရားသခင်က ဘုရားရှိခိုးနည်း(၉)နည်းကို ပြသလိမ့်မယ်။ အဲဒီ (၉)နည်းထဲက ကြိုက်နှစ်သက်ရာနည်းကိုသုံးပြီး ကျင့်ကြံအားထုတ်ရင်း ဘုရားသခင်ဆီ ရောက်လိမ့်မယ်လို့ ပြောပြတယ်။

အဲဒီ (၉)နည်းကတော့ –

၁။ ဆရာဝနော ။ ဘုရားပုံပြင်တွေကို နားဆင်ခြင်းနဲ့ ဘာသာရေးကျမ်းတွေ လေ့လာခြင်း။

၂။ ကီလတန်း ။ ဘုရားသခင်ရဲ့ ကြီးကြပ်မှုကို ချီးမွမ်းရေးဖွဲ့ထားတဲ့ ဘုရားရှိခိုးတေးတွေကို သီဆိုခြင်း။

၃။ ဆမောရန်း ။ ရှာရာမန်မှာ နာကြားခဲ့ရတာတွေကို စုစည်းပြီး အမြဲနှလုံးသွင်း ဆင်ခြင်ခြင်း။

၄။ ပေါဒေါဆေဝ ။ ခြေထောက်ကို ဦးတိုက်ရှိခိုးခြင်း။

၅။ အာရာကြောန ။ နေ့စဉ်ပူဇော်ပွဲအမျိုးမျိုး ကျင်းပခြင်း။

၆။ နမ္မစကားရ် ။ တရိုတသေနဲ့ ဆလံပေးအလေးပြုပြီး ဦးညွှတ်ခြင်း။

၇။ ဒတ်စ်ခါရော ။ ဘုရားသခင်ထံမှာ မိမိကိုယ်ကို ကျေးကျွန်သဖွယ် အလုပ်အကျွေးပြုစုခြင်း။

၈။ ဆုသောရား ။ ဘုရားသခင်ကို မိမိရဲ့ အဆွေခင်ပွန်းကဲ့သို့ နှလုံးသွင်းခြင်း။

၉။ အတ္တမောနီဝေဒန ။ မိမိအသက်ကို စွန့်လွှတ်ပြီး ဘုရားသခင်ထံ အပ်နှံရှိခိုးခြင်းတို့ ဖြစ်ကြတယ်။

စိတ်တည်ငြိမ်တဲ့အခါမှာ (၉)မျိုးလုံးနဲ့ ဘုရားသခင်ကို ရှိခိုးနိုင်ပါတယ်။

## နာနာဝလီ

ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝချင်လို့ လူတွေက ဘာဘာကို ဆည်းကပ်ကြတာမျိုး ရှိပါတယ်။ နာနာဝလီက ခပ်လှမ်းလှမ်းကနေပြီး ပရိသတ်ကို အကဲခတ်စောင့်ကြည့်နေလေ့ရှိတယ်။ သူက အပေါ်အင်္ကျီဝတ်ထားပေမဲ့ သူ့ကိုမြင်ရသူတိုင်းက သူ့ကို စိတ်ကယောက်ကယက် ဖြစ်နေသူလို့ ထင်ကြတယ်။ သူ့နှုတ်ထွက်စကားတွေက ကြမ်းတမ်းပြီး သူကမျက်လုံးတွေနဲ့ တစ်ပါးသူတွေ လန့်ဖျပ်ကုန်အောင် စိုက်ကြည့်လေ့ရှိတယ်။ ဒါကြောင့် ဘယ်သူကမှ သူ့ကို ဆေးဖော်ကြောဖက် မလုပ်ကြပါ။ မတရားတာမှန်သမျှကို သူက ဘယ်တော့မှ သည်းမခံဘဲ မတရားပြုသူနဲ့ မျက်နှာချင်းဆိုင်ပြီး သူ(၁ ခက်ထန်ကြမ်းတမ်းတဲ့ စကားတွေနဲ့ ရှုတ်ချလေ့ရှိတယ်။ ဒါကြောင့် လူတိုင်းက သူလာနေတာမြင်ရင် ရှောင်ပြေးကြတော့တယ်။

ဘာဘာကို တစ်စုံတစ်ယောက်က ဆန့်ကျင်ပြောဆိုနေတဲ့အခါမျိုးမှာ သူက သည်းမခံပါ။ ဒီလုပ်ရပ်ကတော့ ဘာဘာ့အပေါ် သူ့ယုံကြည်ရှိသေမှုကို ပြတာဖြစ်တယ်။ တစ်နေ့မှာ ကုန်သည်အချို့က ငွေရေးကြေးရေးကိစ္စနဲ့ပတ်သက်ပြီး ဘာဘာကို အနှောင့်အယှက်ပေးကြတယ်။ ဘာဘာ့ရှေ့ဆီ သူရောက်လာပြီး "ဖကီး ... ငွေတွေချက်ချင်းသီးပေးတဲ့ သစ်ပင်ကြီးတစ်ပင် ကျွန်တော်ရချင်ပါတယ်။ အခုလောလောဆယ် ငွေသီးမပေးနိုင်ဘဲ့ သစ်ပင်ငယ်မျိုးကို ကျွန်တော်မရချင်ဘူး။ တစ်ခဏအတွင်း အစို့အညှောက်ထွက်လာပြီး ငွေတွေသီးပေးတာမျိုး ဖြစ်ရပါမယ်"

ဘာဘာက နာနာဝလီရဲ့ ဒေါသကို ပြေစေပြီး လိုတာရစေမယ်လို့ နှစ်သိမ့်လိုက်တော့ သူက ရယ်မောရင်း ထွက်သွားတော့တယ်။ ဘာဘာ့အနီးမှာရောက်နေသူတွေက နာနာဝလီလိုအရူးကို အခုလို တရင်းတနှီး ဩ့ဝတ်ကျေပွန်စွာ မဆက်ဆံသင့်ဘူးလို့တောင် ဝေဖန်ကြတယ်။ ဒီတော့ ဘာဘာက –

"မင်းတို့ကို ကယ်တင်ချင်လို့ လွတ်မြောက်ဖို့အတွက် ဒီဗလီကို ငါရောက်နေတယ်။ မင်းတို့ကတော့ ချမ်းသာကြွယ်ဝ



www.burmeseclassic.com

www.burmeseclassic.com

ဖို့၊ ထင်ပေါ်ကျော်ကြားဖို့၊ ရာထူးတိုးဖို့နဲ့ တခြား ရုပ်ပစ္စည်းတွေ ရလိုမှုအတွက် ငါ့ဆီကို ရောက်လာကြတယ်။ ဘဝမှာ တင့်တောင့်တင့်တယ် နေထိုင်နိုင်ဖို့ လို အပ်ပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝပါစေ သေသွားတဲ့အခါမှာ အဲဒီဥစ္စာပစ္စည်းတွေက အတူပါသွားမှာ မဟုတ်ဘူး''

ဘာဘာကဆက်ပြီး –

''ငါ့မနောဘဏ္ဍာတိုက်ထဲမှာ ရတနာတွေ ပြည့်လျှံနေတယ်။ ငါ့ကို ရိုသေလေးစားကြသူတွေ ဆန္ဒအတိုင်း ငါပေးနိုင်တယ်။ ငါ့ဆီလာပြီး သူတို့လိုသလောက် ယူသွားကြတယ်။ လက်ခံရရှိတာတွေကိုတော့ တန်ဖိုးထားသင့်တယ်။ ခက်တာက ငါပေးတာကို မယူကြဘဲ သူတို့လိုချင်တာတွေကိုသာ ဆန္ဒပြုနေကြတယ်။ ငါက တန်ဖိုးမဖြတ်နိုင်တဲ့ ရွှေကိုပေးဖို့ ပြင်ဆင်ထားပေမဲ့ သူတို့က မြေကြီးခဲတွေကိုသာ ရွေးချယ်သွားခဲ့ကြတယ်။ ငါတို့ ဘယ်ကနေ လူဖြစ်လာကြသလဲ။ အခု ငါတို့ ဘာတွေ လုပ်နေကြသလဲ။ သည်လူ့ဘဝက သေရင် ငါတို့ ဘယ်ကိုသွားကြမလဲ။ တို့ရဲ့ မွေးတာ၊ သေတာကို ဘယ်သူက ဖန်တီးနေသလဲ။ နေလကြယ်တာရာတွေကို ကော ဘယ်သူက ဖန်ဆင်းခဲ့သလဲ။ အဲဒါတွေကို လူသားတွေ မတွေးကြဘူး။ ချမ်းသာကြွယ်ဝဖို့နဲ့ ရုပ်ခန္ဓာကြီး ရှင်လန်းဖို့ တစ်ခုတည်းကိုသာ တွေးနေကြတယ်။ ဒီခန္ဓာကြီး အမြဲတည်တံ့နေမယ်လို့ ထင်နေကြတယ်။ ဒါပေမဲ့ ပိုးဖလံတွေ မီးကို တိုးတဲ့အခါ ပျက်သုဉ်းကုန်ကြရသလို လူသားတွေလည်း သေဆုံးကြရတယ်။ ဒါကြောင့် လူသားတွေ လွတ်မြောက်ရေး**အတွက်** ဒီခန္ဓာကြီးထဲကို ငါကြွလာခဲ့တာ**ဖြစ်တယ်**''

**ဒါ့**အပြင် ဘာဘာက သူ့အတ္တနဲ့ ပတ်**သက်**ပြီး အသေအချာ ရှင်းပြခဲ့သေးတယ်။

''ငါ့ကိုသိဖို့နဲ့ ငါ့ကို ရှာဖို့အတွက် ဘယ်ကိုမှ မင်းတို့ သွားစရာမလိုဘူး။ မင်းတို့ရဲ့ နာမည်နဲ့ ပုံပန်းသဏ္ဌာန်တွေကို ဖယ်ရှားလိုက်ရင် မင်းတို့မှာ ဘာကျန်မလဲ။ အဲဒါဟာ ငါဖြစ်တယ်။ မင်းတို့ထဲမှာတင်မဟုတ်ဘူး။ အားလုံးသော သက်ရှိတွေထဲမှာပါ ထပ်တူထပ်မျှ ငါရှိနေတယ်။ အဲဒီလို သဘောပေါက်ခဲ့ရင် အားလုံးသော သက်ရှိတွေထဲမှာ ငါ့ကိုမြင်ရမယ်။ သက်ရှိတစ်စုံတစ်ယောက်ကို သင်အနာတရဖြစ်စေတာဟာ ငါ့ကို နာကျင်စေတာပဲ ဖြစ်တယ်။ သူတစ်ပါးက ဒုက္ခလာပေးပေမဲ့ သည်းခံနိုင်တဲ့ ခန္တီပါရမီ ပြည့်ဝသူတွေကတော့ ငါ့ကို ချစ်ခင်မြတ်နိုးသူတွေ ဖြစ်ကြတယ်''

## ဘာဘာရဲ့ အထူးအဆန်းများ
## ဘိုင်ဂျာဘိုင်ကို ဘာဘာရဲ့အာမခံချက်

ဘာဘာက နှမတော်လို့ ခေါ်လေ့ရှိတဲ့ ဘိုင်ဂျာဘိုင်က အိုမင်းလာပြီဖြစ်လို့ မကျန်းမာတော့ပါ။ အိပ်ရာထဲကတောင် မထနိုင်တော့ပါ။ မိခင်ဘေးမှာနေပြီး ပြုစုဖို့ တက်ယာကို ဘာဘာက မိန့်ခဲ့တယ်။ တက်ယာအနီးဆီ ရှားမား မကြာခဏ ရောက်နေသလိုပဲ ဘာဘာလည်း ရောက်လေ့ရှိတယ်။ ဘိုင်ဂျာဘိုင် ဘဝနိဂုံးချုပ်လုနီးနေပြီမို့ ဘာဘာကို နောက်ဆုံးအနေနဲ့ ဖူးသွားချင်စိတ်ပေါ်ခဲ့တယ်။ ချက်ချင်းပဲ ဘာဘာက သူ့ခေါင်းရင်းမှာ ပေါ်လာတယ်။ ကိုယ်ထင်ပြပြီး ဘာဘာက ကောင်းချီးပေးတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ ကောင်းကင်ဘုံဆီ သွားရတော့မယ်လို့ ဘိုင်ဂျာဘိုင် ခံစားရတယ်။ စကားပြောချင်ပေမဲ့ ပါးစပ်မဟနိုင်တော့ပါ။ သူ့သားဟက်ယာရဲ့လက်ကို ဘာဘာ့လက်ပေါ် သူက တင်ထားပြီး တက်ယာကို ဘာဘာက စောင့်ရှောက်လိမ့်မယ်လို့ သူအခိုင်အမာယုံကြည်ပြီး ဘဝနိဂုံးချုပ်သွားတယ်။

## ဆာဒါသျှီတတာခက်

ဆာဒါသျှီဗာက ဘုံဘေမြို့ စက်ရုံတစ်ရုံရဲ့ မန်နေဂျာတစ်ဦး ဖြစ်တယ်။ စက်ရုံပိတ်သွားတာကြောင့် အလုပ်လက်မဲ့ဖြစ်ပြီး ဘာဘာထံ ရောက်လာတယ်။ အဲဒီအချိန်မှာ တက်ယာပါတေးနဲ့ တခြားသူတွေကို ဘာဘာက ရုပ်ရှင်သွားကြည့်ခိုင်းတယ်။ တစ်ခါ သူတို့နဲ့အတူ တာခက်ကိုပါ ရုပ်ရှင်ကြည့်ဖို့ ခေါ်သွားစေတယ်။ ပြီးရင် ပူးနားကို တာခက် ဆက်ပြီးသွားဖို့ မှာလိုက်တယ်။

တာခက်ကတော့ ရုပ်ရှင်သွားကြည့်ခိုင်းတာ တအံ့တဩဖြစ်နေတယ်။ ဒါပေမဲ့ ဘာဘာအမိန့်ကို ဘယ်သူမှ မဆန့်ကျင်ရဲကြပါ။ ရုပ်ရှင်ကြည့်ပြီး ပူးနားကို သူရောက်သွားတော့ စက်ရုံအတွက် မန်နေဂျာလိုနေတဲ့ စက်ရုံပိုင်ရှင်နဲ့ သူ ပက်ပင်းတိုးရတယ်။ အဲဒီပိုင်ရှင်က ဘုံဘေက သူ့လိပ်စာနဲ့ ကြေးနန်းပို့ထားပြီး သူ့ကို စောင့်နေတာဖြစ်တယ်။ ဒါကြောင့် ချက်ချင်းပဲ သူအလုပ်ရခဲ့တယ်။

## ဗာစူဒေဗာနန်ဒါ ဆာရာဆွာတီ

အင်ဒရာယရာဒတ်ချ်ပြည်နယ် ရာဂျာမန်ဒရီအနီးက တာဟိုဗန်မှာ အင်မတန်စွမ်းတဲ့ ဗာစူဒေဗာနန်ဒါဆာရာဆွာတီဆိုတဲ့ သူတော်စင်ကြီးတစ်ပါး သီတင်းသုံးခဲ့တယ်။ အဲဒီယောဂီကြီးဆီ ဒတ်စ်ဂါနူးက အဖော်(၄)ဦးနဲ့ ရောက်သွားတယ်။ ဒတ်စ်ဂါနူးထံ ရှာဒီရွာမှာ သီတင်းသုံးနေတဲ့ ဆိုင်းဘာဘာအကြောင်း ကြားရတော့ ယောဂီကြီးက အားရရွှင်လန်းစွာနဲ့ ...

''ကလေးတို့၊ ငါ့နောင်တော်က ရှာဒီရွာ ရောက်နေတာကိုး။ သူ့ဆီသွားမယ့်အစား ငါ့ဆီ ဘာကြောင့်ရောက်လာကြတာလဲ။ ငါပေးလိုက်တဲ့ အုန်းသီးကို ငါ့နောင်တော်လက် ဆက်သပေးပါ''

ပေးလိုက်တဲ့ အုန်းသီးယူလာပြီး



www.burmeseclassic.com

www.burmeseclassic.com

ဒတ်စ်ဂါနူးတို့ ဇာတိရွာဆီ ပြန်ခဲ့ကြတယ်။ ၁၅ ရက်အကြာမှာ ရှာဒီရွာဆီ ထွက်ခဲ့ကြတယ်။ ခရီးတစ်ဝက် ဘူတာရောက်တော့ မီးရထားနောက်ကျမယ့်သတင်း သိကြရတယ်။ ဒါကြောင့် ယူလာတဲ့ ထမင်းကြော်ထုပ်ကို ဖြေစားကြတယ်။ ထမင်းကြော်က အနံ့အသက်တွေတောင် စူးစူးရှရှထွက်နေပြီဖြစ်တာကြောင့် ယူလာတဲ့ အုန်းသီးကို ခွဲပြီး ထမင်းကြော်နဲ့ ရောစားခဲ့ကြတယ်။

ရှာဒီရွာကို ရောက်တော့ ဆိုင်းဘာဘာက ဒတ်စ်ဂါနူးကို လှမ်းခေါ်ပြီး ဗာစုဒေဗာနန်ဒါဆာရာဆွာတီ ပေးလိုက်တဲ့ လက်ဆောင်အုန်းသီးကို မေးတော့တယ်။ ဘယ်လိုလုပ်ပြီး ကြိုတင်သိနေသလဲလို့ သူက တအံ့တသြဖြစ်မိတယ်။ ဖြစ်ကြောင်းကုန်စင်ကို အမှန်အတိုင်း ရှင်းပြပြီး အုန်းသီးတစ်လုံး သွားဝယ်ဖို့ သူပြင်တော့ ဘာဘာက တားလိုက်ပြီး –

"အခု မင်းသွားဝယ်ပေးမယ့် အုန်းသီးက ငါ့ညီလက်ဆောင်ပေးလိုက်တဲ့ အုန်းသီးနဲ့ တူပါ့မလား။ စိတ်မပူပါနဲ့။ မင်းတို့လည်း ငါ့ကလေးတွေပါ။ ငါပိုင်ဆိုင်တာတွေလည်း မင်းတို့ပစ္စည်းတွေပါ။ မင်းတို့ကို ငါစိတ်မဆိုးပါဘူး"လို့ ပြောရင်း ကောင်းချီးပေးခဲ့တယ်။

## ဆိုင်းဘာဘာရဲ့ သင်ကြားချက်များ

လူသားတွေ တစ်ဦးနဲ့တစ်ဦး နေ့ဆုံတယ်လိုပြုမူဆက်ဆံကြရမယ်ဆိုတာကို ဆိုင်းဘာဘာက မကြာမကြာ ဩဝါဒပေးခဲ့တယ်။

"အတိတ်တုန်းက ရေစက်ကြောင့် အခုဘဝမှာ တို့များလာဆုံကြရတာဖြစ်တယ်။ လူတစ်ဦးတစ်ယောက် (ဝါ) တိရစ္ဆာန်တစ်ကောင်တလေ သင့်ထံရောက် လာခဲ့ရင် အကြင်နာကင်းမဲ့စွာနဲ့ မောင်းမထုတ်ပါနဲ့။ စိတ်ပါလက်ပါ ကြိုဆိုသင့်တယ်။ ရေငတ်လာသူကို ရေတိုက်ရမယ်။ ဆာလောင်မွတ်သိပ်လာသူကို အစားအစာ ကျွေးရမယ်။ ကိုယ်ဗလာဖြစ်လာသူကို အဝတ်အထည်ဆင်ပေးရမယ်။ သင့်ဝရန်တာမှာ နားနေခွင့်ပြုရင် ဘုရားသခင်က သင်တို့ကို ကောင်းချီးပေးလိမ့်မယ်"

အကယ်၍ တစ်စုံတစ်ယောက်က သင့်ထံလာပြီး ငွေတောင်းခဲ့ရင် သင်မပေးချင်ရင် ငွေပေးစရာမလိုပါ။ ဒါပေမဲ့ ငွေလာတောင်းသူကို မတော်မတရား မလုပ်ပါနဲ့။ သို့မဟုတ် ငွေလာတောင်းတာကြောင့် ရိုင်းရိုင်းပျပျ နာကြည်းစေမယ့် စကားကို မဆိုပါနဲ့။ ဒီကမ္ဘာကြီးက ဇာတ်ခုံတစ်ခုံနဲ့ တူတယ်။ ဒီဇာတ်ခုံပေါ်မှာ ကပြခဲ့တဲ့ ပြကွက်အဖုံဖုံကို ဂရုတစိုက် လေ့လာပါ။ အကယ်၍ ကမ္ဘာကြီး ကျွမ်းထိုးမှောက်ခုံဖြစ်သွားရင်တောင် သင်က တည်တည်ငြိမ်ငြိမ်ဖြစ်နေရမယ်။ သင်နဲ့ ကျုပ်ကြားမှာ ဘာခြားနားကွဲပြားမှုမှ မရှိဘူး။ ကျုပ်တို့ဟာ တစ်ခုတည်းဖြစ်တယ်။ တို့ကြားမှာ ကွယ်နေတဲ့ နံရံကြီးကို သင်ဖယ်ရှားပစ်ရမယ်။ တို့အားလုံးရဲ့ အကြီးအကဲက ဘုရားသခင်ဖြစ်တယ်။ ဘုရားသခင်မှတစ်ပါး ဘယ်သူကမှ တို့ကို မကယ်နိုင်ဘူး"

ဘုရားသခင်နဲ့ ပတ်သက်တာတွေကိုတော့ သာမန်ထက် လွန်ကဲပြီး တွေးတောလို့ မရနိုင်ဘူး။ တို့တစ်တွေ အခုလာဆုံနေကြရတာ အတိတ်တုန်းက ရေစက်ကြောင့် ဖြစ်တယ်။ ဇာတ်ခွဲခြားတာတွေ၊ ဘာသာလူမျိုးရေး စတာတွေထက် မြင့်မြင့်မြတ်မြတ် နေထိုင်သင့်ပြီး တစ်ဦးနဲ့တစ်ဦး ညီရင်းအစ်ကိုသဖွယ် မေတ္တာထားကာ ပျော်ပျော်ရွှင်ရွှင်၊ အေးအေးချမ်းချမ်း နေထိုင်ကြရမယ်။ ဘုရားသခင်ဖန်ဆင်းပေးထားတဲ့ ဒီခန္ဓာကိုယ်ကို တခြားသူတွေရဲ့ ကောင်းကျိုးသယ်ပိုးဖို့ အသုံးချသင့်တယ်။ သူတစ်ပါးကို ကောင်းကျိုးပြုသူတွေကိုသာ ဘုရားသခင်က ကောင်းချီးပေးလိမ့်မယ်။ တချို့လူတွေကတော့ မွေးဖွားလာလို့သာ လူအဖြစ်ရပ်တည်နေကြသူတွေပါ။ ဘယ်တော့မဆို အချိန်အခါနဲ့ အခွင့်အရေးရှိတယ်လို့ ဘာဘာက သင်ကြားခဲ့တယ်။ အားလုံးသော ဒြပ်ပစ္စည်းတွေ၊ ဥပမာ–မြေ၊ ရေ၊ လေ၊ မီး၊ အလင်းရောင် စတာတွေဟာ ဓာတ်ပေါင်းတွေသာ ဖြစ်တယ်လို့ ဘာဘာက ရှင်းပြခဲ့တယ်။ တပည့်တွေကိုလည်း ဝတ်ပြုဆုတောင်းတာ၊ ဘုရားရှိခိုးကျောင်းတွေဆီ လှူတတ်တာမျိုးတွေ လုပ်ဆောင်ခိုင်းတယ်။ ဘာဘာက တပည့်တွေ ဆန္ဒအလျောက် ရွတ်ဖတ်တာ၊ ဝတ်ပြုတာ စတာတွေကို လုပ်စေခဲ့တယ်။ အချို့ကို သူကိုယ်တိုင် တိုက်ရိုက်ညွှန်ပြပြီး အချို့ကိုတော့ အိပ်မက်နဲ့ လမ်းညွှန်ခဲ့တယ်။ ရာဒါခရစ်ချ်နားမေး ဖျားနာတုန်းက ဘာဘာက လှေကားတစ်ခု ယူလာခိုင်းတယ်။ ပြီး အိမ်ခေါင်မိုးပေါ်တက်ခိုင်းခဲ့တယ်။ လှေကားသယ်ပေးသူကို ဘာဘာက (၂)ရူပီးပေးခဲ့တယ်။ အခုလို ထူးထူးဆန်းဆန်းလုပ်ခိုင်းပြီးချိန်မှာ ရာဒါခရစ်ချ်နားမေး အဖျားပျောက်သွားခဲ့တယ်။

## ဂျုံမှုန့်ကြိတ်ခြင်း

၁၉၁၀ ပြည့်နှစ်က ဖြစ်တယ်။ ရှာဒီရွာကို ဟောမက်ပန့်ရောက်လာတယ်။ ဘာဘာဂျုံမှုန့်ကြိတ်နေတာကို တအံ့တသြသူတွေ့ရတယ်။ သူကတော့ အလှူခံပြီး စားသောက်နေထိုင်သူဖြစ်တယ်။ အခုလို ဘာဘာ တစ်ကြိမ်မှ ဂျုံမှုန့်မကြိတ်ခဲ့တာကြောင့် အားလုံးကလည်း တအံ့တသြနဲ့ ဝိုင်းကြည့်ကြတယ်။ အတင့်ရဲရဲ အမျိုးသမီး(၄)ဦး ဝင်လာပြီး ဘာဘာ့လက်ထဲက ကြိတ်တုံးကြီးကိုယူကာ ဂျုံစတင်ကြိတ်ပေးကြတယ်။

ဒီလိုဝင်ကူတာကို ဘာဘာက မနှစ်မြို့ပေမဲ့ ငြိမ်ငြိမ်လေးထိုင်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

သူ့အပေါ် စေတနာထားတာကို သဘော ပေါက်မိတယ်။ ဂျုံမှုန့်တွေကြိတ်ပြီးတာနဲ့ အမျိုးသမီး(၄)ဦးက (၄)ပုံခွဲပြီး ယူသွားကြ တယ်။ ဘာဘာ လေအေးလေးနဲ့ –

"မိန်းကလေးတို့ရေ . . . မင်းတို့ ရူး နေကြသလား။ ဒီဂျုံမှုန့်တွေကို မင်းတို့ ပိုင်တယ်လို့ ထင်နေကြသလား။ မင်းတို့ ဆီက ဂျုံတစ်မှုန့်တောင် ငါမယူခဲ့ဖူးပါ ဘူး။ ဘာကြောင့် ဒီဂျုံမှုန့်တွေကို ယူသွား ချင်ကြတာလဲ"

တစ်ခါ ဘာဘာက –

"ကောင်းပြီလေ။ ဒီဂျုံမှုန့်တွေ ယူ သွားပြီး ရွာခြံစည်းရိုးမှာ ဖြန်းပက်လိုက် ကြပါ"

အမျိုးသမီးတွေလည်း ရှက်ရှက်နဲ့ ဘာဘာ့ခြေအစုံကို ဦးတိုက်ဝပ်ဆင်း ကန်တော့ပြီး ခပ်သုတ်သုတ် ထွက်သွား ကြတယ်။ ဘာဘာခိုင်းတဲ့အတိုင်း ဂျုံမှုန့် တွေကို ရွာခြံစည်းရိုးမှာ ကြဲခဲ့ကြတယ်။

ရွာသားတွေကတော့ သူတို့ရွာမှာ ကာလဝမ်းရောဂါကျနေတာကို ဘာဘာ က ရှင်းပစ်လိုက်ပြီလို့ ဟေမက်ပန့်ကို ပြောပြကြတယ်။ ကာလဝမ်းရောဂါနဲ့ ဒီဂျုံ မှုန့်တွေ ဘယ်လိုဆက်စပ်နေတယ်ဆိုတာ ကိုယ ဟေမက်ပန့် သဘောမပေါက်ခဲ့ပါ။ ဒါပေမဲ့ ကာလဝမ်းရောဂါကတော့ ရှာဒီ ရွာထဲမှာ တဖြည်းဖြည်းလျော့ပါးသွား တော့တယ်။ နောင်တော့မှ အဲဒီနေ့က ဘာဘာကြိတ်နေတာ ဂျုံမဟုတ်ဘဲ ကာလဝမ်းရောဂါကို အမှုန့်ချေပစ်နေမှန်း သဘောပေါက်လာကြတယ်။ ဒို့အပြင် ကပ်ရောဂါ ဂျုံမှုန့်တွေကို ရွာ့အပြင် ခြံ စည်းရိုးမှာ သွားပစ်ခိုင်းတာဖြစ်ကြောင်း နားလည်ခဲ့ကြတယ်။ အဲဒီဖြစ်ရပ်ဆန်းကို ကြုံရပြီးချိန်မှာ ဟေမက်ပန့်က ဆိုင်းဘာ ဘာရဲ့ ဖြစ်ရပ်ဆန်းတွေကို စာရေးချင်စိတ် ပေါ်လာတယ်။ ဘာဘာထံ ရေးခွင့် တောင်းတော့ အချိန်စောင့်ပါဦးလို့ တား ဖြစ်ခဲ့တယ်။ ၁၉၁၀ ခုနှစ်ရောက်တော့



၁၉၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် နောက်ဆုံးနေ့က ဆိုင်းဘာဘာ

ရှားမားကတစ်ဆင့် ထပ်ပြီးရေးသားခွင့် တောင်းပြန်တာကြောင့် ဘာဘာက ခွင့် ပြုလိုက်တယ်။ ဒါကြောင့် ကမ္ဘာသူကမ္ဘာ သားတွေ ဖတ်ရလေအောင် ဟေမက်ပန့် က မာရာသီ(MARATHI) စာနဲ့ ဆိုင်း ဘာဘာအကြောင်း ရေးခဲ့တယ်။

tcujyr;rI;

အဲဒီကာလ ပင်လယ်ပြင်မှာ အချက် ပြမီးတွေ သုံးခဲ့ကြတယ်။ အဲဒီ မီးပြတွေ

ကိုကြည့်ပြီး မောင်းကြတာကြောင့် ရေ ယာဉ်တွေ အန္တရာယ်ကင်းခဲ့ကြတယ်။ ဒီကမ္ဘာကြီးကလည်း လူအမျိုးမျိုး၊ စိတ် ကူးအထွေထွေ၊ လုပ်ရပ်အဖုံဖုံ ပါဝင်တဲ့ သမုဒ္ဒရာကြီးနဲ့ တူတယ်။ ဘာဘာရဲ့ ထူး ထူးခြားခြား ဖြစ်ရပ်ဆန်းတွေ ဒီလောက ကြီးထဲမှာ ကျွန်ုပ်တို့ ဘယ်လိုနေထိုင်လုပ် ကိုင်ကြရမယ်ဆိုတာကို ညွှန်ပြနေတဲ့ အချက်ပြမီးနဲ့ တူပါတယ်။ ဒီဖြစ်ရပ်တွေ က သင့်ခန္ဓာကိုယ် အတွင်းထဲကို ပန်း... ရည်လို ချိုမြပြီး ထွတ်ထွတ်မြက်မြတ် စိ...

www.burmeseclassic.com

www.burmeseclassic.com

ဝင်နေတယ်။ အကယ်၍ အတွက်ကို စွန့်ပယ်ခဲ့ရင် အကုသိုလ်ပယ်ဖျက်ပြီး သင်ကယ်တင်ခြင်းခံရမယ်။

## ဘာဘာရဲ့ ကရုဏာ

၁၉၁၀ ပြည့်နှစ်၊ ဒေဝါလီနေ့က မီးဖိုနဲ့ မျက်နှာချင်းဆိုင်မှာ ဘာဘာထိုင်နေခဲ့တယ်။ မီးဖိုထဲကို မကြာမကြာ ဘာဘာက ထင်းတွေထည့်ပေးတယ်။ မီးတောက်ထဲကို ဘာဘာ ရုတ်တရက် လက်ထိုးထည့်လိုက်တယ်။ ရွာသားနဲ့ တခြားတပည့်တွေက ဘာဘာ့လက် မီးစွဲနေတာမြင်ရလို့ ပြေးလာပြီး ဘာဘာ့ကို နောက်ဆက်တွန်းပစ်ခဲ့ကြတယ်။ ဘာဘာ သတိလစ်နေတယ်။ ဘာဘာတစ်နေရာဆီ ရောက်သွားပုံရတယ်။ ခဏကြာတော့ ဘာဘာသတိပြန်လည်လာပြီး –

"ဟိုအဝေးကြီးမှာ ပန်းပဲသမားရဲ့ ဇနီး ကျုပ်တပည့်မတစ်ယောက်ရှိတယ်။ တပည့်မက ဖားဖိုတွေလုပ်တယ်။ လက်ထဲက ကလေးကို ပစ်ချပြီး သူ့ခင်ပွန်းခေါ်တဲ့ဆီ သူကထသွားတော့ ကလေးက ဆော့ရင်း မီးဖိုတဲကျသွားတယ်။ ဒါကြောင့် ကျုပ်လက်ကို မီးဖိုထဲ ရုတ်တရက်ထည့်ပြီး ကလေးကို ကယ်ခဲ့ရတယ်"

အဝေးမှာရှိတဲ့ ကလေးကို ရှာဒီရွာကနေပြီး ကယ်ခဲ့တာကတော့ စိတ်နယ်လွန်ဖြစ်ရပ်ပါ။ အဲဒီလုပ်ရပ်မျိုးတွေကို ဆိုင်းဘာဘာရဲ့ ဖြစ်ရပ်ဆန်းတွေလို့ ကျွန်ုပ်တို့မှတ်တမ်းတင်ထားခဲ့တယ်။

## မီနာထိုင်ရဲ့ ဖုံပြင်

၁၉၀၄ ခုနှစ်တုန်းက ရှာဒီရွာနဲ့ မိုင် ၁၀၀ လောက်ဝေးတဲ့ ဂျမ်နာအရပ်မှာ နာနာချန်ဒေါ်ခါ အလုပ်လုပ်တယ်။ သူ့သမီး မီနာထိုင်မီးဖွားဖို့ နှစ်ရက်ကြာကြာ ဗိုက်နာခဲ့တယ်။ အပြင်းအထန် နာကျင်ကိုက်ခဲနေတော့တယ်။ အကျော်အမော် ဆရာဝန်တွေ လာရောက်ကုသပေမဲ့ မီးမဖွားနိုင်ခဲ့ပါ။ ဒါကြောင့် နာနာချန်ဒေါ်ခါက ဘာဘာကိုအာရုံပြုရှိခိုးပြီး အသနားခံခဲ့တယ်။ အဲဒီအချိန်မှာ ဘာဘာ့ထံက နေပြီး ဇာတိရွာဆီ ပြန်တော့မယ့် တပည့်တစ်ဦးကို ဂျမ်နာအရပ်က နာနာဆီသွားပြီး အုဒီပြာ ပို့ပေးမလားလို့မေးတယ်။ အဲဒီတပည့်ခမျာ လမ်းစရိတ်မလုံလောက်တာကြောင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ ဒါပေမဲ့ ဘာဘာက လမ်းခရီးအတွက် အစစအရာရာ သူပြင်ဆင်ပေးပြီးသားမို့ ခုချက်ချင်းသွားပေတော့လို့ မိန့်ခဲ့တယ်။ နံနက် (၁)နာရီမှာ ဂျယ်ဂဝမ်ကိုရောက်တယ်။ သူ့မှာပါသမျှ ငွေကုန်နေပါပြီ။ ခရီးဆက်ဖို့ အခက်ကြုံနေတော့တယ်။ နောက်ထပ်မိုင် ၃၀ လောက် ခရီးနှင်မှ ဂျမ်နာဆီ သူရောက်မှာဖြစ်တယ်။ ဘာလုပ်ရမှန်းမသိဖြစ်ပြီး ဘာဘာကိုသာ တနေမိတယ်။ အဲဒီအခိုက်မှာ ဗလကောင်းကောင်း လူတစ်ယောက် ရောက်လာပြီး သူ့နာမည်ဖြစ်တဲ့ ဘာပူဂီရိဘူဗာဆိုတာ ဘယ်သူလဲဟေ့လို့ မေးတယ်။ ရှာဒီရွာကခရီးသည် ဘယ်မှာလဲလို့လည်း ထပ်မေးတယ်။ အဲဒီလူအနီး သူရောက်သွားတော့ နာနာချန်ဒေါ်ခါက မြင်းရထားလွှတ်ပြီး အကြိုခိုင်းလိုက်ကြောင်း ပြောပြတယ်။ ဒါကြောင့် သူလည်း မြင်းရထားပေါ် တက်ခဲ့တယ်။ နံနက်စောစောမှာ ဂျမ်နာရွာ ဆင်ခြေဖုံးဆီ ရောက်တယ်။ ခေါ်သံကြားရလို့ မြင်းရထားထဲက သူထွက်ခဲ့တယ်။ ခေါ်သံကြားရာကနေ သူပြန်လာတော့ မြင်းရထားမရှိတော့ပါ။ ဒါကြောင့် ရွာထဲခြေလျင်လျှောက်ဝင်ခဲ့ပြီး နာနာချန်ဒေါ်ခါအိမ်ကို မေးရတော့တယ်။ နာနာချန်ဒေါ်ခါနဲ့တွေ့တော့ ဘာဘာပေးလိုက်တဲ့ အုဒီပြာနဲ့ အဆောင်တွေကို အပ်ခဲ့တယ်။ ချက်ချင်းပဲ အုဒီပြာကို ရေဖျော်ပြီး မီးမဖွားနိုင်တဲ့ ဝေဒနာသည်ကို တိုက်တယ်။ မကြာခင် မီနာထိုင်က သားယောက်ျားလေး ဖွားနိုင်ခဲ့တယ်။

ဒါ့အပြင် မြင်းရထားလွှတ်ပြီး ကြိုခဲ့တာကို ကျေးဇူးတင်ကြောင်းပြောတော့ နာနာချန်ဒေါ်ခါက သူ့မှာ မြင်းရထားမရှိတဲ့အပြင် ဘူတာရုံဆီလည်း မြင်းလှည်းငှားပြီး မလွှတ်ခဲ့ကြောင်း ရှင်းပြတယ်။ ဒါကြောင့် အားလုံးကို ဘာဘာစီစဉ်ပေးခဲ့ကြောင်း သဘောပေါက်သွားကြတယ်။

"ကျုပ်က တစ်ကမ္ဘာလုံးအနှံ့ ခြေဆန့်နေတာပါ။ ကျုပ်အတွက် ဘာယာဉ်မှ စီစဉ်စရာမလိုပါဘူး။ ကျုပ်ကိုတလိုက်တာနဲ့ ခင်ဗျားတို့ဆီ အရောက်လာခဲ့မယ်"လို့ မြွက်ဟခဲ့တဲ့အတိုင်း ဘာဘာက လက်တွေ့ပြခဲ့တာဖြစ်တယ်။

## ဘာဂိုဂျီရှင်ဒီရဲ့ ဘာဘာ့ကို အလုပ်အကျွေးပြုမှု

ဘာဘာ့လက် မီးလောင်တာကိုမြင်ရတော့ မြို့က နိုင်ငံကျော်ဆရာဝန်တစ်ယောက်ကို နာနာချန်ဒေါ်ခါ ပင့်လာတယ်။ ဒါပေမဲ့ ဘာဘာက ဆေးကုမခံဘဲ ငြင်းပယ်ခဲ့တယ်။ သူ့ကို ကုသပေးမယ့် ဘုရားသခင်ရှိနေတယ်လို့ ဘာဘာက ရှင်းပြတယ်။ ဘာဂိုဂျီရှင်ဒီက နေ့စဉ်မီးလောင်ဒဏ်ရာကို ထောပတ်လိမ်းပေးပြီး သစ်ရွက်တွေနဲ့ ပတ်ပေးတယ်။ သူက အနာကြီးရောဂါသည်ဖြစ်ပေမဲ့ ဘာဘာကို အနီးကပ်ပြုစုနေတယ်။ ၁၉၁၀ မှသည် ၁၉၁၈ ခုနှစ်ထိ (၈)နှစ်ခန့်ကြာအောင် ဘာဘာ့မီးလောင်ဒဏ်ရာကို သူက ဆေးစည်းပေးခဲ့တယ်။

## နောက်ဆုံးရက်များ

အချိန်မှာ ၁၉၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ ဖြစ်တယ်။ ခန္ဓာကိုယ်ကနေ ဘာဘာထွက်တော့မယ့်နေ့ ဖြစ်တယ်။ ဘာဘာခန္ဓာကိုယ် အလွန်ချည့်နဲ့နေတယ်။ သာမန်လူတွေဆိုရင် အိပ်ရာထဲမှာသာ လဲနေမယ့် အခြေအနေဖြစ်



www.burmeseclassic.com

တယ်။ ဒါပေမဲ့ ဘာဘာကတော့ အရင်တုန်းကလိုပဲ အိမ်ရာကထပြီး ထိုင်နေခဲ့တယ်။ တပည့်တွေကလည်း လာနေကျအတိုင်း ရောက်လာကြတယ်။ အချို့ပရိသတ်တွေကိုတော့ ဗလီထဲမဝင်ကြဖို့ ရှားမားက တောင်းပန်တယ်။ ဘာဘာကျန်းမာရေးမကောင်းသေးလို့ ရှားမားက ဟန့်တားတာဖြစ်တယ်။ ဒါပေမဲ့ ဘာဘာက ပရိသတ်အားလုံးကို ဗလီထဲ ဝင်ခွင့်ပြုခဲ့တယ်။ ဘာဘာက အားလုံးကို ကောင်းချီးပေးပြီး အုဒီပြာချီးမြှင့်တယ်။ တပည့်ရင်းတွေရဲ့ ဆန္ဒကိုလည်း တစ်ချီးချင်းဆီ ဖြည့်ဆည်းပေးတယ်။ တပည့်တွေကလည်း နေ့စဉ် လုပ်နေကျအတိုင်း ဆောင်ရွက်နေတယ်လို့သာ ထင်မှတ်ခဲ့ကြတယ်။ နောက်ဆုံး ဩဝါဒမြွက်ကြားနေတာလို့ ဘယ်သူကမှ မသိကြပါ။

နံနက် ၁၁ နာရီမှာ တက်ယာမကြာခဏသွေးအန်ပြီး သတိမေ့မျောတာကြောင့် အသက်ထွက်သွားမှာကို စိုးရိမ်နေကြတယ်။ ဒါကြောင့် ရှားမားကို တက်ယာအခြေအနေ ခေါ်ပြကြတယ်။ ရှားမားလည်း စိုးရိမ်းပြီး ဘာဘာ့ထံပြေးလာခဲ့တယ်။ ဘာဘာက "မင်းနဲ့ တက်ယာက မိတ်ဆွေတွေမျှသာပါ။ ငါကတော့ သူ့ဘဝအဆင်ပြေစေဖို့ တာဝန်ရှိနေတယ်။ သူ့မိခင်ကွယ်လွန်ခါနီးတုန်းက သူ့ကိုငါစောင့်ရှောက်မယ်လို့ ကတိပေးထားခဲ့တယ်။ ဒါကြောင့် သူ့အတွက် မင်းက သိပ်ပြီးသောကများမနေပါနဲ့။ တက်ယာကို ဒီကထိုင်ပြီး ကယ်နိုင်ပါတယ်"

မွန်းတည့်ချိန် ရောက်လာတယ်။ ဘာဘာ့ထံကို တန်ခိုးတော်အလင်းအချို့ ဝင်လာတယ်လို့ ထင်ရတယ်။ ဘာဘာမျက်နှာသွင်ပြင်က အချိန်နဲ့အမျှ ပြောင်းနေတော့တယ်။ ဘာဘာ့မျက်နှာကို မြင်ရသူတိုင်း ငြိမ်းအေးမှုရသွားပြီး အမြဲတမ်းဖူးမြော်နေချင်ကြတော့တယ်။

မွန်းလွဲ(၁)နာရီရောက်တော့ ပရိသတ်ကို ခပ်မြန်မြန်ထွက်သွားဖို့ ဘာဘာက မိန့်တယ်။ အားလုံးကလည်း ဝမ်းပန်းတသာနဲ့ အပြင်ထွက်ခဲ့ကြတယ်။ မကြာခင် ဘာဘာ ချောင်းဆိုးပြီး သွေးအန်တယ်။ အဲဒီအချိန်မှာ တက်ယာကတော့ နေကောင်းပြီး ပုံမှန်ပြန်ဖြစ်နေခဲ့တယ်။ မတ်တတ်ရပ်ပြီး လမ်းတောင်လျှောက်နေတော့တယ်။ တက်ယာကို မြင်ရသူတွေတောင် တအံ့တဩဖြစ်ကုန်တယ်။ ဘာဘာက သူ့အသက်ကို ကယ်တင်ခဲ့တယ်လို့ယူဆပြီး တက်ယာက ဗလီဆီပြေးလာခဲ့တယ်။

အဲဒီအချိန်မှာ ဘာဘာက ဘိုင်ဂျာအာပါဂျီပတ္တိကို မှီပြီး လျှို့ဝှက်စကားတွေ မြွက်ကြားခဲ့တယ်။ ဘာဘာ အပြင်းအထန် ချောင်းဆိုးပြီး အမောဖောက်လာတယ်၊ ချောင်းဆိုးတိုင်း ပါးစပ်ထဲက သွေးတွေထွက်တယ်။ တပည့်ရင်းတွေက ဘာဘာ့အနားက မခွာကြတော့ပါ။ တက်ယာကိုတော့ အိမ်ပြန်ခေါ်သွားဖို့ မိန့်တယ်။ တက်ယာကို အိမ်ပြန်ပို့ပေးပြီး ရှားမားပြန်လာခဲ့တယ်။ (၂)နာရီထိုးမှာ တခြားလူတွေကို ထမင်းစားဖို့ ဘာဘာက အိမ်ပြန်ခိုင်းတယ်။

## ကိုးရူပီးအလှူ

ဘာဘာနဲ့အတူ လက်မီဘိုင်ရှင်ဒီနဲ့ ဘိုင်ဂျာတို့ပဲ ကျန်ခဲ့တယ်။ ဘာဘာက ညာလက်နဲ့ ဝတ်ရုံအိတ်ထဲကို နှစ်ကြိမ်နှိုက်ပြီး (၅)ရူပီးတစ်ခါ၊ (၄)ရူပီးတစ်ခါ ယူတယ်။ ပြီးတော့ လက်မီဘိုင်ရှင်ဒီကို ပေးတယ်။ ဒီ(၉)ရူပီးက သူ့ကို ရိုသေကိုင်းရှိုင်းသူတွေမှာ ရှိသင့်တဲ့ (၉)ချက်ကို ရှင်းပြတာဖြစ်တယ်။

(၁) အတ္တမဆန်ရ၊ (၂) မနာလိုဝန်တိုမှု မရှိရ၊ (၃) သူတစ်ပါးကို အလုပ်အကျွေးပြုဖို့ မငြီးငွေ့ရ၊ (၄) လောဘကင်းရမယ်၊ (၅) ဂုရုကို ရာနှုန်းပြည့်သက်ဝင်ယုံကြည်ရမယ်၊ (၆) ငြိမ်းအေးတဲ့သဘာဝရှိရမယ်၊ (၇) သစ္စာတရားကို သိချင်စိတ်ရှိရမယ်၊ (၈) မနာလိုစိတ်ကင်းရမယ်၊ (၉) မောက်မာဝါကြွားမှု ကင်းမဲ့ပြီး တစ်ပါးသူရဲ့အပြစ်ကို မရှာရ။

အဲဒီ(၉)ချက်နဲ့ ပြည့်စုံအောင် ကျင့်ကြံအားထုတ်မနေထိုင်ကြရင် ဘုရားသခင်ထံ ရောက်ကြမှာမဟုတ်ဘူးလို့ ဘာဘာက နောက်ဆုံးအချိန်မှာတောင် ရှင်းပြခဲ့သေးတယ်။

နေ့လယ်(၂)နာရီခွဲတော့ ဒီကမ္ဘာမြေပြင်နဲ့ ဒီရုပ်ခန္ဓာကြီးကို သူစွန့်ခွာသွားတော့မယ်လို့ ဘာဘာက ဘိုင်ဂျာကို ပြောပြတယ်။ သူ့ခန္ဓာကိုယ်ရုပ်ကြွင်းကို ဘုတ္တီဝါဒါမှာထားဖို့ မှာကြားတယ်၊ တပည့်တွေကို ထာဝစဉ်စောင့်ရှောက်မယ်လို့ ဘာဘာက ကတိပေးသွားတယ်။ စကားပြောရင်း ဘိုင်ဂျာကိုယ်မှာ ဘာဘာက မှီထားတယ်။ ဘာဘာက ကြမ်းပြင်ပေါ် (ဝါ) အိပ်ရာပေါ် လဲကျမသွားဘဲ ဒါနနဲ့သင်ကြားမှုတွေ သူ့တပည့်တွေကိုပေးရင်း နောက်ဆုံးထွက်သက်ကို ထုတ်သွားခဲ့တယ်။

**(REF; THE LUMINOUS LIFE OF SAI BABA BY SHYAM DUA ကို** ဘာသာပြန်ပါတယ်။)

အောင်သန်းချစ်



www.burmeseclassic.com



# ဆိုင်းဘာဘာ သို့ ခွာမိ

■ နီနီအုံးခင်

ဆိုင်းဘာဘာဆိုသော နာမည်ကို ငယ်စဉ်ကလေးဘဝ ကတည်းက ကြားခဲ့ဖူးပါသည်။ သို့သော် ကလေးပီပီ မေ့မေ့ ပျောက်ပျောက် ဖြစ်ခဲ့ပါသည်။ အသက်(၁၈/၁၉)နှစ်အရွယ် လောက်တွင် မြန်မာသတင်းစာထဲမှာ ဆိုင်းဘာဘာပုံကို တွေ့ခဲ့ ဖူးပါသည်။ အဲဒီအရွယ်တုန်းကလည်း ငယ်ရွယ်သူပီပီ ဆံပင် ဖောင်းဖောင်းကြီးနဲ့ အိန္ဒိယလူမျိုး သူတော်စင်တစ်ဦးလို့ပဲ မှတ်ယူ မိပါသည်။

တစ်နေ့တွင် ကျွန်မ၏မိခင်မှ ဘာဘာကြီးနဲ့ ပတ်သက် သည့်အကြောင်းအရာတစ်ခုကို ပြောပြခဲ့ပါသည်။ သူမ မိတ်ဆွေ တစ်ဦး၏ သမီးမှာ ဆရာဝန်မတစ်ဦး ဦးစီးပြီး ဖွင့်လှစ်ထားသော သားဖွားမီးယပ်ခန်းတွင် မီးဖွားခဲ့ပါသည်။ ဗိုက်နာ၍ ဆေးခန်းသို့ ရောက်သွားသောအခါ သူမလဲလျောင်းနေသော ခုတင်၏ ရှေ့ တည့်တည့် ခပ်လှမ်းလှမ်းတစ်နေရာရှိ နံရံတွင် ဆိုင်းဘာဘာ ဓာတ်ပုံ ချိတ်ဆွဲထားသည်ကို လှမ်းမြင်လိုက်ရာ သူမ၏စိတ်ထဲ တွင် အိန္ဒိယသူတော်စင်တစ်ဦး၏ပုံ ဖြစ်မှာပဲလို့ထင်ပြီး စိတ်ထဲမှ ယခု သူမခံစားနေရသော ဗိုက်နာသည့်ဝေဒနာ သက်သာ ပျောက်ကင်းပြီး ချောမောလွယ်ကူစွာ မီးဖွားနိုင်ရန် စောင့်ရှောက် ပါလို့ ဘာဘာကြီးဓာတ်ပုံကိုကြည့်ပြီး ဆုတောင်းလိုက်မိပါသည်။ မကြာမီအချိန်အတွင်း သူမ၏ ဗိုက်နာဝေဒနာမှာ တဖြည်းဖြည်း သက်သာလာပြီး ရင်သွေးငယ်ကိုလည်း ချောချောမောမော မွေး ဖွားနိုင်ခဲ့တယ်လို့ ကျွန်မ၏မိခင်မှ ပြောပြခဲ့ဖူးပါသည်။ ဤ အကြောင်းအရာမှာ လွန်ခဲ့သောနှစ်ပေါင်း (၃၀)နီးပါးလောက်က ဖြစ်ပါသည်။

ရက်တွေကို လစား၊ လတွေကို နှစ်စားနဲ့ အချိန်တွေ တဖြည်းဖြည်း ကုန်လွန်ခဲ့ရာ ကျွန်မရဲ့ သမီးကြီး အသက်(၁၈) နှစ်မပြည့်ခင် လပိုင်းအလိုက ထူးဆန်းတဲ့အဖြစ်အပျက်ကလေး တစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။

၁၉၉၉ ခုနှစ်၊ နှစ်လယ်ပိုင်းလောက်တွင် ကျွန်မနှင့်အတူ ခင်ပွန်းသည်၊ သားအငယ်နှင့်အတူ မြန်မာနိုင်ငံကို အလည်ပြန် စဉ်က ဖြစ်ပါတယ်။ ညီမအလတ်ရဲ့ ခေါ်ဆောင်မှုဖြင့် သူမ၏ မိတ်ဆွေတစ်ဦးအိမ်သို့ အလည်ရောက်သွားခဲ့ပါသည်။ အိမ်ပေါ် ထပ်သို့ တက်သွားရာ အိမ်ရှေ့ခန်းမကျယ်ကြီးမှာ ဘုရားဝတ်ပြု ခန်းဖြစ်ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ကြည်ညို ဖွယ်ရာ ရုပ်ပွားတော်များ၊ ရဟန္တာရုပ်တုတော်များကို ဖူးတွေ့ လိုက်ရပါတယ်။ အိမ်ရှင်ဖြစ်သူ အန်ကယ်ကြီးမှာ ဝတ်ဖြူစင် ကြယ်ဝတ်ထားပြီး ညီမလေးရဲ့ ပြောပြချက်အရ အန်ကယ်ကြီး မှာ ဘုရား၊ တရား အလွန်ကြည်ညိုပြီး လူအများ၏ အကျိုးကို ကူညီနေသူဖြစ်ကြောင်း ပြောပြပြီး ကျွန်မနှင့် မိတ်ဆက်ပေးပါ သည်။

အန်ကယ်ကြီးက ကျွန်မကိုကြည့်ပြီး မေတ္တာပို့ ဆု တောင်းပေးပြီးနောက် ကျွန်မသမီးကြီးနဲ့ ပတ်သက်ပြီး အသက် (၁၈)နှစ်ပြည့်ခါနီးရင် သူမထံသို့ ဆိုင်းဘာဘာကြွလာလိမ့်မည်

www.burmeseclassic.com

ဖြစ်ကြောင်းနှင့် သူမနှင့် ပဋ္ဌာန်းဆက်ရှိကြောင်း ပြောပြလိုက်ပါသည်။ အဲဒီအချိန်တုန်းက ကျွန်မသမီးကြီးရဲ့ အသက်မှာ (၁၇) နှစ်အရွယ်ပဲ ရှိပါသေးသည်။ ဤအကြောင်းအရာကို ကျွန်မ ရင်ထဲမှာပဲ ထားလိုက်ပြီး သမီးကိုတော့ မပြောပြခဲ့ပါ။ မိဝေးဖဝေးမှာ တစ်ယောက်တည်း နေနေရတဲ့အတွက် အတွေးလွန်ပြီး ကြောက်နေမှာစိုး၍ ဖြစ်ပါသည်။

ကျွန်မသမီးကြီး ၁၈ နှစ်ပြည့်ရန် လအနည်းငယ်သာ လိုတော့သည့် နေ့တစ်နေ့၏ မနက်စောစောအချိန်တွင် တယ်လီဖုန်းသံကြား၍ ဘုရားဝတ်ပြုနေရာမှ ထပြီး နားထောင်လိုက်မိပါသည်။ သမီးထံမှ ဖုန်းဖြစ်ပြီး ယနေ့မနက်စောစော (၃း၀၀)နာရီခန့်တွင် ထူးဆန်းသော အိပ်မက်တစ်ခု မက်မြင်ကြောင်းနှင့် အိပ်မက်ထဲတွင် တစ်ခါမှမမြင်ဖူးသော ပုဂ္ဂိုလ်တစ်ဦး၏ ပုံသဏ္ဌာန်ကို တွေ့မြင်လိုက်ရပြီး သူ၏အမည်မှာ ဆိုင်းဘာဘာ၊ ဆိုင်းဘာဘာလို့ပြောပြီး ပျောက်သွားကြောင်း ပြောပြပြီး ငိုပါတော့သည်။ ဤပုဂ္ဂိုလ်ကြီးကို အိပ်မက်မမက်ခင် တစ်လလောက်အလိုက မဟာပိန္နဲကိုယ်တော်ကြီးကို အိပ်မက်မက်ကြောင်း ပြောပြပါသည်။

ကျွန်မအနေနဲ့ အန်ကယ်ကြီးပြောပြထား၍ ကြိုတင်သိနေသည့်အတွက် သမီးအား ကြောက်စရာမလိုကြောင်း၊ အိပ်မက်ထဲမှ ပုဂ္ဂိုလ်မှာ ဆိုင်းဘာဘာဆိုသော ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် စိတ်မှရည်မှန်းပြီး ဂါရဝပြုလိုက်ပါလို့ ပြောပြလိုက်ပါသည်။ နောက်တစ်လခန့်အကြာတွင်လည်း နောက်တစ်ကြိမ် အိပ်မက်ထပ်မက်ကြောင်း သမီးပြောပြ၍ ကျွန်မရဲ့စိတ်ထဲမှာလည်း သမီးနှင့် ဘာဘာကြီးမှာ အတိတ်ဘဝက အဆက်အစပ်ရှိခဲ့သည်ဟု ယုံကြည်မိ၍ ရှရီဘာဘာနှင့် ဆိုင်းဘာဘာ နှစ်ဦးပါ ဓာတ်ပုံလေး တစ်ပုံကို သမီးထံ ပို့ပေးလိုက်ပါသည်။ (ရှရီဘာဘာကြီးမှာ ဆိုင်းဘာဘာ၏ အရင်ဘဝက ဖြစ်ကြောင်း သိရပါသည်။) ကျွန်မပို့ပေးလိုက်သော ဓာတ်ပုံလေးကိုလည်း သမီးက ရိုရိုသေသေထားပြီး သစ်သီး၊ ပန်း၊ ရေချမ်းများလှူပြီး ပြုသမျှကုသိုလ်ကောင်းမှုတွေကိုလည်း ဘုရားရှိခိုးပြီးတိုင်း ဘာဘာကြီးအား တိုင်တည်ပြီး အမျှပေးဝေကြောင်း ပြောပြပါသည်။

သူမ၏ စိတ်ထဲတွင်လည်း အဘိုးတစ်ယောက်၏ စောင့်ရှောက်မှုကို ခံရသလို ခံစားမိပြီး အကြောင်းကိစ္စတစ်ခုခု ဖြစ်ပေါ်တော့မည်ဆိုလျှင် ကြိုတင်သတိပေးသလို စိတ်ထဲမှာ ခံစားရကြောင်း ပြောပြပါသည်။ ညီအစ်မလို ချစ်ခင်ရတဲ့ မမ(ဒေါ်မာလာ)ထံမှလည်း ဘာဘာကြီး၏ အကြောင်းအရာများကို ကြားသိရသောအခါ ပို၍ပင်အံ့ဩရပါသည်။ မမတို့ ဇနီးမောင်နှံမှာလည်း ဘာဘာကြီးကို အလွန်ကြည်ညိုလေးစားပြီး မေတ္တာရှင်ကြီးဖြစ်ကြောင်း၊ သူတို့၏ မျက်မြင်အတွေ့အကြုံများ၊ မိတ်ဆွေများ၏ အတွေ့အကြုံများကိုပြောပြ၍ ကျွန်မအနေနှင့်လည်း ဘာဘာကြီးအား သူတော်စင်ပုဂ္ဂိုလ်ကြီးအဖြစ်ကြည်ညိုလေးစားမိပါသည်။ သမီးကြီးထံအလည်သွားတိုင်း မမ၏ ခေါ်ဆောင်သွားမှုကြောင့်



ဘာဘာကြီးကို ကြည်ညိုလေးစားကြသူများ၏ ဝတ်တက်ဘုရားရှိခိုးဆုတောင်းပွဲ (Bhajan) ရွတ်ဆိုပွဲပြုလုပ်သည့် ခန်းမသို့ လိုက်သွားမိပါသည်။

ယခုဆိုလျှင် ဘာဘာကြီး၏ အသက်(၈၀)ကျော်လာ ပါပြီ။ ကျွန်မ သိခဲ့ရတဲ့ သက်တမ်းတစ်လျှောက် ဘာဘာကြီး သည် သူတော်ကောင်းတို့၏ ကျင့်စဉ်အတိုင်း ခုနစ်ရက်သားသမီး နှင့် တိရစ္ဆာန်လေးများအပေါ် မေတ္တာထားပြီး ကောင်းကျိုးများ ကိုသာ ဆောင်ရွက်နေပါသည်။ မမ(ဒေါ်မာလာ)မှပေးသော ဘာဘာကြီး၏ အလွန်အကျိုးများသော ဂါထာတစ်ပုဒ်ကိုလည်း ဤဆောင်းပါးနှင့်အတူ ထည့်သွင်းဖော်ပြလိုက်ပါသည်။ မိ တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသော အခက်အခဲမျ ရှိပါက ဘာဘာကြီးအား စိတ်ထဲမှ အာရုံပြုပြီး ဤဂါထာရွတ် ဆုတောင်းပါက အကျိုးများကြောင်း အဓိပ္ပာယ်နှင့်တကွ သားဖော်ပြလိုက်ပါသည်။

**ဆိုင်းရမ်** (ဘာဘာကြီး)

**နာမ၊ ရှရတီ ဆိုင်းဘာဘာ**

(ဘာဘာကြီးအား ဦးညွှတ်ပါ၏။)

**ရှရတီ ဆိုင်းဘာဘာ၊ ပရာစန်-နာမ်**

(ဘာဘာကြီး ... ကျွန်ုပ်အား အစစ စောင့်ရှော တော်မူပါ။)

**ရှန်တီ ... ရှန်တီ ... ရှန်တီ**

(သတ္တဝါများအားလုံး ကျန်းမာ၊ ချမ်းသာကြပါ အေးချမ်းကြပါစေ။)

မေတ္တာများစွာ

**နီနီအုံး**



www.burmeseclassic.com

www.burmeseclassic.com



# အဘဘိုးမင်းခေါင်အတ္ထုပ္ပတ္တိ နှင့် ဖြစ်စဉ်ထူး၊ ကျင့်စဉ်ထူး

ကိုမောင်သန်းဝင်း

## ဘိုးမင်းခေါင်လောင်းလျာ မွေးရပ်ရွာ

ဘိုးမင်းခေါင်လောင်းလျာ မောင်ဘိုးအောင်ကို ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားတောင်မကြီး၏ အရှေ့ဘက်ရှိ ...င်မြင့်ရွာမှ အဘ ဦးမောင်ပု၊ အမိ ဒေါ်မင်းသစ်တို့မှ မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့ (...ရစ်နှစ် ၁၈၈၀ ပြည့်နှစ်၊ မေလ ၂ ရက်) နံနက် ၁၀ နာရီတွင် ဖွားမြင်ခဲ့သည်။ မွေးချင်း ငါးယောက်အနက် ဒုတိယသားဖြစ်သည်။

မွေးချင်းများမှာ (၁) ဦးဘိုးသောင်၊ (၂) ဦးဘိုးအောင်(ဘိုးမင်းခေါင်)၊ (၃) ဦးထွန်းမောင်၊ (၄) ဦးဘိုးဆော... (၅) ဒေါ်ငွေမြင့် တို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားပေစွ ရဟန်းဘဝ

မောင်ဘိုးအောင်သည် ငယ်နုစဉ်ဘဝကပင် ရှင်သာမဏေဘောင် ဝင်ခဲ့သည်။ အရွယ်ရောက်လတ်သော် မြင့်မြတ်သော ရဟန်းအဖြစ် ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ဦးအာစိဏ္ဏ ဖြစ်သည်။ ရဟန်းဘဝ သုံးဝါအရမှာပင် ပိဋကတ်သင်ရိုးကျွတ် သင်ယူတတ်မြောက်ခဲ့သည်။

ရဟန်း ၁၀ ဝါအရတွင် မကြာခဏဆိုသလို ခရီးထွက်လေ့ရှိပြီး မကြာ မကြာ မွေးရပ်မြေ စင်မြင့်ရွာသို့ ပြန်လာလေ့ရှိသည်။ ထိုစဉ်ကပင် ဦးအာစိဏ္ဏသည် တွေ့မြင်ကြရသော ထူးခြားဖြစ်စဉ်များကြောင့် မြေကြောရှုံ့နိုင်သည့် ပထဝီသိဒ္ဓိပေါက်နေပြီဟု သိမီသူတို့မှ ခန့်မှန်းပြောဆိုကြသည်ဟူ၏။

ရဟန်း ၁၃ ဝါအရတွင် ရဟန်းဝတ်နှင့်ပင် ခရီးထွက်သွားပြီး နှစ်ပေါင်း ၃၀ ကြာအောင်ပင် ထူးဆန်းစွာ ခြေရာဖျောက်သွားခဲ့သည်။ သေသည် ရှင်သည် မသိရချေ။





ထို့နောက် 'မင်းခေါင်' နာမည်ယူ၍ လူဝတ်ကြောင့်ဖြင့် ရောက်နေကြောင်း စင်မြင့်ရွာရှိ ညီအစ်ကို မောင်နှမများက သတင်းကြားပြီး လာရောက်ကြည့်ရှုကြသည်။ ထိုအခါ ဦးအာစိဏ္ဏ ဖြစ်နေသည်ကို တွေ့ကြရသည်။ ဆွေမျိုးများက နှုတ်ဆက်မေးမြန်းကြရာ မင်းခေါင်သည် 'အင်း. . မဟုတ်ဘူး ဟုတ်တယ်' ဟူသော စကားမျှသာပြော၍ တုံ့ဏှိဘာဝေနေသည်။ ထိုအခါ ဆွေမျိုးများက ကိုဘ်ု [illegible] ရှူးသွားပြီဆိုကာ ရွာသို့ ပြန်ကြသည်ဟူ၏။

## သာသနာ့ဂိုဏ်းတည်ခြင်း

သက္ကရာဇ် ၁၂၈၄(ခရစ်နှစ် ၁၉၂၂)ခုနှစ်တွင် ကချင်ပြည်နယ် နမ္မားမြို့တောင်ဘက် ခရုချောင်းရွာတွင် သာသနာ့ဓာတ်ပန္နက်များချခဲ့ပြီး နှစ်ပေါင်း ၂၀ မျှ နေထိုင်ပြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

သက္ကရာဇ် ၁၂၉၉(ခရစ်နှစ် ၁၉၃၇)ခုနှစ်တွင် ကသာမြို့သို့ ရောက်ရှိကာ 'ကမ္ဘာ့မဏ္ဍိုင်စေတီ' ကို တည်ထား

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး ခြေလျင်ခရီးဖြင့် မြို့ရွာနယ်ပယ်အသီးသီးသို့ လှည့်လည်ဝင်ထွက်ကာ ပုပ္ပားသို့ ပြန်ခဲ့သည်။ သက္ကရာဇ် ၁၃၀၀ ပြည့်၊ (ခရစ်နှစ် ၁၉၃၈)ခုနှစ်တွင် ပုပ္ပားတောင်မြတ် တောင်ကလပ်တွင်(ပထမံ မဟိဒ္ဓိသာသနာပြုဂိုဏ်းတော်ကြီး)အမည်ဖြင့် ဘိုးဘိုးအောင်-ဂိုဏ်းချုပ်သာသနာပြုဆရာကြီး၊ ဣန္ဒာသယကမ္ဘာတည် ရှင်ရသေ့ကြီး၊ ဆရာတော်ဘုရားကြီး ဦးဣန္ဒာသဖ၊ ဦးပညာသာမိခေါ် ပုပ္ပားတောင်ဝိဇ္ဇာဆရာကြီး၊ ဆံရှည်ဆရာတော်ဘုရားကြီး ဦးကောဏ္ဍည၊ အင်းဝိဇ္ဇာဆရာတော်ဘုရားကြီး ဦးဝဏ္ဏာသာမိ၊ မန္တန်ဝိဇ္ဇာမိုရ်ခေါ် မန္တန်ဂီရိဆရာတော်ဘုရားကြီး၊ ဦးစန္ဒောဘာသဆရာတော်ဘုရားကြီး၊ ဦးစန္ဒိမာဆရာတော်ဘုရားကြီး၊ ပထမံ ဘိုးတော်အောင်မင်းခေါင် စသည့် ဝိဇ္ဇာမိုရ်ဆရာတော်ဘုရားကြီး ၁၀ ပါးအား ဂိုဏ်းချုပ်အဖြစ်ထားရှိပြီး 'ပထမံ မဟိဒ္ဓိ သာသနာပြုဂိုဏ်းတော်ကြီး တပ်ဦးအဖွဲ့' ဟု သမုတ်တော်မူခဲ့သည်။

## သာသနာ့ဓာတ်ဆိုင် မှတ်တိုင်စေတီ

အဘဘိုးမင်းခေါင်သည် ပုပ္ပားတောင်မြတ် တောင်ကလပ်တွင် နေထိုင်သီတင်းသုံးပြီး မန္တလေးတောင်ခြေ ဆရာဦးအေးဖေအား ကိုယ်တော်စား အပွားပြုလုပ်စေပြီးလျှင် 'ဘိုးပွား' ဟူသော အမည်ကို ယူစေလျက် မန္တလေးတောင်ခြေ မိုးထိကျောင်းတိုက် နတ်မလင်းကျောင်း၌ ဓာတ်စီးစခန်းဖွင့်သည်။ ဘိုးမင်းခေါင်သည် သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်မှ ၁၃၀၀ ပြည့်နှစ်အထိ ပါရမီဖြည့်ကျင့်ရန် ကျင့်စဉ်များကို ၁၀ နှစ်တိတိ မြစ်ကြီးနား နမ္မားခရုချောင်း၌ နေထိုင်ခဲ့ပြီး၊ သက္ကရာဇ် ၁၃၀၀ ပြည့် တပေါင်းလ၊ ခရစ်နှစ် ၁၉၃၈ ခုနှစ်၊ မတ်လတွင် တပည့် ရှမ်းအမျိုးသား ခုနစ်ဦးနှင့်အတူ ပုပ္ပားသို့ ရောက်ခဲ့ပြီး တောင်ကျောင်းဆရာတော်ဘုရားကြီး ဦးကေသရထံ ဝင်ရောက်နေထိုင်ခဲ့သည်။ ပါလာသည့် တပည့်တို့အား ကျင့်စဉ် ကျင့်ရပ်များကို သင်ကြားပေးခဲ့ပြီး သာသနာပြု ဓာတ်စခန်းများ တည်စေခဲ့သည်။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ 'ပထမံတပ်ဦးအဖွဲ့ကြီးကို ပဋ္ဌမကျော်ဆရာကြီး ဦးစိန်ခန့်အား အမှူးထား၍ ဖွင့်လှစ်ခဲ့သည်။ ပထမံ တပ်ဦးအဖွဲ့ကြီးကိုလည်း ပဲခူး၊ သထုံ၊ ပြည်မြို့များနှင့်တကွ အောက်ပြည်အောက်ရွာ မြို့နယ်များ၌ ပထမံ ဓာတ်ကြီးကိုင်စေတီတော်များကို ရွှေပြည်ဝင်၊ ရွှေပြည်ဇ၊ ရန်ပြေ မာန်ပြေ အစရှိသော ဘွဲ့တော်များဖြင့် တည်ခဲ့သည်။ မြန်မာပြည်တစ်ဝန်းတွင် စေတီပေါင်း ၁၅၁ ဆူ တည်ခဲ့ပြီး ဖြစ်သည်။

သက္ကရာဇ် ၁၃၁၄ ခုနှစ်၊ ခရစ်နှစ် ၁၉၅၂ ခုနှစ်တွင် ပုပ္ပားတောင်မြတ် တောင်ကလပ်တွင် 'ကမ္ဘာလုံးစေတီ' တည်ထားခဲ့သည်။

## သာသနာ့ဓာတ်ပန္နက် ရိုက်ခဲ့ခြင်း

အဘဘိုးမင်းခေါင်သည် သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မှ ၁၃၁၄ ခုနှစ်အထိ ၁၄ နှစ်လုံးလုံး ပုပ္ပားတောင်ကလပ်တွင် နေထိုင်ပြီး ကမ္မဋ္ဌာန်းတရားများကို ကျင့်ကြံအားထုတ်ခဲ့သည်။ ထွက်ရပ်ပေါက် မကြွမြန်းမီ 'ကမ္ဘာလုံးစေတီ' လေးကို ပုပ္ပားတောင်ကလပ်ပေါ်တွင် နောက်ဆုံးတည်ထားခဲ့ခြင်းဖြစ်သည်။

တောင်ကလပ်ပေါ်တွင် ကမ္ဘာအေးစေတီ၊ ကမ္ဘာလုံးစေတီများ တည်ထား၍ ဓာတ်ပန္နက်ချမှတ်ကာ လူအများ ဆည်းကပ်ကိုးကွယ်ကြရန် မှာကြားခဲ့သည်။ ဘုရားတည်၍ လူအများ ကိုးကွယ်စေခြင်းအကျိုးသည် 'ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ပြေး' ဟူသော တဘောင်အရ .


သက္ကရာဇ် ၁၂၄၇ ခုနှစ်(ခရစ်နှစ် ၁၈၈၅)ခုနှစ် မြန်မာတို့ ထီးကျိုးစည်ပေါက် မြန်မာ့ပလ္လင်ပျောက်ခဲ့သည်။ မြန်မာ့ပလ္လင်ပေါ်တွင် အင်္ဂလိပ်တို့ တက်ရောက်ခဲ့သည်။ မြန်မာတို့က အင်္ဂလိပ်တို့ကို မျောက်ဟု ခေါ်ကြသည်။ ထိုမျောက်တို့သည် သက္ကရာဇ် ၁၃၀၄ ခုနှစ်(ခရစ်နှစ် ၁၉၄၂) ခုနှစ်တွင် ကမ္ဘာစစ်ကြီးဖြစ်သောအခါ ပထမအကြိမ် ဆင်းပြေး ကြရသည်။

ဒုတိယအကြိမ် သက္ကရာဇ် ၁၃၀၇ ခုနှစ်(ခရစ်နှစ် ၁၉၄၅)ခုနှစ်တွင် တစ်ဖန် မြန်မာပြည်သို့ ဝင်လာပြန်ပြီး မြန်မာ့ပလ္လင်တွင် ထိုင်ပြန်သည်။ မြန်မာတို့က ပလ္လင်ကို ပြန်တောင်းသဖြင့် ဒုတိယအကြိမ် ဆင်းပြေးရသည်။

အဘဘိုးမင်းခေါင်သည် သက္ကရာဇ် ၁၂၅၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၈၈)ခုနှစ်က အစပြု၍ ကျင့်ကြံအားထုတ်လျက်ရှိသော သာသနာ့ဓာတ်ငုတ်ကို တိမ်မြုပ်မသွားစေရန် အတန်တန်သော ယတြာဓာတ်အလုပ်ကို ပြုလုပ်ကြိုးစား အားထုတ်နေသည်မှာ သာမန်လူတို့ ပြုလုပ်ရန် မစွမ်းနိုင်သော အလုပ်ကြီးတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




“ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တယ်၊
ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား၊
ဓာတ်ကောလီ သုံးဆယ်ကူးအောင်ကွယ်
ဖူးကြအများ”

ဟူ၍ ဖြစ်သည်။

မြန်မာပြည်အတွင်းရှိ မြို့ကြီး ၈၀ ကျော်နှ
ကျေးရွာ ပေါင်း ၄၀၀၀ ကျော်တို့တွင် ကိုးတောင်ပြ
စေတီတော် ကလေးများကို တစ်မြို့တစ်ရွာလျှင် တစ်ဆူ
တည်ထားကိုး ကွယ်ကြသဖြင့် တစ်နိုင်ငံလုံး ဘုရားဒကာ
ဘုရားဒါယိကာမ တွေ ဖြစ်ကြရလေတော့သည်။

အဘဘိုးမင်းခေါင်သည် **‘ကုသလာဓမ္မာ သုခဝိပါ
လက္ခဏာ’** ဟူသော ဒေသနာတော်အတိုင်း တိုင်းပြည်လူ
အား အလွန်တရာ စာနာထောက်ထားသဖြင့် ဘုရားဒါယက
တွေဖြစ်အောင် ကုသိုလ်ဓာတ် ရိုက်ပေးခဲ့ခြင်း ဖြစ်သည်
ဟူ၏။

ကုသလာ - ဘုရားလေးငယ်ငယ် ကိုးတောင်ပြ
တည်ရတဲ့ ကုသိုလ်ဟု ဆိုအပ်ကုန်သော၊ ဓမ္မာ - ဓာတ်သဘော
တို့သည်၊ တိဟိကပွေဟိ - စစ်ဘေးစစ်ဒဏ် အမှန်ခံရလ



မှတ်တမ်းအရ ဓာတ်စခန်းကျသော မြို့ရွာများသို့ သာသနာ့ဓာတ်ပန္နက် ရိုက်နှက်ရန် သွားရသော အချိန်များတွင် တစ်ချိန်ချိန်တွင် သူရူးအသွင်ဆောင်ယူ၍ ဓာတ်စခန်းများကို ဖွင့်ခဲ့ရသည်။ တစ်ချိန်ချိန်တွင် သူငယ်အသွင်ဆောင်ယူ၍ သာသနာ့ဓာတ်စခန်းတို့ကို ဖွင့်ခဲ့ရသည်။

## ဂိုဏ်းတော်ကြီးမှ နှိုးဆော်စာ

ဤသို့လျှင် အဘဘိုးမင်းခေါင်သည် အသွင်အမျိုးမျိုးကို ဆောင်ယူကာ သာသနာ့အလင်းရောင်ဓာတ်အားကို မပြတ်မနား ဖွင့်လိုက်သောအချိန်တွင် ‘ဂိုဏ်းတော်ကြီး နှိုးဆော်ချက်’ ဟူသော ဓာတ်ဝင်သည့် အမိန့်စာကို တစ်ပြည်လုံးသို့ ဖြန့်ဝေလိုက်သောအခါ အားလုံးပင် လိုက်နာကျင့်ကြံကြလေတော့သည်။

နှိုးဆော်စာအရ . . .

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော သတ္တန္တရကပ်၊ ရောဂါဘေးဆိုးအမျိုးမျိုး ကျရောက်သေရလတ္တံ့သော ရောဂန္တရကပ်၊ အစာခေါင်းပါးခြင်း ရောဂါပွား၍ သေရလတ္တံ့သော ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ်သော ဤသုံးပါးသော ကပ်တို့မှ သုခဝိပါက လက္ခဏာ ကင်းစင်လွင့်ပျောက် မကျရောက်စေဘဲ ကောင်းကျိုးသုခ ရရှိခံစားခြင်း လက္ခဏာတို့ ရှိကုန်၏။

အဘဘိုးမင်းခေါင်သည် တွေ့ရလတ္တံ့သော ကပ်သုံးပါးမှ ကင်းလွတ်ကြစေရန် ဖြည်သူတို့အား ကိုးတောင်ပြည့် စေတီများကို တည်ထားဆည်းကပ်ကြရန် သာသနာ့ဓာတ်ပန္နက်တို ရိုက်နှက်ခြင်း ဖြစ်သည်။

## ဦးခန္တီအား တာဝန်ပေးရွေးချယ်

အဘဘိုးမင်းခေါင်ကြီးမှူးသော ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးသည် သာသနာ့အောင်ပန္နက်ရိုက်ရန်အတွက် ရမည်းသင်းမြို့နယ်၊ ရွှေမြင်တင်တောင်၌ သီတင်းသုံးနေသော ရဟန်းတော် ဦးခန္တီအား ဘုန်းရှင် ကံရှင် သာသနာ့ဓာတ်ဝင် ပါရမီရှင်တစ်ယောက်ဖြစ်၍ သက္ကရာဇ် ၁၂၉၆ ခုနှစ်(ခရစ်နှစ် ၁၉၃၄) ခုနှစ်ကတည်းကပင် သာသနာပြု ရန် ရွေးချယ်ခဲ့သည်။

အဘဘိုးမင်းခေါင်သည် ကချင်ပြည်နယ်၊ နမ္မားခရုချောင်း၌ နေစဉ်က တပည့်ကြီး သုံးဦး ရှိခဲ့သည်။ အဘဘိုးမင်းခေါင်နှင့်အတူနေ ခရုချောင်းရွာမှ 'ဦးထိ'၊ ကောလင်း ခမောက်တောင်ကို အစဦးစွာ သာသနာပြုခဲ့သော 'ဘိုးစိ'နှင့် မန္တလေးတောင်တွင် သာသနာပြုနေသည့် ဦးခန္တီတို့ပင် ဖြစ်သည်။

တာဝန်ပေးချက်အရ ဦးခန္တီသည် ရဟန်းဘဝမှ ရသေ့အသွင်ပြောင်းပြီးလျှင် မန္တလေးတောင်တွင်လည်းကောင်း၊ ညွှန်ကြားရာဒေသများတွင်လည်းကောင်း သာသနာ့ ဓာတ်ပန္နက်ဓာတ်တိုင်ကြီးများကို မြိုင်မြိုင်ဆိုင်ဆိုင် စိုက်ထူ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ရုပ် ကိုးတင်း သိုက်ပိတ်ခဲ့ခြင်း

ကျိုက်လတ်မြို့နယ် ထလုချောင်းတွင်းရှိ ရုပ် ကိုးတင်း သိုက်ကြီးကို အဘဘိုးမင်းခေါင်မှ သက္ကရာဇ် ၁၃၀၃ ခုနှစ် (ခရစ်နှစ် ၁၉၄၁) ခုနှစ်၊ သီတင်းကျွတ်လအတွင်းက ပိတ်ခဲ့သည့် အကြောင်းကို သက္ကရာဇ် ၁၃၁၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင် 'ဘိုးပွား'ထံရောက်စဉ် အဘဘိုးမင်းခေါင်မှ အသိပေး ပြောကြားခဲ့သည်။

သိုက်ပိတ်ခဲ့ရခြင်းမှာ အချိန်အခါမဟုတ်ဘဲ အပြင်ပစ္စည်း ပြဒါးရုပ်များမှတစ်ပါး အတွင်းပစ္စည်းများဖြစ်သည့် ရွှေ၊ ငွေ၊ ရတနာများ၊ ပြဒါးရှင်လုံးများကို မသမာသူတို့ ထုတ်ယူ သုံးစွဲခြင်း မပြုနိုင်ရန် ကာကွယ်လို၍ဖြစ်သည်။

သာသနာပြုလိုသော ဆန္ဒရှိသည့်အခါတို့တွင် 'မသိသူကျော်သွား၊ သိသူဖော်စား' ဟူသော စကားအရ ထလုချောင်းတွင်း ရုပ် ကိုးတင်း သိုက်ကြီးမှ မြေကြီးကို မတူးမဆွရဘဲ အစောင့်များက မေတ္တာဖြင့် ထုတ်ပေးအပ်ပေလိမ့်မည်ဟူ၏။ အဆိုပါ သိုက်အတွင်းတွင် ရွှေ၊ ငွေ၊ ရတနာများအပြင် ပြဒါးရုပ်မျိုးစုံ ရှိသည်။ ပြဒါးရုပ်တိုင်းတွင် စမနှင့် အင်းကွက်များ ပါရှိသည်။ ယင်းတို့သည် ကပ်များကျော်မည်။ လာဘ်သပ္ပကာကောင်း၍ မျက်နှာပွင့်လန်းမည်။ ပယောဂအမျိုးမျိုး နိုင်မည်။ အရောင်းအဝယ် ကောင်းမည်။ ဉာဏ်ရှိသလို သုံးစွဲနိုင်သည်။ အဘဘိုးမင်းခေါင်မှ မိန့်ကြားသည်ဟုဆိုသည်။

## ထူးခြားဆန်းပြား ဖြစ်စဉ်များ

အဘဘိုးမင်းခေါင်သည် ကသာ၊ မော်လိုက် စသည့် ဒေသများတွင် လှည့်လည်သွားလာရင်း သာသနာ့ပန္နက်တွေ ချခဲ့ပြီး ခုနစ်ရက်သားသမီးတို့အား အသက်ဘေးမှ ကယ်တင်ခြင်း၊ ဆင်းရဲဒုက္ခရောက်နေသူများအား ကူညီစောင်မခြင်း အမှုပြုလေ့ရှိသည်။

တွေ့ဖူး၊ မြင်ဖူးသူတို့မှ အဘဘိုးမင်းခေါင်သည် အလွန်ဖေအးသော ရာသီ၌ တစ်နေကုန် ရေတွင်နေတတ်သလို၊ အင်မတန်မှ ပူလောင်သည့် နွေရာသီတွင်လည်း သွပ်ခေါင်မိုးပေါ်တွင် တက်အိပ်နေတတ်သည်။

အဘဘိုးမင်းခေါင်၏ ထူးခြားဆန်းပြား အပြုအမူတို့ကြောင့် သက္ကရာဇ် ၁၂၈၈ ခုနှစ်(ခရစ်နှစ် ၁၉၂၆)ခုနှစ်တွင် ကသာမြို့၌ ဗြိတိသျှတို့က မသင်္ကာမှုဖြင့် ခေတ္တဖမ်းဆီးခဲ့သေးသည်။

- ထမင်းဆိုင်တို့တွင် လည်လှီးသတ်ပြီးသား ကြ... သေများကို အသက်ပြန်ရှင်အောင် လုပ်ပြခြ...
- ဧရာဝတီမြစ်ထဲ၌ သစ်တုံးကြီးကိုစီးပြီး ရေဆန်တ... ပြခြင်း၊
- ကျားရိုင်းကြီးများကို အိမ်မွေးကြောင်တစ်ကော... နှယ် ကစားပြခြင်း၊
- အင်ဂျင်မပါ၊ ဘီးမပါသော ကားပျက်ကြီးကို ပု... မှ ကျောက်ပန်းတောင်းအရောက် မောင်းပြခြ...
- ဧရာဝတီမြစ်ကြီးထဲ ရေပေါ်လမ်းလျှောက်သွား... ခြင်း၊
- ငှက်ပျောပင်ပေါ်ရှိ ငှက်ပျောရွက်ပေါ်တက်၍... အိပ်ပြခြင်း၊
- ကိုယ်ခွဲ ရုပ်ခွဲများ ခွဲ၍ ကန်တော့ခံခြင်း၊
- သူတစ်ပါးစိတ်အကြံကို ...ျင်မြန်စွာသိခြင်း၊
- ရောမကြီးထွားသော သစ်ပင်ကို လက်တစ်ဖက်... နုတ်ပြခြင်း၊
- ဝါးရုံပင်ကြီးတွေကို နုတ်ပြပြီး အခြားတစ်နေ... တွင် ရှင်သန်အောင် စိုက်ပြခြင်း၊
- အဘဘိုးမင်းခေါင်သည် နမ္မားနှင့် ပုပ္ပားတောင... တော်၌ ရှိနေစဉ် ပုပ္ပားတောင်ကလပ်၌ လေအ... တိုက်၍ အေးချမ်းလွန်းစဉ် အင်္ကျီမဝတ်ဘဲ သုံး... လေးလ အိပ်ရာမှ မထခြင်း၊
- ရေကို ဘယ်တော့မှ မချိုးခြင်း၊ ထမင်းမစား ... မစားဘဲ လေး,ငါးလခန့်နေခြင်း၊ သို့သော် ကိုယ်... ချေးညှော် အနံ့အသက် တစ်စုံတစ်ရာ မရှိခြ...
- သုံး,လေးရက်မျှသာ တစ်ကြိမ် ကျင်ကြီး၊ ကျင်... စွန့်ခြင်း၊
- အတွင်းနေ တပည့်တို့မှတစ်ပါး မည်သူကိုမျှ ပွင့်... လင်းလင်း ပြောဆိုဆက်ဆံမှု မရှိခြင်း၊
- ပရိသတ်များထဲ၌ ကြည်ညိုသူလာလျှင် ကော... ရာဇာခြသေ့်ကဲ့သို့ ခံ့ညားစွာနေခြင်း၊ မကြည်... သူလာလျှင် မရောက်မီကပင် အမူအရာတစ်... ပြောင်း၍ မကြည်ညိုသည်ထက် မကြည်ညိုအော... နေထိုင်ပြလေ့ရှိခြင်း၊
- အဘဘိုးမင်းခေါင်သည် ပုပ္ပားမှ တောင်တော... သို့ ပြောင်းရွှေ့နေထိုင်ပြီး မကြာမီ အင်္ဂလိပ် အစိုး...

www.burmeseclassic.com

www.burmeseclassic.com





*သံသယပုဒ်မဖြင့် ကျောက်ပန်းတောင်း ဂတ်တဲရှိ ရာဇဝင်အုပ် ဦးကြွက်က တောင်ကလပ်သို့ လာရောက်ဖမ်းဆီးကာ ကျောက်ပန်းတောင်းဂတ်ထဲတွင် ချုပ်နှောင်ထားသည်။ တစ်လခန့်အကြာ အဘဘိုးမင်းခေါင်က ငါမနေချင်တော့ဘူး ဟုဆိုကာ ထောင်တံခါး မပွင့်စေဘဲ အပြင်ထွက်သွားခြင်း၊*

အဘဘိုးမင်းခေါင်သည် ခရုချောင်းရွာ ဘိုးဆယ်၊ ...မှုံတို့အိမ်၌ရှိစဉ် ဘိုးဆယ်၊ မဖွားမှုံတို့၏ သမီး နာမကျန်း ...နေလေရာ အဘဘိုးမင်းခေါင်က ဖယောင်းတိုင်များ ...ညှိထား၍ ဖယောင်းညှော်နံ့ နံသောကြောင့် ဘိုးဆယ်၊ ...မှုံတို့၏သား ဦးကံသည် သူ၏နှမ သေရသည်ဟု စွပ်စွဲ ... အဘဘိုးမင်းခေါင်၏ ဦးချိုစောင်းကို တုတ်ဖြင့် ရိုက်လိုက် ... ခေါင်းကွဲ၍ သွေးများဖြာထွက်လာသည်။ အဘဘိုးမင်းခေါင် ... ထိုသူအား တုံ့ပြန်ရန်မူခြင်း အလျဉ်းမပြုချေ။ ထိုသူသည် ...လခန့်အကြာ နာမကျန်းဖြစ်ကာ သွေးအန်၍သေသည်။

အဘဘိုးမင်းခေါင်သည် နမ္မားမြို့တွင်း ဈေးတန်း၌ ကလေးစီး သုံးဘီးတပ် စက်ဘီးလေးကို စီးသွားရာ ကုလားလူမျိုး ရာမားက သူ၏မြေးငယ်ကို တိုက်မိမည်စိုး၍ အဘဘိုးမင်းခေါင်၏ပါးကို ရိုက်သည်။ အဘဘိုးမင်းခေါင်သည် တုံ့ပြန်ရန်မူခြင်း အလျဉ်းမပြု။ အဆိုပါ ကုလားသည် လေး,ငါး ရက်အတွင်း သွေးအန်ပြီးသေသည်။

အဘဘိုးမင်းခေါင်သည် မြစ်ကြီးနားမြို့နယ် နမ္မားခရုချောင်း၌ သာသနာ့မာတ်အလုပ်ကို ပြုလုပ်ကြိုးစားနေစဉ် မြစ်ကြီးနား မီးရထားကြီးသည် တစ်နေရာတွင် လမ်းချော်၍ ကျသွားသည်။ ထိုအခါ အဘဘိုးမင်းခေါင်သည် တုတ်တိုလေး တစ်ချောင်းဖြင့် နွားမောင်းသလို ရထားကြီးကို မောင်းလိုက် သဖြင့် မီးရထားကြီးသည် မူလသံလမ်းပေါ်သို့ ရောက်ရှိကာ ထွက်သွားသည်။

ထို့ပြင် ရထားလမ်းတံတားတစ်ခု ကျိုးပျက်နေသည်ကို ရထားဘက်ဆိုင်ရာ အရာရှိများ မသိရှိဘဲနေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လူအများ ချမ်းသာကြစေရန် ရည်သန်၍ ကျိုးပျက်နေသော ဂံတား၏ ရှေ့တည့်တည့် သံလမ်းပေါ်တွင် အဘဘိုးမင်းခေါင်က ခေါင်းတင်၍ အိပ်နေလိုက်သည်။ ထိုအချိန်တွင် မီးရထားကြီးသည် အားကုန်ခုတ်မောင်းလာလေရာ အဘဘိုးမင်းခေါင်အနီးသို့ ရောက်သောအခါ ခုတ်မောင်းမရတော့ဘဲ ရပ်တန့်သွားသည်။ မီးရထားအရာရှိများက ဆင်း၍ ကြည့်ရှုလေရာ ကျိုးပျက်နေသော တံတား၏ရှေ့တွင် အိပ်နေသော အဘဘိုးမင်းခေါင်ကို အံ့သြစွာ တွေ့ကြရသည်။ အဘဘိုးမင်းခေါင်က ရထားစီးခရီးသည်တို့အား ကယ်တင်လိုက်ခြင်းဖြစ်သည်။

သက္ကရာဇ် ၁၃၁၂ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက်နေ့တွင် အောက်ပြည် ရန်ကုန်၊ သထုံ၊ ဇင်းကျိုက် စသောမြို့ရွာဒေသများမှ သာသနာပြု တာဝန်ခံဖြစ်သော တပည့်များသည် အဘဘိုးမင်းခေါင်အား ကန်တော့ရန် ပုပ္ပားတောင်မြတ်တောင်ကလပ်သို့ ရောက်လာကြသည်။

ထိုအချိန်၌ အထက်မြန်မာပြည်တွင် ရာသီဥတု သည် လွန်စွာပူအိုက်သော ရာသီဖြစ်သည်။ ပါရမီဓာတ်ခံရှိသူ အဘဘိုးမင်းခေါင်၏ ရန်ကုန်မြို့သူ တပည့်မ တစ်ယောက် သည် သမထအလုပ်စခန်းကို တကယ်တမ်း အားထုတ်နေစဉ် အပူရှိန် ပြင်းထန်လွန်း၍ အားထုတ်ရန် အခက်အခဲ တွေ့နေ ရသည်။

ထိုတပည့်မသည် အလွန်ပူအိုက်သဖြင့် ခံနိုင်ရည် မရှိတော့ဟုဆိုကာ ရန်ကုန်သို့ပြန်ရန် အဘဘိုးမင်းခေါင်ထံ ခွင့်တောင်းသည်။ ဤတွင် အဘဘိုးမင်းခေါင်မှ အဇ္ဈ အာကာသကောင်းကင်ကို ရှုမှတ်ကြည့်နေစဉ် ငါးမိနစ်ခန့် အတွင်းမှာပင် အရပ်လေးမျက်နှာမှ မိုးကြီးသည်းထန်စွာ တအုန်းအုန်း ရွာချလေတော့သည်။ မိုးကြီးသည်းထန်စွာ ရွာသောရက်မှာ သက္ကရာဇ် ၁၃၁၂ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ရွာသွန်းခဲ့သည်။

အဘဘိုးမင်းခေါင်သည် မိမိထွက်ရပ်ဖေါက် မ… မြန်းမီ ဘုရားတည်၍ သာသနာပြုရန် အစီအစဉ် ချမှတ် ထားသည့်အတိုင်း ရပ်ဝေးနေ တပည့်များကို စာရေးမှာခြင်း သံကြိုးရိုက် မှာကြားခြင်း မပြုဘဲ လိုအပ်သည့်အခါ 'မနော မဟိဒ္ဓိ' စိတ်တန်ခိုးဖြင့်သာ ခေါ်ယူလေ့ရှိသည်။ တပည့်များ… စိတ်နဲ့ တောင်းပန်လျှောက်ထားသည့်အချက်များကိုလည်း တပည့်များအား ကာယဝိညာဏ်၊ ကိုယ်အမူအရာနှင့်သာ ဖြေကြားလေ့ရှိခြင်း။

အဘဘိုးမင်းခေါင်သည် 'အရိယာ ဓမ္မ နတ်ဝိဇ္ဇာ… သိဒ္ဓိ ၁၀ ပါး၊ မဟိဒ္ဓိ ၁၂ ပါး အကုန်ပြီးစေသူဖြစ်ခြင်း။

အဘဘိုးမင်းအောင်(ခေါ်) အောင်မင်းခေါင်သည်၊

အင်းဝမင်းခေါင်၊

ဓမ္မစေတီမင်းခေါင်၊

တိကြွားမင်းခေါင်၊

ပုပ္ပားမင်းခေါင်၊


ဟု အမည်လေးမျိုးဖြင့် ကျော်ကြားသည့် **'ခေါင်လေးခေါင်'** ဟု ခေါ်ဝေါ်သမုတ်ကြသည်။

စသည်ဖြင့် အဘဘိုးမင်းခေါင်တွင် ထူးခြားချက် များစွာရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ထွက်တော်မူ ကြွမြန်းခြင်း




အဘဘိုးမင်းခေါင်သည် အသက် ၇၂ နှစ်အရွယ်တွင် ပုပ္ပားတောင်မြတ်တောင်ကလပ်၊ ယခု အဘဘိုးမင်းခေါင် ဓာတ်စခန်း တည်ရှိရာနေရာတွင် မထင်မရှားရောဂါဖြင့် သက္ကရာဇ် ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ညနေ ၄ နာရီ မိနစ် ၃၀၊ (ခရစ်နှစ် ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်) တွင် အနိစ္စရောက် ထွက်ရပ်ပေါက်ခဲ့သည်။ မြန်မာပြည်အရပ်ရပ်မှ ကိုးကွယ်ကြည်ညိုသူ ရာပေါင်းများစွာ လာရောက်ခဲ့ကြသည်။ ပုတီးစိပ်၊ တရားထိုင်၊ အဓိဋ္ဌာန်ဝင်ကြသည်။

အဘဘိုးမင်းခေါင် ထွက်တဲ့အချိန်မှာ ခန္ဓာကိုယ်အောက်ပိုင်းသည် ပုပ်စော်နံနေပြီး အထက်ပိုင်းသည်ကား သန့်စွာမွှေးကြိုင်လျက် ရှိနေသည်ဟု သိမီလိုက်သော ဒါမင်းဝဲတောင်ဆရာတော် ဦးကုန္တ(စစ်ကိုင်း)က ဆိုသည်။ အဓိပ္ပာယ် က 'ငါမရှိတဲ့အခါ အောက်ခြေအောက်ပိုင်းက အောက်တန်း ကျသူတွေက ငါ့နာမည်ကို လုပ်စားကြပေ အံ့မည်။ သီလ၊ သမာဓိရှိသူ အထက်တန်းစား ပုဂ္ဂိုလ်တွေက ငါ့အမည် ဂုဏ်သတင်းမွှေးအောင် စွမ်းဆောင်ကြပေလိမ့်မည်' ဟူ၍ဖြစ်သည်။ ရုပ်ပြောင်းနာမ်ခွာ ထွက်သွားခဲ့သော အဘဘိုးမင်းခေါင်သည် ရသေ့ကြီး ဦးခန္တီနှင့်အတူ ၁၁ ယောက်သော ဓါရမီရှင်တို့အား 'ငါသည် ဥတ္တလာ၊ ဒဂုံ၊ သထုံ၊ ဇင်းကျိုက်သို့ လိုက်လာမည်၊ ယခု ငါ့သား၊ ငါ့သမီးတို့ ပြန်နှင့်ကြတော့' ဟု ဆိုခဲ့လေရာ သုဝဏ္ဏဘူမိ သထုံပြည်၌ ပွင့်လင်းလတ္တံ့သော သာသနာပြုပွဲကြီးကို အဘဘိုးမင်းခေါင်သည် ဇကန်အမှန်ပင် ဆင်နွှဲပြုစုပေလိမ့်မည်ဟု ယူဆရသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၆ လုံးမြောက်ဖြစ်သော ဥတ္တရာသံနိနက္ခတ် ၂ ပါဒ် ၅ ယင်္ဂ စန်းယှဉ်သောအချိန် ၁၉၅၂ ခု၊ စက်တင်ဘာလ ၅ ရက်၊ ညနေ ၄း၃၀ တွင် ထွက်ရပ်လမ်းသို့ မြန်းတော်မူသည်။



| စင်နက္ခတ် | ဏ္ဍနှနေသွား |
|---|---|
| ၂၆ လုံး | ၁၂ |
| ၂ ပါဒ် | ၁၈ |
| ၅ ယင်္ဂ | ၈ |
| | ၄၂ |

ဦးခန္တီသည် သထုံမြို့နယ်အတွင်း ဓာတ်ကျရာ ဌာန အသီးသီးတွင် စေတီပုထိုးများစွာကို တည်ထားခဲ့ပြီးလေပြီ။ သထုံမြို့နယ် ကေလာသဘုရား၏ မြောက်ဘက်တွင် နေထိုင်သော ဦးရဲသူ၏သား ဆရာတော် ပေါ်သစ်သည်လည်း အဘဘိုးမင်းခေါင် လမ်းညွှန်ချက်အတိုင်း သထုံပြည်၏အနီး ခနုတောင်တွင် သာသနာ့ဓာတ်တိုင် စေတီတော်များ တည်ထားခဲ့ရာ ယခုအခါ အထင်အရှား တွေ့နိုင်လေပြီ။

အဘဘိုးမင်းခေါင်ထွက်သည့် ရက်၊ လ၊ နှစ်မှစ၍ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့သို့ မရောက်မီ လဆန်း ၁၀ ရက်ခန့်မှစ၍ နှစ်စဉ် မြန်မာပြည်အရပ်ရပ်မှ ရာပေါင်းများစွာသော ဧည့်ပရိသတ်တို့သည် ပုပ္ပားတောင်မြတ်၊ တောင်ကလပ်ဆီသို့ စုဝေးရောက်ရှိလာကြသည်။

အဘဘိုးမင်းခေါင်၏ထွက်ရာ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့သို့ ရောက်သောအခါ ဧည့်ပရိသတ်တို့သည် အုန်းပွဲ၊ ငှက်ပျောပွဲတို့ဖြင့် အဘဘိုးမင်းခေါင် အမှူးပြုသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများအား ပူဇော်ပသ ကန်တော့ကြသည်။

အချို့လည်း အဘဘိုးမင်းခေါင် ထွက်ပွဲရှိရာသို့ တက်ရောက်ခဲ့ကြပြီး အဘဘိုးမင်းခေါင် တည်ခဲ့ပါသော စေတီသုံးဆူအား ရှိခိုးပူဇော်ကြပြီး 'အောင်ပြီ' 'အောင်ပြီ' 'အောင်ပြီ' ဟူ၍ သုံးကြိမ်သုံးခါ ဆိုပြီး ဆင်းခဲ့ကြသည်။ ဆန္ဒပြည့်မြောက်ကြသည်ဟုလည်း ဆိုကြသည်။

အဘဘိုးမင်းခေါင် ချမှတ်သော လမ်းစဉ်အတိုင်း လုပ်ဆောင်နေကြသော လူငယ်လူရွယ်တွေလည်း ရှိသည်၊ လုပ်တိုင်းလည်း အောင်မြင်ကြသည်ဟု ဆိုသည်။





ပုပ္ပားတောင်ကလပ်ရှိ အဘ အောင်မင်းခေါင်၏ ဂူစေတီ ဓာတ်နန်း

www.burmeseclassic.com

www.burmeseclassic.com





## အဘဘိုးမင်းခေါင်ကို ဘယ်လိုကန်တော့ပွဲအပ်ပြီး ပင့်ဖိတ်ရမလဲ

ဗုဒ္ဓဘာသာ ထွန်းကားတော်မူသော မိမိတို့နိုင်ငံသည် နိုင်ငံသားတိုင်း မိမိတို့ ယုံကြည်ရာကို လွတ်လပ်စွာ ပူဇော်ကိုးကွယ် ခွင့်ရထားသော နိုင်ငံဖြစ်၏။

သည့်အတွက် နတ်ကိုးကွယ်မှုများ၊ ဘိုးတော်ကိုးကွယ်မှုများလည်း တွင်ကျယ်နေဆဲပင်။ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများ၌ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုတွေက အများသား။ သည်လိုမျိုး ကိုးကွယ်ကြရာ၌ ကန်တော့ပွဲကို ပြင်ရ၊ အပ်ရသည်။ ပူဇော်ကိုးကွယ်လိုသော ပုဂ္ဂိုလ်ကို ပင့်ဖိတ်ရ၏။

ဤ၌ အဘဘိုးမင်းခေါင်ကို ရည်စူး၍ ကန်တော့ပွဲ ပြင်လိုသူ၊ ကန်တော့ပွဲ အပ်လိုသူ၊ အဘဘိုးမင်းခေါင်အား ပင့်ဖိတ်လိုသူတို့အတွက် အဘဘိုးမင်းခေါင် ကန်တော့ပွဲဆိုင်ရာ၊ ပင့်ဖိတ်ခြင်းဆိုင်ရာတို့ကို လေ့လာမိသမျှ တင်ပြလိုက်ပါသည်။

ဦးစွာ အဘဘိုးမင်းခေါင် ကန်တော့ပွဲပြင်ရာ၌ လိုအပ်သော ပစ္စည်းပစ္စယတို့ကို ဖော်ပြပါမည်။

| | | |
|---|---|---|
| (၁) | ငှက်ပျောသီး | ၃ ဖီး |
| (၂) | အောင်သပြေပန်း | ၅ ညွန့် |
| (၃) | စံပယ်ပန်း | ၁ ကုံး |
| (၄) | ရွှေပန်း | ၅ ပွင့် |
| (၅) | ငွေပန်း | ၅ ပွင့် |
| (၆) | ကွမ်းယာ | ၅ ယာ |

www.burmeseclassic.com

www.burmeseclassic.com





(၇) လက်ဖက်(အသား) ၁ ပွဲ

(၈) တစ်မတ်စေ့ ၅ စေ့

(၉) ဆယ်ပြားစေ့ ၅ စေ့

(၁၀) ကြက်လျှာအဖြူ ၅ ခု

(၁၁) အမွှေးနံ့သာတိုင် ၅ တိုင်

(၁၂) ဖယောင်းတိုင် ၅ တိုင်

(၁၃) ရေနွေးကြမ်း ၁ ခွက်

(၁၄) ဆေးပြင်းလိပ်(သို့) စီးကရက် ၁ လိပ်

(၁၅) တောင်း ၁ လုံး

(၁၆) စက္ကူအဖြူ ၁ ရွက်

(၁၇) မီးခြစ် ၁ လုံး

အဆိုပါ ပစ္စည်းများ စုံပြီဆိုပါက. . .

တောင်းအတွင်းသို့ စက္ကူအဖြူခင်း... ငှက်ပျောဖီး ၃ဖီး ကို ဦးစွာထည့်ပါ။

ငှက်ပျော ၃ ဖီးကြား အုန်းသီးကိုထည့်... အုန်းသီးပေါ်တွင် ကြက်လျှာအဖြူ ၅ ခု စိုက်၍ ပွဲပြင်...

မတ်စေ့နှင့် ဆယ်ပြားစေ့တို့ကို ပွဲထဲသို့ ထည့်... ပါမည်။

သပြေပန်း၊ ရွှေပန်း၊ ငွေပန်း၊ စံပယ်... ကွမ်းယာ၊ လက်ဖက်၊ အမွှေးတိုင်၊ ဖယောင်းတို... ရေနွေးကြမ်း၊ ဆေးပြင်းလိပ် (သို့မဟုတ်)စီးကရ... မီးခြစ်တို့ကို ကပ်လှူရပါမည်။

www.burmeseclassic.com

www.burmeseclassic.com





ထို့နောက် ကန်တော့ပွဲကို အောက်ပါအတိုင်း ရွတ်ဆို၍ ဆက်ကပ်ပါ။

**"ဘဝပါရဂူ၊ ဟိန္ဒူအစစ်၊ သိဂီအနှစ်၊ ဓမ္မစစ်ရွှေဂေါင်၊ မြတ်ဘုန်းရောင်နှင့် ဘုန်းရောင်နေသား၊ ဘမိတ၏၊ တရားမြတ်အပေါ်၊ သားမြေးတော်တို့၊ ရည်ရော်တမ်းတ၊ မှန်းဆ မဆုံး၊ ယူကျုံးပိုင်ရှင်၊ အရှင်မင်းလျှင်၊ မြို့ပြပြည်နယ်၊ နလီတယ်ရပ်၊ သားမြေးတော်တို့က၊ သောင်းသောင်းညီညာ၊ ဤခုခါဝယ်၊ ဆယ်ဖြာစုံလက်၊ ကတုံလက်ဖြင့်၊ လက်ယှက်ဦးတင်၊ ကန်တော့ပန်းဆင်၍၊ ကြည်ရွှင်ဝမ်းမြောက်တော်မူပါ။**

**(နေစကြာတစ်ရှုန်း၊ လရွှေမှုန်းတဲ့သို့၊ သဲ့မဆုံးနိုင်သည့် ဘိုးမင်းခေါင်၊ ပုပ္ပားမင်းခေါင်၊ ဓမ္မစေတီမင်းခေါင်၊ တီကြွားမင်းခေါင်၊ အဘဘိုးမင်းခေါင်ဘုရား. . . ကြွတော်မူ ပါဘုရား)**၊


သားတော်/သမီးတော်(. . . . . . )နေ့သား၏ ဤအိမ်ဂေဟာ၊ ဤနန်း၊ ဤဓာတ်စခန်းသို့ ကြွရောက်သီတင်းသုံးတော်မူလှည့်ပါဘုရား။

သားတော်/သမီးတော်အား ဟိ၊ သိဒ္ဓိ၊ ဓာတ်ဉာဏ်၊ ပရမတ္ထဉာဏ်စဉ်များ ပေးသနားတော်မူပါ။

ဗိဋကတ်သုံးပုံ ဓမ္မခန္ဓာ၊ ပေစာပေါင်းရှစ်သောင်းလေးထောင်တို့ကို တစ်အောင့် တစ်ခဏတဒင်္ဂ မြင်ရုံမျှဖြင့် တတ်ကျွမ်းသိမြင်လိုပါ၏ဘုရား။

www.burmeseclassic.com

www.burmeseclassic.com





သူယုတ်မာနှင့်လွဲ၍ အရိယာပုဂ္ဂိုလ်များနှင့်သာ တွေ့ရပါလို၏။ တစ်ပါးသူနှင့် ယှဉ်ပါက အနိုင်ရရှိလိုပါ၏။ အသံကြားလျှင် သနားပါစေ. . .၊ မျက်နှာမြင်လျှင် ချစ်ခင်ပါစေ. . .၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ အစရှိသော သိဒ္ဓိ ၁၀ ပါးတို့နှင့် ပြည့်စုံ၍ သာသနာပြုနိုင်သော ပုဂ္ဂိုလ် ဖြစ်ရပါလို၏။

ထိုကဲ့သို့ ယုံကြည်စိတ်ကို အရင်းခံ၍ အဘဘိုးမင်းခေါင်ကို အာရုံတွင် မြင်သာ ထင်သာအောင် ဝင်စားလာ ကန်တော့ပွဲကို ပြည့်စုံစွာ စီစဉ်ပြီး အပ်ရပါမည်။

ထိုသို့အပ်ပြီးနောက် ဤကဲ့သို့ ပင့်ဖိတ်လျှောက်ထားရပါမည်။

"အောင်အရဟံ၊ ခေါင်ပထမံဟု၊ နဘံသိမ့်သိမ့်၊ မိုးလုံးငြိမ့်မျှ၊ ခြိမ့်ခြိမ့်ရိုက်ခတ်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်၌၊ အဟော်ဝတ၊ ကောင်းချီးပလျက်၊ တေဇထွန်းပြောင်၊ ဘိုးမင်းခေါင်ဟု အခေါင်ထိပ်သီး၊ အောင်ဝိဇ္ဇာကြီး တသီးတခြား အမျှုးထား၍၊ ထူးခြားစွာဖြင့်၊ ပင့်ဖိတ်လျှောက်ထားအပ်ပါသည်။

ကမ္မဇိဒ္ဓိ၊ မဟိဒ္ဓိ၊ ဣဒ္ဓိအရှင် ဘိုးမင်းခေါ်ခင်ဗျား. . .

သားတော်/သမီးတော်(. . . . . . . . .) ကပ်လှူသည့် ကန်တော့ပွဲကို အလှူခံတော်မူပါခင်ဗျား

ထိုသို့ ပင့်ဖိတ်ပြီးပါက မိမိအလိုရှိသော (လောဘနှင့်မယှဉ်သော၊ ဖြစ်နိုင်ချေရှိသော၊ တရားမျှတသော)ဆုကို တောင်းခံနိုင်ပါသည်။

**ကိုမောင်သန်းဆ**

www.burmeseclassic.com

www.burmeseclassic.com

# ပုဂ္ဂိုလ်ထူးဆရာတော်

မောင်ဘတင့်(ကသာ)



ဦးကြွက်နီထံသို့ ရောက်ရှိလာသည့် အဘဘိုးမင်းခေါင် ဆရာတော်ပုံ

ကသာမြို့ အောင်သိဒ္ဓိကုန်းမြေတွင် ဆရာကြီး ဦးကြွက်နီနှင့်အတူ ဘုရားများတည်နေစဉ်က ကြုံတွေ့ခဲ့ရသော အကြောင်းအရာလေးကို ရေးသားတင်ပြရန် စိတ်ကူးမိသည်မှာ ကြာပါပြီ။ သို့သော်လည်း ဤအကြောင်းကို မည်သူ တစ်ဦးတစ်ယောက်မျှ ရေးသားကြသည်ကို မတွေ့ရသဖြင့် ရေးသားခြင်းမပြုဘဲ အချိန်ကြာမြင့်နေခြင်းဖြစ်ပါ၏။ အကြောင်းကတော့ အဘရဟန်းဝတ်ဖြင့်နေခဲ့ခြင်းအကြောင်း ဖြစ်ပါ၏။ ယခု ဘုရားများ တည်နေရာမှာလည်း အဘ၏ လမ်းညွှန်စေခိုင်းချက်အရ ဦးကြွက်နီနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နေခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ ဩဂုတ်လထုတ် ရောင်ပြန်မဂ္ဂဇင်းတွင် စာရေးဆရာမကြီး မပေဒါ(ရော၀တီ)၏ "တုသီတာနန်းဆီမှ" ဆောင်းပါးတွင် အဘ၏အကြောင်းနှင့် ပတ်သက်၍ –

ပုပ္ပားစင်မြင့်ရှာ ဦးမောင်ပု+ဒေါ်မင်းသစ်တို့မှ မွေးဖွားသန့်စင်ခဲ့သော လူအမည် ဦးမင်းအောင်၊ ရဟန်းဘွဲ့တော် ဦးအာစိဏ္ဏသည် ပုပ္ပားတောင်ကလပ်တွင် လောကီအတတ်ပညာများ အပြီးရောက်၍ အရိယာဝိဇ္ဇာဘဝဖြင့် ဘဝတစ်ခုကူး ပြောင်းသွားသည်ဟု လူအများမှတ်ယူလက်ခံခဲ့ကြသည်။

ဆရာတော် ဦးအာစိဏ္ဏသည် ပုပ္ပားအောင်မင်းခေါင်အမည်ခံယူ၍ နိုင်ငံတစ်ဝန်းနှင့် ကမ္ဘာ့နိုင်ငံများပါမကျန် သာသနာမျိုးစေ့ချ၍ အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း ရာဇဝင်အထင်အရှား ရှိနေပါသည်။ ရဟန်းအသွင်မှ လူအသွင်ပြောင်း၍ ဓာတ်လုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ၆၄ နှစ်တိုင်ခဲ့သည်ဟု ရေးသားတင်ပြထားသည်ကို ဖတ်ရှုခဲ့ရပါသည်။ ၎င်းဆောင်းပါးကို ဖတ်ရှုမိပြီးနောက် ကျွန်တော်တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အတွေ့အကြုံလေးကို တင်ပြလိုက်ရပါ၏။

အဘ လမ်းညွှန်စေခိုင်းချက်အရ ကသာမြို့ဂေါက်ကွင်းအနီးရှိ အောင်သိဒ္ဓိကုန်းမြေဘုရားဝင်းတွင် ဂြိုလ်ရှစ်ခွင်ဘုရား၊ ရှင်လေးပါးဘုရား၊ ကိုးတောင်ပြည့်ဘုရား၊ သစ်တစ်လုံးတည်းဖြင့် ၁၈ တောင် ရုပ်တော်မှုဘုရားများအား ပြီးစီးအောင်မြင်နိုင်ရန် ကြိုးစားကူညီဆောင်ရွက်နေချိန် ဖြစ်ပါ၏။ အချိန်အားဖြင့်လည်း နှစ်နှစ်ကျော်၊ သုံးနှစ်နီးပါး ရှိခဲ့ပါပြီ။

"ဘုရားတည်လုပ်ငန်းတွေ လုပ်ရတာလည်း အတော်ကြာပါပြီ။ အဘဆိုတာ တွေ့ချင်မြင်ချင်လိုက်တာ။ တစ်ခါလောက်လောက်ဖြစ်ဖြစ် ကျွန်တော်တို့အားလုံးနဲ့ တွေ့ရအောင် ပြောပေးပါ။ လူကိုယ်တိုင်မတွေ့ရတောင် ဓာတ်စီးပြီး တွေ့ရရင်လည်းကောင်းမှာပဲ"ဟု ဦးကြွက်နီကို ကျွန်တော် မကြာမကြာ ပြောမိပါသည်။ ကျွန်တော့်ကဲ့သို့ တခြား ပါဝင်ကူညီကြသူများကလည်း မြင်ချင်တွေ့ချင်၍ ပြောမိကြပါ၏။

"အချိန်ကျတဲ့အခါတော့ တွေ့ရမှာပေါ့"

ဟု ဆရာကြီးဦးကြွက်နီက ပြန်ပြောလေ့ရှိပါ၏။

၁၉၉၈ ခုနှစ်က ဖြစ်၏။ နွေဦးရာသီ၏အစ တပေါင်းလတွင် ဖြစ်သည်။ ဥဩများတွန်ခါစအခါကို ကျွန်တော် မှတ်မိနေပါ၏။ တစ်နေ့သော နံနက် ၈ နာရီခန့်တွင် ဈေးအနောက်ဘက်ရှိ ကျွန်တော်၏ တိုက်တန်းဆိုင်ခန်းသို့ အမှတ် ၄ ရပ်ကွက်တွင် နေထိုင်သော ဦးရွှင်ကြည် ရောက်လာ၍ စာလေးတစ်ရွက် ကျွန်တော့်အား ပေးပါသည်။ ဦးရွှင်ကြည်နှင့် ကျွန်တော်မှာ ယခင်ကတည်းက ခင်မင်ခဲ့ကြသော မိတ်ဆွေများ ဖြစ်ကြ၏။ ကျွန်တော်တို့ အောင်သိဒ္ဓိကုန်းမြေ ဘုရားတည် ရာသို့ နံနက်တိုင်း လာရောက်၍ ဘုရားရှိခိုးပြီး တံမြက်စည်းတစ်ချောင်းဖြင့် ဘုရားဝန်းအတွင်း သန့်ရှင်းရေးလုပ်ကုသိုလ်ယူနေသူ ဖြစ်ပါ၏။ ယနေ့လည်း ထုံးစံအတိုင်း ဘုရားရှိခိုး၊ သန့်ရှင်းရေးလုပ်ပြီး ပြန်လာခြင်းဖြစ်၏။

"ဦးကြွက်နီက သံစာရင်းစာရွက်လေး ပေးလိုက်တယ်ဗျာ။ အဲဒါ ခင်ဗျားဝယ်ပြီး အခုလာခဲ့ပါလို့ မှာလိုက်တယ်။ သံမရှိဘဲ လက်သမားတွေ အလုပ်ပျက်မှာစိုးလို့တဲ့"

ဟု ဦးရွှေကြည်က ပြောပြီး ပြန်သွားပါသည်။ ရုပ်တော်မှုဘုရားကြီးအတွက် ငြမ်းဆင်နေကြခြင်း ဖြစ်၏။ မနက်ပိုင်းတွင် မှာလေ့မရှိ၊ အရေးတကြီး လိုလို့နေမှာပဲဟု တွေးမိသည်။

စာရင်းပါအတိုင်း သံဆိုင်တွင် သံများဝယ်ပြီး ဆိုင်ကယ်ဖြင့် ကျွန်တော် ဘုရားဝန်းသို့ ရောက်ခဲ့ပါ၏။ ဘုရားဝင်းဝင်ပေါက်သို့ရောက်လျှင်ပင် ဘုန်းကြီးတစ်ပါး ဦးကြွက်နီ၏ အိမ်ကလေး ဦးခန်းတွင်ထိုင်၍ ဆယ်ဦးခန့်ရှိသော ပရိသတ်သို့ စကားပြောလျက် ရှိသည်ကို မြင်ရ၏။

ဆရာတော်မှာ အလွန်ဥပမိရုပ်ကောင်း၍ သင်္ကန်းနှင့် အလွန်လိုက်ဖက်ကြည်ညိုဖွယ်ရာ ဖူးတွေ့ရ၏။ သက်တော်မှာ ၃၅ နှစ်ကျော် ခန့်မှန်းရပါသည်။ အသားတော်မှာ ဖြူစင်ဝါဝင်းနေပြီး အညိုရောင်သင်္ကန်းနှင့် ဖူးမဝနိုင်အောင် ရှိခဲ့သည်။ အသံတော်မှာ ခံ့ညားပြီး ကြည်လင်၍နေ၏။ ကြားပြီးရင်း ထပ်ကြားချင်လောက်အောင် ဆွဲဆောင်နိုင်သော အသံမျိုးဖြစ်၏။ ထိုအချိန်က အဘဓာတ်စီးနေမှန်း မသိပါ။ ရိုးရိုးသာမာန်ဘုန်းကြီးတစ်ပါး ဘုရားဖူးလာသည်ဟုသာ ထင်မှတ်ထားပါသည်။ ကျွန်တော်မြင်တွေ့ခံစားခဲ့ရသည်အတိုင်း ဖော်ပြခြင်းသာ ဖြစ်ပါ၏။

ဆရာတော်အမိန့်ရှိ၍ သိရသည်မှာ ၎င်းသည် မိုးညှင်းမြို့မှဖြစ်ကြောင်း၊ ကသာမြို့အထက်နှ ၇ ကပ္ပလိပ်ရွာမှ ဦးလွန်းမောင်နှ့ သဲ၍ အလည်အပတ်ဘုရားဖူးထွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကပ္ပလိပ်ရွာ ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တတည်းခို သီတင်းသုံးနေကြောင်း။ ရောက်နေတာ လေးငါးရက်ရှိပြီဖြစ်ကြောင်း၊ အောင်သိဒ္ဓိကုန်းမြေမှာ ဘုရားများတည်နေကြောင်း သိရ၍ ဘုရားဖူးလိုသဖြင့် ဒကာဦးလွန်းမောင်နှင့် တခြားဒကာတစ်ဦးတို့ကို အကူအညီတောင်းကာ မြင်းလှည်းနှင့် လာခဲ့ကြောင်းများ

www.burmeseclassic.com

www.burmeseclassic.com

ပြောပြပါသည်။

အတော်ကြာ စကားပြောပြီး –

"ကဲ ... အချိန်လည်း သိပ်မရှိဘူး။ ဘုရားဝန်းထဲသွားပြီး ဘုရားဖူးဦးမယ်။ ပြီးတော့ ဘိုးမင်းခေါင်ပုံတော် ရုပ်တုရှိတဲ့ ဓာတ်ခန်းမှာလည်း အောင်ဩဘာကျူးရဦးမယ်။ သွားကြစို့"

ဟု ပြောကာ ဘုရားဝန်းထဲသို့ လျှောက်သွားပါသည်။ ဆရာတော်နောက် အတော်လှမ်းလှမ်းမှ ကျွန်တော်တို့လိုက်သွားကြ၏။ ထိုသို့သွားရင်းမှ –

"အဲဒါ ဘိုးမင်းခေါင် ဓာတ်စီးနေတာ။ ခင်ဗျားဖူးရအောင်လို့ ကိုရွှင်ကြည်နဲ့ ကျွန်တော်မှာလိုက်တာ"

ဟု ဦးကြွက်နီမှာ ဆရာတော်နောက်လိုက်ရင်း ကျွန်တော့်အား တိုးတိုးပြောသွားပါသည်။ အဘဘိုးမင်းခေါင် ဓာတ်ခန်းရှေ့တွင် ဘိုးမင်းခေါင်ရုပ်တုအား လက်အုပ်ချီ၍ ရှိခိုးနေသော ဆရာတော်ကို ဝါးနှစ်ရိုက်သာခန့်ဝေးသော နေရာမှ လှမ်းမြင်ရပါသည်။ သို့အတွက်ကြောင့် ကျွန်တော်က ကျွန်တော့်ဘေးတွင် လိုက်ပါလာသော သစ်တောရုံးစာရေးကြီး ဦးစံသိန်းအား –

"ဆရာတော်က ဘုန်းကြီးဖြစ်ပြီး လူသားဖြစ်တဲ့ အဘကို ရှိခိုးနေတယ်"

ဟု ပြောမိပါသည်။ ဘိုးမင်းခေါင်ဓာတ်ခန်းရှေ့ လိုက်ပါလာသူများ အားလုံးစုံသောအခါ ဆရာတော်မှ –

"အောင်ဩဘာကျူးရမယ်။ အားလုံးကြည်ညိုသာဓုခေါ်ကြပါ"

ဟု မိန့်၍ အောင်ဩဘာကျူးပါတော့သည်။

ဆရာတော်ရွတ်ဖတ်သီကျူးနေသည်မှာ အလွန်သာယာနာပျော်ဖွယ်ကောင်းပါ၏။ အသံတော်မှာလည်း ကြည်လင်ပြတ်သား၍ ဟိန်းထွက်နေပါသည်။ ရွတ်ဆိုသော စာသားများမှာ ကျွန်တော်တို့ကြားနေကျ စကားလုံးများမဟုတ်။ အသစ်အဆန်းများ ဖြစ်သည်။ တစ်ပုဒ်ပြီးတိုင်း ဆရာတော်က မောင်းတစ်ချက်တီး၍ ကျွန်တော်တို့က သာဓုသုံးကြိမ် ခေါ်ရသည်။ ရင်ထဲတွင် လွမ်းသလိုလို ဖြစ်ခြင်း၊ ကြည်ညိုဖွယ်ရာအမျိုးမျိုးကို ခံစားရသည်ဟု ကျွန်တော်ထင်မိပါ၏။

နာရီဝက်လောက်ကြာမှ အောင်ဩဘာကျူးခြင်း ပြီးပါသည်။ သင်္ကန်းကိုပြင်ဝတ်ရန်အတွက် သင်္ကန်းအစနှစ်ဖက်ကို ဖြန့်ကိုင်ရင်း ပရိသတ်ဘက်သို့ လှည့်၍ –

"တချို့က ပြောကြတယ်။ သင်္ကန်းဝတ်နဲ့ ဘုန်းကြီးက အဘကို ကန်တော့တယ်လို့။ တကယ်တော့ အဘဟာ ဘုန်းကြီးဝတ်အနေနဲ့ ရှိနေခဲ့ပါတယ်။ သာသနာလုပ်ငန်းတွေမှာ လူအများနဲ့ ဆက်ဆံဆောင်ရွက်ရတာမို့ ဘုန်းကြီးအသွင်ကနေ လူ့အသွင်ပြောင်းပြီး ဆောင်ရွက်နေတာပါ။ ဒါကြောင့် ဘုန်းကြီးက ကန်တော့တာပါ"

ဟု မိန့်ပါသည်။

မကြာမီကပင် ဒီအကြောင်းပင် ကျွန်တော်ပြောမိ၍ အံ့ဩတုန်လှုပ်သွားပါသည်။ အတော်ဝေးကွာသဖြင့် သာမန်အားဖြင့် ဆရာတော် လုံးဝမကြားနိုင်ပါ။ အကြားအမြင်အရ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးဖြစ်သည့် အဘဓာတ်စီးနေတာမို့ ကျွန်တော်ပြောတာကို ကြားသွားခြင်းဖြစ်မည်ဟု တွေးဆယုံကြည်မိပါ၏။

ဆရာတော်သည် ဘုရားများစုံအောင်ဖူးပြီး ဘုရားဝန်းရှိ တဲကလေးတွင် ခဏထိုင်ပါသည်။ ရေနွေးသောက်ချင်သည်ပြော၍ မီးဖိုပေါ်တွင် တည်ထားသော ရေနွေးကျွက်ကျွက်ဆူ အိုးကြီးထဲမှ ဓာတ်ဘူးထဲသို့ လောင်းထည့်၊ လက်ဖက်ခြောက်ခပ်ပြီး ကပ်လိုက်ပါသည်။ ဒကာတစ်ဦးမှ အချိုပန်းကန်တစ်လုံးဖြင့် ငှဲ့ပြီး ဆရာတော်အား ကပ်သည်။ ဆရာတော်မှ ရေနွေးပူပူကြီးအား ရေအေးသောက်သကဲ့သို့ သောက်ချလိုက်သည်ကို အံ့ဩစွာ တွေ့ရပါ၏။ နောက်တစ်ခွက်လည်း ဤအတိုင်းပင် သောက်လိုက်ပါသည်။

ဒကာများအားလည်း အန္တရာယ်ကင်းအောင် ရေနွေးသောက်ကြဟု ပြောသည်။ ၎င်းအပြင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား အနန္တောအနန္တ ငါးပါးတို့အား အမြဲသတိရ ရိုသေပူဇော်ကြရန်၊ သာသနာအရှည်တည်တံ့စေရေးအတွက် ဆရာတော် သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် အမြဲထောက်ပံ့လှူဒါန်းရန်၊ သာသနာပြု၊ ဘုရားတည်လုပ်ငန်းများတွင်လည်း သဒ္ဓါတရားထက်သန်စွာဖြင့် စိတ်ရောကိုယ်ပါ အားကြိုးမာန်တက်ဆောင်ရွက်ကြရန် မိန့်ကြားပြီး ပြန်ကြွရန် မြင်းလှည်းဆီသို့ ထွက်ခွာသွားပါသည်။

မြင်းလှည်းပေါ်တွင် ဆရာတော်က ရှေ့မှထိုင်၍ ဒကာနှစ်ဦးက နောက်က ထိုင်ကြ၏။ ကျွန်တော်တို့က လက်အုပ်ချီ၍ ဆရာတော်ကို နှုတ်ဆက်နေကြပါသည်။ ထိုအချိန် ဆရာတော်က မြင်းလှည်းပေါ်မှနေ၍ ကျွန်တော့်အား ညာလက်ကို လှမ်းယူပြီး ဆရာတော်၏ ညာလက်ဖြင့် လက်ဝါးချင်းရိုက်ပြီး "မင်း သာသနာပြုရမယ်"ဟု မိန့်ပါသည်။ ထို့နောက် သောက်လက်စ စီးကရက်ကို ကျွန်တော့်အား သောက်ရန်ပေးထားခဲ့ပြီး မြင်းလှည်းဖြင့် ထွက်သွားပါ၏။ တောတန်းလမ်းကလေးအတိုင်း မြင်းလှည်းဖြင့် ထွက်ခွာသွားသည်ကို ယနေ့တိုင်မြင်ယောင်မှတ်မိနေပါ၏။

နောက်ရက်တွင် ကျွန်တော်တို့ ဘုရားတည် ကူညီကြသူများက ဆရာတော်၏ ကြည်ညိုဖွယ် ဥပဓိရုပ်နှင့် အသံဩဇာကောင်းကြောင်း၊ ရေနွေးပူပူကြီး သောက်သည့်အကြောင်း၊ အဘသင်္ကန်း



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဘုန်းကြီးဖြစ်ခဲ့ကြောင်း စသည်များ ပြောဆိုနေမိကြပါသည်။

ဆရာတော်ပြန်ကြွသွားပြီးနောက် နှစ်လကျော်ကျော်ကြာသောအချိန်တွင် ဖြစ်၏။ နံနက် ၉ နာရီခန့် ကျွန်တော်တို့ ဘုရားဝန်းသို့ ရောက်ကြသည့်အခါ ဦးကြွက်နီမှ –

"အားလုံးလာကြဦးဗျို့။ ဒီမှာ မနေ့ ညနေက ဘုန်းကြီးတစ်ပါးက ပို့ခိုင်းလို့ လာပို့တာဆိုပြီး ပေးသွားတဲ့ ဘုန်းကြီး ဝတ်နဲ့ဓာတ်ပုံ၊ ရပ်ကွက် ၉၊ ပတ္တမြားရပ်ကွက်က မောင်ကျော်စိုးဦးဆိုတဲ့ လူငယ် လေးလာပေးတာ"

ဟု ပြောကာ ကျွန်တော့်အား ဓာတ်ပုံပြပါသည်။ အံ့သြဝမ်းမြောက်စွာ ကျွန်တော်တို့ ဖူးတွေ့ရပါ၏။ ဓာတ်ပုံ ရောက်လာပုံအကြောင်း ဦးကြွက်နီမှ အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

ဆရာတော်ပြန်ကြွသွားပြီးနောက် အဘနှင့်တွေ့ချိန်တွင် ဦးကြွက်နီမှ အဘ အား –

"ဟိုတစ်နေ့က ပြောသွားတဲ့ဘုန်း ကြီးဝတ်နဲ့လို့ ပြောတယ်။ အသေအချာ သိရအောင် ဘုန်းကြီးဝတ်နဲ့ ဓာတ်ပုံတစ် ပုံလောက် ပို့ပေးပါ။ အားလုံးက သိချင် ဖူးချင်နေကြပါတယ်"

"အေး ... မကြာခင် ငါပို့ပေး လိုက်မယ်"

ဟု မိန့်သွားပါ၏။ မောင်ကျော်စိုးဦး သည် အသက်နှစ်ဆယ်ကျော်၊ သုံးဆယ် ဝန်းကျင်ရှိ လူငယ်တစ်ဦးဖြစ်၏။ အသက် ငယ်သော်လည်း ဘာသာတရားကို လေး စားကိုင်းရှိုင်း၍ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ် ခြင်း၊ ပုပ္ပားတောင်သို့သွား၍ အဓိဋ္ဌာန် ပုတီးစိပ်ခြင်းများ ပြုလုပ်လေ့ရှိ၏။ ကသာ မြို့ ရပ်ကွက်–၉ ဟုခေါ်သော ပတ္တမြားရပ် ကွက်တွင် မိခင်နှင့်အတူ နေထိုင်သည်။ ယခု ရန်ကုန်ရှိ အမျိုးများထံ အလည် ရောက်နေချိန် ဖြစ်၏။ တစ်နေ့ လက်ဖက် ရည်ဆိုင်တွင် ထိုင်၍ လက်ဖက်ရည် သောက်နေစဉ် အသက် ၆၀ ခန့်ရှိမည်ဟု ခန့်မှန်းရသော ဘုန်းကြီးတစ်ပါးကြွလာပြီး မောင်ကျော်စိုးဦးအား –

"မင်း ကသာကိုသွားပြီး အောင် သိဒ္ဓိကုန်းမြေမှာ ဘုရားတည်နေတဲ့ ဦးကြွက်နီလက်ထဲကို ရောက်အောင်ပို့ပေး ပါ။ မသွားဘဲမနေနဲ့၊ သွားဖြစ်အောင်သွား ပါ"

ဟုပြောပြီး မောင်ကျော်စိုးလက်ထဲ သို့ ဓာတ်ပုံတစ်ပုံထည့်ပေးကာ ပြန်ထွက် သွား၏။ ဓာတ်ပုံမှာ ဘုန်းကြီးတစ်ပါး၏ ပုံဖြစ်၏။

ဘုန်းကြီးအား မောင်ကျော်စိုးဦး လုံးဝမသိပါ။ "မသွားဘဲမနေနဲ့၊ သွားဖြစ် အောင်သွားပါ"ဆိုတာကိုလည်း အမျိုးမျိုး စဉ်းစား၏။ ဦးကြွက်နီကိုလည်း မသိ။ ထူးဆန်းတာတော့ အမှန်ပဲဟု တွေး၏။ နောက်နှစ်ရက်ခန့် ကြာသောအခါ မောင်ကျော်စိုးဦး ဓာတ်ပုံပို့ရန်အတွက် ရန်ကုန်မှ ကသာသို့ ထွက်ခဲ့သည်။

ကသာသို့ တောက်လျှောက်မလာ ဖြစ်ဘဲ မန္တလေးရှိ အမျိုးများအိမ်တွင် သုံး လေးရက် ကြာနေ၏။ တစ်နေ့သော မနက်တွင် အိမ်သို့ ဆွမ်းခံအမြဲကြွသော ဘုန်းကြီးတစ်ပါးက မောင်ကျော်စိုးဦး အား –

"မင်း ကသာကို ဓာတ်ပုံသွားပို့ရ မှာ မဟုတ်လား၊ ဒီမှာ ဘာလို့ကြာနေတာ လဲ။ အမြန်သွားပို့ပါ"

ဟု ပြောကြားသည်။ ဤ မန္တလေး ဘုန်းကြီးနှင့်လည်း မောင်ကျော်စိုးဦး မသိ။ အကျိုးအကြောင်းဆက်စပ်မှုလည်း မရှိ။ အတော့်ကိုထူးဆန်းအံ့သြနေမိ၏။ ထိုနေ့ည ရထားဖြင့် ကသာသို့လိုက်လာ ရာ နောက်တစ်နေ့မနက် ကသာ ၎င်း၏ အမေအိမ်သို့ ရောက်သည်။ အသိမိတ် ဆွေများအား မေးမြန်းစုံစမ်းပြီး ထိုနေ့ နေ့လယ်ပိုင်းတွင်ပင် ဦးကြွက်နီထံသို့ ရောက်ရှိ ဓာတ်ပုံပေးအပ်ခဲ့၏။ သူတွေ့ ကြုံရပုံအကြောင်းများကိုလည်း မောင်ကျော် စိုးဦးက ဦးကြွက်နီအား အသေးစိတ်ပြော ခဲ့ပါ၏။


ဤသို့ဖြင့် အဘဘုန်းကြီးဝတ် ဓာတ်ပုံ ဦးကြွက်နီထံသို့ ရောက်ရှိလာပါ ၏။ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ် ခုအဖြစ် တွေးမြင်ယူဆမိပါ၏။

မူရင်းဓာတ်ပုံအား ဆင့်ပွားကူး၍ ဘုရားတည် ဝိုင်းဝန်းဆောင်ရွက်နေကြ သူများအားလုံး ပူဇော်ကြပါသည်။

ကျွန်တော့်အိမ်၏ သီးခြားဘုရား ဆောင်ခန်းတွင် မူလရှိပြီးသားဖြစ်သော ခန္တီး(ဝန်းသို)ဆရာတော်၊ တောင်ပုလု ဆရာတော်၊ ကုံလုံဆရာတော်၊ ဒီပါအေး မြဲဆရာတော်၊ ရွှေပေါ်ကျွန်းဆရာတော်၊ တောင်တန်းသာသနာပြုဆရာတော်၊ တန့်ကြည်တောင်ဆရာတော်၊ သာမည တောင်ဆရာတော်၊ ရွှေဟင်္သာဆရာ တော်၊ မြတောင်ဆရာတော်တို့၏ ဓာတ် ပုံများနှင့်အတူ ဘိုးမင်းခေါင်ဆရာတော်၏ ဓာတ်ပုံကိုလည်း ရှိသေစွာ ပူဇော်ထား ပါ၏။

**မောင်ဘတင့်**

**(ကသာ)**





www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာထိပ်ခေါင် အောင်မင်းခေါင်ကြီးကို သိပါသလား

■ လင်းဧရာင်တင်

လွန်ခဲ့တဲ့ တော်လှန်ရေးကောင်စီတစ်ခေတ်လုံးနီးပါး ပြည်ဖုံးကား ချခံထားရတဲ့ အဘများ(ဘိုးတော်များ)ကိစ္စ၊ နဝတတစ်ခေတ်လုံးနီးပါး ဘိုးဘိုးအောင်၊ အောင်မင်းခေါင်ဆိုတဲ့ အဘနာမည်များကိုပါ 'ဘလက်ခ်လစ်'သွင်းပြီး အဖြုတ်ခံအပယ်ခံဘဝကနေ ခုတော့ . . . လင်းရောင်တင်တို့ လေးစားကြည်ညိုတဲ့ အဘများကိစ္စကို ရေးခွင့်ရပြီဆိုတော့ လှိုက်လှိုက်လှဲလှဲကြီး ဝမ်းမြောက်မိပါတယ်။

နိဗ္ဗာန်ကို ခရီးအမြန်နှင်ချင်သူများအတွက် အဘများကိစ္စဟာ အရေးမပါဘူး ဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ သံသရာဆွဲဆန့်လို့ ဘယ်လောက်ပင်ရှည်ရှည် ဆိုသူများအတွက် (ဆုထူးပန်သူများကို ဆိုလိုပါတယ်)။ အဘတွေလည်း အရေးကြီးပါတယ်။ သာသနာ့စောင့်နတ်တွေလည်း အရေးကြီးပါတယ်။ မယ်တော်တွေလည်း အရေးကြီးပါတယ်။ ဝသုန္ဓြေ မြေစောင့်နတ်လည်း အရေးကြီးပါတယ်။ ရုက္ခစိုးတွေ၊ ကိုယ်စောင့်နတ်တွေ၊ အိမ်စောင့်နတ်တွေလည်း အရေးကြီးပါတယ်။

ခပ်ချာချာ ဓမ္မကထိကများက နတ်တွေထိခိုက်လာ၊ ဘိုးတော်တွေ ထိခိုက်လာ၊ တဖြည်းဖြည်း ကဲတက်လာပြီး ရွှေတိဂုံစေတီတော်ကြီးတောင် အုတ်ပုံကြီးပြောလိုပြော၊ ဘာတန်ခိုးမှမရှိဘူး ဆိုလိုဆိုနဲ့ဆိုတော့ မလိမ်မိုးမလိမ္မာ လူ့ဘလာ တရားနာပရိသတ်များက အဟုတ်ထင်ပြီး 'ဒါမှတရားအစစ်'လို့ ယောင်ယောင်တောင်တောင် လက်ခံသွားကြ။ တကယ့်ကို ရင်လေးစရာကာလတွေ ဖြစ်ခဲ့ရတယ်။ ခုလည်း စုန်းပြူးဓမ္မကထိကများ ရှိနေဆဲပဲ။ ဒါပေမဲ့ လင်းရောင်တင်ကတော့ သိပ်မစိုးရိမ်ပါဘူး။ သခ်ါရဓမ္မသဘောအရ မကောင်းသူတွေဟာလည်း ထာဝရတည်မြဲမနေနိုင်တဲ့ လောကကြီးပါ။

ထားပါတော့။ 'ဘိုးတော်'ဆိုတဲ့ ဝေါဟာရကို ဆန်းစစ်ကြည့်ကြရအောင်။ ဘိုးတော်ဆိုတာ တော်တဲ့အဘိုး၊ အဘိုးကြီးလို့ အဓိပ္ပာယ်ရပါတယ်။ ခုခေတ်လူတွေ အချင်းချင်းခေါ်နေကြတဲ့ 'ဘိုးတော်' ဆိုတဲ့ ဝေါဟာရကတော့ အသက်နည်းနည်းကြီးကြီး ဟိုစပ်စပ် သည်စပ်စပ်လုပ်တဲ့လူမျိုးကို ခေါ်ကြတာ။ အထူးသဖြင့် ချဲတို့၊ နှစ်လုံးတို့ တွက်တဲ့သူ ပွဲစားလုပ်တဲ့သူ၊ စသည်ဖြင့် ခေါ်ချင်သလို ခေါ်နေကြတာပါ။

ဒါကြောင့် တန်ဘိုးကြီးတဲ့ ဝိဇ္ဇာလမ်းစဉ် လျှောက်လှမ်းနေတဲ့ အဘအောင်မင်းခေါင်တို့လို ပုဂ္ဂိုလ်ကြီးတွေကို ခေါ်နေကျ 'ဘိုးတော်'ဆိုတဲ့ ဝေါဟာရဟာ ခပ်ပေါပေါဖြစ်ခဲ့ရတယ်။ အထူးသဖြင့် ဘိုးတော်အတု၊ ဘိုးတော်အလိမ်တွေပေါတဲ့ခေတ်မှာ **'ဘိုးတော်အစစ်'**များနာမည်ပျက်ခဲ့ရတယ်။ ဘိုးတော်အောင်မင်းခေါင်အမည်ခံပြီး ဟောစားပြောစားသူတွေ ဒုနဲ့ဒေး။

''မင်းခေါင် ပေါင်ချိတ်''ဆိုပြီး ဒူးပေါ်ပေါင်ပေါ်အောင် ချိတ်ထိုင်ပြီး အိမ်ဦးခန်းမှာ ဓာတ်စီးလို့ ဟောပြောစားတဲ့သူတွေရဲ့ စတိုင်လ်ကလည်း ရိုးအသူတွေကို အယုံသွင်းနိုင်ခဲ့ကြတယ်။ အယုံသွင်းနေကြဆဲ ဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့ အပိုင်းက ဖြစ်နေတော့ လူ့ဗာလာ ဓမ္မကထိကများကလည်း 'ဘိုးတော်'ကို အတိုးချစော်ကားတော့တာပဲ။ ကန်တော့်ပါရဲ့

''ဟိုအကောင် ဘိုးမင်းခေါင် . . . ဟိုအကောင် ဘိုးဘိုးအောင်''ရယ်လို့ တိရစ္ဆာန်များကိုသာခေါ်ဝေါ်တဲ့ 'အကောင်'ကို ရှေ့မှာတပ်ပြီး စော်ကားမော်ကားဟောတရားတွေ လုပ်လာကြတယ်။ ဘိုးမင်းခေါင်ကို ဘာမှန်းမသိ၊ ဘိုးဘိုးအောင်ကို ဘာမှန်းမသိဘဲနဲ့ ခပ်ရဲရဲခပ်ကဲကဲ ဟိုအကောင် ဒီအကောင်တပ်ပြီး ဟောပြောတာဟာ မှန်ကန်ပါရဲ့လား။ တရားနဲ့လျော်ညီပါရဲ့လား။ ဟောသာဟော ပြောသာပြောပြီး ဆန်ကောလောက်မှ စောက်မနက်တဲ့ တစ်နာရီဟောတရား 'ကျက်' ဟောသူများ၊ 'ကျင့်'ဟောသူများ တရားသားရယ်လို့ မည်မည်ရရမပါ တရားနဲ့လည်းမဆိုင်တဲ့ ပုဂ္ဂိုလ်ရေး ဘေးထွက်စကား များများပြောပြီး လူအထင်ကြီးခံ၊ လူတွေလှူတဲ့ ပိုက်ဆံတွေကို 'သံတွေခဲ'လို့ မရှက်ဘဲ 'စပျစ်သီး'လို့ အရသာခံစားသုံးသူများ စဉ်းစားတော်မူကြပါ။



www.burmeseclassic.com

www.burmeseclassic.com

ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်ကို "ဟိုအကောင်"၊ "ဒီအကောင်"ရယ်လို့ စတန့်လွှင် ပြောဟောရဲသူများလောက် လောကကြီးမှာ မိုက်မဲတဲ့ 'လူ့ဗာလ'မရှိ တော့ဘူးလို့ လင်းရောင်တင် ထင်မိပါ တယ်။ ပြီးတော့ ရှင်ဥပဂုတ္တမထေရ်ကို အလကားလိုလို၊ ရှင်မဟာကဿပပဲ အစိုးမှာယ်မရှိသလိုလို နံရံကို အစိုးမှာယ်မဲ့ ခေါင်းနဲ့ဝင်တိုက် စတန့်ထွင်ပြသူများ လည်း ရှိပါသေးရဲ့။ အဲဒီတရားဟော ဓမ္မ ကထိကမျိုးကို လူ့ဗာလ ဓမ္မကထိကလို့ ခေါ်ပါသတဲ့။ သူတစ်ပါး ထိခိုက်ဟောတာ ကိုး။

[၂]

အဘအောင်မင်းခေါင်အကြောင်း မပြောဘဲ ဘာလို့ ဒီလောက်နိဒါန်းဆင် နေရသလဲဆိုရင် အဘအောင်မင်းခေါင် ကြီး နာမည်နဲ့ လိမ်စားနေသူများ ရှိနေ သလို အဘအောင်မင်းခေါင်ကြီးနာမည် ကို စော်ကားမော်ကား ဟောကြားနေသူ များ ရှိနေကြကြောင်း စာဖတ်ပရိသတ်ကို သိစေတာပါ။ ဗာလဓမ္မကထိကဆိုတဲ့ စကားကိုလည်း လင်းရောင်တင် တီထွင် တာ မဟုတ်ပါ။ ဘုရားဟော အဘိဓမ္မာ ပုဂ္ဂလပညတ်ပါဠိတော်မှာပါတဲ့အကြောင်း နဲ့ ကိုးကားပြောတာပါ။ လူတွေက ဓမ္မ ပလ္လင်ပေါ်တက်ပြီး ဟောပြောရင် ဘုရား ဟောတွေ ပြောတာပဲ၊ အားလုံးအမှန်တွေ ချည်းပဲ၊ ဒီလိုထင်ကြတယ်။ ဓမ္မဝိဒ္ဓာန်ကျ ကျ မစဉ်းစားဘဲ တရားသိမ်းရင် ကောင်း လေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ။ သာဓု၊ သာဓု၊ သာဓုလုပ်ပြီး အလှူငွေ ထည့်ပြန်ခဲ့ကြတယ်။ ဒီပုဂ္ဂိုလ် ဘာတွေ ဟောသွားတာလဲ ခရေစေ့တွင်းကျ ပြန် စဉ်းစားတဲ့လူ နည်းတယ်။

အဘိဓမ္မာပုဂ္ဂလပညတ်မှာ တရား ဟောဆရာ (၄)မျိုးနဲ့ တရားနာပရိသတ် (၄)ပါး ပညာရှိမရှိ ခွဲခြားချက် ပါရှိပါတယ်။

(၁) ဗာလဓမ္မကထိကနှင့် ဗာလ ပရိသတ်=အနည်းငယ်မျှလည်း ဟော ကြားသေး၏။ အကျိုးစီးပွားနှင့်လည်း မယှဉ်။ တရားနာပရိသတ်ကလည်း နာ ကားနာယူ၏။ အကျိုးရှိမရှိ ဘာမှမသိချေ။

(၂) သဘာဝဓမ္မကထိကနှင့် ပဏ္ဍိ တပရိသတ်=အနည်းငယ်သာ ဟောကြား ၏။ အကျိုးစီးပွားနှင့်ကား ယှဉ်၏။ တရား နာပရိသတ်ကလည်း အကျိုးရှိမရှိ သိ လိမ္မာ၏။

(၃) ဗာလဓမ္မကထိကနှင့် ဗာလ ပရိသတ် = ရှည်ရှည်လျားလျား များ များလည်းဟောကြား၏။ အကျိုးစီးပွားနှင့် လည်း မယှဉ်။ သူ့ပရိသတ်ကလည်း အကြောင်းအကျိုး ဘာမှမသိ။ စီးပွားရှိ မဲ့လည်း ဘာမျှနားမလည်။

(၄) ပဏ္ဍိတဓမ္မကထိက ပဏ္ဍိတ ပရိသတ် = အကျိုးစီးပွားနှင့်လည်း စပ် ယှဉ်သော တရားတို့ကို ရှည်ရှည်လျား လျား များများလည်း ဟောကြား၏။ ပရိသတ်ကလည်း ကြောင်းကျိုးဆင်ခြင် ဉာဏ်ပညာနှင့်ယှဉ်၍ နာတတ်၏။

အဲသလို ဟောကြားထားတာ ရှိပါ တယ်။ ဒါကြောင့် "နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားပါတော့မယ်" ဆိုပြီး နိဗ္ဗာန်ဆော်ကာ နှိုးဆော်စင်တင် (ဓမ္မပလ္လင်)ပေမဲ့ ကိုယ်ပြောချင်တာပြော။ တရားသဘော ဘုရားဟောမဟုတ်တဲ့ ပုဂ္ဂိုလ်ရေး 'ကောတရား' (တရားဟော တာမဟုတ်ဘဲ မကျေမနပ် 'ကော'စကား တွေပြောတာကို ဆိုလိုပါတယ်)တွေနဲ့ ဗာလပရိသတ်အကြိုက်ကောတဲ့ ဗာလ ကထိကများက ဘိုးတော်အောင်မင်းခေါင် ကြီးကို အမနာပပြောဟောနေတာ ကြား ရတဲ့အခါ ရင်နာမိရတယ်။ ဘုရားသား တော်လို့ အခေါ်ခံသူတွေက မတရား စကားပြောတော့ ရင်လေးမိတယ်။ ဟော သူနာသူ နှစ်ဦးလုံး အကျိုးယုတ်နိုင်လို့ ပြောပါတယ်။

[၃]

ဘိုးတော်အောင်မင်းခေါင်ကြီးက ဘယ်သူလဲ၊ ဘာတွေလုပ်နေတာလဲ နား မလည်ဘဲ တောင်ပြောမြောက်ပြော ပြောသူတွေ (ဘာအဝတ်ဝတ်ထားထား) အကုသိုလ်ကြီးပါလိမ့်မယ်။ ဒီနေရာကိစ္စ ပြီး လင်းရောင်တင် သိထား၊ နားလည် ထားတဲ့ ဘိုးတော်အောင်မင်းခေါင်ကြီး အကြောင်းကို အမြွက်မျှ (သဘော လောက်) ပြောပါ့မယ်။ စာဖတ်သူအနေနဲ့ သဘောတူချင်မှ တူနိုင်ခွင့် ရှိပါတယ်။ သဘောတူဖို့ မလိုပါဘူး။ သဘောကွဲ လွဲခွင့် လွတ်လပ်စွာ ရှိပါတယ်။ သို့သော် ငါသိထားတဲ့ ဘိုးတော်အောင်မင်းခေါင် ကြီးမှ အမှန်မလုပ်ပါနဲ့။ လင်းရောင်တင် ကလည်း 'ငါပြောတာအမှန်'ဘယ်တော့မှ မလုပ်ပါဘူး။ စဉ်းစားတွေးခေါ်ကြည့်စေ ချင်တာပါ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လည်း ကာလာမမင်းသားတွေကို ဟော ကြားခဲ့တဲ့ ကာလာမသုတ္တန်မှာ ဘယ်သူ ပြောပြော၊ ဘယ်ကျမ်းကလာလာ ရမ်းပြီး မယုံကြနဲ့။ ကိုယ်တွေ့စမ်းသပ်ကြည့်ကာ လာကြည့်ပြီးမှ ယုံကြလို့ ဟောခဲ့ဖူးပါ တယ်။ အချုပ်အားဖြင့် ပြောတာပါ။ အကျယ်ကို ရှာဖွေလေ့လာနိုင်ရင်တော့ ပိုပြည့်စုံမှာပေါ့လေ။ ဒါကြောင့် ချက်ချင်း မယုံလိုက်ဘဲ လောဂျစ်နည်းကျကျ (ယုတ္တိ ဗေဒနည်းကျကျ) ဖြစ်ဘန်ရာ အခြေကို ဆင်ခြင်ကြည့်စေချင်ပါတယ်။

ဘိုးတော်အောင်မင်းခေါင်ကြီး ဆို တာ သာမန်လူမဟုတ်ပါ။ လူသားတစ် ယောက်အနေနဲ့လည်း မဟုတ်နိုင်ပါ။ "ရုပ်ကိုမသုံး နာမ်ကိုသုံးသည်'ဆိုတဲ့ စကားအရ လိုအပ်ရင်လိုအပ်သလို ပုဂ္ဂိုလ် တချို့ထံမှာ နာမ်ကိန်းပြီး (နာမ်ချဉ်းပြီး) လောကအကျိုး၊ ဓမ္မအကျိုး သယ်ပိုးနေ တဲ့ နာမ်ဓာတ်တစ်မျိုးပါ။ လူကိုစော်ကား တာထက် နာမ်ကိုစော်ကားတာ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com

နာနိုင်ပါတယ်။

ဘိုးတော်အောင်မင်းခေါင်ဆိုတာ ဦးဘာယ်သူပဲ၊ ဘယ်သူ့သားသမီးပဲဆိုတဲ့ အစွဲကြီးနဲ့ ပြောနေသမျှတော့ ဘိုးတော် အောင်မင်းခေါင်ကြီးအကြောင်း မသိနိုင် သေးဘူးလို့ ယူဆပါတယ်။

[၄]

ဒါဆိုရင် ဝိဇ္ဇာထိပ်ခေါင် ဘိုးတော် အောင်မင်းခေါင်ကြီးဆိုတာ ဘယ်သူလဲလို့ မေးစရာရှိပါတယ်။ တိတိကျကျ ပြတ်ပြတ်သားသား တစ်ခွန်းတည်း ဖြေရရင်တော့ ''ဝိဇ္ဇာထိပ်ခေါင် ဘိုးတော်အောင်မင်းခေါင်ကြီးဆိုတာ ဘုရားအလောင်းတော်ကြီးရဲ့ နာမ်ဓာတ်ပါ''လို့ ဖြေပါ့မယ်။ ဒီထက်ပိုပြီး တိကျအောင် ဖြေရရင်တော့ အရိမေတ္တေယျဘုရား အလောင်းတော်ကြီးရဲ့ နာမ်ဓာတ်ပါ။ လောကသားတွေ ဒုက္ခမရောက်သင့်တာ မရောက်ရအောင် နတ်ပြည်ကနေ လူ့ပြည်ကိုလာပြီး ကူညီကယ်တင်နေတယ်လို့ပြောရင် ရပါတယ်။ ဒါကြောင့် 'အောင်မင်းခေါင်'ဆိုတဲ့ နာမည်က မြန်မာတစ်မျိုးသားတည်းပိုင်တဲ့ နာမ်ဓာတ်မဟုတ်ဘဲ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ နာမ်ဓာတ်လို့ပြောရင် ရနိုင်ပါလိမ့်မယ်။ တရုတ်ပြည်ရောက်တဲ့အခါ 'အန်းကုန်း' အဖြစ်နဲ့ နာမ်ဓာတ်ယူချင်ယူမှာပေါ့။

ဒီကိစ္စကို ခံစားနားလည်မိလာတဲ့အခါ အဖေကြီးဦးအေးဖေ (ယခု ဂျိုးဖြူတောင်သာသနာပြု အဂ္ဂသာရ)ကို မေးလျှောက်ကြည့်ဖူးပါတယ်။

''ဘိုးတော် အောင်မင်းခေါင်ကြီးကို အရိမေတ္တေယျအလောင်းတော်လို့ ဆိုရင် အဖေကြီး လက်ခံနိုင်ပါ့မလား ဘုရား''

''အဖေ လက်မခံတာ၊ ခံတာထက် အဘိုးဂျိုးဖြူပြောခဲ့ဖူးတာကို ပြန်ပြောရမယ်ဆိုရင်တော့ ဘိုးတော်အောင်မင်းခေါင်ကြီးဆိုတာ တခြားမဟုတ်ဘူးသားရဲ့။ အရိမေတ္တေယျဘုရား အလောင်းတော်ကြီးပဲကွယ့်လို့ ပြောခဲ့ဖူးပါတယ်''

ဒါက အဖေကြီး ဦးအေးဖေ (အရှင်အဂ္ဂသာရ၊ ဂျိုးဖြူတောင်)ရဲ့ မိန့်ကြားတဲ့စကားပါ။ အဖေကြီး ဦးအေးဖေဆိုတာ တစ်ခြားမဟုတ်ပါဘူး။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ပါမောက္ခဟောင်းကြီး တစ်ဦးဖြစ်ခဲ့ပြီး ဂျပန်နိုင်ငံ၊ အိုဘာကာ နိုင်ငံခြားဘာသာဝင်တက္ကသိုလ်မှာ ဧည့်ပါမောက္ခအဖြစ် တစ်နှစ်နီးပါး တာဝန်ယူဆောင်ရွက်ခဲ့သူပါ။ အသက် (၇၀)ကျော်မှာ သာသနာ့ဘောင်ကို ဝင်ရောက်ကူးပြောင်းပြီး သာသနာပြုနေတာပါ။

ဘိုးတော် အောင်မင်းခေါင်ကြီးဟာ အရိမေတ္တေယျအလောင်းတော်ဆိုတာ ဆီလျော်ပါသလား တွေးကြည့်ရအောင်ပါ။ အရိမေတ္တေယျအလောင်းတော်ဟာ အခုအချိန်မှာ တုသိတာ နတ်ပြည်မှာရှိနေတယ်လို့ အများသိထားကြတယ်။ ဒါကြောင့် လူ့ပြည်လာနိုင်ပါ့မလား တွေးကြည့်ချင်ကြပါလိမ့်မယ်။ သိကြားမင်း လူ့ပြည်ဆင်းတာ၊ နတ်သားနတ်သမီးတွေ လူ့ပြည်လာပြီး တရားနာကြတာ ပါဠိတော်တွေမှာ ပါနေတာပဲ မဟုတ်လား။

အလောင်းတော်နတ်သားဆိုတာ အတုလန်အတုမဲ့ ဘုရားဖြစ်မယ့် နတ်ပုဂ္ဂိုလ်ထူးကြီးဆိုတော့ နတ်ပြည်မှာ နတ်စည်းစိမ်တွေ ခံစားပြီး အလကားနေမယ်လို့ လင်းရောင်တင် မထင်ပါ။ လုပ်စရာရှိတာ လုပ်နေမှာပါ။ ဆုတ်ကပ်ကာလဖြစ်တဲ့ လူတွေရဲ့ ဒုက္ခအဝဝကို ကယ်တင်ကူညီဖို့ လူ့လောကနဲ့ ဆက်သွယ်တယ်လို့ ယုံကြည်ပါတယ်။ (မြန်မာပြည် ကွက်ကွက်လေးတော့ ဟုတ်ဟန်မတူဘူး။ ကမ္ဘာအနှံ့အပြား သွားလာလှုပ်ရှားခဲ့တာလို့ ယူဆပါတယ်။)

[၅]

စာဟောင်းပေဟောင်းတွေအရ ပြောရမယ်ဆိုရင် ဘိုးတော်အောင်မင်းခေါင်ကြီးရဲ့အကြောင်းက ပိုပြီး ထူးခြားဆန်းပြားတာ တွေ့ရပါတယ်။ ဘိုးတော် အောင်မင်းခေါင်ကြီး မြန်မာပြည်မှာ 'နာမ်ဓာတ်' စတင်ဝင်ရောက် သာသနာပြုခဲ့တာဟာ ဘုရားမပွင့်ခင်ကတည်းကလို့ ဆိုပါတယ်။ အဲဒီကတည်းက တုသိတာ နတ်ပြည်မှာ ရှိခဲ့ပြီး နာမ်ဓာတ်အဖြစ်နဲ့ ပါရမီဖြည့်ဖို့အလို့ငှာ လူ့ပြည်ကိုဆင်းသက်လို့ ရွှေတိဂုံကုန်းတော်ဖြစ်လာမယ့် သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ 'ဒိဗ္ဗစက္ခု'ရှင် ရသေ့ကြီးအဖြစ်နဲ့ နေခဲ့ပါတယ်။ အဲဒီ အချိန်ကစပြီး လောကီယ အဘိညာဉ်ဝိဇ္ဇာ အတတ်နဲ့ မဟာဂန္ဓာရီဝိဇ္ဇာမယအတတ် ပညာတွေကို သိမြင်ပေါက်ရောက်ခဲ့တယ်လို့ ဆိုတယ်။ မဟာသက္ကရာဇ် ၈၅ ခုနှစ်မှာ သိင်္ဂုတ္တရကုန်းတော်ပေါ်မှာပဲ လမုပင်မှာ သန္ဓေမွေးတဲ့ 'မယ်လမု'ကို ကောက်ယူကျွေးမွေးခဲ့တာလည်း ဒိဗ္ဗစက္ခုရသေ့ကြီးပါပဲတဲ့။

အရွယ်ရောက်တဲ့အခါ မယ်လမုဟာ သကြားမင်းနဲ့ ယှဉ်ပါးပြီး သားတစ်ယောက်ရ၊ ဥက္ကလာပမင်းဖြစ်လာ (ရွှေတိဂုံစေတီတော်ရဲ့ ဒကာပေါ့) ဒီတုန်းကတည်းက ဒိဗ္ဗစက္ခုရသေ့ကြီးအနေနဲ့ ရွှေတိဂုံစေတီတော်ပေါ်ထွန်းရေး၊ သာသနာအဓွန့်ရှည်ရေးကို ပံ့ပိုးကူညီသူ ဖြစ်လာခဲ့တာလို့ ဆိုပါတယ်။

အဲဒီနောက် ဘုရားပွင့်တော်မူလာချိန်မှာတော့ 'အဇိတ'ရဟန်းအဖြစ်နဲ့ ဘုရားရှင်ထံပါးမှာ သာသနာတော်ကို အထောက်အပံ့ပြုရင်း ပါရမီဖြည့်ခဲ့ပါသတဲ့။ (အဇိတသာမဏေအကြောင်း သိချင်ရင်တော့ ဘုရားဟောခဲ့တဲ့ အနာဂတဝံသကျမ်းမှာ လေ့လာကြည့်ပါ) ညီတော်မောင် ဆရာနန္ဒာဖိုးကြယ်လည်း အလောင်းတော်အကြောင်း၊ အရိမေတ္တေယျအကြောင်း စာတစ်အုပ်ထုတ်ဝေခဲ့ဖူးပါတယ်။ အဲဒါလည်း ဘဝတစ်ခုပါ။

အဲဒီနောက် မြတ်စွာဘုရားသခင်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်မြတ်ကြီး ခန္ဓာပရိနိဗ္ဗာန် စံဝင်ပြီးတဲ့အခါ သာသနာတော်ကထွက်ပြီး ရသေ့အသွင်ပြန်ယူလို့ 'ဒီပ္ပစက္ခု'ရှင်ရသေ့ဆိုတဲ့အမည်နဲ့ပဲ တောထွက်ခဲ့ပြန်တယ်။ အဲဒီနောက် သက္ကရာဇ် ၁၀၁ ခုနှစ် ရောက်တဲ့အခါ စူဠာသမ္ဘဝ၊ မဟာသမ္ဘဝ ညီနောင်တို့ရဲ့ သားဖြစ်တဲ့ ဒွိတပေါင် (တချို့ ဒွတ္တပေါင်လို့ရေးပါတယ်)ကို အဲဒီ 'ဒီပ္ပစက္ခု'ရသေ့ကြီး အမှူးပြုပြီး ထီးသစ်နန်းသစ်တွေ တည်စိုက်ပေးခဲ့တယ်။ မယှဉ်သာအောင်တော်တဲ့ သာသနာပြုမင်းအဖြစ် မြှင့်တင်ပေးခဲ့ကာ 'ဒီပ္ပစက္ခု' ရသေ့ကြီးပါပဲတဲ့။

အဲဒီ ဒွတ္တပေါင်မင်းကြီးလက်ထပ်မှာပဲ 'ကပ္ပါက်ာရ'လို့အမည်ရတဲ့ ဝိဇ္ဇမယကျမ်းကြီးကို ကျေးပုရပိုက်ပေါ်မှာ လက်နဲ့မရေးဘဲ 'မနောမယိဒ္ဓိ'တန်ခိုးနဲ့ ရေးသားခဲ့တယ်လို့ ဆိုပါတယ်။ သက္ကရာဇ် ၁၀၁ ခုနှစ်က ရေးခဲ့တဲ့ အဲဒီကပ္ပာလက်ာရ ကျမ်းကြီးဟာ သက္ကရာဇ် ၆၉၁ ခုနှစ် သုပညာနဂရဆိန္နမင်းကြီး လက်ထက်ရောက်မှ လူ့နယ်ပယ်ကို ပြန်ပြီးဝင်ရောက်လာတယ်လို့ မှတ်တမ်းရှိပါတယ်။

အဲဒီနောက် သီရိဓမ္မာသောကမင်းကြီးလက်ထက်မှာကော၊ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထင်မှာကော၊ ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်မှာကော 'ဒီပ္ပစက္ခု'ရှင်ရသေ့ကြီးအဖြစ်နဲ့ပဲ အတွင်းလမ်းကနေပြီး ကူညီစောင့်ရှောက်ခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီနောက်မှာတော့ ပုဂံပြည်အနော်ရထာမင်းစော သာသနာပြုပွဲမှာ၊ ကျန်စစ်မင်းကြီး သာသနာပြုပွဲမှာ၊ မဏိစည်သူမင်းကြီး သာသနာပြုပွဲမှာ သာသနာတော်ကို ဝင်ရောက်လာပြန်ပြီး 'ရှင်အရဟံ'ဆိုင်ရာအမည်နဲ့ ကူညီစောင့်ရှောက်တော်မူခဲ့ပါသတဲ့။ (အဲဒီရှင်အရဟံမထေရ်ကို ရာဇဝင်ဆရာများက ရဟန္တာမထေရ်လို့ မှတ်တမ်းတင်ကြပေမဲ့ ကျန်စစ်သားမင်းကြီးလက်ထက်မှာ စီရင်ရေးသားထားတဲ့ နမောတဿရုပ်ရှင်လမ်းဖြစ်တဲ့ အဂ္ဂိရတ်ကျမ်းမှာ ရှင်အရဟံမထေရ်ကို 'ဈာန်ရပုဂ္ဂိုလ်'လို့သာ အတိအလင်း ဖော်ပြခဲ့ပါသတဲ့။

နမောတဿရုပ်ရှင်လမ်းဖြစ်တဲ့ အဂ္ဂိရတ်ကျမ်းမှာ ကျန်စစ်မင်းကြီးဟာ ရှင်အရဟံမထေရ်ကို ယောဂီဝိဇ္ဇာမယအတတ်ပညာနဲ့ စီမံတဲ့ ပြဒါးရှင်ဓာတ်လုံးကို စီမံပေးဖို့ လျှောက်ထားတောင်းပန်တဲ့အခါ ရှင်အရဟံမထေရ်က စကြဝဠာတံတိုင်းမှာ နတ်ကြီးငါးပါးတို့ ဘုရားရှိခိုးတဲ့ 'နမောတဿ'ကိုကူးယူပြီး နက္ခတ်အင်းနဲ့ စီမံတဲ့ ပြဒါးရှင်ဓာတ်လုံးတို့လုပ်ပြီး ကျန်စစ်မင်းကြီးကို ပေးထားတယ်လို့ ပါပါတယ်။ အဲဒီနောက် သမီးတော် ရွှေအိမ်စည်က အိန္ဒိယကုန်သည် ပဋိက္ကယားမင်းသားနဲ့ အကြောင်းပါကြတော့ ပြဒါးရှင်လုံးကို သမီးတောကခိုးပြီး မင်းသားကို ပေးခဲ့တယ်။ ပဋိက္ကယားမင်းသားက ပြဒါးရှင်လုံးကိုငုံပြီး ကောင်းကင်ခရီးနှင့် ပျံသန်းနိုင်တဲ့အကြောင်း လေ့လာသူတွေ သိပြီးသားပါပဲ။

အဲဒီနောက် ပဲခူးဟံသာဝတီပြည်မှာ 'ဓမ္မစေတီ'မင်းအမည်နဲ့ သာသနာပြုခဲ့တာလည်း အလောင်းတော်ကြီးပါပဲ။ ဓမ္မစေတီမင်းဟာ ပိဋကတ်သုံးပုံ၊ ဗေဒင်သုံးပုံ၊ ကျမ်းအစုံစုံတို့ကို အာရုံရခဲ့ပါတယ်။ မြန်မာပြည်မှာ 'အောင်မင်းဇခေါင်ကြီး'ဆိုတဲ့နာမည်၊ 'ပုပ္ပားမင်းခေါင်'ဆိုတဲ့နာမည်၊ 'တိကြားမင်းခေါင်'ဆိုတဲ့နာမည်တွေနဲ့ အမျိုးမျိုးကျော်စောခဲ့တာဟာလည်း အမှန်တော့ အရိမေတ္တေယျအလောင်းတော်ကြီးရဲ့ နာမ်ဓာတ်တွေပါပဲ။

"ငါဟာ ရုပ်ကိုမသုံးဘူး။ နာမ်ကိုသုံးတယ်။ ဥက္ကလာပမင်းကြီး လက်ထက်ကစပြီး ထိုရ်ချင်တိုင်း ထိုရ်ခဲ့တာ အလောင်းတော်နတ်သားလည်း ငါပဲ၊ သိကြားလည်း ငါပဲ။ ဘိုးဘိုးအောင်လည်း ငါပဲ၊ ဘိုးမင်းခေါင်လည်း ငါပဲ"

ဟု ၁၃၀၇ ခုနှစ်၊ ပြာသိုလမှာ ပုပ္ပားအောင်မင်းခေါင်ကြီး မိန့်တော်မူခဲ့ဖူးကဲ့ မှတ်တမ်းရှိပါတယ်။

[၆]

ဒါကြောင့် ဝိဇ္ဇာထိပ်ခေါင် အောင်မင်းခေါင်ကြီးအကြောင်း ပြောကြမယ်ဆိုရင် တုတ်ထမ်း၊ ဓားထမ်း ပြောကြရတဲ့ ပုဂံရာဇဝင်ထက်ပိုပြီး ဆိုးပါလိမ့်မယ်။ ဒါပေမဲ့ အောင်မင်းခေါင်ကြီးဆိုတာ ရှိတယ်။ အလောင်းတော်ကြီး ဖြစ်တယ်။ သာသနာတော်အတွက် အမြဲစောင့်ရှောက်နေတယ်။ လူတွေကို ပဋ္ဌာန်းဆက်အလိုက် အကူအညီပေးနေတယ်။ သူ့ကိုယုံကြည်လေးစားသူတွေကို စောင့်ရှောက်တယ်။ သူ့အကြောင်း ဂဃနဏမသိဘဲနဲ့ ဘာပဲညာပဲ ဉာဏ်နည်းနည်းလေးနဲ့ မဝေဖန်သင့်တာတော့ အမှန်ပဲ။ သူတော်ကောင်းကြီးများကို စော်ကားသူများ အကျိုးနည်းတတ်ကြောင်း သတိပေးပါရစေ။

အခုတင်ပြခဲ့တဲ့ ဝိဇ္ဇာထိပ်ခေါင် အောင်မင်းခေါင်ကြီးအကြောင်းတွေက လင်းရောင်တင် ခံစားမိသမျှ၊ အာရုံရှိသမျှ လေ့လာမိသမျှ၊ ယုံကြည်မိသမျှ တင်ပြခဲ့တာပါ။ လက်ခံယုံကြည်နိုင်သလို လက်မခံ ငြင်းပယ်နိုင်ခွင့်လည်း ရှိပါတယ်၊ ဒါပေမဲ့ စော်ကားမော်ကား ပြောခွင့်ပြောခွင့်တော့ မရှိဘူးလို့ နားလည်ယုံကြည်ပါတယ်။

ဒီဆောင်းပါးကို ရေးရတဲ့ ကုသိုလ်ကြောင့် စာဖတ်ရိသတ်များ ကောင်းကျိုးလိုရာ ဆုတောင်းပြည့်ကြပါစေ။ မိမိသည်လည်း အရိမေတ္တေယျအရှင်ကို ဖူးမြင်နိုင်ပြီး ဆုကြီးပန်နိုင်ပါစေ။

ဇေယျတုသဗ္ဗမင်္ဂလံ

**လင်းရောင်တင်**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ ပုဂ္ဂိုလ်ထူး

## သိန်းလွင်



စာရေးသူ ဆရာအရှင်မြတ်ကို ပူဇော်နေပုံ

၂၀၀၇၊ ဇွန်လထုတ် ရောင်ပြန်မဂ္ဂဇင်း၊ အမှတ်(၁၆၁)တွင် မောင်မောင်မြင့်အေး၏ "ပုဂ္ဂိုလ်ထူးများနှင့် ကျွန်တော်" ဆောင်းပါးကို ဖတ်ရှုရသည်။ မောင်မောင်မြင့်အေးသည် အဆိုပါ ပုဂ္ဂိုလ်ထူးကို ကိုယ်တွေ့မဟုတ်ဘဲ တစ်ဆင့်ကြားသိရချက်များကို ရေးသားထားခြင်း ဖြစ်သည်။

စာရေးသူသည် အဆိုပါပုဂ္ဂိုလ်ထူးကို ကိုယ်တွေ့ဖူးမြော် ဆည်းကပ်ခဲ့ပြီး မိမိဘဝတွင် အတိုင်းမသိ အကျိုးကျေးဇူးရရှိခံစားခဲ့ရရာ မိမိကိုယ်တွေ့ကို ရေးသားတင်ပြလိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် ဤဆောင်းပါးဖြင့် အရှင်မြတ်၏ ဂုဏ်ကျေးဇူးကို ပူဇော်ခြင်း ဖြစ်ပါသည်။

၁၉၆၉ ခုနှစ်၊ ဧပြီလအတွင်းက ဖြစ်သည်။ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့တွင် ပုဂ္ဂိုလ်ထူးတစ်ပါး ပေါ်ပေါက်နေသည်ဟု သတင်းကြားသိရသည်။ အဆိုပါပုဂ္ဂိုလ်အား သွားရောက်ဖူးမြော်ရန် လမ်းခရီးစဉ်ကို မေးမြန်းစုံစမ်းပြီး အဒေါ်နှင့်အတူ သွားခဲ့ကြသည်။

ဟင်္သာတမြို့မှ ကြံခင်းရထားကို စီးပြီး မြို့ကွင်းဘူတာတွင်ဆင်း၊ ဝေန်မြစ်ကို လှေဖြင့်ကူး၊ နောက် နွားလှည်းစီး၍သွားရာ ကွင်းကောက်သို့ ညနေ ၅ နာရီကျော်တွင် ရောက်ရှိသွားသည်။

ဆရာတော်သီတင်းသုံးရာ ကွင်း



www.burmeseclassic.com

www.burmeseclassic.com

ကောက်မြောက်၊ ရွှေကျောင်းအပေါ်ထပ်သို့ တက်သွားသည့်အခါ မမျှော်လင့်သော အံ့သြစရာကို ပထမဆုံး ကြုံတွေ့ရသည်။ ဆရာတော်သည် ထိုင်လျက် အဒေါ်နှင့် ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေပြီး သူ့အနီးသို့ ရောက်သောအခါ -

"ဟဲ့…မေရီ၊ နင့်ကိုငါ စောင့်နေတာ ကြာပြီ။ နင် ခုမှလာတာကိုး"ဟု ပြောကြားရာ အဒေါ် မည်သို့ခံစားသွားရသည်မသိ။ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ဆရာတော်ကို အကြိမ်ကြိမ် ဦးချရှိခိုးနေတော့သည်။ ကျွန်တော်လည်း ဦးချကန်တော့လိုက်သည်။ ကန်တော့ပြီးသောအခါ ဒုတိယ အံ့သြစရာကို တွေ့ရပြန်သည်။

"ဓာတ်ချိုးမြှင့်မယ်။ လာ…ရှေ့ကိုတိုး"

ဆရာတော်သည် အဒေါ်၏ ဦးခေါင်း၊ ပခုံးနှစ်ဖက်နှင့် ကျောကုန်းတို့ကို လက်ဖြင့်နှိပ်နယ်ပေးရာ အဒေါ်ခန္ဓာကိုယ် တုန်လှုပ်နေသည်ကို တွေ့မြင်ရသည်။ အဒေါ်ပြီးသောအခါ ကျွန်တော့်ကို နှိပ်နယ်ပေးသည်။ နှိပ်နယ်ပေးနေစဉ် ကြက်သီးတဖြန်းဖြန်း ထလျက် ကျွန်တော့်တစ်ကိုယ်လုံး တုန်လှုပ်နေသည်။ တောင့်ထား၍ မရ၊ လျှပ်စစ်ဓာတ်ဖြင့် နှိပ်သကဲ့သို့ ခံစားနေရသည်။ ကျွန်တော့်ဘဝတစ်လျှောက်တာတွင် တစ်ကြိမ်တစ်ခါမျှ ဤသို့မဖြစ်ပေါ် မခံစားရဖူးချေ။ သူများ နတ်ပူးသည်ကို မြင်ဖူးသော်လည်း မယုံကြည်ခဲ့သော ကျွန်တော်သည် ယခုတိုင် နတ်ပူးသည့်အလား ခံစားနေရရာ အံ့သြမဆုံး ဖြစ်နေမိတော့သည်။

အချိန်အတော်ကြာပြီးနောက် ဆရာတော်၏တပည့် ရသေ့တစ်ဦးက အဒေါ်နှင့်ကျွန်တော် တည်းခိုရန် ကျောင်းအနီးရှိ အိမ်တစ်လုံးသို့ လိုက်ပို့သည်။

"အန်တီ…ဆရာတော်က အန်တီ့ကို မေရီလို့ ခေါ်တာရယ်၊ အန်တီ မျက်ရည်တွေကျတာရယ် ကျွန်တော် နားမလည်ဘူး။ ဘယ်လိုဖြစ်တာလဲ အန်တီ"

လမ်းလျှောက်သွားနေစဉ် ကျွန်တော်က မေးလိုက်သည်။ ကျွန်တော့်အဒေါ်၏ အမည်မှာ ဒေါ်ရင်မေ ဖြစ်သည်။

"မေရီဆိုတာ ကွန်ဗင့်ကျောင်းသူဘဝက အန်တီ့ရဲ့ ငယ်နာမည်။ ဒီအမည်ကို အန်တီတောင် မေ့သလိုဖြစ်နေပြီ။ မေရီလို့ခေါ်ပြီး နင့်ကိုငါ စောင့်နေတာ ကြာပြီဆိုတော့ အန်တီ စိတ်ဘယ်လိုဖြစ်သွားတယ်မသိဘူး။ ဝမ်းနည်းပြီး မျက်ရည်တွေ စီးကျတော့တာပဲ"

"တော်တော်ထူးဆန်းတယ်နော်"

"ထူးဆန်းတာကတော့ ပြောမနေနဲ့။ ဆရာတော် ဓာတ်နှိပ်ပေးတုန်းကဆို အန်တီ့တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထနေတာ။ ဒီလိုတစ်ခါမှ မခံစားဖူးဘူး"

"ဟုတ်တယ်။ ကျွန်တော်လည်း တောင့်ထားတာ မရဘူး။ ဓာတ်လိုက်သလိုပဲနော်။ သိပ်ထူးဆန်းတာပဲ"

တည်းခိုမည့်အိမ်သို့ ရောက်သောအခါ အံ့သြစရာ တွေ့ရပြန်သည်။ ဤအိမ်၌ မိဘနှင့် သားငယ်တစ်ဦး၊ ပေါင်းသုံးဦးသာ ရှိသည်။ ဆရာတော်၏ တပည့်ယောဂီများဖြစ်၍ ယောဂီအညိုရောင် ဝတ်ကြသည်။ သူတို့သည် ဆန်ထမင်းကို မစား။ ကောက်ညှင်းထမင်းကိုသာ စားကြသည်။ ကောက်ညှင်းအဖြူကို ထမင်းကဲ့သို့ ဟင်းများနှင့် စားကြခြင်းဖြစ်သည်။ မေးကြည့်ရာ ဆရာတော်စားသလို စားသည်ဟု ဆိုသည်။ ဆရာတော်သည် ဝိဇ္ဇာဓာတ်သဘောအရ အစားအစာများကို အခါအားလျော်စွာ ပြောင်းလဲ၍စားရာ ယခု ကောက်ညှင်းကို စားနေသည်မှာ တစ်နှစ်ခန့်ရှိပြီး၊ တပည့်များကလည်း ဆရာတော်စားသည်ကို လိုက်၍စားကြသည်ဟု ဆိုသည်။ ကျွန်တော်တို့ကိုလည်း ဆရာတော်ထံ ရောက်လာလျှင် ဆရာတော်စားသလို စားသင့်ကြောင်း၊ ကျန်းမာရေး ဘာမျှမဖြစ်ကြောင်းပြောရာ သူတို့စားသလိုစားရန် သဘောတူလိုက်သည်။ ဆန်ထမင်းမစား၊ ကောက်ညှင်းစားသော်လည်း ကျန်းမာရေးအရ မည်သို့မျှ ထူးထူးခြားခြားမဖြစ်သည်မှာလည်း အံ့သြစရာဖြစ်၏။

နောက်ရက်များတွင် ဆရာတော်ထံသွားတိုင်း တရားဓမ္မနှင့် ပတ်သက်၍ မိမိသိလိုသည်များကို မေးမြန်းလျှောက်ထားရာ ဆရာတော်သည် စိတ်ရှည်စွာဖြင့် မေးသမျှ ဖြေကြားသည်။ တပည့်ယောဂီတစ်ဦးက ဓမ္မဒါန စာရွက်များပေးသဖြင့် ဖတ်ကြည့်ရာ ဆရာတော်၏ အဆုံးအမများနှင့် ဆရာတော်တတ်မြောက်တော်မူသော ပညာရပ်ကြီး တစ်ဆယ့်ခြောက်ရပ်ကို တွေ့ရသည်။ (ပညာရပ်ကြီး တစ်ဆယ့်ခြောက်ရပ်ကို မောင်မောင်မြင့်အေး၏ ဆောင်းပါးတွင် ဖော်ပြပြီးဖြစ်၍ ထပ်မံမဖော်ပြတော့ပါ။)

ပညာရပ်ကြီး ၁၆ ရပ်နှင့်ပတ်သက်၍ မေးမြန်းကြည့်ရာတွင် ဤဆရာတော်သည် ကောဇာသက္ကရာဇ် ၁၃၁၄ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်နေ့မှစ၍ အထက်ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်အရှင်မြတ်ကြီးများ ချီးမြှင့်မစမှုကြောင့် ဝိဇ္ဇာအဖြစ် ပေါက်ရောက်အောင်မြင်ခဲ့ကြောင်း၊ ဆရာတော်၏ ရဟန်းဘွဲ့မှာ ဦးဇော်[illegible] ဖြစ်ပြီး ဝိဇ္ဇာဘွဲ့မှာ ပထမံဦးလှိုင်ဖြစ်ကြောင်း၊ ဤပညာရပ်များကို အထ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ်ကြီးများက သင်ပေး၍ တတ်မြောက်ခြင်းဖြစ်ကြောင်း၊ ဤပညာရပ်များနှင့် ပတ်သက်၍ ပညာရှင်များစွာက လာရောက်မေးမြန်းကြရာ မေးမြန်းသူအားလုံးလိုလို ကျေနပ်အားရသွားကြကြောင်း၊ မည်သည့်ဘာသာရပ်ကိုမေးမေး ဆရာတော်မဖြေနိုင်သော ပြဿနာဟူ၍ လုံးဝမရှိကြောင်း၊ လူတို့၏အလယ်၌ မသိတာမရှိ၊ မကာရလောပ မတစ်လုံးကျေတော်မူခြင်းဆိုသည်မှာ များစွာထူးဆန်း အံ့ဩဖွယ်ဖြစ်ကြောင်း စသည်ဖြင့် ပြောပြကြသည်။

အခေါ်နှင့် ကျွန်တော်သည် ကွင်းကောက်တွင် နှစ်ပတ်ကြာမျှ နေ၍ ဆရာတော်ကို ဆည်းကပ်ခဲ့ကြသည်။ ထိုရက်များအတွင်း ကျွန်တော့်၏ဘဝတွင် အထူးခြားဆုံးနှင့် အကျိုးအများဆုံး ရလဒ်များကို ကြုံတွေ့ရရှိခဲ့သည်။

ထိုရလဒ်များကား ကျွန်တော့်တွင် လိပ်ခေါင်းရောဂါရှိနေသည်မှာ ကြာပြီဖြစ်သည်။ နောက်ဖေးသွားတိုင်း အလုံးကြီးပိတ်ဆို့နေပြီး သွေးများယိုစီးကျသည်။ ထိုရောဂါကြောင့် သွေးအားနည်းပြီး ခန္ဓာကိုယ် ပိန်ချုံးနေသည်။ ဤရောဂါပျောက်ကင်းရန် မြန်မာဆေးနည်းများစွာကို မှီဝဲစားသုံးပြီးဖြစ်သည်။

ဆေးရုံတက်ဖြတ် ကုရမည်ဟု မိတ်ဆွေများက တိုက်တွန်းကြသော်လည်း ဖြတ်ကုရမှာကြောက်၍ ဆေးရုံမတက်ဖြစ်ခဲ့ချေ။ နောက်ရောဂါတစ်ခုမှာ နှလုံးတုန်ရင်ခုန်သည့် ရောဂါဖြစ်သည်။

ထိတ်လန့်စရာ ကြုံတွေ့ရလျှင်ဖြစ်စေ၊ အလုပ်ဌာနတွင် အထက်လူကြီးများနှင့် တွေ့ဆုံစကားပြောရလျှင်ဖြစ်စေ ရင်တဒုန်းဒုန်းခုန်လာတော့သည်။ ထိုသို့ နှလုံးခုန်ခြင်းကြောင့် စကားပြောရာတွင် အထစ်ထစ် အငေါ့ငေါ့ဖြစ်ပြီး၊ လိုရာမရောက်ဘဲ အကျိုးနည်းမှုများစွာ ကြုံတွေ့ခဲ့ရသည်။

ကွင်းကောက်ရောက်လျှင် သုံးရက်မြောက်နေ့တွင် မိမိရောဂါနှစ်ခုကို တည်းခိုသည့် အိမ်ရှင်ယောဂီအား ပြောပြမိသည်။ ထိုအခါ အိမ်ရှင်ယောဂီက ဆရာတော့်ထံ လာရောက်ကြသော ပရိသတ်များတွင် ရောဂါသည်များလည်း ပါရှိကြောင်း၊ မိမိရောဂါကို လျှောက်ထား၍ ဆရာတော် ကျွေးသော ဓာတ်ငှက်ပျောသီးကိုစားလျှင် ရောဂါပျောက်သွားသူ များစွာရှိကြောင်း၊ မိမိမှာ ရောဂါရှိနေပုံကို ဆရာတော်ကို လျှောက်ထားသင့်ကြောင်း အကြံပေးသည်။

သူ၏အကြံပေးချက်ကြောင့် ထိုနေ့ညနေ ဆရာတော်ထံ သွားရောက်ဆည်းကပ်သည့်အခါ မိမိရောဂါကို လျှောက်ထားလိုက်သည်။ ဆရာတော်က မိမိကို စိုက်ကြည့်လျက်...

"ဘာမှ မစိုးရိမ်နဲ့။ ပျောက်သွားလိမ့်မယ်"

အမိန့်ရှိပြီးနောက် ဖီးကြမ်းငှက်ပျောသီးကို ဆရာတော်ကိုယ်တိုင် အခွံနွှာ၍ ကျွေးသည်။ နောက်ရက်များ သွားတိုင်းလည်း ဆက်ကျွေးသည်။ တစ်ရက်နှစ်ရက်အတွင်း ရောဂါသိသိသာသာ သက်သာလာသည်ကို သတိပြုမိသည်။ တစ်ပတ်ခန့်ကြာသောအခါ နောက်ဖေးသွားလျှင် ပိတ်ဆို့မနေတော့ဘဲ လိပ်ခေါင်းရောဂါ ပျောက်ကင်းသွားသည်။

ကွင်းကောက်မှ ပြန်လာပြီးနောက်တွင် မည်သူနှင့် တွေ့ဆုံစကားပြောရပြောရ နှလုံးတုန်၊ ရင်ခုန်ခြင်းမရှိတော့။ ကြောက်တတ်သည့်စိတ်ပါ ပျောက်သွားလေတော့သည်။ လိပ်ခေါင်းရောဂါမှာ ယခုအချိန်အထိ လုံးဝမပေါ်တော့ပေ။ ဆေးမှီဝဲသုံး၍ မပျောက်ကင်းသည့်ရောဂါများမှာ ဆရာတော်ကျွေးသည့် ဓာတ်ငှက်ပျောသီးကြောင့် ပျောက်ကင်းသွားသည်မှာလည်း အံ့ဩစရာဖြစ်ပါ၏။

ကွင်းကောက်မှ ပြန်ခါနီးအချိန်တွင် ဆရာတော်ကို ကန်တော့ရာ ဆရာတော်က နေ့စဉ် အာဇီဝဋ္ဌမကသီလ ဆောက်တည်ရန်၊ မေတ္တာပို့ရန်၊ ဘုရားဂုဏ်တော် ပုတီးစိပ်ရန် ဩဝါဒပေးသည်။ မိမိကိုယ်ကို လက်ညှိုးထိုး၍ ရွတ်ဆိုရန် အောက်ပါအဆုံးအမကိုလည်း ပေးလိုက်လေသည်။

၁။ နင် မာနမကြီးနဲ့။
၂။ နင် မကြွားချင်နဲ့။
၃။ နင် ခန်းခန်းနားနား မနေချင်နဲ့။
၄။ နင် သူတစ်ပါးအပြစ်ကို မရှာနဲ့။
၅။ သူတစ်ပါးအပေါ် ဝန်တိုမိစ္ဆာ မရှိနဲ့။
၆။ နင် ကိုယ့်လမ်းကိုယ် ကောင်းကောင်းထွင်။
၇။ နင် ကိုယ့်လမ်းကိုယ် ကောင်းကောင်းသွား။
၈။ နင် ကိုယ်ချင်းစာတရား မြဲမြဲထား။

(ဆရာတော် ဦးဇောတိက (ပထမံဦးလှိုင်)သည် ၁၃၃၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ (၂၀-၁၀-၇၃) တနင်္လာနေ့တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူသွားပြီ ဖြစ်ပါသည်။

သိန်းလွင်



www.burmeseclassic.com

www.burmeseclassic.com

# အနာဂါမ်ဆရာသက်ကြီး နှင့် သူ၏ ဓမ္မတရား

ကိုမောင်သန်းဝင်း



## ဆရာသက်ကို မွေးဖွားခြင်း

အနာဂါမ် ဆရာသက်ကြီးလောင်းလျာကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ ပျော်ဘွယ်ကြီး...ဲ့ဇွာ၊ သာယာစုပိုင်းတွင် အဖဦးကျော်တုတ်၊ အမိဒေါ်ငွေဥတို့မှ သက္ကရာဇ် ၁၂၃၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ သောကြာနေ့၊ ခရစ်နှစ် ၁၈၇၃၊ ဇွန်လ ၂၇ တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းများမှာ ဦးဘိုးဘ၊ ဒေါ်ဖွားရင်၊ ဦးဘိုးထွန်းတို့ ဖြစ်ကြပါသည်။

## ဆရာသက်၏ ငယ်စဉ်ဘဝ

မောင်ဘိုးသက် ၁၂ နှစ်သားအရွယ်ခန့်ကပင် ဖခင်ဦးကျော်တုတ် ကွယ်လွန်ခဲ့သည်။ မိခင်မုဆိုးမဒေါ်ငွေဥက သားသမီးတို့ကို အကြော်လှည့်လည်ရောင်း ကျွေးမွေးခဲ့ရသည်။ မုဆိုးမမိခင်သည် မောင်ဘိုးသက်ကို ၁၄ နှစ်သားအထိ ကျောင်းထားပေးခဲ့သည်။ ဆရာကြီးဦးရွှေဖြိုး၏ကျောင်းတွင် လက်ထောက်ဆရာ ဆရာသိုက်ထံ၌ မြန်မာစာကို ခြောက်တန်းအထိ သင်ကြားပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၄ နှစ်သားအရွယ် ကျောင်းပိတ်၊ ကျောင်းနားချိန်တွင် မောင်ဘိုးသက်သည် လှည်းဦးစီးလိုက်လုပ်သည်။ ကျောင်းမတက်ချေတော့။ မောင်ဘိုးသက်သည် လှည်းဦးစီးလိုက်၊ သမ္ဗန်ဦးစီးလိုက်ရင်း ဒလမြို့ ၂၅ နံပါတ်စက်သို့ ရောက်ရှိခဲ့သည်။ စက်သူဌေးဦးဘိုးလှက မောင်ဘိုးသက်၏ သွက်လက်ဖျတ်လတ်မှု၊ လုံ့လဝီရိယရှိမှု၊ ရိုးသားဖြောင့်မတ်မှု၊ အပေါင်းအသင်းဆန်မှုတို့ကို လေ့လာသိရှိသွားသည်။ သို့ဖြင့် စက်သူဌေးဦးဘိုးလှက မောင်ဘိုးသက်ကို သူ၏စက်တွင် တာလီစာရေးကလေးအဖြစ် အလုပ်ခန့်ထားခဲ့သည်။

ရိုးသားကျိုးနွံစွာ လုပ်ကိုင်သော မောင်ဘိုးသက်ကို စက်သူဌေးက လစာကိုအဆင့်ဆင့်တိုးမြှင့်ပေးသည်။ နောင်မကြာမီအချိန်တွင် စက်သူဌေးက မောင်ဘိုးသက်အား ယုံကြည်စွာဖြင့် ငွေထုတ်ပေးပြီး စပါးများဝယ်ခိုင်းသည်။ စပါးပွဲစားလေး ကိုဘိုးသက် ဖြစ်လာခဲ့သည်။

ကိုဘိုးသက်သည် မိခင်မုဆိုးမကြီးအား ကောင်းစွာ ထောက်ပံ့နိုင်ခဲ့သည်။ ထို့နောက် ပျော်ဘွယ်ကြီးရွာ ညောင်ပင်သာပိုင်းက လယ်သူဌေးဦးသိန်း၊ ဒေါ်သူဇာတို့၏ အငယ်ဆုံးသမီး မမျှင်နှင့် အကြောင်းပါခဲ့သည်။ ကိုဘိုးသက်၏ဘဝမှာ လူလတ်တန်းစား မိသားစုဝင်ဖြစ်ခဲ့ပြီး သမီးမလှညွန့်၊ သားငယ် မောင်ချစ်တီး(ခေါ်) မောင်ရင်မောင်နှင့်အတူ ပျော်ရွှင်ဖွယ်ရာ မိသားစုဖြစ်ခဲ့သည်။

## ဘဝ၏လောကဓံ

ကိုဘိုးသက်တို့၏ ပျော်ရွှင်ဖွယ်မိသားစုလေးကို လောကဓံမုန်တိုင်း တိုက်ခဲ့သည်။ ပျော်ဘွယ်ကြီးရွာတစ်ရွာလုံး ကာလဝမ်းရောဂါ ဘေးဆိုးကြီးကျရောက်ခဲ့သည်။ ကိုဘိုးသက်တို့ရဲ့ အိမ်ကြီးတွင် သောကလှိုင်းများ လွှမ်းမိုးခဲ့သည်။

ကိုဘိုးသက်၏တူမ အပျိုဖြန်းကလေး မချစ်မြိုင် ဝမ်းရောဂါဖြင့် အလူးအလဲဖြစ်ရာ ဆေးဆရာဖြင့် အပြင်းအထန်ကုသသော်ငြား ကွယ်လွန်ရှာသည်။ အလောင်းမြေမကျခင် ကိုဘိုးသက်၏ သမီးမလှ ညွန့်ကလည်း "အဖေရယ်၊ သမီးလည်းခိုက်နာလာပြီ။ သမီးကို ကယ်ပါဦး အဖေရယ်"ဟုပြောရင်း ဝမ်းတစ်ခါ၊ နှစ်ခါသွားပြီးနောက် သမီးငယ်ကို ပွေ့ချီထားရင်းမှာပဲ အသက်ပျောက်ခဲ့ရသည်။

အပူသောက ဆင့်ကာဆင့်ကာ ရောက်ခဲ့ရပြီး မပြီးဆုံးနိုင်သေးတဲ့ ကပ်ရောဂါဘေးဆိုးကြီးက သားငယ်လေး မောင်ချစ်တီးကိုလည်း အပါခေါ်သွားသည်။

ပျော်ဘွယ်ကြီးရွာ တစ်ရွာလုံး သွေးလန့်သွေးထိတ်ဖြစ်ကြလျက် အိမ်ထဲအိမ်ပြင် မထွက်ရဲအောင် ဖြစ်နေကြရသည်။

မိသားစုလုံး ဆုံးရှုံးရမှု၊ အထူးသဖြင့် သမီးငယ် ဆုံးရှုံးရမှုအတွက် ကိုဘိုးသက်၏ အပူသောကမှာ ဖြေမဆည်နိုင်၊ မပြေပျောက်နိုင်သေးခြင်း တရား၏ ခြောက်လန့်မှုဒဏ်ကို အလူးအလဲခံစားရင်း မသေတရားကိုရှာတွေ့ရန် ဆန္ဒဖြစ်ထွန်းလာပါတော့သည်။

## တရားရှာဖွေထွက်ခဲ့ခြင်း

ဇနီးသည် မမျှင်က အတန်တန်ဖျောင်းဖျ တားမြစ်နေသည့်ကြားမှပင် လောကဓံ၏ ထိုးနှက်ချက်ကို အထိုက်အလျောက် ဖြေဆည်နိုင်သောအခါ ကိုဘိုးသက်သည် ကျန်မိသားစုများကို တောင်းပန်၍ မသေတရားရှာရန် ပျော်ဘွယ်ကြီးရွာမှ ထွက်ခဲ့တော့သည်။

လယ်တီဆရာတော် သေက္ခတောင် ဦးတိလောက၊ ညောင်လွန့်ဆရာတော်၊ အင်းမကြီးတောရ(သိမ်တောင်)ဆရာတော်၊ ရွှေမြို့ဥဒေါင်းတောင်ဆရာတော် စသော လယ်တီဆရာတော်နှင့် မရှေးမနှောင်း ထင်ပေါ်ကျော်ကြားသမျှ ပဋိပတ္တိနှင့်ဆိုင်ရာ ဆရာတော်များအားလုံးထံ ကိုဘိုးသက်ဝင်ရောက်ဆည်းကပ်နည်းယူ အားထုတ်ခဲ့ဖူးသည်။

မနိဝင်ဖူးသော တောတောင်ဟူ၍မရှိ။ တစ်ဆယ့်သုံးနှစ်လုံးလုံး တစ်ဆရာပြီးတစ်ဆရာ၊ တစ်တောပြီးတစ်တော မသေတရားကို မနေမနား ရှာဖွေအားထုတ်ခဲ့သည်။ တောတောင်အထပ်ထပ်၌ တရားရှာဖွေရင်း အဓိကအားဖြင့် လယ်တီဆရာတော်ဘုရား၏ ညွှန်ကြားချက်များကို နာယူ၍ ခုနစ်နှစ်တိုင်တိုင်ပွားများအားထုတ်ခဲ့သည်။

လယ်တီဆရာတော်ဘုရားမိန့်ကြားသည်ကို အမှတ်ရလာမိသည်။

"ဒကာတော် ... သတ္တဝါတွေရဲ့ ကိလေသာအညစ်အကြေး၊ စိတ်ထွေးစိတ်ရှုပ်၊ စိတ်ညစ်တွေလည်း စင်ကြယ်သွားစေမယ်။ စိုးရိမ်တကြီး ငိုညည်းရှိုက်ငင် တဟင်ဟင်တသသ သောကပရိဒေဝတွေလည်း မရှိတော့ဘူး။ အပူဆွေးမငိုကြွေးရတော့ဘူး။ ကိုယ်ထဲမှာ၊ စိတ်ထဲမှာ ဆင်းရဲခံခက်ရတာရှိရင်လည်း လုံးဝပျောက်သွားမယ်။ အရိယာအဖြစ်ကိုရောက်ပြီး ကိုယ်တိုင် နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်တယ်ဆိုတဲ့ တရားလမ်းကြောင်းဟာ နှစ်ခုမရှိဘူး။ တစ်ခရီးတည်း၊ တစ်ကြောင်းတည်းပဲ၊ တစ်ခုတည်းပဲ လုပ်ရုံပဲ။

အဲဒီဒုက္ခ သုက္ခ ရုပ်သမ္ဘတွေအားလုံးအားလုံးကို ရှင်းလင်းပေးနိုင်တဲ့ တစ်ခုတည်းဆိုတာက သမထဝိပဿနာခေါ်တဲ့ အခု ဒကာသက်ကို သင်ပြပေးမယ့် သတိပဋ္ဌာန်အာနာပါနအလုပ်ပဲ။

အဲဒီတစ်လမ်းတည်းလျှောက်ရုံနဲ့ သတ္တဝါတွေကြောက်



www.burmeseclassic.com

www.burmeseclassic.com

လှပါတယ်။ မကြုံမတွေ့ပါရစေနဲ့ ဆိုတဲ့ဟာတွေအားလုံးလည်း ရှင်းလင်းပေးပြီးသား၊ အကောင်းဆုံးချမ်းသာကြီးဆီကိုလည်း ရောက်ပြီးသား ဖြစ်သွားတယ်။ ငိုချင်လို့လည်း မငိုရတော့ဘူး။ ဆင်းရဲချင်လို့လည်း မဆင်းရဲရတော့ဘူး။ ဘယ်ဆွေမျိုးမှလည်း သေစရာမရှိတော့ဘူး။ ဒကာသက် တစ်ချက်ခုတ် အားလုံးပြတ်ပဲ"

ကိုဘိုးသက်သည် လယ်တီဆရာတော်ဘုရားကြီး၏ နောက်၌ ၁၃ နှစ်လုံးလုံး တကောက်ကောက်လိုက်၍ တရားရှုမှတ်ပွားများခဲ့ပါသော်ငြားလည်း ပေါက်မြောက်သောတရားရှင်ကား မဖြစ်သေးချေ။

## သစ်သီးများရင့်မှည့်လာလျှင်

"ဒကာသက် သမာဓိ သာသနာကြီးကိုသာ ဖိဖိစီးစီး ထူထောင်နေပါ။ ပညာသာသနာကြီးဟာ သူ့ဘာသာရောက်လာလိမ့်မယ်"ဟု လယ်တီဆရာတော်ဘုရားကြီးက မိန့်ဆိုရာ ဦးဘိုးသက်က တပည့်ဖြစ်သူ မောင်ညိုအား ဆရာတော်၏ မိန့်ဆိုချက်ကို မည်သို့သဘောပေါက်ပါသလဲဟု မေးမြန်းလေတော့ တပည့်မောင်ညိုက –

"ဆရာသက်ရယ် ... ဆရာ့မှာ ပါရမီနည်းလှတယ်ဆိုရင် ဆရာတော်ဘုရားက သည်မျှဒုက္ခခံပြီး သင်ပြနေမယ် မဟုတ်ပါဘူး။ အခု ကျေနပ်လောက်အောင် တရားမတွေ့သေးပေမဲ့ တစ်နေ့မနေပါဘူး။ သစ်သီးများ ရင့်မှည့်လာရင် အရောင်ရော၊ အဆင်းပါ၊ အနံ့ရော အရသာပါ ပြည့်စုံပြည့်ဝပြီး လာကြတော့တာပါပဲ"ဟု တပည့်မောင်ညိုမှပြောလေရာ ဦးဘိုးသက်က ဘဝင်ကျခဲ့သည်။

## ငယ်ထိပ်က ပြသောတရား

တစ်နေ့သော နံနက်အရုဏ်မလင်းမီ လေးနာရီအချိန် ဦးဘိုးသက်သည် ထုံးစံအတိုင်း ပရိကံပြုလုပ်ခဲ့ပြီးသည်နှင့် အာနာပါနသမာဓိစခန်းကိုဝင်သည်။

ရှေးကထက် ထူးခြားသော ခန္ဓာကိုယ်အသိများ၊ ပတ်ဝန်းကျင်အသိများပါ ပို၍သိလာမိသည်။ ကြည်လင်ထင်ရှားလာသည်။ ပြတ်သားစွာ တိခနဲ တိခနဲ မြင်လာရသည်။ ခန္ဓာကိုယ်ဖြစ်ပျက်မှုအပေါ်၌သာ သတိ၊ သမာဓိ၊ ပညာကို စိုက်၍ချထားသည်။

မူလရှုမှတ်မြဲဖြစ်သော အာနာပါန ထွက်လေဝင်လေကိုပင် သတိမရောက်တော့ဘဲ တစ်ကိုယ်လုံး ဖြန့်ချိ၍ သတိကပ်နေမိသည်။ တစ်ကိုယ်လုံး ဘယ်နေရာ သတိကပ်လိုက်ကပ်လိုက် ချပ်ခနဲမိနေတော့သည်။ ပူမှု၊ အေးမှု၊ လှုပ်ရှားမှု၊ ရှုမှုများကို တွေ့နေရသည်။ သို့ရာတွင် သိမှတ်မှုသည် ကျယ်ပြန့်လွန်းအားကြီးနေ၍ တစ်စုံတစ်ခုမျှ သဲသဲကွဲကွဲကြီး မပိုင်နိုင်ဘဲ ရှိနေသည်။ ရှုမှတ်မှုနယ်က ကျယ်လွန်းသဖြင့် အသိကျဲနေတော့သည်။

ထိုသို့ သတိကလည်းရှိ၊ သမာဓိကလည်း တည်နေသဖြင့် တစ်ကိုယ်လုံး လှည့်ပတ်ရှုနေခိုက် ငယ်ထိပ်ဆီမှ သိသာထင်ရှားသော ခံစားမှုလေးတစ်ခု ရှေ့တန်းသို့ ထွက်ပေါ်လာသည်။ တေဇော၊ ဝါယောတို့၏ ပူလောင်မှု၊ လှုပ်ရှားမှုများ တရိပ်ရိပ်တရွရွ ဖဿဝေဒနာ သဘောများ ထင်ရှားသည်ထက် ထင်ရှားလာသဖြင့် သိမှတ်မှုသည် ယင်းငယ်ထိပ်ရှိ ကျပ်ပြားပိုင်းတစ်ခုစာခန့် နေရာဆီသို့ ဖိ၍ တင်ထားလိုက်သည်။ အနိစ္စအချက်ကို မလွတ်တမ်းမိအောင် ဖမ်းနေမိသည်။

၁၃ နှစ်လုံးလုံး အထက်အောက်မြန်မာပြည်အနှံ့ တစ်ဆရာပြီးတစ်ဆရာ၊ တစ်တောပြီးတစ်တော လိုက်လံရှာဖွေခဲ့သော 'မသေတရား'ကို ထိုငယ်ထိပ်တစ်နေရာမှ မမျှော်လင့်ဘဲ ရရှိလေတော့သည်။ တရားရှာ ကိုယ်မှတွေ့ပြီတည်း။

ဆရာသမားများဟောကြားဖူးသည့် ရုပ်နာမ်သဘောတရားများကိုလည်း ပြန်လည်ကြားယောင်နေမိသည်။

"ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်သဘောမှာ ခက်မာဖွဲ့စေး၊ ပူအေးထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်။ လေးဝဓာတ်ရင်း သဘောတည်း"

"ရုပ်နာမ်ဝမှ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ဓာတ်အမှုသာ၊ ဖြစ်ပါတကား။ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား လွင့်စဉ်ရှားလေ၏တကား"

နဒီသော တောဝိယ = မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း၊ ဒီပဇာလာဝိယ = ဆီမီးလျှံကဲ့သို့လည်းကောင်း စသည်ဖြင့် တစ်ချိန်က မိမိကြားခဲ့ရသော တရားများကို ယခုမှပင် ကိုယ်တွေ့သဘောပေါက်နေမိလေ၏။

## လယ်တီဒီပနီများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း

မိမိသန္တာန်၌ ဖြစ်ပျက်တွေ့မြင်နေရသော တရားသဘောများနှင့် စပ်လျဉ်း၍ အလွန်ကျေနပ်နေမိသော်လည်း အနီးအနား၌ မေးမြန်းလျှောက်ထားရမည့် ... ရာမရှိသဖြင့် အားမလိုအားမရဖြစ်မိသည်။ ဆရာတော် ... လယ်တီဒီပနီများကို ဖတ်ရှု၍ တိုက်ဆိုင်စစ်ဆေးကြည့်လေရာ ဆရာတော်ကိုယ်တိုင် မိမိအနားသို့ ကြွရောက်ဟောပြောနေသကဲ့သို့ ခံစားရသည်။ အတိုင်းမသိ ဝမ်းသာမိသည်။

ဒီပနီ၌ပါရှိသော သဘောတရားနှင့် ဩဝါဒစကားများမှာ လွန်ခဲ့သော ဆယ်နှစ်ကျော်ကစ၍ တစ်စတစ်စ ကြားဖူးနားဝခဲ့သည်များသည် မိမိရရှိသော တရားနှင့် ပတ်သက်၍ ဘဝင်ကျကျေနပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## လယ်တီဆရာတော်ထံ တရားစစ်ဆေးခံယူခြင်း

သီတင်းဝါလကျွတ်သောအခါ ဆရာသက်သည် နောက်ပါတပည့်များနှင့်အတူ လယ်တီဆရာတော်ဘုရားထံ တရားအစစ်ခံရန် မုံရွာမြို့သို့ သွားရောက်ကြသည်။ ဆရာတော်ထံမှောက် ရောက်လေတော့၏။ ''ဒလ၊ ပျော်ဘွယ်ကြီးက တပည့်ကြီးပါဘုရား''ဟု လျှောက်လေရာ ဆရာတော်မှာ အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်၏။

လှူဖွယ်တန်းဖွယ်ရာများ ဆက်ကပ်လှူဒါန်းပြီး မိမိတွေ့ကြုံသိမြင်ရသည့်အတိုင်း တရားတက်ပုံများကို အသေးစိတ်လျှောက်သည်။ ဆရာတော်မှာ အကြိမ်ကြိမ်သာဓုခေါ်ကောင်းချီးပေးသည်။

ဆရာတော်သည် အနီးရှိ ဦးပဥ္စင်းငယ်တစ်ပါးကို ဆရာတော်အမြဲသုံးသော တောင်ဝှေးကိုအယူခိုင်းလိုက်ပြီး ရောက်လျှင် ဆရာသက်အား တောင်ဝှေးကိုပေးသည်။ ''ငါ့တပည့်ကြီး ဒီတောင်ဝှေးကို ကောင်းကောင်းသိမ်းထား။ ငါက မင်းကို အသက်ရှည်ဖို့ ပေးတာမဟုတ်ဘူး။ မင်းဘဝတစ်လျှောက်လုံးမှာ ချွတ်ချော်တိမ်းပါးမှု မရှိရအောင် ဆုချတာ''ဟု မိန့်တော်မူခဲ့သည်။

## လယ်တီဆရာတော်ဘုရားက ပေးလိုက်သောတာဝန်

''ငါ့တပည့်ကြီး အောင်ပြီ။ ဒီကနေ့က စပြီး မင်းသိထားတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်တရားအလင်းကြီးကို လူပေါင်းခြောက်ထောင်ထက်မနည်း တရားသိအောင်ပြပေးရမယ်ကွဲ့။ မင်းသိထားတဲ့ တရားတွေက ဖြန့်လို့မကုန်ပါဘူး။ သာသနာပြုပေရော့ဗျာ။ တို့များရဲ့ကိုယ်စား သာသနာတော်ကို ပူဇော်ရစ်ပေတော့''

ဆရာတော်မှ မိန့်ဆိုလေရာ ဦးဘိုးသက်နှင့်တကွ ပရိသတ်မှာ ရင်နှင့်မဆံ့အောင် ပီတိဖြစ်ကြရသည်။ ဆရာတော်သည် ကျောင်းရှိ သံဃာတော်များကို တုံးမောင်းခေါက်ခေါ်ယူပြီး

''မောင်ပဥ္စင်းများအားလုံး မှတ်ထားကြ။ ဒီဒကာကြီးက အောက်ပြည်အောက်ရွာက တို့များရဲ့တပည့်ကြီး ဒကာသက်တဲ့။ တို့လိုပဲ တရားပေးနိုင်တဲ့ ဒကာကြီးကွဲ့။ တရားအားထုတ်လိုတဲ့ မောင်ပဥ္စင်းများ ဒီဒကာကြီးဆီမှာ နည်းခံပြီး အားထုတ်ကြ၊ ဒကာသက်လည်း တို့များ ကျောင်းထဲကစပြီး ငါ့ကိုယ်စား တရားအောင်လံကြီး လွှင့်ထူပေတော့''ဟု အမိန့်ချတော်မူသည်။

## ဆရာတော်သွန်းလောင်းသော သိဒ္ဓိနှင့် အရိယာတို့၏ အင်အား

ဆရာတော်၏ အမိန့်အရ စာတတ်ပေတတ် ရဟန်းတော်အစိတ်နှစ်ဆယ်ခန့်ကို လယ်တီတိုက်အတွင်း၌ပင် တရားဝင် စတင်တရားပြပေးရလေသည်။ ထိုအချိန်မှစ၍ 'ဦးဘိုးသက်မှ ဆရာသက်'ဖြစ်လာလေတော့၏။

၁၀ ရက် ကမ္မဋ္ဌာန်းပေးပြီး၍ ပြန်မည်အပြုတွင် ဆရာတော်က –

''ဟေ့ . . . ဒကာသက်၊ လူတစ်ယောက် နိဗ္ဗာန်ရမယ်။ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန် ပြနိုင်မယ်ဆိုရင်လေ ပြသည့္ခန်ကြားပေးသူက မဟာအဝီစိငရဲမှာ အနှစ်တစ်ထောင် ဆင်းရဲခံရမယ်ဆိုရင် ခံရပါစေ၊ ရဲရဲကြီးဝန်ခံပြသလိုတဲ့ စေတနာဆန္ဒရှိရမယ်ကွယ်။ ကြားလား''ဟု တရားပြသရန် ထပ်မံတွန်းအား (အနုဗလပ္ပဒါန)ပေးတော်မူပြန်သည်။ ဆရာသက် မိမိ၏ခြေရင်း၌ ကမ္မဋ္ဌာန်းပေးသည်ကိုကြည့်၍ အပြည့်အဝ အားရကျေနပ်တော်မူကြောင်း သာဓကပင်တည်း။

ဆရာတော်က ကမ္မဋ္ဌာန်းဆရာလုပ်၍ ကိုယ်တော်အား ပဋိပတ်သာသနာပြုရန် အမျိုးမျိုးသိဒ္ဓိမြောက် အားပေးတော်မူသော်လည်း ဆရာသက်မှာ ပရိယတ္တိမရှိသဖြင့် အတန်ငယ် အားလျှော့လျက်ရှိနေသည်။ သို့ရာတွင် လယ်တီဆရာတော်၏ များစွာသော ဒီပနီများကိုမူ အလွတ်ရနေသည်။ စာမျက်နှာနံပါတ်နှင့်တကွ ပြောဟောပြနိုင်သည်။

ထို့ကြောင့်လည်း စာမတတ်ဟုဆိုသော ဆရာကြီးပါးစပ်မှ ထွက်လာသည်။ အကြောင်းထုပ္ပတ်အဆုံးအဖြတ်နှင့် ပရမတ္ထသဘာဝများမှာ အရေးကြီးရာကြီးရာ စာပေကျမ်းဂန်အထောက်အထားများ ရွတ်၍ရွတ်၍ ရှင်းပြသောအခါ တကယ့်စာတတ်ပေတတ် ဆရာတော်ကြီးများပင် စောဒက မဝင်နိုင်ပေ။

စာပေကျမ်းဂန် အကိုးအကားသာမက ပရိယတ္တိရှုထောင့်အရသာလျှင် မဟုတ်။ ပရမတ်သဘာဝ ရုပ်နာမ်ဓမ္မနှင့်စပ်သော ပဋိပတ်ရေးရာတွင်လည်း ဆိုဖွယ်ရာမရှိ။ ယင်းကားအဆန်းမဟုတ်ပါချေ။

အဘယ်ကြောင့်ဆိုသော် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် လောကုတ္တရာအသိမှန် အလင်းဓာတ်ရရှိသွားသော အရိယာပုဂ္ဂိုလ်မှန်သမျှ စာပေတစ်လုံးတစ်ပါဒမျှ မတတ်သိစေကာမူ အလုပ်သဘောအရ အရိယာဓာတ်အလင်းအားကြီးရှိနေပြီဖြစ်၍ နေမှုစားမှုကအစ တစ်လောကလုံး၏ သဘောအမှန်ကို အလိုလိုပင် နားလည်သွားပြီး ဖြစ်သည်မှာ ဓမ္မတာပင်တည်း။

ဆရာသက်သည် ဆရာတော်ကျောင်းမှ တရားအောင်လံကို လွှင့်ထူ၍ ပြန်လာပြီးနောက် ပျော်ဘွယ်ကြီးရွာတွင် ၁၂၇၉ ခုနှစ်မှ စတင်တရားပြသည်။

နာသီးဖျားမှ ထွက်လေဝင်လေကို ထွက်တိုင်းသိ၊ ထိတိုင်းသိ၊ ဝင်တိုင်းထိ၊ ထိတိုင်းသိအောင် သမထကို သုံးရက်



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ပွားစေပါသည်။ သမထသုံးရက်ကျင့်သွားပြီးနောက်မှ ဝိပဿနာကို လေးရက်ကျင့်ပွားစေသောနည်း ဖြစ်သည်။

ပျော်ဘွယ်ရွာမှ စာတတ်ပေတတ် ပုဂ္ဂိုလ်များ ဆရာသက်ထံ နည်းခံ၍ တရားရှုပွားလာကြသည်။ တစ်စတစ်စ ကျော်ကြားလာသည်ဖြစ်၍ ရန်ကုန်မြို့မှ တရားလာအားထုတ်ကြသော ယောဂီများဖြင့် တိုး၍တိုး၍ ပွားများလာခဲ့သည်။ ယောဂီများ၏ စားမှုနေမှုကို အစ်မကြီးဒေါ်ရင်နှင့် ပါရမီဖက် ဒေါ်မျှင်တို့က တာဝန်ယူကူညီပေးသည်။

လယ်တီဝိပဿနာ ဆရာသက်ကြီး၏ ဝိပဿနာကမ္မဋ္ဌာန်းနည်းမှာ သမထကို အခြေခံ၍ကျင့်ပွားရသော နည်းဖြစ်သည်။ သမထ အခြေခိုင်နိုင်သောအခါ ခန္ဓာကိုယ်ကို ကြည့်ရှုသော ဝိပဿနာနည်းသို့ ကူးပြောင်းသည်။ ဝိပဿနာရှုရာ၌ ဓာတ်ကြီးလေးပါး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးကို မြင်အောင်ရှုစေသည်။ ခန္ဓာကိုယ်မှာ အစဉ်ဖြစ်ပေါ်နေသော သဘောများ၊ ပူခြင်း၊ အေးခြင်း၊ လှုပ်ခြင်း၊ ရှုခြင်း၊ တွန်းကန်ခြင်း၊ ထောက်ကန်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ညောင်းညာခြင်း၊ စူးခြင်း၊ နာခြင်း စသော သဘောများသည် အစဉ်ရှိနေသောတရားများ၊ ပရမတ်တရားများ ဖြစ်ကြောင်းကို သိစေသည်။ အစုခွဲ၍ ဓာတ်လေးပါးဟုခေါ်ပုံ၊ ဓာတ်တို့၏ သဘော စသည်ဖြင့် ပရမတ်တရား၊ ဓာတ်တရား၊ ကလာပ်တရားတို့ကို သိမြင်စေပါသည်။

ထိုခန္ဓာကိုယ်၌ တွေ့ရှိနေရသော ပရမတ်တရား၊ ဓာတ်တရားတို့ကို ဆက်လက်ရှုကြည့်၊ ရှုသိလိုက်သောအခါ ဓာတ်တို့၏၊ ပရမတ်တို့၏ ဖြစ်မှု၊ ပျက်မှုသဘော၊ ဥဒယ–ဘယ သဘောသည်လည်း ထင်ရှားလာတော့သည်ပင် ဖြစ်ပါသည်။

အခြေခံအားဖြင့် ကမ္မဋ္ဌာန်းစတင်အားထုတ်ကြသော ယောဂီများအား ဥဒယ–ဘယဉာဏ်မျှ ထင်ရှားလျှင်ပင် တရားခရီးအတော်ရောက်ပြီဟု ဆိုနိုင်ပါသည်။ ပါရမီထူးရှိကြသော ပုဂ္ဂိုလ်များကိုမူကား ဆရာသက်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို သိမြင်သည့်တိုင် ပြသပေးတော်မူခဲ့ပါသည်။

ဆရာသက်သည် ပျော်ဘွယ်ရွာမှ ရန်ကုန်၊ ရန်ကုန်မှ မြန်မာပြည်အနှံ့ တရားစခန်းများဖွင့်ခြင်း၊ တရားပြခြင်းများကို တစ်သက်တာလုံး ဆောင်ရွက်၍ လယ်တီဝိပဿနာသာသနာကို အားဖြင့်တက်ကြိုးပမ်းခဲ့ပါသည်။

## ဆရာသက်တည်ထောင်ခဲ့သော ကမ္မဋ္ဌာန်းဌာနများ

(၁) ပျော်ဘွယ်ကြီးရွာ မူလကမ္မဋ္ဌာန်းဌာန။
(၂) ပျော်ဘွယ်အနောက်ကျောင်း၊ ဒုတိယကမ္မဋ္ဌာန်းဌာန။
(၃) ရန်ကုန်မြို့ ဟံသာဝတီကမ္မဋ္ဌာန်းဌာန။
(၄) ဉာဏစာဂီကမ္မဋ္ဌာန်းဌာန။
(၅) အင်းယားမြိုင် ပဋ္ဌိပတ္တိဌာန။
(၆) လယ်တီမူဝိပဿနာ။
(၇) မန္တလေး မဟာဗောဓိကမ္မဋ္ဌာန်းဌာန စသည်တို့သည် ဆရာသက်တည်ထောင်ခဲ့သော ကမ္မဋ္ဌာန်းဌာနများပင် ဖြစ်သည်။

ဆရာသက်သည် မိမိ၏ ပျော်ဘွယ်ရွာ မူလကမ္မဋ္ဌာန်းဌာန၌သာမက မိမိတည်ထောင်သော အခြားသော ကမ္မဋ္ဌာန်းဌာနများသို့လည်း လှည့်လည်သွားရောက် တရားပြလျက်ရှိခဲ့ပါသည်။ ပြည်တွင်းပြည်ပ ဌာနခွဲပေါင်း (၆၇)ဌာနရှိသည်ဟု ဆိုပါသည်။

## ဆရာကြီး ဆရာသက် ကွယ်လွန်ခြင်း

သက္ကရာဇ် ၁၃၀၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ဆရာကြီးဆရာသက်သည် ရေတာရှည်လမ်း၊ အမှတ် (၇၇)၊ သားရွှေစင်ကုမ္ပဏီဦးအုန်း၏ နေအိမ်တွင် ၉၆ ပါးသော ရောဂါတို့ဖြင့် ဘဝဇာတ်သိမ်းခဲ့ပါသည်။

ဆရာကြီး၏ ရုပ်အလောင်းကို ကောင်းစွာ သဂြိုဟ်ခဲ့ကြသည်။ အာဇာနည်ကုန်း ဓာတ်ပေါင်းစုစေတီ၏ အရှေ့မြောက်ကုက္ကိုပင်ကြီးအနီးတွင် ခမ်းနားစွာသဂြိုဟ်ခဲ့ကြပါသည်။

## ဆရာကြီး၏ ထင်ရှားသော တပည့်များ

ဆရာကြီး၏ ထင်ရှားသော တပည့်များမှာ ဆရာကြီးဦးဘခင်၊ ဆရာကြီးဦးအောင်မြတ်၊ ဦးကောဝိဒ၊ ဆရာသိန်းကြီး၊ ဉာဏစာဂီဆရာတော်၊ ဟံသာဝတီဆရာတော်၊ ဆရာတော်ဦးကုမာရ(ဦးတင်ညို)၊ ဦးတင်လှ၊ ဆရာသန်း၊ ဦးဂိုအင်ကာ စသည်တို့ ဖြစ်ကြပါသတည်း။

ကိုမောင်သန်းဝင်း

<u>ကျမ်းကိုး</u>

**လယ်တီပညာသိဟ မှတ်တမ်းတင်ရေးသားသည့်**
**အနာဂါမ်ဆရာကြီး ဆရာသက်၏**
**ထေရုပ္ပတ္တိအကျဉ်းနှင့် သူ၏တရားတော်။**



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်,ရှောင်ရန်နှင့် သတိပြုရန်အချက်များ

ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ ထူးခြားမှုရှိမည်။ လမ်းပြင်၊ လမ်းခင်း၊ တံတားခင်းပါ။ မကြာမီ ကုသိုလ်ကံ ပိုမိုကောင်းလာပါလိမ့်မည်။ ခရီးထွက်နိုင်ပါသည်။ အောက်တိုဘာလ ၁၃ ရက်နေ့သည် ရက်ကောင်းမင်္ဂလာ ဖြစ်၏။

### ရှောင်ကြဉ်ရန်အချက်များ

အခန်းခုတင် နေရာမချသင့်သေး။ ခဏစောင့်ပါဦး။ လက်ထပ်ထိမ်းမြားခြင်း မပြုရ။ အထည်ချုပ်လုပ်ငန်း မလုပ်ရ။ အရှုံးပေါ်မည်။ ကြပ်ကြပ်ရှောင်ကြဉ်ကြရပါမည်။ မရှောင်နိုင်လျှင် အကျိုးယုတ်မည်။



www.burmeseclassic.com

www.burmeseclassic.com

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်းနှင့် အကျိုးပေးမည်။ လုပ်ပါ။ ငွေထုတ်ချေးနိုင်ပါသည်။ မိတ်ဆုံနိုင်၏။ ထူးခြားမှုရှိမည်။ ပိုက်ကွန်ရက်လုပ်ငန်း လုပ်ပါ။ ကောင်း၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်းမလုပ်သင့်။ ခဏခေတ္တ ရပ်ဆိုင်းထားပါဦး။ မစောင့်နိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။ လိုင်စင်ခံပြီး အရက်ချက်လုပ်ငန်းလုပ်ပါ။ အကျိုးရှိမည်။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

တောအမဲလိုက်၊ သားကောင်ဖမ်းနိုင်ပါသည်။ သင်ကံကောင်းနေပါလိမ့်မည်။ မီးဖိုခန်းပြင်ဆင်၊ ဆောက်လုပ်နိုင်၏။ အခန်း၊ ခုတင်နေရာချနိုင်၏။ စေ့စပ်ခြင်း ပြုနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်းပြုနိုင်ပါသော်လည်း လက်ထပ်ခြင်းမပြုသင့်သေးပါ။ ခဏစောင့်ပါဦး။ ထို့ပြင် ခရီးမထွက်သင့်ပါ။ ဘေးအန္တရာယ်များ စောင့်ကြိုနေပါသည်။ ကူးသန်းရောင်းဝယ်ဖောက်ကားမှု မပြုရ။ အရှုံးပေါ်မည်။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်၏ ကုသိုလ်ကံ နိမ့်ကျနေပါသည်။ စီးပွားရေးလုပ်ငန်း ခဏရပ်နားထားပြီး ကုသိုလ်ကောင်းမှုအလှူအတန်းများများ လုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်မှု မပြုရပါ။ ခရီးမထွက်ရ။ အထူးသဖြင့် ရေကြောင်းခရီးကို ရှောင်ပါ။ လှေသင်္ဘောမစီးရ။ စေ့စပ်ခြင်းနှင့် လက်ထပ်ခြင်းမပြုရပါ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ ပြုလုပ်နိုင်ပါသည်။ ထူးခြားမှုတွေ့မည်။ တောအမဲလိုက်ပါက သင်ကံကောင်းနေမည်။ အခန်း၊ ခုတင် နေရာချနိုင်၊ ပြင်ဆင်နိုင်၏။ စေ့စပ်နိုင်၏၊ လက်ထပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ရေတွင်း၊ ရေကန် မတူးဖော်ရ၊ ရေမြောင်းမဖောက်ရ။ ခိုက်တတ်၏။ လာဘ်တိတ်တတ်၏။ ရှောင်ပါ။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အကျိုးပေးမည်မဟုတ်ပါ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်ထပ်နိုင်၏။ ဆုတောင်းပွဲ လုပ်နိုင်၏။ စျေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ ကူးသန်းရောင်းဝယ်လျှင် အကျိုးထူးမည်။ လုပ်ပါ။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါသည်။ အိမ်ရာပြောင်းရွှေ့လျှင် ကောင်းမည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ငါးဖမ်းလုပ်ငန်း၊ ငါးဒိုင်အလုပ်၊ ပိုက်ကွန်ရက်အလုပ် မလုပ်ရပါ။ အကျိုးပေးမည် မဟုတ်ပါ။ ဆုံးရှုံးမှုပေါ်ပေါက်မည်။ ခရီးမထွက်ရ။ အန္တရာယ်များလှပေသည်။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ လုပ်နိုင်ပါသည်။ လုပ်ပါ။ တောအမဲလိုက်လျှင် ကံကောင်းနေပါလိမ့်မည်။ စေ့စပ်ခြင်း လက်ထပ်ခြင်း ပြုနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်သင့်သေးပါ။ အထူးသဖြင့် ရေကြောင်းခရီးနှင့် လေကြောင်းခရီးကို ရှောင်ပါလေ။ စျေးဆိုင်သစ်မတည်ရ၊ မဖွင့်ရ။ အကျိုးရှိမည်မဟုတ်ပါ။ မီးဖိုဆောက်မပြင်ရ၊ မဆောက်လုပ်ရ။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံကောင်းနေပါသည်။ တောအမဲလိုက်နိုင်၏။ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ပါ။ အကျိုးပေး



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း လက်မထပ်သင့်သေးပါ။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ ဘေးအန္တရာယ်များလှ၏။ အခန်း၊ ခုတင် နေရာမချသင့်သေး။ ခိုက်တတ်ပါသည်။

## မြောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ အောက်တိုဘာလ ၉ ရက်နေ့သည် ရက်ကောင်းမင်္ဂလာ ဖြစ်ပါသည်။ ခရီးထွက်နိုင်၏။ အိမ်ရာ ပြောင်းရွှေ့နိုင်၏။ ရေမြောင်းဖောက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

သစ်အရောင်းအဝယ်လုပ်ငန်း။ သစ်ဖောင်မျှောလုပ်ငန်း၊ သစ်ခုတ်လုပ်ငန်း မလုပ်ရ။ အကျိုးရှိမည်မဟုတ်ပါ။ လယ်ယာ၊ ခြံ မဝယ်သင့်ပေ။ လယ်ယာစိုက်ပျိုးရေး၊ ခြံစိုက်လုပ်ငန်း မလုပ်ရ။ ခရီးထွက်လျှင် ရေကြောင်းခရီးကိုရှောင်ပါ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသနိုင်၏။ ခေါင်းလျှော်နိုင်၏။ အောက်တိုဘာလ ၁၀ ရက်နေ့သည် ရက်ကောင်းမင်္ဂလာ ဖြစ်ပါသည်။ စေ့စပ်နိုင်၏၊ ခရီးထွက်နိုင်၏၊ အိမ်ရာပြောင်းရွှေ့နိုင်သည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးနှင့် လေကြောင်းခရီးကို ရှောင်ပါ။ စေ့စပ်နိုင်ပါသော်လည်း လက်မထပ်သင့်သေးပါ။ ဓာတ်အပ်စိုက်မကုသရပါ။ ရှောင်ပါ။ ဂိုဒေါင်မဖွင့်ရ။ အမှုပြဿနာတက်မည်။ ကြပ်ကြပ်ရှောင်ရပါမည်။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်း လုပ်ပါ။ အကျိုးပေးမည်။ ခရီးထွက်နိုင်၏။ အိမ်ရာ ပြောင်းရွှေ့နိုင်၏။ မွေးမြူရေး လုပ်နိုင်၏။ ငွေထုတ်ချေးနိုင်၏။ အကျိုးရှိ၏။

## ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် မထူထောင်သင့်သေးပါ။ မြေမဆွရ။ စိုက်ပျိုးရေးမလုပ်ရပါ။ အကျိုးပေးမည်မဟုတ်ပါ။ ကြပ်ကြပ်ရှောင်ရမည်။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်္ကံမွဲနေရှာ၏။ ကုသိုလ်ကောင်းမှု ဘာသာရေး လုပ်ငန်းလုပ်ပါ။ အလှူအတန်းများများ လုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ စီးပွားရေးလုပ်ငန်း ရပ်နားထားပါ။


## ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးတိုးချဲ့လုပ်ငန်း မလုပ်ကိုင်ကြရ။ ခရီး မထွက်ရ၊ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းတို့ကို ခဏခေတ္တ ဆိုင်းထားပါဦး။ ပြဿနာတက်တတ်၏။ မစောင့်ထိန်းနိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။ အိမ်ရာမရွှေ့ပြောင်းရ။ အကျိုးရှိမည်မဟုတ်ပါ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၃ ခုနှစ်၊
**Hong Kong (China)**





www.burmeseclassic.com

www.burmeseclassic.com


## ကြီးပွားအောင်မြင်ရေးအတွက်

# အကြံပြုချက်

**၁၇.၉.၂၀၁၃ မှ ၁၆.၁၀.၂၀၁၃ ထိ**

## ကျန်းမာရေး၊ စီးပွားရေး အကြံပြုချက်

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)




ရာသီစက် ဘာဝစက် နဝင်းစက်

ဇေယျတု သဗ္ဗမင်္ဂလံ၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၁၃ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၃ ခု၊ စက်တင်ဘာလ ၁၇ ရက်၊ အင်္ဂါနေ့ ၀ နာရီ ၄၅ မိနစ် ၂၅ စက္ကန့် အချိန် တနင်္ဂနွေဂြိုဟ်နေမင်းသည် သိဟ်ရာသီမှ ကန်ရာသီသို့ မေထုန်ရာသီလဂ်၊ မကာရ ရာသီစန်း၊ ကြာသပတေးနဝင်း လဂ်စီးလျက် ပြောင်းခဲ့ပါသည်။

တနင်္ဂနွေဂြိုဟ် စူဠသင်္ကြန်ပြောင်းကို အခြေခံ၍ လဂ်စန်းဂြိုဟ်အနေအထားများအရ ကျန်းမာရေး စီးပွားရေး ဘေးအန္တရာယ်အနေအထားများကို အကြံပြုသွားပါမည်။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေးနှင့် ဘေးအန္တရာယ်များအတွက် အကြံပြုချက်**

တနင်္ဂနွေပြောင်းလက်တွင် ကြာသပတေး ပူးယှဉ်လျက်ရှိပြီး၊ လဂ်သခင် အားရှိသဖြင့် ကျန်းမာရေးကောင်းပါမည်။ ကျန်းမာရေးအတွက် သတိထားရန်မှာ ဝမ်း၊ ရင်တို့တွင် ဥပဒ်ပေးနိုင်ကြောင်း ၅ တန့်ဘာဝ၌ ၈ တန့်သခင် စနေနှင့် ရာဟုတို့ ရပ်တည်နေခြင်းက ဖော်ပြနေပါသည်။ အစားအသောက် ဂရုစိုက်ပါ။ ဝမ်းပျက်စာများ ရှောင်အပ်ပါသည်။ ကာလအနေဖြင့် ဘေးအန္တရာယ်ဝင်တတ်သောကာလများဖြစ်၍ အသွားအလာများ သတိထားအပ်ပါသည်။ ရေကြောင်းခရီးများ ရှောင်အပ်၏။

**အလုပ်အကိုင်နှင့် စီးပွားရေးအနေအထား**

အလုပ်အကိုင်၊ စီးပွားရေးအနေအထားများ သင့်တင့်မှု ရှိပါသည်။ အလုပ်အကိုင်ကို အကျိုးပေးသော ၁၀ တန့်သခင် ကြာသပတေးလဂ်တွင် ပူးယှဉ်နေခြင်းက အလုပ်အကိုင်များ ကောင်းကြမည်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ လဂ်သခင်မှာလည်း ၄ တန့် မိမိအိမ်တွင် ရပ်တည်နေသဖြင့် တည်ငြိမ်မှုလည်း ရှိပါမည်။ စနေနှင့် ပူးယှဉ်နေသော ရာဟုမြင်ထားသဖြင့် နှောင့်နှေးမှုများတော့ ရှိတတ်ပါသည်။ အခက်အခဲကြားမှ အောင်မြင်ပါမည်။

**၁။ စက်မှုလက်မှုလုပ်ငန်း**

စက်မှုလက်မှုလုပ်ငန်းကို အကျိုးပြုသော အင်္ဂါနှင့် စနေဂြိုဟ်တို့ ဥစ်ရပြီး ဆက်သွယ်နေမှုကြောင့် အလုပ်အကိုင် ကောင်းပါမည်။ အင်္ဂါသည် ၁၁ တန့်သခင်ဖြစ်၍ စီးပွားရေးများလည်း ကောင်းမွန်ပြေလည်မှု ရှိနိုင်ပါသည်။ စနေပါဝင်နေမှုကြောင့် မှန်မှန်တိုးတက်မှုမျိုးဖြစ်၏။ အလောတကြီးဆောင်ရွက်မှုမျိုး ရှောင်ပါ။

**၂။ လယ်ယာလုပ်ငန်း**

လယ်ယာလုပ်ငန်းကိုအကျိုးပြုသော တနင်္လာနှင့် သောကြာဂြိုဟ်တို့ အားနည်းမှုရှိသဖြင့် အခက်အခဲရှိနိုင်ပါသည်။ မိုးလေမမှန်တတ်သော အနေအထားမျိုးတွေ့ရ၏။ လုပ်ငန်းများ လုပ်ကိုင်ရာတွင် စိတ်လိုက်မာန်ပါ ဆောင်ရွက်ခြင်းမျိုး ရှောင်ပါ။ အမှားအယွင်းဖြစ်တတ်ပါသည်။

**၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း**

မမွေးမြူရေးကို အကျိုးပေးသော ကြာသပတေးနှင့် သောကြာဂြိုဟ်တို့အား ၈ တန့်သခင် စနေနှင့် ပူးနေခြင်း၊ ရာဟုမြင်နေခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ သတိထားအပ်၏။ ရောဂါဝင်တတ်ပါသည်။ ရေလုပ်ငန်းများလည်း ရေဂြိုဟ် တနင်္လာ ၈ တန့်တွင် ရပ်နေ၍ မှန်းချက်မကိုက်တတ်ပါ။

**၄။ ဆေးပစ္စည်းနှင့် ဆေးဝါးလုပ်ငန်း**

ဆေးဝါးနှင့်ပတ်သက်၍ အကျိုးပေးသော တနင်္ဂနွေဂြိုဟ်သည် ၄ တန့် မိတ်အိမ်တွင် ရပ်တည်နေသဖြင့် သင့်တင့်ကောင်းမွန်မှု ရှိပါသည်။ ဆေးမျိုးစုံ အရောင်းသွက်ပါမည်။ ဆေးဝါးထုတ်လုပ်မှုလည်း တိုးတက်မှုရှိပါမည်။

**၅။ အချိုရည်နှင့် အအေးစုံလုပ်ငန်း**

အရည်ဓာတ်ကို အကျိုးပေးသော တနင်္လာဂြိုဟ်မှာ ၈ တန့် စနေအိမ်တွင် ရပ်တည်နေသလို၊ အချိုဓာတ်ကို အကျိုးပေးသော သောကြာဂြိုဟ်မှာလည်း ၈ တန့်သခင် စနေပူးယှဉ်နေ၍ အချိုရည်နှင့် အအေးစုံလုပ်ငန်းများ မှန်းချက်နှင့် မကိုက်ညီတတ်ပါ။ အရောင်းထိုင်းနိုင်၏။

**၆။ အထည်အလိပ်လုပ်ငန်း**

အထည်အလိပ်ကို အကျိုးပေးသော ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်အနေအထားများတွင် ဗုဒ္ဓဟူးဂြိုဟ် ထိုက်သင့်စွာ အားရှိသဖြင့် အထည်အလိပ်လုပ်ငန်းများ သင့်တင့်ကောင်းမွန်မှု ရှိပါမည်။ အဓိက ကလေးဝတ်အထည်အလိပ်များ ပိုကောင်းပါမည်။

**၇။ အလှကုန်လုပ်ငန်း**

အလှကုန်လုပ်ငန်းကိုအကျိုးပြုသော သောကြာဂြိုဟ်နှင့် ၅ တန့်ဘာဝတို့အား စနေ၊ ရာဟုတို့ လွှမ်းမိုးထားသဖြင့် အလှကုန်လုပ်ငန်းများ အခက်အခဲရှိနိုင်သလို အလှကုန်များ အရောင်းထိုင်းနိုင်ပါသည်။ ဤကာလအတွင်း ထိန်း၍ လုပ်ကိုင်သွားသင့်၏။

**၈။ စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်း**

စာပေကိုအကျိုးပြုသော ဗုဒ္ဓဟူးနှင့် ကြာသပတေးတို့ အခြေခံကောင်းသဖြင့် စာပေလုပ်ငန်းများ၊ စာပေထုတ်ဝေမှုလုပ်ငန်းများ ကောင်းမွန်မှုရှိပါမည်။ စာပုံနှိပ်စက်လုပ်ငန်းများလည်း ကောင်းမွန်မှုရှိမည်ဖြစ်ကြောင်း တွေ့ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၉။ ရုပ်ရှင်အနုပညာနှင့် ဂီတအနုပညာလုပ်ငန်းများ

ရုပ်ရှင်ကိုအကျိုးပြုသော (ဝါ) အနုပညာကို အကျိုးပြုသော သောကြာနှင့် ၅ တန့် ဘာဝတို့အား ဂ တန့်တွင် စနေနှင့် ရာဟုတို့ စီးထားသဖြင့် လုပ်ငန်းများ အဆင်မပြေမှုများ ရှိနိုင်ပါသည်။ ဂီတအနုပညာအနေနဲ့တော့ သင့်တင့်မှု ရှိပါသည်။ အခက်အခဲလေးများတော့ ရှိနိုင်ပါသည်။

### ခုနစ်ရက်သားသမီးများအတွက် အကြံပြုချက်

**တနင်္ဂနွေသားသမီးများ** အနေဖြင့် ကောင်းမွန်မှုရှိပါသည်။ အလုပ်အကိုင်များ အဆင်ပြေမည်။ ကျန်းမာရေးအနေအထားလည်း ကောင်းမွန်မှုရှိပါမည်။ ကျောင်းသားများအနေဖြင့် ပညာရေးကောင်းမွန်မှုရှိမည်ဖြစ်ကြောင်း တွေ့ရပါသည်။

ပြုအပ်သောယတြာ - အုန်းညွန့် ၆ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**တနင်္လာသားသမီးများ** အနေဖြင့် အားနည်းမှုရှိပါသည်။ အလုပ်အကိုင်များ မျှော်မှန်းသလို မဖြစ်တတ်ပါ။ မတော်တဆ ထိခိုက်မှုများရှိတတ်၍ သတိထားပါ။ ကျန်းမာရေးလည်း ဂရုစိုက်အပ်၏။ အလုပ်အကိုင်များ လုပ်ကိုင်ရာတွင် ဂရုစိုက်ပါ။ အမှားအယွင်းများ ရှိတတ်၏။

ပြုအပ်သောယတြာ - ထန်းညွန့် ၃ ညွန့်၊ ဆီးညွန့် ၃ ညွန့်၊ သီဟိုဠ်ညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို ကြိမ်ကြိုးဖြင့် ၂ ပတ် စည်းပြီး မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**အင်္ဂါသားသမီးများ** အနေဖြင့် ငွေကြေးဝင်လမ်း ကောင်းသလို၊ အကုန်အကျ အသုံးအစွဲလည်း များနေတတ်၏။ မိသားစုအတွင်း အဆင်မပြေတတ်ပါ။ စိတ်မြန်နေတတ်၏။ ကျန်းမာရေး ဂရုစိုက်ပါ။

ပြုအပ်သောယတြာ - ထန်းညွန့် ၃ ညွန့်၊ အုန်းညွန့် ၃ ညွန့်၊ ရွက်လှညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** အလုပ်အကိုင် စီးပွားရေးအနေအထားများ တိုးတက်ကောင်းမွန်မှု ရှိပါသည်။ ကျန်းမာရေးအနေအထားလည်း ကောင်း၏။ အခြေအနေအရပ်ရပ် တိုးတက်မှုရှိသော ကာလဖြစ်၏။

ပြုအပ်သောယတြာ - ရွက်ညွန့် ၁၇ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ကြာသပတေးသားသမီးများ** အနေဖြင့် အလုပ်အကိုင် အနေအထား ကောင်းသော်လည်း အခက်အခဲ နှောင့်နှေးမှုများတော့ တွေ့ရတတ်၏။ ကျန်းမာရေး ဂရုစိုက်ပါ။ အစားမှား၍ ဝမ်း၊ ရင်တို့တွင် ဥပဒ်ပေးနိုင်ပါသည်။

ပြုအပ်သောယတြာ-သပြေညွန့် ၁၉ ညွန့်ကို ရေသက်စေ့ ဖလ်ခွက်တွင် စိုက်ပြီး မွေးနေ့၌ အိမ်ကဘုရားတွင် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**သောကြာသားသမီးများ** အနေဖြင့် အလုပ်အကိုင် အဆင်မပြေမှုများ တွေ့မည်။ ကျန်းမာရေး ဝမ်း၊ ရင်တို့တွင် ဥပဒ်ပေးနိုင်သလို ဆီးနှင့်ပတ်သက်၍ ဂရုစိုက်ပါ။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုမျိုး ရှောင်ပါ။ အစားအသောက် ဂရုစိုက်သွားအပ်၏။

ပြုအပ်သောယတြာ - ရွက်လှညွန့် ၃ ညွန့်၊ ထန်းညွန့် ၃ ညွန့်၊ ဆီးညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို သင်လျှော်ဖြင့် ၆ ပတ် စည်းပါ။ ဖလ်ခွက်တွင် ရေသက်စေ့ထည့်၍ သင်လျှော်ဖြင့်စည်းထားသော ပန်း ၉ ညွန့်ကိုစိုက်ပြီး မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**စနေသားသမီးများ** အဆင်မပြေမှုများနှင့်သာ တွေ့နေရတတ်၏။ မှန်းချက်နှင့် မကိုက်ပါ။ အလုပ်အကိုင်များ ထိန်း၍ လုပ်ကိုင်ပါ။ ကျန်းမာရေး ဂရုစိုက်အပ်၏။ သွေးလည်ပတ်မှု မမှန်တတ်ပါ။ သွေးတိုးရှိသူများ သတိထားအပ်၏။

ပြုအပ်သောယတြာ - သင[illegible]ညွန့် [illegible] ညွန့်၊ အုန်းညွန့် ၃ ညွန့်၊ ရွက်လှညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရန္တု

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၃-ခုနှစ်၊ အောက်တိုဘာလအတွက်

**မဟာဒွိကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

အောက်တိုဘာလ (၂)၊ (၃)၊ (၄)၊ (၇)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

အောက်တိုဘာလ (၆)၊ (၇)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

အောက်တိုဘာလ (၂)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၄)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

အောက်တိုဘာလ (၃)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

အောက်တိုဘာလ (၂)၊ (၄)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၃)၊ (၂၄)၊ (၂၇)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၃)၊ (၄)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

အောက်တိုဘာလ (၁)၊ (၄)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၆)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။


သို့ဖြစ်၍ အောက်တိုဘာလအတွင်း၌ မိမိတို့ မွေးနံနှင့် ကံအားလျော်ညီစွာ ရက်ကောင်းများကို ရွေးလျယ်လျက် တိုးတက်ကြီးပွားအောင် ကြိုးစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

◆ မဟာဒွိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com




# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၃–ခုနှစ်၊ အောက်တိုဘာလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ အောက်တိုဘာလ (၆)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၅) စသောရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ အောက်တိုဘာလ (၇)၊ (၉)၊ (၁၃)၊ (၁၆)၊ (၂၃)၊ (၂၆)၊ (၂၇) စသောရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန် နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ အောက်တိုဘာလ (၆)၊ (၇)၊ (၈)၊ (၁၄)၊ (၁၇)၊ (၂၄)၊ (၂၆)၊ (၂၇) ကျရောက်သောရက်များ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ ချုံနွယ်၊ အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ,အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ အောက်တိုဘာလ (၁)၊ (၃)၊ (၇)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) ကျရောက်သောရက်များ၌ သီးနှံမျိုးစေ့တို့ကိုကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

● တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွှားအတွက် ကံကြမ္မာ

## ၂၀၁၃–ခုနှစ်၊ အောက်တိုဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

ဘာသာရေးဆိုင်ရာလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုရတတ်ပါသည်။ လောကီလောကုတ် မင်္ဂလာကိစ္စရပ်များကိုလည်း ဆောင်ရွက်ရတတ်သည်။ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများကြောင့် လုပ်ငန်းများ တိုးတက်ကောင်းမွန် အဆင်ပြေလာလိမ့်မည်။ နာမည်ဂုဏ်သတင်းမှာလည်း ထင်ရှားကျော်ကြားလာတတ်သည်။ ခရီးသွားလာရာ၌ သတိပြုရန်အချက်မှာ ပြဿနာမဖြစ်အောင်နေပါ။ သည်းခံခြင်းတရားကို လက်ကိုင်ထားပါ။ သို့မဟုတ်ပါက အဖမ်းအဆီး အချုပ်အနှောင် ခံရတတ်သည်။ မျက်စိပိုင်းဆိုင်ရာဝေဒနာ ခံစားရတတ်သည်။

မိသားစုပိုင်းအနေဖြင့် မိခင်၏ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ အိမ်ထောင်ဘက်၏ ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးဖို့လိုမည်။ ဝန်ထမ်းဖြစ်ပါက တာဝန်ထမ်းဆောင်ရာဌာန၌ အုပ်ချုပ်သူအကြီးအကဲများ၏ ဂုဏ်ပြုခြင်းကို ခံရတတ်သည်။ လူငယ်လူရွယ်များ ချစ်မှုရေးရာကိစ္စ၌ အထစ်အငေါ့ ဖြစ်တတ်သည်။ သွေးသွန်ရောဂါ၊ လိပ်ခေါင်းရောဂါများ ဝင်လာတတ်သည်။ သီဆိုကခုန်ခြင်း၊ တီးမှုတ်ခြင်း စသည့် အနုပညာရပ်များ၌ ထူးချွန်ပြောင်မြောက်တတ်သည်။ ငွေထည် လုပ်ငန်းလုပ်ကိုင်လျှင် အထူးအကျိုးပေးတတ်သည်။ ရပ်ဝေးသို့ရောက်ရှိနေသော ဆွေမျိုးသားချင်းတစ်ဦးဦးအတွက် စိတ်သောက ရောက်ရတတ်သည်။ မိခင်ထံမှ အမွေ (သို့မဟုတ်) ငွေကြေးများ ရရှိတတ်သည်။ စက်မှုလုပ်ငန်း လုပ်ကိုင်ပါက ထင်သလောက် အကျိုးမဖြစ်ထွန်းတတ်ပါ။ သားချင်းဆွေမျိုး ညီအစ်ကိုများနှင့် ကတောက်ကဆ ဖြစ်ပွားတတ်သည်။ ဆေးဝါးကုသမှုခံရတတ်သည်။ အမြင့်တက်ရသည့် ကိစ္စများကို ဆင်ခြင်ပါ။ မထင်မှတ်ဘဲ လိမ့်ကျတတ်ပါသည်။ သားသမီးများ သားချင်းညီအစ်ကိုများကြောင့် စိတ်ပူပင်မှု ဖြစ်တတ်သည်။

အိမ်၏အရှေ့ဘက်၌ ညောင်ပင်၊ တောင်ဘက်၌ ငှက်ပျောပင်၊ အနောက်ဘက်၌ လက်ပံပင်၊ မြောက်ဘက်၌ သဖန်းပင် တို့ကို မစိုက်ပါနှင့်။ တနင်္ဂနွေသားသမီးဖြစ်ပါက မြောက်အရပ်တွင် ပုန်းညက်ပင်၊ တနင်္လာသားသမီးဖြစ်ပါက အရှေ့မြောက်အရပ်တွင် ခရေပင်၊ အင်္ဂါသားသမီးဖြစ်ပါက အရှေ့အရပ်၌ သရဖီပင်၊ ဗုဒ္ဓဟူးသားသမီးဖြစ်ပါက အရှေ့တောင်အရပ်၌ ကွမ်းသီးပင်၊ ကြာသပတေးသားသမီးဖြစ်ပါက အနောက်အရပ်၌ ဒန်းပင်၊ သောကြာသားသမီးဖြစ်ပါက အနောက်မြောက်အရပ်၌ အုန်းပင်၊ စနေသားသမီးဖြစ်ပါက တောင်အရပ်၌ ကံ့ကော်ပင်တို့ကို စိုက်ပျိုးပါက ဥစ္စာပစ္စည်းများ တိုးပွားလာပါလိမ့်မည်။ နေအိမ်ဆောက်လုပ်မည်ဆိုပါက အင်္ဂါနေ့၊ ကြာသပတေးနေ့တို့သည် အကောင်းဆုံး ဖြစ်ပါသည်။ စပါးကျီသွင်းလိုပါက တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့တို့တွင် ကျီသွင်းပါ။ အခြားနေ့များ ကျီသွင်းမိပါက အကျိုးဆုတ်ယုတ်တတ်ပါသည်။ ဒုတ်နေ၊ စက်နေ၊ ပြဿဒါး၊ ရက်ရိုက် မလွတ်သောနေ့များ၌ ခရီးသွားမည်ဆိုပါက တနင်္ဂနွေနေ့ဆိုလျှင် လက်ကို နံ့သာလူးပြီးမှ သွားပါ။ တနင်္လာနေ့၌ သစ်ပင်ကြီးကို ဦးခိုက်ပြီးမှ သွားပါ။ အင်္ဂါနေ့ဖြစ်ပါ ဆောင့်ကြောင့်ထိုင်ပြီးမှ သွားပါ။ ဗုဒ္ဓဟူးနေ့ဖြစ်ပါက လက်ကို ထုံးသုတ်ပြီးမှ သွားပါ။ ကြာသပတေးနေ့ဖြစ်ပါက အရှေ့အရပ်ကို ရှိခိုးပြီးမှ သွားပါ။ သောကြာနေ့ဖြစ်ပါက နောက်ပြန်ကြည့်ပြီး အော်ဟစ်သွားပါ။ စနေနေ့ဖြစ်ပါက အထက်စူဠာမဏိ ပုထိုးတော်ကို ရည်မှန်းပူဇော်ပြီးမှ သွားပါ။ အစစအရာရာ အဆင်ပြေချောမွေ့ပါလိမ့်မည်။

**ယတြာပြုလုပ်လိုပါက . . .** ဘုန်းကြီးကျောင်းသို့ ဖခြသုတ်ဖုံလှူပါ။ ကောင်းကျိုးချမ်းသာ ပြည့်စုံပါလိမ့်မည်။

■ ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက်ကောင်းသောရက်

## ၂၀၁၃–ခုနှစ်၊ အောက်တိုဘာလအတွက်

နွယ်သာကီအောင်

ဟေမန္တ၏ လေပြည်ကား တသွေးသွေး။

ကန်ရေပြင်မှာတော့ ကြာပဒုမ္မာတွေက တဖွေးဖွေး။

ပန်းကြာင်္ဂံ အင်္ဂံအဖူးမှ ပွင့်ချပ်တို့ လှပ်ခွာလိုက်စဥ်မှာပင် ညင်းလေ၏ ကလူကျီစယ်မှုကြောင့် ပတ်ဝန်းကျင်အနံ့ ဆွတ်ပျံ့သင်းထုံသွားခဲ့ပေပြီကော။ ရဟန်းသံဃာတော်များအဖို့ ဝါတွင်းသုံးလတာ ကာလပတ်လုံး ပဝါရဏာဆောက်တည်ခဲ့ရာမှ ကျွတ်လွတ်ရပေဦးတော့မည်။ ပတ်ဝန်းကျင်တစ်ခွင်မှာလည်း စိုထိုင်းနေခဲ့ရာမှ သွေ့ခြောက်မှုတို့ အစပျိုးပြီး ပွင့်လင်းလာပေဦးတော့မည်။ ထိုအခါကာလ၌ ဗုဒ္ဓနွယ်ဝင် သူတော်စင်များအဖို့ ဘုရားရှင်တာဝတိံသာမှ လူ့ပြည်သို့ ကြွမြန်းသည့် အထိမ်းအမှတ်အဖြစ် ဆီမီးမြင်းမိုရ်ပွဲဖြင့် ကြိုဆိုပူဇော်ကြမည် ဖြစ်ပေရာ လွန်စွာမှ ကြည်နူးဖွယ်ကောင်းလှပါဘိတော့။

ဤသို့သော သမယ၌ လောကီလူသားအပေါင်းမှာလည်း ဘဝတာ တိုးတက်ကြီးပွားရေးကို မျှော်ရည်တွေးဆရင်း . . .

BURMESE CLASSIC .com

၁။ <u>နေအိမ်တိုက်တာဝယ်ဖို့ရာ</u>

အောက်တိုဘာလ (၁)၊ (၃)၊ (၈)၊ (၁၁)၊ (၁၉)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ <u>ကား ယာဥ်စုံစွာ ဝယ်ဖို့ရာ</u>

အောက်တိုဘာလ (၇)၊ (၁၅)၊ (၁၆)၊ (၂၆) စသောရက်များသည် ကားများ၊ ယာဥ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ <u>မြစ်ပင်လယ်မှာ ငါးဖမ်းဖို့ရာ</u>

အောက်တိုဘာလ (၃)၊ (၂၂)၊ (၂၆)၊ (၃၁) စသောရက်များသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်ပြင်တို့၌ ပိုက်ချခြင်း၊ ငါးဖမ်းခြင်းတို့ လုပ်ကိုင်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ <u>ရွှေတွင်း၊ ကျောက်တွင်း တူးဖို့ရာ</u>

အောက်တိုဘာလ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၇) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**၅။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

အောက်တိုဘာလ (၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၇) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၆။ ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

အောက်တိုဘာလ (၄)၊ (၇)၊ (၁၁)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၇) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ ပွဲခင်းခံရာ၊ ရှင်ပြုနားသရာ**

အောက်တိုဘာလ (၁)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၃၁) စသောရက်များသည် ပွဲခင်းခံခြင်း၊ ရှင်ပြုခြင်း စသော ကောင်းမှုကိစ္စများ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

အောက်တိုဘာလ (၄)၊ (၈)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၄) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

အောက်တိုဘာလ (၁)၊ (၇)၊ (၈)၊ (၁၁)၊ (၂၂)၊ (၂၄)၊ (၂၉) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ လက်ထပ်မင်္ဂလာကျင်းပရာ**

အောက်တိုဘာလ (၂၃)၊ (၂၄) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ ခရီးသွားလာကောင်းဖို့ရာ**

အောက်တိုဘာလ (၁)၊ (၃)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ လယ်ထွန်မင်္ဂလာ ပြုဖို့ရာ**

အောက်တိုဘာလ (၁)၊ (၃)၊ (၇)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ**

အောက်တိုဘာလ (၁)၊ (၃)၊ (၇)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ သီးနှံမျိုးစေ့ကြဲဖို့ရာ**

အောက်တိုဘာလ (၁)၊ (၃)၊ (၇)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ ရေတွင်းရေကန် တူးဖို့ရာ**

စအောက်တိုဘာလ (၁)၊ (၃)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၉)၊ (၃၁) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ အောင်ဘာလေထီထိုးဖို့ရာ**

အောက်တိုဘာလ (၁)၊ (၅)၊ (၁၉)၊ (၂၅) စသောရက်များသည် အောင်ဘာလေထီ ကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**နွယ်သာကီအောင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၃-ခုနှစ်၊ အောက်တိုဘာလအတွက်

နေမျိုးထွဋ်ခေါင်

၁။ အောက်တိုဘာလ (၁)၊ (၆)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ၊ကျောင်း၊ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ အောက်တိုဘာလ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၆)၊ (၃၁) စသောရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ အောက်တိုဘာလ (၃)၊ (၈)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၇)၊ (၂၈) စသောရက်များသည် **'ဇယာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ အောက်တိုဘာလ (၄)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ အောက်တိုဘာလ (၅)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

BURMESE CLASSIC .com

၆။ အောက်တိုဘာလ (၃)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) ရက်နေ့သည် **'ရက်ရာဇာတွင်'**တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၇။ အောက်တိုဘာလ (၇)၊ (၂၇) စသောရက်များသည် **'အမြိတ္တစုတ်'**တွင် ကျရောက်လေရာ ထိုရက်များ၌ မကောင်းကြံရစေကာမူ မည်သည့်ကိစ္စမျိုးမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။


ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် ၁စရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်

BURMESE CLASSIC .com

# ကုလားသုံးယောက် မျက်စိ ၆ လုံး

ဆံမြိတ်နွယ် - နတ်မှုးစံ

"ကောင်လေး . . . သိပ်ထူးဆန်းတာပဲ ဈေးထဲမှာ ကုလား ၃ ယောက် မျက်စိ ၆ လုံးနဲ့ ဈေးရောင်းနေကြတာ လူတွေကို ဝိုင်းကြည့်နေကြတာ မင်းလည်း သွားကြည့်ပါလား"

ရပ်ကွက်ထဲမှ လူကြီးတစ်ယောက်ဖြစ်သည်။ ဈေးသွားရင်းနဲ့ ကျုပ်လည်းစဉ်းစားတယ်၊ ကုလား ၃ ယောက် မျက်စိ ၆ လုံးဆိုတော့ ဘယ်နားဘယ်လိုပေါက်နေကြပါလိမ့်၊ ကျောင်းသွားဖို့ထက် ထိုကုလား ၃ယောက်ကို အမြန်သွားကြည့်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

နမူးလည်း ၂လုံးဖြစ်နိုင်တယ်၊ ပါးမှာလည်း အပို ၂-လုံး ဖြစ်နိုင်တယ်၊ ပုံသဏ္ဍာန်အမျိုးမျိုး မှတ်ဆိတ်မွေးတွေ ဗလဗျစ်နဲ့ ကုလားကြီးတွေကို မြင်ယောင်နေသည်။

- (တောင်းပန်ပါသည်၊ အိန္ဒိယလူမျိုးကို ကုလားကြီးဟု ရင့်ရင့်သီးသီးခေါ်ဆိုမိခြင်း အတွက်)

ထိုနေ့ကဈေးထဲကို အကြိမ်ပေါင်းမြောက်မျှားစွာ မျက်စိ ၆ လုံးနှင့် ကုလားကြီးကိုပတ်၍ ရှာနေမိသည်။ အတော်လေးမှောမှ အိမ်ပြန်ရောက်ပါသည်။ အဲဒါကို ကျွန်ုပ်၏အမေမှ အပြုံးတစ်စက်၊ ရေတစ်ခွက်နှင့် လုံးဝဆီး၍ မကြို ကျောင်းသွားရမှာ ပျင်း၍ နောက်ကျနေပြီဟုဆိုကာ တုတ်နှင့်ဆီးကြိုနေပါတော့သည်။ မှတ်မှတ်ရရ အဲဒီနေ့က ကုလား ၃ ယောက် မျက်စိ ၆ လုံးကြောင့် ဘယ်တုန်းကမှ အရိုက်မခံရဘူးတဲ့ ကျွန်တော့်ကို အမေရိုက်တာခံခဲ့ရဘူးပါသည်။

ဒါက ငယ်စဉ် ကလေးဘဝက ကုလား ၃ ယောက်နှင့်ပတ်သက်၍ မှတ်မှတ်ရရ အဖြစ်အပျက်ကလေး တစ်ခုပါ။

လောကစကားပုံတစ်ခုရဲ့ "တုတ်ကျွေးပြီးရင် မုန့်ကျွေးတတ်တယ်" ဆိုတဲ့ မိဘဆရာတို့ရဲ့ အစဉ်အလာတစ်ခုလို ကောင်းသော နမိတ်တစ်ခုဖြစ်ပါလိမ့်မည်။

နံပါတ် (၁)ကုလားကြီးတစ်ယောက်နှင့် တွေ့ရခြင်းအကြောင်းကို ပြောပြပါမည်၊ ကျွန်ုပ်တို့ မိသားစုက "ချောက်" ဆိုတဲ့ မြို့လေးမှာ ထင်းမီးသွေးများရောင်းရပါသည်။ ပတ္တမြားရပ်ကွက်ထဲမှ ကုလားကြီး တစ်ယောက်ရှိပါသည်။ နေ့စဉ် ပတ္တမြားရိပ်သာ ကိုသွားသည်ဟု သိရသည်။ ထို့အတူ နေ့စဉ်အရက်သောက်သည်ဟုလည်း သိရသည်။ တစ်နေ့ ကျွန်ုပ် ဆီမှ ထင်းဖိုး ၅/- အကြွေးကျန်နေသည်။ အကြိမ်ကြိမ်သွားတောင်းသည် မတွေ့၊ တွေ့ပြန်တော့မရ၊ ကျွန်ုပ်ကလည်း ငွဲကောင်းသည်။ ဤအထဲ ထို ကုလားကြီးက ကျွန်ုပ်ထက် ပိုငွဲကောင်းဟန်တူသည်။ ကျွန်ုပ် ဘယ်လိုပင် ကြွေးတောင်းတောင်း ဆင်ခြေအမျိုးမျိုးပေး၍ ဖြေရှင်းနေတတ်သည်။

တစ်နေ့ ထိုကုလားကြီးမှ ကျွန်ုပ်ကို ဆိုလာသည်။

"ကောင်လေး . . . မင်း ငါ့ဆီက ပိုက်ဆံ ၅ ကျပ် မတောင်းပါနဲ့တော့ လားကွာ၊ မင်းလဲလာရတာ နေ့တိုင်းကြီး သနားတယ်၊ ငါလဲ မပေးနိုင်ဘူး"

"ခင်ဗျားက ကျုပ်ထင်ဖိုး ၅ ကျပ်သာ မပေးနိုင်တာ အရက်ကျတော့ နေ့တိုင်းသောက်နိုင်တယ်"

ဘုကြည့် ကြည့်ပြောလိုက်သည်။

"ဒီလိုလုပ်ကွာ ကောင်လေး . . . ဟောဒီစာရွက် ကလေးကိုယူ၊ ဒီအထဲမှာ ဂါထာတွေပါတယ်၊ အဲဒါကို မင်းအသုံးချ ဒါက မင်း ၅ ကျပ်မက တန်တယ်"

စာရွက်အပေါ်ငေါ်တွင် ခဲတံနှင့် ရေးထားသော အိန္ဒိယစာများဖြစ်သည်။

"မလိုချင်ပါဘူး . . . ကျုပ်က ဒီစာရွက်ဘာလုပ် ရမှာလဲ"

"ဟာ ကောင်လေး ဒီဂါထာတွေက တအား စွမ်းတဲ့ ဂါထာတွေကွ"

"မလိုချင်ပါဘူး။ ဘာစွမ်းစွမ်း ကျ
ပိုက်ဆံ ၅ ကျပ်ပဲလိုချင်တယ်"

"ကောင်လေး စိတ်ကူးမလွဲနဲ့
ဂါထာတွေက မင်း "လိုတရ" ဂါထာ
မင်းယုံကြည်ရင် ယုံကြည်သလို အက
များလိမ့်မယ်"

"ခင်ဗျားတောင် ကျုပ်ပိုက်ဆံ
ကျပ် မပေးနိုင်လို့ ဒီဂါထာကို ကျ
ရောင်းနေရတယ်။ ဒီဂါထာ ဒီလောက်
စွမ်းရင် လိုက်လုပ်ပါလား၊ ကျုပ်ပိုက်ဆံ
ပြန်ပေးနိုင်အောင်"

"ကောင်လေးရာ . . . ငါက မင်းကို
ချစ်လို့စ နေတာကွ ငါမင်းပိုက်ဆံ
ကျပ်လည်း ပေးမှာပါ၊ ဒီဂါထာလည်း
မင်းယူသွား"

ကျွန်ုပ်ပိုက်ဆံ ၅ ကျပ် ပေးမည်
ဆိုသောအခါ ထိုဂါထာကို စိတ်ဝင်စား
သွားသည်။

"ကျုပ်မှဒီစာကိုမဖတ်တတ်တာဗျ"

"အေး . . ငါ မင်းကို အစဖတ်ပြမယ်
ကြောင်း၊ အမရှဲ့ ဟာရီ ဟာရီ ဒါပဲ
ကျန်တာကို ဒီချောက်မြို့မှာ ဒီစာကို
ဖတ်တတ်တာ တစ်ယောက်ပဲရှိတယ်
အဲဒါ မင်းရအောင်ရှာ ငါဖတ်ပြတာနဲ့
ကိုက်သလား တိုက်ကြည့်"

"အဲဒါ ဘယ်သူလဲဗျာ"

"အေး . . . ဖဲဒေါ့တော့ မင်းဖာသာ
စုံစမ်းပေတော့၊ ရော့ ပိုက်ဆံ ၅ ကျပ်
မင်းယူသွားတော့"

ကုလားကြီးနဲ့တွေ့တဲ့အထဲ ထိုနေ့
အပျော်ဆုံး ဖြစ်သည်။ ဘာကြောင့် ဆို
တော့ ကျွန်ုပ်အကြွေး ၅ ကျပ်ရသည့်
အတွက် ထိုစာရွက်ကလေးကို ကျွန်ုပ်
ဒိုင်ယာရီစာအုပ်ထဲ ညှပ်ထားလိုက်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ညဥ့် အိပ်မက်ပေးပြီး ငါ ကြာကြာ မနေရတော့ဘူး အမြန်လာခဲ့"

ဟု ကုလားကြီးတစ်ယောက်က ပြောသည့်နယ် နောက်တစ်နေ့ ဒီစာရွက်ကလေးကို အခေါက်ခေါက်အခါခါ ကြည့်မိသည်၊ နိုးစပ်ရာ ကုလားကြီးများကိုပြမိသည်။ နားမလည်ကြ၊ သက္ကတဘာသာ၊ ဘင်္ဂလီဘာသာ ဟုပြောကြသည်။ ဒီစာကို ဦးဘာဘူလေး ဖတ်နိုင်လိမ့်မည်ဟု အကြံပေးသည်။ သို့သော် မသွားဖြစ်ခဲ့ သိပ်မကြာ ၄-၅ ရက်အကြာ ဦးဘာဘူလေး ဆုံးသွားပြီဟု ကြားရပြန်ပါသည်။ အဲဒါနဲ့ ကျွန်ုပ် ဒီစာလေးကို စိတ်ဝင်စားလာပြန်ပါတယ်။

မှုလပေးလိုက်တဲ့ ပတ္တမြားရပ်ထဲက ကုလားကြီးဆီကို သွားပြန်သည်၊ ကုလားကြီးလည်းမရှိ ရေနံချောင်းကို ပြောင်းသွားပြီဟု သိရပြန်၏။ ဒါနဲ့ပဲ ထူးဆန်းလှတဲ့ ဒီဂါထာလေးကို နှုတ်ဝယ်မကြာ ခဏ ရွတ်ဖတ်နေမိသည်၊ အစသာရပြီးတော့ နောက်ဆက်တွဲ ဘာတွေပါဦးမလဲ မသိရ၍ စာရွက်ကလေးကို ဖတ်ပြနိုင်မည့်သူကို မသိမသာ ရှာဖွေရင်းမှာပင် ထိုဂါထာစာရွက်လေး ကျွန်ုပ်ထဲမှ မသိမသာဘယ်လို ထွက်သွားလိုက်သည် မသိလိုက်တော့ ထိုဂါထာကို ယုံကြည်စွဲမြဲရွတ်ဖတ်နေရင်းမှာပင် ကျွန်ုပ်တို့ မွေးချင်းတစ်ခုထဲမှ ထွင်းဖေါက်၍ တိုက်ခံအိမ်တစ်လုံးကို ပိုင်ဆိုင်ရရှိသွားပါသည်။

ဒုတိယ ကုလားကြီးနှင့် တွေ့ဆုံခြင်း

"ဗုန်း" "ဒိုင်း" "ဗုန်း" "ဂွမ်း" "ဂျုံး"

ဖြစ်ရပ်ကြီးက အလွန်ကြောက်စရာကောင်း ကျွန်ုပ်ရဲ့ကား "ကိုရွှေပင်းသား" ရပ်လုသလောက် အင်မတန်ညဥ့်ဆိုးပါသည်။ ကုန်ပစ္စည်းအပြည့်တင် ကြိုက်သလောက်ခိုင်း ကြိုက်တဲ့ချောင်းကိုဖြတ် တောင်ကိုတက် စက်ပျက်တယ်ဆိုတာ လုံးဝမရှိ ပကတိကြံ့ကြိုးစားတဲ့ မင်းသားပါပဲ၊ ဒါပေမဲ့ ညအခါ ခါလီမပြန်ခဲ့နဲ့ မောင်းနေရင်းမှ -ကားတစ်စီးလုံး မီးပျောက် ညာဖက်ကိုဆွဲချ သစ်ပင်ငယ်တစ်ပင်ကို အမြဲတမ်း ဝင်တိုက်နေကျ အခုလည်း ဂရုစိုက် နေတဲ့ကြားကပဲ ည ၁၀ နာရီခန့် မှောင်နဲ့မည်းမည်း ညာဖက်ဆွဲချ ကျုပ် သေမင်းဝက အသာလေးပဲ တောင်းပန် ထွက်ခဲ့ရတယ်။ လူသာ မသေတယ် ဘဝတစ်ခုလုံးကတော့ ကြေမွပျက်စီးပြီးတော့ သေသော်မှတည့် ကောင်းသေ၏ဟု ပြောလိုက်ချင်၏။ ပေးစရာငွေမရှိ ပြေးစရာကားလည်းမရှိ၊ အားရှိ သမျှလည်းကုန်ခဲ့ပြီ ကြုံရာလူ မျက်နှာချိုသွေး ပိုက်ဆံချေးငှားပေးဖို့ ပြောရလွန်းလို့ပင် မျက်နှာက ဇီးရွက်ထက်ငယ်နေပြီ၊ ဒီကားစုတ် ဆီမသွားလို့က လည်းမဖြစ် နေပူပူ ရင်အပူကို အဖော်ပြုပြီးတော့ လုပ်းခဲ့တယ်။

ရွှေတွင်းကုန်းထဲက ငါးဘာသာ ဘုရားရှိခိုး ကျောင်း အကြိမ်ပေါင်းမြောက်များစွာ ဖြတ်သန်းဖူးပေမဲ့ တစ်ခါလေး ဝင်မကြည့်ခဲ့ဖူးဘူး။ နေကပူ ရင်ကမော တာနဲ့ ညောင်ပင်ကြီးအောက် ခဏနားရင်း ဘုရားကျောင်းကြီးထဲကို ဝင်ချင်စိတ်ရှိသလိုဖြစ်တာနဲ့ ဝင်လိုက်တယ်၊ ဘယ်သွားလို့ ဘာလုပ်ရမှန်းတော့ မသိသေး။ ထိုအခိုက် -

"ဟေ့ကောင်လေးလာခဲ့"

ဖိနပ် ချွတ်ရသား စီးရမလားမသိ အိုးတို့ အမ်း တမ်းဖြစ်နေစဉ် ...

"လာခဲ့ စီးခဲ့"

မုတ်ဆိတ်မွေး ဗလဗျစ်နှင့် ဆာရီ အဝါစကြီး ခေါင်းပေါင်း အဝါပေါင်း ထားသော ကုလားအဘိုးကြီး တစ်ယောက် ညောင်ပင်ကြီးအောက် ကုတင်ပေါ်မှာ တွေ့ရသည်။ အပေါ်က အင်္ကျီလား သင်္ကန်းလား မသိ သူ့ကိုလက်အုပ်ချီရမလား၊ ကန်တော့ရမလားမသိ

"အေး မင်းမယ်တော်ကြီးကို ရှိခိုးလိုက်"

ဘယ်ဟာ မယ်တော်မှန်းမသိ၊ ဘယ်လိုရှိခိုး ရမှန်းလဲမသိ တွေ့ရာကို ဦးချလိုက်သည် ...

"အေး ဒီနားလာထိုင်"

သူ့ရှေ့မှာစုတ်ကလေးကို ထိုင်ရပြန်သည်။

BURMESE CLASSIC .com

"ဟေ့ ကောင်လေး မင်းမယ်တော့်ကို ပန်းဖိုး လှူလိုက်ဦး"

အင်း ခက်တော့နေသည် ပိုက်ဆံ မရှိဘူး ဆိုကာမှ ဒီကုလားကြီးကလဲ အလှူတောင် ခံနေလိုက်သေးဆိုပြီး မကျေမနပ်တွေးကာ အိတ်ထဲမှာ ပါလာတဲ့ ၂၀ ကျပ်တန်တစ်ရွက်ကို သူ့ကိုထုတ် ပေးလိုက်သည်။

"ငါ့သားကြီး မယ်တော့် အလှူခံပုံးထဲထည့်လိုက်၊ "ပြီးရင် ဒီနားပြန်ထိုင်" ကျွန်ုပ် တော်တော် စိတ်အိုက်သွားသည်၊ ဖြစ်နိုင်လျှင် ဒီကုလားကြီး အနားမှ အမြန်ဆုံးပြန်လိုက်ချင်သည်၊ ငါ့သားကြီးလို့ခေါ်တာကိုလဲမကြိုက်"

"အေး လူတွေကတော့ မင်းကို အထင်ကြီး နေကြတုန်းပဲ၊ တိုက်နဲ့ကားနဲ့ ဆိုပြီးတော့ မင်းမှာ စားစရာတောင်ခက်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီ အခုမယ်တော်ကို လှူတဲ့ ပိုက်ဆံ တောင်မှ မင်းအပိုင်ပိုက်ဆံ မဟုတ်တော့ဘူး"

ကျွန်ုပ် အနည်းငယ်အံ့အားသင့်သွားသည်။ လာခါနီး အသိတစ်ယောက်ဆီမှ ပိုက်ဆံ ၆၀ ကျပ် ချေးပြီးလာခဲ့ရသည်။

"ငါ့သားကြီး မင်းကို ဒဏ်ခတ်ခံလိုက်ရပြီ" တဆက်တည်း အံ့သြစရာကောင်းသည်က ကျွန်ုပ် ဘာမှမမေးပဲ ကျွန်ုပ်အကြောင်းတွေကို ရပ်ရှင်ကြည့်ထားသကဲ့သို့ ထိုသို့ပြောပြီး

"အေး . . မင်းအခု စက်ပစ္စည်းရောင်းချင်နေ တယ်မဟုတ်လား၊ အဲဒါကို မင်းပစ်ထားလိုက်တော့ မင်းဗေဒင်ဆရာလုပ်စားရမယ်"

ကျွန်ုပ် အနည်းငယ် ပြုံးလိုက်သည်။ "ဟုတ်ကဲ့ ကျွန်တော် ဗေဒင်ကို ယုံလဲ မယုံဘူး။ အောင်လံထူ စစ်သူကြီးကို တောင် ဆုံးအောင်မရဘူး"

"ပဟုတ်ဘူး ကောင်လေးလူဆိုတာ တော် ချိန်တန်တော်၊ ကျော်ချိန်တန် ကျော် မြုပ်နေရင် လှုပ်ချိန်တန်မှလှုပ်၊ လုပ်ချိန်တန်ရင်လုပ်၊ သွားချိန် တန်သွား။ စားချိန်တန်စား ရလိမ့်မယ်ပေါ့ကွာ၊ မင်း ကြာသပတေးနာမ်ပါတဲ့မြို့ကို အမြန်ပြောင်း ဒီမှာ ဆက်နေရင် မင်းတစ်လ နေရင် အချုပ်ထောင် တစ်ခုခုကို ကျတော့မယ်"

"ဗျာ"

ကျွန်ုပ် အချုပ်ကျမည်ဆိုသောကြောင့် ထိတ်လန့်တုန်လှုပ်မိသည်။ ကျမည်ဆိုလဲကျနိုင်သည်။ငွေကိစ္စ၊ ကားကိစ္စ ရှုပ်နေသည်။ အားကိုးတဲ့မျက်လုံးနဲ့သူ့ကိုကြည့်လိုက်သည်။

"ငါ့သားကြီးကို ကယ်ရမှာပေါ့ကွာ၊ ဟိုးနားက ရွက်လှပန်း ၆ ရွက် ခြွေခူးခဲ့" ဆိုပြီးတော့ သူ့ကို ပေးမည်ကြံသောအခါ ကျွန်ုပ်လက်ထဲကို ရွက်လှ ၆ ရွက်ထဲ့၍ သူ့လက် ၂-ဖက် ထဲ့လိုက်သည်။ မျက်စိမှိတ်၍ အာရုံပြုထားဟူ၍ တဆက်တည်း ဆိုလာသည်။

"ဩောင်း အမရွှံ ဟာရီ ဟာရီ" ဟူ၍ ကြား လိုက်သည်။ နောက် ဆက်၍ ကျွန်ုပ်နားမလည် သောစကားလုံး မြောက်မြားစွာရွတ်နေသည်။ ကျွန်ုပ် အမြဲရွတ်ဖတ်နေသော "ဩောင်း အမရွှံ ဟာရီ ဟာရီ" ၏ အဆက်သာ ဖြစ်လိမ့်မည်၊ လက်တစ်ဖက် လွှတ်၍ ကျွန်ုပ်နဖူးကို ၄င်းလက်မနင့် ထောက်ဟန် တူသည်။ ကုလားများပြာသုတ်သကဲ့သို့ ခေါင်းပေါ်ကို ပွတ်တိုက်ဆွဲသွားသည်။ ကျွန်ုပ်၏စိတ်ထဲမှာလည်း "ဩောင်း အမရွှံ ဟာရီ ဟာရီ"ဂါထာကို အကြိမ်ပေါင်းများစွာ ရွတ်ဖတ်နေမိသည်။ ကြက်သီးမွေးညှင်းများ ထသလို ခံစားရသည်။ နောက် လက်ဝါးတစ်ဖက်ဖြင့် ကျွန်ုပ်၏ ခေါင်းပေါ်ကို အုပ်မိုးထားလိုက်သည်။ ကျန်လက်တစ်ဖက်ဖြင့် ခေါင်းပေါ်မှ လက်ကိုထု၍ ကျွန်ုပ်၏ခန္ဓာကိုယ်အတွင်းကို ထည့်သွင်းနေတဲ့ ပုံသဏ္ဍာန်မျိုးပြုလုပ်နေသည်။

"ကိုင်း . . .

မင်းဗေဒင်ဆရာဖြစ်သွားပြီ"

ကျွန်ုပ် ကိုယ်ကျွန်ုပ် ဆန်းစစ်ကြည့်မိသည်။ ဘာမှ ထူးခြား သည်ဟုမထင်။

"မင်း . . . ကြာသပတေးနာမ်ပါတဲ့ မြို့ကို အမြန်ဆုံးသွားရမယ်၊ ကျွန်ုပ်လည်း စဉ်းစားလိုက်သည်။

"မိတ္ထီလာလား"

"မဟုတ်ဘူး"

"မန္တလေးလား"

"မဟုတ်သေးဘူး"

ကျွန်ုပ်တပည့်ရှိသော

"မိုးကုတ် လား"

"မဟုတ်"

ကျွန်ုပ်ခဏ စဉ်းစားလိုက်သည်။

"ပြင်ဦးလွင်လား"

"အေး . . ဟုတ်တယ်"

"မေမြို့ . . မေမြို့"

အဲဒီမှာ မင်း ၉ နှစ် ဗေဒင်ဟောစားခဲ့"

မင်း အောင်မြင်တဲ့ ဗေဒင်ဆရာဖြစ်ချင်သလား ပြောလိုက်မယ် ဗေဒင်ဆရာတိုင်း အောင်မြင်တာ မဟုတ်ဘူး တချို့တော်ပြီး မအောင်မြင်တာ အများကြီးရှိတယ်၊ အေး ဗေဒင်ဆရာ တစ်ယောက်အောင်မြင်ဖို့ နည်းစနစ်ပေးလိုက်မယ်"

ကျွန်ုပ် အနည်းငယ် စိတ်ဝင်စားသလိုတော့ ဖြစ်လာသည်။ ပါးစပ်ထဲမှ ကွမ်းတံတွေးကို တဖက် လှည့်ထွေးပြီးမှ -

"အပေါ်က မင်းကြိုက်တဲ့ နာမည်ရေးခွင့်ရှိတယ်၊ အေး မင်းနာမည်ပြော"

"ကျွန်တော် ကိုပေါ ငွေပါ"

"အေး ဦးထည့်ရေး"

"ဦးပေါငွေ"လို့ အပေါ်ကရေး အောက်က "ဗေဒင် ဓါတ်ပုံ ပုတီး" လို့ရေး ကက်ကင်းဓါတ်ကျတယ်၊ မင်း ဘုရားခန်းထဲမှာ ဘာ ပန်းပဲထိုးထိုး ဝိတောက်နဲ့တမာ အမြဲထိုးထားရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်ရင် "တုန်းမောင်း"လေး လုပ်ထားရမယ်။

အဲဒီ "တုန်းမောင်း"ကို တဟာသားနဲ့ လုပ် ဝိတောက်သားနဲ့ထု မင်းသေချာပေါက် အောင်မြင်တဲ့ ဗေဒင်ဆရာ တစ်ယောက်ဖြစ်ပြီပေါ့၊ စည်းကမ်းချက် ၄ ချက်ပေးလိုက်မယ်။

အဲဒီ့အတိုင်း လိုက်နာရမယ်။ မင်း ၄ နှစ်ဟောစားခဲ့"

ထို ကုလားကြီးဆီမှ ပြန်ပြီး ယုံကြည်စွာ မေမြို့ ထွက်ခဲ့တယ်။ ထိုဆရာကုလားကြီးပြောသည့် အတိုင်း ဆိုင်းဘုတ်ကို "ဗေဒင် ဓါတ်ပုံ ပုတီး" ဆိုပြီး တပ်လိုက်သည်။ ဗေဒင်လဲ ဟောသည်၊ ဘုရားဓါတ်ပုံလည်းရောင်းသည်၊ ပုတီးလဲရောင်းသည်။

မကြာပါ တစ်စတစ်စ အောင်မြင်ပြီး ၂ ရက် ၃ ရက် ကြိုတင် ဘွတ်ကင် ယူရသည့်အဆင့်ထိ အောင်မြင်သွားပါသည်။ ထိုကုလားကြီးကျေးဇူး ကြောင့် ပိုက်ဆံများကို ဆွဲခြင်းနှင့် ထည့်ရသည် အထိ အောင်မြင်သွားပါသည်။

"တတိယ ကုလားကြီးနှင့် တွေ့ရခြင်း"

BURMESE CLASSIC .com

၄ နှစ်ကျော်သွားသောအခါ ဘယ်ကနေ ဘယ်လိုမှန်းမသိ မြင်းပြစွာ ဘုန်းကြီးဝတ်ချင်စိတ် ပေါက်ပြီး ကျွန်ုပ် ဘုန်းကြီးဝတ်လိုက်ပြီ · · ·

လူတွေ အကြောင်းနှင့် လောကကြီး အကြောင်းကိုလည်း ကောင်းကောင်း သိချင်တယ်။ ရှေးကဆိုကြတယ် မဟုတ်လား၊ တစ်ရွာမပြောင်း သူကောင်း မဖြစ်တဲ့ ဒီစကားကို အစိကထားပြီး သုံးလင်ပြောင်းတဲ့မယား ၃ ကျောင်း ပြောင်းတဲ့ ကိုရင် ဆိုတဲ့ စကားပုံကို ဥပက္ခာထားလို့ တစ်ကျောင်းပြီး တစ်ကျောင်း ပြောင်းခဲ့ပါပြီ၊ ပုဂံ-ညောင်ဦးနားက ရွာကိုလည်းရောက်ခဲ့ပြန်ပြီ ထိုရွာက အိမ်ခြေ ၇၀၀ ခန့်ရှိမည်။ ဘုန်းကြီး ကျောင်းလဲ ၃ ကျောင်းရှိ၏။ ဟိုဂူထဲမှာနေတဲ့ ကုလားဘုန်းကြီးကျောင်း တစ်ကျောင်းလည်းရှိသေး၏။ ကျွန်ုပ်ကိုတော့ ရှမ်းပြည်ကလာတဲ့ ဘုန်းကြီးဟု သိကြ၏။ ထိုရွာနေစဉ် နွားကြီးတစ်ကောင်က သူ့ ယာခင်းထဲကိုရောက်ရင် နိုင်းလို့မရ ဝပ်၍နေခြင်းကို ကျွန်ုပ်၏ ရေမန်းဖြင့် ကောင်းသွားသော သတင်းမျိုးများ သွက်သွက်ခါအောင် ရှုးနေသော ကိုလုငွေ ဆိုသော အရူးတစ်ယောက် ကျွန်ုပ်၏ အစီအရင်ဖြင့် လုံးဝကောင်း သွားပြီဆိုသော သတင်းများကြောင့် ရှာနီးစပ်မှ လူအများ ကျုပ်သီတင်းသုံးရာ ကျောင်း လေးဆီသို့ စုရုံးရောက်ရှိလာကြတယ်။ တချို့ ခြေလျင်၊ တချို့လှည်းဖြင့်၊ တချို့ထွန်စက်ဖြင့် ဒီနေရာမှာ ရပ်လုလို့ ရန်ရှာခံရတဲ့ "ပပဝတီ"လို ကျုပ်က အခုမှ "၂" ဝါ ဒီရွာမှာ လာစွာတယ်လို့ တချို့ထင်ကြဟန်တူပါရဲ့၊ အသီးသီးတဲ့သစ်ပင်မို့ ခဲနဲ့ ထု တုတ်နဲ့ ထိုးချင်ကြသလား။

မကြားတကြား သူတို့အသံကြောင့် ကျွန်ုပ် စိတ်မချမ်းသာခဲ့ ဒါနဲ့ပဲ မြစ်ခြေရဲ့အနောက် စီကောင်းချောင်ဆိုတာကို ကေစာရီ တပါးတည်း တောင်ကြီးပေါ်မှာ နေလိုက်တော့တယ်။

၂ နှစ်လောက်ရှိတဲ့အခါ ညောင်ဦးနားက ကျွန်ုပ်နေခဲ့ဘူးတဲ့ ရွာလေးကို အရေးကြီးတဲ့ အကြောင်းအရာ တစ်ခုကြောင့် ရောက်ခဲ့ပြန်ပါပြီ။ လူတွေကြားထဲ မနေလိုဆိုတဲ့ အဲဒီကုလားဘုန်းကြီးက မလ္လာပ်ရှေ့နားရောက်တော့ပြန်တယ်။ ကျွန်ုပ်နဲ့ လည်းမရင်းနှီး ထိုရွာမှာ နေစဉ်တုန်းကလည်း ဖော်ဖော်ရွေရွေ ဝင်ထွက်သွားခြင်းမရှိခဲ့ကြ။ ယခု ကျွန်ုပ် ကို ပင့်ဆောင်သော အိမ်မှာ မလ္လာပ်အတွင်းမှာ အိမ်ရှင်နှင့် စကားပြောနေကြတယ်။ ကျွန်ုပ်ကိုမြင်သောအခါ ထိုကုလားဘုန်းကြီးမှ ပြာပြာသလဲ။

"အော်··· ဦးမာနိတ ကြွပါဘုရား၊ တပည့်တော်လည်း ဒီနားဖြတ်သွားရင်းက မလ္လာပ်က ဘာလုပ်ဖို့လဲလို့ မေးလိုက်မိတာပါ။ တပည့်တော် ကို ပင့်လို့ မဟုတ်ပါဘူးဘုရား" ဟူ၍

"အော် · · ·တပည့်တော်လည်း အရေးတကြီး ကိစ္စရှိလို့ ပင့်တာပါတဲ့ဘုရား" မတ်တပ်က လက်အုပ်ချီ အရိုအသေပေးလိုက်ကြသည်။

အိမ်ထဲကို အတူတကွ အတူတူ သွားကြရန် ဘယ်လိုပင့်ပင့် ခေါ်သော်လည်း -

"လုပ်စရာရှိတာ လုပ်ပါဘုရား၊ တပည့်တော် လည်းပြန်တော့မှာပါ" ဆိုပြီး အိမ်ရှေ့မှာသာ ကျန်နေခဲ့၏။

ကျွန်ုပ်သည် ထိုအိမ်တွင် ကိစ္စများကို တစ်နာရီခန့်စီ ရှင်းပြီးတာနဲ့ အိမ်ရှေ့ကို ထွက်လိုက်သောအခါ ၎င်း ဘုန်းကြီးနှင့်ပြန်၍ တွေ့ရပြန်ပါသည်။

"အရှင်ဘုရား မကြွသေးဘူးလား ဘုရား။ အပေါ်ကိုကြွခဲ့ရောပေါ့ ဘုရား။ အားနာလိုက်တာဘုရား"

"တပည့်တော်လည်း အောက်ကနေ အရှင် ဘုရားအသံကို ကြည်ညို



www.burmeseclassic.com

www.burmeseclassic.com

နေတာပါဘုရား၊ ဒါနဲ့ အရှင်ဘုရား ဘယ်နေ့ပြန်မှာလဲ"

"တပည့်တော် မနက်ဖြန်ဘဲ ပြန်မှာ ပါဘုရား"

"တပည့်တော် လေးလေးစားစား ပင့်ဖိတ်ပါတယ်ဘုရား၊ တပည့်တော် ကျောင်းကို မနက်ဘဲ ကြွဖြစ်အောင်ကြွ ခဲ့ပါဘုရား"

"မနက်ဖြန်တော့ ပြန်ဖို့ပါပဲဘုရား၊ တပည့်တော်ထက်ဝါကြီးတဲ့ အရှင်ဘုရား က တားတယ်ဆိုတော့ တပည့်တော် မနက်ဖြန်တစ်ရက် ဆက်နေပေးပါမယ် ဘုရား"

BURMESE CLASSIC .com

ထိုကုလားဘုန်းကြီးမှ အထက်စီးမှ ပင့်ဆောင်ခြင်းမဟုတ် ကြည်ညို၍ ပင့်ဆောင်ကြောင်း အကြိမ်ကြိမ်ပင့်ပြီး ပြန်သွားပါသည်။ နောက်တစ်နေ့ တကာ တစ်ယောက်ခေါ်၍ သူ့ကျောင်းရှိရာသို့ ထွက်ခဲ့ပါတယ်။ ပျူတာစွာ ကြိုဆိုညှိခံ ပြီး သက်န်းတစ်စုံနှင့် ပညာကိုပူဇော် တာပါဟု ချီးမြှင့်ပါတယ်။ ထို့နောက် မိုင်းခံ၁ ကျူထင်ရသော စက္ကူပောင်း တစ်ခုပေါ်မှ "စမ" တစ်ခုကို ထုတ်ပြ ပါတယ်။ "ဦးမာနိတ အဲဒါ တွေကို သိရှိနားလည်သလား"

"မုန်တာဝန်ခံရရင် တပည့်တော် စမတွေကို ကောင်းကောင်း နားမလည် ဘူးဘုရား"

"ဒါက နေ လ စမလို့ ခေါ်တယ်၊ အတိုက် အခံရန်အားလုံးနှင့် အောင်မြင် ခြင်းကို ဧ စွမ်းနိုင်သော စွမ်းအားတွေရှိ တယ်။ အဲဒါ ဦးမာနိတကို တပည့်တော် လက်ဆောင်ပေးမယ်။ အရှင်ဘုရားက သာသနာပြုဖို့ အများကြီး ကျန်သေး တယ်"

ကျွန်ုပ်ငြင်းမလို လုပ်ပြီးခါမှ -

"ဒါက ဘယ်လိုနေရာမျိုးတွေမှာ အသုံးချရ မှာလဲဘုရား"

"အောင်မြင်ချင်တယ်ဆိုရင် ဒီ ၂ခုရဲ့ကြားမှာ မိမိနာမည်ပါတဲ့ ဓါတ်ပုံ ကပ် (သို့မဟုတ်)မိမိနာမည်ကို စာရွက် တစ်ရွက်ပေါ်မှာရေး။ အဲဒီ စမ ၂ခုကြား ကို ညှပ်လိုက်ပါ။ ဒီကြီးလေးကြီးဘက်က "နေ" လို့ ခေါ်တယ်။ အတိုက်အခိုက် တွေကို ·အောင်မြင်စေတယ်။ ဟို ယခင်တုန်းက စစ်ထွက်တဲ့အခါစစ်ထွက် ယောက်ျားတွေဟာ ညာဘက်ပုခုံး၍ ထိုးကြတယ်။ ရဲစွမ်းသတ္တိနဲ့ အောင်မြင်မှု ကိုရစေတယ်။ စဗေဝ ကတော့ "လ" လို့ခေါ်တယ်။ မျက်နှာပွင့်လန်းခြင်းနဲ့ လာဘ်လာဘ အလုပ်အကိုင်တွေကို အထူး အောင်မြင်စေတယ်။ ရှေးတုန်း ကတော့ သူ့ကိုဘယ်ဘက် ပုခုံးကိုထိုးကြ တယ်။ အိမ်တွေမှာ ဆောင်မယ်ဆိုရင် တော့ ဘုရားစင်ရဲ့ လက်ယာဘက်က "နေ"စမကို ကပ်၊ ဘယ်ဘက်က "လ" စမကိုကပ်လိုက်ပေါ့"

အဲဒီအိမ် အန္တရာယ်ကင်းလို့ လာဘ် လာဘတွေ ရပါလိမ့်မယ်ဗျာ"

ကျွန်ုပ်ဘဝမှာ ထိုကုလားဆရာ ၃ယောက်နှင့် တွေ့ခဲ့ဘူးပြီ၊ သူတို့က ကျွန်ုပ်၏ မျက်စိတွေကို ဖွင့်ပေးခဲ့ပြီးပြီ၊ သူတို့ရဲ့ကျေးဇူးကြောင့် အမြင်ကို ကျယ် စေတယ်။ အမြင်ကိုကြည်စေတယ်။ ဒါကြောင့်လည်း အမြင့်ကိုရောက်ခဲ့ရပါပြီ၊ ထို ကုလားကြီး ၃ယောက်ကပင်လျှင် ကျွန်ုပ်တို့ အမြင်ကျယ် အမြင့်ရောက် နိုင်အောင် ကျွန်ုပ်ကို မျက်စိ ၆ လုံး လောက် ထည့်ပေးလိုက်တာနှင့် တူပါ သည်။

ဟိုးငယ်ငယ် ကလေးဘဝ ကုလား ၃ယောက် မျက်စိ ၆ လုံးဆိုတာကြောင် အူကြောင်ကြောင် ကလေးဘဝမှာ တစ်ခါမှမရိုက်ခဲ့ဘူးတဲ့ အမေက တုတ်နဲ့ ရိုက်ခဲ့ဘူးပါသည်။ မိဘနှင့်ဆရာဆိုတာ ဒီလိုပဲထင်ပါသည်။ မလိမ္မာ တုတ်နှင့် ရိုက်သင့်လျှင်ရိုက်ရမည်ပေါ့။ တုတ်ကျွေး ပြီးလျှင်လည်း မုန့်ကျွေးတာပါပဲ၊ ကျွန်ုပ် မုန့်တွေတော်တော်များရပါပြီ၊ ဒါကြောင့် ကျန်တဲ့သူလည်း ရစေချင်လို့ တဆင့် ဝေငှကျွေးရပါဦးမည်။

နံပါတ် (၁) ကုလားကြီးကြောင့် ကျွန်ုပ်ဘဝမှာ တိုက်စံအိမ်နှင့် ကားနှင့် နေခဲ့ရပါသည်။ (ဩဘောင်း အမရွှံ ဟာ ဟာရီ ကျေးဇူး)

ဒုတိယကုလားဆရာကြီး ကျေးဇူး ကြောင့် ပိုက်ဆံကို ဆွဲခြင်းနှင့်ထည့် ရခြင်းမှာ ဗေဒင်ဆရာ ပေါက်စ (ဗေဒင်- ဓါတ်ပုံ-ပုတီး)

နံပါတ် (၃) ကုလားဆရာကြီး ဘုန်းကြီးကျေးဇူးကြောင့် "နေ လ" စမ ဖြင့် ရွှေနတ်ကယ် တောင်သာသနာ တော်တွင်ဘုရားအလိုကျ ရွှေနတ်ကယ် တောင် ဆရေတော်ဘုရားကြီး၏ အလို ကျ သတ္တဝါများ၏ကျန်းမာမှု၊ ချမ်းသာမှု ကို မေတ္တာရှေးရှု၍ သာသနာပြုလုပ်ငန်း တွေကို ဆောင်ရွက်နိုင် ခဲ့ပါတယ်။ ဒါကြောင့် ဒီကုလားဆရာ ၃ ဦးကို အကြိမ်ကြိမ်ဦးချရင်း...

ဆရာတော် ဦးမာနိတ ပြောသော ဘဝဖြစ်စဥ်မှ တစိတ်တဒေသကို ဆရာ တော်ကိုယ်စား ခံစားတင်ပြပါသည်။

ဆရာတော်နှင့် ဆက်သွယ်ချင်ရင် ဖုန်း-၀၉ ၄၄၀၅ ၄၃၃၄၆၈၊ ရွှေနတ်ကယ်တောင်၊ နတ်ဟောက်မြို့။

ဆံမြိတ်နွယ် - နတ်မျူးမိ



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မို့ဒူးပိုက်ဆံ

## ၂၀၁၃ ခု၊ မြွေနှစ်အဟော (စက်တင်ဘာလ)

ဦးတိုး(တက္ကသိုလ်)

ဆယ့်နှစ်လရာသီခွင် သတ်မှတ်ချက်သည် အနောက်တိုင်းနှင့်မတူသဖြင့် မိမိ၏မွေးသက္ကရာဇ်နှင့် တိုက်ဆိုင်၍ အဟောကို ဖတ်ရှုစေလိုပါသည်။

### မကာရရာသီဖွား(ဆိတ်ရုပ်)

### (ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၂ ရက်)

ယခုကာလတွင် ပြဿနာများဖြင့် ဖိအားပေးမှုကို ခံနေရမည်ဟု မျှော်လင့်ရသည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချစွာ ဆုံးဖြတ်ချက်ချသည်ကို ရှောင်သင့်သည်။ ဆုံးဖြတ်ချက်တစ်ခုမချမီ နှစ်ကြိမ်ခန့်စဉ်းစားပါ။ သင်၏လုပ်ငန်းသစ်နှင့် ပတ်သက်၍ အကြိမ်ကြိမ်ခရီးသွားရခြင်း၊ လုပ်ငန်းတွင် အရောင်းရသွက်အောင် ဆောင်ရွက်ရခြင်းများရှိမည်။ သင်၏ အခြေအတင်စကားပြောဆိုရာမှနေ၍ တရားရုံးအထိ ရောက်သွားရတတ်သည်။

### ကုံရာသီဖွား(ရေထမ်းယောကျ်ားရုပ်)

### (ဖေဖော်ဝါရီလ ၁၃ ရက် မှ မတ်လ ၁၄ ရက်)

ယခုကာလတွင် ပြောင်းရွှေ့ရကိန်းကြုံမည်။ ပစ္စည်းတစ်ခုကို စတင်၍ ဈေးကွက်တင်ရမည်။ သင့်တွင် သူဌေးသစ်တစ်ဦးရှိလာပြီး တာဝန်သစ်များထမ်းဆောင်ရမည်။ အချစ်သစ်နှင့် ချစ်ရည်မျှရန် ဖြစ်ပေါ်မလာနိုင်သေးပေ။

### မိန်ရာသီဖွား(ငါးနှစ်ကောင်ရုပ်)

### (မတ်လ ၁၅ ရက် မှ ဧပြီလ ၁၂ ရက်)

စိတ်တည်ငြိမ်အောင်နေပါ။ သင်၏ ထုတ်လုပ်ထားသောကုန်များကို ဝယ်ယူရေးအတွက် အဓိကဖောက်သည်က ခေတ္တတုံ့ဆိုင်းနေပါလိမ့်မည်။ သင့်အနေဖြင့် ယှဉ်ပြိုင်မှုတစ်ခုတွင် ဝင်ပြိုင်ရလျှင် ရှုံးနိမ့်တတ်သည်။ သင်၏ လုပ်ငန်းခွင်တွင် အပြောင်းအလဲများ ရှိနေသည်။ သင်၏အရည်အချင်းနှင့် မကိုက်ညီသည့် ဘက်နေရာသို့ ပြောင်းရွှေ့ခြင်းခံရမည်။ ကလေးတစ်ဦးရရှိရေးအတွက် ငွေကုန်၊ အချိန်ကုန်၊ လူပင်ပန်း ဖြစ်နေပါလိမ့်မည်။ ခရီးသွားရသည့်ကိစ္စတစ်ရပ်မှာလည်း ချောမွေ့မည်မဟုတ်ပေ။

### မိဿရာသီဖွား(သိုးထီးရုပ်)

### (ဧပြီလ ၁၃ ရက် မှ မေလ ၁၃ ရက်)

ယခုလတွင် ရုတ်တရက် ကားတိုက်မှုတစ်ခုနှင့် ကြုံတွေ့ရတတ်သည်။ သင့်အနေဖြင့် ရွေးချယ်စရာမရှိဘဲ ကမ်းလှမ်းလာခဲ့သည့်အတိုင်း လက်ခံလိုက်ရပေလိမ့်မည်။ သင်၏ချစ်သူနှင့်လည်း မယ်တစ်ရွာ မောင်တစ်မြို့ ဖြစ်နေလိမ့်ဦးမည်။ ရင်းနှီးမြှုပ်နှံမှုများကလည်း အသီးအပွင့်ခံစားရမည် မဟုတ်သေးပေ။

### ပြိဿရာသီဖွား(နွားလားဥဿဖရုပ်)

### (မေလ ၁၄ ရက် မှ ဇွန်လ ၁၄ ရက်)

ယခုကာလတွင် သင့်ဘဝ၌ စိတ်အနှောင့်အယှက်ဖြစ်စရာချည်း တွေ့နေရမည်။ ချိန်းဆိုထားမှုများ၊ အရောင်းကိစ္စများ၊ သို့မဟုတ် ဘဏ်ချေးငွေတိုးမြှင့်ရရှိရေးတို့တွင် အကျိုးကျေးဇူးရှိမည် မဟုတ်သေးပေ။ စီမံချက်တစ်ခု စတင်ခြင်း၊ သို့မဟုတ် ထုတ်ကုန်ကြော်ငြာခြင်းတို့တွင် ထင်သလောက်



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ၏ အာရုံစိုက်မှုကို ရရှိမည်မဟုတ်သည့်အပြင် သင်၏ ချစ်မေတ္တာရေးမှာလည်း အရေးကြီးသောအစိတ်အပိုင်းများသို့ ရောက်ရှိနေသည့်တိုင်အောင် ရွေးချယ်ရန် စဉ်းစားနေရပါလိမ့်မည်။

## မေထုန်ရာသီဖွား-အမြွာရုပ်
## (ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၆ ရက်)

ယခုကာလတွင် ကံကြမ္မာအတိတ်နိမိတ်ကောင်းမည်။ အမွေရရှိထားသော မြေကွက်၊ သို့မဟုတ် သင်ပိုင်ဆိုင်ထားသည့် ရှယ်ယာများမှနေ၍ ငွေအမြောက်အမြားရရှိမည်။ မည်သည့် ယှဉ်ပြိုင်ရသော ကိစ္စတွင်မဆို သင်ဝင်ပြိုင်လျှင် အနိုင်ရရှိမည်။ ဤအချိန်တွင် လက်ထပ်မင်္ဂလာခေါင်းလောင်းထိုးနေပါပြီ။ ကလေးလိုချင်သူများ ဆန္ဒပြည့်ဝသွားမည်။ ဆိုးရွားသော ရောဂါတစ်ရပ်အတွက် ခြုံငုံတောင့်ခံနိုင်အောင် အားတင်းထားပါ။ အဆိုပါရောဂါကို ခွဲစိတ်ကုသမှုခံယူပြီးနောက် ပျောက်ကင်းသွားပါလိမ့်မည်။

## ကရကဋ်ရာသီဖွား(ပုစွန်လုံးရုပ်)
## (ဇူလိုင်လ ၁၇ ရက် မှ ဩဂုတ်လ ၁၆ ရက်)

သင်၏မိတ်ဆွေဟောင်းတစ်ဦး၊ သို့မဟုတ် သူဌေး (Boss)ဟောင်းတစ်ဦးက သင့်အား ကူညီပေးပါလိမ့်မည်။ နောက်ဆုံးတွင် သင်ရာထူးတက်သွားပါလိမ့်မည်။

## သိဟ်ရာသီဖွား(ခြင်္သေ့ရုပ်)
## (ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၆ ရက်)

အစိုးရ၏ စီမံချက်တစ်ခုမှနေ၍ သင့်အတွက် သတင်းကောင်းများကို မျှော်လင့်နိုင်သည်။ သင်၏ အေဂျင်စီ၌ ပတ်လည် အပြောင်းအလဲ ရှိနေသည်။ သင်သည် ရာထူးတက်ရန်ရှိနေပြီး သင်မျက်စိကျနေသည့် ရာထူးနေရာသို့ ပြောင်းရွှေ့ရကိန်းရှိသည်။

## ကန်ရာသီဖွား(အပျိုစင်ရုပ်)
## (စက်တင်ဘာလ ၁၇ ရက် မှ အောက်တိုဘာလ ၁၆ ရက်)

ယခုကာလတွင် သင်၏ကံကြမ္မာသည် ဝင်းပတောက်ပြောင်နေပါလိမ့်မည်။ ခရီးသွားခြင်း၊ စီးပွားရေးလုပ်ငန်းသဘောတူညီမှုများ၊ စီးပွားရေးလုပ်ငန်း တိုးချဲ့ခြင်း၊ အိမ်တစ်လုံးဝယ်ခြင်း၊ သို့မဟုတ် စိုက်ပျိုးမွေးမြူရေးတစ်ခု ဆောင်ရွက်ရန်စီစဉ်ခြင်း တွင် ကောင်း၍ အောင်မြင်သော ရလဒ်များ ပေးပါလိမ့်မည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံထားမှုများမှနေ၍ ငွေဒလဟော အကြီးအကျယ် ဝင်လာမည်။ သို့သော်ငြားလည်း သင့်ခန္ဓာကိုယ် ပေါ်မှ အရည်၊ ပြည်တည်နေသော အိတ်ကို ခွဲစိတ်ထုတ်ယူ မည်။ ယခုကာလတွင် ပူးတွဲ တွဲဖက်၍ ရင်းနှီးမြှုပ်နှံမည့်အ အစဉ်ကို ရွှေ့ဆိုင်းထားသင့်သည်။

## တူရာသီဖွား(ချိန်ခွင်ရုပ်)
## (အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၆ ရက်)

သင့်ထံသို့ အခြားမှ အကူအညီများ ပေးလာတတ် သည်။ ယခုလတွင် အခြားသူများနှင့် အငြင်းအခုံပြုလုပ်ခြင်း သို့မဟုတ် အလုပ်ထွက်ခြင်းကို မပြုလုပ်ပါနှင့်။ မုန်တိုင်းတိုက် ခတ်မှုအခြေအနေများရှိနေစဉ် မလိုအပ်ဘဲ ခရီးမသွားသင့်။ မုန်တိုင်းစဲသွားမှ ခရီးထွက်သင့်သည်။ အဖိုးတန်သော ပစ္စည်း များ ပျောက်ဆုံးသွားတတ်သည်။ မည်သည့်ချိန်းဆိုထားမှုမျိုး ရွှေ့ဆိုင်းရလိမ့်မည်။ ယခုလတွင် ဝမ်းနည်းဖွယ်ရာကောင်းသော သတင်းကြားရမည်။

## ဗြိစ္ဆာရာသီဖွား(ကင်းမြီးကောက်ရုပ်)
## (နိုဝင်ဘာလ ၁၇ ရက် မှ ဒီဇင်ဘာလ ၁၅ ရက်)

ယခုလ၌ စိတ်ပျက်စရာများနှင့် မအောင်မြင်မှုများ သင်ကြုံတွေ့ရမည်။ သင်သည် ဒဏ်ငွေတစ်ရပ်ပေးဆောင် တတ်သည်။ သို့ရာတွင် သင့်အား ရွေးချယ်ပြီး မမျှော်လင့်သော ခရီးတစ်ခု သွားရလိမ့်မည်။

## ဓနုရာသီဖွား(လေးစွဲယောက်ျားရုပ်)
## (ဒီဇင်ဘာလ ၁၆ ရက် မှ ဇန်နဝါရီလ ၁၃ ရက်)

ယခုကာလတွင် အလုပ်အကိုင်၌ ရာထူးတက် ကိန်းရှိနေသည်။ သင်၏ လေ့လာသင်ယူနေမှုများတွင်လည်း ကောင်း၊ ကန်ထရိုက်စာချုပ် ချုပ်ဆိုရမှုတွင်လည်းကောင်း အခွင့်ကောင်းရှိနေသည်။ ကားသစ်တစ်စီးဝယ်ခြင်း၊ သို့မဟုတ် အိမ်သစ်တစ်လုံးဝယ်ခြင်းများတွင် ဖြစ်ပေါ်လာနိုင်ခြေမြင့်မား သည်။ သင့်အနေဖြင့် လက်ထပ်ထိမ်းမြားရေးကို ရှောင်လွှဲ နိုင်မည် မဟုတ်ပေ။

**ဦးတိုး(တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့သမိုင်းနှင့် နက္ခတ်ပညာ

## ကဏ္ဍ(၂)

# ဗိုလ်ချုပ်အောင်ဆန်း၏ဇာတာ

■ နျူမာန်(မိုးတား)

BURMESE CLASSIC .com

အမှန်တော့ ဤဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ သူရဇ္ဇမဂ္ဂဇင်းတွင် ဆရာတင်နိုင်တိုးရေးသားသော "ပြန်လည်ဆန်းစစ်သင့်သော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇာတာ" ဆောင်းပါးကို ဦးတည်၍ ပြန်လည်ရေးသားသော နောက်ဆက်တွဲ ဆောင်းပါးဖြစ်ပါ၏။

မြန်မာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာနှင့် ပတ်သက်၍ ဖြစ်နိုင်ဖွယ်ရာ သုံးသပ်ချက်တို့ကို ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်ခြင်း ဖြစ်စေရန် အဘတ်နိုင်ဆုံး လေ့လာ၍ ကျွန်တော်၏အမြင်ကို ရိုးသားစွာ ရေးသားတင်ပြခြင်း ဖြစ်ပါ၏

### ဆရာသမားများ အယူအဆ

ဤဆောင်းပါးကို ရေးသားရာတွင် ဆရာ ကြီးအချို့နှင့် အယူအဆ မတူညီမှုများ ရှိပါသည်။ အယူအဆဟူသည် မိတ်ဆွေချင်း၊ သားအဖချင်း၊ လင်မယားချင်း၊ ဆရာတပည့်ချင်း တစ်ဦးနှင့် တူစရာမလိုအပ်သည်သာမက မတူညီသော အယူအဆတို့သည်ပင်လျှင် တစ်ခု၏ အားသည်းချက်ကို တစ်ခုအနေဖြင့် ဖြည့်ဘက်ဖြစ်သဖြင့် တစ်ဦးအယူအဆကို တစ်ဦး လေးစားနားထောင်ကြခြင်းဖြင့် နှစ်ဦးနှစ်ဖက်စလုံးအတွက် ပြည့်စုံအကျိုးရှိစေပါသည်။

မြန်မာပြည်တွင် နက္ခတ်ပေဒင်ဆိုင်ရာ စာအုပ်ကို ရေးသားခဲ့ကြသော၊ လမ်းညွှန်ခဲ့ကြသော ပညာရှင်တို့သည် ကျွန်တော်၏ မြင်ဆရာ၊ ကြားဆရာ ကျေးဇူးရှင်များသာလျှင် ဖြစ်၍ ထိုဆရာတို့ကို ကျွန်တော့်အနေဖြင့် စိတ်ဖြင့်မျှ မပြစ်မှားမိပါ။

သို့သော် မိမိ၏အမြင်ကို တင်ပြခြင်းသည် ဆရာသမားတို့အား ပြစ်မှားရာ မရောက်ကြောင်းကိုလည်း ကာလာမသုတ္တန်ဖြင့် မြတ်စွာဘုရားမှ ဟောကြားခဲ့ပြီး ဖြစ်ပါသည်။

"အယူဝါဒတစ်ခု၏ အမှားအမှန်ကို ဆုံးဖြတ်ရာတွင် ...

✦ တစ်ဆင့်ကြားမျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟု လက်မခံသင့်။

✦ မိရိုးဖလာ အယူဝါဒဖြစ်၍လည်း လက်မခံသင့်။

✦ ဤအရာသည် ဤသို့ဖြစ်သတဲ့ ဟူသော ကောလာဟလဖြင့်လည်း လက်မခံသင့်။

✦ ကျမ်းဂန်စာပေနှင့် ညီညွတ်သည် ဆိုရုံနှင့်လည်း လက်မခံသင့်။

✦ မိမိတို့ ယုံကြည်ထိုက်သော ပုဂ္ဂိုလ်၏ စကားဖြစ်သည်ဟုဆိုကာ ပုဂ္ဂိုလ်စွဲဖြစ်လည်း လက်မခံသင့်။

✦ မိမိတို့လေးစားသော ဆရာ၏ စကားဖြစ်သည်ဟုဆိုကာ ဆရာစွဲဖြင့်လည်း လက်မခံသင့်ဘဲ

ဝေဖန်ဆန်းစစ်ကာ လက်တွေ့လုပ်ကြည့်၍ အကျိုးရှိသည့် အယူဝါဒကိုသာ လက်ခံရမည်"ဟု မြတ်စွာဘုရားမှ လမ်းညွှန်ထားပြီး ဖြစ်သဖြင့် မိမိ၏အမြင်ကို ရိုးသားစွာ တင်ပြခြင်းသည် လူတတ်ကြီးလုပ်၍ ပြောခြင်းမျိုး၊ ဆရာသမားများအား ဝေဖန်မှုသဘောမျိုး မဟုတ်ကြောင်း ထင်ရှားစေအပ်ပါသည်။

### ဗိုလ်ချုပ်အောင်ဆန်း၏ မွေးချိန်ပဟေဠိ

ဆရာ တင်နိုင်တိုး ဆောင်းပါးပါ ထန်းဖူးဇာတာတွင် ဖော်ပြချက် –

"ဇေယျတု သဗ္ဗမင်္ဂလံ မြန်မာနှစ် ၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် စနေနေ့အဝင် လေးချက်မတီးမီ ၆ နာရီ



www.burmeseclassic.com

www.burmeseclassic.com

၃ ပါဒ်၊ ၁၃ ဗိနေဒ၊ ၄ ပြန်၊ ၂ ခရာတွင် ကြည်လင်သဒ္ဓါ မြတ်နိုးစွာဖြင့် ရတနာသုံးပါးဦးထိပ်ထားလျက် ဘုန်းတန်ခိုးတေဇာ ဉာဏ်ပညာနှင့် စုံစွာပြည့်ဖြိုး သတို့သားကို မာတာမိခင် မွေးသန့်စင်သည်။ တွင်ညီသညာ ခေါ်စရာကား နာမရှိန်ဝင်း မောင်ထိန်လင်း သံဒိဌ ဘုတ္တိ အာယု ၁၂၀ ရှည်စေသော်''

သို့သော် http:// wikimyanmae. oo.oc တွင် ဖော်ပြထားသော ထန်းဖူး ဇာတာပုံစံကဲ့သို့ ဖော်ပြထားသော ဇာတာပုံတွင် အရေးအသားကွာခြားသော်လည်း မွေးချိန်ကိုမူ ၄ ချက် မတီးမီဟုပင် ဖော်ပြထားသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ ထန်းဖူး ဇာတာ ဘယ်နှမျိုးခန့်ရှိသနည်းကိုမူ မသိရှိပါ။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ခရစ်နှစ် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ စနေနေ့ မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅း၅၅၊ မြောက်လတ္တီတွဒ် ၂၁း၂၀ နတ်မောက်မြို့တွင် မွေးဖွားခဲ့ပါသည်။ (ဆရာတင်နိုင်တိုး ဆောင်းပါးမှ ဖော်ပြချက် ဖြစ်သည်။)


ဆရာဒဂုန်မှ တွက်ချက်ထားသော ဇာတာတွင် မွေးချိန်ကို နံနက် ၅ နာရီ ၃၅ မိနစ်ဟု ယူဆတွက်ချက်ထားပြီး မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့မှ ၁၉၈၆၊ ဇူလိုင်လ၊ ဇောတိသဝေဒမဂ္ဂဇင်းတွင်လည်း ထိုအချိန်ကိုပင် အသုံးပြုထားကြောင်း ဆရာတင်နိုင်တိုးမှ ဖော်ပြခဲ့ပါသည်။

ထပ်မံ၍ လှူပ်စစ် ဦးအုန်းသင်၊ ပျဉ်းမနား ဦးသန်းမောင်တို့ကလည်း ထိုနံနက် ၅း၃၅ နာရီကို အခြေပြုတွက်ချက်ထားသော ဇာတာကိုပင် အသုံးပြုခဲ့ကြောင်း ဆရာတင်နိုင်တိုးမှ ဖော်ပြထားပါသည်။

ထိုဇာတာကိစ္စတွင် သံသယဝင်စရာ ရှိကြောင်းကိုလည်း ဆရာတင်နိုင်တိုးကပင် အောက်ပါအတိုင်း ရှင်းပြထားပါသည်။

''လက်ရှိတွက်ချက်ထားသော မွေးဖွားချိန်မှာ နံနက်လေးချက်မတီးမီ ဖြစ်သဖြင့် ၅း၃၅ နာရီကို ယူတွက်ကြခြင်း ဖြစ်၏။ လေးချက်တီးဆိုသည်မှာ ရှေး ခေတ်အခါက ဗဟိုရ်စည် ၄ ချက်တီးကို ဆိုလိုသည်ကို မှတ်ယူပါက နံနက် ၆ နာရီမထိုးမီဟု မှတ်ယူခြင်းက သင့်လျော်ပါ သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာကို တွက်ချက်ခဲ့သည့် လမ်း လျှောက် ဗေဒ ဆရာတစ်ဦးက လေး ချက်မတီးမီဟု ရေးသားမှတ်တမ်းတင် ခဲ့ခြင်းမှာ ၄ ပဟိုရ်ကို ဆိုလိုခြင်း မဟုတ် ဟု ဆိုပါသည်။ နတ်မောက်မြို့တွင် ပဟိုရ်စည်လည်းမရှိဘဲ ထိုစဉ်က စက် နာရီကို အသုံးပြုကြောင်း သိရှိရ



မင်္ဂလာအညီ ဂုဏ်သီလနှစ် သက္ကရာဇ်ကား ၁၂၇၆ ခု ဒီယ ၄ ၇၈ ရသ သုဂိယ
မာသ ကုမ်ဂုသီ ဖေါဟာယ မာသ တပေါင်းလဆန်း ၁ ရက် စနေနေ့ သို့ အဝင်
နံက် ၄ ချက်မတီးမှီ အချိန်တွင် ရတနာသုံးပါး ဦးထိပ်ထားလျက် သတို့သား
ကို မာတာမိခင် ဖွားသန့်စင်ဘ ချမ်းသာရသည့် အဖ ဦးဖါ အမိမစု
သားမောင်ထိန်လင်းဟုသည် ဇာတာ အသက် ၁၂၀ ရှည်စေသော်



www.burmeseclassic.com


www.burmeseclassic.com

လေးချက်တီးချိန်မှာ ဘုန်းတော်ကြီး ကျောင်းမှ အုန်းမောင်း လေးချက်ခေါက် ခိုင်သာ ဖြစ်သည်ဟု ဆို၏။ နတ်မောက် မြို့၏ နေထွက်ချိန်မှာ နံနက် ၆း၂၃ နာရီ ဖြစ်ပြီး အချို့က ၆း၁၅ နာရီဖြင့် တွက် ချက်ကြသည်။ နံနက် ၅း၃၅ နာရီမှ ၆း၁၅ နာရီအတွင်း တွက်ချက်ပါက လက်မှ ကောရလဂ်သာ ဖြစ်မည်ဆိုပါသည်။

နံနက် ၄ ချက် မတီးမီကာလမှာ စက်နာရီ ၄ နာရီ မထိုးမီ ဖြစ်သဖြင့် နံနက် ၃း၄၅ နာရီခန့် ယူ၍ တွက်ချက် လျှင် လက်မှ ခနုလဂ်ရရှိမည် ဖြစ်ပါသည်။ စစ်တပ်တွင် စစ်ဗိုလ်ချုပ်ကြီးရာထူးကို ရရှိ သူဖြစ်သောကြောင့် ခနုလဂ်သာ အမှန် ဖြစ်ကြောင်း ဆရာသုခမိန်၏ ရွက်နုဝေ မဂ္ဂဇင်း (၂၀၀၈ ဩဂုတ်)ပါ ဆောင်းပါး အရ သိရှိရပါသည်။"


ဆက်လက်၍ ဆရာတင်နိုင်တိုးမှ ခနုလဂ်ဖြစ်လျှင် အင်္ဂါဂြိုဟ်မှာ ၂ တန့် ဘာဝ မာရကဋ္ဌာန ဖြစ်လာနိုင်ကြောင်း၊ လက်နက်ဖြင့် အန္တရာယ်ရှိနိုင်သော အခြေအနေကို ဖော်ညွှန်းနေကြောင်း ဆက်လက်ဖော်ပြသွားခဲ့ပါသည်။







## နတ်မောက်မြို့၏ တည်နေရာ

ယခုဆောင်းပါးကို ဖတ်သောသူ များအနေဖြင့် ဇာတာကို တွက်ချက်ကြ မည်ဆိုပါက နိုင်ငံတကာ ISO အဖွဲ့ အစည်းမှ ဒေသအလိုက် IP Address ကို သတ်မှတ်သော တည်နေရာဖြင့်ကြည့် လျှင် Natmauk Magway ကို လတ္တီတွဒ် 19.22 လောင်ဂျီတွဒ် 95.60 ဖြင့် ဖော်ပြ ထား၏။ ဒေသမပုံစံဖြင့်ဆိုပါက မြောက် လတ္တီတွဒ် ၁၉း၁၃၊ အရှေ့လောင်ဂျီတွဒ် ၉၅း၂၄ ဖြင့် ဖော်ပြ၏။




| City | Longitude | Latitude | Timezone | DST |
|---|---|---|---|---|
| Natma | 94E32'00 | 22N38'00 | -06:25:12 | 00:00:00 |
| Natma | 96E20'00 | 20N12'00 | -06:25:12 | 00:00:00 |
| Natma Myauk | 96E20'00 | 20N12'00 | -06:25:12 | 00:00:00 |
| Natmauk | 94E52'00 | 19N16'00 | -06:25:12 | 00:00:00 |
| Natmauk | 95E24'00 | 20N20'00 | -06:25:12 | 00:00:00 |
| Natmauk | 95E36'00 | 19N15'00 | -06:25:12 | 00:00:00 |
| Natmaw | 94E14'00 | 18N52'00 | -06:25:12 | 00:00:00 |
| Natmaw | 94E16'00 | 18N37'00 | -06:25:12 | 00:00:00 |
| Natmaw | 94E17'00 | 18N36'00 | -06:25:12 | 00:00:00 |






www.burmeseclassic.com

www.burmeseclassic.com

ဤဇာတာကိုတွက်ရာတွင် မြောက်လတ္တီတွဒ် ၂၀း၂၀၊ အရှေ့လောင်ဂျီတွဒ် ၉၅း၂၄ ဖြင့် တွက်ချက်ထားပါသည်။

ဇာတာကိုမစစ်ခင် လူကို စစ်ကြည့်ပါစို့။

လူပုဂ္ဂိုလ်နှင့် ဘဝဖြစ်ရပ်တို့ကို သိရှိထားပြီးဖြစ်၍ သူ၏ဇာတာ မည်သို့ဖြစ်နိုင်သနည်း။ မည်သည့်အချက်များ ရှိသင့်သနည်းကို နောက်ပြန် ပြန်၍ စစ်ဆေးခြင်းကို post mortem analysis ဟု ခေါ်၏။ တစ်နည်းအားဖြင့် မြန်မာလို ခပ်ရိုင်းရိုင်းပြောပါက 'ပေါက်ဖော်'ဖြစ်၏။

အကျဉ်းချုပ်အနေဖြင့် ဆိုရသော် သီအိုရီတစ်ခု၊ အယူဝါဒတစ်ခု မှန်မမှန် လက်တွေ့ဖြစ်ရပ်များမှ ပြန်လည်သုံးသပ်ခြင်းသည် တစ်နည်းအားဖြင့် Forensic Analysis ဖြစ်၏။ လွန်ခဲ့သောနှစ်များက မိုးရေချိန်၊ အပူချိန်၊ လေဖိအားနှင့် လေတိုက်နှုန်းတို့ကို မှတည်မှီခို၍ နောက်လာမည့်ကာလများအတွက် ကြိုတင်ခန့်မှန်းခြင်းကို Forecasting ဟု ခေါ်ပါသည်။ ဤကိစ္စကိုတော့ 'ပေါက်ဖော်'ဟု မည်သူကမျှ မပြောဘဲ ဗေဒင်သုံးသပ်ချက်များကိုတော့ လူအချို့က 'ပေါက်ဖော်'ဟု သမုတ်ကြ၏။

မူလက ရှုပ်ထွေးနေသော သီအိုရီများကို သုံးသပ်အုပ်စုခွဲ စိစစ်ထားခြင်း မရှိဘဲ နောက်ဖြစ်ရပ်တစ်ခု ကြုံလာလိုက်၊ များစွာသော ဥပဒေသများအနက်မှ တစ်ခုကို ဆွဲယူပြလိုက် လုပ်၍သော်လည်းကောင်း၊ နောက်ထပ် တွက်နည်းစနစ်တစ်ခု ထပ်ထွက်လာလိုက် ဖြစ်နေသော စနစ်ကို 'ပေါက်ဖော်'ဟု ခေါ်ပါ၏။ ဥပမာ ချဲထိုး ၂ လုံး၊ ၃ လုံးတို့တွင် မူလကတည်းက တိကျသော နည်းစနစ်မရှိ၊ ယခုတွက်သော နေ့နှင့် အနီးစပ်ဆုံးများကို တွက်ဖော်မြူလာရှာကြ၏။ လွဲသွားသောအခါ နောက်ခွင်တစ်ခု ပေါ်လာ၏။ ဤသည်ကား 'ပေါက်ဖော်' ဖြစ်၏။

ဤ 'ပေါက်ဖော်'ဆိုသော အသုံးအနှုန်းနှင့် ပတ်သက်၍ မကြာခင် သီးသန့်ဆောင်းပါးတစ်ပုဒ် ရေးပါမည်။

ပထမဦးစွာ ...

ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၃၂ နှစ်အရွယ် လုပ်ကြံခံရချိန်အထိ နိုင်ငံတော်တွင် အမြင့်ဆုံးတာဝန်များကို ထမ်းဆောင်သွား၏။ လူကြီး၊ လူငယ်၊ လူလတ်များက ကြည်ညိုလေးစားခြင်း ခံရသော အလွန်ထင်ရှားခဲ့သည့် ခေါင်းဆောင်ဖြစ်သည်သာမက အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နေရူးအနေဖြင့် နောင်တွင် အာရှနိုင်ငံခေါင်းဆောင်ဖြစ်လာမည့် လူငယ်တစ်ဦးဟု အားကိုးခဲ့၏။

ဤသည်မှာ တနင်္ဂနွေဂြိုဟ် အင်အားမကောင်းဘဲနှင့် မဖြစ်နိုင်သော အချက်တစ်ခုဖြစ်၏။

ဒုတိယ အနေဖြင့် ...

ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်စာကို ၅ တန်းကျမှ စတင်သင်ကြားရသော၊ ကျောင်းတွင် အင်္ဂလိပ်လိုမပြောရသော အမျိုးသားကျောင်းထွက် ဖြစ်၏။ သို့သော် သူ၏အင်္ဂလိပ်စာသည် ဘိုကျောင်းထွက်များထက် သာ၏။ သူ၏အပါးတော်မြဲဖြစ်သူ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း)ကပင် ဗိုလ်အောင်ဆန်း၏ အင်္ဂလိပ်စာနှင့် စကားကို လေးစားရ၏။ ဤအချက်သည် ဉာဏ်ရည်၊ စကားပြောနိုင်မှု၊ ဘာသာစကားတို့ကို ကိုယ်စားပြုသော ဗုဒ္ဓဟူးဂြိုဟ် အင်အားကောင်းရမည်ဆိုသော အချက်ကို ဖေါ်ပြနေ၏။

တတိယအနေဖြင့် ...

နိုင်ငံတော်ကာကွယ်ရေးဝန်ကြီးတာဝန်၊ စစ်သေနာပတိချုပ် တာဝန်များ ယူခဲ့ရသူတစ်ဦးအနေဖြင့် စစ်နှင့်သက်ဆိုင်သော အင်္ဂါဂြိုဟ် အားကောင်းရမည်ကို ဗေဒင်သမားတိုင်းသိ၏။ ဗိုလ်ချုပ်အောင်ဆန်း၏ဇာတာတွင် အင်္ဂါဂြိုဟ် ဉစ်ရသောကြောင့် စစ်ဗိုလ်ဖြစ်ရသည်ဟု ပြောနိုင်သော်လည်း အင်္ဂါဂြိုဟ်သည် ၁၉၁၅ ခုတွင် ဇန်နဝါရီလ ၂၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ မကာရရာသီတွင် ရပ်၏။ ထိုကာလအတွင်း မွေးသောသူများအားလုံး အင်္ဂါဂြိုဟ် ဉစ်ရကြမည်သာဖြစ်၏။ အခြားသူများရော စစ်ဗိုလ်ချုပ်များ ဖြစ်ပါ၏လော။

ဉစ်ရခြင်းသည် အားကောင်းစေသော အချက်များစွာအနက်မှ တစ်ချက်ဖြစ်သော်လည်း အခြားအချက် များစွာရှိ သေး၏။ အချို့တွင် ဉစ် ၃ ခု၊ ၄ ခု စသည်ဖြင့် ရထားကြသော်လည်း ဇာတာတစ်ကိုင်းကိုင်းနှင့် တစ်သက်လုံး ချာလပတ်လည်နေကြရ၏။ ဉစ်တစ်ခုမှ မရသော ဘီလျံနာသူဌေးများ၊ မီလျံနာသူဌေးများ၊ နိုင်ငံ့ခေါင်းဆောင် များစွာရှိ၏။ ထို့ကြောင့် အင်္ဂါ ဉစ်ရရုံသက်သက်မျှမဟုတ်ဘဲ အင်အားကောင်းသောအနေအထားတွင် ရှိရမည်ကို နားလည်ထားရန် လိုအပ်၏။

စတုတ္ထအနေဖြင့် ...

အသက်တိုရခြင်းနှင့် သူတစ်ပါးလက်ချက်ဖြင့် သေဆုံးရခြင်း ဖြစ်၏။ အသက်ကိုစောင့်ရှောက်သော စနေအနေဖြင့် အင်အားနည်းခြင်း၊ ဂြိုဟ်ဆိုးများ၏ လွှမ်းမိုးခံရခြင်းတို့သည်လည်းကောင်း၊ အသေဆိုးနှင့်ဆိုင်သော မရဏဘာဝ(၈ တန့်၏ မူလတြိဂေါဏအိမ်ရှင်)သခင် သို့မဟုတ် မရဏဘာဝ (၈တန့်ဘာဝ)ထိခိုက်ပျက်စီးနေမှုတို့သည် ဖြစ်တန်ချေတို့ ဖြစ်၏။

နက္ခတ်ပညာရှင်တို့ အနေဖြင့် ယခုကဲ့သို့ Post morten analysis 'ပေါက်ဖော်'ဇာတာကို စစ်မည်ဆိုပါလျှင် ဖြစ်နိုင်သော သဲလွန်စအားလုံးတို့ကို စုပေါင်း၍ Integrated and Comprehensive Approach မှသာ လေ့လာမှသာ အဖြေမှန်နှင့် နီးစပ်နိုင်မည် ဖြစ်ပါ၏။ အားလုံးတို့ကို စုစည်း၍ forensis စိစစ်လေ့လာကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com

## အများလက်ခံထားကြသော ၅း၃၅ မိနစ် မွေးချိန်ကို ဆန်းစစ်ခြင်း

အောက်ပါဇာတာသည် အများလက်ခံထားကြသော မနက် ၅း၃၅ ကို မူတည်၍ တွက်ချက်ထားသော ဇာတာဖြစ်ပါသည်။ ဤဇာတာအရ ဗိုလ်ချုပ်အောင်ဆန်းသည် မကာရလဂ်–မကာရဆန်းဖြစ်၏။ သရဝဏ်နက္ခတ်နှင့် ဆန်းယှဉ်၏။

ထိုဇာတာကို မိုးတား MOTAA စနစ်အရ ဂြိုဟ်နှင့်ဘာဝတို့၏ အင်အားများကို စစ်ဆေးကြည့်သောအခါ မြင်တွေ့ရပုံကို အောက်ဂရပ်ဖပ်များတွင် ဖော်ပြထား၏။

မိုးတားဂရပ်များ တွက်ချက်တည်ဆောက်ထားပုံကို အသေးစိတ် သိလိုပါက မိုးတားသင်ခန်းစာ ၆ နှင့် ၇ တို့တွင် လေ့လာနိုင်ပါသည်။

ဖော်ပြပါဇာတာမှ ထွက်ပေါ်လာသော ဂြိုဟ်တို့၏ အင်အားကို ကြည့်လိုက်ရုံမျှဖြင့်ပင် ဤဇာတာသည် နိုင်ငံ့ခေါင်းဆောင် ဖြစ်ရန်အသာထား။ ရပ်ကွက်ကျေးရွာခေါင်းဆောင်အဆင့်ပင် မဖြစ်နိုင်သော ဇာတာဖြစ်နေပါ၏။ တနလာ်နှင့် အင်္ဂါ အားကောင်းသည်မှအပ အောင်မြင်ခြင်း ခေါင်းဆောင်တစ်ဦး၏ ထက်မြက်သော အရည်အချင်း၊ ဦးဆောင်နိုင်စွမ်းကို ဖြစ်စေသော တနင်္ဂနွေဂြိုဟ်သည် လွန်စွာ အားနည်းနေ၏။ စကားပြောခြင်း၊ စာရေးခြင်းတို့ကို ကိုယ်စားပြုသော ဗုဒ္ဓဟူးသည် လွန်စွာ အားနည်းနေ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာလိုရော အင်္ဂလိပ်လိုပါ လွန်စွာ စကားပြောကောင်းသူ ဖြစ်၏။ စာရေးကောင်းသူ၊ စာရေးဆရာဖြစ်လိုသူ ဖြစ်၏။

အတန်းပညာကို ကိုယ်စားပြုသော ၅ တန့်ဘာဝနှင့် အကွေးအခေါ်ပညာပိုင်းကို တာဝန်ယူသော ၉ တန့်ဘာဝသည် လွန်စွာ အားနည်းနေ၏။ ဤအတိုင်းဆိုပါက Formal Education ဖြစ်သော တက္ကသိုလ်ပညာကို သင်ကြားနိုင်စရာမရှိ၊ ၅ တန့်၊ ၉ တန့်များ ပျက်စီးနေခြင်း၊ ဗုဒ္ဓဟူး အင်အားနည်းနေခြင်းတို့သည် အသိပညာရော၊ အတတ်ပညာကိုပါ တတ်မြောက်သော အနေအထားသို့ မရောက်လာနိုင်။


တနင်္ဂနွေဂြိုဟ် မည်သို့မည်ပုံ အားနည်းသွားပုံကို မိုးတား MOTAA အဖွဲ့ဝင်များ အနေဖြင့် နားလည်ကြမည်ဖြစ်သော်လည်း မိုးတား MOTAA ပညာနှင့် မရင်းနှီးသူများအတွက် အကျဉ်းချုပ် ရှင်းပြပေးပါမည်။

ပထမဦးစွာ တနင်္ဂနွေသည် ရန်အိမ်တွင်နေ၏။ ၈ တန့်ဘာဝ မူလတြိဂေါဏ ရာသီအိမ်ရှင် (သခင်)ဖြစ်၍ ၂ တန့်ဘာဝတွင် တည်၏။

၁၂ တန့်ဘာဝ သခင်ဖြစ်သော (မူလတြိဂေါဏအိမ်ရှင်) ကြာသပတေးသည် (မှတ်ချက်–မိုးတားသည် မူလတြိဂေါဏအိမ်ရှင်ကိုသာ အဓိကထား၍ ဂြိုဟ်ကောင်း၊ ဂြိုဟ်ဆိုး သတ်မှတ်ပါသည်။) တနင်္ဂနွေပိုင်ဆိုင်ရာ ၈ တန့်ဘာဝ၏ အလယ်ချက်မှတ် သိဟ် ၁၁း ဝ၆ အား အလွန်နီးကပ်သော သမသတ်အမြင်ဖြင့် (လွှမ်းမိုးမှု ၉၄%ရှိသည်) လွှမ်းမိုးဖျက်ဆီးထား၍ တနင်္ဂနွေရပ်တည်ရာ ၂ တန့်ဘာဝ၏ အလယ်ချက်မှတ် (ကုမ် ၁၁း၀၆)အားလည်း အဖျက်စွမ်းအား ၉၄% ဖြင့်ပင် လွှမ်းမိုးဖျက်ဆီးထား၏။ ဤအချက်သည် တနင်္ဂနွေ အင်အားနည်းသွားရခြင်း၏ အဓိကအကြောင်းရင်း ဖြစ်၏။

တနင်္ဂနွေ ရပ်တည်ရာ အိမ်ရှင်ဖြစ်သော စနေသည် အားနည်းနေခြင်းကြောင့် တနင်္ဂနွေသည် ထပ်မံအားနည်းသွား၏။

အဆိုးဆုံးအနေဖြင့်မှုကား တနင်္ဂနွေရပ်တည်ရာ ကုမ် ဝ၀း၂၉ နေရာနှင့်






| | | |
|---|---|---|
| လဂ္ဂဏ | 281.10 | မကာရ:11:6 |
| တနင်္ဂနွေ | 300.50 | ကုမ်:0:30 |
| တနင်္လာ | 285.26 | မကာရ:15:15 |
| အင်္ဂါ | 288.03 | မကာရ:18:2 |
| ဗုဒ္ဓဟူး | 315.44 | ကုမ်:15:27 |
| ကြာသပတေး | 309.45 | ကုမ်:9:27 |
| သောကြာ | 253.80 | ဓနု:13:48 |
| စနေ | 62.86 | မေထုန်:2:51 |
| ရာဟု | 303.83 | ကုမ်:3:50 |
| ကိတ် | 123.83 | သိဟ်:3:50 |
| ယူရေးနပ်စ် | 289.62 | မကာရ:19:37 |
| နက်ပကျွန်း | 95.74 | ကရကဋ်:5:45 |
| ပလူတို | 67.65 | မေထုန်:7:39 |



www.burmeseclassic.com

www.burmeseclassic.com




| ဂြိုဟ် | (၁-၁) | (၁-၂) | (၁-၃) | (၁-၄) | [illegible] | (၁-၆) | (၁-၇) | (၁-၈) | (၁) | (၂) | (၃) | (၄) | (၅) | (၅) | (၆) | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | 0.0% | 0.0% | 0.0% | 0.0% | | 0.0% | 0.1% | 0.0% | 0.0% | 5.5% | 0.0% | 27% | 27% | 48% | 46% | 47% |
| တနင်္လာ | 0.0% | 0.0% | 0.0% | 0.0% | | -25.0% | 49.9% | 0.0% | 25.0% | 34.9% | 0.0% | 70% | 70% | 200% | 46% | 77% |
| အင်္ဂါ | 0.0% | 0.0% | 82.3% | 0.0% | | -20.6% | 41.2% | 0.0% | 102.9% | 19.4% | -4.5% | 0% | 70% | 188% | 46% | 71% |
| ဗုဒ္ဓဟူး | 0.0% | 0.0% | 0.0% | 0.0% | မိတ် | 24.9% | 49.8% | 19.9% | 94.6% | 33.8% | 0.0% | 0% | 27% | 102% | 46% | 28% |
| ကြာသပတေး | 0.0% | 0.0% | 0.0% | 0.0% | - | 0.0% | 26.9% | 0.0% | 26.9% | 47.1% | -2.7% | 86% | 27% | 132% | 46% | 43% |
| သောကြာ | 0.0% | 0.0% | 0.0% | 0.0% | | -24.2% | 48.3% | 0.0% | 24.2% | -42.8% | 0.0% | 96% | 86% | 27% | 132% | 52% |
| စနေ | 0.0% | 0.0% | 0.0% | 0.0% | - | 0.0% | 2.3% | 0.0% | 2.3% | -13.4% | 0.0% | 27% | [illegible] | 46% | 102% | 28% |
| ရာဟု | | | | | | | | | 0.0% | 17.8% | | 0% | 27% | [illegible] | 46% | 28% |
| ကိတ် | | | | | | | | | 0.0% | -17.8% | | 0% | 27% | [illegible] | 46% | 46% |

ရာဟုရပ်တည်ရာ ကုမ် ၃း၅၀ ဖြင့် အံသာ ခြင်း လွန်စွာတည်ကပ်၍ ဖျက်ဆီးထား ခြင်းကို ခံရခြင်း။ ကိတ်သည် သိဟ် ၃း၅၀ တွင်တည်၍ တနင်္ဂနွေအား သမသတ် ဖြင့် ထပ်မံဖျက်ဆီးခြင်းဖြင့် ဂြိုဟ်ဆိုး များ၏ လွှမ်းမိုးမှု (–) ၁၅၈ % ရထားခြင်း ဖြစ်၏။

အနည်းငယ်သာ လွှမ်းမိုးမှုအနေ ဖြင့် ကိတ်သည် တနင်္ဂနွေ၏ သခင်ဖြစ်ရာ သိဟ်ရာသီတွင်ရပ်တန့်ခြင်းဖြင့် တနင်္ဂနွေ အားချည့်နဲ့စေသည်သာမက တနင်္ဂနွေရပ် တည်ရာ ၂ တန့်ဘာဝ အလယ်ချက်ပေါ် တွင်ပါ သမသတ်အမြင်ဖြင့် ဆက်လွှမ်း ထားခြင်းဖြင့် တနင်္ဂနွေအား ထပ်မံအား နည်းစေ၏။ (အံသာသည် ၂ တန့် အလယ်မှ ဝေးကွာသဖြင့် လွှမ်းမိုးမှုနည် ပါးသည်။)

၁၂ တန့်သခင် ရာဟုနှင့် ကိတ်တို့ ၏ ပူးပေါင်းလွှမ်းမိုးမှုတို့ကို ရရှိထားသေ တနင်္ဂနွေအနေဖြင့် နာလန်ထူစရာ မရှိ ခြင်းသည် ခေါင်းဆောင်တစ်ဦး ဖြစ်လာ မည့် အနေအထားမဟုတ်သည်ကို ပြသ နေပါသည်။

**ဘွားဇာတာ**

| ဂြိုဟ် | တည်နေရာ | ဘာဝ၏ သခင် | တည်နေရာ | မူလအင် အား | ဂြိုဟ်ဆိုး( မူလ) | ဂြိုဟ်ကောင်း( မူလ) |
|---|---|---|---|---|---|---|
| လဂ္ဂဏ | | | | | | |
| တနင်္ဂနွေ | ရန် | H8 | H2 | -47% | -158% | 0% |
| တနင်္လာ | ရန် | H7 | H1 | 77% | 0% | 85% |
| အင်္ဂါ | ဥစ် | H4 | H1 | 71% | 0% | 85% |
| ဗုဒ္ဓဟူး | မိတ် | H9 | H2 | 28% | 0% | 0% |
| ကြာသပတေး | - | H12 | H2 | 43% | 0% | 0% |
| သောကြာ | ရန် | H10 | H12 | 52% | 0% | 0% |
| စနေ | - | H2 | H6 | 28% | -98% | 0% |
| ရာဟု | 0 | - | H2 | -28% | -179% | 0% |
| ကိတ် | 0 | - | H8 | -46% | -179% | 98% |


## ၅း၃၅ မိနစ် မွေးချိန်အတွက် ဒသာကို ဆန်းစစ်ခြင်း


ဖြစ်ရပ်သိပြီးသာ ဇာတာတစ်စောင် ကို စစ်ဆေးရာတွင် ဒသာအနေအထား ကောဇာအနေအထားတို့ဖြင့်ပါ တိုက်ဆိုင် စစ်ဆေးရမည် ဖြစ်ပါသည်။

ဤဇာတာအတိုင်းဆိုပါက ဇာတာ ရှင်အနေဖြင့် တနင်္လာထုလ၊ ကြာသ တေး အန္တရ၊ တနင်္လာ ပြတ္တရတွင် ပွ မြင်ခဲ့၍ သေဆုံးချိန်တွင် ကြာသပတေး



www.burmeseclassic.com




ဆူလ၊ ကြာသပတေး အန္တရ၊ သောကြာ ပြတန္တရ ဒသသာစားနေပါသည်။

ပုံတွင်ဖော်ပြထားသည်မှာ ဤမွေး ချိန်အတိုင်း တွက်ချက်ပါက ဗိုလ်ချုပ် အောင်ဆန်း၏ ကံကြမ္မာအနိမ့်အမြင့်ကို ဖော်ပြနေသော ဂရပ်ဖ်ဖြစ်ပါသည်။ ဂရပ်တွင် ဖော်ပြထားသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌ၊ ဒို့ဗမာ အစည်းအရုံးတို့တွင် ထင်ရှား အောင်မြင်သော ကာလကို ဂရပ်ဖ်မှ အနိမ့်ဆုံး အနေအထားဖြင့် ဖော်ပြနေ၏။ မည်သည့် ထင်ရှားအောင်မြင်မှုမှ မရှိသေးသော ၁၂ နှစ်၊ ၁၃ နှစ်ကာလတွင် အအောင်မြင်ဆုံး အနေအထား ပြနေ၏။ ဤသည်မှာလည်း မွေးချိန် ၅း၃၅ အတွက် သံသယဖြစ်ဘွယ်ကောင်းသော အချက် ဖြစ်ပါ၏။

*(ဆက်လက်ဖော်ပြပါမည်။)*

**ဈေးမာန်(မိုးတား)**



www.burmeseclassic.com

www.burmeseclassic.com

# ရှုမ်ခန္ဓာကို ပရမတ်ဖြင့် ရှုမှတ်ခြင်း

■ မဟာထွန်း

သုဂတိဘုံ၌ လူ့,နတ်,ဗြဟ္မာ ဟူ၍ သုံးမျိုးကွဲပြား၏။ လူထက် နတ်က စည်းစိမ်သာပြီး နတ်ထက် ဗြဟ္မာက ပို၍စည်းစိမ်သာသည်ဟု မြတ်စွာဘုရားရှင် ဟောတော်မူသည်။ သို့သော်လည်း နတ်ဖြစ်ရန် ခဲယဉ်းသည်၊ သိကြားဖြစ်ရန် ခက်သည်၊ ဗြဟ္မာဖြစ်ရန် မလွယ်ဟူ၍ကား မြတ်စွာဘုရားရှင် ဟောတော်မမူခဲ့ပေ။

မနုဿတ္တဘာဝေါ ဒုလ္လဘော ဟူ၍သာ ဟောတော်မူသည်။ ဤသည်ကို ထောက်၍ သိရသောကြောင့် လူ့ဘဝရခဲကြောင်း ထင်ရှား၏။ သုဂတိဘုံသားတို့တွင် စည်းစိမ်အားဖြင့် မများသော်လည်း တန်ဖိုးအားဖြင့် မြင့်၍နေ၏။ သို့ဆိုလျှင် တန်ဖိုးမြင့်သည့်အကြောင်းကို ရှာဖွေ၍ သိထားသင့်၏။

ဗြဟ္မာဖြစ်ရခြင်းသည် ဈာန်ပီတိကြောင့် ဖြစ်၏။ လူဖြစ်စဉ်က ဈာန်ပီတိတရားကို လုံလောက်စွာဖြင့် ပွားများသွား၍ သေသောကာလ၌ ဗြဟ္မာဘုံတွင် ဖြစ်၏။ ရသင့်ရထားသော ဗြဟ္မာစည်းစိမ်ကို ခံစားရ၏။

နတ်ဖြစ်ရခြင်းသည် ဒါန၊ သီလ စသော ကမ္မပဋ္ဌတရားတို့ကြောင့် ဖြစ်၏။ လူဖြစ်စဉ်က ဒါန၊ သီလတရားတို့ကို လုံလောက်စွာဖြင့် ပွားစီးစုဆောင်းသွားသောကြောင့် သေသောနောက်ကာလ၌ နတ်ဘုံတွင် ဖြစ်ပြီး နတ်တို့စည်းစိမ်ကို ခံစားရ၏။

ဤသို့သိနိုင်သဖြင့် လူ့ဘဝကသာလျှင် လိုအပ်သော ပါရမီတို့ကို စုဆောင်း၍ နတ်၊ ဗြဟ္မာဘဝတို့သို့ သွားကြရကြောင်း ဆင်သွားသော လမ်းကဲ့သို့ ထင်ရှားလေ၏။ မြင်သာထင်သာလည်း ရှိလေ၏။ လူသည် သုဂတိဘဝ ထိုထိုသို့ သွားရာလမ်းကြောင်း။ လမ်းကောင်းကြီးဖြစ်သည်မှာလည်း လင်းရှင်းလေသည်။

ဤသည်မှာ လူ့ဘဝမှ ပြုစွမ်းဖြည့်ကျင့်၍ ရအပ်သော လာဘ်တို့တွင် အယုတ်ဆုံး၊ အနိမ့်ဆုံးမျှသာ ရှိသေး၏။ လောကီမလွတ်သော၊ ဘဝစာ၊ သံသရာစာမျှသာလည်း ရှိ၏။ ရန်သူဘေးကြမ်းကြီးများ ခြံရံနေသော ဘဝများသာလျှင် ဖြစ်၏။ မြတ်စွာဘုရား ချီးမွမ်းတော်မူသော အရာ(ဘဝ)မျိုးလည်း မဟုတ်။

မချီးမွမ်းရုံသာမက ရခဲလှသော လူ့ဘဝမှ နတ်လောက၊ ဗြဟ္မာလောကကိုမျှသာ တောင့်တ၍ ဖြည့်ကျင့်လျှင်ကား ရှုတ်ချကဲ့ရဲ့တော်ပင် မူလေသေး၏။ ဘဝအားလုံးတို့တွင် လူ့ဘဝတစ်ခုတည်းကိုသာ မြတ်စွာဘုရား ချီးမွမ်းတော်မူခြင်း ဖြစ်၏။ ပါရမီဖြည့်ကျင့်ရာတွင် သာလွန်သောကြောင့်လည်း လူ့ဘဝကို ချီးမွမ်းတော်မူခြင်း ဖြစ်၏။

ပါရမီဖြည့်သည်ဆိုခြင်းမှာ အလုပ်လုပ်ခြင်းကိုပင် ဆို၏။ အလုပ်ဟူသည်မှာလည်း ကုသိုလ်အလုပ်၊ အကုသိုလ်အလုပ်ဟူ၍ နှစ်မျိုးပြားလျက်ရှိရာ အကုသိုလ်ကို လုပ်လျှင် အပါယ်လေးပါးသို့ သွားရပြီး၊ ကုသိုလ်ကိုလုပ်လျှင် သုဂတိ လူနတ်ဗြဟ္မာဘုံသို့ သွားရ၏။ ဤသည်မှာ မဖောက်ပြားသော အမှန်တရားကြီးပင် ဖြစ်၏။

သို့သော်လည်း ကောင်းသောအလုပ်တရား၌ လူသားတို့အဖို့ ထိုထက်အဆင့်မြင့်ရန် ကျန်ရှိနေသေး၏။ ပစ္စုပ္ပန်အခါသည် ဗုဒ္ဓခေတ်ဖြစ်သောကြောင့် နိဗ္ဗာန်နှင့်စပ်သော ပရမတ်တရားတို့သည် မိမိတို့၏ လက်ဝယ်တွင်ပင် ရှိနေ၏။ တရားရရှိရန်၊ သောတာပန်ဖြစ်ရန်ကား အဝေးကြီးမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဤစာရေးသူသည် ဗုဒ္ဓ၏ ဓမ္မစည်ကြီးကို တီးခတ်ပြီး၊ အနီးပရိသတ်ကိုလည်းကောင်း၊ အဝေးပရိသတ်ကိုလည်းကောင်း ကိုယ်တိုင်ဖြင့်၊ စာပေဖြင့် အလျဉ်းသင့်သလို တီးခတ်နှိုးဆော်၏။ ထိုက်သင့်သလောက်တော့ရ၏။ မရနိုင်သည်ကား ဒုနင့်ဒေး ဆိုဘသို့ ရှိလေ၏။

နီးသောသူများကို သွေးထိုး၍ မေးစမ်းကြည့်ရာ "ငါတို့ကား အိမ်ထောင်ညွှတ်ကွင်း နင်းမိထား၍ တရားအလုပ်ကို မလုပ်နိုင်"ဟု ပြန်ပက်၏။ ဟုတ်သင့်သလောက်ဟုတ်သယောင်ရှိသော်လည်း အခြေအမြစ်သည်ကား ကင်းလျက်သာ ဖြစ်ချေ၏။

ဗုဒ္ဓခေတ်အခါက သာဝတ္ထိ၊ ရာဇဂြိုဟ် စသောတိုင်းပြည်၊ နိုင်ငံများတွင် ရဟန်းအရိယာထက် သောတာပန်၊ သကဒါဂါမ် စသော လူအရိယာများတို့ သာ၍များပြား၏။ ထိုလူအရိယာတို့သည် ယာထွန်၊ လယ်လုပ်၊ ရောင်းဝယ်ဖောက်ကား ကုန်ကစားသူများချည်းသာ ဖြစ်ကြ၏။

တောထဲတောင်ထဲ၊ ကျောင်းထဲ၊ ဂူထဲ၊ သင်္ချိုင်းကုန်းထဲများတွင် တောရဓမ္မ ဆောက်တည်နေသူများ မဟုတ်ကြ။ အိမ်ထောင်ညွှတ်ကွင်းကို နင်းမိနေကြသူများချည်းသာ ဖြစ်ကြ၏။ တစ်နေကုန် စီးပွားရေးအလုပ်များကို လုပ်ကိုင်ပြီး၊ ညနေသို့ရောက်သောအခါ/အချိန်ကလေးရသောအခါ တရားဓမ္မကို နာယူကြ၊ ပွားများကြ၏။ ထိုမျှနှင့်ပင် သောတာပန်၊ သကဒါဂါမ်များ ဖြစ်ကုန်ကြ၏။

သာမန်လူတို့ထက် အလုပ်များသော ဗိမ္ဗိသာရဘုရင်၊ သူဌေးကြီးအနာထပိဏ်၊ ၎င်း၏သားတစ်ယောက်နှင့် သမီးနှစ်ယောက်၊ ကျောင်းအမကြီး ဝိသာခါ စသူတို့သည် ထိုထက်များပြားသော၊ မရေမတွက်နိုင်သောသူတို့သည် တောထဲတောင်ထဲ၊ ဂူကျောင်းထဲ၊ သင်္ချိုင်းကုန်းထဲသို့ဝင်၍ တရားအားထုတ်ကြသူများ မဟုတ်ကြ။ အချိန်နှင့် အခါအားလျော်စွာ တရားတော်ကို နာကြား၍ ရှုမှတ်ပွားများ၍ သောတာပန်၊ သကဒါဂါမ်များ ဖြစ်သွားကြခြင်းဖြစ်၏။

ထို့ကြောင့် သောတာပန်၊ သကဒါဂါမ်ဖြစ်ရန်မှာ ဆိပ်ပြီးအဝေးကြီးမဟုတ်သလို၊ အခက်ကြီးလည်းမဟုတ်ပေ။ တရားမခက်၊ လူခက်သည် ဆိုဘိသို့သာ ဖြစ်၏။ တရားသည်ကား လက်တစ်ကမ်းမှာ ရှိနေ၏။ လက်တစ်ကမ်းမှာရှိနေသော တရားကို ရအောင်မလုပ်လျှင် တရားခက်သည်ဟု မဆိုရဘဲ လူခက်သည်ဟူ၍သာ ဆိုရ၏။

လူသည် အလုပ်သမားဖြစ်၏။ အလုပ်လုပ်မှ စားရ၊ ဝယ်ရ၏။ နတ်နှင့် ဗြဟ္မာတို့သည်ကား အလုပ်မလုပ်ဘဲ စားရ၊ ဝတ်ရ၏။ နတ်နှင့် ဗြဟ္မာတို့သည် ကံနှင့်နတ်ဗြဟ္မာဖြစ်လာကြပြီး နတ်သက်၊ ဗြဟ္မာသက်ကုန်သည်အထိ ကံ၏အကျိုးကို စည်းစိမ်အပြည့်ဖြင့် ခံစားကြ၏။ လူသည်ကား ဘဝကိုရလာသည်မှ ဉာဏ်သွင်းပြီး အလုပ်လုပ်မှသာ စားရ၊ ဝတ်ရ၏။

ထို့ကြောင့် လူသည် အလုပ်သမားစစ်စစ်ဖြစ်၏။ အလုပ်လုပ်သလောက် ခံစားခွင့်ကို ကျယ်ကျယ်ပြန့်ပြန့်ရရှိကြ၏။ အလုပ်မလုပ်သောနေ့သည် ခံစားခွင့်ဆုံးရှုံး၏။ အရစ်ကျလည်း တုံ့ပြန်း၏။ အစားထိုး၍မရ၊ အလုပ်လုပ်သလောက်လည်း အကျိုးအမြတ်ကြီး၏၊ မည်သည့်သတ္တဝါနှင့်မျှ မတူအောင် ရလာဘ်မြင့်၏။

တစ်ဘုံတည်းနေထိုင်ကြသော်လည်း ဘဝအကျိုးပေး အဆင့်နိမ့်သည့် တိရစ္ဆာန်နှင့် ပြိတ္တာ၊ အသူရကာယ်တို့မှာ စားရရေးအတွက် တစ်ခုတည်းကိုပင် နေထွက်မှ နေဝင်သည်အထိ ရှန်းကန်လှုပ်ရှားကြရ၏။ တစ်နေကုန်ရှန်းကန်လှုပ်ရှား ရှာဖွေစားသောက်၍ပင် တစ်ဝမ်းမပြည့်။ တစ်ဘဝကို တစ်ဝမ်းကိစ္စဖြင့်ပင် အဆုံးသတ်သွားကြရ၏။

လူသည်ကား တစ်ဝမ်းမှသည် တစ်ဘဝ၊ တစ်သံသရာတိုင်အောင် အလုပ်လုပ်၍ရ၏။ နည်းသောကုသိုလ်သည်ပင် များသောအကျိုးကို ပေး၏။ မြတ်သောဘုံဘဝထူးကို ရရှိပိုင်ဆိုင်ထားသောကြောင့် ရလဒ်သည်လည်း ကြီး၏။ သံသရာတစ်လျှောက်၌ ဘဝများခဲ့၍ ကျူးလွန်ခဲ့သော အကုသိုလ်တို့သည် ပင်လယ်ဝေနေသော်လည်း ကုသိုလ်တည်းဟူသော လှေယာ်ဖြင့် ဖြတ်နိုင်ကြောင်းကို မိလိန္ဒပညှာက ထောက်ခံ၏။

မိလိန္ဒပညှာသည် ပိဋကတ်တော်၏ ခက်ဆစ်ကြီးဖြစ်၏။ ဘုရားရှင်၏ ပိဋကတ်ခက်ဆစ်ကြီးများကို အကွက်ကျကျ ဖြေဆိုထားသည်မှာ ဤကျမ်းတစ်ကျမ်းတည်းဟု



www.burmeseclassic.com

www.burmeseclassic.com

ပညာရှိတို့ ဆိုကုန်၏။ ပင်လယ်ကဲ့သို့ ဉာဏ်ကျယ်သော မိလိန္ဒမင်းကြီး၏ ပိဋကတ်ခက်ဆစ် အမေးပုစ္ဆာများကို သမုဒ္ဒရာထက် ပညာဉာဏ်ကျယ်သော အရှင်မဟာနာဂသေနက ဖြေဆိုထား၏။

ဤစာရေးသူတို့လို ဉာဏ်ပညာသေးငယ်သော ပုဂ္ဂိုလ်များအဖို့ တန်ဖိုးမဖြတ်နိုင်သော ရတနာဥစ္စာထုပ်ကြီးသဖွယ် ဖြစ်ရ၏။ ထုတ်သုံး၊ နုတ်ကိုး၍ မကုန်သည် အထိလည်း ကျယ်ပြန့်၏။ လက်တစ်ဆုံးနှိုက်လေ တွေ့လေဖြစ်၏။ အကာမှ အနှစ်ကိုရာရခြင်းမျိုးမဟုတ်ဘဲ အနှစ်မှသာ ရကိုရရှိခြင်းမျိုးဖြစ်၏။

လူဖြစ်လာရခြင်းသည် အလုပ်လုပ်ရန်အတွက်ဟု ဆိုခဲ့ပြီ။ ထို့ကြောင့် လူသည် စာမေးပွဲဖြေဆိုရန် လေ့ကျင့်ခန်းသွင်းသော ကျောင်းသူကျောင်းသားများနှင့်တူ၏။ လေ့ကျင့်ခန်းသွင်းထားလျက်နှင့် လေ့ကျင့်ခန်းမလုပ်လျှင် စာမေးပွဲကျရန် သေချာနေ၏။ ဤသည်မှာ ဥပမာဖြစ်၏။

ဥပမေယျကား လောကစာမေးပွဲကျလျှင် စာမတတ်ရုံသာ ရှိ၏။ စာမတတ်လျှင် ပညာပါသော အလုပ်ကို မရရုံသာ ရှိ၏။ ပညာပါသောအလုပ်ကို မရလျှင် ကာယလုပ်အားဖြင့် ဘဝကို ထူထောင်၍ ရနိုင်သေး၏။ အဆုံးစွန်သို့ကား မရောက်သေးပေ။ အဖတ်ဆယ်၍ ရနိုင်သော ကာလသည် များစွာပင် ကျန်ရှိနေသေး၏။

သံသရာစာမေးပွဲ ကျလျှင်ကား အဖတ်ဆယ်၍ မရနိုင်တော့ပေ။ ယုတ်နိမ့်သောဘဝကို တစ်ကြိမ်ကျရောက်သွားလျှင် မြင့်မြတ်သောဘဝကို ပြန်ရရန် များစွာခဲယဉ်းသွားလေ၏။ ကျောက်ခဲသည် ရေ၌ပေါ်ရန် အကြောင်းမခံဘဲ ကြာလေနစ်လေ သဘောကိုသာ ဆောင်လေသည်။ အထူးသတိထားကြလေ သူတော်ကောင်းတွေတို့ . .။

ယခုကာလသည်ကား အချိန်ကောင်း၊ အခါကောင်းကြီးပင် ဖြစ်၏။ လွတ်မြောက်ကြောင်းတရားတို့ကို အလိုရှိသလောက် သောက်သုံးနိုင်၏။ အိမ်နေသားမွေး၊ ရောင်းဝယ်ဖောက်ကား ကုန်ကစားရင်းဖြစ်ပင် မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိအောင် လုပ်ယူနိုင်ကြ၏။ မိမိတို့၏ လက်တစ်ကမ်းတွင် မဂ်တရား ဖိုလ်တရားရှိနေ၏။

ဤသို့ဆိုခြင်းဖြင့် နားမလည်ဘဲရှိကောင်းရှိတတ်ကြမည့် ဓမ္မယောဂီများအား သောတာပန်ဖြစ်ရန် အင်္ဂါလေးချက်ကို ထုတ်ပြဦးမည်။

စတ္တာရိ သောတာပတ္တိယင်္ဂါနိ၊

ကတမောစတ္တာရော၊

၁။ သမ္ပုရိသသံသေဝေါ၊

၂။ သဒ္ဓမ္မသဝနံ၊

၃။ ယောနိသောမနသိကာရော၊

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ။

**စကားပြေ . .**

၁။ ရုပ်နာမ်ခန္ဓာတရားတို့ကို ပညတ်/ပရမတ် လင်းရှင်းပြတ်သားစွာဖြင့် ဟောပြောသင်ကြားပေးသော ဆရာကောင်းကို ရှာမှီးပါ။

၂။ ရုပ်နာမ်ခန္ဓာတရားတို့ကို ပညတ်/ပရမတ် လင်းရှင်းပြတ်သားစွာဖြင့် ဉာဏ်၌တည်အောင် နာယူသင်ကြားမှတ်သားပါ။

၃။ ရုပ်နာမ်ခန္ဓာတရားတို့အထဲမှ ပညတ်ကိုပယ်၍ ပရမတ်သ…၊ ဓာတ်သား သက်သက်ကိုသာလျှင် သင့်တင့်စွာဖြင့် နှလုံးသွင်းပွားများပါ။

၄။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရခြင်း၏ အဓိက အတားအဆီးကြီးဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်သတ်ပါ။

အထက်ပါ အင်္ဂါနှင့် အချက်အလက်တို့ကို ဝါတ်… ဓမ္မယောဂီများ ညက်ညက်ရထားပြီး သွက်သွက်လည် နားလည်ကြလိမ့်မည်ဟု ယူဆသည်။ သက္ကာယဒိဋ္ဌိ သေ… ကြောင်း၊ မဂ်ရကြောင်း ဤဓမ္မဆောင်းပါးရှည်ကြီးကို ဖေ… လာဖတ်ရှုကြသော ဓမ္မယောဂီအားလုံးတို့သည်ပင် နား… လည်ရန်ခက်ခဲလိမ့်မည်ဟု လုံးဝမယူဆမိ။

ဤစာရေးသူအနေဖြင့်လည်း ပညတ်မှ ပရမတ်ကို နားလည်စေကြောင်း၊ သက္ကာယဒိဋ္ဌိ ပစေလိုကြောင်း သောတာပန်ဖြစ်ကြောင်း စသော အခြေခံကောင်းစေမည့် အရေးကိုသာလျှင် အုတ်မြစ်သဖွယ် ခိုင်စေရန် အားစိုက် ထည့်ပေးထား၏။ ထို့ကြောင့် မိတ်ဟောင်းဆွေဟောင်း များဖြစ်ကြသော ဓမ္မယောဂီအပေါင်းတို့အား ယုံကြည်…

မိတ်သစ်ဆွေသစ်များ ဖြစ်ကြသည့် ဓမ္မယောဂီ… အတွက်လည်း အခက်မရှိစေရန်ကို ရည်ရွယ်ပြီး အ… တမ်း အာရုံထားကာ လစဉ် သတိထားပြီးသာ ရေး…



www.burmeseclassic.com

www.burmeseclassic.com

၏။ ယောဂီပေါင်းများ ဉာဏ်မနှံ့မဖြစ်စေရသလို၊ ယောဂီအသစ်များလည်း ဉာဏ်မဆန့်မရှိစေရအောင် မျှမျှတတဖြစ်အောင် အမြဲတမ်း ဂရုစိုက်၏။

အာရုံစိုက်ပြီး ဉာဏ်ကိုသွင်း၍ ဖတ်လျှင် ယောဂီဟောင်းရော၊ ယောဂီသစ်များပါ အကျိုးရှိစေမည်သာဖြစ်၏။ စာဖတ်သူ ဓမ္မယောဂီတို့အတွက် အမြဲတမ်း ရေးရှု၏။ ဉာဏ်သွင်းသလောက် အကျိုးများမည်မှာ မလွဲပေ။ ဤမျှအထိ အားထည့်၊ ဉာဏ်စွက်၍ ရေးသား၍မှ ဓမ္မယောဂီတို့ အကျိုးမဖြစ်လျှင်ကား "တရားမခက်၊ ယောဂီတို့ခက်သည်"ဟူ၍သာ ဆိုရပေတော့မည်။

xxx xxx xxx

ကုန်ခဲ့သည့်လက မိတ်ဆက်ထားခဲ့သည့်အတိုင်း နှာခေါင်းနှင့် ပတ်သက်သော ခန္ဓာအကြောင်းကို ဆက်ကြဦးစို့ . .။

"နှာခေါင်းသည် နံခြင်းသဘောရှိ၏"

အထက်ပါ နံခြင်းသဘောကို နားလည်လျှင် နှာခေါင်းနှင့် ပတ်သက်၍ ပြည့်စုံသည်။ ပရမတ်ပေါက်သောကြောင့် တရားရှု၍ရပြီ။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဖွဲ့၍ ရှု၍လည်း ရပြီ။ သို့သော်လည်း ဤမျှလောက် ရေးပြရုံဖြင့်ကား နားလည်ကောင်းမှ လည်ကြပေလိမ့်မည်။ ထို့ကြောင့် ရေးဓမ္မဆောင်းပါးများတွင် ရေးခဲ့ဖူးသည်ကို ပြန်မှီးဦးမည်။ အာရုံစိုက်ပါ။

အနံ့၊ နှာခေါင်း၊ နံခြင်းဟု သုံးမျိုးခွဲခြားထားပြီး နားလည်ရမည်။ အနံ့သည် မည်သည့်အနံ့ ဖြစ်စေ နှာခေါင်းကို လာတိုက်သည်။ (နှာခေါင်းက အနံ့ကို သွားတိုက်ခြင်းမဟုတ်။ ကုန်ခဲ့သည့်လကအတိုင်း မှတ်။ ကုန်ခဲ့သည့်လက နားအကြောင်းကို ရေးခဲ့သည်။ ဤလတွင် နှာခေါင်းအကြောင်းကို ရေးသည်။ ဤမျှသာ ကွဲပြားသည်။ ကျန်သောအကြောင်းအရာအားလုံးမှာ တစ်ခုစီတစ်ခုချင်း တူမျှသည်သာဖြစ်သည်။ သို့မှ စာဖတ်သူဓမ္မယောဂီများ နားလည်မှတ်သားလွယ်ကြပေလိမ့်မည်။)

အနံ့က နှာခေါင်းကို လာတိုက်သောကြောင့် နံခြင်းကို ဖြစ်စေသည်။ နံခြင်းကိစ္စပြီးသည်။ ထို့နောက် နှာခေါင်းနှင့် အနံ့သည် ပညတ်၊ နံခြင်းသည် ပရမတ်ဟု ခွဲခြားပြီး ကွဲပြားအောင် သိထားရမည်။

အဘယ်ကြောင့် နံခြင်းကို ပရမတ်ဟု ဆိုရသနည်း။

နံခြင်းကို ရှာ၍မရပေ။ နှာခေါင်းထဲတွင် ခွဲရှာလျှင်လည်း ရမည်မဟုတ်။ အနံ့လာတိုးတိုင်းလည်း နံနေသည်။ နံသော်လည်း ထိုနံခြင်းကို ရှာ၍မရပေ။ ရှာ၍မရ ကြည့်၍မမြင်သောကြောင့်ပင် "သဘော/ပရမတ်"ဟု ဆိုရသည်။ သဘောပရမတ်တို့သည် မည်သည့်သဘောပရမတ်ဖြစ်စေ ကိုင်၍ ယူ၍ ပြ၍သ၍ မရပေ။ လုံးဝပညတ်၊ အတ္တပျောက်ပြီး ကင်းဆိတ်လျက်သာ ရှိသည်။

ထိုသို့ သဘောဆိုက်နေသော ပရမတ်သား အနတ္တသား စစ်စစ်ကိုသာ ခန္ဓာဖွဲ့၍/တရားရှု၍ရသည်။ ခန္ဓာဟူသည်မှာလည်း အတုံးအလုံး အကောင်သဏ္ဌာန် မဟုတ်ပေ။ သဘောမျှသာ ရှိသည်။ သဘောဆိုက်ပြီးမှလည်း ခန္ဓာဖွဲ့ရသည်။ သို့မှ ပရမတ်ခန္ဓာဖြစ်သည်။ ပရမတ်ခန္ဓာကို ရှုပွားမှ မဂ်ကိုရသည်။ ထို့ကြောင့် အရာအားလုံး ပရမတ်ဆိုက်ပြီးမှ တရားရှု၍ရသည်။

* နံသည်မှာ အသံရုပ်ဖြစ်သည်။ အသံရုပ်ကို ခန္ဓာ ဖွဲ့လျှင် ရူပက္ခန္ဓာရသည်။
* နံသည်ကို ကောင်းမကောင်း ခံစားသည်မှာ ဝေဒနာဖြစ်၍ ခန္ဓာဖွဲ့လျှင် ဝေဒနက္ခန္ဓာရသည်။
* နံသည့်အနံ့အားလုံးကို မှတ်သား၍ ရသည်။ မှတ်သားသည်ကို ခန္ဓာဖွဲ့လျှင် သညက္ခန္ဓာရသည်။
* အနံ့ကို ရှူရှိုက်ခြင်းမှာ သင်္ခါရဖြစ်သည်။ သင်္ခါရကို ခန္ဓာဖွဲ့လျှင် သင်္ခါရက္ခန္ဓာရသည်။
* နံသည်ကို သိခြင်းမှာ စိတ်ဝိညာဉ်ဖြစ်သည်။ စိတ်ဝိညာဉ်ကို ခန္ဓာဖွဲ့လျှင် ဝိညာနက္ခန္ဓာရသည်။

ဤမျှလောက်ဆိုလျှင်ပင် စာဖတ်သူ ဓမ္မယောဂီများသည် နှာခေါင်း/အနံ့နှင့် ပတ်သက်သော ပရမတ်ခန္ဓာငါးပါးကို နားလည်ပြီး ရှုမှတ်ပွားများတတ်လောက်ပြီဟု ယူဆသည်။ ခန္ဓာငါးပါးဟူသည်မှာ အတုံးအလုံး အကောင်သဏ္ဌာန်မဟုတ်ဘဲ သဘောမျှသာရှိသည်ဟူ၍လည်း သဘောပေါက်ပြီဟု ထင်သည်။

(နောက်လတွင် လျှာနှင့်ပတ်သက်သော ခန္ဓာငါးပါးအကြောင်းကို ဆက်ရန်)

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ငါးပါးသီလနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး

## မာမက (သုတေသီ)

ငါးပါးသီလသည် အသက်နှင့်ဆိုင်သော စောင့်စည်းမှု၊ စည်းစိမ်နှင့်ဆိုင်သော ထိန်းသိမ်းမှု၊ အိုးအိမ်နှင့်ဆိုင်သော လုံခြုံမှု၊ ဆက်ဆံရေးနှင့်ဆိုင်သော မှန်ကန်မှု၊ ယဉ်ကျေးမှုနှင့်ဆိုင်သော သိမ်မွေ့မှုဟူသော လူ့ကျင့်ဝတ်များဖြစ်၍ ငါးပါးသီလသည် လူမျိုးမရွေး၊ ဘာသာမရွေး လူသားတိုင်းနှင့် သက်ဆိုင်သော သီလဖြစ်သည်။ မြတ်စွာဘုရားသည် လူသားပင်ဖြစ်သောကြောင့် လူ့ကျင့်ဝတ်ဖြစ်သော ဤအချက်ငါးရပ်ကို ငါးပါးသီလအဖြစ်ချမှတ်ပြီး လူသားကောင်းကျိုးအတွက် မိမိအားထုတ် ဆည်းကပ်ကိုးကွယ်သူများအား ယင်းလူ့ကျင့်ဝတ်ဖြစ်သော ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ စွဲမြဲစွာ ကျင့်သုံးဆောက်တည်ရန်ဟောကြားညွှန်ကြားတော်မူခဲ့သည်။ လူသားမဟုတ်သော နတ်၊ဘီလူး၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်တို့အားလည်း အဆင့် အတန်းမြင့်မားစေလို၍ ငါးပါးသီလကို ကျင့်သုံးစေတော်မူခဲ့သည်။

ငါးပါးသီလသည် လူ့ကျင့်ဝတ်သီလ ဖြစ်သောကြောင့် လူသားတိုင်းစောင့်ထိန်းသင့်သည်။ ယခုအခါ ကမ္ဘာ့လူသားအများစုမှာ လူ့ကျင့်ဝတ်ဖြစ်သော ငါးပါးသီလကို စောင့်ထိန်းသင့်မှန်း မသိခြင်း၊ ငါးပါးသီလသည် လူ့ကျင့်ဝတ်သီလဖြစ်သည်ကို မသိခြင်း၊ သီလကျင့်ဝတ်များရှိသည်ကိုပင် မကြာဘူးခြင်းတို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိစသော တရားဆိုးများ လွှမ်းမိုးပြီး လူသားအချင်းချင်း သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ ကျူးကျော်ခြင်း၊ ကြမ်းတမ်းယုတ်မာခြင်းစသော အမှုများကို တစ်ဦးချင်း၊ အစုအဖွဲ့ချင်းပြုလုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အဖျက်စွမ်းအားကြီးမားအောင် ပြုဆောင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်နေကြသည်။ ယင်းလောဘ၊ ဒေါသ စသော တရားဆိုးများကပင် ယခုအခါ လူသားများ၏ အေးချမ်းသာယာ ငြိမ်းချမ်းစွာ နေထိုင်မှုကို ဖျက်ဆီးနေကြသည့် လူသားများ ပူလောင်မှုကို ပြုနေကြသည်။ ယင်းလောဘ၊ ဒေါသစသောတရားဆိုးများ၏ တွန်းအားဖြင့် တီထွင်မှုအမျိုးမျိုးကြောင့် ကမ္ဘာ့ရာသီဥတုလည်း ဖောက်ပြားကာ ကိုယ့်အတတ်နှင့် ကိုယ်စူး၊ နုတ်၍မရဘူး အခြေဆိုက်ကာ သဘာဝဘေးကြီးများဖြစ်ပေါ်ကာ ထုထည်ကြီးမားစွာ ပျက်စီးမှုဖြစ်နေကြရသည်။

ဤကမ္ဘာသည် လေရေမြေထုဖြင့် တည်ရှိနေသော ကမ္ဘာဖြစ်သည်။ ယင်းလေရေမြေထုတို့သည်လည်း တစ်ခုနှင့်တစ်ခု သဟဇာတမဖြစ်သော အင်အားစုများအကြား အားပြိုင်ရာမှ ပေါ်ပေါက်လာသောအတိမ်းအစောင်းမခံသည့် ဟန်ချက်ညီညွတ်အပေါ်တည်မှီနေရသော ကမ္ဘာဖြစ်သည်။ ကမ္ဘာကတည်မှီနေရသော ယင်းဟန်ချက်သည်လည်း အချိန်မရွေး ပျက်ယွင်းသွားနိုင်သည်။ ယင်းဟန်ချက်ပျက်ယွင်းသွားပါက ကမ္ဘာလည်ပတ်နှုန်း မြန်လာမည်ဖြစ်သည့်ပြင် လေထုအဟုန်နှင့် ဖိအားသည်လည်း မကြုံစဘူးထူးကဲအောင် ပြောင်းလဲလာရပြီး ယင်းပြောင်းလဲမှုကြောင့် ဟိုက်ဒရိုဂျင်ဗုံးလေးလုံး၊ ငါးလုံး ၁၀ လုံးအဆရှိသော ဖျက်စွမ်းအားနှင့် ညီမျှသော လေပြင်းမုန်တိုင်းများ ဖြစ်ပွားသာနိုင်ကြောင်း၊ ၎င်းအပြင် စွမ်းအားကြီးသော ရေလှိုင်းနှင့် ပြင်းအားကြီးသော လေလှိုင်းတို့ပေါင်းစည်းတိုက်စားမှုကြောင့် မိုင်ပေါင်းထောင်သောင်းချီရှည်လျားသော ပင်လယ်ကမ်းရိုးတန်းများ ပျက်စီးပျောက်ကွယ်သွားနိုင်ကြောင်း၊ နောက်ဆုံး၌ ကမ်းဦးရေတိမ်ပိုင်းရှိ မြေလွှာအောက်ခံဖြစ်သော ဧရာမကျောက်ဖျာကြီးများ ရွေ့လျားကာ တစ်ခုနှင့်တစ်ခု ထိခိုက်မိပြီး ပြင်းထန်သော ငလျင်များလည်း ဖြစ်ပေါ်နိုင်ကြောင်း သိရှိရသည်။

နက္ခတ္တဗေဒပါရဂူအက်ဒင်တန်ကလည်း စကြဝဠာကြီးတစ်ခုလုံးသည် အပြင်ဘက်သို့ တရွေ့ရွေ့ချဲ့ကားလျက်ရှိနေကြောင်း၊ နောက်ဆုံး မချဲ့နိုင်သော အခြေသို့ ရောက်သွားမည်ဖြစ်ကြောင်း၊ ထိုအခါ တွန်းကန်ခြင်းနိယာမအားကြီးလျှင် လွင့်စဉ်သွားကြလိမ့်မည်ဖြစ်ကြောင်း၊ အကယ်၍ ဆွဲငင်ခြင်းနိယာမအားကြီးလျှင် ချဲ့သွားသော စကြဝဠာသည် အရှိန်ပြင်းစွာ အတွင်းသို့ ကျုံ့ဝင်သွားမည်ဖြစ်ကြောင်း၊ ဤနှစ်မျိုးစလုံးသည် ကမ္ဘာအပါအဝင် ဂြိုဟ်များ၊ နက္ခတ်များတို့ကို ကြေမွပျက်စီးသွားစေမည့်အကြောင်းများပင် ဖြစ်ကြောင်း အပူကြောင့်၊ အအေးကြောင့် ပျက်စီးမည်ဟု ခန့်မှန်းဆိုကြသည်။ လက်တွေ့အားဖြင့် အပူလွန်ကဲ၊ အအေးလွန်ကဲ၊ အပူလှိုင်း၊ အအေးလှိုင်းကြောင့် လူများ ထိခိုက်ပျက်စီးနေကြရသည်။

ဤသို့ လူသားများသည် သဘာဝဘေးအန္တရာယ် ဝိုင်းရံခံနေကြရသဖြင့် သည်းထိတ်ရင်ဖိုနေထိုင်နေကြရသည့်အထဲတွင် မနုဿတောဝါ အဆိုလာသကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော တရားဆိုးများလွှမ်းမိုးနေသော လူ့ဘေးအန္တရာယ်ကိုပါတွေ့ကြုံခံစားနေကြရပြန်သဖြင့် လူဖြစ်လာခြင်းသည် မြတ်စွာဘုရားဟောကြားသော သစ္စာလေးပါး အမှန်တရားတွင် ပါဝင်သော ဒုက္ခသစ္စာ အမှန်တရားအတွက် ဖြစ်လာရခြင်းဖြစ်သည်မှာ အလွန်ပင်ထင်ရှားသော အချက်တစ်ရပ်ပင် ဖြစ်သည်။ အသက်တည့်တံ့ရေးအတွက် ဘေးအန္တရာယ်များမကြုံတွေ့အောင် စောင့်စည်းရသည့်ဒုက္ခ၊ ရှာဖွေရရှိသော စည်းစိမ်ဥစ္စာများပျောက်ပျက်ခြင်းဘေးမရှိအောင် ထိန်းသိမ်းရသည့် ဒုက္ခ၊ အိုးအိမ်လုံခြုံမှုအတွက် ကာကွယ်ရသည့် ဒုက္ခ၊ လူလိမ်လူကောက်စသည်များ၊ လူဆိုးလူရမ်းကားနှင့်ကြုံတွေ့ရမည်ကို စိုးရိမ်ရသည့် ဒုက္ခစသည်ဖြင့် ဒုက္ခမျိုးစုံအဖုံဖုံနှင့် ကြုံတွေ့နေကြရသည်။ ဒုက္ခမျိုးစုံမှ ရုန်းကန်လျက် နောက်ဆုံးတွင် အိုနာသေခြင်း ဒုက္ခနှင့် ဘဝကို အဆုံးသတ်ကြရမည်။

ထို့ကြောင့် လူသားများ အထိုက်အလျောက် အေးချမ်းသာယာစွာ နေထိုင်နိုင်၊ ဆက်ဆံနိုင်ရေးအတွက် လူ့ကျင့်ဝတ်ဖြစ်သော ငါးပါးသီလနှင့်ပြည့်စုံရန် အထူးလိုအပ်နေသည်။ ငါးပါးသီလကို လူသားတိုင်း အထိုက်အလျောက် စောင့်ထိန်းနိုင်ကြလျှင် သာယာအေးချမ်းသော လူ့ဘောင်လောကကြီးဖြစ်လာနိုင်သည်။ ငါးပါးသီလစောင့်ထိန်းမှုမှာ အရင်းအနှီးမစိုက်ထုတ်ရဘဲ ကြီးမားသော ကောင်းကျိုးများကို ရရှိခံစားနိုင်သည်။ ပစ္စက္ခဘဝတွင် အေးချမ်းစွာနေကြရပြီး တမလွန်



www.burmeseclassic.com

www.burmeseclassic.com

ဘဝသံသရာတွင် လူ၊ နတ်၊ ဗြဟ္မာအထိ ကောင်းကျိုးချမ်းသာကို ရင်ဆိုင်နိုင်သည်။ ကြီးမားသော ကုသိုလ်ကောင်းမှုလုပ်ငန်းလည်း ဖြစ်သည်။

ငါးပါးသီလုံခြုံသဖြင့် ကုသိုလ်ဖြစ်ဖွယ် ပုညကြိယာဝတ္ထု ၁၀ ပါးနှင့်လည်း ပြည့်စုံမှုဖြစ်လာသည်။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ဟု စောင့်ထိန်းခြင်းသည် သူ့အသက်ကို ဘေးမဲ့ပေးသော ဒါနကုသိုလ်ဖြစ်သည်။ ကိုယ်ဖြင့် စောင့်စည်းခြင်းဖြစ်၍ သီလကုသိုလ်ဖြစ်သည်။ နှုတ်ဖြင့် စောင့်စည်းခြင်းဖြစ်၍ ဘာဝနာကုသိုလ် ဖြစ်သည်။ သူ့အသက်ကို ရိုသေခြင်းဖြစ်၍ အပစာယန ကုသိုလ်ဖြစ်သည်။ သူ့အသက်မသတ် ကိစ္စကိုဆောင်သည်ဖြစ်၍ဝေယျာဝစ္စ ကုသိုလ်ဖြစ်သည်။ သူ့အသက်ကို မသတ်ဟု အခွင့်ပေးသောကြောင့် ပတ္တိဒါန ကုသိုလ်ဖြစ်သည်။ သူ့အသက်ကို ကောင်းစွာပြုစုသည်ဖြစ်၍ ပတ္တာနုမောဒန ကုသိုလ် ဖြစ်သည်။ သူ့အသက်ကို မသတ်ဟုဆိုခြင်းကြောင့် ဓမ္မဒေသနာကုသိုလ်ဖြစ်သည်။ သူ့အသက်ကို မသတ်ပါဟု ဆိုသံကို ကြားခြင်းကြောင့် ဓမ္မဿဝနကုသိုလ် ဖြစ်သည်။ သူ့အသက်ကို မသတ်ဟု ယူသောအယူသည် ဖြောင့်မတ်သော အယူဖြစ်၍ ဒိဋ္ဌိဇုကမ္မကုသိုလ် ဖြစ်သည်။ (သူ့ဥစ္စာကို မခိုး၊ သူ့သားမယားကို မပြစ်မှား၊ လိမ်လည်ပြောဆိုခြင်းရှောင် အရက်သေ စာမူးယစ်ဆေးဝါး သောက်စားမှုရှောင်ခြင်း သီလလေးပါးလည်းအလားတူပြီ။)

တစ်ဖန် ငါးပါးသီလုံခြုံမှုသည် ၅၂၈ သွယ်သော မေတ္တာနှင့်လည်း ပြည့်စုံသည်။ သူ့အသက်ကို မသတ်ဟုဆိုလျှင်ပင် ခပ်သိမ်းသော သတ္တဝါဟူသမျှအား အဝေရာ၊ အဗျာပဇ္ဇ၊ အနီဃာ၊ သုခီအတ္တာနံ ပရိဟရန္တု (ဘေးရန်ကင်း၊ ကြောင့်ကြမရှိ ဆင်းရဲမရှိ ချမ်းသာသော ကိုယ်ကို ရွက်ဆောင်နိုင်ပါစေ)ဟူသော မေတ္တာလေးပါးကို ပွားသည် မည်သည်။ ဤမေတ္တာလေးပါးသည် သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာဟူသော မရည်စူးသော အနောဒိသ ပုဂ္ဂိုလ်ငါးယောက်၊ သဗ္ဗေဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာဟူသော ရည်စူးသည့် ဩဒိသပုဂ္ဂိုလ်ခုနစ်ယောက် ပေါင်း ပုဂ္ဂိုလ် ၁၂ ယောက်နှင့်သက်ဆိုင်ပွားများသွားနိုင်သဖြင့် ၄×၁၂ မြှောက်ပွားက မေတ္တာပေါင်း ၄၈ မေတ္တာ ဖြစ်လာသည်။ ယင်းမေတ္တာပေါင်း ၄၈ မေတ္တာသည် အရှေ့၊ အနောက်၊ တောင်၊ မြောက် ထောင့်လေးရပ်နှင့် အထက်အောက်ဟူသော အရပ် ၁၀ မျက်နှာနှင့်လည်းသက်ဆိုင်နေပြန်သဖြင့် ယင်းမေတ္တာ ၄၈ ကို အရပ် ၁၀ မျက်နှာနှင့် မြှောက်ပွားပါက ၄၈×၁၀= မေတ္တာပေါင်း ၄၈၀ ရသည်။ ယင်းမေတ္တာပေါင်း ၄၈၀ ကို ယခင်မေတ္တာပေါင်း ၄၈ နှင့်ပေါင်းလျှင် ၅၂၈ သွယ် မေတ္တာဖြစ်လာသည်။ (ကျန် သီလလေးပါးလည်း နည်းတူပြီ။)

တစ်ဖန် ငါးပါးသီလသည် လုံခြုံမှုသည် ပါရမီ ၁၀ ပါး အပြား ၃၀ နှင့်လည်း ပြည့်စုံသည်။ သူ့အသက်ကို မသတ် ဆိုခြင်းဖြင့် သူ့အသက်ကို ပေးသော ပါရမီဖြစ်သည်။ ကိုယ်နှုတ်ဖြင့် ဆော တည်သည်ဖြစ်၍ သီလပါရမီဖြစ်သ လောဘကို ပယ်၍ ကာမဂုဏ်တော ထွက်မှုဖြစ်၍ နိက္ခမပါရမီဖြစ်သ မောဟကိုပယ်သည်ဖြစ်၍ ပညာပါ ဖြစ်သည်။ ဒေါသကိုပယ်သဖြင့် ခန္တီပါ ဖြစ်သည်။ ရှောင်ကြဉ်ပါသည်ဟုဆိုသ သစ္စာပါရမီဖြစ်သည်။ ကိုယ်ဖြင့် ဆော တည်၍ အဓိဋ္ဌာန်တိုင်း စောင့်စည်းသ ဖြစ်၍ အဓိဋ္ဌာန်ပါရမီဖြစ်သည်။ အသက်ကို မသတ်ပါဟု ချစ်ခြင်းမေတ္တ နှင့် ယှဉ်၍ စောင့်စည်းသောကြော မေတ္တာပါရမီဖြစ်သည်။ သတ္တဝါကြီးငယ် ကို မသတ်ပြီဟု လျစ်လျူရှုကာ စော စည်းသဖြင့် ဥပေက္ခာပါရမီဖြစ်သည်။ ၁၀ ပါးသော ပါရမီပြည့်စုံရာ၌ ဥစ္စာပစ္စ ကို မငဲ့ခြင်းသည် ဆယ်ပါးသော ဥပပါ ဖြစ်သည်။ အသက်ကို မငဲ့ခြင်းသည် ဆ ပါးသော ပရမတ္ထပါရမီဖြစ်သည်။ ဤ ရိုးရိုးပါရမီ ၁၀ ပါး၊ ဥပပါရမီ ၁၀ ပရမတ္ထပါရမီ ၁၀ ပါးဖြစ်၍ ပါရမီအ ၃၀ ဖြစ်သည်။ ကျန်သီလ လေးပါးလည်း နည်းတူပြီဖြစ်ပါကြောင်း တင်ပြလိုက် သည်။

**မာမက (သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆-၂-၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅-၈-၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃-၃-၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တီကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄-၁၀-၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁-၉-၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇-၃-၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တီကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈-၃-၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဗာကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း၊ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄-၁-၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉-၂-၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆-၁၀-၂၀၀၈) တနင်္ဂနွေနေ့တွင် ညဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာလျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀-၁-၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ညဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒာနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေ တွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ညဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ -


လာဘ်မိုးစွေစာပေ ဖုန်း - ၀၉ ၄၃၀၉၅၃၁၁၊ ၀၉ ၄၂၁၀၀၅၉၂၁၅
နာယကဆရာတော် ဖုန်း - ၀၉ ၇၃၁၃၉၉၃၆
ဦးကျော်သူထိုက် ဖုန်း - ၀၉ ၅၁၁၉၄၀၇


www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ပူဇော်ရခြင်းကြောင့် သိအပ်သောအကျင့်

နှင့်

# ရနိုင်သောအကျိုးထူးများ

ဗိုးသန်းကျော်(ရေကြည်သား)

## သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ(၁၁)

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားသော မိလက္ခုရဟန်းတရားတော်တွင် မုဆိုးအဖြစ်နှင့် မိလက္ခုအသက်မွေးခဲ့၍ အကုသိုလ်အလွန်ကြီးမားနေ၏။ ရေဆာသဖြင့် ရဟန်းတော်တစ်ပါး သီတင်းသုံးနေထိုင်ရာကျောင်းသို့ ရောက်ရှိသွား၏။ သောက်ရေအိုးမှ ရေခပ်သောက်သောအခါ ရဟန်းတော်မြတ် ရေဖြည့်ထားသော်လည်း ရေကိုခပမရပဲ ဂျောက်ဂျောက်မြည်သံ ဖြစ်ပေါ်ခဲ့လေသည်။

မိလက္ခုမုဆိုးက ရဟန်းများ ဆွမ်းခံစားပြီး သောက်ရေကို ခပ်မထားသည့်သဘော ပြောလိုက်သဖြင့် ရဟန္တာအရှင်ရဟန်းတော် ကြားသွား၍ ဒီလူ ဘယ်လိုလူလဲ၊ မနက်ကပင် ရေအပြည့်ဖြည့်ထားသည်ကို ရေမရှိဆိုလေသလား စဉ်းစား၍ ထွက်ကြည့်သောအခါ ရေအိုးထဲတွင် ရေအပြည့်ရှိနေသည်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ် အကုသိုလ်ကြီးမား၍ ဖြစ်ရသည်ကို ဆင်ခြင်မိသဖြင့် ရေကိုခပ်တိုက်သောအခါမှ မိလက္ခုမုဆိုး ရေသောက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာအရှင်မြတ်က ထိုမုဆိုး အကုသိုလ်ကြောင့် ငရဲခံရမည်ကို သိ၍ သနားသဖြင့် ငရဲတွင် ငရဲသားများ ငရဲမီးလောင်၍ ခံနေကြရပုံကို အဘိညာဉ်တန်ခိုးဖြင့် မိလက္ခကို မြင်စေအောင် ပြ၏။ မိလက္ခလည်း ငရဲကျမှာကို ကြောက်လန့်သဖြင့် ရဟန်းဝတ်ခွင့်တောင်းပြီး ရဟန်းဝတ်၍ တရားရှုမှတ် ကျင့်၏။ တရားအားထုတ်သောအခါ သူပြုခဲ့သော အကုသိုလ်အာရုံများသာ ပေါ်လာနေ၍ တရားမပေါက်ရောက်နိုင်၍ ရဟန်းတော်မြတ်ကို လူထွက်တော့မည်၊ တရားရမည်မထင်ဟု လျှောက်လေ၏။ ရဟန်းတော်မြတ်က ကြိုးစားအားထုတ်ရန် ဆုံးမပြောဆို၏။ ထို့ပြင် ငရဲမီးပြင်းထန်ပုံနှင့် ကြောက်စရာကောင်းပုံကို သိစေလို၍ တောထဲမှ သဖန်းသားကဲ့သို့ အစိုအစေးရှိသော ထင်းများကို ခုတ်ယူပုံစေ၏။ ထင်းပမာဏ လှည်းနှစ်စီးတိုက်ခန့် ရောက်လာသောအခါ ထင်းများကို မီးရှို့ခိုင်း၏။ ဘယ်လိုပင် တစ်နေကုန် မီးရှို့သော်လည်း ထင်းကို မီးလောင်နိုင်ခြင်းမရှိ ဖြစ်နေသည်။ ထိုအခါတွင်မှ ရှေ့မှောက်တွင် ရဟန္တာမြတ်သည် အဘိညာဉ်ဖြင့် ငရဲမီးကို ပိုးစုန်းကြူးပမာဏမျှလောက်ရှိသော ငရဲမီးအနည်းငယ်ကို ဆင်းယူလာကာ မီးရှို့၍မရသော ထမင်းအစိုများထဲသို့ ပစ်ထည့်လိုက်သော် တစ်ခဏအတွင်းမှာပင် ထင်းများအားလုံး ပြာဖြစ်အောင် လောင်ကျွမ်းသွား၏။ ငရဲမီး၏ ပူလောင်ပြင်းပြမှုကို လက်တွေ့ မြင်ရသဖြင့် မိလက္ခသည် လူမထွက်ဖြစ်ဘဲ ရဟန်းမြတ်၏ ညွှန်ပြချက်အတိုင်း ဝိပဿနာတရားကို အားထုတ်ရာ အာသဝေါကုန်ခန်းပြီး ရဟန္တာအဖြစ် ရောက်ရှိသွားလေသည်။ သောတာပန်တည်စဉ်မှာပင် အပါယ်ငရဲမှလွတ်ပြီဖြစ်ရာ ရဟန္တာအဖြစ် ရောက်ရှိသဖြင့် အနာဂတ်ဘဝသစ် ဖြစ်စရာမရှိ လောင်စာသိမ်း၍ မီးငြိမ်းရာ နိဗ္ဗာန်ကို စံဝင်နိုင်ခဲ့လေသည်။ ငရဲမီးသည် ကံ၏အကျိုးပေးကြောင့် ဖြစ်ရခြင်းမို့ လူ့ပြည်က ငရဲမီးနှင့် နှိုင်းစာမရ အလွန်ပင် ပူလောင်မှုစွမ်းအား ကြီးမားထက်မြက်မှုကို သိစေလိုပါသည်။ ဝိပဿနာသာ ကယ်နိုင်သောတရားဟု နားလည်စေလို၏။

တက္ကသိုလ်သျှင်သီရိ(မွမ္မာစရိယ-ဘီအေ) ရေးသားသော သေရွာပြန်ဖြစ်ရပ်မှန် စာအုပ်တွင် ဖော်ပြသော တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်များအကြောင်း သိစေလို၍ ရေးပါမည်။

**တိရစ္ဆာန်** ။ တိရစ္ဆာန်ဆိုသည်မှာ ခြေလေးဖက်ထောက်၊ နှစ်ချောင်းထောက်၊ ခြေမဲ့လက်မဲ့ စသည်အားဖြင့် နံဘေးဖီလာသို့ ကန့်လန့်ခန္ဓာကိုယ်ရှိ၍ တိရစ္ဆာန်ခေါ်၏။ တစ်နည်းအားဖြင့် မဂ်ဖိုလ်တရားများ၌ ဖီလာဖြစ်၍လည်း တိရစ္ဆာန် ခေါ်၏။ လူနတ်တို့ကဲ့သို့ အထက်မဂ်ဖိုလ်သို့ မတက်နိုင်။ များသောအားဖြင့် ငရဲဘုံသို့သာ၊ အောက်ဘုံသို့သာ စုံရတတ်၏။ မျက်မြင်အားဖြင့် နိုင်ရာစားဘဝဖြင့် ဖမ်းယူစားသောက်ခြင်း၊ စားသောက်ခံရခြင်းဖြင့် ရှင်သန်ရ၏။ လူတို့၏ အစားအစာအဖြစ်လည်း သတ်ဖြတ်စားသောက်ခံရ၏။ ခိုင်းစေခံရ၏။ လုံခြုံမှုမရှိ ဆင်းရဲ၍ ဘေးရန်များသော၊ ဒုစရိုက်ကံများသော ဘုံဌာန ဖြစ်၏။ သေသော်ငရဲကျ၊ ငရဲမှ ပြန်တက်သော် တိရစ္ဆာန်ဖြစ်သည်က များပြီး သံသရာလည်ရ၏။ အကုသိုလ်ကံကြောင့် ငရဲသက်တမ်းမရှိ အလွန်ရှည်လှလေသည်။

**ပြိတ္တာ** ။ ချမ်းသာအပေါင်းမှ ကင်းဝေးသော သတ္တဝါကို ပြိတ္တာခေါ်၏။ သူတို့နေထိုင်ရာ တောတောင်၊ မြစ်ချောင်း၊ သုသာန်အရပ်ကိုပင် ပြိတ္တာဘုံခေါ်၏။ ဘုံသီးခြားမရှိချေဟု သာသနာတော်ဝင် အဋ္ဌကထာဋီကာမှာ ဖော်ပြသော ပြိတ္တာလေးမျိုးရှိ၏။

(၁) သူတစ်ပါးကို မှီဝဲ၍ အသက်မွေးရသော ပြိတ္တာ၊ သူတစ်ပါးပေးမှ စားရသော ပြိတ္တာ။
(၂) မစားရ၊ မသောက်ရတဲ့ ငတ်ပြတ်ဆင်းရဲဒုက္ခ နှိပ်စက်ခံနေရသော ပြိတ္တာ။
(၃) တစ်ကိုယ်လုံး ပူလောင်ခြင်းကို အမြဲမပြတ် ခံစားနေရသော ပြိတ္တာ။
(၄) အသူရကာယ်ဟူ၍ သီးခြားခေါ်ဝေါ်သော ပြိတ္တာဟူ၍ ဖြစ်ပါသည်။

ပြိတ္တာများ ရရှိခံစားရသော ကုသိုလ်ကံသုံးမျိုးရှိလေသည်။

၁။ ကောင်းမှုရှင်တို့က သေသူကို ရည်မှန်း၍ အမည်ခေါ်ကာ အမျှပေးဝေသော ကုသိုလ်၊
၂။ အလှူခံပုဂ္ဂိုလ်၏ သီလဝန္တ အကျင့်သိက္ခာနှင့် ပြည့်စုံမှုကြောင့် ပေးဝေသော ကုသိုလ်၊
၃။ ထိုကုသိုလ်ကို ပြိတ္တာတို့က ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုခေါ်နိုင်မှုကြောင့် ရသောကုသိုလ်။

**အသူရကာယ်** ။ နတ်များကဲ့သို့ အစိုးရမှု၊ မြူးထူးပျော်ပါးမှုမစပြီး မရနိုင်၊ မတောက်ပနိုင်သော ပြိတ္တာအကြီးစားကို အသူရကာယ် ခေါ်၏။

သမုဒ္ဒရာ၊ ဂင်္ဂါမြစ်ကမ်း စသော အရပ်တို့မှာပင် နေထိုင်ကြရ၏။ အသူရကာယ်ဘုံ သီးခြားမရှိချေ။ ယုတ်ညံ့သော၊



www.burmeseclassic.com

www.burmeseclassic.com

ဒေသးသိမ်ကုန်သော စတုမဟာရာဇ်အမျိုးအစားတစ်မျိုးလည်း ဖြစ်၏။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော ဗုဒ္ဓဘာသာ ကောင်းတစ်ယောက် စာအုပ်တွင် အသူရကာယ် ငါးမျိုးရှိကြောင်း ပါရှိ၏။

၁။ ဝေပစိတ္တိ အသူရာ၊ ၂။ ဝိနိပါတိက အသူရာ၊ ၃။ ဝေမာနိက အသူရာတို့သည် စတုမဟာရာဇ်နတ်၌ အကျုံးဝင်၏။ ယခင်က တာဝတိံသာမှာ နေရ၏။ နောင်တွင် သိကြားမင်းကို စစ်ရှုံး၍ မြင်းမိုရ်တောင်ခြေရင်းမှာ နေကြရ၏။

(၄) လောကန္တရိတ်အသူရာသည် ငရဲဘုံများအကြားတည်ရှိ၏။

(၅) ကာလကဥ္စိက ပြိတ္တာတို့သည် နတ်ဖြစ်ကြောင်းမှ ကင်းသော ပြိတ္တာတို့ ဖြစ်ကြ၏။

အပါယ်လေးဘုံအကြောင်း အကျဉ်းချုပ်ဖော်ပြရသော်လည်း ဒုက္ခမျိုးစုံ အနိဋ္ဌာရုံများကိုသာ ကြုံတွေ့ခံနေရသော ဘုံဌာနများ ဖြစ်၏။ အလွန်အင်မတန် ကြောက်စရာကောင်းလှ၏။ အပါယ်ကျစေသော ကံကြောင့် အပါယ်ကျရလေသည်။

အပါယ်လေးဘုံကျရခြင်းမှာ အမှားသိ ဒိဋ္ဌိကြောင့် ဖြစ်သောကံက ဖြစ်စေ၏။ ဒိဋ္ဌိဖြစ်ရခြင်းမှာ အမှတ်မှား၊ အသိမှား၊ အယူမှား ဝိပ္ပါလသကြောင့် ဖြစ်ရ၏။ ဝိပ္ပါလာသသည် အမှန်မသိ၊ အမှားသိ၊ အဝိဇ္ဇာကြောင်းရင်း ဖြစ်လေသည်။

၂။ အဝိဇ္ဇာငါးထပ်ရှိ၏။ အကုသိုလ်ကံကြောင့် အပါယ်လေးပါးကျရခြင်းမှာ ဒိဋ္ဌိကြောင့်ကျရသည်။ မိစ္ဆာဒိဋ္ဌိကြောင့် အပါယ်ကျရလေသည်။ အရင်းခံအားဖြင့် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ သုံးပါးကြောင့် ဖြစ်၏။ သန္တောကာယော သက္ကာယော အမှန်ရှိသောတရားက ခန္ဓာငါးပါးဖြစ်သည်။ ချုံ့သော် ရုပ်နာမ်နှစ်ပါးရှိသည်။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာနက္ခန္ဓာတို့ ဖြစ်၏။

ရုပ်ကိုငါထင်၊ ဝေဒနာကို ငါထင်၊ သညာကို ငါထက်၊ သင်္ခါရကို ငါထင်၊ စိတ်ကို ငါထင်သဖြင့် သက္ကာဒိဋ္ဌိ အမှားသိ ဖြစ်၏။ ထိုရုပ်နာမ်ကို တစ်ပါးစီကိုလည်း အနိစ္စကို နိစ္စထင်၊ မမြဲသည်ကို မြဲသည်ထင်သော သဿတဒိဋ္ဌိ၊ ရုပ်နာမ်သည် အကြောင်းအကျိုးဆက်ဖြစ်လာရပုံကို မသိသဖြင့် သေရင် ပြတ်သည်ဟူသော အမှားသိ ဥစ္ဆေဒဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအားဖြင့် ဒိဋ္ဌိ အပင်းခံ၍ အပါယ်ကျရလေသည်။ အပါယ်ကံကြောင့် အပါယ်ကျရ၍ ဒိဋ္ဌိစင်ဖို့ လိုအပ်သည်။

ဒိဋ္ဌိ ။ မိစ္ဆပသာတိတိ ဒိဋ္ဌိ။

မိစ္ဆ-မှားသောအကျင့်ကို၊ ပဿတိ-မြင်တတ် သိတ...
ဣတိတသ္မာ-ထိုကြောင့်၊ ဒိဋ္ဌိ-ဒိဋ္ဌိမည်၏။ အမှန်မသိ၊ အမှာ...
ဒိဋ္ဌိဆို၏။

အမှားသိ မိစ္ဆာဒိဋ္ဌိဖြစ်ရခြင်းသည် သခ်တတ...
အမှောင်ငါးစင်း ဖုံးအုပ်နေ၍ ဖြစ်ပါသည်။ အမှောင်ငါးစင်...

(၁) ကံနှင့် ကံ၏အကျိုးကိုမသိ၍ မယုံကြည်...
အမှောင်ဝိဇ္ဇာ တစ်ချက်၊

(၂) ခန္ဓာကို ရုပ်နာမ်ခွဲခြားမသိသော အမှောင်အဝိဇ္ဇ...
တစ်ချက်၊

(၃) ခန္ဓာပဋိစ္စသမုပ္ပါဒ်အကြောင်းနှင့် အကျိုးဆက်...
ပုံကိုမသိသော အမှောင်အဝိဇ္ဇာတစ်ချက်၊

(၄) ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မသိမမြင်နိုင်သော...
အမှောင်ဝိဇ္ဇာတစ်ချက်၊

(၅) ရုပ်နာမ်ဖြစ်ပျက် ခန္ဓာချုပ်ငြိမ်းရာကို မသိမမြင်...
သော အမှောင်ဝိဇ္ဇာတစ်ချက်၊

အမှောင်ငါးစင်း ဖုံးအုပ်နေသဖြင့် အမှန်မသိ၊ အသ...
တောဝါ ဘေးသင့်၍ မသူတော်တရား အသဒ္ဓမ္မတောဝါ လွှ...
မိုးခံရလေရာ စုံလုံးကန်းဘဝဖြင့် အမှားအထပ်ထပ် အကုသိုလ်...
ကံဖြစ်ရလေသည်။ ကမ္မသက္ကတဉာဏ်ပင်မရ တိတ္ထိများဘဝ...
သံသရာနယ် ကျယ်နေ၏။ သိကောင်းသည်ကို မသိ၊ မသိကောင်း...
သည်ကို သိကာ လုပ်ကိုင်နေကြ အကုသိုလ်ရကာ အပါယ်ကျ...
လေကုန်၏။ ကမ္မသက္ကတဉာဏ်လောက် သိ၍ ရုပ်နာမ်နှင့်...
ပဋိစ္စသမုပ္ပါဒ်ကို မသိသေးသော်လည်း အမှားသိနေ၍ မိစ္ဆာဒိဋ္ဌိ...
ဖြစ်နေဦးမည်ပင်။ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စတရား...
ကြောင့် သံသရာနယ်ချဲ့ကာ အာသဝနယ်က မလွတ်နိုင်ရှိမည်...
လူတစ်သိန်းသေသော်လည်း သုဂတိသို့ တစ်ယောက်မရောက်...
နိုင်ဟု ဘုရားရှင် ဟောခဲ့လေ၏။

အမှောင်ငါးစင်းကို ပယ်ဖျောက်... အလင်းငါးချက်...
အောင် ကြိုးစားကြရမည်။ အလင်းသုံးချက်မှ လေးချက်သို့...
တက်နိုင်ပါမှ အပါယ်လွတ်ကြောင်း ရှိလာမည်။

၃။ အလင်းဓာတ် ငါးချက်မှာ -

(၁) ကံနှင့် ကံ၏အကျိုး ကောင်းရှိ၏ဟု ယုံကြည်ပါက...
ပထမအလင်းရပြီး အဝိဇ္ဇာလေးထပ်ကျန်၏။

(၂) ခန္ဓာ၏ ရုပ်နှင့်နာမ်ကို ခွဲခြားသိပါက ဒုတိယ...
အလင်းရပြီး အဝိဇ္ဇာသုံးထပ်ကျန်၏။

(၃) ခန္ဓာ၏ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်...



www.burmeseclassic.com

www.burmeseclassic.com

ပုံသိပါက တတိယအလင်းရပြီး အဝိဇ္ဇာနှစ်ထပ်ကျန်၏။

(၄) ရုပ်နာမ်တို့၏ မမြဲ၊ ဆင်းရဲ၊ အစိုးမရပုံ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ဉာဏ်ကိုသိသော ဝိပဿနာရှုနည်းမှန် သိပါလျှင် အဝိဇ္ဇာအမှောင် တစ်ထပ်သာကျန်တော့၏။

(၅) ဝိပဿနာဉာဏ်မှ လောကုတ္တရာမဂ်ပေါ်အောင် ရုပ်နာမ်ဖြစ်ပျက်ဆုံးအောင် အားထုတ်နိုင်လျှင် အဝိဇ္ဇာအားလုံးကွာ၍ အပါယ်ဘေးလွတ်ပြီး သုဂတိနှင့် နိဗ္ဗာန်သာ စံရုံရှိ၏။

ကေန်မုချ သောတာပန်တည်သောကြောင့် ဖြစ်၏။ လောကုတ္တရာဉာဏ်များရအောင် လမ်းပြကောင်းဆရာပေါ်တွင် အားလုံးတည်သည်ဟု မြတ်ဗုဒ္ဓဟောခဲ့ပါသည်ဟု မိုးကုတ်ဆရာတော်ကြီးတရားတွင် ရှင်အာနန္ဒာကို မိန့်ကြားပုံသိရလေသည်။

၄။ သို့သော် အနည်းအားဖြင့် ငွေကုန်ကြေးကျမရှိ၊ အကျိုးရှိသော အသိထူးကို ဦးစွာပြောပြလို၏။ ဗုဒ္ဓဘာသာတွင် အမြတ်ဆုံးရတနာသုံးပါး ရှိ၏။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဖြစ်၏။

(၁) ဘုရားရတနာ = သဗ္ဗညုတမြတ်ဗုဒ္ဓဘုရားကို ဆိုလို၏။

(၂) တရားရတနာ = မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်ဆယ်ပါးသော တရား။

(၃) သံဃာရတနာ = ကိလေသာဖြူစင်သော အရိယာသံဃာကို ဆို၏။

ပုထုဇဉ်သံဃာတို့သည် အရိယာသံဃာဖြစ်ကြောင်း ကျင့်ကြံနေသော သံဃာများဖြစ်၍ အရိယာသံဃာကို ရည်မှန်း၍ အလှူခံသံဃာကို ကိုယ်စားဆည်းကပ် ကိုးကွယ်ပူဇော်ပါလျှင် အရိယာသံဃာကိုလှူသော အလားတူကုသိုလ်ကို ရစေ၏။

ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရာတွင် သရဏဂုံတည်ရ၏။ သရဏဂုံခံယူဆောက်တည်ပုံမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။** ။ ဗုဒ္ဓံ-ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို ကိုယ်တိုင်လည်းသိ၊ အများကိုလည်း သိစေနိုင် ဗုဒ္ဓဂေါတမအစထား သဗ္ဗညုတရှင်များကို၊ သရဏံ-ကိုးကွယ်ရာအစစ် ကေန်ဖြစ်၏ဟု ယုံကြည်စွာဖြင့်၊ ဂစ္ဆာမိ-ဆည်းကပ်ကိုးကွယ် ပူဇော်ပါ၏။

**ဓမ္မံ သရဏံ ဂစ္ဆာမိ ။** ။ ဓမ္မံ-မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်အမြတ်ထွတ်ထား ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာအစစ် ကေန်ဖြစ်၏ဟု ယုံကြည်စွာဖြင့်၊ ဂစ္ဆာမိ-ဆည်းကပ်ကိုးကွယ် ပူဇော်ပါ၏။

**သံဃံ သရဏံ ဂစ္ဆာမိ ။** ။ သံဃံ-ကိလေသာဖြူစင် အရိယာသံဃာနှင့် အရိယာသံဃာကိုယ်စား သမုတိသံဃာတော်တို့ကို ကိုးကွယ်ရာအစစ် ကေန်ဖြစ်၏ဟု ယုံကြည်စွာဖြင့်၊ ဂစ္ဆာမိ-ဆည်းကပ်ကိုးကွယ် ပူဇော်ပါ၏။

ဟူ၍ စိတ်၌ အာရုံယူ၍ သရဏဂုံ ဆောက်တည်သင့်ပါ၏။

၅။ သရဏဂုံတည်ခြင်း အဖိုးအနဂ္ဃ အလွန်ကြီးမြတ်ပုံသိစရာ ဥပမာနမူနာများ

သရဏဂုံသည် ဘေးအပေါင်း၊ ရန်အပေါင်း၊ အန္တရာယ်အပေါင်းကို ဖျက်ဆီးတတ်၍ အပါယ်လေးပါးသို့ လားရခြင်း၊ ကျရောက်ရခြင်းကို တားမြစ်ဖျက်ဆီးကာကွယ်ပေးတတ်၏။ သရဏဂုံတည်သူသည် သေလျှင် နတ်ပြည်၌ နတ်ဘဝကို ရစေဖြစ်စေ၏။ သရဏဂုံမတည်သော နတ်တို့ထက် ဆယ်ပါးသော အကြောင်းအရာများမှာ သာလွန်ထူးကဲပုံကို သဠာယတသံယုတ်သက္ကသုတ်၊ စာမျက်နှာ ၄၆၉ မှာ ဖော်ပြပါရှိ၏။

ဒိဗ္ဗေန၊ အာယုနာ၊ ဝဏ္ဏေန၊ သုခေန၊ ယသေန၊ အဓိပတေယျေန၊ ဒိဗ္ဗေဟိ၊ ရူပေဟိ၊ သဒ္ဒေဟိ၊ ဂန္ဓေဟိ၊ ရသေဟိ၊ ဖောဋ္ဌဗ္ဗေဟိဟု ပါရှိသည်။

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြွေအရံများခြင်း၊ အစိုးရခြင်း ငါးပါးနှင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါး နှစ်ရပ်ပေါင်း ဆယ်ပေါင်းသော အခြင်းအရာတွေမှာ သာလွန် ပိုလွန်စွာ ခံစားစံစားရလေသည်။

ထို့ပြင် ဓမ္မပဒစာပိုဒ် ၁၉၂ အရ တံခါးသရဏံခေမံ၊ တံသရဏမုတ္တမံ၊ တံသရဏ မာဂမ၊ သဗ္ဗဒုက္ခာပမုစ္စတိ အဟောရှိ၏။ သရဏဂုံတည်သော ကုသိုလ်အစွမ်းသည် ဘေးရန်ကင်းစေရုံမျှမက တရားကိုလည်း အချိန်ကြာစွာ အားမထုတ်ရဘဲ သရဏဂုံတည်ကာမျှနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရစေပြီး ရဟန္တာအဖြစ်ပင် ရောက်ရှိနိုင်၏။

၆။ တောင်ပုလုဆရာတော်ဘုရားကြီးသည် သရဏဂုံကို အလေးအမြတ်ထား၍ ဟောကြားလေ့ရှိ၏။ ပထမတန်းစား ဒုတိယတန်းစား၊ တတိယတန်းစားအားဖြင့် အချိန်ကာလ အတို



www.burmeseclassic.com

www.burmeseclassic.com

အရှည်နှင့် အသက်နှင့် လာဘ်လာဘစွန့်၍ ယုံကြည်၍ အကျိုးထူးရှိပုံကို ပြောခဲ့ပါသည်။

(က) တတိယတန်းစား သရဏဂုံတည်သူအဖြစ် ဒမိဠ ဒါယကာအကြောင်း

ဒမိဠဒါယကာသည် နှစ်ပေါင်း ၅၀ ခန့် အကုသိုလ် အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ခဲ့၏။ အိပ်ရာထဲမှ မထနိုင်အောင် ရောဂါကျရောက်နေစဉ် ရဟန်းတော်တစ်ပါး ဆွမ်းခံကြွသည်ကို အပြန်အလှန် ကျေးဇူးမရှိပါဟု ဇနီးကို ပြောခိုင်း၏။ ဇနီးဖြစ်သူက ကန်တော့ဆွမ်းပါဘုရားဟု လွှဲ၍ပြောသဖြင့် ရဟန်းတော်က ဒကာကြီး အကြောင်းသဖြင့် ဝေဒနာမှ လွန်မြောက်မည်မဟုတ်ဟု လျှောက်ထား၏။ ရဟန်းတော်သည် ဒမိဠဒါယကာကိုတွေ့၍ မေးမြန်းပြောဆိုရာမှ သဘောတူ၍ သီလ ခံယူလေ၏။ ဒမိဠဒါယကာလည်း သီလခံယူစဉ်တွင် သရဏဂုံ ဆိုပြီးသည်နှင့် ရှေ့မဆက်ဖြစ်ကာ ကွယ်လွန်သွား၏။ ရုပ်သစ်၊ နာမ်သစ်၊ ခန္ဓာသစ်ဖြင့် စတုမဟာရာဇ်နတ်ပြည်မှာ သရဏဂုံ ကုသိုလ်ကြောင့် နတ်ဖြစ်လာ၏။ သူနတ်ဖြစ်ရပုံကို ဆင်ခြင် သောအခါ သီလခံယူစဉ်က သရဏဂုံအစွမ်းကြောင့်ဟု သိရ သော် ရဟန်းတော်ထံ ကိုယ်ထင်ပြ၍ လျှောက်ထားခဲ့၏။ သီလ ကိုသာ ဆောက်တည်နိုင်ခဲ့သော် အထက်နတ်ဘုံကို ရောက်နိုင် သည်ဟု လျှောက်ခဲ့လေ၏။ သရဏဂုံတည်ရုံတည်ခါစ အချိန် တို့ သရဏဂုံအစွမ်းကြောင့် အကုသိုလ်အပါယ်ဘေးမှ လွတ်၍ နတ်ဖြစ်သာရပုံ ဖြစ်၏။

(ခ) ဒုတိယတန်းစား သရဏဂုံတည်သူ သရဏဂမန မထေရ်

ဤကမ္ဘာမှ နောက်ပြန်ရေသော် လွန်ခဲ့သော ၉၁ ကမ္ဘာ ထက်တွင် အနှစ်တစ်သိန်းတန်း၌ ဝိပဿီမြတ်စွာဘုရား ပွင့် ထွန်းခဲ့၏။ ထိုကာလတွင် သူဆင်းရဲတစ်ယောက်သည် မျက်မမြင် မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေး ပြုစုစောင့်ရှောက်နေရ၏။ အလွန်ဆင်းရဲလှ၏။ ဘာမျှမလှူရ၊ မတန်းရ၊ ရဟန်းလည်း မခံခဲ့ ရပေ။ ထို့ကြောင့် သူသည် စိတ်နှလုံး မသာမယာဖြစ်နေစဉ် ရဟန်းတော်တစ်ပါး ကြွလာပြီး သရဏဂုံပေး၍ သရဏဂုံကို ခံယူဆောက်တည်ခဲ့ရာ တစ်သက်ပတ်လုံးဖြစ်၏။ နှစ်တစ်သိန်း တန်းဖြစ်၍ အချိန်အကြာဆုံး သရဏဂုံတည်ခွင့်ရခဲ့လေ၏။ သေသောအခါ နတ်ပြည်၌ ရုပ်သစ်၊ နာမ်သစ်၊ ခန္ဓာသစ်ဖြင့် နတ်ဘဝရောက်ရလေသည်။ ထိုစဉ်မှာ -

(၁) နတ်ပြည်တွင် နတ်တို့သနင်း သိကြားမင်းအဖြစ် ကို ဆက်ကာဆက်ကာ အကြိမ် ၈၀ ဖြစ်

(၂) အကြိမ် ၈၀ ပြည့်၍ လူ့ပြည်မှာ ရုပ်သစ်၊ နာ သစ်ဖြင့် လူ့ဘဝဖြစ်ရပြန်သော် လေးကျွန်း အစိုးရသော သိကြားမင်းအဖြစ် ၇၅ ကြိမ် ဖြ ရ၏။ ၉၁ ကမ္ဘာပတ်လုံး ပဒေသရာဇ်၊ ကော မင်းအဖြစ်က အရေအတွက် အပိုင်းအခြား မ မတွက်နိုင်အောင် များစွာဖြစ်ခဲ့ရ၏။

(၃) ၉၁ ကမ္ဘာကာလပတ်လုံး အပါယ်လေးပါး တစ်ကြိမ်မျှ မကျရောက်ခဲ့ရချေ။

(၄) လူ့အဖြစ်၊ နတ်အဖြစ်ဖြင့် မြင့်မြတ်သော ဘဝ ချည်း ဖြစ်ခဲ့ရလေသည်။ ဂေါတမဘုရားရှင် ပွ ထွန်းလာသောအခါတွင် လူချမ်းသာ၊ သူကြွယ် သားအဖြစ်နှင့် မွေးဖွားလာပြီး ခုနစ်နှစ်သားအရွ တွင် သရဏဂုံတည်ရုံမျှနှင့် ရဟန္တာဖြစ်လာ သရဏဂမနမထေရ်ဟူ၍ ထင်ရှားခဲ့လေသည် သရဏဂုံတည်ခြင်းအကျိုး အင်မတန်ကြီးမား သိစရာဖြစ်၏။

(ဂ) ပထမတန်းစား သရဏဂုံတည်သူအဖြစ် သရဏ ဥပါသကာကို ဟောပြထားသည်။

ပထမတန်းစား သရဏဂုံတည်သူ ဆိုသည်မှာ မိမိအ သက်ဆုံးဖြစ်သော အသက်နှင့်တကွ လာဘ်လာဘကို စွန့်လွှ ပြီး ဘုရား၊ တရား၊ သံဃာကို ယုံကြည်နိုင်စွမ်းရှိသူဖြစ်လေ သည်။ ထိုပုဂ္ဂိုလ်မျိုးသည် သေသည်နှင့် တစ်ပြိုင်နက် သောတာ ပန်တည်ပြီး နတ်ပြည်မှာ နတ်ဘဝတွင် ရုပ်သစ်၊ နာမ်သစ်ဖြ နတ်ဖြစ်လာရလေသည်။

နမ္မနာအဖြစ်ဖြင့် ဘုရားရှင်၏ ဆွေတော်မျိုးတော်ထဲ သရဏဥပါသကာကို ဟောပြ၏။ သူသည် အရက်ကို အလွ ကြိုက်၏။ သေခါနီးဆဲဆဲတိုင်အောင် သောက်သုံး၏။ သေဆုံး ကွယ်လွန်သော် ဘယ်ဘဝမှာ ဖြစ်ရသနည်းဟု အမျိုးများက ဘုရားရှင်ကို မေးလျှောက်ကြ၏။ ဘုရားရှင် ဉာဏ်နှင့်ဆင်ခြင် ကြည့်သောအခါ ရုပ်သစ်၊ နာမ်သစ်၊ ဘဝသစ် နတ်အဖြ ရောက်နေကြောင်း ဖြေကြားသည်ကို အမျိုးများက မယုံနိုင်ဖြ နေ၏။ ထိုအခါတွင်မှ မဟာနာမ်မင်းကြီးက ဘုရားရှင်ကို အကြောင်းရင်းကို မေးလျှောက်ရလေ၏။ ထိုအခါမှ သရဏ ဥပါသကာ ဘာကြောင့် နတ်ပြည်ရောက်ရသည့်အချက်ကို ဟော ပြခဲ့ခြင်းဖြစ်၏။ သူသည် ဘုရား၊ တရား၊ သံဃာ ရတနာ့မြတ်



www.burmeseclassic.com

www.burmeseclassic.com

သုံးပါးကို အသက်စွန့်၍ ယုံကြည်ခြင်းဟု စွမ်းနိုင်သော "အဝေစ္စပသာဒ" တရားရှိ၏။ ထိုအင်္ဂါမ်းကြောင့် ထိုကုသိုလ်ကံအစွမ်းကို သေရည်သေရက်သောက်သော အကုသိုလ်က မတားဆီးနိုင်၍ သေသည်နှင့် သောတာပန်တည်ပြီး နတ်ဘဝတွင် ရုပ်သစ်၊ နာမ်သစ်၊ ခန္ဓာသစ်ဖြင့် နတ်ဖြစ်လာ၏။

အကြောင်းရင်းမှာ သူ့ကို ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးဟု ပြောလျှင်ပြော၊ မပြောလျှင် ခေါင်းကိုဖြတ်၍ သတ်မည်ဟု ဆိုလာပါလျှင် ခေါင်းဖြတ်သတ်လိုက သတ်ပါ၊ ထိုသို့မပြောရဲဘူးဟူ၍ ယုံကြည်ချက် သဒ္ဓါရှိမှုတစ်ချက်၊

နောက်တစ်မျိုးမှာ အင်မတန်ဆင်းရဲပြီး နူနာရောဂါစွဲနေသူလည်းဖြစ်၏။ သူ့ကို တစ်သက်လုံး စားမကုန်အောင် ရွှေငွေရတနာများ ပေးမည်၊ ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်လို့ ပြောခိုင်းပါလျှင် ထိုသို့မပြောရဲပါဘူးဟု ဆိုကာ လာဘ်လာဘကိုစွန့်ပြီး ရတနာသုံးပါးကို ယုံကြည်နိုင်သူဖြစ်ခြင်း တစ်ချက်၊

ထိုသို့ အသက်နှင့် လာဘ်လာဘကိုစွန့်၍ ရတနာမြတ်သုံးပါးကို ယုံကြည်နိုင်သူ အမျိုးအစားဖြစ်၍ သေသည်၏ အခြားမဲ့၌ အပါယ်မကျ နတ်ဘဝဖြစ်ကာ သောတာပန်တည်ပုံကို ဟောပြခဲ့လေ၏။

ငွေလည်းမကုန်၊ လူလည်းမပင်ပန်း၊ ရတနာမြတ်သုံးပါးကို စိတ်ချယုံကြည်မှုအစွမ်းကို အားကျလိုက်နာသင့်လှပေသည်။

၆။ ကျွန်ုပ်၏ ထင်မြင်ချက်ကို ဖော်ပြလိုပါသည်။ လိုအပ်ပါက ခွင့်လွှတ်ပါ။

(က) တတိယတန်းစား သရဏဂုံတည်ပုံမှာ ဆောက်တည်စ၊ ဆောက်တည်ဆဲကာလ အချိန်တိုလှသော်လည်း သရဏဂုံအစွမ်းကို အကုသိုလ်က မတားနိုင်၍ စတုမဟာရာဇ်နတ်ပြည်မှာ ဒမိဠဒါယကာ နတ်ဘဝရောက်ခဲ့ရသည်။

(ခ) ဒုတိယတန်းစား သရဏဂုံတည်သူမှာ သူ၏ပင်ကိုလိုရင်းစိတ်မှာပင် ဘုရား၊ တရား၊ သံဃာကို ကြည်ညိုစိတ်ရှိနေသည်။ ဆင်းရဲလွန်း၍ မလှူနိုင်၊ ရဟန်းမပြုနိုင်သော်လည်း လိုလိုလားလား အနုစ်တစ်သိန်းတမ်းမှာ မပေါက်မကျိုး ကြည်ညိုသဒ္ဓါတိုး၍ ကိုးကွယ်ခဲ့၍ အချိန်ကြာစွာတည်သော သရဏဂုံအစွမ်းကြောင့် ၉၁ ကမ္ဘာကာလပတ်လုံး အချိန်ကြာစွာပင် အပါယ်မကျ သုဂတိဘဝကောင်းများကို စံစားခံစားပြီး သရဏဂုံတည်ကာမျှနှင့် ရဟန္တာအဖြစ် ရောက်ရသည်။

(ဂ) ပထမတန်းစား သရဏဂုံတည်သူများသည် ရတနာမြတ်သုံးပါးပေါ်တွင် လေးလေးနက်နက် ယုံကြည်၍ဖြစ်၏။ လေးလေးနက်နက်ယုံကြည်သည်မှာ အမှန်ကို နားကြားသိ၊ ပွားများသိဖြင့် ကိုယ်တိုင်ပင် ကံနှင့် ကံ၏အကျိုးကိုလည်း ယုံကြည်၊ ရုပ်နာမ်ကိုလည်း သိလောက်ပြီး၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို တရားနာပြီး သိလောက်ပြီး ဖြစ်နိုင်၏။ ထို့ပြင် တရားနာ၍ သိရသဖြင့် ဉာတပရိညာအဆင့်သာမက တီရဏပရိညာ ရှုပွားသိကို သိနေမည်ဟု ကောန်ထင်ပါသည်။ ထိုသို့ သိမှုသာလျှင် ရုပ်နာမ်တို့၏ခန္ဓာအစဉ်မှာ ဖြစ်ပြီး ပျက်နေပုံအမှန်ကို သိရ၍ အရှိန်မှန်ကို အသိမှန် ဉာဏ်ရောက်၍ ရတနာမြတ်သုံးပါးမှ တစ်ပါး ယုံကြည်စရာမရှိပုံကို သဘောပေါက်၍ ရတနာမြတ်သုံးပါးကို ရုပ်နာမ်ဖြစ်ပျက် ဒုက္ခသစ္စာလွတ်ရာ၊ ကိုးစားရာအဖြစ် ယုံကြည်နိုင်ကောင်းပေသည်။

အရှိမှန်ကို အသိမှန်ဖြင့် မြင်နိုင်သော ဓမ္မဝိပဿနာဉာဏ်အခြေခံကောင်းရှိ၍ အသက်နှင့် လာဘ်လာဘကို စွန့်နိုင်သည်၊ သို့မဟုတ် သောတာပန်တည်ပြီး၍လည်း ဖြစ်နိုင်သည်ဟု ထင်မြင်မိပါသည်။

အကောင်းတွင် အမှန်ဆင် အလွန်မြင့်မြတ်သော သာသနာတွင်းသားဖြစ်စေရန် ဝိပဿနာကို နည်းမှန်လမ်းမှန် ခရီးပေါက်အောင် အားထုတ်နိုင်ကြပါစေ။

မေတ္တာ သစ္စာ သည်းခံ

---

ဖိုးသန်းကျော်(ရေကြည်သား)

---



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဗိဒ္ဓာဉ်လောက ယုံကြည်ချက်များ

## လှတိုး(စိတ်ပညာ)

### ပထမအကြိမ် အကျွတ်အလွတ်ဒါနပြုပွဲနှင့် အမေ ဒေါ်မြတ်မွန်၏ ကိုယ်တွေ့ အတွေ့အကြုံများ

ပြီးခဲ့သည့်လက အကျွတ်အလွတ်ဒါနပြုပွဲ ဖြစ်ပေါ်လာရပုံနှင့် အကျွတ်အလွတ်ဒါနပြုပွဲသို့ မကျွတ်မလွတ်သူများ ရောက်ရှိလာကြပုံကို အကျွတ်အလွတ်ဒါနပြုပွဲအဖွဲ့ခေါင်းဆောင် အမေဒေါ်မြတ်မွန်၏ ကိုယ်တွေ့များဖြင့် ဖော်ပြခဲ့ပါသည်။ ယခုတစ်ဖန်အဆိုပါ ပထမအကြိမ် အကျွတ်အလွတ်ဒါနပြုပွဲကျင်းပခါနီးနှင့် ကျင်းပချိန်တို့တွင် ဖြစ်ပေါ်ခဲ့သော အမေဒေါ်မြတ်မွန်၏ ကိုယ်တွေ့အချို့ကို ထပ်မံဖော်ပြလိုက်ပါသည်။

ယခု အမေဒေါ်မြတ်မွန်၏ ကိုယ်တွေ့တို့ကို မဖော်ပြမီ နန္ဒာပေတဝတ္ထုပါ ကျွတ်လွတ်နိုင်ရေး နည်းလမ်းကို ဦးစွာဖော်ပြလိုပေသည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက နန္ဒာအမည်ရှိသော ပြိတ္တာမကို အကြောင်းပြု၍ ဤဖြစ်ရပ် ဝတ္ထုသာကေကို ဟောကြားတော်မူခဲ့သည်။ သာဝတ္ထိပြည်အနီးရှိ တစ်ခုသောရွာငယ်၌ နန္ဒိသေန အမည်ရှိသော ဥပါသကာတစ်ဦးရှိ၏။ သူသည် ရတနာသုံးပါး၌ ကြည်ညို၏။ သဒ္ဓါတရားရှိ၏။ သို့ရာတွင် သူ၏မယားသည်ကား ရတနာသုံးပါး၌ မကြည်ညို၊ သဒ္ဓါတရားမရှိ၊ ကြမ်းတမ်းသောစကားကို ပြောဆိုတတ်၏။ ဆဲရေးတတ်၏။ အမည်အားဖြင့် နန္ဒာဟူ၍ ခေါ်၏။ နောင်အခါတွင် ထိုမိန်းမသည် သေလွန်သွားရာ ပြိတ္တာဘဝ၌ ဖြစ်၍ ထိုရွာ၏ အနီးပတ်ဝန်းကျင်တွင် လှည့်လည်ပြီး သွားလာနေထိုင်သသည်။

တစ်နေ့တွင် နန္ဒိသေနသည် ရွာမှထွက်လာရာ မနီးမဝေးသော အရပ်၌ ပြိတ္တာမသည် မိမိ၏ကိုယ်ကို နန္ဒိသေနအား ပြလေသည်။ နန္ဒိသေနသည် ပြိတ္တာမကို မြင်လေ၏။

နန္ဒိသေနမေး ။ ။ အို…မိန်းမ၊ မီးသွေးကဲ့သို့ ...
နက်သောအဆင်းရှိ၏။ အဖုအပိမ့်လွှမ်း၍ ကြမ်းတမ်းသော...
ရှိ၏။ မြင်ရသူတိုင်း ကြောက်မက်ဖွယ်သော အဆင်းရှိ၏။ ...
ကြောင်သော မျက်လုံးရှိ၏။ သင့်ကိုမြင်ရသည်မှာ လူလိမ္မာ...
မအောက်မေ့၊ သင်သည် အသူနည်း။

ပြိတ္တာမဖြေ ။ ။ ကိုနန္ဒိသေန၊ ရုပ်ပုံသဏ္ဌာန် ပျက်...
၍နေသော ငါသည် အခြားသူမဟုတ်ပါ။ ရှေးဘဝက ကိုနန္ဒိသေ...
၏ မယားဖြစ်ပါသည်။ မကောင်းမှုကိုပြုခဲ့မိ၍ ပြိတ္တာဘဝ ရော...
နေရပါသည်။

နန္ဒိသေနမေး ။ ။ အဘယ်သို့သော မကောင်းမှု...
ပြုခဲ့၍ ပြိတ္တာဘဝ ရောက်နေရပါသနည်း။

ပြိတ္တာမဖြေ ။ ။ ကျွန်မသည် ရှေးလူဖြစ်စဉ်အခါ...
ကြမ်းတမ်းသော ကိုယ့်စိတ်ရှိပြီး ကိုနန္ဒိသေနအပေါ်၌ ရို...
လေးစားခြင်းမရှိဘဲ ညစ်ညမ်းစွာ ပြောဆိုခဲ့မိ၍ ပြိတ္တာဘ...
ရောက်နေရပါသည်ဟု ဖြေကြားလေသည်။

ဤအကြောင်းကို သိရသောအခါ နန္ဒိသေနသ...
လွန်စွာသနားသဖြင့် ပြိတ္တာမအား "အို…မနန္ဒာ၊ သင့်အ...
အပေါ်ရုံ ပုဆိုးကို ပေးပါ၏။ ယခုပင်ယူပါ။ ဝတ်ဆင်ပါ။ ငါ၏...
သို့ လိုက်ခဲ့ပါ။ အိမ်ရောက်လျှင် ဝတ်ဆင်စရာနှင့်တကွ စား...
သောက်ရာ အဖြာဖြာတို့ကို ရနိုင်ပါသည်"ဟု ပြောဆိုလေသ...
ထိုအခါ ပြိတ္တာမက နန္ဒိသေနအား "ကိုနန္ဒိသေန…သင့်လ...
ဖြင့် ပေးအပ်သမျှ ဝတ္ထုသည် ကျွန်ုပ် မသုံးဆောင်နိုင်ပါ။ မခံ...
နိုင်ပါ။ သုံးဆောင်ခံစားခွင့်ရအောင် ပြုလုပ်ရမည့်နည်းလမ်း...
သင်သည် အကျင့်သီလနှင့် ပြည့်စုံကြကုန်သော ရဟန်း...



www.burmeseclassic.com

www.burmeseclassic.com

တော် အရှင်သူမြတ်တို့ကို ဆွမ်းလှူဒါန်းကျွေးမွေး၍ ကျွန်ုပ်အား ကုသိုလ်၏ အဖို့ဘာဂကို အမျှပေးဝေပါ။ ထိုသို့ ပေးဝေလိုက်ပါက ထိုကုသိုလ်၏ အကျိုးကြောင့် ချမ်းသာခြင်းသို့ ရောက်ပါလိမ့်မည်ဟု ပြောဆိုလေသည်။

ဤပြိတ္တာဖြစ်သူ၏ ပြောစကားကို ထောက်ထား၍ ပြိတ္တာဖြစ်သူသည် မိမိ၏ဘဝ လွတ်ရေးကျွတ်ရေးကို လိုလားသည်မှာ ထင်ရှားသည်။ နန္ဒိသေနသည် မိမိ၏လက်ဖြင့် မိမိကိုယ်တိုင် ပေး၍မရကြောင်း သိရှိသဖြင့် ရဟန်းသံဃာတော်တို့အား ဆွမ်း၊ သင်္ကန်းနှင့်တကွသော လှူဒါန်းဖွယ်ရာ ဝတ္ထုအစုစုတို့ကို ကျွေးမွေးလှူဒါန်းပြီး ကုသိုလ်၏ အဖို့ဘာဂကို ပြိတ္တာမအား အမျှပေးဝေလေ၏။ ထိုသို့ အမျှပေးဝေသည်နှင့် တစ်ပြိုင်နက် ကုသိုလ်၏ အကျိုးကြောင့် နတ်၏စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို ရရှိပြီး မိမိ၏ ရှေးဘဝက လင်တော်ခဲ့ဖူးသော နန္ဒိသေနရှိရာသို့ လာရောက်၍ မိမိ၏ကိုယ်ကို ပြလေသည်။

နန္ဒိသေနသည် ပြိတ္တာမကိုမြင်၍ အဘယ်သို့သော အကြောင်းကြောင့် နတ်၏စည်းစိမ်ကို ခံစားရသနည်းဟု မေးရာ ပြိတ္တာမက လင်ဖြစ်သူ ကိုနန္ဒိသေနက လှူဒါန်းအမျှပေးဝေမှုကြောင့် ပြိတ္တာဘဝမှ လွတ်မြောက်၍ နတ်၏စည်းစိမ်ချမ်းသာကို ခံစား၍နေရပါသည်ဟု ပြောကြားလေသည်။ နန္ဒာနတ်သမီးသည် နတ်ပြည်၌ ဖြစ်ရခြင်း၏ အကြောင်းကို နန္ဒိသေနအား အထက်ပါအတိုင်း ပြောကြားပြီး မိမိ၏ နေထိုင်ရာဌာနဖြစ်သော နတ်ပြည်လောကသို့ ပြန်သွားလေသည်။

အထက်ဖော်ပြပါ ဝတ္ထုသာခကကို အကျဉ်းချုပ်တင်ပြရလျှင် (၁) ပြိတ္တာဖြစ်နေသူသည် မိမိနေထိုင်ခဲ့ဖူးသော အရပ်ဒေသ မြို့ရွာ(သို့မဟုတ်) မိမိနေထိုင်ခဲ့ဖူးသော အိမ်၏ အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ဖြစ်တတ်ကြောင်းကို မှတ်သားနိုင်သည်။ သို့ရာတွင် ပြိတ္တာဖြစ်ရသူတိုင်းကား မဟုတ်။ အများအားဖြင့် ဖြစ်တတ်သော ယေဘုယျသဘောဟူ၍သာ မှတ်သားသင့်သည်။ (၂) ပြိတ္တာဖြစ်နေသူသည် မိမိ၏ကိုယ်ကိုမိမိ မြင်စေလိုသူအား ပြသနိုင်ကြောင်းကိုလည်းကောင်း၊ (၃) ပြိတ္တာဖြစ်နေသူ၏ ရုပ်လက္ခဏာပုံပန်းသဏ္ဌာန်ကို မှန်းဆ၍ သိနိုင်ကြောင်းကိုလည်းကောင်း။ (၄) ပြိတ္တာဖြစ်သူနှင့် လူဖြစ်သူတို့ အပြန်အလှန်စကားပြောနိုင်ပုံကိုလည်းကောင်း။ (၅) ပြိတ္တာဖြစ်သူအား အဝတ်အထည်နှင့် စားဖွယ်ရာများကို လူဖြစ်သူက မိမိ၏လက်ဖြင့်ကိုယ်တိုင်ပေး၍ မရနိုင်၊ ကျွေး၍မရနိုင်၊ ရဟန်းသံဃာတော်များအား လှူဒါန်းပြီး အမျှပေးဝေမှ ရနိုင်ကြောင်းကိုလည်းကောင်း။ (၆) ပြိတ္တာမနန္ဒာသည် လင်ဖြစ်သူပေးဝေသော အမျှကို ရ၍ သာဓုခေါ်နိုင်သဖြင့် ပြိတ္တာဘဝမှ လွတ်ပြီး နတ်ပြည်၌ နတ်သမီးဖြစ်သွားရကြောင်းကိုလည်းကောင်း ဤအချက်အလက်များကို တွေ့ရသည်။

သို့ဖြစ်၍ ပြိတ္တာဘုံ၌ ကျရောက်ခံစားနေရသူအား အမျှပေးဝေ၍ ကယ်တင်ခြင်းဖြင့် လွတ်ရေးကျွတ်ရေးအတွက် နည်းလမ်းမှန်ကန်ကြောင်း နန္ဒာပေတဝတ္ထုက ဖော်ပြနေပေသည်။

**ကြွရောက်ချီးမြှင့်တော်မူသော အကျော်အမော် ဆရာတော်ကြီးများ**

အမေဒေါ်မြတ်မွန် ဦးဆောင်သော ပထမအကြိမ် အကျွတ်အလွတ်ဒါနပြုပွဲကို ၂၅-၁၀-၈၀ ရက်၊ ၁၃၄၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ စနေနေ့ နံနက် ၇း၃၀ နာရီတွင် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ကြံတောသုသာန်တိုက် ဇရပ်တွင် ကျင်းပခဲ့ပါသည်။

ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်ကြီးများမှာ

၁။ အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဆရာတော်)

၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကောသလ္လ (ပြည်ဆရာတော်)

၃။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုမင်္ဂလ

၄။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဦးသေဋ္ဌိလ (ကမ္ဘာ့သာသနာပြု ဆရာတော်)

၅။ ကြည့်မြင်တိုင် ဘုံပျံကျောင်း ဆရာတော်ကြီး ဦးပညာသာမိ

၆။ ကြည့်မြင်တိုင် စလင်းကျောင်း ဆရာတော် ဦးဝိမလ

၇။ ကလေးဝကျောင်း ဒွိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဇာဂရာဘိဝံသ

၈။ ပဋ္ဌာန်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒ

၉။ အကျော်ကျောင်းဆရာတော် ဦးပဏ္ဍိစ္စတို့ ဖြစ်ကြပါသည်။

အကျွတ်အလွတ်ဒါနပြုပွဲ ဖြစ်မြောက်ရေးအတွက် စတင်လှုပ်ရှားရသောနေ့မှာ ၂၄-၉-၈၀ ရက်နေ့ ဖြစ်ရာ တစ်လအတွင်း အပြင်းအထန် ကြိုးစားလှုပ်ရှားကြရပါသည်။ ကမ္ဘာအေး



www.burmeseclassic.com

www.burmeseclassic.com

ကုန်းမြေ ဇမ္ဗူဒီပကျောင်းတွင် သီတင်းသုံးတော်မူသော ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသထံ ချဉ်းကပ်လျှောက်ထား ဩဝါဒခံယူကြရသည်။ မဟာစည်ဆရာတော်ဘုရားကြီးနှင့်တကွ အခြားသီလသိက္ခာနှင့်ပြည့်စုံသော ဆရာတော်ကြီးများထံသို့လည်း လျှောက်ထားကြရသည်။ သီလသိက္ခာနှင့် ပြည့်စုံလှစွာသော အလှူခံပုဂ္ဂိုလ်ရရှိရေးအတွက်လည်း ကြိုးပမ်းချဉ်းကပ်ရသည်။ စင်ကြယ်သော အလှူပစ္စည်းရရှိရေး၊ ပစ္စည်းပြည့်စုံရေးလည်း သတိထားရသည်။ အထူးသဖြင့် လုပ်ကိုင်ပုံ စည်းစနစ်တကျရှိရေး၊ သက်ဆိုင်သူများ လာရောက်နိုင်ရေးလည်း အထူးသတိထား ဖိတ်ကြားရသည်။ သက်ဆိုင်သူတို့ သိပါစေ၊ ကြားပါစေ၊ လာပါစေ၊ သာဓုအနုမောဒနာ ပြုနိုင်ရေးမှာ ဤအလှူ၏ ပဓာနအခန်းဖြစ်၍ အထူးသတိထားရသည်။ "သူများကို ပေးချင်ရင် ကိုယ်ပိုင်ပစ္စည်းရှိပြီး ဖြစ်ရမည်"ဟူသော အသိတရားအရ ဤအလှူတွင် အဓိကပါဝင်သူများ နဝင်္ဂသီလ ထိန်းကြရမည်။ ယုတ်စွအဆုံး သက်သတ်လွတ်စားကြရမည်ဟူသော မိမိကိုယ်မိမိ ထိန်းသိမ်းမှုများအရလည်း ကြိုးစားရသည်။

အခမ်းအနားပြင်သော ကိစ္စအဝဝကို ဦးတင်ထွန်းအောင် ခေါင်းဆောင်သော အာတီစီအဖွဲ့က တာဝန်ယူပြီး ဆွမ်းကိစ္စကို လှူမှုဝန်ထမ်းဌာနက တာဝန်ယူချက်ပြုတ်ကြရသည်။ ဆရာတော်များ ဖိတ်ကြားခြင်းကို ဦးအေးဖေ(ရန်ကုန်တက္ကသိုလ်) (ယခု ဂျိုးဖြူအဘိုးဆရာတော်ဘုရားကြီး ဦးအာဒိစ္စဝံသ၏ သားတပည့် သက္ကဝတီ ဂျိုးဖြူသာသနာပြု ဘဒ္ဒန္တအဂ္ဂသာရ)နှင့် ဒေါ်မြတ်မွန်တို့က တာဝန်ယူသည်။ ဝေမာနိကဖိတ်ကြားခြင်းကို အဖွဲ့သုံးဖွဲ့ ခွဲပြီး တာဝန်ယူကြရသည်။ ရှာခံဖြစ်သော ဒု-သုသာန်မှူး ဦးလှကြည်၏ ပူးပေါင်းဆောင်ရွက်မှုများမှာ အားရစရာကောင်းလှသည်။ ၎င်းတို့အဖွဲ့မှာ ဤဒါနအမှုကြောင့် တကယ့်ထိပ်သီး ဆရာတော်ကြီးများကို တစ်စုတစ်ဝေးတည်း ဖူးတွေ့လှူဒါန်းရသည်ကိုပင် ကျေနပ်နေကြသူများ ဖြစ်သည်။

အယုတ်အလတ် အမြတ်မရွေး ပါဝင်လှူဒါန်းနိုင်ပါရန် လှူရက်မတိုင်မီ တစ်ရက် သီတင်းကျွတ်လပြည့်နေ့တွင် အလှူကျင်းပရာ ဇရပ်ကြီးတွင်ပင် ဆိုင်းဘုတ်တင်၍ အလှူခံဌာန ဖွင့်ထားခဲ့ပါသည်။

**ထူးခြားသော အလှူရှင်(၁)**

အလှူဇရပ်သို့ နံနက် ၁၀း၀၀ နာရီတွင် အမေ ဒေါ်မြတ်မွန်ရောက်သွားပြီး အလှူခံဌာန တာဝန်ကျသူများအား နံနက်စာ စားသောက်ရန် ကားဖြင့်ပို့လွှတ်လိုက်ပြီး အမေ... တိုင်မှာမှု သူတို့အစားဝင်၍ တာဝန်ယူလိုက်ပါသည်။ မကြာ... ချေ။ ဟောင်းနွမ်းသော ပုဆိုးအမည်းကွက်စိပ်ကလေးနှင့် စွပ်ကျယ်အင်္ကျီ ညစ်ထပ်ထပ်ကို ဝတ်ဆင်ထားသော အမျိုးသား... တစ်ယောက် ရောက်လာပါသည်။

ဒေါ်မြတ်မွန်က ထိုင်ပါဟု ပြောသော်ငြားလည်း ကုလား... ထိုင်လွှတ်တွင် ဝင်မထိုင်ဘဲ သတင်းစာစက္ကူဖြင့် ထုပ်ထားသော... ပိုက်ဆံကလေးများကို ရိုရိုသေသေ ပေးပါသည်။ စက္ကူများ... ရေစိုနေသဖြင့် ပိုက်ဆံများကို လောလောလတ်လတ် ရေဆေး... ထားကြောင်း ထင်ရှားလှပါသည်။ ရေတွက်ကြည့်ရာ ၂ ကျပ်... ၅၀ ပြား ဖြစ်ပြီး၊ တန်ဖိုးအကြီးဆုံးက ငါးမူးစေ့တစ်စေ့ဖြစ်... သည်။ ကျန်အကြွေများမှာ မတ်စေ့၊ ဆယ်ပြားစေ့နှင့် ငါးပြား... စေ့ကလေးများ ဖြစ်သည်။ ပိုက်ဆံများကို ငွေဖလားထဲသို့ ထည့်... ပြီး အလှူခံဖြတ်ပိုင်းရေးရန် ပြေစာစာအုပ်ကိုဖွင့်ကာ အလှူရှင်... ကို ပြုံးပြရင်း "ထိုင်ပါ။ နာမည်ကရော"ဟု ဒေါ်မြတ်မွန်က... ပြောလိုက်ပါသည်။ သူမထိုင်ပါ။ "ကျွန်တော့်နာမည် သာမြ... ခင်ဗျာ။ အဲဒီမှာ ကျွန်တော့်အဖေ ဦးဘိုးခွေးနဲ့ အမေ ဒေါ်မယ်... တို့အတွက်လို့ ရေးပေးပါခင်ဗျာ"ဟု ပြောလာပါသည်။

ဒေါ်မြတ်မွန်က သူ့ဆန္ဒအတိုင်း ရေးလိုက်ပြီး စာရွက်... ကို လှမ်းပေးရင်း အမှတ်ထင်ထင် သူ့မျက်နှာကို မော်ကြည့်... ရာ ညိုညစ်သော အသားအရောင်နှင့် အလှအပဟူ၍ ဘာ... မရှိရှာသော သူ့မျက်နှာသည် ထူးထူးခြားခြား အရောင်ထွက်နေ... သည်ဟု ထင်မိသည်။ မည်သို့ဖြစ်စေ ကျေနပ်ပီတိပြုံးဖြင့်... တောက်ပနေသော ကိုသာမြမျက်နှာကိုကြည့်ရင်း အမေ... ဒေါ်မြတ်မွန်တစ်ယောက် သာဓု - သာဓု - သာဓုဟု အနုမော... ဒနာပြုမိပါတော့သည်။

ကိုသာမြအမည်ရှိ တောင်းရမ်းစားသောက်ရသူ တစ်... ယောက်သည် သူ့ရထားသော ငွေအကြွေကလေးများဖြင့် သူ့မိဘ... အတွက် သတိတရ အလှူဒါနပြုလိုသော်လည်း အကယ်၍... အမေဒေါ်မြတ်မွန်တို့က ဤအလှူဒါန ... ဤလိုဌာနဖွင့် လာ... မကျင်းပခဲ့ပါလျှင် သူ့အလှူမြောက်တော့မည်မဟုတ်ပါ။ ကိုသာ... မြ၏ မိခင်၊ ဖခင်များဖြစ်သော ကိုဘိုးခွေး၊ မမယ်လှ တစ်ဖြစ်... ကံနည်းသူတို့များ ဝေမာနိကဖြစ်နေလျှင်လည်း သက်ဆိုင်သူ... သားလူလှ၏ အမျှကို ခံစားရယူနိုင်ခြင်းမရှိလျှင် ဆင်းရဲကာ... ကြာမြင့်ရှာလေတော့မည်ဟု တွေးမိသောအခါ သုသာန်မြေတွင်... ဤအလှူကို လာ၍လှူမိခြင်းကိုပင် ကျေနပ်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော အလှူရှင်(၂)

ကိုသာမြ ပြန်သွားပြီး အတန်ကြာလျှင် အလှူခံဌာန တာဝန်ကျသူတို့လူစု ပြန်ရောက်လာသဖြင့် ၁၂ နာရီမထိုးမီ ထမင်းစားနိုင်ရန် အမေဒေါ်မြတ်မွန်တစ်ယောက် ယာဉ်မောင်း မောင်ညိုနှင့်အတူ တစ်လှည့်ထွက်ခဲ့ပါသည်။ ဦးတင်ထွန်းအောင် ၏ တပည့်များ ကိုလေးမောင်တို့လူစု အခမ်းအနားပြင်ရင်း ကျွန်ရစ်သည်ကို ကြည့်ရင်း အမေဒေါ်မြတ်မွန်စိတ်ထဲ တစ်ခု လိုနေသည်ဟု ထင်မိသည်။ ဘာရယ်တော့မသိ။

ထမင်းစားပြီး၍ အလှူဇရပ်ဆီသို့ ပြန်လာပြီး အခမ်းအနားပြင်ဆင်ထားရာသို့ ကြည့်လိုက်မိသည်။ ဆရာတော်ကြီး အသီးသီး၏ ထေရ်စဉ်ဝါစဉ် နေရာချထားမှု၊ လှူဖွယ်ပစ္စည်းများ ကို ပြင်ဆင်ထားမှုတွေက ကြည့်ညိုစရာ။ ဟော…တွေ့ပါပြီ။ ဘုရားရှင်၏ ဆင်းတုတော်ရှေ့တွင် နံနက်ကကည်းက လိုနေ သော အရာကို မြင်လိုက်ရပါသည်။ ဇလုံအဖြူကို မဟာရံ တံတိုင်းပြု၍ ငှက်ပျောသုံးဖီး ပလ္လင်ခံကာ မတ်မတ်ထောင်နေ သော ကြွက်မီးရှည်ဖြင့် အုန်းသီး (သို့မဟုတ်) ဘုရားပွဲသည် ဟာနေသောရင်ကို ဖြည့်ပေးစေပါတော့သည်။ အမေဒေါ်မြတ်မွန် လည်း မနေနိုင်ဘဲ "ဒီကန်တော့ပွဲ ဘယ်သူပြင်တာလဲဟေ့။ ကိုလေးမောင်တို့ ယူလာတာလား"ဟု မေးလိုက်ပါသည်။ ဤ တွင် တစ်ယောက်က -

"မဟုတ်ဘူး အမေရေ။ အဒေါ်ကြီးတစ်ယောက် လာလှူသွားတာ။ အမေ့ကိုလည်း ပြောပြလိုက်ပါတဲ့။ လိုအပ် တာကို လာလှူပါမယ်တဲ့"

"ဟုတ်လား။ ဘယ်သူတဲ့လဲ၊ ဘယ်ကတဲ့လဲ"

"အဲဒါတော့ ပြောမသွားဘူး အမေ။ အမျိုးသမီးကြီး တစ်ယောက်ပဲ"

"အို…အယ်…အဲဒါ" ဆက်မပြောတတ်တော့ပါ။ အကယ့်လိုအပ်ချက်ကို သိသူက ဖြည့်ဆည်းပေးလှူလာခြင်း ဖြစ်ပါသည်။ သြော်…ကောင်းလေစွ။

သို့ပေမယ့် အောင်အိုးနှင့် ရှင်ဥပဂုတ္တပွဲလည်း ထားရရင် ကောင်းမည်တွေးမိပြီး ညနေဘက် ဈေးမပိတ်မီ သွားဝယ်မည်ဟု မှတ်ထားလိုက်သည်။

မကြာပါချေ။ ၃ နာရီသာသာခန့်တွင် ဦးစိုးသိမ်း(လူမှု ဝန်ထမ်းဦးစီးဌာန ညွှန်/မှူး)ရောက်လာပြီး တာဝန်ကျရာ ဗျိုင်း အအိုးစင် တာမွေတစ်ဝိုက်မှ သူသာန်များသို့ သွားရောက်ဖိတ် ကြားနိုင်ရန် ခေါ်သဖြင့် သူနှင့်အတူ လိုက်ပါသွားခဲ့သည်။ ၄- နာရီသာသာတွင် ပြီးစီးသွားသဖြင့် "ပြန်ကြစို့ ဦးစိုးသိမ်းရေ။ ကျွန်မကို အလှူဇရပ်သာပြန်ပို့။ လုပ်စရာလေး ရှိသေးတယ်" ဟု ပြောကာ ပြန်လာကြသည်။

မလွှဲမသွေ ရောက်နေမည်ဖြစ်သော ဒေါ်ခင်ခင်ဝေ (ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးမှူး)တို့နှင့် ဈေးသွားပြီး ရှင်ဥပ ဂုတ္တအတွက် ကန်တော့ပွဲတစ်ပွဲနှင့် အောင်သပြေပန်းများနှင့် တာအိုးဝယ်မည်ဟု စိတ်ကူး၍ ပြန်ခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင်…

အမေဒေါ်မြတ်မွန် အလှူဇရပ်အရောက်တွင် ဘုရား ကျောင်းဆောင်ကို ကြည့်လိုက်လျှင်ပင် အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကျေနပ်ခြင်းတို့ကို ရောပြွမ်းခံစားလိုက်ရသည်။

တာအိုးအသစ်တွင် အညွှန့်တွေဝေနေသော သပြေတို့ နောက် ကန်တော့ပွဲတစ်ပွဲ။

"ဟောဒီပွဲနဲ့ အောင်အိုးကို ဘယ်သူယူလာတာလဲ"ဟု အမေဒေါ်မြတ်မွန်က ဇရပ်ရှိ တာဝန်ရှိသူများအား မေးမိသည်။

"မနက်က အဒေါ်ကြီးပဲ အမေရေ၊ ခုနလေးပဲ လာသွား တယ်။ လိုအပ်တာ လာပို့တာတဲ့။ အမေကိုယ်တိုင် လှူပါတဲ့။ နာမည်မေးတော့ အဒေါ်ကြီးပေါ့ကွယ်လို့ ပြောသွားတယ်"

မှန်ကန်သော စေတနာကို မှန်ကန်သူတို့က တကယ် ကူညီပေပြီဟု အမေဒေါ်မြတ်မွန် သိလိုက်ကာ ကျေနပ်အားရ မိပါတော့သည်။

သို့သော် အမေဒေါ်မြတ်မွန် တွေးမိတာ တစ်ခုရှိပါသည်။

ယခု ပြုလုပ်ကျင်းပသော အကျွတ်အလွတ်ဒါနပြုပွဲ အလှူအောင်မြင်ရန်အတွက် ဘုရားရှင်လက်ထက်တော်က ပြိတ္တာမ မနန္ဒာကဲ့သို့များ ပြိတ္တာဘုံမှ ထူးခြားသော အလှူရှင် များအဖြစ် ဖန်ဆင်းပြီး မိမိလိုအပ်သော၊ ပြုချင်သော ဝေယျာ ဝစ္စကသိုလ်များကို ပြည့်စုံကုံလုံအောင် ဖြည့်စွက်ပြီး မိမိထံ လာရောက်လှူဒါန်းမှုကိစ္စကို ဆောင်ရွက်ကြတာများလားဟု အမေဒေါ်မြတ်မွန် တွေးမိပါတော့သည်။

**လှတိုး(စိတ်ပညာ)**


<u>စာညွှန်း</u>

(၁) ဓမ္မာစရိယ ဦးကောသလ္လ (လကမ္ဘာမောင်)၏ တမလွန်ဘဝပြဿနာ(စတုတ္ထတွဲ) ရန်အောင်စာပေ၊ ၁၉၉၉ ဒီဇင်ဘာလ။

(၂) တိုးတက်၏ အသူရကာယ်ဘုံမှာ တစ်ခဏနှင့် အံ့သြဘနန်း ဖြစ်ရပ်ဆန်းများ ၁၉၉၄၊ ဖေဖော်ဝါရီလ (ရန်အောင်စာပေ)




www.burmeseclassic.com

www.burmeseclassic.com

# ကပိလဝတ်ပြည်

ဆင်ဖြူကျွန်းအောင်သိန်း

ဗာရာဏသီပြည်၌ ဥက္ကာကရာဇ်မင်းကြီးသည် ခံတွင်းဟလျှင် မီးရှူးထွန်းသကဲ့သို့ အလျှံထွက်လာသောကြောင့် 'ဥက္ကာကရာဇ်'အမည်ကို ရ၏။ ထိုမင်း၌ ကိုယ်လုပ် ၅၅၀ စီ အရံရှိသော မိဖုရားငါးယောက် ရှိပေ၏။ ထိုမိဖုရားများကား ဟတ္ထာမိဖုရားနှင့် စိတ္တာမိဖုရား၊ ဇန္တုမိဖုရား ဇာလိနီမိဖုရား၊ ဝိသာခါမိဖုရားတို့ပေတည်း။

ထို မိဖုရားငါးယောက်တို့တွင် ဟတ္ထာမိဖုရားသည် အကြီးဆုံးဖြစ်၏။ သားတော်၊ သမီးတော် ကိုးယောက်ဖွားမြင်သည်။ ထိုကိုးယောက်အနက် သားတော်မှာ လေးပါးဖြစ်၏။လေးပါးသော်ကား ဥက္ကာမုခနှင့် ကရကဏ္ဍု၊ ဟတ္ထိနိကာ၊ သိနိသူရတို့ပေတည်း။

သားတော်၊ သမီးတော် ကိုးပါးအနက် သမီးတော် ငါးယောက်တည်း။ သားမိန်းမ ငါးယောက်သော်ကား ပိယာနှင့် သုပ္ပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတသေနာတို့ပေတည်း။

တစ်ရံသောအခါတွင် ဟတ္ထာမိဖုရားသည် တစ်စုံတစ်ခုသောအနာကြောင့် ကံကုန်ခဲ့၏။ ထိုအခါ ဥက္ကာကရာဇ်မင်းကြီးသည် လုမြတ်သော အဆင်းရှိသည့် မင်းသမီးတစ်ပါးကို ရွေးကောက်၍ မိဖုရားကြီးအရာ၌ ထား၏။ ထိုမိဖုရားသည် လအနည်းငယ်အကြာတွင် သားတော်တစ်ပါးကို ဖွားမြင်၏။ မိဖုရားသည် ထိုကလေးကို တန်ဆာဆင်ပြီး ဥက္ကာကရာဇ်မင်းကြီးထံ ပြသ၏။ မင်းကြီးလည်း သားတော်ကို နှစ်သက်ဖြင့် ဆုပေးသည်ကို မိဖုရားက "ယခုမယူသေးပါ"ဆိုကာ ဆိုင်းငံ့ထား၏။

သားတော်ကလေးအရွယ်ရောက်လာပြီ။

"အရှင်မင်းကြီး ... သားတော်ကလေး အရွယ်ရောက်လာပြီ ဖြစ်တဲ့အတွက် ထီးနန်းကိုပေးတော်မူပါဘုရား"

မိဖုရားသည် ဆွေမျိုးသားချင်းများနှင့် တိုင်ပင်ဆွေးနွေးပြီးမှ ထိုသို့လျှောက်ထားငြား ဥက္ကာကရာဇ်မင်းကြီးမှာ လှင်တံဖြင့်ပုတ်ခတ်ခံရသော မြွေအလား ပြင်းထန်စွာ ဒေါသထွက်တော်မူ၏။

"အယုတ်တမာမ ထွက်သွားစမ်း"

ဘုရင်မင်းမြတ် နှင်ထုတ်စဉ်တွင် မိဖုရားသည် ခေါင်းကလေးငုံ့ကာ မျက်ရည်သုတ်ကာ ထွက်သွား၏။ သို့ရာတွင် ဘုရင်မင်းမြတ်၏ အကြိုက်ကိုသိထားသော မိဖုရားသည် ဘုရင်မင်းမြတ်ကို ချော့၏၊ အကြိုက်ကိုဆောင်ပြီး တောင်းမြဲဆုတို့ တောင်း၏။

ဥက္ကာကရာဇ်မင်းကြီးသည် သတိရှိ၏။ မိဖုရားယုတ်သည် သူ၏သား ထီးနန်းရရေးအတွက် သားတော်ကြီးတွေကို အန္တရာယ်မပြုဟု မဆိုနိုင်။ မင်းကြီးအဓ အလျော့တွင် မင်းမိန့်ဆိုကာ သင်္ဂပစ် သော် ကိုယ်ကျိုးနည်းရာ၏။ သို့ကြောင် သားတော်များကို ရှေ့တော်သို့ခေါ်၏

"မင်းတို့ညီတော် အငယ်ဆုံး ကလေးကို ချစ်တဲ့စိတ်နဲ့ ဆုပေးမိတာ အခု သားတော်တို့အတွက် အန္တရာယ်ရှိ နေပြီ။ ဒါကြောင့် မင်္ဂလာဆင်၊ မင်္ဂလာ မြင်း၊ မင်္ဂလာရထားကလွဲရင် ကြိုက်ရာကို ကြိုက်သလောက်ယူပြီး တိုင်းတော် ပြည် တော်မှ ထွက်သွားကြ။ ငါနတ်ရွာစံမှ ပြန် လာပြီး မင်းပြုကြ"

ထိုမင်းသားတို့ကို ဆုံးမရန်၊ အကြံ ပေးလမ်းညွှန်ရန် အမတ်ရှစ်ယောက်ကို လည်း ထည့်လိုက်သေး၏။ ထိုသို့သား တော်များ ဗိုလ်ထုဆင်မြင်း၊ ရထားဖြင့် ထွက်သည်ကိုမြင်သော သမီးတော်များ ကလည်း ခမည်းငေ ဘံ ခွင့်ပန်ကြ၏

"မောင်ေ,ဘ်ကို့နဲ့အတူ လိုက်ပါ စေဘုရား"

သမီးတော်များလည်း မောင်တော် များနောက်သို့ အခြွေအရံပစ္စည်း ဘဏ္ဍာ များဖြင့် လိုက်သည့်အပြင် မြို့သူမြို့သား များလည်း လိုက်ပါလာကြရာ ပထမနေ့ တွင် တစ်ယူဇနာရှိသည်။ ဒုတိယနေ့တွင် လိုက်ပါလာသော ဗိုလ်ထုမှာလည်း တ

www.burmeseclassic.com

ယူဇနာပင်ရှိ၏။ ဤမှဖြင့် မတန့်သေးမူ၍ ဒုတိယနေ့တွင်လည်း တစ်ယူဇနာအပြန့် အပြောရှိသော ဗိုလ်ထုလိုက်ပါလာသည်။

ဉက္ကာမုခမင်းသားသည် သုံးယူဇနာအထုရှိသော ဗိုလ်ထုကိုကြည့်ပြီး ပြောကြား၏။

"ငါတို့မှာ အခုရှိတဲ့အင်အားဟာ တစ်တိုင်းတစ်နိုင်ငံ ထူလောက်ပြီကွ။ ခမည်းတော်နတ်ရွာစံမှ ပြန်လာပြီး မင်းလုပ်မယ့်အစား သည်လူနဲ့ပဲ တိုင်းနိုင်ငံ ထီးနန်းစိုက်ယူကြစို့"

ဤသို့ဖြင့် မင်းသား၊ မင်းသမီးများသည် ဟိမဝန္တာသို့ ဦးတည်လာကြသည်။ မြို့တည်၍ကောင်းမည့် မြေနေရာကိုလည်း ရွေးချယ်ကြသည်။ ထိုအခါ ကပိလရသေ့၏ ကျောင်းသင်္ခမ်းသို့ ရောက်ကြ၏။ ထိုနေရာကား မြေမြတ်ဖြစ်ချေသည်။

ကပိလရှင်ရသေ့သည် ဘုမ္မိဝိဇ္ဇာ၌ လိမ္မာသူဖြစ်၏။ သူသည် ဗြဟ္မဏာမဟာသာဇမျိုးဖြစ်၏။ ရသေ့ရဟန်းပြုပြီး နေစရာနေရာ ရှာသောအခါ မြက်ချုံနွယ်တို့ လက်ယာရစ်ပြီး တည်၏။ တစ်ဖန် ဝက်စသည်၊ သမင်စသည်တို့ကို တိုက်သတ်ရန် ကျား၊ ခြသေ့်တို့ အပူတပြင်း လိုက်လာငြား ဤနေရာသို့ အရောက်တွင် ရပ်တန့်သွားကာ ဝက်ကလိုက်ပက်သည်ကို၊ သမင်ကလိုက်ခတ်သည်ကို ခံရသဖြင့် ခြသေ့်နှင့် ကျားတို့ ထွက်ပြေးရ၏။

မြွေသည် ဖားကိုလည်းကောင်း၊ ကြောင်သည် ကြွက်ကိုလည်းကောင်း ဖမ်းဆီးစားသောက်ရန် လိုက်သော်ငြား ဤမြေမြတ်မဟာသို့ အရောက်တွင် ရှေ့ဆက်ပြီး မလိုက်ရဲကြတော့ပေ။ ဤသို့ရှိစဉ်တွင် ဖားကိုကြောက်ပြီး မြွေကပြေး၊ ကြွက်ကိုကြောက်ပြီး ကြောင်ကပြေးရသည်။

ကပိလရှင်ရသေ့သည် မြေထဲ၌ အတောင်ရှစ်ဆယ်၊ ကောင်းကင်၌ အတောင်ရှစ်ဆယ် အကျိုးအပြစ်ကို သိ၏။ ယခု သူ၏ ကျောင်းသင်္ခမ်းနေရာကား မြတ်သောနေရာပေတည်း။ သူသည် မြို့တည်ရန် နေရာလိုက်ရှာသော မင်းသားတို့ကို အကျိုးအကြောင်းမေးပြီး သူ၏နေရာကိုပေး၏။

"ဤသင်္ခမ်းနေရာ၌ တည်သော မြို့သည် ဇမ္ဗူဒီပါကျွန်း၌ မြတ်သောအမျိုးဖြစ်လတ္တံ့။ အရပ်ဝယ်ဖွားသောယောက်ျား တစ်ယောက်သည် အရာအထောင်သော လူတို့ကို နှိမ်နင်းနိုင်လတ္တံ့။ ဤသင်္ခမ်းသည် နန်းတော်တည်း။ မြို့ကိုလည်း ကပိလဝတ္ထု အမည်ပေး"

မင်းသားတို့လည်း ရှင်ရသေ့ဆိုတိုင်း ကပိလဝတ္ထုမြို့ကို တည်ထောင်၏။ အညီအညွတ်စိုးစံကြစဉ် မင်းသားများ အရွယ်ရောက်လာသည့်နည်းတူ မင်းသမီးများလည်း အရွယ်ရောက်လာကြပြီ၊ အမတ်တို့ တိုင်ပင်ကြရပြီ။

"ငါတို့နှင့် အမျိုးတူသော မင်းသမီးမရှိ၊ နှမတော်တို့နှင့် အမျိုးတူသော မင်းသားလည်းမရှိ။ မျိုးမတူသောသူတို့နှင့် ပေါင်းဖက်သဖြင့် မြတ်သောသားသည် အမိမျိုးမှလည်းကောင်း၊ အဖမျိုးမှလည်းကောင်း မစင်ကြယ်သည်ဖြစ်၍ အမျိုးပျက်ရာ၏"

အရွယ်ရောက်နေပြီဖြစ်သော မင်းသားမင်းသမီးတို့အတွက် ကြင်ဖော်ကြင်ဖက်သည် အရေးကြီး၏။ တစ်ဖန် အမျိုးမပျက်ရေးသည်လည်း အရေးကြီးပြန်သည်။ နောက်ဆုံးတွင် အမတ်များ အကြံရ၏။

"အရှင်သားတို့ . . . မင်းသမီးအကြီးဆုံးကို အမိအရာထားပြီး ကျန်သော မင်းသမီးလေးယောက်နှင့် မင်းသားလေးယောက်တို့ လက်ဆက်ခြင်းသည် အမျိုးကိုစောင့်ရှောက်ရာ ရောက်ပေ၏"

အမတ်တို့၏ အကြံကိုမင်းသားတို့လည်း သဘောတူသဖြင့် နှမတော်များနှင့် တည်ထောင်ကြ၏။ ခမည်းတော် ဉက္ကာကရာဇ်မင်းကြီးသည် တောသို့ထွက်သွားသော သားတော်၊ သမီးတော်တို့၏ သတင်းကို အမတ်များထံ၌ စုံစမ်း၏။ ထိုအကြောင်းကိုကြားသိသော ဘုရင်မင်းမြတ်သည် "တိုင်းနိုင်ငံမှကင်း၍ တောနေပင်ပန်းနေငြား၊ ငါ့သားတို့သည် အမျိုးပျက်ခြင်းကိုမပြု၊ အမျိုးအနွယ်ကိုစောင့်ခြင်းငှာ စွမ်းနိုင်ပေကုန်စွ"ဟု ချီးမွမ်းတော်မူ၏။

"သကျာဝတဘော ကုမာရာ၊ သကျာဝတဘော ကုမာရာ"

ဤဥဒါန်းစကားကို အကြောင်းပြုလျက် 'သာကီဝင်'ဟူသော အမည်တော်သည် ဖြစ်လာပေ၏။ ၎င်းတို့၏ နှမတော်ကြီးသည် ပိယာဖြစ်၏။ တစ်ရံရောအခါ ထိုပိယာမင်းသမီး၌ နူနာကျရောက်ကာ ပင်လယ်ကသစ်ပွင့်အဆင်းနှင့်တူသော ကိုယ်ရှိ၏။

မင်းသားတို့သည် "ဤနှမတော်နှင့် တစ်ပေါင်းတည်း အိပ်နေစားသောက်သူတို့သို့ ဤအနာရောက်ရာ၏"ဟု ကြံမိကြသဖြင့် မင်းသမီးကို ဥပါယ်တံမျဉ်ဖြင့် တောသို့ ခေါ်သည်။

"ဥယျာဉ်ကစားဖို့သွားမည်"

ပိယာမင်းသမီးကို ရထားပေါင်းချုပ်ဖြင့် တင်ခဲ့သည်။ လူသူမနီးသော တောနက်ကြီးထဲတွင် ကြီးမားသောတွင်းကြီးကိုတင်ပြီးတူးထားသည်။ ထိုတွင်းထဲမှာပင် ရိက္ခာအပြည့်အစုံပါသော အိမ်တစ်လုံး ဆောက်လုပ်ထားသည်။ မင်းသားများသည် နူနာရောဂါ ဖြစ်ပွားနေသော ပိယာမင်းသမီးကို ထိုအိမ်၌ထားကာ အပြင်မှအဖုံးဖုံးထားပြီး ပြန်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းသားတို့ မစူးစမ်းမလေ့လာဘဲ အဆောတလျင် ပြန်သွားသောကြောင့် မတွေ့ရသော မင်းတစ်ပါးသည် ပိယာမင်းသမီးနှင့် မနီးမဝေးတွင်ရှိ၏။ သူသည် ဗာရာဏသီပြည်ကို အစိုးရသော ဗြဟ္မဒတ်မင်းကြီးဖြစ်၏။ သူသည် နူနာရောဂါရရှိရာ မောင်းမမိဿံများ ရွံရှာကြသဖြင့် သားတော်ကိုနန်းလွှဲပေးခဲ့ပြီး တောထဲသို့ တစ်ကိုယ်တည်းထွက်လာသူ ဖြစ်၏။

သူသည် တောထဲတွင် လှည့်လည်သွားလာရင်း ဟုံအရွက်ကောင်းနိုး၊ သည်အရွက်သင့်မြတ်နိုးဖြင့် စားသည်။ တစ်ခုသောသစ်ပင်၏ အရွက်ကိုစားရာ သင့်သည်ထင်သဖြင့် ဆက်စား၏။ တစ်ဖန် အမြစ်အသီး၊ အကိုင်းအပွင့်များကို ပါစား၏။ မကြာမြင့်မီ နူနာရောဂါပျောက်ပြီး ရွှေအဆင်းကဲ့သို့ ဝါဝင်းစိုပြည်သော အသားအရေရှိ၏။

ထိုဗြဟ္မဒတ်လူထွက်သည် တိုင်းတော်ပြည်တော်သို့ ပြန်ရန်မကြိုးစားပေ။ တောထဲတွင်ပင် အေးဆေးငြိမ်းချမ်းစွာ လှည့်လည်သွားလာနေ၏။ တစ်နေ့တွင် စည်ကြီးသဖွယ် အဝကျယ်သော သစ်ခေါင်းတစ်ခေါင်းတွေ့ရှိရာ အလွန်သဘောကျသွားတော့သည်။

ပြည့်ရှင်မင်းသဘောကျလျှင်လည်း ကျလောက်၏။ အကြောင်းသော်ကား ထိုသစ်ခေါင်းသည် ၁၆ တောင်(၂၄ ပေခန့်) ကျယ်ဝန်းသည်။ ဗြဟ္မဒတ်မင်းဟောင်းသည် ထိုသစ်ခေါင်းကို သူ့အိမ်အဖြစ် သတ်မှတ်လိုက်သည်။ အတွင်း၌ မီးမယ်ဖျူးထားသည်။ တံခါး၊ လေသွန်တပ်ဆင်သည်။ ထန်းကျင်းလှေကားဖြင့် အတက်အဆင်းလုပ်သည်။

ထိုဗြဟ္မဒတ်မင်းဟောင်းသည် သစ်သီးသစ်ဥကို ရှာဖွေစားသောက်၏။ သားငါးကိုအလိုရှိပါက ကျားဟိန်းသံကို နားထောင်မှတ်သားထား၏။ နံနက်လင်း၍ ထိုနေရာသို့သွားလျှင် တစ်နပ်စာသော စားမဲဟင်းလျာကို ကောင်းစွာရရှိပေတော့သည်။

တစ်နေ့တွင် သူသည် မိန်းမတစ်ယောက် ငယ်သံပါအောင်အော်သည်ကို ကြားရသဖြင့် အသံကြားရာသို့ လိုက်သွားမိသည်။ တွင်းကြီးတစ်တွင်းထဲရှိ အိမ်တစ်လုံးကို လှမ်းမြင်ရသည်။ ပိယာမင်းသမီး၏အိမ်ကို ကျားလာပြီးကုတ်သောကြောင့် လန့်ပြီးအော်ခြင်းဖြစ်၏။

ပိယာမင်းသမီးသည် မည်မျှပင်နူနေစေကာမူ သာမန်ယောကျ်ားတစ်ယောက်နှင့် စကားမပြောလိုပေ။ သို့အတွက် သူလည်းဘုရင်ဖြစ်ကြောင်း ဗြဟ္မဒတ်မင်းဟောင်းက မင်းတို့၏မာယာကို ဆိုပြတော့မှ ပိယာမင်းသမီးထွက်လာသည်။ ဗြဟ္မဒတ်မင်းဟောင်းက သူရောဂါပျောက်ဖူးသော ကလောပင်ကို ညွှန်းသည်။ ပိယာမင်းသမီးလည်း နူနာရောဂါပျောက်ပြီး ဗြဟ္မဒတ်မင်းဟောင်းနှင့်သင့်နေကြကာ သားသမီး ၁၆ ကြိမ်ဖွားသည်၊ တစ်ကြိမ်လျှင် နှစ်ယောက်ဖွားသောကြောင့် သားသမီး သုံးကျိပ်နှစ်ယောက်ရှိသည်။ ထိုသုံးကျိပ်နှစ်ယောက်တို့မှာ သားတော်တွေချည်း ဖြစ်ပေသည်။

တစ်ရံရောအခါ မုဆိုးတစ်ယောက်သည် မျက်စိလည်လမ်းမှားကာ ထိုမင်းနှင့် မိဖုရားကို မြင်သွားသည်။ ဗာရာဏသီပြည်သို့ပြန်အရောက်၌ မင်းကြီးကို အကောင်းပကတိ မြင်ခဲ့ကြောင်းသတင်းပေးသည်၊ သားတော်ဗြဟ္မဒတ်မင်း လိုက်လာပြီး ထီးနန်းကိုပြန်အပ်သော်ငြား မလိုက်ပြီ။

''ချစ်သား ၊ငါ၏အရပ်၌ မြို့ပြတည်ထောင်အံ့၊ မလိုက်ပြီ။ သင်၏အထိမ်းအမှတ်အဖြစ် ဤသစ်ပင်ကိုပယ်၍ မြို့တည်လော့''

သားတော် ဗြဟ္မဒတ်မင်းသည် ခမည်းတော်၏ မိန့်တော်သံအတိုင်း ကလောပင်ကိုဖယ်ပြီး မြို့တည်သဖြင့် ထို မြို့ကို 'ကောလိယနဂရ''ဟု အမည်တွင် ၏။ တစ်ဖန် ထိုမြို့သည် ကျားများ လှည့် ရှားသွားလာရာလမ်းတွင် ကျသော ကြောင့် 'ဗျဂ္ဃပထ'ဟူ၍လည်း ခေါ်တွင် သေး၏။

ဗြဟ္မဒတ်မင်းကြီးနှင့် ပိယာမိဖုရား တို့မှ သားတော်သုံးဆယ့်နှစ်ပါး ဖွားမြင် ထားရာ ထိုသားများ အရွယ်ရောက်ထ ချိန်၌ မယ်တော် ပိယာမိဖုရားကြီးက မိန့်မှာ၏။

''ကပိလဝတ်ပြည်မှာ မောင်တို့ ဦးရီး သာကီဝင်မင်းတွေရှိတယ်။ သူတို့ရဲ့ အသွင်အပြင်၊ အထုံးအဖွဲ့နဲ့ အဝတ် အစားဟာ မယ်တော့်အတိုင်းပဲဖြစ်တယ် မင်္ဂလာအခါမှာ ရေဆိပ်ကိုသွားကြ၊ ကြိုက် တဲ့မင်းသမီးကို ဆောင်ခဲ့ကြ''

ထိုအခါ ပိယာမိဖုရား၏သားတော် များသည် ရေဆိပ်သို့ ခြေကျင်လာကြ သော မင်းသမီး၊ သူကြွယ်သမီးများကို ဆောင်ယူခဲ့ကြ၏။ ''ငါတို့ဟာ ပိယာမိဖုရား ကြီးရဲ့ သားတော်တွေပဲ''ဟုကြေညာခဲ့ သည်။ သာကီဝင်မင်းတို့သည် ''မည် သည့် ပိယာမင်းသမီးနည်း''ဟု စုံစမ်းကြ ၏။

''ပိယာသည်၊ သင်တို့၏ ဖွားအေ တည်း။ ပိယာသည် သင်တို့၏ ကြီးတော် တည်း၊ ဒွေးတော်တည်း''

ဤအဖြေကို ရရှိသော သာကီဝင် မင်းသား မင်းယဉ်မင်းလွင်များသည် ငါ တို့အမျိုးပင်ဟု သည်းခံနေကြလေ၏။

## ဆင်ဖြူကျွန်းအောင်သိန်း

[ဓမ္မနန္ဒထေရ်၏ တတောဂတုပ္ပတ္တိ ကျမ်းမှ]



www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဆရာကို ပူဇော်ကြပါစို့

"တပည့်မရှား၊ တစ်ပြားမရှိ
ပီတိကိုစား၊ အားရှိပါ၏"

အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ World Teacher's Day ဖြစ်ပါသည်။ ကမ္ဘာ့ဆရာများနေ့ဟူ၍ ယခင်က သတ်သတ်မှတ်မှတ် မရှိခဲ့ပါသော်လည်း ကမ္ဘာ့ကုလသမဂ္ဂလက်အောက်အဖွဲ့အစည်းများက ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ခဲ့ရာမှ စတင်ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်လိုက်ခြင်းသည် ဆရာများ၏ အခန်းကဏ္ဍကို မြှင့်တင်လိုက်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ဆရာများသည် လူ့ဘောင်အဖွဲ့အစည်းတွင် မရှိမဖြစ် အလွန်အရေးပါအရာရောက်သည် ဆိုသည်မှာ ထင်ရှားသိသာအောင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပြီး၊ ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၂၀၀၂ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသော စကားအရ ယနေ့ မျိုးဆက်သစ်လူငယ်လေးများ နောင်တစ်ခေတ်တွင် နိုင်ငံ့တာဝန်အား ပခုံးလွှဲပြောင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ၎င်းကလေးသူငယ်များအား ပညာသင်ကြား ပြုစုပျိုးထောင်ပေးနိုင်သည့် ဥယျာဉ်မှူးသည် ဆရာပင် ဖြစ်ပါသည်။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ပို ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ"

ဟု အဆိုရှိခဲ့သည့်အတိုင်း စီမံဆောင်ရွက်ပေးသည်မှာ မြတ်ဆရာပင် ဖြစ်ပါသည်။

ရတနာဟူသည့် ပညာကို ရယူနိုင်ရန်အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ လိုအပ်လျက်ရှိပါသည်။ ဗုဒ္ဓဘာသာတရားတော်အရ မြတ်စွာဘုရားသည် သုံးလူ့ထွတ်ထားတို့၏ ဆရာသခင် ဖြစ်ပါသည်။ ဗုဒ္ဓ၏ အဆုံးအမကြောင့် အမြတ်ဆုံးတရားကို ရရှိစေပါသည်။ ပထမမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် အနော်ရထာမင်းသည် ဆရာတော်အရှင်မြတ် ရှင်အရဟံ၏ အဆုံးအမဖြင့် တရားစစ် တရားမှန်ရရှိကာ ဗုဒ္ဓဘာသာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

"ဆရာကောင်းတပည့် ပန်းကောင်းပန်"နိုင်ခဲ့ပါသည်။
မန်လည်ဆရာတော်ဘုရားကြီးကလည်း -
"ပညာပြည့်ဝ၊ နလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောင်သဖွယ်လျှင်
ကျဉ်းကျယ်တွင်းဖောက်
ဖြတ်တောက်လိုရာ ပြီးချင်စွာပေ" ဟု လမ်းညွှန်ဆုံးမခဲ့ပါသည်။ ကျွန်ုပ်တို့ ကမ္ဘာကြီး သာယာဝပြောလှပနေခြင်းသည် ဆရာများ၏ ဂုဏ်ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

လူတိုင်း စာတတ်မြောက်ရန် အလွန်အရေးကြီးလှပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လူတိုင်းအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ "စာမတတ်သူတို့ဝိုင်းကူ"ဟူ၍ လူတိုင်းစာတတ်မြောက်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ဟူသော သန္နိဋ္ဌာန်ဖြင့် ဆရာများနှင့် ပြည်သူလူထု ပူးပေါင်းကြိုးစားဆောင်ရွက်လျက် "စာမတတ်သူပပျောက်ရေး" နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဟူ၍ စက်တင်ဘာလ ၈ ရက်နေ့ကို သတ်မှတ်ခဲ့ပြီး ပြည်နယ်နှင့်တိုင်း၊ ဒေသ၊ မြို့နယ်များအလိုက် ကွင်းဆင်းကာ စာတတ်မြောက်ရေးလုပ်အားပေး ဆောင်ရွက်ခဲ့ကြပါသည်။

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ စာတတ်မြောက်မှုအခြေအနေကို တင်ပြရလျှင် စာရင်းအင်းအထောက်အထားများအရ ယနေ့ ကမ္ဘာပေါ်တွင် စာတတ်မြောက်သူမှာ လူဦးရေ သန်းပေါင်း ငါးထောင်ဖြစ်ပြီး၊ အနိမ့်ဆုံး စာတတ်မြောက်မှုစွမ်းရည်၊ စာဖတ်၊ စာရေး၊ တွက်ချက်မှုအင်အားမှာ ကမ္ဘာ့လူဦးရေ ၇၇၆ သန်းမျှ ရှိပါသည်။ ကလေးသူငယ် ၇၅ သန်းတို့သည် စာသင်ကျောင်းပြင်ပ၌ ကျောင်းမနေရသေးသော ကလေးများ ဖြစ်ကြပါသည်။

ယခုအခါတွင် ဆရာအတတ်ပညာ ပြုစုပျိုးထောင်ရေးစီမံကိန်းသည် အားရကျေနပ်ဖွယ် ကောင်းလှပါသည်။

ဆရာများ၏အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်နှင့် ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်တို့တွင် ဆရာ/မများ အထူးမွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ထို့ပြင် ဘာသာရပ်ဆိုင်ရာ သင်ကြားမှု သင်တန်း၊ အုပ်ချုပ်မှုဆိုင်ရာ သင်တန်း စသည်ဖြင့် အရည်အသွေးတိုးမြှင့်ခြင်းဆိုင်ရာ သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် ဆရာသန်းပေါင်း ၇၀ ကျော်ရှိပြီး၊ ကျောင်းသားဦးရေ သန်းပေါင်း ၁၀၀၀ ကျော်ရှိပါသည်။ ကမ္ဘာကြီးတွင် ကောင်းမွန်သော ဆရာများစွာ လိုအပ်လျက်ရှိပါသည်။ ပညာအလင်းဖွင့်ပေးသော ရှေ့ဆောင်လမ်းပြကြယ်ကား ဆရာပင် မဟုတ်ပါလော။

စာပေဟူသည် နှစ်သက်ဖွယ်ကောင်း၍ ကျယ်ပြန့်မှု၊ နက်ရှိုင်းမှုရှိသော ပညာရပ်တစ်ခု ဖြစ်ပါသည်။ စာပေသည် လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို သတ်မှတ်ပေးနိုင်စွမ်းရှိသော ပညာရပ်တစ်ခု ဖြစ်ပါသည်။

"ရေမြင့်မှ ကြာတင့်"ဆိုသကဲ့သို့ စာပေတတ်ကျွမ်းမှုရှိမှ ကမ္ဘာ့အလယ်တွင် အဆင့်အတန်းမီသော လူမျိုးတစ်မျိုးဖြစ်ပေလိမ့်မည်။ "ဘာသာမျိုးခြား၊ စာစကား၊ သင်ကြားသင့်သည်မှတ်"ဟု အဆိုရှိသကဲ့သို့လည်း မိမိတို့သည် ဘာသာခြားတို့၏ စကားကိုလည်း တတ်ကျွမ်းမှုရှိမှ တိုင်းတစ်ပါးသွားရာ၌ နိုင်ငံခြားသားတို့၏ အသိပညာ၊ အတတ်ပညာများကို သင်ကြားလေ့လာနိုင်မည် ဖြစ်ပါသည်။

ယနေ့ခေတ်သည်လည်း ဘာသာစကားသည် အလွန်ပင် အရေးပါလှပါသည်။ ဆရာများ၏ သင်ကြားပြသပေးမှုကြောင့် တန်ဖိုးရှိလှသော လူ့ပတ်ဝန်းကျင်တွင် အသက်ပေါင်းများစွာ ကယ်တင်နိုင်သော ဆရာဝန်များ ပေါ်ထွက်လာခြင်း၊ စစ်ရေးစစ်ရာ ကျွမ်းကျင်သူများ၊ ဗိသုကာပညာရှင်များ၊ စာ… အနုပညာရှင်များ၊ သဘင်ပညာရှင်၊ စာပေပညာရှင်၊ ဂီတပ… ရှင်၊ အမှုထမ်းအရာထမ်း၊ အရာရှိအရာခံကြီးများနှင့် မျိုးဆ… သစ် ဆရာ၊ ဆရာမများ ပေါ်ထွက်လာခြင်းသည် ဆရာတို့… ဂုဏ်ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

ဆရာ၏ အရိပ်အာဝါသကား သီတာရေလို အေး… စန္ဒကူးကဲ့သို့ မွှေးပျံ့လှပါသည်။ ပန်းဥယျာဉ်မှူးတို့သည် ပန်းမျ… ဝေဆာပွင့်လန်းနေသည်ကို မြင်တွေ့ရလျှင် ကျေနပ်အားရ ပီ… ဖြစ်သကဲ့သို့ ဆရာတို့သည်လည်း မိမိတို့တပည့် ကြီးပွားတိ… တက်အောင်မြင်သည်ကို တွေ့ရက ပီတိဝေဆာစွာ ကျေနပ်… သူမှာ "ဆရာ"တစ်ဦးတည်းသာ ဖြစ်ပါသည်။

ခင်ပွန်းကြီးဆယ်ပါး ပြစ်များမိက "သွေးအန်ဖြစ်လွ… ရောင်းဝယ်ရှုံးခြင်း၊ ချွတ်ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြောက်… မင်းဒဏ်သင့်ခန်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်စီ… စည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်းသည်၊ လူ့ဘောင်… တွေ့ကြုံရ၍ သောကငရဲ ကမ္ဘာစွဲ၏"

ဆရာအား ပြစ်မှားခြင်းကြောင့် အသက်ဆုံးရှုံးရသော… သာကေများ၊ ဆရာတင်မှား၍ ဖခင်ကိုပင် သတ်ခဲ့သော အ… တသတ် စသော ဥပမာများ အများအပြားကို ဘုရားဟော… ကျမ်းဂန်များ၌ ဖော်ပြထားပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း အလွန်အမင်… ကြောက်ရွံ့ဖွယ် ကောင်းသော ပြစ်ဒဏ်ကြီး ဆယ်ပါးမှ ကင်… လွတ်ရအောင် ကျေးဇူးရှင်များဖြစ်ကြသည့် အနန္တောအနန္တငါး… အပါအဝင် ခင်ပွန်းကြီးဆယ်ပါးအား စော်ကားခြင်းမပြုမိစေ… အထူးသတိတရားဖြင့် ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။

လူမျိုးဘာသာမရွေး မိဘ၊ ဆရာ ကျေးဇူးရှင်များအား… ပြစ်မှားမိက အပါယ်ငရဲသွားရမည်ဟူသော အဆိုသာကေ ရှိ… ဖူးပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံးတို့သည် မြတ်ဆရာမျာ… အား အစဉ်ရှိသေလေးစားလျက် အာစရိယပူဇော်ပွဲများ နှစ်စ… ကျင်းပပူဇော်ခြင်းဖြင့် အပြစ်များရှိကောင်း ရှိခဲ့ပါက ကျေ… ကျေကြောင်း ပူဇော်တောင်းပန် ကန်တော့ကြပါစို့…။

(သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား ဤဆော… ပါးဖြင့် ပူဇော်ပါ၏။)

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်…)**



www.burmeseclassic.com

www.burmeseclassic.com

# ပုန္နားဂျူရတနာအရှုပ်တော်ပုံ

## အောင်သန်းချစ်

အခန်း(၆)

ယခင်လမှအဆက်

## နန်းတော်

ကိမ်မှာ အကြံကောင်း ဉာဏ်ကောင်းတွေ အပြည့်နဲ့ပါ။

“အီဘိုနီကိုစီးပြီး သွားကြတာပေါ့။ နန်းတော်က ဒီနေရာနဲ့ သိပ်ဝေးတာမှ မဟုတ်ဘဲ။ ဒီမြင်းပြိုင်ပွဲလာတုန်းက နန်းတော်ကို တို့ဖြတ်ခဲ့ရတာ မမှတ်ဘူးလား”

“မှတ်မိပါတယ်၊ ဒါပေမယ့် လူတွေ သိပ်များပြီး အသွားအလာ ကြပ်နေလို့ပါ”

“မနက်တုန်းက ဒီကိုအလာမှာ တောဖြတ်လမ်းလေးတစ်လမ်းကို မြင်ရမှာပါ။ ဒီဖြတ်လမ်းကို သုံးလိုက်ရင် သူတို့ ထက်တောင်စောပြီးတို့က နန်းတော် ရောက်နေလိမ့်မယ်”

ပက်ထရစ်က တုန်တုန်ယင်ယင်နဲ့

“ငါတစ်ခါမှ မြင်းမစီးခဲ့ဖူးဘူး”

ကိမ်က ခေတ္တစဉ်းစားလိုက်ပြီး-

“မြင်းလေးကလည်း တို့သုံးယောက်လုံးကို မသယ်နိုင်ပါဘူး။

ပက်ထရစ်ရေ မင်းက ပုလိပ်တဲဆီ သွားပြီး စစ်ဆေးရေးမှူးရယ် ဆရာဝန်ရယ် ဦးလေးရယ်ကို အခုတို့ မြင်ခဲ့ကြားခဲ့ ရသမျှတွေ ပြောပြပါ။ ငါနဲ့ ခွန်ဘာက မြင်းစီးပြီး အခု ချက်ချင်း နန်းတော်ဆီသွားကြမယ်။ နောက်ကျလို့မဖြစ်ဘူး”

“ဟုတ်ပါရဲ့ ငါ့ဦးလေးကို မေ့နေလိုက်တာ။”

ပက်ထရစ်လည်း ဂိတ်ပေါက်ဆီ ကမန်းကတန်း ထွက်သွားပါတော့တယ်။

ကိမ်လာတော့ မြင်းရှိရာ သစ်ပင်အုပ်ဆီ ပြေးသွားပြီး အီဘိုနီကို ပစ္စည်းတွေတင်တဲ့ တွဲနဲ့ချည်ထားရာကဖြုတ်ယူခဲ့ပါတယ်။

မြင်းကုန်းနှီး ဝိုင်းမပေးရင်း ခွန်ဘာက…



www.burmeseclassic.com

www.burmeseclassic.com

"ဦးချိုမှုတ်သမားပြောတာ ဒိနန်းတော်မှ ဟုတ်ရဲ့လား"

"ငါထင်တာတော့ နန်းတော်ရုပ်ရှင်ရုံကိုချိန်းနေတာပါ။ အဲဒီရုံမှာ လွတ်လပ်ရေးနေ့ပွဲအတွက် လွန်ခဲ့တဲ့ (၂)နှစ်က သူတို့ ရုပ်ရှင်လာပြခဲ့ကြဘူးတယ်။ အထက်တန်းစားတွေတောင် အဲဒီရုပ်ရှင်ကို လာကြည့်ခဲ့ကြသေးတယ်"

"အဲဒီနှစ်မှာပဲ လွတ်မြောက်ရေးရုပ်ရှင်ရုံလို့ သူတို့က နာမည်ပြောင်းပစ်ခဲ့ကြတာပါ။ ဒီရုပ်ရှင်ရုံမှာ သူခိုး၊ ဓါးပြတွေ လာဆုံလေ့ရှိကြတယ်လို့ အခုထိ ငါကတော့ ထင်မှတ်နေဆဲပါ။

ဘုရင်ကြီးကတော့ သူ့ဘဏ္ဍာတိုက်ကို ခိုးဝှက်လာတဲ့ ပစ္စည်းတွေရှိတာမို့ သုံးခွင့်ပြုမှာ မဟုတ်ပါဘူး"

ခွန်ဘာရဲ့ အတွေးကို ကိမ်က-

"ဘုရင်ကြီးက မကောင်းဆိုးဝါးတွေ ဘယ်သူဆိုတာကို သိနေရင်တော့ ဟုတ်တာပေါ့။

ဒီကောင်တွေက သိပ်ပါးနပ်ကြတာပါ။ သူတို့ကို သံသယမဝင်အောင် ပြောဆိုလုပ်ရှားတတ်ကြတယ်။

ဒါ့အပြင် တစ်ချိန်လုံး နန်းတော်ထဲမှာ လူဝင်လူထွက်ကလည်း များပါဘိနဲ့။

အစုတ်အပေါင်း အပျက်အစီးတွေကို ပြင်ရသူတွေ၊ ဆေးသုတ်သမားတွေ၊ စက်ချုပ်သမားတွေနဲ့ အလုပ်မျိုးစုံလုပ် ကိုင်ကြသူတွေရယ်၊ ဧည့်သည်တွေရယ်၊ အခိုင်းအစေတွေနဲ့ ကလေးထိန်းတွေရယ် ရှုတ်ယှက်ခတ်နေတာပါ။

"ငါက မျက်မမြင် သူတောင်းစား ဟန်ဆောင်မယ်။ နင်က ခွက်ကိုင်ပြီး ငါ့ကိုတွဲခေါ်ပါ။ နင့်ကိုယ်ကိုလည်း ဖုန်တွေအညစ်အကြေးတွေနဲ့ ငါ့လိုပဲ သုတ်လိမ်းပစ်... နင့် အဝတ်ကိုလည်း နည်းနည်းဆုတ်ဖြပစ်ပါ"

အဲဒီလူ တွေထဲမှာ တစ်ဦးစ နှစ်ဦးစ မရိုးမသား ဒုစရိုက်သမားတွေပါ မလာနိုင်ဘူးလား"

ခွန်ဘာက ကိမ်ကို ချီးကျူးတဲ့ အကြည့်နဲ့ကြည့်ရင်း -

"အစ်ကိုရှင်းပြလို့ အခုတော့ ကျွန်မ သဘောပေါက်လာပါပြီ၊ အစ်ကိုက သိပ်ဗဟုသုတကြွယ်တာပဲ"

သူတို့နှစ်ဦး မြင်းပြိုင်ပွဲကို ကျော်နိုင်းထွက်ခွာလာကြတာကြောင့် အသံဗလံတွေနဲ့ တဖြည်းဖြည်းဝေးလာပါတယ်။ မြင်း အနိုင်အရှုံးစာရင်းကို ဒလစပ် ကြေညာနေသံလည်း လေထဲမှာ ပျောက်ကွယ်စပြုလာခဲ့ပါတယ်။ ဆယ်မိနစ်ခန့်ကြာတော့ နန်းတော်ကို ဝိုင်းပတ် ထားတဲ့ အနီရောင်ရွှံ့တံတိုင်း ကြီးတွေရဲ့အနီး သူတို့ရောက်သွားကြပါတယ်။

ကိမ်က မြင်းကိုဖြည်းဖြည်းသွားစေပြီး နန်းတော်ဝင်လို့ရမယ့် အပေါက်ကို လိုက်ရှာပါတယ်။ နံရံကြီးတွေက မြင့်ပြီး ထူပါတယ်။ သံတံခါးပေါက်မှလွဲပြီး နံရံအားလုံးမှာ ကွဲကြောင်းအက်ကြောင်းလေးတွေကိုတောင် မတွေ့ရပါ။ သံတံခါးပေါက်ကိုတော့ အပေါ်ကော အောက်ပါ သော့ကြီးတွေ ခတ်ထားပြီး စစ်သားတွေက စောင့်ကြပ်နေကြ... တယ်။ နံရံအနီးက သစ်ပင်ရိပ်မှာ အလိမ်းလိမ်းနဲ့ နေခိုနေကြတဲ့ လူတွေ... စစ်သားတွေက မူးစူးဝါးဝါး စိုက်ကြည့်... ကြပါတယ်။

ဘယ်သူမှ မရှိတဲ့သစ်ပင်တစ်ပင်... မြင်းကိုချည်ပြီး သူတို့နှစ်ဦး ခေတ္တနား... ကြပါတယ်။ ခွန်ဘာက ပူလောင်... ပန်းပြီး မျက်ရည်စတွေနဲ့ -

"ကျွန်မတို့တော့ နန်းတော်ထဲဝင်... ရမယ်မဟုတ်ပါဘူး။ တံတိုင်းတွေပေါ်... လင်းဒတွေကတော့ တို့ကိုခုန်အုပ်ထိုး... ဖို့အဆင်သင့်ဖြစ်နေကြပြီ"

ကိမ်ကလည်း စိတ်ညစ်ညစ်နဲ့ -

"အဲဒီလင်းဒတွေ မင်းကိုဝိုင်းအုံ... တိုက်ခိုက်ရင် မင်းသေသွားနိုင်တယ် ဆိုတာ မင်းသိရဲ့လား။

အခုတော့ စုဇ ...နူးရဲ့အပြာရောင် ...ယော်လီကား ရာကီဒါမှာ ရှိမရှိ ငါတို့ မပြောနိုင်တော့ဘူး။ ဒီအနီးတဝိုက်မှာ တော့ အစအနတောင် ရှာမတွေ့ဘူး။

ငါတို့ နန်းတော်တံတိုင်းကြီးကို ပတ်နေတုန်း ဖြတ်သွားလေသလား... အခုဘာဆက်လုပ်ရမလဲဆိုတာ ငါမ... တော့ဘူး"

www.burmeseclassic.com

ရဲရင့်တဲ့သူမရဲ့ အစ်ကို အခုလို စိတ်ပျက်အားငယ်နေတာကို ခွန်ဘာ မကြည့်ရက်ပါ။

"ခဏနားကြတာပေါ့။ အကြံတစ်ခုပေါ်လာပါလိမ့်မယ်။ ဘုရားကယ်ပါ။ ကျေးဇူးပြု၍ ကယ်မတော်မူပါ"

မမျှော်လင့်ဘဲ ရုတ်တရက် သူမရဲ့ ဆုတောင်းကို ဖြည့်ဆည်းခဲ့ပါတယ်။

နန်းတော်ရဲ့ ဂိတ်ပေါက် နောက်ဘက်က ဦးချို မှုတ်သံတွေကော အခြား တူရိယာ တီးမှုတ်သံတွေပါ ဆူဆူညံညံ တောင် ပေါ်ထွက်လာပါတယ်။

ဒါဟာ အစောင့်တွေ ဂိတ်ပေါက်ကို ခွင့်ကြရတော့မယ့် လက္ခဏာပါ။ ရှေ့မျက်နှာစာ တပြင်လုံးဘုရင့်ထံမှ ငွေလာဆောင်းခံကြတဲ့ အနာကြီးရောဂါသည်တွေ သူတောင်းစားတွေ အမာရွတ်ကြီးတွေနဲ့ စစ်သားအိုကြီးတွေ ဆံဖြူသွားကျိုးနေတဲ့ အဘိုးအို အဘွားအို တွေနဲ့ ပြည့်သွားပါတယ်။

သူတို့အားလုံး ဂိတ်ဝဆီ စုပြုံလာကြပြီး သူထက်ငါ အရှေ့ရောက်အောင် ဝိုင်းဝေ့နေကြပါတယ်။စုတ်စုတ်ပြတ်ပြတ် ကလေးငယ်တွေကတော့ မျက်မမြင် အကျိတတွေကို လက်တွဲပြီး ခွက်တွေ ကိုင်ထားရင်း အော်ဟစ်နေကြပါတယ်။

"အလ္လာအရှင်ရဲ့ မေတ္တာကို ခံယူပါတယ်"

ပျင်းရိလေးတွဲ့နေတဲ့ ဟောင်ဆာ အမျိုးသားတွေလည်း ထရပ်လိုက်ပြီး သူတို့နဲ့ သွားပူးပေါင်းခဲ့ပါတယ်။ တခြား သူတွေကလည်း မတ်တပ်ရပ်ပြီး ထကြည့်ကြပါတယ်။

တစ်စုံတစ်ယောက်က အော်ဟစ်ခဲ့ပါတယ်။

"မနက်ဖြန်ဟာ ဘုရင်ကြီးရဲ့ မင်္ဂလာ လက်ထပ်ပွဲနေ့ မဟုတ်ပါဘူး"

အဆိုတော်တွေကတော့ ဘုရင်ကြီးရဲ့နန်းတက်ပွဲကို စတင်ကျူးရင့်ကြပါတယ်။

"ပြည်သူ ပြည်သားတွေနဲ့ နေ့စဉ် တွေ့နေကျ အချိန်ကို ဘုရင်ကြီးက ဒီနေ့မှာလည်း မဖျက်ပါ"

"သူတောင်းစားတွေကို ဝမ်းသာအားရ အလှူကြီးမပေးဘဲ မနေပါ"

"ဘုရင်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

မိုးချိန်းဘိအလား ဘင်ဒ်သံတွေ ဆူဆူညံလာပါတယ်။ အစောင့်တွေက ဂိတ်တံခါးကို ဖွင့်လိုက်ကြပါတယ်။ လူအုပ်ကြီးလည်း အထဲကို တလိမ့်လိမ့် ဝင်ခဲ့ကြပါတယ်။ ကိမ်က သူ့အင်္ကျီကို ဆွဲချွတ် ပစ်လိုက်ပြီးပါလာတဲ့ ကျောပိုးအိတ်ထဲထည့်ပါတယ်။ မြင်းကို ရေတိုက်တဲ့ ခွက်ထုတ် ယူလိုက်ပါတယ်။

"ငါက မျက်မမြင် သူတောင်းစား ဟန်ဆောင်မယ်။ နင်က ခွက်ကိုင်ပြီး ငါ့ကိုတွဲခေါ်ပါ။ နင့်ကိုယ်ကိုလည်း ဖုန်တွေအညစ်အကြေးတွေနဲ့ ငါ့လိုပဲ သုတ်လိမ်းပစ်ပါ။ နင့်အဝတ်ကိုလည်း နည်းနည်းဆုတ်ဖြဲပစ်ပါ"

ခွန်ဘာက အင်္ကျီကို နမြောနေပေမယ့် သူ့အစ်ကို ပြောတဲ့အတိုင်း ဆွဲဆုတ်ခဲ့ပါတယ်။ ပြီးတော့ မျက်မမြင် သူတောင်းစားအုပ်နဲ့ သွားရောခဲ့ကြပါတယ်။

နန်းတော်ရှေ့က သလင်းပြောင်ကွင်းပြင်ကြီး သူတို့လည်း ဝိုးဝေ့ချီတက်ခဲ့ကြပါတယ်။

ဘုရင်ကြီးကတော့ ခရမ်းရောင်ပိုးချည်ကတ္တီပါအုပ်ထားတဲ့ စင်မြင့်ပေါ်မှာ ထိုင်နေပါတယ်။ လူထုကြီးကတော့ နန်းရှေ့ ပြင်ပကွက်လပ်ထဲမှာပါ။

ဘုရင်ကြီးရဲ့ ဦးခေါင်းမှာ ပန်းနုရောင် မူစလင် ခေါင်းပေါင်းကို ဆင်မြန်းထားပါတယ်။

ပြီးတော့ လည်ပင်းမှာ အပြာရောင်ချည် တွေကွပ်ထားတဲ့ အဖြူလည်စီးကို ဆင်မြန်းထားပြီး ခြေထောက်မှာတော့ ပုတီးစေ့တွေ စီခြယ်ထားတဲ့ ခြေနင်းနဲ့ပါ။ ၎င်းထိုင်ခုံနီကိုလည်း ကျားသစ်သားရေဖုံးထားပါသေးတယ်။

ဒါ့အပြင် ထီးတော်မိုးနှစ်ယောက်ကလည်း ဘုရင်ကြီးကို နေပြောက်တောင် မထိုးရလေအောင် တာဝန်ထမ်းဆောင်နေကြပါတယ်။ တပ်သားလေး ကျွန်တစ်ဦးကလည်း ဘုရင်ကြီးကို လင်းယုန်ငှက်မွေးယပ်တောင်နဲ့ ဒလစပ်ယပ်တော် သွင်းပေးနေရပါတယ်။

မှူးမတ်သေနာ ပတိတွေကတော့ ရာထူး အဆင့်အတန်း အလိုက် ဘုရင်ကြီးရဲ့ ဝန်းကျင်မှာ ခစားနေကြရပါတယ်။ ဘဏ္ဍာစိုးကတော့ အကြွေစေ့တွေထည့်ထားတဲ့ ဖလားကြီးကို လက်နဲ့ ကိုင်ထားပြီး ဘုရင်ကြီးရဲ့ ဝဲဘက်မှာ ထိုင်နေခဲ့ပါတယ်။ ရှင်ဘုရင်ကြီးက လက်ျာလက် မြှောက်ပြလိုက်တာနဲ့ တပြိုင်နက် ဘဏ္ဍာစိုးက သူတောင်းစားတွေကို ဝေငှပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

သူတောင်းစားတွေ ကလည်း အလ္လာသခင်ကောင်းချီးပေးပါ စေလို့ အော်ဟစ်ရင်း ရေဘူးဘက်ဆီ တစ်အုပ်ပြီး တစ်အုပ် တလိမ့်လိမ့်တက်လာကြပါတယ်။

ကိမ်ကတော့ လူစုကြီးရဲ့ အစွန်ဘက်ဆီထွက်ဖို့ ခွန်ဘာကို တီးတိုးလေးပြောခဲ့ပါတယ်။

ဆူညံတွန်းထိုး တိုးဝှေ့နေတဲ့ လူအုပ်ကြီးထဲကနေပြီး နန်းတော်ရဲ့ ဝဲဘက်နဲ့ ဆက်စပ်ထားတဲ့ ရွှံ့နီရောင်အဆောက်အဦတစ်ခုဆီ သူတို့နှစ်ဦး ထွက်ခဲ့ကြတာကို ဘယ်သူမှ သတိမပြုမိလိုက်ကြပါ။

အဆောက်အဦမှာ တံခါးတွေ အများအပြား တပ်ထားပါတယ်။

ခွန်ဘာ ကလည်း သူမရှေ့က ဖြတ်သွားသူတိုင်းကို ငိုယိုအော်ဟစ်ပြီး ခွက်လေးထိုးခံရင်း အလ္လာသခင်ကောင်းချီး ပေးပါစေလို့ ဟစ်ကြွေးဖို့ အဆင်သင့်ပြင် ထားခဲ့ပါတယ်။

ဒါပေမဲ့ ဘယ်သူနဲ့မှ မတွေ့ရတာကြောင့် ခွန်ဘာ အလုပ်မရှုပ်ခဲ့ပါ။

ကိမ်ကတော့ အဆောက်အဦနံရံ တံခါးတွေပေါ်က လက်ကိုင်ဖုထုံးတွေကို ဖြည်းဖြည်းချင်း လှည့်ကြည့်နေပါတယ်။

ပထမလေးခုကတော့ သော့ခတ်ထားပါတယ်။ ဘုရင်ကြီးက အခမ်းအနားပြီးဆုံးကြောင်း လက်မြှောက်ပြီး ပရိသတ်ကို ကြေညာလိုက်ချိန်မှာ ပဉ္စမမြောက် လက်ကိုင်ဖုထုံး လည်ထွက်သွားခဲ့ပါတယ်။

သူက တီးတိုးလေး . . .

"ခွန်ဘာရေ တံခါးပွင့်သွားပြီဟေ့။ ငါ့နောက်က မြန်မြန်လိုက်ခဲ့"

သူတို့နှစ်ဦးလုံး ရင်တထိတ်ထိတ်နဲ့ အထဲကို ဝင်ခဲ့ကြပါတော့တယ်။

ပြင်ပနေရောင်ကနေ အမှောင်ထဲကိုဝင်လိုက်တာကြောင့် တစ်ခန်းလုံး မှောင်မဲနေတယ်လို့ ထင်ရပါတယ်။

ခွန်ဘာရဲ့လက်ကို တစ်စုံတစ်ခုက ပုတ်လိုက်ချိန်မှာသူမလည်းကြောက်လန့်တွန့်ဆုတ်သွားခဲ့ပါတယ်။ ကိမ်က သူမရဲ့ ပါးစပ်ကို လက်နဲ့ပိတ်ပစ် လိုက်ပါတယ်။

"တိတ်တိတ်နေစမ်း။ မြင်းတစ်ကောင်လုံးကို မမြင်ဘူးလား"

ရှင်ဘုရင်အတွက် သီးသန့်မြင်းမနဲ့ ၎င်းရဲ့ မြင်းပေါက်လေးတွေကို ထားတဲ့ မြင်းဇောင်းမှန်း သူတို့နှစ်ဦးလုံး မသိကြပါ။ မြင်းမကလည်း ခွန်ဘာကို ကြောက်လန့်နေပုံရပါတယ်။

ကိမ်က ရယ်မောရင်း -

"ငှီး တို့တို့ အမှောင်ထဲမှာ ဘာတွေရှိနေလဲသိရအောင် စောင့်ကြည့်ကြရအောင်။ ဟိုတက်စွန်းမှာတော့ တံခါးတစ်ပေါက်ပါလား။ ငါ့လက်ကိုဆွဲပြီး လိုက်ခဲ့ပါ။ ဒီတံခါးက ထွက်ရင် တစ်နေရာရာဆီရောက်သွားလိမ့်မယ်"

လမ်းကျဉ်းလေးအတိုင်း လျှောက်ခဲ့ကြတော့ မြင်းတွေ၊ ဆိတ်တွေထားတဲ့ အခန်းတွေကိုတွေ့ကြရပါတယ်။

တိရစ္ဆာန်တိုင်းက ဟီဖို့ ဒါမှမဟုတ် အော်ဖို့ ပြင်နေကြပါတယ်။

သူတို့နှစ်ဦးကို ဘာလာလုပ်တာလဲလို့ မေးမယ့်သူ တစ်ဦးမျှကိုတော့ မတွေ့ကြပါ။

ချက်ချင်းပဲ သူတို့ နှစ်ဦးအပြင်ဘက် ထွက်ခဲ့ကြပါတယ်။

လမ်းကျဉ်းလေးအဆုံးမှာ ခိုင်ခိုင်ခန့်ခန့်ဂိတ်ပေါက်တစ်ပေါက်ရှိနေပါတယ်။ ကျောက်တုံးကြီး တစ်တုံးစာလောက် ဟနေပါတယ်။ ကလေးနှစ်ယောက်လည်း အလွယ်တကူ ဝင်သွားခဲ့ကြပါတယ်။

ဝဲဘက်ထောင့်မှာ ရေတွင်းလေးတစ်တွင်းနဲ့ ရွှံ့နံရံလေးဘက်ပိတ်ထားတဲ့ ခြံဝိုင်းလေး တစ်ဝိုင်းကို သူတို့တွေ့ကြ ရပါတယ်။ နံရံသုံးဘက်မှာတော့ သစ်ပင်ငယ်လေး တွေရယ်၊ အာလူးခင်းရယ်၊ ပြောင်းဖူးပင်တွေကို မြင်ရပါတယ်။ စတုတ္ထနံရံမှာတော့ ရောင်စုံပုတီးစေ့တွေ တွဲလွဲချထားတဲ့ ကာလကာတစ်ခုသာ ရှိပါတယ်။ ကာလကာ အလယ်မှာ ဟာလာဟင်းလင်း ဖြစ်နေပါတယ်။

"ခွန်ဘာရယ် မင်းကြည့်ရတာ သိပ် မောပန်းနေပုံပဲ။ မင်းအတွက်ငါ ရေသွားရှာဦးမယ်။ မင်းလက်ထဲကခွက် ငါ့ကို ပေးပါ"

ကိမ်က နမလေးကို ချစ်မြတ်နိုးတဲ့ အစ်ကိုပါ။ မောင်နှမနှစ်ယောက် ရေတွင်းဘောင်ဆီရောက်ကြ ... ဘာ ကာလကာ ပွင့်လာပြီး ဖားတစ်ကောင်လို ခပ်ဝဝပု အမျိုးသမီးကြီးတစ်ဦး လျှောက်လာခဲ့ပါတယ်။ အပြာရင့်ရောင်ဝတ်စုံကို ဆင်မြန်းထားပြီး ရေပုံးလွတ်တစ်ပုံးကို ဆွဲလာပါတယ်။ သူတို့နောက်ကနေပြီး ကျီးအာသံနဲ့ -

"မင်းတို့ ဒီရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိမ်နဲ့ ခွန်ဘာတို့ နှစ်ဦးလုံး တစ်ပတ်ရာည့်ပြီး ကြည့်လိုက်ကြပါတယ်။ ဘာမျှတော့ မပြောကြပါ။

"လွန်ခဲ့တဲ့ လေးနှစ်က မင်းတို့ရဲ့ အဒေါ် ဟာဝါကို အခုလိုကျေးဇူးဆပ်ကြတာလား။ မြင်းဇောင်းထဲက ကောင်လေးနှစ်ယောက်ကို လော်လီကားဂိတ်မှာ မင်းတို့နဲ့တွေ့ဖို့ လွှတ်လိုက်တယ်လေ။ သူတို့နဲ့မတွေ့ဘူးလား"

ကိမ်လည်း လိုက်လျောညီထွေစွာ

"လူတွေ သိပ်များ နေပါတယ် ဒေါ်ဒေါ်ရယ်"

မင်းတို့ အထုပ်အပိုးတွေကို သယ်ဖို့ ကားလိုမယ်ဆိုတာ ငါတွက်မိခဲ့တယ်။ ဘုရင့်အတွက် သတို့သမီးကို ငါကိုယ်တိုင်ရွေးပေးခဲ့တာကို ငါ့ချွေးမ ဖါတီမာ သိထားပြီးပါပြီ။

သူမကလည်း မင်းတို့အတွက် ကြိုတင် ပြင်ဆင်ပေးထားပါလိမ့်မယ်။

ဒါနဲ့ မင်္ဂလာဆောင်မှာ မင်းတို့ဝတ်ကြမယ့် အဝတ်အစားအသစ်တွေကော။ မင်္ဂလာလက်ဖွဲ့ တွေကော ဘယ်မှာတုန်း"

ကိမ်က ပုံတင်သံပြုလိုက်ပြီး အချိန်ဆွဲခဲ့ပါတယ်။

"မင်္ဂလာလက်ဖွဲ့တွေ ဘယ်မှာလဲ"

ခွန်ဘာက ကြားဖြတ်ဝင်လိုက်ပြီး-

"ရာကီဒါကို ထွက်လာမယ့် မေ့မေ့ရဲ့မိတ်ဆွေ မာမာဒါဆိုနဲ့ ထည့်ပေးလိုက်ပါတယ်။

ကျွန်မတို့ သယ်လာရင် ကွဲရှကုန်မှာစိုးရိမ်လို့ပါ။ ဒီနေ့ညနေကျရင် ရောက်လာပါလိမ့်မယ်"

ဟာဝါ ခပ်ကြောင်ကြောင် ဖြစ်သွားပြီး -

"သားဖွားဆရာမ မာမာဒါဆိုလား။ သူကွယ်လွန်ခဲ့ပြီမဟုတ်လား။ ရှိမှ မရှိတော့ဘဲ"

ခွန်ဘာကလည်း မီးလှုံရင်း မိသားစုချင်းပြောပြခဲ့တဲ့ အကြောင်းအရာမို့ ကောင်းကောင်းသိထားပါတယ်။

"အိုး • •မသေသေးပါဘူး။ ကျွန်မပြောနေတာ ဈေးအသင်းဥက္ကဋ္ဌ မာမာဆိုဒါပါ"

"အကယ်လို့ မင်းတို့ ပစ္စည်းတွေမှာ မင်းတို့နာမည်တွေ ကပ်ထားရင် ငါ ဥယျာဉ်မှူးကို သွားယူခိုင်းလိုက်မယ်။ မင်းတို့ ရောက်တာနဲ့ တပြိုင်နက် သူက မြင်းဇောင်းက ကလေးတွေကို ပြောပြထားနိုင်ပါတယ်"

ခွန်ဘာကလည်း ပြတ်ပြတ်သားသားလေသံနဲ့ -

"ကျွန်မတို့နာမည်တွေကို စာလုံးကြီးတွေနဲ့ကို ရေးထားတာပါ မဒမ်ဟာဝါရယ်"

"ကောင်းတယ်။ အခုတော့ သတို့သမီးအဆောင်ဆီ ငါနဲ့မြန်မြန်လိုက်ခဲ့ကြ"

"ငါ့မှာ လုပ်စရာတွေ တစ်အုံကြီးရယ်။ ဒါပေမဲ့ ငါ့လို ဆင်းဆင်းရဲရဲ ဘုရင့်နမစကားကိုတော့ ဘယ်သူကမှ အလေးမထားကြပါဘူး"

သူမက တဖျစ်တောက်တောက် ပြောရင်း ခပ်မြန်မြန်ထွက်ခဲ့ပါတယ်။

ဘုရင့်ဆွေရင်း မျိုးချာတွေရဲ့ ခြံဝိုင်းတွေကို သူတို့ဖြတ်ကျော်ခဲ့ကြပါတယ်။

တစ်ခါ ဘုရင့်မိဖုရားတွေကိုချည်း သီးသန့်ထားတဲ့ နေရာဆီရောက်လာကြပါတယ်။ သတို့သမီးကိုထားမယ့် အနီရောင်တဲသစ်ရှေ့မှာ တံမြက်လှည်းထားလို့ သန့်ရှင်းနေပါတယ်။

အဲဒီသန့်သန့် ပြန့်ပြန့်ကွင်းထဲမှာ နန်းတွင်းနေ ကလေးတွေကို ပျော်ပျော်ပါးပါး ကခုန်သီဆို နေစေပါတယ်။

"သူမသာ အကျည်းတန်ခဲ့ရင် ကျွန်တော်တို့ရဲ့ ဘုရင်နဲ့ မထိုက်တန်ပါ"

သင့်ကိုယ်သင် လှအောင်ပအောင် ပြင်ထားပါ သတို့သမီးလေးရယ်။

စိတ်နှလုံး ရွှင်မြူးရမယ့် မနက်ဖြန် ခပ်မြန်မြန်ရောက်လာနေပါပြီ"

ဟာဝါကော ခွန်ဘာပါ တံခါးတောင်မခေါက်ဘဲ အထဲကို ဝင်ခဲ့ကြပါတယ်။ အားလုံးသော ရွှေပွဲလာအမျိုးသားကြီးတွေနဲ့ လူငယ်လေးတွေ ဝင်ခွင့်မပြုဘဲ တားမြစ်ထားတာကို သိထားကြပါတယ်။

ကိမ်ကတော့ ဝင်ရောက်ရေနှောကခုန်နေခဲ့ပါတယ်။ ခွန်ဘာ ဘယ်လောက်ကြာကြာ အထဲမှာ နေရမလဲဆိုတာ သူ မခန့်မှန်းနိုင်ပါ။

ရှေးဟောင်း ရတနာအကြောင်းတွေကို လုံးဝမေ့ထားလိုက်ပြီး ပျော်ပျော်ပါးပါးဝင်ရောက် ကခုန်နေတာ ပိုကောင်းပါတယ်။


ဆက်လက်ဖော်ပြပါမည် • • •

အောင်သန်းချစ်



www.burmeseclassic.com

www.burmeseclassic.com



# ရေစက်ခွဲ၍ အမျှဝေပါသည်...

ဒေါ်ဝမ္မစာရီ(သမီးဗဂျိုအောင်စိုး)

ဤဆောင်းပါးကို ရေးသားရခြင်းမှာ တရားစခန်းဝင်ရန် ရိပ်သာအသီးသီးတွင် သွားရောက်နေထိုင်ကြမည့် ယောဂီများသည် မိမိတို့ပစ္စည်းများ၊ ငွေကြေးများကို မပျောက်ရှအောင် သ ဘိထားသိမ်းဆည်း နိုင်ကြရန်အတွက် စေတနာဖြင့် ဆရာလေးကဲ့သို့ ငွေကြေးများ မပျောက်ဆုံးစေရန် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဆရာလေးသည် ရိပ်သာအသီးသီးတွင် တစ်လှည့်စီ တရားစခန်းဝင်တရားအားထုတ်လျက် ရှိပါသည်။ ဝါတွင်းကာလတွင် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် အပိုင်း-၂၊ ၁၆ ရပ်ကွက်၊ သဃ်န်းကျွန်းတွင် ဝါဆိုနေထိုင်ပြီး ရိပ်သာများသို့ သွားရောက်ခြင်းမရှိပါ။ မိမိအခန်း မိမိသော့ဖြင့် ပစ္စည်းများကို ဤအတိုင်းထားရှိသော်လည်း အပျောက်အရှ တစ်စုံတစ်ရာ မရှိခဲ့ပါ။ ထို့ကြောင့် အခြားရိပ်သာများမှာလည်း ဤကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့ပါသည်။ သို့သော် မတူညီသော အချက်မှာ ယခု ဆရာလေးရေးသားမည့်ရိပ်သာမှာ ခန်းမကြီးအတွင်း အမျိုးသမီးယောဂီများအား ခုတင်များစီတန်းချထားကာ မိမိတို့ပစ္စည်းများကို မိမိတို့ခုတင်အောက်၊ ခုတင်ဘေးတွင် ထားရှိရပါသည်။ သီလရှင်များအား ခေါင်းရင်းဘက်တွင် နေရာချထားပေးပါသည်။ ဆရာလေး အဝတ်အိတ်အား ခုတင်နှစ်ခုကြားတွင် ထားရှိရာ သူခိုးသည် မည်ကဲ့သို့မြင်၍ သဘောကျသွားသည် မသိပါ။ အိတ်ခွဲပြီး ငွေကျပ်သုံးသောင်းငါးထောင်ကို ခိုးယူခြင်း ခံခဲ့ရပါသည်။ ဆရာလေးသည် ၁၀ ရက်စခန်းဝင်ရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com

ဤရိပ်သာသို့ တစ်ညနေတွင် လာရောက်ခဲ့ပါသည်။ သတ်မှတ်သော ဆွမ်းစရိတ်ကိုသွင်းပြီး တရားထိုင်ရန် သွားဖို့ ပြင်ဆင်ချိန်တွင် ယောဂီဟောင်းများက အိတ်ကိုသော့ခတ်ရန်၊ တယ်လီဖုန်းကို ယူဆောင်သွားရန်၊ ငွေကြေးများကို သတိထားထည့်ရန် မှာကြားပါသဖြင့် ၎င်းတို့ပြောသည့်အတိုင်း လုပ်ဆောင်ခဲ့ပါသည်။ ဤသို့ပြုလုပ်သည့်ကြားထဲမှ အဝတ်အိတ်ကို ခွဲ၍ ပိုက်ဆံအခိုးခံရသည့်အတွက် ၎င်းတို့မှာ စိတ်မကောင်းဖြစ်ကာ အံ့ဩနေကြပါသည်။ တစ်ခါမှ ဤအဖြစ်မျိုး မကြုံဖူးကြောင်း သိရပါသည်။

ဆရာလေးမရောက်မီ ရက်အနည်းငယ်ခန့်ကမှ ယခုကဲ့သို့ ပိုက်ဆံပျောက်မှုများ ကြုံကြရပါသည်ဟု သိရှိရပါသည်။ ခေါင်းအုံးအောက် အိပ်ရာအောက်များတွင် ယခင်ထားရှိစဉ်က မပျောက်ခဲ့ပါ။ ယခုအတောအတွင်း ထောင်ဂဏန်း၊ ရာဂဏန်း ငွေကြေးများ ပျောက်ဆုံးနေကြရာ ယခု ဆရာလေးပျောက်ဆုံးသည့် ငွေက အများဆုံးဖြစ်ပါသည်။ ယခုတစ်ကြိမ်ပျောက်၍တိုင်မှ ရိပ်သာက တာဝန်ရှိသူလူကြီးများ သိရှိသွားကြပါသည်။ လာရောက်စစ်ဆေး ကြည့်ရှုကြပြီး မည်သို့မှ ဆုံးဖြတ်ချက် မပေးနိုင်ကြပါ။ ဆရာလေးလည်း ဟိုမော့ကြည့် ဒီမော့ကြည့်။ တံခါးပေါက်များ၊ ပြတင်းပေါက်များကို စစ်ဆေးကြည့်သောအခါ ခန်းမအပေါ်ဘက် ဘုရားစင်ဘက်အခြမ်း အပေါ်ပိုင်းတွင် မှန်ဖြင့် အပြင်ဘက်မှ အလင်းရောင်ဝင်ရန် ကလားများပြုလုပ်ပြီး အလုံပိတ်ထားသည်ကို တွေ့ရပါသည်။ သို့သော် ကလားတစ်ခုမှာ မှန်မရှိဘဲ အပေါက်အတိုင်း ဖြစ်နေသည်ကို တွေ့ကြရပါသည်။ ထိုအပေါက်ကို ယခုအခါမှ အလုံပျဉ်ချပ်ဖြင့် ပိတ်ကြပါသည်။ တစ်ဖန် ပြတင်းပေါက်များကို စစ်ဆေးသောအခါ ညနေဘက်တွင် ပြတင်းပေါက်အားလုံးအား ဂျလက်များ ချထားခဲ့ရာ ယခု မိုးလင်းချိန်တွင် ပွင့်နေသော ပြတင်းပေါက်တစ်ခုကို တွေ့ရပါသည်။ တစ်ဖန် ခန်းမတံခါး၊ သံပန်းတံခါးအားလုံး တာဝန်ရှိသူ ယောဂီတစ်ဦးမှ သော့ခတ်ပြီး အများမြင်နိုင်သည့် နေရာတွင် သော့ထားကြောင်း သိရှိရပါသည်။

ရိပ်သာသို့ ညနေပိုင်းရောက်ပြီး နောက်နေ့တွင် ဘာမှမဖြစ်သေးပါ။ အိတ်လည်း အခွဲမခံရသေးပါ။ လေ့လာနေဆဲ ဖြစ်ပါလိမ့်မည်။ ရိပ်သာများ အချိန်ဇယားအတိုင်း နံနက်တရားတစ်ကြိမ်ထိုင်ပြီး အရုဏ်ဆွမ်း စားရပါသည်။ ဆရာလေးတို့ နေရာသည် ဆွမ်းစားကျောင်းအပေါ်ထပ် ပထမထပ်တွင် ဖြစ်ပါသည်။ အောက်ထပ်သို့ ဆင်းပြီး စင်္ကြံလမ်းတစ်ဖက်တွင် ဓမ္မာရုံရှိရာ ထိုဓမ္မာရုံတွင် တရားထိုင်ရပါသည်။ ဆွမ်းစားသံချောင်း ခေါက်၍ အရုဏ်ဆွမ်းစားပြီးမှ အားလုံး အပေါ်တက်ကြရပါသည်။ တစ်ဖန် နေ့ဆွမ်းမစားမီ တရားထိုင်၊ တရားဖြုတ်သောအခါ နေ့ဆွမ်းစား၍ အားလုံးအတူတူ အပေါ်တက်ကြရပါသည်။ အရုဏ်ဆွမ်းစားပြီး အပေါ်ပြန်တက်သောအခါ ဘေးအိတ်ကိုဖွင့်၍ ပစ္စည်းထုတ်ယူစဉ်က အခွဲမခံရသေးဘဲ အကောင်းဖြစ်သည်။ နေ့ဆွမ်းစားပြီး ပြန်တက်လာသောအခါ သော့မှာ ပိတ်လျက်ရှိပြီး ဘေးအိတ်ကို ဖွင့်ကြည့်သောအခါမှ ဓားဖြင့် အစိတ်စိတ်အမြွှာမြွှာ ခွဲခံထားရသည်ကို သိရှိရပါသည်။

ဤနေ့သည် လခထုတ်သည့်နေ့က ဆရာလေးအိမ်ပြန်ပြီး ဆွမ်းစရိတ်လှူကြသော ဒကာ၊ ဒကာမများထံမှ အလှူခံရလာသော ငွေကြေးများကို အိမ်တွင်ထားခဲ့ပြီး သုံးစွဲလှူဒါန်းရန် ငွေသုံးသောင်းခွဲကျပ်ကို ရိပ်သာသို့ ယူဆောင်လာသည့် နောက်နေ့ဖြစ်သည်။ သူခိုးသည် မည်သူတစ်ဦးတစ်ယောက်၏ အိတ်များကိုမှ မခွဲဘဲ ဆရာလေးအိတ်မှ လာခွဲခြင်းကို စဉ်းစားစရာ ဖြစ်သည်။ လေ့လာကြည့်ရှုထားသည့်သဘောလည်း ဖြစ်နိုင်သလို၊ ခေါင်းရင်းဘက်အပေါက်မှ ဝင်၍ တွေ့တွေ့ချင်းအိတ်ကို ခွဲသည်လည်း ဖြစ်နိုင်သည်။ သို့သော် မည်သို့ပင်ဖြစ်စေကာမူ သူခိုးသည် အဝေးမှလာသော သူခိုးမဖြစ်နိုင်ပါ။ ဓာတ်သိအတွင်းပိုင်းမှလူ ဖြစ်နိုင်ပါသည်။ အလုပ်သမားများ၊ ယောဂီအယောင်ဆောင် လုပ်စားနေကျသူများ ဖြစ်နိုင်သည်ဟု ထင်ပါသည်။ လူများနှင့် ယောဂီများ ရောနေပါသည်။ အကယ်၍ သူခိုးအစစ်ဖြစ်ပါက မြင်တွေ့သမျှ အဖိုးတန်ပစ္စည်းများကို ယူသွားရမှာဖြစ်သော်လည်း ယခုသူခိုးမှာမူ ငွေကြေး လုံလုံလောက်လောက် ရသည်နှင့် ထွက်သွားခြင်းဖြစ်သည်။

လူကြီးများသည် စိတ်မကောင်းဖြစ်ပြီး လုံခြုံရေးကို ချထားပါသည်ဟု ဆိုသော်လည်း ဟာကွက်များတော့ ရှိပါသည်။ အတွင်းသူခိုးဆိုသည်မှာ အလုပ်သမားများထဲမှ ဖြစ်ပြီး ယောဂီယောင်ဆောင် အမျိုးသမီးများသည်



www.burmeseclassic.com

www.burmeseclassic.com

သော့ထားသောနေရာကိုသိ၍ သော့ဖွင့်ဝင်ပြီး အချိန်နှစ်နာရီကြာချိန်တွင် ဓားဖြင့်ခွဲ၍ ရရာယူသွားခြင်း ဖြစ်သည်။ တစ်ဖန် သော့ပိတ်ပြီး ပြန်ထွက်ကြမှာ ဖြစ်သည်။ သို့မဟုတ် ယောဂီအားလုံး တရားထိုင်ရန် သွားချိန်တွင် အိမ်သာထဲ၌ မယောင်မလည် နေခဲ့ပြီး လော့လာထားသော အိတ်ကို ခွဲပြီး ပြတင်းပေါက်အားဖွင့်၍ ထွက်သွားမှာဖြစ်သည်။ ဤရိပ်သာအား သတိပေးလိုသည်မှာလည်း ခန်းမကြီး တစ်ခုလုံး ပိတ်သောသော့ကို လုံခြုံအောင် ထားသင့်ပါသည်။ အားလုံး ထွက်သွားကြလျှင် အိမ်သာများထဲမှာ လူကျန်မကျန် တံခါးများကို ဆွဲဖွင့်ကြည့်ကြရန်နှင့် ခန်းမတစ်ခုလုံး လှည့်ပတ်၍ စစ်ဆေးကြည့်ကြရန် သတိပေးလိုပါသည်။

ဆရာလေးသည် ဤငွေပျောက်၍ မည်သို့မှ မခံစားရသော်လည်း တကယ်လိုအပ်သောသူအတွက်မှာမူ နှမြောစရာ၊ ဝမ်းနည်းစရာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ရိပ်သာဝင်လျှင် ငွေများများ မယူလာကြရန် သတိပေးရခြင်း ဖြစ်ပါသည်။ ဆရာလေးသည် ပိုက်ဆံပါသွားသည်ကို သိလိုက်သည်နှင့် ဘုရားစင်ဘက်လှည့်၍ လက်အုပ်ချီလျက် ရေစက်ခွက်မပါဘဲ ရေစက်ချ၍ အမျှဝေလိုက်ပါသည်။ မိမိလည်း အလှူဒါနဖြစ်ပြီး သူခိုးလည်း ငရဲမကျ၊ အကုသိုလ်မဖြစ်စေရန် ဖြစ်သည်။ စေတနာ ါန်လျှင် အကျိုးပေးပါမည်။

"ဣဒံမေပုညံ၊ အာသဝက္ခယံ၊ ဝဟံဟောတု၊ မေ– တပည့်တော်သည်၊ ဣဒံပုညံ–ဤကုသိုလ်ကောင်းမှုသည်၊ အာသဝက္ခယံ–အာသဝေါလေးတန် ကုန်ကြောင်းမှန်သော ပြည်နိဗ္ဗာန်သို့ ဝဟံရွက်ဆောင်နိုင်သည် ဟောတု ဖြစ်ပါစေသတည်း"ဟူ၍ ရေစက်ချ လှူလိုက်ခြင်း ဖြစ်သည်။ ဤကောင်းမှုကုသိုလ်အဖို့ဘာဂကိုလည်း ၃၁ ဘုံ ကျင်လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှပေးဝေလိုက်ပါသည်။


"နွားနို့အိုးကြီး ကျကွဲသည်နှင့် ရွှေစည်းခံလှူလိုက်သည်"ဟူသော စကားပုံနှင့်တော့ တူနေပါသည်။ သို့သော် ဆရာလေးက ဤကဲ့သို့ မလှူလိုက်လျှင် ထိုပုဂ္ဂိုလ်မှာ ငရဲကေန် ကျနိုင်ပါသည်။ ဆရာလေးသည် မှန်သောစကားပြောရလျှင် သူခိုးအားလုံးဝစိတ်မဆိုးမိပါ။ သနားမိပါသည်။ ဤသူခိုးသည် သူတစ်ပါးဥစ္စာကို ခိုးယူလျှင် အဒိန္နာဒါနကံ ကျူးလွန်သည်ဖြစ်၍ ငရဲကျမည်ကို မသိရှိ၍လော။ သိလျက်နှင့် စားဝတ်နေရေး မပြေလည်၍လောဟု စဉ်းစားစရာ ဖြစ်သည်။ ထို့ပြင် သီလရှင်အဝတ်များ လှမ်းထား၍ သီလရှင်အိတ်မှန်းသိလျက် ခိုးယူခြင်းသည်။ ပိုမို အပြစ်ကြီးပါသည်။ ထို့ကြောင့် သနားမိခြင်း ဖြစ်ပါသည်။

"သူ့ဥစ္စာကို သိလျက်သားနှင့်၊ လောဘစိတ်ထား ခိုးယူလို့၊ လွန်ကျူးမိလျှင် တကယ်ပဲ ေ့ါ၊ အပါယ်ငရဲကျမည်ဆို၊ လွတ်လာပြန်လည်း ဥစ္စာမွဲဆင်းရဲဖြစ်တိုင်းကိုယ်"

ဟူသော လင်္ကာလေးအတိုင်း သူတစ်ပါးဥစ္စာကို ခိုးယူလျှင် နည်းသည်ဖြစ်စေ များသည်ဖြစ်စေ အပြစ်ကျမှာ ဖြစ်သည်။ ယခုဘဝတွင်လည်း အမှုအကြီးအငယ်အလိုက် အပြစ်ကျခံရမှာဖြစ်ပြီး သေသောအခါ၌လည်း ငရဲကျနိုင်သည်။ ငရဲမှလွတ်သောအခါ လူ့ဘဝပြန်ရောက်လျှင်လည်း ဆင်း မွဲတေသောဘဝတွင် ကျင်လည် တတ်ပါသည်။ စိတ်ဆင်းရဲ ကိုယ်ဆင် ရဲ ဖြစ်ရတတ်သည်။ ထို့ကြောင့် သနား မိပါသည်။

ဆရာလေးမှာ သူခိုးအားလည် သနားသည်။ မိမိကိုယ်တိုင်လည်း မိ သနားမိပါသည်။ တစ်လမှတစ် ဆွမ်းစရိတ် ထောက်ပံ့လှူဒါန်းကြ သော မိသားစု တပည့်သားမြေးများ အလှူငွေများဖြင့် အလှူဒါနပြုခြင်း ဘုရားဖူးထွက်ခြင်း ပြုလုပ်လေ့ရှိသော ဆရာလေးသည် အလှူငွေ သုံးသောင် ငါးထောင်ကျပ် ော လျော့နည်းသွာ ခြင်းကြောင့် 'ထားဝယ် ရှင်ကိုးရှင် ဘုရားဖူးသွားရန် လှူမည့်ငွေမျ အနက် နည်းသွားခြင်း ဖြစ်ပါသည် တစ်လစာ တွက်ပြီးသားဖြစ်၍ ယခု လျော့သွားပါသည်။ ထို့ကြောင့် လျော့ သွားသောငွေအစား စေတနာနှ သဒ္ဓါတရားထားကာ အစားထိုးပြီး ရေ စက်ချ အမျှဝေလိုက်ပါသည်။

ဒေါ်ဓမ္မစာရီ(သမီးဗဂျီအောင်စိုး





www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောမပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆေးက (တနယ်ဖင်း) ၁၃၀/၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဗိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ မိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ဈ/၃၅၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဂျဘာဘဝ ဘဝဘာဂျ ၆၃

ယခင်လမှအဆက်

**လင်းရောင်တင်**

**"ကြွက်နဖားတောင်မှာ နယားကောင်ရှိတယ်"**

ရေးလက်စနှင့် ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင် (ဗိုလ်အောင်ဒင်) မှင်စာသာမက **"တိုးနယား"**ကောင်ကိုပင် တွေ့ဖူးသည့်အကြောင်း မှတ်တမ်းတင်ရဦးမည် ဖြစ်ပါ၏။ မြန်မာပြည်အလယ်ပိုင်းတွင် "ကြွက်နဖား"ဟု အမည်ရသော တောင်ကြီးတစ်တောင်ရှိကြောင်း သိရဖူး၏။ ထိုတောင်ကြီးသည် သစ်ပင်ပန်းမာလ်များဖြင့် စိမ်းစိမ်းစိုနေသည်ဆို၏။ တောလည်းနက်ကြောင်း သိရ၏။ ထိုအကြောင်းအရာများကိုလည်း မင်းသားကြီးခင်မောင်ရင်၏ ညီအငယ်ဆုံးဖြစ်သော ဦးခင်မောင်ချစ်ပင် ပြောပြခဲ့ခြင်း ဖြစ်၏။

"ကိုကိုက လှုံ့ဖူး။ အပဲလိုက်တဲ့လူတွေနဲ့လည်း အတူလိုက်သွားဖူးတယ်။ သူက တောပစ်တာတော့မဟုတ်ဘူး။ သက်သက်အပျော်လိုက်တာ။ တောထဲတောင်ထဲ လှည့်လည်သွားလာရတာမျိုးကို သူက အလွန်ပျော်တာ။ ဒါပေမယ့် ကြွက်နဖားတောင်ကို လိုက်သွားမိတဲ့အခါမှာတော့ သူအတော်လန့်သွားခဲ့တာ . . ."

"ဘာဖြစ်လို့တုံး အဘချစ်ရဲ့"

"ကြွက်နဖားတောင်မှာ နယားကောင်ရှိတယ်လေဗျာ။ အဲဒါကို သူသွားတွေ့ရပြီး အတော်လန့်သွားတာ"

"နယားကောင်ဆိုတာ တိုးနယားကောင်ကို ပြောတာလား"

"ဟုတ်တယ်"

"အလျှူခံတဲ့အခါ ခြင်းကျားကြီးနဲ့ ပုံစံလုပ်ပြီး လူတွေဝင်ကတဲ့ တိုးနယားရုပ်လို အကောင်မျိုးလား"



www.burmeseclassic.com

www.burmeseclassic.com

"အင်းလေ…အဲဒီအကောင်မျိုးပေါ့"

"အဲဒီအကောင်မျိုးက တကယ်ရှိတာလား။ ကျွန်တော်တော့ ဒီအကောင်မျိုး တစ်ခါမှ မမြင်ဖူးပါဘူး။ လောကမှာ တကယ်ရှိမယ်လည်း မထင်ဘူး။ အလှူခံတဲ့လူတွေက စိတ်ကူးကောင်းကောင်းနဲ့ အရုပ်ဆိုးပြီး ကကြ၊ ခုန်ကြတယ်ပဲ ထင်တာ။ ခန္ဓာကိုယ်က အမွေးရှည်ရှည်ကြီးတွေနဲ့ ခေါင်းပေါ်မှာ သမင်ချိုလိုလည်းပါတယ်။ ဒါပေမယ့် သမင်နဲ့ လုံးဝမတူဘူး။ တိုးနယားအကကိုတော့ ငယ်ငယ်ကလေးတည်းက ကြည့်ဖူးတာ"

"တိုးနယားကောင်က အပြင်မှာ တကယ်ရှိပါတယ်။ နယားကောင်လို့ အလွယ်ခေါ်ကြတယ်။ ဒါပေမယ့် တောထဲတောင်ထဲမှာ အဲဒီနယားကောင်ကို တွေ့ရတဲ့အချိန်ဆိုရင် မုဆိုးတွေ အတော်ကြောက်လန့်သွားကြတယ်။ ပြီးတော့ ဒူးလေးယူသွားတဲ့လူက ဒူးလေးထမ်း၊ သေနတ်ယူသွားတဲ့လူက သေနတ်ထမ်း၊ ခြေလှမ်းကျဲကျဲလှမ်းပြီး အပြေးအလွှား အိမ်ကိုပြန်ကြတော့တာပဲ"

"ဘာဖြစ်လို့လဲ အဘချစ်ရဲ့"

"နယားကောင်ရှိတဲ့ တောမှာ အမဲပစ်လို့မရဘူး။ နယားကောင်ကိုလည်း အကြောင်းသိတဲ့သူဟွေက ဘယ်တော့မှ မပစ်ကြဘူး။ သူ့ကိုသာပစ်မိရင် ပိုအပြစ်ကြီးတယ်။ ပစ်နိုင်ဖို့လည်း မလွယ်ဘူး။ တွေ့ဖို့လည်း မလွယ်ပါဘူး။ ဒါပေမယ့် နယားကောင်ကို တွေ့လို့ကတော့ နောက်ပြန်လှည့်၊ အမြန်ဆုံးပြန်တာ အကောင်းဆုံးပဲ။ တကယ်လို့ သူ့ကိုတွေ့ရဲ့သားနဲ့ လှည့်မပြန်လို့ကတော့ တောခြောက်ပြီသာမှတ်ပေတော့"

"နယားကောင်ကို တွေ့ရင် တောခြောက်တတ်တယ် ဟုတ်လားအဘ"

"ဟုတ်တယ်။ ရှေးရှေးက မုဆိုးတွေ ယုံကြည်ခဲ့ကြတာ။ ဆိုလိုတာကတော့ နယားကောင်ဟာ သူတော်ကောင်းသတ္တဝါကောင်ပဲ။ သူတို့ရှိတဲ့ တောထဲမှာ နတ်ကောင်းနတ်မြတ်တွေလည်း ရှိကြလို့ အဲဒီတောထဲမှာ အမဲလိုက်တာကို မကြိုက်ကြဘူး။ ဒါကြောင့် နယားကောင်ပြပြီး သတိပေးလေ့ရှိကြတာတဲ့ သဘောပဲ။ အဲဒီလို နယားကောင်ပြထားလို့မှ လာရာလမ်းကိုလှည့်မပြန်ကြသေးဘူးဆိုရင်တော့ တောမှောက်ပြီး လမ်းတွေမှား၊ တောခြောက်ပြီး အကြောက်ကြောက်အလန့်လန့်ဖြစ်လို့ ဒုက္ခတွေရောက်၊ လူမှားပြီး တစ်ယောက်နဲ့တစ်ယောက် ပစ်ခတ်မိလို ပစ်ခတ်မိကြနဲ့ အတော်ကြော စရာကောင်းတဲ့ ကိန်းမျိုး ကြုံကြရတယ်"

"မင်းသားကြီးခင်မောင်ရင်တို့အဖွဲ့လည်း နယားကော နဲ့ ကြုံခဲ့ကြရတယ်ဆိုတော့ ဒုက္ခရော ရောက်ကြသေးလား"

"တောထဲမှာ မျက်စိလည်တာလောက်ပဲ ဖြစ်ခဲ့တာ သူတို့အုပ်စုလည်း ကြောက်ကြောက်လန့်လန့်နဲ့ ပြန်ခဲ့ကြ တာပေါ့"

အဘ ဦးခင်မောင်ချစ် ပြောပြသဖြင့် နယားကော ၏ ဂမ္ဘီရကို သိခွင့်ရခဲ့ဖူးပါ၏။

## "လိုတရ သစ်နက်ရေ"

ထူးဆန်းသည့် ဂမ္ဘီရဆန်သော နယားကောင် အကြောင်း တွေးမိရာမှ တောထဲတွင် လွန်စွာထူးဆန်းသော နောက်ထပ် ဂမ္ဘီရသတ္တဝါတစ်ကောင်အား ဆက်၍ တွေး ပြန်၏။ **"သစ်နက်ကောင်"** ဖြစ်၏။ သစ်နက်ဆိုသည်မှာ ကျားသစ်နက်ကို ဆိုလိုသည်ဟု ထင်ကြသည်က များ မဟုတ်ပါ။ အမှန်စင်စစ် ကျားသစ်နက်မှာ သိုးဆောင်းစကား ဖြင့် ဂျပ်ဂွါးဟုခေါ်သည့် သတ္တဝါမျိုးဖြစ်သော်လည်း သစ်နက် ကောင်မှာ ကျားသစ်နက်လို နက်မှောင်သော အမွေးအမှင် များ ရှိလျက်၊ ကျားသစ်နက်လို အစွယ်များ၊ ခြေသည်း,လက် သည်းများ မရှိချေ။

သစ်နက်ကောင်သည် အမှတ်တမဲ့ကြည့်လျှ ကျားသစ်လို့ ထင်ရသော်လည်း သူ၏ပါးစပ်သည် မြင်းသွား များကဲ့သို့သော သွားများသာရှိပြီး သွားတွေ တုံးတိဖြစ်ကြ ကျားသစ်နက်လို အစွယ်တွေ၊ သွားချွန်တွေ မရှိချေ။ သစ်နက် ကောင်၏ အခြေလေးချောင်းတွင် ခြေသည်း၊ လက်သည် များ မရှိဘဲ မြင်းခွာသဏ္ဌာန် ခွာလုံးများ ကြ၏။ လေးဘက် စလုံး မြင်းခွာပုံစံဖြစ်ကြ၏။

ခန္ဓာကိုယ်နက်မှောင်သော အမွေးအမှင်များကြားတွ စမဗျည်းအက္ခရာအချို့ကို အဖြူရောင်ဖြင့် မြင်ရလေ့ရှိ သစ်နက်ကောင်များသည် သားစားသတ္တဝါမဟုတ်။ သစ်သီ ဝလံများကို စားကြသည့် သတ္တဝါများသာ ဖြစ်၏။ သူတစ်ပါ ၏အသက်ကို ရန်မရှာတတ်သော သိမ်မွေ့သည့် သတ္တဝါဖြ ၏။ သစ်နက်မသည် သစ်နက်ကောင်လေးတစ်ကောင်ကိုသ



www.burmeseclassic.com

www.burmeseclassic.com

မွေးဖွားပြီး နောက်ထပ် အခြားသစ်နက်ကောင်လေးများ ထပ်မမွေးတော့ချေ။ တစ်သက်မှာ တစ်ကောင်သာ မွေးဖွားလေ့ရှိ၏။ မေထုံမှီဝဲရာမှာလည်း တစ်သက်မှာ တစ်ခါသာ မှီဝဲသောသတ္တဝါများဖြစ်၍ လွန်စွာထူးဆန်း၏။ လူအများတို့ထက် မေထုံသံဝါကိစ္စကို ချုပ်ထိန်းနိုင်ကြသည့် သတ္တဝါဖြစ်၏။

မေထုံသံဝါသကိစ္စ နည်းပါးလွန်းသော သတ္တဝါဖြစ်၍ သစ်နက်ကောင်တို့၏ သဘောသဘာဝကို နားလည်ကြသောသူများက သူတို့အား သူတော်ကောင်းသတ္တဝါဟု ကင်ပွန်းတပ်ကြ၏။ သိကြားမင်းကိုယ်တိုင်ကလည်း သစ်နက်ကောင်တို့ သဘာဝကို သိ၍ လွန်စွာနှစ်သက်၏။ ရှားပါးသတ္တဝါဖြစ်၍ ပပျောက်သွားခြင်းမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ပေး၏။ သိကြားမင်းကိုယ်တိုင် စောင့်ရှောက်ရသည့် သတ္တဝါထူးဖြစ်ပါ၏။

တဏှာရာဂ နည်းပါးသော သတ္တဝါဖြစ်၍ သစ်နက်ကောင်တို့၏ အရေကိုခင်းကာ တရားအားထုတ်လျှင် တဏှာရာဂနည်းပါးသူဖြစ်လာလျက် အဆုံးတွင် လောဘတဏှာများ ချုပ်ငြိမ်းသွားကာ တရားထူးပင် ရတတ်သည်ဟု အဆိုရှိ၏။ ယုံကြည်သူများရှိ၏။ သို့ဖြစ်၍ သစ်နက်ကောင်၏ အရေ (သားရေချပ်)ကို ရသေ့ရဟန်းများက အလွန်ရချင်ကြ၏။ သို့သော်လည်း ဘုန်းကံပါရမီပါလာမှ ထိုအရေကိုရ၏။ လိုချင်ကြသူတိုင်း မရတတ်ချေ။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အာတ်ဖိုဆရာတော်ကြီးတစ်ပါးသာ သစ်နက်ရေကို ရသည်ဟု ကြားဖူး၏။ တောရကျောင်းကလေးမှာ တရားထိုင်နေစဉ် လူယောင်ဖန်ဆင်းလာကြသော တောစောင့်နတ်များက လာရောက်လှူဒါန်းကြ သည့် အနေအထားမျိုးဖြစ်၍ ဖတ်ရှုမှတ်သားရဖူး၏။

## "ဆင်မာန်စွယ်၏ ထူးခြားမှု"

လူထဲကဘဝ၊ ဘဝထဲကလူတွေအကြောင်း ရေးနေသည့် ဆရာလင်းရောင်တင် တိရစ္ဆာန်တွေအကြောင်းချည်း ရေးလာပါလားဟု မထင်ကြစေလိုပါ။ အမှန်စင်စစ် ဤကမ္ဘာလောကကြီးထဲတွင် လူတွေနှင့်အတူ တိရစ္ဆာန်တွေ၏ ဘဝများကလည်း ဆက်နွှယ်ပတ်သက်နေသည်သာ ဖြစ်၏။ အိမ်မွေးတိရစ္ဆာန်၊ လူသားအများစုအတွက် ရိက္ခာဖြစ် တိရစ္ဆာန်၊ လူများကို ပံ့ပိုးကူညီပေးသည့် တိရစ္ဆာန်၊ လူတွေကို ဒုက္ခလုလုကြီးပေးသည့် တိရစ္ဆာန်…စသည်ဖြင့် တိရစ္ဆာန်မျိုးရင်းမျိုးစိပ်များ ပြောက်မြားစွာရှိနေသောကြောင့် လူတချို့သည် တိရစ္ဆာန်ကမ္ဘာကို လွန်စွာစိတ်ဝင်စားကြ၏။

ကျွန်ုပ်နှင့် ကျွန်ုပ်၏သူငယ်ချင်းကြီး ရှမ်းဆရာဦးနေဝင်းတို့ မကြာခဏ အေးအေးဆေးဆေး ထိုင်စကားပြောလေ့ရှိသည့် ရှစ်မိုင်၊ ဂျွန်ရှင်းအိတ်အပေါ်ထပ်ရှိ "မွန်းဘိတ်ကရီ" ဟုခေါ်သော ကိုရီးယားစားသောက်ဆိုင်မန်နေဂျာကြီးသည် တောတိရစ္ဆာန်တို့သဘာဝကို စိတ်ဝင်စားသူဖြစ်၍ အမြဲတမ်းလိုလို ဝေလငါးအကြောင်း၊ ဖျံတွေအကြောင်းကိုသာ ဖမ်းယူဖွင့်လေ့ရှိပေရာ စားသုံးသူများအနေနှင့် မကြိုက်လည်း ဒါပဲကြည့်၊ ကြိုက်လည်းဒါပဲကြည့် ဟူသည့် သဘောထားမျိုးပင်ဖြစ်၏။

ကျွန်ုပ်တို့ သူငယ်ချင်းများသည်လည်း စကားပြောနေရာမှ စိတ်ဝင်စားဖွယ်ရာကောင်းသည့် သတ္တဝါများအကြောင်း တင်ဆက်နေသော နံရံရှိ ဖလက်တီဗွီမှန်သားပြင်ကို မျက်စိရောက်သွားသည့်အခါ မျက်နှာမခွာဖြစ်ဘဲ အာရုံစိုက်မိကြ၏။ အတန်ကြာသည့်တိုင် ပြောလက်စ စကားများ ရပ်သွားကြ၏။ ကြီးနိုင်ငယ်ညှဉ်း တိရစ္ဆာန်များ၏ လောကကို ဒိဋ္ဌမမြင်ရသောအခါ သံဝေဂလည်း ယူဖြစ်ကြ၏။

"ကြည့်တတ်ရင် ဘာဝနာ၊ မကြည့်တတ်ရင် တဏှာ" ဟု ဆိုကြ၏။ ကျွန်ုပ်တို့သည် ဆင်များ၏ သဘာဝအကြောင်း ကြည့်နေကြရင်း ဆင်စွယ်တွေအကြောင်း စကားပြောဖြစ်ကြ၏။

"ဆင်စွယ်တွေကို ပုတီးမပွတ်ရဘူး ပြောတယ်။ အဖိုးတန်ရတနာပစ္စည်းအနေနဲ့ ပိုတန်ဖိုးထား ရောင်းဝယ်ကြတယ်"

ဆင်စွယ်က ထိုသို့ပြောမိရာ ရှမ်းဆရာကြီးဦးနေဝင်းက…

"ဟုတ်တယ်။ ကျွန်တော့်အိမ်မှာတော့ ဆင်မာန်စွယ်နဲ့လုပ်ထားတဲ့ ဆင်းတုတစ်ဆူရှိတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်ထံ၌ရှိနေသော ဆင်မာန်စွယ်အကြောင်း ပြောဖြစ်၏။

"ဆင်မာန်စွယ်က တန်ခိုးရှိတယ်လို့ ပြောတယ်"

ညီထပည့်ဖြစ်သော တင်မိုးဝင်းက ဝင်ပြောလိုက်၏။

"ဆင်မာန်စွယ်က တန်ခိုးရှိတာတော့ အမှန်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်တူတစ်ယောက် လာကန်တော့ထားတဲ့ ဆင်မာန်စွယ်လေးနဲ့ ရောဂါကုသကြည့်တာ အတော်ကလေးဟန်ကျတယ်"

ကျွန်ုပ်ကပြောလိုက်ရာ တင်မိုးဝင်း၏မျက်လုံးများ တောက်လက်သွားကြ၏။ စိတ်ဝင်စားသွားသည့် လက္ခဏာ ဖြစ်၏။

"အထူးသဖြင့်တော့ အပူနာတွေ ပျောက်တာပေါ့။ ခေါင်းကိုက်၊ ဇက်ထိုး၊ ခါးနာတွေအပြင် အကျိတ်အဖုတွေပါ ပျောက်နိုင်တယ်။ ကင်ဆာကျိတ်လို ဟာမျိုးတွေပေါ့"

"တယ်ဟုတ်ပါလား ဆရာ"

"ဟုတ်လွန်းအားကြီးလို့ ကိုယ်တောင်အံ့သြယူရတဲ့ အခါ ရှိဖူးတယ်။ အရှေ့ဒဂုံတက်က မိန်းကလေးတစ်ယောက် ဟာ အသက်အစိတ်လောက် ရှိတယ်။ ကလေးနှစ်ယောက် မွေးဖူးပြီး သူ့မှာ မီးယပ်ခေါင်းကိုက်ရောဂါရှိတယ်။ အမြဲလိုလို ခေါင်းကိုက်နေတတ်တယ်။ အဲဒါကိုပြောပြလို့ ကိုယ့်မှာလည်း ဆင်မာန်စွယ်အသင့်ပါလာတာနဲ့ ကုကြည့်မယ်ဆိုပြီး မိန်းကလေးရဲ့ နားထင်နှစ်ဖက်ကို ဆင်မာန်စွယ်အဖျားလေးနဲ့ ကြက်ခြေခတ်ပြီး ဂုဏ်တော်ကိုးပါးနဲ့ မန်းပြီးကုလိုက်တာ ချက်ချင်းကြီးပဲ ဟာ…တစ်ခါတည်းပျောက်သွားပြီ အဘရေ လို့ ပြောတော့ ကိုယ်အံ့သြသွားတာပေါ့"

"အံ့သြစရာပဲ ဆရာ။ ချက်ချင်းကြီးနော်"

"ဟုတ်တယ်။ တစ်မိနစ်တောင်မကြာဘဲ ရောဂါကို ယူပစ်သလို ပျောက်သွားတယ်ဆိုတော့ ကိုယ်တိုင်လည်း အံ့သြသွားတာ။ သမီးရယ်…ညည်းဥစ္စာ ဟုတ်ကောဟုတ်ရဲ့လား၊ အဘစိတ်ချမ်းသာအောင်များ ပြောတာလားလို့ ပြန်မေးဖြစ်သေးတယ်။ သူ့ကို ကုစတုန်းက အတွေ့အကြုံ နည်းသေးတာကိုး"

"နောက်ပိုင်းမှာ သူနဲ့ပြန်တွေ့သေးလား"

"တွေ့တာပေါ့။ နောက်သုံးလကြာတဲ့အခါ ပြန်တွေ့တော့ အဲဒီ မီးယပ်ခေါင်းကိုက်ရောဂါ လုံးဝမဖြစ်တော့ဘူး"

"ဟန်ကျလိုက်တာ ဆရာရယ်"

"ထက် ဟန်ကျတာရှိသေးတယ်။ နောက်ကလေးမ တစ်ယောက်ကတော့ လည်ပင်းမှာ အကျိတ်သုံးလုံးဖြစ်နေတယ်။ အတော်ကြာပြီလို့ ပြောတယ်။ သူ့လည်ပင်းအကျိတ်ကို ဆင်မာန်စွယ်နဲ့ကုတာ သုံးလုံးရှိတာမှာ ခပ်သေးသေး အလုံးက ချက်ချင်းသေးပြီး ပျောက်သွားတယ်။ နောက်နှစ်လုံး ကတော့ နှစ်ခါလောက်ထပ်ကုပြီး ပျောက်သွားတယ် တင်မိုးဝင်းရ…"

"ဆင်မာန်စွယ်က အတော်စွမ်းတာပဲ"

"ဟုတ်တယ်။ အဲသလိုပဲ အကျိတ်အဖုတွေ ပျောက် စေတဲ့ ဓာတ်လုံးလည်း ရထားတာရှိတယ်။ ကင်ဆာကျိတ် ဆိုတဲ့ဟာတွေတောင် ပျောက်ကင်းအောင် ကုပေးနိုင်ခဲ့ တယ်"

"ဆရာ ကြော်ငြာပြီး ကုသပေးဖို့ကောင်းတယ် ဆရာ"

"ကြော်ငြာတာထက် ပဋ္ဌာန်းဆက်တွေ၊ ဆွေတော် မျိုးတော်တွေကို ကုသခွင့်ရနေတာပဲလေ"

"မဟုတ်သေးဘူးဆရာ။ ဆရာ့ဆီမှာ ဂန္ဓာရီအဖိုး ပစ္စည်းတွေရှိနေတာ၊ လူတွေကို ရောဂါပျောက်အောင် ကုနိုင်တာ လူသိအောင်လုပ်ဦးမှပေါ့။ သိမှလည်း ဆရာ့ လာပြီး ကုသံနိုင်မှာပေါ့။ မဟုတ်ဘူးလားဆရာရဲ့"

"လေဖြတ်တာ၊ လေဖျန်းတာကို ကုနိုင်တဲ့ဆေးတော် တို့၊ ဆေးတောင့်တို့လည်း ကိုယ့်ဆီမှာ ရှိနေပါတယ်။ တ လည်း သိနားလည်ပြီး ကုသလို့ ပျောက်ကင်းကြသူတွေလည်း ရှိနေပါပြီ"

ကျွန်ုပ်၏ ဆင်မာန်စွယ်၊ ဆေးတော်၊ ဓာတ်လုံးတို့ဖြင့် ကုသပေးခဲ့ဖူးသော လူနာများမှာ ဆရာဝန်ထံမသွားနိုင်ကြ သည့် နွမ်းပါးဆင်းရဲသူများ ဖြစ်သောကြောင့် လူသိမြ လူသိမများကြခြင်းလည်း ဖြစ်ပါ၏။ ငွေကြေးတတ်နိုင်သူမျ ကား ထစ်ခနဲရှိ အထူးကုန်ဆေးခန်းများသို့ ဖနောင့်နှင့်တင်ပ တစ်သားတည်းကျအောင် ပြေးဖို့ရာ စဉ်းစားနေသူများ မျ လေ၏။

ပိုက်ဆံများများကုန်မှ ရောဂါမြန်မြန်ပျောက်မည်ဟု ထင်မြင်ယူဆသော အယူအဆဆိုးများသည် ယနေ့ခေတ် လူငယ်တော်တော်များများမှာ စွဲကပ်နေကြပြီဖြစ်၏။ ကျွန်ုပ် သည်ကား နှစ်ပေါင်းသုံးဆယ်ခန့်မှ ဆေးခန်း၊ ဆေးရုံ မသွား ရသူ ဖြစ်ပါ၏။

## "ဂန္ဓာရီ ပူးကပ်လေရောသလား"

ကျွန်ုပ်သည် ဆေးဆရာလုံးလုံးမဟုတ်သေးသော်လည်း အသက်လေးဆယ်ခန့် အိပ်မွေ့ချကုထုံး မေတ္တာကု



www.burmeseclassic.com

www.burmeseclassic.com

ရေစင်တော်၊ ဆေးတော်၊ ဓာတ်လုံးများဖြင့် အလျဉ်းသင့်သလို ကုသပေးခဲ့သည်မှာ လူ့ပါင်းမနည်းတော့ချေ။ ပြီးခဲ့သည့် (၁၃၇၄-၇၅) သက္ကရာဇ်အကူးအပြောင်း ကာလကလေးတွင်လည်း ထူးခြားသော ဝေဒနာရှင်ကလေးတစ်ယောက်ကို ကုသပေးခဲ့ရပြန်၏။

ဝေဒနာရှင်မိန်းကလေးမှာ အသက်သုံးဆယ်ကျော် ပညာတတ်မိန်းကလေးတစ်ယောက် ဖြစ်၏။ ကုမ္ပဏီတစ်ခုတွင် ဒေါ်လာဖြင့်အလုပ်လုပ်နေသူ ဖြစ်၏။ သူ့ဖခင်သည် အရာရှိကြီးတစ်ဦးဖြစ်ပြီး ကျွန်ုပ်နှင့် ညီရင်းအစ်ကိုတမျှ ခင်မင်သူဖြစ်၏။ ကျွန်ုပ်သည် ၁၃၇၄ ခုနှစ် ကုန်ခါနီးရက်များတွင် မုံရွာမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ ကိုယ်တော်မြတ်ကြီးကို သွားရောက်ဖူးမြော်ခဲ့ပြီး အိမ်သို့ပြန်ရောက်ခါစ ရက်အနည်းငယ်အတွင်းမှာပင် မိတ်ဆွေအရာရှိကြီးထံမှ ဖုန်းဆက်လာလေ၏။

"ကိုလင်းရေ• • •ကိုလင်းတူမ ဘာဖြစ်တယ်မပြောတတ်ပါဘူး။ စကားလုံးဝမပြောတော့ဘဲ ကချည်းပဲနေတယ်။ ဘာမေးမေး ဘာပြောပြော ဘာမှပြန်မပြောဘူး။ အဲဒါ တစ်ခုခုစိုးရိမ်စရာ ဖြစ်နေပြီထင်တယ်။ အမြန်လာကြည့်ပါဦး။ ကျွန်တော် လာမခေါ်နိုင်လို့ တက္ကစီသာ ငှားပြီးလာခဲ့ပါတော့"

သူ့အသံများသည် စိုးရိမ်စိတ်ဖြင့် တုန်လှုပ်နေ၏။ သမီးလေးတစ်ယောက်တည်းမွေးထားသောကြောင့် မဟုတ်တရုတ်ဖြစ်မည်ကို သူ့အလွန်စိုးရိမ်နေပုံရ၏။ ကျွန်ုပ်သည် ချက်ချင်းပင် လာခဲ့မည်ဖြစ်ကြောင်း ပြန်ပြောကာ မကြာမတင်မီမှာပင် လိုအပ်သည့်ပစ္စည်းများ လွယ်အိတ်ထဲသို့ထည့်လျက် အငှားကားတစ်စီးဖြင့် သူတို့အိမ်သို့ ရောက်သွားခဲ့၏။ (သင်္ကြန် အကျနေ့ဖြစ်၏။)

မိတ်ဆွေအရာရှိကြီး ပြောသည့်အတိုင်းပင် မိန်းကလေးသည် ဘာမေးမေး ဘာမျှမပြောဘဲ ပြုံးသလို၊ ရယ်သလို မျက်နှာလေးဖြင့် ထိုင်လျက်ပင် လက်နှစ်ဖက်ကယိမ်းနွဲ့ကာ ဖြည်းဖြည်းချင်း ကနေလေ၏။ ကျွန်ုပ်လေ့လာဖူးသော စာပေများထဲ၌ "ဂန္ဓဗ္ဗ"ဟု အမည်ရသော နတ်တစ်မျိုးရှိ၏။ ထိုဂန္ဓဗ္ဗနတ်သမီး၊ နတ်သားများသည် အချိန်နှင့်အမျှ သီချင်းဆို၍ ကခုန်နေလေ့ရှိကြသည်ဟု မှတ်သားဖူးခဲ့၏။ (ထိုနတ်များကို အခြေခံကာ "ဂန္ဓဗ္ဗနှင်းဆီ"ဟူသော အမည်ဖြင့် ထူးဆန်းသော ဂမ္ဘီရလုံးချင်းတစ်ပုဒ်ပင် ရေးသားခဲ့ဖူးပါ၏။)

ကျွန်ုပ်သည် လက်နှစ်ဖက် ငွေ့ယမ်းယိမ်းနွဲ့နေကာ ကလျက်နေသော မိန်းကလေးအား ကြည့်၍ ပုထုဇဉ်တို့ ထုံးစံအတိုင်း စိုးရိမ်သွားမိ၏။ ငယ်စဉ်ကတည်းက သူတို့မိသားစုနှင့် ခင်မင်ကာ မိမိ၏ တူမလေးသဖွယ်ရှိခဲ့သောကြောင့် မဟုတ်တာတွေ မဖြစ်ပါစေနှင့်ဟူ၍ ကျိတ်ကာဆုတောင်းမိ၏။ သူ့ဖခင် ကျွန်ုပ်မိတ်ဆွေကြီးသည် ပြသင့်သော ဆရာဝန်နှင့် ပြသပြီးသော်လည်း အမှောင့်ပယောဂဖြစ်လျှင် ခက်ချေမည်ဟု တွေးကာ ကျွန်ုပ်အား သူ့အိမ်သို့ ပင့်ခဲ့ခြင်း ဖြစ်၏။

"အင်း• • •သဘာဝလား၊ အမှောင့်ပယောဂလား သိရအောင်တော့ စမ်းသပ်ကြည့်မှဖြစ်မယ်။ ရေတစ်ဖန်ခွက်ယူပေးပါ"

ဟု ပြောလျက် သောက်ရေသန့်တစ်ဖန်ခွက် တောင်းယူလိုက်၏။ ထို့နောက် ထိုရေစင်ဖန်ခွက်ကို ဘုရားရှေ့တွင်ယူဆောင်ပြီး အထက်ဆရာကြီးများ၊ ဝိဇ္ဇာများကို ပင့်ဖိတ်တိုင်တည်ကာ ရေကို နှိုက်မွှေလျက် ထိုရေကိုပင် မိန်းကလေးအား နမ်းရှုခိုင်းရ၏။ (လက်ညှိုးဖြင့် ရှုခိုင်းခြင်းဖြစ်၏။)

ပုပ်စော်နံလျှင် သရဲစွဲ၊ ညှီစော်နံလျှင် စုန်းစွဲ၊ စိမ်းရွှေရွှေနံလျှင် အစိမ်းစွဲ၊ နံ့သာအမွှေးအကြိုင်နံ့ မွှေးလျှင် မိရိုးဖလာ၊ ရေမွှေးနံ့ မွှေးကြိုင်လျှင် နတ်တိုက်၊ မိုင်းကိုင်စက္ကူမီးရှို့သည့်အနံ့နံလျှင် ဆရာတိုက်• • •စသည်ဖြင့် ပယောဂအမျိုးမျိုးကို ခွဲခြားသည့်စနစ် ဖြစ်ပါ၏။

ကျွန်ုပ်က ရေစင်တော်ကို ရှုခိုင်းလျက် ဘာနံ့နံသလဲဟု မေးလေရာ "ဘာနံ့မှမနံ"ဟု ဖြေသောကြောင့် ဝမ်းသာသွား၏။ အမှောင့်ပယောဂမဟုတ်ဘဲ ရိုးရိုးအခန့်မသင့်၍ ဖြစ်သောရောဂါဟု ဆုံးဖြတ်၍ရရှိသွားသောကြောင့် ဖြစ်ပါ၏။

ထို့နောက် မိန်းကလေးမိခင်ဖြစ်သူအား ရောဂါစတင်ဖြစ်ပွားသည့် အခြေအနေကို မေးမြန်းရ၏။

လွန်ခဲ့သည့် နှစ်ရက်ခန့်က အလုပ်သွားရင်း ဓာတ်လှေကားအတွင်း တစ်ယောက်တည်း စီးနင်းစဉ် ရုတ်တရက် ဓာတ်လှေကားစက် ခေတ္တပျက်သွားရာ ထိတ်လန့်သွားခဲ့သည်ဆို၏။ ထို့အပြင် ညဘက်ခေါင်းလျှော်မိခြင်း၊ မိန်းကလေးတို့သဘာဝ ဓမ္မတာလာရမည့်အချိန်တွင် မလာဘဲ "ထိန်"နေခြင်းများကို သိခွင့်ရ၏။ အဓိကအချက်ကို သိခွင့်ရလိုက်သဖြင့် ကျွန်ုပ်ဘာလုပ်ရမည်ကို သဘောပေါက်လိုက်၏။ ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိပင်ဆေးတောင့်ဖြင့် ကုသပေးလိုက်၏။ (ထိုညဉ့်ပင် အဆင်ပြေစွာ ဓမ္မတာလာ၏။) နောက်ရက်များတွင် တစ်ရက်ခြားတစ်ခါ (၅)ကြိမ်တိတိ လာရောက်ကာ အိပ်မွေ့ချ မေတ္တာပို့သကုထုံးဖြင့် ကုပေးမည့်အကြောင်း ပြောကာ တစ်ရက်ခြားစီ သွားရောက်ကုသပေးခဲ့ရလေ၏။ ကျွန်ုပ်၏ ကုထုံးတွင် လူကိုယ်တိုင် သွားရောက်ကုသပေးရုံမက ကုသနေသည့်ရက်များအတွင်း လူနာကို အာရုံပြု၍···

"အမြန်ဆုံး ပျောက်ကင်းချမ်းသာပါစေ"

ဟု မေတ္တာပို့ရ၏။ သတိရလျှင် ရသလောက် အကြိမ်ပေါင်းများစွာ မေတ္တာပို့ရ၏။ အထူးသဖြင့် ညဘက် ကျွန်ုပ်တစ်ရေးနိုးသောကာလတွင် ပို၍ ထိထိရောက်ရောက် မေတ္တာပို့ရ၏။ "ကွန်ရှက်စ်"ဟုခေါ်သော အပြင်မဟီဒ္ဓစိတ်ထက် အတွင်းဘက် "အန်ကွန်ရှက်စ်"ဟုခေါ်သော အတွင်းအဋ္ဌတ္တစိတ်သည် ပို၍တန်ခိုးရှိ၏။ လူတစ်ယောက် အိပ်နေစဉ်တွင် အပြင်စိတ်က အိပ်မောကျနေသော်လည်း အတွင်းစိတ်ကမူ နိုးကြားလျက်ရှိ၏။ ထိုအတွင်းစိတ်သည် ကြည်လင်သန့်စင်ကာ ပို့သသည့် မေတ္တာကို လက်ခံရယူလေ့ရှိ၏။ အကြံဉာဏ်ပေးမှုများကို လိုက်နာလေ့ရှိ၏။

"သမီးလေး···ကျန်းမာလာပြီ။ ကတာတွေကို ရပ်လိုက်တော့၊ ကတာရပ်လိုက်တော့"

ဟူ၍ မေတ္တာပို့ အမိန့်ပေးရ၏။ သုံးကြိမ်လောက် ကုသပေးပြီးသည်နှင့် အတော်လေးထူးခြားလာ၏။ လက်များ ဝှေ့ယမ်းယိမ်းနွဲ့ကာ ကနေသည့် အလုပ်တွေလျော့ပါးလာ၏။ စကားစမြည်ပြောဖော်ရလာ၏။ ကျွန်ုပ်မေးမြန်းသမျှ ပြန်ဖြေဖော်ရ၏။ ငါးကြိမ်မြောက်ကုသပြီးသည့်အခါတွင်မူ လူကောင်းပကတိကဲ့သို့ ဖြစ်လာလေတော့၏။ ကျွန်ုပ် ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်မရှိ။

မိန်းကလေး၏ မိခင်၊ ဖခင်များလည်း ထိုအခါကျမှပင် ရယ်ဖော်ပြုံးဖော်ရ၏။ ကျွန်ုပ်အားလည်း နိုင်သလောက်ကန်တော့ကြ၏။ သမီးရောဂါဖြစ်သည်ကို အကြောင်းပြုလျက် မိတ်ဆွေလင်မယားလည်း လေဖြန်းချင်သလို ဖြစ်နေသည့် ခြေလက်များကို သိဒ္ဓိဝင် ဆေးတောင့်ဖြင့် တို့ထိအကုခံ[...] လေရာ ထုံနာကျင်နာများ ပျောက်ကင်းချမ်းသာသွားကြ[...] တော့၏။ ကျွန်ုပ်လည်း ဝမ်းသာအားရ ဖြစ်မိ၏။

ကျွန်ုပ်ဘဝတွင် စာတွေရေးသားရာ၌ ဝတ္ထုတစ်ပု[...] ဆောင်းပါးတစ်ပုဒ်ပြီးတိုင်း (လုံးချင်းများအပါအဝင်) လွန်[...] ကျေနပ်ပီတိဖြစ်ရ၏။ ထိုပီတိကျေနပ်မှုသည် မည်သည့် အရသာနှင့်မျှ ခိုင်းနှိုင်းပြောဆို၍ ရမည်မထင်။ ထို့အတူပင် ရောဂါဝေဒနာရှင်တစ်ယောက်ကို ကုသပျောက်ကင်းသွားတိုင်း ထိုကျေနပ်မှုပီတိသည် မည်သည့်အရ[...]နှ[...] နှိုင်းယှဉ်ရမှ[...] မသိအောင်ပင် ရှိရ၏။

လူ့ဘဝအရသာဟူသည်မှာ အောင်မြင်စွာ စွမ်းဆော[...] နိုင်သောအလုပ်များ၏ အရသာကိုပင် ဖော်ညွှန်းလေ[...] သလား။

(ရွှေလစောင့်မျှော်ဖတ်ရှု[...]
ဇေယျတုသဗ္ဗမင်္ဂလ[...]

**လင်းရောင်တင်**


**ဆရာကြီးလင်းရောင်တင်**

**နေလက္ခဏာသယ လိုတရပဟာ ခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်**
**အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နေ့စံ၍ ညခံရသူများ

**ကျော်မင်းနိုင်**

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဟောကြားချက်အရ လူ့ဘုံဟူ၍ ထူးထူးခြားခြား ရှိ၏။ လူ့ဘုံ၏ အထက်၌ နတ်ပြည် ခြောက်ထပ်နှင့် ပြဟ္မာဘုံ နှစ်ဆယ် ရှိသည်။ လူ့ဘုံ၏ အောက်၌ ငရဲကြီးရှစ်ထပ်ရှိသည်။

ထိုငရဲဘုံနှင့်အတူ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့သည်ကား အပါယ်လေးဘုံ ဖြစ်ချေ၏။

အစဉ်မပြတ် အထပ်ထပ်အခါခါ ကျင်လည်နေကြရသည်ကို သံသရာဟု ခေါ်သည်။ သံသရာလည်နေသည်ဟု ဆိုခြင်းမှာ နတ်ပြဟ္မာ နှစ်ဆယ့်ခြောက်ဘုံ၊ လူ့ဘုံနှင့် အပါယ်လေးဘုံတို့ပေါင်းစုအပ်သော သုံးဆယ့်တစ်ဘုံကို ရည်ညွှန်းခြင်းပင် ဖြစ်လေသည်။ အသူရကာယ်ဘုံဆိုသည်ကား နေ့စံ၊ ညခံ၊ ခုနစ်ရက်စံ၊ ခုနစ်ရက်ခံ စသည်ဖြင့် မိမိတို့ပြုလုပ်ခဲ့ကြသော ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးကို တစ်ဘဝတည်း၌ ရောလျက် ခံစားကြရသော ပြိတ္တာတစ်မျိုးပင် ဖြစ်သည်။

လောကလူ့ဘုံတွင်ပင် ရှေးဘဝကံကြောင့် ကနေ့ ချမ်းသာကြီး၊ နောက်နေ့ ဆင်းရဲဒုက္ခရောက်သူတွေ ရှိ၏။ ထိုသူများသည် လူ့ဘဝ၌ပင် အသူရကာယ်ကဲ့သို့ အကျိုးပေးဒဏ်ခတ်ခံရခြင်းမျိုး ဖြစ်၏။

အသူရကာယ်သည် ပြိတ္တာတစ်မျိုး ဖြစ်သည်ဟု ဘုရားဟော၌ ဆိုထား၏။ ပြိတ္တာများတွင် လူ့ရပ်ဒေသအနီး၌ ဖြစ်ကြရသော ပြိတ္တာများ၊ လူ့အရပ်ဒေသနှင့် ဝေးကွာလွန်းသော တောတောင်ပင်လယ်ရပ်ခြား၌ ဖြစ်ကြရသော ပြိတ္တာများ စသည်ဖြင့် ပြိတ္တာအမျိုးအစားများစွာ ရှိတတ်သည်။

အချို့သော ပြိတ္တာများက အသူရကာယ်အမျိုးအစားဝင်ဖြစ်၍ နေ့၌ စံစားပြီး ည၌ ခံစားရသော အဆင့်တွင်ရှိနေရာ သူတို့ခံစားခွင့်ရရှိသော အချိန်မျိုးတွင် ယင်းတို့ အသူရကာယ်ပြိတ္တာဘုံဘဝမှ လွတ်မြောက် ကျွတ်တမ်းဝင်ရေးအတွက် သူတို့၏ ကိုယ်သဏ္ဍာန်ကို သူတို့နှင့် ပတ်သက်သူများ သတိရ အမျှအတမ်းဝေကြပါစေတော့ဟူ၍ ကိုယ်ထင်ပြသသော အလေ့များ ရှိခဲ့ဖူးသည်။

ဘုရားရှင်လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးအား ဂိဇ္ဈကုတ်တောင်မှ သူ၏ အဆွေအမျိုး ပြိတ္တာများက ညအခါတွင် ကိုယ်ထင်ရှားပြ၍ အမျှအတမ်းဝေမှုကို အလိုရှိပုံ ရှင်တော်ဘုရားကိုယ်တိုင် ဟောကြားတော်မူခဲ့သည်မှာ အထင်အရှားပင် ရှိဖူးလေသည်။

ပြိတ္တာတို့မှာ မိမိတို့ ပြုမိမှားသည့် အပြစ်ကြောင့် ပြိတ္တာဘဝသို့ ကျရောက်ခံစားနေရစဉ်မှာပင် အသွင်ထူးအမျိုးမျိုးနှင့် ရှိနေတတ်ကြသည်။

တောင်ကြီးတမျှ ခန္ဓာကိုယ်က ကြီးမားနေပါလျက် ပါးစပ်ပေါက်က အပ်ပေါက်မျှသာရှိသော ပြိတ္တာ၊ အမြဲငတ်မွတ်ဆာလောင်နေသော ပြိတ္တာ၊ ခံတွင်းသို့ ရေလောင်းထည့်ပါသော်လည်း ရေများ မရောက်ဘဲ ခန်းခြောက်သွား၍ အမြဲတမ်း ရေငတ်နေရသည့် ပြိတ္တာ၊ အညစ်အကြေးများ အမြဲတစေ စားသောက်နေရသော ပြိတ္တာ၊ ဦးခေါင်းက ပုက်လောက်ကြီးပြီး ခန္ဓာကိုယ်ကြုံလှီလျက် တလိမ့်တလိမ့် ခေါင်းနှင့် သွားနေရသော ပြိတ္တာ၊ သွေးသံတရဲရဲ ပုပ်ပွ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ပြိတ္တာ စသည်ဖြင့် ငရဲခံစားရသော မှုလရုပ်သွင်ပျောက်ပြီး ခံစားရသော ပြိတ္တာများ ရှိတတ်သလို၊ ကောင်းမှုကုသိုလ်အလျောက် ခံစားရသော မူလပကတိလူအဖြစ် ရုပ်သွင်ရှိနေတတ်သော ပြိတ္တာများ၊ ထို့ထက်ထူးခြား၍ အသွေးအရောင် တပြောင်ပြောင်နှင့် နတ်တမျှ အဆင့်မြင့်မြင့် ရှိနေတတ်သော ပြိတ္တာ အသူရကာယ်များလည်း ရှိနေတတ်သည်။

အတွေ့အကြုံရှိပြီး သမ္မာရင့်ကျက်သော ဆရာတော်သမားတော်များက မိမိတို့၏ ဘဝပေးကံကြမ္မာ၊ ကျိုးကြောင်းဆက်နွယ်မှု ပဋ္ဌာန်းဆက်များကြောင့် ထိုသို့သော ပြိတ္တာများနှင့် လူတို့ တွေ့ကြုံရတတ်သည်ဟု ဆိုခဲ့ဖူးလေသည်။

သာမန်အားဖြင့်ဆိုလျှင် ထိုသို့ တွေ့ကြုံရခြင်းကို ကံနိမ့်၍ အခြောက်ခံရ



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု လူတွေက အလွယ်တကူပင် ပြောဆိုနေကြခြင်း ဖြစ်၏။ သရဲခြောက်သည်၊ တစ္ဆေခြောက်သည် အထင်ရောက်ပြီး ကြောက်လန့်၍ထိတ်ကာ လိပ်ပြာလွင့်မတတ် ဖြစ်ကြရသည်။

အမှန်စင်စစ်မှာမူ ...။

× × × × ×

မောင်အောင်မြတ် ဆေးရုံရောက်နေသည်မှာ ကြာပြီ။

နာတာရှည် လူမမာအဖြစ်နှင့် ရောက်နေရခြင်း ဖြစ်၏။ သူရောက်နေသော ဆေးရုံမှာ ခရိုင်မြို့တစ်မြို့၏ ဆေးရုံဖြစ်၏။ တိုင်းမြို့တော်ကြီးနှင့်မဝေးသော တိုင်းမြို့တော်ကြီး အနီးမှာရှိသည့် ခရိုင်ဆေးရုံဖြစ်၏။

မောင်အောင်မြတ် ဖြစ်နေသည့် ရောဂါမှာ ငှက်ဖျားရောဂါ ဖြစ်သည်။ မလေးရီးယားခေါ် ငှက်ဖျားပိုးတို့သည် သူ၏ ခန္ဓာကိုယ်အနှံ့ ဝင်ရောက်ပျံ့နှံ့ကာ သူ့ကို နှိပ်စက်လျက်ရှိ၏။ အဖျားက တက်လိုက်၊ ကျလိုက် ဖြစ်နေသည်။ ညဦးနက်ပိုင်းတွင် သွေးဖောက်စစ်သည့်အခါ ငှက်ဖျားပိုးကို တွေ့ရှိကြရခြင်းပင်။

အမှန်တော့ သူသည် သူ့ကိုယ်သူ ငှက်ဖျားဖြစ်နေသည်ဟုပင် မထင်။ သာမန်အဖျားမျိုးသာ ထင်ခဲ့၏။ သူသည် ငှက်ဖျားရောဂါ ထူပြောလှပါသည်ဆိုသော တောတောင်ရပ်ဝန်း၊ ပင်လယ်သောင်ကျွန်းသို့ ခရီးဝေးသွားခဲ့ဖူးသူ မဟုတ်။

သူ့မြို့မှာပင် သူနေသည်။ တိုင်းမြို့ကြီးပေါ်သို့ မကြာခဏသွားလေ့ရှိသည်။ ဒါကလည်း ရုပ်ရှင်ကြည့်ခြင်း၊ အပျော်လျှောက်လည်ခြင်းသဘောလောက်ပင် ဖြစ်လေသည်။ သူ၏ အသက်အရွယ်မှာလည်း နှစ်ဆယ့်ငါးနှစ်အရွယ် ငယ်ငယ်ကလေးဖြစ်၏။

သူ့မြို့မှာပင် သူကျောင်းနေစဉ်အရွယ်မှာ ကျောင်းနေပြီး၊ ကျောင်းကထွက်၍ အလုပ်ဝင်တော့ သူ့မြို့က စက်ရုံမှာ အလုပ်ဝင်လုပ်သည်။ ဆယ်တန်းမျှပင်မအောင်သော သူ့အဖို့ သူတို့မြို့ရှိ ရေနံချက်စက်ရုံ လုံခြုံရေးဝန်ထမ်းအဖြစ် ဝင်လုပ်ရလေသည်။ အလုပ်ဝင်တာတောင်မှ နှစ်နှစ်ကျော် သုံးနှစ်ခန့်ပဲ ရှိသေးသည်။

မြန်မာပြည်ရှိ အကြီးဆုံး ရေနံချက်စက်ရုံကြီးဖြစ်၍ စက်ရုံဧရိယာကလည်း အင်မတန် ကျယ်ဝန်းသည်။ လုံခြုံရေးတာဝန်ကျလမ်းကြောင်းကလည်း ရှည်လျားလှသည်။ လုံခြုံရေးဂိတ်ပေါင်းများစွာ ခွဲထားခဲ့သေးသည်။ ထိုလုံခြုံရေးဂိတ်များမှာ သုံးယောက်တစ်တွဲ၊ နှစ်ယောက်တစ်တွဲ တာဝန်ကျသည့်အခါ ကျသည်။

အင်္ဂလိပ်ခေတ်ကတည်းက ဆောက်ခဲ့သော ရှေးဟောင်းစက်ရုံကြီးမို့ အဆောက်အဦများမှာ ဟောင်းနွမ်းအိုမင်းလှပြီဖြစ်သော်လည်း ထုထည်ကောင်းကောင်း အင်္ဂတေသားမှန်မှန်၊ အတွင်းခံ သံကူကွန်ကရစ်တောင့်တောင့်မို့ ယခုတိုင် ခိုင်ခံ့နေသော အဆောက်အဦကြီးတွေဖြင့် တည်ဖွဲ့ထားသော စက်ရုံကြီးဖြစ်၏။

အချို့အဆောက်အဦနှင့် စက်ပစ္စည်းများ သစ်လွင်နေသော်လည်း အများအားဖြင့် စက်ဟောင်း၊ အဆောက်အဦဟောင်းများသာ ကြီးစိုးထားလေသည်။

မောင်အောင်မြတ်တို့ စောင့်ကြပ်ရသည့် ဂိတ်ဟောင်းများရှိ အဆောက်အအုံများသည်လည်း ရှေးခေတ်ပုံစံ အဆောက်အအုံဟောင်းများ ဖြစ်၏။ အိုမင်းဟောင်းနွမ်းပြီး ရေညှိများပင် တက်နေ၏။ တံခါးပေါက်ရှိ တံခါးခနော်ခနဲ့၊ ပြတင်းပေါက်များ တံခါးရွက်အချို့ ပြုတ်ထွက်နေ၍ သံပြားများနှင့် ဖြစ်သလို ကာထားရသည်။

ဒါက အစွန်အဖျားနေရာ ဂိတ်ပေါက်များမို့ ဖြစ်ချင်သလို ဖြစ်နေသော်လည်း ဂိတ်မကြီးနှင့် လူအဝင်အထွက်များသော ဂိတ်တွေမှာမူ အမြဲတမ်း သ[...] လွင်လျက် ဆေးသားအရောင်တောက်[...] လျက် ရှိနေတတ်သည်။

စက်ရုံပတ်လည်ဂိတ်များ၌ တာဝ[...] ကျရာမှာလည်း အလှည့်နှင့်၊ အဆိုင်းနှ[...] ဖြစ်၍ ရက်အကြာကြီး နေကြရသည[...] မဟုတ်မူ၍ ကိုယ့်ဂိတ်ရှိ အဆောက်အအုံ[...] ကို ဂရုစိုက်ပြီး ပြင်မနေကြ။ ပြင်ပေ[...] အောင်လည်း လူကြီးတွေဆီ စာမတင်[...] ကြ။

လုံခြုံရေးတာဝန်ကျရာ ဂိတ်မှာ[...] စက်ရုံကားဖြင့် လိုက်ချပေးလျှင် ဘမင်း[...] ဘူးလွယ်လျက် ဝင်၍ နေရာယူမည်။ အလှည့်နှင့် အိပ်ကာ တာဝန်ထမ်းဆောင်ရမည်မို့ ညဂျူတီဆိုလျှင် အိပ်ရာလိပ်ပင် ပါလိုက်ကြသေးသည်။

မောင်အောင်မြတ်တို့၏ တာဝန်မှာလည်း ထိုဟောင်းနွမ်းအိုမင်းနေသော လုံခြုံရေးဂိတ်အဆောက်အဦကို ပြုပြင်ရန် မဟုတ်ဘဲ စက်ရုံမှ ပြည်သူပိုင်ပစ္စည်းများ စက်ရုံထွက်ပစ္စည်းများကို မသမာသူများ ခိုးယူထွက်လာလျှင် သက်ဆိုင်ရာသို့ အကြောင်းကြား ဖမ်းဆီးပေးရန် ဖြစ်သည်။ ကိုယ်တာဝန်ကျရာ အပိုင်းမှ စက်ရုံခြံစည်းရိုးကို ဖောက်ဖျက်ကျော်လွှား၍ ဝင်ခိုးမည့် သူခိုးသူဝှက်ရန် ကာကွယ်ရန် ဖြစ်သည်။ စက်ရုံအတွင်းမှ ဖောက်ထွက်လာမည့် မသမာသူ ဝန်ထမ်းတို့ကိုလည်း စောင့်ကြည့်ရသေးသည်။

အဝင်အထွက် ားများကို ဂရုစိုက်၍ ကြည့်နေရသည်။ နေ့ခင်းနေ့လယ် တာဝန်ကျလျှင် တော်သေးသည်။ မိမိတို့ စက်ရုံနှင့် ဝေးရာဂိတ်များမှာ သစ်ကြီးဝါး[...] ကြီးများ ရှိနေတတ်၍ နေဒဏ်ကို ခံနိုင်ပြီး အေးအေးလူလူ ရှိ၏။

အေးအေးလူလူရှိဆို ခပ်လှမ်းလှမ်းမှာ ကိုင်းတောနှင့် မြယာပင်တော၊ လမု[...] တော၊ သင်ပေါင်းတောများ ရှိနေပြီး ထို[...]



www.burmeseclassic.com

www.burmeseclassic.com

ဘောများကိုဖြတ်သန်း၍ တိုက်ခတ်လာသော လေကလည်း အေးသည်။ ပြီးတော့ ကြီးမားသော အုတ်သားထုထည်နှင့် တည်နေသော မိမိတို့ ကဝဲးဂိတ် အဆောက်အအုံဟောင်းအား တွယ်ကပ်နွယ်ယှက်တက်နေသော နွယ်ပင်များကြောင့် အုတ်သားအပေါ် နေရောင်ခြည် တိုက်ရိုက်မကျစေဘဲ အေးစက်၍ပင်နေတတ်သည်။ အရာရှိရုံးမှ အဲယားကွန်း ဆက်ပင် မောင်အောင်မြတ်တို့ ဟန်ကျနေတတ်သည်။

သို့သော် ညပိုင်းတာဝန်ကျလျှင်တော့ အေးစက်နေသော လေဒဏ်ကို ခါးစည်း၍ပင် ခံပေတော့။ ထိုအထဲမှာ သစ်ပင်ချုံနွယ်များကို ခို၍ ပေါက်ဖွားရှင်သန်တတ်သော ခြင်များပင် ဖြစ်လေသည်။ ထိုခြင်များသည် ရေနံကန်ကြီးတွေ၊ ရေမြောင်းကြီးတွေ၊ စက်ရုံဘေးအိုင်ကြီးတွေမှာ အမြဲတစေ ပေါက်ဖွားလေ့ရှိကာ ချုံနွယ်ပိတ်ပေါင်းတွေအတွင်းမှာ ရှင်သန်ပြီး အာဟာရရှာဖွေရာ၌ မောင်အောင်မြတ်တို့ လုံခြုံရေးဂိတ်ဝန်ထမ်းများသည် သူတို့၏ သက်ရှိအာဟာရ အစုအဝေးများ ဖြစ်နေကြလေသည်။

သက်ရှိအာဟာရတုံးကြီးတွေဆိုတော့ သွေးသားလည်ပတ်မှုရှိ၏။ ထိုအာဟာရဆုံးကြီးတွေပေါ် နားပြီး သွေးများကို ကိုရွှေခြင်တို့က စုပ်ယူပြီး သူတို့ဆီမှ မလေးရီးယားခေါ် ငှက်ဖျားပိုးများကို အစားပြန်ထားပေးခဲ့ကြသည်။

သို့နှင့် မောင်အောင်မြတ် ရေနံလုံခြုံရေးအဖြစ် နှစ်နှစ်ခန့်အကြာမျှ တာဝန်ထမ်းဆောင်ပြီးနောက် မကြာခဏ ဖျားဖျားလာတတ်ခြင်း ဖြစ်လေသည်။

ပထမတော့ သာမန်အဖျားဟုထင်သည်။ အဖျားနှင့်ပတ်သက်၍ သာမန်လူတွေကြား ရေပန်းစားနေသော အင်္ဂလိပ်ဆေး ဘတ်စ်ပရိုလေးသောက်လိုက်၊ ကိုဒါနင်လေးသောက်လိုက်ဖြင့် ရောဂါကို ပေါ့ပေါ့ဆဆ ကုစားခဲ့သည်။ အာဂန္တုအဖျားဟုလည်း ထင်ခဲ့သည်။

ညရေးညတာ ခြင်ကိုက်လွန်းမက ကိုက်ပါများတော့ ခြင်ဆေးခွေ ဝယ်သုံးသည်။ တီဗွီမှာ ကြော်ငြာသော ခြင်ဆေးခွေတွေကို ရေနံစက်ရုံက ခြင်တွေက တွံတေးသိန်းတန်၏ ပျင်းတောင်ပျင်းသေးတယ် သီချင်းဆိုပြီး ကိုက်ကြသည်။ သူတို့ မူလဘူတပေါက်ဖွားရာဒေသ ရေခံမြေခံကိုလည်း ကြည့်ပါဦး။ ရေနံ၊ စက်ဆီ၊ ဖယောင်းချိုး၊ ကျောက်မီးသွေးမှုန်များ ရောနှောနေသည့် ရေအိုင်များ၊ ကန်များ၊ မြောင်းများမှာ သန္ဓေတည်လာခဲ့ကြရသည်ဖြစ်၍ ဓာတုဗေဒခြင်များဖြစ်၏။ သာမန်ခြင်များ မဟုတ်လေ။

ထိုခြင်ကောင်တွေထဲမှာ ငှက်ဖျားပိုးကို သယ်ဆောင်လာသောခြင်၊ သွေးလွန်တုပ်ကွေးပိုးကိုယ်စားလှယ်ခြင်၊ ဆင်ခြေထောက်ရောဂါ လက်လီဖြန့်ချိသော ခြင် စသည်ဖြင့် ခြင်ပေါင်းစုံ ပါဝင်နေတတ်သည်။ စက်ရုံကြီးအတွင်းရှိ ဝပ်ရှော့တွေထဲ အလုပ်လုပ်ကြရသော အလုပ်သမားတွေမှာ အစုအဝေးနှင့်ဖြစ်၍ သိပ်အကြောင်းမဟုတ်သော်လည်း အောင်မြတ်တို့လို တစ်ယောက်စ၊ နှစ်ယောက်စ၊ အများဆုံး သုံးယောက်မျှ လုပ်ငန်းတာဝန်ထမ်းဆောင်ရသော လုံခြုံရေးဝန်ထမ်းတွေအတွက် ခြင်တွေက တွံတေးသိန်းတန်ကြီး၏သီချင်း ကာရာအိုကေ ဟဲပြလိုက်ဦးမည်။ "လှုဂမုန်းနွယ် ချစ်သက်ဦးရယ်၊ ဘဝဆုံးတိုင် မပစ်ရက်ဘူးကွယ်" ဟူသည့်အတိုင်း ငှက်ဖျားဖြင့် ဘဝဆုံးတိုင် မောင်အောင်မြတ်လို ကူညီစောင့်ရှောက်သွားတာတွေ ရှိသည်။

ကိုယ့်တာဝန် အလှည့်မကျ၍ ဂိတ်ထဲမှာ ညအိပ်တာတောင် ခြင်ထောင်ထောင်ပြီး အိပ်ရသည်မဟုတ်။ အဒေးဒဏ်သက်သာရုံ စောင်ပိုင်းကလေးမျှ ခြုံ၍အိပ်ရခြင်းမို့ ခြင်ဒဏ်မကာကွယ်နိုင်။ ဒီကြားထဲ စက်ရုံကြီးတွေနှင့် အလှမ်းဝေးရာ အစွန်အဖျားဂိတ်တဲမှာ ကျနေပြန်လျှင်လည်း လူပြောသူပြောဖြင့် မိမိတို့ထက် စီနီယာကျသော လုံခြုံရေးဝန်ထမ်းကြီးများ၏ စကားများ ကြားထားပြီး ဟိုကြောက်ရ၊ ဒီကြောက်ရ ဖြစ်၍ ဖြစ်၍ နေပါသေးသည်။

ညဥ့်ကလည်း ညဥ့်နက်ချိန်၊ ကိုယ့်အဖော်ကလည်း ဂျူတီလဲပြီး အိပ်ချင်ချင်ဖြင့် အိပ်ပုတ်သိုးနေခိုက် ညမှောင်မှောင်ဖိနပ်သံက တဖျပ်ဖျပ်အသံပြု၍ လျှောက်လာမည်။ ဒါမှမဟုတ် ဟိုနားက ရိပ်ခနဲ၊ ဒီနားက ရိပ်ခနဲ၊ မိုးတိုးမတ်တတ် တွေ့ချင်တွေ့ရတတ်သည်။ ပထမတော့ လုံခြုံရေးစစ်ဆေးရေးမှူး တာဝန်ရှိသူများ လာရောက် ချောင်းဖမ်းသည်လားဟု မောင်အောင်မြတ် ထင်လေ့ရှိတတ်သည်။

သို့သော် အနားရောက်မှ ပျောက်သွားသည့်အခိုက် မောင်အောင်မြတ် ခေါင်းနားပန်း ကြီးရတော့သည်။

"ဟာ ‥ လူမှမဟုတ်ဘဲ"

ကြောက်လန့်ပြီး ဘေးမှအဖော်ကို အိပ်ရာကနှိုးမိလျှင် ထိုအဖော်မှာ ကိုယ့်ထက်စီနီယာကျ၍ ဆားဗစ်ရင့်သူဖြစ်နေပါက …

"ဟာကွာ … အိပ်ရေးပျက်တယ်။ သူတို့လည်း သူတို့ဘာသာသူတို့ အလုပ်လုပ်နေတာနေမှာပေါ့"

ဟု ပေါ့ပေါ့တန်တန် မဆန်းဘိဟန်ပြောပြီး ပြန်အိပ်တတ်သည်။ အတွေ့အကြုံနည်းပါး၍ ဂျူနီယာကျသော မောင်အောင်မြတ်မှာသာ ဆက်ပြီး ကြောက်ကြောက်နှင့် ကိုယ့်တာဝန်ချိန်ပြီးဆုံးအောင် စောင့်ရတော့သည်။

တစ်ခါကလည်း ရှိသေးသည်။ ညဦးပိုင်း ရှစ်နာရီကျော်ကျော်တွင် ဖြစ်ပျက်သော အဖြစ်မျိုးပင်။

"ခွမ်း …"

"ဒလွမ်း … ခွမ်း".

www.burmeseclassic.com

ဂိတ်တဲထောင့်နံရံ သံစွန်းမှာ ချိတ်ထားသော မောင်အောင်မြတ်၏ ထမင်းချိုင့်မှာ လေမတိုက်၊ လူဆွဲမချဘဲ သံမံတလင်းပေါ် ပြုတ်ကျသွားခြင်းဖြစ်၏။

မောင်အောင်မြတ်နှင့် ဂျူတီကျဖော် ကိုအောင်ဒင်ကြီးတို့ ဂိတ်တဲအပြင်ထွက်ပြီး မြက်ခြောက်များ မီးဖို၍ ထိုင်နေကြစဉ်ဖြစ်၍ တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။

ဂိတ်တဲအတွင်းဘက်မှာ မှောင်နေ၏။ အသံကြားရာနေရာသို့ ကိုအောင်ဒင်ကြီး လက်နှိပ်ဓာတ်မီးထိုး၍ လှမ်းကြည့်ရာ မောင်အောင်မြတ်ပါ လှမ်း၍ကြည့်မိသည်။

ထမင်းချိုင့်များ ချိတ်ဆွဲထားရာ သံချိတ်မှာ မောင်အောင်မြတ်၏ ထမင်းချိုင့် ရှိမနေတော့။ လုံခြုံရေးညစောင့်ဆိုတော့ ညည ထမင်းဆာလျှင် စားရန် ထမင်းချိုင့် ထည့်တတ်သည်။ ဒီလိုမှ ထည့်မလာပြန်လျှင်လည်း ညည ဆာလောင်၍ ဝယ်စားစရာ ဘာဆိုင်မျှ ရှိမနေ။ ကိုယ့်ထမင်းချိုင့်ပဲ ကိုယ်အားကိုးရသည်။

"ဟာ ... ကိုအောင်ဒင်၊ ခင်ဗျား ထမင်းချိုင်နဲ့အတူတူ ချိတ်ထားတာ။ ကျွန်တော့်ထမင်းချိုင့် မရှိတော့ဘူးဗျ"

ကိုအောင်ဒင်က ထမင်းချိုင့်ပြုတ်ကျရာ သံမံတလင်းဆီသို့ လက်နှိပ်ဓာတ်မီးထိုးကြည့်သည်။ မောင်အောင်မြတ်၏ သုံးဆင့်စတီးထမင်းချိုင့်မှာ တစ်ဆင့်စီ ပြုတ်ထွက်၍ သံမံတလင်းမှာ ဟိုတစ်ဆင့် ဒီတစ်ဆင့် ဖြစ်နေ၏။

"ဟာ ... သွားပါပြီဗျာ။ ကျွန်တော့်ထမင်းနဲ့ ဟင်းတွေ"

မောင်အောင်မြတ်ညည်းတွားပြီး ထမင်းချိုင့်များရှိရာ ပြေးသွားသည်။ ကိုအောင်ဒင်ကြီးက လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးပေးထားဆဲ ရှိသေးသည်။

မောင်အောင်မြတ် ပြန့်ကျဲနေသော ထမင်းချိုင့်ခွက်တွေကို လှမ်းမကောက်ဖြစ်သေးဘဲ သံမံတလင်းပေါ် လိုက်လံရှာဖွေသလို ကြည့်သည်။

"ဟော့ကောင် ... ချိုင့်တွေ ပြန်သိမ်းလေကွာ။ ဘာကြည့်နေတာလဲ"

"ကျွန်တော်ထည့်ထားတဲ့ ထမင်းနဲ့ ဟင်းတွေ ..."

"ချိုင့်ပြုတ်ကျမှတော့ အကုန်လုံး ဖိတ်ကျနေမှာပေါ့ကွ"

"ဖိတ်ကျနေတာဆိုရင် ထမင်းစ၊ ဟင်းစတွေ၊ ဒါမှမဟုတ် ဟင်းဖတ်နဲ့ ထမင်းတွေ သံမံတလင်းပေါ်မှာ ရှိနေရမှာပေါ့။ ခု ... ဘာမှမရှိတော့ဘူး"

"ဟေ ..."

ကိုအောင်ဒင်ကြီးပင် အထိတ်တလန့် ဖြစ်ကာ နေရာမှထလာပြီး မောင်အောင်မြတ်၏ ထမင်းချိုင့်များကို သူကိုယ်တိုင် ကောက်သိမ်းကာ စောစောက ချိတ်ထားသေ သံချိတ်မှာပင် ပြန်ချိတ်ထားလိုက်သည်။ ပြီးမှ မောင်အောင်မြတ်ကို လှမ်းမေးသည်။

"မင်းက ဘာဟင်းနဲ့ ထမင်းချိုင့် ထည့်လာလို့လဲကွ"

"အမဲသားနဲ့ဗျာ။ ရွာထဲမှာ နွားပေါ်လို့ အမေက ချက်ပြီးထည့်ပေးလိုက်တာ"

"ဟာကွာ ...။ မင်း ငါ့ကိုမမေး မစမ်းနဲ့။ နောက်ကို မှတ်ထား။ ဒီဂိတ်တဲက အမဲသားယူလာလို့ မရဘူး"

"ဗျာ ..."

"မဗျာနဲ့ ကိုယ့်လူ။ ဒီဂိတ်တဲတွေမှာ အမဲသားယူလာလို့ မရတဲ့ ဂိတ်တဲ၊ ဝက်သားယူလာလို့မရတဲ့ ဂိတ်တဲတွေ ရှိတယ်ကွ"

"ယူလာလို့မရရင်လည်း ဟင်းတွေ၊ ထမင်းတွေ အစအနကျန်ရမှာပေါ့ဗျ"

"တချို့က သူတို့ကြိုက်လို့ ယူလာလို့မရဘူးပြောတာ။ ကြိုက်ရင် အကုန်စားပစ်တာကွ။ မင်းတွေ့တယ်မဟုတ်လား။ အစအနတောင် မကျန်ဘူး။ ထမင်းချိုင့်ကို ပြောင်နေအောင် လျက်သွားတာ ရေနဲ့ဆေးထားသလိုပဲ ..."

"ဟင် ... ကျွန် .. ကျွန်တော် နောက်မယူလာရဲတော့ပါဘူးဗျာ။ မ ... မသိလို့ပါ"

"အေးပါကွာ။ ဒါတွေ မေ့လိုက်ပါ။ ငါတို့အတွက် ဒါတွေ ရိုးနေပါပြီ။ ဒါတွေက ဒီနေရာတွေမှာ ယဉ်ယဉ်လေးနဲ့ ကြုံ တဲ့အဖြစ်ကွ။ ဒီထက် ကြမ်းတာတွေရှိ သေးတယ်"

"ဟင် ... ဟုတ်လား။ ဘယ်လို ကြမ်းတာလဲ"

မောင်အောင်မြတ်မှာ ကိုအောင်ဒင်ကြီးစကားကို ကြောက်လည်းကြောက်၊ ကြားလည်းကြားချင် ဖြစ်နေ၍ ပြန်၍မေးမိသည်။

"ဒီစက်ရုံကြီးက စက်ရုံဟောင်းကြီး ဆိုတော့ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တွေကို ကြုံခဲ့ရတယ်ကွ။ ဂျပန်တွေအဝင်မှာ ဗမာပြည်တစ်ပြည်လုံး အင်္ဂလိပ်စစ်တပ်တွေ ကားတွေနဲ့ မပြေးနိုင်အောင်၊ စက်ရုံ အလုပ်ရုံတွေ လည်ပတ်မှု လောင်စာဆီပြတ်သွားအောင် ဒီစက်ရုံကြီးကို သဲသဲမဲမဲ ဂျပန်တွေက ဗုံးကြဲတိုက်ခိုက်လို့ စက်ရုံထဲမှာ အလုပ်သမားတွေ အများကြီး သေခဲ့တယ်။ တစ်ခါ အင်္ဂလိပ်တွေပြန်ဝင်လာတော့လည်း ဂျပန်တွေပြုပြင်လည်ပတ်နေတဲ့ ဒီစက်ရုံကြီးကို ဗုံးကြဲပြန်လို့ လူတွေ အတော်များများ သေခဲ့ကြရတယ်ကွ။ အင်္ဂလိပ်တွေက ဂျပန်တွေ လောင်စာဆီမရအောင် ပြန်လုပ်တာပေါ့။ ကြားထဲမှာ အလုပ်သမားတွေပဲ သေကြရပြန်တယ်"

"တော်တော်ရက်စက်ကြတာပဲဗျာ။ အလုပ်သမားတွေမှာ ဘာလက်နက်မှမရှိကြဘဲ အလကားအချောင် အသေခံရတယ်"

"စစ်ဖြစ်နေတာကိုးကွ။ စစ်မှ ရိုးရိုးစစ်ကလေးမဟုတ်ဘူးနော်။ ကမ္ဘာနဲ့ချီပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တဲ့ ဒုတိယကမ္ဘာစစ်ကြီးကွ။ တို့ဗမာပြည်ပေါ်မှာ ဂျပန်တွေ စစ်ရှုံးသွားတာနဲ့ အာရှတိုက်မှာ ဖက်ဆစ်ဝါဒဘက်က ဝင်တိုက်ပေးတဲ့ ဂျပန်စစ်အင်အားလည်း ဦးကျိုးသလို ဖြစ်သွားပြီး ဒုတိယကမ္ဘာစစ်လည်း ပြီးဖို့သေချာသွားတာပေါ့။ ဒါပေမဲ့ မပြီးတာက ဒီစက်ရုံလို အလားတူ စက်ရုံဟောင်းတွေမှာ သေကျေကြရတဲ့ကိစ္စပဲ''

''ဘယ်လို မပြီးဆုံးသေးတာလဲ''

''တို့ဗုဒ္ဓဘာသာ အယူအဆဆိုရင် ခုလို ဗုံးဒဏ်၊ အမြောက်ဒဏ်နဲ့ သေကျေကြရတာကို ဥပရိစ္ဆေဒကံ၊ အရွယ်မတိုင်မီ အခါမသင့်ဘဲ အစိမ်းသေသေကြရလို့ အသေဆိုးပေါ့ကွာ။ ဒါကြောင့် လွတ်လပ်ရေးရပြီးတဲ့ သည့်နောက်ပိုင်းမှာ ဘုန်းတော်ကြီးတွေပင့်၊ အလှူအတန်းပေး၊ ပရိတ်ရွတ် အမျှအတမ်းဝေ လုပ်ခဲ့ကြလို့ ကျွတ်သင့်ကျွတ်ထိုက်တဲ့သူတွေလည်း ကျွတ်ကုန်ပါပြီ။ ဒါပေမဲ့ မြေကြမ်းတဲ့နေရာက ကြမ်းတုန်းပဲပေါ့ကွာ''

ကိုအောင်ဒင်ကြီး၏ စကားကြောင့် မောင်အောင်မြတ်လို ယယ်ရွယ်ပြီး အသည်းငယ်သူမှာ အတွေ့အကြုံကလည်း မရှိသဖြင့် ပိုကြောက်၍လာခဲ့သည်။

''အရင်ကဆိုရင် ရေနံသူခိုးတွေကလည်း တစ်မှောင့်ကွ။ ပထမတော့ တစ်ယောက်စနှစ်ယောက်စ ဝင်ဝင်ပြီး ရေနံခိုးကြတယ်။ တို့လုံခြုံရေးနဲ့ သက်ဆိုင်ရာအဖွဲ့တွေကလည်း တွေ့ရင် ဖမ်းကြတာပဲ။ နောက်တော့ အဲဒီကောင်တွေက အုပ်စုဖွဲ့ပြီး လာကြတယ်၊ ဘယ်လောက်ဆိုးလာသလဲဆိုရင် ဓားတွေ၊ လုံ့တွေပါပါလာတတ်ပြီး အဝေးပစ်လောက်လေးတွေကောင် ပါလာတယ်။ တချို့ လုံခြုံရေးတွေကိုပါ အန္တရာယ်ပြုခြိမ်းခြောက်လာကြလို့ သက်ဆိုင်ရာက ပစ်ခတ်ဖမ်းဆီးလို့ သေရတဲ့ကောင်တွေတောင် ရှိတယ်။ ခုတော့ အဲဒီလို ကြပ်ကြပ်မတ်မတ်လုပ်ခဲ့လို့ အဲဒီလို အုပ်စုဖွဲ့ဆိုးတဲ့ သူခိုးတွေမရှိတော့ပါဘူး။ ဒါပေမဲ့ အဲဒီကောင်တွေထဲက မကျွတ်မလွတ်ဘဲ တဝဲလည်လည်ဖြစ်နေတဲ့ကောင်တွေတော့ ရှိနေတတ်တယ်ကွ''

''ဒုက္ခပါပဲဗျာ . . . ။ ကျွန်တော်က ကြောက်တတ်တာနဲ့ လုံခြုံရေးအလုပ်နဲ့ မဖြစ်ပါဘူး။ မနက်ဖြန် ကျွန်တော် ဌာနပြောင်းဖို့ စာတင်မယ်ဗျာ''

''ဒီလောက်တောင်လည်း ကြောက်စရာမလိုပါဘူးကွာ။ အမှန်တော့ သူတို့တစ်တွေ မကျွတ်မလွတ်ဖြစ်ပြီး သနားစရာဖြစ်နေကြတာပါ။ သူတို့ကို မေတ္တာပို့၊ အမျှအတမ်းဝေရတယ်ကွ။ ခုန မင်းချိုင့်ထဲက အမဲသားဟင်းနဲ့ ထမင်းကိုလည်း သူတို့ကို အလှူဒါနပြုတယ်လို့ သဘောထားပြီး ကုသိုလ်ယူပြီး အမျှသာဝေလိုက်ပါ အောင်မြတ်ရာ။ မင်းအတွက် အကျိုးမယုတ်ပါဘူး။ သူတို့အတွက်လည်း အကျိုးရှိပါတယ်''

ကိုအောင်ဒင်ကြီးစကားကြောင့် မောင်အောင်မြတ်မှာ ကိုအောင်ဒင်ကြီး ပြောသည့်အတိုင်း အမျှဝေနေမိသည်။ အမျှဝေနေရင်း စိမ့်၍ချမ်းတက်လာသည်။ မကြာမကြာ ဖျားတတ်သော အဖျားက ပြန်တက်လာတော့သည်။

အရေးပေါ်ဆောင်ထားသော အဖျားဆေးများ သောက်သော်လည်း အဖျားကျမသွားတော့။ ထိုညတစ်ညလုံး ဖျားတော့သည်။ မောင်အောင်မြတ် ဂိတ်တဲအတွင်း ကွပ်ပျစ်ပေါ်မှာ ရသမျှစောင်ပိုင်းများခြုံပြီး အဖျားဒဏ်ကို အလူးအလဲခံရတော့သည်။

ကိုအောင်ဒင်ကြီးမှာလည်း တစ်ညလုံး မအိပ်ဘဲ မောင်အောင်မြတ်ကို ပြုစုရင်း တာဝန်ထမ်းဆောင်ရလေသည်။ မနက်မိုးလင်းတော့ သူတို့အဖွဲ့ကို လာကြိုသော ကားနှင့် ရေနံအလုပ်သမားဆေးရုံသို့ မောင်အောင်မြတ်ကို ပို့ပေးခဲ့သည်။

ရေနံအလုပ်သမားဆေးရုံမှာ ဆေးထိုး၊ ဆေးယူပြီးနောက် သက်သာသွားသဖြင့် အိမ်မှာ သုံးလေးရက်ခန့်နားရင်း ဆေးထိုးဆေးစား လုပ်နေရာက အဖျားက တစ်နေ့ထက်တစ်နေ့ ပြင်းထန်လာ၍ ခရိုင်ဆေးရုံကြီးသို့ အိမ်ကလူကြီးတွေက တင်ပေးလိုက်ခြင်း ဖြစ်လေသည်။

မောင်အောင်မြတ်၏ အဖျားရောဂါကို ပထမတော့ သာမန်အဖျားဟု ထင်ကြသည်။ ရက်နည်းနည်းကြာလာတော့ သွေးလွန်တုပ်ကွေးဟု ထင်သည်၊ နောက်မှ သေသေချာချာ ညပိုင်း သွေးဖောက်စစ်ဆေးမှ မလေးရီးယားငှက်ဖျားပိုးတွေ့ပြီး ငှက်ဖျားရောဂါအမည်တပ်နိုင်တော့သည်။

ငှက်ဖျားရောဂါပိုး ရှာတွေ့တော့ အဖျားသက်မှာ တော်တော်ကြီးရင့်လျက်ရှိပေပြီ။ သို့သော် အနာသိက ဆေးရှိပြီဖြစ်၍ တာဝန်ကျဆရာဝန်၊ ဆရာမတွေက အစွမ်းကုန် ကုသပေးလျက်ရှိသည်။

စက်ရုံမှ လုပ်ဖော်ကိုင်ဖက်များနှင့် ဌာနဆိုင်ရာ အရာရှိ၊ စက်ရုံဆေးခန်းဆရာဝန်တို့ လာရောက်သတင်းမေးကြည့်ရှုပြီး အလုပ်သမားဆေးရုံကြီးနှင့် ငှက်ဖျားဖြတ်ဆေးရုံတစ်ခုခုသို့ တက်နိုင်ရန် ပြောကြသောအခါ အလွန်ရှေးဆန်ပြီး ဒေသစွဲကြီးသော မောင်အောင်မြတ်၏ မိဘတွေက . . .

''ကျွန်မတို့သားလေး ကိုယ့်မြို့ကိုယ့်ရွာက ဆေးရုံမှာပဲ ကောင်းပါတယ်။ အခု သူဘာ့ကြောင့်ဖျားတယ်ဆိုတာ သိပြီပဲ။ ဒီက ဆရာဝန်တွေကုလို့ သက်သာနေတဲ့ဟာ ဒီဆေးရုံမှာပဲ ကျွန်မတို့ ဆက်ကုစေချင်ပါတယ်''

ကာယကံရှင်တွေ၏ သဘောမို့ မောင်အောင်မြတ် ထိုဆေးရုံမှာပင် ဆက်၍ တက်နေသည်ကို ဘာမျှမပြောသာတော့ဘဲ လိုအပ်သမျှ အကူအညီပေးကြရုံသာ ရှိတော့သည်။

သို့နှင့်ပင် မောင်အောင်မြတ် သူ၏



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်ဆေးရုံမှာပင် ငှက်ဖျားရောဂါကို ဆက်၍ ကုသနေရတော့သည်။ ငှက်ဖျား ဆိုသည်ကလည်း ချက်ချင်းကုသ၍ရ သော ရောဂါမဟုတ်။ အဖျားက ပြေးနေ တတ်သည်။ သည်နေ့ နေ့ခင်းမှာ အဖျား တက်ပေမည့် နောက်နေ့ညနေပိုင်းမှာ တက်တတ်သည်။ တစ်ခါတစ်ရံ ညပိုင်းမှာ အဖျားတက်တတ်သည်။

အဖျားတက်လာလျှင် လူမှန်းသူ မှန်းမသိအောင် ဖြစ်တတ်သည်။ အဖျား ကျသွားလျှင် ခေါင်းတွေမူးဝေပြီး ရင်တွေ တုန်လျက် အားနည်းမှုဝေဒနာ ကျန်ခဲ့ တတ်သည်။ ထိုနေ့ညက မောင်အောင် မြတ် အဖျားတက်ပြန်သည်။

သူ့ခုတင်ဘေးနားမှ ခုတင်လွတ် တစ်လုံးပေါ်၌ အိပ်နေသော လူနာစောင့် ညီလေးမှာ ပင်ပန်းလွန်းလှသဖြင့် အိပ် မောကျလျက်ရှိ၏။ သူနှင့်လည်း လက် လှမ်းမမီ၍ သူ့မှာလှမ်း၍မနှိုးနိုင်အောင် ဖြစ်နေခဲ့သည်။

ဆေးရုံမှာ လူနာအတက်ကျဲသဖြင့် သူတို့အခန်းမှာ လူရှင်းနေပြီး အခြားလူနာ သုံးလေးဦး၏ ခုတင်တွေမှာ ခပ်လှမ်းလှမ်း အကွာမှာ ရှိနေသည်။ ညဉ့်နက်နေသဖြင့် ထိုလူနာ အားလုံး အိပ်ပျော်လျက်ရှိသည်။

"အား .. အဟီး .. ဟီး ... ဟီး"

မောင်အောင်မြတ် အဖျားတက် ရင်း ညည်းညူသံတွေပင် ထွက်ပေါ်လာ လျက်ရှိ၏။ ငှက်ဖျားထုံးစံအတိုင်း တစ် ကိုယ်လုံး စိမ့်တက်ပြီး မခံမရပ်နိုင်အောင် ချမ်းတုန်လျက်ရှိသည်။

"အား .. အဟီး ... ဟီး .. ဟီး"

ဆေးရှိနေပါလျက် ခုတင်ဘေး စားပွဲပေါ်မှ ဆေးတွေကို ယူသောက်ရန် ပင် မစွမ်းသာ။

"ရှပ် .. ရှပ် .. ဖလပ် ... ဖလပ် ရှပ် ... ရှပ်"

ထိုစဉ် မောင်အောင်မြတ်နားထဲသို့ ခြေသံတွေ ကြားလိုက်ရသည်။

"ရှပ် .. ရှပ် .. ဖလပ် ... ဖလပ် ရှပ် ... ရှပ်"

ခြေသံတွေက မောင်အောင်မြတ် နှင့် ပို၍နီးလာခဲ့သည်။ မောင်အောင်မြတ် မှာလည်း အဖျားဒဏ်ကြောင့် လိမ့်ပိမ့် ခံစားရင်း ညည်းတွားနေမိလေသည်။

"အား ... အဟီး .. ဟီး .. ဟီး ... အီး .. ချမ်း ... ချမ်းတယ်"

"ရှပ် ... ရှပ် ... ဖလပ် .. ဖလပ် ... ရှပ်"

"အား .. အဟီး ... ဟီး .. ဟီး"

ဝေဒနာကို မခံမရပ်နိုင်အောင် ခံစားနေရသဖြင့် အမယ်လေး၊ အဘ လေးတနေရချိန်တွင် ခြေသံရှင်မှာ မောင်အောင်မြတ်အနားသို့ ရောက်လာခဲ့ သည်။ မောင်အောင်မြတ်ခုတင်ခေါင်းရင်း ဘက်မှာ ရပ်ပြီး သူ့ကို ငုံ့ကြည့်သည်။

"အဖျားတက်နေပြီနဲ့တူတယ်"

"အင်း .. ဟင်း .. အဟီး .. ဟီး"

"ဒါဖြင့် ဒီဆေးတွေသောက် လိုက်"

ခေါင်းရင်းဗီရိုပေါ်မှ ဆေးများနှင့် ရေဘူးထဲမှ ရေတစ်ခွက်ငှဲ့ပြီး သူ့ကို လှမ်း လိုက်သည်။ သူတုန်တုန်ရီရီဖြင့် ယူ၍ သောက်လိုက်ရသည်။

ထိုလူကြီးကို သူ ကျေးဇူးတင်စွာ ဖြင့် လှမ်း၍ကြည့်သည်။ ကျေးဇူးတင် စကားကို ပြောချင်ပေမည့် အဖျားတက် နေဆဲရှိသေး၍ ပြောလို့မထွက်ပြန်။

ထိုလူကြီးမှာ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်းနှင့် ထိပ် ပြောင်နေသော ဆေးရုံစောင့် ဦးမောင်မြ ဖြစ်သည်။ ဆေးရုံမှာ ရက်သတ္တပတ်မျှ ကြာနေသော သူက ဆေးရုံဝန်ထမ်းအချို့ ကို သိနေပြီး အချို့ကို မျက်မှန်းတန်းမိ နေပေပြီ။

ဦးမောင်မြကို ဆေးရုံတက်သူတိုင်း မသိဘဲနေ၍ မရနိုင်ချေ။ ဆေးရုံအဝင်အဝ တွင် အမြဲတမ်း တာဝန်ကျသည်။ နေ့ည အဆိုင်း၌ ဦးမောင်မြသည် ညဆိုင်း အလှည့်ကို အမြဲတမ်း တာဝန်ယူတတ် သည်။ ညဘက်သည် နားအေးပါးအေး ရှိပြီး သဒ္ဒါကြေးအပိုဝင်ငွေလေးများလည်း ရတတ်သည့်အတွက် ဦးမောင်မြ ည ဘက်ဂျူတီကို ပို၍နှစ်ခြိုက်သည်။ ယ… ကာလေးကြိုက်တတ်၍ မိုဝဲကာ ဇိမ်ခံမှု… နေလျှင်လည်း ဆူမည့်ပူမည့်သူ မရှိ။

ညစောင့် ဦးမောင်မြ မောင်အောင် မြတ်ကို ဆေးတိုက်ပြီးနောက် လူနာခန်း အပြင်ဘက်သို့ ပြန်ထွက်သွားသည်။

"ရှပ် .. ရှပ် ... ဖလပ် ... ဖလပ် ... ရှပ် ... ရှပ်"

ဦးမောင်မြခြေသံ ခပ်ဝေးဝေးကို ရောက်သွားမှ မောင်အောင်မြတ် တဖြည်း ဖြည်း အိပ်ပျော်သွားတော့သည်။ ငှက်ဖျား ဝေဒနာဆိုတာက ငှက်ဖျားတက်နေစဉ် သေမလောက်ခံစားရပြီး ဝေဒနာကျသွား လျှင် ခေါင်းတွေမူး၊ ရင်တွေတုန်နေတာ ကလွဲပြီး လူကောင်းတစ်ယောက်လို ဖြစ် နေပြန်၏။

နောက်တစ်နေ့ နေ့လယ်တွင် ဗိုက် ဆာဆာနှင့် ဆေးရုံရှေ့ သက်သာဆိုင်မှာ မောင်အောင်မြတ် လက်ဖက်ရည်ထွက် သောက်ရာမှ လက်ဖက်ရည်ဆိုင်နှင့် ခပ် လှမ်းလှမ်း ရင်ခွဲရုံမှ အသုဘချလာသည် ကို လှမ်း၍မြင်လိုက်ရသည်။

"ဆေးရုံညစောင့် ဦးမောင်မြကြီး ရဲ့ အသုဘလေ။ လွန်ခဲ့တဲ့ သုံးရက်ညက အရက်ကလေး ခပ်ထွေထွေနဲ့ ဆေးလိပ် ထွက်အဝယ်မှာ ကားတိုက်ပြီး သေသွား တာ"

"ဟင် ..."

သူ လန့်ဖျပ်၍ အာမေဋိတ်သံပင် ထွက်သွားသည်။ ဒါဆို ညက သူဖျားနေ စဉ် ဆေးလာပြီးတိုက်သွားတာက ...။

**ကျော်မင်းနိုင်**

www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောလွှာ ခွာချမလား

# လှုတောရွာဟာသများ

## ဦးကောင်းထူး

### ကြက်ပေါက်သုတ်တဲ့ စွန်ရဲလို

တိုးတက်နေသည့် ခေတ်ကာလနှင့်အညီ လှုတောရွာက လူတွေမှာလည်း ဘယ်ခေမှာတဲ့နည်း ...။

စလောင်းတွေချိတ်၊ စကိုင်းနက်တွေတပ်ပြီး နေ့စဉ်ညစဉ် ကမ္ဘာ့ဘောလုံးပွဲတွေကို အလွတ်မပေးတမ်း ကြည့်လေ့ရှိစမြဲ။ ဒါတင်မက တစ်ရွာနှင့်တစ်ရွာ ချိန်းချက်ကန်ကြသည့် ပွဲများကိုလည်း ကြည့်မှုကြည့်၊ အားပေးမှု အားပေး။

တစ်နေ့ လှုတောရွာ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့ ဘောလုံးချိန်းကန်ကြလေ၏။ ပွဲစပြီး မကြာခင်မှာပင် အရှေ့ပိုင်း ဘောလုံးသမားက ဟိုလိမ်သည်ခေါက်ဖြင့် ရှေ့တန်း၊ အလယ်တန်း၊ အနောက်တန်းတို့ကို ကျော်ဖြတ်လာခဲ့ကာ ဂိုးတိုင်နှင့် မလှမ်းမကမ်းအရောက်ဝယ် လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းလိုက်လေ၏။ ဤတွင် ပွဲကြည့်ပရိသတ်အပေါင်းမှာ သေချာပေါက်ဝင်ပြီဟု ထင်မှတ်ကြလျက် "ဂိုး"ဟူ၍ တစ်ခဲနက် အော်ဟစ်လိုက်လေ၏။

သို့သော် ထိုဂိုးမှာ ဂိုးပေါက်တွင်းသို့ မဝင်ပါချေ။ အကြောင်းမူ အနောက်ပိုင်းဂိုးသမားက လျှင်မြန်ဖျတ်လတ်စွာ လှုလှုပပ ဖမ်းလိုက်နိုင်သောကြောင့် ဖြစ်၏။ ဤတွင် ...လှုတောသားပရိသတ်တစ်ယောက်က –

"အလိုလေး ...လေး။ တော်လိုက်တာ၊ ဂိုးသမားနှယ်ကွာ။ ကြက်ပေါက်ကို စွန်ရဲက သုတ်လိုက်သလိုပါပဲလား ..."

ဟူ၍ ကောက်ချက်ချလေသတည်း။

•••••

### ကိုယ်တို့များနဲ့ မတူပါလေ

တစ်ခုသော နွေကာလ။

လယ်လုပ်ငန်းခွင်များ ပိတ်သိမ်းပြီးပြီဖြစ်သဖြင့် လှုတောရွာသားတစ်စုတို့ ရန်ကုန်ဘုရားဖူးထွက်ခဲ့ကြသည်။

သူတို့အစီအစဉ်ဆွဲထားသည်က ရန်ကုန်မြေသို့ ခြေချလျှင် ရှေ့ပြေးတစ်ဖွဲ့ကို စေလွှတ်ကာ တည်းခိုဖို့ရာနေရာကို အဆင်ပြေပြီဆိုလျှင် အားလုံး လိုက်ချသွားပြီး ထိုအိမ်၌ စတည်းချကာ ရန်ကုန်မြို့ဝန်းကျင်ရှိ တန်ခိုးကြီးဘုရားများကို စိတ်တိုင်းကျ သွားရောက်ဖူးမြော်ကြဖို့ပဲ ဖြစ်သည်။ ယခုလည်း မိမိတို့ လှုတောရွာသို့ အလည်အပတ်ရောက်ခဲ့ဖူးကြသော၊ မိမိတို့ လှုတောရွာကလည်း ၎င်းတို့ အားနာလောက်အောင် ကျွေးမွေးဧည့်ခံခဲ့ဖူးသော ရန်ကုန်သားတို့ထံ ခေတ္တတည်းခိုဖို့ရာအတွက် အားကိုးတကြီး လာခဲ့

www.burmeseclassic.com

ကြခြင်း ဖြစ်သည်။

အဆိုပါ ရန်ကုန်သားတို့ထဲမှ လိပ်စာရထားသော ရှေ့ပြေးအဖွဲ့က လည်း တစ်နေရာပြီး တစ်နေရာ လိုက် လံစုံစမ်းပါသည်။

လသာ တရုတ်တန်းရှိ ဝက်ကုန် သည် ဦးခေတ်ထွန်းအိမ်ရောက်တော့ လင်ရောမယားပါ အိမ်မှာမရှိ။ သမီးရှိ ရာ ဖင်လန်နိုင်ငံသို့ သွားနေသည်ဆို လား။

သည်တော့ ... သန့်လျင်ရှိ ဦးမြင့်မားထံ သွားကြပြန်၏။ အိမ် တံခါးကြီးပိတ်ထားကာ စာချိတ်ဆွဲ ထား၏။

မိသားစုအားလုံး ဗိုလ်ကလေး အလှူသို့ သွားနေပါသည်။ သကြိန် ပြီးမှ ပြန်လာဖြစ်လိမ့်မည်။ သို့သော် မသေချာ။

သို့ဖြင့် ရေကျော်သို့ ရောက်သွား ပြန်သည်။ ပလွေဆရာ ဦးရေကျော် စိုးအောင်ကို မတွေ့။ အိမ်နီးနားချင်း တွေကို မေးကြည့်တော့ တောင်စွန်း သို့သွားကာ ဒုလ္လဘသွားဝတ်နေသည် ဆိုလား။

သည်တော့လည်း လုတောသား ရှေ့ပြေးအဖွဲ့လည်း စိတ်ပျက်လက် ပျက်ဖြင့် တပ်ခေါက်ကာ ဘူတာကြီးသို့ ပြန်လာခဲ့ကြသည်။

"သည်လူတွေကွာ ... ငါတို့ လာမှာမျှား ကြိုသိလို့ တစ်နေရာရာ သွားပြီး ရှောင်နေသလား မပြောတတ် ဘူး"

"ငါတို့ ရှေ့ပြေးအဖွဲ့တင်မဟုတ်ဘူးကွာ။ တစ်ပြုံတစ်ခေါင်းကြီးသာ တွေ့လိုက် ရရင် အမောဆို့ကုန်မလားတောင် မပြောတတ်ဘူး"

"တောက် ... ငါတို့လုတောကို ရောက်လာတုန်းကတော့ မျိုဆို့သွား လိုက်ကြတာ ... ဝေသာလီပြည်ကို ဘီလူးတွေ ဝင်စီးတဲ့အတိုင်းပဲ။ တို့များ မှာလည်း သဒ္ဒါလိုက်ကြတာ ပေးလို့ မကုန် လှူလို့မခန်း ဖောတိကသူဌေး တောင် လွမ်းချင်းဖွဲ့လောက်ပါရဲ့ .."

"အေးကွာ ... သူတို့အလှည့် လည်း ကျမယ်ဆိုရော သွားပြီးပုန်းနေ လိုက်ကြတာ ... မဟာအဝီစိငရဲက အဇာတသတ်မင်းသားတောင် ဘေး ဖယ်ပေးရမလိုပဲ"

•••••

## ဘဝသံသရာ နာမည်

နံနက်ခင်းအချိန် ...။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ လုတောသားတစ်ယောက် သတင်းစာ ဖတ်နေရာမှ ....

"အောင်မလေး ... လေး ရှည် လျားတော်မူလိုက်တဲ့ နာမည်ပဲဗျာ"

ဟု အာမေဍိတ်ပြုလေ၏။ ဤ တွင် ရှေ့စားပွဲ၌ထိုင်နေသူက အကျိုး အကြောင်းကို မေးမြန်းလေ၏။

"ဘာဖြစ်ရမလဲဗျာ ... တစ်နှစ် ပြည့်မြောက်တဲ့ ကလေးရဲ့ မွေးနေ့ပွဲကို ဆုတောင်းပေးတဲ့ ကြော်ငြာကို ဖတ် ကြည့်မိလို့ပါ။ ကလေးရဲ့နာမည်က ခုနစ်လုံးတောင်မှ ... အံမယ် ... တနင်္ဂနွေနံကနေ စနေနံအထိ အကုန် လုံးပါအောင် မှည့်ထားတာဗျ"

"မှန်းစမ်းပါဦး ... အယ် ... ဟုတ်ပါရဲ့ဗျာ။ ရှည်လျားထွေပြားလိုက် တဲ့ နာမည်၊ ဘဝသံသရာတောင် သည်နာမည်လောက် မရှည်ဘူး"

"ကျုပ်တော့ဗျာ ... သည်လို နာမည်ကို အလွတ်ကျက်မှတ်ထား မယ့်အစား ပိဋကတ်သုံးပုံကို အာဂုံ ဆောင်နိုင်အောင်ပဲ ကြိုးစားတော့မယ် ဗျာ"

"ဟုတ်ပ ... ဟုတ်ပ ... ဟုတ်တာပ"

•••••

## ဘာတစ်ခွန်းမှလည်း မပြောဘူး

တစ်ခါက လုတောသားတစ် သိုက် ရန်ကုန်သို့ရောက်ရှိခိုက် ... ရေကျော်ရာမဇာတ်ပွဲနှင့် ကြုံကြိုက်၍ အထူးအဆန်း ကြည့်ရတော့မည်ဟု သဘောပိုက်ကာ သွားရောက်ကြည့်ရှု ကြလေ၏။

အချိန်အတော်ညဉ့်နက်မှပင် ဇာတ်ပွဲပြီးသွားလေ၏။ ထိုသို့ပြီးရာ ဝယ် အပိုင်းတစ်ပိုင်းသာ ပြီးခြင်းဖြစ်ပြီး တစ်ပတ်တစ်ခါဆိုသလို သူ့အခန်းစဉ် နှင့်သူ ကပြသွားမည်ဖြစ်ကြောင်း ကြေ ညာလေ၏။ လုတောသားတို့ တည်းခို အိမ်သို့ ပြန်ရောက်သည်ရှိသော် အိမ် ရှင်က 'ရေကျော် ရာမဇာတ်ပွဲ'ကောင်း မကောင်းကို မေးမြန်းလေ၏။ ဤတွင် လုတောသူ အပျိုကြီးက ...

"အမလေး ... လေးကွယ်၊ အလောင်းတော်ရာမမင်းသား၊ ညီ တော် လက္ခဏာမင်းသားနဲ့ မင်းသမီး သီတာဒေဝီတို့ကို ... ဉ့်ချင်လို့ သွားပါ တယ်။ ဘာစကားတစ်ခွန်းမှလည်း မပြောဘူး။ မျက်နှာသေကြီးတွေနဲ့ ဆိုင်းသံအတိုင်း ကနေတာများ ... ဘယ်ဆွဲ့အံ နားမကြားကျောင်းကများ ဇာတ်လာကသလား မပြောတတ်ပါ ဘူးကွယ်ရို့ ..."

ဟု၍ စိတ်ထဲရှိသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ရင်ဖွင့်ပြောဆိုလိုက်လေသတည်း။

•••••

## ဇာတ်ကားနာမည်ကို ကြိုတောင်သိတယ်

လူတောသား တစ်ယောက်သည် လှေသူကြီးတစ်ဦးထံ၌ လှေထိုးသားအဖြစ် အစားဝင်ရောက်လုပ်ကိုင်ရင်း အောက်အကြေသို့ အညာလှေကြီးဖြင့် လိုက်ပါလာခဲ့၏။ လှေသူကြီးသည် အထက်အညာမှ ကုန်စည်များကို သယ်ဆောင်ကာ အောက်အရပ်သို့ ရောက်လေသော် ရောင်းချပြီး အညာသို့ ပြန်တက်သောအခါ အောက်အကြေအရပ်မှ ထွက်ကုန်များကို တင်ဆောင်သွားလေ့ရှိ၏။ သည့်အတွက် အသွားလည်းအကျိုးရှိ အပြန်လည်း အကျိုးရှိလေ၏။

တစ်ခါသော် အောက်အရပ်သို့ စုန်ဆင်းလာရင်းမှ မြစ်ဝကျွန်းပေါ်ရှိ ရွာကြီးတစ်ရွာသို့ ရောက်လေသည်။ ညအိပ်ရမ်နားကာ ချက်ပြုတ်စားသောက်လေ၏။ ထိုညတွင် တိုက်တိုက်ဆိုင်ဆိုင်ပင် ရွာဘုရားပွဲနှင့် ကြုံလေ၏။ ထိုရွာဘုရားပွဲ၌ ဂလုံး ဂလုံး ဟုခေါ်သော အန်စာတုံးလောင်းကစားဝိုင်းများနှင့်အတူ ပိတ်ကားထောင် ရုပ်ရှင်လည်း ပြသမည်ဖြစ်၏။ သည့်အတွက် ရုပ်ရှင်ဝါသနာအိုးဖြစ်သော လူ တောသားလည်း လှေသူကြီးကို ခွင့်ပန်လျက် အဖော်အပေါင်း အချို့နှင့် အတူ ဘုရားပွဲရှိရာသို့ လာခဲ့ကြလေ၏။

ထိုအချိန်ဝယ် ရုပ်ရှင်မပြသေး။ ပြန်ကြားရေးအဆောက်အအုံ၌ တာဝန်ရှိပုဂ္ဂိုလ်က မိုက်ခွက်ကိုကိုင်လျက် အာပေါင်အာရင်းသန်သန်ဖြင့် အမိန့်ကြေညာချက်များ ထုတ်နေလေ၏။ ထိုကြေညာချက်ထဲ၌ အမူးသမားများ မရမ်းကားရလေအောင်၊ ဆူပူမှု မဖြစ်ရလေအောင်၊ ခိုက်ရန်မဖြစ်ပွားရလေအောင် သတိပေးထားပေသည်။

"ဘုရားပွဲလာ ဧည့်ပရိသတ် အပေါင်းတို့ခင်ဗျား။ ပွဲခင်းအတွင်းနှင့် ပွဲခင်းပတ်ဝန်းကျင်တစ်ဝိုက်၌ –

(၁) အရက်သေစာများ ရောင်းချခြင်းမပြုရ။

(၂) အရက်အပါအဝင် မူးယစ်သေစာများကို သောက်စား၍ ပွဲခင်းအတွင်းသို့ မလာရ။

(၃) သောက်စားထားပါက အော်ဟစ်ဆဲဆို တိုင်းထွာခြင်း မပြုရ။

(၄) မူးယစ်ရမ်းကားခြင်းကို လုံးဝခွင့်မပြု။

(၅) ခိုက်ရန်ဖြစ်ပွားခြင်းကို လုံးဝခွင့်မပြု။

(၆) ပွဲခင်းအတွင်းသို့ တုတ်၊ ဓား၊ လက်နက်တို့ ယူဆောင်မလာရ။

(၇) သူတစ်ပါး သားပျိုသမီးပျိုအား ကာဏ္ဍခြေပျက်ပြားအောင် ပြောဆိုနောက်ပြောင်ခြင်း မပြုရ။

အစရှိသဖြင့် ပွဲခင်းတစ်ခုလုံး ငြိမ်ဝပ်ပိပြားမှုရှိစေရန် အော်ဟစ်ကြေညာနေလေ၏။

ဤတွင် အဖော်ပါလာသူ တစ်ယောက်က လူတောသားအား မေးလေ၏။

"ဟေ့ ... ဒီည ဘာကားပြမလဲ မသိဘူး။ ဇာတ်ကြမ်းကားဆိုရင် သိပ်ကောင်းမှာပဲကွ"

"ဟလိုလေး ... ဇာတ်ကြမ်းပြမလား၊ မပြမလားတော့ မပြောတတ်ဘူး။ ဇာတ်ကားနာမည်တော့ သိလိုက်ပြီ"

"ဟေ ... ဟုတ်လား ... ဘာကားပါလိမ့် ..."

"ပညတ်တော် ဆယ်ပါး ..."

•••••

## မီးမွှေးချင်ရင် ဖင်ကိုသာ တို့ပါတော့

လူတောရွာ မူလတန်းကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော ဆရာမကလေးသည် သူ့အတန်းရှိ တပည့်အားလုံးကို ထူးချွန်စေချင်သည်။

သည့်အတွက် ကျောင်းဆင်းသည့်တိုင် ပြန်မလွှတ်ဘဲ အချိန်ပို သင်ကြားပေးလေ၏။ ဤတွင် ဆရာမလေး၏ စေတနာအပေါ် နားမလည်နိုင်ကြသော ကျောင်းသားအချို့မှာ မျက်နှာရှုံ့မဲ့နေကြ၏။ အတန်းဆင်းသောအခါ အပြင်မှာစောင့်နေသော သူငယ်ချင်းအချို့က ဝိုင်းဝန်းမေးမြန်းကြ၏။ ထိုအခါ ကျောင်းဆင်းလာသော ကျောင်းသားလည်း မျက်နှာကို ရှုံ့မဲ့လျက် ...

"အလိုလေး ... လေး။ ပြောကို မပြောချင်တော့ပါဘူးကွာ။ တို့ဆရာမ စာသင်ပုံကို ပြောရမယ်ဆိုရင် တို့မှာ ထိုင်ရပါများလွန်းလို့ ဖင်တစ်ခုလုံးပူပြီး မီးတွေတောက်နေပြီ။ သြော် ... မင်းတို့ မီးမွှေးချင်ကြရင်ပြော၊ ဘာမှ လုပ်မနေနဲ့၊ ငါတို့ဖင်ကိုသာ လာပြီးတို့ကြပေ ရော ..."

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com



# အလှူပြန်းများ

# အုံမခန်းဝေပြောသောနေ့

တက္ကသိုလ်သင်

ယခုနှစ်တွင် သကြံန်မိုး ရွာသွန်းဖြိုးခြင်းမရှိသဖြင့် ပိတောက်တို့ ရွှေရည် မလူးနိုင်ကြ။ မိုးကို ငံ့လင့်နေကြသော ပိတောက်ပင်အိုတို့တွင် ရွက်သစ်များ ဝေနေကြသော်လည်း ပိတောက်ပွင့်လေးများကို မတွေ့ရ။ သို့အတွက် ပိတောက်ပန်း ချစ်သူများ အဖို့ မရွှင်လန်းနိုင်ကြပေ။

သို့တစေ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ၊ မြို့သစ်(ဂ)၊ ပိတောက်(၅) လမ်းတွင်မူ လူအများ စည်ကားနေသည်။ ကျွန်တော်နှင့် ဆရာမင်းယဉ်စုတို့သည် ဆရာဦးမောင်မောင်မြင့်အေးနှင့် ဆရာမဒေါက်တာစောယုနွယ်တို့ အိမ်ဂေဟာသို့ ဧပြီလ ၁၂ ရက်နေ့တွင် ဆရာမင်းယဉ်စုကားဖြင့် ရောက်ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်မြင့်အေးသည် ကျွန်တော်တို့အား နှစ်စဉ်မပျက် ဖိတ်ကြားခဲ့သဖြင့် ထိုနေ့ ထိုရက်တွင် ဆရာ့နေအိမ်သို့ ရောက်ရှိမြဲ ဖြစ်ပါ၏။ **ဆရာမ ဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ ကာလဒါန စတုဒီသာအလှူ** ပွဲကား နှစ်စဉ်နှစ်တိုင်းပင် မြိမ့်မြိမ့်သဲ စည်ကားမြဲဖြစ်၏။

ဆရာ့အိမ်သို့ ကျွန်တော်တို့ရောက်ရှိချိန်မှာ နံနက် ၁၀ နာရီရှိပြီ ဖြစ်သော်လည်း ဆရာ့အိမ်ခြံဝင်းရှေ့တွင် အလှူခံ ပရိသတ်ကား တိုးမပေါက်အောင် ရှိနေသည်။ ကျွန်တော်တို့ ဆရာ့အိမ်ခြံဝင်းအတွင်းသို့ ရောက်ရှိသည့်အခါ ဆရာက ဆီးကြိုသည်။ ဆရာမင်းယဉ်စုက ဆရာ့မိသားစုအတွက် မုန့်တစ်ဖန်း၊ ကျွန်တော်က ဂျာနယ်၊ သတင်းစာများထည့်ထားသည့် လက်ဆွဲအိတ်တစ်အိတ် ဆရာ့ထံပေးအပ်သည်။

ဗီဒီယိုရုပ်ရှင်သရုပ်ဆောင် မင်းဦးနှင့် သရုပ်ဆောင် သက်သခင်တို့ ပါဝင်သည့် အနုပညာမောင်နှမတို့က ဆန်၊ အာလူး၊ ကြက်သွန်၊ အချိုမှုန့်၊ ခေါက်ဆွဲခြောက်နှင့် အဝတ်အထည်မျိုးစုံကို အလှူခံပရိသတ်အား ဝေနေသည်ကိုတွေ့ရ၏။ နံနက်ပိုင်းတွင် မုန့်ဟင်းခါး စတုဒီသာကျွေးသည်ဟု သိရ၏။

အလှူပွဲ၏ လှုပ်ရှားမှုအရပ်ရပ်ကို Sky Net အဖွဲ့သားများက ဗီဒီယိုကင်မရာဖြင့် မှတ်တမ်းတင်ရိုက်ကူးကြသည်။ ထို့အပြင် ဆရာမဒေါက်တာစောယုနွယ်နှင့် ဆရာဦးမောင်မောင်မြင့်အေးတို့အား တွေ့ဆုံမေးမြန်းသည်။ ဆရာ့ဖြေကြားချက်များကို ကျွန်တော်မှတ်သားမိသလောက် ပြန်လည်ဖောက်သည်ချလိုက်ပါ၏။

ယခုကဲ့သို့ အလှူပွဲကျင်းပခဲ့သည်မှာ အနှစ် ၃၀ ခန့်ရှိပြီဟု သိရ၏။ ယခင်က မိသားစုအလှူပွဲလေးမျှသာ ဖြစ်ပြီး ထမင်းနှင့်ဟင်း ကျွေးမွေးခဲ့၏။ နောက်ပိုင်းတွင် **"ဆရာကြီးမင်းသိင်္ခ"**၏ ဩဝါဒကိုခံယူပြီး ကာလဒါနစတုဒီသာ ကျွေးမွေးခြင်းအလှူပွဲကို ကျင်းပပြုလုပ်လာခဲ့သည်မှာ ၁၀ နှစ်ခန့်ရှိပြီ ဖြစ်သည်။ ခုနစ်ရက်သားသမီးများ၏ လှူဒါန်းမှုအစုစုကို ဆရာမ ဒေါက်တာစောယုနွယ်က ကမကထပြုလုပ်၍ လှူဒါန်းခြင်းဖြစ်သဖြင့် အလှူရှင်များကလည်း ကြည်နူးဝမ်းမြောက်သာဓုခေါ်နိုင်ကြသည်။

ကျွန်တော်တို့ ဆရာ့အိမ်သို့ ရောက်သည်နှင့် ဆရာက ကျွန်တော်တို့အား ဘုရားဆောင်သို့ခေါ်သွားပြီး မုန့်ဟင်းခါးဖြင့် ဧည့်ခံသည်။ ကျွန်တော်တို့အလျင် ရောက်နှင့်နေကြပြီဖြစ်သည့် အနုပညာရှင်များ၊ ဧည့်သည်များကိုလည်း တွေ့ရ၏။ ဆရာသား သရုပ်ဆောင် စိုးရန်အောင်က ဧည့်သည်များကို ပျူငှာစွာ ဧည့်ဝတ်ပြုသည်။

ကျွန်တော်တို့နှင့်အတူ ဗီဒီယို၊ ရုပ်ရှင်သရုပ်ဆောင် မင်းဦးနှင့် အနုပညာရှင်အချို့ စားပွဲတစ်ဝိုင်းတည်းတွင် မုန့်ဟင်းခါးသုံးဆောင်ကြသည်။ မုန့်ဟင်းခါးက လွန်စွာအရသာရှိသည်။ ငါးဖယ်ကြော်၊ ပဲကြော်၊ ဘဲဥနှင့် ဖက်၍ စားရသဖြင့် ပို၍ပင် အရသာကောင်းမွန်လှသည်။ ကျွန်တော်သည် မုန့်ဟင်းခါးကြိုက်သဖြင့် လိုက်ပွဲပင် ယူလိုက်သေး၏။ ကျွန်တော့်ကဲ့သို့ပင် ဆရာမင်းယဉ်စုကလည်း စိတ်ကြိုက်စားသည်။ ဆရာဦးမောင်မောင်မြင့်အေးက ကျွန်တော်တို့အနီးတွင် ထိုင်၍ ဧည့်ခံစကားပြောသည်။ ဧည့်သည်များလာသဖြင့် ဆရာက ဝင်လိုက်၊ ထွက်လိုက်နှင့် အလုပ်ရှုပ်နေသည်။

Sky Net အဖွဲ့ကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ခရီးသွားဟန်လွှဲဆိုသလို ရုပ်ရှင်သရုပ်ဆောင်များကို "ဖျူး"လေသည်။ ကိုမင်းဦး၊ သက်သခင်၊ စိုးရန်အောင်တို့ကို တွေ့ဆုံမေးမြန်းသည်။ ထုံးစံအတိုင်းပင် သင်္ကြန်ကာလအတွင်း ဘာလုပ်မည်၊ ဘယ်မှာရှိမည် စသည်ဖြင့် စုံအောင်မေးသည်။ အနုပညာရှင်များကလည်း မေးသမျှဖြေသည်။ အကယ်ဒမီ ရုပ်ရှင်သရုပ်ဆောင်အောင်ခိုင်နှင့် မမများအဖွဲ့သားများ လာရောက်ဖြေဖျော်သည်ဟု သိရ၏။ ကျွန်တော်တို့နောက်ကျသွားသဖြင့် မကြည့်လိုက်ရ။

ကျွန်တော်တို့ မုန့်ဟင်းခါးစားပြီးနောက် အပြင်သို့ထွက်ခွာပြီး အသင့်ခင်းထားသော ထိုင်ခုံများတွင် ထိုင်ကြသည်။ အလှူပေးနေပုံကို ကြည့်ကာ မုဒိတာပွား၍ သာဓုခေါ်နိုင်သည်။ အလှူပစ္စည်းများကို သစ်သားလှေပေါ်တွင်တင်၍ လှူနေပုံကို ဆရာက ကျွန်တော့်အား ရှင်းပြပြောဆိုသည်။ ကျွန်တော်တို့ အပြင်သို့ရောက်ရှိချိန်တွင် လှေအတွင်းထည့်ထားသည့် များလှစွာသော ပစ္စည်းများသည် ကုန်သွားတော့သည်။ သို့ရာတွင် ဆန်အိတ်များ အပြည့်ရှိနေသေးသဖြင့် ခဏနားပြီး ဆက်ဝေဦးမည်ဟု ဆိုသည်။

ကျွန်တော်သည် အိမ်အပြင်တွင် အဒေးသောက်ရင်း အိမ်ပေါက်ဝ၌ ရေးသားထားသည့် စာတန်းတစ်ခုကို ရေးကူးမှတ်သားလိုက်သည်။ အဆိုပါ စာတန်းကို ကျွန်တော်သဘောကျ၍ ဖြစ်သည်။

**"ပညာရှိနှင့် မညှိမဆ ပြုသမျှကာ၊ မလုစီးပွား ရေနှင့်ဆား"**



www.burmeseclassic.com

www.burmeseclassic.com

မှန်ပါ၏။ "ပညာရှိ"ဟူသည် တွေးခေါ်မြော်မြင်နိုင်စွမ်းရှိ၏။ ပညာဗဟုသုတပြည့်စုံ၏။ နှိုင်းနှိုင်းချိန်ချိန် သုခမိန် ဆိုသကဲ့သို့ အမှန်ကိုသိ၍ အမှန်ကို ဆုံးဖြတ်နိုင်ပါ၏။ ပညာရှိကို ဆည်းကပ်ကိုးကွယ်ပူဇော်ခြင်းသည် အကျိုးများ၏။ ဘယ်သောအခါမှ အကျိုးမဲ့မဖြစ်နိုင်။

**ပညာရှိကို ဆည်းကပ်ကိုးကွယ်ခြင်းမပြုလျှင် ဘယ်သောအခါမျှ စီးပွားမဖြစ်ထွန်းနိုင်။ ဥပမာတင်စားရလျှင် ရေနှင့်ထိတွေ့သော ဆားပမာ ဖြစ်ပါ၏။ မည်သည့်အလုပ်ကိုလုပ်လုပ် သဲထဲရေသွန်သကဲ့သို့ အရာမထင် ရှိချေသည်။**

ယခုတစ်ကြိမ် ဆရာဦးမောင်မောင်မြင့်အေးနေအိမ်သို့ ရောက်ရှိရသည်မှာ ကျွန်တော့်အတွက် မှတ်သားစရာတစ်ခု ရရှိခဲ့သည်။

ဆရာမင်းယဉ်စုက သူထံပါလာသည့် ကင်မရာဖြင့် အလှူပွဲရှုခင်းကို မှတ်တမ်းယူ ရိုက်ကူးသည်။ သရုပ်ဆောင် မင်းဦးကို မေတ္တာရပ်ခံ၍ ဓာတ်ပုံရိုက်ခဲ့သည်။ ကိုမင်းဦးက သဘောကောင်းပုံရသည်။ ဖော်ရွေမှုလည်းရှိ၏။ သူ့ကိုကြည့်ရသည်မှာ ပျော်နေပုံရသည်။

ဆရာမ ဒေါက်တာစောယုနွယ်က အလှူခံပရိသတ်နှင့် လုံးထွေးနေသည်။ ဆရာမကြည့်ရသည်မှာ အတော်ပင်ပန်းပုံရသည်။ ကျွန်တော်တို့ကိုပင် ဧည့်ခံစကားမပြောနိုင်။ စိုးရန်အောင်က ကျွန်တော်တို့နှင့် နှုတ်ဆက်စကား ပြောနိုင်သေးသည်။ သူကြည့်ရသည်မှာလည်း ဧည့်သည်များကို ဧည့်ခံနေရသဖြင့် ဖတ်ဖတ်ဇမာနေသည့်ပုံ ပေါက်နေသည်။ သည်ကြားထဲ သူ့အား Sky Net အဖွဲ့က "ဗျူး"သမျှ ဖြေကြားရသေး၏။ အလှူပွဲပြီးသည်နှင့် နေပြည်တော်သို့သွား၍ သင်္ကြန်မဏ္ဍပ်တွင် သီချင်းဆိုရမည်ဟု ဆိုသည်။

အနုပညာရှင်တို့မှာလည်း မအားရပါ။ ခေါ်လျှင်သွား၍ တာဝန်ပေးလျှင် လုပ်ရ၏။ ငြင်း၍မရ။ ပရိသတ်နှင့် အနုပညာရှင်တို့မှာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သဘောမျိုးဖြစ်၏။ ပရိသတ်ကြား၊ ပြည်သူများကြား ဝင်ဆံ့နိုင်လေလေ အနုပညာရှင်အတွက် ကောင်းလေလေ ဖြစ်၏။


ဆ၊ ဂဦးမောင်မောင်မြင့်အေး၏ သားကြီးနှင့် မိသားစုမှာ စင်္ကာပူတွင် နေထိုင်သဖြင့် ဆရာတို့အလှူပွဲသို့ မလာနိုင်။ သို့တစေ ဆရာနှင့် ဆရာမ ဒေါက်တာစောယုနွယ်တို့တွင် တပည့်သားသမီး များသည်၊ မိတ်ဆွေအပေါင်းအသင်း များသည်။ အလှူပွဲလုပ်မည်ဆိုလျှင် ပရိသတ်က ဝိုင်းဝိုင်းလည်နေသည်။ ဒါတောင် ဆရာက များများမဖိတ်ကြား၊ ရင်းနှီးသူလောက်သာ ဖိတ်သည်။

ဆရာက အလုပ်များသူဖြစ်သည်။ ရောင်ပြန်မဂ္ဂဇင်း... ဘုန်းရောင်ဂျာနယ်တို့ကို လစဉ်၊ အပတ်စဉ် ပုံမှန်ထုတ်ဝေ... ဓာအင် စီစဉ်ဆောင်ရွက်ရသည်။ ထို့အပြင် "မြန်မာနိုင်ငံ ပုံ... ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း"တို့တွင် ပါဝင်ဆောင်ရွက်... သေး၏။ ဘာသာရေးအဖွဲ့အစည်းဖြစ်သည့် ကျောက်တော်ကြီး... ဘုရား ဂေါပကအဖွဲ့ဝင် လူကြီးလည်း ဖြစ်သည်။ ဆရာ့တွင်... အားလပ်ချိန်ဟူ၍ ရှိမည်မထင်။ ဆရာမဒေါက်တာစောယုနွ... ၏ သင်တန်းများတွင်လည်း တစ်ဖက်တစ်လမ်းမှ ကူညီပံ့... ပေးရသည်။

ကျွန်တော်တို့အပြန်တွင် ဆရာသည် လက်ဆွဲအိတ်... နှစ်အိတ်ကို ယူလာပြီး ကျွန်တော်နှင့် ဆရာမင်းယဉ်စုတို့အား... တစ်အိတ်စီပေးသည်။ ကျွန်တော် ဆရာပေးသည့် အိတ်... နှစ်တိုင်းရသည်။ စားသောက်ဖွယ်များပါသည်။ အဝတ်အထည်... လည်းပါသည်။ နည်းများမဟူ ဆရာနှင့် ဆရာမ ဒေါက်တာ... စောယုနွယ်တို့၏ ခုနစ်ရက်သားသမီး ကာလဒါန စတုဒိသာ... အလှူပွဲကား အောင်မြင်သည်။

ယခုနှစ် ပိတောက်ပန်းတွေ မဝေနိုင်သော်လည်း... အင်းစိန်မြို့နယ်၊ ပိတောက် ၅ လမ်းရှိ ဆရာဦးမောင်မော... မြင့်အေး၏ အိမ်ဂေဟာတွင်မတော့ အလှူပန်းများ အုံ့မ... ဝေဖြာလျက်ရှိသည်မှာ ကျွန်တော့်မျက်မြင်ပင် ဖြစ်ပါလေ...

တက္ကသိုလ်သစ်



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဖြစ်စဉ် ဇာတ်သက်အမြင်နှင့် ကျင့်စဉ်ယတြာများ(၂၉)

## ၇။ နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူခြင်း ဗုဒ္ဓဖြစ်စဉ်

ဘုန်းပြည့်တေဇာဟိန်း

နန္ဒောပနန္ဒနဂါးမင်းသည် နတ်နဂါးမျိုးနွယ် ဖြစ်သည်။ အလွန်ကြီးသော ကိုယ်ကို ဖန်ဆင်းနိုင်သည်။ အလွန်ပြင်းထန်သော အခိုးအငွေ့များ၊ မီးလျှံများ၊ နှာခေါင်းလေများကိုလွှတ်လျက် သတ္တဝါများကို သတ်ဖြတ်နိုင်သည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို မသိ၊ မိစ္ဆာအယူကို စွဲယူသည်။ သူသည် နတ်နဂါးတို့စီစဉ်ထားသော သေသောက်ပွဲသဘင်ကို ပျော်ရွှင်ခံစားရန် နတ်ပလ္လင်ထက်မှာ ထိုင်နေသည်။ သူ့အား နတ်ထီးဖြူကြီးကို ဆောင်းထားပေးသည်။ အကြီး၊ အလတ်၊ အငယ် အရွယ်စုံ နတ်နဂါးမကချေသည်များ၊ အခြွေအရံ နတ်နဂါးပရိသတ်များက သူ့အား ဝန်းရံခစားနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့တွင် မြတ်စွာဘုရားသည် လောကရှိ ကျွတ်ထိုက်သော သတ္တဝါများကို မဟာကရုဏာဉာဏ်တော်ဖြင့် ကြည့်တော်မူသည်။ နန္ဒောပနန္ဒနဂါးမင်းကို မြင်တော်မူ၍ နောက်ပါ ရဟန်းငါးရာနှင့်အတူ နန္ဒောပနန္ဒနဂါးမင်း၏ သေသောက်ပွဲသဘင် အခမ်းအနားပေါ်မှ ဖြတ်ကျော်၍ တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူသည်။

နန္ဒောပနန္ဒနဂါးမင်းသည် မြတ်စွာဘုရားနှင့် သံဃာတော်များကို မြင်လျှင်···

"ဤရဟန်းတို့သည် ငါတို့ထက်မှ တာဝတိံသာနတ်ပြည်သို့ ဝင်ထွက်သွားလာလေ့ရှိသည်။ ယခုလည်း ငါတို့အပေါ်သို့ ခြေမှုန့်များကြဲချ၍ သွားကြပြန်သည်။ ဤရဟန်းတို့အား သွားခွင့်မပေးတော့အံ့"ဟု ဒေါသတကြီး ပြောဆိုဆုံးဖြတ်လေသည်။ ထို့နောက် မြင်းမိုရ်တောင်ခြေသို့ သွားပြီး အလွန်ကြီးမားသောကိုယ်ကို ဖန်ဆင်းကာ မြင်းမိုရ်တောင်ကို ခုနစ်ပတ် ပတ်သည်။ အလွန်ကြီးမားသော ပါးပျဉ်းကြီးဖြင့် တာဝတိံသာနတ်ပြည်ကို မမြင်ရအောင် ဖုံးအုပ်ကွယ်ကာလျက် အမှောင်ထုကြီးကို ဖန်ဆင်းထားသည်။

မြင်းမိုရ်တောင်၊ တောင်ရံခုနစ်လုံး၊ တာဝတိံသာနတ်ပြည်၊ ဝေဇယန္တာပြာသာဒ်၊ သိကြားမင်း အလံတော်များကို မမြင်ရသောအခါ အရှင်ရဋ္ဌပါလက မြတ်စွာဘုရားကို အကြောင်းအကျိုးသိအောင် မေးလျှောက်ရာ မြတ်စွာဘုရားက နန္ဒောပနန္ဒနဂါးမင်းကြောင့်ဟု ပြန်ဖြေသည်။ အရှင်ရဋ္ဌပါလ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာတို့မှ တစ်ပါးပြီးတစ်ပါး နဂါးမင်းကို ဆုံးမခွင့်တောင်းကြသည်။ မြတ်စွာဘုရားက တစ်ပါးမျှ ခွင့်ပြုတော်မမူ။ အရှင်မောဂ္ဂလာန် ခွင့်တောင်းမှ ခွင့်ပြုတော်မူသည်။

အရှင်မောဂ္ဂလာန်သည် နဂါးမင်းထက် ကြီးမားသောကိုယ်ခန္ဓာကို ဖန်ဆင်းပြီး နဂါးမင်းရစ်ခွေထားသော အပေါ်မှ တစ်ဆယ့်လေးပတ် ရစ်ပတ်လိုက်၏။ ပိုမိုကြီးမားသောပါးပျဉ်းဖြင့် နဂါးမင်း၏ ပါးပျဉ်းပေါ် အုပ်မိုးပြီး မြင်းမိုရ်တောင်ဖြင့် ဖိညှပ်သည်။ နဂါးမင်းက အလွန်ပြင်းထန်သော အခိုးအငွေ့ကိုလွှတ်သည်။ အရှင်မောဂ္ဂလာန်က ပိုပြင်းထန်သော အခိုးအငွေ့ကို လွှတ်သည်။ နဂါးမင်းက မီးအလျှံများကိုလွှတ်လျှင် အရှင်မောဂ္ဂလာန်သည် ပိုပြင်းသော မီးအလျှံကိုလွှတ်သည်။ အရှင်မောဂ္ဂလာန်ကို မထိခိုက်သော်လည်း အရှင်မောဂ္ဂလာန်လွှတ်သော အခိုးအငွေ့နှင့် မီးလျှံမှာ နဂါးမင်းကို ပူလောင်ထိခိုက်စေသည်။

နဂါးမင်းက မည်သူဖြစ်ကြောင်းမေးလျှင် အရှင်မောဂ္ဂလာန်ဖြစ်ကြောင်း ဖြေသည်။ "ရဟန်းအသွင်ကိုပြပါ"ဟုဆိုလျှင် အရှင်မောဂ္ဂလာန်သည် ပကတိရဟန်းအသွင်ဖြင့် နဂါးမင်း၏ နားနစ်ဖက်မှ ဝင်လိုက်၊ ထွက်လိုက် လုပ်သည်။ နှာခေါင်းပေါက်မှဝင်၍ နားပေါက်မှ ထွက်သည်။ ခံတွင်းမှဝင်၍ ဝမ်းတွင်း၌ စင်္ကြံလျှောက်ပြသည်။

ထိုစဉ် မြတ်စွာဘုရားက -

"ချစ်သား မောဂ္ဂလာန်၊ သတိကြီးစွာထားပါ။ နဂါးမင်းသည် အလွန်တန်ခိုးကြီးပေသည်"ဟု သတိပေးတော်မူသည်။

"မြတ်စွာဘုရား၊ တပည့်တော်သည် ဣဒ္ဓိပါဒ်လေးပါး အလေ့အကျင့် ဝသီဘော် ငါးမျိုးတို့ကို နိုင်နိုင်နင်းနင်း ပွားများပြီးဖြစ်၍ နန္ဒောပနန္ဒကဲ့သို့သော နဂါးမင်း အထောင်အသိန်းကိုလည်း ဆုံးမနိုင်ပါသည်"ဟု ပြန်လျှောက်ထားသည်။

နဂါးမင်း၏ ဝမ်းထဲ၌ အရှင်မောဂ္ဂလာန် စင်္ကြံလျှောက်နေစဉ် နဂါးမင်းက ယခုတစ်ခါထွက်လာလျှင် ကျွတ်ကျွတ်ဝါး၍ စားအံ့ဟု ကြံစည်ပြီး "အရှင်ဘုရား၊ အပြင်ထွက်ပါလော့"ဟု ဆိုသည်။ အရှင်မောဂ္ဂလာန် အပြင်ထွက်၍ ရပ်စဉ် နဂါးမင်းသည် အလွန်ပြင်းသော နှာခေါင်းလေကို မှုတ်ရာ စတုတ္ထဈာန် လျှင်မြန်စွာဝင်စားပြီး ကာကွယ်လိုက်ရသည်။

အခြားရဟန်းတော်များ တန်ခိုးပြာဋိဟာ အမျိုးမျိုးပြနိုင်သော်လည်း နှာခေါင်းလေမှုတ်ခြင်းကို မြတ်စွာဘုရားမှတစ်ပါး အရှင်မောဂ္ဂလာန်သာ စွမ်းနိုင်၍ မြတ်စွာဘုရားက နဂါးမင်းကို အရှင်မောဂ္ဂလာန်ကိုသာ ဆုံးမခွင့်ပြုခြင်း ဖြစ်သည်။ ထို့နောက် အရှင်မောဂ္ဂလာန်သည် ဂဠုန်ငှက်မင်းအသွင် ဖန်ဆင်း၍ အလွန်ပြင်းထန်သော လေအဟုန်ကို တိုက်ခတ်ပြလိုက်သည်။ နဂါးမင်း ကြောက်၍ပြေးလျှင် နောက်မှ အစဉ်တစိုက် လိုက်သည်။ နဂါးမင်းသည် ပြေး၍မလွတ်ကြောင်းသိလျှင် လုလင်ငယ်အသွင် ဖန်ဆင်း၏။

"အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏"ဟု နဂါးမင်းက အရှင်မောဂ္ဂလာန်၏ ခြေအစုံကို ရိုသေစွာ ရှိခိုး၏။

"နန္ဒောပနန္ဒ···မြတ်စွာဘုရား ကြွတော်မူလာပြီ။ မြတ်စွာဘုရားထံ သွားကြစို့"ဟု မိန့်ကာ အရှင်မောဂ္ဂလာန်သည် နဂါးမင်းကို မြတ်စွာဘုရားထံသို့ ခေါ်ဆောင်သွားလေ၏။ မြတ်စွာဘုရားထံရောက်လျှင် နဂါးမင်းက ရိုသေစွာရှိခိုးပြီး "မြတ်စွာဘုရားတို့ကို တပည့်တော် ကိုးကွယ်ဆည်းကပ်ပါ၏"ဟု လျှောက်



www.burmeseclassic.com

www.burmeseclassic.com

ထားကာ သရဏံဆောက်တည်၍ ဥပါသကာအဖြစ် ခံယူလေ၏။ ဤနည်းအားဖြင့် နန္ဒောပနန္ဒနဂါးမင်းအား အောင်တော်မူလေ၏။

× × × × ×

## ဓာတ်သက်အမြင်နှင့် အကျိုးတရား

နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူခြင်း ဗုဒ္ဓဓာတ်သက်အရ ခရီးသွားလာရာတွင် အန္တရာယ်ကင်းခြင်း။ မြွေ၊ ကင်းစသော အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်မှ ကင်းဝေးခြင်း။ မိမိထက် ဂုဏ်နိမ့်သူမှ မိမိအား တော်လှန်၍ ပခုံးချင်းယှဉ်လာက အနိုင်ရစေခြင်း၊ မိစ္ဆာပယောဂ အနှောင့်အယှက်တို့မှ ကင်းဝေးခြင်း၊ ယှဉ်ပြိုင်တိုက်ခိုက်လာသူတို့ကို အောင်မြင်ခြင်း အကျိုးတရားများကို ရရှိစေပါသည်။

× × × × ×

## နန္ဒောပနန္ဒနဂါးမင်းကို အောင်ခြင်းဂါထာ

နန္ဒောပနန္ဒဘုဇဂံ ဝိဗုဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော-အကြင်ရဟန်းတို့ သေဌ်နင်း တရားမင်းသည်။ ဝိဗုဓံ-နှစ်သိန်းငါးသောင်း ချင့်ပေါင်းနှစ်ထောင် လုံးဝန်းဆောင်သား မြင်းမိုရ်တောင်မြတ်ကို ခုနစ်ပတ်တိုင်အောင် ပတ်ရစ်နိုင်ခြင်း၊ ကိုးယူဇနာ-ဆယ်ယူဇနာ ခံတွင်းအားဖြင့် အလွန်ခြောက်ခြိမ်း မိုးလုံးဟိန်းညံ စောင်းမာန်သွန့်သွန့် အဆိပ်ပျံ့ခြင်း အစရှိသော အထူးထူးအပြားပြားလည်း ရှိထသော။ မဟိဒ္ဓိံ-ကြောက်လန့်စဖွယ် ကြီးကျယ်သော တန်ခိုးလည်း ရှိထသော။ နန္ဒောပနန္ဒ ဘုဇဂံ-နန္ဒောပနန္ဒအမည်ရသော တေဇပြင်းထန် နဂါးမင်းကို။ ပုတ္တေန-သုံးလူ့ထွတ်ထား မြတ်ဘုရား၏ သားတော်အကြီးလည်း ဖြစ်ထသော။ ထေရဘုဇဂေန-အရှင်မောဂ္ဂလာန် ထေရ်မြတ်မွန်လျှင် ဖန်ဆင်းအပ်သော ဆင့်ဆင့်ကြီးမား နဂါးအသွင်ဖြင့်။ ဒမာပယန္တော-တုန်လှုပ်ကြောက်ငြင် ပူပင်ချောက်ချားစေလျက်၊ ဣဒ္ဓူပဒေသဝိဓိနာ-တန်ခိုးအတန်တန် ဖန်ဆင်းရန်ကို နည်းညွှန်ပေလတ် မြတ်သော အစီအရင်ဖြင့်။ ဇိတဝါ-မိုလ်ပါမဖက် ရဲမက်မခေါ် သားတော်မောဂ္ဂလာန် ဘိညာဉ်စွာန်ဖြင့် ချိုးနှိမ်အောင်စေတော်မူပြီ။

တံတေဇသာ-နန္ဒောပနန္ဒ မည်ရထင်ရှား နတ်နဂါးကို ချောက်ချားလွယ်ကူ အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ-အကျွန်ုပ်အား။ အဂ္ဂံ-မြတ်သော။ ဇယမင်္ဂလံ-ရောဂါဘေးဒဏ် ရန်မာရ်ခပင်း ရှိမဲ့လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်။ ဘဝတု-နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

× × × × ×

## ကျင့်စဉ်ယတြာ

ဖော်ပြပါ နန္ဒောပနန္ဒနဂါးမင်းကို အောင်ခြင်းဂါထာတော်အား ရွတ်ပွားပူဇော်ပါက ဖော်ပြပါ ဓာတ်သက်အကျိုးတရားများကို ရရှိစေခြင်းအပြင် ကျန်းမာခြင်း၊ လာဘ်ရွှင်ခြင်း၊ မျက်နှာပွင့်လန်းခြင်း အကျိုးတရားများကို ရရှိစေမည် ဖြစ်ပါသည်။

အထူးသဖြင့် သီလဆောက်တည်၍ အဓိဋ္ဌာန်ပြု၍ ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းခဲဖွယ် ကပ်လှူပူဇော်၍ မိမိမွေးနေ့မှာ ဖြစ်စေ ရွတ်ပွားပူဇော်ပါက အထူးအကျိုးပေးထက်သန်စေပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ…။

■ ဘုန်းပြည့်တေဇာဟိန်း





www.burmeseclassic.com

www.burmeseclassic.com

# ရဟန္တာကြီးများစောင့်ရှောက်တဲ့

# ဗုဒ္ဓသာသနာတော်

■ ဆရာဝင်း-သာကီနွယ်

**စာရေးသူ၏ ပဏာမစကား**

- ကျွန်ုပ်သည် အောက်ဖော်ပြပါအကြောင်းအရာများကို စိတ်ကူးယဉ် ဖွဲ့နွဲ့ရေးသားခြင်း မဟုတ်ကြောင်း သစ္စာဆို၍ ပြောရပါသည်။
- ရေးသားဖော်ပြရာတွင် ဖတ်ကောင်းအောင် ဖြည့်စွက်ရေးသားခြင်းမပြုဘဲ တိုတိုနဲ့လိုရင်းကိုသာ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

"မြန်မာနိုင်ငံမှာ ရဟန္တာတွေ မဆိတ်သုဉ်းသေးဘူး။ ရဟန္တာတွေ စောင့်ရှောက်နေတယ်။ မြန်မာနိုင်ငံလောက်တော့ လက်ဝါးနဲ့ အုပ်ထားတယ်လို့ရတယ် မေတ္တာလက်ဝါး"

*တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ*

ရဟန္တာမထေရ်မြတ်ကြီးတွေဟာ ဗုဒ္ဓသာသနာတော်နဲ့ မြန်မာနိုင်ငံတော်ကို စောင့်ရှောက်နေပါသလား။ ဘယ်တုန်းက စစောင့်ရှောက်ခဲ့တာလဲ။ ဒီအဖြေနဲ့ပတ်သက်လို့ ၂၀၀၃ ခုနှစ်၊ မေလ ၉ ရက်နေ့ မနက် ၅ နာရီကစတယ်လို့ ပြောရပါမယ်။ ဒီအချိန်မှာ ကျွန်တော် အိပ်ရာက နိုးနေပါတယ်။ ဒါပေမဲ့ မျက်စိတော့ မှိတ်ထားဆဲပါပဲ။ ရဟန်းတစ်ပါး ကျွန်တော်အိပ်တဲ့ ခုတင်ဘေး ခေါင်းရင်းပိုင်း၊ ကျွန်တော်နဲ့ တစ်တောင်ကွာလောက်မှာ ရပ်နေတာတွေ့ရပါတယ်။ သက်တော်က ခြောက်ဆယ်ဝန်းကျင်လောက်၊ ဆံပင်က တစ်ခေါင်းလုံး ဖြူနေပါတယ်။ အသားအရေက ကြေးနီရောင်၊ ထန်းရွက်ယပ်တောင်ကြီးကိုလည်း ပခုံးတစ်ဖက်ပေါ် ထမ်းထားပါတယ်။ အခုခေတ် ဘုန်းကြီးတွေကိုင်တဲ့ ထန်းရွက်ယပ်တောင်အသေး မဟုတ်ပါဘူး။ အချင်း နှစ်ပေကျော်လောက်ရှိတဲ့ ရှေးက ဘုန်းကြီး[illegible]ငင်တဲ့အခါ ကိုင်တဲ့ ဘုန်းကြီးကျောင်းတွေမှာ တွေ့ရတတ်တဲ့ ယပ်တောင်ကြီးပါ။ ကျွန်တော်က ဘုန်းကြီးမှန်းသိလို့ အိပ်ရာထဲကပဲ လက်အုပ်ချီကန်တော့ပါတယ်။ ဘုန်းကြီးက ပြန်ကြွသွားမယ်လို့ထင်တာ၊ မကြွသေးဘဲနဲ့ သူ့သပိတ်ထဲက ပစ္စည်းတစ်ခုခုကိုယူဖို့ သပိတ်အဖုံးကို ဖွင့်လိုက်ပါတယ်။ သပိတ်



www.burmeseclassic.com

www.burmeseclassic.com

အဖုံးက ကြေးနဲ့လုပ်ထားတဲ့အဖုံးပါ။ အထဲက တစ်စုံတစ်ရာ ဆွဲထုတ်လိုက်တော့ နဂါးခပ်ငယ်ငယ်တစ်ကောင် လူ့ပ်ရှားရုန်းကန်ပြီး ပါလာတာ တွေ့ရပါတယ်၊ သူ့ခန္ဓာကိုယ်က အချင်းသုံးလက်မနဲ့ အရှည်သုံးပေခန့် ရှိမယ်ထင်ပါတယ်။ ရုန်းကန်နေတဲ့ နဂါးကို ကျွန်တော့်ဝမ်းဗိုက်ထဲ ထည့်လိုက်တော့ နဂါးက ငြိမ်ကျသွားပါတယ်။ ကျွန်တော်လည်း လန့်ပြီး အံ့အားသင့်သွားပါတယ်။ ပြီးတော့ ဆရာတော်က အိပ်ခန်းပြတင်းပေါက်ကနေပြီး ကောင်းကင်ခရီးနဲ့ ပြန်ကြွသွားတာ ဖူးတွေ့လိုက်ရပါတယ်။ ဒီကိစ္စ အိပ်မက်မဟုတ်တာ သေချာပါတယ်။

၂၂၊ ၅၊ ၂၀၀၃ နေ့ ကျွန်တော့်မိတ်ဆွေတစ်ယောက်အိမ်မှာ မုံရွာဘက်က အကြားအမြင်နဲ့ဟောတဲ့ ဆရာတစ်ယောက်ကို မေးကြည့်တော့ ရှင်သီဝလိ ရဟန္တာကြီး ကြွလာတာဖြစ်ကြောင်း၊ ကောင်းကျိုးချမ်းသာ ရတော့မည့်အကြောင်း ဟောပါတယ်။

၂၈၊ ၅၊ ၂၀၀၃ ရက်နေ့မှာလည်း အကြားအမြင်နဲ့ဟောတဲ့ ဘုန်းကြီးတစ်ပါး တွေ့လို့ ပြောတာက ရှင်ဥပဂုတ္တရဟန္တာကြီးကြွလာပြီး နဂါးကို ထည့်ပေးတာဖြစ်ကြောင်း၊ ဘုန်းတန်ခိုးဩဇာ အရှိန်အဝါကြီးမည်လို့ ဟောပြန်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း ဝမ်းဗိုက်ထဲမှာ နဂါးတစ်ကောင် ရောက်နေတာပဲ၊ အဓိပ္ပာယ်လည်း တိတိကျကျမသိရ၊ စီးပွားရေးလည်း သိသိသာသာ တိုးတက်လာတာ မတွေ့ရသေးပါဘူး။ ဒီနဂါးက ကျွန်တော့်ကို သုံးနှစ်အတွင်း ဘာမှ ထူးထူးခြားခြား မပြုပါဘူး။ ဒီလိုနဲ့ ကျွန်တော်လည်း နဂါးနဲ့ပတ်သက်ပြီး တစ်ခါတစ်ရံမှပဲ သတိရပါတယ်။ ၂၀၀၇ ခုနှစ်ရောက်တော့ ပုတီးစိပ်တဲ့ ကျေးဇူးကြောင့်လား၊ ပါရမီကြောင့်လားတော့ မသိပါဘူး။ ကျွန်တော် နတ်တို့ ဝိဇ္ဇာတို့ သိုက်တို့နဲ့ လက်စီးပြီး စကားပြောလို့ ရနေပါပြီ။

၂၈၊ ၁၀၊ ၂၀၀၇ ရက်နေ့မနက် ၂း၀၀ နာရီအချိန် ကျွန်တော် တစ်ရေးနိုးနေစဉ် ရဟန်းတစ်ပါး ထန်းရွက်ယပ်တောင်ကြီးကို ဘယ်ဘက်ပခုံးပေါ်မှာ ထမ်းပြီး၊ သပိတ်လွယ်လျက် ကောင်းကင်ခရီးက ကျွန်တော့်အိပ်ခန်းပြတင်းပေါက်က ဝင်လာတာ ဖူးမြင်ရပါတယ်။ ဘေးကလည်း နဂါးနှစ်ကောင် ပါလာပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျွန်တော့်ဗိုက်ထဲ နဂါးလာထည့်ပေးတဲ့ ဘုန်းကြီးမှန်းသိရပါတယ်။ ရောက်ရောက်ချင်း သူ့ဘေးမှ နဂါးနှစ်ကောင်ကို ကျွန်တော့်ဗိုက်ထဲက နဂါးကို လက်ညှိုးထိုးပြပြီး၊ သူတို့သားဟုတ်မဟုတ် ပြတဲ့သဘောပါပဲ။ နဂါးနှစ်ကောင်ကလည်း သူတို့သားဖြစ်ကြောင်း အတည်ပြုတဲ့သဘောနဲ့ ခေါင်းညိတ်တာ တွေ့ရပါတယ်။ နောက်တော့ ဆရာတော်က ကျွန်တော့်ဗိုက်ထဲက နဂါးကို ဆွဲယူလိုက်ပြီး သူ့ကြေးသပိတ်ဖုံးနဲ့ သပိတ်ထဲကို ထည့်တာ တွေ့ရပါတယ်။ သပိတ်ထဲက ပန်းရောင်ပန်းပွင့်လေးတွေနဲ့ သီထားတဲ့ ပန်းကုံးအဝိုင်းလေးထဲကို ထည့်တာပါ။ နောက်သပိတ်အဖုံးကို ပိတ်လိုက်ပါတယ်။

ကျွန်တော်က ဆရာတော်ကို ကန်တော့ပြီး လျှောက်ထားပါတယ်။

ကျွန်ုပ် ။ ဆရာတော်ဘုရား၊ အရှင်ဘုရားဟာ ဝိဇ္ဇာလား၊ ရဟန္တာလား သိပါရစေဘုရား။ ဘယ်ကကြွလာတာပါလဲဘုရား။

ရဟန္တာကြီး ။ ရဟန္တာပါ။ ရွှေဘို ရွှေသိမ်တော်ဘုရားက ကြွလာတာပါ။

ကျွန်တော် အံ့အားသင့်သွားပါတယ်။ ရွှေဘိုမှာ ရွှေသိမ်တော်ဘုရားဟာ တန်ခိုးကြီးဘုရားမဟုတ်ပါဘူး။ ဒါပေမဲ့ လူအများ နားလည်ကြတာက ရွှေသိမ်တော်ဘုရားက သိမ်ဟာ ရဟန္တာကြီးများ သမုတ်ခဲ့တဲ့သိမ်လို့ သိထားကြပါတယ်။

ကျွန်ုပ် ။ တပည့်တော်ကို လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က အရှင်မြတ်ပဲ ဒီနဂါးကို လာပြီး ဝမ်းဗိုက်ထဲထည့်ပေးတာပါဘုရား။ ယခုပြန်ပြီးယူတဲ့ အကျိုးအကြောင်း သိပါရစေဘုရား။

ရဟန္တာကြီး ။ ဒကာကြီးကို လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က စုန်း၊ ပယောဂ၊ အောက်လမ်း၊ နတ် စတဲ့ ပရလောကမှ အန္တရာယ်တွေ ကာကွယ်ဖို့အတွက် ထည့်ပေးခဲ့တာဖြစ်တယ်။ ယခု ဒကာကြီးကိုယ်တိုင် ကာကွယ်နိုင်စွမ်းရှိပြီဖြစ်လို့ ပြန်သိမ်းတာပါ။

ကျွန်ုပ် ။ ဒီနဂါးက ဘယ်ကနဂါးပါလဲဘုရား။

ရဟန္တာကြီး ။ ဒီနဂါးက ရှမ်းပြည်မြောက်ပိုင်း လားရှိုးဘက်က နဂါးပါ။

ကျွန်ုပ် ။ ရွှေဘို ရွှေသိမ်တော်ဘုရားမှာ အရှင်ဘုရားအပြင် အခြားရဟန္တာတွေများ ရှိပါသေးသလားဘုရား။

ရဟန္တာကြီး ။ ရဟန္တာနဲ့အတူ အခြားရဟန္တာနှစ်ပါး သီတင်းသုံးပါတယ်။

ကျွန်ုပ် ။ ရွှေဘိုမှာ အခြားဘယ်ဘုရားတွေမှာ ရဟန္တာသီတင်းသုံးပါသေးသလဲဘုရား။

ရဟန္တာကြီး ။ ရွှေဘို 'ရွှေတန်ဆာ' ဘုရားမှာလည်း ရဟန္တာသုံးပါး သီတင်းသုံးပါတယ်။

ကျွန်ုပ် ။ မြန်မာပြည်မှာ ရဟန္တာဘယ်နှပါး သီတင်းသုံးပါသလဲဘုရား။

ရဟန္တာကြီး ။ မြန်မာပြည်မှာ ရဟန္တာအပါး ၁၁၀ သီတင်းသုံးပါတယ်။

ကျွန်ုပ် ။ တစ်ကမ္ဘာလုံးမှာ ရဟန္တာဘယ်နှပါး ရှိပါသေးသလဲဘုရား။ ဘယ်နိုင်ငံတွေမှာ ရှိပါသလဲဘုရား။

ရဟန္တာကြီး ။ တစ်ကမ္ဘာလုံးမှာ ရဟန္တာ အပါး ၂၇၀ ရှိတယ်။ အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံမှာ ရဟန္တာအပါး ၁၃၀၊ မြန်မာနိုင်ငံမှာ ရဟန္တာအပါး ၁၁၀၊ တရုတ်ပြည်မှာ ရဟန္တာ ၁၆ ပါး၊ ထိုင်းနိုင်ငံမှာ ရဟန္တာ ၅ ပါး၊ သီရိလင်္ကာနိုင်ငံမှာ ရဟန္တာ ၅ ပါး၊ နီပေါနိုင်ငံမှာ ရဟန္တာ ၂ ပါး၊ လာအိုနိုင်မှာ ရဟန္တာ ၁ ပါး၊ ကမ္ဘောဒီးယားနိုင်ငံမှာ ရဟန္တာ ၁ ပါး၊ စုစုပေါင်း ရဟန္တာအပါး ၂၇၀ ရှိတယ်။

ကျွန်ုပ် ။ မြန်မာနိုင်ငံမှာ ရဟန္တာကြီး အပါး ၁၁၀ က ဘယ်မှာသီတင်းသုံးပါသလဲ ဘုရား။

ရဟန္တာကြီး ။ ရွှေတိဂုံစေတီတော်ကြီးမှာ ၂၀ ပါး၊ မန္တလေး မဟာမြတ်မုနိဘုရားမှာ ရဟန္တာ ၁၅ ပါး၊ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားမှာ ရဟန္တာ ၅ ပါး၊ ပဲခူးရွှေမောဓောဘုရားမှာ ရဟန္တာ ၅ ပါး၊ ပြည်ရွှေဆံတော်ဘုရားမှာ ရဟန္တာ ၃ ပါး၊ ရွှေဘိုရွှေသိမ်တော်ဘုရားမှာ ရဟန္တာ ၃ ပါး၊ ရွှေဘို ရွှေတန်ဆာဘုရားမှာ ရဟန္တာ ၃ ပါး၊ အင်းလေးဖောင်တော်ဦးဘုရားမှာ ရဟန္တာ ၅ ပါး၊ အညာ သီဟတောဘုရားမှာ ရဟန္တာ ၃ ပါး၊ ကချင်ပြည်နယ် အင်းတော်ကြီးဘုရားမှာ ရဟန္တာ ၅ ပါး၊ မင်းဘူး လယ်ကိုင်းကျောင်းတော်ရာဘုရားမှာ ရဟန္တာ ၃ ပါး၊ ဇလွန်ပြည်တော်ပြန်ဘုရားမှာ ရဟန္တာ ၅ ပါး၊ ပုသိမ်မော်တင်စွန်းဘုရားမှာ ရဟန္တာ ၅ ပါး၊ မုံရွာ သမ္ဗုဒ္ဓေဘုရားမှာ ရဟန္တာ ၃ ပါး၊ မန္တလေး ရွှေကျီးမြင့်ဘုရားမှာ ရဟန္တာ ၃ ပါး၊ ပုဂံအာနန္ဒာဘုရားမှာ ရဟန္တာ ၃ ပါး၊ ပုဂံရွှေစည်းခုံဘုရားမှာ ရဟန္တာ ၃ ပါး၊ ကျိုက္ခမီရေလယ်ဘုရားမှာ ရဟန္တာ ၃ ပါး၊ မကွေးမြသလွန်ဘုရားမှာ ရဟန္တာ ၃ ပါး၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ဘုရားကြီးမှာ ရဟန္တာ ၃ ပါး၊ ရန်ကုန် ဆူးလေဘုရားမှာ ရဟန္တာ ၃ ပါး၊ မင်းဘူး အထက်စက်တော်ရာဘုရားမှာ ရဟန္တာ ၃ ပါး၊ ရေလယ်ကျောက်တန်းဘုရားမှာ ရဟန္တာ ၃ ပါး၊ အဲဒီဘုရားကြီးများမှာ ရဟန္တာကြီးအပါး ၁၁၀ သီတင်းသုံးပြီး သာသနာတော်ကို စောင့်ရှောက်နေကြတယ်။

ကျွန်ုပ် ။ ရဟန္တာကြီးများက ဘယ်တုန်းက ဘယ်လိုစပြီး စောင့်ရှောက်ပါသလဲဘုရား။

ရဟန္တာကြီး ။ ဒီရဟန္တာကြီး အပါး ၂၇၀ က ပထမသင်္ဂါယနာတင်ပွဲမှာ နာယကရဟန္တာအရှင်မြတ်ကြီးများရဲ့ တာဝန်ပေးချက်အရ ရှင်အာနန္ဒာခေါင်းဆောင်ပြီး မြတ်ဗုဒ္ဓသာသနာတော်ကို နှစ်ပေါင်း ၄၀၀၀ စောင့်ရှောက်ရန် တာဝန်ပေးခဲ့တာဖြစ်တယ်။ မြန်မာနိုင်ငံကို သရေခေတ္တရာဒွတ္တဘောင်မင်းကြီး လက်ထက်ကစပြီး ရဟန္တာအပါး ၃၀ ကြွရောက်လာခဲ့တယ်။ နောက် ပုဂံအနော်ရထာမင်း လက်ထက်ကစပြီး ရဟန္တာတွေ ထပ်မံကြွရောက်လာကြတယ်။ ရဟန္တာကြီးများကို အရှင်အာနန္ဒာအမှူးပြုတဲ့ ရဟန္တာကြီးခြောက်ပါးက အိန္ဒိယကနေပြီး ဦးဆောင်မှုပြုနေပါတယ်။

ကျွန်ုပ် ။ အရှင်အာနန္ဒာရဟန္တာကြီးနဲ့ နောက်ပါ ရဟန္တာ ၅ ပါးက ဘယ်မှာသီတင်းသုံးနေပါသလဲ ဘုရား။

ရဟန္တာကြီး ။ ယခု အိန္ဒိယနိုင်ငံ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံမှာ သီတင်းသုံးနေပါတယ်။

ကျွန်ုပ် ။ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာကျယ်ပြန့်ထွန်းကားလာမည့် အခြေအနေသိပါရစေဘုရား။

ရဟန္တာကြီး ။ ဗုဒ္ဓဘာသာဟာ ၂၀၁၇ ခုနှစ်မှာ တစ်ကမ္ဘာလုံးသို့ ပြန့်မည်၊ ၂၀၂၀ ခုနှစ်မှာ ကမ္ဘာပြည်သူ အများစု ကိုးကွယ်တဲ့ဘာသာ ဖြစ်လိမ့်မည်။

ကျွန်ုပ် ။ ရှင်ဥပဂုတ္တရဟန္တာကြီးက အရှင်ဘုရားအမိန့်ရှိတဲ့ ရဟန္တာကြီး ၂၇၀ ထဲမှာ ပါပါသလားဘုရား။

ရဟန္တာကြီး ။ ရှင်ဥပဂုတ္တရဟန္တာကြီးက မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၃၀၀ ကြာမှ ပေါ်ပေါက်လာတဲ့ ရဟန္တာကြီးဖြစ်တယ်။ ရှင်အာနန္ဒာရဟန္တာကြီးက ရှင်ဥပဂုတ္တရဟန္တာကြီးကိုလည်း အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာရှိကျွန်းများနဲ့ ပင်လယ်သမုဒ္ဒရာပိုင်းမှာ စောင့်ရှောက်ဖို့ တာဝန်ပေးထားပါတယ်။ ရှင်ဥပဂုတ္တရဟန္တာကြီးနဲ့ပါဆိုလျှင် ၂၇၁ ပါး ရှိပါတယ်။

ကျွန်ုပ် ။ မြန်မာနိုင်ငံမှာ ဝိပဿနာတရားအားထုတ်ပြီး ရဟန္တာဖြစ်နေတဲ့ ဆရာတော်တွေ ရှိပါသလားဘုရား။

ရဟန္တာကြီး ။ ဝိပဿနာတရားအားထုတ်ပြီး ရဟန္တာဖြစ်နေတဲ့ ဆရာတော်ကြီး ၁၅ ပါး ရှိပါတယ်။

ကျွန်ုပ် ။ ဘယ်တိုင်းနဲ့ ပြည်နယ်တွေမှာ ရှိပါသလဲဘုရား။

ရဟန္တာကြီး ။ ရန်ကုန်တိုင်းဒေသကြီးမှာ ၂ ပါး၊ စစ်ကိုင်းတိုင်းဒေသ ကြီးမှာ ၃ ပါး၊ မန္တလေးတိုင်းဒေသ ကြီးမှာ ၃ ပါး၊ မကွေးတိုင်းဒေသ ကြီးမှာ ၂ ပါး၊ မွန်ပြည်နယ်မှာ ၁ ပါး၊ ပဲခူးတိုင်းဒေသကြီးမှာ ၁ ပါး၊ ရခိုင်ပြည်နယ်မှာ ၃ ပါး၊ စုစုပေါင်း ၁၅ ပါးရှိပါတယ်။

ကျွန်ုပ် ။ ရဟန္တာအရှင်မြတ်ကြီးနဲ့ ဖူးမြော်ကန်တော့ခွင့်ရပြီး အလွန်အရေးကြီးတဲ့ သာသနာတော်ဆိုင်ရာတွေသိရလို့ အလွန်ပဲ ဝမ်းမြောက်လှပါတယ်ဘုရား။ နောင်ကို အရှင်မြတ်ကိုပင့်ပြီး ဘာသာရေးဆိုင်ရာ မရှင်းလင်းတဲ့အချက်အလက်တွေ လျှော ်ဘားခွင့်ပြုပါဘုရား။

ရဟန္တာ၊ ႏ၊ ၊ ှ၊ သက်ခံတဲ့သဘောပြုပြီး ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားပါတယ်။ နဂါးနှစ်ကောင်လည်း ရဟန္တာကြီးနဲ့အတူ ပြန်သွားပါတယ်။

ရဟန္တာကြီးပြန်ကြွသွားပြီး နှစ်လအကြာ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မနက် ၂း၀၀ နာရီခန့် တစ်ရေးနိုး



www.burmeseclassic.com

www.burmeseclassic.com

နေစဉ်တွင် ရှင်အာနန္ဒရဟန္တာကြီးနှင့်တကွ ရဟန္တာအပါး ၂၇၀ ပရိနိဗ္ဗာန်မပြုသေးဘဲ သတ္တဂါတွေရဲ့ အကျိုးစီးပွားငှဲပြီး နှစ်ပေါင်း ၄၀၀၀ သာသနာတော်ကို စောင့်ရှောက်နေကြတာကို သတိရပြီး အလွန်ကြည်ညိုပြီး ပီတိတွေဖြစ်မိပါတယ်။ ထိုစဉ်ကျွန်တော် အသက်ရှူရတာမကောင်းတာနဲ့ အိပ်ရာကထပြီး ပြတင်းပေါက်ဘက်ကို မျက်နှာမူကာ လေကောင်းလေသန့် အားပါးတရ ရှူနေမိပါတယ်။ ရုတ်တရက် ပြတင်းပေါက်အပြင်ဘက်မှာ အသက် ၇၀ ကျော်အရွယ်၊ မျက်ခုံးမျက်လုံး ကောင်းကောင်း၊ ခန္ဓာကိုယ်ထွားထွား ကျိုင်းကျိုင်း ဆရာတော်ကြီးတစ်ပါး ဖူးမြင်ရပါတယ်။ ကျန်တဲ့ ဆရာတော်ငါးပါးရဲ့ မျက်နှာတော်တွေကိုတော့ ရှင်းရှင်းလင်းလင်း မမြင်ရပါဘူး။

ကျွန်တော်က ဆရာတော်တွေကို စတင်လျှောက်ထားပါတယ်။

ကျွန်ုပ် ။ ဆရာတော်များက ဝိဇ္ဇာဘုန်းကြီးတွေပါလား ဘုရား။

ရဟန္တာကြီး ။ ဝိဇ္ဇာဘုန်းကြီးတွေ မဟုတ်ပါဘူး။ အိန္ဒိယနိုင်ငံ ကုသိနာရုံက ကြွလာတဲ့ အရှင်အာနန္ဒာရဟန္တာကြီးပါ။

ကျွန်ုပ် ။ ဖူးမြော်ခွင့်ရတာ အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ဘုရား။ အရှင်မြတ်ဦးဆောင်တဲ့ ရဟန္တာကြီး အပါး ၂၇၀ ဟာ ပထမသင်္ဂါယနာတင်အပြီး ဦးစီးနာယက ရဟန္တာတော်ကြီးများရဲ့ တာဝန်ပေးချက်အရ ဗုဒ္ဓသာသနာတော်ကို နှစ်ပေါင်း ၄၀၀၀ တိုင် ပရိနိဗ္ဗာန်မပြုသေးဘဲ စောင့်ရှောက်နေတယ်ဆိုတာ မှန်ပါသလားဘုရား။ ရွှေဘိုမြို့က ရဟန္တာကြီး အမိန့်ရှိတဲ့အတိုင်း နိုင်ငံအသီးသီးမှ တာဝန်ပေးတာ မှန်ပါသလားဘုရား။

ရဟန္တာကြီး ။ နာယကရဟန္တာ အရှင်မြတ်ကြီးများက သာသနာတော်ကို စောင့်ရှောက်ဖို့ ရဟန္တာကြီး အပါး ၂၇၀ ကို တာဝန်ပေးခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ အိန္ဒိယနိုင်ငံမှာ သီတင်းသုံးတယ်ဆိုတဲ့ ရဟန္တာ အပါး ၁၃၀ အနက်က ရဟန္တာ ၄၀ သာ အိန္ဒိယနိုင်ငံမှာ အမြဲသီတင်းသုံးပြီး ကျန်တဲ့အပါး ၉၀ ကတော့ အဖွဲ့သုံးဖွဲ့ခွဲပြီး ကမ္ဘာအရပ်ရပ်မှာ လှည့်လည်ပြီး သာသနာကို စောင့်ရှောက်လျက်ရှိပါတယ်။

ကျွန်ုပ် ။ ဘုရားတပည့်တော် လွန်ခဲ့တဲ့ ငါးနှစ်ခန့်က တစ်ကြိမ်၊ လွန်ခဲ့တဲ့ တစ်နှစ်ခန့်က တစ်ကြိမ်၊ မိတ္ထီလာ ရွှေပေါ်ကျွန်းမှာ ရဟန္တာအပါး ၂၀၊ စစ်ကိုင်းတောင်းမှာ အပါး ၂၀၊ ချင်းပြည်နယ်တောင်ပိုင်း တွန်းဇံမြို့မှာ ရဟန္တာအပါး ၅၀ သီတင်းသုံးနေတဲ့အကြောင်း ဝိဇ္ဇာကြီးများပြောလို့ မှတ်သားရပါတယ်ဘုရား။ အဲဒါ ယခုတိုင် ရဟန္တာကြီးများ အထက်ပါ ဒေသတွေမှာ သီတင်းသုံးလျက် ရှိပါသေးသလားဘုရား။

ရဟန္တာကြီး ။ မိတ္ထီလာရွှေပေါ်ကျွန်းမှာသီတင်းသုံးတဲ့ ရဟန္တာကြီး အပါး ၂၀ က လွန်ခဲ့တဲ့ ငါးနှစ်က တရုတ်ပြည်သို့ ကြွသွားပါတယ်။ စစ်ကိုင်းတောင်မှာ သီတင်းသုံးတဲ့ ရဟန္တာအပါး ၂၀ က လွန်ခဲ့တဲ့ နှစ်လကပဲ အိန္ဒိယကို ကြွသွားပါတယ်။ ချင်းပြည်နယ်တောင်ပိုင်းက ရဟန္တာကြီး အပါး ၅၀ က အမေရိကန်နိုင်ငံအရှေ့ပိုင်း ကြွသွားပါတယ်။ အဲဒီ ရဟန္တာ အပါး ၅၀ က ခြောက်လပြည့်ရင် တောင်အမေရိကသို့ ကြွပါမယ်။

ကျွန်ုပ် ။ အဲဒီ ရဟန္တာကြီးတွေက အဲဒီတိုင်းပြည်တွေ ရောက်တဲ့အခါ ဘယ်လိုကိစ္စတွေ ဆောင်ရွက်ပါသလဲဘုရား။

ရဟန္တာကြီး ။ သာသနာတော် ရောက်ရှိပြီးသားဒေသတွေမှာ သာသနာတော်ကို ပိုမိုတည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ပါတယ်။ သာသနာတော် မပြန့်ပွားမထွန်းလင်းသေးတဲ့ ဒေသတွေမှာတော့ သာသနာပြန့်ပွားထွန်းလင်းအောင် ဆောင်ရွက်ပါတယ်။

ကျွန်ုပ် ။ ဗုဒ္ဓသာသနာတော်ဟာ ကမ္ဘာပေါ်မှာ ဘယ်လိုများ ပြန့်ပွားပါမည်လဲဘုရား။

ရဟန္တာကြီး ။ ဗုဒ္ဓသာသနာတော်ဟာ ၂၀၁၂ ခုနှစ်မှာ တစ်ကမ္ဘာလုံးသို့ ပြန့်လိမ့်မည်။ ၂၀၂၀ မှာတော့ ကမ္ဘာပေါ်မှာ ဗုဒ္ဓသာသနာဟာ လူအများဆုံး ကိုးကွယ်တဲ့ဘာသာ ဖြစ်လိမ့်မည်။

ကျွန်ုပ် ။ အရှင်အာနန္ဒာရဟန္တာ အရှင်မြတ်ကြီးဟာ ပထမသင်္ဂါယနာတင်ပွဲ ပြီးကတည်းက အိန္ဒိယမှာ ယခုတိုင် သီတင်းသုံးနေတာပါလားဘုရား။

ရဟန္တာကြီး ။ ပထမသင်္ဂါယနာတင်ပွဲအပြီးမှာ အိန္ဒိယနိုင်ငံ ဘုရားရှင် ဓမ္မစကြာတရားဟောတဲ့ မိဂဒါဝုန်တောမှာ နှစ်ပေါင်း ၁၀၀၀ သီတင်းသုံးပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံ မင်းဘူးခရိုင်၊ လယ်ကိုင်းကျောင်းတော်ရာမှာ နှစ်ပေါင်း ၅၀၀ သီတင်းသုံးပါတယ်။ အဲဒီနောက် တရုတ်ပြည်အနောက်ပိုင်း ယူနန်ပြည်နယ်မှာ နှစ်ပေါင်း ၅၀၀ သီတင်းသုံးပါတယ်။ အဲဒီနောက် သီဟိုဠ်နိုင်ငံ၊ ကိုလံဘိုမြို့မှာ နှစ်ပေါင်း ၅၀၀ သီတင်းသုံးပါတယ်။ ယခု ဘုရားပရိနိဗ္ဗာန်ပြုတဲ့ အိန္ဒိယအရှေ့ပိုင်းက ကုသိနာရုံမှာ သီတင်းသုံးပါတယ်။

ကျွန်ုပ် ။ ရှင်ဥပဂုတ္တရဟန္တာကြီးကိုရော အရှင်မြတ်ရဲ့ ဦးဆောင်မှုအတွင်းမှာ ရှိပါသလားဘုရား။

ရဟန္တာကြီး။ ရှင်ဥပဂုတ္တရဟန္တာကြီးက အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာမှာ သာသနာတော်ကို စောင့်ရှောက်ဖို့ တာဝန်ယူနေပါတယ်။

ကျွန်ုပ် ။ ရှင်သီဝလိရဟန္တာကြီးက ဘယ်မှာ သီတင်းသုံးနေပါသလဲဘုရား။

ရဟန္တာကြီး ။ ရှင်သီဝလိရဟန္တာကြီးက တရုတ်ပြည်မြောက်ပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

နောက်ပါရဟန္တာကြီး ငါးပါးနဲ့ သာသနာတော်ကို စောင့်ရှောက်နေပါတယ်

ရှင်အာနန္ဒာရဟန္တာကြီးနဲ့ နောက်ပါ ရဟန္တာကြီးများဟာ ကျွန်တော့်ရဲ့ မေးမြန်းလျှောက်ထားမှုတွေကို ဖြေကြားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားပါတယ်။ ကျွန်တော်လည်း အရှင်အာနန္ဒာနဲ့ ရဟန္တာကြီးတွေကို ကိုယ်တိုင်ဖူးမြော်ခွင့် ရတဲ့အတွက် အလွန်ပီတိဖြစ်နေမိပါတယ်။

အရှင်အာနန္ဒာရဟန္တာကြီးကို ဖူးမြော်ခွင့်ရပြီး သုံးရက်အကြာ ၁၈. ၁. ၂၀၀၈ ရက်နေ့ မနက်သုံးနာရီအချိန်မှာ ကျွန်တော်တစ်ရေးနိုး၍နေစဉ် အသက်ရှူမကောင်းသဖြင့် ပြတင်းပေါက်ဘက်ထိုင်၍ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်နေစဉ် ပြတင်းပေါက်အပြင်ဘက်၌ အသက် ၇၀ ဘုန်းကြီးတစ်ပါးနှင့် အသက် ၈၀ အရွယ် ရသေ့ကြီးတစ်ပါး ပေါ်လာပါတယ်။ ဆရာတော်က ကျွန်တော်တို့ငယ်စဉ်က ကျောင်းတက်ကျောင်းဆင်းမှာ ကျောင်းအုပ်ကြီးရုံးခန်းကသုံးတဲ့ ကလိုင်နဲ့တူပါတဲ့ ကလိုင်လေးကို လွယ်ယမ်းနေပါတယ်။

ကျွန်ုပ် ။ ဆရာတော်ကြီးနဲ့ ရသေ့ကြီးက ဝိဇ္ဇာတွေပါလားဘုရား။ ဘယ်က ကြွလာတာပါလဲဘုရား။

ဆရာတော်ကြီး ။ ဝိဇ္ဇာတွေပါ။ မင်းဘူးခရိုင်၊ လယ်ကိုင်းကျောင်းတော်ရာက ကြွလာတာပါ။

ကျွန်ုပ် ။ ဝိဇ္ဇာကြီးတို့က တပည့်တော်ကို ဘာများမှာကြား လမ်းညွှန်စရာရှိပါသလဲဘုရား။

ဆရာတော်ကြီး ။ ဒကာကြီးနဲ့ ပဋ္ဌာန်းဆက်' မရှိပါဘူး။ ဘုန်းကြီးရဲ့ ဘယ်ဘက်ခြေသ လုံးကအနာကို ဒကာကြီးဆီမှာ ဆေးကုချင်လို့ ကြွလာတာပါ။ နောက်က ပါလာတဲ့ ရသေ့ကြီးက ဒကာကြီးရဲ့ အဘိုး ရသေ့ကြီးပါ။ လယ်ကိုင်းကျောင်းတော်ရာကပါပဲ။

ကျွန်တော် ပရလောကမှ နတ်၊ ဝိဇ္ဇာ၊ သိုက်၊ ဘီလူး၊ တစ္ဆေ နဂါး စတဲ့ ပုဂ္ဂိုလ်တွေကို ဆေးကုပေးတာ နှစ်လကျော်၊ သုံးလလောက်ရှိပြီ။ ဆေးကုသနိုင်တဲ့အကြောင်းကလည်း လွန်ခဲ့တဲ့ သုံးလလောက်က တစ်ခုသောဘဝက ဖခင်တော်ခဲ့ဖူးတဲ့ ဆေးဝိဇ္ဇာကြီးကြွလာပြီး ညာဘက်လက်ဝါးမှာ ပရလောကမှ ပုဂ္ဂိုလ်များကို ဆေးကုသနိုင်တဲ့သိဒ္ဓိ ပေးသွားပါတယ်။ စုန်း၊ ကဝေ၊ အောက်လမ်း၊ နတ်တွေပြုစားခံရတဲ့ ဝေဒနာသည်တွေကိုပါ ကုသနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ဆီ ကြွလာတာပါ။ မကြာမကြာလည်း ကုသပေးနေရပါတယ်။

ရသေ့ကြီးကို ဆရာတော်ကြီးပြောမှ သတိပြုမိပါတယ်။ ကျွန်တော့်ရဲ့ ပုဂံခေတ်က အဘိုးတော်တဲ့ ရသေ့ကြီးပါ။ ကျွန်တော်လွန်ခဲ့တဲ့ငါးလခန့်က မကွေးဘက်သွားရင်း တွေ့ပြီး ကျွန်တော့်ဆီကိုလိုက်လာရာ အိမ်မှာ ၁၀ ရက်ခန့် နေသွားပါသေးတယ်။ ဆရာတော်ကို သူက ပင့်ခေါ်လာတာနဲ့ တူပါတယ်။

ကျွန်တော်က ဆရာတော်ကြီးရဲ့ ဘယ်ဘက်ခြေသလုံးကအနာကို မှန်းပြီး လက်ဝါးပြ ဆေးကုသပေးရာမှာ စက္ကန့်ပိုင်းအတွင်း ပျောက်သွားပါတယ်။ ဆရာတော်ကြီးကလည်း ပျောက်ကင်းသွားကြောင်း ပြောပါတယ်။ လယ်ကိုင်းကျောင်းတော်ရာက ဝိဇ္ဇာကြီးများ ဖြစ်တယ်ဆို၍ ရှင်အာနန္ဒာရဟန္တာကြီး သီတင်းသုံးခဲ့ဖူးတာ သတိရပြီး ...

ကျွန်ုပ် ။ ဆရာတော်ကြီးဘုရား၊ တပည့်တော် မနေ့တစ်နေ့ကပဲ သိရတာက ဂေါတမမြတ်စွာဘုရားသာသနာမှာ အလွန်ထင်ရှားတဲ့ ရှင်အာနန္ဒာနဲ့ နောက်ပါရဟန္တာကြီးငါးပါး လယ်ကိုင်းကျောင်းတော်ရာမှာ သီတင်းသုံးသွားတာ မိလိုက်ပါသလားဘုရား။

ဆရာတော်ကြီး ။ အရှင်အာနန္ဒာနဲ့ ရဟန္တာကြီးငါးပါး လယ်ကိုင်းကျောင်းတော်ရာမှာ နှစ်ပေါင်း ၁၀၀၀ ကျော်လောက်က သီတင်းသုံးသွားတယ်ဆိုတာ ကြားဖူးပါတယ်။ မဖူးတွေ့လိုက်ရပါဘူး။ ဘုန်းကြီးက ဝိဇ္ဇာဖြစ်တာ နှစ်ပေါင်း ၅၀၀ ပဲ ရှိပါသေးတယ်။

ကျွန်ုပ် ။ အခြားရဟန္တာကြီး သုံးပါးကော ယခု လယ်ကိုင်းကျောင်းတော်ရာမှာ သီတင်းသုံးပါသေးသလားဘုရား။

ဆရာတော်ကြီး ။ ရဟန္တာကြီးသုံးပါး သီတင်းသုံးနေပါတယ်။ စကားတော့ ပြောခွင့်မရပါဘူး။ ရဟန္တာကြီးများက စတုတ္ထဈာန်ဝင်စားနေကြတာ များပါတယ်။

ကျွန်ုပ် ။ ရဟန္တာကြီးသုံးပါးရဲ့ ရုပ်လက္ခဏာက ဘာလူမျိုးနဲ့ တူပါသလဲဘုရား။

ဆရာတော်ကြီး ။ ရဟန္တာကြီးတွေက လူမျိုးခြား ရဟန္တာကြီးတွေနဲ့ တူပါတယ်။

ကျွန်ုပ် ။ ရဟန္တာကြီးတွေကော စကားတွေဘာတွေ ပြောတာ တွေ့ရပါသလားဘုရား။

ဆရာတော်ကြီး ။ လွန်ခဲ့တဲ့ ဖွန်လလောက်က ရွှေစက်တော်ဘုရားက ကြွလာတဲ့ ရဟန္တာကြီးသုံးပါးနဲ့ စကားပြောတာ တွေ့ရပါတယ်။

ကျွန်ုပ် ။ ရဟန္တာကြီးတွေ ဘာတွေများ ပြောဆိုဆွေးနွေးကြပါသလဲဘုရား။

ဆရာတော်ကြီး ။ မြန်မာနိုင်ငံမှာ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လနဲ့ စက်တင်ဘာလမှာဖြစ်မည့် သံဃာ့အရေးအခင်းမှာ ဆိုးဆိုးဝါးဝါး မဖြစ်အောင် ထိန်းသိမ်းကြပ်မတ်ဖို့ ပြောဆိုဆွေးနွေးတာကြားရပါတယ်။

ကျွန်ုပ် ။ လယ်ကိုင်းကျောင်းတော်ရာက ရဟန္တာကြီးကြီးတွေကော အခြ



www.burmeseclassic.com

www.burmeseclassic.com

ဒေသကို မကြွဘူးလားဘုရား။

ဆရာတော်ကြီး ။ ပွင့်ခဲ့တဲ့ ပြေလက တောင်ငူမြို့က မြတ်စောညီနောင်ဘုရား ကြွသွားတယ်လို့ သိရတယ်။ အဲဒီမှာ ဗီယက်နမ်နိုင်ငံက သိဒ္ဓိရှင်ကြီးသုံးပါးက မြတ်စောညီနောင်ဘုရားက နတ်ကြီးကို တိုက်ခိုက်ဖို့လာလို့ ပဲခူးရွှေမောဓောဘုရားက ရဟန္တာကြီးသုံးပါး၊ ကျိုက်ထီးရိုးဘုရားက ရဟန္တာကြီးသုံးပါး၊ စုစုပေါင်း ရဟန္တာကြီး ၉ ပါးက သွားရောက်မေတ္တာရပ်ခံမှ ဗီယက်နမ်နိုင်ငံက သိဒ္ဓိရှင်ကြီးသုံးပါးရဲ့ အန္တရာယ်က ကင်းလွတ်သွားတယ်လို့ ရွှေစက်တော်က ရဟန္တာကြီးများနဲ့ ပြောနေတာ ကြားသိရပါတယ်။

ကျွန်ုပ် ။ ရဟန္တာကြီးများ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း စသည်ဖြင့် အာဟာရအဖြစ် ဘုဥ်းပေးပါသလားဘုရား။

ဆရာတော်ကြီး ။ ရဟန္တာကြီးတွေကို ကပ်လှူတဲ့သူလည်း မရှိပါဘူး။ ဘုဥ်းပေးတာလည်း မတွေ့ရပါဘူး။

ကျွန်ုပ် ။ အခြားရဟန္တာကြီးတွေကော ဆွမ်း၊ သစ်သီး စသည် ဘုဥ်းပေးပါသလားဘုရား။

ဆရာတော်ကြီး ။ မင်းဘူးအထက်စက်တော်ရာက ရဟန္တာကြီးတွေကိုတော့ ဘီလူးက ကပ်လှူလို့ ဘုဥ်းပေးရတယ်။ လူတွေက ကပ်လှူတာ မရှိပါဘူး။

ဒီစကားကြားရတော့ ကျွန်တော် စိတ်မကောင်းဖြစ်သွားတယ်။ ရဟန္တာကြီးတွေ ရှိနေမှန်းမသိလို့ လူတွေကလည်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး မကပ်လှူကြဘူး။ ဘုရား၊ နတ်၊ ဝိဇ္ဇာတို့ကိုသာ ကပ်လှူနေကြတာ တွေ့ကြရတယ်။ ရဟန္တာကြီးတွေ ကွယ်လွန်လျှင် ကွယ်လွန်ချင်း ပရိနိဗ္ဗာန်ပြုသွားကြပြီလို့ လူတွေက နားလည်နေကြတာ။ ရှင်သီဝလိနဲ့ ရှင်ဥပဂုတ္တရဟန္တာကြီးနှစ်ပါးသာ ဗုဒ္ဓဘာသာဝင်များရဲ့လောကမှာ သက်ရှိထင်ရှားရှိတာ သိနေကြပြီး ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူနေကြတာ ဖြစ်တယ်။ ကျွန်တော် ကမ္ဘာပေါ်က ရဟန္တာကြီးအားလုံးကိုပင့်ပြီး နေ့စဉ် သစ်သီး၊ ဆွမ်း၊ ဘောဇဉ်၊ ဆီမီးတိုင်၊ အမွှေးတိုင်များ ကပ်လှူမည်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဝိဇ္ဇာဆရာတော်ကြီးနဲ့ အဘိုးရသေ့ကြီးတို့လည်း ပြန်ကြွသွားကြပါတယ်။

ဝိဇ္ဇာဆရာတော်ကြီးနဲ့ အဘိုးရသေ့ကြီး ပြန်ကြွသွားပြီး နှစ်ရက်အကြာ ၁၂. ၁. ၂၀၀၈ ရက်နေ့ မနက် ၅း၃၀ နာရီအချိန်တွင် ကျွန်တော် အိပ်ရာက နိုးနေပါတယ်။ အဲဒီအချိန် ကျွန်တော် အိမ်ကဘုရားခန်းက ဘုရားစင် ရှင်ဥပဂုတ္တ၊ ရှင်သီဝလိရဟန္တာကြီးများ သီတင်းသုံးတဲ့နေရာလောက်က ကျွန်းစားပွဲ လခြမ်းသဏ္ဌာန်ရှေ့ကို နှစ်ပေကျော်ကျော်လောက် ထွက်လာပါတယ်။ အဲဒီအပေါ်မှာ အသားရောင် ဝါဝင်းနေတဲ့ သက်တော် ၈၀ ကျော်လောက်ရှိမယ့် ဆရာတော်ကြီးတစ်ပါး ထိုင်လျက်နေတာ ဖူးမြင်ရပါတယ်။

ကျွန်ုပ် ။ ဆရာတော်ကြီးက ဝိဇ္ဇာဆရာတော်ကြီးပါလားဘုရား။ ဘယ်က ကြွလာတာပါလဲဘုရား။

ရဟန္တာကြီး ။ ဒကာကြီး၊ ကျုပ်က ဝိဇ္ဇာဘုန်းကြီးမဟုတ်ပါဘူး။ အိန္ဒိယနိုင်ငံ ကုသိနာရုံက ရှင်အာနန္ဒာရဟန္တာကြီးနဲ့ အတူ သီတင်းသုံးနေတဲ့ ရဟန္တာကြီးပါ။ အရှင်အာနန္ဒာရဟန္တာကြီးက လွှတ်လိုက်လို့ ကြွလာတာပါ။

ကျွန်ုပ် ။ တပည့်တော် ဒီမနက် အရှင်အာနန္ဒာရဟန္တာကြီးနဲ့တကွ ရဟန္တာပေါင်း ၂၅၀ ပါးကို သစ်သီးဆွမ်း၊ ရေချမ်း၊ အမွှေးတိုင်များ ကပ်လှူတာ ကြွရောက်ဘုဥ်းပေးပါသလားဘုရား။ ကြွလာတဲ့အကျိုးအကြောင်းကိုလည်း အမိန့်ရှိပါဘုရား။

ရဟန္တာကြီး ။ သစ်သီးဆွမ်းများ ဘုဥ်းပေးရပါတယ်။ ရဟန္တာကြီးတွေ ကြွရောက်ဘုဥ်းပေးကြတာ တွေ့ရပါတယ်။ ကြွလာတဲ့အကြောင်းက အရေးကြီးတာ နှစ်ခုပါတယ်။ တစ်ခုက ကမ္ဘာကြီးမှာ စက်ရုံယာဉ်ရထားတွေက ရေနံဓာတ်ငွေ့တွေ ထုတ်လွှတ်နေတာ ၁၀ နှစ်လောက်ကြာတဲ့အခါ ကမ္ဘာ့အပူချိန် သုံးဒီဂရီလောက်တက်လာမယ်။ အဲဒီအခါ သတ္တဝါတွေ အပူဒဏ်ကြောင့် ဒုက္ခရောက်ကြလိမ့်မည်။ ရေခဲပြင်တွေ၊ ရေခဲမြစ်တွေ အရည်ပျော်လာတာကြောင့် သမုဒ္ဒရာမျက်နှာပြင် မြင့်တက်လာပြီး တချို့ ကျွန်းနိုင်ငံတွေ၊ ကမ်းရိုးတန်းနိုင်ငံတွေ ရေဘေးဒုက္ခအပူဒဏ်ကြောင့် တွေ့ရတဲ့ဒုက္ခရောက်ကြလိမ့်မည်။ အဲဒါကြောင့် ယခုကတည်းက လေထုညစ်ညမ်းမှု ကာကွယ်မယ်ဆိုရင်တောင် နောင် ၁၀ နှစ်ကြာတဲ့အခါ ကမ္ဘာ့လေထုအပူချိန်ဟာ နှစ်ဒီဂရီလောက်တက်မယ်။

ကျွန်ုပ် ။ ရဟန္တာအရှင်မြတ်ကြီးဘုရား။ တပည့်တော် သိရသလောက် သိပ္ပံပညာရှင်တွေ ခန့်မှန်းထားတာက ကမ္ဘာ့နိုင်ငံတွေက အခုသုံးနေတဲ့နှုန်းနဲ့ ရေနံကို သုံးစွဲနေရင် ၁၀ နှစ်ကြာတဲ့အခါ ၀. ၅ ဒီဂရီတက်မယ်။ နှစ်ပေါင်း ၅၀ လောက်ကြာမှ ကမ္ဘာကြီးဟာ ဒုက္ခရောက်နိုင်တယ် ပြောကြပါတယ်ဘုရား။ ဘယ်လိုကြောင့် ၁၀ နှစ်အတွင်း သုံးနှစ်ဒီဂရီတက်လာမှာပါလဲဘုရား။

ရဟန္တာကြီး ။ သက္ကရာဇ် ၂၀၁၀ မှာ ရေနံတွေ များစွာထွက်နေတဲ့ နိုင်ငံငါးနိုင်ငံက ရေနံတွင်းတွေ အားလုံးပေါက်ကွဲပြီး မီးအကြီးအကျယ်လောင်ကျွမ်းလိမ့်မယ်။ ခြောက်လတိတိ မီးငြိမ်းမှာမဟုတ်ဘူး။ ရေနံတွေကုန်မှ မီးကရပ်လိမ့်မယ်။ အဲဒီအချိန်မှာ ကမ္ဘာ့လေထုဟာ အပူရှိန်သိသိသာသာ တက်လာပြီး ရာသီဥတုပူပြင်းမှုကြောင့် သတ္တဝါတွေ ဒုက္ခအကြီး



www.burmeseclassic.com

www.burmeseclassic.com

အကျယ်ရောက်ကြလိမ့်မယ်။ နောက်တစ်ခုကတော့ လူတွေဟာ ဝိပဿနာတရားကို အားထုတ်ကြရမယ်၊ မေတ္တာဘာဝနာတွေ ပွားများကြရမယ်။ တရားအားထုတ်လျှင် လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ လျော့ပါးလာမယ်။ လူတွေဟာ ဗုဒ္ဓရဲ့အဆုံးအမနဲ့ နေကြမှသာ တဖြည်းဖြည်း လောဘ၊ ဒေါသ၊ မာနတွေ နည်းပြီး အကြင်နာ၊ မေတ္တာ၊ ကရုဏာနဲ့ နေတတ်တဲ့ လူ့လောကကြီးဖြစ်လာပြီး အေးချမ်းသာယာလိမ့်မယ်။

ရဟန္တာကြီး အရှင်မြတ်ကြီးက အရှင်အာနန္ဒာ မှာကြားတဲ့ အရေးကြီးတဲ့ စကားတွေ ပြောကြားပြီး ကျွန်ုပ်၏ မြင်ကွင်းမှပျောက်ကွယ်သွားပါသည်။ ရဟန္တာအရှင်မြတ်များရဲ့ စေတနာက လူသားတွေ ဒုက္ခမရောက်ရအောင် ကြိုတင်သတိပေးသွားပါလား။ ကျွန်တော်တို့ အလေးအနက် ဆင်ခြင်သုံးသပ်ရမည့် အရေးကြီးကိစ္စကြီးတွေပါလား။

၁၃. ၁. ၂၀၀၈ ရက်နေ့၊ နေ့လယ် ၃း၀၀ နာရီလောက်မှာ ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေ ဗိုလ်ကြီးဟောင်းတစ်ယောက် ကျွန်တော့်အိမ် ဧည့်ခန်းမှာ အိန္ဒိယဆေးဝိဇ္ဇာကြီးပေးတဲ့ ဆေးသိဒ္ဓိတွေအကြောင်း ဆွေးနွေးနေကြပါတယ်။ နာရီဝက်လောက်ကြာတော့ ကျွန်တော့်မြေး အိပ်ခန်းထဲမှ ထွက်လာပြီး ဘုရားခန်းမှာ ဘုန်းကြီးတစ်ပါးရောက်နေတယ်လို့ ပြောပါတယ်။ ကျွန်တော်ဂရုပြုကြည့်လိုက်တော့ သူပြောတာ မှန်ပါတယ်။ အသားအရောင်ဝင်းနေတဲ့ ဆရာတော်ကြီးတစ်ပါး ရောက်နေတာ တွေ့ရပါတယ်။ မြေးဖြစ်သူက ၁၃ နှစ်သမီးအရွယ်ဖြစ်သော်လည်း သူ့ပဋ္ဌာန်းစိပ်ပြီး တစ်လလောက်အကြာမှာ အကြားအမြင်သဘောရလာတာဖြစ်ပါတယ်။

ဆရာတော်ကြီးက ဘုရားခန်းကနေ ဧည့်ခန်းထဲ ဝင်လာပါတယ်။

ကျွန်ုပ်။ ဆရာတော်ဘုရား ဘယ်က ကြွလာတာပါလဲဘုရား။ ဘာများညွှန်ကြားရန် ရှိပါသလဲဘုရား။

ရဟန္တာကြီး ။ အိန္ဒိယနိုင်ငံ ကုသိနာရုံက ကြွလာတာပါ။ အရှင်အာနန္ဒာရဟန္တာကြီးက စေလွှတ်လိုက်လို့ ကြွလာတာပါ။

ကျွန်ုပ် ။ အမိန့်ရှိပါဘုရား။ တပည့်တော် ဘာများ လိုက်နာဆောင်ရွက်ရန် ရှိပါသလဲဘုရား။

ရဟန္တာကြီး ။ ဒကာကြီး၊ မြန်မာသက္ကရာဇ် ၁၃၇၀ ခု၊ နှစ်ဆန်းတစ်ရက်နေ့မှာ အရှင်အာနန္ဒာရဟန္တာတော်ကြီး ဦးဆောင်တဲ့ ရဟန္တာကြီးခြောက်ပါးဟာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ရွှေဘုရားကျောင်းမှာ ပြောင်းရွှေ့သီတင်းသုံးတဲ့အကြောင်း လာပြောတာပါ။

ထိုစဉ် ကျွန်တော့်အနီးမှာရှိတဲ့ ဗိုလ်ကြီးက ကျွန်တော့်အား ရဟန္တာကြီးတွေကို ရန်ကုန်ရွှေတိဂုံမှာ သီတင်းသုံးဖို့ ပင့်လိုက်ပါလို့ လှမ်းပြီးသတိပေးပါတယ်။

ကျွန်ုပ် ။ ရဟန္တာမြတ်ကြီးဘုရား၊ တပည့်တော်တို့ မြန်မာနိုင်ငံ ရန်ကုန်မြို့က ရွှေတိဂုံဘုရားကြီးမှာ ကြွရောက်သီတင်းသုံးနိုင်ပါမည်လားဘုရား။

ရဟန္တာကြီး ။ ဒကာကြီးတို့ပင့်လျှင် ကြွရောက်သီတင်းသုံးပါမည်။

ကျွန်ုပ် ။ ဒီလိုဆိုရင် ဘန်ကောက်မြို့ကို မကြွတော့ဘူးလားဘုရား။

ရဟန္တာကြီး ။ မကြွတော့ပါဘူး။

ကျွန်ုပ် ။ ရဟန္တာအရှင်မြတ်ကြီးဘုရား၊ ရွှေတိဂုံစေတီကို မြန်မာနှစ်မကုန်ခင် ၁၃၆၉ ခုနှစ်အတွင်း စော၍ သီတင်းသုံးလို့ ရပါမည်လားဘုရား။

ရဟန္တာကြီး ။ စောပြီးကြွရောက်သီတင်းသုံးလို့မဖြစ်ဘူး ဒကာကြီး။

ကျွန်ုပ် ။ ဒီလိုဆို တပည့်တော်တို့ ရွှေတိဂုံစေတီမှာ နှစ်ပေါင်းဘယ်လောက် သီတင်းသုံးပါမည်လဲဘုရား။

ရဟန္တာကြီး ။ ရွှေတိဂုံမှာ နှစ်ပေါင်း ၃၀၀ သီတင်းသုံးမည်။

ရဟန္တာကြီးရဲ့စကားကို ကြား[...]တော့ ကျွန်တော် ဝမ်းမြောက်ပီတိဖြစ်[...]တာ ပြောမပြနိုင်အောင်ပါပဲ။

ကျွန်ုပ် ။ တပည့်တော် မနက်ဖြ[...] မနက် ၉ နာရီမှာ အရှင်အာနန္ဒာအမှူးပြုတဲ့ ရဟန္တာကြီး ၂၇၀ ပါးကိုပင့်ပြီး ငှက်ပျောပွဲ သစ်သီး၊ ပန်းအမွှေးတိုင်များ[...] ကပ်လှူပူဇော်ဖို့ ရှိပါတယ်ဘုရား။ အရှင်အာနန္ဒာရဟန္တာကြီးကို တပည့်တော် ဘုရားခန်းသို့ မနက် ၉ နာရီကြွရောက်[...] လျှောက်ထားပေးပါဘုရား။ ရဟန္တာကြီးက လက်ခံတဲ့သဘောပြပြီး ကျွန်တော်တို့ မြင်ကွင်းမှ ပျောက်ကွယ်သွားပါတယ်။

မိတ်ဆွေ ။ အဘ . . . ရဟန္တာကြီး[...]တွေ၊ သံဃာတော်တွေဟာ ဝိနည်းတော်အရ ပင့်ဖိတ်လျှင် ကြွရောက်ရတယ်[...] အဲဒါကြောင့် အဘကိုပင့်ဖို့ သတိပေးတာ[...] ထိုင်းနိုင်ငံ၊ ဘန်ကောက်ကြွမည့်ကိစ္စက[...] ပင့်လျှောက်သူမရှိဘဲ ရဟန္တာကြီးများရဲ့ အစီအစဉ်နဲ့ ကြွမည့်သဘောနဲ့တူတယ်[...]

ထိုသို့ ကျွန်တော်တို့ပြောနေကြစဉ် ကိုယ်ရောင်ကိုယ်ဝါတွေ ဘေးကို နှစ်[...] ကျော်ကျော်လောက် ဖြာထွက်နေတဲ့ နတ်မင်းကြီးတစ်ပါး ကျွန်တော်တို့ရှေ့မှာ ပေါ်လာပါတယ်။

ကျွန်ုပ် ။ နတ်မင်းကြီးက ဘယ်က[...] ကြွလာတာပါလဲဘုရား။

နတ်မင်းကြီး ။ ဝဿဝတီနတ်ပြည်ကို အုပ်ချုပ်တဲ့ ဝဿဝဏ်နတ်မင်းကြီးပါ[...] မနက်ဖြန် အရှင်အာနန္ဒာမြတ်ကြီးကို ရန်ကုန်ရွှေတိဂုံစေတီကြီးမှာ သီတင်းသုံး[...] ပင့်လျှောက်တဲ့ပွဲမှာ နတ်ပြည်ခြောက်ထပ်ကို အုပ်ချုပ်တဲ့ နတ်မင်းကြီးများကိုလည်း တက်ရောက်ကြည်ညိုခွင့် ပြုစေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ။ နတ်မင်းကြီးတို့ကိုလည်း ကြွရောက်ဖို့ ဖိတ်ကြားပါတယ်။ ဒါနဲ့ နတ်မင်းကြီးတို့က ရဟန္တာအရှင်မြတ်ကြီးကို ရန်ကုန်ရွှေတိဂုံစေတီတော်ကြီးမှာ သီတင်းသုံးဖို့ မပင့်မလျှောက်ဘူးလား။

နတ်မင်းကြီး ။ ကျွန်ုပ်တို့ ရဟန္တာအရှင်မြတ်ကြီးကို မလျှောက်ထားရဲပါဘူး။

ကျွန်ုပ် ။ ဒီလိုဆိုရင် မနက်ဖြန်မှာ ကျွန်တော်ရော နတ်မင်းကြီးများပါ အရှင်အာနန္ဒာရဟန္တာမြတ်ကြီးကို လျှောက်ထားကြတာပေါ့။ မနက်ဖြန်မနက် ၉ နာရီမှာ နတ်မင်းကြီးများ ကျွန်တော့်ဘုရားခန်းသို့ ကြွရောက်ဖို့ ဖိတ်ကြားပါတယ်။ ဝဿဝဏ်နတ်မင်းကြီးလည်း ကျွန်တော်တို့ရှေ့မှ ပျောက်ကွယ်သွားပါတယ်။

၁၄. ၁. ၂၀၀၈ ရက်နေ့၊ မနက် ၉ နာရီ

ကျွန်တော်လည်း မနက် ၆ နာရီလောက် အိပ်ရာထပြီး ဈေးဘက် လက်ဖက်ရည်သောက်ရင်း သွားပါတယ်။ ရဟန္တာကြီးတွေကြိုက်တတ်တဲ့ နှင်းဆီပန်း အနီရောင်၊ သပြေပန်းများ ဝယ်ပါတယ်။ အိမ်ရောက်တဲ့အခါ ဘုရားခန်းသန့်ရှင်းရေး ပြုလုပ်ပါတယ်။ ဘုရားပန်းများ လဲပြီး ရဟန္တာကြီးများအတွက် ငှက်ပျောကန်တော့ပွဲကို ဆေးကြောပြုပြင်ပါတယ်။ ပန်း၊ သစ်သီး၊ သောက်တော်ရေများ၊ အမွှေးတိုင်များ ကပ်လှူနိုင်ရန် ဆောင်ရွက်ပါတယ်။

ဘုရားကို မနက် ၈ နာရီလောက်ကတည်းက သီလခံယူ၊ ပန်း၊ ရေချမ်း၊ သစ်သီးများကပ်လှူခြင်း၊ ပုတီးစိပ်ခြင်း၊ ပရိတ်မန္တန်များရွတ်၊ မေတ္တာပို့၊ အမျှဝေတာတွေ ကြိုပြီးဆောင်ရွက်ထားပါတယ်။

မနက် ၉ နာရီထိုးခါနီး သုံးမိနစ်အလိုလောက်မှာ နတ်ပြည်ခြောက်ထပ်ကို အုပ်ချုပ်တဲ့ နတ်မင်းကြီးများ ကျွန်တော့်ဘုရားခန်းကို ကြွရောက်လာတာ တွေ့ရပါတယ်။ ၉ နာရီထိုးတော့ ကျွန်တော် အိန္ဒိယက အရှင်အာနန္ဒာရဟန္တာကြီးနဲ့ ကမ္ဘာပေါ်မှာရှိတဲ့ ရဟန္တာကြီး ၂၇၀ ပါးကို သုံးကြိမ်ပင့်ပါတယ်။ အဲလို ပင့်ပြီးတဲ့အခါ ငှက်ပျောပွဲ၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်များကို အလှူခံတော်မူဖို့ သုံးကြိမ်လျှောက်ထားပါတယ်။ ကျွန်တော့်ရှေ့မှာ အရှင်အာနန္ဒာဦးဆောင်တဲ့ ရဟန္တာကြီးခြောက်ပါးကို ဖူးမြင်ရပါတယ်။ ရဟန္တာကြီးတွေက အိန္ဒိယနိုင်ငံသား ရဟန္တာကြီးတွေ ဖြစ်ပုံရပါတယ်။ ယောဂီရောင်သင်္ကန်းကို ဝတ်ရုံထားတာ တွေ့မြင်ရပါတယ်။ ရဟန္တာကြီးတစ်ပါးကတော့ ယခုခေတ် ဘုန်းကြီးတွေ ဝတ်ရုံတဲ့ ပိန္နဲရောင် သင်္ကန်းနဲ့ပါ။ သဏ္ဌာန်ကလည်း မြန်မာလူမျိုးနဲ့ တူပါတယ်။ အခြားကြွလာတဲ့ ရဟန္တာတွေကိုတော့ ကျွန်တော် အသေအချာ မမြင်ရပါဘူး။ တစ်သုတ်ချင်းကြွလာနေတယ်လို့ ခံစားသိရှိပါတယ်။

ကျွန်ုပ် ။ ရှင်အာနန္ဒာရဟန္တာမြတ်ကြီးဘုရား ... တပည့်တော် ရှိသေစွာလျှောက်ထားပါတယ်ဘုရား။ အရှင်မြတ်ဦးဆောင်တဲ့ ရဟန္တာကြီးများဟာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ကြွရောက်သီတင်းသုံးဖို့ ရိုသေစွာလျှောက်ထားအပ်ပါတယ်ဘုရား။

ကျွန်ုပ်က နတ်မင်းကြီးများကိုလည်း ရှင်အာနန္ဒာရဟန္တာမြတ်ကြီးကို ရွှေတိဂုံကို ကြွရောက်သီတင်းသုံးဖို့ သတိပေးလိုက်တော့ နတ်မင်းကြီးအားလုံး လျှောက်ထားကြတာ တွေ့ရပါတယ်။ သူတို့စကားတွေ ကျွန်တော် နားမလည်ပါဘူး။

ရဟန္တာကြီး ။ ဒကာကြီးနဲ့ နတ်မင်းကြီးများရဲ့ ပင့်လျှောက်ချက်အရ ရွှေတိဂုံစေတီမှာ ၁၃၇၀ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ကစပြီး နှစ်ပေါင်း ၃၀၀ သီတင်းသုံးပါမည်။

ရဟန္တာအရှင်မြတ်ကြီးများလည်း ကပ်လှူတဲ့ သစ်သီး၊ ပန်း၊ ရေချမ်းများ ဘုဉ်းပေးသုံးဆောင်ပြီး ပြန်ကြွသွားကြပါတယ်။ ပြန်ကြွသွားတဲ့နေရာမှာလည်း တစ်သုတ်ပြီးတစ်သုတ် ပြန်ကြွသွားတာ ဖူးတွေ့ရပါတယ်။

ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ ရွှေတိဂုံစေတီတော်ကြီးရဲ့ ပထမပစ္စယံမှာ အပါး ၂၀ သီတင်းသုံးလျက်ရှိပါတယ်။ ဒါ့အပြင် လာမည့် ၁၃၇၀ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့က စတင်ပြီး ဂေါတမမြတ်စွာဘုရားသာသနာမှာ နေလိုလလို ထင်ရှားတဲ့ အရှင်အာနန္ဒရဟန္တာမထေရ်မြတ်ကြီးအမှူးပြုတဲ့ ရဟန္တာကြီးခြောက်ပါး ကြွရောက်သီတင်းသုံးကြတော့မှာ ဖြစ်ပါတယ်။ ရဟန္တာအရှင်မြတ်ကြီးများနဲ့ ဖူးတွေ့လှူဒါန်းပူဇော်ခွင့်ရဖို့ဆိုတာ အလွန်ရတောင့်ရခဲလှတဲ့ အခွင့်အလမ်းကြီးဖြစ်တယ်။ သက်ရှိထင်ရှား ရဟန္တာကြီးများကို ကပ်လှူပူဇော်ဆုတောင်းလျှင် ဆုတောင်းပြည့်တယ်ဆိုတာ ၅၅၀ နိပါတ်တော်တွေမှာ အထင်အရှား သာဓကတွေ ရှိတယ်။ အဲဒါကြောင့် ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အား ဘုရားရှင်အား ကပ်လှူပူဇော်မှုပြုသကဲ့သို့ သက်ရှိထင်ရှား ရဟန္တာအရှင်မြတ်ကြီးများကို ကပ်လှူပူဇော် ဆုတောင်းကြဖို့ သတိပေးတိုက်တွန်းလိုက်ရပါတယ်။

*သတ္တဝါအများ ချမ်းသာသုခပြည့်ပါစေ။*

**ဆရာဝင်း–သာကီနွယ်**



www.burmeseclassic.com

www.burmeseclassic.com

# ရှင်အဂ္ဂဝေါဟာ နှင့် သမုဒ္ဒရာဇ်မင်းတို့၏

# ပညာစခန်း

■ သီဟစကြာစိုးမြင့်(ပွဲကျောင်း)

သမုဒ္ဒရာဇ်မင်းသည် သာသနာတော်သက္ကရာဇ် (၆၉၁)၊ ကောဇာသက္ကရာဇ်(၆၉)တွင် ပေါက္ကံ=ပုဂံတွင် စတင်မင်းပြုသည်။ တကောင်းသရေခေတ္တရာ နောက်ဆုံးမင်းဆက် သုပညာနာဂရဆိန္ဒမင်း၏ တူဖြစ်သည်။ ထိုမင်းသည် ဝေဒိသာရရှင့်ရသေ့အား အလွန်ကြည်ညိုပြီး တစ်နေ့လျှင် နှစ်ကြိမ် အဖူးအမြော်ဝင်ရောက်လေ့ရှိသည်။ ရှင်ရသေ့သည် (သဒ္ဓါ–သတိ–ဟီရိ–ဩတ္တပ္ပ–သုတ–ဝီရိယ–ပညာ)တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးဖြင့် ပြည့်စုံသည်။ တည်ကြည်ခိုင်မြဲသော သမာဓိတရားရှိသည်။ ရဲရင့်သော ဉာဏ်ရှိသည်။ သာသနာပရသေ့ပင် ဖြစ်လင့်ကစား ဘုရားလောင်း သုမေဓာရှင်ရသေ့ကဲ့သို့ အာဇာနည်ရသေ့စစ် ရသေ့ကောင်း၊ ရသေ့မြတ်ဖြစ်သောကြောင့် သမုဒ္ဒရာဇ်မင်းကြီး ကိုးကွယ်ဆည်းကပ်ခြင်းဖြစ်ပေသည်။

တစ်နေ့တွင် မင်းကြီးသည် ဆရာရှင်ရသေ့အား ဖူးမြော်ကန်တော့ရန် စစ်အင်္ဂါလေးပါးဖြင့် ရောက်လာခဲ့ပေသည်။ ရှင့်ရသေ့အား ကျောင်းသခ်မ်းတွင် မတွေ့ရ။ မင်းကြီးမှာ ဆရာရှင်ရသေ့ရှိရာအရပ်ကို သိပြီးဖြစ်၍ ဆရာရသေ့၏ ဓာတ်ခန်း(ဖိုထိုးရာနေရာ)သို့ ဝင်ရောက်သွားသည်။ ဆရာရသေ့ ဖိုဆွဲနေသည်ကို တွေ့ရသည်။ မင်းကြီးကား ပြုံးလိုက်မိသည်။ မင်းကြီး၏အပြုံးမှာ အဓိပ္ပာယ်လေးနက်ကြောင်း ရှင်ရသေ့သတိပြုမိသည်၊ သို့သော် ရှင်ရသေ့ကား ဂရုမစိုက်ချေ။ မင်းကြီးကား ဤသို့ လျှောက်ထားလိုက်သည်။

"အို . . . ငါ့ရှင်ဆရာမြတ်၊ ဤအမှုကား အဘယ်ကာလ၌ ဆုံးရာအံ့နည်း။ ဆုံးရာကာလမရှိသော အမှုကို ငါ့ရှင် အဘယ်ကြောင့် ပြုဘိသနည်း"

"အသင်မင်းကြီး . . . အသင်သည် ငါ၏အမှုကို မသိနိုင်။ ငါသာလျှင် ငါ၏ အမှုဆုံးရာ ကာလကို သိ၏"

"အို . . . ငါ့ရှင်ရသေ့မြတ်၊ အရှင်၏အမှု ဆုံးရာကာလကား အဘယ်နည်း။ ကျွန်ုပ်အား ကြားဘိလော့"

"အသင်မင်းကြီး နာယူဘိလော့။ ငါ၏အမှုဆုံးရာ ကာလကား ယနေ့မှလွန်သော် သုံးလပြည့်သော နေ့ပင်တကား"

မင်းကြီးသည် အားပါးတရ ရယ်မောသည်၊ ရှင်ရသေ့ကား တည်ငြိမ်သော ဣန္ဒြေဖြင့်နေသည်။

"ငါ့ရှင်ရသေ့မြတ် . . . သုံးလပြည့်သောနေ့၌ ဆရာမြတ်၏အမှု မပြီးဆုံးခဲ့အံ့၊ အသို့မှုရာအံ့နည်း။ ကျွန်ုပ်အား ကြား သိစေပါလော့"

"အသင်မင်းကြီး၊ နာယူဘိလော့။ ယနေ့မှလွန်သော သုံးလပြည့်သောနေ့၌ ငါ၏အမှု အကယ်၍ကား မပြီးဆုံးခဲ့အံ့၊ ငါ၏ ဦးခေါင်းကိုဖြတ်ဘိလော့။ အကယ်၍ ငါ၏အမှုကြီးဆုံးခဲ့အံ့ အသင်မင်းကြီး၏ ဦးခေါင်းကို ဖြတ်ရာအံ့"

"အို . . . ငါ့ရှင် ရသေ့မြတ်၊ ဆရာမြတ်ဆုံးဖြတ်ချက်အား အတည်ဖြစ်ပါစေလော့။ ယနေ့မှ သုံးလမြောက်သောနေ့သည် ငါ့ဆရာအရှင်မြတ်၏နေ့သာလျှင် ဖြစ်ပါလော့"

"အသင်မင်းကြီး၊ ငါ၏စကား သည်ကား ထွက်... နေသည့် မုချဝင် ဘိသို့၊ မြှောက်... လုံတံသည် မြေ သို့ မုချကျလာဘိသို့၊ ဖွားအပ်သောသူ သည် မုချသေရာဘိသို့ ရှိချေပြီ အသင် မင်းကြီး မှတ်ဘိလော့"

မင်းကြီးသည် ဆရာရသေ့အား ရှိသေစွာ ပူဇော်ပြန်လေသည်၊ ရှင်ရသေ့ကား တည်ငြိမ်သော ကတိကို ပေးလိုက် ခြင်းဖြစ်သည်။ မင်းကြီးကား ပေါ့ပေါ့တန်



www.burmeseclassic.com

www.burmeseclassic.com

တန် မှတ်ထင်ခဲ့သည်။

သုံးလကား ပြည့်လေပြီ။ မင်းကြီးနှင့် ဆရာရှင်ရသေ့တို့ ပြုထားသော ကတိကဝတ်ကား အဘယ်နည်း။ ထိုအချိန်တွင် မင်းကြီး ညီလာခံကျင်းပသောအချိန်ကာလ။ ဆရာရသေ့ကား ရဲရင့်တည်ငြိမ်သောအသွင်ဖြင့် နန်းရင်ပြင်သို့ ဝင်ရောက်လာခဲ့သည်။ မင်းပရိသတ်ကား ငေးမော၍နေလေပြီ။ ဆရာရသေ့ကို တွေ့မြင်လိုက်ရသည်နှင့် မင်းကြီးမှာ တုန်လှုပ်ချောက်ချားသွားသည်။ ဘုန်းတန်ခိုးကြီးမားသော ကေရာဇ်မင်းပင် ဖြစ်လင့်ကစား သေခြင်းတရားကို ကြောက်ရစမြဲသာပင် ဖြစ်သည်။

ဆရာရသေ့လက်တွင်း၌ကား ကိုးသချိုင်းသံဖြင့် စီရင်ထားသော 'နဝလောဟာဓား'သည် လျှပ်စစ်ပြက်သကဲ့သို့ အရောင်တောက်လျက်ရှိ၏။ မင်းကြီးကား မုချသေရတော့မည်ဟု ယူဆလျက်ရှိသည်။ ထို့ကြောင့် ဆရာရသေ့အား နေရာမပေးမိဘဲ ကြက်သေသေနေမိသည်။

"အသင်မင်းကြီး၊ ယနေ့သည်ကား သုံးလပြည့်မြောက်သော နေ့ပင်တည်း။ အသင်သည် ဤနဝလောဟာဓားကို ကိုင်ဆောင်ဘိလော့။ ယနေ့သည် အသင်မင်းကြီး၏ နေ့သာလျှင် ဖြစ်ဘိလေစွ"

ရှင်ရသေ့က တည်ငြိမ်စွာဖြင့် ဆိုသည်။ မင်းကြီးကား မယုံကြည်နိုင်လောက်အောင် တွေဝေနေသည်။ မှင်တက်မိနေသည်။ အိပ်မက်ဟု ထင်မှတ်မိသည်။ အိပ်မက်သာ ဖြစ်ပါစေဟုလည်း ဆုတောင်းနေမိသည်။

သူတော်စင် သူတော်မြတ်ဖြစ်သော မိမိ၏ဆရာရင်းကို အဘယ်ကဲ့သို့ သတ်၍ ဖြစ်နိုင်အံ့နည်း။ မိမိ၏ဆရာရင်း တစ်ယောက်လုံးကို အပြစ်မဲ့သုတ်သင်ရန်ဟူသော အချက်မှာ လုံးဝမဖြစ်နိုင်။ ပြည့်ရှင်မင်းတစ်ယောက်အဖို့ အလွန်ဝန်လေးခဲယဉ်းလှဘိသည်။ ဆရာနှင့် တပည့်အလောင်းအစားပြုရာတွင် ပြုထားကြသော ကတိမှာ ပြင်းထန်ကြီးလေးလှသည်။ မင်းကြီးသည် ဆရာအား ကျီစယ်မှုသဘောဖြင့် ကတိပြုခဲ့ခြင်း ဖြစ်သည်။ သို့သော် ဆရာရသေ့သည် မိမိပညာ၏ အစွမ်းကို ယုံကြည်သဖြင့် အမှန်တကယ် ကတိပေးလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် မိမိ၏ လုပ်ငန်းသည် သုံးလပြည့်သောနေ့တွင် အောင်မြင်ခြင်းသို့ မရောက်ခဲ့၊ ထို့ကြောင့် မိမိတို့ ပြုထားသည့် ကတိအတိုင်း မိမိဦးခေါင်းကို အဖြတ်ခံရန် မင်းကြီးထံသို့ ရောက်လာခြင်းဖြစ်သည်။ မင်းကြီးသည် ပြက်ရယ်သဘောဖြင့် ကတိပြုခဲ့သော်လည်း ဆရာရသေ့က သူရှုံးသည့်အတွက် ကတိအတိုင်း ဦးခေါင်းအဖြတ်ခံရန် တိုက်တွန်းလာသောအခါ မင်းကြီးသည် မကြံတတ်အောင် တွေဝေသွားသည်။

"အသင်မင်းကြီး . . . ငါကား ရှုံးလေပြီ။ ငါ၏အမှုကား မပြီး။ ငါတို့ကတိပြုထားပြီးသည့်အတိုင်း ငါ၏ဦးခေါင်းကို ဤနဝလောဟာဓားဖြင့် အသင်မင်းကြီး ကိုယ်တိုင် ဖြတ်ဘိလော့"

ရှင်ရသေ့သည် တည်ငြိမ်ရဲရင့်စွာ မိန့်ဆိုသည်။ မင်းကြီးက သက်ပြင်းချမိချေပြီ။

"အို . . . ဆရာရှင်ရသေ့၊ အပြစ်မရှိသော ငါ၏ဆရာအား ကွပ်မျက်ခြင်းသည် အဘယ်သို့ အကျိုးရှိနိုင်ရာအံ့နည်း"

"အသင်မင်းကြီး . . . ကတိကဝတ်အတိုင်းသာ ဖြစ်ပါစေလော့။ မင်းတို့မည်သည် ကတိကဝတ်ကို မပျက်စကောင်း။ အသင်မင်းကြီး နှလုံးသွင်းပါလော့"

"အို . . . ဆရာအရှင်မြတ်၊ ကျွန်ုပ်အတွက် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော အကျိုးမဲ့မှုကို မပြုပါလင့်။ ငါ့ရှင်ဆရာမြတ် . . . သည်းခံဘိလော့"

"အို . . . ရေမြေရှင် မင်းကြီး၊ ကေသရာဇာခြင်္သေ့မင်းတို့မည်သည် ဂူဝသို့ထွက်ပြီးလျှင် ဟောက်ရစမြဲသာတည်း။ ထွက်ပြီးသော ဆင်စွယ်သည် ပြန်ဝင်ရိုးထုံးစံမရှိ၊ ရေမြေရှင်မင်းတို့၏ စကားသည်လည်း အတည်ဖြစ်ပါစေလော့"

ရှင်ရသေ့သည် ရဲရင့်သော စကားကိုသာ ထပ်ကာထပ်ကာ မိန့်ဆိုသည်။ မင်းကြီးကလည်း ထပ်ကာထပ်ကာ ကန့်ကွက်သည်။

"အို . . . ဆရာရသေ့မြတ်၊ မင်းတို့မည်သည် ဆရာရသေ့ မိန့်ဆိုသည့်အတိုင်းသာတည်း။ သို့စေကာမူ ကျွန်ုပ်သည်ကား ဆရာရသေ့၏အသက်ကို ပေးလှူပါ၏။ ကျွန်ုပ်အား ပစ္စုပ္ပန်သံသရာနှစ်ဖြာသောအကျိုးကျေးဇူးကို ဆရာရသေ့ လာပေးဘိလော့"

"အသင်မင်းကြီး၊ ကတိကဝတ်သည် မဖျက်စကောင်း။ ငါတို့နှစ်ဦးပြုသော ကတိကဝတ်ကို အသင်မင်းကြီး ဖျက်ဆီးအံ့၊ ငါကား အသင်မင်းကြီး၏ နိုင်ငံ၌ နေရခြင်းသည် အဘယ်အကျိုးရှိရတော့အံ့နည်း"

မင်းကြီးသည် ပြင်းစွာ တုန်လှုပ်ချောက်ချားသွားသည်။ ဆရာရသေ့သည် အကယ်၍ သူ၏ကိုယ်ကို စီရင်ငြားအံ့၊ မိမိ၏ အပြစ်မကင်းရာ။ ထီးဆောင်းမင်းအပေါင်းတို့၏ ကဲ့ရဲ့ဖွယ်လည်း ဖြစ်ခဲ့ရာ၏။ အသို့ကြံမည်နည်း။ မင်းကြီးသည် ပညာအမြော်အမြင်နှင့် ပြည့်စုံသူဖြစ်၍ တစ်မုဟုတ်ချင်း အကြံရသောကာလ -

"အို . . . ဆရာရသေ့မြတ်၊ ဆရာမိန့်ကြားသည့်အတိုင်း ကျွန်ုပ်ပြုပါအံ့။ သို့တပြီးကား ဆရာမြတ် ကျွန်ုပ်အား ပုစ္ဆာမေးခြင်းကို ခွင့်ပြုဘိလော့"

"အို . . . မင်းကြီး၊ သင်မေးလိုရာ မေးဘိလော့၊ အသင်မင်းကြီး မေးသမျှကို ငါဖြေကြားပါအံ့"

"ဆရာအရှင်မြတ်၊ လောက၌ အကြင်သူသည် ကျန်းလည်း ကျန်းမာ၏၊



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုဟူသမျှကိုလည်း ပြုနိုင်၏၊ အသက်လည်း ရှင်၏၊ သို့သော် သေနေ၏။ ဤသူကား အဘယ်သို့သောသူ ဖြစ်ဘိသနည်း။ ငါ့ရှင် မိန့်ကြားပါလော့"

"မင်းကြီး ... အကြင်သူတို့ကို ဤသို့သာလျှင် မှတ်ဘိလော့၊ မျက်စိနှစ်ကွင်း အလင်းမရသူတည်း"

"အို ... ဆရာရသေ့မြတ်၊ ကျွန်ုပ်သည် အပြစ်မဲ့သော ကွပ်မျက်ခြင်းဖြင့်သာလျှင် ဆရာရသေ့အား ကွပ်မျက်လတ္တံ့။ ဆရာရသေ့မြတ် ခွင့်ပြုဘိလော့"

"အရှင်မင်းကြီး၊ ငါသည် ရှုံးသူဖြစ်လတ္တံ့။ အသင်မင်းကြီး ပြုလိုရာကို ငါခံယူရန် အသင့်ပင်တည်း"

ဤသို့ဖြင့် သမုဒ္ဒရာဇ်မင်းကြီးသည် ဆရာရှင်ရသေ့အား ဦးခေါင်းဖြတ်ခြင်းမပြုဘဲ သေသူနှင့်မခြားဖြစ်သော စက္ခုနှစ်ကွင်း အလင်းမရအောင် ပြုလိုက်ပေသည်။

ထိုနေ့ညဦးပိုင်း အသုံးမကျ၍ မစင်တွင်းသို့ ပစ်ထားသော ဓာတ်ပစ္စည်းမှာ အလင်းရောင်တောက်လာသည်။ တပည့်ရသေ့ငယ်က ဆရာရှင်ရသေ့အား အကြောင်းကို ပြောကြားရာ တပည့်ငယ်ရသေ့အား မစင်တွင်းသို့ နိုက်၍ တပ်စုံတစ်ရာကို ရှာဖွေရန် စေခိုင်းလိုက်သည်။ တပည့်က ရှာဖွေရာ အလင်းရောင်တောက်ပနေသော ပြောင်ပြောင်လုံးလုံး အရာဝတ္ထုကို နွံသာရည်ဖြင့် အမြန်ဆေးကြောစေသည်။ တပည့်အား နံနက်မိုးသောက်အလင်းရောက်သည်နှင့် ရရာမျက်လုံးတစ်စုံကို အလျင်အမြန် ရှာဖွေစေသည်။

ဆိတ်မျက်လုံးတစ်လုံးနှင့် နွားမျက်လုံးတစ်လုံးတို့ကို ရရှိသဖြင့် ဓာတ်လုံး၏ အစွမ်းဖြင့် တပ်ဆင်စေရာ ဆရာရသေ့၏ စက္ခုနှစ်ကွင်း အလင်းရလေသည်။ နောက်တစ်နေ့ မင်းကြီးသည် ဆရာရသေ့၏ အစွမ်းကို ကြားသိရသော် အလွန် အံ့ဩမဆုံးဖြစ်နေသည်။ မင်းကြီး မျက်စိဖောက်သောနေ့နှင့် တစ်ရက်တည်းသာ နောက်ကျသွားသည်။ စင်စစ် ဆရာရသေ့၏ အမှုကား သုံးလပြည့်သည့် နောက်တစ်နေ့ နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့၌ ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်ခဲ့သည်။

ထိုအခါမှစ၍ သမုဒ္ဒရာဇ်မင်းကြီးသည် ဆရာရသေ့၏ ဓာတ်လမ်းဓာတ်စခန်းတို့ကို အလွန်ယုံကြည်တော်မူပြီး ဓာတ်လမ်းစဉ်နှင့် ပတ်သက်၍ တပည့်လည်း ခံယူလေသည်။ ဆရာတပည့်နှစ်ယောက် တိုင်ပင်၍ ကြံစည်အားထုတ်ကြလေရာ သာသနာတော် သက္ကရာဇ် (၆၉၆) ခုနှစ်၊ ကောဇာသက္ကရာဇ် (၇၄) ခုနှစ်၊ ကဆုန်လပြည့်၊ တနင်္ဂနွေနေ့၌ သမုဒ္ဒရာဇ်မင်းကြီးနှင့် ဆရာရှင်ရသေ့ (ဝေဒိသဃရ)နှစ်ဦးတို့သည် ထွက်ရပ်စခန်းသို့ ရောက်ရှိကြလေသည်။

ဤအခါမှ မင်းကြီး၏ ဆရာဖြစ်သူ ဝေဒိသဃရရှင်ရသေ့သည်ကား 'ရှင်အဇ္ဇဂေါဏ'ဟု ကျော်ကြားခဲ့လေသည်။ ဆရာရသေ့မြတ်၏ တိုက်တွန်းမှုကြောင့် သမုဒ္ဒရာဇ်မင်းကြီးကိုယ်တိုင် နောင်ကို မှတ်တမ်းသဖွယ် ကျန်ရစ်စေရန် 'ပုဂံသမုဒ္ဒရာဇ်ဓာတ်ကျမ်း'ကြီးကို စီရင်ခဲ့ပေသတည်း။

ဤကျမ်းအား သိသူအလွန်ရှား၏။ သို့သော် ဤကျမ်းသည် အလွန်ကျယ်ဝန်းသည်။ အလွန်ခမ်းနားသည်။ ရောမမော်ကွန်းကြီးလည်း ဖြစ်သည်။ ဓာတ်သမုဒ္ဒရာဇ်ကျမ်းကြီးလည်း ဖြစ်ပေသည်။ မူလက ယင်းကျမ်းမှာ ပါဠိဘာသာ၊ ပျူဘာသာ နှစ်ရပ်ဖြင့် ကျောက်ထက်အက္ခရာ တင်ခဲ့ပြီး နှစ်ပေါင်း တစ်ရာကျော်မှ ပေထက်အက္ခရာသို့ တင်ခဲ့သည်။ မဟာဓမ္မရာဇာအမည်ခံသော အနောက်ဘက်လွန်မင်းတရားကြီးလက်ထက် မင်းဆရာတော်ဖြစ်သော လေးထပ်ရွှေကျောင်းဆရာတော် 'မဟာရာသံဃရာဇာ'က အနက်ပြန်ဆိုပြီး ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်သို့ ရောက်မှသာလျှင် သာသနာပိုင်မောင်းထောင်ဆရာတော်က ယင်းနိဿယကိုကြည့်၍ ဒေပိုဒ်လင်္ကာကို စီရင်တော်မူသည်။

ထို့ကြောင့် ယင်းသမုဒ္ဒရာဇ်ကျမ်းသည် ကျဉ်းသည်နှင့်အမျှ ကျယ်ဝန်းလှပေသည်။ သိမ်မွေ့သည်၊ နက်နဲသည်၊ ပညာဉာဏ်ဖြင့်သာ ကျက်စားနိုင်သော ဓာတ်သမုဒ္ဒရာလည်း ဖြစ်သည်။ ထိုမျှကြီးကျမ်းသည် တစ်ချိန်က 'ပုဂံဓာတ်ကျမ်း'ဟု ကျော်ကြားခဲ့သည်။ ပုဂံဓာတ်ကျမ်းတို့ကား ထိုမျှသာမဟုတ်သေး။ ဝေဒိသဃရ(ရှင်အဇ္ဇဂေါဏ)ရှင်ရသေ့၏ တပည့်ညီလတ် နေက္ကသဃရ၊ နေက္ကသဃရ၏တပည့် သရဘင်္ဂရှင်ရသေ့၏တပည့် ရှင်မထီး၏ကျမ်းသည်လည်း 'ပုဂံဓာတ်ကျမ်း'တွင် ပါဝင်ပတ်သက်နေသတည်း။

ထို့ကြောင့် ဝေဒိသဃရ(ရှင်အဇ္ဇဂေါဏ)နှင့် သမုဒ္ဒရာဇ်မင်းတို့ ထွက်ရပ်မြန်းပြီးမှ ရှင်မထီးကျမ်း ပေါ်ပေါက်ခဲ့၍ 'ရှင်အဇ္ဇဂေါဏ ခေါ် ရှင်မထီး'ဆိုခြင်းမှာ အတူတူမဟုတ်ကြောင်း တင်ပြလိုပါသည်။ သည့်နောက်တွင် ရှင်အဇ္ဇဂေါဏ၏ ညီငယ် မေဒိသဃရ၏တပည့် ဘေသဇ္ဇရှင်ရသေ့၏ ဓာတ်စခန်းကိုလည်း တင်ပြသွားမည် ဖြစ်ပေသတည်း။

ဓာတ်စခန်း၊ ပညာစခန်းကို လိုက်စားကြသော ဗဟုသုတလိုလားသူများ အမှန်ကို မြင်နိုင်ကြပါစေ ...။

**သီဟစကြာစိုးမြင့်(ပွဲကျောင်း)**

<u>ကျမ်းကိုး</u>

နတ်လမ်းညွှန်အဖြေဋီကာ
ဝိဇ္ဇာခရ ၉ စောင်တွဲ
ကပ္ပလင်္ကာရ
လောကီအင်္ဂုတ္တိုရ်



www.burmeseclassic.com

www.burmeseclassic.com

# အခြားစကြဝဠာများတွင် ဗုဒ္ဓဘာသာကိုးကွယ်တဲ့ လူတွေရှိနေပြီလား

■ ဆရာဝင်း(သာကီနွယ်)

**ဆရာကြီးဦးငွေအောင်** တွဲဖက်ဌာနမှူး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မန္တလေးက ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့် လေ့လာခြင်းစာအုပ်တွင်

"စကြဝဠာဆိုသည်မှာ စက်ဝိုင်းကဲ့သို့ လှည့်လည်နေကြသောကြောင့် စကြဝဠာဟုခေါ်သည်။ နေ့ကိုဝိုင်းပတ်၍ ဂြိုဟ်များက လှည့်လည်နေကြသည်။ ထိုဂြိုဟ်များကို ဝိုင်းပတ်၍ ဂြိုဟ်ရံ(လ)များက လှည့်လည်နေကြသည်။ ဤကဲ့သို့ လှည့်လည်နေကြသော နေ၏အဖွဲ့အစည်း (SOLAR SYSTEM)ကို နေစကြဝဠာဟု ခေါ်သည်။

ဤနေစကြဝဠာ နေ၏ဘေးတွင် ဂြိုဟ် ၉ လုံးရှိသည်။ နေနှင့်အနီးဆုံး လှည့်ပတ်နေသော ဂြိုဟ်မှာ ဗုဒ္ဓဟူးဂြိုဟ်ဖြစ်သည်။ ဗုဒ္ဓဟူးဂြိုဟ် ဂြိုဟ်ပတ်လမ်းအပြင်ဘက်မှ ဒုတိယမြောက်ဂြိုဟ်သည် သောကြာဂြိုဟ်၊ တတိယမြောက်ဂြိုဟ်သည် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာဂြိုဟ်၊ စတုတ္ထမှာ အင်္ဂါဂြိုဟ်၊ ပဥ္စမမှာ ကြာသပတေးဂြိုဟ်၊ ဆဋ္ဌမမှာ စနေဂြိုဟ်၊ သတ္တမမှာ ယူရေးနတ်ဂြိုဟ်၊ အဋ္ဌမနှာ နတ်(ပ)ကျွန်းဂြိုဟ်နှင့် နဝမြောက်ဂြိုဟ်မှာ ပလူတိုဂြိုဟ်တို့ ဖြစ်သည်။

အာကာသထဲတွင် နေမိသားစုပေါင်းများစွာ ရှိနေကြသည်။ တစ်စုနဲ့တစ်စုလည်း အလွန်ဝေးပြီး ဤနေနှင့် အနီးဆုံးနေမှာ မိုင်သန်းပေါင်း ၂၆ သန်းခန့်ဝေးသည်။ အာကာသအတွင်းရှိ အကွာ အဝေးများကို ဂဏန်းငယ်ငယ်နှင့် ဖော်ပြနိုင်ရန် အလင်းနှစ် (LIGHT YEAR)ကိုသုံးသည်။ အလင်းရောင်သည် တစ်စက္ကန့်လျှင် မိုင်ပေါင်း(၁၈၆၀၀၀) ကျော်သွားသည်။ တစ်နှစ်အတွင်း အလင်းသွားသော အကွာအဝေးကို အလင်းနှစ်ဟု ခေါ်သည်။ ဤနေရာမှ အနီးဆုံးနေသည် အလင်းနှစ် ၄½ နှစ်ခွဲခန့်ဝေးသည်။

ကြယ်များသည် နေများပင် ဖြစ်သည်။ ကြယ်များသည် အစုအဖွဲ့ကြီးဖွဲ့၍ တွဲ၍နေကြသည်။ ထိုကြယ်များ၏ အစုအဖွဲ့ကြီးကို(GALAXY) ဂယ်လက်စီဟု ခေါ်သည်။ ထိုကြယ်အဖွဲ့ကြီးတစ်ခုအတွင်း ကြယ်သန်းပေါင်း ထောင်ပေါင်းများစွာပါဝင်သည်။

ဂယ်လက်စီများသည် မြောက်များစွာရှိသည်။ ထိုဂယ်လက်စီသန်းပေါင်း ထောင်ပေါင်းများစွာ ပါဝင်သောအဖွဲ့ကို စကြဝဠာ(UNIVERSE)ဟု ခေါ်သည်။ စကြဝဠာအတွင်းတွင် နေစကြဝဠာပေါင်း မရေမတွက်နိုင်အောင်များ၍ စကြာဝဠာအနန္တဟု ခေါ်သည်။ ထို(UNIVERSE)သည် အချိန်ကာလအားဖြင့် အစဟူ၍လည်း ဖော်ပြမရ၊ အဆုံးဟူ၍လည်း ဖော်ပြမရ၊ ဌာနအပိုင်းအခြားအားဖြင့်လည်း ဖော်ပြမရပေ။

××× ×××

ကျွန်တော်သည် ရွှေတိဂုံစေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် မည်မျှပျက်စီးမှုရှိသည်ကို မကြည့်ရသေး၍တစ်ကြောင်း၊ ဘုရားကြီးမဖူးရတာလည်း အတော်ကြာနေပြီဖြစ်တဲ့အတွက် ၂၉. ၆. ၂၀၀၈ ရက်နေ့ နေ့လယ် ၁၂ နာရီခန့်တွင် သွားရောက်ဖူးမြော်ခဲ့ပါတယ်။

ဘုရားကြီးကုန်းတော်ပေါ် အရောက်တွင် ကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံများ ပျက်စီးမှုအခြေအနေနှင့် ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ဖူးမြော်ပါတယ်။ ရာဟုထောင့်ရောက်တဲ့အခါမှာ စဉ့်ကူးမင်းခေါင်း

www.burmeseclassic.com

လောင်းကြီးတန်ဆောင်းတောင်ဘက်က အာရုံခံတန်ဆောင်းပေါ်တက်ပြီး ဘုရားကြီးကို ဖူးမြော်ကန်တော့ပြီး ဂုဏ်တော်ပုတီး (၃၆)ပတ် စိပ်ပါတယ်။ ပုတီးပတ်ပြီး၍ ကျွန်တော့်နံဘေးက ပုဂ္ဂိုလ်များကို ဂရုပြုမိတော့ ခပ်ဝဝ၊ အသားညိုညိုနဲ့ ဖနီးမောင်နံ့ ထမင်းစားနေတာ။ ဝတ်ဖြူစင်ကြယ်ဝတ် ဆံပင်ရှည်နဲ့ ဘိုးမင်းခေါင်ပုံရှိတဲ့ ပုဂ္ဂိုလ်ကြီးဦးဆောင်ပြီး ဝတ်ဖြူစင်ကြယ်နဲ့ လူငယ်နှစ်ဦး၊ အမျိုးသမီးဝတ်ဖြူစင်ကြယ်နဲ့တစ်ဦး ထိုင်စကားပြောနေကြပါတယ်။ တန်ဆောင်းကြီးရဲ့ မြောက်ဘက်ပိုင်းမှာတော့ ဘုရားကြီး၏ ဝန်ထမ်းများက လျှပ်စစ်မီးမောင်း သတ္တုတိုင်ကြီးများကို ပြင်ဆင်နေတာ တွေ့ရပါတယ်။ ကျွန်တော်လည်း ထိုင်ရတာ ကျောအောင့်တာနဲ့ အာရုံခံတန်ဆောင်းနံရံကို မှီပြီး မျက်စိမှိတ်အနားယူလိုက်ပါတယ်။

××× ×××

ကျွန်တော်ထိုင်နေတဲ့ စုရပ်အတွင်းသို့ ယောဂီရောင်ဝတ် သူတော်စင်ကြီးသုံးပါး ကျွန်တော့်ရှေ့လာထိုင်တာ တွေ့ရပါတယ်။ သူတော်စင်ကြီးတွေရဲ့ ပုံစံက ဆံပင်က ခါးအောက်ထိရှည်တာ တွေ့ရပါတယ်။ အင်္ကျီက ယောဂီရောင်အင်္ကျီ ခပ်ပွပွကြီးဝတ်ထားပြီး ပုဆိုးမှာ ကျွန်တော်တို့ဝတ်တဲ့ ပုံစံမျိုးမဟုတ်ဘဲ ဘုန်းကြီးတွေ သင်းပိုင်ကို ခါးတွင်မြဲအောင် လိပ်ပြီး ဝတ်သကဲ့သို့ ဝတ်ထားတာတွေ့ရပါတယ်။

ကျွန်ုပ် ။ သူတော်စင်ကြီးများက ဘယ်ကကြွလာပါသလဲ။ ရွှေတိဂုံစေတီများ အဓိဋ္ဌာန်လာဝင်တာပါလားဘုရား။

နတ်ကြီးများ ။ သူတော်စင်မဟုတ်ပါဘူး။ နတ်ကြီးများဖြစ်ပါတယ်။ ဤကမ္ဘာမှမဟုတ်ဘဲ အခြားစကြဝဠာမှ လာကြတာပါ။ နတ်အားလုံး အပါး ၅၀၀ ရှိပါတယ်။ ရွှေတိဂုံစေတီတော်ကြီးမှာ ယခုလ ဖွန်လ(၁)ရက်နေ့မှစ၍ (၃၀)ရက်နေ့အထိ ပဋ္ဌာန်းပါဠိတော်ကို ညစဉ် ၉ နာရီမှ ၁၂ နာရီအထိ ရွတ်ဖတ်ပူဇော်နေကြပါတယ်။

ကျွန်ုပ် ။ (အံ့အားသင့်လျက်) နတ်ကြီးများက ဘယ်လောက်ဝေးတဲ့ ကမ္ဘာက ကြွလာတာပါလဲဘုရား။ အဲဒီမှာ လူသားတွေနဲ့ ဗုဒ္ဓဘာသာကိုးကွယ်မှုကော ရှိပါသလားဘုရား။

နတ်ကြီးများ ။ ဤကမ္ဘာက လူသားတွေလိုပဲ ရှိပါတယ်။ ဗုဒ္ဓဘာသာကိုလည်း တစ်ကမ္ဘာလုံးက ကိုးကွယ်ကြပါတယ်။ ဒီကမ္ဘာထက် သုံးဆလောက် ပိုကြီးပါတယ်။ လူဦးရေကတော့ ဒီကမ္ဘာလောက် မများဘူး။ သန်းပေါင်း ၃၀၀၀ လောက်ပဲ ရှိပါတယ်။ ဒီကမ္ဘာနေအလင်းနှစ် ၅ နှစ်လောက်ဝေးတဲ့ ကမ္ဘာက ကြွလာတာပါ။

ကျွန်ုပ် ။ အဲဒီကမ္ဘာအကြောင်း တပည့်တော် အတော်စိတ်ဝင်စားပါတယ်ဘုရား။ အံ့အားလည်း သင့်မိပါတယ်။ အဲဒီကမ္ဘာနဲ့ အဲဒီက လူတွေအကြောင်း အကျယ်တဝင့် ရှင်းပြပါဦးဘုရား။

နတ်ကြီးများ ။ အဲဒီက လူတွေက အရပ် ၉ ပေခန့် ရှိပါတယ်။ တစ်ကမ္ဘာလုံး အသားဝါလူမျိုးတွေ ဖြစ်တယ်။ သူတို့ရဲ့ သက်တမ်းက အနှစ် ၅၀၀ ရှိတယ်။

(နေ)လုံးပဲရှိပြီး ညအခါ (လ)မရှိတဲ့အတွက် နေ့မှာပဲလင်းပြီး၊ ညအခါ မှောင်နေပါတယ်။ တစ်ရက်ကို ဒီက နာရီနဲ့ သတ်မှတ်လျှင် နာရီပေါင်း (၁၆၀)ရှိပါတယ်၊ နေ့တာနာရီက (၉၀)၊ ညတာနာရီက (၇၀)ရှိတယ်။ တစ်လကို ရက်ပေါင်း ၆၀၊ တစ်နှစ်ကို လပေါင်း ၂၀ သတ်မှတ်ပါတယ်။ အဲဒီကမ္ဘာမှာ သံ၊ သွပ်၊ ခဲ၊ ကြေးနီ၊ ရွှေတို့မရှိပါဘူး။ အခြားသတ္တုတစ်မျိုးနဲ့ ဖြတ်တောက်စရာ လက်နက်အဖြစ် အသုံးပြုကြပါတယ်။ ဒီကမ္ဘာလို စက်မှုလက်မှု မထွန်းကားပါဘူး။ စိုက်ပျိုးရေးပဲ လုပ်ကိုင်စားကြပါတယ်။ စပါး ဆန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ များကို စိုက်ပျိုးထားကြတယ်။ သားငါး လည်း စားပါတယ်။ ဒီက နွားလိုသတ္တဝါ တွေနဲ့ ထွန်ယက်စိုက်ပျိုးကြတယ်၊ ကြက်၊ ဝက်၊ ဆိတ်လို သတ္တဝါများမရှိပါဘူး။ အခြားသတ္တဝါတွေပဲ ရှိပါတယ်။ ရေထဲက ငါးများလည်း စားကြပါတယ်။ ကောင်း ကင်ပျံတဲ့ငှက်များလည်း ရှိပါတယ်။ လူ တွေက တစ်ရက်ကို အစာ ၅ ကြိမ် စား ပါတယ်။

ယောက်ျားတွေက အိမ်မှုကိစ္စ သားသမီးတွေ ထိန်းသိမ်းစောင့်ရှောက် တဲ့ တာဝန်တွေကို ဆောင်ရွက်ပြီး၊ အမျိုး သမီးတွေက လယ်တောယာတောထွက် ပြီး အလုပ်လုပ်ကြတယ်၊ အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်ရတဲ့ ကာလက သုံးနှစ် ကြာတယ်။ အဲဒီမှာ ဝါဂွမ်းလို ချည်မရှိ ဘူး။ မြေတွင်းကထွက်တဲ့ ဒီက နိုင်လွန် ချည်လိုဟာမျိုးကို ရက်ပြီး ဝတ်ကြတယ်၊ အရောင်ကလည်း တိုင်းပြည်အလိုက် အညိုရောင်ဝတ်တဲ့တိုင်းပြည်၊ အစိမ်း ရောင်ဝတ်တဲ့တိုင်းပြည်၊ အနီရောင်ဝတ် တဲ့တိုင်းပြည်၊ အဖြူရောင်ဝတ်တဲ့တိုင်း ပြည် စသည်ဖြင့် တစ်တိုင်းပြည်လုံး တစ် ရောင်ပဲ ဝတ်ကြတယ်။ ဗုဒ္ဓဘာသာကို တစ်ကမ္ဘာလုံးကိုးကွယ်ကြတယ်။ ကမ္ဘာ စောင့်နတ်ကြီးကိုလည်း ကိုးကွယ်ကြ တယ်။ ဘုန်းတော်ကြီးတွေက တိုင်းပြည် တိုင်းမှာ မီးခိုးရောင်ဝတ်ကြတယ်။ ဘုန်း ကြီးဝတ်မည်ဆိုလျှင် အသက် ၁၀၀ ပြည့် မှ ဝတ်ခွင့်ရှိတယ်။ ကိုရင်၊ မယ်သီလ မရှိဘူး။ အသက် ၄၀၀ ကျော်လျှင် ယောက်ျားတိုင်းလိုလို ဘုန်းကြီးဝတ်ကြ တယ်။ မြို့ရယ်လို့မရှိဘူး။ အိမ်ခြေ ၁၀၀ မှ အများဆုံး အိမ်ခြေ ၃၀၀ ထိ ကျေး



www.burmeseclassic.com

www.burmeseclassic.com

များသာ ရှိတယ်။ တစ်ရွာကို ခေါင်းဆောင်တစ်ယောက်ကပဲ အုပ်ချုပ်တယ်။ အဲဒီကမ္ဘာမှာ တိုင်းပြည်ပေါင်း (၂၀)ရှိတယ်။ ဘုရင်စနစ်နဲ့ အုပ်ချုပ်တယ်။ စစ်တပ်၊ ရဲတို့လို လက်နက်ကိုင်အဖွဲ့အစည်းလည်းမရှိဘူး။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် တိုက်ခိုက်တဲ့ စစ်ပွဲလည်းမရှိဘူး။ ခိုးမှု၊ လုယက်မှု၊ လူသတ်မှုစတဲ့ ရာဇဝတ်မှုလည်း မရှိဘူး။ လူတွေက ဉာဏ်ရည်ဖွံ့ဖြိုးမှုလည်း ဒီကလူတွေရဲ့ တစ်ဝက်လောက်ပဲ ရှိမယ်။ ကုန်ပစ္စည်းရောင်းဝယ်တဲ့ ဈေးတော့ ရှိတယ်။ ငွေကြေးအဖြစ် နှစ်လက်မအရွယ် သတ္တုအဝိုင်းပြားကို အသုံးပြုကြတယ်။

ကျွန်ုပ် ။ အဲဒီမှာ လူတွေက ဉာဏ်ရည် ဒီကလူတွေရဲ့ တစ်ဝက်လောက်ပဲ ရှိတယ်ဆိုတော့ ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်တော်တွေကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ပါသလဲဘုရား။

နတ်ကြီးများ ။ ဘုရားဟော ပိဋကတ်သုံးပုံ ရှိပါတယ်။ ဒီမှာလို စာအုပ်၊ ပေထက် အက္ခရာတင်တာ၊ ကျောက်ထက်အက္ခရာတင်တာ မရှိပါဘူး။ ရဟန်းတော်တွေက သူ့ကဏ္ဍနဲ့သူ တာဝန်ခွဲဝေအာဂုံဆောင် ကျက်မှတ်ထားကြပါတယ်။ ဥပမာ အဘိဓမ္မာအပိုင်းကိုဆိုလျှင် ရဟန်းတော် အပါး ၂၀ အာဂုံဆောင်ကျက်မှတ်ထားရပါတယ်။ နောက်ရဟန်းတော်တွေကို လက်ဆင့်ကမ်း ကျက်မှတ်စေရပါတယ်။ အလားတူ သုတ္တန်၊ ဝိနည်း ကျမ်းများကိုလည်း တာဝန်ခွဲဝေကျက်မှတ်ပြီး နောက်သံဃာတော်တွေကို လက်ဆင့်ကမ်းအာဂုံဆောင်ထိန်းသိမ်းစေခဲ့ပါတယ်။

ကျွန်ုပ် ။ အဲဒီမှာ စေတီပုထိုး၊ ဗုဒ္ဓရုပ်ပွားတော်တွေ ကိုးကွယ်ဖို့ ရှိပါသလားဘုရား။

နတ်ကြီးများ ။ ဒီမှာလို စေတီ၊ ပုထိုး၊ ရုပ်ပွားတော်တွေ မရှိပါဘူး။ ဒီမှာ စေတီပုထိုးတွေ များစွာဖူးတွေ့ရလို့ အလွန်အံ့သြဝမ်းသာ ဖြစ်ရပါတယ်။

ကျွန်ုပ် ။ အဲဒီမှာ တရားထိုင်သူ ဥပုသ်စောင့်သူ ပုတီးစိပ်တဲ့သူတွေ ရှိပါသလားဘုရား။

နတ်ကြီးများ ။ တရားထိုင်သူ၊ ဥပုသ်စောင့်သူတော့ ရှိပါတယ်။ ပုတီးစိပ်တဲ့သူတော့ မရှိပါဘူး။

ကျွန်ုပ် ။ ဒီကမ္ဘာမှာ ဘာတွေ အံ့သြစရာတွေ့ပါသလဲဘုရား။

နတ်ကြီးများ ။ ဒီကမ္ဘာမှာ ရေတွေက ကမ္ဘာရဲ့ သုံးပုံနှစ်ပုံလောက် တွေ့နေရတာ။ စက်မှုလက်မှုတွေ ထွန်းကားနေတာတွေဟာ အံ့သြစရာတွေပါပဲ။

ကျွန်ုပ် ။ သဘောမကျတာကော ဘာများတွေ့ရပါသလဲဘုရား။

နတ်ကြီးများ ။ လူတွေ လောဘကြီးတာ သဘောမကျဘူး။ ဟိုက လူတွေက လောဘမကြီးကြဘူး။

ကျွန်ုပ် ။ သဘောကျတာကော ဘာတွေရှိပါသလဲဘုရား။

နတ်ကြီးများ ။ စေတီပုထိုးတွေ ဒပါတာ၊ လူတွေအလုပ်ကြိုးစားပမ်းစားလုပ်ကြတာ သဘောကြပါတယ်။

ကျွန်ုပ် ။ နတ်ကြီးတို့က ရွှေတိဂုံစေတီတော်ကြီးများ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဇွန်လ ၃၀ ရက်နေ့မှာ ပြန်မည်ဆိုတော့ နတ်ကြီးများ သီတင်းသုံးတဲ့ ကမ္ဘာကို ပြန်ကြွမှာလားဘုရား။

နတ်ကြီးများ ။ အဲဒီကို မပြန်သေးဘူး။ အခြားသုံးကမ္ဘာ၊ သုံးနေရာကို သွားရောက်ရွတ်ဖတ်ဦးမှာပါ။ ယခု အခြား ဗုဒ္ဓဘာသာကမ္ဘာ (၉)ကမ္ဘာက ရွတ်ဖတ်ခဲ့ပြီးပါပြီ။ ရွှေတိဂုံက (၁၀)ကြိမ်မြောက် ရွတ်ဖတ်ပူဇော်တာပါ။

ကျွန်ုပ် ။ အံ့အားသင့်စွာဖြင့် အခြားစကြဝဠာတွေမှာ ဗုဒ္ဓဘာသာကိုးကွယ်တဲ့နေရာတွေ ရှိပါသေးသလားဘုရား။

နတ်ကြီးများ ။ ရှိပါတယ်။ အာကာသကြီးထဲမှာ လူသားတွေနေတဲ့ ဂြိုဟ်ကမ္ဘာ (၆၃)ကမ္ဘာ ရှိပါတယ်။ ဗုဒ္ဓဘာသာရှိတဲ့ကမ္ဘာက (၁၃)ကမ္ဘာရှိပါတယ်။ အခြားကမ္ဘာ(၅၀)က လူတွေကတော့ နတ်တွေကို ကိုးကွယ်ကြတယ်။ ဒီမှာ လူတွေက အလှူအတန်းတွေ ပြုလုပ်ကြတယ်။ လှူတဲ့ ကုသိုလ်ကောင်းမှုကို အမျှဝေကြလို့ ကျွန်ုပ်တို့ နတ်ကြီး(၅၀၀)မှာ အမျှဝေတာ သာဓုခေါ်ရလို့ နတ်သိဒ္ဓိတွေတိုးပြီး ကျွန်ုပ်တို့ခန္ဓာကိုယ်မှ အရောင်အဝါတွေ ထွက်လာလို့ အလွန်အံ့သြဝမ်းမြောက်ရပါတယ်။ ဟိုကမ္ဘာက လူတွေက အလှူအတန်းလည်း နည်းတယ်။ ကုသိုလ်ကို အမျှဝေတာလည်း မရှိကြဘူး။

ကျွန်ုပ် ။ အဲဒီကမ္ဘာမှာ ဗုဒ္ဓဘုရားဘယ်နှဆူပွင့်ပြီးပါပြီလဲဘုရား။

နတ်ကြီးများ ။ ဗုဒ္ဓဘုရားအဆူ (၂၀)ပွင့်ခဲ့ပြီလို့ သိရပါတယ်။ နတ်ကြီးတို့က ဘုရားပွင့်တာ မမီလိုက်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀၀၀)က ပွင့်ခဲ့တာပါ။ အနှစ် ၂၀၀၀၀ တစ်ကြိမ် ဘုရားတစ်ဆူပွင့်ကြောင်း သိရပါတယ်။

တဝုန်းဝုန်း မိုးလေတွေနဲ့ မိုးရွာချသံ၊ တန်ဆောင်းထဲ လူတွေဝင်လာတဲ့ အသံတွေကြောင့် အိပ်ပျော်နေရာက နိုးသွားပါတယ်။ လူတွေလည်း တန်ဆောင်းတစ်ခုလုံး ပြည့်သွားတာ တွေ့ရပါတယ်။ ကျွန်တော် နတ်ကြီးတွေနဲ့ တွေ့ရမေးမြန်းရာ အိပ်မက်ထဲတွေ့ရတာဆိုပေမဲ့ အထင်အရှား ပြတ်ပြတ်သားသားကြီးပါ။ တစ်ခါမှ ဒီလိုမကြုံဖူးပါဘူး။ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ရှေ့ဉာဏ်ကွန့်မြူးနိုင်ရန် တင်ပြလိုက်ရပါတယ်။

**ဆရာဝင်း– သာကီနွယ်**



www.burmeseclassic.com

www.burmeseclassic.com

# ရှင်ပြု-နားသမက်လှည့် (၂)

အောင်ချိန်ဘွား

ရှင်လောင်းလှည့်ပွဲတွင် ရှေ့ဆုံးတန်း၏ထိပ်မှ ရပ်ထဲရွာထဲက အလှဆုံး မိန်းမပျို ကိုင်ဆောင်ထားသည့် ကလပ်ပုံကဲ့သို့အရာကို ကွမ်းတောင်ဟုခေါ်သည်။

အမှန်စင်စစ် ကွမ်းတောင်ဆိုသည်မှာ နှစ်မျိုးနှစ်စားရှိသည်။ ပထမအမျိုးအစားကို ကွမ်းထည့်သည့် ကလပ်ဟု ခေါ်သည်။ နောက်တစ်မျိုးကို ကွမ်းအစ်တင်ထားသော ကလပ်ဟုခေါ်သည်။ ပွဲကြီးလမ်းကြီးတွင် ဘုရင်အစရှိသော အကြီးအကဲများကို ကွမ်းဆက်ရာ၌ အသုံးပြုသည်။ ရှင်လောင်းလှည့်ရာ၌ ကိုင်ဆိုင်သော ကွမ်းတောင်သည် ပထမအမျိုးအစားဖြစ်သည်။ ကွမ်းအစ်ပါလေ့ မရှိ။

ရှင်ပြုလှည့်လည်ပွဲတွင် ကိုင်ဆောင်သော ကွမ်းတောင်ကို ရပ်ထဲရွာထဲမှ လုပ်တတ်သည့် အမျိုးသမီးကြီးက အကူမိန်းမပျိုဆယ်ယောက်နှင့် ဝိုင်း၍ပြုလုပ်ကြသည်။

ကွမ်းတောင်ပြုလုပ်ရန် လိုအပ်သောပစ္စည်းများမှာ လက်ကိုင်စရာကလပ်ခြေပါသော သစ်သားကလပ်၊ သို့မဟုတ် ယွန်းကလပ်တစ်ခု၊ ဝါးခြမ်းပြားထူထူတစ်ချောင်း၊ ရောင်စုံချည်မျှင်အနည်းငယ်နှင့် ငှက်ပျောလက်အစိမ်းနှစ်လက်နှင့် ရော်သော အဝါနှစ်လက်တို့ ဖြစ်သည်။


ကွမ်းတောင်ပြုလုပ်နည်းမှာ ငှက်ပျောဖက်များကို အလယ်ရိုးမှ ဓားဖြင့်လှီးထုတ်ရသည်။ ထို့နောက် ငှက်ပျောဖက်များကို ဖြက်လေးလက်မစီ အပိုင်းအစများအဖြစ် ဖြတ်တောက်ရသည်။ ထိုအပိုင်းအစများဖြင့် ကြက်တူရွေးရုပ်အစိမ်းရောင်၊ ထီးအဝါရော်ရွက်ရောင်၊ ကြာပတ် အစိမ်းရောင်၊ စိန်တောင်နုအဝါရောင်၊ ကြာသီးကြာဖူး အစိမ်းရောင်၊ စိန်တောင်ကြမ်း အဝါရောင်၊ ကွေးကောက်ကုံး အစိမ်းရောင်၊ ကလပ်ကြာ အဝါတစ်ဖတ်၊ အစိမ်းတစ်ဖတ်တစ်ခုခြားစီ တပ်ဆင်ရသည်။ ထီးကို ပိန္နဲတိုင်ခေါ် ပန်းလည်တိုင်ထိပ်တွင်တင်ရသည်။ ထိုပိန္နဲတိုင်ခေါ် ပန်းလည်တိုင်သည် ဝါးဖြင့် ခိုင်ခိုင်မာမာ စိုက်ထူရသည်။ ထိုပန်းလည်တိုင်ထောင်မတ်ပြီး မစောင်းမယိုင်စေရန် ရောင်စုံချည်ကြိုးဖြင့် အပေါ်ကြာပတ်၏အောက်နားမှ အောက်က ကလပ်နှုတ်ခမ်းနားပတ်လည်သို့ ကြိုးချည်များဆိုင်းပေးရသည်။ ချည်ကြိုးရောင်စုံတို့သည် အောက်ကား အထက်ရှူးကတော့ပုံ ဖြစ်ပေါ်လာသည်။ ဆိုင်းကြိုးချည်နှစ်ခုတွင် စိန်တောင်နု လိပ်ပြာတောင်ပုံများ ညှပ်ကပ်ပေးထားရသည်။ ဤနေရာ၌ ကလပ်ကြာနေရာတွင် အချို့က ငှက်ပျောဖက်ကို သစ်ရွက်စောက်ထိုးပုံ တွဲရရွဲ ချကပ်ထားသော်လည်း အချို့က ငှက်ပျောဖက်ကို ညှပ်၍ ပုံဖော်မည့်အစား ကွမ်းရွက်များ ပတ်လည်ကပ်ပေးကြသည်။

ယခုပြုလုပ်ပြီးသည့် ကွမ်းတောင်ကို အောက်မှ အထက်သို့ အဆင့်ဆင့်



www.burmeseclassic.com

www.burmeseclassic.com




ရှုကြည့်ပါက တွေ့ရမည့်ပုံမှာ


(၁) လက်ကိုင်ပါ သစ်သားကလပ်၊ (၂) ကလပ်ကြာ၊ (၃) ကွေးထောက်ကုံး၊ (၄) ချည်ရောင်စုံဆိုင်းကြိုးများ၊ (၅) စိန်တောင်အကြမ်း၊ (၆) ကြာသီးကြာဖူး၊ (၇) စိန်တောင်နှု၊ (၈) ကတော့၊ (၉) ပိန္နဲတိုင်(ပန်းလည်တိုင်)၊ (၁၀) ကြာဖတ်၊ (၁၁) ထီး၊ (၁၂) ကြက်တူရွေး

ပြုလုပ်ပြီးသော ကွမ်းတောင်ထဲသို့ ကွမ်းရွက်၊ ကွမ်းသီးများ ထည့်ပုံမှာ ကတော့ထဲတွင် ကွမ်းရွက်များကို လိပ်၍ ထောင်ထည့်ရန်ဖြစ်သည်။ ကွမ်းသီးများကို ပဒေသာပင်သီး၍ ထည့်ရန်ဖြစ်သည်။

ဤတွင် ကွမ်းတောင်ကိုင် အပျိုချောကိုင်ဆောင်ရမည့် ကွမ်းတောင်တစ်ခု ဖြစ်လာတော့သည်။ ရှင်လောင်းလှည့်လည်ပွဲတွင် အခြားအပျိုချောများကိုင်ရ၊ ရွက်ရမည့် ပစ္စည်းများကတော့ ကြိုတင်ပြင်ဆင်စရာမလို။ ဝယ်ရ၊ ငှားရသည်သာ။ ငှားရမ်းရာတွင် ကြေးနောင်ဝိုင်း၊ ဆိုင်းဝိုင်း၊ အော်ဂင်ဝိုင်းလည်းပါမှ ဆူညံစည်ကားမည်။ ဒိုးပတ်အိုးစည်ဝိုင်းကတော့ ပါကိုပါရမည်။ ဤတီးဝိုင်းကိစ္စကို ကာလသားခေါင်းထံအပ်လျှင် ပြီးလေ၏။

အရေးကြီးလိုအပ်သည်မှာ ရှင်လောင်းတင်ရန်၊ စီးရန် ဆင်လား၊ မြင်းလား၊ ကားကောင်းကောင်းလား။ မြို့ကြီးများတွင်မူ တန်ခိုးကြီးဘုရား (ဥပမာ ရန်ကုန်တွင်ဆိုပါက ရွှေတိဂုံစေတီတော်ကို မလွတ်တမ်း)သွား၍ ရှင်လောင်းက ပူဇော်ကန်တော့ရသည်။ ရှင်လောင်းကို အပ်ရသည်။ ထို့ပြင် နာမည်ကြီး နတ်ကွန်းများ စု

www.burmeseclassic.com



ထမ်းစင်ဖြင့် ရှင်လောင်းလှည့်ခြင်း

စည်းရာသို့ ရှင်လောင်းကို ပြသအပ်နှံရသည်။ ထို့ကြောင့် ရှင်လောင်းလှည့်ပွဲမှာ ခရီးဝေးလှသဖြင့် ကားများဖြင့် လှည့်လည်ကြသည်။

ကျေးလက်တောရွာတွင်မူ ရွာထိပ်ဘုန်းတော်ကြီးကျောင်းနှင့် ထုံးဖြူဖြူ ကုန်းကမူက စေတီသို့သွားရသည်မှာ ခရီးတစ်တိုင်ပင်မဝေး။ ထို့ကြောင့် အများအားဖြင့် ရှင်လောင်းကို ထမ်းစင် ဝေါယာဉ်ပေါ်တင်၍ အစ်ကိုကာလသား ၆ ယောက်မှ ၁၀ ယောက်တို့က ဝိုင်းဝန်း၍ ထမ်းကြသည်။ သို့အတွက် ထမ်းစင်ဝေါယာဉ်လိုအပ်လာသည်။ ဘုန်းတော်ကြီးကျောင်းများတွင် အဆင်သင့်ပြုလုပ်ထားသော ထမ်းစင်ဝေါယာဉ်ရှိတတ်သည်။ ငှားရမ်းပြီး ပွတ်တိုက်မွမ်းမံကာ အသုံးပြုနိုင်သည်။

အကယ်၍ ဝေါကို အလှူရှင်တို့က ပြုလုပ်လိုပါက တတ်ကျွမ်းသည့် ပန်းပုပညာရှင်နှင့် လက်သမားဆရာတို့ထံ အပ်ရသည်။ ဝေါသည် နောက်ဘက်တွင် လူထိုင်ရန် ထိုင်ခုံရှိသည်။ ထိုင်ခုံနောက်တွင် ကျောမှီကာရံပြီး ဘေးတစ်ဖက်တစ်ချက်တွင် လက်ရန်း မြင့်မြင့် ကာရံသည်။ ကျောမှီဝဲယာထောင့်တွင် ဦးဆောက်ပန်း ကနုတ်အချွန်ထောင်ထားရမည်။ ဝဲယာလက်တင် လက်ရန်းသည် ရှေ့သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားရမည်။ ထိုဘေးကာ လက်ရန်းကိုလည်း ကနုတ်ပန်းလှလှဖြင့် မွမ်းမံပြုလုပ်ပေးရမည်။ ထိုဘေးကာသည် ထိုင်ခုံရှေ့ဝဲယာ၌ သုံးပေခန့်ရှည်ရသည်။ ထိုင်ခုံသည် နှစ်ပေခွဲခန့် ကျယ်ကာ တစ်ပေခွဲခန့် ရှေ့နောက်ရှိရမည်။ ရှင်လောင်းကို ထမ်းတင်သောအခါ ထိုင်ခုံမှ ခြေတွဲလောင်းချ၍ ထိုင်လိုက်ရသည်။ ဘေးလက်ရန်းမှ ကနုတ်ပန်းများရှေ့သို့ နိမ့်ဆင်းလာရာ ရှေ့ဆုံးထိပ်တွင် ဟင်္သာရုပ်ကိုယ်စီ ဝဲယာ၌ ပြုလုပ်ထားရမည်။ လက်ရန်းရှေ့နားသည် အမြင့် ၆ လက်မခန့်ရှိသလို ဟင်္သာရုပ်သည်လည်း ကိုယ်ထည် ၄ လက်မမြင့်၍၊ အမြီး ၆ လက်မ၊ ဦးခေါင်းအမောက် ၈ လက်မမြင့်လျှင် အချိုးကိုက်ဘေးကာ လက်ရာမြောက်မြောက် ဖြစ်လေသည်။ ဝေါထမ်းမည့်လူများအတွက် ထမ်းပိုးတံရှည်များ တပ်ဆင်ပေးရသည်။ နောက်ဆုံးမှ ကန့်လန့်ထမ်းပိုးတံသည် ထိုင်ခုံနောက်ကျောမှီအောက်အနားတွင် ကန့်လန့်တန်းထိုး၍ ဝဲယာသို့ အစွန်းတစ်တောင်စီထွက်နေမှ ထမ်းမည့်သူအတွက် အဆင်ပြေသည်။ ဝေါထမ်းစင်၏ အလျားအတိုင်း အလယ်တည့်တည့်တွင် နောက်ထပ် ကန့်လန့်ဖြတ်ထမ်းပိုးတံတစ်ခု၊ ရှေ့ဆုံးဟင်္သာရုပ်ရင်ဘတ်အောက်တည့်တည့်၌ ကန့်လန့်ဖြတ် ထမ်းပိုးတံတစ်ခု စုစုပေါင်း ကန့်လန့်ဖြတ် ထမ်းပိုးတံသုံးခု တပ်ဆင်ရသည်။ အလျား(အရှည်)လိုက်မူ ရှေ့မှနောက်အထိ ဘေးကာလက်ရန်းအောက်မှ ထမ်းပိုးတံဝဲယာနှစ်ခု တပ်ဆင်ရမည်။ ရှေ့နှင့်နောက်တွင် အစွန်းတစ်တောင်စီထွက်နေရမည်။ ဤနည်းဖြင့် ထမ်းစင်ဝေါယာဉ်ကို ကန့်လန့်ဖြတ် ဝဲယာမှ အစွန်း ၆ ခုထွက်နေသဖြင့် ၆ ယောက်အထိ ဝင်ထမ်းနိုင်သည်။ ရှေ့နောက်အစွန်း ၄ ခု ထွက်နေသဖြင့် ၄ ယောက် ဝင်ထမ်းနိုင်သည်။ ရှင်လောင်း အသက်ငယ်ပြီး ဝတုတ်အချိန်စီးသူမဟုတ်ပါက ရှေ့နောက်ဝဲယာမှ ၄ ယောက်သာ ထမ်း၍လည်း ရသည်။ ခရီးဝေး ဝိုင်းထမ်းသူများ သက်သလိုပါက ၆ ယောက်မှ ရှစ်ယောက်အထိ အဆင်ပြေသလို ထမ်းခေါ်သွားရုံသာ ဖြစ်ပါသည်။ လူလဲလှယ် အလှည့်ကျထမ်းပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထမ်းစင်ဝေါယာဉ်ပြီးလျှင် အရေးကြီးသော လိုအပ်ချက်ပစ္စည်းတစ်ခု ရှိပါသည်။ ဤကား 'ပရိတ်အိုး'ပင် ဖြစ်လေ၏။

ရှင်ပြုပွဲတွင် မရှိမဖြစ် အရေးကြီးသော 'ပရိတ်အိုး'ကို 'ကံဆောင်အိုး' ဟုလည်း ခေါ်ကြသည်။ ထိုကံဆောင်အိုးတွင်ထည့်ထားသော ရေကြည်ရေသန့်ဖြင့် ခေါင်းရိတ်ပြီးသော ရှင်သာမဏေလောင်းကို ခေါင်းဆေးရေချိုးပေးရမည်ဖြစ်၍ ရေအိုးခပ်ကြီးကြီးဖြစ်မှ ရေများများသုံးနိုင်ပါမည်။ မြေချောဖြင့်ပြုလုပ်ထားသော သောက်ရေအိုး လှလှပန်းဖော်ထားသည့် အိုးကို အသုံးပြုရပါမည်။ အိမ်သုံးသောက်ရေအိုး အမျိုးမျိုးရှိရာ အမြင့် ၁၄ လက်မခန့်ရှိ၍ ဗိုက်ဝမ်းအပူဆုံးနေရာ၏ အဝန်းပတ်လည် ၃၆ လက်မခန့်ရှိသော ရေအိုးဆိုလျှင် အလောတော်ပင် ဖြစ်သည်။ ထိုရေအိုးသည့် အပေါ်ပိုင်း၌လည်တစ်ချက်ရှိသလို အောက်ခြေ၌လည်း ရိုင်ပတ်ကဲ့သို့ အနားရှိရန် လိုအပ်ပါသည်။

ဦးစွာပထမ ပရိတ်အိုးထဲတွင် သန့်ရှင်းကြည်လင်သော ရေပြည့်လုနီးပါးထည့်ပါ။ ထိုရေထဲတွင် သေချာသန့်စင်အောင် ဆေးကြောထားသည့် မြေစာ၊ သပြေ၊ ဝါးရွက်၊ ခရာ၊ အုန်းရွက်၊ တမာနှင့် ဆီးစက်များထည့်ပါ။ ထို့နောက် အဖုံးအုပ်၍ အဖုံးပေါ်၌ ဝါးပိန္နဲတိုင်စိုက်ပါ။ ငှက်ပျောဖက်သုံးဖက်ဖြင့် အိုးအပေါ်နှုတ်ခမ်းမှ အထက်သို့ ထောင်ပါ။ အိုးနှုတ်ခမ်းမှ ပိန္နဲတိုင်ထိပ်နားသို့ ချည်ကြိုးရောင်စုံဖြင့် ကတော့ပုံသွယ်တန်းပါ။ ထိုချည်ကြိုးတွင် စိန်တောင်နုများကို ငှက်ပျောဖက်ဖြင့် ပြုလုပ်၍ သုံးခုကပ်နှောင်ပါ။ အိုး၏အပေါ် နှုတ်ခမ်းပတ်လည်တွင် ငှက်ပျောဖက်ဖြင့် ကလပ်ကြာပုံ ပတ်လည်ပြုလုပ်ပါ။ အဖုံးပေါ်တွင် သပြေခက်များ ဝေအောင်၊ လှအောင် တင်ပါ။ ပိန္နဲတိုင်၏ အပေါ်ထိပ်ဆုံးတွင် ဟင်္သာရုပ်၊ ကြက်တူရွေးရုပ်၊ အလံတံခွန် စသည့် ကြိုက်နှစ်သက်ရာပုံ ပြုလုပ်တပ်ဆင်လိုက်ပါ။ ဤတွင် ပရိတ်အိုးခေါ် ကံဆောင်အိုး အဆင်သင့်ဖြစ်ပါသည်။

ထိုပရိတ်အိုးကို မွမ်းမံပြင်ဆင်ပြီး သံဃာစင်ရှေ့၌ တည်ထားရမည်။ အချိန်တန်သည့်အခါ ယူ၍အသုံးပြုရန် အဆင်သင့်ရှိနေပြီ ဖြစ်သည်။

ယခု ရှင်ပြုနားသ မင်္ဂလာအလှူပွဲကြီးတွင် အဓိကလိုအပ်သော ကွမ်းတောင်ကိုင်၊ ဝေါထမ်းစင်နှင့် ပရိတ်အိုးတို့အကြောင်းကို ရှေးမူမပျက် သိရှိစေရန် ဖော်ပြခြင်း ဖြစ်သည်။ နမူနာရုပ်ပုံများကို ဖော်ပြပေးလိုက်ပါသည်။




**အောင်ချိန်ဘွား**



www.burmeseclassic.com

www.burmeseclassic.com

# ခုလမတဲလ
# ဗုဒ္ဓဘုရားကျောင်းတော်

■ ခိုင်ခင်အင်ကြင်း

မြန်မာပြည်က လေးစားရတဲ့ စာဖတ်ပရိသတ်များအတွက် ဂျပန်ပြည်ရဲ့ ဒေသန္တရဗဟုသုတတွေ ရေးသားဖော်ပြပေးချင်တာကြောင့် ၂၀၁၃ ခု၊ ဧပြီလ ၁၀ ရက်မှာ ကျိုတိုမြို့ကတစ်ဆင့် ခပ်ဝေးဝေးထပ်သွားရဦးမယ့် နာမည်ကျော် ခုလမတဲလ(KULAMA)ကို သွားခဲ့ပါတယ်။ KEIHAN ရထားလိုင်းပါ။ ဒဲ့မချိယာနာဂီ(DEMACHI-YANAGI) ဂိတ်ဆုံးဘူတာအထိ စီးရမှာ ဖြစ်တဲ့အတွက် ¥ 510 (ယန်းငါးရာ့တစ်ဆယ်)နဲ့ လက်မှတ်ဝယ်ရပါတယ်။

အမြန်ဆုံးရထားပြောင်းစီးဖို့ တိုက်ရိုက်မရနိုင်ပါဘူး။ ရိုးရိုးရထားစီးကာ သာမန်အမြန်ရထားပြောင်းစီးပြီးမှ အမြန်ဆုံးရထားပြောင်းစီးနိုင်ပါတယ်။ ဒါမှ မနက် ၁၀ နာရီခွဲကနေ ဒဲ့မချိဘူတာကို အချိန်တိုတိုအတွင်း ရောက်မှာဖြစ်တော့ ဂိတ်ဆုံးရောက်ချိန်ဟာ ၁၁း၁၅ နာရီပဲ ရှိပါသေးတယ်။ စက်လှေကားက တက်လျှင်တက်ချင်း (EIZAN) အီဇမ်းရထားလိုင်းကို တန်းတန်းမတ်မတ် တွေ့ရတာပါပဲ။ ဆက်သွားရမယ့်ခရီးအတွက် မြေပုံစာရွက်ယူရင်း ¥ 410 တန်လက်မှတ်ဝယ်လို့ ဘူတာထဲဝင်ခဲ့ပါတယ်။ ငါးမိနစ်လောက်စောင့်ရုံနဲ့ ရထားဆိုက်လာတယ်။ တောင်တွေဘက် ဆက်သွားမယ့် ရထားဖြစ်တဲ့ ရိုးရိုးရထားမို့ ခရီးသည်ပြည့်အောင် ဆယ်မိနစ်လောက် စောင့်ရပါသေးတယ်။

ရထားဟာ ခုလမတဲလရှေ့နား ဆိုက်တဲ့ရထားဖြစ်ပြီး အဆင်ပြေလှပါတယ်။ ဘူတာအမည်ကလည်း ခုလမတဲလ ဘူတာပါပဲ။

ခုလမတဲလရှေ့မှာ စားသောက် ဆိုင်လေးများရှိတော့ ၁၂ နာရီခွဲနေတာကြောင့် နေ့လယ်စာစားပြီးမှ ကျောင်းတော်ကြီးအဝင် တံခါးမကြီးရဲ့ မုခ်ဝကို သွားပါတယ်။ ခုလမတဲလဟာ ဗုဒ္ဓဘုရားကျောင်းတော်ကြီးဖြစ်ကြောင်း သာသနာ့အလံ စိုက်ထူထားတာလည်း မြင်ကြရပါလိမ့်မယ်။

အဝင်မှာ ဝင်ကြေး ¥ 200 (ယန်းနှစ်ရာ)ပေးပြီးဝင်ဝင်ချင်း မီးအိမ်နီနီလေးများ ဘေးတစ်ဖက်တစ်ချက်အစီအရီနဲ့ ကျောက်လှေကားကြီးကို ခံ့ခံ့ညားညား တွေ့ရတော့တာပါပဲ။ ပုံထဲကလို ကျောက်လှေကားကြီးနှစ်ဆင့်တက်အပြီးမှာ ပန်းရင့်ရောင် ချယ်ရီပန်းပင် ဘေးတစ်ဖက်တစ်ချက်ကြားက (တာဟိုတို)ဗုဒ္ဓဘုရားကျောင်းတော် တစ်ကျောင်းကို တွေ့မြင်ဖူးမြော်ရပြီ ဖြစ်ပါတယ်။

ဆက်လက်တက်တော့ တောင်တက်ရထား (ကေဘဲလ်ကား)ကို ¥ 100 လက်မှတ်ဝယ်စီးရပါသေးတယ်။ ခြေလျင်တက်မယ်ဆိုရင် ဒဂ ါဆင်း၊ တောင်တက်တွေ လေးကြိမ်လောက် ဆင်းလိုက်တက်လိုက် လုပ်ရမှာဖြစ်ရုံမက ပင်မ ခုလမတဲလခွန်းဒိုး (ရှေးနှစ်ထောင်ကျော်)က ဗုဒ္ဓဘုရားကျောင်းတော်ကြီးကို ပြန်တက်ဖူးရပါမယ်။ အဲဒီအပြင် တာဟိုတိုတဲလဗုဒ္ဓဘုရား ကျောင်းလေးကိုလည်း ပြန်ဆင်းဖူးမှ ခုလမတဲလဘုရားဖူးခရီး အပြည့်စုံဆုံး ဖြစ်ပါမယ်။

ကေဘဲလ်ကားက ဆင်းတာနဲ့ ချယ်ရီပင်နှစ်ပင်



www.burmeseclassic.com

www.burmeseclassic.com




ကျိုတိုမှတစ်ဆင့်သွားသည့် နာမည်ကျော် ခုလမတဲလ ကျောင်းတော်အဝင်မုခ်(တံခါးမကြီး)

ဝေဝေဆာဆာ ပွင့်တဲ့ကြားက တာဟိုတိုတဲလဗုဒ္ဓဘုရားကျောင်းတော်လေးကို ဖူးရပါတယ်။ ရှေးနှစ်ထောင်ကျော်က အဆောက်အအုံမဟုတ်လို့ အရောင်သစ်လွင်နီရဲလို့နေပါတယ်။

တာဟိုတဲလ နောက်ကျောက တောင်က ပတ်လမ်းအတိုင်း ဆက်သွားပြီး ပြန်မော့အတက် ထိပ်မှာတော့ တောင်ကမ်းပါးယံမှာ နေရာကျယ်ကျယ် ထိုင်ခုံလေးများကို နားနေစရာ ပြုလုပ်ထားတာ မြင်ရပါ့မယ်။

နောက်ထပ် ကျောက်လှေကားကြီး နှစ်ဆင့်တက်ပြီးပြီဆိုတာနဲ့ ပင်မ ခုလမတဲလကို ချယ်ရီပင်အုပ်ကြားမှာ တွေ့ရလို့ ဖူးရပေမယ့် ချယ်ရီတွေ အုပ်ဆိုင်းနေတာကြောင့် ဓာတ်ပုံရိုက်ရခက်ပြီး ဖော်မပြနိုင်ပါဘူး။ အရင်ဖော်ပြပေးဖူးတဲ့ ရှေးဟောင်းဗုဒ္ဓဘုရားကျောင်းတွေနဲ့ တစ်ပုံစံတည်းပဲ ဖြစ်ပါတယ်။

ကျောင်းတော်ကြီးရှေ့ တောင်ကမ်းပါးယံမှာ နတ်ရှိတဲ့ ကျောက်တုံးကြီးကို အနီရောင်သစ်သားများနှင့် နတ်အထိမ်းအမှတ်အဖြစ် စက္ကူဖြူခေါက်တွန့်လေး ကြိုးနှင့်ချိတ်ဆွဲ ကာရံထားတာကို ထူးထူးဆန်းဆန်း တွေ့ရပါတယ်။ ထူးခြားမှုတွေ ကြုံကြရလို့ အထူးတရိုတသေ သီးသန့်ထားရကြောင်း ထင်ရှားနေတယ်ဆိုတာ ယုံကြည်မိပါတယ်။

ကျောင်းတော်ကြီးဘယ်ဘက် ဘေးက ရှေးဟောင်းအဆောက်အအုံဟာ ရှေးက ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ မင်းသမီးနဲ့ မှူးကြီးမတ်ရာတို့ စားတော်ခေါ်၍ ရိုးရာဓလေ့ ယဉ်ကျေးမှုထုံးစံ အစဉ်အလာအတိုင်း လက်ဖက်ရည်ပွဲ ကျင်းပသောက်သုံးရာ အဆောင်တော်လေး ဖြစ်ပါတယ်။





ခုလမတဲလ တံခါးမကြီးမှ ဝင်ပြီးနောက် ပထမကျောက်လှေကားအတက်နှင့် မီးအိမ်နီနီလေးများ



www.burmeseclassic.com

www.burmeseclassic.com




တာဟိုတို ဗုဒ္ဓကျောင်းတော်

အဲဒါကို စာဖတ်ပရိသတ်များ ဘုရားနှင့် ဘုန်းကြီးကျောင်းများနှင့် တူနေတဲ့အတွက် မမှားပါနဲ့နော်။ အခုအခါလည်း လက်ဖက်ရည်ဆောင်အဖြစ် ပွဲကျင်းပရင် ကျင်းပမယ်ထင်ပါရဲ့။

လက်ဖက်ရည်ဆောင်လေး နောက်ဘက်ကို တက်လိုက်တာနဲ့ ကွင်းပြင်လေးထိပ်အစွန်က ရှေးဇရပ်ကလေးနဲ့ ကျောက်လှေကားလေးကို မြင်လိုက်ရတာ အေးချမ်းသာမောမှု ခံစားသွားရတာပေါ့။

လှေကားလေးအတိုင်း တက်လာရင်း တောင်ကြောလမ်းတစ်နေရာက ဗုဒ္ဓဘုရားကျောင်း သေးသေးလေးနဲ့ တောင်ကုံ အမှိုက်သရိုက်ရှင်းလင်းနေသူ နှစ်ဦးကို မြင်ရပါတယ်။ သူတို့ကို ဖြတ်တက်လာရာ အကွေ့တစ်နေရာ လမ်းခွဲလေးမှာတော့ လမ်းပိတ်ထားပြီး ဝင်သွားမိရင် ဝက်ဝံ




ဗုဒ္ဓဘုရားကျောင်းတော်ရှေ့ရှိ နတ်စောင့်နေသော ကျောက်တုံးကြီး

ကြီးတွေနဲ့ အဆိပ်ရှိပိုးကောင်များ အန္တရာယ်ကြောင့် မသွားရလို့ တားမြစ်ထားတဲ့ဘက် မကွေ့ရဘဲ ဆက်ပြီးကွေ့ကောက်တက်သွားရပါတယ်။

တချို့နေရာတွေ လူပြတ်ကာ တောကြီးတောင်ကြီးထဲလို ဖြစ်နေတာကြောင့် ဝက်ဝံများ လမ်းမှားရောက်လာပြီး တွေ့လိုက်ရင် ဘယ်လိုလုပ်မလဲဆိုပြီး ခိုင်ခင်အင်ကြင်းလည်း ပြေးပေါက်ရှာထားမှပဲဆိုပေမယ့် တောင်စောင်းက ဆင်းပြေးလည်း မလွတ်ဘူးထင်ပါတယ်။ လိမ့်ကျပြီး အရိုးကျိုးသွားမှ ဝက်ဝံက ကိုက်သတ်လို့ လွယ်မှာကြောင့် ကြောက်လာမိပါတယ်။ တချို့နေရာတွေ ပရလောကသားများ တွေ့မလားလည်း နည်းနည်းလေး ကျောစိမ့်ရင်နွေခင်းကြီးလည်းဖြစ်နေပြီး၊ ဘုရားဖူးတွေရှိနေတာဖြစ်မှာမို့ အားခဲသွားရပါတယ်။

ဆက်သွားနေရင်း အဓိက ထင်ရှားနာမည်ရ အထူးတစ်နေရာလေးမှာ စူကီပင်သစ်မြစ်များ မြေပေါ်တက်လာကာ ယှက်ဖြာနေကြရာ နေရာလေးကို မှတ်တမ်းတင်ဖော်ပြပေးလိုက်ပါတယ်။ ဆက်သွားတဲ့အခါ တခြားနေရာတချို့မှာလည်း အဲဒီလို စူကီသစ်မြစ်များ ယှက်ဖြာနေရာလေးတွေရှိပေမယ့် ပုံထဲကနေရာလေးမှာ ရှေးက တန်ခိုးကြွဒ္ဓိပါဒ်တစ်စုံတစ်ရာ ပေါ်ထွက်ခဲ့ရာ နေရာလေးအဖြစ် လူတွေဖြတ်ကျော်မသွားဘဲထားပြီး အဲဒီအရှေ့မှာ ရှေးက စစ်သူကြီးတစ်ဦး အတတ်ပညာ သင်ယူခဲ့ရာနေရာ အမှတ်အသား



ဆဲန်းရှင်းတဲင်း(SENSHIN TEN) ခေါ် ဘုရင်နှင့် ဝန်ကြီး မှူးမတ် စသည် ရာထူးကြီးသူများ ရိုးရာလက်ဖက်ရည် (GREEN TEA) သောက် အဆောင်တော်



www.burmeseclassic.com

www.burmeseclassic.com




လွင်ပြင်ထောင့်မှ ဇရပ်ကလေးနှင့် ကျောက်လှေကားအတက်

ရှေးအဆောက်အအုံလေး တွေ့ရပါသေးတယ်။ ဓာတ်ပုံများကို ရိုက်ကူးခဲ့ပေမယ့် အဓိကထူးခြားတဲ့နေရာလေးတွေကိုပဲ ဖော်ပြပေးပါ့မယ်။

အနီးအနားကို လူတချို့ရောက်လာပြီး ခရီးဆက်သွားကြရာနောက် လိုက်လာရင်း အမျိုးသမီးနှစ်ဦး ဆုတောင်းဆုယူပြုနေရာ ရှေးအဆောက်အအုံကို တွေ့လို့ ဗုဒ္ဓကျောင်းတော် ထင်မိတာနဲ့ အမှတ်တရ ဓာတ်ပုံရိုက်၊ အလှူငွေတောင် လှူလိုက်သေးပြီး ရှိခိုးခဲ့ပါသေးတယ်။ အတော်အလေးအနက် ဆုတောင်းနေကြပုံမြင်ရတော့ အဓိကနေရာလို့လည်း ထင်မိပါတယ်။ လက်စသတ်တော့ အဲဒီနေရာက အထူးအဆန်းပါပဲလေ။ မေးမြန်းစုံစမ်းမှ ရှေးနှစ် ခြောက်ဆယ့်ငါးသိန်း (၆,၅၀၀,၀၀၀) = ခြောက်သန်းငါးသိန်းအထက်က သောကြာကြယ်မှ ဆင်းလာတဲ့ မာအို(မာန်နတ်)နတ်မင်းရဲ့ ဗိမာန်(အိုကုအင်း)ဆိုပဲ။ စိတ်ထဲမှာ အဟင်း . . . မာန်နတ်ဆိုတော့ ဗုဒ္ဓဘုရားရဲ့ ရန်သူကို အလှူငွေလှူပြီး ရှိခိုးမိတာ ခိုးလိုးခုလု ဖြစ်သွားတာပေါ့။ အင်း . . . မာန်နတ်လည်း တစ်ခုသောကမ္ဘာမှ ဘုရားဖြစ်မှာပဲလို့ စိတ်ဖြေရပါတယ်။ အဲဒီလောက် ဘုရားမပွင့်တော်မူသေးမီက နှစ်တွေမှာ ရှိခဲ့တဲ့ လူသားတွေ တွေ့ကြုံပြီး ယုံကြည်ခဲ့ရင်း ဗိမာန်ဆောက်ထားတယ်ဆိုတဲ့အတွက် တအံ့တဩတော့ ဖြစ်စရာပါပဲနော်။

အဲဒီ အိုကုအင်းကနေ အဆင်းလမ်းချည်း ဖြစ်တော့မယ့်အကြောင်း မြေပုံအရ သိရရင်း ဆင်းလာခဲ့တဲ့ တစ်နေရာမှာ ဒဏ္ဍာရီဆန်ဆန်နဲ့ ရှေးက ဘုန်းကြီးကျောင်း တစ်ကျောင်း ဆောက်လုပ်ရင်း လက်သမားတစ်ဦးဟာ လက်သမားကိရိယာလွတ်ကျသွားတဲ့ တွင်းထဲ(ဂူတစ်ခု)က နဂါးရှိလို့ ရုတ်တရက် လေမုန်တိုင်းတွေလာကာ လက်သမားရဲ့ကိရိယာ အပေါ်ကို ပျံတက်ကျလာတာ တွေ့ရပါတယ်။ နဂါးက မှုတ်ထုတ်တဲ့သဘောထင်ပြီး နဂါးအတွက်




စူဂီခေါ် သစ်ပင်မှအမြစ်များ မြေအောက်မှ ထူးဆန်းစွာ တက်လာပြီး ယှက်ဖြာနေသော နာမည်ကျော် နေရာတစ်နေရာ (အခြားနေရာများမှ စူဂီသစ်မြစ်များ ဤသို့မဖြစ်)



www.burmeseclassic.com

www.burmeseclassic.com




စမ်းချောင်းလေးဘေးက
နေရာမှ ချပ်ရိုပန်းနှင့်
အလှပြတန်ဆာ
ဆင်ထားသည့်
ကျောက်မီးအိမ်နှစ်အိမ်နှင့်
ဇရပ်ကလေး



ခုလမတဲလတောင်ကြောမှ နောက်ဆုံး အိုကုနိုမင်း (လွန်ခဲ့သောနှစ် ခြောက်ဆယ့်ငါးသိန်းက သောကြာကြယ်မှ ဆင်းလာသည့် မာန်နတ်လောင်းဗိမာန်ဟုဆိုသော ဆုတောင်းဆုယူ ပြုရာနေရာ)

ရည်ရွယ်ဆောက်လုပ်ထားတဲ့ နဂါးဗိမာန်ကို မြင်ရပါတယ်။ ခိမုနဲဂျင်းဂျာလို့ သတ်မှတ်ထားတယ်လို့ ဆိုပါတယ်။

ခုလမတဲလရဲ့ နောက်ဆုံး ရှေးအဆောက်အအုံကတော့ အိုကုအင်းဖြစ်ပြီး၊ နဂါးရဲ့ဗိမာန်ကစလို့ နာမည်ကျော် ခိမုနဲဂျင်းဂျာ ရေစောင့်နတ်ကွန်းဘက်နားကို ရောက်ပေမယ့် ရောက်ဖူးပြီးနေတာကြောင့် ဆက်မသွားဘဲ ပြန်လာခဲ့ပါတယ်။

လမ်းမှာ ဂျပန်ရိုးရာစားသောက်ဆိုင်ကလေး။ စမ်းချောင်းကလေးတစ်နေရာက စမ်းချောင်းလေးဘေးကို အလှအပတန်ဆာဆင်သလို ထားရှိတဲ့ ကျောက်မီးအိမ်လေး နှစ်မျိုးကို ဇရပ်သေးသေးလေးနဲ့ ပန်းချီကားလေးအတိုင်း တွေ့မြင်ရှုစားရပါတယ်။

ခုလမတလဲဟာ ဝင်ကြေး ယန်းနှစ်ရာ(¥ 200) လေးနဲ့ တောင်ပေါ်တစ်လျှောက် ဗုဒ္ဓဘုရားကျောင်း၊ နတ်ကွန်း၊ ဗိမာန်၊ နားနေရာများ ဖူးရ၊ တွေ့ရလို့ တကယ်တန်တယ်လို့ ဆိုချင်ပါတယ်။

အစဉ်မွန်မြတ်သော မေတ္တာရည်လျက် ...

**ခိုင်ခင်အင်ကြင်း**




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်က လာပါသလဲခင်ဗျာ။ ပြတိုက်ပိတ်ခါနီးမှ ရောက်လာပုံ ထောက်တော့ အရေးတကြီးကိစ္စရှိ ဘယ်နဲ့တူတယ်"

သုတ်သီးသုတ်ပျာ ဝင်လာသူ လူစိမ်းညှိသည်ကို စူးစမ်းသလိုကြည့်ရင်း ဘဝင်းက မေးလိုက်ခြင်းဖြစ်၏။

"မှန်လိုက်လေ ဆရာလေးရေ။ တကယ့်ကို အရေးကြီးလှတဲ့ ကိစ္စကြီး တစ်ခုရှိလို့ လာခဲ့ရတာခင်ဗျ။ ဟွိုး ... မောလိုက်တာ တကတဲမှပဲ"

ဘဝင်းက တစ်စုံတစ်ရာ မပြော ဆိုရသေးမီပင် ထိုလူစိမ်းညှိသည်သည် ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်၍ထိုင်၏။ ထို့နောက် စားပွဲပေါ်ရှိ ရေနွေးကြမ်းအိုးထဲမှ ရေနွေး တစ်ခွက်ကိုငှဲ့ပြီး တဟူးဟူးနှင့် မှုတ်၍ သောက်၏။

"ဘယ်လို အရေးကြီးကိစ္စများလဲ ဆိုစမ်းပါဦး။ ကျွန်တော်တောင် အခုပစ္စည်းတွေစစ်ပြီးရင် ပြတိုက်ကို




www.burmeseclassic.com

www.burmeseclassic.com

ပိတ်တော့မလို့။ ဒီက နောင်ကြီးက လည်း ပြတိုက်ပိတ်ခါနီးမှ အချိန်ကိုက် ပြီး ရောက်လာသလိုပါပဲ''

ဟုတ်လည်း ဟုတ်ပါ၏။ ဘဝင်း သည် ထမင်းဘူး၊ စာအုပ်နှင့် လွယ် အိတ် စသော မိမိ၏ ကိုယ်ပိုင်ပစ္စည်း များကို အဆင်သင့်သိမ်းဆည်းထားပြီး ဖြစ်သည်။ နောက်ထပ် ငါးမိနစ် လောက်ဆိုလျှင် ပြန်ခန်းများထဲ၌ ခင်း ကျင်းပြသထားသော ပစ္စည်းများအား လုံးကို မိမိ၏တပည့် ထွန်းအေးနှင့် အတူ လှည့်ပတ်စစ်ဆေးကြည့်ရှုပြီး ပြတိုက်ပိတ်တော့မည်ဖြစ်သည်။ သူ သည် မြကန်သာကျေးရွာ၏ ကိုယ်ထူ ကိုယ်ထ ပြတိုက်မှ ပြတိုက်မှူးဆိုသော် လည်း သူ၏ တကယ့်ပင်မအလုပ်မှာ ကျေးရွာ၏ ညကျောင်းတွင် သင်ကြား ပြသပေးရသော အလယ်တန်းဆရာ တစ်ယောက်သာ ဖြစ်သည်။ ည ကျောင်းဆရာဖြစ်၍ သူ့အဖို့ နေ့ဘက် တွင်အားနေသည်။ အားလပ်နေသော အချိန်ကို သူသည် အလဟဿမဖြစ် စေခဲ့ချေ။ မြကန်သာကျေးရွာ၏ ကိုယ် ထူကိုယ်ထ ယဉ်ကျေးမှုပြတိုက်တွင် စေတနာ့ဝန်ထမ်း ပြတိုက်မှူးအဖြစ် သူက တာဝန်ယူလိုက်သည်။ သို့နှင့် သူသည် နေ့ဘက်တွင် ပြတိုက်မှူး၊ ညဘက်တွင် ကျောင်းဆရာဟူသော တာဝန်နှစ်ရပ်ဖြင့် နေ့ရောညပါ မအား မလပ်ဖြစ်လာခဲ့ရ၏။ အိမ်ထောင်မရှိ သေးသူ ဘဝင်းသည် မိခင်ဒေါ်ခင် သန်း၊ နှမငယ် နှင်းအိတို့နှင့်အတူ အေးအေးလူလူ နေထိုင်လျက်ရှိ၏။

ပြတိုက်ပိတ်ပြီးလျှင် အိမ်သို့ပြန် ၍ ရေမိုးချိုးမည်။ နှမငယ်နှင်းအိ ချက် ပြုတ်ထားသော ညနေစာကို စား သောက်မည်။ ထို့နောက် ညနေ ၆ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ထားသော ညကျောင်းတွင် စာသင်ကြားပြသပေး ရန်အတွက် အိမ်မှထွက်ခွာမည်ဖြစ်၏။ ဤကား စနေနှင့် တနင်္ဂနွေနေ့များမှ အပ ဘဝင်း၏ နိစ္စဓူဝ လုပ်ငန်းစဉ်များ ပင်တည်း။

''ဒီကနေ့ဟာ စနေနေ့ဆိုတော့ ညကျောင်းပိတ်တာမို့ အိမ်အပြန် နောက်ကျရင်လည်း ကိစ္စမရှိပါဘူး။ ကဲ ... ဆိုစမ်းပါဦး၊ နောင်ကြီးရဲ့ ကိစ္စက''

ဘဝင်းမေးလိုက်တော့မှ လှစိမ်း ညွန့်သည်က အနီးပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်လိုက်၏။ မလှမ်းမကမ်းတွင် မှန်ဗီရိုများကို ဖုန်ခါ နေသူ ပြခန်းစောင့်ကလေး မောင်ထွန်း အေးတစ်ဦးတည်းကိုသာ တွေ့မြင်ရ တော့မှ စိတ်ချသွားဟန်ဖြင့် ဦးခေါင်း ကို ခပ်လေးလေးညိတ်လိုက်သည်။ ထို့နောက် အသံခပ်အုပ်အုပ်ဖြင့် ...

''မြင့်သိန်းနဲ့ အောင်ကြည်တို့ ရေ ... ပစ္စည်းကို အထဲသွင်းခဲ့ကြ တော့ဟေ့''

ဟု အပြင်ဘက်သို့လှမ်း၍ ပြော လိုက်၏။ မကြာမီပင် ဗလကောင်း ကောင်း၊ ဂင်တိုတိုနှင့် လူနှစ်ယောက် တို့က ရောမသစ်သားခေါင်းကြီးတစ် လုံးကို ဝါးလုံးဖြင့် ကြိုးလျှို၍ထမ်းပြီး ရုံးခန်းထဲသို့ ဝင်လာကြ၏။ သူတို့က ထိုခေါင်းကြီးကို ကြမ်းပြင်ပေါ်သို့ ဝုန်း ခနဲပစ်ချလိုက်ကြသည်။

''အံမယ်လေး ... လေး ... လေး .. လေး။ ဖြည်းဖြည်းလုပ်ကြပါ ဟ။ ဒါကြီးက ရှေးနှစ်ပရိစ္ဆေဒ ကာလ ကတည်းက ရှေးဟောင်းခေါင်းကြီးဆို တော့ ဆွေးချင်ဆွေးနေရောပေါ့။ တော်ကြာ ကျိုးပဲ့ကုန်ဦးမယ်။ ကဲ ... ရော့ ... ရော့၊ မင်းတို့အတွက် သယ် ပို့ခစရိတ်။ နည်းတယ်၊ များတယ် သဘောမထားဘဲ အချင်းချင်းကူညီ တယ်လို့ အောက်မေ့ကြပေါ့ကွာ''

လှစိမ်းညွန့်သည်က ၎င်း၏ အင်္ကျီအိတ်ထဲမှ ငွေစက္ကူအရွက်ကြီး တစ်ရွက်ကို ထုတ်ယူပြီး ခေါင်းထမ်း လာသူနှစ်ဦးကို လှမ်းပေးလိုက်၏။ ဂင်တိုတိုနှင့် လူမိုက်ပုံပေါက်နေသော ထိုသူနှစ်ယောက်တို့က ပေးငွေကို လှမ်းယူပြီး စကားတစ်လုံးမျှမပြောဆို ဘဲ ရုံးခန်းထဲမှ ခပ်သုတ်သုတ်ထွက်ခွာ သွားကြလေ၏။

''ကျုပ်နာမည်က မြဒင်။ ညောင် ညိုပင်ရွာမှာ နေပါတယ်။ အလုပ် အကိုင်ကတော့ ဝါးခုတ်သမား။ တောင် ဘက်တောထဲကို ဝါးခုတ်သွားရင်း စေတီပျက်ကြီးတစ်ဆူနားမှာ တောင် ပို့လိုလို ကုန်းကလေးတစ်ခုကို တွေ့ခဲ့ ရတယ်။ အနေအထားက ထူးခြားတာ ကြောင့် ကျုပ်လည်း ပါလာတဲ့တူရွင်းနဲ့ တူးကြည့်တဲ့အခါ ဟောဒီရှေးဟောင်း ခေါင်းကြီးကို တွေ့ရတော့တာပါပဲ။ အထဲမှာတော့ ဘာတွေရှိနေသလဲ မသိဘူး။ ခေါင်းကို တူရွင်းနဲ့ ကလန့် ပြီးဖွင့်ပြန်ရင်လည်း အဖိုးတန်လက်ရာ တွေ ကျိုးပဲ့ကုန်မှာစိုးတာကြောင့် မဖွင့် တော့ဘဲ ဒီအတိုင်းထားလိုက်တယ်။ ဆရာလေးတို့ရဲ့ မြကန်သာရွာမှာတော့ ကိုယ်ထူကိုယ်ထ ယဉ်ကျေးမှုပြတိုက် ရှိနေတာမို့ ဒီလိုရှေးဟောင်းပစ္စည်းမျိုး တွေကို တန်ဖိုးထားပြီး ဝယ်ယူမှာပဲလို့ တွေးမိတဲ့အတွက် အခုလို သယ်ယူ လာခဲ့ရတာပါ။ လေ့လာကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်နှစ်သက်လို့ ထိုက်သင့်တဲ့ဈေးနဲ့ ဝယ်မယ်ဆိုရင် ကျုပ်က ရောင်းချဖို့ အဆင်သင့်ပါပဲ ခင်ဗျာ''

ဘဝင်းက သူပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေမိရာမှ သစ်သားခေါင်းကြီးကို ဂရုစိုက်ကြည့်လိုက်မိ၏။ ခပ်လုံးလုံးပုံသဏ္ဌာန်မျိုးဖြစ်ပြီး အဖုံးကို ပွဲ့လျက်ကဲ့သို့ စေးကပ်သည့်အရာဖြင့် ပိတ်ထားဟန်တူ၏။ ခေါင်း၏ ဘောင်ကွပ်အနားသတ်တစ်လျှောက်တွင် ကနုတ်ပန်းဆွဲလိုလို ထူးခြားသော အမွှမ်းအမံများဖြင့် ပြည့်လျှမ်းလျက်ရှိ၏။ သည်သို့ထူးခြားပြီး လက်ရာမြောက်သော သစ်သားခေါင်းကြီးမျိုးကို ယခင်က ဘဝင်း တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ခဲ့ဖူးသေးချေ။

''အင်း ... ထူးတော့ ထူးဆန်းတယ်။ ဘယ်ခေတ်တုန်းက ဘယ်လိုအဆင့်အတန်းမျိုးရှိတဲ့ပုဂ္ဂိုလ်ကို ထည့်သွင်းသင်္ဂြိုဟ်ခဲ့တဲ့ ခေါင်းတလားမျိုးဖြစ်တယ်ဆိုတာ သုတေသနပြုပြီး သိရှိနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ။ ဪ ... ဒါထက် ဦးမြဒင်ရေ ကျွန်တော်က ဒီပြတိုက်မှာ ပြတိုက်မှူးဆိုပေမယ့် ပြတိုက်ခင်းကျင်းပြသတဲ့နေရာမှာ ကြီးကြပ်ကွပ်ကဲရုံလောက်သာ လုပ်ပိုင်ခွင့်ရှိပါတယ်။ အဲ ... ပြတိုက်အတွက် ပစ္စည်းဝယ်ယူဖို့ကိစ္စမျိုးတွေကိုတော့ ပြတိုက်အုပ်ချုပ်ရေးအဖွဲ့ကို တင်ပြရပါတယ်။ မြကန်သာရွာက ကျေးရွာလူကြီးတချို့ကို စုပေါင်းပြီးဖွဲ့ထားတဲ့ ပြတိုက်အုပ်ချုပ်ရေးအဖွဲ့ကို တင်ပြရတာပါ။ အဲဒီအဖွဲ့ကသာ ဘယ်လိုပစ္စည်းမျိုးကို ဝယ်သင့်တယ်၊ ဝယ်ရင် ဘယ်လောက်တန်ဖိုးထားပြီး ဝယ်မယ်ဆိုတာကို စုပေါင်းညှိနှိုင်းဆွေးနွေးပြီးမှ အဆုံးအဖြတ်ပေးလေ့ရှိပါတယ်။ ပြတိုက်အုပ်ချုပ်ရေးအဖွဲ့ဟာ နက်ဖြန်မှာ အစည်းအဝေးထိုင်ကြလိမ့်မယ်။ အခု ဦးမြဒင်ယူလာခဲ့တဲ့ ဒီရှေးဟောင်းခေါင်းတလားကြီးကိုလည်း အဲဒီ အစည်းအဝေးမှာ တင်ပြပြီးမှ သဘောထားသိနိုင်မှာပါ။ ဒီတော့ကာ ဦးမြဒင်ရဲ့ပစ္စည်းကို ဒီည ဒီမှာပဲထားချင်ထားခဲ့ပါ။ စိတ်မချလို့ ပြန်ယူချင်ရင်လည်း ယူသွားနိုင်ပါတယ်။ နက်ဖြန်မှ ပြန်ယူလာပြီး အဖွဲ့ကို တင်ပြရင်လည်း ဖြစ်ပါတယ်''

''ဟာ ... သယ်ရပိုးရတဲ့စရိတ်က မသက်သာလှတာမို့ ဒီမှာပဲထားခဲ့ပါရစေတော့ခင်ဗျာ။ အဲ ... ဆရာလေးပြောသလို မနက်ဖြန်အစည်းအဝေးကျမှပဲ ပြတိုက်အုပ်ချုပ်ရေးအဖွဲ့ကို တင်ပြပေးပါ။ သူတို့သဘောတူလို့ ဝယ်ဖြစ်သွားတယ်ဆိုရင် ကျွန်တော့်အနေနဲ့ ရွာမှာ အလှူအတန်းလေး ဘာလေး လုပ်နိုင်တာပေါ့ခင်ဗျာ။ မဝယ်ဖြစ်ဘူးဆိုရင်လည်း ကျွန်တော့်ဆီ အကြောင်းကြားပေးပါ။ ကျွန်တော် လာပြန်ယူပါ့မယ်''

''ကောင်းပါတယ်ခင်ဗျ''

''ကိုင်း ... ဒါဆိုရင် ကျုပ်ကို ပြန်ခွင့်ပြုပါဦး။ ကျုပ်က ရွာဦးအုန်းတော်ကြီးကျောင်းမှာ တည်းတယ်လေ။ နက်ဖြန်နေ့ခင်းပိုင်းလောက်မှာ ပြန်လာခဲ့ပါ့မယ်''

''ကောင်းပါပြီခင်ဗျာ''

ဦးမြဒင်ဆိုသူက ဘဝင်းကို ပြုံး၍နှုတ်ဆက်ပြီးနောက် ပြတိုက်ရုံးခန်းထဲမှ ထွက်ခွာသွားလေ၏။

''လာဟေ့ မောင်ထွန်းအေး .. ဟောဒီခေါင်းကြီးကို စတိုခန်းထဲရွှေ့ထားကြရအောင်''

သူတို့နှစ်ယောက်သည် လေးလံသော ခေါင်းတလားကြီးကို ချက်ချင်းပင် နေရာရွှေ့ထားလိုက်ကြ၏။ လိုအပ်သော ကိစ္စအဝဝကို ဆောင်ရွက်ပြီးသောအခါ ပြတိုက်တံခါးမကြီးကို သော့ခတ်လိုက်ကြ၏။ ထိုစဉ် ...

''ဟာ ... ဦးလေးထွန်းလူတို့ပါလား။ အစည်းအဝေးက နက်ဖြန်မှ မဟုတ်လား။ အခု ညနေဘယ်လိုများ အရေးကြီးတဲ့ကိစ္စပေါ်လို့ ပြတိုက်ကို လာကြတာလဲ''

''ဟာ ... အရေးကြီးသမှ သိပ်ကို အရေးကြီးတာပေါ့ကွာ။ ကိုင်း .. သော့ပြန်ဖွင့်ပြီး မင်းရဲ့ရုံးခန်းထဲကို သွားကြရအောင်။ အဲဒီကျမှ တို့လာခဲ့ရတဲ့ကိစ္စကို ပြောပြမယ်''

ဘဝင်းသည် သူတို့အုပ်စုကို နားမလည်စွာဖြင့် ခပ်တွေတွေကြည့်နေမိ၏။ ထို့နောက် ပြတိုက်တံခါးမကြီး၏ သော့ခလောက်ကိုဖွင့်ပြီး ရုံးခန်းထဲသို့ ခပ်သုတ်သုတ်ဝင်သွားလေ၏။ ဦးထွန်းလူတို့လူစုက သူ့နောက်မှလိုက်လာကြသည်။ ရုံးခန်းထဲတွင် ထိုင်မိသောအခါ ဦးထွန်းလူက စ၍ ...

''ဒီလိုကွဲ့ မောင်ဘဝင်းရဲ့။ ခုနကပဲ ငါ့ဆီကို သတင်းထူး သတင်းဆန်းတစ်ခု ရောက်လာခဲ့တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျောင်းစာရေးလေး မောင်ကျော်ဌေးက ပြောပြတာပါပဲ။ လူစိမ်းယောက်ျားကြီး သုံးယောက်က ပြတိုက်ဘက်ကို ခေါင်းတလားကြီးတစ်လုံး သယ်သွားကြတယ်တဲ့။ နောက် အဲဒီခေါင်းကြီးကို ပြတိုက်ထဲယူသွင်းပြီး သူတို့ပြန်သွားကြတယ်တဲ့။ သူကလည်း ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုပြီး မလှမ်းမကမ်းက အကဲခတ်ကြည့်နေမိလို့ အခုလို အစအဆုံး မြင်တွေ့သိုက်ရတာတဲ့။ အဲဒီအကြောင်း ငါ့ကိုလာပြောပြတာနဲ့ ငါလည်း ဦးမြတ်ခိုင်နဲ့ ဦးဘသိန်းကို ခေါ်ပြီး ဒီကိုလာခဲ့ကြတာပဲ။ အဲဒါ တကယ်ပဲလား ကိုဘဝင်း''

"ဟုတ်ပါတယ် ဦးလေးထွန်းလူ။ ကျွန်တော်လည်း ဒီကိစ္စကို ခုညနေ လာပြောပြမလို့ပါပဲ။ ဖြစ်ပုံက ဒီလို ခင်ဗျ''

ဘဝင်းက ထူးဆန်းသော ထိုသစ်သားခေါင်းတလားကြီး ပြတိုက်ထဲသို့ ဘယ်နည်းဘယ်ပုံရောက်ရှိလာခဲ့သည့်အကြောင်း အသေးစိတ် ပြန်လည် ပြောပြသည်။

"အဲဒီကိစ္စကို မနက်ဖြန်အစည်းအဝေးမှာ တင်ပြဆွေးနွေးကြဖို့အတွက်လည်း ကျွန်တော်စီစဉ်ထားပါတယ်''

"အိမ်း ... စိတ်ဝင်စားစရာကောင်းသကွာ။ ဒါပေမယ့် တို့ရဲ့ မြကန်သာရွာအကြောင်းကိုလည်း မင့်အသိပဲ မဟုတ်လား။ သချိုင်းက ပစ္စည်းဆိုရင် တို့ရွာထဲကို ဘာတစ်ခုမှ ယူဆောင်လာခွင့်ပြုတာမဟုတ်ဘူး။ တို့ရွာက လူတစ်ယောက်ယောက် တခြားရွာမှာ၊ ဒါမှမဟုတ် ရွာပြင်ပမှာ သေရင်တောင် အဲဒီအလောင်းကို ရွာထဲပြန်အသွင်းခံတာ မဟုတ်ဘူးဆိုတာ မင်းသိပြီးသားပါ။ အဲဒီတားမြစ်ချက်ကို ချိုးဖောက်ရင် ရွာနာတတ်တယ်၊ တစ်ရွာလုံး ကံဆိုးမိုးမှောင်ကျတတ်တယ်လို့ စွဲလမ်းယုံကြည်ကြတယ်မဟုတ်လား။ အခုဟာက ဘယ်သူ့အလောင်း၊ ဘယ်ကအခေါင်းကြီးမှန်းလည်း မသိဘဲနဲ့ ရွာထဲကို သွင်းယူလာခဲ့တယ်ဆိုတော့ ဘယ်လောက် အကျည်းတန်သလဲ။ အိမ်း ... ဒီပြတိုက်က ရွာစွန်မှာရှိနေလို့ တော်သေးတာပေါ့ကွာ။ တခြားလူတွေသာ မြင်သွား၊ သိသွားရင် ခက်ရချေရဲ့။ ဘယ်သူ့မှ လျှောက်မပြောဖို့တော့ မောင်ကျော်ဌေးကို ငါနှုတ်ပိတ်ထားခဲ့တယ်''

"ကျွန်တော်လည်း ဒီပြဿနာကိုတော့ စဉ်းစားမိခဲ့ပါတယ်။ ဒါပေမယ့် အခုဟာက သမိုင်းဝင်ရှေးဟောင်းပစ္စည်းကြီးတစ်ခုသာ ဖြစ်နေရင် ကျွန်တော်တို့ရဲ့ ပြတိုက်အတွက် ဆုံးရှုံးသွားမှာ စိုးတာကြောင့် လက်လွှတ်မခံဘဲ ယာယီသဘောနဲ့ လက်ခံထားလိုက်မိတာပါ''

"မင်းပြောတာလည်း မှန်သပေါ့ကွာ။ ဒါပေမယ့် တိုက်ဆိုင်မှုတစ်ခုခုကြောင့် တို့ရဲ့ မြကန်သာရွာမှာ ကပ်ရောဂါကျရောက်မယ်၊ ဘေးဆိုးတွေသင့်မယ်ဆိုရင် အဲဒီခေါင်းတလားကြီးကို ရွာထဲသွင်းခဲ့လို့ ရွာနာရတယ်ဆိုပြီး အတပ်စွပ်စွဲကြတော့မှာ သေချာတယ်။ အဲဒါဆိုရင် မင်းရော၊ ငါတို့ပါ အခြောက်တိုက် တရားခံတွေဖြစ်ကြရတော့မှာ''

ဘဝင်းခမျာ ဦးခေါင်းငိုက်စိုက်ကျသွားခဲ့ရ၏။

"ကိုင်း ... အချိန်မရှိဘူး ကိုဘဝင်း။ မင်းရဲ့အခေါင်းကြီးကို ဘယ်နားမှာ ထားသလဲ။ အခုပဲ ရွာပြင်ကိုရွှေ့လိုက်ကြရအောင်''

ဦးမြတ်ခိုင်က ပြောလိုက်ခြင်းဖြစ်၏။ ဘဝင်းသည် စိတ်ပျက်စွာ ဦးခေါင်းကို တဗျင်းဗျင်းကုတ်ရင်း ...

"ခက်တော့တာပဲ ဦးလေးမြတ်ခိုင်။ ပစ္စည်းပိုင်ရှင်က သူ့ပစ္စည်းကို စိတ်ချလက်ချ ဒီမှာထားခဲ့တာဗျ။ သူ့ကိုအသိမပေးဘဲ ဒီပစ္စည်းကို နေရာမရွှေ့ပြောင်းရမှာ ကျွန်တော် တယ်ပြီးလိုပ်ပြာမသန့်ဘူးခင်ဗျ။ ဒါပေမယ့်လည်း လူကြီးတွေရဲ့သဘောထားအတိုင်း ဖြစ်စေရမှာပေါ့လေ။ ကဲ ... ဘယ်နေရာကို ရွှေ့ထားစေချင်တယ်ဆိုတာကိုသာ အမိန့်ရှိကြပါတော့''

"အိမ်း ... ခေါင်းနဲ့ အသင့်တော်ဆုံးနေရာကတော့ သချိုင်းပဲပေါ့ကွာ။ အဲဒီတော့ လူတွေမသိအောင် အခုပဲ သုသာန်ကို သယ်သွားကြမယ်။ ဟိုရောက်မှပဲ သုဘရာဇာ ဦးဖိုးတုတ်ကို အကျိုးသင့် အကြောင်းသင့် ပြောပြရမယ်။ ပိုပြီးစိတ်ချရအောင် ဒီကနေ့တူးထားတဲ့ ကျင်းအသစ်တစ်ခုထဲမှာ အဲဒီခေါင်းကြီးကို ယာယီမြှုပ်ထားလိုက်ကြတာပေါ့ကွာ။ နက်ဖြန် သူ့ပိုင်ရှင်လာတော့မှ ပြန်ဖော်ပေးလိုက်မယ် မကောင်းဘူးလား''

ဦးထွန်းလူ၏ အဆုံးအဖြတ်ကို ကျန်လူကြီးများကလည်း သဘောတူကြ၏။ ဘဝင်းက ပစ္စည်းသိုလှောင်ခန်းတံခါးကိုဖွင့်ပြီး ထိုသစ်သားခေါင်းကြီးကို သူတို့အဖွဲ့အား ပြသ၏။ ဦးထွန်းလူက တစ်ချက်မျှ စက်ဆုပ်ရွံရှာစွာကြည့်ပြီးနောက် ...

"ကိုင်း ကိုဘဝင်းနဲ့ မောင်ထွန်းအေးပဲ အဲဒီ ကြီးကို ထမ်းလာခဲ့ကြပေတော့။ ငါတို့သွားနှင့်မယ်''

ပြောပြောဆိုဆိုနှင့် ချာခနဲလှည့်ထွက်သွား၏။ ကျန်လူများလည်း ဦးထွန်းလူနှင့်အတူ ရှေ့မှသွားနှင့်ကြ၏။ ဘဝင်းနှင့် ထွန်းအေးတို့က ပြတိုက်တံခါးမကြီးကို ပိတ်ပြီးနောက် သစ်သားခေါင်းတလားကြီးကို မနိုင့်တနိုင်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ထမ်းကာ သုသာန်ဘက်ဆီသို့ သယ်ဆောင်သွားကြလေ၏။ ထိုအချိန်၌ ပတ်ဝန်းကျင်တစ်ခွင်တွင် မှောင်မည်းနေလေပြီ။

× × × × ×

''အောင်မယ်လေး ... အဖြစ်ဆိုးလှချေလား ကိုထွန်းကြည်ရဲ့။ ရှင်သေရတာဟာ ကျွန်မကြောင့် ... ကျွန်မကြောင့်။ ဟောဒီအမိုက်မ ... နှင်းအိကြောင့် ... အီး ... ဟီး ... ဟီး ... ဟီး''

နောက်တစ်နေ့နံနက် စောစောတွင် ဖြစ်၏။ ဦးထွန်းလူတို့ လူစုနှင့် ဘဝင်းသည် သုသာန်သို့ ရောက်လာကြစဉ် ထူးဆန်းသောမြင်ကွင်းကြောင့် သူတို့ ကြက်သေသေပြီး ငေးကြည့်နေမိ၏။ ဘဝင်း၏ တစ်ဦးတည်းသော နှမငယ် နှင်းအိသည် လူငယ်တစ်ယောက်၏အလောင်းကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိ၏။

ယမန်နေ့ညဦးပိုင်းက ဘဝင်းတို့ ယာယီမြှုပ်နှံထားခဲ့သော သစ်သားခေါင်းကြီးက မလှမ်းမကမ်းတစ်နေရာတွင် ပွင့်လျက်ရှိ၏။ ထိုအခေါင်းကြီးကို ပြတိုက်သို့ သယ်ဆောင်လာခဲ့သည့် ဩောင်ညိုပြင်ရွာသား ဦးမြဒင်ဆိုသူမှာလည်း နှင်းအိတို့အနီးတွင် ညှိုးငယ်သောမျက်နှာနှင့် ဦးခေါင်းငိုက်စိုက်ကျလျက် ရပ်နေ၏။ သူ့မျက်လုံးထဲမှ မျက်ရည်တွေက ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျနေသည်။

''ဘယ်လိုဖြစ်ကြတာလဲ ဦးမြဒင်ရယ်။ ကျွန်တော့်ကိုလည်း ရှင်းပြကြဦးမှပေါ့ဗျာ''

ဦးမြဒင်က ဘဝင်းကို ကြေကွဲစွာ လှမ်း၍ကြည့်လိုက်၏။

''အခု ... သေဆုံးသွားခဲ့တဲ့ မောင်ထွန်းကြည်ဟာ ကျုပ်ရဲ့ညီအငယ်ဆုံးပါ။ သူနဲ့ ဆရာလေးရဲ့နှမ နှင်းအိတို့ လူငယ်ဘာဝ ချစ်ကြိုက်နေခဲ့တာ ကြာပါပြီ။ ဒါပေမယ့် လူကြီးစုံရာနဲ့ လာရောက်တောင်းရမ်းပြီး တင့်တောင့်တင့်တယ် မင်္ဂလာဆောင်နိုင်ဖို့ အတွက် ငွေကြေးမပြည့်စုံသူ မောင်ထွန်းကြည်ခမျာ အခက်တွေ့နေရှာတယ်။ ဒီကြားထဲမှာ နှင်းအိက ခဏခဏ နားပူနေလေတော့ အခုလို မအပ်မရာ ကြံစည်မိတော့တာပါပဲခင်ဗျာ။ အဲဒီကိစ္စအတွက် ကျုပ်မှာလည်း အပြစ်မကင်းပါဘူးလေ''

''ကျုပ်နဲ့ မောင်ထွန်းကြည် တိုင်ပင်ပြီး ရှေးဟောင်းခေါင်းတလားအတုကြီးတစ်ခု ပြုလုပ်ခဲ့ကြတယ်၊ မောင်ထွန်းကြည်က အဲဒီအခေါင်းထဲမှာ လူသေအလောင်းလို ဝင်ပြီးလျောင်းတယ်။ အဖုံးကိုတော့ ပွဲ့လျက်နဲ့ ခပ်ပါးပါး ကပ်ထားပြီး၊ လေဝင်လေပေါက်အတွက် လွန်ပူနဲ့ အပေါက်သေးသေး တစ်ပေါက် ဖောက်ထားပေးတယ်။ အဲဒီအခေါင်းကြီးကို ဆရာလေးတို့ရဲ့ ပြတိုက်ဆီ သယ်သွားတယ်။ ဆရာလေးကို အယုံသွင်းပြီး အဲဒီအခေါင်းကြီးကို ပြတိုက်မှာထားခဲ့တယ်။ အစီအစဉ်အရဆိုရင်တော့ ညနေဘက် ပြတိုက်ပိတ်ပြီးချိန်ကစပြီး မောင်ထွန်းကြည်ဟာ ခေါင်းထဲကထွက်မယ်၊ ပြတိုက်ထဲမှာရှိတဲ့ အဖိုးတန်ဆုံး ပစ္စည်းတွေကို ရသလောက် ရွေးချယ်ခိုးယူမယ်။ ပြီးရင် အားလုံးကို လက်ရာ၊ ခြေရာမပျက် ထားခဲ့ပြီး နောက်ဘေးတံခါးကနေ အပြင်ကိုထွက်သွားမယ်။ အဲဒီတံခါးက အတွင်းဘက်က မင်းတုံးထိုးရုံပဲ ထိုးထားတာဆိုတော့ ထွက်ဖို့ လွယ်တာကိုး။ မောင်ထွန်းကြည်ဟာ သူခိုးယူရရှိတဲ့ ပစ္စည်းတွေကို နယ်ခြားမှာ သွားရောင်းပြီး ငွေရလာရင် နှင်းအိကို လူကြီးစုံရာနဲ့ လာတောင်းမယ်။ တင့်တောင့်တင့်တယ် မင်္ဂလာဆောင်မယ်ပေါ့ခင်ဗျာ။ ဒါပေမယ့် ကြံစည်ထားသလို ဖြစ်မလာဘဲ အခြေအနေက တစ်မျိုးပြောင်းသွားပြီး မောင်ထွန်းကြည်ဟာ အခုလို အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ရရှာတာပေါ့ခင်ဗျာ။ ခေါင်းကြီးကို သုသာန်မှာ ယာယီမြှုပ်နှံထားတယ်ဆိုတဲ့သတင်း ဒီမနက်ခင်း ကြားကြားချင်း ကျွန်တော်လိုက်လာခဲ့ပေမယ့် အချိန်နှောင်း ... နှောင်း ... နှောင်း''

ဦးမြဒင်သည် စကားကိုပင် ဆုံးအောင်မပြောနိုင်ရှာတော့ဘဲ ဆို့နင့်သတိလစ်ပြီး လဲကျသွားရှာလေ၏။

ဘဝင်းသည် ဦးမြဒင်ကိုတစ်လှည့်၊ တစ်ညလုံး မြေဖို့ခံထားခဲ့ရသဖြင့် အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ထွန်းကြည်၏အလောင်းကိုတစ်လှည့်၊ ပဒါမြေလူး ဖြစ်နေရှာသူ မိမိ၏ နှမငယ် နှင်းအိကိုတစ်လှည့် ခပ်ငူငူကြီး ငေးကြည့်နေမိလေ၏။

**မနုဿကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

# စန္ဒီ နှင့် မီဒီယာ

**မောင်ကောင်းမြင့်**

TV ဖန်သားပြင်ထဲတွင် တွေ့မြင်ရသော အမျိုးသမီးသတင်းထောက်သည် မိုးသက်လေပြင်းကျစပြုနေသော ကမ်းခြေကို နောက်ခံပြုလျက် စန္ဒီဟာရီကိန်း Sandy Hurricane မုန်တိုင်းကို အန်တုလျက် ကိုယ်တိုင်ရောက်ရှိနေသော မြင်ကွင်း၏ အခြေအနေကို အသံလွှင့်စတူဒီယိုအခန်းနှင့် တိုက်ရိုက်ဆက်သွယ်ပြီး အမေးအဖြေပြုလျက် ရုပ်သံသတင်းကို ထုတ်လွှင့်ပေးလျက်ရှိ၏။

သတင်းကို စောင့်ကြည့်ရင်း မိမိရောက်ရှိနေသော နေရာသည်ပင် မုန်တိုင်းအန္တရာယ်မှ ကင်းလွတ်ဖို့ ဆုတောင်းရင်း 'သတင်းသမား'တို့၏ ကြိုးစားအားထုတ်မှုကို အားကျနေမိ၏၊ မိမိတို့ရှေ့တွင်ရှိနေသော TV ဖန်သားပြင်တွင် CBS, FOX, NYC စသည့် သတင်းဌာနများမှ ထုတ်လွှင့်နေသော မုန်တိုင်းသတင်းများကို တစ်လှည့်စီ ဖမ်းယူကာ ကြည့်ရှုနေမိကြသည်။

၂၉ အောက်တိုဘာ၊ ၂၀၁၂၊ မွန်းလွဲပိုင်း ...။

Sandy ဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် နယူးယောက်ပြည်နယ်သို့ စတင်ဝင်ရောက်လျက် ရှိလေပြီ။

၂၇-၁၀-၂၀၁၂ တွင် လက်တင်အမေရိကရှိ စာဟားမားစ်၊ ကျူးဗားနှင့် ဂျမေကာတို့တွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီးဖြစ်သည်။ မုန်တိုင်းလာနေသည်ကို နောက်ဆုံး NYC သို့ ဝင်ရောက်လာသောနေ့မှ ပြန်၍ကြည့်လျှင် ရက်သတ္တတစ်ပတ်ခန့် ကြိုတင်ပြောနေခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် မိုးလေဝသကြေညာချက်မှာ အရေးကြီးလှ၏။ လူတိုင်း မိမိအိမ်မှမထွက်မီ မိုးလေဝသအခြေအနေသတင်းနှင့် မြေအောက်ရထား၊ သင်္ဘော Ferry များ အသွားအလာ သတင်းကြေညာချက်ကို စောင့်ကြည့်ပြီးမှ သွားလေ့ရှိကြ၏။ မိုးလေဝသသတင်းမှာ တစ်ပတ်အတွက် ကြိုတင်ထုတ်ပြန်ပြီး နေ့စဉ်လည်း နာရီနှင့်အမျှ အပြောင်းအလဲကို မပြတ်ထုတ်လွှင့်ပေးနေသည်။ TV လိုင်း အားလုံးမှာ ၂၄ နာရီအတွင်း သတင်း၊ ဆောင်းပါး၊ ဝေဖန်ချက်၊ အင်တာဗျူးတို့နှင့်အတူ အခြားဗဟုသုတ၊ ဖျော်ဖြေရေးတို့ပါ စဉ်ဆက်မပြတ် လွှင့်ထုတ်နေရာ သတင်းနှင့် မိုးလေဝသသတင်းတို့သည် နာရီတစ်မတ် (၁၅ မိနစ်)လျှင် တစ်ကြိမ်ကျ နားထောင်နေရပေသည်။

တနင်္ဂနွေနေ့ (၂၈-၁၀-၁၂)တွင် စတင်ဝင်ရောက်လ ည်၊ တနင်္လာနေ့ (၂၉-၁၀-၁၂)တွင် ကျရောက်မည်၊ အင် (၃၀-၁၀-၁၂)နံနက်ပိုင်းတွင် ဆက်လက် ရွေ့လျားသွားမည်မှစပြီး နောက်လေးရက် (စနေနေ့အထိ)ကိုပါ ရာသီဥတုအခြေ အနေကို ကြေညာထားခဲ့သည်။

Sandy မုန်တိုင်းသည် ဗဟိုချက် မိုင် ၁၀၀ အထိ အချင်းရှိ ကျယ်ပြန့်သော



www.burmeseclassic.com

www.burmeseclassic.com

မုန်တိုင်းအဖြစ် စတင်ခဲ့သည်။ လက်တင်အမေရိကနိုင်ငံအချို့၌ ဝင်ရောက်ခဲ့ပုံကို သတင်းများ၌ ကြည့်ရှုရသည်။ တနင်္လာနေ့ ညနေမှစပြီး ဒဲလာဝဲနှင့် နယူးဂျာစီနယ် ပြည်နယ်တို့မှ စတင်ဝင်ရောက်နိုင်ကြောင်း ကြိုတင်ကြေညာခဲ့သည်။

ယနေ့ ၂၉-၁၀-၁၂ ညနေပိုင်းတွင် နယူးဂျာစီပြည်နယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ နယူးဂျာစီနယ်နှင့်အတူ ကော်နက်တီကပ်နှင့် နယူးယောက်တို့ကိုပါ ဆက်လက်ဝင်ရောက်လာနိုင်သဖြင့် အရေးပေါ် အခြေအနေများ ကြေညာခဲ့သည်။ ၂၈-၁၀-၁၂ ညနေပိုင်းမှ စပြီး မြေအောက် Sub-way ရထားလိုင်းများ ရပ်နားခဲ့ပြီးဖြစ်၏။ ဘတ်စကားများလည်း ရပ်နားသွားလေပြီ။

၂၉-၁၀-၁၂ နံနက်စောစော ၉ နာရီ-၁၀ နာရီ ဝန်းကျင်တွင် NYC သည် နှင်းမိုးသာသာ မိုးကလေးများ ရွာနေ၏။ ထိုအချိန်တွင် မိမိနေထိုင်ရာ နယူးယောက်ပြည်နယ်၊ ကွင်းစ် Queens ရှိ Elmhurst အမ်းဟတ်စ်ဝန်းကျင်၌ ဈေးဆိုင်အချို့မှာ မပိတ်သေး၍ တစ်အိမ်တည်းနေ (အခန်းသီးသန့်စီ ငှားရမ်းနေထိုင်ကြသူများ ဖြစ်ကြသော) ကိုသီဟနှင့် မပြုံးစင်တို့နှင့် လမ်းလျှောက်ရင်း ဈေးအဝယ်ထွက်ကြသေး၏။ လိုအပ်သော အစားအသောက်အချို့နှင့် ရေကို ထပ်ဝယ်ထားကြရန် ဖြစ်သည်။

မနေ့ကလည်း ဈေးဝယ်ထွက်ခဲ့ရာ လမ်း၏တစ်နေရာ၌ လက်နှိပ်ဓာတ်မီးများ ရောင်းချနေသော 'ခါတော်မီ' ဈေးသည် (ပုံကျ)ကလေးကို တွေ့ရသေး၏။

အိမ်သို့အပြန်လမ်းတွင် လေကအတော်ကလေး တိုက်လာ၍ ထီးဆောင်းရတော့၊ ခပ်သွက်သွက်ကလေး လျှောက်ရ၏။ အိမ်ရောက်လာ၍ TV ရှေ့တွင် မိုးလေဝသနှင့် မုန်တိုင်းသတင်းကို နားထောင်ပြီး ကြိုတင်ပြင်ဆင်စရာကလေးများကို ပြင်ရသည်။ သမ္မတကလည်း ပြည်နယ်အချို့ကို အရေးပေါ်အခြေအနေ ကြေညာပြီး ကြိုတင်ပြင်ဆင်ထားရန် မိန့်ခွန်းပြောကြားခဲ့၏။ NYC မြို့တော်ဝန်နှင့် NY State တစ်ခုလုံး၏ ဂါဗာနာ (အုပ်ချုပ်ရေးမှူး)တို့ကလည်း ကြိုတင်ဆောင်ရွက်စရာများကို အင်တာဗျူးပေး ထုတ်လွှင့်ခဲ့၏။ မီးသတ်၊ ရဲနှင့် တပ်အပါအဝင် ကယ်ဆယ်ရေးလုပ်ငန်းများ၌ ထမ်းဆောင်ရသော First Responders များသည် နေရာအနှံ့၌ နေရာယူထားပြီး ဖြစ်သည်။

[အကြောင်းသင့်၍ ရေးရလျှင် အမေရိကန်တွင် မီးသတ်သမားများသည် အရေးပေါ်ကိစ္စ မီးလောင်ခြင်း၊ အဆောက်အဦပြိုကျခြင်း စသည်တို့တွင် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ရသဖြင့် လူခန္ဓာကိုယ် ကြံ့ခိုင်သူများကိုသာ ရွေးချယ်ခန့်ထားသည်။ အလားတူ ရဲများမှာ မြေအောက်ရထားနှင့် လမ်းများ၊ လူစည်ကားရာ နေရာများတွင် လုံခြုံရေးအပြည့်ယူထားပေးရသဖြင့် ကြံ့ခိုင်သူများကိုသာ ခန့်ထားသည်။ Time square အနီးတွင် မြင်းစီးလျက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲမေအမျိုးသမီးမှာ ထွားကျိုင်းသန်မာလှသလို သူစီးနေသော မြင်းညိုကြီးကလည်း ကြီးမားဝင့်ထည်လှပါပေ့၊ ခန့်ပါပေ့။

မုန်တိုင်းသတင်းအကြောင်း ပြန်ကောက်၍ ဆိုပါမည်။

ညနေ ၅ နာရီခွဲလောက်တွင် အိုးရင်းစီးတီး၊ အတ္တလန္တိတ်စီးတီး စသည်တို့တွင် ဝင်ရောက်ခဲ့သည်။ လေတိုက်နှုန်း ၅၀ အထက်ဖြစ်သည်။ ၅၀-၇၀ ခန့်ဟု ကြိုတင်ခန့်မှန်းထားခဲ့သည်။ မေရီလန်း၊ ဒဲလာဝဲ၊ ပင်စီဗေးနီးယားတို့တွင်လည်း ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ TV မှ ထုတ်လွှင့်ချက် စာသားတစ်ခုကို မှတ်မိနေသည်။

"လူသန်း ၅၀ ကျော်တို့ အင်အားကြီးမားသော မုန်တိုင်းလမ်းသင့်သလို သန်းထောင်ချီ၍ အမေရိကန်ငွေကြေးလည်း ဆုံးရှုံးပေမည်"

သတင်းထုတ်လွှင့်ချက်မှာ မြေပုံ၊ မုန်တိုင်းလမ်းကြောင်း ပြောင်းနေပုံနှင့် အတူ လေတိုက်နှုန်း၊ မိုးရွာနှုန်း၊ ရေမြင့်တက်လာနှုန်းတို့ကိုပါ ဂရပ်မျဉ်းများဖြင့် ပြနေသည်။ NYS သည် ပြည်နယ်တစ်ခုလုံး ပင်လယ်ဝိုင်းရံထားသလို ဖြစ်သည်။ မြေအောက်ဆက်သွယ်ရေး Tunnel များဖြင့် ဆက်ထားသလို မိုးပျံတံတားကြီးများဖြင့်လည်း ဆက်ထားရသည်။ ဝါရှင်တန်၊ နယူးဂျာစီတို့မှလာလျှင် မြေအောက်ကားလမ်းမှ၊ သို့မဟုတ် မြစ်ကူးတံတားမှ မကူးဘဲ NYC သို့ ဝင်၍မရပေ။

TV ထုတ်လွှင့်မှုများတွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို မိုးထဲ၊ လေထဲ၊ မုန်တိုင်းထဲမှ သတင်းထောက်များ (ကျား/မ)တို့က mobile သတင်းထုတ်လွှင့်သော ကားမှတစ်ဆင့် အသံလွှင့်စတူဒီယိုနှင့် တိုက်ရိုက်ဆက်သွယ်ကာ အင်တာဗျူးပုံစံဖြင့် လွှင့်ထုတ်ပေးနေသည်။ Brooklyn၊ Long Island စသော နေရာများတွင် ပင်လယ်ကမ်းစပ်မှ ဒီရေတက်လာပုံကို နောက်ခံပြုရင်း ပြောပြနေသည်။ လေတိုက်သဖြင့် ယိမ်းထိုးနေသော သစ်ပင်များကို နောက်ခံပြုရင်း ပြောပြနေသည်။ မီးများ နေရာများစွာတွင် ပြတ်သွားသည်။

Manhattan မြို့လယ် ၅၇ လမ်းနှင့် အမှတ်-၇ ရိပ်သာလမ်းအနီးရှိ အဆောက်အဦတစ်ခုမှ ကရိန်းကြီးပြုတ်ကျတော့မလို နာရီချိန်သီးလို လွဲနေပုံကို ရိုက်ပြရင်း သတင်းလွှင့်နေ၏။ ထိုအဆောက်အဦမှာ အထပ် ၉၀ အထိ ဆောက်လုပ်ပြီးဖြစ်ရာ အထက်သို့ ဆက်



www.burmeseclassic.com

www.burmeseclassic.com

ဆောက်နေသော လုပ်ငန်းခွင်မှ သုံးထပ်အမြင့်ခန့်ရှိသော (မှန်းခြေ ၂၀ ပေအထက်)မျှသော ကရိန်းကြီးပြုတ်ကျမည့်အနေအထားဖြစ်သည်။ အောက်တွင် ဟိုတယ်တစ်ခုရှိရာ လူအများကို ပြောင်းရွှေ့ပေးနေရသည် ဆို၏။ tunnel များထဲသို့ ရေများဝင်နေပြီ။ ကမ်းခြေအနီးရှိ ဒေသများရှိ အိမ်များ လှေကားအဆင့် ရေမြုပ်လာသည်။ ဒီရေအမြင့်မှ ၁၄ ပေခန့်ရှိသည်။ (ဤတွင် အောက်တိုဘာ ၂၉/၃၀ မှာ မြန်မာလို သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် လပြည့်နေ့ ဖြစ်နေလေသည်။ သို့ကြောင့် ဒီရေသည် ပိုတက်လာခြင်း ဖြစ်ပေလိမ့်မည်။)

သစ်ပင်များ လဲကျရာ လမ်းပိတ်နေသည်။ ရပ်ထားသော ကားပေါ်သို့ ကျနေပုံကို သတင်းထုတ်လွှင့်ပေးလျက်ရှိသည်။ မိနစ်ပိုင်း၊ နာရီပိုင်းနှင့်အမျှ ဖြစ်ပေါ်နေပုံကို တွေ့နေရသည်။ ကြိုတင်ခန့်မှန်းချက်များဖြင့်လည်း ဖော်ပြထားသည်။

ကယ်ဆယ်ရေးလုပ်ငန်း အဖွဲ့များကလည်း လုပ်ကိုင်နေကြသည်။ ကြိုတင်ကြေညာထားသော အရေးပေါ်ဖုန်းလိုင်းကြောင်း 911 သို့ ခေါ်သူမှာ ထို သုံး–လေးနာရီအတွင်း အကြိမ်တစ်သောင်းကျော် ရှိသဖြင့် မြို့တော်ဝန်က သိပ်၍အရေးမကြီးလျှင် 911 သို့မခေါ်ဘဲ အခြားဖုန်းလိုင်းသို့ခေါ်ရန် ဖွင့်ထားပေးကြောင်း အသိပေးပြောကြားသည်ကို ကြားလိုက်ရ၏။ ညသန်းခေါင်ကျော်လာသောအခါ လေအားပျော့သွားသည်။ ရေကလည်း တက်ရေအစား ဆုတ်ရေသာ ရှိတော့၏။

နံနက်အရုဏ်လောက်တွင် ပြည်နယ် ခုနှ်ခု၌ လူ ၂၀ ဦး သေဆုံးကြောင်း၊ အိမ် ၁၀၀ ကျော် မီးလောင်ကြောင်း၊ ဒီရေမှာ ၁၄.၈ ပေ အထိ တက်ခဲ့ကြောင်း ကြေညာချက်ကြားရ၏။

ညလုံးပေါက် ထုတ်လွှင့်နေသော TV Live အစီအစဉ်မှာ နံနက်အထိလည်း မရပ်သေး။

မြို့တော်ဝန်က လူ ၆,၁၀၀ ကျော် လုံခြုံရေး Shilter များ၌ ရှိနေကြောင်း၊ ကျောင်း၊ ရုံး၊ လေဆိပ်၊ ကပ္ပဲ၊ ရထားလမ်း၊ ရေ/လေကြောင်းလမ်းများ ပိတ်ထားကြောင်း၊ NYC တစ်ခုတည်း၌ လူ ၁၀ ဦး သေဆုံးကြောင်း၊ ကမ်းခြေဒေသများ၌ ရေတက်ဖွယ်ရှိနေသေးကြောင်း၊ ဘတ်စ်ကားများ ၃၁ ရက်တွင် ပြန်ဖွင့်မည်ဖြစ်ကြောင်း၊ ရထားလမ်းမှာ လေး–ငါးရက်အတွင်း ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ကြေညာသွားသည်။ ထင်ရှားသော တံတားကြီးများ၊ မြေအောက်ကားလမ်းများ ပိတ်ထားဆဲဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း မိမိ ဤစာကို ကိုယ်တိုင်မြင်တွေ့ရသလို ရေးနိုင်ခြင်းမှာ စွန့်စားသော သတင်းသမားတို့၏ မိနစ်နှင့်အမျှ တွေ့မြင်နေရပုံကို ရုပ်/သံဖြင့် ထုတ်လွှင့်ပေးနိုင်သောကြောင့် ဖြစ်သည်။ ထိုသတင်းများကြောင့်ပင် ကြိုတင်ကာကွယ်နိုင်သည်။ ကြိုတင်လုပ်ဆောင်ပေးသမျှ မြို့သူမြို့သားအားလုံး သိကြ၏သည်။ (ထူးထူးခြားခြား မုန်တိုင်းကြားမှ NY ဆေးရုံသို့ ရောက်ရှိလာသော ကယ်ဆယ်ရေးကားများနှင့် လူနာများနှင့်အတူ ကလေးမွေးဖွားသော မိခင်တစ်ဦးအကြောင်းလည်း ထုတ်လွှင့်သွားသေးသည်။)

မုန်တိုင်းမကျမီမှ စပြီး ယခု ၃၀–၁၀–၁၂ နေ့လယ်အထိ အဆက်မပြတ်ထုတ်လွှင့်နေသော (ယခုအခါ မုန်တိုင်းအပျက်အစီးများနှင့် ပြန်လည်ပြင်ဆင်ရေး) သတင်းများသည် အားရဖွယ်ဖြစ်သည်။

NYS အုပ်ချုပ်ရေးမှူးကလည်း ၉၀% မျှ လောင်းအိုင်လင်း၌ မီးပြတ်နေကြောင်း၊ ကားလိုင်းများ မနက်ဖြန် ပြန်ဖွင့်နိုင်ဖွယ်ရှိကြောင်း၊ လေကြောင်းများလည်း ပြန်လည်ပုံမှန်နိုင်ဖွယ်ရှိကြောင်း ပြည်သူ့ဝန်ဆောင်ကော်မရှင်ကလည်း အရေးပေါ်ဆောင်ရွက်ပေးနေကြောင်းကို TV မှ တိုက်ရိုက်လွှင့်ထုတ်ပြောကြားသည်ကို မြင်တွေ့နေရသည်။

မိမိ၏ ဤအတွေ့အကြုံသည် ရုပ်/သံ မီဒီယာ၏ အရေးပါလှပုံကို တွေ့ရခြင်း ဖြစ်သည်။ နိုင်ငံတွင် အရေးပေါ်အခြေအနေဖြစ်လာလျှင် ဖြစ်ပျက်သမျှ မိနစ်ပိုင်းနှင့်အမျှ ပြည်သူတို့ကို (တိုက်ရိုက်တည်းဖြတ်ခြင်းမပြုဘဲ အရှိကို အရှိအတိုင်း) အချိန်မီ သတင်းပေးနေနိုင်ခြင်းကား မြင့်မားလှသောစွမ်းရည်ဖြစ်ကြောင်း ခံစားမိသည်။

သတင်းဌာနသည် ပြည်သူတို့၏ နား၊ မျက်စိ ဖြစ်သည်ကို ယခုဖြစ်စဉ်များက သက်သေပြနေသည်။ သတင်းသမားတို့၏ ကြိုးပမ်းအားထုတ်မှုသည် သတင်းမှားများ၊ ယုံတမ်းများ၊ make-up လုပ်ထားသော သတင်းများကို ကောင်းစွာချေဖျက်နိုင်ပေသည်။

တကယ်တော့ မိမိသည် တစ်ချိန်တည်းတွင် TV ဖန်သားပြင်၌ Sandy နှင့် Media ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်း ဖြစ်ပေသည်။

မောင်ကောင်းမြင့်

**P.S** – အမျိုးသမီးသတင်းထောက်များမှာ တက်ကြွ၊ ရဲဝံ့လှသလို လှပ၍ အပြောချိုကာ သတင်းပုံရိပ်ကို သူတို့၏ မျက်နှာပြင်၌ပါ ထင်ဟပ်ကာ ပြောပြနိုင်သည်မှာ အမှတ်ထင်ထင် ဖြစ်ပေသည်။

မှတ်ချက်

NYS = New York State

NYC = New York City




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အခန်း(၉)

## ဘိုးတော်ကင်းနှင့်ခရီးထွက်ခြင်း

ကျွန်တော် ကြုံတွေ့ခဲ့ရသည့် ဘိုးတော်များအကြောင်း မပြီးဆုံးသေးပါ။ ဆက်စရာတွေ တစ်ပုံတစ်ပင် ကျန်ပါသေးသည်။ သို့သော် ဤနေရာတွင် ခေတ္တရပ်ထားရပါမည်။

ကျွန်တော် ဘိုးတော်ကင်းနှင့် ခရီးထွက်မည့်ရက် ရောက်လာသောကြောင့်ပါ။

(၁၁)နာရီထွက်မည့်ရထားနှင့် လိုက်ရန် ဖြစ်သည်။ မနက်(၈)နာရီထိုးကပင် သူ့အိမ်က ကားလွှတ်၍ ခေါ်ခိုင်းလိုက်သည်။

အမှန်တော့ မန္တလေးခရီးကို ကျွန်တော်က အမြန်ရထားနှင့် သွားချင်သည်။ မနက်ထွက် ညရောက်။ ဘိုးတော်ကင်းက အမြန်ရထားနှင့် မသွားချင်။ အမြန်ရထားက ဇိမ်မရှိဟု ဆိုသည်။ သူက ခရီးကို အေးအေးချမ်းချမ်း သွားချင်သည်။ ကျွန်တော်က သူ့ အစီအစဉ်အရ လိုက်ရမည့်သူဖြစ်သဖြင့် မငြင်းသာပါ။

ယခင်ကလည်း အမြန်ရထားကိုမစီး။ သူ့နောက်ပါတပည့်နှင့် ညအိပ်ရထားကို စီးသည်။ ဒီတစ်ခေါက်တော့ တပည့်ကျော်မပါတော့။ တပည့်ကျော်နေရာတွင်အစားဝင်ရသူက ကျွန်တော်။

# ဘိုးတော်ကင်း

ယခင်လမှ အဆက်-၉

ကျော်မြသန်း

www.burmeseclassic.com

ဒီတစ်ခေါက် အိမ်သွားသည့်အခါ တံခါးမှူးထံ ခွင့်ပန်စရာ မလိုတော့ပေ။ တံခါးမှူးကပင် ပြန်၍ အရိုအသေပေးနေသည်။ ကျွန်တော်က ဘိုးတော်ကင်း သီးသန့်စီးသည့် ကားကြီးပေါ်တွင် အခန့်သားလိုက်သွားရသူ မဟုတ်လား။

ဘိုးတော်ကင်းကို ရိုသေသလို ကျွန်တော့်ကိုလည်း လေးစားလေသလား မသိ။

ကျွန်တော် ဝင်သွားသွားချင်း အောက်ထပ်မှပင် ဒေါ်ခင်မေချောကို တွေ့ရသည်။ သူ့ထုံးစံအတိုင်း အပျိုလေးရှုံးအောင် ပြင်ဆင်ထားသည်။ မွေးလိုက်သည်ကလည်း ကြိုင်လို့၊ အလေ့အကျင့်လုပ်ယူထားဟန်ရသည့် အပြုံးကလည်း ရိတီတီ။ အပျိုတန်းကများဆိုရင်ဖြင့် မတွေးဝံ့စရာ။

"မမ နေကောင်းတယ်နော်" ကျွန်တော်က လူပေါ်လူဇော်နည်းဖြင့် နှုတ်ဆက်လိုက်သဖြင့် မနောခွေ့သွားဟန် ရှိသည်။ သူကလည်း ကျွန်တော့်နည်းအတိုင်း။

"ငါ့မောင်က ဒီလိုဝတ်လာတော့လည်း ဘယ်ဆိုးလို့တုန်း၊ လူချောနှစ်ယောက် ရန်ကုန်မပြန်နိုင် ဖြစ်နေအုံးမယ်နော်"

"မမမောင်ပါမှတော့ မပူပါနဲ့ မမရယ်၊ ကိုဦးလည်း ရန်ကုန်ပြန်ပါရစေပေါ့မယ်"

ကျွန် တော့် အ ဖြေ ကို သဘောတွေ့ဟန် တူပါသည်။ ရယ်လိုက်တာမှ လည်ပင်းကလေး လှုပ်သွားအောင်ပင်။

"ကိုဦးကိုတော့ လမ်းမှာ ဂရုစိုက်သွားပါနော်"

သူ့ မောင် တော် ကို ချစ်ကြောင်းပြသည့်အမူအရာပါ။

သက်တူရွယ်တူအိမ်ထောင်ရှင်များ ဒီအသုံးအနှုန်းမျိုးသုံးသည်ကို ကြားရလျှင် အားကျစရာ၊ ခုတော့ သက်ကြားအိုက မက်အားပိုနေသည်မို့ ရယ်စရာ။

"ကဲ- မမ အပြင်သွားအုံးမယ်၊ ကိုဦးအပေါ်မှာ ရှိတယ်၊ တက်သွားပေတော့"

"ဟုတ်ကဲ့ပါ မမ"

ကျွန်တော် အပေါ်ရောက်သည့်အခါ ခင်မောင်ဦးကို အဆင်သင့်တွေ့သည်။ တစ်ယောက်တည်းမဟုတ်၊ အနားတွင် အသေးအကြီးများ ပတ်လည်ဝိုင်းနေသည်။ တစ်ယောက်က ပြောလိုက်၊ နောက်တစ်ယောက်က ဝင်ပြောလိုက်။ ခင်မောင်ဦးမှာ ဟိုလှည့်ခေါင်းညိတ်လိုက်၊ ဒီဘက်လှည့် ခေါင်းညိတ်လိုက်။

သွားခါနီး မောင်ကြီးရယ်တဲ့ မှာခဲ့မယ်ဆိုသည့်ပုံမျိုးပေါ့။

ဘိုးတော်နှင့် ဘိုးတော်ကိုးကွယ်သူများမှာ အံဝင်ခွင်ကျ ဖြစ်ဖြစ်နေကြသည်။

ခေတ်စကားနှင့် "ကြည်" နေသည်ဟု ဆိုရလေမလား။

"မှာတ်ကူးပေးခဲ့ပါအုံး"ဟု ဝိုင်းဝန်းတောင်းဆိုနေကြပြန်သဖြင့် ခင်မောင်ဦး အလုပ်ရှုပ်သွားပြန်သည်။ သူ၏ ရွှေနားကွပ် သပြေသီးခဲရောင် တုတ်တို့ဖြင့် အကြီး၊ အသေးတို့၏ ခေါင်းများကို ထိုးပေးနေရပြန်သည်။

ပြီးတော့မှ တပျော်တပါးကြီး အောက်ထပ်ကို ဆင်းသွားကြသည်။

"ဘယ့်နှယ်လဲ သူငယ်ချင်း။ မင်းမလဲ ဒုက္ခပါပဲလား။ သွားမယ့်လာမယ့်ဆဲဆဲတောင် အလုပ်က မအားရသေးဘူး"

"အေးလေကွာ၊ အခြေအနေအရဆိုတော့လဲ ဒီလိုပဲပေါ့၊ ခက်တယ်ကွ သူငယ်ချင်းရ၊ ငါတို့လောကက ဆရာတပည့်ရင်းနီးကြပါလားဆိုရင် ဘေးက လူတွေက အထင်လွဲလောက်အောင် ရင်းနီးကြတယ်"

"မင်းစိတ်ထဲကကော‥"

"ဟော့ကောင် တော်စမ်းပါ၊ ငါ ခင်မောင်ဦး မဟုတ်ဘူးကွ၊ ဘိုးတော်ကင်း"

"ထားလိုက်ပါတော့ သူငယ်ချင်းရယ်"

"ကဲ- ငါ ရေချိုးလိုက်အုံးမယ်၊ ရေချိုးပြီး ထမင်းစားကြမယ်၊ တော်ကြာ ငါ့ကို လိုက်ပို့မယ့်လူတွေ လာကြအုံးမှာ"

ရေချိုးပြီးနောက် ကျွန်တော်တို့နှစ်ယောက် ထမင်းစားကြသည်။

ထမင်းစား၍မပြီးခင်မှာပင် အကြီး၊ အသေး အမျိုးသမီးတစ်သိုက် ပြန်ရောက်လာကြသည်။ လမ်းမှာ ဘိုးတော်စားသွားဖို့ ပစ္စည်းတွေမှ တစ်ယောက်လျှင် တစ်ပွေ့တစ်ထုပ်။

ဘူတာကြီးသို့ ထွက်ခဲ့ကြပါပြီ။ စုစုပေါင်း ကား ၈-စီး။ ဒါတောင် အလွန့်အလွန် တောင်းပန်ထား၍ မလိုက်ရသူတွေက တစ်ပုံကြီး။ ခုဟာက တားမရ ပြောမနိုင်သည့် တပည့်လက်ရင်းတွေသာ လိုက်ကြရသည်။

တွဲပေါ်ရောက်တော့လည်း ပြောလိုက်ကြသည်မှာ ဂွမ်းကိုနားဆို့ထားရပေမတတ်။ ကျွန်တော့်မှာ ရထားကြီး မြန်မြန်ထွက်ပါစေဟု ဆုတောင်းနေရသည်။

ဘိုးတော်တွေ (သူတော်စင် သူမြတ်ဘိုးတော်များကို မဆိုလိုပါ) အမည်ခံ ဘိုးတော်တွေနှင့် အမျိုးသမီးတွေ၊ ဇာတ်လမ်းရှုပ်ကြသည်မှာလည်း ဒါကြောင့်ကိုးဟု မှတ်ချက်ချရမလောက်ပင်။

ကျွန်တော်၏အယူအဆကလေးကို ကြားဖြတ်တင်ပြပါရစေ။ စာဖတ်သူအနည်းငယ် သည်းခံ၍ ခွင့်လွှတ်ပြီး ဖတ်ရှုပါရန်။

(စာရေးသူ)

ကျွန်တော် ဘိုးတော်အကြောင်းရေးရာတွင် တကယ့် သူတော်စင် သူတော်မြတ်အပေါ်တွင် စိုးစိမ့် ကာယကံ၊ ဝစီကံ မနောကံဖြင့် စော်ကားလိုသည့် ဆန္ဒလုံးဝမရှိပါ။ မြူမှုန်မျှလောက်ပင် မရှိပါ။ ဂန္ဓာရီ ဝိဇ္ဇာပညာရပ်မရှိဟု ဖော်ကျူးနေခြင်းမဟုတ်ပါ။ ရှိပါသည်။ ရှိသည့်အကြောင်း ကျွန်တော် ဝန်ခံပါသည်။

ဂန္ဓာရီ ဝိဇ္ဇာပညာရပ်ကို အတတ်ပညာတစ်ခုအဖြစ် ကျွန်တော် လက်ခံပါသည်။ သို့သော် ဘာသာရေးနှင့်ကား လုံးဝမသက်ဆိုင်ဟု ခံယူပါသည်။

အချို့သော ဂိုဏ်းဂဏဆရာတို့က ဤအတတ်ပညာကို ဘာသာရေးနှင့် ဆက်စပ်သယောင် အဓိပ္ပာယ် ဖွင့်ဆိုပြပါသည်။ မဟုတ်ပါ။

ဂန္ဓာရီလမ်း၊ အထက်လမ်း



www.burmeseclassic.com

www.burmeseclassic.com

အင်းအိုင်ဆေးဝါးပညာရပ်သည် လောကီအတတ်ပညာတစ်ခုသာ ဖြစ်ပါသည်။

အတတ်ပညာတစ်ရပ်သည် လောက၌ ရှိသည်အမှန်ဖြစ်စေကာမူ အတတ်ပညာ အတုအယောင်များ ပေါ်များလာသောအခါ၊ ပညာရှင် အစစ်အမှန်များ ဆိတ်သုဉ်းလာသောအခါ ပျက်ပြယ်သွားတတ်၏။ အတုအယောင်ပညာရှင်များကြောင့် အတတ်ပညာသည် ရယ်စရာပုံပြင်များ ဖြစ်သွားတတ်၏။

ယနေ့ခေတ်တွင်ကား အစစ်အမှန် အတတ်ပညာရှင်များထက် အတုအယောင် အတတ်ပညာရှင်များ ပေါ်များလာ၏။ ခက်ခဲနက်နဲစွာ လေ့ကျင့်ရသော စိတ်တန်ခိုးပညာကို အလွယ်တကူ ပြော၊ အလွယ်လုပ်ချင်နေကြ၏။

တစ်နေ့ ပုတီး (၉)ပတ်လောက်စိပ်ပြီး တစ်လကြာသည့်အခါ ဘိုးတော်အမည်ခံယူလိုက်ကြ၏။

မောင်ဖြူသည် သူငယ်တန်းမှ ပထမတန်းသို့ တက်ရ၏။ မောင်ဖြူကား သူ့ကိုယ်သူ ပထမတန်းဟု မထင်၊ တက္ကသိုလ်ရောက်နေပြီဟု ထင်၏။ ပထမတန်းရောက်သည်ဆိုရုံ ရှိသေးသည်။ သူ့ကိုယ်သူ တက္ကသိုလ်မောင်ဖြူဟု နာမည်တပ်လိုက်တော့၏။

ယနေ့ ဘိုးတော်အမည်ခံအများစုမှာလည်း ဤပုံစံအတိုင်းပါ။

အတုအယောင်များကို ရည်ညွှန်းလိုသဖြင့် သရော်တော် ဖော်ထုတ်ရေးသားနေသည်ကို ပညာရှင်အစစ်များက ခွင့်လွှတ်ကြပါဟု။

ဘိုးတော်ကင်းနှင့် ကျွန်တော် စီးသွားရမည့်ရထားက ဥဩသံပေးနေပါပြီ။ သို့တိုင် အမျိုးသမီးများ တွဲပေါ်ကမဆင်းကြသေး။ တွတ်ထိုးတုန်း၊ တွတ်ထိုးဆဲ။ ဂိတ်ဗိုလ်ထံမှ ခရာသံတစီစီ ပြန့်လွင့်လာမှသာ တွဲပေါ်မှ ကမန်းကတန်း ဆင်းကြသည်။ ရထားကြီးထွက်သွားလျှင် အတော်ဝေးဝေး ရောက်သည့်တိုင် ရှုပ်ယှက်ခတ်နေသောလက်များမှာ လှုပ်ရှားခြင်းမရပ်သေး။

ကဲကဲလွန်းလှသည်ဟု ဆိုရမလား။ လွန်တာပေါ့ဟု ဆိုရမလား။ လေးယောက်စီးရမည့် အခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်တည်း အေးအေးဆေးဆေး တစ်ခန်းလုံးယူထားသဖြင့် အခြားသူများလာတော့မည် မဟုတ်ပေ။

ရထားကြီးထွက်လာတော့ မှပင် အေးအေးဆေးဆေး စီးကရက်ဖွာရင်း နား၊ မျက်စိရှုပ်ခဲ့ရသည်များကို ဖြေဖျောက်နေရသည်။

"နေပါအုံး ခင်မောင်ဦးရ ငါ မေးပါရစေအုံး။ မင်းတပည့်မတွေက မင်းကို တော်တော်ကို ခင်ကြတာပဲနော်"

"ဒါကြောင့် ငါ ခက်နေတာပေါ့ကွ"

"ဆိုစမ်းပါအုံး မင်းခက်ပုံက…"

"ငါ့ဇာတ်လမ်း ဆုံးတော့ မင်း သိလာပါလိမ့်မယ်"

"ဟာ…ဟုတ်တာပေါ့ကွ၊ ဟိုနေ့က ဇာတ်လမ်းဆက်ရအုံးမှာပဲဟာ"

"မင်းကို ဒီအကြောင်းတွေ ပြောချင်လို့ တမင်ခေါ်လာတာပဲ သူငယ်ချင်း။ ငါ့အဖြစ်အပျက်ကို သူတို့ ဘာမှ မသိသေးဘူးကွ၊ မင်းက ရိုတို့ကို အဖြစ်အပျက်တွေ ပြန်ပြောပြဖို့၊ ခွင့်လွှတ်တာ မလွှတ်တာ သူတို့အလုပ်ပေါ့ကွာ"

"သူကလည်း မင်းကို အခုခွင့်လွှတ်သားပဲ၊ ဒါပေမဲ့ သူပြောတာက မင်း ဘိုးတော်လုပ်နေတဲ့ ကိစ္စကိုသာ ပြောတာပဲဟာ"

"အေးလေ…အကြောင်းစုံသိမှ ဘိုးဘော်ဖြစ်ရတဲ့ကိစ္စကလည်း ရှင်းမှာကိုးကွ"

"ကဲ- ဆက်ကြရအောင်၊ ဒီလိုကွ…ဂဒူးဂထာန်းဘုန်းတော်ကြီးနဲ့တွေ့တော့ သူက ငါ့ရောဂါကို သေသေချာချာစစ်ဆေးပြီး ငါ့ရဲ့အတိတ်ဇာတ်လမ်းတွေကို မကွယ်မဝှက် အသေးစိတ်ပြောပြဖို့ မေတ္တာရပ်ခံတယ်၊ ငါကလည်း ငယ်ငယ်ဘဝဖြစ်စဉ်က စပြီး ဘဝတစ်လျှောက်လုံး တွေခဲ့၊ ပေခဲ့ပုံတွေကို မကွယ်မဝှက် ပြောပြလိုက်တယ်"

"ဆရာတော်က ငါ့ဇာတ်လမ်းကြားတော့ တော်တော်အံ့ဩသွားတယ်၊ ငါ မိန်းမပွေခဲ့ပုံတွေကို ပြောပြတဲ့အခါ အစပိုင်းလောက်နားထောင်ပြီး နောက်ပိုင်းကျတော့ လက်ကာပြတယ်၊ ပွေခဲ့ပုံတွေကလည်း ဘုရားအရှေ့တော်ဝတ်ရုံထားတဲ့ သံဃာတော်တွေ မပြောနဲ့၊ လူအချင်းချင်း တောင် နားထောင်လို့ မသင့်ဘူးမဟုတ်လား"

"ပွေခဲ့တာကို အရေအတွက်နဲ့ပြောရင် ဘယ်လောက်ရှိမလဲ"

"ဘယ်မှတ်မိပါ့မလဲ သူငယ်ချင်းရယ်၊ ငါးဆယ်ထက် မအောက်တာတော့ သေချာတယ်ကွ၊ ငါးဆယ်အထက်မှာပဲရှိမယ်"

"ငါ့ဇာတ်လမ်းနားထောင်ပြီးတော့မှ ဆရာတော်က မေးတယ်၊ မင်းရောဂါ တကယ်ပျောက်ချင်သလားတဲ့"

"ပျောက်ချင်ပါတယ်ဘုရား လို့လျှောက်တော့ ပျောက်ချင်ရင် ကတိသစ္စာဆိုရမယ်၊ ဒီရောဂါ ပျောက်သွားပြီးတဲ့နောက် သူ့ရာမေရိယကာနဲ့ ကာမေသုမိစ္ဆာစာရာကံနှစ်ပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် ထိန်းသိမ်းပါ့မယ်၊ ဒီကံနှစ်ပါးကို မချိုးမပေါက်၊ မပျောက် မကြား အောင် စောင့်ရှောက်ပါမယ်လို့ သစ္စာဆိုရမယ့်အပြင် ရောဂါကုသစဉ် သူ့ကျောင်းဝင်းထဲမှာ လိုက်နေရမယ်၊ ဘယ်ကိုမှ မသွားရဘူး။ အရက်ကိုတော့ လုံးဝဖြတ်ရမယ်၊ အဲဒီသစ္စာနဲ့ ကတိကိုပေးရင် ကုပေးမယ်လို့ အမိန့်ရှိတယ်"

"ငါက ရုတ်တရက် ကတိမပေးနိုင်ဘူး။ ဒီတော့ ဘုန်းကြီးကို လျှောက်ရတယ်၊ အရှင်ဘုရား- တပည့်တော်ရောဂါပျောက်ရင် ကံနှစ်ပါးထိန်းသိမ်းဖို့တော့ သစ္စာဆိုပါ့မယ်၊ အရှင်ဘုရားကိုလည်း လေးမြတ်တဲ့ကတိပေးပါ့မယ်၊ အခုလောလောဆယ် အရက်ဖြတ်ဖို့ကတော့ တပည့်

www.burmeseclassic.com

တော် အခက်အခဲကြီးတစ်ခု ဖြစ်နေပါတယ်၊ တပည့်တော်အပေါ် စေတနာထားတဲ့ အရှင်ဘုရားအပေါ်လည်း မလိမ်ပါရစေနဲ့၊ တပည့်တော် ဒီအိမ်မှာနေပြီး တစ် လ လောက် ကြိုး စား ပြီး အ ရက် ဖြတ် ကြည့် ပါ့ မယ်၊ တကယ်လည်း ကြိုးစားပြီး ဖြတ်ပါ့မယ်၊ ဖြတ်လို့ရတာနဲ့ အရှင်ဘုရားဆီ လာခဲ့ပါ့မယ်၊ ဖြတ်လို့မရရင်တော့ တပည့်တော်ထိုက်နဲ့ တပည့်တော်ကံပဲလို့တာ သဘောထားတော်မူပါဘုရားလို့ လျှောက်တယ်"

"ငါ ဒီလိုလျှောက်လိုက်တော့ ဆရာတော်ဘုရားက ကဲ- ဒကာကြီး ဒီလိုလုပ်၊ ကျုပ်ဆေးမှုန့်တစ်ခုပေးလိုက်မယ်၊ ဒကာကြီးသောက်တဲ့အရက်ထဲမှာ ထည့်ထည့်သောက်၊ ဒီဆေးမှုန့်ထည့်သောက်ရင်းနဲ့ အရက်ကို ကြိုးစားပြီး ဖြတ်ပေါ့၊ ကျုပ်ရဲ့ဆေးမှုန့်ကြောင့်လည်း အရက်ကို မုန်းသွားနိုင်တယ်၊ ဒါပေမဲ့ ဒကာကြီးရဲ့စိတ်က ပိုအရေးကြီးတယ်၊ ကိုယ့်စိတ်ကိုယ်မနိုင်ရင် ဘာကိုမှ လုပ်လို့မဖြစ်ဘူး၊ လောကမှာ အရေးအကြီးဆုံးဟာ မိမိစိတ်မိမိနိုင်ဖို့ပဲ"

"အဲဒီလို ဆရာတော်က ဆုံးမပြီး ပြန်ကြွသွားတယ်"

"အရက်ဖြတ်ရေး မဖြတ်ရေးဟာ ငါ့စိတ်ကို လွန်ဆွဲနေပြီး အဘိုးကြီး၊ အဘွားကြီးနဲ့ ငါ့လက်ရှိ အမျိုးသမီးကလည်း အရက်ဖြတ်ဖို့နဲ့ ဆရာတော်ဘုရားဆီသွားဖို့ အတင်း တိုက်တွန်းကြတယ်"

"ဆရာတော်ဘုရားဟာ ငါ့ထက်ဆိုတဲ့ ရောဂါတွေတောင် ပျောက်အောင် ကုသပေးနိုင်တယ်လို့ အဘိုးကြီးက ပြောရှာတယ်"

"ဒါပေမဲ့ ငါ စဉ်းစားနေတာက ငါအရက်ဖြတ်ပြီး ဆေးကုလို့ ဒီရောဂါပျောက်သည့်တိုင် ငါ လောကကြီးမှာ ဘာဆက်လုပ်ရမလဲ၊ ဘယ်လိုနေရမလဲ၊ ရိတ္တိသားအမိဆီလည်း သွားလို့မဖြစ်ဘူး၊ ငါ့အမွေတွေလည်း ကုန်ပြီ၊ ဒီတော့ ငါ့ဘဝဟာ ဘာများ ထူးခြားလာအုံးမလဲ၊ အဲဒီလို အဖြေထွက်လာပါတယ်ကွ"

"ဒီတော့ မင်း ဆက်သောက်ရော ဆိုပါတော့"

"အေးလေ- ဆက်သောက်တာပေါ့၊ များများသောက် မြန်မြန်သေ၊ မြန်မြန်အေးတာပဲ မဟုတ်လား"

"နောက်တော့ကော..."

"နောက်တော့ဆိုတာက ဆရာတော် ပြန်ကြွသွားပြီး နောက်တစ်နေ့က စတာပေါ့၊ ဆရာတော်ပေးလိုက်တဲ့ဆေးမှုန့်ကို အရက်ထဲထည့်ပြီး သောက်လိုက်တာ၊ နှစ်ခွက်လား သောက်ရသေးတယ်၊ တစ်ခါတည်း ထိုးအန်တော့တာပဲ၊ တစ်ညလုံး တဝေါ့ဝေါ့နဲ့ အန်လိုက်တာ မိုးလင်းကာနီးတော့ ငါလည်း သတိမရတော့ဘူး"

"ငါသတိရတဲ့အချိန်က နေမွန်းတည့်နေပြီ၊ ဗိုက်ထဲမှာလည်း ဘာမျှမရှိတော့ဘူး ထင်တယ်၊ ဗိုက်ကလေးက ရှုပ်နေပြီ၊ ဗိုက်ထဲမှာ ဟာလာဟင်းကြီးဖြစ်နေတယ်၊ နေရထိုင်ရတာ တစ်မျိုးကြီးပဲ၊ ကောင်မလေးက ဆန်ပြုတ်ပူပူလေး လာပြီး တိုက်တယ်၊ နှစ်ဇွန်းလောက် သောက်ပြီး နောက်ထပ်သောက်လို့ မရတော့ဘူး၊ ဒါနဲ့ ကော်ဖီဖျော်ခိုင်းပြီး သောက်ဖို့ ကြိုးစားပြန်တော့လည်း သောက်မရပြန်ဘူး"

"အိပ်ရာပေါ် ပြန်လှဲလိုက်ပြီး မကြာဘူး၊ ပြန်ပြီး အိပ်ပျော်သွားပြန်ရော၊ အိပ်ရာကနိုးတဲ့အချိန်က မီးထွန်းတဲ့အချိန်ရောက်နေပြီ"

"ငါ့ရင်ဘတ်ကြီးတစ်ခုလုံး မီးစကြီးနဲ့ ထိုးထားသလား အောက်မေ့ရတယ်၊ ပူလိုက်တဲ့ဖြစ်ခြင်း၊ ရေအိုးကြီး ငါ့နားရွှေ့ခိုင်းပြီး ရင်ဘတ်နဲ့ကပ်ပြီး ပိုက်ထားပေမယ့်လည်း ပူတာကတော့ ပူတာပဲ၊ ငါ ဘယ်လိုမှ နေလို့မရတော့ဘူး၊ လူးလိမ့်နေတာပဲ၊ ဒါနဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး အရက်ပုလင်းတောင်းလိုက်တယ်"

"ကောင်မလေးက ယူမပေးဘူး၊ ငါ့ကို လာချော့တယ်၊ အရက်မသောက်ဖို့ အမျိုးမျိုး အသနားခံပြီး ပြောရှာတယ်"

"ငါက သူ့စကားလည်း နားထောင်မနေတော့ဘူး၊ သူ့ကို အော်ဟစ်ပြီး ယူခိုင်းတယ်၊ သူက ယူမပေးဘူး၊ ပေခံနေတယ်၊ စိတ်ဆိုးဆိုးနဲ့ သူ့ကို ခြေထောက်နဲ့ ခတ်ပစ်လိုက်ပြီး ငါ့နားမှာမနေဖို့ နှင့် နှင်ထုတ်လိုက်တယ်၊ ကောင်မလေးကတော့ ငိုလို့၊ ငါလည်း အရက်ပုလင်းရှိတဲ့နေရာကို လေးဘက်ထောက်သွားယူပြီး မော့ချလိုက်တယ်၊ ဘယ်လောက်မော့မိလိုက်သလဲ မသိဘူး၊ အဲဒီနေရာမှာတင် ပက်လက်လှန်သွားတာပဲ"

"အရက်သမားစကားနဲ့ဆိုတော့ ဖလက်မှာ ပြသွားတာပေါ့"

ခင်မောင်ဦးက သူ့ဘဝဇာတ်ကြောင်း ပြန်လည်တင်ပြသည့်နေရာတွင် စိတ်ပါလက်ပါ ရှိလှ၏။ အားရပါးရ မကွယ်မဝှက် သူ့အဖြစ်အပျက်ကို သိကာပတ်ကုံး ပြောပြနေသည်မှာ ပျင်းစရာမရှိပါ။ ထို့ထက် ပိုကောင်းသည်က နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ထိုင်လျက် အေးမြချိုစိမ့်သော စပျစ်သီးများကို တမြုံ့မြုံ့ လျှာပေါ်တွင်လိမ့်ရင်း မန္တလာအဆန်ရထားကြီး၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားရသည့်ဇိမ်မှာ ပို၍ကောင်းပါသည်။

ဘိုးတော်ကင်း မစသည့်အကျိုးကို အခြားသူများအတွက်တော့ မသိပါ။ ကျွန်တော်ကတော့ လက်တွေ့ခံစားနေရသည်။

စားစရာ၊ သောက်စရာတွေကလည်း အပြည့်အစုံ၊ ငါးသုံးလုံးစီးကရက်ဘူးကလည်း လှလှပပကလေး။ ဒီလို ဇိမ်ရှိရှိသာ နေထိုင်သွားလာ ရမည်ဆိုလျှင် တစ်သက်။ ဘိုးတော်ကင်း၏တပည့် ခံချင်ပါဘိ။

"ဖလက်ကနေ ပြန်ပြီး စတင်း(န)ဒင်း ဖြစ်လာတာကကော..."

"ငါ့တစ်ကိုယ်လုံး အနိဖတ်တွေ ပေကျံနေပြီလေ၊ ငါ့ဘေးပတ်လည်မှာလည်း အန်ဖတ်တွေအပြည့်၊ ငါ့ဝမ်းထဲမှာ အ



www.burmeseclassic.com

www.burmeseclassic.com

သည်းတွေ၊ ကလီစာတွေ ရှိပုံမလား ထင်ရလောက်အောင် ဟာတာတာကြီး ဖြစ်နေတယ်"

"ကောင်မလေးက ငါ့တစ်ကိုယ်လုံး အဝတ်အစားတွေချွတ်ပြီး အိမ်ပေါ်မှာတင် ရေချိုးပေးတယ်၊ ရေလည်းချိုးပြီးရော ပူလောင်နေတာတွေ ပျောက်ပြီး လူလည်း လန်းလန်းဆန်းဆန်း ဖြစ်လာပြီ၊ ကော်ဖီပူပူတစ်ခွက် ဖျော်ခိုင်းပြီး သောက်လိုက်တာ ဘာပြောကောင်းမလဲ အရသာရှိလိုက်တဲ့ဖြစ်ခြင်း"

"ငါ့တစ်သက်မှာ အဲဒီကော်ဖီလောက် အရသာရှိတဲ့ ကော်ဖီမျိုး မသောက်ဖူးသေးဘူး"

"နက်(စ်)ကော်ဖီတို့၊ ပေါ်လဆင်တော်တို့နဲ့ ဖျော်ထားတဲ့ ကော်ဖီတောင် အဲဒီကော်ဖီလောက် မကောင်းဘူး၊ ကော်ဖီသောက်ပြီးလည်း ဗိုက်ကတော့ ဆာတုန်းပဲ၊ အစာတောင်းတယ် ဆိုတာမျိုးလားတော့ မသိဘူး၊ အစာကို ချင်ခြင်းဖြစ်လာတယ်၊ ဒါနဲ့ ကြက်တစ်ကောင်ဝယ်ခိုင်းပြီး တချို့ပြုတ်၊ တချို့ကို ကြော်ခိုင်းလိုက်တယ်"

"ဂဒူးဂဏန်းမလေးကတော့ စွပ်ပြုတ်တွေ ဘာတွေ ဘယ်လုပ်တတ်မလဲ၊ သူတို့ပြုတ်တတ်သလို ပြုတ်တာပဲ၊ ငါကလည်း သောက်လိုက်တာ အိုးထဲရှိသမျှ ပြောင်ရော၊ ကြက်သားကြော်လည်း ကုန်ရောပဲ၊ စားသောက်ပြီး အိပ်ပျော်သွားလိုက်တာ မိုးလင်းမှပဲ တစ်ရေးနိုးတော့တယ်"

"အိပ်ရာကလည်း ထရော၊ တစ်ကိုယ်လုံးပေါ့ပြီး လန်းလန်းဆန်းဆန်း ဖြစ်နေတယ်၊ အရက်ကိုတော့ မကြည့်ချင်တော့ဘူး၊ တစ်ခါတည်း မုန်းသွားတော့တာပဲ၊ အဲဒီကတည်းက အရက်ပြတ်သွားလိုက်တာ"

"ခုတော့ ပြန်သောက်နေပြီ ဆိုပါတော့"

"အေး...မမန့် ညားပြီးမှ သူက အားဖြစ်အောင်ဆိုပြီး ကြက်ဥနဲ့ ဘရန်ဒီနည်းနည်းကို ညအိပ်ရာဝင်ခါနီးတိုင်း တိုက်တာနဲ့ သောက်ဖြစ်တယ်ဆိုပါတော့၊ ဒါပေမဲ့ အရင်ကလို အရက်သမားသောက်တော့ မဟုတ်ဘူးကွ၊ ဂျင်တယ်လ်မင်းသောက် သောက်တယ်ပေါ့"

"ဒါဖြင့် မင်းဆရာတော်ကို ပေးခဲ့တဲ့ကတိသစ္စာကို ချိုးဖောက်လိုက်ပြီပေါ့"

"ဝိနည်းလွတ်ပြောတာတော့ မဟုတ်ပါဘူး သူငယ်ချင်းရာ၊ ဆေးဖြစ်ဝါးဖြစ်သောက်တဲ့သဘောဆိုတော့ ကတိသစ္စာချိုးတယ်လို့ မဆိုနိုင်ပါဘူး"

"ဒါနဲ့ မင်းတို့ဂိုဏ်းဝင်တွေ ဘာတွေလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ အရက်ကို အထူးရှောင်ရတယ်ဆို"

"ဩော်...ဆေးဖြစ်ဝါးဖြစ်ပါလို့ ဆိုနေမှပဲဟာ ချင်ခြင်းတက်ပြီး တောင်းတောင်းတတ သောက်တာမှ မဟုတ်ဘဲ၊ ဘိုးတော်ကြီးများကလည်း ဒီခေတ်မှာ နည်းနည်းလျှော့နေပြီကွ၊ မလွှဲမရှောင်သာတဲ့ ညစ်ခံပွဲတို့ ဘာတို့ဆိုရင် နည်းနည်းသောက်နိုင်တယ်လို့"

"ဒါက မင်းတို့ရဲ့ ထွင်လုံးတွေ ဖြစ်မှာပါ"

"ကဲ...ထားပါတော့၊ တောင်ငူ ရောက်ခါနီးနေပြီကွ၊ တောင်ငူကတပည့်တွေ ဘူတာဆင်းလာကြလိမ့်မယ်၊ ပြီးမှပဲ ဇာတ်လမ်းဆက်ကြတာပေါ့"

လက်ရှိ သူ့ဘဝအကြောင်း စဉ်းစားရင်း ကျွန်တော့်စိတ်ထဲတွင် အတွေးတစ်ခု ပေါ်လာသည်။

မိန်းမများယူရင်ကွယ် ပိုက်ဆံလည်း ပေါရမယ်၊ ရုပ်ရည်လည်း ချောရမယ်ဆိုသည့် သီချင်း စာသားကလေးပါ၊ ယောက်ျားများသည် မိန်းမ အပြုအစု၊ အယုအယကို ရသာပြည့် ခံစားချင်ကြသည်။ သို့ဆိုသော် "မိန်းမယူရင်ကွယ် ပိုက်ဆံလည်း ပေါရမယ်၊ အသက်ကလေးကလည်း ကြီးရယ်"

သို့မှသာ ဒေါ်ခင်မချောက ခင်မောင်ဦးကို ပြုစုသည့် အရသာမျိုးစုံ ခံစားရပေမည် မဟုတ်ပါလား။

ည အိပ်ရာဝင်လျှင် ကြက်ဥနှင့် ဘရန်ဒီ။

ဖီးကြမ်း ငှက်ပျောသီးကလေးတစ်လုံးများ ထည့်လိုက်ရင် အားပါး ငါ့တူမကြီးပေါ့။

ထိုစဉ် စီစီညံညံအသံများ အသံကုန်ဟစ်နေသည့် တောင်ငူဘူတာသို့ ရထားကြီးဝင်လာပါပြီ။

ခေတ်ပေါ် ရောင်စုံအဆင်ဆန်းတွေဝတ်ထားသည့် လူနှစ်ဆယ်ခန့်ရှိသော အမျိုးသား၊ အမျိုးသမီးတစ်သိုက်မှာ ရထားမဆိုက်မီမှာပင် ကျွန်တော်တို့တွဲသို့ လက်များဝှေ့ယမ်းနှုတ်ဆက်နေကြသည်။ ရထားဆိုက်သည်နှင့် တွဲဘေးသို့ ရောက်လာကြ၏။

ထုံးစံအတိုင်း လက်အုပ်ချီနှုတ်ဆက်ခြင်း၊ စားသောက်ဖွယ်ရာတွေပေးခြင်း၊ စကားတွေလေဖောင်အောင် ပြောခြင်း ပြုကြသည်မှာ ရထားထွက်ခွာသည်အထိ။

ကျွန်တော့်မှာတော့ ကြောင်စီစီ၊ သို့သော် သွားတွေကိုတော့ ဖြီးထားရသည်။ သူတို့ကမူ ကျွန်တော့်ကို ဘိုးတော်အသစ်တစ်ယောက်ဟု အောက်မေ့လေသလား၊ သို့မဟုတ် ဘိုးတော်ကင်း ကပ္ပိယတပည့်ကြီးဟု အောက်မေ့လေသလား မသိ။

တချို့ကလည်း တွဲပေါ်တက်လာပြီး ဘိုးတော်ကင်း၏လက်ဝါးနှင့် သူတို့လက်ဝါးများကို လက်ဝါးချင်းထပ်ကြသည်။ ဓာတ်ကူးသည်ပေါ့။

ကျွန်တော့်မှာ ဘေးက မရယ်မိအောင် ထိန်းနေရသည်။

အမလေး...ကြက်ဥနှင့် ဘရန်ဒီဓာတ်တွေ ကူးကုန်မှဖြင့်ဟု။ မြန်မာလူမျိုးများသည် ယုံကြည်မိပြီဆိုလျှင် မျက်စိကို ဖွင့်မိတ်၊ နားကိုအတင်းပိတ်၍ ယုံကြည်တတ်ကြသည်။

ဘဲဥဖြူဖြူကြီးကို ကြက်ဥနီနီကလေးပါဟု ပြောလျှင်လည်း နီနီကလေးပါဟု ခေါင်းညိတ်တတ်ကြသည်။

ကျွန်တော်တို့ လူမျိုးအထာကို သိ၍လည်း ဘိုးတော်အတုအယောင်တွေ ပေါက်ကောင်းဖွင့်



www.burmeseclassic.com

www.burmeseclassic.com

နေကြခြင်း ဖြစ်ပေသည်။

ဘိုးတော်အမည်ခံတွေ မှို ပေါက်နေသလို ကိုးကွယ်သူတွေကလည်း ခြင်ပေါသလို ပေါနေသည်။ ရဟန်းသံဃာတော်တွေ ဆွမ်း၊ ကွမ်း ရှားပါးသလောက် ဘိုးတော်တွေ ဘော်ထိုးနေကြသည်။

တကယ့်အကျင့်အကြံများကို သန့်ရှင်းရိုးသားစွာ အားထုတ်နေကြသည့် ပုဂ္ဂိုလ်များမှာမူ ဘုရားပေါ်တက်ရမည်ကိုပင် ခပ်ရှုံ့ရှုံ့ဖြစ်နေကြသည်။ အတုအယောင်များ ပေါများသည့်ခေတ်တွင် အစစ်များ အနေခက်လှ၏။

အထက်ဂိုဏ်း ဝိဇ္ဇာပညာရပ်၊ ကျင့်စဉ်လုပ်ငန်းများသည် ယနေ့လုပ်နေသလို၊ ပြောနေသလို ပရမ်းပတာ မဟုတ်ပါ။ အကြောင်းယုတ္တိကင်းမဲ့သော ပညာရပ်လည်းမဟုတ်ပါ။ ခက်ခဲနက်နဲသလို အကြောင်းယုတ္တိပြည့်စုံသော အတတ်ပညာတစ်ခုသာ ဖြစ်၏။

အလွန်တရာ စည်းစနစ်ကျကျဖြင့် ကျင့်ကြံအားထုတ်ရသည့် ပညာဖြစ်ရာ ပရမ်းပတာပြော၊ ပရမ်းပတာလုပ်နေသူများနှင့် လားလားမှ မအပ်စပ်ပေ။

ဤနေရာတွင် အကြောင်းသင့်သဖြင့် အနည်းငယ်ဖော်ပြလိုပေသည်။

စိတ်ကိုအခြေခံ၍ သမာဓိကို အားယူရသော စိတ်အာရုံကို တစ်နေရာတည်း စူးစိုက်ထိန်းချုပ်ထားရသော ကျင့်စဉ်ကြောင့် မူလက စိတ်အတွင်း၌ ကိန်းဝပ်နေသည့် ပင်ကိုသတ္တိထူးများ နိုးကြွလာခြင်း ဖြစ်၏။ ထူးခြားသော စိတ်တန်ခိုး ဖြစ်ပေါ်လာရ၏။

ယင်း စိတ် တန် ခိုး သည် အရာခပ်သိမ်း လွှမ်းမိုးထားနိုင်၏။ စေစားနိုင်၏။ စိတ်အလိုအတိုင်း ပြီးစေနိုင်၏။

ထွက်ရပ်ပေါက် ဝိဇ္ဇာပညာရပ်သည် စိတ်ကိုအခြေခံ၍ စိတ်ကို ထိန်းချုပ်ခြင်းမှ ထွက်ပေါ်လာသော အတတ်ပညာဖြစ်၏။

(Will Power)ခေါ် ပင်ကိုသတ္တိထူးမှာ လူတိုင်းတွင်ရှိ၏။ နိုးဆွပေးလျှင် တန်ခိုးသတ္တိပေါ်လာ၏။ ကျင့်စဉ်မှာ နိုးဆွပေးခြင်းပင်။

သမာဓိအား အထွတ်အထိပ်ရောက်သည့်အခါ တစ်ပါးသူ၏စိတ်ကို မိမိစိတ်ဖြင့် လွှမ်းမိုးသိနိုင်စွမ်း ရှိလာပေသည်။ မနောစာတ်အမြင်ပေါက်လာသည်ဟု ဆိုလိုသည်။

ဤအဆင့်သို့ ရောက်ရှိရန်မှာ မလွယ်ကူပေ။ ကျော်လွှားရမည့်အဆင့်ပေါင်းကား များလှစွာ၏။ စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းမှာ ခက်ခဲလှစွာ၏။

ဤသို့ ခက်ခဲနက်နဲလှသည့်ပညာရပ်ကို အလွယ်ပြော၊ အလွယ်လုပ်နေသူများကို မြန်မာလူမျိုးတို့သည် အတိုင်းအဆမရှိ ယုံကြည်ကြ၏။

ထို့ကြောင့်သာလျှင် ရထားပေါ်၌ စာတ်ကူးနေကြခြင်း ဖြစ်ပေမည်။

သူတို့ပြောနေကြသည်များကိုလည်း ကြည့်ပါအုံး။

သူရဿတီ(ဆာရဆွတီ) မယ်တော်ကြီး မြင်လိုက်ရသူ။

ယက္ကန်းစင်ဆောင်ဆရာတော်ကြီး မြင်လိုက်ရသူ။

ဘိုးကိုးအောင်မြင်လိုက်ရသူ စသည်ဖြင့် အမြင်စခန်းရပြီ ဆိုသူကဆို။

နားထဲသို့ ကြိုးမဲ့ကြေးနန်း ပို့သလို အသံတွေကြားရပြီ ဆိုသူကဆို၊ အမျိုးမျိုး အထွေထွေ တစ်ယောက်တစ်ပေါက် ပြောနေကြ၏။

သူတို့ပြောသည်များကို နားထောင်ပြီး ကျွန်တော် အရှုံးဖြစ်ချင်စိတ် ပေါက်လာ၏။ သူတို့ကတော့ ဘယ်လိုနေကြမည် မသိ။

အမေး နွားကျောင်းသားအဖြေ ဘုရားလောင်းဆိုသည့် အလား၊ ဘိုးတော်ကင်းကလည်း မေးသမျှပုစ္ဆာတွေကို ခက်ခဲခက်ခဲ အဖြေထုတ်ပြနေသည်။ သူမဖြေနိုင်သည့်အမေး ဟူသည် မရှိ။

ရထားကြီးက တောင်ငူဘူတာမှ ဆက်လက်ထွက်ခွာရန် အချက်ပေးလိုက်ပါပြီ။ တွဲပေါ်ရောက်သည့် အကြို ဘိုးတော်များမှာ (ဘိုးတော် မဖြစ်တဖြစ်များ) အားမလို အားမရဖြင့် နှုတ်ဆက်ခွဲခွာသွားကြ၏။

ရထားကြီးထွက်တော့မှပဲ နားအေးပါးအေး ရှိသွားသည်။ ဘိုးတော်ကင်းလည်း အတော်ကလေး မောသွားဟန်ရှိသည်။ စကားမပြောနိုင်တော့၊ အခန်းထဲတွင် လက်ဆောင်ပစ္စည်းများမှာ တစ်ပုံတစ်ပင်။

"သူငယ်ချင်း··ငါ တစ်ရေးလောက် မေးလိုက်အုံးမယ်၊ မင်းလည်း မေးအုံးပေါ့"ဟု ဘိုးတော်ကင်းက ဆိုလာသည်။

ကျွန်တော်ကတော့ မမေးပါ။ ဘိုးတော်အမည်ခံတွေအကြောင်း ထပ်တလဲလဲ စဉ်းစားနေမိသည်။

တကယ့် ကျင့်စဉ်လမ်းအတိုင်း ကျင့်ကြံအားထုတ်နေသည့် ပုဂ္ဂိုလ်တော်တော်များများကို တွေ့ကြုံဖူးပါသည်။ ရင်းနှီးသောမိတ်ဆွေများ ပြောပြသည်ကိုလည်း ကြားဖူးပါသည်။

အနီး ပုဂ္ဂိုလ်များမှ မပြော၊ မဟော၊ မကူ၊ လမ်းစဉ်ကို နိုင်နိုင်မာမာကြီး ဆုပ်ကိုင်ထား၏။ ကျင့်ကြံအားထုတ်မှုကို အလေးပေးကြ၏။ တပည့်မမွေး၊ ဂိုဏ်းမထောင်၊ မိမိကိုယ်ကို ဘိုးတော်အမည်ခံ၊ ဂိုဏ်းဆရာအမည် မခံ။

ခေတ်စကားနှင့် ပြောရလျှင် လုံးဝ အာမချောင်။

ကျွန် တော် တွေ့ ဖူး သည့် ပုဂ္ဂိုလ်တစ်ဦးနှင့် ကြားဖူးသည့် ပုဂ္ဂိုလ်တစ်ဦးအကြောင်း ဖောက်သည်ချပါမည်။

တစ်ဦးမှာ တပ်မတော်မှ အငြိမ်းစားယူထားသည့် ဒုတိယဗိုလ်မှူးကြီးဟောင်းတစ်ယောက်၊ အနီး ဒုတိယဗိုလ်မှူးကြီးဟောင်းမှာ စစ်ကြိုခေတ် တို့ဗမာအစည်းအရုံးနိ [illegible] တွင် အရေးပါသောအခန်းမှ တိုင်းပြည်တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူ ဖြစ်၏။

စစ်ပြီးခေတ် ဒီဘက်ပိုင်းတွင် နိုင်ငံရေးလောက၊ စစ်ရေးလောကသို့ ရောက်သွားသည်။ မူလဇီဇမှာ ရိုးသားသည်၊ တိုင်းပြည်ကို ချစ်ခင်သည်၊ မိမိလူမျိုး



www.burmeseclassic.com

www.burmeseclassic.com

ကို ခင်သည်၊ ဘာသာရေးကိုမှ အလေးအနက်မထား၊ ဆန့်ကျင်သည်တော့မဟုတ်။ ဘာသိဘာသာ နေသည်။ မိရိုးဖလာကိုး ကွယ်မှုသဘောထက် မပို။

တိုင်းပြည်နှင့်လူမျိုးအတွက်ဆိုပါမူ တိုက်ရ၊ ခိုက်ရ၊ သတ်ရ၊ ဖြတ်ရမည်ကို လုံးဝဝန်မလေးသူ၊ တိုင်းပြည်နှင့် လူမျိုးအတွက် ရေဲပြည့်လိုက်ရမည်ဆိုလျှင် ပြုံးပြုံးကလေး လိုက်မည့်သူပါ။

အလုပ်ခွင်မှာလည်း အနားယူ၊ အသက်ကလည်း ထောက်လာ အကြောင်းအကျိုးတရားသဘောအရ အချိန်အခါတိုက်ဆိုင်မှု ဖြစ်လာချိန်တွင် တရားဘက်သို့ လှည့်ခဲ့သည်။ ဝိပဿနာဘက်သို့ မမူနိုင်သေး၊ ပုတီးစိပ်ရင်း သမထအာရုံယူခဲ့၏။ သမာဓိအား ကောင်းလာ၏။ စိတ်ကိုနိုင်လာ၏။ ကျင့်ရင်း ကျင့်ရင်း ဓာတ်ပိုင်လာ၏။ သို့သော် အမည်မခံ၊ မိမိဘာသာ ကျင့်သည်။ အချိန်ရှိသရွေ့ အလုပ်လုပ်သည်။ သမာဓိအာရုံဖြင့် ပျော်မွေ့နေသည်။

ထိပ်ဆုံးအဆင့်အထိ ရည်မှန်းချက်ထား၍ ကျင့်ကြံအားထုတ်ခဲ့သည်။ ထူးခြားမှုတွေ အမြောက်အမြား၊ အံ့သြစရာတွေ တစ်ပုံတစ်ပင်။

ဓာတ်ပိုင်လာတော့ ဟောသည်။ သူဟောသည်မှာ အကြားအမြင်ဗေဒင်မဟုတ်။ ပိုက်ဆံယူ၍ မဟော၊ ရင်းနှီးသူများကိုသာ ဟောသည်။ ကြော်ငြာပြီး မဟော။

ဟောပုံက တစ်မျိုး။

ဓာတ်ပေါ်အခြေခံပြီး ဘဝဆက်ကို ဟောသည်။ ယခင်ဘဝက လူတစ်ယောက်ပြုမူခဲ့သည့်စရိုက်၊ အလေ့အကျင့်၊ ဝါသနာဗီဇကို တိုက်ဆိုင်ကြည့်။ မိမိပါရမီ အခြေခံကိုသိလျက် ဘယ်လိုအကျင့်အကြံကို ဆက်လက် အားထုတ်ရမည်ဆိုသည့် အဖြေ ပေါ်လာမည်။ ယုံကြည်လျှင် ဆက်ကျင့်ပါ။

မဟောခင် စကားခံပုံက ဤသို့ . . .။

သူ့ကို ဗေဒင်မေးသလို မမေးပါနှင့်။ သူ့လမ်းသည် ဗေဒင်လမ်းနှင့်မဆိုင်။ စီးပွားရေး၊ ကြီးပွားရေးနှင့်မဆိုင်၊ တရားဓမ္မကျင့်ကြံပိုင်းနှင့်သာ ဆိုင်ပါသည်။ ဘဝရေစက်အရ မည်သည့်လမ်းနှင့် ကျင့်ကြံအားထုတ်လျှင် သင့်တော်မည်ကို မိမိကိုယ်တိုင် ဆုံးဖြတ်ရန် မိမိဗီဇစရိုက်ကိုသိလျှင် ပြုပြင်ရန်မျှသာ ဖြစ်သည်။

သူဟောသည်ကို မယုံကြည်လျှင် ပုံပြင်ဟု သဘောထားပါ။

ရိုးရိုးစင်းစင်းကလေး၊ အပိုတွေမပါ။ သမားဂုဏ်တွေမပြ၊ ယုံကြည်ရမည်၊ လုပ်ရမည်ဟု မပြော။

မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားအဆုံးအဖြတ်ပေးရန် အလေးပေးထားသည်။

ဤစာအုပ်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘိုးတော်အမည်ခံများနှင့် မတူလား။ မခြားနားလား။

ခြားနားပါသည်။ သူတို့လုပ်နည်းလုပ်ဟန်နှင့် မည်သို့မှ မသက်ဆိုင်ပါ။ သမထ၊ ဝိပဿနာအလုပ်များသည် မိမိကိုယ်တိုင်လုပ်မှ၊ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှ ထုတ်ဉာဏ်ပွင့်လင်းစေနိုင်သည့်လုပ်ငန်းများဖြစ်သည်ကို စာဖတ်သူများ ဝေဖန်သုံးသပ်ပြီးသည့်နောက် အတုရှောင်၍ အစစ်ရှာကြပါဟု။

နောက်တစ်ဦးက ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး ဦးသိန်းမောင်။

ဦးသိန်းမောင်သည် ရွှေတိဂုံဘုရားပေါ်၌ စနေနေ့တိုင်း မိုးအလင်း ပုတီးစိပ်သည်။ တခြားနေ့များတွင်လည်း ညပိုင်းတွင် ပုတီးစိပ်သည်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်မှာလည်း ညတိုင်း ဘုရားတက်ရာ ဦးသိန်းမောင်ကို တွေ့ဖန်များသဖြင့် စိတ်ဝင်စားလာသည်။ အထူးသဖြင့် အပျော်အပါးများဖြင့် ယစ်မူးနေသည့်လောကမှ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရသဖြင့် စိတ်ဝင်စားခြင်း ဖြစ်၏။

ဦးသိန်းမောင်ထံ ချဉ်းကပ်၍ ဆွေးနွေးကြည့်မိသည်။ အကျင့်အကြံပိုင်းဆိုင်ရာ နည်းကောင်း၊ လမ်းကောင်းများ ရလေမလားဟူသော အတွေးဖြင့် ဆွေးနွေးမိခြင်းပါ။

ဦးသိန်းမောင်ကြီး ပြန်ပြောသည့်စကားလေးမှာ အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။

"ကျုပ်က စကားမပြောတတ်ပါဘူး။ အလုပ်ဘဲ လုပ်နေပါတယ်၊ ရုပ်ရှင်ထဲမှာ စကားပြောကောင်းတဲ့ လူတစ်ယောက်က စကားမပြောတတ်ဘူးဆိုတော့ အံ့သြလားမသိ၊ အမှန်တော့ ရုပ်ရှင်ထဲမှာ ဒါရိုက်တာသင်ပြတာကို အလွတ်ကျက်ပြီး ပြောတာပါ၊ အပြင်မှာတော့ အဲဒီလိုလည်း မပြောတတ်ပါဘူး"ဟူ၍ ဖြစ်၏။

အလုပ်သဘောတွင် နေ့စဉ်အချိန်ပိုင်းကို နှစ်ပိုင်းခွဲခြားပါသည်။ မနက် ၆-နာရီမှ ည ၆-နာရီအထိ အိမ်ထောင့်တာဝန်ထမ်းဆောင်ရန်အပိုင်း။ သားကျွေးမှု၊ မယားကျွေးမှု ရှာရ၊ ဖွေရ၊ လုပ်ကိုင်ရသည့်အပိုင်း။

ည ၆-နာရီမှ မနက် ၆-နာရီကို ကိုယ်ပိုင်အချိန်၊ ကိုယ့်အတွက်လုပ်သည့်အပိုင်း။

ရုပ်ရှင်သမားဆိုတော့ ညပိုင်း ကားရိုက်ရသည်များလည်း ရှိ၏။ ကားရိုက်သည့်အခါ စက်ရုပ်သဖွယ် ထလုပ်လိုက်၏။ အားနေချိန်တွင် ကိုယ့်အလုပ် ကိုယ်လုပ်၏။

ရုပ်ရှင်မရိုက်ရသည့်နေ့များတွင်မူ ကိုယ်ပိုင်အချိန်ကို အိမ်ထောင်အတွက် လုံးဝအသုံးမပြု၊ ကိုယ့်အလုပ်အတွက်သာ အသုံးပြု၏။

ကိုယ့်အလုပ်မှာ ပုတီးစိပ်၊ တရားထိုင်ခြင်း။

ဤမှာဘက်သို့ ဝါသနာထုံလာသည့် အကြောင်းကလေးကလည်း စိတ်ဝင်စားစရာပါ။

ရှေ့လဆက်ပါဦးမည်။


ကျော်မြသန်း

www.burmeseclassic.com

# တစ်လအတွင်း ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ


**၁.၉.၂၀၁၃ မှ ၃၀.၉.၂၀၁၃ အထိ**

ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)




## ၁.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့

သမားညိုရက် ၁ ရက် မိဇ၏။ ကျန်မကောင်းရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ငန်းများ လုပ်ပါ။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-သပြေညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁-၄-၅-၁-၆)





## ၂.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့

သမားညိုရက် ၁ ရက် မိဇ၏။ ကျန်ရက်များလွတ်၍ သင့်တင့်မှုရှိပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်း၏။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-သီဟိုဠ်ညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၂-၇-၁-၆)




www.burmeseclassic.com

www.burmeseclassic.com





**၃.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်းပါသည်။ မည်သည့်လုပ်ငန်းသစ်မဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ်ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**စွယ်တော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၂–၄–၁–၆)





**၄.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ လကွယ်နေ့ဖြစ်၍ နားလျှင်လည်း ရပါသည်။ လုပ်မည်ဆိုလျှင်လည်း ကောင်း၏။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ်ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၁–၉–၁–၆)





**၅.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်လည်းရ၍ အထူးကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ အရှေ့မြောက်အရပ်ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၁–၉–၁–၆)




**၆.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၂ ရက်၊ သောကြာနေ့**

ပြဿဒါး ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက် မကောင်းရက် ၃ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးထွက်ခြင်းများ မပြုအပ်။ **ဆောင်ပန်း–**ဆီးညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၁–၆–၁–၆)





**၇.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၃ ရက်၊ စနေနေ့**

ရှမ်းရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ အရေးမကြီးသော လုပ်ငန်းများလုပ်ပါ။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနိသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ရွက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၄–၁–၁–၁)


www.burmeseclassic.com

www.burmeseclassic.com





**၈.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ ရဝိယုဂ်လည်းရ၊ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်လည်း ရသဖြင့် ကောင်းမွန်စင်ကြယ်သောနေ့ရက် ဖြစ်၍ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင် မြင်ပါမည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-သပြေညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁-၄-၂-၁-၁)





**၉.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၅ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ ကောင်းပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီ အတွင်း အခါကောင်း၏။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**- ကသစ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၆-၃-၁-၁)





**၁၀.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့**

သမားညိုရက် ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ ရက်ပုပ် ၁ ရက် မကောင်းရက် ၃ ရက် မိထား ၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးထွက်ခြင်းများ ရှောင်ပါ။ **ဆောင်ပန်း**-စွယ်တော် ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃-၆-၈-၄-၁)




**၁၁.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်၊ သမားညိုရက် ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-အုန်းညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄-၃-၅-၄-၁)





**၁၂.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့**

ဝါရမိတ္တုငယ် ၁ ရက်၊ ရက်ပုပ် ၁ ရက်၊ ရက်ယုတ်မာ ၁ ရက် မကောင်းရက် ၃ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးထွက်ခြင်းများ ရှောင်အပ်ပါသည်။ **ဆောင်ပန်း**- ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅-၃-၇-၄-၁)




www.burmeseclassic.com

www.burmeseclassic.com





**၁၃.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၉ ရက်၊ သောကြာနေ့**

ပြဿဒါး ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုး လုပ်ပါ။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-ဆီးညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆-၃-၄-၄-၁)





**၁၄.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၁၀ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယုဂ်ရ၍ ပိုကောင်း၏။ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ အောင်မြင်တည်မြဲပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်း၏။ အရှေ့အရပ် ယောဂနီသင့်၍ ခရီး မသွားအပ်ပါ။ **ဆောင်ပန်း**-ရွက်လှညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇-၅-၆-၄-၁)





**၁၅.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့**

မကောင်းတဲ့ရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ ရဝိယုဂ်လည်းရ၍ ပိုကောင်းပါသည်။ မည်သည့် လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အရှေ့အရပ်ကို မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-သပြေညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁-၅-၁-၄-၁)




**၁၆.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့**

မကောင်းတဲ့ရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင် ပါမည်။ တောင်အရပ်ကို မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-သီဟိုဠ်ညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၇-၂-၄-၁)





**၁၇.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့**

သမားညိုရက် ၁ ရက် မိ၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယုဂ်ရသဖြင့် ကောင်းပါသည်။ မည်သည့်လုပ်ငန်း မဆို လုပ်ကိုင်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-စွယ်တော်ညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃-၇-၃-၄-၁)




www.burmeseclassic.com

www.burmeseclassic.com





**၁၈.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်၊ သမားညီရက် ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-အုန်းညွှန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄-၇-၈-၄-၁)





**၁၉.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ တိထိယုဂ်ရသဖြင့် ကောင်းမွန်စင်ကြယ်သော နေ့ ဖြစ်၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက် အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-ကံ့ကော်ညွှန့်ဆောင်ပါ။ ကံကောင်းသော ဂဏန်း** (၅-၇-၅-၄-၁)





**၂၀.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့**

ပြဿဒါး ၁ ရက် မိ၏၊ တိထိယုဂ်ရသဖြင့် ကောင်းမွန်ပါသည်။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက် ပါ။ ကောင်း၏။ အနုပညာလုပ်ငန်းများ ပိုကောင်း၏။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-ဆီးညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၆-၅-၇-၄-၁)




**၂၁.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ စနေနေ့**

မဟာရက်ကြမ်း ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ မည်သည့်လုပ်ငန်း သစ်မျှ စတင်မလုပ်သင့်ပါ။ မြောက်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-ရွက်လှ ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၇-၅-၄-၄-၂)





**၂၂.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့**

ရှမ်းရက် ၁ ရက် မိ၏။ သိဒ္ဓိတိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီ အတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း- သပြေညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၁-၃-၉-၄-၂)




www.burmeseclassic.com

www.burmeseclassic.com





**၂၃.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့**

ဝါရမိတ္တုကြီး ၁ ရက်၊ ရက်ပုတ် ၁ ရက် မကောင်းရက် ၂ ရက် မိထားသဖြင့် လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကသစ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၃–၆–၄–၂)





**၂၄.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့**

သမားညို ၁ ရက် မိ၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ တောင်အရပ်ကို မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၆–၁–၄–၂)





**၂၅.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်၊ သမားညို ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အနောက်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၆–၂–၄–၂)




**၂၆.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ကံ့ကော်ညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၆–၃–၄–၂)





**၂၇.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့**

ပြဿဒါး ၁ ရက်၊ ရက်ယုတ်မာ ၁ ရက် မကောင်းရက် ၂ ရက်မိထား၍ လုပ်ငန်းသစ်များ မလုပ်သင့်ပါ။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ဆီးညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၄–၈–၄–၂)




www.burmeseclassic.com

www.burmeseclassic.com





## ၂၈.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ စနေနေ့

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယုဂ်ရသဖြင့် ကောင်းလှ၏။ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-ရွှက်လှည္ဖွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇-၄-၅-၄-၂)




## ၂၉.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း-သပြေညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁-၂-၅-၄-၂)




## ၃၀.၉.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့

ဝါရမိတ္တုယေ ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ငန်းများ လုပ်ပါ။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-သီဟိုဠ်ညွှန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၂-၇-၄-၂)

**မှတ်ချက်**

၁-၉-၂၀၁၃ မှ ၁၆-၉-၂၀၁၃ အတွင်း ကြာသပတေးသားသမီးများနှင့် စနေသားသမီးများ လဒဏ်သင့်၍ အားနည်းပါသည်။ ခရီးဝေးထွက်ခြင်းများ မပြုအပ်။ ရေကြောင်းခရီး ရှောင်ပါ။

၁၇-၉-၂၀၁၃ မှ ၃၀-၉-၂၀၁၃ အထိ တနင်္ဂနွေသမီးများနှင့် တနင်္လာသားသမီးများ လဒဏ်သင့်၍ အားနည်း၏။ ခရီးဝေးသွားခြင်းများ မပြုအပ်ပါ။ ရေကြောင်းခရီးရှောင်ပါ။

**ပြုအပ်သောယတြာ**

ကြာသပတေးသားသမီးများအနေဖြင့် သပြေညွှန့် ၁၉ ညွှန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

စနေသားသမီးများအနေဖြင့် ထန်းညွှန့် ၁၀ ညွှန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

တနင်္ဂနွေသားသမီးများအနေဖြင့် အုန်းညွှန့် ၆ ညွှန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

တနင်္လာသားသမီးများအနေဖြင့် ကံ့ကော်ညွှန့် ၁၅ ညွှန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရန္တု . . . လိုရာဆန္ဒပြည့်ဝပါစေ။

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရနှလုံးသားများ နှင့် ချစ်ခြင်းဖွဲ့သီ

■ လေးသူဝံ

ပြီးခဲ့တဲ့ ၁၂. ၃. ၂၀၁၃ နေ့က ထုတ်ဝေခဲ့တဲ့ 'ပြည် မြန်မာ' ဂျာနယ်မှာ ထူးဆန်းလှတဲ့ သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ရပါတယ်။ အသက် ၆၀ ကျော် ကျွန်မတို့လို ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ဦးအနေနဲ့ ရယ်ရအခက်၊ ငိုရအခက် သတင်းတစ်ပုဒ်ပါ။ ဒီလိုပါရှင် . . .။

တောင်အာဖရိကနိုင်ငံက အဖြစ်အပျက်တစ်ခုပါ။ 'ဆာနယ်လီမဆီလီနား' ဆိုတဲ့ အသက်ရှစ်နှစ်အရွယ် ကျောင်းသားလေးတစ်ယောက်က အသက်ခြောက်ဆယ့်တစ်နှစ်အရွယ် ရောက်နေပြီဖြစ်တဲ့ ကလေးငါးယောက်ရဲ့မိခင် 'ဟယ်လာကူကို' အမျိုးသမီးကြီးကို တခမ်းတနား လက်ထပ်ယူခဲ့တဲ့ သတင်းပါပဲ။

ကွယ်လွန်သွားပြီဖြစ်တဲ့ အဘိုးဖြစ် သူ့ရဲ့ဝိညာဉ်ကနေ စေခိုင်းချက်အရ လက်ထပ်ယူရခြင်းဖြစ်ပေမယ့် ဒီကလေးလေးကလည်း အဘွားအရွယ် သတို့သမီးကြီးကို ချစ်ခင်မြတ်နိုးခြင်းရှိပါသတဲ့။ သတို့သားကလေးလေးဘက်ကနေ သတို့သမီးကြီးကို အင်္ဂလန်ငွေ ပေါင်ငါးရာ လက်ဖွဲ့ပေးခဲ့ပြီးတော့ မင်္ဂလာပွဲအတွက်ကိုတော့ ပေါင်တစ်ထောင် သုံးစွဲအကုန်ခံပေးခဲ့ပါတယ်။ ဖိတ်ကြားထားတဲ့ပရိသတ်များရဲ့ ရှေ့မှောက်မှာ ကျမ်းကျိန်သစ္စာပြုကြပြီး လက်ထပ်လက်စွပ်တွေကို အပြန်အလှန် လဲလှယ်ပြီး ဝတ်ဆင်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်တွေရဲ့ ရင်ထဲမှာ အံ့သြဆန်းကြယ်စွာ ခံစားခဲ့ကြရပေမယ့် သတို့သားကလေးငယ်လေးက အခုလိုပြောကြားခဲ့ပါသတဲ့။

"အဘိုးကို ပူဇော်ပသလိုက်ရတဲ့ပွဲပါပဲ။ ဘိုးဘွားတွေရဲ့ ဝိညာဉ်တွေကို စိတ်ချမ်းသာသွားစေခဲ့ရအောင် ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့လို့ ကျွန်တော်ဝမ်းသာကြည်နူးနေခဲ့ပါပြီ။ အဘိုးရဲ့ဝိညာဉ်က နိုင်းတဲ့အတိုင်း မပြုလုပ်နိုင်ခဲ့ရင် ကျွန်တော်တို့မိသားစုမှာ ဆိုးဆိုးဝါးဝါးဖြစ်ရပ်တွေ ပေါ်ပေါက်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ထားပါတယ်။ ကျွန်တော့်ရဲ့ သတို့သမီးကို အလွန်ပဲ ချစ်မြတ်နိုးပါတယ်ခင်ဗျာ"

ကဲ ... ဒီကလေးလေးလို စွန့်စားပြီးတော့ ဘိုးဘွားတွေကို ချစ်မြတ်နိုးရှိသေတဲ့လူ ရှိပါဦးမလားဟင်။

သူတို့ရဲ့ လက်ထပ်ပွဲက မတ်လ ၁၀ ရက်၊ ၂၀၁၃ ခုနှစ် အမှတ်တရပါရှင်။ သတို့သားလေးက ကျောင်းဆက်တက်ပြီး စာတွေကို ကြိုးစားသင်ယူသွားပါမယ်လို့လည်း ပြောကြားခဲ့ပါသေးတယ်။

သူတို့စုံတွဲရဲ့ ဓာတ်ပုံတွေကိုလည်း ဂျာနယ်မှာ ဖော်ပြပေးထားပါတယ်။ သတို့သားကလေးငယ်လေးက အဖြူရောင်ကုတ်အင်္ကျီနဲ့ အဖြူရောင်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး သန့်စင်ပျိုမျစ်တဲ့ အပြုံးလေးနဲ့ပါ။ အမေရိကန်သမ္မတ အိုဘားမားလို သေသပ်စွာနဲ့ စတိုင်(လ်)ကျတဲ့ ပုံစံမျိုးလေး။

သတို့သမီးကြီးကတော့ မင်းသမီးပွင့်ရဲ့ ဘော်ဒီဝိတ်ထက်ကို နည်းနည်းပိုဦးမလားမသိဘူးနော်။ ဝဝ၊ မည်းမည်း၊ တုတ်တုတ်ကြီး။ စကပ်အညိုရောင်အစင်းထဲမှာ အစက်လေးတွေပါတဲ့ ဒီဇိုင်းကို ဝတ်ဆင်ထားပါတယ်။ ကလနားက အနီရောင်နှစ်လိုင်းကြားမှာ အစိမ်းရောင်လိုင်းထည့်ထားပါတယ်။ အင်္ကျီက အနီရောင်ပါ။ အင်္ကျီအနားမှာလည်း အစိမ်း၊ အနီ၊ အဖြူ၊ အပြာ၊ အဝါ စတဲ့ ရောင်စုံကြိုးလေးတွေ တွဲရွဲကျနေခဲ့ပါတယ်။ ခေါင်းပေါ်မှာတော့ အညိုရောင်ခေါင်းပေါင်းကြီးက ခန့်ထည်နေလို့ပါ။ ခေါင်းပေါင်းမှာလည်း အစိမ်း၊ အနီ၊ အဝါ၊ အရောင်သုံးမျိုးနဲ့ ကချင်မနောတိုင်က အကွက်မျိုး ဒီဇိုင်းဆန်ဆန် ဖော်ထားပါတယ်။ အမျိုးသမီးကြီးရဲ့ မျက်နှာပေးကတော့ မရယ်မပြုံးနဲ့ပါ။ ရှုတည်တည်ကြီးလည်း မဟုတ်ပါဘူး။ အနေရခက်နေတဲ့ ပုံစံမျိုးလေးပါ။

ဟုတ်ရှာမှာပဲ။ မြေးအရွယ်သတို့သားလေးနဲ့ ဘယ့်လောက်များ အနေရအထိုင်ရခက်လိုက်ရှာမလဲလို့ တွေးမိပါတယ်။ သူတို့ရဲ့ ရိုးရာဓလေ့ထုံးစံတွေကိုတော့ ဘယ်သိပ့်မလဲနော်။

ဂမ္ဘီရနှလုံးသားတွေနဲ့ သူတို့ရဲ့ ရင်ခုန်သံတွေ မြန်နေကြမှာလား၊ ·ဒါမှမဟုတ် ...။

➡ ➡ ➡

လွန်ခဲ့တဲ့ သုံးနှစ်လောက် ထင်ပါရဲ့။ အခုလိုပဲ ထူးခြားဆန်းကြယ်တဲ့ သတင်းတစ်ပုဒ်ကို ဖတ်ခဲ့ရပါသေးတယ်။ ထူးထူးဆန်းဆန်းလေးဆိုရင် ရေးမှတ်တတ်တဲ့ အကျင့်အတိုင်း မှတ်သားတော့ထားပါရဲ့။ ဒါပေမယ့် ဘယ်မှာထားမိမှန်း မသိတော့ပါဘူး။

တိဘက်ပြည်နဲ့ နီပေါပြည် တစ်ခုခုမှာ ဖြစ်သွားခဲ့တဲ့ ဆန်းကြယ်မှုဖြစ်ရပ်မှန်ပါရှင်။ အဲဒီတိုင်းပြည်မှာရှိတဲ့ တောင်တစ်တောင်က အလွန်လှပါတယ်။ တောင်ရဲ့နာမည်ကလည်း သိပ်ကိုလှပါသတဲ့၊ 'အဲဒီတောင်ကို စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်က အမျိုးသမီးပါ။ တောင်တော်သခင်မလို့ပဲ ဆိုကြပါစို့ရဲ့။

အဲဒီ တောင်ခြေရွာတစ်ရွာက လုလင်ပျိုလေးတစ်ယောက်ခမျာ အဲဒီ တောင်တော်သခင်မနဲ့ လက်ထပ်ခဲ့ရပါ တယ်။ သူတို့ရဲ့ ရိုးရာဓလေ့ယုံကြည်မှုအရ အဲဒီလုလင်ပျိုကို တောင်တော်သခင်မ ကိုယ်တိုင်က နတ်ဆရာတွေနဲ့ ရွေးချယ်ခဲ့ တယ်လို့ ဆိုပါတယ်။ ဘယ်မိန်းကလေး ကိုမှ လက်ထပ်ခွင့်မရရှိတော့ပါဘူး။ ပြော ရရင်တော့ တောင်တစ်တောင်နဲ့ လက် ထပ်ထားတဲ့ လုလင်ပျိုလေးပေါ့။

ကျွန်မတို့လူမျိုးတွေရဲ့ ရိုးရာယုံ ကြည်မှုဖြစ်တဲ့ ကိုကြီးကျော်နတ်နဲ့ လက် ထပ်ထားကြတယ်ဆိုတဲ့ အချို့သောအမျိုး သမီးကြီးတွေလို ဖြစ်မယ်ထင်ပါရဲ့နော်

သူတို့တစ်တွေမှာ ဘယ်လိုအကြောင်း ဆက်တွေနဲ့များ ဂမ္ဘီရဆန်တဲ့ နှလုံးသား ပိုင်ရှင်တွေ ဖြစ်နေကြပါလိမ့်။ ချစ်ခြင်း တရားတွေကို ဘယ်လိုများ ဖွဲ့သီလို့ ပြော ပျော်နိုင်ကြမှာပါလိမ့်။

တရုတ်ပုံပြင်တစ်ခုကိုလည်း ဖတ် ဖူးထားတာ မှတ်မိနေပါသေးတယ်။ ချစ် သူနှစ်ဦးဟာ ဘယ့်လောက်များ ချစ်ကြ ပါသလဲဆိုရင်တော့ သေသွားပြီးတော့ နောက်ဘဝမှာ လိပ်ပြာလေးတွေ ဖြစ်ကြ ပြီးတော့ ဆက်လက်ပြီးချစ်ခင်စုံမက်ခြ တဲ့။

ကလေးဘဝတုန်းကလို အရှုံးမပေး စတမ်း ပြိုင်ပြောရမယ်ဆိုရင်တော့ တရုတ်လူမျိုးတွေထက်စာရင် ကျွန်မတို့ မြန်မာလူမျိုးတွေက ပိုပြီးတော့ ဆန်း ကြယ်စွာ၊ နက်နဲစွာ၊ သိပ်သည်းစွာ ဂမ္ဘီရ ဆန်စွာ ချစ်တတ်တာပေါ့ရှင်။

ပုံပြင်ဒဏ္ဍာရီမဟုတ်တဲ့ မင်းနန္ဒာနဲ့ ရှင်မွေ့လွန်းတို့ ချစ်သူနှစ်ဦးဟာ သေလွန် ပြီးတဲ့နောက် မီးခိုးငွေ့ဘဝကို ရောက်ရှိ သွားတာတောင်မှ ပေါင်းဆုံသွားကြတယ် ဆိုတာက ဘယ့်လောက်များ ဆန်းကြယ် လိုက်ပါသလဲလို့နော်။ သူတို့ချစ်သူနှစ်ဦး ရဲ့ သစ္စာတရားတွေ ခိုင်မြဲကြီးမားကြေ

www.burmeseclassic.com

သက်သေအဖြစ် သန်လျင်တံတားကြီးက ဖြစ်ပေါ်လာရတယ် မဟုတ်ပါလား။ မီးခိုးငွေ့ဘဝ ရောက်သွားတာတောင်မှ ဆုံတွေ့ပေါင်းဖက်သွားကြရပါတယ်ဆိုတာကို မယုံနိုင်တဲ့သူများအတွက်ပါရှင်။ သန်လျင်တံတားကြီးရဲ့ ဒီဘက်ထိပ်အဆုံးမှာ မင်းနန္ဒာဆုတောင်းပြည့်ဘုရား တည်ရှိနေပြီး ဟိုမှာဘက် သန်လျင်ကမ်းမှာက ရှင်မွေ့လွန်းကုန်းမှာ တံတားကြီးဆုံးသွားပါတယ်။ ဒါကလည်း ဂမ္ဘီရဆန်တဲ့ နှလုံးသားပိုင်ရှင်တို့ရဲ့ ချစ်ခြင်းတရားတွေနဲ့ ဖွဲ့သီထားမှုတစ်ခုလို့ ယုံကြည်လျက်ပါ။

➡ ➡ ➡

ဒီဝတ္ထုကို ရေးနေရင်းနဲ့ပဲ ဂမ္ဘီရဆန်စွာ နေထိုင်သွားခဲ့တဲ့ မိတ်ဆွေတစ်ယောက်ကို သတိရသွားမိခဲ့ပါပြီ။

မိတ်ဆွေရဲ့ နာမည်က ဒေါ်ပွင့်သဇင်တဲ့။ ကုမ္ပဏီတစ်ခုရဲ့ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးပါ။ အသားညိုညို၊ အရပ်ရှည်ရှည်နဲ့ သွယ်လျတဲ့ ခန္ဓာကိုယ်ပိုင်ရှင် မုဆိုးမလေး ဒေါ်ပွင့်သဇင်ဟာ သားသုံးယောက်ရဲ့မိခင်ဖြစ်ပါတယ်။ သားတွေက ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ ဖြစ်နေကြပေမယ့် ဒေါ်ပွင့်သဇင်ကို မြင်ရသူတိုင်းက အသက်ငါးဆယ်ကျော်အရွယ်ကို သုံးဆယ်လောက်သာ ခန့်မှန်းတတ်ကြပါတယ်။

ဘာဖြစ်လို့များ ဒီလောက်တောင်မှ နုပျိုလှပနေရတာလဲလို့ မေးမြန်းလာတဲ့လူတိုင်းကိုလည်း သူ့ရဲ့အလှ လျှို့ဝှက်ချက်ကို မခြွင်းမချန် ပြောပြလေ့ရှိပုံက ...

''လပြည့်ညတိုင်း နွားနို့နဲ့ ချိုးပြီး လရောင်လှုံတယ်လေ''

အဲဒီလိုပြောပြတဲ့ ဒေါ်ပွင့်သဇင်ရဲ့ ဟန်ပန်က သူမို့ ဒီလိုလုပ်နိုင်တာဆိုတဲ့ မျက်နှာပေးနဲ့ပါရှင်။ အင်း ... သေချာပါတယ်။ သူဟာ ဆရာကြီးမင်းသိခ်ရဲ့ မနုစာရီဝတ္ထုကို အရူးအမူးစွဲလမ်းသူဆိုတာ။ မနုစာရီကလည်း အဲဒီလိုပဲ လပြည့်ညတိုင်း လရောင်လှုံတယ်လို့ ဖတ်ခဲ့ရတယ်လေ။ နွားနို့နဲ့ ရေချိုးသလို ချိုးတယ်ဆိုတော့လည်း ... အင်း ...။

ပြီးတော့ ဆရာကြီးရွှေဥဒေါင်းရဲ့ နာမည်ကြီး ဝတ္ထုတွေဖြစ်တဲ့ 'စန္ဒာဒေဝီ'၊ 'ရူပကလျာ'၊ 'ရူပနန္ဒီ'တို့ကလည်း အခုလို ဆန်းဆန်းကြယ်ကြယ်ဇာတ်ကောင်တွေပဲ ဆိုတာကို မှတ်မိနေပါသေးတယ်။

ဒေါ်ပွင့်သဇင်နဲ့ ဆုံတွေ့ဖန်များလာတဲ့အခါမှာ သူ့ရဲ့ပြောဆိုလုပ်ဆောင်မှုတွေ အလုံးစုံဟာ ဆရာကြီးရွှေဥဒေါင်းနဲ့ ဆရာကြီးမင်းသိခ်တို့ရဲ့ ဝတ္ထုတွေထဲက ဇာတ်ကောင်အတိုင်းပဲဆိုတာကို ပိုပိုသိလာခဲ့ရပါတယ်။

အိမ်မွေးတိရစ္ဆာန်ဆိုရင် ခွေး၊ ကြောင်၊ ငှက်၊ ယုန် စတဲ့ အကောင်လေးတွေကိုသာ ယုယချစ်ခင်စွာ မွေးမြူကြပေမယ့် သူတကာထက် ခြားနားနေခဲ့တဲ့ ဒေါ်ပွင့်သဇင်တစ်ယောက်ကတော့ ဒေါင်းမတစ်ကောင်ကို မွေးမြူထားခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ ဒေါင်းဖိုတစ်ကောင်ကို ထပ်မံဝယ်ယူရရှိပြီးတော့ သူ့ရဲ့ ဥယျာဉ်လေးဟာ ဒေါင်းဖို၊ဒေါင်းမစုံတွဲကြောင့် သိပ်ကို ပြီးပြည့်စုံသွားပြီလို့ ပြောပြခဲ့ပါတယ်၊ သူ့ရဲ့ဘေးမှာလည်း ဒေါင်းပျိုလူသားလေးတစ်ယောက် ပါလာခဲ့ပြီ။ ဒီလူသားလေးရဲ့ နာမည်ကလည်း ဆန်းကြယ်ပါပေရဲ့။ 'ဒေါင်းမင်း'တဲ့လေ။

နောက်ပိုင်းမှာ ဒေါ်ပွင့်သဇင်နဲ့ ဆုံတွေ့လေတိုင်း ဒေါင်းမင်းက အရိပ်လိုပဲလေ။ စာရေးဆရာမဖြစ်တဲ့ ကျွန်မကိုပဲ မျက်စိလည်ခဲ့ရပါပြီ။ ပတ်ဝန်းကျင်ရဲ့ ဝေဖန်သံတွေ ညံနေပေမယ့် မဖြစ်နိုင်ပါဘူးလေလို့၊ ဒေါင်းမင်းက သူ့သားအငယ်ဆုံးလေးနဲ့မှ ရွယ်တူဆိုလေတော့ ...။

ဒါပေမယ့် .. အင်း ... ဒါပေမယ့် ဒေါ်ပွင့်သဇင်နဲ့အတူ ဒေါင်းမင်းရော၊ ဒေါင်းနှစ်ကောင်ရော ကျွန်မတို့ဝန်းကျင်ကနေ ပျောက်ကွယ်သွားပါရော။ တကယ့်ကိုမှ စုံးစုံးမြုပ်ပါ။ မန္တလေးမှာလိုလို၊ နိုင်ငံခြားပဲ ထွက်သွားကြသလိုလို၊ မြောက်ဒဂုံမှာပဲ တွေ့ခဲ့သလိုလို စုံစေ့နေအောင် ပြောဆိုဝေဖန်နေကြပေမယ့် ဘယ်သူမှ တိတိကျကျမပြောဆိုနိုင်ကြပါဘူး။ ကြာတော့လည်း မေ့သွားကြတာ ထုံးစံပါပဲလေ။ ဘဝတွေကလည်း ရုန်းကန်ရှာဖွေနေကြရတာဆိုလေတော့ ဘယ်သူ့အကြောင်းကိုမှ ကြာရှည်စွာ စိတ်မဝင်စားနိုင်ကြပါဘူး။

အဲဒီလိုနဲ့ ငါးနှစ်နီးပါးကြာသွားခဲ့ပြီး သတင်းစာထဲမှာ နာရေးကြော်ငြာတစ်ခုက ကျွန်မရဲ့အသက်ရှူမှုကို ခဏရပ်သွားစေခဲ့ပါတယ်ရှင်။

ဒေါ်ပွင့်သဇင်
အသက်(၅၅)နှစ်။

ဘုရားရေ ...။ ဘယ်လိုများဖြစ်ရပါလိမ့်။ နာရေးကြော်ငြာမှာပါတဲ့ လိပ်စာအတိုင်း မှော်ဘီမြို့လေးကို အပြေးသွားခဲ့မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အပေါ်မှာ သံယောဇဉ်ရှိနေဆဲပါ။

အို ... သဇင်ပန်းလေးလို နုဖတ်လှပပြီး ချစ်စရာကောင်းလွန်းတဲ့ ပွင့်သဇင်မှ ဟုတ်ပါရဲ့လားကွယ်။ သူ့ဘဝရဲ့နောက်ဆုံးအချိန် ရုပ်ခန္ဓာကြီး ပျက်စီးယိုယွင်းသွားလိုက်တာဟာ သံဝေဂရစရာပါပဲ။ အသည်းခြောက်တာတဲ့။ ဒီလောက်ချစ်တတ်တဲ့သူရဲ့ အသည်းဟာ စိုပြည်နေရမှာနော်။

''အန်တီ့ကိုတွေ့အောင်ရှာပြီး ပေးပေးပါတဲ့''

မျက်ရည်တွေစိုလူးနေရှာတဲ့ ဒေါင်းမင်းလေးက စာအိတ်ထူထူတစ်ခုကို ပေးလာခဲ့ပြီရော။ ကျွန်မမှာ အံ့သြဝမ်းနည်းစိတ်တွေနဲ့ ယူထားလိုက်ရပါတယ်။ သေ



www.burmeseclassic.com

www.burmeseclassic.com

သွားတာတောင်မှ ထူးထူးဆန်းဆန်း ပြုခဲ့ပြန်ပြီလား ပွင့်သဇင်ရယ် ...။

➡ ➡ ➡

သူ့ရဲ့နောက်ဆုံးခရီးကို ပို့ဆောင်ပေးခဲ့ပြီးတော့ ကျွန်မရဲ့ အိမ်အပြန်ကားပေါ်မှာပဲ စာအိတ်ကို ဖောက်လိုက်တဲ့အခါမှာ ဝတ္ထုတစ်ပုဒ်စာမကတဲ့ သူ့ရဲ့ စာတမ်းရှည်ကြီးကို ဖတ်ခဲ့ရပါတော့တယ်။ စာထဲမှာပါတဲ့ အကြောင်းအရာအကျဉ်းချုပ်ကတော့ ...

ဒေါ်ပွင့်သဇင်ဟာ ကျွန်မရဲ့ဝတ္ထုတွေ၊ ဆောင်းပါးတွေကို အမြဲတမ်းရှာဖွေဖတ်တဲ့အကြောင်း၊ သူနဲ့ ဒေါင်းမင်းတို့ရဲ့ ဘဝခရီးကို နားလည်လက်ခံမယ်လို့ ယုံကြည်တာကြောင့် ဒီစာကို ရေးခဲ့တဲ့အကြောင်း၊ အချစ်ဆိုတာဟာ အချိန်ကာလရယ်၊ အသက်အရွယ်ကွာခြားတာရယ်၊ ပညာတွေ,ဂုဏ်ဓနတွေနဲ့ မသက်ဆိုင်ဘူးဆိုတဲ့ သူ့ရဲ့အချစ်ဒဿနကိုလည်း ရေးပြထားတာ စာရေးဆရာရှုံးလောက်ပါတယ်။

သူနဲ့ ဒေါင်းမင်းတို့ဟာ ဘဝပေါင်းများစွာ တွေ့ဆုံခဲ့ကြ၊ ချစ်ကျွမ်းဝင်ခဲ့ကြတယ်တဲ့။ သူတို့နှစ်ယောက်ရဲ့ ဝိညာဉ်တွေဟာ တစ်ဘဝပြီးတစ်ဘဝ ဝင်စားခဲ့ကြပြီး တစ်ယောက်နဲ့တစ်ယောက် မတွေ့တွေ့အောင် ရှာဖွေခဲ့ကြရတာလို့ အသေအချာ ရေးပြထားပါတယ်၊ ဘဝပေါင်းများစွာမှာ သူတို့နှစ်ဦးရဲ့ နာမည်တွေက 'ဒေါင်းမင်းကေရာဇ်'နဲ့ 'ဒေါင်းမင်းကေရီ'လို့ မည်တွင်ခဲ့ကြပါသတဲ့။

သူ့ရဲ့စာတစ်စောင်လုံးဟာ hypnotism ဟာ ပနေဘတီးဇင်းလို့ခေါ်တဲ့ စိတ်ညို့အတတ်ပညာနဲ့ ဖန်တီးထားသလို ညို့ငင်သွားခဲ့လိုက်တာလေ။ ထူးထူးခြားခြား အညို့ငင်ဆုံး စာပုဒ်ကတော့ ...

"သာမန်လူတွေကတော့ ပွင့်သဇင်ကို သေသွားပြီလို့သတ်မှတ်ကြမှာပဲ။ သူတို့မသိတာက ပညာရှိတွေရဲ့ ခရီးသွားနည်းနဲ့ ရုပ်ကြီးကိုထားခဲ့ပြီး နာမ်လွှင့်သွားခဲ့တာပေါ့။ နာမ်တရားကို ကျွမ်းကျင်တဲ့လူတွေဟာ ခဏလေးပါးအားဖြင့် အလိုရှိရာကို ဖန်တီးနိုင်တယ်ဆိုတာ တရားဓမ္မတွေကို လိုက်စားတဲ့ မလေး နားလည်နေမှာပါ။ ပွင့်သဇင်သေသွားတာ မဟုတ်ဘူးနော်၊ ပြန်လာခဲ့ဦးမယ်။ နောင်အနှစ်နှစ်ဆယ်လောက်မှာ ဦးဒေါင်းမင်းရဲ့ နံဘေးမှာ ဒေါင်းမင်းဒကေရီဆိုတဲ့ မိန်းမပျိုလေးတစ်ယောက် ပြန်လည်ရောက်ရှိလာလိမ့်မယ်။ အဲဒါ ပွင့်သဇင်ပဲပေါ့"

ဘုရား ... ဘုရား .. ဘုရား။ လူသေတိုင်း လူပြန်ဖြစ်ပါ့မလား ဒေါ်ပွင့်သဇင်ရယ်။ ဒေါ်ပွင့်သဇင်ဟာ ဆိုက်ကိုဝင်နေတာဆိုတဲ့ ပတ်ဝန်းကျင်က သတ်မှတ်ချက်ကို ရင်နာနာနဲ့ပဲ လက်ခံလိုက်ရပါတော့တယ်။ ဆရာဦးအေးမောင်(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်းပြု)ရေးသားတဲ့ 'လူ့စိတ်သဘာဝ'စာအုပ်ထဲက စာပုဒ်တစ်ခုကို ဖျတ်ဆို သတိရသွားခဲ့ပါပြီ။ ဒီလိုပါရှင်။

မသိစိတ်၏ နည်းပရိယာယ်များသည် လူတို့၏ (၁) ဆင်ခြေပေးခြင်း၊ (၂) သူတစ်ပါးကို ယိုးစွပ်ခြင်း၊ (၃) အပြောအဆို အမူအရာ ပိုမိုလါန်ကဲခြင်း၊ (၄) အိပ်မက်များမှာ ထင်ရှား၏။

မသိစိတ်က လူတို့ကိုလှည့်စားသော တတိယနည်းမှာ အလွန်အကျွံခဲ့ထွင်ပြောဆို ပြုမူသောနည်း ဖြစ်၏။ ထိုနည်း၌ မသိစိတ်၏ ဦးတည်ချက်မှာ အပြစ်အနာ ချွတ်ယွင်းချက်တစ်ခုခုကို ဖုံးကွယ်ရန်ဖြစ်၏။ စိတ်ပုံမမှန်သောသူများသည် အခြားလူများထက် ပိုမို၍ စိတ်ကူးယဉ်တတ်လေသည်။

➡ ➡ ➡

ဘုရားထီးတင်ပွဲတစ်ခုမှာ မတွေ့ခဲ့ရတာ လေးနှစ်ကျော် ငါးနှစ်နီးပါးရှိနေပြီဖြစ်တဲ့ ဒေါင်းမင်းကို ပြန်လည်ဆုံတွေ့လိုက်ရတဲ့အခါ ဝမ်းသာသွားမိပါတယ်။ ဒေါင်းမင်းနဲ့အတူ ယဉ်ကျေးဖော်ရွေတဲ့ မိန်းကလေးတစ်ယောက်ရယ်၊ ချစ်စရာကောင်းလှတဲ့ ကလေးနှစ်ယောက်တို့ကိုပါ ပူးတွဲမြင်ခဲ့ရပါတယ်။

ဒေါင်းမင်းရဲ့ ချစ်ဇနီးလေးက ကျောင်းဆရာမလေးပါ။ နာမည်က ဒေါင်းမြစိမ်းတဲ့၊ သူတို့နှစ်ယောက်စလုံးရဲ့ အမည်တွေမှာ 'ဒေါင်း'တွေ ပါနေတာကတော့ ထူးခြားစွာ တိုက်ဆိုင်မှုပါပဲရှင်။

သာယာချမ်းမြေ့လှတဲ့ မိသားစုဘဝလေးကို ရယူပိုင်ဆိုင်နေပြီဖြစ်တဲ့ ဒေါင်းမင်းကို အကဲခတ်ရတာက တစ်ခါတုန်းက 'ဒေါင်းမင်းကေရာဇ်'ရဲ့ အရိပ်တွေကို မမြင်ရတော့ပါဘူး။ စစ်မှန်တဲ့ဘဝက သူ့နှလုံးသားထဲကို ရောက်ရှိသွားခဲ့ပြီရော။

နောင်အနှစ်နှစ်ဆယ်လောက်မှာ ဦးဒေါင်းမင်းရဲ့ နံဘေးမှာ ဒေါင်းမင်းကေရီဆိုတဲ့ မိန်းမပျိုလေးတစ်ယောက် ပြန်လည်ရောက်ရှိလာလိမ့်မယ်ဆိုတဲ့ ပွင့်သဇင်ရဲ့ မှာတော်ပုံဟာ အခုအချိန်ဆိုရင် ဒေါင်းမင်းအတွက် ဟာသပဲ ဖြစ်နေလေမလား၊ ချောက်ချားဖွယ်ရာပဲ ဖြစ်နေလေမလား ...။

ဩော် ... ပွင့်သဇင်၊ ပွင့်သဇင်။

**လေးသူစံ**



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တဲ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားကနားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်···ဖိုးကဲလေး···"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ်ဖြင့် ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည့်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့သြနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့···တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့···"

"ဒေါ်စိန်ရင်ရဲ့ မရှော့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့ အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား၊ ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ".

"ဟာ···တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အဖြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မူးမော်၊ ပျို့အန်၊ အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် သက်သာပျောက်ကင်းတယ်တဲ့။ ထိနိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့···"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေ့ါ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဝဋ်ကြွေး (၉)

မိုး

( ယ ခ င် လ မှ အ ဆက် )

ကျွန်ုပ်သည် အထက်တန်း လက်နှိပ်စက်ရာထူးကို ရရှိပြီဖြစ်၏။ သို့သော် ခေတ်ကာလအနေအထားအရ လက်နှိပ်စက်လုပ်ငန်းမှာ သိပ်မရှိလှဘဲ ကွန်ပျူတာလုပ်ငန်းများသာ ရှိသည်ဖြစ်ရာ ကျွန်ုပ်ကွန်ပျူတာသင်တန်း တက်လိုက်ခြင်းသည် အလွန်မှန်ကန်သော ဆုံးဖြတ်ချက်တစ်ခုဖြစ်ကြောင်း နောက်မှသိလိုက်ရ၏။ ကျွန်ုပ်၏ အထက်တွင် ကွန်ပျူတာစာရေးမကြီး ဒေါ်လှလှသန်းဆိုသူ ရှိ၏။ သူသည် စကားပြောရာတွင် ဘုဆတ်ဆတ်ပြောတတ်သော်လည်း စိတ်ထားကောင်းမွန်လှသူတစ်ဦး ဖြစ်သည့်အပြင် သူတတ်သလောက်ကိုလည်း ကျွန်ုပ်အား သင်ကြား၍ပေးလေ၏။ ကွန်ပျူတာစာစီစာရိုက်ရာတွင် လက်နှိပ်စက်လက်ကွက်နှင့် မကွာခြားလှသော်လည်း ထပ်ဆင့်ရသည့် အက္ခရာများကိုရိုက်ရာတွင် ကွန်ပျူတာသည် ကုဒ်နံပါတ်များဖြင့် မှတ်သားထားသော စာလုံးများဖြင့် ရိုက်ရသဖြင့် ကျွန်ုပ်သည် ၎င်းကုဒ်နံပါတ်ဖြင့် မှတ်သားရသော စာလုံးများအား အလွတ်ကျက်မှတ်ရပေ၏။ ဥပမာ (က္ခ)ဆိုသည့် စာလုံးရိုက်ရာတွင် ကကြီးအောက်က ခခွေးဆိုသော အက္ခရာစာလုံးလေးအား ရိုက်နိုင်ရန်အတွက် အောတားဆိုသော ခလုတ်ကလေးကို ဘယ်လက်ဖြင့်နှိပ်ကာ ညာလက်ဖြင့် ဝ၁၆၉ ဆိုသော ဂဏန်းလေးလုံးကို ရိုက်နှိပ်မှသာ ကကြီးအောက်က ခ(က္ခ)ဆိုသော အက္ခရာလေး ပေါ်လာပေ၏။ ထိုကဲ့သို့ မှတ်သားရသော စာလုံးများမှာ များပြားလှသည်ဖြစ်၏။

ကျွန်ုပ်သည် အိမ်၏စီးပွားရေးကိစ္စကို လုံးဝလှည့်ကြည့်စရာမလိုတော့ဘဲ ရွှေမြစိန်ကသာ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အဆင်ပြေလျက်ရှိ၏။ တစ်ခုသော ရုံးပိတ်ရက်တစ်ရက်၌ ကျွန်ုပ်သည် ကျက်မှတ်ရန်ရှိသော အက္ခရာစာလုံးများတွဲလျက်ရှိသော ကုဒ်နံပါတ်များအား စာရွက်လွတ်တစ်ရွက်တွင် ရေးမှတ်ကာ အလွတ်ကျက်နေမိ၏။ ကျွန်ုပ်သည် ဝ၁၆၉ ကို (ခ)ဟူ၍လည်းကောင်း၊ ဝ၂၄၆ ကို (စ)ဟူ၍လည်းကောင်း၊ ဝ၂၂ဝ ကို (ပ)ဟူ၍လည်းကောင်း ကျက်မှတ်လျက်ရှိရာ အလွတ်မရသည့်အပြင် အိပ်ငိုက်၍ပင်လာလေတော့၏။ ရွှေမြစိန်သည် ကျွန်ုပ်အိပ်ငိုက်နေပြီကို ရိပ်မိသဖြင့် လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို စီစဉ်ပေးလေ၏။

"အဆင်ပြေလိုက်တာကွာ။ ရေတတ်တုန်း ရေတွင်းထဲကျ ဆိုသလိုပါပဲ"ဟု ဆိုကာ တောင်ဝေ့းကြီးတဒေါက်ဒေါက်ထောက်၍ ဝင်လာသော အဘိုးသူတော်ကြောင်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ကျွန်ုပ်မှာ ဝမ်းသာ၍သွားလေ၏။

"လူလေးကလည်း အိပ်ငိုက်နေတုန်း၊ ကျုပ်ကလည်း ဥပုသ်လွတ်တုန်း လက်ဖက်သုပ်ကလေး၊ ရေနွေးကြမ်းလေးနဲ့ဆိုတော့ အံကိုက်ပဲပေါ့"

ဆိုကာ ကျွန်ုပ်၏ရှေ့တွင် ဝင်၍ထိုင်လေ၏။ ကျွန်ုပ်ကလည်း အဘိုးသူတော်ကြောင်အား ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေးကာ -

"လက်ဖက်သုပ် သုံးဆောင်ပါ အဘိုး"

ဟု လောကဝတ်ပြုလိုက်၏။ အဘိုးသူတော်ကြောင်သည် လက်ဖက်သုပ်တစ်ဇွန်းကို ခပ်စားလိုက်ပြီး -

"လက်ဖက်သုပ်ဆိုတာ ဒါမျိုးမှပေါ့ကွ" ဟု ချီးမွမ်းလေ၏။

"ဒါမျိုးဆိုတာ ဘယ်လိုမျိုးလဲ အဘိုးရဲ့" ဟု ကျွန်ုပ်က မေးခွန်းထုတ်လိုက်ရာ -

"ဒီလိုရှိတယ်ကွ လူလေးရ။ လက်ဖက်သုပ်တဲ့နေရာမှာ အဘိုးကြီးသုပ်လို့ ခေါ်တဲ့ လက်ဖက်သား အိအိလေးရယ် ဆီရွှဲရွှဲလေးရယ်၊ နှမ်းလေးရယ်၊ ပုစွန်ခြောက်နိုင်းချင်းရယ်နဲ့ သုပ်တာကတစ်မျိုး။ နောက်တစ်မျိုးက အခုသုပ်သလို ခရမ်းချဉ်သီးလေးကို ပါးပါးလှီး၊ ဂေါ်ဖီရွက်ကလေးကို ရိတ်ရိတ်ပါအောင်လှီး၊ နှစ်ပြန်ကြော်တို့ ဘာတို့နဲ့ စိုစိုဖတ်ဖတ်ကလေး သုပ်တာကတစ်မျိုးဗျ။ ကျုပ်ကတော့ အခုနည်းကို ပိုကြိုက်တယ်။ ငရုတ်သီးစိမ်းလေး၊ ကြက်သွန်ဖြူလေးနဲ့ဆိုရင် ဘာပြောကောင်းမလဲ မောင်ရာ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ နေပါဦး။ လူလေးက မကြီး မငယ်နဲ့ ဘာတွေများ ကျက်နေရတာတုံး"

ဟု စပ်ဟုလိုက်လေ၏။

"ကွန်ပျူတာရိုက်တဲ့အခါ ပါဠိဆင့် စာလုံးတွေအတွက် ကုဒ်နံပါတ်တွေကို ကျက်နေတာပါ အဘိုးရယ်"

ဟု ပြန်၍ဖြေလိုက်ရာ အဘိုးသူ တော်ကြောင်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း -

"ဒါနဲ့ တစ်ခုလောက်မေးစမ်းပါရ စေဦး လူလေးရယ်။ လူလေးတို့ ကွန်ပျူ တာတွေဘာတွေတော့ ကျုပ်မသိပါဘူး။ ဒါပေမယ့် အက္ခရာဘယ်နှလုံးရှိတယ်ဆို တာလေးများ ပြောပြစမ်းပါဦး"

ဟု မေးခွန်းထုတ်လိုက်လေ၏။

"ဒါများအဘိုးရယ်၊ သူငယ်တန်း ကလေးကို သွားမေးရင်တောင် သိပါ တယ်ဗျာ။ ၃၃ လုံးပေါ့"

ဟု ပြန်ဖြေလိုက်၏။

"အဲဒါ ခက်တာပဲကွ။ လူလေးတို့ က သိသလိုလို၊ တတ်သလိုလိုနဲ့ တကယ် တော့ ဘာမှလည်း မသိဘူး"

ဟု ပြစ်ပြစ်ခါခါ ဝေဖန်လေတော့ ၏။ ကျွန်ုပ်သည် အဘိုးသူတော်ကြောင် ၏ အမနာပဝေဖန်ချက်ကြောင့် ကျွဲမြီးတို သွားပြီး -

"အဲဒါဆိုလည်း အဘိုးသိရင် ပြော ပြပေါ့ဗျာ"

ဟု ဘုဆတ်ဆတ်ပြန်၍ပြောလိုက် ၏။ အဘိုးသူတော်ကြောင်က သူ၏ဖြူ ဖွေးသော မုတ်ဆိတ်မွေးများအား ဖွဖွဆွဲ ၍ သပ်ချရင်း အက္ခရာ ၄၁ လုံးရှိတယ် ကွ လူလေးရ။ လူလေးပြောတဲ့ ၃၃ လုံး ဆိုတာက ဗျည်းလို့ခေါ်တယ်။ နောက် သရ ၈ လုံးဆိုတာ ရှိသေးတယ်။ ဗျည်းနဲ့ သရပေါင်းမှ အက္ခရာလို့ခေါ်တာ"

ဟု ရှင်းပြလေရာ ကျွန်ုပ်သည် ကျွန်ုပ်၏ မသိခြင်းအတွက် ရှက်သွားမိ ကာ -

"ကျွန်တော်တောင်းပန်ပါတယ် အဘိုးရယ်၊ ဆက်ပြီးရှင်းပြပါဦး"

ဟု ပြောလိုက်ရ၏။ အဘိုးသူတော် ကြောင်က လက်ဖက်တစ်ဇွန်းကို ခပ်စား ရင်း ရေနွေးကြမ်းနှင့် မျှောချလိုက်လေ၏။ လူလေးက တောင်းဆိုတယ်ဆိုမှဖြင့် ကျုပ်က ရှင်းပြရမှာပေါ့လေ။ ဒီလိုရှိတယ် ကွ လူလေးရ။ ဗျည်း ၃၃ လုံးဆိုတာက တော့ လူလေးသိပါတယ်။ ကကြီး၊ ခခွေး ကို ဆိုလိုတာပေါ့။ သရ ၈ လုံးဆိုတာက အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ ဆိုပြီး ရှိတယ်ကွ။ အဲဒီမှာမှ အသံတို (ရဿ) သရ ၃ လုံးနဲ့၊ အသံရှည်(ဒီဃ) သရ ၅ လုံးဆိုပြီး ရှိသေးတယ်"

ဟုဆိုကာ စာရွက်ပေါ်တွင် အောက် ပါအတိုင်း ဇယားဖြင့် ရေးပြလေ၏။

"ဗျည်း ၃၃ လုံးမှာလည်း ဌာန်နီး စပ်ရာ ဌာန်တူတွေကို အုပ်စုဖွဲ့ထားတဲ့ အုပ်စု ၅ စု ရှိတယ်ကွ။ အဲဒါကို ဝဂ်လို့ ခေါ်တယ်။ ဥပမာကွာ ကခဂဃင လို့ ခေါ်တဲ့ ဌာန်တူတဲ့အုပ်စုကို (က)ဝဂ်လို့ ခေါ်တယ်။ စဆဇဈည ကိုကျတော့ (စ)ဝဂ် ပေါ့။ အဲဒီလို တူတဲ့ ဝဂ် ၅ ခုကို ပေါင်း လိုက်တော့ အက္ခရာ ၂၅ လုံးရတာပေါ့။

| အသံတို ရဿ | အသံရှည် ဒီဃ | အသံတို ရဿ | အသံရှည် ဒီဃ | အသံတို ရဿ | အသံရှည် ဒီဃ | အသံရှည် ဒီဃ | အသံရှည် ဒီဃ |
|---|---|---|---|---|---|---|---|
| အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဩ |

| | | | | | |
|---|---|---|---|---|---|
| ကဝဂ် | က | ခ | ဂ | ဃ | င |
| စဝဂ် | စ | ဆ | ဇ | ဈ | ည |
| ဋဝဂ် | ဋ | ဌ | ဍ | ဎ | ဏ |
| တဝဂ် | တ | ထ | ဒ | ဓ | န |
| ပဝဂ် | ပ | ဖ | ဗ | ဘ | မ |
| အဝဂ် | ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | | |

နောက် ဌာန်မတူတဲ့ အက္ခရာ ၈ လုံးကို တော့ (အ)ဝဂ်လို့ ခေါ်တယ်။ အဲဒါတွေ ကတော့ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ တို့ပေါ့"

ဟု ဆိုကာ အောက်ပါအတိုင်း ဇယားဖြင့် ချရေးပြလေ၏။

ကျွန်ုပ်သည် အတန်းပညာကို ၁၀ တန်းအထိ သင်ယူဖူးသော်လည်း အဘိုးသူတော်ကြောင်ပြောပြသော ဤ အကြောင်းကိုမူ ယခုမှ သိဖူး၊ ကြားဖူး



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်လေ၏။ ကျွန်ုပ်သည် စာကျက်၍မရသည့်အတူတူ အဘိုးသူတော်ကြောင်း ပြောပြသည်များက ကျွန်ုပ်အတွက် ဗဟုသုတရသဖြင့် ဆက်ပြောပြပါဟု တောင်းပန်သောအခါ -

"ပြောရရင်တော့ ကျမ်းတစ်စောင်ဖြစ်သွားမှာပေါ့ လူလေးရာ။ ဒါပေမယ့် လူလေးသိသင့်တာလေးတွေတော့ အကျဉ်းချုံးပြီး ပြောပြပါမယ်။ အဝဂ်ဗျည်း ၈ လုံးမှာမှ 'ဃ'ဟာ မိမိတို့အချင်းချင်း ဆင့်နိုင်ပြီး 'ဃ'အပေါ်ကို အခြားဗျည်း ၁၈ လုံး ဆင့်နိုင်တယ်ကွ။ တော်တော်တော့ အသုံးနည်းပါတယ်။ 'ဂ'ကျတော့ အချင်းချင်း မဆင့်နိုင်ဘဲ အခြားဗျည်း ၇ လုံးက ဆင့်နိုင်တယ်။ 'လ'ကျတော့ အချင်းချင်းဆင့်နိုင်တယ်။ ဥပမာ လ္လ ပေါ့။ လရဲ့အပေါ်မှာ 'က'နဲ့ 'ပ'တို့လည်း ဆင့်နိုင်တယ်။ နောက်ပြီး 'လ'ဟာ 'ယ'ပေါ်မှာလည်း ဆင့်နိုင်တယ်။ 'ဝ'ဟာ အချင်းချင်းဆင့်နိုင်ပြီး 'က ခ တ ဒ ဓ န ယ သ ဟ' စတဲ့ ဗျည်း ၉ လုံး ဆင့်နိုင်တယ်။ 'သ' ကျတော့ အချင်းချင်းဆင့်နိုင်ပြီး 'န' 'မ' စတဲ့ အက္ခရာတွေအပေါ် ဆင့်နိုင်တယ်။ နောက်ဆုံးအနေနဲ့ 'ဍ ဏ န မ' စတဲ့ အက္ခရာတွေဟာ 'ဟ'အပေါ်မှာ ဆင့်နိုင်တယ်။ 'ယ ဝ ဠ' စတာတွေကလည်း 'ဟ'အပေါ် ဆင့်နိုင်တယ်ကွ လူလေးရ။ အက္ခရာတူချင်းဆင့်တာကို သဒိသဒွေဘော်လို့ခေါ်ပြီး အက္ခရာမတူချင်းဆင့်တာကိုတော့ အသဒိသဒွေဘော်လို့ ခေါ်တယ်ကွ။ အဒိသဆိုတာက တူသောလို့ အဓိပ္ပာယ်ရပြီး၊ အသဒိသဆိုတာကတော့ မတူသောပေါ့။ ဒွေဘော်ဆိုတာကတော့ နှစ်လုံးထပ်ဆင့်ကိုလို့ ဆိုလိုတာပေါ့ကွယ်"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်ကလည်း သေသေချာချာ မှတ်သားနေမိ၏။

"လူလေးက ပါဠိဆင့်စာလုံးတွေကျက်နေတယ်ဆိုလို့ ကျုပ်က ဗဟုသုတအလို့ငှာ ပြောပြတာပါ။ ဆရာလုပ်တာ မဟုတ်ပါဘူး"

ဟု ကျွန်ုပ်အား ရိသဲ့သဲ့ပြောလေ၏။ ကျွန်ုပ်သည် အဘိုးသူတော်ကြောင်း ပြောပြသမျှအား စာရွက်တစ်ရွက်တွင် လိုက်လံရေးမှတ်လေ၏။ မရှင်းလင်းသည်များကိုလည်း ပြန်လည်ရှင်းပြစေကာ လိုက်လံမှတ်သားထား၏။

"ကဲ…လူလေးရေ လက်ဖက်တစ်ပွဲနဲ့ ရေနွေးကြမ်းတစ်အိုးလည်း ကုန်ပြီဆိုတော့ ညှော်သည်ပီပီ အလိုက်သိစွာနဲ့ ပြန်ဖို့သင့်ပြီကွယ့်။ ဆက်နေရင် ညစာထမင်းပါ ကျွေးရတော့မှာမို့ အလိုက်မသိတဲ့ ညှော်သည်တော့ အဖြစ်မခံပါရစေနဲ့မောင်"

ဟု ဆိုကာ သူ၏လွယ်အိတ်ကြီးအား ကောက်၍လွယ်ကာ ထပြန်ရန် ပြင်လေတော့၏။ ထိုအခါ ကျွန်ုပ်က -

"ဒီတစ်ခါတော့ အဘိုးကို တိုက်ကျွေးရတဲ့ လက်ဖက်နဲ့ ရေနွေးကြမ်းကို ဝင့်ကြွားရှိလို့ တိုက်ကျွေးရတယ်လို့ သဘောထားလိုက်ပါ့မယ်အဘိုး"

ဟု နောက်ပြောင်လိုက်ရာ အဘိုးသူတော်ကြောင်မှာ သဘောကျလွန်းသဖြင့် တဟားဟားရယ်မောလေ၏။

"ဒီမှာ…တစ်ခုတော့ရှိတယ် လူလေး။ လူလေးအနေနဲ့ သိထားရမှာက ကံကြမ္မာရဟတ်ဘီးကြီးဟာ ဘယ်တော့မှ အပေါ်မှာချည်းမနေသလို၊ အောက်မှာချည်းလည်း မနေဘူးကွယ့်။ သူဟာ အမြဲတမ်း လည်ပတ်နေတဲ့ သဘောရှိလေတော့ကာ လူလေးအနေနဲ့ ကြိုတင်ပြင်ဆင်ခြင်းဆိုတာ လုပ်ထားလို့ လိုတယ်ကွယ့်"

"ကျွန်တော်က ဘယ်လိုကြိုတင်ပြင်ဆင်ရမှာလဲ အဘိုးရဲ့"

ဟု မေးလိုက်ရာ -

"အကာအကွယ်လုပ်ရမှာပေါ့"

ဟု ပြောလေ၏။ ကျွန်ုပ်က ဘယ်လိုအကာအကွယ်လဲဟု မေးလိုက်ရာ-

"စရဏတရားဆိုတဲ့ အကာအကွယ်ကို လုပ်ရမှာပေါ့" ဟု ပြန်၍ပြောလေ၏။

"စရဏတရားဆိုတာဘာလဲ အဘိုးရဲ့"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ လူလေးက တော်တော်ဖုံ့ဝေးသကိုးကွယ့်။ စရဏဆိုတာ အကျင့်ပေါ့"

ဟု ပြန်၍ပြောလေ၏။ ကျွန်တော်က -

"ဘာကိုကျင့်ရမှာတုန်း အဘိုးရဲ့"

ဟု ကျွန်ုပ်က ပြန်၍မေးလေရာ

"ကောင်းတာတွေကို ကျင့်ရမှာပေါ့မောင်ရာ။ မင်းရဲ့ခန္ဓာကိုယ်ကို အပူအအေးဒဏ်ကို ကာကွယ်ရန်လည်းကောင်း၊ အရက်ကို ကာကွယ်ရန်လည်းကောင်း အဝတ်အစားကို ဝတ်သလိုပေါ့။ လူလေးရဲ့ဆီကို ရောက်လာမယ့် အဆိုးတွေကို ခုခံကာကွယ်နိုင်ဖို့အတွက် ခါးဝတ်ပုဆိုးကဲ့သို့ မြရမှာက ငါးပါးသီလပေါ့ကွယ်။ ဘာများ ဖြစ်ရဦးမှာတုံးကွ။ လူလေးအနေနဲ့ ဒီနေ့ကစပြီး ငါးပါးသီလကို လုံအောင်ထိန်းပေတော့။ ပြီးရင် သရဏဂုံသုံးပါးကို ဆောက်တည်ရမယ်"

ကျွန်ုပ်သည် သရဏဂုံသုံးပါးအကြောင်း ဂဃနဏ မသိဘဲရှိရကား

"ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ အဘိုးရယ်။ သရဏဂုံသုံးပါးအကြောင်း ရှင်းပြခဲ့ပါဦး"

ဟု တောင်းပန်လိုက်ရာ -

"သနားစရာ ကောင်းလိုက်လေခြင်းကွယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီး သရဏဂုံသုံးပါးမှ မသိရလေခြင်းလူလေးရယ်။ ကျုပ်ပြောပြမယ်၊ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com

မှတ်ထား။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ ဆိုတာ သရဏဂုံသုံးပါးပေါ့ကွယ် လူလေးရဲ့။ မြန်မာလိုကတော့ ဘုရားကိုးကွယ်ပါ၏၊ တရားကိုးကွယ်ပါ၏၊ သံဃာကိုးကွယ်ပါ၏လို့ အဓိပ္ပာယ်ရတယ်ကွယ့်။ အဲဒါကို နှလုံးသားထဲမှာ အမြဲကိန်းအောင်းနေအောင် နှလုံးသွင်းထားရမယ်။ အဲဒါကို သရဏဂုံတည်တယ်လို့ခေါ်တယ်။ သရဏဂုံကို ပုံမှန် ပုတီးစိပ်ရမယ်။ အဲဒါ လူလေးအမြဲမပြတ် လုပ်ရမယ့် အလုပ်ပဲကွယ့်။ ကဲ...ကျုပ်သွားပြီ"

ဟုဆိုကာ ထွက်၍သွားလေတော့၏။

ကျွန်ုပ်သည် ထိုနေ့မှစကာ နေ့စဉ်ဘုရားရှိခိုးခြင်း၊ ငါးပါးသီလခံယူစောင့်ထိန်းခြင်း၊ သရဏဂုံသုံးပါး ပုတီးစိပ်ခြင်းတို့အား နေ့စဉ်ပြုလုပ်လေ၏။ ငါးပါးသီလစောင့်ထိန်းရာတွင်လည်း အရက်သေစသောက်စားခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ သူတစ်ပါးသားမယားအား ပြစ်မှားခြင်း၊ သူ့အသက်သတ်ခြင်း စသည်တို့အား ရှောင်ကြဉ်နိုင်လေ၏။ သို့သော် မုသာဝါဒကံကိုမူ အလွန်အထိန်းရခက်ခဲလှလေ၏။ ကိုယ်က မပြောချင်သည့်တိုင် အလုပ်သဘောအရလည်းကောင်း၊ အခြေအနေအရလည်းကောင်း မလွှဲသာမရှောင်သာ ပြောလိုက်ရသည့်အခါများ ရှိလေ၏။ ထိုအခါ ကျွန်ုပ်မှာတော့ ငါးပါးသီလ ပျက်ပါပြီဟု စိတ်ပျက်မိလေ၏။ သို့သော်လည်း တတ်နိုင်သလောက် စောင့်ထိန်းရလေ၏။

ကျွန်ုပ်သည် အဘိုးယူတော်ကြောင် ညွှန်ကြားသည့်အတိုင်း ငါးပါးသီလကို အတတ်နိုင်ဆုံး စောင့်ထိန်းခြင်း၊ သရဏဂုံသုံးပါးကို အမြဲမပြတ် နှလုံးသွင်းခြင်းတို့ကို ကြိုးစားဆောင်ရွက်နေသကဲ့သို့ ကွန်ပျူတာပညာရပ်ကိုလည်း ကြိုးစားသင်ယူလျက်ရှိလေ၏။ ကွန်ပျူတာပညာရပ်သည် သင်တန်းနှင့် လက်တွေ့မှာ များစွာကွာခြားလွန်းလှပြီး ကျွန်ုပ်မသိသေးသည်များမှာလည်း များလွန်းရကား မှတ်သား၍ မနိုင်အောင်ပင် ဖြစ်၏။ နင် အဲဒါတွေကိုသာ လိုက်မှတ်နေရင် ဘယ်တော့မှ ကျက်လို့ဆုံးမှာ မဟုတ်ဘူး။ ကျက်မနေနဲ့။ လက်တွေ့လုပ်ရင်း မှတ်သွား။ အဲဒါက ပိုစွဲတယ်။ ကုဒ်တွေကိုတော့ ငါ စာရွက်တစ်ရွက်နဲ့ ပရင့်ထုတ်ပေးမယ်။ နင့်ဘေးနားက နံရံမှာ ကပ်ထား။ မသိတာကျတော့လည်း ကြည့်ပေါ့။ ကြာတော့လည်း မှတ်မိသွားတာပါပဲဟု ကွန်ပျူတာစာရေးမကြီး ဒေါ်လုလုသန်းက ပြောပြလေ၏။ ကျွန်ုပ်မှာ မှတ်ဉာဏ်နည်းသူ ဖြစ်သဖြင့် ယခုပြောပြီးလျှင် တော်ကြာ မေ့တတ်၏။ သို့သော်လည်း အလေ့များတော့အထုံ၊ အထုံများတော့ ပါရမီဆိုသကဲ့သို့ ကြိမ်ဖန်များစွာ ထိတွေ့ဖန်များသောအခါ အချို့ကို မှတ်မိလာလေ၏။ စာစီစာရိုက် အတော်အတန် ကျွမ်းကျင်လာသောအခါ အိတ်ဇဲလ်ခေါ် ဇယားကွက်များဖြင့် ရိုက်နည်းကိုလည်းကောင်း၊ ပါဝါပွိုင့်ခေါ် ပရိဂျက်တာဖြင့် ထိုးပြရန်အတွက် ရိုက်နည်းကိုလည်းကောင်း၊ ဖိုတိုရှော့ခေါ် ဓာတ်ပုံထုတ်နည်းပညာရပ်များကိုလည်းကောင်း လေ့လာသင်ယူရင်း အတော်အတန် ကျွမ်းကျင်တတ်မြောက်လာလေ၏။ နောက်ဆုံး ပါဠိဆင့်စာလုံးများကို ကုဒ်ဖြင့် ရိုက်စရာမလိုဘဲ ရိုးရိုးစာရေးရာတွင် စာလုံးပေါင်းသကဲ့သို့ ရိုက်ရသော မြန်မာယူနီကုဒ်ဟုခေါ်သော စာရိုက်နည်းအသစ်များကိုပါ ကျွမ်းကျင်တတ်မြောက်၍ လာခဲ့လေတော့၏။ ကြာလာသောအခါ ကျွန်ုပ်အား တော်ရုံတန်ရုံစာများအား မျက်နှာလွှဲရသည်အထိ ရောက်လာခဲ့လေ၏။ ဖောင်ရှည်ခေါ် စီမံချက်ကဲ့သို့ စာများအား ဒေါ်လုလုသန်းက စ၍တည်ပေးပြီးလျှင် ကျွန်ုပ်အား ဆက်၍ရိုက်စေ၏။ တစ်ခါတစ်ရံ ကျွန်ုပ်အား ညပိုင်းအလုပ်လုပ်ရန်ဟုဆိုကာ မပြီးပြတ်သော အလုပ်များအား ဆက်လက်တာဝန်ပေးခဲ့ရာ ကျွန်ုပ်က အိမ်သို့မပြန်ဘဲ ညတွင်းချင်း ပြီးအောင် ရိုက်ထားရ၏။ ယခုအခါ ကျွန်ုပ်သည် ဖိုင်အသစ်ဖွင့်ခြင်း၊ စီဒီကူးခြင်း၊ ဓာတ်ပုံများအား ပြင်ဆင်ခြင်းတို့ကိုပါ တတ်မြောက်လာပြီ ဖြစ်လေ၏။

ကျွန်ုပ်သည် မိသားစု စားဝတ်နေရေးကလည်း ပူစရာမရှိသည့်အပြင် ဇနီးဖြစ်သူကလည်း ကျွမ်းကျင်စွာ စီမံအုပ်ချုပ်နိုင်နေပြီ ဖြစ်သဖြင့် မိမိအလုပ်အပေါ် စိတ်ကိုနှစ်၍ ထားနိုင်နေပြီ ဖြစ်၏။ ထို့အပြင် အလွန်ချစ်စရာကောင်းသည့် ပိုးရတုပွင့်ဖြူဆိုသော သမီးလေးတစ်ယောက်လည်း ရှိနေပြီဖြစ်ရာ ကျွန်ုပ်၏ဘဝသည် အစစအရာရာ ပြီးပြည့်စုံသော ဘဝတစ်ခုပင် အောက်မေ့မိလေ၏။ ယခင်က တွေ့ကြုံခဲ့ရသော ဒုက္ခများကိုလည်းကောင်း၊ အဆင်မပြေမှုများကိုလည်းကောင်း မေ့ပျောက်ခဲ့ပြီဖြစ်၏။ ပြန်တွေးကြည့်သောအခါ ဆေးပြယ်နေသော ပန်းချီကားတစ်ချပ်အား ကြည့်ရသကဲ့သို့ မှုန်ရီရီဝိုးတဝါးသာ ထင်ရ၏။ ရွှေမြစိန်သည် ညဘက်ဆိုလျှင်လည်း တော်တော်နှင့် မအိပ်နိုင်သေးဘဲ တစ်နေ့လုံး ရောင်းချထားသော စာရင်းဇယားများအား တွက်ချက်ခြင်း၊ အသစ်ထပ်တင်ရမည့် ကုန်ပစ္စည်းစာရင်းများရေးခြင်း၊ အကြွေးစာရင်းများတွက်ခြင်း၊ တိုင်းရင်းဆေးဖြန့်ချိရာတွင် နယ်အမှာစာများအား စိစစ်ခြင်း၊ ပို့ပေးရမည့် ဆေးဝါးများအား ထုတ်လုပ်သည့်ဆေးတိုက်များမှ မှာယူရမည့်စာရင်းများ ပြုလုပ်ခြင်း စသည်တို့ပြီးမှ အိပ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မောင်ကြာညိုဟု အမည်ရသော လူငယ်တစ်ယောက်သည် ကျွန်ုပ်တို့၏အိမ်သို့ စာတစ်စောင်ကိုင်၍ ရောက်လာလေ၏။ စာမှာ ရွှေမြစိန်တို့ရွာမှ ရွာဦးဆရာတော် ရေးပေးလိုက်သော စာဖြစ်ပြီး မောင်ကြာညိုမှာ ရွှေမြစိန်တို့ရွာမှ ဖြစ်လေ၏။ ရွှေမြစိန်အနေဖြင့် ဤလူငယ်အား သေသေချာချာ သိရှိခြင်းမရှိသော်လည်း ဆရာတော်ရေးပေးလိုက်သော စာကြောင့်လည်းကောင်း၊ သူမေးမြန်းသမျှသော ရွာမှလူများအား ကောင်းစွာ သိသဖြင့်လည်းကောင်း လက်ခံလိုက်ရ၏။ မောင်ကြာညိုသည် ၁၀ တန်းအောင်ပြီးဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်သူတစ်ဦးဖြစ်ကြောင်း၊ ရန်ကုန်တွင် အလုပ်လုပ်ရင်း ကျောင်းဆက်တက်လိုကြောင်း၊ သို့ပါသောကြောင့် ရွှေမြစိန်တို့မိသားစုမှ ကူညီစေလိုပါကြောင်း ဆရာတော်၏ စာတွင်ပါရှိလေရာ ကျွန်ုပ်တို့မှာ မငြင်းသာဘဲ ရှိ၏။

"ကိုယ့်လူရင်းရှိတော့ ကောင်းတာပေါ့ ရွှေမြစိန်ရယ်။ အစစအရာရာ စိတ်ချရတာပေါ့။ သူများတောင် ခေါ်သုံးနေရသေးတာပဲ။ မောင်ကြာညိုကို အိမ်မှာပဲနေပြီး အိမ်ကဆိုင်မှာပဲ ဝိုင်းလုပ်ခိုင်းပေါ့။ လစာတို့ဘာတို့လည်း ရွှေမြစိန် ကြည့်ပေးလိုက်ပေါ့"ဟု ကျွန်ုပ်က အကြံပေးရာ ရွှေမြစိန်က လူတစ်ယောက်စရိတ်ဆိုတာ မလွယ်ဘူးကိုယ်ရဲ့ဟု ချင့်ချင့်ချိန်ချိန်ပြောလေ၏။

"ဟုတ်တော့ ဟုတ်ပါတယ်လေ။ သူ့ကြည့်ရတာကလည်း ရိုးရိုးသားသားလေးဖြစ်ပုံရပါတယ်။ လူကောင်းတစ်ယောက်ရဖို့ဆိုတာကလည်း ခုခေတ်မှာ လွယ်တာမဟုတ်ဘူးကွယ်။ ကိုယ်က ငွေနဲ့ကြေးနဲ့လုပ်ရတာ မဟုတ်လား။ စိတ်ကူးမလွဲပါနဲ့ ရွှေမြစိန်ရယ်။ ခေါ်သာခေါ်ထားလိုက်ပါ"

ဟု ကျွန်ုပ်က တိုက်တွန်းမှ ရွှေမြစိန်က လက်ခံလိုက်လေ၏။ အမှန်တကယ်တွင်မူ ကျွန်ုပ်သည် မောင်ကြာညိုအား အမြင်အားဖြင့် သိပ်သဘောကျလှခြင်းမရှိလှပေ။ ကျွန်ုပ်၏အတွေးမှာ... မသကာ ခယ်မလေးနှစ်ယောက်ထဲက တစ်ယောက်ယောက်နှင့် ငြိစွန်းသွားလည်း အတွင်းသိချင်းမို့ ပြဿနာမရှိနိုင်၊ ပေးစားလိုက်ရုံရှိတော့မပေါ့ဟု တွေးမိခြင်းကြောင့်လည်း ပါ၏။

မောင်ကြာညိုသည် ငယ်ရွယ်သူတစ်ဦးဖြစ်သည်နှင့်အညီ ရိုးသားပြီး သွက်လက်ချက်ချာသူတစ်ယောက် ဖြစ်သဖြင့် လုပ်ငန်းအား အချိန်တိုအတွင်းမှာ အတော်ပင် ကျွမ်းကျင်စွာ လုပ်ကိုင်တတ်လာပြီဖြစ်ကြောင်း ရွှေမြစိန်မှတစ်ဆင့် သိရ၏။ ခယ်မလေးနှစ်ယောက်နှင့်လည်း တစ်ရွာတည်းသားချင်းမို့ စိမ်းမနေကြဘဲ ရင်းနှီးသွားကြပြီ ဖြစ်၏။ ကျွန်ုပ်၏ တိုင်းရင်းဆေးဖြန့်ချိသည့်လုပ်ငန်းမှာ မထင်မှတ်ဘဲ အဆင်ပြေလျက်ရှိရာ ဆေးထုပ်များအား ဆိုင်ထဲတွင် ထားစရာနေရာမရှိသဖြင့် အိမ်ပေါ်သို့ပင် တင်၍ထားရခြင်း၊ အိမ်ပေါ်မှာပင် ထုပ်ပိုးခြင်းများ ပြုလုပ်ရ၏။ မောင်ကြာညိုရှိသဖြင့် အလုပ်အရေးကြီးလျှင် ကြီးသလို နေ့ညမခွဲခြားဘဲ လုပ်နိုင်သဖြင့် အလုပ်တွင်လုရာ ရွှေမြစိန်မှာ ပျော်ရွှင်လျက်ရှိလေ၏။ ကြာလာသော် မောင်ကြာညိုသည် မန်နေဂျာတစ်ယောက်ကဲ့သို့ဖြစ်လာပြီး လုပ်ငန်းအားလုံး သူ့ခြေသူ့လက်ကဲ့သို့ ဖြစ်လာလေတော့၏။ မောင်ကြာညိုမှာ သည်အလုပ်လုပ်ရင်း တက္ကသိုလ်ပညာကိုလည်း တစ်ဖက်က သင်ယူလျက်ရှိရာ ပထမနှစ်ပြီးဆုံး အောင်မြင်သွားပြီ ဖြစ်၏။ ကျွန်ုပ်မှာလည်း အဘိုးသူတော်ကြောင် ခိုင်းစေသော အလုပ်များအားလည်းကောင်း၊ ရုံးကိစ္စများအားလည်းကောင်း ဆောင်ရွက်ရင်း မိသားစုကိစ္စများအား ရံဖန်ရံခါ မေ့လျော့၍ပင် နေတတ်ပေ၏။

တစ်နေ့တွင် ရွှေမြစိန်သည် ကျွန်ုပ်အား ထူးဆန်းသော စကားတစ်ခွန်းကို ပြောလေ၏။

"ကိုရေ...အလုပ်ကထွက်ပြီး သင်္ဘောလိုက်ပါလား။ ရွှေမြစိန်အသိ အမျိုးသမီးတစ်ယောက်ဆိုရင်လေ သူ့ယောက်ျားက သင်္ဘောသားတဲ့။ ရွှေတွေ၊ စိန်တွေမှ ညွတ်နေတာပဲသိလား။ ပိုက်ဆံဆိုတာလည်း သုံးလိုက်တာမပြောပါနဲ့တော့ ကိုရယ်။ ရွှေမြစိန်ဖြင့်လေ သူ့ကို အရမ်းအားကျတာပဲ။ ဒါတောင် သူ့ယောက်ျားက ကိုယ့်လောက် ပညာတတ်တာ မဟုတ်ဘူး သိလား။ လေးငါးနှစ်လောက်လိုက်ပြီးရင် အေးအေးဆေးဆေး ထိုင်စားလို့ရတာပဲကိုရဲ့"

ဟု မစားရ ဝခမန်းပြောလေ၏။

"ကိုယ်တို့မှာ ခုလည်း အဆင်ပြေနေတာပဲ ရွှေမြစိန်ရယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ -

"သြော်...ကိုကလည်း အခု အဆင်ပြေတာတော့ ဟုတ်တာပေါ့။ ဒါပေမယ့် သမီးလေးရှေ့ရေးက ရှိသေးတယ်လေ ကိုရဲ့"

ဟူသော စကားတစ်ခွန်းသည် "ဘန္ဒနံ ဇာတံ ရာဟုလော ဇာတော"ဆိုသော ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ညည်းတွားလိုက်သကဲ့သို့ ကျွန်ုပ်အား ရစ်ပတ်နှောင်ဖွဲ့၍ သွားလေတော့သတည်း။

(ဆက်လက်ဖော်ပြပါမည်။)

ယိုး



www.burmeseclassic.com

www.burmeseclassic.com



# ယောမြို့က ပြန်ခဲ့တယ်

ပြုမျက်ရှင်

ကျွန်မတို့နေတဲ့ ကြေးစလောင်းတောင်ကုန်းဟာ ကံ့ဝေါမြို့နဲ့ လေးမိုင်သာဝေးတဲ့ ရေမျက်နှီကျေးရွာလေးရဲ့ အဓိကနေရာ ဖြစ်တယ်။ တောင်ကုန်းလေးပေါ်မှာ စေတီကိုးဆူရှိလို့ ကျွန်မစိတ်ထဲ တောင်ကုန်းကငယ်ပြီး စေတီတွေက များနေလို့ မလိုက်ဖက်ဘူးထင်မိသေးတယ်။

ကျွန်မတို့နေရတာက တောင်ခြေမှာ ခေတ္တတည်းလို့ရအောင် ဆောက်လုပ်ထားတဲ့ တိုက်ခံပျဉ်ထောင်အိမ်လေး နှစ်လုံးမှာပါ။ တစ်လုံးမှာနေပြီး ကျန်တစ်လုံးကတော့ ရထားလမ်းစစ်ရင် ခေတ္တနားခိုရအောင် ထားပေးထားတဲ့ ညှိဆောင်လေးဖြစ်ပါတယ်။ ကျွန်မတို့အိမ်ရဲ့ ရှေ့တည့်တည့်လမ်းကို ထွက်လျှောက်သွားရင် ကုန်းမို့မို့ပေါ်မှာ ဖြူဖြူဆွတ်ဆွတ် ထုံးသုတ်ထားတဲ့ စေတီကြီးဆီ ရောက်သွားတာပဲ။

ကျွန်မ နံနက်ငါးနာရီထနေကျ။ ထပြီးရင် ဆွမ်းချက်၊ ဆွမ်းတော်ကပ်၊ ဘုရားဝတ်တက်ပြီးရင် ၆း၀၀ နာရီထိုးပြီ။ အိမ်ရှေ့တံခါးကို ဖွင့်လိုက်တာနဲ့ စေတီဖြူဖြူကြီးကို တန်းပြီး ဖူးတွေ့ရတော့တာပဲ။ သည်ကျေးရွာလေးရဲ့ ပတ်ဝန်းကျင်က ၈ ၁တောင်တွေ ပတ်လည်ဝိုင်းနေလို့ ထင်ပါရဲ့။ နှင်းတွေက အမြဲတမ်း မှုန်နေတတ်တယ်။ ကျွန်မအတွက် နှင်းမှုန်မှုန်တွေထဲက စေတီကြီးတွေကို မြင်ရတာ အမြဲတမ်း လွမ်းဆွတ်တဲ့စိတ်ကို ခံစားရပြီး ဝမ်းနည်းပန်းနည်း ဖြစ်မိတယ်။ ဖယောင်းတိုင်၊ အမွှေးတိုင်တွေယူပြီး ဘုရားပေါ်တက်၊ ဘုရားဆီမီးထွန်း၊ အမွှေးတိုင်တွေလှူပြီး မေတ္တာပို့ အမျှဝေလိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ကျွန်မမျက်ရည်ကျမိတယ်။ သည်တောင်ကုန်းပေါ်ရောက်တိုင်း ကျွန်မလွမ်းမိတာ ကျွန်မအတွက် အဖြေမရှိပါဘူး။

သည်တောင်ကုန်းရဲ့ အနောက်ဘက်မှာ သည့်ထက်မြင့်တဲ့ ရွှေသမင်တောင်ဆိုတာ ရှိသေးတယ်။ ရွာလူကြီးတွေ ပြောပြတာကတော့ မြတ်စွာဘုရား သမင်ဘဝဖြစ်တုန်းက သည်တောင်ပေါ်မှာ နေခဲ့တယ်လို့ အယူရှိကြတယ်။ စေတီကြီးတွေက နှစ်ပေါင်းကြာပြီဖြစ်တဲ့အတွက် ထုံးသင်္ကန်းတွေရှိတဲ့ အဆူရှိ၊ မရှိတဲ့အဆူတွေက မည်းခြောက်နေတာပဲ။ နေ့တိုင်းမြင်နေရတော့ ကျွန်မတို့ ရထားလမ်းဖောက်တဲ့ တပ်စုအဖွဲ့တွေစုပြီး ထုံးသင်္ကန်းကပ်လိုက်ကြတယ်။ စေတီကြီးတစ်ဆူမှာတော့ ဘုရားထီးတော်ကြီး ပျက်စီးနေတဲ့အတွက် ရထားအဖွဲ့နဲ့ ကျွန်မတို့အဖွဲ့ စုပေါင်းပြီး ထီးတော်ကြီးအသစ်တင်ဖို့ မန္တလေးကို ရွှေထီးတော်ကြီး မှာထားလိုက်ကြပါတယ်။ ရထားလမ်းဖောက်တာလည်း မပြီးသေးတော့ ထီးတော်ကြီးကို ဖြည်းဖြည်းတင်ကြမယ်ဆိုပြီး စီစဉ်ထားကြပါတယ်။

ကျွန်မ ခင်ပွန်းသည်က အဖွဲ့ခေါင်းဆောင်ဆိုတော့ ရထားလမ်းဖောက်တဲ့နေရာတွေကို တစ်နေ့တစ်နေရာ နေ့တိုင်းသွားကြည့်ရတယ်။ နံနက် ၈း၀၀ နာရီက စထွက်ပြီးရင် ညနေ ၄း၀၀ နာရီ၊ ၅း၀၀ နာရီလောက်မှ ပြန်ရောက်ပါတယ်။ လမ်းတွေသွားကြည့်ရင်တော့ ကျွန်မ လိုက်မသွားပါဘူး။ စခန်းတွေသွားကြည့်ရင်တော့ ကျွန်မလိုက်သွားပါတယ်။ စခန်းမှာက မိသားစုတွေရှိကြတော့ ကျွန်မတို့အဖွဲ့ ဘေးပတ်ဝန်းကျင်က ဘုရားတွေ လိုက်ဖူးကြတယ်လေ။ အဲသည်ဒေသတစ်ဝိုက်မှာ ရှေးခေတ် 'သီရိဓမ္မာသောက'မင်းကြီးရဲ့ မြတ်စွာဘုရားဓာတ်တော်တွေ ပို့လွှတ်ပြီး တည်ထားတဲ့ စေတီတွေက များပါတယ်။

ကျွန်မတို့နေတဲ့အိမ်ကနေ တစ်နာရီလောက် ကားမောင်းထွက်သွားတာနဲ့ ကတ္တရာခင်းတဲ့ လမ်းမကြီးဆီရောက်သွားတယ်။ ကျွန်မတို့နေတဲ့ဆီကနေ လမ်းမကြီးရောက်တဲ့အထိ ကားလမ်းကတော့ မြေနီလမ်းပါ။ ကျွန်မတို့နေတဲ့ တောင်ကုန်းရဲ့ ရှေ့ဘက်၊ ကုန်းနှစ်ကုန်းကျော်က မြေပြန့်လယ်ကွင်းထဲမှာ မီးရထားဝန်ထမ်းတွေ စုနေတဲ့ အိမ်ငယ်အစု ရှိပါတယ်။ အိမ်ခြေ အစိတ်ခန့် ရှိပါတယ်။

လူငယ်မီးရထားအရာရှိလေးနဲ့ ခင်ပွန်းသည်တို့အဖွဲ့ဟာ အမြဲတမ်း ရထားလမ်း စစ်ကြရတယ်။ တစ်ခါတစ်ရံ မီးရထားဝင်းထဲကို ကျွန်မတို့ ဝင်လည်ကြပါတယ်။ တောထဲမှာ အတူတကွ ပူးပေါင်းဆောင်ရွက်နေတော့ ချစ်ခင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်နေကြပါပြီ။

တစ်နေ့တော့ ညနေပိုင်းမှာ ထူးထူးဆန်းဆန်း မိုးတွေရွာခြုန်း၊ လျှပ်စီးတွေ လက်ပြီး၊ မိုးကြီးသည်းထန်စွာရွာပါတယ်။ ကျွန်မတို့နေခဲ့တဲ့ ၈ လ၊ ၉ လအတွင်း တစ်ကြိမ်မျှ မိုးမရွာခဲ့ဖူးပါဘူး ယခုတော့ ထူးထူးဆန်းဆန်း မိုးရွာလို့ ကျွန်မတို့မှာ အားရပါးရ အိမ်ပြင်ထွက်ပြီး မိုးရေချိုးကြပါတော့တယ်။ မိုးက သဲကြီးမဲကြီးရွာတာ နာရီဝက်လောက် ကြာပါတယ်။ အဲသည်အချိန်မှာပဲ ကောင်းကင်တစ်ခုလုံး လင်းထိန်သွားအောင် လျှပ်စီးလက်ပြီး မိုးကြိုးပစ်ချလိုက်တာ ကျွန်မစိတ်ထင် ရှေ့ဘက်က တောင်ကြီးတော့ ပြိုကျသွားပါပြီလို့ ထင်လိုက်မိပါတယ်။ ကျွန်မလည်း မိုးကြိုးသံ့က နားကွဲမတတ်ကျယ်လောင်တဲ့အပြင် မြေပြင်ပါ သိမ့်သိမ့်တုန်သွားတဲ့အတွက် အိမ်ထဲကို အပြေးပြန်ဝင်လာပြီး၊ အဝတ်အစားလဲ၊ အိမ်က ဘုရားကျောင်းဆောင်ကို ဆီမီးထွန်းပြီး သမ္ဗုဒ္ဓေထိုင်ရွတ်နေလိုက်ပါတယ်။ ဘယ်နေရာမှာ မိုးကြိုးထိသွားပြီလဲလို့ စိတ်ပူမိတာ အမှန်ပါ။

နောက်တစ်နေ့ နံကန်တော့ စက်က ကျေးနန်းသတင်း ဝင်လာပါပြီ။ မီးရထားဝင်းထဲကို မိုးကြိုးပစ်ချလိုက်တဲ့အတွက် အမျိုးသားတစ်ဦးသေဆုံးပြီး၊ အမျိုးသမီးလေးဦး အရေပြားတွေ မီးလောင်သလို ခံစားရလို့ အရေးပေါ်စခန်းတွေက ဆေးမှူးတွေခေါ် ဆေးကုနေရတယ်ဆိုတာပါပဲ။ ကျွန်မတို့ ချက်ချင်းသွားကြပါတယ်။ မီးရထားအရာရှိ ဇနီးငယ်လေးက အကျိုးအကြောင်း ရှင်းပြပါတော့တယ်။

"မိုးတွေရွာလို့ ညီမတို့လည်း တံခါးတွေပိတ်ပြီးနေကြတုန်းမှာ လျှပ်စီးတွေ ထိန်ထိန်လင်းသွားပြီး မိုးကြိုးပစ်ချလိုက်သံ ကြားရတော့တာပဲ အစ်မကြီးရယ်။ အော်သံ၊ ဟစ်သံတွေကြားလို့ ညီမ တံခါးဖွင့်ကြည့်လိုက်တော့ တဲအိမ်သုံးလေးအိမ်လောက် ပြိုကျနေပြီး မီးခိုးလုံးကြီးတွေ မွှန်ထူနေတာပဲ။ မီးခိုးငွေ့တွေကြောင့် ဘာမှ မမြင်ရဘူး။ နာရီဝက်လောက်ကြာမှ မီးခိုးတွေ စဲသွားတယ်။ ငိုသံတွေကြားရလို့ တဲတွေဆီ ညီမလိုက်ကြည့်တော့ ဟို



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားလေးက မီးသွေးတုံးကြီးကို ဖြစ်လို့။ မိုးကြိုးထိသွားတာ။ အမျိုးသမီးလေးတွေကလည်း အရေပြားတွေ မီးလောင်ခံရသလို စုတ်ပြဲပြီး သွေးတွေရဲနေတာပဲ။ ညီမတို့လည်း လက်လှမ်းမီရာ ဆေးမျိုးတွေ ပြေးခေါ်ရ၊ မိသားစုတွေအားလုံး ညီမတို့ စုနေကြပြီး၊ မိုးလင်းအတွက် အစီအစဉ်လုပ်ကြရတာပဲ။ သေဆုံးတဲ့အမျိုးသားလေးက အသက် ၂၀ ကျော်ပဲ ရှိသေးတယ်။ မနေ့မနက်ကပဲ ဘုန်းကြီးတွေ ပင့်ပြီး ညီမတို့ အလှူလုပ်တော့ အဲသည်ကောင်လေးက ဘုန်းကြီးတွေကို သင်္ကန်းလှူလိုက်သေးတယ်။ ညကျတော့ သူသေသွားပြီ။ ညီမတို့ စိတ်မကောင်းလိုက်တာ အစ်မကြီးရယ်။ အခုပဲ ဘုန်းကြီးပင့်သွားကြပြီ။ ရက်လည်ဆွမ်းကပ်၊ ပရိတ်ရွတ်ပြီး အလှူလုပ်ပေးမလို့ပါ။ ဒဏ်ရာရတဲ့သူတွေလည်း ထနိုင်ပြီဆိုရင် ဆေးရုံတင်ဖို့ လုပ်ပြီးသားပါ။ အခုတော့ အနာသက်သာအောင် ဆေးကုပေးထားတယ်။ ညီမလည်း တစ်ခါမှ မကြုံဖူးပါဘူး။ စိတ်မကောင်းလိုက်တာ အစ်မရယ်''

''ညီမလည်း စိတ်ပင်ပန်းနေပြီ၊ ခဏနားလိုက်ဦး။ အခု အစ်မတို့ စခန်းကိုပြန်ရင် အလုပ်သမားတစ်ယောက်ကို ထည့်ပေးလိုက်။ မင်းကွန်းဆရာတော်ကြီးရဲ့ ပရိတ်ကြီးတွေ၊ မေတ္တာပို့ခွေတွေကို အားလုံးပို့ပေးလိုက်မယ်။ ခုချိန်ကစပြီး စဉ်ဆက်မပြတ် တရားခွေတွေကို ဖွင့်ပေးပါ။ အရပ်လေးမျက်နှာကြားအောင် 'လော်'ကြီးနဲ့ ဖွင့်ပေးထားပါ ညီမ''

သည်စကားပြောပြီး ကျွန်မတို့ ပြန်လာပါတယ်။ ပရိတ်ပေါင်းစုံအခွေကို ပို့ပေးလိုက်ပါတယ်။ နောက်နေ့မှာ လမ်းမကြီးရဲ့တစ်ဖက် တစ်နာရီလောက် ကားမောင်းဝင်ရင် အလုပ်သမားစခန်းကို ရောက်ပါတယ်။ ကျွန်မတို့ရဲ့ လက်အောက် အလုပ်သမားစုရဲ့ ခေါင်းဆောင် ကိုတင်မောင်နဲ့ သူ့ဇနီး ခင်ဆွေဦးတို့နေတဲ့ တဲလေးဆီ ရောက်ပါတယ်။ ရောက်ရောင်ချင်း ခင်ပွန်းသည်က အလုပ်သမားတွေ စကားအမှားမပြောဖို့၊ သောက်စားမူးယစ်ခြင်း မပြုဖို့ ညတိုင်း တစ်နာရီလောက် စုဝေးပြီး ပရိတ်တရားနာကြဖို့ မကျန်းမာသူတွေရှိရင် ချက်ချင်းသတင်းပို့ဖို့၊ အိမ်ရေးဝအောင် အိပ်ကြဖို့ စတဲ့ အချက်တွေ ပြောပြပြီး စခန်းမှာ ခေတ္တနားပါတယ်။

အဲသည်အချိန်မှာပဲ ညီမငယ် ခင်ဆွေဦးက –

''အစ်မ . . . မနေ့က မိုးကြိုးပစ်ပြီး မိုးစဲသွားတော့ ကျွန်မတို့နေရာကနေ ရှေ့ဘက်လျှောက်သွားပြီး မီးရထားဝင်းကို လှမ်းကြည့်တော့ ဟာ . . . မီးခိုးလုံးကြီးတွေက တစ်အိမ်ဝင်တစ်အိမ်ထွက်နဲ့ လှည့်ပြီးဝင်နေတာတွေ့ရတယ် အစ်မရဲ့။ မီးခိုးလုံးကြီးတွေ ပျံတက်နေတာ ကျွန်မတွေ့နေရတယ်။ မကောင်းဆိုးဝါးတွေ ဝင်လာကြလား မသိဘူး။ ကျွန်မ သည်နေရာကိုရောက်စက တစ်ပတ်ကြာတဲ့အခါ နံနက် ၄ နာရီထိုးရင် တစ်အိမ်နဲ့တစ်အိမ် ဟစ်အော်ခေါ်သံ၊ လှည်းတွေမောင်းသွားတဲ့အသံ၊ ကလေးငိုသံ၊ ခွေးတွေဟောင်သံကြားရတော့ ကျွန်မစိတ်ထဲ ရွာရှိတယ်ထင်နေတာ။ ရွာကလူတွေ လယ်ထဲ၊ ကိုင်းထဲ ဆင်းတာသည်လောက်စောရသလားဆိုတဲ့အတွေးနဲ့ ကျွန်မတို့အလုပ်သမားကို မေးကြည့်မိတယ်။ သည်ရွာက လူတွေလယ်ထဲဆင်းတာ စောလိုက်တာ။ မင်းတို့သိကြလား။ ရွာက ဘယ်နားမှာရှိလဲဆိုတော့ ဟာ . . မဟုတ်တာ အစ်မကလည်း သည်နားပတ်ဝန်းကျင် ဘယ်ရွာမှ မရှိဘူး။ ကျွန်တော်တို့ စားစရာထွက်ရှာတာ တစ်တောလုံးကုန်အောင်ပတ်ရှာတာ ဘာရွာမှမရှိဘူး။ တောကြီးပဲဆိုတဲ့ အဖြေကိုရတာ။ ဒါကြောင့် ညီမတော့ လန့်သွားတာပဲ။ နေ့တိုင်း ပရိတ်ကြီး ၁၁ သုတ်နဲ့ ဓမ္မစကြာကို ရွတ်ဆိုပူဇော်ပြီး မေတ္တာပို့ အမျှဝေတယ် အစ်မရဲ့။ သည်ပတ်ဝန်းကျင်တွေမှာ အမြဲသတိရှိပြီး နေရတယ်''

ညီမငယ် ခင်ဆွေဦးရဲ့စကားကို ကြားရပြီးထဲက ကျွန်မ ယုံကြည်ပြီးသားပါ။ သည်ပတ်ဝန်းကျင်တွေဟာ ဗကပ ကြီးစိုးခဲ့တုန်းက လူသတ်ကုန်းတွေ ဖြစ်ခဲ့ဖူးတယ်လို့ ကြားခဲ့ရသလို၊ တစ်ရွာလုံး မီးရှို့သတ်ခဲ့တဲ့ ဆင်စွယ်ရွာ ရှိခဲ့တာလည်း ကျွန်မတို့ကို အိမ်မက်ပေးပြီး ပြခဲ့လို့ သိခဲ့ရပါတယ်။ ကျွန်မတို့ မရောက်ဖူးခဲ့တဲ့ နယ်မြေတွေမှာ မယုံကြည်နိုင်စရာကောင်းလောက်အောင် သမိုင်းတွေ ရှိခဲ့တယ်ဆိုတာ ကိုယ်တိုင်ရောက်ဖူး၊ ကြုံဖူး၊ တွေ့ဖူးမှပဲ သိခဲ့ရပါတော့တယ်။ ကျွန်မကတော့ ပုံတောင်ပုံညာဒေသကြီးအကြောင်းတွေးမိတိုင်း သတိတရ လွမ်းဆွတ်နေမိတာ ယနေ့ထက်တိုင်ပါ။

**မြမျက်ရှင်**



www.burmeseclassic.com

www.burmeseclassic.com

# ဒီးဒုတ်ဂျာနယ် မှ

# သည်းထိတ်ရင်ဖို ဝတ္ထုဆောင်းပါးအချို့

## တင်နိုင်တိုး

ဒီးဒုတ်ဂျာနယ်သည် ကိုလိုနီခေတ်က ထင်ရှားသော ဂျာနယ်ဖြစ်ပြီး အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုကိုယ်တိုင် စီစဉ်ထုတ်ဝေခဲ့သည့် ဂျာနယ်ဖြစ်ပါသည်။ ဒီးဒုတ်ဂျာနယ်သည် ဝံသာနုအရေးကို ဦးစားပေး ရေးသားထုတ်ဝေသည့် ဂျာနယ်ဖြစ်သော်လည်း တစ်ခါတစ်ရံ ဒီးဒုတ်ဂျာနယ်တွင် စိတ်ဝင်စားတွယ် သတင်းဆောင်းပါးများ၊ သည်းထိတ်ရင်ဖို ဝတ္ထုဇာတ်လမ်းများကို ထည့်သွင်းလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၂·၇·၁၉၂၅ ရက်စွဲပါ ဒီးဒုတ်ဂျာနယ်တွင် "ထူးဆန်းပေသည်"ဟု အမည်တပ်ထားသည့် "စိန်ရောင်ခြည်"၏ ဘာသာပြန်သတင်းတစ်ပုဒ်ကို တွေ့ရှိရပါသည်။ သတင်းက အောက်ပါအတိုင်း ဖြစ်သည်။

### "တစ္ဆေများ၏ဓာတ်ပုံ"

"မကြာမီအခါက အိန္ဒိယပြည်တွင် လာလာကန်ဒန်လာကပါ ဆိုသူ တိုင်းရင်းသားတစ်ယောက် ကွယ်လွန်အနိစ္စရောက်လေရာ ၎င်းလူမျိုးများ၏ ဓလေ့ထုံးစံအတိုင်း နံနက်မိုးသောက်၍ နေကိုမြင်ရသောအခါ ထိုကွယ်လွန်သူ၏ ရုပ်အလောင်းကို ဓာတ်ပုံရိုက်ပြီးမှ မီးသင်္ဂြိုဟ်ခြင်းပြုလေကြောင်း၊ ၎င်းနောက် ရုပ်အလောင်းကို ရိုက်ထားသော ဓာတ်ပုံကို ဆေးလိုက်သည့်အခါ ပုံတွင် အလောင်းမှတစ်ပါး အခြားသူငါးယောက်တို့၏ ပုံများလည်း ပါရှိနေသည်ကို တွေ့မြင်ရလေသည်။

အလောင်းကို ဓာတ်ပုံရိုက်သည့်အခါ မည်သူမျှ အလောင်းအနီး၌ မရှိသဖြင့် အဆိုပါ လူငါးယောက်တို့သည် မည်သူများဖြစ်လေသနည်းဟု သေချာစွာ စစ်ဆေးကြည့်ရှုရာ နှစ်ယောက်သောသူမှာ နှစ်ပေါင်းများစွာက သေဆုံးသွားကြသည့် ထိုသူ၏ သားနှင့် မယား၏ပုံများ ဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ကျန်သုံးယောက်မှာ မည်သူမည်ဝါဟု ခွဲခြား၍မပြောနိုင်အောင်ရှိသည့်အပြင် ငါးယောက်စလုံးတို့၏ပုံမှာ တစ္ဆေများ၏ ပုံသာလျှင် ဖြစ်ပေလိမ့်မည်ဖြစ်ကြောင်း။" ဟူ၍ ဖြစ်ပါသည်။

ယင်းသို့ ဓာတ်ပုံရိုက်ကူးစဉ် မပါဝင်ဘဲ ဖလင်ဆေးကူးသောအခါမှ ပေါ်လာသည့် တစ္ဆေပုံမျိုးနှင့် ပတ်သက်၍ ကမ္ဘာပေါ်၌ ဖြစ်ပွားခဲ့ဖူးကြောင်း ဆောင်းပါးအချို့တွင် ဖတ်ရှုရဖူးပါသည်။ ၁၉၂၄ ခု၊ ဒီဇင်ဘာလ ၂၄ ရက်က အမေရိကန်နိုင်ငံ ရေနံတင်သင်္ဘော S.S Watertwon တွင် ကွယ်လွန်သွားသည့် သင်္ဘောသားနှစ်ဦးအား နှစ်မြှုပ်သင်္ဂြိုဟ်ပြီးနောက်ပိုင်း ရိုက်ကူးသည့် ဓာတ်ပုံများ၌ ပါဝင်နေသဖြင့် ဟိုးလေးတကြော် ဖြစ်ခဲ့ရဖူးပါသည်။ ဤသို့သော အဖြစ်အပျက်မျိုးက မှတ်တမ်းများနှင့် တကွ အခိုင်အမာရှိနေပေသည်။ ယင်းသို့သော သတင်းတစ်ပုဒ်ကို ဒီးဒုတ်ဦးဘချိုက ဒီးဒုတ်ဂျာနယ်တွင် ဘာသာပြန်ဆို ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။



ဒီးဒုတ်ဦးဘချို

www.burmeseclassic.com

ဒီးဒုတ်ဂျာနယ် (၁၆ ·၈ ·၁၉၄၁)ထုတ်တွင်လည်း ဒီးဒုတ်ဦးဘချိုကိုယ်တိုင် "စပယ်"ကလောင်အမည်ဖြင့် "ထမင်းလုံးတစ္ဆေ"ဝတ္ထုကို ရေးသားဖော်ပြခဲ့ဖူးပါသည်။ ဝတ္ထုကလေးက စိတ်ဝင်စားဖွယ် ကောင်းလှပြီး၊ သည်းထိတ်ရင်ဖိုဝတ္ထုတစ်ပုဒ်လည်း ဖြစ်ပါသည်။ ဇာတ်လမ်းအရ အစိုးရဝန်ထမ်းအရာရှိငယ်တစ်ဦးဖြစ်သူ ခင်အောင်သည် မိုးသည်းထန်စွာရွာသော ညတစ်ညတွင် သေွးထွက်သံယို စုံထောက်ဝတ္ထုဖတ်ရင်း အိပ်ချင်လာသဖြင့် ည၌ ၁ ချက်တီးခန့်တွင် အိပ်ရာဝင်လိုက်၏။ အိပ်ပျော်သွားသည်နှင့် အိပ်မက် မက်တော့သည်။

အိပ်မက်ထဲတွင် မိုးရွာနေ၍ အပြင်မထွက်နိုင်ဖြစ်နေသည်ကို အရှုံးမပေးလိုသဖြင့် ည ၃ နာရီခန့်တွင် တရုတ်တန်းသို့ ဆန်ပြုတ်သွားသောက်ရန် ထွက်လာခဲ့သည်။ လမ်းတွင် အမှုးသမားတစ်ဦးနှင့် တိုက်မိရာမှ စကားများပြီး၊ အမှုးသမားအား ခင်အောင်က ခါးတွင်ထိုးလာသော ဓားနှင့် အချက်များစွာ ဆင့်ထိုးလိုက်ရာ အမှုးအသား လဲကျသေဆုံးသွားတော့သည်။

တောင်မြောက်လေးပါး အခြေအနေကိုကြည့်၍ ဆန်ပြုတ်သောက်ရန် ဆက်မသွားတော့ဘဲ အိမ်သို့ပြန်လာကာ သွေးစွန်းနေသော အင်္ကျီ၊ လုံချည်ကို တန်းထက်တင်ပြီး ပြန်ဝင်အိပ်လိုက်သည်။ နံနက်နေမြင့်မှ တပည့်ဘသိန်း လာနှိုးကာ လက်ဖက်ရည်ပွဲနှင့် သတင်းစာထားခဲ့ပြီး ပြန်ထွက်သွားသည်။ လက်ဖက်ရည်သောက်ရင်း ညကသည်းထိတ်ရင်ဖိုဝတ္ထုဖတ်မိကာ အိပ်မက်ဆိုး မက်ခဲ့ခြင်းဖြစ်မည်ဟု တွေးမိလိုက်သည်။ ထိုစဉ် အိပ်ခန်းမီးလင်းနေသည်ကို သတိပြုမိလိုက်သည်။ ညက အမှုးသမားအား သတ်ပြီးပြန်လာစဉ် မီးမပိတ်ဘဲ အိပ်မိခဲ့ခြင်းဖြစ်မည်။ အိပ်ရာမှယောင်၍ ထသွားကာ လူသတ်ခဲ့လေသလောဟု ခင်အောင် မိမိကိုယ်ကို သံသယဖြစ်သွား၏။

သို့ဖြင့် အဝတ်များကိုကြည့်လိုက်ရာ သွေးစွန်းနေသဖြင့် ထိတ်လန့်သွားပြီး တပည့်ဘသိန်းမသိအောင် ထုပ်ပိုးကာ သားရေအိတ်ကြီးတွင်ထည့်ပြီး အရေးကြီးကိစ္စရှိ၍ အင်းစိန်အမိန့်တော်ရ ဦးဖော့အိမ် သွားမည်ဆိုကာ ထွက်သွားသည်။ ဦးဖော့ထံရောက်တော့ ဗေဒင်ဆရာက တစ်ညအိပ်ခရီးထွက်ရမည်ပြော၍ လာခဲ့ကြောင်းဆိုသည်။ ထို့နောက် အင်္ကျီနှင့် လုံချည်ကို စက္ကူနှင့် သေသေချာချာ ပါဆယ်ထုပ်သဏ္ဌာန်ထုပ်လျက် လူရှင်းရာ ရေကန်တွင်း သွားပစ်မည် စီစဉ်လိုက်သည်။ ဦးဖော့အိမ်မှအထွက် ဇနီးဒေါ်မယ်က မေး၍ စာတိုက်သွားမည်ဟု ပြောရသေး၏။

အဝတ်အစားများ ဖျောက်ဖျက်အပြီး အင်းစိန်တွင် တစ်ညအိပ်ကာ ရန်ကုန်သို့ လော်ကယ်ရထားဖြင့် ပြန်ခဲ့သည်။ လမ်းတွင် သတင်းစာဝယ်ဖတ်ရာ ရုပ်ရှင်ရုံရှေ့ ဓားထိုးမှုသတင်းက ပါလာသည်။ အလောင်းတွင် "ပျော်ဘွယ်ဆရာရှိန်း"စာတမ်းပါ ဓားမြှောင်သဲလွန်စ ကျန်ခဲ့ကြောင်း ဖတ်ရမှ ကြောက်အားလန့်အားနှင့် ကျန်ခဲ့လေခြင်းဟု သတိရမိသည်။

သတင်းစာတွင် ဓားမြှောင်မှာ ဆပ်ပါးမိုင်းနားတပ်အတွက် အလက် ၁၀၀ ကျော်ရှိကာ ယမန်နှစ်က ဝေငှပေးခဲ့ကြောင်း၊ မည်သူ့ပစ္စည်းဟု သိနိုင်ရန် ခဲယဉ်းကြောင်း ပါရှိ၏။ ခင်အောင်အိမ်သို့ပြန်ရောက်ပြီး ၁၀ ရက်ခန့်အကြာတွင် ရုံးသို့ စုံထောက်ဗိုလ်ဗြာနက လာမေးသည်။ အစိုးရက ဓားမြှောင်အလက် ၁၀၀ မှာကာ ဆပ်ပါးမိုင်းနားတပ်သားများကို ထုတ်ဝေပေးခဲ့ရသူ တာဝန်ခံအဖြစ် ခင်အောင်ကို လာရောက်မေးမြန်းခြင်း ဖြစ်သည်။ ဓား ၂၅ ချောင်းပို၍ ရုံးသူရုံးသားများ ဝေယူကြကြောင်းလည်း စုံထောက်ဗြာနက သိနေသည်။

ဘသိန်းကလည်း နေ့လယ်က စုံထောက်နှစ်ယောက် အိမ်လာရှာသွားကြောင်း ဆိုသည်။ နောက်ဆုံး အင်းစိန်ဦးဖော့အိမ်၊ ထို့နောက် ရေကန်ကို ပိုက်ဆွဲရှာရာမှ ခင်မောင်၏ နာမည်ထိုးထားသော တံဆိပ်နှင့် ရုပ်အင်္ကျီ၊ လုံချည်တို့အား သွေးစွန်းလျက် တွေ့ရတော့သည်။ ခင်အောင်ကို ပုလိပ်က ဖမ်းဆီးပြီး လူသတ်မှုဖြင့် ကြိုးစင်တင်သည်။ လည်ပင်းကို ကြိုးကွင်းစွပ်စဉ် ရှန်းကန်လိုက်သဖြင့် ထွေးလုံးရစ်ပတ်ဖြစ်နေစဉ် ခင်အောင် အိပ်ရာက လန့်နိုးသွားသည်။ ရုံးချိန်နီး၍ တပည့်ဘသိန်းက လာနှိုးခြင်း ဖြစ်ပါသည်။

ထိုအခါကျမှ ခင်အောင် အိပ်မက်မက်ကာ အိပ်ရာမှ နိုးလာပြီးနောက် သတင်းစာဖတ်မည်အပြုတွင် ထပ်မံအိပ်ပျော်သွားပြန်ကာ အိပ်မက်ဆက်မက်ခြင်း ဖြစ်ကြောင်း သိရတော့သည်။ သတင်းစာကို လှမ်းကြည့်လိုက်တော့ ရုပ်ရှင်ရုံရှေ့ လူသတ်မှုခေါင်းစဉ်တွေ့ရ၍ အံ့ဩသွားမိသည်။ ရက်စွဲကိုကြည့်လိုက်မှ သတင်းစာက အင်္ဂါနေ့ထုတ်ဖြစ်ပြီး၊ သတင်းခေါင်းစဉ်ကို ဖတ်မိရာမှ အိပ်မက်မက်ခဲ့ကြောင်း သိရလေတော့သည်။

ဆရာကြီးဒီးဒုတ်ဦးဘချို၏ ဝတ္ထုကို ဖတ်ရသည်မှာ သည်းထိတ်ရင်ဖိုရှိလှသည်။

**တင်နိုင်တိုး**

<u>ကျမ်းကိုး</u>

၁။ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို(သခ်ီ)
၂။ ဖလင်ထဲက တစ္ဆေများ (အောင်သန်းချစ်)
သွေရွှ၊ ၂၀၁၀၊ မေ။



www.burmeseclassic.com

www.burmeseclassic.com

# သတဘိသျှနက္ခတ်ဖွားများအတွက် ဟောကိန်း

## (နက္ခတ် ၂၄ လုံး၊ ဘီလူးနက္ခတ်)

ကာလီဒါ့ချ်(မြန်မာပြည်)

**သတဘိသျှနက္ခတ်**

မြန်မာ့နက္ခတ် ၂၇ လုံးထဲတွင် တစ်လုံးအပါအဝင် ဖြစ်ပြီး၊ အာပေါ ရေဓာတ်ကို စိုးမိုးထားသော နက္ခတ်ဖြစ်သည်။ အဘိဓာန်ဋီကာကျမ်းက မြောက်မြားစွာသော ဘေးအပေါင်းတို့ကို အစိုးရသောနက္ခတ်ဟု ညွှန်းဆိုထားပြီး၊ ရာဇမတ္တဏ်ကျမ်း၌ လုံးရေမည်မျှဟူ၍ မပြ။ ဆန်ကို ကြဲထားသည့်သဏ္ဌာန်၊ လယုသင်္ဂဟ၌မူ လုံးရေများပြားသော ပန်းဝတ်မှုန်သဏ္ဌာန်၊ အာကာသသျှတ္တရကျမ်း၌ကား ၆ လုံး ဆီပွတ်ဆုံသဏ္ဌာန်ဟူ၍ ပြဆိုထားကြကုန်၏။ မြန်မာတို့က ဆီဆုံနက္ခတ်ဟု သိထားကြပြီး၊ "သတဘိသျှ ၆ လုံးရှ တူမျှဆုံကြီးလို" ဆိုသော အဆိုလင်္ကာရှိလေ၏။ သတဘိသျှနက္ခတ်သည် ကုံရာသီရုပ်ပုံအိုးကိုင်ရေလောင်းနေသူ၏ လည်ပင်းနေရာတွင် စုပေါင်းထိန်လင်းနေသော ကြယ်စုဖြစ်လေသည်။ ဤနက္ခတ်တွင် ကြယ် ၆ လုံး ပေါင်းစည်းပါဝင်ထားသည်။ ကုံရာသီပိုင်၍ နက္ခတ်ဝလီသင်္ချာအမှတ်စဉ် ၂၄ ဖြစ်ပြီး၊ ဘီလူးနက္ခတ်ဖြစ်သည်။ ကုံရာသီအိမ်အတွင်း ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၁၀ ရက်အတွင်း ကျရောက်သော အာကာသပိုင်နယ်နိမိတ် သတဘိသျှနက္ခဟ်က ပိုင်ဆိုင်စိုးမိုးထားလေ၏။ သို့ဖြစ်၍ ထိုအာကာသ နယ်နိမိတ်အတွင်း စန်းခေါ် လမင်းစန္ဒာ ကြွချီလာနေစဉ် ကြုံကြိုက်မွေးဖွားလာသူများကို သတဘိသျှစန်းယှဉ်နက္ခတ်ဖွားများ (သို့) နက္ခတ် ၂၄ လုံး၌ ဖွားမြင်သန့်စင်လာသူများဟု ခေါ်ဆိုကြ၏။ သတဘိသျှနက္ခတ်ရှင်များသည် အမှန်တရားကို ထိန်းသိမ်းတည့်မတ်ပေးရသော ဥပဒေဘက်တော်သားများဖြစ်ကြလိမ့်မည်။ ရဲရင့်ပြတ်သားကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်ကြမည်။ အမှန်တရားကို လိုက်နာလိုကြသူများအဖြစ် ထင်ရှားကျော်ကြားတတ်ပြီး အများ၏ ချစ်ခင်လေးစားမှုကို ရရှိသော အုပ်ချုပ်သူအကြီးအကဲများ ဖြစ်ရတတ်သည်။ သတဘိသျှနက္ခတ်သည် တရားဥပဒေနက္ခတ်ဖြစ်ပြီး ဤနက္ခတ်ရှင်များ၏ ဘဝခရီးလမ်း အနိမ့်အမြင့်သည် အောက်ပါအတိုင်းဖြစ်ရပါလိမ့်မည်။

**စိတ်ကူးနှင့် အတွေးကမ္ဘာ**

ဤနက္ခတ်ရှင်များသည် မည်သို့သော ဒုက္ခဆင်းရဲ ပြဿနာကြီးငယ်မျိုးစုံနှင့် တွေ့ကြုံရသည်ဖြစ်စေ ခေါင်းမရှောင် နောက်မတွန့်တမ်း ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းနိုင်ကြသူများ ဖြစ်သည်။ ပြတ်သားသော ဆုံးဖြတ်ချက်များအတွက် အကျိုးအမြတ် ပြည့်ပြည့်ဝဝ ခံစားရပြီး အများက လေးစားထင်ပေါ် ကျော်ကြားကြလိမ့်မည်။ အလုပ်မျိုးစုံတို့၌ အမြည်းသဘော တီးမိခေါက်မိ လေ့လာဆည်းပူးထားတတ်သူများ ဖြစ်ကြသည်မို့ သုတကြွယ်ဝပြီး ပညာနယ်ပယ် နက်ရှိုင်းကျယ်ဝန်းတတ်မည်။ သတဘိသျှနက္ခတ်ရှင်များသည် အပြင်ပန်းကကြည့်လျှင် မထုံတက်သေး အေးတိအေးစက် ထင်ရပေမဲ့ တကယ့်အတွင်းသန္တာန်၌မူ လျင်မြန်စူးရှ၍ ဖျတ်လတ်တက်ကြွသူများ ဖြစ်ပြီး အကင်းပါးလျက် လူကဲခတ်ကောင်းသူများလည်း ဖြစ်ကြသည်။ ဘာသိဘာသာ ရေမြေပမာ မာန်လျှော့နေထိုင်တတ်ကြသော်လည်း မိမိတို့၏ အမျိုးနှင့် နိုင်ငံအရေးကြုံလာလျှင် ကိုယ်ကျိုးကိုမငဲ့ဘဲ ရှေ့တန်းက ပါဝင်တတ်သည့် မြွေဟောက်ကဲ့သို့သော ပုဂ္ဂိုလ်ထူးများဖြစ်ကြသည်။ သို့ဖြစ်၍ ဤနက္ခတ်ရှင်များ၏ စိတ်နေစိတ်ထားအတွင်းသန္တာန်ကို ရုပ်ခန္ဓာနှင့် တွဲဖက်မှတ်ယူနိုင်ရန် ခက်ခဲလိမ့်မည်။ မကောင်းစကား မကောင်းသတင်း မကြားလိုကြသလို မိမိတို့ကိုယ်၌ကလည်း မျှော်လင့်ချက်ရှိသော ကောင်းစကား၊ ကောင်းသတင်းများကိုသာ ပြောကြားတတ်မည်။ မည်သည့်ကိစ္စမျိုး၌ဖြစ်စေ ရဲရဲရင့်ရင့် မဖြစ်မနေ ကြိုးစားအားထုတ် လုပ်ကိုင်သွားလျှင် "မဖြစ်နိုင်ဘူး" ဆိုတာ မရှိနိုင်ဟူသော ဒဿနရှင်များ ဖြစ်ကြသည်။

**အလုပ်နှင့် ဘဝတက်လမ်း**

အလုပ်တစ်ခုကို စမလုပ်မီ ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်



www.burmeseclassic.com

www.burmeseclassic.com

ကို အချိန်ယူစဉ်းစားတတ်ကြသော်လည်း အလုပ်ထဲ တကယ် ထဲထဲဝင်ဝင် လုပ်ကိုင်ရပြီဆိုလျှင် မည်သည့်အခက်အခဲမျိုးကို မှု မမှုဘဲ အောင်မြင်ပြီးမြောက်သည်အထိ လုပ်ကိုင်သွားတတ်ကြသူများဖြစ်၍ အများက အံ့သြယူရတတ်မည်။ ဤနက္ခတ်ရှင်များသည် စည်းဘောင်အတွင်းက လုပ်ကိုင်ရသော လခစား ဝန်ထမ်းအလုပ်မျိုးထက် လွတ်လပ်၍ စည်းကလနား အချုပ်အချယ်ကင်းသော ကိုယ်ပိုင်အလုပ်မျိုးကို ရွေးချယ်လုပ်ကိုင်ရလျှင် ပိုမိုအကျိုးဖြစ်ထွန်းစေလိမ့်မည်။ မည်သည့်လုပ်ငန်းမျိုး၌ဖြစ်စေ မိမိတို့လုပ်ငန်းကဲ့သို့ အပင်ပန်းခံ လုပ်ကိုင်ပေးတတ်သူများဖြစ်ကြသည်မို့ မည်သည့်အရပ်ဒေသ၌ဖြစ်စေ အလုပ်မရှား၊ အောင်မြင်ကြီးပွားနိုင်လိမ့်မည်။ ဤနက္ခတ်ရှင်တို့သည် ဆေးဝါး အမျိုးမျိုးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရသောလုပ်ငန်း၊ စာပေဆိုင်ရာလုပ်ငန်း၊ စီးပွားရေးအစုအဖွဲ့လုပ်ငန်းအမျိုးမျိုး၊ ရွှေ့ပြောင်းလုပ်ငန်းများနှင့် အကျိုးပေးကောင်းစားနိုင်မည်။ နိုင်ငံ့တာဝန်များတွင် ဂုဏ်ထူး၊ ဘွဲ့ထူးများရရှိတတ်ပြီး အများက ချစ်ခင်လေးစားရသော ခေါင်းဆောင် အကြီးအကဲ ဖြစ်ရတတ်သည်။ ကြိုးစားမှုအားသာလိုအပ်သည်။

## အချစ်နှင့် အိမ်ထောင်ရေး

ဤနက္ခတ်ရှင်များသည် လူကြီးမိဘတို့က သဘောတူ စီမံပေးစားသော အိမ်ထောင်ဖက်မျိုးနှင့် အိမ်ထောင်ပြုရသူ ဦးရေများတတ်သည်။ ချစ်သူနှင့် မဆုံစည်းရသော်လည်း အိမ်ထောင်ဖက်များသည် သူတို့ကိစ္စအတွက် မပူပင်ဘဲ မိမိတို့ အရေးကိစ္စများကိုသာ ဦးစားပေး စိုးရိမ်ပူပန်ပေးတတ်ပြီး အထူး အနစ်နာခံ၍ စေတနာထားတတ်သော အိမ်ထောင်ဖက်မျိုး ဖြစ်ရတတ်မည်။ အိမ်ထောင်ပြုပြီးလျှင် ယောက်ျားဖြစ်က အမျိုးသမီး၏ မိဘပိုင်အိမ်၊ မိန်းမဖြစ်က အမျိုးသား၏ မိဘ အရိပ်တွင် ခေတ္တ (သို့) ယာယီနေထိုင်ခိုနားရပြီးမှ ကိုယ့်အိုးကိုယ့်အိမ်သို့ အတည်တကျ ပြောင်းရွှေ့နေထိုင်ရကိန်း ကြုံရတတ်သည်။ ငယ်ရွယ်စဉ် (သို့) အရွယ်လတ်ပိုင်းတွင် အိမ်ထောင်ပြုရသူ များတက်ပြီး သက်ကြီးပိုင်းတွင် ဖူးစာဆုံရသူ ဦးရေ နည်းပါးလိမ့်မည်။ နှစ်ဖက်သော မိဘတို့ထံမှ အမွေအနှစ်များ ဆက်ခံနိုင်ခွင့်ကြုံတတ်ပြီး သားသမီးနှစ်ယောက်ထက် မနည်း ထွန်းကားတတ်သည်။

အိမ်ထောင်ခိုင်မာတည်မြဲ၍ မိရိုးဖလာ အစဉ်အလာများကို စောင့်ရှောက်ထိန်းသိမ်းကြသူများ ဖြစ်မည်။ သတ္တဘိသျှနက္ခတ်သည် ဘီလူးနက္ခတ်ဖြစ်သောကြောင့် ဘီလူးနက္ခတ်တူချင်း ထိမ်းမြားအိမ်ထောင်ပြုခြင်းသည် အကောင်းဆုံး ဖြစ်မည်။ နက္ခတ်တူ ရေစက်မဆုံနိုင်က နတ်နက္ခတ်ကို ရွေးချယ် အိမ်ထောင်ပြုသင့်သည်။ ဘီလူးသည် လူကိုစားတတ်သော အစဉ်အလာရှိသဖြင့် လူနက္ခတ်ကို ရှောင်ရမည်။

## ပညာရေး

စိတ်မှတ်ကောင်းပြီး ဉာဏ်အလွန်ထက်မြက်သူများ ဖြစ်သော်လည်း ကျောင်းသင်ခန်းစာ၌ ပျင်းရိပေါ့ဆတတ်သောကြောင့် မျှော်မှန်းထားသော အဆင့်နှင့် လွဲတတ်မည်။ တကယ် လက်တွေ့၌ စိတ်ပါလက်ပါ ကြိုးစားမည်ဆိုပါက ပညာရေး၌ ထိပ်ဆုံးက အောင်မြင်နိုင်လိမ့်မည်။

## ကျန်းမာရေး

ဤနက္ခတ်ရှင်များသည် သွေးနှင့်ပတ်သက်သော ရောဂါ၊ လိပ်ခေါင်းရောဂါ၊ ဂရင်ဂျီနာရောဂါ ဝေဒနာများ စွဲကပ် ခံစားရတတ်သည်။ သို့ဖြစ်၍ ပေါ့ပါးသော ကိုယ်လက်လှုပ်ရှား အားကစားဝာစ်ခုခုကို လုပ်ဆောင်ပေးသင့်သည်။ အထိုင်များ သော အလုပ်မျိုးကို ရှောင်ရှားရမည်။ အလုပ်မရှိ ပျင်းရိလေး ကန်နေလျှင် စိတ်ထဲက ရောဂါပွားနေသူများဖြစ်သောကြောင့် အလုပ်ရှိနေခြင်းက ကျန်းမာရေးအတွက် အကျိုးရှိနိုင်မည်။

## ရှောင်ရန်၊ ဆောင်ရန်

အလုပ်တစ်ခုပြီးတစ်ခု မကြာခဏ ပြောင်းလဲလုပ်ကိုင် ခြင်းနှင့် အထိုင်များသော အလုပ်မျိုးကို ရှောင်ကြဉ်ရမည်။ ဘဝတစ်သက်တာ ဆောင်ထားရမည့် ရတနာသည် ရွှေဖြစ် သည်။ ရွှေတွင်းဝါကျောက်ကို ရွှေနှင့်ကွင်း၍ ဝတ်ထားနိုင်သည်။ လာဘ်စန်းပွင့်စေမည့် အကျိုးပေးအရောင်သည် အဖြူရောင်ဖြစ် ပြီး အခြားနုနုလွင်လွင်အရောင်များကိုလည်း ဝတ်ဆင်နိုင်သည်။ ကျန်းမာရေး၊ စီးပွားရေး အလုပ် ... ကြုံအစည်ကောင်း အညံ့ကြုံရပါက ဘုရားတွင် ပန်းသက်စေ့ ကပ်လှူပူဇော်၍ ငါးသက်စေ့ ရေအရှင်တွင် ဘေးမဲ့လွှတ်ပေးပြီး ဆုတောင်းလျှင် ဘေးဘယာဝေးကွာ၍ ချမ်းသာသုခမြဲစေမည်။ သတ္တဘိသျှ နက္ခတ်ရှင်များသည် မိဘကျေးဇူးကြောင့် ဘဝပန်းဝေဆာ၍ စိတ်နှလုံးရွှင်လန်းပြီး အောင်မြင်ပြည့်စုံသူများ ဖြစ်ရပါလိမ့်မည်။

နိဝိတဖြင့် ...

**ကာလီဒါ့ချ်(မြန်မာပြည်)**



www.burmeseclassic.com

www.burmeseclassic.com

# စတုတ္ထဂျာမဏီနိုင်ငံ နှင့် နာဇီ မျိုးဆက်သစ်များ

လှမိုး(ပညာရေး)

၁၉၀၄ ခုနှစ်ကုန်ဟု ထင်မိသည်။ နေ့လရက်ကိုမူ တိတိကျကျ မမှတ်မိတော့။ ကျွန်တော်သည် မြန်မာနိုင်ငံ စာပေလောကတွင် နေမင်းတစ်ဆူဟု ဟိုးဟိုးကျော်နေသော စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏ "ကမ္ဘာ့ရန်သူ"ဟူသော ဒုတိယကမ္ဘာစစ်ကြီးကာလကို နောက်ခံထား၍ နာဇီဂျာမဏီနိုင်ငံအတွင်း ကြုံတွေ့ခဲ့သော လွမ်းမောတသဖွယ် မိသားစုတစ်စု၏ အချစ်ဇာတ်လမ်းကို ဖန်တစ်ရာတေအောင် ဖတ်ရှုမိခဲ့သည်။ ထိုစဉ်ကာလက နာမည်ကျော် စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးသည် အရောင်းရစံချိန်တင်ရသည့် ဂုဏ်မြင့်သူ၊ ဂုဏ်နိမ့်သူ၊ ဖေ့သည်းချာ၊ မိန်းမဘဝ၊ တစ်သစ်လျှာစသော လွမ်းမောတသဖွယ် အချစ်ဇာတ်လမ်း ဝတ္ထုကြီးများကိုသာ ရေးသားထုတ်ဝေနေသော စာရေးဆရာမကြီးတစ်ဦးဖြစ်ပါသည်။

ဤကဲ့သို့ စာရေးဆရာမကြီးတစ်ဦးသည် နာဇီဂျာမဏီနိုင်ငံတွင် နာဇီပါတီ၏ ထိပ်သီးခေါင်းဆောင်များ၏ စည်းရုံးမှုစွမ်းရည်ကြောင့် ဂျာမန်လူငယ်အများသည် မိဘဆွေမျိုးများ၊ ချစ်သူများထက် နာဇီပါတီကြီးပွားတိုးတက်ရေး၊ တတိယ ဂျာမဏီနိုင်ငံတော် တိုးတက်ရေးကို အလေးထားပုံ၊ နာဇီခေါင်းဆောင်များ၏ နာဇီဝါဒ မှိုင်းမိမှုကြောင့် နာဇီဝါဒအား ဆန့်ကျင်သော မိမိတို့၏ ငယ်ပေါင်းမိတ်ဆွေများ၊ မောင်နှမသားချင်းများအား နာဇီဆန့်ကျင်



www.burmeseclassic.com

သူများဟု ဆိုကာ သက်ဆိုင်ရာ နာဇီအက်(စ်)အက်(စ်)ဂက်စတာပိုများထံ အပ်နှံပုံ၊ နာဇီအက်(စ်)အက်(စ်)ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက မိမိတို့ ဂျာမန်လူမျိုးအချင်းချင်းကိုပင် ရက်ရက်စက်စက် သတ်ဖြတ်နှိပ်စက်ကြပုံ၊ သမိုင်းအဆက်ဆက် ကြောင့်ကြမ့်ကင်းစွာ ဂျာမဏီနိုင်ငံတွင် နေထိုင်ခဲ့ကြသော ဂျူးလူမျိုးမှန်လျှင် ကြယ်ဝါတပ်ဆင်ထားကြရပုံ၊ ဂျူးမှန်လျှင် ဘိုင်စကယ်သာစီးရမည်၊ ဓာတ်ရထား မစီးရ၊ မော်တော်ကားမမောင်းရ။ နေ့ ၃ နာရီမှ ၅ နာရီအတွင်းသာ ဈေးဆိုင်များသို့သွား၍ ဈေးဝယ်ခြမ်းခွင့်ရှိသည်။ ဈေးဝယ်သောအခါ "ဂျူးလူမျိုးများအတွက်ဆိုင်"ဟု သီးသန့်စာတန်းထိုးထားသော ဆိုင်များတွင်သာ ဝယ်ရမည်။

ည ၈ နာရီထိုးသည်နှင့် ဂျူးလူမျိုးတိုင်း မိမိတို့အိမ်များအတွင်း၌သာ နေရမည်။ ည ၈ နာရီကျော်သည်နှင့် ဂျူးများခြံဝင်းအတွင်းနေထိုင်ခွင့်မရှိ။ ဂျူးမှန်လျှင် ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် အခြားပျော်ပွဲရွှင်ပွဲနေရာများသို့ မသွားရ။ အားကစားပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရ။ ရေကူးကန်များ၊ တင်းနစ်ကွင်းများ၊ ဟော်ကီကွင်းများတွင်လည်းကောင်း၊ အခြားအားကစားကွင်းများသို့လည်းကောင်း သွားခွင့်မပြု။ ဂျူးမှန်လျှင် ခရစ်ယာန်ဘာသာဝင်များဆီသို့ မသွားရ၊ ဂျူးကလေးငယ်များသည် ဂျူးကျောင်းမှာပင် တက်ရမည် စသည်ဖြင့် ချုပ်ချယ်မှုတွေခံနေရသော ဂျူးလူမျိုးများအကြောင်း ဖတ်ရှုရသောအခါ ထိတ်လန့်ချောက်ချားဖွယ် ဖြစ်ခဲ့သည်။

ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ ဝတ္ထုရေးနည်းအတတ်ပညာကြောင့် သူ့ဝတ္ထုမှာ အသက်ဝင်လျက်ရှိရာ ယနေ့ထိ သူ့ဝတ္ထုပါ ဇာတ်လမ်းဇာတ်ကွက်အချို့ကို မှတ်မိလျက်ရှိနေ၏။ ထိုစဉ်က ဆရာကြီး ဒဂုန်ခင်ခင်လေး၏ "ကမ္ဘာ့ရန်သူ"ဝတ္ထုသည် အုပ်ရေ တစ်သိန်းကျော် ရောင်းချခဲ့ရသည်ဟု ဆိုသည်။ အံ့ဖွယ်သူရဲ ဖြစ်၏။

ထိုစဉ်က ဗြိတိသျှအစိုးရသည် အထက်ဖော်ပြပါ စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးရေးသော "ကမ္ဘာ့ရန်သူ"ဝတ္ထုကြီးအား နာဇီဂျာမဏီဆန့်ကျင်ရေး ဝါဒဖြန့်ရန် ရည်ရွယ်၍ အုပ်ရေအမြောက်အမြား ဝယ်ယူပြီး မြန်မာနိုင်ငံကျေးရွာများအရောက် ဖြန့်ချိခဲ့သည်ဟု သိရသဖြင့် ဤစာအုပ်မှာ အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေသည့် စာအုပ်ဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ ကျေးဇူးကြောင့် ကျွန်တော်တို့အဖို့ နာဇီဖက်ဆစ်ဝါဒဆိုးကို အတော်အသင့် သိခွင့်ရခဲ့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်မီးကြီး ဥရောပတိုက်တွင် စတင်တောက်လောင်လာခဲ့သည်နှင့်




အိုက်(ခ်)မန်း ကြိုးပေးခံရသောနေ့ အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com




၁၉၄၁ ခုနှစ်ကုန်တွင်မူ နာဇီဂျာမန်တို့ အဖို့ အောင်ပွဲခံရန် သေချာသလောက် ဖြစ်ခဲ့၏။ ဩစတီးယား၊ ပိုလန်၊ ဟော်လန်၊ ဒိန်းမတ်၊ ဘယ်(လ်)ဂျီယန်၊ လူဇင်ဘတ်၊ ဟန်ဂေရီ စသော နိုင်ငံများမှာ နာဇီဂျာမန်တို့၏ လျှပ်တစ်ပြက်စစ်ဆင်ရေးဒဏ်ကို မခံနိုင်ကြ။ အချို့နိုင်ငံတို့မှာ တိုက်ပွဲစပြီး ၂၄ နာရီအတွင်း နာဇီဂျာမန်တို့ထံ လက်နက်ချခဲ့ကြရတော့သည်။ အစဉ်အလာကြီးမားသော ပြင်သစ်နိုင်ငံတော်ကြီးမှာ ရက်သတ္တပတ်အတွင်း လက်နက်ချခဲ့ရသည်။ နေမဝင်သော အင်ပါယာကြီးကို ပိုင်ဆိုင်၍ ထိုစဉ်က ကမ္ဘာ့နိုင်ငံအသီးသီးက ဆူပါပါဝါဟုဆိုကာ မော့ကြည့်ခဲ့ရသော အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံ ဖြစ်ခဲ့ရတော့၏။

အဘယ်ကြောင့်ဆိုသော် ဗြိတိသျှတပ်များသည် လက်နက်ကြီးများ၊ အမြောက်ကြီးများ၊ သံချပ်ကာ မော်တော်ကားများ၊ တင့်ကားများကို ဥရောပတိုက် အနောက်ဘက် ဒန်းကပ်စစ်မျက်နှာတွင် စွန့်ပစ်ခဲ့ကြပြီး ဖရိုဖရဲဖြင့် အင်္ဂလန်နိုင်ငံသို့ ဆုတ်ခွာလာခဲ့ရသည်။ ဥရောပတိုက်နိုင်ငံအများမှာ နာဇီဂျာမန်တို့၏ စကြာတံဆိပ်အောင်လံတော်အောက် ရောက်ခဲ့ရတော့သည်။

၁၉၄၁၊ ဒီဇင်ဘာလတွင်မူ ဂျာမဏီနိုင်ငံသည် အမေရိကန်ပြည်ထောင်စုကိုပါ စစ်ကြေညာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးကို မီးကုန်ယမ်းကုန် ဆင်နွှဲခဲ့တော့သည်။ ထိုစဉ်ကာလက နာဇီပါတီ ထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်သော ဟင်မလာ၏ တာဝန်မှာ ဥရောပတိုက်နိုင်ငံအသီးသီးမှ ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်း၍ ဂျူးလူမျိုးတို့ ပိုင်ဆိုင်သော ရွှေငွေရတနာများ၊ အဖိုးတန်အနုပညာပစ္စည်းများအား နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းရန်ဖြစ်သည်။ ဟင်မလာမှာ ရက်စတာပိုခေါ် နာဇီအက်(စ်)အက်(စ်) အထူးထောက်လှမ်းရေးအဖွဲ့၏ တပ်မှူးကြီးဖြစ်သည်။

နာဇီတို့သည် ဂျူးလူမျိုးများအား သုတ်သင်သတ်ဖြတ်ရာတွင် ဂျာမဏီနိုင်ငံသားများ၏ မျက်ကွယ်တွင်သာ ပြုလုပ်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများ၊ ဂျာမဏီနိုင်ငံအတွင်းမှ အများပြည်သူများအား ဂျူးလူမျိုးအများအား စနစ်တကျ နေရာချထားပေးခြင်း၊ သို့မဟုတ် စနစ်တကျ လုပ်အားပေးစခန်းများတွင် အနားယူစေခြင်းပြုလုပ်သည်ဟု သတင်းကောင်းများ လွှင့်ထုတ်ခဲ့ပြီး ဂျာမဏီနိုင်ငံအပါအဝင် နိုင်ငံအများတွင် ချွေးတပ်စခန်းများဖွင့်ထားခဲ့သည်။ အမှန်အားဖြင့် ထိုစခန်းများတွင် ဂျူးလူမျိုးများနှင့် အပြစ်မဲ့ပြည်သူအများအား နည်းလမ်းအမျိုးမျိုးနှင့် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်

www.burmeseclassic.com

၍ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။ သို့ဖြစ်၍ ၎င်းချွေးတပ်စခန်းများသည် လူသတ်စက်ရုံများ ဖြစ်လာခဲ့သည်။

ယင်းစခန်းတို့အနက် နာမည်ကျော်အောင် ရက်စက်မှု ကမ်းကုန်သည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားသော စခန်းများတွင် အော့ဇဝစ်ငရဲခန်း၊ ထရီဘလင်ကာငရဲခန်း၊ ဆိုဘီနာငရဲခန်း၊ မောဒါနက်စခန်းများ၌ ဂျူးလူမျိုးပေါင်း ၁၁ သန်းကျော်ကို သတ်ဖြတ်ခဲ့သည်သာမက ၎င်းတို့ပိုင်ပစ္စည်းအမျိုးမျိုးကိုလည်း သိမ်းပိုက်ခဲ့ကြ၏။ ဤသို့ သိမ်းယူသော ပစ္စည်းအများကို နာဇီဂျာမဏီ ဂက်စတာပိုများသည် ဂျာမဏီနိုင်ငံတော်ပိုင်အဖြစ် သိမ်းပိုက်ခဲ့သည်သာမက အချို့အဖိုးတန်ပစ္စည်းများကိုမူ ကိုယ်ပိုင်အဖြစ် သိမ်းယူခဲ့ကြသည်။ သို့သော် နာဇီတတိယဂျာမဏီနိုင်ငံသည် နှစ်ပေါင်း ၁၀၀၀ တစ်ထောင်တည်တံ့ရမည်ဟု နာဇီခေါင်းဆောင်ကြီး ဟစ်တလာ ဟစ်ကြွေးခဲ့သော စကားသည် ၁၉၄၃ ခုနှစ်ဆန်းကပင် မှားယွင်းတော့မည်လောဟု ထင်မှတ်ဖွယ်ဖြစ်လာသည်။ မြောက်အာဖရိက စစ်မျက်နှာပြင်တွင် နာမည်ကျော် ဂျာမန်အာဖရိကတပ်မတော်ကြီးသည် အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီး အရှေ့ဘက် ဥရောပစစ်မျက်နှာတွင်လည်း နာဇီဂျာမန်တို့၏ တိုက်တိုင်းအောင် တပ်မဟာကြီးများသည် ဆိုဗီယက်(ယနေ့ ရုရှား)တို့၏ တွန်းလှန်တိုက်ခိုက်ခြင်းကို ပြင်းပြင်းထန်ထန် ခံစားနေကြရသည်သာမက အရှုံးနှင့် ၇င်ဆိုင်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ် ဒီရေသည် မဟာမိတ်တို့ဘက်မှ တက်လာခဲ့ပြီဖြစ်သည်။ အင်္ဂလန်နိုင်ငံသည် နာလန်ထူခဲ့ပြီး မဟာမိတ်နိုင်ငံများနှင့် ပူးပေါင်း၍ ဥရောပတိုက်ကမ်းခြေတိုက်စစ်ပွဲကြီး ဆင်နွှဲရန် ပြင်ဆင်လာခဲ့ရာ နာဇီထိပ်သီးခေါင်းဆောင်များအဖို့ စိုးရိမ်သောကရောက်ဖွယ် ဖြစ်လာခဲ့ရသည်။ နှစ်ပေါင်းတစ်ထောင်ကျော် တည်တံ့ရမည်ဟူသော ဟစ်တလာ၏ အဆိုအမိန့်သည် မှားခဲ့ပြီလောဟု တွေးစရာဖြစ်လာသည်။ အကယ်၍ ဒုတိယကမ္ဘာစစ်ကြီးတွင် တတိယဂျာမဏီနိုင်ငံစစ်ရှုံးခဲ့သော် ဂျာမဏီနိုင်ငံသည် ပြည်ပနိုင်ငံတစ်နိုင်ငံတွင် စတုတ္ထဂျာမဏီနိုင်ငံတော် တည်ထောင်၍ ဒုတိယကမ္ဘာစစ်ကြီးကို ဆက်လက်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် နာဇီထိပ်သီးခေါင်းဆောင်များသည် စီမံခဲ့ကြသည်။ အထူးသဖြင့် တောင်အမေရိကတိုက်ရှိ ပီရူး၊ အာဂျင်တီးနား၊ ဘရာဇီး(လ်)၊ ဘိုလီဗီယာ၊ ကိုလံဘီယာ၊ အီကွေဒါ စသော နိုင်ငံများတွင် ဂျာမန်လူမျိုး အများသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ နှစ်ပေါင်းများစွာကပင် နေထိုင်ခဲ့ကြပြီး အချို့ ဂျာမန်လူမျိုးအများမှာ ၎င်းတို့နေထိုင်သည့် အထက်ဖော်ပြပါ နိုင်ငံများ၏ နိုင်ငံသားများအဖြစ် ခံယူထားခဲ့ကြသည်။

ဂျာမဏီနိုင်ငံသားအများသည် ယင်းနိုင်ငံများရှိ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြရာ အချို့ ဂျာမန်လူမျိုးများမှာ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ ဖြစ်ခဲ့ကြပြီး သက်ဆိုင်ရာ နိုင်ငံအစိုးရများ၏ ယုံကြည်အားကိုး စိတ်ချရသော ပုဂ္ဂိုလ်များ ဖြစ်လာသည်။ အချို့ ဂျာမန်အများမှာ စာနယ်ဇင်းလောကကို ဝင်ရောက်နိုင်ခဲ့ကြသဖြင့် နာဇီပါတီ၏ လမ်းညွှန်မှုဝါဒများကို လက်တင်အမေရိကတိုက် တစ်နံတစ်လျား ဖြန့်နိုင်ခဲ့သည်သာမက နာဇီဝါဒကိုလိုလားသော ကွန်ယက်များကိုပင် လက်တင်အမေရိကနိုင်ငံများတွင် ဖွဲ့စည်းခဲ့ကြသည်။ ဤဆောင်းပါး တစ်နေရာတွင် ဖော်ပြခဲ့သော တောင်အမေရိကတိုက်ရှိ နိုင်ငံများတွင် အာဏာရလာသော အစိုးရများကလည်း နာဇီဝါဒ မှိုင်းမိနေသူများ ဖြစ်ရကား တောင်အမေရိကတိုက်သည် စတုတ္ထဂျာမဏီနိုင်ငံတော် တည်ထောင်ရန် လယ်မြေကောင်းသဖွယ် ဖြစ်ခဲ့ရ၏။

သို့ဖြစ်၍ ၁၉၄၃ ခုနှစ်က စ၍ နာဇီပါတီထိပ်သီးခေါင်းဆောင်များသည် တောင်အမေရိကတိုက်ရှိ နာဇီကွန်ယက်များသို့ ငွေကြေးနှင့် ရတနာပစ္စည်းများအား လျှို့ဝှက်စွာ စပိန်နိုင်ငံမှတစ်ဆင့် ပေးပို့ခဲ့သည်ဟု ဗြိတိသျှအစိုးရ အထူးထောက်လှမ်းရေး အမှတ်(၆)အစီရင်ခံစာမှာ ဖော်ပြခဲ့သည်။ သာဓကအားဖြင့် ဗြိတိသျှတို့ ဖမ်းဆီးရမိသော မှတ်တမ်းတွင် ၁၉၄၃ ခုနှစ်အတွင်း ရွှေချောင်းရွှေတုံးများ၊ ရွှေခဲများပါဝင်သော သံမဏိသေတ္တာများ အမေရိကန်ဒေါ်လာ ဗြိတိသျှပေါင်စတာလင်ငွေစက္ကူများနှင့် အခြားအဖိုးတန်ပစ္စည်းများပါဝင်သော သေတ္တာများအား အာဂျင်တီးနားနိုင်ငံသို့ ပို့ဆောင်ခဲ့သည်ဟု သိရ၏။ လက်တင်အမေရိကနိုင်ငံများအနက် အာဂျင်တီးနားနိုင်ငံသည် နာဇီဂျာမဏီနိုင်ငံနှင့် ရွှေလမ်းငွေလမ်းဖောက်ထားသော နိုင်ငံဖြစ်၏။ နာဇီဂျာမန်အစိုးရသည် တောင်အမေရိကတိုက်၊ အာဂျင်တီးနားနိုင်ငံတွင် လုပ်ငန်းကြီး ၉၇၃ ခုတွင် ငွေလုံးငွေရင်း မြှုပ်နှံထားခဲ့ပြီး စပိန်၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်နိုင်ငံနှင့် တူရကီနိုင်ငံများတွင်လည်း ငွေကြေးအမြောက်အမြား မြှုပ်နှံထားခြင်းဖြင့် စတုတ္ထနာဇီဂျာမဏီနိုင်ငံတော် တည်ထောင်ရန် ခြေလှမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့သည်။

ထိုစဉ်ကာလက အာဂျင်တီးနား နိုင်ငံတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့ရသော ပီရွန်သည် ၁၉၃၉ ခုနှစ်မှ ၁၉၄၁ ခုနှစ်တို့တွင် ဖက်ဆစ်အီတလီနိုင်ငံတွင် အာဂျင်တီးနားနိုင်ငံ စစ်သံမှူးကြီးအဖြစ် တာဝန်ယူခဲ့ရသူ ဖြစ်၏။ နာဇီထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင် ဝေါ(လ်)တာရှလင်ဘက်နှင့် အထူးခင်မင်သူလည်း ဖြစ်ရာ နာဇီဝါဒအပေါ် သံယောဇဉ်ရှိသူ ဖြစ်သည်။

နာဇီထိပ်သီးခေါင်းဆောင်ဖြစ်သူ ဟစ်တလာသည် သူ၏ လက်ရုံးဖြစ်သူနှင့် နာဇီပါတီ ဒုတိယခေါင်းဆောင် ရူဒေါ့ဟက်(စ်) အင်္ဂလန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံသွားသည်နှင့် မာတင်ဘောမင်းအား သူ၏ အတွင်းရေးမှူးနှင့် နာဇီပါတီအား ဦးဆောင်နိုင်မည့်သူဟု မျှော်လင့်ထားခဲ့သည်။ သို့ဖြစ်ရာ နာဇီပါတီ၏ ရန်ပုံငွေမှန်သမျှ မာတင်ဘောမင်းကိုယ်တိုင် ကြပ်မတ်ရသူဖြစ်ရကား အများကမူ မာတင်ဘောမင်းသည် ကြီးမြတ်သော မဟာခေါင်းဆောင်ကြီး ဟစ်တလာအား ဆက်ခံမည့် မျိုးဆက်သစ်ခေါင်းဆောင်တစ်ဦးဟု ယူဆထားကြသည်။ မာတင်ဘောမင်းကိုယ်တိုင်ကလည်း အရေးကြုံလာလျှင် တည်ထောင်ရမည့် စတုတ္ထဂျာမဏီနိုင်ငံတော်ကြီးအတွက် ငွေအားလူအားရရှိရန် အစစအရာရာ ပြင်ဆင်ခဲ့သည်။ ဂျာမဏီနိုင်ငံမှ လုပ်ငန်းရှင်များအား တောင်အမေရိကတိုက်ရှိ လက်တင်အမေရိကနိုင်ငံများတွင် စီးပွားမြှပ်နှံမှုများ ပြုလုပ်စေသည်။

၁၉၄၄ ခုနှစ်တွင် မဟာမိတ်တို့သည် ဥရောပတိုက် ကမ်းခြေတက်စစ်ဆင်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပြီး ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတပ်မတော်မှ စစ်ကြောင်းများသည် ဂျာမဏီနိုင်ငံနယ်နိမိတ်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။ အရှေ့ဘက် စစ်မျက်နှာမှ ဆိုဗီယက်(ယနေ့ ရုရှား)တပ်နီတော်ကြီးသည် နာဇီဂျာမဏီနိုင်ငံ၊ ဘာလင်မြို့တော်သို့ ချဉ်းကပ်လာခဲ့သည်နှင့် နာဇီခေါင်းဆောင်အများသည် အရေးကြုံလာက တောင်အမေရိကသို့ ထွက်ပြေးတိမ်းရှောင်ရန် စီမံခဲ့ကြ၏။ တိမ်းရှောင်မည့်ခေါင်းဆောင်အချို့အား အကူအညီပေးရန် "ပင့်ကူ"လျှို့ဝှက်ဂိုဏ်းနှင့် အိုဒက်ဆာဂိုဏ်းများ ကြိုတင်ဖွဲ့စည်းခဲ့ကြသည်။

၁၉၄၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် နာဇီတို့၏ ဘာလင်မြို့တော်ရှိ ဌာနချုပ်ကြီးအား ဆိုဗီယက်(ယနေ့ ရုရှား) တပ်နီတော်ကြီးက သိမ်းပိုက်ခဲ့ရာ ဟစ်တလာနှင့် ဘူဝန်းအီဗာဘရောင်း၊ ဒေါက်တာဂိုးဘယ(လ်)နှင့် မိသားစုများ၊ ဟင်းမလားနှင့် နာဇီထိပ်သီးခေါင်းဆောင် အချို့သည် အဆိပ်သောက်၍ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့ကြသည်။ ဤသို့ဖြင့် ဥရောပတိုက်တွင် ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး နှစ်ပေါင်းတစ်ထောင်ကျော် ရှည်ကြာရမည်ဟူသော တတိယဂျာမဏီနိုင်ငံတော်သည် ၁၂ နှစ်အကြာတွင် နိဂုံးချုပ်ခဲ့ရသည်။

သို့သော် ဟစ်တလာ၏ လက်ရုံးတစ်ဆူဖြစ်သော မာတင်ဘောမင်းနှင့် စစ်ရှုံးနာဇီခေါင်းဆောင်များသည် နည်းလမ်းအမျိုးမျိုးနှင့် ကိုယ်ရောင်ဖျောက်၍ စတုတ္ထဂျာမဏီနိုင်ငံတော်ကြီးကို တောင်အမေရိကတိုက်၊ လက်တင်အမေရိကန်နိုင်ငံများတွင် တည်ထောင်၍ နာဇီဝါဒကို ပြန်လည်အသက်သွင်းကြမည်ဟုဆိုကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

မာတင်ဘောမင်းမှာမူ ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ခဲ့ရသည်။ သေဆုံးသွားပြီဟူ၍လည်းကောင်း၊ အမေရိကတိုက် အာဂျင်တီးနား၊ ပီရူး၊ ဘရာဇီးလ်နိုင်ငံများတွင် ခိုလှုံနေထိုင်၍ နာဇီမျိုးဆက်သစ်လူငယ်များကို စည်းရုံး၍ စတုတ္ထဂျာမဏီနိုင်ငံတော် တည်ထောင်ရန် စီမံခဲ့ကြသည်။ ဤစစ်ပြေးတရားခံများနောက်သို့ နိုင်ငံတကာမှ ထောက်လှမ်းရေးအဖွဲ့များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ နာဇီလူသတ်စခန်းများမှ ကံကောင်းထောက်မ၍ အသက်မသေ ကြွင်းကျန်ရစ်သူများနှင့် မနုဿနာဇီမုဆိုးများသည် တကောက်ကောက် အနံ့ခံကာ အရိပ်ပမာ လိုက်ခဲ့ပြီး အချို့နာဇီလူသတ်သမားများအား ဖမ်းဆီး၍ သက်ဆိုင်ရာ စစ်ခုံရုံးများတွင် တရားစွဲဆိုခဲ့သည်။

အာဂျင်တီးနားအပါအဝင် အချို့နိုင်ငံများတွင်မူ အာဏာရှိသူများက အကာအကွယ်ပေးခဲ့သဖြင့် နာဇီပါတီများ ပြောင်ပြောင်တင်းတင်းဖွဲ့စည်း၍ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်လာခဲ့ကြသည်။ သာဓကအားဖြင့် ဖမ်းဆီးရမိ၍ သေဒဏ်အပြစ်ပေးခံရသော နာဇီလူသတ်သမား အိုက်(ခ်)မန်း ကြိုးဒဏ်ကျခံရသည့် နှစ်ပတ်လည်နေ့များကိုပင် ပြောင်ပြောင်တင်းတင်း လူသိရှင်ကြား ပြုလုပ်လာခဲ့ပြီး ၎င်းတို့၏ နောက်ကွယ်မှ နာဇီလက်ဟောင်း စစ်တရားခံကြီးများကိုမူ ယနေ့ထိ ဖမ်းဆီးရမိခြင်းမရှိသေးပါကြောင်း။

လှမိုး(ပညာရေး)


ကျမ်းကိုး

Hunting Evil



www.burmeseclassic.com

www.burmeseclassic.com



# ပဋ္ဌာန်းတန်ခိုး အကျိုးအနန္တ (၁၀)

## ကျွန်တော်၏ အမေဘက်အမျိုးနှင့် ပဋ္ဌာန်းအကျိုး

သူတော်စင်မင်းအောင်

ကျွန်တော်၏ မိခင်ဘက်မှ ဆွေမျိုးများကို ဆွေစဉ်မျိုးဆက်အရ မည်သို့ သွေးတော်စပ်သည်ကို ကျွန်တော်မပြောတတ် မခေါ်တတ်ပါ။ ကျွန်တော်၏မိခင်၏ အမေ ကျွန်တော်၏ ဘွားအေဖြစ်ပါသည်။ ထိုဘွားအေ၏ အစ်ကိုကြီးများကို ကျွန်တော် က "အဘ"ဟုသာ ခေါ်ပါသည်။ မြန်မာဆွေမျိုးအခေါ်အရ မည်သို့တော်စပ်၍ မည်သို့ခေါ် သည်ကို ကျွန်တော်မသိပါ။

ကျွန်တော်၏ ဘွားအေ၏ခင်ပွန်းမှာ ကျွန်တော်၏ ဘိုးအေ(အဘ)အစစ် ဖြစ်ပါသည်။ အဘ၏အမည်မှာ ဦးဖေပု ဖြစ်ပါသည်။ အဘဦးဖေပုသည် စိတ်ထား စေတနာ အလွန်ကောင်းပါသည်။ အကျင့်စာရိတ္တလည်းကောင်း၍ ရပ်ကွက်ထဲက လူများက ရိုသေချစ်ခင် လေးစားကြပါသည်။ မဟုတ်မခံစိတ်ထားနှင့် သူ့ရှေ့မှာ မတရား တဲ့ကိစ္စတွေ့လျှင် ကြည့်မနေတတ်ပါ။ မှန်သည့်ဘက်ကဝင်ပြီး ရပ်တည်ဖြေရှင်း ပြောဆို ပေးတတ်ပါသည်။ မရလျှင် ရိုက်နက်ဖို့လည်း ဝန်မလေးပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါကအဖြစ်ကို ကျွန်တော်မှတ်မိနေပါသည်။ ကျွန်တော်တို့အိမ်နှင့် မျက်နှာချင်းဆိုင်ဘက် အရပ်အခေါ် ဓားလွယ်ခုတ် မျက်နှာချင်းဆိုင်အိမ်၏ ဘေးဘက် နှစ်အိမ်ကျော်က အိမ်ဖြစ်ပါသည်။ ထိုအိမ်မှာနေသည့် ကိုကျော်ဒင်သည် အလုပ်မလုပ်ဘဲ သူ့မိန်းမ မကလားမ အကြော်ရောင်းသည့် ဝင်ငွေဖြင့်သာ စားသောက်နေပါသည်။ အရက်အမြဲသောက်သည်။ မကလားမက အရက်ဖိုးပေးရသည်။ တစ်ခါတစ်ရံ ဈေးရောင်းမကောင်းသည့်နေ့တွင် အိမ်မှာစားဖို့ ဆန်၊ ဆီ၊ ဟင်းချက်စရာဝယ်တာနဲ့ ပိုက်ဆံကုန်သွားလျှင် ကိုကျော်ဒင်ဖို့ အရက်ဖိုးမပေးနိုင်တော့ပါ။ ထိုအခါတွင် ကိုကျော်ဒင်က မကလားမကို အရက်ဖိုး မပေးရကောင်းလားဟု ကြိမ်းမောင်း၍ ရိုက်နှက်ပါတော့သည်။ ထိုအခါ ကျွန်တော့်အဘ ဦးဖေပုသည် ကြည့်မနေနိုင်သဖြင့် ကိုကျော်ဒင်ကို မင်းဘာအလုပ်မှမလုပ်ဘဲလည်းနေသေးတယ်၊ ကလားမ ရှာကျွေးတာစားပြီး ရိုက်ရလားဟု ပြောကာ ကိုကျော်ဒင်ကို တုတ်နဲ့ရိုက်ပါတော့သည်။ ကိုကျော်ဒင်၏အဖေက "ဦးဖေပုရေ…ရိုက်သာရိုက်ပါ။ မှတ်လောက်အောင် ရိုက်စမ်းပါ။ ကျုပ်တို့တော့ ဒင်းကို မနိုင်လို့ ကြည့်နေရတာပါဗျာ"ဟု ပြောပါသည်။

မကလားမကတော့ "ကယ်တော်မူကြပါ အရပ်ကတို့ရေ၊ ဦးဖေပုက ကျွန်မလင်ကို သတ်နေပါပြီ"ဟု ငယ်သံပါအောင် အော်ပါတော့သည်။ ဒီတော့မှ အဘဦးဖေပုက "ဟင်…ခွေးကောင်မ၊ ငါက နင့်ကို မတရားနှိပ်စက်နေတာ မကြည့်ချင်လို့ နင့်ဘက်ကနာလို့ ဒီကောင်ကိုရိုက်တာ နင်က ကယ်တော်မူပါ အော်ရသလား ခွေးမ"ဆိုပြီး မကလားမကို ရိုက်ဖို့ လိုက်ပါတော့သည်။ မကလားမက ကြောက်တော့ ထွက်ပြေး၊ အိမ်နီးနားချင်းတွေက အဘကို ဝိုင်းဆွဲကြနဲ့ ပွက်လောထသွားတဲ့ အဖြစ်ကို ကျွန်တော်မှတ်မိနေပါသည်။

ကျွန်တော်၏ ဘွားအေအမည်မှာ ဒေါ်ငွေရှင်ဟု ခေါ်ပါသည်။ ကျွန်တော်တို့၏ အရပ်ဓလေ့အရ မွေးသည့်မိခင်ကို အမေဟုမခေါ်ဘဲ အမဟုသာ ခေါ်ပြီး၊ ဘွားအေကိုတော့ အမေဟုခေါ်ပါသည်။ ကျွန်တော်၏ဘွားအေဘက်မှ အစ်ကိုကြီးလေးယောက်ရှိ၍ အကြီးဆုံး၏အမည်မှာ ဦးသာဆန်း၊ သူ့အောက် ဦးငွေပန်း၊ သူ့အောက် ဦးသာဆင့်၊ သူ့အောက် ဦးစာပွင့်တို့ဖြစ်ပါသည်။ ကျွန်တော်၏ဘွားအေက အငယ်ဆုံးဖြစ်ပါသည်။ ကျွန်တော်သည် ဦးသာဆန်းကို မမီပါ။ ကျွန်တော်မမှတ်မိသည့် တစ်နှစ်သားအရွယ်ကတည်းက ဦးသာဆန်းက ကွယ်လွန်သွားသည်ဟု လူကြီးများက ပြောပြတာကို သိရပါသည်။

ကျွန်တော်၏ ဘွားအေဘက် မိသားစုများကို ဦးသာဆန်းက ခေါင်းဆောင်၍ ရှာဖွေကျွေးမွေးအုပ်ချုပ်ပါသည်။ ဦးသာဆန်းက သံပတ္တလားကို ကိုယ်တိုင်လုပ်၍ ရောင်းချသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုပါသည်။ (သံပတ္တလားကို ယခုခေတ်လူငယ်များ သိသူနည်းပါးပါလိမ့်မည်။ ဝါးပတ္တလားကဲ့သို့ သံပြားများကိုဖြတ်၊ ခုံးအောင်ထု၊ သံစဉ်ကိုက်အောင် လုပ်ပြီး အောက်ခံအသားအိမ်ပေါ်မှာစီပြီး တီးခတ်ရသော သံပတ္တလားဖြစ်ပါသည်။ စန္ဒရားများမပေါ်မီ ရှေးခေတ်က စန္ဒရားကဲ့သို့ သံပတ္တလားမှာ တူရိယာဝိုင်းများတွင် အဓိကပါဝင်ပါသည်။) ဦးသာဆန်းတို့ ညီအစ်ကိုအားလုံး မြန်မာသီချင်းကြီးများကို ပိုင်နိုင်စွာ ဆိုတတ်၊ တီးတတ်ကြပါသည်။ ဘာသာရေးကိုလည်း အလွန်လေးစားကြည်ညိုသူများ ဖြစ်ကြပါသည်။ သူတို့ ညီအစ်ကိုအားလုံး ၂၄ ပစ္စည်းကို နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် ဘုရားရှိခိုးပြီး နေ့စဉ်နှစ်ကြိမ် မှန်မှန်ရွတ်ကြပါသည်။ ထိုအခါ ကျွန်တော်သည် ၂၄ ပစ္စည်းကို ပဋ္ဌာန်းဟု သိလည်းမသိ၊ နားလည်းမလည်ပါ။ အဘများ မပြတ်ရွတ်သည့် ၂၄ ပစ္စည်းဟုသာ သိထားပါသည်။

အဘဦးငွေပန်းသည် အင်္ကျီချုပ်သည့်အလုပ်ကို ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်ပါသည်။ ရုပ်အင်္ကျီ၊ အပေါ်ရင်ဖုံးအင်္ကျီ (ယခုခေတ် တိုက်ပုံအင်္ကျီမျိုးကို ရှေးက ရင်ဖုံးအင်္ကျီဟု ခေါ်ဆိုကြပါသည်။) မိန်းမဝတ် ရင်ဖုံးအင်္ကျီများလည်း ချုပ်ပါသည်။

ကျွန်တော် ခုနစ်နှစ်သားအရွယ်လောက်မှာ တစ်နေ့နံနက်ခင်းတွင် အဘဦးငွေပန်းက ကျွန်တော်၏ဦးလေး(အမေ့မောင်) ကိုအောင်တင်ကိုခေါ်ပြီး "အောင်တင်၊ မင်း သာဆင့်ကို ရှာပြီး ခေါ်လာခဲ့"ဟု ခိုင်းပါသည်။ အဘဦးသာဆင့် ရောက်လာသောအခါ အဘဦးငွေပန်းက "သာဆင့်၊ မင်းတယ်မိုက်တဲ့ကောင်ပဲ။ ကိုယ့်အစ်ကိုကြီးသေတော့မယ်ဆိုတာ မင်းမသိဘူးလား"ဟု ပြောရာ အဘဦးသာဆင့်က "သေမည့်သူကလည်းဗျာ၊ စကားတွေကောင်းကောင်းပြောနိုင်တာ အံ့ပ"ဟု ပြန်ပြောပါသည်။ အဘဦးငွေပန်းက သူ့အိတ်ထဲက ကြေးနီပြား ၂ ပြား ထုတ်ပေးပြီး "အောင်တင်၊ ရော့…ပိုက်ဆံ ၂ ပြားယူ၊ မုန့်ဟင်းခါးက တစ်ပြားဖိုး၊ အကြော်က တစ်ပြားဖိုး ဝယ်ခဲ့"ဟု ခိုင်းပါသည်။ (ကြေးနီပြားဆိုသည်မှာ အင်္ဂလိပ်အစိုးရခေတ်ကသုံးသည့် ပိုက်ဆံတစ်ပြား ဖြစ်ပါသည်။ ငွေတစ်ကျပ်မှာ ကြေးနီပြား ၆၄ ပြားရှိပါသည်။ ယခုခေတ် အနော်ရထာလမ်းနှင့် မဂိုလမ်းထောင့်



www.burmeseclassic.com

www.burmeseclassic.com

ပလက်ဖောင်းပေါ်မှာ ကုလားများ ရောင်းနေသည့် ကြေးနီပြားများ ဖြစ်ပါသည်။)

ဦးလေးဝယ်လာတဲ့ မုန့်ဟင်းခါးနဲ့ အကြော်ပါ နှစ်ပြားဖိုးကို အဘ ဦးငွေပန်း တစ်ဝက်သာ စားနိုင်ပါသည်။ စားပြီးတော့ သူ့အိတ်ထဲက ငွေမတ်စေ့အဝိုင်းလေး တစ်စေ့ကိုထုတ်၍ "ရော့… သာဆင့်၊ ဒီမတ်စေ့ကို ရေစင်အောင်ဆေးပြီး ပန်းကန်ပြားထဲထည့်၊ ဘုရားကိုလှူ။ ဆီမီးတိုင်နဲ့ အမွှေးတိုင်ထွန်း၊ သောက်တော်ရေအသစ်လဲပြီး မင်းဘုရားကို ရှိခိုး။ မတ်စေ့နဲ့ သောက်တော်ရေ၊ ဆီမီးတိုင်နဲ့ အမွှေးတိုင်ပါ ကပ်လှူ။ အသံကျယ်ကျယ်ရှိခိုး။ ငါအာရုံပြုမယ်။ ငါ့ခြင်ထောင်ချပေး"ဟုပြောပြီး သူ့အိပ်ရာထဲမှာ ဝင်အိပ်ပါသည်။

အဘဦးသာဆင့်က သူ့အစ်ကိုကြီးခိုင်းသည့်အတိုင်း အသေအချာလုပ်ပြီး ဘုရားရှိခိုးတဲ့အသံ ကျယ်ကျယ်နဲ့ ရှိခိုးလျက် သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီးတိုင်၊ အမွှေးတိုင်နှင့် ပန်းကန်ပြားထဲထည့်ထားသည့် မတ်စေ့ကိုပါ မြတ်စွာဘုရားအား လှူဒါန်းပြီးနောက် ဤကောင်းမှုကုသိုလ်အဖို့ကို သုံးဆယ့်တစ်ဘုံရှိ နတ်လူသတ္တဝါအားလုံးတို့အား အမျှပေးဝေပါ၏။ အမျှ အမျှ အမျှ။ သာဓုခေါ်တော်မူကြပါကုန်လော့ဟု အမျှပေးဝေပါသည်။ ပြီးတော့ သူကိုယ်တိုင်ချပေးထားတဲ့ အဘဦးငွေပန်း၏ ခြင်ထောင်ကို အသာလှပ်ကြည့်လိုက်တော့ တကယ်ပင် အဘဦးငွေပန်း သေသွားတာကို တွေ့ရပါတော့သည်။

ပဋ္ဌာန်းပစ္စယုဒ္ဒေသ ၂၄ ပစ္စည်း ပါဠိတော်ကို နေ့စဉ် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင် ဘုရားရှိခိုးပြီးတစ်ကြိမ် တစ်နေ့နှစ်ကြိမ် မှန်မှန်ရွတ်ဆိုသော အကျိုးကျေးဇူးကြောင့် အဘဦးငွေပန်းသည် သူသေရမည့်အချိန်ကို သိနေတာဟု ကျွန်တော် ငယ်စဉ်ကပင် မှတ်သားထားမိပါသည်။

ကျွန်တော်၏အသက် တစ်ဆယ့်နှစ်နှစ်သားအရွယ်တွင် ကျွန်တော်၏ဘွားအေသည် အဖျားရောဂါ ခံစားရပါသည်။ ရောဂါမှာ သိပ်ပြင်းပြင်းထန်ထန် မဟုတ်ပါ။ ကိုယ်ပူပြီး အစားအသောက် မစားနိုင်ရုံမျှသာ ဖြစ်ပါသည်။ ထိုဘွားအေကလည်း ဒီရောဂါနှင့်ပင် သူမကြာမီရက်ပိုင်းအတွင်း သေရတော့မည်ဟု ပြောပါသည်။ အဘနှင့် မိသားစုများက အမေ အဖျားကြောင့် ကယောင်ကတမ်းပြောသည်ဟု ထင်ကြပါသည်။ ထိုဘွားအေ ဒေါ်ငွေရှင်မှာ အထက်ကရေးခဲ့သည့်အတိုင်း အဘဦးငွေပန်း၊ ဦးသာဆင့်၊ ဦးစာပွင့်တို့၏ နှမအငယ်ဆုံးဖြစ်ပါသည်။ ကျွန်တော်၏ဘွားအေ အမေဒေါ်ငွေရှင်သည် စာမတတ်ပါ။ ပဋ္ဌာန်း ၂၄ ပစ္စည်းကိုတော့ သူ့အစ်ကိုကြီးများထံမှ နှုတ်တိုက်သင်ပေးထားသဖြင့် ကောင်းစွာရွတ်တတ်ပါသည်။ အမေလည်း တစ်နေ့နှစ်ကြိမ် မှန်မှန်ရွတ်ပါသည်။ ကျွန်တော်က မြေးဦးဆိုတော့ အမေက အလွန်ချစ်ပါသည်။ ကျွန်တော်သည် အမေ့ကိုချစ်သဖြင့် အမေနှင့်အတူ အိပ်ပါသည်။ အမေက ဝါတွင်းဝါပမကျန် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ပါသည်။ အမေ့ကိုချစ်တဲ့စိတ်ဖြင့် ကျွန်တော်ရှစ်နှစ်သားကတည်းက အမေနှင့်အတူ ဥပုသ်လိုက်စောင့်ပါသည်။ အမေက ညနေကျတော့ ငါ့သားက ငယ်ပါသေးတယ်၊ ညစာထမင်းစားပါသားဟု ချော့မော့ပြောတတ်ပါသည်။ ကျွန်တော်က ဥပုသ်စောင့်တုန်းက ဝိကာလဘောဇနာ ဝေဒါ မဏီလို့ ဆိုထားတာ ညစာစားရင် ဘုရားကိုလိမ်တာဖြစ်သွားမှာပေါ့ အမေ၊ သားမစားပါဘူးဆိုပြီး ဥပုသ်ရအောင် စောင့်ခဲ့ပါသည်။

အမေပြောသည့်အတိုင်း အမေဖျားပြီး သုံးရက်အကြာတွင် အမေသေသွားပါသည်။ အမေလည်း ပဋ္ဌာန်း ၂၄ ပစ္စည်း ရွတ်တဲ့အကျိုးကြောင့်သာ သူသေရမည်ကို သိတာဟု ကျွန်တော် လေးနက်စွာ ယုံကြည်မှတ်သားထားပါသည်။

စာဖတ်သူ ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား။ ဤမျှအကျိုးကြီးမားသော ပဋ္ဌာန်းဒေသနာတော်မြတ်အား "ပစ္စယ နိဒ္ဒေသ ပါဠိတော်"ကို မရွတ်ဆိုနိုင်လျှင်ထားပါ။ ပဋ္ဌာန်း ၂၄ ပစ္စည်းကိုတော့ ရွတ်ဖြစ်အောင် ရွတ်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည် သူတော်ကောင်းအပေါင်းတို့…။

သတ္တဝါတွေ ချမ်းသာကြပါစေ။

**သူတော်စင်မင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာပြဟွစိုရ် သာသနာ့ဦးသျှောင်

# ဘိုးပိုက်ဆံ

● လေးသူစံ



၁၈၆၆ ခုနှစ်တွင် သား ဦးကရင် မေတ္တာပြဟွစိုရ် တိုင်းရင်းဘာသာ ပြည်တွင်းသာသနာတော်ကြီးကို တည်ထောင်ခဲ့သူ သာသနာ့ပိသုကာကြီး 'ဘိုးပိုက်ဆံ (၁) ပူးဆာရယ်ဘူးဘွယ်မှူး'

---

### "မြသပိတ်တောင်တော်မှာ"

ကျိုက်ထီးဆောင်းဆံတော်ရှင် သာသနာ့စခန်းမှာ အဓိဋ္ဌာန်ဝင်လေတိုင်း တောင်ထိပ်များပေါ်ရှိ ဆံတော်ရှင်ဘုရားများကိုပါ သွားရောက်ဖူးမြော်လေ့ရှိသည်မှာ ယောဂီများ၏ ထုံးစံဖြစ်ပါသည်။ ထိုသို့သွားရောက်ရလေတိုင်း မြသပိတ်ဆံတော်ရှင်ရှေ့တွင် ပြုံးချိုချိုမျက်နှာကြီးနှင့် ဘိုးဘိုးကြီးရုပ်တုတစ်ခုကို သတိထားမိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာရုပ်တုများ၊ တောင်ပိုင်ဘိုးဘိုး၊ ရုက္ခစိုး၊ သိကြားမင်း၊ မြသပိတ်မယ်တော်၊ စနေမယ်တော်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် … အစရှိသဖြင့် အားလုံးသော ရုပ်တုများကို သိရှိနေပါသော်လည်း ဤဘိုးဘိုးကြီးရုပ်တုကိုမူ ဘာမှန်းမသိ။ မသိသော်လည်း ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် အခြားပုံတော်များမှာ ပူဇော်သကဲ့သို့ လှူဒါန်းပူဇော်ပေးခဲ့ပါ၏။

မြသပိတ်ပဌာန်းပွဲချိန်တွင် ဒေသခံရွာသူရွာသားများသည် တောင်ပေါ်သို့ ဘုရားဖူးရောက်လာကြပြီးနောက် ဤပြုံးချိုချိုပုံတော်ကြီး၏ ဗိုက်ကြီးကို ပွတ်ပြီး ရှိခိုးဆုတောင်းနေကြသဖြင့် မေးကြည့်ခဲ့ပါ၏ …။ ဘိုးပိုက်ဆံဖြစ်ကြောင်း၊ ဆုတောင်းလျှင် ပြည့်စုံကြောင်း၊ ကောက်ပဲသီးနှံအထွက်တိုးပြီး ပိုက်ဆံတွေ များများရကြောင်းတို့ကို ပြောပြကြပါသည်။ ကျွန်မလည်း စိတ်ဝင်စားစွာဖြင့် ဘိုးပိုက်ဆံ၏ အတ္ထုပ္ပတ္တိကို မေးမြန်းကြည့်ရာ ကရင်ဝိဇ္ဇာကြီးပဲကွဲ့ ဆိုပြီး ဒီထက်ပိုပြီး ပြောမပြနိုင်ခဲ့ကြပေ။

သည်လိုနှင့် …

## "မေတ္တာပြဗ္ဗစိုရ်သာသနာ"

လွန်ခဲ့သော တစ်လလောက်က သူနာပြုဆရာမလေး 'ဟဲမူထီး'နှင့် ခင်မင်လာခဲ့ရပါသည်။ ကျွန်မ အမြဲတမ်း သက်သတ်လွတ်စားသည်ကို သိသွားသောအခါ သူတို့လည်း ဥပုသ်နေ့မှာ သက်သတ်လွတ်စားကြောင်း၊ သူတို့ဥပုသ်နေ့က လပြည့်ကျော် ၁ ရက်နေ့တိုင်း ဖြစ်ကြောင်းတို့ကို ပြောပြပါသည်။ အလွန်အံ့သွားခဲ့ရပါသည်။ လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့်၊ လကွယ်နေ့များသည်သာ ဥပုသ်နေ့ဖြစ်ကြောင်းကို မူလတန်းကလေးများပင် သိကြပါသည်။ ကျွန်မနားမလည်မှန်း သိသွားသော ဟဲလေးက ထပ်မံရှင်းပြပြန်ပါသည်။

"မေတ္တာပြဗ္ဗစိုရ်သာသနာဆိုတာ ကြားဖူးလားဟင်။ ဘိုးပိုက်ဆံ ထူထောင်ခဲ့တာလေ"

အို … ကျွန်မတစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲ။ ဘာမှန်း ညာမှန်းမသိဘဲနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ အလင်းတိုင်တွေ ကပ်လှူပြီး မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်းများ ပြုလုပ်ခဲ့ရသော ဘိုးပိုက်ဆံ။

"ဘိုးပိုက်ဆံအကြောင်း ပြောပြပါလား ဆရာမ"

"ပြောရမှာ အရှည်ကြီးပဲ။ မပြည့်စုံမှာ စိုးတယ်။ စာအုပ်ယူလာခဲ့မယ်"

"နက်ဖြန်ယူလာခဲ့နော်"

"အို … စာအုပ်က ဖဒိုအိမ်မှာလေ။ ခွင့်နဲ့ပြန်ရရင် ယူခဲ့မယ်။ မေတ္တာပြဗ္ဗစိုရ်အသင်းရဲ့ ရည်ရွယ်ချက်က ငါးပါးသီလလုံရမယ်၊ မေတ္တာထားကြရမယ်"

## "ဘိုးပိုက်ဆံနှင့် ဆုံရပြီ"

ဖဒိုမြို့မှ ပြန်ရောက်လာသော ဆရာမ ဟဲလေးက ကျွန်မ၏ လက်တွင်းသို့ စာအုပ်နှစ်အုပ် ထည့်လာပါသည်။ ဆရာမနော်မူလွယ်ထူးဒီဘိုးမင်း(ဘီအေ–ဘီအီးဒီ) ကေတုမတီ၊ တောင်ငူမြို့မှ ရေးသားထားသော "ဘိုးပိုက်ဆံ၏ မေတ္တာပြဗ္ဗစိုရ်သာသနာသမိုင်းကျမ်း(ပထမတွဲ)"နှင့် ဆရာရေနံ့သာရဲထွဋ်၏ "အဘဖိုးပိုက်ဆံ၏ အတ္ထုပ္ပတ္တိ"တို့ ဖြစ်ကြပါ၏။

ဆရာမ နော်မူလွယ်ထူးဒီဘိုးမင်း၏ အမှာစာတွင် ဤကျမ်းကို ရေးသားနိုင်ရန်အတွက် နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြိုးစားခဲ့ရပါကြောင်း၊ ဘိုးပိုက်ဆံကိုယ်တိုင်ကလည်း သူရှိနေချိန်မှာ သူ့အကြောင်း ရေးခွင့်မပြုခဲ့ရာ သူမရှိတော့မှသာ တပည့်သားမြေးများကို မေးမြန်းစုံစမ်း၍ တစ်ဆင့်စကားများနှင့် ရေးသားခဲ့ရခြင်းဟု ဝန်ခံထားပါသည်။ ဆရာရဲထွဋ်ကလည်း ဤသို့ပင်။

## "အသင်းရည်ရွယ်ချက်"

(က) မေတ္တာပြဗ္ဗစိုရ်အသင်းသည် ကမ္ဘာပေါ်တွင် ရိုးရိုးနှင့် အကောင်းဆုံးသော သာသနာအဖွဲ့တစ်ဖွဲ့ ဖြစ်ပေါ်လာစေရန်။

(ခ) မေတ္တာတရားများ ပြန်လည်ထွန်းကားလာစေရန်။

(ဂ) ပျက်ပြားလာခဲ့သော လူသားတို့၏ အကျင့်စာရိတ္တကို ပြန်လည်ပြုပြင်နိုင်စေရန်။

(ဃ) ဘုရားစိတ်ဓာတ်၊ တရားစိတ်ဓာတ် ပြန်လည် ထူထောင်ပေးနိုင်ရန်။

(င) ဤတိုင်းနိုင်ငံအပေါ် လူတိုင်း သစ္စာတရား ထိန်းသိမ်းနိုင်ရန်။

ဘိုးပိုက်ဆံသည် ဤအသင်းကို ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်၊ ဇန်ဝါရီလ (၁၉)ရက်၊ သောကြာနေ့၊ မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ တပို့တွဲ



www.burmeseclassic.com

www.burmeseclassic.com

လဆန်း ၄ ရက်နေ့တွင် တည်ထောင်ခဲ့ပါသည်။

## "ဘိုးပိုက်ဆံ၏ဘဝအစ"

ကရင်ပြည်နယ်၊ ဖာပွန်အပိုင်၊ နဂိုစီးရွာ ဟူသည့် အိမ်ခြေ ၄၀ ခန့်သာရှိသော တောင်ပေါ်ရွာလေးသည် ဘိုးပိုက်ဆံ၏ မွေးရပ်ဇာတိဖြစ်ပါသည်။ စောရွှေရင်အေးနှင့် နော်နယိုစေးတို့၏ သားသမီးငါးဦးအနက် တတိယမြောက်သားဖြစ်သူ စောဆာဖိုးဝါးသည် မိဘများ၏ တောင်ယာလုပ်ခွင်တို့ကို စိတ်မဝင်စားခဲ့။ ငယ်ဘဝမှာတည်းကပင် သက်ကြီးရွယ်အိုများထံသို့ သွားရောက်ကူညီဆောင်ရွက်ပေးပြီး၊ မြတ်စွာဘုရား၏ ၅၅၀ ဇာတ်နိပါတ်တော်များကို တစ်နေ့လျှင်တစ်ပုဒ်ကျ ဖတ်ပြနိုင်း၍ နှစ်သက်စွာနားထောင်တတ်ခဲ့သည်။

သူနားထောင်ခဲ့သမျှတို့ကိုလည်း မိသားစုများနှင့် သူငယ်ချင်းများကို ပြန်လည်ပြောပြရင်းဖြင့် စာတတ်ချင်စိတ်က ထက်သန်လာခဲ့ရပါသည်။ မိဘများက ဆင်းရဲလွန်း၍လည်း ကျောင်းမထားနိုင်ခဲ့။ ထို့ကြောင့် ရွာမှ ဆေးဆရာကြီး၏ အကူအညီနှင့် ရွှေကျင်မြို့ရှိ ဘုန်းကြီးကျောင်းမှာ စာသင်ခွင့်ရရှိသွားပါသည်။ နေ့ည မနားမနေ ကြိုးစားခဲ့ရာ နှစ်လနှင့် စာအုပ်များဖတ်နိုင်သွား၏။ ဇာတိရွာမှ လူငယ်များကိုပါ ကျောင်းနေရန် စည်းရုံးနိုင်သူ ဖြစ်သည်။

## "ဆင်ဝယ်သွားစောဆာဖိုးဝါး"

စောဆာဖိုးဝါးသည် ပညာကို ပြည့်စုံအောင် မသင်ကြားခဲ့ရတဲ့ မိဘများကို လုပ်ကျွေးရန်အတွက် ဦးလေးထံမှာ အလုပ်ဝင်ခဲ့ရသည်။ ထိုဦးလေးက သူ့ကို ရှမ်းပြည်သို့ ဆင်ဝယ်ရန် စေလွှတ်ခဲ့သည်။ ဆင်ဝယ်ပြီးချိန်တွင် မိုးကာလ မြစ်ချောင်းများ ရေလျှံနေခဲ့သဖြင့် ရွာသို့မပြန်နိုင်သောအခါ ရှမ်းပြည်မှာပဲ အလုပ်ဝင်လုပ်နေခဲ့ရ၏။ မိုးကုန်သွားသောအခါမှသာ ဖာပွန်အထိ ဆင်စီးပြီး ပြန်လာခဲ့ရပါ၏။ အချိန်ကြန့်ကြာမှုကြောင့် အထင်မှားနေခဲ့သော ဦးလေးမိသားစုအပေါ်မှာလည်း မည်သို့မျှ စိတ်မကွက်ခဲ့ပေ။ အထင်မှားနေသူကို စိတ်ဆိုးရင် စိတ်ဆိုးတဲ့သူအပြစ်ဖြစ်မယ်ဟု မိသားစုကို ပြန်လည်နှစ်သိမ့်ခဲ့သူတည်း။

## "သာသနာလမ်းအစ"

စောဆာဖိုးဝါးသည် သူးမွဲစီးရွာရှိ ဆင်သူဌေးကြီးသစ်ခေါင်း စောသက်ဖောထံတွင် ဆင်သမားများကို ထမင်းချက်ကျွေးရသည့်အလုပ်ကို ဝင်ရောက်ခဲ့ပြန်သည်။ ဖိုးဝါးသည် ညဘက် အလုပ်နားချိန်ရောက်သည်နှင့် ကရင်လင်္ကာများ ရွတ်ဆိုပြခြင်း၊ ငါးရာ့ငါးဆယ် ဇာတ်တော်များနှင့် မင်္ဂလာတရားတော်များ ပြောပြခြင်း၊ ရယ်စရာများနှင့်လည်း ပျော်ရွှင်စေပြီးနောက် ငါးပါးသီလကို လုံခြုံအောင် ထိန်းတတ်စေရန် စည်းရုံးနိုင်ခဲ့သူ ဖြစ်၏။

## "မေတ္တာတရား စမ်းသပ်မှု"

အလုပ်ဝင်ပြီး သုံးလကျော်ကြာလာသော တစ်နေ့တွင် သစ်ခေါင်းကြီးမှ ဖိုးဝါးကို ပြောလာပုံမှာ ဘုံဘေဘားမားကုမ္ပဏီမှ လူကြီးများ တောပစ်လာကြမည်ဖြစ်၍ ကူညီရန်ဖြစ်ပါသည်။ ထိုအခါ သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေဟု ညစဉ် မေတ္တာပို့ဆုတောင်းနေကြသူ ဖိုးဝါးနှင့် အလုပ်သမားများက သူတို့စေလွှတ်သော မေတ္တာဓာတ်များ တကယ်ရ၊ မရ သိရှိရန်ကို ဤသို့ဆောင်ရွက်ကြပါသည်။

ပထမအဆင့် ငါးပါးသီလ ထိန်းကြပါသည်။ ဒုတိယအဆင့်က သတ္တဝါများ ချမ်းသာရာရကြပါစေဟု တစ်လလုံးလုံး ဝတ်မပျက် ဆုတောင်းမေတ္တာပို့ကြပါသည်။ သစ်ခေါင်းကြီးနှင့် ဧည့်သည်များ ရောက်လာကြပြီး တောပစ်ထွက်သောအခါ ဖိုးဝါးတို့အဖွဲ့က တောခြောက်ပေးရပါသည်။ ဖိုးဝါးတို့ကလည်း တောခြောက်ပေးရင်းနှင့်ပင် မပြတ်တမ်း မေတ္တာပို့ပေးနေခဲ့ကြရာ ညရောက်လာသည့်တိုင်အောင် တောကောင်မရရှိခဲ့ကြဘဲနှင့် ဆင်ဖြူတော်ကိုသာ ပေါ်လိုက်ပျောက်လိုက်နှင့် ကြုံနေခဲ့ရပါသည်။ သုံးရက်လုံးလုံး ထိုသို့ဖြစ်နေခဲ့ရာ ဆင်ဖြူတော်ဆိုသည်မှာ ကရင်လူမျိုးများအတွက် အမျိုးဘာသာနှင့် ဆက်စပ်နေသည့် အတိတ်ကောင်းဟု သိထားကြသည်ကြောင့် သစ်ခေါင်းကြီးမှ ဤသို့ပြောခဲ့ပါသည်။

## "ဆင်ဖြူတော်နိမိတ်မှသည်"

တိုင်းတစ်ပါးသား သာသနာပြုများ ရောက်ရှိလာကြပြီးနောက် ကရင်လူမျိုးများ၏ မူလဓလေ့ထုံးတမ်းများ၊ ဘာသာယဉ်ကျေးမှုများ တဖြည်းဖြည်းနှင့် မှေးမှိန်နေခဲ့ရပြီ။ မိမိလူမျိုးတို့သည် ဘုရား၊ တရားလမ်းစဉ်ဖြင့်သာ



www.burmeseclassic.com

www.burmeseclassic.com

သွားရမည်ဟု သက်ကြီးများ၏ ဆုံးမစကားရှိခဲ့သည်။ ယခု ဆင်ဖြူတော် နိမိတ်ပြလာခြင်းမှာ မိမိတို့၏ အမျိုးဘာသာကို ဖွံ့ဖြိုးလာစေရန် လှုံ့ဆော်မှုဟု ယုံကြည်သည်။ ထို့ကြောင့် သာသနာအတွက် အနစ်နာခံကြိုးပမ်းလုပ်ဆောင်သွားမည့်သူသည် ဆင်ဖြူတော်ကို မြင်တွေ့ခဲ့ရသည့် အလုပ်သမားများထဲမှာ ရှိနေခဲ့ပြီ။ မည်သူတာဝန်ယူမည်နည်းဟု စောသက်ဖောမှ မေးခဲ့ပါတော့သည်။

ထိုအခါ ဖိုးဝါးသည် အတွင်းစာတ်ခံ၏ လှုံ့ဆော်မှုနှင့်အတူ အမျိုးဘာသာ သာသနာအတွက် ဦးဆောင်မှုပြုပါမည်ဟု ရဲရဲဝံ့ဝံ့ ကတိပြုခဲ့လေတော့သည်။

ကတိပြုပြီးနောက် ရွာကို ပြန်လာခဲ့၏။ လူငယ်သဘာဝအတိုင်း နော်ဝါးဆိုသူနှင့် အိမ်ထောင်ပြုခဲ့ပြီး ဆင်တစ်ကောင်နှင့် လုပ်ကိုင်စားသောက်ခဲ့ပါသည်။ မကြာမီပင် ထိုဆင် သေသွားခဲ့သည်။ ဇနီးသည်ခမျာလည်း အမျိုးသမီးရောဂါနှင့် အိပ်ရာထဲမှ မထနိုင်ဘဲ ကွယ်လွန်သွားခဲ့ပြန်သည်။ ရှေ့ဆင့်နောက်ဆင့်ပင် မွေးကင်းစကလေးငယ်လည်း ဆုံးပါးသွားခဲ့ပြန်ရာ ဆောက်တည်ရာမရ ခံစားခဲ့ရရှာသည်။ ဇနီးနှင့် သားတို့အတွက် ဗလိနတ်စာကျွေးခဲ့သော်လည်း အနိစ္စရောက်ရသည့်ကြောင့် အားကိုးရာအစစ်မဟုတ်မှန်း နားလည်သွားခဲ့သည်။ ဇနီးသည်မကွယ်လွန်မီကလည်း ဖိုးဝါးကို အဖြူဝတ်စုံနှင့် လူမျိုးပေါင်းစုံအား တရားပြနေကြောင်းကို ညက သုံးကြိမ်တွေ့ခဲ့ရကြောင်း၊ ကျွန်ုမနှင့်တကွ သတ္တဝါအပေါင်း ချမ်းသာကြောင်းတွေကို ဆောင်ရွက်ရန်မမေ့ပါနှင့်ဟု မှာကြားသွားခဲ့သည်ကို သတိရမိ၏။ သစ်ခေါင်းကြီး စောသက်ဖောအား ပေးထားခဲ့သည့်ကတိကိုလည်း နောင်တနှင့်အတူ သတိရသွားသောအခါ ...

### “လူသူတော်ကြီး ဘိုးပိုက်ဆံ”

ဖိုးဝါးသည် စစ်မှန်သော တရားတို့ကို တွေ့ရှိနိုင်ရန်အတွက် ဦးစွာပထမ မိမိကိုယ်ကို တရားအဆုံးအမတည်စေခဲ့ပါသည်။ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး၊ အသက်လွတ်စားသုံးကာ ငါးပါးသီလဆောက်တည်၏။ တောင်ကုန်းတစ်ခုအထက်၌ တဲတစ်လုံးဆောက်လုပ်ပြီး တရားအားထုတ်ခဲ့ရာ ‘လူသူတော်ကြီး’ဟု မည်တွင်လာခဲ့လေသည်။

နောက်ပိုင်းတွင် အစာရေစာကိုပင် မမှီဝဲတော့ဘဲနှင့် အပြင်းအထန်အားထုတ်ခဲ့ရာ ကောင်းကင်မှနေ တည်ငြိမ်သောအသံတစ်သံက “ငါ့မြေး ဘိုးပိုက်ဆံ၊ ကျင့်တာတင်းလွန်းနေပြီ။ မဇ္ဈိမပဋိပဒါကျင့်မှ တရားရမယ်”ဟူသည့် အသံကို ကြားလိုက်ရတော့သည်။ ဤအသံသည် ဖိုးဝါးအတွက် အားအင်များပြည့်ဖြိုးလာသကဲ့သို့ ခံစားရပြီး အသိတရားကိုလည်း ရရှိသွားခဲ့၏။ ထိုအချိန်မှစ၍ အသံရှင်ခေါ်ဆိုခဲ့သည့်အတိုင်း ဘိုးပိုက်ဆံ ဖြစ်သွားပါတော့သည်။

### “မော်လမြိုင်ထောင်သို့”

ဘိုးပိုက်ဆံသည် စာသင်ကြားခဲ့ရာ ရွှေကျင်မြို့သို့ သွားရောက်ပြီးလျှင် လေချွန်တောင်နှင့် သက်ကယ်တောင်များပေါ်တွင် တရားအားထုတ်ခဲ့ပြန်သည်။ သန့်ရှင်းသောစိတ်နှင့် မေတ္တာဓာတ်တို့ကြောင့် ဘိုးပိုက်ဆံရှိရာတောင်ထိပ်သို့ လူအများ ရောက်လာကိုးကွယ်ကြပြန်လေသည်။ ထိုအခါတွင် မရှုစိမ့်နိုင်ကြသော တိုင်းတစ်ပါးသာသနာပြုများ၏ တိုင်ကြားမှုတို့ကြောင့် အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးခြင်းကို ခံရပြီး မော်လမြိုင်ထောင်မှာ နေခဲ့ရပါသည်။ ဤသတင်းကို ကြားသိသွားသော သစ်ခေါင်းကြီး စောသက်ဖောသည် ဖူးကားသစ်ကုမ္ပဏီမန်နေဂျာ၏ အကူအညီဖြင့် မော်လမြိုင်ထောင်မှ လွတ်မြောက်လာရန် ကူညီပေးခဲ့၏။ ငွေတစ်ထောင်ကိုလည်း လှူခဲ့ပါသည်။

### “ဘုရားတည်ခြင်း”

ထိုငွေတစ်ထောင်ကို မည်သည့်နေရာတွင် အသုံးပြုရမည်နည်းဟု အာရုံပြုရာတွင် စေတီပုံကို မြင်ရ၏။ ခုနစ်ရက်တိတိ အာရုံပြုကြည့်ရာမှာလည်း စေတီပုံသာ ရှိနေခဲ့သဖြင့် ဗုဒ္ဓကိုယ်စား ရည်မှန်းပူဇော်ရန် စေတီတည်ဖို့ ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် ငွေတစ်ထောင်ထုပ်ကို ရှေ့မှာထား၍ မည်သူ့ကိုမျှ စကားမပြောတော့ဘဲနှင့် ၄၉ ရက်တိတိ တရားထိုင်၍သာ နေပါတော့သည်။

ထိုအခါ လူအများက ပိုမို၍ ကြည်ညိုကြပြီး သူ့ထက်ငါ လှူဒါန်းခဲ့ကြရာ ၄၉ ရက် မိဌာန်ပြည့်သောအခါတွင် ငွေထုပ်သည် မူလထက် သုံးဆပိုမိုစုပုံနေခဲ့၏။ ထို့ကြောင့် ဖူးဝါးနိ (သို့) သက်ကယ်တောင်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com

သံထည်ပစ္စည်းများဖြင့် အခိုင်အမာ
တည်ထားနိုင်ခဲ့သော စေတီ၏ ဘွဲ့
တော်မှာ 'ဂိုမူပလော်ထီး'ဖြစ်ပါသည်။
ယနေ့တိုင် တည်ရှိပါသည်။

သက်ကယ်တောင်ပေါ်တွင် သုံး
နှစ်ကျင့်ကြံအားထုတ်ခဲ့ပြီးနောက် လေ
ချွန်တောင်ပေါ်သို့ပြောင်းရွှေ့၍ ထမင်း
ခြောက်စေတီဘွဲ့မည်တွင်သော ဘုရား
တစ်ဆူကို ထပ်မံတည်ပြန်ပါသည်။
အင်္ဂလိပ်အရေးပိုင်များ၏ အကြိမ်ကြိမ်
မေးမြန်းစစ်ဆေးမှုများ၊ မယုံသင်္ကာမှု
များကို ခံခဲ့ရပါသည်။ နောက်ဆုံးတွင်
ဘိုးပိုက်ဆံ၏ မေတ္တာစိတ်တို့ကြောင့်
အရေးပိုင်မင်း၏ ထောက်ခံစာနှင့်အတူ
ငွေဒင်္ဂါးသုံးဆယ်ကိုပါ လှူဒါန်းမှုကို
ရရှိခဲ့ပါတော့သည်။

## "ဖဒိုပလောတည်စေသော(ဝ်)"

ဘိုးပိုက်ဆံသည် တောင်ပေါ်မှ
နေ မြေပြန့်သို့ ဆင်း၍ နေထိုင်ကြ
ကုန်သော ကရင်သားချင်းများ၏ နေ
ထိုင်စားသောက်မှုတို့ အဆင်ပြေကြစေ
ရန်အတွက် သင့်တော်သော မြေကို
ရှာဖွေခဲ့ပါသည်။ ယခု ညောင်လေးပင်
မြို့နယ်အတွင်း ရန်ကုန်–မန္တလေးလမ်း
မကြီး၏ အနောက်ဘက်ရှိ တောထဲ
တွင် အလွန်ကြီးမားသော ညောင်ပင်
ကြီးကို တွေ့ရှိခဲ့ကြရာ ပတ်ဝန်းကျင်
အနေအထားကလည်း သင့်တင့်နေပါ
သဖြင့် ညောင်ပင်ကြီးကို ဗဟိုပြုပြီး
ရွာတည်ခဲ့ပါသည်။ တပည့်များ လယ်
ယာလုပ်ကိုင်နိုင်ရန်အတွက် အင်္ဂလိပ်
အစိုးရထံမှ လယ်ယာမြေကေသုံး
သောင်း လျှောက်ထားခဲ့ရာ တစ်
သောင်းငါးထောင် ချပေးခဲ့ပါသည်။
ဘိုးပိုက်ဆံတည်ခဲ့သော ရွာအမည်မှာ
ဖဒိုပလော ဖြစ်ပါသည်။ ၁၈၈၈ ခုနှစ်
မှာတည်ထားခဲ့သော ရွာကလေးသည်
ယခုအခါတွင် စည်ကားသာယာလှ
သော ဖဒိုမြို့ ဖြစ်၍နေခဲ့ပြီ။

## "လားဘွယ်ပွာ လပြည့်နေ့"

ဘိုးပိုက်ဆံသည် ဖာပွန်နယ်
သားဇာတိ ဖြစ်သဖြင့် လပြည့်နေ့ကို
ဖာပွန်ဒေသအခေါ် 'လားဘွယ်ပွာ'ဟု
သုံးနှုန်းပါသည်။ ဘိုးပိုက်ဆံ၏ မှာ
ကြားချက်မှာ လားဘွယ်ပွာနေ့တွင်
ဘုရားဝတ်ပြု၊ သီလဆောက်တည်
ခြင်းနှင့် သက်ပယ်စားသုံး၍ မေတ္တာ
ပြဟ္မစိုရ်တရား ပွားများနိုင်ခဲ့ပါသည်။

ဘိုးပိုက်ဆံမရှိတော့သည့် နောက်
ပိုင်းတွင် အချို့တပည့်များသည် အယူ
ဝါဒများ ကွဲပြားခြားနားသွားခဲ့ကြတော့
သည်။ ဘိုးပိုက်ဆံ၏ မှာကြားချက်ထဲ
တွင် မိမိဘာသာ သာသနာသည်
တိုင်းတစ်ပါးဘာသာ သာသနာတို့၏
လွှမ်းမိုးမှုအောက်မှ ကင်းရှင်းရမည်ဖြစ်
ကြောင်း ပါရှိခဲ့သည်။ ဤအချက်ကို
အဓိပ္ပာယ်ကောက်လွဲပြီး ဗုဒ္ဓဘာသာ
တို့၏ နေ့ထူးရက်မြတ်ဖြစ်သော လပြည့်
နေ့ကို မယူတော့ဘဲ လပြည့်ကျော်
၁ ရက်နေ့ကို ဥပုသ်နေ့အဖြစ် သတ်
မှတ်ခဲ့ကြခြင်းပင်။ ထို့ကြောင့် ဆရာမ
ဟဲမူထီးသည် သူတို့၏ ဥပုသ်နေ့က
လပြည့်ကျော် ၁ ရက်ဖြစ်ကြောင်း
ပြောခဲ့ခြင်း ဖြစ်၏။

## "အရှင်ထွက်လော"

ဘိုးပိုက်ဆံသည် ကရင်လူမျိုး
များနေထိုင်သော ဒေသများစွာသို့
ဓိဋ္ဌာန်ခရီးများ ထွက်ရှိပြီး ဘုရားတည်
ခြင်း၊ ကျောင်းများစွာ ဆောက်လုပ်
ပေးခြင်း၊ လမ်းများ ပြုပြင်ဖောက်လုပ်
ပေးခြင်း၊ စပါးကျီများ တည်ပေးခြင်း
စသည့် ပရဟိတလုပ်ငန်းမျိုးစုံတို့ဖြင့်
လည်း ကရင်လူမျိုးတို့၏ဘဝကို မြှင့်
တင်ပေးခဲ့ပါသည်။ အသိဉာဏ်များကို
တိုးတက်စေခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်
တွင် စခန်းသစ်ထွက်ရှိသွားခဲ့သော
ဘိုးပိုက်ဆံကို အရှင်ထွက်လော၊ အသေ
ထွက်လောဟူ၍ ယခုအချိန်အထိ
ပဟေဠိဖြစ်နေကြဆဲပင်။ စခန်းသစ်
ထွက်မည့်ညဘက်၌ တပည့်အပေါင်း
ကို မှာကြားဩဝါဒများပေး၍ စုပေါင်း
မေတ္တာပို့ကြပါသည်။ ည ၁၂ နာရီတွင်
မြပုခက်ပေါ်သို့တက်၍ လဲလျောင်းပါ
သည်။ ယောက်ျားလေးဦးမှ တစ်ဖက်
နှစ်ယောက်စီ လွှဲပေးရပါသည်။ အလှည့်
ကျ လွှဲပေးကြရင်းဖြင့် အိပ်မပျော်ရန်
စိတ်တင်းထားကြပါသော တပည့်အား
လုံးမှာ အိပ်ပျော်သွားခဲ့ကြပါတော့
သည်။ ကြက်ဦးတွန်မှ နိုးလာခဲ့ကြရာ
မြပုခက်အတွင်းမှာ ဘိုးပိုက်ဆံမရှိ
တော့ပေ။


လိုက်လံရှာဖွေခဲ့ကြရာ ရေတွင်း
ပေါ်တွင် ဘိုးပိုက်ဆံ၏ အင်္ကျီကို တွေ့
ခဲ့ရသည်။ ရေတွင်းထဲမှာ မတ်တတ်
ရပ်လျက်အလောင်း။ သို့သော် ဘိုး
ပိုက်ဆံမဟုတ်ခဲ့။

ဘိုးပိုက်ဆံ၏ ဘဝဇာတ်ကြောင်း
တွင် ထူးဆန်းအံ့ဩဖွယ်ရာများစွာတို့
ရှိနေပါသေးသည်။

**လေးသ…**

# ခရမ်းတောင် ◆နှင့်◆ ဦးယိုးဒယား

**မောင်ကြည်မော်-စကု**



ခရမ်းတောင်ဆရာတော်ဦးယိုးဒယားနှင့် ကျောင်းအုပ်ဆရာကြီး ဦးကိုကိုလေးတို့အား ကျောင်းတော်အနီး တွေ့မြင်ရစဉ်

"ခရမ်းတောင်ကပြောသော ဇာတ်လမ်းများ စိတ်ဝင်စားဖွယ် ကောင်းတယ်ဗျ။ တကယ့်ဖြစ်ရပ်အမှန်ဆိုတော့ ဖြစ်စဉ်တွေဟာ မျက်စိအာရုံထဲမှာ တရေးရေးမြင်ယောင်မိသလိုပါပဲ။ သဘာဝရေမြေတောတောင်ကလည်း ဆိတ်ငြိမ်အေးချမ်းလှပါဘိသနဲ့။ သူတော်စင် သူမြတ်များ မွေ့လျော်ရာ နယ်မြေဒေသလို့ ဆိုနိုင်တယ် မဟုတ်လား"

"ဟုတ်ပါ့ ... မန်းချောင်းနံဘေးမှာ အထင်ကရ မားမားမတ်မတ်တည်ရှိနေတဲ့ ခရမ်းတောင်ပါ စေတီ၊ ပုထိုး၊ ဇရပ်၊ တန်ဆောင်း၊ ဂူပြာသာဒ်၊ ကျောင်းကန်နဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဆက်ဆက် သီတင်းသုံးရာဒေသပဲနော်။ ကုန်းကမူမြေအမြင့်မှာ တည်ရှိနေတာကြောင့် ခပ်ဝေးဝေးဆီက လှမ်းမျှော်လို့ရနိုင်တယ်"

"မန်းချောင်းတောင်ဘက် ပေါင်းရွာကျေးရွာနဲ့ ကသက်ကျေးရွာနှစ်ခု အလယ်ဗဟိုကျကျတည်ရှိနေတဲ့ ခရမ်းတောင်ပါ။ ကြည်ညိုဖွယ်ရာ ရဟန်းမြတ်အရှင်တို့ဟာ လူသူမနီး တောတောင်ဂန္ဓာရထဲမှာ တစ်ပါးတည်း ကမ္မဋ္ဌာန်းတရား အားထုတ်ကြခြင်းပါ။ တောရကျောင်းပီပီ ပစ္စည်းလေးပါးအပေါ် အာရုံပြု မမျှော်ကိုးကြပါဘူး။ သံသရာဝဋ်ဆင်းရဲက လွတ်ကင်းအောင် ကျင့်ကြံစည်းပွားခြင်းဖြင့် မွေ့လျော်နေတတ်စမြဲပါ"

ခရမ်းတောင်စခန်းကို နှစ်ပေါင်း လေးဆယ်ကျော်ကပင် ရောက်ခဲ့ဖူး၏။ မန်းရွှေစက်တော်ဘုရားပွဲတော်သို့ သွားရာလမ်းဖြစ်ချေသည်။ ဘုရားဖူးနွားလှည်းယဉ်များ ခေတ္တခဏနားခိုရာဟု ဆိုနိုင်၏။ သရက်၊ ပိန္နဲ၊ လက်ပံ၊

www.burmeseclassic.com

မန်ကျည်း၊ ထနောင်း၊ တမာ၊ ကုက္ကိုပင်ကြီးများ ဝိုင်းရံ ကာဆီးထားတာအမှန်။ ပေါင်းရွာကျေးရွာတွင် အနားယူတာတ်စမြဲ၊ ကြည်လင်အေးမြ ချိုမြိန်သော မန်းချောင်းနံဘေးမို့ သစ်ပင်ကြီးငယ် လန်းဆန်းစိုပြည်နေခြင်းပင်။ နယ်မြေဒေသမှ ထွက်ရှိသော ငှက်ပျော၊ သဘော်၊ ရှောက်၊ မာလကာ၊ ဆီး၊ ပိန္နဲသီးများ စုံလင်လှပါဘိ။ ကျေးငှက်သာရကာမျိုးစုံ တွန်ကျူးသံများ အတိုင်းသားကြားနေ၏။

သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ သားကောင်များ မြူးထူးပျော်ပါးရာ နယ်မြေဒေသပင်။ တောရိပ်တောင်ရိပ် စိမ့်စမ်းဂနိုင်ကြောင့် သစ်ပင်ပန်းမာစုံလင်လှသည်။ ကျွန်တော့်ဆီသို့ စာပေသမားများ စုစည်းလာကြစမြဲပင်။ ကိုအေးသန်း၊ ကိုစိုးတင့်နှင့် တွေ့ဆုံလျှင် ရေးသားစရာ အချက်အလက်များ ဖွင့်ဟပြောဆိုကြ၏။ စိတ်ကူးယဉ်ဒဏ္ဍာရီ မဟုတ်တာကြောင့် မိမိစိတ်အာရုံထဲတွင် ထာဝစဉ်ကိန်းအောင်းနေတာ အမှန်။ အငြိမ်းစားကျောင်းဆရာကြီး ဦးကိုကိုလေး ကြည်ညိုလေးစား ကိုးကွယ်ခဲ့သော ခရမ်းတောင် ဆရာတော်ဦးယိုးဒယားပင် ဖြစ်ပေသည်။

"ဘီအိုင်အေတပ်မတော်ဟာ နယ်ချဲ့တွေကို တွန်းလှန်ချေမှုန်းနေရတဲ့ကာလ တစ်ဖက်က နယ်မြေဒေသတည်ငြိမ်အေးချမ်းအောင် အုပ်ချုပ်နေရခြင်းပါ။ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဗုဒ္ဓပူဇနီယပူဇော်ပွဲဖြစ်သော မန်းရွှေစက်တော်ဘုရားပွဲတော် အနီးကပ်ကြီးကြပ်ကာ ခင်းကျင်းနိုင်ခဲ့ပါတယ်။ မြန်မာပြည်တစ်လွှားက ရဟန်းရှင်လူများ ပါဒစက်စုံဦးကို ပူဇော်ဦးခိုက်ကြခြင်းပါ။ တစ်နေ့မှာ ထူးဆန်းတဲ့ ရဟန်းတော်တစ်ပါး ပွဲခင်းထဲ ဖူးမြင်ရသတဲ့"

"လုံခြုံရေးကို တာဝန်ယူထားကြတဲ့ တပ်သားတစ်ဦး အနီးကပ်လေ့လာဆန်းစစ်မိရာ လူမျိုးခြားတစ်ဦး ရဟန်းအဝတ်နှင့် ဂျပန်သူလျှိုလား၊ ထောက်လှမ်းရေးလား မယုံသင်္ကာဖွယ်ရှိတာကြောင့် တပ်ရုံးစိုက်ရာစခန်းထဲ ပင့်ဆောင်လာတယ်။ သူ့စကား၊ ကိုယ့်စကား မသိနားမလည်တာကြောင့် အခက်ကြုံတွေ့ကြပြီပေါ့။ ဒါနဲ့ စကုမြို့ ဘီအိုင်အေတပ်ရှိရာ ခေါ်ဆောင်လာခြင်းပါ . . ."

"သခင်အေးမောင်၊ ဗိုလ်အေးချိုတို့ကလည်း ရဟန်းတော်အား အသေအချာ စစ်ဆေးလို့ မရကြဘူး။ ရဟန်းစစ်၊ ရဟန်းတု ဟုတ်မဟုတ် ရဟန်းတော်များမှသာ သိရှိနိုင်ကြောင်း ကန်ပေါက်ကလေး အရှေ့ကျောင်းတိုက်ဆရာတော် ဦးဂျပိန်ထံသို့ စစ်ဆေးရန် စီမံကြတယ်။ ဆရာတော်ကြီးများစစ်ဆေးရာ စစ်သူလျှိုထောက်လှမ်းရေးသမားမဟုတ်၊ ဗုဒ္ဓဘာသာ သာသနာတော်အား ကြည်ညိုလေးစားမှုကြောင့် သာသနာ့ဝန်ထမ်းအဖြစ် ခံယူသူဖြစ်ကြောင်း မိန့်ကြားတော်မူတယ်"

ယိုးဒယားနယ်စပ်ဒေသတွင် မွေးဖွားကြီးပြင်းခဲ့ပြီး ဗုဒ္ဓသာသနာတော် ယုံကြည်သက်ဝင်ကာ ရဟန်းပြုလာခြင်းဖြစ်သည်။ ပြည်တွင်းမငြိမ်မသက်ဖြစ်နေသော်လည်း တစ်နယ်မြေမှ တစ်နယ်မြေသို့ ကြွချီလာခြင်းဖြစ်၏။ ဤသို့ဖြင့် ဦးယိုးဒယား မန်းရွှေစက်တော်ဘုရားပွဲတော်သို့ ရောက်ရှိလာခြင်းပင်။ စစ်အတွင်းကာလမို့ ဆရာတော် ဘယ်ဆီကိုမှ မကြွတော့ပေ။ ကန်ပေါက်ကလေးကျောင်းတိုက်မှာပင် သီတင်းသုံးတော်မူသည်။

ဦးကြည်စိန်၊ ဦးသူတော်၊ ဦးရွှန်းမိသားစုမှ လိုအပ်သမျှ လှူဒါန်းဆက်ကပ်ကြ၏။ ဆရာဒကာအရင်းအချာဖြစ်ကြပြီး စကုမြို့ထဲတွင် ဗုံးဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများ မြင်တွေ့နေရ၏။ စစ်ဘေးစစ်ဒဏ်နှင့် ကင်းလွတ်ရာ တောလက်ကျေးရွာများဆီသို့ ရှောင်ပုန်းကြသည့်အချိန်။ နယ်ချဲ့ဖက်ဆစ်ဂျပန်တို့ အကြမ်းဖက်ကာ ယုတ်မာရက်စက်သောကာလ။ စကုမြို့ထဲတွင် မနေထိုင်ကြတော့ပေ။ စက်သေနတ်ဘေးအန္တရာယ်မှ လွတ်ကင်းရာ ရွှေ့ပြောင်းနေထိုင်ကြခြင်းပင်။ ဆရာတော်ဦးယိုးဒယားနှင့် တပည့်ဒကာများ။ ဆယ်မိုင်ခန့်ဝေးကွာသော ပေါင်းရွာကျေးရွာ၌ ခေတ္တခဏနေထိုင်ကြသည်။ လူနေအိမ်ခြေ နှစ်ရာနီးပါးခန့်ရှိသော ရွာတစ်ရွာဖြစ်၏။

ဖက်ဆစ်ဂျပန်များ ချေမှုန်းတိုက်ခိုက်မှု တစ်စတစ်စ ချုပ်ငြိမ်းခဲ့ပြီဖြစ်၏။ ဆရာတော်ဦးယိုးဒယားအား စကုမြို့သို့ ဒကာများနှင့်အတူ ပြန်လည်ကြွမြန်းရန် လျှောက်ထားကြသည်။ ဆိတ်ငြိမ်အေးချမ်း သာယာလှသော ကျေးလက်ဒေသအား မစွန့်ခွာလိုတော့ပေ။ တရားဓမ္မ ကျင့်ကြံစည်းပွားခြင်းသာလျှင် အဓိကဟု ယုံကြည်ထား၏။ ပေါင်းရွာနှင့် အလှမ်းဝေးသည့် ခရမ်းတောင်ကျောင်းသိမ်တွင် ခန်းနေရဟန်းအဖြစ် သီတင်းသုံးတော်မူရန် ဆုံးဖြတ်တော်မူသည်။

ဦးကြည်စိန်၊ ဦးသူတော်နှင့် ဦးရွှန်း စကုမြို့သို့ ပြန်လာကြသည်။ ခရမ်းတောင်ဆရာတော် မကြာမီ ပျံလွန်တော်မူ၏။ ဆရာတော်ဦးယိုးဒယား ဆက်လက်သီတင်းသုံးလျက်ရှိသည်။ သားကြီးငါးကြီးနှင့် စီမံချက်ပြုတ် လောင်းလှူသော ဆွမ်းဟင်းကို အလှူမခံပေ။ ပေါင်းရွာတစ်လှည့်၊ ကသက်ကျေးရွာတစ်လှည့် ဆွမ်းအလှူခံကြွတော်မူသည်။ နံနက်အရုဏ်ဆွမ်း ဘုဉ်းမပေး။ မသုံးဆောင်ပေ။ နေ့စဉ်နှင့်အမျှ တောတိရစ္ဆာန်အား တရားရေအေး မိန့်ဆိုတော်မူ၏။ ကြီးမားသော စပါးကြီးမြွေ၊ စပါးအုံး၊ မြွေဟောက်၊ ငန်းကောင်ကြီးများ အနီးဝန်းကျင်၌ မြင်တွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုဖွယ်ရာ ရဟန်းထူးရဟန်းမြတ်ကို့သည် မိမိအားထုတ်ဆည်းပူးသော ကမ္မဋ္ဌာန်းတရားရရှိဖို့ အဓိကထားတော်မူ၏။ ကျောင်းသိမ်တွင် တောကြက်တညင်များစွာ မှီတင်းနေထိုင်ကြသည်။ ဒေါင်းအိုးဝေ၊ ခို၊ ဆက်ရက်၊ ချိုး၊ ခါ၊ တစ်တီတူး၊ ဘုတ်၊ ကျီးကန်း၊ ကျေးငှက်သာရကာများ မြူးထူးပျော်ပါးလျက်ပင်။ ဆရာတော်အနီးအပါးတွင် တောကြက်အကောင်သုံးရာနီးပါး တွေ့မြင်နိုင်၏။ လက်ပန်တော၊ အိုင်းမဆည်တော်တွင် တာဝန်ကျနေသည့် အမှုထမ်းတစ်ဦး ခရမ်းတောင်သို့ ရောက်လာသည်။ ကြက်တညင်သုံးလေးကောင် ဖမ်းဆီးသတ်ဖြတ်ယူရန် လာခဲ့ခြင်းဖြစ်၏။

"ကျုပ် ကျွေးမွေးထားတဲ့ တိရစ္ဆာန်ကလေးတွေ ပစ်ခတ်ယူဆောင်ခြင်း မပြုပါနှင့်။ သူတို့တစ်တွေ အေးချမ်းသာယာစွာ နေထိုင်ကြပါစေ။ မနှောင့်ယှက်ပါနဲ့ ဒကာ . . ."

ထိုပုဂ္ဂိုလ်ကလည်း မိမိကြံစည်ဆုံးဖြတ်ထားမှုကို အလျှော့မပေး။ တောကြက်တညင် နှစ်ကောင်သုံးကောင် ရရှိမှ ကျေနပ်မည့်ဟန်။ တစ်ဖက်နှင့်တစ်ဖက် အခြေအတင် ငြင်းခုန်လျက် ဖွင့်ဟပြောဆိုနေသည်။ အနိုင်မခံ၊ အရှုံးမပေး လောဘရမ္မက်ဇော ကြီးစိုးမှုကြောင့် အသင့်ပါလာသော သေနတ်ကို ထုတ်၍ ဆရာတော်အား ချိန်ရွယ်လိုက်၏။ တစ်ဖက်လူက ရန်ပြုသော်လည်း ဆရာတော် အေးဆေးစွာနှင့် မိန့်တော်မူသည်။

"ဒကာက သေနတ်နဲ့ ပစ်ဖို့ စီစဉ်ထားပြီပေါ့။ ပစ်မယ်ဆိုရင် သုံးကြိမ်တိုင်အောင် ပစ်ခွင့်ပေးမယ်။ အဲဒါ သဘောတူရင် ပစ်လိုက် . . ."

တောကြက်တညင်ပစ်ရန် ရောက်လာသောသူ ဒေါသအရှိန်မထိန်းချုပ်နိုင်ဘဲ လက်ထဲက သေနတ်မောင်းခလုတ်တစ်ချက်ချင်း ဖြုတ်နေ၏။ ဂျောက် . . . ဂျောက် . . . ဂျောက်ဟူသော အသံထွက်ပေါ်လာသည်။ သေနတ်သမားက အတော် အံ့သြတုန်လှုပ်သွားချေပြီ၊ နေ့စဉ်ကိုင်တွယ်ထားသော သေနတ်။ ပစ်စရာ၊ ခတ်စရာ ဖြောင့်တန်းစွာထိရောက်လှသည့် လက်နက်ကောင်း။ ဒီအချိန်ကျမှ ကျည်ဆန်တွေမထွက်ရသနည်း။ တွေးဆလို့မရအောင် တွေ့ကြုံနေရချိန်။

"ဒကာရဲ့သေနတ် ကောင်းမကောင်း မိုးပေါ်ထောင်ပြီး ပစ်လိုက်စမ်း"

ဆရာတော် ဦးယိုးဒယားအပေါ် မကျေနပ်ချက်များနှင့်အတူ လက်ထဲမှ သေနတ် အပေါ်သို့ထောင်၍ အားရပါးရ ခလုတ်မောင်းကို ဆွဲချလိုက်ချေပြီ။ ဒိုင်း . . . ဒိုင်း . . ဒိုင်း . . . ကျယ်လောင်သည့် သေနတ်သံသုံးချက် ထွက်ပေါ်လာ၏။ ဆိတ်ငြိမ်နေမှုအား ရုတ်တရက် ချေဖျက်လိုက်ခြင်းပင်။ အနီးပတ်ဝန်းကျင်ရှိ ကျေးငှက်သာရရကာနှင့် တောကြက်တညင်များ လန့်ဖျပ်ပြေးချေပြီ။

ခလုတ်ထိမှ အမိတ၊ မိမိကိုယ်တွေ့မို့ သေနတ်သမားရင်ထဲဝယ် မပြစ်မှားကောင်း၊ မစော်ကားကောင်းသည့် ရဟန်းတော်အား ကိုယ်ထိလက်ရောက် စော်ကားကျူးလွန်မိပါလား။ တဏှာရမ္မက် လောဘစိတ် ကြီးစိုးလာလျှင် အမှားအမှန်ဟု မသိစွမ်းနိုင်။ စိတ်ဆင်ရိုင်းမွေ့နှောက်သလို ကယက်မြောက် ကျူးလွန်လိုက်ခြင်းပင်။ ရဟန်းဝိနည်းသိက္ခာနှင့် ကျင့်ကြံစည်းပွားနေသူကိုမှ စော်ကားမိလေခြင်း။ အကယ်၍ ပစ်လိုက်သော ကျည်ဆန်သုံးတောင့် ထိမှန်လျှင် နေရာတွင် ပွဲချင်းပြီး သေဆုံးနိုင်မှာ သေချာလှပါဘိ။

သေနတ်သမားအနေဖြင့် မိမိပြုလုပ်မိသော လုပ်ရပ်အပေါ် နာကြည်းရွံရှာစက်ဆုပ်လာ၏။ မလိုမုန်းထား ရန်ငြိုးပွားရမည့်အကြောင်းအချက်မရှိပါဘဲနှင့် မိုက်တွင်းနက်ခဲ့သူ။ လက်ထဲမှကိုင်ဆောင်ထားသော၊ သေနတ် မြေပြင်ပေါ်သို့ ချပစ်လိုက်ချေပြီ။ ပူလောင်ပြင်းပြသည့် စိတ်ခံစားမှုများ ထိန်းချုပ်လိုက်၏။ ဝန်ချတောင်းပန်ခြင်းသာလျှင် အကောင်းဆုံးဟု ယူဆနေဟန်။

"တပည့်တော် လုပ်ရပ်အမှားကို သိမြင်တဲ့အတွက် ဝန်ချတောင်းပန်ကန်တော့ပါတယ်။ ဝိနည်းသိက္ခာနဲ့အညီ ကျင့်ကြံအားထုတ်နေတာကို ဘယ်သောအခါမှ မပြစ်မှားတော့ပါဘူးဘုရား"

ထိုအချိန်မှစ၍ ဆရာတော်ဦးယိုးဒယား၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ကျင့်ကြံစည်းပွားမှု သမထတရားအပေါ် ပိုမို၍ ကြည်ညိုလေးစားသွားကြ၏။ အဆောင်လက်ဖွဲ့၊ ဂါထာမန္တန် တစ်ခုခုရှိလေသလားဟု ထင်မြင်ယူဆလျက်ပင်၊ မေတ္တာစေတနာအရင်းခံ၍ ဝိပဿနာကမ္မဋ္ဌာန်းတရားဖြင့် မွေ့လျော်နေသော ဆရာတော် ဖြစ်သည်။

"ဒကာ . . . လိုအပ်နေတဲ့ ဝတ္ထုငွေငါးဆယ်ကျပ် ကပ်စမ်း"

ပူပြင်းသော နွေကာလ၊ ဝေးလံသည့်ဒေသမှ ကြွမြန်းလာသဖြင့် နဖူးပြင်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ချွေးများစို့ရွဲနေကြောင်း သတိပြုမိ၏။ ဆရာရင်း၊ ဒကာရင်းမို့ ပွင့်လင်းစွာနှင့် လိုအပ်တာမှန်သမျှ ဖွင့်ဟမိန့်ဆိုတတ်စမြဲ။ ခရမ်းတောင်နှင့် စကု အလှမ်းကွာဝေးလှပါဘိ။ တောတောင်လမ်း ❘ ❘မို့ ❘ ❘က်ထန်ကြမ်းတမ်းလှ၏။ အကြောင်းကိစ္စတစ်စုံတစ်ရာမရှိဘဲနှင့် ယခုလို နေပူကြဲကြဲ ခြေလျင်ကြွမြန်းစရာမရှိ။ ရဟန်းဟူသည် ဝတ္ထုငွေကြေး တစ်ပြားတစ်ချပ်မှ မကိုင်ဆောင်ကြပေ။

"အရှင်ဘုရား . . . ဘယ်အရပ် ဘယ်ဒေသကိုသွားမှာမို့ ဝတ္ထုငွေ အလှူခံပါသလဲ ဘုရား"

"သွားစရာ၊ လာစရာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စရှိလို့ ဝတ္ထုငွေအလှူခံတာ ဒကာကြီး''

''ဘယ်အကြောင်းခြင်းရာတွေနဲ့ ရင်ဆိုင်ကြုံတွေ့မှုကိုလည်း မိန့်ကြားပါဦး''

''ကျောင်းမှာမွေးထားတဲ့ ကြက်ဖနှစ်ကောင် ပျောက်နေတယ်။ ယူဆောင်သွားတဲ့လူနောက် ခုချက်ချင်းလိုက်ဖို့ ပြင်ဆင်ထားတယ်''

''ဆရာတော်ကျွေးမွေးထားတဲ့ ကြက်က ဘယ်နေရာ၊ ဘယ်အရပ်ဒေသမှာ ရောက်နေကြောင်း အတိအကျ သိရှိလို့လားဘုရား။ များပြားလှတဲ့တည်ငြိမ်ကြက်တွေအပေါ် သံယောဇဉ်ငြိတွယ်ဖို့ မသင့်ပါဘူး''

ဦးယိုးဒယားအနေဖြင့် မည်သို့ပင် လျှောက်ထားစေကာမူ လက်ခံမည် မဟုတ်ကြောင်း ဆရာကြီးသတိပြုမိလိုက်၏။ ကျောင်းသိမ်အတွင်း များမြောင်လှသော ကြက်များနှင့်မတူ။ အနီးကပ်နေသည့် ကြက်ဖနှစ်ကောင်။ အသွေးအမွေးကလည်း လှပါဘိ။ ဆရာတော်ဆွမ်းဘုဉ်းပေးလျှင် အနားကမခွာတတ်ကြပေ။

စကုမြို့နှင့် အလှမ်းကွာဝေးသော ပြည်မြို့တောင်ဘက်ရှိ ကျေးရွာစခန်းတစ်ခုဆီသို့ ကြွသွား၏။ မမျှော်လင့်ဘဲ အိမ်ဦးခန်းတွင် ကြွမြန်းလာသည့် ဆရာတော်အား ဘယ်အကြောင်းကိစ္စနှင့် ကြွလာပါသနည်းဟု လျှောက်ထားသည်။ ဆရာတော်ဦးယိုးဒယားက –

''ဒီမှာ ... ကျောင်းကယူဆောင်သွားတဲ့ ကြက်ဖနှစ်ကောင်ရှိတယ်။ ယခုချက်ချင်းပြန်ပေးပါ''

ယိုးဒယားလူမျိုးဖြစ်သဖြင့် စကားပြောရာတွင် လိုရင်းတိုရှင်းပြောတတ်၏။ အိမ်ရှင်ကလည်း ဒီအိမ်တွင် ကြက်မရှိကြောင်း လျှောက်ထားသည်။ မကြာမီ ခပ်လှမ်းလှမ်းဆီမှ ကြက်တွန်သံကြားလိုက်ရ၏။

''ခုတွန်လိုက်တဲ့ကြက်ဖဟာ ... ကျောင်းကယူလာတဲ့ကြက်''

မနောအာရုံ အစွမ်းသတ္တိ ထက်မြက်မှုကြောင့် ခိုးဝှက်ယူဆောင်လာသည့် ကြက်ဖနှစ်ကောင်ရှိရာသို့ ရောက်လာခြင်းဖြစ်သည်။ အိမ်ရှင်လည်း ဝန်ချတောင်းပန်ကာ ဆရာတော်ကြက်ဖအား ပြန်ကပ်ရချေပြီ။

''ခရမ်းတောင်မှာ ကြည်ညိုဖွယ်ရာ ရဟန်းမြတ်တစ်ပါး သီတင်းသုံးနေတော်မူတာ ဖူးမြော်ခဲ့ရတယ်။ ဘာလူမျိုးမှန်းတော့ မသိဘူး။ စကားပြောဆိုမှု လွန်နည်းပါးသူပဲ။ ရွာထဲက လူအချို့က ပြောတာကတော့ ယိုဒယားလူမျိုးလို့ ဆိုကြတယ်။ ရဟန်းဝိနည်းတော်နဲ့အညီ ကျင့်ကြံအားထုတ်နေပုံပေါ်တယ်ကွ''

ခလရ ၂၁ တပ်ရင်းမှူး ခရမ်းတောင်စခန်းတွင် လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်ခဲ့သည်။ တပ်မတော်သားများ စစ်ရေးလေ့ကျင့်ရာမှအပြန် ဇနီးဖြစ်သူအား တွေ့ကြုံခဲ့သမျှ ဖွင့်ဟပြောဆိုနေ၏။ မဖူးမြင်ရသေးသော ဆရာတော်အား ဦးခိုက်လိုသည့် စိတ်ဆန္ဒများ ကြီးထွားလာသည်။ လူသူမနီး တောတောင်ထဲ တစ်ပါးတည်းတရားအားထုတ်မှု မလွယ်ကူလှကြောင်း တွေးဆမိ၏။

''အဲဒီဆရာတော်ဆီကို ခုချက်ချင်း လိုက်လို့ပေးပါ''

တပ်ရင်းမှူးကိုယ်တိုင် ဂျစ်ကားတစ်စီးဖြင့် မောင်းနှင်လာချေပြီ။ တောလမ်းခရီးမို့ ခက်ထန်ကြမ်းတမ်းလှသည်။ ကျေးရွာအသီးသီး ကျော်ဖြတ်လာ၏။ ဖုန်မှုန့်ကြီးများ လူးလွန့်လှုပ်ရှား ပျံ့နှံ့သွားစေသည်။ ကွေ့ကာပတ်ကာနှင့် ခရမ်းတောင်ခြေအထိ ဆိုက်ရောက်လာ၏။ တောင်ခြေမှ လူသွားလမ်းအတိုင်း ဇနီးမောင်နှံ လှမ်းတက်လာချေပြီ။ မြင့်မားမတ်စောက်သည့်လမ်းမို့ ရင်ဖိုလှိုက်မောနေကြ၏။

''ဆရာတော် ဘယ်အရပ်ဒေသက ကြွမြန်းပြီး သီတင်းသုံးနေရပါသနည်း ဘုရား''

တပ်ရင်းမှူးကတော် လျှောက်ထားနေသောအသံ။ တစ်နယ်တစ်ကျေးတွင် လာရောက်တွေ့ဆုံကြလျှင် ဝမ်းသာကြည်နူးမှု ရှိကြစမြဲ၊ ဦးယိုးဒယားနေထိုင်သောနေရာနှင့် တပ်ရင်းမှူးကတော် မွေးဖွားရာနေရာ တစ်နေရာတည်းဖြစ်နေ၏။ ဆွေရိပ်မကင်းကြကြောင်း သိရှိရပေပြီ။ ပစ္စည်းလေးပါး ချို့တဲ့နွမ်းပါးစွာနှင့် ဘာဝနာဝန်ကို ထမ်းရွက်နေရှာသည့် ဆရာတော်။

''တပည့်တော်မ ပင့်ဆောင်ရာမှာ အေးချမ်းစွာနဲ့ သီတင်းသုံးနေတော်မူရန် ရှိသေစွာဖြင့် လျှောက်ထားအပ်ပါတယ် ဘုရား''

တပ်ရင်းမှူးကတော် ကြည်ညိုစွာနှင့် ပင့်လျှောက်သော်လည်း ဦးယိုးဒယား နှစ်သက်ဟန်မတူ။ စိတ်သဏ္ဌာန်တွင် ဆုံးဖြတ်မှုအား ဖွင့်ဟမိန့်ဆိုတော်မူ၏။

''ဒီခရမ်းတောင်မှာ ဆက်လက်ပြီး သီတင်းသုံးဖို့ ရည်ရွယ်ထားတယ်။ ဝိပဿနာကမ္မဋ္ဌာန်းရအောင် ကျင့်ကြံစည်းပွားဖို့ အဓိကဖြစ်တယ် ဒကာမကြီး''

အရိယာ သူတော်စင်တို့သည် တဏှာရမ္မက်လောဘသက္ကာယ ချုပ်ငြိမ်းအောင် အားထုတ်ကြစမြဲပင်။

ရှေးနှစ်ပေါင်းများစွာကပင် သူတော်စင် ရသေ့၊ ရဟန်းတော်များ မွေ့လျော်ခဲ့ရာ နယ်မြေဒေသဟု ဆိုနိုင်၏။ သဘာဝရေမြေတောတောင်ကလည်း သာယာရှုမောဖွယ်ရာ ကောင်းလှပါဘိ။ ခရမ်းတောင်တစ်ကြောတွင် သက်လူမျိုးစုများ မှီတင်းနေထိုင်ကြခြင်းပင်။ စိုက်ခင်းစိုက်ကွက်၊ ရေမြေကောင်းမွန်လှသည်။ ကဒုံမင်းတည်ထောင်ခဲ့သော မြို့ရိုးနှင့် စေတီပုထိုးများ ယနေ့တိုင် တည်ရှိနေ၏။ နှစ်



www.burmeseclassic.com

www.burmeseclassic.com

အတော်ကြာမြင့်စွာ စည်ကားလှကြောင်း လေ့လာမှတ်သားမိသည်။

ခရမ်းတောင်ဆရာတော် ဦးယိုးဒယားနှင့် ပတ်သက်ဆက်နွယ်မှုများ စုံစမ်းမြေးမြန်းမှု လိုအပ်ကြောင်း သတိပြုမိ၏။ ပေါင်းရွာ၊ ကသက်ကျေးရွာ အလှမ်းမဝေးသော်လည်း သွားလာမှု လွန်စွာပင် နည်းပါးနေသည်။ စာပေသမားဖြစ်သော ကိုအေးသန်းနှင့်အတူ စာပေလေ့လာရေး ခရီး ထွက်ကြ၏။ မြောင်းဘောင်လမ်းအတိုင်း စက်ဘီးနှင့် ခရီးနှင်ကြခြင်း ဖြစ်သည်။ လှော်ဖြူတော၊ မြောင်းကြားစီသာ၊ မှတ်ခဲ၊ ရွှေချောင်း၊ ကြီးကန်၊ ကူရွာ၊ ဖြူကုန်း၊ ညောင်ကုန်း၊ ကုတင်ကုန်းကျေးရွာများ ဖြတ်ကျော်ရခြင်းဖြစ်၏။

တသွင်သွင်စီးဆင်းနေသည့် မန်းချောင်းကြီးအား ခိုင်မာတောင့်တင်းသော တံတားကြီးကို ဖြတ်ကျော်ရပေဦးမည်။ တောင်မန်းဆည်ရေမြောင်းသွယ်တန်းထားခြင်း ဖြစ်သည်။ တောင်သူလယ်သမားများ မှီခိုအားထားရာဟု ဆိုရပေမည်။ မန်းတောင်ဘက်ခြမ်းရှိ တောင်သူများ လယ်ယာစိုက်ပျိုးနိုင်အောင် ဖန်တီးပေး၏။ ဖြူဖွေးသည့် ရောကြည်တို့ ကွေ့ကာပတ်လျက် စီးဆင်းနေချေပြီ။ ချိုမြသော အရသာထူးမို့ စိုက်ခင်းစိုက်ကွက်အားလုံးကောင်းမွန်လှပါပေ့။ မန်းချောင်းဟောင်ဘက်တွင် မန်ကျည်းပင်၊ သရက်ပင်၊ တမာပင်၊ ကုက္ကိုပင်၊ လက်ပံပင်ကြီးတို့ဖြင့် အစီအရီ လှမ်းမြင်နိုင်သည်။ ရာသီပေါ်သီးနှံတို့ ဝေဆာလျက်ပင်။ ပေါင်းရွာကျေးရွာအတွင်းသို့ ဝင်ရောက်ကြ၏။ ရွာဦးထိပ် ကုန်းကမူ၌ ဖောင်တော်ဦးစေတီ ကြည်ညိုဖွယ်ရာ ဖူးမြော်ရသည်။ လမ်းမြောက်ဘက်တွင် ရွာဦးကျောင်းကို တည်ဆောက်ထား၏။

"ခရမ်းတောင်ဆရာတော်နှင့် ပတ်သက်ဆက်နွယ်သမျှ ပြောရမယ်ဆိုရင် အတော်စိတ်ဝင်စားဖို့ ကောင်းတယ်။ ရန်ပြုလာတဲ့ သေနတ်သမားလက်ချက်နဲ့ ဘေးအန္တရာယ်မကျရောက်ခဲ့ဘူး။ ဆရာတော်မှာ ကျည်လွဲနိုင်တဲ့ အဆောင်ပစ္စည်းတစ်ခု ရှိနေတာအမှန်ပဲ"

ပေါင်းရွာကျေးရွာ ဦးမြလှိုင်က သူသိသမျှ ဖွင့်ဟပြောဆိုသည်။ ဆရာတော်နှင့် အနီးကပ်နေထိုင်သဖြင့် ဖြစ်ရပ်အမှန်များ သိရှိရပေပြီ။ ရွာထဲသို့ မကြာခဏ ဆွမ်းအလှူခံကြွနေခြင်း ဖြစ်၏။ ရှေးအခါက တုတ်ပြီးဓားပြီး ကျည်လွဲနိုင်သော အဆောင်များ အစွမ်းတန်ခိုးရှိလှပေသည်။

"ဆရာတော်ဦးယိုးဒယား မနော သိဒ္ဓိ အာရုံစူးရှထက်မြက်မှု ရှိလှကြောင်းပါ။ ကျောင်းကယူဆောင်သွားတဲ့ တညင်ကြက်ဖနှစ်ကောင် ဘယ်အရပ်ဆီရောက်ရှိနေကြောင်း မနောအာရုံထဲမှာ အထင်းသား မြင်တွေ့နေတာကြောင့် ဝေးလံတဲ့ နယ်မြေအရောက် လှမ်းကြွနိုင်ခြင်းဖြစ်တယ်။ အိမ်ရှင်ဖြစ်သူ အံ့ဩထိတ်လန့်တုန်လှုပ်နေပြီး ထိန်ချန်ကွယ်ဝှက်ထားနိုင်စွမ်းမရှိတော့ဘူး။ ခိုးယူလာသော ကြက်ဖနှစ်ကောင် တစ်ကောင်ကို သတ်စားမိကြောင်း၊ နောင်သောအခါ မှောက်မှားစွာ ပြုကျင့်မှု မပြုလုပ်တော့ပါဟု ဝန်ခံကတိပြုလိုက်တယ်"

ဦးမြလှိုင်ပြောဆိုမှုနှင့် ဆရာကြီးပြောဆိုချက် တူညီလှပါဘိ။ ကမ္မဋ္ဌာန်းတရား ထိရောက်စွာကျင့်ကြံနေသည့် ဆရာတော်ဟု ယုံကြည်ကြ၏။ ကျည်လွဲစေနိုင်သော အဆောင်ပစ္စည်းနှင့် ပတ်သက်၍ လူအတော်များစွာ စိတ်ဝင်စားနေသည်။ တန်ဖိုးမဖြတ်နိုင်သည့်အဆောင်မို့ လိုချင်တပ်မက်မောလာ၏။ နယ်မြေဒေသအတွင်းမငြိမ်မသက်ဖြစ်လျှင် ကိုယ်ခံအဆောင်ပစ္စည်း ခံမင်မက်မောကြစမြဲ။

ပေါင်းရွာကျေးရွာထဲမှ လူတစ်ယောက် (အမည်မဖော်လိုသူ) ဆရာတော်ထံ အနီးကပ် ချဉ်းကပ်လျက် ဝင်ထွက်သွားလာ၏။ ကျောင်းဝေယျာဝစ္စမှန်သမျှ မညည်းမညူ ဆောင်ရွက်ပေးသည်။ ဦးယိုးဒယား ဆွမ်းဘုဉ်းမပေးမီ ရေသန့်စင်ရန် ပြင်ဆင်နေ၏။ ကိုယ်နှင့်မကွာ ဆောင်ထားသည့် ကျည်လွဲပစ္စည်း ခေတ္တခဏ ကျောင်းအတွင်း ထားရစ်ခဲ့သည်။ အကြံအဖန်သမားပီပီ ဆရာတော် အမြတ်တနိုးရှိသော အဆောင်အား ခိုးဝှက်ယူလိုက်ချေပြီ။

"အဲဒီလူ ယူဆောင်သွားတဲ့ ကျည်လွဲစေတဲ့အဆောင်ဟာ ရိုးရိုးသာမန်မျိုး မဟုတ်ဘူး။ ဗုဒ္ဓရုပ်ပွားတော် ရွှေနဲ့ဌာပနာထားတာဖြစ်တယ်။ မည်ရွေ့မည်မျှ အဖိုးတန်မှန်း မသိရှာဘူး။ ရွာကနေ ရန်ကုန်ကို ထွက်ခွာသွားပြီး ရောင်းချရန် စီစဉ်သတဲ့။ ဟိုရောက်တော့ အရောင်းအဝယ်သင့်မြတ်ဟန် မတူဘူး။ ယူဆောင်သွားရာက ပြန်လာတယ်လို့ သိရတယ်"

တောတောင်ကန္တာရ စိမ့်ကြီးမြိုင်ကြီးတွင် မှီတင်းနေထိုင် မြူးထူးကြသော သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ် သားကောင်များအား မသမာသူ တောပစ်မုဆိုးများ သေနတ်နှင့် ပစ်ခတ်ဖမ်းဆီးတတ်ကြ၏။ အချို့သားကောင်များတွင် ကျည်လွဲနိုင်သော ဦးခေါင်းအလယ်ဗဟို၌ အရာတစ်ခုရှိသည်။ ရယူရန် ခက်ခဲလှသော အရာဝတ္ထုပင် ဖြစ်ချေ၏။

"အပြန်လမ်းမှာ အလိုအလျောက် အဲဒီကျည်လွဲစေတဲ့ အဆောင်ပစ္စည်း ပျောက်ဆုံးသွားတယ်။ ခရမ်းတောင်မှာပဲ ရှုတင်သမထအားထုတ်ပြီး မွေ့လျော်နေတဲ့ ဆရာတော်ငါ ဒကာတွေ ပင့်ဆောင်ရာ သာ[illegible]မှုအပေါ် လက်မခံရှာဘူး။ ကြည်ညိုဖွယ်ရာ ရဟန်းထူး ရဟန်းမြတ်တစ်ပါးပါပဲဗျာ ..."

တကယ့်ဖြစ်ရပ်အမှန်များ ရေးသားခြင်းဖြစ်ပါသည်။

မောင်ကြည်မော်-စကု



www.burmeseclassic.com

www.burmeseclassic.com

# မဟာစံနှင့်အတူ

အဂ္ဂမျိုး

မဟာစံ ဆိုင်ကလုန်းမုန်တိုင်းကို ပြည်သူတို့ နားစွင့်ထားနေရချိန်ကာလ၏ တစ်ခုသောနေ့ မွန်းလွဲ ၁ နာရီ လွန်ခါစတွင် ကျွန်တော်သည် ဆရာကြီး မင်းသိခ်ရေးခဲ့သည့် 'မမင်းဖြူ မှန်မှန်ပြော' ဝတ္ထုရှည်ကြီးကို ဖတ်ကာ ဇာတ်လမ်းတွင် အာရုံစီးဝင် နစ်မျောလျက် ရှိလေ၏။ ထိုစဉ်တွင် အသက်အားဖြင့် ၂၀ နှင့် ၂၅ နှစ်ကြားအရွယ်ရှိ မိန်းကလေးနှစ်ယောက်တို့သည် ခြံဝင်းအပြင်မှ ဝင်ခွင့်တောင်းလေ၏။ ဗုဒ္ဓဟူးနေ့တိုင်း ဗေဒင်လက္ခဏာဟောခြင်း နားသော်လည်း ယခုအခါတွင် အရေးတကြီး ရောက်လာသူများဖြစ်ရာ ယင်းတို့တွင် ကြီးမားသော အခက်အခဲ အကျဉ်းအကျပ် တစ်စုံတစ်ရာ ရှိနေပြီဟု အတွေ့အကြုံအရ ရိပ်စားမိသောကြောင့် ငြင်းဆိုရန် မစွမ်းနိုင်ခဲ့ချေ။ ထို့ကြောင့် "ဝင်ခဲ့ပါ မိန်းကလေးတို့" ကျွန်တော်က ခွင့်ပြုမှ ယင်းဝ ု မဝံ့မရဲခြေလှမ်းဖြင့် ဝင်လာခဲ့ကြ၏။ စိုးရိမ်အားငယ်စိတ်တို့မှာ သူမလေးတို့၏ မျက်နှာတွင် ဖုံးကွယ်ဝှက်မရအောင်ပင် အထင်အရှား သိလာလေ၏။ လက်ရှိ ပူပြင်းလွန်းသောကာလတွင် သူတို့ ပင်ပန်းလှပေရော့မည်။ မျက်နှာနှင့် လည်ပင်းတို့တွင် ချွေးတို့ ရွှဲရွှဲစိုလျက် ရှိကြလေ၏။ ကျွန်တော်က –

"မိန်းကလေးတို့၊ ဒီကိုရောက်လာကြမှတော့ ဘာမှ အားမငယ်ကြနဲ့တော့။ လာရင်းကိစ္စကိုသာ ပွင့်ပွင့်လင်းလင်းပြောကြ။ ဘာကိုမှလည်း ကြောက်မနေကြနဲ့။ ဦးနဲ့ မင်းတို့နှစ်ယောက်ဟာ ဘဝသံသရာမှာ တော်တော်ကြီးကိုမှ ခင်မင်ရင်းနှီးခဲ့ကြတာ။ သံယောဇဉ်ကြီးခဲ့ကြတာနေမှာ။ ဒါ့ကြောင့်မို့ ခုလို တစ်ဖန် ကြုံကြဆုံကြပြန်တာပေါ့။ ရော့ . . . ရော့ . . . ရေခဲရေလေး သောက်လိုက်ကြ။ ဒါက မြေပဲဆန်ကြော်။ ဒီဟာကတော့ ထန်းလျက်ခဲ။ စားလည်းစား၊ သောက်လည်းသောက်၊ နားလည်းနား။ ပြီးမှ လာရင်းကိစ္စဆိုကွဲ့ . . ."

ကျွန်တော်က သူတို့နှစ်ယောက်အတွက် ထိုင်ရာနေရာညွှန်ပြပြီး ကိုယ်ရောစိတ်ပါ သက်သာရာရစေဖို့ ပြောဆို ညွှဲဝတ်ပြုရလေ၏။ သူတို့က ကျွန်တော့်အလုပ်စားပွဲရှေ့ ခင်းထားသော သင်ဖြူးဖျာထက်တွင် ထိုင်ကြ၏။ ရေခဲရေကို အားပါးတရ သောက်ကြ၏။ လက်ကိုင်ပဝါကိုယ်စီဖြင့် ချွေးတို့ကို သုတ်သိမ်းသန့်စင်ကြ၏။ ကျွန်တော်ကမူ ကွမ်းယာထုပ်မှ ကွမ်းကို ထုတ်၍ ဝါး၊ ငုံထားလိုက်၏။ ဖတ်လက်စ စာအုပ်အား ဘေးစင်မြင့်ထက်တွင် တရိုတသေ တင်လိုက်ရင်းဖြင့်

"ကဲ . . . မင်းတို့အမောဖြေရင်း လာရင်းကိစ္စ ဆိုပေတော့"

"ကျွန်မက ကြည့်မြင်တိုင်မှာ နေပါတယ်။ နာမည်က တင်တင်မြပါရှင့်။ သူကတော့ ငယ်သူငယ်ချင်း မြင့်မြင့်အေးပါ။ တစ်ရပ်ကွက်တည်း အတူနေတာ။ လာတဲ့ကိစ္စက . . ."

ဤတွင် မြင့်မြင့်အေးက ဝင်၍

"ဒီလိုပါ ဆရာ။ သူ့အိမ်ထောင်ရေးပြဿနာအခက်အခဲ ရှိနေတော့ ဆရာကူညီမှ ဖြစ်မယ့်အခြေအနေပါရှင်။ သမီးရဲ့မိတ်ဆွေက ဆရာ့ရဲ့ ဗေဒင်ပရိသတ်ပါ။ ကိုကျော်ကြားတဲ့ ဆရာကူညီလိုက်လို့ သူ့ကွမ်းယာဆိုင်ဆို လက်ကိုမလည်အောင် ရောင်းရ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကားကြီးကားငယ် ယာဉ်မောင်း၊ နောက်လိုက်၊ အနေးယာဉ်သမားတွေကအစ ဖြတ်သွားဖြတ်လာကွမ်းသမားအများစုက ဝိုင်းလို့အုံလို့ အလှူများပေးနေသလား ထင်ရလောက်အောင်ပါ။ ဆရာတောင်မှ သူ့အကြောင်း ရေးထားတာ သမီးဖတ်လိုက်ရဖူးပါတယ်။ ဘာတဲ့ . . . ဩော်ဇာတ်လမ်းရဲ့နာမည်က 'ကျွန်တော်နဲ့ ကော့ကော်ကံကား ကိုကျော်ကြား'တဲ့။ အဲဒီအစ်ကိုကြီးက ညွှန်လိုက်လို့ လာခဲ့ကြတာပါရှင်''

ကျွန်တော်က ခေါင်းတဆတ်ဆတ်ညိတ်ပြလေရာ သူမက ဆက်၍ မပြောသေးဘဲ တင်တင်မြကို လှမ်း၍ အကဲခတ်၏။ တင်တင်မြက –

''ဆရာ့ကို အားကိုးလို့၊ ယုံကြည်လို့ ရောက်လာကြပေမယ့်လည်း ဆရာ့နားရက်ကို အနှောင့်အယှက်ပေးရာကျရင်လည်း ခွင့်လွှတ်ပေးပါရှင်''

သူမက စကားအဆုံးတွင် ငိုသံသဲ့သဲ့မျှ ပါလာသည်ကို ကျွန်တော်က သတိပြုမိခဲ့၏။ ထို့ကြောင့် –

''စိတ်မကောင်းစရာတွေ ပြန်ပြီးတွေးမနေနဲ့။ လာရင်းကိစ္စကို မိဘလို သဘောထား ပြောပေတော့''

ဟု အားပေးစကား ပြောလေမှ သူမက ယိုအံ့ဆဲဆဲ မျက်ရည်စကို လက်ဖမိုးဖြင့် သုတ်ရင်း –

''ကျွန်မယောက်ျား အောင်အောင်ဦးပေါ့ရှင်။ သူနဲ့ ကျွန်မတို့က နှစ်ဖက်မိဘတွေရဲ့ ခွင့်ပြုချက်နဲ့ မင်္ဂလာဆောင် လက်ထပ်ခဲ့တာ ခုဆိုရင် နှစ်နှစ်စွန်းစွန်းပါပဲ။ စောစောပိုင်းကတော့ ကျွန်မကို တအားချစ်ပါတယ်။ ကျွန်မအပေါ်ထားခဲ့တဲ့ သူ့အချစ်၊ မေတ္တာကိုလည်း လုံးဝယုံထားခဲ့ပါတယ်။ ခေတ်ပညာ ဘွဲ့လေးတစ်ခုစီကလည်း ရထားကြတော့ တစ်ယောက်က ကုမ္ပဏီတစ်ခုမှာ၊ တစ်ယောက်ကလည်း ကုမ္ပဏီတစ်ခုမှာဝန်ထမ်းလုပ်ခဲ့ကြတယ်။ ကျွန်မတို့ ဘယ်လောက်ချစ်ကြလဲဆိုရင် ထမင်းစားရင်တောင် ပန်းကန်တစ်ချပ်ထဲမှာ စားကြတာရှင့်။ လက်ရေတစ်ပြင်တည်း သဘောလည်းပါတယ်။ သူက တစ်ခါတစ်ခါ နောက်တတ်ပြောင်တတ်သေးတယ်။ မိန်းမရေ . . . ပန်းကန်ရဲ့ ဟိုဘက်ဒီဘက် ထိုင်ကြရတာ ဝေးလွန်းလှတယ်ကွာ။ ပန်းကန်နှုတ်ခမ်းတစ်ဖက်စီမှာ ထိုင်စားကြရင် သိပ်ကောင်းမှာပဲနော်တဲ့။ ခုတော့ အိမ်ပြန်မလာတာ ၁၅ ရက်ကျော်ပါပြီ။ သစ်စိမ်းချိုးအချိုးခံရပြီ ဆရာရယ်''

သူမက တစ်ဖန် ငိုပြန်လေ၏။ ကျွန်တော်နှင့် မြင့်မြင့်အေးတို့ကမူ မေတ္တာပေးလို့ မေတ္တာမရနိုင်ရှာသော တင်တင်မြကို ကရုဏာသက်မိကြလေ၏။ သူမက ဆက်၍ –

''ဒါဟာ ရိုးရိုးသားသား မဟုတ်ဘူးထင်တယ်။ တစ်စုံတစ်ယောက်က မြှောက်ပေးလို့သာ သူစိတ်ပြောင်းစိတ်လေပြီး အိမ်ကဆင်းသွားတာနေမှာပါ''

ထိုအခါ ကျွန်တော်က –

''ကဲပါလေ . . . နင့်ကိစ္စ ငါသဘောပေါက်ပြီ။ နင့်လူ နင့်ဆီကို ပြန်လာစေချင်တာဟုတ်လား။ တစ်ခုတော့ ရှိတယ်နော်။ တစ်ခုလပ်ဖြစ်မယ့်ကံပါလာရင်တော့ တစ်ခုလပ်ဖြစ်မယ်။ မုဆိုးမဖြစ်မယ့်ကံက ဖန်လာရင်လည်း အလားတူပဲ။ ကိုယ်က မေတ္တာသစ္စာနဲ့ ချစ်ခင်တွယ်တာပါရက်နဲ့ ပစ်ထားခဲ့တာမျိုးဆိုရင်တော့ တစ်မျိုးပေါ့။ နောက်တစ်ခုက ကိုယ်နဲ့မိသားစုကို ရိုးရိုးသားစား ရှာဖွေကျွေးမွေးပြုစုတယ်၊ အသောက်အစား အပျော်အပါးလည်း ကင်းတယ်၊ ဒီလိုလူမျိုးကို ကိုယ်က မတရားနိုင်ချင် ကိုင်ချင်လို့တော့ မတရားဘူးပေါ့။ နိုင်ရတိုင်းအနိုင်လိုချင်လို့ မတရားခြယ်လှယ်ခဲ့ရင် သူကလည်း သာမန်လူဆိုတော့ လူ့မာနရှိမှာပေါ့နော်။ ဒါတွေပြောနေတာ မင်းတို့နှစ်ယောက်စလုံး စဉ်းစားချင့်ချိန်နိုင်ကြဖို့ပါ။ မတရား၊ မမျှတတာကြီးကို အတင်းအဓမ္မ လုပ်ယူလို့မရဘူး။ ငါလည်း လုပ်မပေးဘူး။ လုပ်ပေးလို့လည်း ခဏပဲရမယ်။ လုပ်ပေးတဲ့သူလည်း ခံရတတ်တယ်။ ခုရှုပ်မှ နောင်ရှင်းမို့ ပြောထားတာပါ''

ထိုစဉ်တွင် မြင့်မြင့်အေးက ဝင်၍ –

''ဆရာ့စကား မှတ်သားလောက်ပါတယ်။ သူငယ်ချင်းရဲ့ ယောက်ျားကလည်း လူရိုးလူအေးပါ။ တကယ့် ရေခဲတုံးပါဆရာ''

ဟု ထောက်ခံစကား ပြောလျှင် တင်တင်မြက –

''အဲဒီလို ရေခဲမို့ ခု မီးခဲဖြစ်နေရတာ ဆရာရဲ့''

ဟု ဝင်ပြောပြန်လေ၏။

''ကဲ . . . ကဲ . . . မင်းတို့နှစ်ယောက်စလုံး မှတ်သွားကြ။ တင်တင်မြက အဓိကပေါ့။ မရှင်းတာရှိလည်း ပြန်မေးကြ။ ဖုန်းနံပါတ်လည်း ရေးယူသွားကြ။ ကိုယ်တိုင်မလာနိုင်လောက်အောင် အလုပ်မအားတဲ့အခါမှာ ဆက်သွယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုရာ သူတို့က မှတ်စုကိုယ်စီထုတ်ကာ ရေးမှတ်ယူခဲ့ကြလေ၏။ ကျွန်တော်က သူတို့အဆင်သင့်ဖြစ်ကြသည်နှင့် –

"ခု . . . ငါပြောပြလိုက်မှာကို တရားသဖြင့်သာ သုံးရမှာနော်။ အဓမ္မသုံးရင်တော့ မင်းတို့မှာ အပြစ်ဖြစ်လိမ့်မယ်။ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ ခွင်းနေရလိမ့်မယ်။ ဒီလိုဟ . . .။ တင်တင်မြရဲ့ခင်ပွန်း အောင်အောင်ဦးက တနင်္ဂနွေသားဆိုတော့ သူ့နေ့ကနေ ခြောက်ရက်မြောက်ကျတဲ့ နံတူသစ်ပင်ကို စိုက်ရမယ်။ စိုက်ရမှာက နင်လာစေချင်တဲ့ အရပ်မှာ စိုက်။ အချိန်ကတော့ ဗေဒင်စကားရ စတုရန်းအခါ လို့ခေါ်တဲ့အချိန် ဖြစ်ရမယ်။ ဒီတော့ကာ ဟောဒီဇယားလေး ကူးဆွဲယူသွားကြပေတော့။ လိုတဲ့လူလည်း တစ်ဆင့်ကူညီနိုင်တာပေါ့"

ဟုဆိုကာ ကျွန်တော့်မှတ်စုအား ကူးယူခွင့်ပြုလိုက်ရလေ၏။ သူတို့က ပေါ့ပါးသွက်လက်စွာ ရေးကူးမှတ်ယူကြလေ၏။ အလုံးစုံပြီးစီးလေသော် ငွေကျပ် ၃၀၀၀ ထည့်ထားသော စာအိတ်ဖြင့် ဉာဏ်ပူဇော်ခဟုဆိုကာ အလုပ်စားပွဲတွင် တင်လျှကာ ဦးသုံးကြိမ်ချ၍ ကန်တော့ကြလေတော့၏။ နောက် နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားခဲ့ကြလေတော့၏။

နောက် ၁၀ ရက်ခန့်ကြာသော် တင်တင်မြတို့နှစ်ယောက်သား ကျွန်တော့်အားပေးချိန်အတွင်း တစ်ဖန်ရောက်လာကြပြန်၏။ ဤအခါတွင်မူ ယင်းတို့နှစ်ယောက်အပြင် ကိုယ်နေဟန် နွဲ့နှောင်းကာ မွန်ရည်သပ်ရပ်သော အသက် ၂၅ နှစ်အရွယ် လှရွယ်လူခံ့တစ်ယောက်လည်း ပါလာသည်ကို တွေ့ရလေ၏။ တင်တင်မြက လူငယ်နှင့် မိတ်ဆက်ပေး၏။

"သူက . . . ကျွန်မခင်ပွန်းကိုအောင်အောင်ဦးပါဆရာ။ ခုတော့ တော်တော်ပြောင်းလဲသွားခဲ့ပါပြီ။ သူ့ရဲ့ ပျော့ညံ့တဲ့စိတ်ဆိုးစိတ်ယုတ်တွေလည်း မဟာစံဆိုင်ကလုန်းမုန်တိုင်းနဲ့အတူ ပါသွားပြီတဲ့ဆရာ"

ဟု ပြုံးရွှင်သော မျက်နှာဖြင့် အောင်အောင်ဦးကို မေးဆတ်ထိုးပြကာ ပီတိလွှမ်းသောစကားကို ဆိုလေ၏။ မြင့်မြင့်အေးက ရော၍ ပြုံးခဲ့၏။ ကျွန်တော်ကလည်း လိုက်၍ပြုံးမိခဲ့လေ၏။ ကျွန်တော်တို့အားလုံး ပြုံးခဲ့ကြလေ၏။ ရယ်ခဲ့ကြလေ၏။ သည်တွင် အောင်အောင်ဦးက –

"ကျွန်တော် ဟိုတစ်လောက အပေါင်းအသင်းမှားပြီး စိတ်လေလွင့်မိခဲ့ပါတယ်။ နောက်တော့ ကျွန်တော့် အချစ်လေး တင်တင်မြကို သိပ်သိပ်ကိုမှ သတိရ၊ မမြင်မနေနိုင်တော့တဲ့ အဆုံး သူ့ရင်ခွင်ကို အပြေးပြန်ဝင်ခဲ့ရတော့တယ်။ ဆရာ့ကျေးဇူး တကယ်ကြီးမားပါတယ်။ ကျွန်တော်တို့အားလုံးကို သားသမီးရင်းလို ဆက်ပြီးစောင့်ရှောက်ပါ ဆရာရယ်"

ဟု ဆိုကာ ဦးဂျမ်းလုံချည်တစ်ထည်နှင့် ငွေကျပ်ငါးထောင်တို့အား တင်လျှကန်တော့ကြလေ၏။ ပြီးသော် နှုတ်ဆက်စကားဆိုကာ လာရာလမ်းဆီသို့ ပျော်ရွှင်စွာ ပြန်လည်ထွက်ခွာသွားခဲ့ကြပါတော့သည်။

ကျွန်တော်က တင်တင်မြကို ပေးလိုက်သော အစီအရင်ကို လိုအပ်သူများ သိရှိအသုံးချနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။ ဥပမာ–တနင်္ဂနွေသား အောင်အောင်ဦး တင်တင်မြထံ လာလိုသောဆန္ဒ ဖြစ်ပေါ်စေရန် အောင်အောင်ဦးရဲ့ ဆပွတ်နံပင်ဖြစ်တဲ့ သီးပင်၊ သို့မဟုတ် သျှိုးသျှားပင်ကို နံနက် ၁၀ နာရီ ၃၀ မိနစ်အတွင်း တင်တင်မြနေရာအရပ်တွင် စိုက်ပျိုးခိုင်းခဲ့ခြင်း ဖြစ်ပါသည်။ ခုနစ်ရက်သားသမီးများအတွက်လည်း အလားတူ ဆက်စပ်နားလည် ဆောင်ရွက်နိုင်ပါသည်။ ယုံကြည်သူတိုင်းအတွက် အကျိုးထူးစေပါသည်။

| စဉ် | နေ့သား | ဆပွတ်နံအပင် | စိုက်ရမည့်အချိန် |
|---|---|---|---|
| ၁။ | နွေ | သီးပင်၊ သျှိုးသျှားပင် | နံနက် ၉ နာရီမှ ၁၀ နာရီနှင့် မိနစ် ၃၀ အတွင်း စိုက်ပါ။ |
| ၂။ | လာ | ထန်းပင်၊ ဒန်းပင်၊ နာနတ်ပင် | |
| ၃။ | ဂါ | အုန်းပင် | |
| ၄။ | ဟူး | ကံ့ကော်ပင်၊ ခံတက်ပင် | |
| ၅။ | တေး | ဖွန်ပင်၊ ဆီးပင် | |
| ၆။ | ကြာ | ရွက်လှ၊ ရဲယို၊ ဝါး၊ ရှောက်ပင် | |
| ၇။ | နေ | ပျဉ်းမပင်၊ ပေါက်ပင် | |

■ အဂ္ဂမျိုး



www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီပြည်၌ "သုပ္ပဗုဒ္ဓ" မည်သော လူနူတစ်ဦး ရှိလေ၏။

သုပ္ပဗုဒ္ဓမှာ ခန္ဓာကိုယ်တစ်ခုလုံး နူနာများစွဲနေပြီး လူအများက ၎င်းကို ရှောင်ကျဉ်ကြလေ၏။ ၎င်းမှာ ဘဝဆိုးဝါးရသော ၎င်း၏ ဖြစ်အင်ကို စိတ်မကောင်းဖြစ်ပြီး ဘုရားရှင်တရားဟောတော်မူတိုင်း ပရိသတ်အစွန်၌ ထိုင် လျက် ဘုရားရှင်၏ တရားကို နာကြား၍ သောတာပန်ဖြစ်ခဲ့ရလေ၏။

# ထူးထူးခြားခြား ပုံပြင်များ

## လူနူတစ်ယောက်

တရားနာပရိသတ်များ ပြန်သွားကြသောအခါ သုပ္ပဗုဒ္ဓမှာ ၎င်းနာကြားခဲ့ရသည့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို လျှောက်ထားလို ကျောင်းထဲသို့ သွားလေ၏။

သိကြားမင်းမှာ သုပ္ပဗုဒ္ဓ၏ စိတ်ဓာတ်ခိုင်မာမှုကို စမ်းသပ်လို၍လည်းကောင်း၊ ဘုရားရှင်၏ တရားကို နာကြား၍ သီလ၊ သမာဓိ ဖြစ်ပေါ်သော ၎င်းစိတ်ကို စမ်းသပ်လို၍ သူ့ထံသွားပြီး ကောင်းကင်၌ ရပ်ကာ . . .

"သင်သည် အမှန်စင်စစ် သူဆင်းရဲတည်း၊ တောင်းခံမှ စားသူဖြစ်သလို ဆွေမရှိ မျိုးမရှိ အထီးကျန်သူလည်း ဖြစ်ပေ၏။ ငါသည် သင့်အား မရေတွက်နိုင်သော ဥစ္စာများကို ပေးအံ့၊ သို့သော် သင့်နှုတ်မှ ငါပြောဆိုခိုင်းသလို ပြောရပေမည်"

ဟု ဆိုသောအခါ လူနူသုပ္ပဗုဒ္ဓက . . .

"ကျွန်ုပ်သည် မည်သို့သော စကားမျိုးကို ပြောရပါမည်နည်း"

ဟုဆိုလျှင် သိကြားမင်းက . . .

"သင်သည် ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ်၊ ငါ့အား ဘုရား တရား သံဃာဖြင့် အကျိုးမရှိဆိုတာပင် ပြောဆိုရမည်"

ဟု ဆိုသောအခါ သုပ္ပဗုဒ္ဓသည် ဒေါသဖြစ်သော မျက်လုံးဖြင့် ကြည့်ကာ အောက်ပါအတိုင်း ချက်ချင်းပြန်ပြောလေ၏။

"ငါသည် သူဆင်းရဲ အထီးကျန်မဟုတ်၊ ငါသည် ချမ်းသာသောသူ၊ ဥစ္စာကြွယ်ဝသောသူ ဖြစ်၏။ ငါ၌ သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဟူသော အရိယာသူတော်ကောင်းတို့၏ ဥစ္စာခုနစ်ပါး ငါ့မှာရှိ၏။ ထိုဥစ္စာခုနစ်ပါးရှိသူသည် သူဆင်းရဲမဟုတ်ဟု ဘုရားရှင်တို့ မိန့်ကြားကုန်ပေ၏"

ဟု ပြောဆိုလေ၏။

သိကြားမင်းမှာ ဘုရားရှင်ထံ ကြွတင်သွားနှင့်၍ ထိုအကြောင်းအရာအလုံးစုံကို လျှောက်ကြားသောအခါ မြတ်စွာဘုရားက . . .

"သင့်ကဲ့သို့သော သိကြားမင်းအရာ အထောင်မကတို့ကပင် သုပ္ပဗုဒ္ဓကို "ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ်"ဟု ပြောခိုင်းရန် မစွမ်းနိုင်သာတည်း"

ဟု မိန့်တော်မူ၏။မကြာမီ သုပ္ပဗုဒ္ဓရောက်လာပြီးဘုရားရှင်အား မိမိရအပ်သည့် တရားထူးကို ဝမ်းမြောက်ဝမ်းသာ လျှောက်ကြားပြီး ပြန်သွားလေ၏။

၎င်းပြန်ရာလမ်း၌အတိတ်ရှေးဘဝက သုပ္ပဗုဒ္ဓသည် သူဌေးသားဖြစ်ခဲ့စဉ်က သတ်ခဲ့သော ပြည့်တန်ဆာမသည် ရန်ငြိုးနှင့် ဆုတောင်းကာ ဘီလူးမ ဖြစ်ခဲ့ပြီး ၎င်းအား နွားမအဖြစ် ဟန်ဆောင်ပြီး ဝှေ့သတ်လိုက်သောအခါ သေဆုံးသွားခဲ့ရလေ၏။ ကောင်းမှုကံကြောင့် နတ်ပြည်၌ နတ်ဖြစ်ခဲ့ရ၏။

သုပ္ပဗုဒ္ဓမှာ လူနူဖြစ်ခဲ့ရခြင်းကံမှာ ရှေးဘဝက ပစ္စေကဗုဒ္ဓါတစ်ပါးအား တံတွေးဖြင့် ထွေးလျက် ပြစ်မှားမိခဲ့သောကြောင့် ကာလကြာရှည်စွာ ငရဲခံခဲ့ရပြီးမှ ယခုဘဝ၌ ပြင်းထန်သည့် ဆိုးကျိုးကို ပြန်ခံရလေသတည်း။

ဆောင်ပုဒ်

တရားကို မမေ့မလျော့ ဖြင့် နေထိုင်ပါ။

စိုးဝင်းထွဏ်း(တာမွေ)

www.burmeseclassic.com

# မွေးနေ့, သောကြာ, တနင်္လာ
## ကေသာဆံဖြတ်ရှောင်ကြဉ်အပ်

သင်းသန္တာဆွေ(တပ်ကုန်း)

လူတော်တော်များများသည် "မွေးနေ့၊ သောကြာ၊ တနင်္လာ ကေသာဆံဖြတ်မပြုအပ်"ဟု သိထားကြသည်။ ကျွန်မကိုယ်တိုင်လည်း အများသိထားသလိုပဲ သိထားခဲ့ပါသည်။ အဘဆရာကြီး ဒေါက်တာမင်းသိန်းထံ ဗေဒင်သင်ကြားခဲ့ပြီးမှ "မွေးနေ့၊ သောကြာ၊ တနင်္လာ ကေသာဆံဖြတ်မပြုအပ်" ဆိုသော လင်္ကာသည် လူတိုင်းအတွက် ပြောတာမဟုတ်မှန်း ကျွန်မသိရှိလာရ၍ လူအများ ရှင်းရှင်းလင်းလင်း သိရှိစေရန် စေတနာထား ရေးသားလိုက်ရပါသည်။

"မွေးနေ့၊ သောကြာ၊ တနင်္လာ ကေသာဆံဖြတ်မပြုအပ်"လင်္ကာသည် တနင်္ဂနွေသားသမီးများအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ နေ့သားတိုင်းတွင် အညွန့်ဂြိုဟ်ရှိသည်။ မိမိ၏ အညွန့်ဂြိုဟ်နေ့များတွင် မိမိ၏ ဆံပင်ညှပ်ခြင်း ရှောင်ရမည်။ အညွန့်ဂြိုဟ်သည် မိမိမွေးနေ့၏ နောက်တစ်နေ့ဖြစ်သည်။

တနင်္ဂနွေသား၏ အညွန့်ဂြိုဟ်မှာ တနင်္လာနေ့ ဖြစ်၏။

တနင်္လာ၏ အညွန့်ဂြိုဟ်မှာ အင်္ဂါ ဖြစ်၏။

အင်္ဂါ၏ အညွန့်ဂြိုဟ်မှာ ဗုဒ္ဓဟူး ဖြစ်၏။

ဗုဒ္ဓဟူး၏ အညွန့်ဂြိုဟ်မှာ ကြာသပတေး ဖြစ်၏။

ကြာသပတေး၏ အညွန့်ဂြိုဟ်မှာ သောကြာ ဖြစ်၏။

သောကြာ၏ အညွန့်ဂြိုဟ်မှာ စနေ ဖြစ်၏။

စနေ၏ အညွန့်ဂြိုဟ်မှာ တနင်္ဂနွေ ဖြစ်၏။

ဗေဒင်အလိုအားဖြင့် နေ့သားအလိုက် 'ဆပွတ်'ဂြိုဟ်သည် အရေးပါလှ၏။ "သူ့ကိုနိုင်လို ဆ–ကိုခို၊ ဆိုထုံးရှိသည်။ ဆပွတ်ဂြိုဟ်ဆိုသည်မှာ မိမိမွေးနံမှ ခြောက်ခုမြောက်နေ့ ဖြစ်သည်။ ဆပွတ်နံသည် များစွာ ပံ့ပိုးမှုရ၏။ မိမိရန်ဘက်များက မိမိအား မကောင်းကြံစည်ခြင်းမှ ဟန့်တားနိုင်စွမ်းရှိ၏။ ဆပွတ်ဂြိုဟ်ဖြစ်သောနေ့တွင် ဆံပင်ညှပ်ခြင်းလည်း ရှောင်ရမည်။

တနင်္ဂနွေသား၏ ဆပွတ်နေ့သည် သောကြာ ဖြစ်၏။

တနင်္လာသား၏ ဆပွတ်နေ့သည် စနေ ဖြစ်၏။

အင်္ဂါသား၏ ဆပွတ်နေ့သည် တနင်္ဂနွေ ဖြစ်၏။

ဗုဒ္ဓဟူးသား၏ ဆပွတ်နေ့သည် တနင်္လာ ဖြစ်၏။

ကြာသပတေးသား၏ ဆပွတ်နေ့သည် အင်္ဂါ ဖြစ်၏။

သောကြာသား၏ ဆပွတ်နေ့သည် ဗုဒ္ဓဟူး ဖြစ်၏။

စနေသား၏ ဆပွတ်နေ့သည် ကြာသပတေး ဖြစ်၏။

တနင်္ဂနွေသားမှ စနေသားအဆုံး အားလုံးသည် မိမိ၏ ဆပွတ်နေ့များကို ဆံပင်ညှပ်ခြင်းရှောင်ရန် သတိပြုအပ်လေသည်။

နေ့သားအားလုံး ရှောင်ကြဉ်အပ်သော နေ့များကို လင်္ကာဖြင့် မှတ်သားနိုင်ရန် ဖော်ပြလိုက်ပါသည်။

**တနင်္ဂနွေသားသမီးများ မှတ်သားရန်**

မွေးနေ့၊ သောကြာ၊ တနင်္လာ ကေသာဆံဖြတ် ရှောင်ကြဉ်အပ်။

**တနင်္လာသားသမီးများ မှတ်သားရန်**

မွေးနေ့၊ စနေ၊ အင်္ဂါပေ၊ ရှောင်လေဆံဖြတ် မပြုအပ်။

**အင်္ဂါသားသမီးများ မှတ်သားရန်**

မွေးနေ့၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးလေ ရှောင်သွေပြုအပ် ဆံမဖြတ်။

**ဗုဒ္ဓဟူးသားသမီးများ မှတ်သားရန်**

မွေးနေ့၊ တနင်္လာ၊ ကြာသပတေးမှာ သေချာရှောင်အပ် ဆံမဖြတ်။

**ကြာသပတေးသားသမီးများ မှတ်သားရန်**

မွေးနေ့၊ အင်္ဂါ၊ သောကြာမှာ ရှောင်ပါဆံညှပ် သတိချပ်။

**သောကြာသားသမီးများ မှတ်သာ ရန်**

မွေးနေ့၊ ဗုဒ္ဓဟူး၊ စနေ ဆံမချလေ ရှောင်သွေအပ်။

**စနေသားသမီးများ မှတ်သားရန်**

မွေးနေ့၊ ကြာသပတေး၊ တနင်္ဂနွေ ရှောင်ကွင်းသိအပ် အမြဲမှတ်။

မိမိ၏ အညွန့်ဂြိုဟ်၊ ဆပွတ်ဂြိုဟ်များကို အလွယ်တကူ သိနိုင်၍ ရှောင်သင့်သည်များကို ရှောင်နိုင်ရန် ဖော်ပြလိုက်ပါသည်။

သင်းသန္တာဆွေ(တပ်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဘာမထိ ဂမ္ဘီရ အဆောင်အစီအမံများ

—■မော်တင်သိန်းဇော်ဇ

**ဘာမထိ ဂမ္ဘီရအဆောင်အစီအမံများ**

လောကီရေးရာလမ်းကြောင်းတို့အနက် ရန်သူမျိုးငါးပါးတွင် အပါအဝင်ဖြစ်သော ''သူခိုး၊ သူဝှက်၊ လူဆိုး၊ ဓားပြ၊ အလစ်သမား၊ လုယက်ဖောက်ထွင်းသူ၊ ခပ်ဆေးတို့ဆေး သုံးစွဲသူ၊ လိမ်လည်ဖြားယောင်းသူ၊ အကောက်ကြံသူ၊ လုယက် သတ်ဖြတ်နှိပ်စက်ညှဉ်းပန်းသူ၊ မကောင်းကြံသူ'' စသဖြင့် ''မသူတော်၊ ဒုစရိုက်သမားတို့၏'' ဘေးရန်၊ ဥပါဒ်ထောင်ချောက် ညွတ်ကွင်းမတရား အစီအမံပညာ၊ လုပ်ရပ်တို့မှ ကင်းလွတ်၊ ကာကွယ်ရန် ''ချည်၍မပြေ၊ ဖမ်း၍မမိ၊ ထိုး၍မဝင်၊ ပစ်၍မမှန်''ဟူသည့် ဆိုရိုးနှင့်အညီ၊ လောကီရေးဆိုင်ရာ အကာအကွယ် အရံအတား အစီအမံ၊ အခင်းအကျင်း၊ အဆောင်ဂါထာမန္တန်တို့ကို ဆရာသခင်၊ ပညာရှင်မြတ်အသီးသီးတို့က လမ်းညွှန်၊ ပေးအပ်လေ့ရှိတတ်ကြပါသည်။

ယခုတင်ပြမည့် ''ကိုယ်ခံအကာအကွယ်၊ အရံအတား၊ အဆောင်ဂါထာ အစီအမံတို့မှာ'' ဘဝတ္ထာတစ်ကြောင်း၌ မသူတော်တို့၏ လုပ်ဆောင်ချက်အမျိုးတို့မှ အကြိမ်ပေါင်း၊ အဖြစ်ပေါင်းများစွာမျှပင် ''လွတ်ကင်းခဲ့ရသူတို့၊ ဝါရင့်ပွဲတိုးဖူးသူတို့၊ လောကီရေးရာစာတ်သိ၊ ကျွမ်းဝင်သူတို့ထံမှ'' ရှာဖွေစုဆောင်းမှတ်သားခဲ့ရချက်စုံတို့ကို စုစည်းတင်ပြခြင်းတို့ပင် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ ဘာသာရေး၊ သီလတရား၊ ကိုယ်ကျင့်တရား၊ အတိတ်ဟောင်းကံအမွေ၊ သတိတရားတို့က အထူးတလည်ပင် အခြေခံသော်လည်း၊ တင်ပြပါ အဆောင်၊ အစီအမံ၊ အခင်းအကျင်းတို့က ဂမ္ဘီရဝင်အစီအရင်တို့ကလည်း ''တာဝန်ကြီးများ ထမ်းဆောင်ရသူ ခရီးဝေး ခရီးကြမ်းသွားရသူ၊ သက်စွန့်ဆံဖျား အသက်မွေးရသူ၊ ရန်သတ္တုရုများသူ၊ အမှုအခင်းပေါ်သူ၊ ပညာရှင်အဖြစ်ရပ်တည်ကာကွယ်ပေးရသူတို့''အတွက် အထူးတလည်မျှပင် အကျိုးပြု ထောက်ကူ၍ ဘေးရန်ဥပါဒ်လွတ်ကင်းပြီး အောင်မြင်စေတတ်ပါသည်။

**ကိုယ်ခံ၊ အကာအကွယ်၊ အရံအတား၊ အဆောင်၊ အစီအမံငယ်များ**

**၁။ 'လုံ' (ဖိုထိုးရာ၌ အသုံးပြုသော အရာပစ္စည်း)**

'လုံ'ထဲကို ရေထည့်ပြီး ''ပရိတ်၊ သုတ်၊ မန္တန်၊ ဂါထာများ'' ရွတ်ပွား သရဇ္ဈာယ်၍ သိဒ္ဓိတင်မန်းမှုတ်ကာ 'လုံ'ထဲက 'ထိုရေစင်'နှင့် 'မျက်နှာသစ်၊ ခေါင်းလျှော်၊ သောက်သုံးလျက်' ထို 'လုံ'ကို ကိုယ်ခန္ဓာတစ်ကြောတွင်း၌ အဆောင်အဖြစ် ဆောင်သပြီးသွားက ('ကိုယ်လုံ'၊ 'ကိုယ်စံ') အဆောင်အဖြစ် အသုံးပြု၍ရပါသည်။

**၂။ သံပရာသီး**

သံပရာသီးအစိမ်းကို အိတ်၊ စားပွဲ၊ အခန်း၊ ယာဉ်ကား၊ အိမ်ထောင့်များတို့၌ ဆောင်သထားရှိက ''ရန်သတ္တုရုများ၊ လောကီအစီအမံ ပညာရပ်များ၊ ထိုးနှက်၊ ချေပ၊ တိုက်ခိုက်တုံ့ပြန်ချက်များ၊ ပယောဂများ၊ အယှဉ်အပြိုင်၊ အချေအတင်များ''ကို ကာကွယ်စေသည်၊ တန်ပြန်စေသည်၊ ခုခံစေတတ်ပါသည်။ ''ဒုတိယအဖြစ် ဇာတိပ္ပိုလ်သီးကိုလည်း ဆောင်သနိုင်ပါသည်''

**၃။ အလယ်ကွင်းကျောက်**

ကောက်ရလေ့ရှိတတ်သော ''မြေပြင်၊ မြစ်ကမ်း၊ တောတောင်ထဲ''ဆီတို့မှ သဘာဝဖြစ် ကျောက်သား၊ ကျောက်တုံး၊ ကျောက်ခဲများအနက်မှ အလယ်ကောင်၌ အပေါက်ဖြစ်နေသည့် သဘာဝဖြစ် အလယ်ကွင်းကျောက် ကို ဆောင်သထားက ''ဘေးဥပဒ်၊ ရန်အန္တရာယ်၊ ဆေးဆိုး၊ စက်ကွင်း'' တို့ကို လွတ်မြောက်စေတတ်ပါသည်။

**၄။ မြင်းခွာသံချွေ**

ပြေးရင်းမှ ကျွတ်ကျသော သဘာဝ 'မြင်းခွာသံချွေပြား'ကို



www.burmeseclassic.com

www.burmeseclassic.com

ဆောင်သထားရှိက 'ပယောဂ'ဘေးကို လွတ်ကင်း၊ ကာကွယ် စေဘတ်သည်။ လာဘ်လာဘ တိုးတက်စေသည်ဟု အယူအစွဲ များရှိပါသည်။ **အထူးသဖြင့် အနောက်နိုင်ငံသားများအနေ နှင့် အထူးတလည်မျှ ယုံကြည်၍ အထူးပင် ဆောင်သလေ့ ရှိတတ်ကြပါသည်။**

**၅။ ရေသံကျောက်**

သဘာဝ သယံဇာတဖြစ် 'ရေသံကျောက်'ကို ဆောင်သ ထားရှိက ရန်သတ္တုရ၊ ဥပါဒ်ဘေးဆိုးတို့မှ ကင်းလွတ် ပပျောက် စေတတ်ပါသည်။ **ပုတီးအဖြစ် လုပ်ဆောင်စိပ်ပွား ဆောင်သ နိုင်ပါသည်။**

**၆။ ဆင်စွယ် (ဆင်မာန်စွယ်)**

ဆင်စွယ်မာန်အရိုးကို ပုတီး၊ အဆောင်၊ သန်လျက်အဖြစ် လုပ်ဆောင်က၁ ဆောင်သထားရှိက 'ဘေးရန်၊ ဥပါဒ်များ' ကင်းလွတ်စေတတ်ပါသည်။ **ဝက်စွယ်ကင်းပိတ်နှင့် အလားတူ ပင် အကျိုးရှိပါသည်။**

**၇။ မိဘ (၂)ပါး၏စနွဲပွားပစ္စည်းများ**

မိဘရင်းချာ (၂)ဦး၏ 'ကျွတ်ပြီး သွား၊ ဆံပင်၊ ခြေသည်း၊ လက်သည်း၊ အကျီစ၊ လုံချည်ထဘီ၊ ဓာတ်ပုံ၊ ပုတီး၊ ဘီးပတ်' တို့ကို 'ကြုတ်'နှင့် ထည့်သို၍ ထွတ်မြတ်စွာ ဆောင်သထားရှိက 'ဘေးရန်ဥပါဒ်ဆိုးများ'မှ ကင်းလွတ်စေတတ်ပါသည်။ 'ရန်သူမျိုး ငါးပါး'ကိုပင် လွတ်မြောက်စေတတ်ပါသည်။

**၈။ လက်ကိုင်ရိုးများ**

ဓားရိုး (နတ်ပွဲစွန်)၊ ပုဆိန်ရိုး (တောတွင်းသစ်ကြီးဝါးကြီး ခုတ်သူတို့မှစွန်)၊ တူရိုး (ပန်းဘဲဖိုစွန်)၊ ဆောက်ရိုး (လက်သမား ဦးစီးကြီးများစွန်)၊ လွှလက်ကိုင်ရိုး (လက်သမားဦးစီးကြီးများစွန်)၊ ကျားရိုး (ကျားသတ္တဝါမှ ရရှိသည်)များကို ဆောင်သက ပယောဂများ၊ ဥပါဒ်ဘေးရန်တို့ကို နိုင်နင်းစေတတ်ပါသည်။ ရုပ်နာမ်အား ဗလမြင့်တက်စေတတ်ပါသည်။ ရုပ်ရှိက နာမ် ရှိသည်။ ပညတ်သက်ရာ ဓာတ်သက်ပါသည် ဟူသည့် ဆိုရိုးများ အတိုင်း ဓာတ်ခိုက်၍ အစွမ်းများရှိပြီး ရရှိပါသည်။

**၉။ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး**

ဥပါဒ်ဘေးရန်၊ အန္တရာယ်ဆိုး၊ အချုပ်အနှောင်အဖွဲ့၊ အကြပ် အတည်းအမှုပြဿနာ၊ ကပ်ဆိုး၊ ရောဂါဝေဒနာဆိုး၊ သားရဲ တိရစ္ဆာန်ဆိုင်ရာ ဘေးဆိုးများကို သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး ကို အမြဲတစေပင် ထက်သန်ပြင်းပြစွာ ရွတ်ပွား အားထား ဆောင်သသူတို့က လွတ်မြောက်ကာကွယ်စေနိုင်ပါသည်။ **ဘေး ဥပါဒ်ရန်ကာ ဂါထာတော်မြတ်များအနက် အစူးရှ၊ အထက် မြက်ဆုံးနှင့် အကောင်းဆုံး အထင်ကရ၊ အကျော်ဒေးယျ ဂါထာတော်မြတ်ကြီးပင်ဖြစ်ပါသည်။ (အများပွဲတွေ့များနှင့် စာရေးသူ ကိုယ်တွေ့)**

**၁၀။ မြေကြမ်း၊ ရေကြမ်း၊ နတ်ကြမ်းအစီအမံ၊ အစီအရင်များ**

(က) သွားရောက်ခြေချရရာ နေထိုင်မှီတင်းလုပ်ကိုင် စားသောက် ရရာ ရပ်ရွာ၊ ဒေသ၊ ဌာနေတစ်ရပ်ရပ် ပိုင်နက်တွင်းဆီမှ သန့်စင်သော မြေကြီး၊ ခဲ၊ မြေမှုန့်အနည်းငယ်ကို စတီသဘော မျိုလျက် စားထားပါက။

(ခ) အထက်ပါ 'က'အမှတ်စဉ်ပါအတိုင်း ရပ်ရွာ၊ ဒေသ၊ ဌာနေ တစ်ရပ်ရပ်၏ ရေပြင်ဆီမှ သန့်စင်သော ရေကို စတီသဘော ယတြာသဘော၊ သောက်ချ မှီဝဲထားပါက။

(ဂ) ရပ်ရွာဒေသ၊ ဌာနေတစ်ရပ်ရပ်၏ ရွာဦးထိပ်ရှိ နတ်ကွန်း နတ်စင်ဆီမှ နတ်ဖွဲ့စွန့်ရေကို နတ်ပန်းအိုးထဲဆီမှ ရေ၊ ဦးခေါင်း သစ်၊ မျက်နှာသစ်၊ စတီသဘောသောက်သုံးလျှင်

မြေကြမ်း၊ ရေကြမ်း နတ်ကြမ်းများမှ ကင်းလွတ်က၁ ရောက်ရှိရာ ထိုဒေသရပ်ရွာတို့၌ ဘေးကင်း၊ အဆင်ပြေ၊ စီးပွား ဖြစ်ထွန်းစေတဘ်ပါသည်။ မြေကိုင်၊ ရေကိုင်၊ နတ်ကိုင်တို့မှ ကင်းလွတ်တတ်ပါသည်။

ယခု တင်ပြအပ်သည့် အလွယ်တကူနှင့် အပန်းမကြီး ဆောင်သနိုင်သည့် သဘာဝဖြစ် ဝတ္ထု၊ ပစ္စည်း၊ အသုံးအဆောင်၊ သီးနှံ၊ ဂါထာ၊ အစီအမံငယ်အချို့တို့အပြင် ကျယ်ပြန့်နက်ရှိုင်း သော လောကီကြောင်းတို့၌ မိုးကြိုးလွှဲ၊ ကျောက်လက်ဓား ဥအမတော၊ ဝါးသစ်နွယ်အမတော၊ ဝက်စွယ်ကင်းပိတ်၊ ဘီလူးရုပ် အဆောင်၊ သန်လျက်အဆောင်၊ မငွေဒေါင်းနတ်ရုပ်အဆောင် စသဖြင့် ကိုယ်ခံ၊ အကာအကွယ် အရံအတား၊ ဂါထာ အဆောင်၊ အစီအမံ၊ အစီအရင်ကောင်း လက်ဖွဲ့ကောင်းနှင့် ပစ္စည်းများစွာတို့လည်း အထင်ကရ [illegible] ခပြားပင် ကျန်ရှိ ပါသေးသည်။ ယုံကြည်မှု ကြီးမားထက်သန်လှခြင်း၊ ပစ္စည်း မှန်ကန်ခြင်း၊ လုပ်ဆောင်မှု ကျနတိကျခြင်း၊ သီလရှိက၁ အကုသိုလ်ဒုစရိုက် ကင်းရှင်းခြင်းများ ရှိသူအနေနှင့် တင်ပြအပ် သော အဆောင် အစီအမံတို့ကို ဆောင်သလုပ်ဆောင်ပါကလည်း ဥပါဒ်ဘေးရန်ထပ်ဆိုးတို့မှ ထင်ရှားစွာပင် လွတ်မြောက်စေတတ် ပါသည်။ စာတွေ့၊ ပွဲတွေ့၊ ကိုယ်တွေ့များပင်ဖြစ်ပါသည်။

**မော်တင်သိန်းဇော်**




www.burmeseclassic.com

www.burmeseclassic.com

**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား ၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု၊ ဩဂုတ်လအတွင်း မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့ ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။ ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင် ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့် တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)



၂၁ ဂုဏ်ရည်

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# "ကျားမှုန်ကျင် အားသန်ရမည်"

ဖုံးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လုပ်ရှားရုံသာလုပ်ရှားပြီး ပျော့နေခြင်း၊ မောပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ခါးနာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး,ခြေဆစ်,လက်ဆစ် ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက် ဆေးကုသက် (၄၅)နှစ်ကျော် ကုသ၍အောင်မြင်နေသော မြန်မာ့နန်းတွင်းအကြောပညာရှင် နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာဦးစိုးမော် (တဆ-၀၂၆၁၁)တို့က အကြောပညာ၊ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည်စိုး** တိုင်းရင်းအထူးကုဆေးခန်း

အမှတ်(၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊
ကျိုက္ကဆံဘုရားဝင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် လူပင်ပန်းပေမယ့် စိတ်ချမ်းသာမယ့်ကာလ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စိန်ထည်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညှံ့သွားတတ်တယ်။ စပ်တူရှယ်ယာ လုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေးဆုံးရှုံးတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ မိမိကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသော နိမိတ်တွေ့ပါက ကားပွတ်တိုက်မိတတ်ပါတယ်။ အထူးဂရုစိုက်ပါ။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညှံ့တတ်တယ်။ ရုတ်တရက် ဝမ်းဗိုက်အောင့်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညှံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

မိမိအိမ်ပတ်ဝန်းကျင်တွင် အလှူမင်္ဂလာပျက်သော နိမိတ်၊ ဖန်ခွက်တစ်ခွက် ကျကွဲသော နိမိတ်တွေ့က ငွေကြေးဆုံးရှုံးခြင်း၊ တစ်စုံတစ်ယောက်က မိမိကို အတတ်ပညာဖြင့် ပြုလုပ်ခြင်းမျိုး ကြုံရတတ်တယ်။ ကားပွတ်မိ တိုက်မိတတ်တယ်။ ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

စာအိတ်တစ်အိတ်ထဲတွင် ငွေ ၃၁ ကျပ်ထည့်ပြီး ပုံသကူပစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အညွှံ့ထဲကနေပြီး ပျော်ရွှင်ရမယ့်ကာလ ဖြစ်ပါတယ်။ အလှူမင်္ဂလာပွဲလေးတွေလည်း ကိုယ့်အိမ်မှာ လုပ်ရတတ်တယ်။ ကိုယ့်ကို အပျော်လေးတွေပေးမယ့် မိတ်ကောင်းဆွေကောင်း တွေ့ရတတ်တယ်။ ဘုရားဆင်းတုတော်ပုံတွေလည်း လေယာဉ်ဖြင့် ကြွလာတတ်တယ်။ ငွေတွေလည်း ဝင်လာတတ်တယ်။ အကူအညီပေးမယ့်သူတွေကလည်း ကိုယ့်အနားကို ရောက်လာတတ်တယ်။ ပစ္စည်းဥစ္စာ စည်းစိမ်ဝင်လာတာနဲ့အမျှ ကိုယ်ကလည်း အပျော်လွန်ပြီး အမှားအယွင်းတွေလည်း တွေ့တတ်ပါသေးတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်ဝမ်းကွဲခြင်း၊ အထင်အမြင် လွဲမှားခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလနှင့် တပေါင်းလ ပါဝင်နေလျှင်တော့ ပိုပြီးဂရုစိုက်လိုက်ပါ။ အိမ်ထောင်ဖက်နှင့် တရားဝင် ခွဲခွာရတဲ့အထိ ကြုံတွေ့ရတတ်ပါတယ်။ လုပ်ငန်းသစ်လည်း စတင်လုပ်ရတတ်တယ်။ အထူးသဖြင့် ရေနှင့်ပတ်သက်သောလုပ်ငန်း၊ ကားလုပ်ငန်း၊ ကျောက်လုပ်ငန်းများ လုပ်ကိုင်လျှင် လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှားအစာမှား ဖြစ်တတ်တယ်။ သွားဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၁)ညွှန့်၊ ပေါက်ပန်းဖြူ (၅)ညွှန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညွှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၃၊ ၄၂၊ ၂၄၊ ၄၀

### အထူးသတိပြုရန်

အိမ်အနီးအနားမှာ ဆိုင်းဘုတ်အသစ်တင်သော နိမိတ်တွေ့လျှင်သော်လည်းကောင်း၊ ဘုရားစိန်ဖူးတင်ခြင်း နိမိတ်တွေ့လျှင်သော်လည်းကောင်း သင်သည် ကံကောင်းခြင်း၊ အလုပ်များ တိုးတက်ခြင်းတို့ ကြုံတွေ့ရတတ်တယ်။ မည်သည့်နာရေးမှ မသွားပါနှင့်။ ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည် ၆ ခွက်ကို ဖန်ခွက်ဆင်တူဖြင့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးတက်လာပြီး ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေကလည်း ကိုယ့်ကို အစစအရာရာ ထောက်ပံ့နေတဲ့ အချိန်ကောင်း အခါကောင်း ဖြစ်ပါတယ်။ စီးပွားလည်း သိသိသာသာ တက်မယ်။ ဒီကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအဖို့ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်[illegible] စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ခရီးများ သွားရတတ်တယ်။ ထိုခရီးများဟာ စိတ်ချမ်းသာစရာ ခရီးများ ဖြစ်တတ်ပါတယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ယခုအချိန်တွင် ပြုလုပ်ပါက အလုပ်က စောင့်ကြိုနေတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ သင်တန်းတစ်ခု တက်ရတတ်တယ်။ ပညာကောင်းများ ရလိမ့်မယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဒီအချိန်မှာ ဖြေရှင်းရတတ်တယ်။ မြေတစ်ကွက် စပ်တူဝယ်ဖို့ ကြုံလာလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ ဒါပေမဲ့ အတိုက်အခံ အနည်းငယ်တော့ ကြုံရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းလိမ့်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ အထူးသဖြင့် ဗုဒ္ဓဟူး၊ စနေသားသမီးများ နာတာရှည်ဖြစ်နေလျှင်တော့ စိုးရိမ်ရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်ဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၃၂၊ ၃၅

### အထူးသတိပြုရန်

ရွှေများကွာနေသော ဘုရားရုပ်ပွားတော်တစ်ဆူရှိလျှင် လာဘ်ပိတ်တတ်ပါသည်။ ရွှေများ ပြန်ချပေးပါ။

ယခုကာလအတွင်း ဆိတ်သားမစားရ၊ သစ္စာပန်း မထိုးရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းပေါင်းစုံ(၅)မျိုးနှင့် ပေါက်ပေါက်ဆွမ်းများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အကောင်းလေးတွေ ဆက်တိုက်ကြုံနေရမယ်။ နေရာထိုင်ခင်း၊ အိုးအိမ်အပြောင်းအရွှေ့ ရှိတတ်ပါတယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အနည်းငယ် အတိုက်အခံ ရှိတတ်ပါတယ်။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်လ၊ ပြာသိုလ်များ ပါခဲ့ရင်တော့ မိသားစုထဲမှသော်လည်းကောင်း၊ မိမိ၏လက်အောက်ငယ်သားကြောင့်သော်လည်းကောင်း အမှုအခင်းဖြစ်ခြင်း၊ ၎င်းအမှုကို လိုက်လံဖြေရှင်းပေးရခြင်းမျိုး ဖြစ်တတ်တယ်။ အိမ်ထောင်မရှိသူဆိုလျှင် အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ သင်သည် ယောကျ်ားလေးဖြစ်ပါက အိမ်ထောင်ကျလျှင် ကောင်းပါတယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲဖြစ်လိမ့်မယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း (သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ အလုပ်အတွက် စိတ်ညစ်စရာတွေ ပေါ်တတ်တယ်။ အလုပ်မှထွက်ချင်စိတ်ပေါ်လိမ့်မယ်။ မထွက်ပါနှင့်။ သင့်ကို ဆွေမျိုးသားချင်း အပေါင်းအသင်းတို့က အထင်ကြီးနေလိမ့်မယ်။ သူခိုး, ခိုးခံရတတ်သောကြောင့် သတိထားပါ။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံလိမ့်မယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ မြေနှင့်ပတ်သက်သောကိစ္စ စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ ဖခင်ဖြစ်သူ ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် မကြာခဏ ခေါင်းမူးတတ်တယ်။ မျက်စိကိုက်ခြင်းဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၁၊ ၆၄၊ ၄၆

### အထူးသတိပြုရန်

ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အဓိကဦးစားပေးပြီး လုပ်ဆောင်ပါ။ အကျိုးမရှိသော အလုပ်အကိုင်များသည် မိမိကောင်းကျိုး မိမိဘဝအတွက် ဖျက်ဆီးနေတတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဗေဟာစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ရုတ်တရက် အပြောင်းအလဲကောင်း ကြုံလိမ့်မယ်။ လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်ခြင်း၊ အပြောင်းအလဲလုပ်ခြင်းတွေ ကြုံတွေ့ရတတ်တယ်။ ဤကာလအတွင်း မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြုတ်လမ်းမလိုက်ပါနှင့်။ တစ်ချိတည်းနှင့် အပွကြဲခြင်း မပြုလုပ်ပါနှင့်။ ထီပေါက်တတ်ပါတယ်။ ဘုရားကိုးဆူ၊ ဘုရားအနေကဇာတင် စတဲ့ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရတတ်ပါတယ်။ ယခုအချိန်တွင် စန်းပွင့်နေသောကြောင့် အိမ်ထောင်ရှိသူတွေအဖို့ သတိထားပါ။ အဖိုးတန် ကျောက်မျက်ရတနာများ ဝင်မယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စွပ်စွဲပြောဆိုခံရတတ်တယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အိမ်ထောင်ဖက်များဖြစ်နေလျှင် ဂရုစိုက်ပါ။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးကျိုးခြင်း၊ အလုံးအကျိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငွေထီး(၉)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

လက်ရှိအလုပ်ကို စိတ်မဝင်စားခြင်း၊ အလုပ်ပြောင်းလိုစိတ်များ ကြုံလာတတ်တယ်။ မပြောင်းပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နွားနို့(၁)ခွက်နှင့် ကိတ်မုန့်(၁)ချပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ်ညံ့ပေမယ့် လူငယ်တွေအဖို့ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ တယ်လီဖုန်းတစ်ခု ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်တွေလည်း ကြွလာတတ်တယ်။ မရည်ရွယ်ဘဲနဲ့ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ရှယ်ယာခွဲခြင်း၊ လမ်းခွဲခြင်းတွေ ကြုံရတတ်တယ်။ အလုပ်တွေလည်း အောင်မြင်မလိုလိုနဲ့ အပျက်အစီးတွေများတတ်တယ်။ မိသားစုအတွင်းမှာ စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတတ်တယ်။ တနင်္လာ၊ သောကြာ သားသမီးတွေအတွက် ပူပန်ရတတ်တယ်။ စိတ်ညစ်စရာကြုံလာတတ်ပေမယ့် ဒေါသရှေ့ထားရင် မှားတတ်တဲ့ကာလ ဖြစ်နေတတ်တယ်။ မေတ္တာစိတ်နဲ့သာ တုံ့ပြန်ပါ။ မနက်စောစောမှာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ သူတို့တွေက နိမိတ်ကောင်းတွေပေးရင် အညံ့တွေပျောက်သွားတတ်ပါတယ်။ လူမျိုးခြား အကျိုးပေးပါသည်။ ပြည်ပသို့သွားဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ ဆောင်ရွက်ပါ။ စိတ်ပင်ပန်းတဲ့ကာလ ဖြစ်နေတာကြောင့် စိတ်တိုင်းမကျမှုတွေ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တို့ ခါးတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် ဘန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကြက်လျှာအစိမ်းရောင် (၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၅၊ ၄၀၊ ၅၄၊ ၅၆

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ မနင်းရ။ အိမ်ထောင်ဖက်နှင့် ကွဲကွာခြင်း၊ သဘောကွဲလွဲခြင်း၊ ပူဆွေးသောကကြုံရခြင်းတို့ကြောင့် တတ်နိုင်သမျှ ကိုယ့်ဘက်က အလျှော့ပေးပြီး ဆက်ဆံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း(၁၂)ပန်းကန်ကို လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဗေဒင်ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့် မပြောပလောက်တဲ့ အညံ့လေးတွေ ရှိနေပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်း တစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရသောက် အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းနေလိမ့်မယ်။ ဝန်ထမ်းဘွေအဖို့ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ ဆက်ပြီးအနှစ်နာခံပါက အထက်လူ ကြီး၊ ကြီးကဲသူတို့က ကူညီမစလိမ့်မယ်။ ဘာသာရေးနှင့်ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ ပဋ္ဌင်းခံရလိမ့်မယ်။ နိုင်ငံရပ်ခြားနှင့် ဆက် သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင် လိမ့်မယ်။ ဗီဇာဝင်ခြင်း၊ စာချုပ်စာတမ်းများ စတင်ပြုလုပ်ပါ။ ယခုကာလ အတွင်း အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ၊ ငွေများ ရတတ်တယ်။ ယခုကာလအတွင်း လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါဝင်ပါက သူတစ်ပါး၏ မွှပ်စွဲ ပြောဆိုခြင်း၊ ပြစ်တင်ကဲ့ရဲ့ခြင်း ခံရလိမ့်မယ်။ ဤကာလတွင် အမျိုးသားများအဖို့ အိမ်ထောင်ကျတတ်သော ကာလဖြစ်သည်။ သားသမီးရတနာများ ထွန်းကားတတ်သည်။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်တတ်တယ်။ အိမ်တွင် ကိုယ်ဝန် ဆောင်သည် ရှိပါက ဆေးရုံသို့ပို့ပါ။ အိမ်၌ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ မိခင်ဖြစ်သူရှိလျှင် ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၀၊ ၅၇၊ ၇၅၊ ၇၉

### အထူးသတိပြုရန်

ယခုကာလတွင် အလုပ်ပြောင်းခြင်း လုံးဝမပြုလုပ်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၃၃ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်ချမ်းသာမှုတွေ ပျော်ရွှင်စရာတွေ ကြုံတွေ့နေရပေမယ့်လည်း စိတ်ညစ်စရာ အနည်းငယ်တော့ ကြုံတွေ့ရတတ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ အသစ်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရမယ်။ ထိုခရီးများသည်လည်း အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခုသင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းမျိုး ပြုလုပ်ရတတ်တယ်။ ယခုကာလအတွင်း အစစအရာရာ သတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ အလုပ်၌ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ပြဿနာ ဖြေရှင်းရတတ်တယ်။ ဒါပေမဲ့ ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်းများ ပေးလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတက်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ စက်ပစ္စည်းတွေလည်း မကြာခဏ ပျက်တတ်တယ်။ ကျန်းမာရေးဂရုစိုက်ပါ။ မီးဟပ်ခြင်း၊ သွေးထွက်သံယိုမှုများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၂၊ ၁၆၊ ၆၇

### အထူးသတိပြုရန်

ယခုကာလအတွင်း ဆေးများ၊ အစားများ ဖြစ်တတ်တယ်။
ပစ်စာ၊ တိုင်စာ ခံရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com


# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ...ဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

BURMESE CLASSIC .com

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၁၀


## တနင်္ဂနွေသားသမီးများအတွက်

စီးပွားရေး အဆင်ပြေသော်လည်း အိမ်ထောင်ရေးနှင့် ပတ်သက်သော အရှုပ်အရှင်းများ ဖြစ်ပေါ်တတ်သည်။ နာရေးကို အကြောင်းပြုပြီး ခရီးသွားရတတ်သည်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်နှင့် လမ်းခွဲရတတ်သည်။ အမှုဖြစ်နေသူကို အာမခံ မလိုက်ပါနှင့်။ ထီထိုးရန် ၂၊ ၃၊ ၄ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

**ယတြာ**

ကလေးတစ်ဦးအား ရေခဲမုန့် ဝယ်ကျွေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

လက်ရှိအလုပ်မှ အလုပ်သစ်ပြောင်းပြီး လုပ်လိုစိတ်များ ပေါ်ပေါက်လိမ့်မည်။ သို့သော် မလုပ်ပါနှင့်။ ငွေလိမ်ခံရတတ်သည်။ ချစ်သူကြောင့် စိတ်ဒုက္ခရောက်တတ်သည်။ ကားအန္တရာယ်ရှိသည်။ မိမိလက်အောက်မှ ငယ်သားထွက်သွားတတ်သည်။ ထီထိုးရန် ၁၊ ၂၊ ၃ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

**ယတြာ**

စာအိတ်တစ်လုံးထဲတွင် ငွေသုံးဆယ် ကျပ်ထည့်ပြီး အသက်ကြီးသူ တစ်ဦးကို လှူလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်အကိုင်နှင့် ပတ်သက်ပြီး ထိခိုက်ဒဏ်ရာ ရတတ်သည်။ အပူလောင်တတ်သည်။ မမျှော်လင့်ဘဲ ထီပေါက်တတ်သည်။ အိမ်မှာရှိသော စက်ပစ္စည်းများ ပျောက်ဆုံးတတ်သည်။ အစစ်အဆေး အမေးအမြန်း ခံရတတ်သည်။ ထီထိုးရန် ၁၊ ၆၊ ၇ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

**ယတြာ**

အသည်းပုံပါသော ရုပ်ပုံတစ်ခု
မိတ်ဆွေတစ်ဦးကို
လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လုပ်ငန်းပြောင်းရွှေ့လိုစိတ်ပေါ်မည်။ မပြောင်းပါနှင့်။ ငွေကြေးများ ဆုံးပါးတတ်သည်။ ငယ်ရွယ်သူများ အိမ်ထောင်ကျတတ်သည်။ အလုပ်ကိစ္စ အထက်လူကြီး ကူညီမည်။ ထီထိုးရန် ၅၊ ၆၊ ၇ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

**ယတြာ**

မိမိဓာတ်ပုံကို ဓာတ်ဘူးပေါ်တွင်
ကပ်ထားလိုက်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

ငွေဟော့ဝင်လိမ့်မည်။ အလုပ်မှာ စိတ်မဝင်စားဘဲ ပြောင်းချင်မည်။ မပြောင်းပါနှင့်။ မကြာခဏ ခရီးထွက်ရတတ်သည်။ ထိုခရီးတွင် မိန်းမတစ်ယောက်ကြောင့် ပြဿနာ ဖြေရှင်းရတတ်သည်။ မော်တော်ကားနှင့် ပတ်သက်သော အလုပ်တစ်ခု အောင်မြင်မည်။ ထီထိုးရန် ၁၊ ၂၊ ၇ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

**ယတြာ**

တံခါးပေါ်တွင် မြန်မာလို (၇)ဂဏန်း
ရေးလိုက်ပါ။

---

## သောကြာသားသမီးများအတွက်

အိမ်နေရာပြောင်းရလိမ့်မည်။ ကောင်းတဲ့နေရာဖြစ်သည်။ အလုပ်လည်းပြောင်းရမည်။ လစာကောင်းသည်။ အိမ်မှာရှိတဲ့ပစ္စည်း အခိုးခံရတတ်သည်။ သတိပြုပါ။ စက်တစ်ခု ပျက်နေမည်။ ထီထိုးရန် ၄၊ ၅၊ ၆ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

BURMESE CLASSIC .com

**ယတြာ**

ဝက်သားနှင့် ပြုလုပ်ထားသော
မုန့်များကို မိတ်ဆွေများအား
ကျွေးလိုက်ပါ။

---

## စနေသားသမီးများအတွက်

ခရီးသွားရတတ်သည်။ လက်ရှိအလုပ်(သို့မဟုတ်)တာဝန်ပြောင်းလဲထမ်းဆောင်ရတတ်သည်။ အဆင်ပြေမည်။ ညီအစ်ကို၊ လုပ်ဖော်ကိုင်ဖက်များအတွက် အမှုအချုပ် ဖြေရှင်းပေးရတတ်တယ်။ သင်တန်းအသစ်တစ်ခု တက်ရတတ်သည်။ ထီထိုးရန် ၃၊ ၄၊ ၅ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

**ယတြာ**

ဆပ်ပြာ(၅)တုံးကို
အသက်ကြီးသူအား လှူလိုက်ပါ။

---

## ရာဟုသားသမီးများအတွက်

အလုပ်အကိုင်များ အဆင်ပြေသလိုလိုဖြစ်ပြီးမှ အဆင်မပြေ ဖြစ်သွားတတ်တယ်။ ကလေးငယ်တစ်ဦး အိမ်ကို ရောက်လာတတ်သည်။ မမျှော်လင့်ဘဲ ထီပေါက်လိမ့်မည်။ ထီထိုးရန် ၃၊ ၄၊ ၆ ဂဏန်းပါသော ထီလက်မှတ်ကိုထိုးပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို
ကိုလာအအေးတိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမြို့မြို့အနယ်နယ်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၂)ဝိုင်း၊ အောင်ပင်လယ် ပရိယတ္တိစာသင်တိုက်တွင် ပုရိမဝါဆို ကပ်တော်မူကြမည့် စာချစာသင် သံဃာတော် အရှင်သူမြတ်အပါး(၉၀)တို့အား ကျောင်းတိုက်အကျိုးဆောင်အဖွဲ့မှ ကြီးမှူး၍ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅)ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ (၂၂-၇-၂၀၁၃) တနင်္လာနေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေတာရှည်လမ်းဟောင်း၊ ကြားတောရရပ်ကွက်(ဗဟန်း)ရှိ မင်္ဂလာကဲ့ယုံကျောင်းတိုက်တွင် မင်္ဂလာကဲ့ယုံကျောင်း ဂေါပကအဖွဲ့နှင့် မောင်တောမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ မင်္ဂလာကဲ့ယုံကျောင်းရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို(၂၂-၇-၂၀၁၃)ဝါဆိုလပြည့်၊ တနင်္လာနေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓသာသနာပြုအဖွဲ့ အဏ္ဏဝါမိသားစုမှ နယ်စပ်နှင့် တောင်တန်းဒေသရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ဆရာတော်အပါး(၅၀၀)ကျော်ကို (၄၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅)ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ (၂၇-၇-၂၀၁၃)စနေနေ့တွင် အဏ္ဏဝါမွှာရုံ အမှတ်(၁၄/ခ)၊ ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျူမငေးအသင်း(ရန်ကုန်)မှ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို(၂၈-၇-၂၀၁၃)တနင်္ဂနွေနေ့တွင် ပင့်သံဃာ(၅)ပါးတို့အား သင်္ကန်း၊ ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ကျူမငေးအသင်းတိုက်(ရန်ကုန်)တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို(၁၃၇၅)ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်(၂၈-၇-၂၀၁၃)တနင်္ဂနွေနေ့တွင် အမှတ်(၂၀-၂၁)(ဃ) "ပ"သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ဓမ္မာရုံကြားတောရလမ်း၊ ဗဟန်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ၊ အလိုတော်ပြည့် ကျောင်းတိုက်တွင် (၁၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅)ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ (၂၁-၇-၂၀၁၃)တနင်္ဂနွေနေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

(၃၁)ကြိမ်မြောက် ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅)ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ (၂၈-၇-၂၀၁၃)တနင်္ဂနွေနေ့က အမှတ်(၇၀)၊ သာသနာ့ရိပ်သာလမ်း၊ ဒခလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅)ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ (၂၈-၇-၂၀၁၃)တနင်္ဂနွေနေ့တွင် ဆည်မြောင်းဝင်း၊ ၈ မိုင်ခွဲ ပြည်လမ်းရှိ ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ ဒွါဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅)ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ (၂၈-၇-၂၀၁၃)တနင်္ဂနွေနေ့တွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ်(၅၇)၊ ဒေး ဲမြို့ ဲအသင်း မွှာရုံကြီးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၁-၈-၂၀၁၃) တနင်္ဂနွေနေ့တွင် အုတ်ဖိုမြို့နယ်အသင်းရုံး၊ အမှတ်(၅၅/L)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အသင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ပုညသဟာယအသင်းမှ ကြီးမှူး၍ သက်ရှိထင်ရှား သုတ-ဗုဒ္ဓဆရာတော် (၉)ပါးတို့အား ဩဝါဒခံယူပူဇော်ပွဲ ကျင်းပ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ တံတားလေးလမ်းဝရှိ ဓမ္မသီရိဗိမာန်တော်ကြီး၌ သက်ရှိထင်ရှား သုတ-ဗုဒ္ဓဆရာတော်ကြီး(၉)ပါး ဖြစ်ကြသော တိပိဋကဓရ ယောဆရာတော်၊ တိပိဋကဓရ ရေစကြိုဆရာတော်၊ တိပိဋကဓရ မော်ကျွန်းဆရာတော်၊ တိပိဋကဓရ မင်းကွန်းဆရာတော်၊ တိပိဋကဓရ မြင်းခြံဆရာတော်၊ တိပိဋကဓရ စွန်းလွန်းဆရာတော်၊ တိပိဋကဓရ ရမ္မာဝတီဆရာတော်၊ တိပိဋကဓရ စစ်ကိုင်းဆရာတော်၊ တိပိဋကဓရ ဘုတလင်ဆရာတော်များအား ဩဝါဒ ခံယူပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ပုညသဟာယအသင်းကြီးမှ ကြီးမှူး၍ (၇-၇-၂၀၁၃) တနင်္ဂနွေနေ့၊ မွန်းလွဲ ၂ နာရီခွဲ အချိန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။

Z.N

## ရွှေပွင့်ဖြူ နှစ်ထပ်ဓမ္မဗိမာန်ကျောင်းသစ်အတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဥဩရပ်ကွက်၊ မြတ်လေးလမ်းရှိ သာသနာပြုနယ်လှည့် မိုးကုတ်ကမ္မဋ္ဌာနာစရိယ၊ ရွှေပွင့်ဖြူဆရာတော် အရှင်နန္ဒိယ သီတင်းသုံးတော်မူသည့် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ရွှေပွင့်ဖြူ ကျောင်းတိုက်အတွင်း၌ အလျား ပေ ၁၀၀၊ အနံ ပေ ၄၀ ရှိသော ရွှေပွင့်ဖြူ နှစ်ထပ် ဓမ္မဗိမာန်ကျောင်းတော်ကြီး ဆောက်လုပ်မည်ဖြစ်ပါ၍ သဒ္ဓါတတ်အား နည်းများမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် -

(ဖုန်း - ၀၉၅၀၈၄၂၀၆၁၊ ၀၉-၄၉၃၄၇၀၅၅၊ ၀၉-၅၀၉၀၂၂၀)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အင်ကြင်း

## မဟာစည် သာသနာ့ရိပ်သာ (၆၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁၆)သာသနာ့ရိပ်သာလမ်းရှိ မဟာစည် သာသနာ့ရိပ်သာကြီးတွင် (၆၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၂-၇-၂၀၁၃ နံနက် ၉ နာရီက ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မဟာစည် သာသနာ့ရိပ်သာရှိ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့မှ အမှုဆောင်လူကြီးများ၊ အလှူဒါယကာ၊ ဒါယိကာမများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မဟာစည်ယောဂီများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။

မဟာစည်ရိပ်သာ ဩဝါဒါစရိယဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလ(နေပြည်တော် ပျဉ်းမနား)ဆရာတော်ကြီး၊ နာယကဆရာတော်များ၊ ဝါဆိုသံဃာ(၂၀၀)နှင့် ပင့်သံဃာတော်များ သံဃာစင်ပေါ်တွင် စုံညီစွာ ကြွရောက်နေရာယူကြပြီး "နမောတဿ" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ခဲ့သည်။


ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလ(နေပြည်တော် ပျဉ်းမနား)ဆရာတော်ကြီးက ရှစ်ပါးသီလ ချီးမြှင့်သည်။ ဆက်လက်၍ အဖွဲ့ကြီးသုံးဖွဲ့မှ ဥက္ကဋ္ဌကြီးများက အလှူ့ဒါယကာ၊ ဒါယိကာမများ အားလုံးတို့ကိုယ်စား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး ဩဝါဒါစရိယ ဆရာတော်ကြီးက အနုမောဒနာတရား ချီးမြှင့်ကာ အလှူ့ဒါယကာ၊ ဒါယိကာမ အားလုံးတို့က ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

တက္ကသိုလ်စိုးသဉ္ဇ

www.burmeseclassic.com



## ကေသီပန်(မြတ်ချမ်းသာဆေးတိုက်)မိသားစု ဝါဆိုဦး ဆွမ်းကပ်လှူဒါန်း



ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက်ထီးရိုးကျောင်းဆရာတော်၊ ရန်ကုန်၊ ပြည်၊ မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ ပုသိမ်၊ ဖျာပုံ၊ မော်တင်စွန်း ဒေသများ၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူသော သာသနာပြု ဦးဇင်းလေး၊ "ဦးပဝရသိဒ္ဓိ" အမှူးပြု၍ မဏ္ဍိဇောတရေ ကေသီပန် ဦးလှမြင့်(မြတ်ချမ်းသာဆေးတိုက်)မိသားစုတို့မှ ဇူလိုင်လ ၁၇ ရက် နံနက်က လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်း သစ်သီးစုံထောပတ်ဆွမ်း (၁၀၀၀)ပွဲ၊ ရေတော်၊ ပန်းတော်၊ သစ်သီးတော်၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် သာသနာ့အောင်လံတော် (၁၀၀၀)တို့အား ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများ၊ မြို့တော်သူ မြို့တော်သားများ သဘာဝဘေးအန္တရာယ်များမှ ကျော်လွှားနိုင်ခြင်း အကျိုးငှာ ကပ်သုံးပါးမှ လွတ်ကင်းကြရန် ရည်သန်၍ ဝါဆိုဦး အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းပူဇော်ပွဲသို့ သာသနာပြု ဦးဇင်းလေး၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ကေသီပန် မိသားစုများ၊ ဝေယျာဝစ္စ ကုသိုလ်တော်အဖွဲ့များ၊ ဗိုလ်ချုပ်ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဈေးသူဈေးသားများ၊ ကြည့်မြင်တိုင် ကမ်းနားဈေး၊ အုန်းငုက်ပျောပွဲဈေး သာယာရေးဥက္ကဋ္ဌနှင့် ဈေးသူဈေးသားများ စုံလင်စွာ တက်ရောက်ကြည်ညိုသဒ္ဓါပွားခဲ့ကြကြောင်း သိရှိရသည်။

မြို့တော်မောင်မောင်

## မြန်အမျိုးသမီးများနေ့ ဂုဏ်ပြု (၁၂၅)ကြိမ်မြောက် သွေးလှူ



မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)အမှုဆောင် သုခမ္မမဏ္ဍိဇောတရေ ဘွဲ့တံဆိပ်တော်ရ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန်(ပထမအဆင့်)ဆုရှင်သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ကုတင်(၅၀၀)တွင် ဇွန်လ ၂၈ ရက်နေ့က (၁၂၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## “ဝ” ဒေသ သံဃာတော်များအား (၁၆)ကြိမ်မြောက် ဝါဆိုဆွမ်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

(၁၆)ကြိမ်မြောက် “ဝ”ဒေသ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ (၃၁)ဘုံ ဆုတောင်းပြည့်စေတီ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုဆက်ကပ်လှူဒါန်းပွဲကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်းကော်မတီမှ သင်္ကန်းဒွိစုံ ၄၀၀၊ ရှင်သာမဏေဝတ် သင်္ကန်းအစုံ ၇၅၀၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ငွေကျပ် သိန်း ၂၀၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်မှ အလှူငွေများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းမှ အလှူငွေများ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သင်္ကန်းများနှင့် အလှူငွေများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးမှ ဝါဆိုသင်္ကန်း ၈၃ စုံနှင့် အလှူငွေများ၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ “ဝ”အထူးဒေသ(၂) တိုင်းရင်းသားခေါင်းဆောင်များ၊ သာသနာရေးလုပ်ငန်း ဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်း ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများမှ ဝါဆိုသင်္ကန်းများနှင့် အလှူငွေများ၊ သမ္မတသင်္ကန်းတိုက်မှ ရှင်သာမဏေဝတ် သင်္ကန်းများ အစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်း အစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

BURMESE CLASSIC .com

## တောင်စွန်းမြို့ သော်ကမြောင် လှူငယ်ပရဟိတဂေဟာ ဘုန်းတော်ကြီးသင် စာသင်ကျောင်း ရှင်(၁၀၀)ပြုပွဲ၊ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် အလှူဒါနပွဲကျင်းပ

တောင်စွန်းမြို့ သော်ကမြောင်လှူငယ် ပရဟိတဂေဟာ ဘုန်းတော်ကြီးသင် စာသင်ကျောင်းရှိ ကျောင်းသားကလေးများ အား ရှင်အပါး(၁၀၀)ပြုကာ သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း၊ ဝါဆိုသင်္ကန်း ကပ်လှူခြင်းအား ရန်ကုန်မြို့ရှိ စာရေးဆရာ၊ ဆရာမ များဖြစ်ကြသော ကိုအောင်ကျော်ထူး(မြတ်ပန်းရဂုံ)၊ မင်းရွှေမင်း (အင်းစိန်)၊ အောင်သျှင်သူ(မဟာမြေ)၊ ကိုအေးသန့်၊ မောင်မိုးလှိုင် (သစ္စာမြေ)၊ ဂီတစာဆို မောင်မျိုးသူ၊ မရည်မွန်(ကျုံပျော်)၊ ကလျာငြိမ်းစံ၊ ဇူးကျော်၊ မောင်မောင်စိန်လင်း(နတ်မောက်)၊ ကိုမျိုးညွန့်(စိတ်ကြိုက်စာပေ)၊ သံဖြူဆရာ ကိုကျော်ဝင်း၊ ကိုနေ (ဂျပန်)၊ ကိုမောင်သန်းဝင်း၊ မောင်မြင့်မား(ဘိုကလေး)၊ မရီနွာလှဦး၊ ရေကျော်စိုးအောင်၊ ကိုကိုလှ(ကမာမြေ)၊ ဆရာနန္ဒာမိုးကြယ် အစရှိသော အလှူရှင်ပေါင်း ၆၀ ကျော်တို့ သည် (၂၁-၇-၂၀၁၃)ရက်နေ့က လှူဖွယ်ဝတ္ထုအစုစုနှင့် ငွေကျပ် သိန်း ၁၀၀ ကျော် သွားရောက်လှူဒါန်းခဲ့ကြပါသည်။

အဆိုပါ လှူဒါန်းပွဲ၌ မြတ်ပန်းရဂုံစာပေတိုက်မှ ကိုအောင်ကျော်ထူးက သော်ကမြောင်ရှိ လိုအပ်နေသော အဆောက်အအုံများအတွက် ကျပ်ငွေ ၂၅ သိန်းတိတိကို လှူဒါန်းခဲ့ပါကြောင်း သာဓုခေါ်ဖွယ်ရာ သတင်းရရှိခဲ့ပါသည်။

မြင့်ဦးသွယ်(ဒလ)

www.burmeseclassic.com

www.burmeseclassic.com



လောကဌ် လူတို့သည် စားဝတ်နေရေးကြောင့် အလုပ်လုပ်ကြရပေ၏။ ထိုကဲ့သို့ အလုပ်လုပ်ရာ၌ တာဝန်အရ အလုပ်လုပ်ခြင်း၊ ဝတ္တရားအရ အလုပ်လုပ်ခြင်းတို့ ရှိကြကုန်၏။ တာဝန်အရ အလုပ်လုပ်ကြသူများသည် မည်သည့်အလုပ်ကို လုပ်လုပ် တာဝန်ရှိ၍ လုပ်ရသည်ဟု စိတ်ထဲစွဲမှတ်ကြကုန်၏။ ဝတ္တရားအရ အလုပ်လုပ်သူများကလည်း အလုပ်ကို မလွှဲသာ၍ လုပ်နေရသော်လည်း စားဝတ်နေရေးဝတ္တရားအရ လုပ်ကြရပေ၏။

မည်ကဲ့သို့ အလုပ်ဖြစ်စေ မိမိရောက်ရှိနေသော အခြေအနေတွင် ကိုယ်ချင်းစာစိတ်နှင့် စေတနာကိုထည့်ပြီးသာ လုပ်ကြမည် ဆိုပါလျှင်. . .

www.burmeseclassic.com